www.burmeseclassic.com



# ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက်အကြောင်း

ဆန်းထွန်း
(ရှင်အာဒိစ္စရံသီ)

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် [၆၀၇/၂၀၀၁ (၉)]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၈၄/၂၀၀၂ (၂)]

ပထမ အကြိမ်၊ ၂၀၀၃၊ စက်တင်ဘာ

မျက်နှာဖုံး ပန်းချီ စံတိုး
အုပ်ရေ
တန်ဖိုး 2200

မျက်နှာဖုံးနှိပ် ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။
ပုံနှိပ်သူ ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်
၁၊ မိုလ်ရာညွန့်လမ်း၊ ဒဂုံ မြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ ဦးကျော်ဟင်း (၀၉၁၀)၊ ယုံကြည်ချက် စာပေ
၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

## ဆန်းလွင်

[ရှင်အာဒိစ္စရံသီ]

# ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် အကြောင်း

[ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ်
ဆည်းကပ်လာသူ တစ်ယောက် အကြောင်း ... အဆက်]

www.burmeseclassic.com

www.burmeseclassic.com

## စိတ်စမ်းစာ

ခေတ်အကြိုက် သဘောကို 'စတိုင်' (Style) ဟု ခေါ်သည်။ ထို သဘောသည် ကြာရှည် မခံတတ်၊ အသစ် အသစ် ဖန်တီးနေရ သော ရသဖန်တီးမှုဖြင့်သာ သစ်ဆန်းစွာ တည်ရသည်။ ဤစာကို ရေးမည် ဆိုတော့ ဘယ်လို စတိုင်နှင့် ရေးမလဲဟု စဉ်းစားခဲ့ရသည်။ စိတ်ထဲမှာ စတိုင်သစ် တစ်ခု၊ ဟန်သစ် တစ်ခု ဖြစ်စေချင်သည်။ သို့သော် ဘယ် ပရိသတ် အတွက်လဲဟု ထပ်ဆင့် မေးရပြန်သည်။

အဆင့်မြင့် စာဖတ် ပရိသတ် အတွက် ရည်ရွယ်လိုသည်။ အဆင့်မြင့် စာဖတ် ပရိသတ်၏ သဘောကို ဘယ်လို မြင်သလဲ ဟု မေးရပြန်သည်။

အရွယ်ရောက်ပြီးသော သူသည် ရင့်ကျက်သော သဘော ရှိသည်။ ထိုသူသည် ကလေးများ ကြိုက်သော သရေစာ အချဉ် ထုပ်မျိုးကို မကြိုက်ပါ။ သူသည် ထူးခြားသော သဘော ရှိသည်။ ရုပ်အစာကိုထက် စိတ်အစာကို ပိုပြီး ကြိုက်တတ်သည်ဟု ထင် ပါသည်။ စိတ်အစာကို Food for Thought ဟု ဆိုပါသည်။

လောကမှာ ပျော်ရွှင်မှု နှစ်မျိုး ရှိသည်ဟု ဆိုသင့်ပါသည်။ စိတ်လှုပ်ရှားရသော ပျော်ရွှင်မှု emotional pleasure က တစ်မျိုး။

စိတ်ကြည်လင်၍ အေးချမ်း ငြိမ်သက်သော ပျော်ရွှင်မှု equanimous pleasure က တစ်မျိုး ဖြစ်သည်။

အဆင့်မြင့် စာဖတ် ပရိသတ်သည် စိတ်တည်ငြိမ် အေးချမ်း မှုကို အရသာခံလိုသော ပရိသတ် ဖြစ်သည်ဟု အကျွန်ုပ် မှတ်ယူ ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ရေစီးကြောင်းက ပြောင်းနေပြီ ဆိုတော့ ရင့်ကျက်သော စာဖတ်ပရိသတ် အကြိုက်ကလည်း ပြောင်းနေပြီဟု ထင်ပါသည်။ ထို့ကြောင့် ဤစာကို 'စိတ်စမ်းစာ' တစ်ခု အဖြစ် ရေးပြီး အကဲစမ်းလိုက်ပါသည်။

ဤစာကို ဖတ်သော အဆင့်မြင့် စာဖတ်ပရိသတ်သည် ကမ္ဘာကို လှမ်းမျှော်ကြည့်တတ်သော၊ ယနေ့ ကမ္ဘာပေါ်မှာ ဘာတွေ ဖြစ်နေသလဲ ဆိုသည်ကို သိသော၊ အင်္ဂလိပ်စာကို ဖတ်တတ် နားလည်တတ်သော ပရိသတ်လည်း ဖြစ်ပါသည်။

ဤစာသည် ထိုပရိသတ်ကို ရည်ရွယ်ပါသည်။ အတွေးအခေါ် ဒဿန အမြင်လည်း ရှိ၊ ထေရဝါဒ ဗုဒ္ဓဘာသာ အသိပညာကိုလည်း လိုလား၍ ကမ္ဘာသုံး အင်္ဂလိပ်စာကိုလည်း စိတ်ဝင်စားသော အဆင့်မြင့် စာဖတ်ပရိသတ် အတွက် တရား အရသာကိုရော အင်္ဂလိပ်စာ အရသာကိုပါ ခံစားရအောင် အဆင်ဆန်းတစ်ကွက် ထွင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဤအဆင့်ကို ကြိုက်သူ ရှိကောင်း ရှိနိုင်သလို၊ မကြိုက်သူလည်း ရှိကောင်း ရှိပေလိမ့်မည်။

ဉာဏ်အမြင်ကျယ်သော၊ ခေတ်မီသော၊ သဘောထားကြီးသော၊ ကမ္ဘာကို လှမ်းမျှော်ကြည့်ချင်သော စာဖတ်သူကို အဆင့်မြင့် စာဖတ်သူဟု အကျဉ်းချုပ် သတ်မှတ်ပါသည်။

ထို ပရိသတ်သည် အမှန်တကယ် ပေါ်ထွန်းနေပြီ ဆိုပါက ဤစိတ်စမ်းစာသည် သူတို့ ကြိုက်သော Food for Thought ဖြစ်မည် ကောန်ထင်ပါ၏။

**စာရေးသူ ဆန်းလွင်**

www.burmeseclassic.com

## Superior To Any Other Creed

As a student of comparative religions, I believe that Buddhism is the most perfect one the world has ever seen.

The philosophy of the Buddha, the theory of evolution and the Law of Kamma were far superior to any other creed.

**Prof. Karl Gustav Jung**

## အခြား ဘာသာ အယူဝါဒများထက် ကြီးမြတ် သာလွန်

ဘာသာ အယူဝါဒ အသီးသီးကို နှိုင်းယှဉ် လေ့လာသူ သုတေသီ တစ်ဦး အနေနှင့် ကျွန်ုပ် ယုံကြည်သည်ကား ဗုဒ္ဓ ဘာသာသည် ကမ္ဘာမှာ ပေါ်ထွန်းသော ဘာသာတရား ခပ်သိမ်းတို့တွင် ပြီးပြည့်စုံဆုံးသော ဘာသာတရား တစ်ခု ဖြစ်ပါသည်။

ဗုဒ္ဓ၏ အဘိဓမ္မာ၊ ပဋိစ္စသမုပ္ပာဒ် တရားနှင့် ကမ္မနိယာမ သဘောတရားများသည် တခြား အယူဝါဒ အားလုံးတို့ထက် သာလွန်ပါသည်။

**ပါမောက္ခ၊ ကားလ်၊ ဂူးစတပ်၊ ယန်း**



www.burmeseclassi

www.burmeseclassic.com

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## ဥဒါန ကထာ

၁

ဘဝအကြောင်း
တစေ့တစောင်းတော့
စဉ်းစားဖို့ ကောင်းပါသည်။

လူဖြစ်သည့်ခဏ
ခုဘဝကျမှသာ
ကိုယ့်ဘာသာ ကိုယ့်အကြောင်း
ဟောင်းခဲ့ သစ်ခဲ့
ကောင်းခဲ့ မကောင်းခဲ့
စောင်းငဲ့လို့ တစ်ဖန်
ပြန်လည် စဉ်းစား
စမ်းတဝါး သိနိုင်စဉ်
ဘဝ အမျှင် အစကို
သင့်ရာက ဆွဲပြီး
ခွဲခြား ရှုမြင်
သိနိုင်သမျှ
ဆင်ခြင်၍ ကြည့်ကြပါစို့။

ယခု ဘဝ
ရောက်မလာကြခင်က
ဘဝ ဘယ်မှာ အနေကြာခဲ့ပါ

ဂင်္ဂါ ဝါဠု သဲစုမက
ဘုရားတွေ ပွင့်လိုက်ကြတာ
ဘယ် သာသနာကိုမှ
မကြုံလိုက်ကြပါကလား။

ယခုလောက် ကြာအောင်
မကျွတ်ဘဲ နေလာကြရတာ
သာသနာနှင့် လွဲလို့ပေါ့၊
ဘုရား အဆူဆူ
ပွင့်တော်မူပါလျက်
လူမဖြစ် နတ်မဖြစ်
အောက်ထစ်ဆုံး ဘဝ
ငရဲက ပြန်မတက်လို့လား၊
အဝီစိမှာ ကွင်းဆက်
မပျက် မပြတ်ဘဲ
တဝဲလည်လည်
အပါယ်ဘုံမှာ
စုန်ဆန်ကာသာ
အနေကြာခဲ့တာလား။

ခုတစ်ခါကျမှ
လူ့ရွာ လူ့ဘဝ

www.burmeseclassic.com

## ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် အကြောင်း

သုံးသပ် ဆုံးဖြတ်
နှလုံးကပ်ပြီး
စဉ်းစားတတ်လို့
ကိုယ့်ဘဝဖြစ်အင်
ကိုယ့်အကြောင်းကို မြင်တော့
သွင်သွင် စီးကျ
မျက်ဝန်းအစုံမှာ
မျက်ရည်စတွေနှင့်ပါကလား။

မိုက်မှားခဲ့လေသမျှ
အသည်းက နာကျင်
ဘယ်လိုပင် ဖြေဖျောက်သော်လည်း
မျက်ရည်စ မခြောက်ပါဘူး၊
ကြောက်စရာ သံသရာမှာ
ဝဋ်ဒုက္ခ ရှည်ခဲ့ပါပြီ။

ယခု ဘဝ ဘဝ အရှိ
သိဖို့တော့ သင့်ပြီထင့်
တွေးချင့်စရာ
လူမို့သာ စဉ်းစားနိုင်တာနော်။

၂

သြော် ပုထုဇဉ်
မမြင်မျက်ကန်း
သံသရာ အဆင်းလမ်းမှာ
စမ်းတဝါးဝါး
လျှောက်သွားနေလိုက်တာ၊
ရှေ့မှာ ဘဝချောက်က
မတ်စောက်စောက် ရှိသော်လည်း
သူကမှ မမြင်တော့
ခြေချော်ပြီး ချောက်ကျတာ
ဘာဆန်းမလဲ၊
လဲမှ နာ
နာမှ သိ
မချိမဆံ့
ထိတ်ထိတ်လန့်လန့်နှင့်
လူးလွန့်ထူထ
ဖုန်ခါချပြီး
ရှေ့မှာ မြင်ရ
မှုန်ပျပျ အဆင်းလမ်းကို
အတက်လမ်း ထင်၍
မှန်းဆ လျှောက်ပြန်တော့
နောက်ဘဝ တစ်ခါ
ချောက်ကျရပြန်တာပေါ့။

ကံလမ်းပေါ်မှာ
ပုထုဇဉ် သူ့ခများ
ဘဝပေါင်းများစွာ
လျှောက်ခဲ့ပြီးပါလျက်
အတက်လမ်းပေါ် သူ မရောက်
ချောက်ပြီးရင်း ချောက်ကျကာသာ
ကာလများစွာ ကြာခဲ့ပါပြီလေ။

၃

ဘဝများစွာမှာ
ကံကြွေး ဝဋ်ကြွေး
ကုဋေကုဋာကို
ခန္ဓာနှင့် ပေးဆပ်
အသားနှင့်ဆပ်
အသွေးနှင့်ဆပ်
အရေခွံနှင့်ဆပ်
ပခုံးနှင့် ထမ်းဆပ်
တုံးထမ်း၍ ဆပ်ခဲ့ကြပြီးပြီ၊
ကံကြွေးဟောင်း အလီလီကို
ပြေလည်အောင် ပေးဆပ်ခဲ့၍သာ
ယခုတစ်ခါ
လူ့ပြည်မှာ လူဖြစ်လာရတာကို



www.burmeseclassi

www.burmeseclassic.com



အခွင့်ကောင်း မထင်
မဆင်မခြင်ဘဲ
အလွဲနေ အလေလိုက်ပြီး
အမိုက်အမဲ
ငရဲမကြောက်
ကံလမ်းပေါ်မှာ
နောက်တစ်ခါ လျှောက်ကြလျှင်ဖြင့်
သင့်လောက် မိုက်သူ
ဓမ္မမှာ မရှိ
မိုက်ခေါင်ထိပြီ မှတ်ပါတော့။

၄

မဆင်မခြင်
အမြင်အသိ
မရှိမျက်ကန်း
စမ်းတဝါးဝါး
ကံလမ်းမှာ တစ်ခါ
သွားကြပါမူကား
ဆိုးဆိုးဝါးဝါး
မှောက်မှောက်မှားမှား
ကင်းပါးလွှင့်စဉ်
အပါယ်ကိုပင်
လိုချင်လို့ လုပ်ယူနေကြသလို
မဆိုလည်းဖြစ် ဆိုလည်းဖြစ်မို့
စစ်စစ်မှန်မှန်
'သမ္မာ ဒိဋ္ဌိ' ဉာဏ်မျက်စိဖြင့်
ဘဝကိုလှန်
ရေဆန်ခရီးမှာ
မဂ္ဂင်ဖောင်ကြီး
အပိုင်စီး၍
အပြီးသွားရန် အတွက်
ရုပ်နာမ် ဓမ္မ သင်္ခါရကို
ငါပဲ ငါ့ဟာ ငါ့ဥစ္စာဟု
စွဲလမ်းထင်မှု
'ဒိဋ္ဌိ' စကို
ယခုဘဝ ပယ်သတ်မှသာ
သံသရာဝဋ်
အပြီးကျွတ်၍
လွတ်လွတ်လပ်လပ်
ပြီးပြတ်ဒုက္ခ
ချုပ်ငြိမ်းရသည့်
ခပ်သိမ်း အရိယာ
တို့ပမာလျှင်
ဉာဏ်လမ်းမှာ လျှောက်
လူတစ်ယောက်သည်
ထွန်းပေါက် အောင်မြင် ခရီးတွင်လိမ့်။

၅

သုဂတိမှာ
လူဖြစ်လာရ
ဤဘဝထက်
နေ့ရက်ရှည်ကြာ
နေလာကြတာ
ဘာ အဓိပ္ပာယ် ရှိသလဲ။
စားဖို့ ဝတ်ဖို့၊ နေဖို့ ထိုင်ဖို့
မချို့ရအောင်
ရွှေရောင် ငွေရောင် စိန်ရောင် ထွန်းပ
တပြပြနှင့်
လှပသည်ထင်
သင့်ရုပ်သွင်ကို
သင် မသေခင်
ကြေးမုံမှန်ထောင်
ဓာတ်ပုံပေါင်ထဲ
သဲသဲကွဲကွဲ
သရုပ်ခွဲခြား

www.burmeseclassic.com

## ညာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် အကြောင်း

အမှန်တရား ပေါ်အောင်
မျက်တောင်မခတ်
ရပ်၍ ကြည့်စမ်း။

ဘဝလမ်းမှာ
သင် ထမ်းခဲ့ရ
ဝန်ထုပ်ပမာဏ
ကြီးလွန်းလှ၍
ညှိုးနွမ်း ရပ်သွင်
သင့်ပါးပြင်လည်း
ချိုင့်ဝင်လျက်သား၊
သင့်သွားတွေလည်း
ဖရိုဖရဲ ကျိုးတိုးကျဲ၍
မွဲခြောက်သားရေ
ရိုးကြေရှက်ကျဲ
သေပွဲဝင်ရ
သင့်ဘဝမှာ
ဘာကို အမိပ္ပာယ်လို့
ဆိုချင်သလဲ။

လိုချင်စရာ
ဘာတန်ဖိုးတွေ ရှိသလဲ၊
ဘဝဖြစ်ပုံ
ဆင်ခြင်တုံတရား
ရှေ့မှာထား၍
စဉ်းစား နှိုင်းထောက်
မိုးသောက်က နေဝင်
ပွပင် ကြောင့်ကြ
တောင့်တ ကြိုးကုတ်
အလုပ်နှင့်လက်
ရက်ဆက်လများ
တဖားဖားနှင့်
စားဝတ်နေရေး
တွေးပူရင်လေး
စိတ်မအေးဘဲ
ကျိတ်တွေးကြံဆ
လုပ်နေရလည်း
ဘဝပြည့်စုံ
မဖူလုံခဲ့။

ပစ္စည်းမျိုးစုံ
စုပုံနေလည်း
မသေအောင် စား
မအားအောင် ရှာ
ဤခန္ဓာကို
စားပါ သောက်ပါ
ဝတ်ဆင်ပါဟု
ပျာပျာသလဲ
ကျွန်မွဲ ကျွန်စုတ်
လုပ်ကျွေးပြုစု
ယုယချစ်ခင်
နင်က ကြင်နာ
နင့်ခန္ဓာက
မညှာ နင့်ကို
အိုလိုက် နာလိုက်
သေမင်းကြိုက်အောင်
ရိုက်ထောင်းပုတ်ခတ်
အသေသတ်လည်း
မပြတ်သံယောဇဉ်
အမျှင်တန်းကာ
ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဟု
သင့်မှာ ဒိဋ္ဌိ ခံနေသည်။
၆
ဤခန္ဓာမှာ
ဘာကို သင်က ချစ်နေရသလဲ။
အထင်ကြီးစရာ
ဤခန္ဓာမှာ

www.burmeseclassic.com



တန်ဖိုး ဘာတွေ ရှိသလဲ။

ဖရိုဖရဲ
ပြိုကွဲဖောက်ပြန်
အလောင်းကျန်မှ
ရှာက လက်မခံ
သုသာန်ကို ထုတ်
မီးဖုတ် ဖျက်ဆီး
အချည်းနှီး ဘဝ
သုံးမရဘဲ
ဆုံးရှုံးရပြီ မဟုတ်လား။

နောက်ဘဝမှာ
ပါယ်ရှာဇာတိ
ကျိုးမရှိဘူး
အတိဒုက္ခ
ရောက်ရတစ်ခါ
သံသရာလမ်း
ကံထမ်းသမား
လျှောက်သွားရပြန်ပြီ၊
မတ်စောက် ကြီးမား
ဘဝ ချောက်ကမ်းပါးမှာ
ဇောက်ထိုးမိုးမျှော်
ကျရင်းပျော်သည်
သြော် အန္ဓလူမိုက်
ဒုက္ခကြိုက်ရယ်။

နင့်ထက် မိုက်သူ
ဤဇမ္ဗူမှာတော့
ရှာလျှင် ရှားမည် ငါထင်သည်။

၇

လူဖြစ်နေတာ
ခန္ဓာလား ငါလား
ကွဲကွဲပြားပြား
နားမလည်ခဲ့ပါဘူး၊
ငါးပါးခန္ဓာ
သူ့သဘာဝက
'အနိစ္စ' မို့
တားမရ ဆီးမရ
ဖောက်ပြန်၍ ပြပါလျက်
တပ်မက်ခဲ့တာ ငါ
စွဲလမ်းမိတာ ငါ
ဉာဏ် မရှိတာ ငါ
အမှန် မသိတာ ငါ
တရား မရှိတာလည်း ငါ
အမှား မသိတာလည်း ငါ၊
အခုကျခါမှ
အသက်က ကြီး
ဇရာဖိစီး
ရောဂါတွေ သည်းထန်လျက်
သေခါနီးရောက်မှ
ဖောက်ပြန်သော ရုပ်နာမ်ကို
ဆင်ခြင်ဉာဏ် ရောက်ပါသည်
ဘဝအသိက...
နောက်တော့ကျသွားပြီလေ။

လုပ်စရာလည်း မရှိ
ဖြစ်စရာလည်း မရှိ
ရစရာလည်း မရှိ
အားလုံး ဗလာနတ္ထိ
ဘာဆို ဘာမှ မရှိပါကလား။

၈

တရားကို သိတော့
ဘဝက လက်ချည်းကျန် ဖြစ်တော့မည်။
အသေမဦးမီ
ဉာဏ်ဦးအောင် လုပ်မှပေါ့၊

www.burmeseclassic.com

## ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် အကြောင်း

သံဝေဂ အသိနှင့်
ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိတော့
ကိုယ့်အဖြစ်ကို သိပြီ၊
မနစ်နာအောင်
ကြံဆောင်မည်ဆိုလျှင်
အချိန်မီသေးတာပဲ၊
ဖွဲ့မလျှော့ဘူး
စိန်နှင့် ဆန်ကွဲ
ဘာဖြစ်လို့ မလဲရမှာလဲ၊

ညစ်မည်းနေတဲ့
အသည်းကို ပြောင်အောင် တိုက်
မိုက်မှောင်နေတဲ့ ဘဝထဲက ထွက်
အသက်နှင့် 'သစ္စာ'
ဒီတစ်ခါ လဲလိုက်မည်၊
ကြံစည်ပြီးသော သူတစ်ယောက်
ဉာဏ်လမ်းပေါ်မှာ လျှောက်မည်၊
ခရီး ရောက်သင့်သလောက်တော့
ရောက်ဦးမှာပေါ့၊ ရောက်မှာပေါ့နော်။

[ရှင်အာဒိစ္စရံသီ]
ဆန်းလွင်



www.burmeseclassic

www.burmeseclassic.com

# နိဒါန်း

## ၁။ ရှေ့ဆက်ရမည့် ခရီး

၁

'ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' စာအုပ်များ ထုတ်ဝေခဲ့သည်မှာ ယခုဆိုလျှင် ဆယ်စုနှစ် တစ်ခု ကိုပင် ကျော်လွန်ခဲ့လေပြီ။

ထိုစာအုပ်၏ နိဂုံးတွင် 'အဆုံးတစ်ခု၏ အစ' ကို ရေးသားခဲ့ပါသည်။ ထို စာနိဂုံးမှာ ဖော်ပြခဲ့သော အတွေးအခေါ် ဆိုင်ရာ ပြဿနာများကို မေးမြန်းထားသူတို့အား အကျွန်ုပ်သည် အဖြေပေးရန် ကိစ္စကား မပြီးသေး။ အကျွန်ုပ်မှာ ထိုတာဝန် ကျန်နေသေးသည်။ ဓမ္မမိတ်ဆွေများ၊ ဒဿန ရောင်းရင်း အပေါင်းအသင်းများ၏ ထိုအမေးများကို ဖြေကြားရန် အတွက် မူလက 'ရတနာ သုံးပါး' ကို ပဥ္စမတွဲ ဆက်ရေးဦးမည်ဟု အကြံရှိခဲ့လေသည်။ သို့သော် ဆယ်နှစ် ဆိုသော ထိုကာလအတွင်းမှာ ဆန်းလွင် ဆိုသော လူသား တစ်ဦး၏ ဘဝသည် လုံးလုံးလျားလျား ပြောင်းလဲသွားလေသည်။ မူလက 'ရတနာ သုံးပါး' စာအုပ် အစမှာ မိမိ၏ 'ဆုတောင်း' (ဘုရားဆုပန်ခဲ့ခြင်း) ကို ဖော်ပြထားခဲ့ သည်။ ယခု ထိုဆုတောင်းလည်း ပျက်ပြားသွားပြီ။ လူဝတ်ကြောင် ဘဝက ရဟန်းဘဝသို့ ဆန်းလွင် ပြောင်းသွားခဲ့ပြီးပြီ။ ဘုရား၏ သားတော် ရှင် အာဒိစ္စရံသီ (နေမင်း၏ အလင်းရောင်) သည် အမှောင်ကို ခွင်း၍ အလင်းကို ဆောင်ရန် အတွက် 'ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက်' ဖြစ်သွားပြီ။ ဆယ်နှစ် အတွင်းမှာ ဘာတွေ ဖြစ်ခဲ့သလဲ၊ ဘယ်လို ပြောင်းလဲသွားတာလဲ ဟု ဆန်းလွင် ချစ်သော စာဖတ်ပရိသတ်သည် သိချင်ပါလိမ့်မည်။ ပြောပြ သင့်သည် ထင်၍ ပြောပြချင်ပါသည်။

www.burmeseclassic.com



၂

၁၉၈၈ ခုနှစ်...။

ထိုနှစ်သည် အကျွန်ုပ် ငါးဆယ်ပြည့်သောနှစ် ဖြစ်သည်။ စာရေးခြင်းဖြင့် အသက်မွေးဖို့ ကြိုးစားနေချိန်မှာ လေ့လော့်ရင်း တက်ကျိုးသလို ဖြစ်သွားသည်။ ဝင်ငွေ မရှိသဖြင့် ဘဝတက္ကသိုလ် ကိုနေဝင်းက စာနာစိတ်ဖြင့် ထောက်ပံ့ ကူပေးနေ၍သာ စားဝတ်နေရေးမှာ ဆိုးဆိုးဝါးဝါး မဖြစ်ခဲ့ဟု ဆိုရမည်။ ၁၉၈၄ ခု နှစ်ကုန်ပိုင်းတွင် အိုးမဲ့ အိမ်မဲ့ ဖြစ်သွားပြီးကတည်းက မိသက်သည် သူ့ပစ္စည်းတွေကို တစ်ခုပြီး တစ်ခု ရောင်းပေါင်ပြီး မိသားစုအတွက် လိုအပ်သည်များကို ဖြည့်နေရသည်။ Misfortune never comes alone. ဆိုသော သိုးဆောင်း စကား မှန်သည်။ မြွေပူရာ ကင်းမှောင့် ဆိုသလို ကံဆိုးမိုးမှောင်ကျခြင်းသည် ဘယ်တော့မှ တစ်ခုတည်း လာရိုးထုံးစံ မရှိဆိုသည့်အတိုင်း လောကဓံ မုန်တိုင်းတွေက တစ်ခုပြီး တစ်ခု တိုက်ခတ်လာသည်။ သားလူဆိုးက မိခင်၏ အတွင်း ပစ္စည်းတွေကို ခိုးပြီး အပေါင်းအသင်းများနှင့်အတူ အိမ်က ထွက်ပြေးသည်။ ပစ္စည်းလည်း ပါ၊ သားလည်း ပျောက်ဆုံးသွားခြင်း အတွက် မိသက်သည် ဆောက်တည်ရာ မဲ့သလို ဖြစ်သွားသည်။ အကျွန်ုပ်ကမူ ဘဝ အစကတည်းက ကိုယ့်ခြေထောက်ပေါ်မှာ ရပ်ပြီး ရက်စက်ကြမ်းကြုတ်သော လောကဓံ မုန်တိုင်းတွေ ကြားထဲမှာ ကျော်လွှား ဖြတ်သန်းလာရသူ ဖြစ်သဖြင့် ဘဝမှာ ကြံ့ခိုင်သော စိတ်ဓာတ် ရှိနေသည်။

၁၉၈၉ ခုနှစ်ကို ရောက်တော့ 'ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ်ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' စာအုပ်သည် ဈေးကွက်ထဲသို့ ရောက်လာလေသည်။ ပထမအကြိမ် စထွက်ကတည်းက 'ရတနာ သုံးပါး' သည် ရောင်းစွံသော (bestseller) ဖြစ်သွားသည်။ ၁၉၉၀ ခုနှစ်မှာ 'ရတနာ သုံးပါး' ကို ဒုတိယ အကြိမ် ရိုက်ရပြန်သည်။ အကျွန်ုပ်ဘဝတွင် စာရေးခ ဉာဏ်ပူဇော်ခကို သိန်းချီပြီး ရဖူးလာသည်။ ဘဝ အခြေအနေတွေ ရုတ်တရက် ပြောင်းလဲသွားသည်။ ဘဝ အပြောင်းအလဲ မဖြစ်မီ ဉာဏ်အပြောင်းအလဲ တစ်ခု စဖြစ်သည်။ မူလက ဝိဇ္ဇာလမ်းပေါ်မှာသာ နေ့ရက်ကြာရှည်စွာ လျှောက်လှမ်းနေခဲ့သော အကျွန်ုပ်သည် ဝိပဿနာ အလုပ် (စရဏ) ကိုပါ အားထုတ်လိုစိတ် ပြင်းထန်လာသည်။ အကျွန်ုပ်ကို ဝိပဿနာ လုပ်ဖြစ်အောင် လုပ်ဖို့ အားပေး ထောက်ပံ့သူမှာ (ထိုစဉ်က မြအေးကြည် လက်ဖက်ရည်ဆိုင်၊ ယခု



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဦး စတိုး ပိုင်ရှင်) တပည့်ဖြစ်သူ ကိုစိုး ဖြစ်သည်။ အကျွန်ုပ် ဘဝထဲသို့ ကိုစိုး ဝင်ရောက်လာပုံ၊ သူနှင့်အတူ ဝိပဿနာဘက်သို့ စိတ်ပြောင်းလာပုံများကို ဤစာအုပ်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြမည် ဖြစ်ပါသည်။ လက်ထဲမှာ သိန်းနှင့်ချီသော ငွေပို ငွေလျှံတွေ ရလာသောအခါ အကျွန်ုပ်သည် ဘာလုပ်သင့်သလဲဟု ခေတ်ကာလကို စနည်းနာ ကြည့်သည်။

လူငယ်တွေ ဖွံ့ဖြိုးပြီး အာရှနိုင်ငံများသို့ ထွက်ခွာသွားပြီး အလုပ်အကိုင်များ လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေနေကြကြောင်း ကြားသိလာရသည်။ မိမိမှာ ထိုအချိန်မှာ အသက် ငါးဆယ်ကျော်နေပြီ။ ကိုယ်တိုင် စွမ်းဆောင်ချင်သော စိတ်ရှိသော်လည်း ကိုယ်က မလိုက်နိုင်တော့ပြီ။ ခါချဉ်ကောင် မာန်ကြီးသလို မဖြစ်သင့်ဟု ဆုံးဖြတ်ချက် ချလိုက်ရသည်။ အားမတန်၍ မာန်လျှော့ရသည်မှာ မခံချိဖွယ်ကောင်းသည်။ နောက်ဆုံးတော့ သမက်နှင့် သားသမီးတွေကို နိုင်ငံခြား လွှတ်ပြီး အလုပ် လုပ်ခိုင်းလိုက်သည်။

## ၃

၁၉၈၉ ခုနှစ်တွင် အကျွန်ုပ်သည် 'ရတနာ သုံးပါး' ပထမအကြိမ် ထုတ်ဝေသောအခါ ထိုစာအုပ်ကို ဆရာမကြီး ဒေါ်ခင်နှင်းယုနှင့် ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ကို စာအုပ် လက်ဆောင်သွားပေးသည်။ 'ရတနာ သုံးပါး' အပေါ် ပညာရှင် ဆရာမကြီးများ၏ ထင်မြင်ချက်ကိုလည်း ပေးပါဟု တောင်းခံခဲ့လေသည်။

ဆရာမကြီး ဒေါ်ခင်နှင်းယုက

ကျွန်မ သူ့စာအုပ်ကို ဖတ်ရင်း ကိုးကွယ်မှုကို အပြေးအလွှား ရှာဖွေနေသူ လူတစ်ယောက်ကို မြင်လာသည်။ တကယ်လည်း သူသည် ပြေးလွှားနေဆဲ ဖြစ်သည်။...

စာရေးသူ ဆန်းလွင်သည် အမှန်တရားကို သိလို၍ ရှာဖွေနေသည် ဆိုပါလျှင် ရုပ်နာမ် ခန္ဓာ သဘာဝ ဖြစ်ပျက်နေမှုကို ကိုယ်တွေ့ ဉာဏ်မြင်ဖြင့် သိအောင် စိတ်ကို လေ့ကျင့်သော သတိပဋ္ဌာန် ဝိပဿနာ အကျင့်ကို စတင် လေ့ကျင့်သင့်ပါပြီ။ ထိုအကျင့်မှာ လမ်းစဉ် ရှစ်ခု ပါဝင်ပြီး ဖြစ်၍ ကျင့်ကြံ အားထုတ်ပြီးလျှင် မိမိ ကိုးကွယ် ယုံကြည်ပြီးသော ဘာသာတရားသည် မိမိအား ချမ်းသာစစ် ချမ်းသာမှန်ကို ပေးနိုင် မပေးနိုင်၊ တကယ် ယုံကြည်ထိုက် မထိုက် အဆုံးအဖြတ်ကို



www.burmeseclassic

www.burmeseclassic.com



ပေးနိုင်မည် ဖြစ်ပါသည်။...

အမှန်တရားကို ရှာဖွေလိုသော စာရေးသူ ဆန်းလွင်သည် ကျင့်ကြံ အားထုတ်မှု လမ်းမှန်ဖြင့်သာ သူ၏ သံသယကို ပြေပျောက်နိုင်မည် ဖြစ်ပါသည်။ သူသည် လက်တွေ့ ကျင့်ကြံ အားထုတ်ခြင်းဖြင့် 'ရတနာ သုံးပါး' ကို ကျောက်စာတိုင်ကဲ့သို့ မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲ ယုံကြည်သက်ဝင် လက်ခံလာသူ တစ်ယောက် ဖြစ်ပါစေသတည်း။

ခင်နှင်းယု

၂၅၊ ၇၊ ၉၀

မမစု (ဒေါ်ခင်နှင်းယု) ၏ သုံးသပ်ချက်က အကျွန်ုပ်၏ နှလုံးတွင်းသို့ ထုတ်ချင်းခတ် ဝင်သွားပါသည်။ 'လက်တွေ့ ကျင့်ကြံ အားထုတ်ခြင်း' ဆိုသော စကားသည် အကျွန်ုပ်၏ ဦးနှောက်ထဲမှာ သံမှိုဖြင့် စွဲသလို စွဲသွားပါသည်။ ထိုအခါ အကျွန်ုပ်၏ ရင်ထဲမှာ ပြင်းထန်သော ဆန္ဒတစ်ခုသည် သိသိသာသာ ထင်ထင်ရှားရှား ဖြစ်ပေါ်လာသည်။ တရားဓမ္မကို ဒဿနဉာဏ်ဖြင့် သိခြင်းသည် အနုဗောဓဉာဏ် သဘောလောက် မရှိသေး။ တရားကို နှလုံးသားဖြင့် သိခြင်း (inner experience) ကသာ ပဋိဝေဓဉာဏ်ဖြင့် သိခြင်း ဖြစ်နိုင်သည်။ အကျွန်ုပ်မှာ အနုဗောဓဉာဏ်ပင် မရှိသေး။ အနုဗောဓဉာဏ်သည် ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာကို ကျင့်ကြံပွားများ၍ သိမြင်သော ဉာဏ်အမြင် ဖြစ်သည်။ ထိုဉာဏ်ကို ရမှသာ ပဋိဝေဓဉာဏ်သို့ ကူးမြောက်နိုင်ပေလိမ့်မည်။

'ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက်အကြောင်း' သည် သစ္စာဉာဏ် အကြောင်းကို မစူးစမ်းနိုင်သေးကြောင်း အကျွန်ုပ်ဝန်ခံရပေမည်။ မမစုသည် အကျွန်ုပ်၏ အားနည်းချက် တစ်ခု၊ လိုအပ်ချက်တစ်ခုကို ကြင်နာသော စိတ်ဖြင့် မီးမောင်းထိုးပြသူ ဖြစ်သည်ဟု ကျေးဇူးတင်စွာ ခံယူပါသည်။

ကွယ်လွန်သူ ဆရာမကြီး ဒေါ်ခင်မျိုးချစ်ကလည်း 'ရတနာ သုံးပါး' စာအုပ်အပေါ် သုံးသပ်ပြီး ဤသို့ ဖော်ပြထားလေသည်။

**Sun Lwin ends his autobiography with his final confirmation in Buddhist faith. But it is not yet the end. He said he still has much more to say. His intellect has now found a wide range of study and contemplation and**



www.burmeseclassic

www.burmeseclassic.com



dissertation in Buddhism and the reader is left with a hopeful expectation of what is to come.

K. M. Chit

ဆရာမကြီး ဒေါ်ခင်မျိုးချစ်၏ စာက အကျွန်ုပ်ကို အားရှိစေပါသည်။ 'ရတနာ သုံးပါး' စာအုပ်သည် အကျွန်ုပ်၏ ဘဝ ကိစ္စများ အဆုံး မဟုတ်သေး၊ အစသာ ရှိသေးသည်။ ဗုဒ္ဓဘာသာကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ဦး အနေနှင့် အကျွန်ုပ်သည် ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်ပြီဟု ခံယူရုံမျှဖြင့် ကျေနပ် ရောင့်ရဲနေမည့်သူ မဟုတ်ကြောင်းကို ဆရာမကြီး ရိပ်စားမိဟန် တူပါသည်။ ရိပ်စားမိ၊ ခန့်မှန်းမိရုံမျှမက ဆရာမကြီး၏ စိတ်ထဲမှာ အကျွန်ုပ်သည် မိမိ၏ အတောမသတ်နိုင်သော လေ့လာ ဆည်းပူးမှု၊ တွေးခေါ် မြော်မြင်မှုများ အကြောင်းကို နောက်ထပ် အကျယ်အဝန်း ဖွင့်ဆို တင်ပြလိမ့်ဦးမည်ဟုလည်း ယုံကြည် စိတ်ချထားဟန် တူပါသည်။ ထို့ကြောင့်လည်း 'သူ၏ ယခု ဗုဒ္ဓဘာသာကို ကျယ်ပြန့်စွာ လေ့လာပြီး၊ ဆင်ခြင် သုံးသပ်ပြီး အကျယ်တဝင့် စိစစ်နိုင်သော ဉာဏ်က သူ နောက်ထပ် ဘာတွေ ဆိုလာဦး မလဲ ဆိုတာကို စာဖတ်သူအား မျှော်လင့် စောင့်စားဖွယ်ရာများဖြင့် ချန်ထား ခဲ့သည်' ဟု ဆရာမကြီးက ဆိုခဲ့လေသည်။

မှန်ပါသည်။ အကျွန်ုပ်၏ ဤမှာဘက် ၁၀ နှစ် ခရီးသည် ဗုဒ္ဓဘာသာကို အမှန်အကန် နားလည်သော၊ သစ္စာဉာဏ်ကို ရှာဖွေသော ဉာဏ်လမ်းသွား ခရီး ဖြစ်၍ ထိုမှာဘက် ခရီးထက်တော့ ပိုပြီး ခက်ခဲသည်၊ နက်နဲသည်၊ အတက်ခရီးနှင့် တူသည်ဟု ဆိုသင့်ပါသည်။

## ၄

၁၉၉၁ ခုနှစ်သည် အကျွန်ုပ် ဘဝမှာ လောကီ ကြီးပွားချမ်းသာမှုများ ရောက်ရှိလာသော နှစ်ဟု ဆိုချင်သည်။ ကိုယ်ပိုင် အိုးအိမ် အတည်တကျ မရှိသေးသော်လည်း မရမ်းကုန်း၊ ရှစ်မိုင်ရှိ ခြံကြီး တစ်ခြံထဲက တိုက်အိမ်ကြီး တစ်အိမ်မှာ တစ်လကို အိမ်လခ ထိုစဉ်က နှစ်ထောင်ကျပ်တိတိ နှစ်နှစ်စာ ပေးပြီး နေနိုင်သော အခြေအနေသို့ ရောက်နေပြီ ဖြစ်၏။ သားတွေ၊ သမီးတွေ၊ သမက်တွေ အားလုံးကို စင်ကာပူကို ပို့ပြီး အလုပ် လုပ်ခိုင်းထားနိုင်ပြီ။ မြေးဦးကလေး အီးတီ (မောင်လှျမ်းပြည့်) ကိုပင် စင်ကာပူလို နိုင်ငံမှာ မူကြိုကျောင်းထားနိုင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်သည် ထူးထူးခြားခြား တိုးတက်သော နှစ်ဖြစ်သည်ဟု ဆိုနိုင်သည်။ ရုပ်ပိုင်းဘဝ တိုးတက်သလို နာမ်ပိုင်းဘဝမှာလည်း တိုးတက် ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။

တစ်နေ့သ၌ ၃၇ လမ်း ဘဝတက္ကသိုလ် စာပေတိုက်သို့ ဗိုလ်ကြီး တစ်ဦး ရောက်လာပြီး စာတစ်စောင် ပေးသွားလေသည်။ (သူ့တပ်ရင်းမှူး ကတော်ထံက စာဖြစ်သည်။ တပ်ရင်းမှူးကတော်၏ နာမည်မှာ ဒေါက်တာ ဂျယ်နီကိုကြီး ဖြစ်သည်။) နာမည်က ဘို (အင်္ဂလိပ်) နာမည် ဖြစ်နေ၍ အံ့အားသင့်ခဲ့ရသည်။ စာကို ဖတ်ကြည့်တော့ ဒေါက်တာ ဂျယ်နီကိုကြီးသည် ရတနာ သုံးပါး၌ အလွန် ကြည်ညို လေးစားသူ ဖြစ်ကြောင်း တွေ့ရသည်။ 'ရတနာ သုံးပါး' စာအုပ်ကို ဖတ်ပြီး အကျွန်ုပ်အပေါ် လေးစား ယုံကြည်မှု ဖြင့် ရေးလိုက်သော စာဖြစ်သည်။ သို့သော် နယ် စာဖတ်ပရိသတ်များထံက ရေးနေကျ မိတ်ဆက်စာနှင့် မတူပါ။ သူ့စာက ထူးခြားနေသည်။ သူက အကျွန်ုပ်အား ဂန့်ဂေါမြို့သို့ လာဖို့ ဖိတ်ကြားသော စာဖြစ်သည်။ အကျွန်ုပ် လာမည်ဆိုလျှင် လမ်းစရိတ်၊ စားစရိတ်၊ လုံခြုံမှု၊ ခရီးသွားလာမှု ကိစ္စအဝဝ အတွက် တာဝန်ယူမည် ဖြစ်ကြောင်းလည်း စာထဲမှာ ရေးထားသည်။ ဂျယ်နီ ရေးသားသော စာထဲက အဓိက အကြောင်းမှာ သူသည် ဂန့်ဂေါ အရှေ့ဘက် ကမ်းရှိ မုံလယ်တောရစခန်းတွင် အလွန် ထူးခြားသော (အရိယာဟု ထင်ရသော) ရဟန်း တစ်ပါးကို ဖူးတွေ့နေရသည်။ ထိုဆရာတော်သည် သူ့အထင်မှာ ရဟန်းကိစ္စ ပြီးပြီဟုပင် ထင်နေသည်။ ပြီး မပြီး၊ ဟုတ် မဟုတ်ကို အကျွန်ုပ်က လာပြီး အကဲခတ်ရန် ဖိတ်ခေါ်ခြင်း ဖြစ်လေသည်။

အကျွန်ုပ်လည်း ဓမ္မရုပ်စုံ မဂ္ဂဇင်းကို စတင် ထုတ်ဝေရန် အတွက် စီစဉ် နေစဉ် ကာလဖြစ်၍ မအားမလပ် ဖြစ်နေသည်။ (ဂျယ်နီ့ထံက ဗိုလ်ကြီး သုံးဦး လွှတ်ပြီး ထပ်တလဲလဲ ခေါ်နေလေသည်။) ၁၉၇၁ ခုနှစ် နှောင်းပိုင်းကျမှ အကျွန်ုပ်သည် ရန်ကုန်က အလုပ်တွေကို ဖြတ်တောက်ထားခဲ့ပြီး ဂန့်ဂေါသို့ မိသားစုပါ ခေါ်ပြီး လိုက်သွားခဲ့လေသည်။

မုံလယ် ဆရာတော်ကြီးကို ဖူးရသည်။ ထူးခြားသော ဆရာတော်ကြီး တစ်ပါး ဖြစ်ကြောင်း မကြာမီမှာပင် သတိပြုမိလာသည်။ ဆရာတော်ကြီး၏ ထူးခြားချက် တစ်ခုမှာ စာ (ပရိယတ်) မတတ်သော်လည်း ခန္ဓာကို သိသော (ပဋိပတ်) ဉာဏ်က အလွန် ထက်မြက်သည်။ ဂျယ်နီက ပြောထားသဖြင့် အကျွန်ုပ် မေးချင်သမျှ ခက်ခဲသော မေးခွန်းများကို နှုတ်က မမေးဘဲ စိတ်ထဲ

www.burmeseclassic.com



က မေးနေမိလေသည်။

မေးတိုင်း မေးတိုင်းသော မေးခွန်းများကို ဆရာတော်ကြီးသည် သူ နေ့စဉ် ဟောနေသော နံနက် တရားပွဲ၊ နေ့လယ် တရားပွဲ၊ ည တရားပွဲများ၌ ချက်ချင်း လက်ငင်း အဖြေများကို သိသာ ထင်ရှားစွာ ထုတ်ပေးလေသည်။ ဤကိစ္စကို ဆရာတော်ကြီးနှင့် အကျွန်ုပ်တို့ နှစ်ဦးပဲ သိမည် ထင်ပါသည်။ ဆရာတော်ကြီးထံက ပြန်လာသောအခါ အကျွန်ုပ် စိတ်ထဲမှာ အယူအဆ ပြောင်းလဲမှု တစ်ခု ဖြစ်ပေါ်လာသည်။ ထို စိတ်ကူး ပြောင်းလဲမှုမှာ နှစ်ပိုင်း ရှိသည်ဟု ဆိုရပေမည်။ နှစ်ပိုင်း ဆိုသည်မှာ

(၁) မိုးကုတ် ဆရာတော်ကြီး ဟောကြားသော တရားဓမ္မများကို အသေးစိတ် လေ့လာတော့မည် ဆိုသော စိတ်ကူး ရရှိခြင်း အပိုင်းနှင့်

(၂) မိမိ ကာလ အတန်ကြာကပင် ရည်ရွယ်ထားသော ကလျာဏ ပုထုဇဉ် ထွန်းကားရေး လုပ်ငန်းတွင် မိုးကုတ် ဆရာတော်ကြီး၏ ဝိပဿနာ အလုပ်စဉ် ဉာဏ်အမြင်များကို အသုံးချမည် ဆိုသော စိတ်ကူး ဖြစ်ပေါ်လာ ခြင်း အပိုင်းကို ဆိုလိုပါသည်။

## ၅

၁၉၉၂ ခုနှစ်သည် တဏှာ နိုင်းသမျှကို လုပ်ပြီး လောဘကျွန် တဏှာကျွန် အဖြစ်ဖြင့် ကုန်ဆုံးသွားသော အချိန်ပိုင်း တစ်ခုဟု သုံးသပ်မိပါသည်။ ရတနာ သုံးပါး၊ ရွှေတောင်တက် ဒဿန၊ သစ္စာဉာဏ်ပွင့် ဒဿန၊ တရားတွေ့ဖို့ ချမ်းမြေ့ဖို့ စာအုပ်များ ဆက်တိုက် ထုတ်ဝေနိုင်ပြီး လက်ထဲမှာ သိန်းနှင့်ချီ သော ငွေတွေကို ကိုင်နိုင်သော အချိန် ဖြစ်သည်။ ပထမ မိမိ အယ်ဒီတာချုပ် လုပ်နေသော Everyday English စာစောင်ကိုလည်း ထုတ်ဆဲ ဖြစ်သည်။ နောက်ပြီး မဂ္ဂဇင်းကြီး တစ်စောင် အရွယ်ပမာဏဖြင့် ဓမ္မရုပ်စုံ မဂ္ဂဇင်းကိုလည်း ထုတ်ပြန်သည်။ ထို မဂ္ဂဇင်းမှာလည်း အယ်ဒီတာချုပ် တာဝန်ကို ယူခဲ့ပြန်သည်။ စာပေလောကမှာ သုတစာပေ မဂ္ဂဇင်းတွေ တစ်ခေတ်ဆန်းလာချိန် ဖြစ်သည်။ ထိုအချိန်တွင် အကျွန်ုပ်သည် သုတစွယ်စုံ မဂ္ဂဇင်းမှာလည်း လစဉ် ပင်တိုင် ဆောင်းပါးရေးသူလို ဖြစ်လာသည်။ အတွေးအမြင် စာစောင်မှာလည်း ရေးသည်။ ဓနု မဂ္ဂဇင်း၊ နွယ်နီ မဂ္ဂဇင်း၊ မြန်မာ့ဓနတို့မှာလည်း ရေးသည်။ တစ်ခါတစ်ရံ မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းများမှာပါ ရသစာပေများလည်း ရေးသည်။ စာရေးအား ကလည်း ကောင်းနေသည်။ ဉာဏ်ကလည်း ပညာရပ်မျိုးစုံကို ကူးလူးဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ပျံ့သန်းနေသလိုပင်။

အများဆုံး စာမှာ ဘာသာရေးနှင့် ဒဿန စာတွေ ဖြစ်သည်။ သောင်းပြောင်းထွေလာ မဂ္ဂဇင်းမှာလည်း 'သောင်းပြောင်း ဒဿန' အခန်းကို ဖွင့်ပြီး ရေးနေလေသည်။ သည်ကြားထဲ အားမရသေးဘဲ သတင်း မဂ္ဂဇင်း တစ်စောင်ကို ဘာသာပြန် မဂ္ဂဇင်းအသွင် ဖြစ်အောင် ကြိုးပမ်း အားထုတ်ကြည့်ပြန်သည်။ 'အင်တာနေရှင်နယ် မဂ္ဂဇင်း' ကို အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေရာတွင် အယ်ဒီတာချုပ် လုပ်ပြန်သည်။ နိုင်ငံခြားရောက် သားသမီးများထံက လည်း သတင်းဆိုးတွေ ကြားနေရသည်။ သမီးငယ် ယာယာ၏ လက်ညှိုးကို စက်ထိခိုက်မိပြီး လက်ညှိုး အဖျားပိုင်း ပြတ်သွားသည်။ သမီးကြီး စောစောသည် သူ့ယောက်ျား စင်ကာပူမှာ အလုပ်လုပ်နေစဉ် မှီခိုသူအဖြစ် လိုက်သွားသည်။ အိမ်မှာ တစ်ယောက်တည်း အခန်းကျဉ်းလေးထဲမှာ တံခါးပိတ်ပြီး နေရတာ ပျင်းသည်။ ငွေ ပေါပေါ သုံးနိုင်အောင် တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် ဆိုပြီး ခွင့်ပြုချက် မရှိဘဲ ကုမ္ပဏီ တစ်ခုမှာ အလုပ် ခိုးလုပ်သည်။ မကြာမီ စင်ကာပူ လူဝင်မှု ဌာနနှင့် ရဲက ဝင်ပြီး ကုမ္ပဏီကို စစ်ဆေးရာ သူနှင့်အတူ မြန်မာ အလုပ်သမားများ အဖမ်းခံကြရသည်။ သူ့ကို ရုံးတင် ခံရသည်။ ရုံးက အမိန့်ချလျှင် သူ စင်ကာပူက ထွက်ခွာရမည်။ သည်ကြားထဲ သူ့နိုင်ငံကူး လက်မှတ်ထဲမှာ သူ သွားစဉ်က သူ့သားနာမည် မထည့်ရသေး။ သူ့သားက နောက်မှ ယာယာနှင့်အတူ စင်ကာပူကို လိုက်သွားခြင်းဖြစ်၍ မထည့်ရခြင်း ဖြစ်သည်။ ထိုကိစ္စကိုလည်း အမြန်ဆုံး ဆောင်ရွက်ပေးပါ၊ မဟုတ်လျှင် သူ့သားကို ပြန်ပို့ရလိမ့်မည်ဟု ဆိုလာသည်။

ယခင်ကမူ မရှိ ဆင်းရဲကိုသာ အကျွန်ုပ် သိလည်း သိသည်၊ နားလည်း လည်ခဲ့သည်။ ယခုကျတော့ ရှိ ဆင်းရဲကိုပါ သိလာရသည်။ စင်စစ်တော့ ရှိ ဆင်းရဲက မရှိ ဆင်းရဲထက် ရင်ထဲမှာ ပူလောင်ခြင်း သောက ပြင်းထန်လှပါတကား။

## ၆

ကိုယ် ချမ်းသာပါ၏။

စိတ်ကား မချမ်းသာနိုင်ပါကလား။

ပစ္စည်းဥစ္စာ ရတနာတွေ၊ ငွေတွေ ရသဖြင့် ကိုယ်ချမ်းသာလျှင် စိတ်လည်း အလိုလို ချမ်းသာလာလိမ့်မည်ဟု အကျွန်ုပ်သည် ရုပ်ဝါဒီများ တွေး

www.burmeseclassic.com



သလို၊ ကွန်မြူနစ်များ တွေးသလို တွေးခေါ် ဆင်ခြင်ခဲ့ဖူးပါသည်။ ထိုအမြင်သည် စင်စစ်တော့ ဒိဋ္ဌိ အမြင် (အမြင်များ) ဖြစ်သည်။ အမှန်မှာ လက်တွေ့ဘဝ၌မူ ကိုယ်ချမ်းသာလေ စိတ်ဆင်းရဲလေသာ ဖြစ်နေလေသည်။ တကယ့်တကယ် မရှိဆင်းရဲမှာ သောက မရှိ၊ ကြောင့်ကြ မရှိ၊ တောင့်တမှုသာ ရှိသည်။ ရှိ ဆင်းရဲကား တောင့်တမှုလည်း လိုသည်၊ ကြောင့်ကြမှုက သာ၍ကြီးကျယ်ပါသည်။

၁၉၉၃ ခုနှစ် ဒီဇင်ဘာလထဲတွင် ရှိ ဒုက္ခ၊ ရှိ ဆင်းရဲတွေ အဆမတန်ပိုလာပြီး အကျွန်ုပ်သည် ပထမအကြိမ် နှလုံးရောဂါ တိုက်ခိုက်ခြင်း (heart attack) ကို ခံလိုက်ရသည်။ တုံးလုံးပက်လက် ဖြစ်သွားသည်။ နှလုံးရပ်ပြီး မတ်တတ်က သေလဲ လဲကျသွားသည်။ ကံကောင်းသည်။ ခေါင်းသည် အုတ်နံရံနှင့် မဆောင့်မိဘဲ ပိတ်ထားသော အိပ်ခန်း သစ်သားတံခါးနှင့် ဆောင့်မိပြီး နှစ်လက်မလောက် ကွဲသွားသည်။ ကြမ်းပြင်ပေါ်ကို စန့်စန့်ကြီး ကျသွားသည်ဟု ဆိုသည်။ အကျွန်ုပ်မှာမူ စက္ကန့်ပိုင်းမျှ သေသွားသောကြောင့်လား မသိ၊ ဘာဆို ဘာမှ မသိ။ ခေါင်းကွဲသွားတာလည်း မသိ။ ကြမ်းပြင်ပေါ် ပစ်လဲကျသွားမှ ရပ်နေသော နှလုံးက ပြန်ခုန်ပြီး ပြန်လည် ရှင်ပြန်ထလာသလိုပင်ဖြစ်သွားသည်။ ခုမှ ပိုပြီး နေကောင်းသွားသည်ဟု ထင်လိုက်ရသည်။ ပြန်သတိရတော့ ပွေ့ချီထားသော မိသက်၏ မျက်နှာကို မြင်ရသည်။

'အေး၊ ဘာဖြစ်သွားလဲ မသိဘူး၊ ခုမှ ပိုပြီး နေကောင်းသွားတယ်' ဟု နှုတ်က ပြောထွက်သွားသည်။ မိသက် ကြောက်လန့် အံ့သြစွာဖြင့် အော်လေသည်။

'အမယ်လေး၊ ဖုတ်ဝင်နေပြီလား မသိဘူး၊ မိန္နယ်ရေ... ကိုတူးရေ' ဟု အောက်ထပ်က လူတွေကို မိသက် လှမ်းခေါ်နေလေသည်။ တိတ်ဆိတ်သော ညကို မိသက်၏ ကျယ်လောင်သော အသံက စူးစူးဝါးဝါးကြီး လွှမ်းမိုးသွားလေသည်။

near death သေခြင်းနီး အတွေ့အကြုံဟု ဆိုရမည်လား မသိပါ။ အကျွန်ုပ်၏ အိမ်တံခါးဝကို သေမင်း ရောက်လာပြီးနောက် တံခါးကို ပြင်းပြင်းတစ်ချက် ခေါက်လိုက်သည်နှင့် တူပါသည်။

မိမိကိုယ်ထဲမှာ ဘယ်အချိန်က နှလုံးရောဂါ ရောက်နေတာလဲ။ အဝိဇ္ဇာနှင့်သာ နေတတ်သူသည် ကိုယ့် ခန္ဓာထဲမှာ ဘာဖြစ်လို့ ဖြစ်မှန်းလည်း မသိပါတကား။ အသက်က ငါးဆယ်ကျော်ပြီ၊ အိုခြင်းတရား ရောက်နေပြီကိုတော့

www.burmeseclassic.com


သတိပြုမိသည်။ ခေါင်းက ဆံပင်တွေ အားလုံး ဖြူရုံမျှမက ခေါင်းတစ်ခုလုံး ပြောင်ချောနေပြီ။ တောင်ကတုံးနှင့်ပင် တူတော့သည်။ အိုခြင်း တရားက နာခြင်း တရားကိုပါ သူ့မိတ်ဆွေအဖြစ် ခေါ်ကာ ဘယ်အချိန်က မိမိ ခန္ဓာအိမ် ထဲကို ဝင်ပြီး ကျူးကျော်နေခဲ့သလဲ မသိပါ။ မမျှော်လင့်သော တစ်နေ့မှာ သေမင်းက မိမိ၏ ခန္ဓာအိမ် တံခါးကို အတွင်းက လာခေါက်နေသလို ခံစား လိုက်ရသည်။ ထိုအခါ ရင်ထဲမှာ ဒိတ်ဒိတ်ခုန်နေသည်။ သေခြင်းကို ကြောက် လို့လားဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်သည်။ ကြောက်၍ မဟုတ်ပါ။ သေခြင်းကို ကြောက်ရွံ့ခြင်းဖြင့် အကျိုးမရှိ။ ကြောက်ပြီး နောက်မဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ဆုံးမရမည့် ကိစ္စ မဟုတ်။ မသေအောင် နေရမည်ဟု သွန် သင်၍ နေလျှင်လည်း သေမင်းက သူ လာချင်သော အချိန်မှာ ယခုလို ရုတ် တရက် ရောက်လာမည်သာ ဖြစ်သည်။ သေမင်းကို ကြောက်ပြီး ပုန်းအောင်း နေခြင်းဖြင့် ဘာအကျိုးမှ မရနိုင်ကြောင်းကို အကျွန်ုပ် နားလည်ပါသည်။

သို့ဆိုလျှင် သေခြင်းကို ဘယ်လို ရင်ဆိုင်သင့်သလဲ။

ထိုပုစ္ဆာသည်သာ အကျွန်ုပ် အဖြေရှာသင့်သော ပုစ္ဆာ ဖြစ်သည်။ ထိုအခါ ပုထုဇဉ်၏ အလွဲအမှား ကြံစည် လုပ်ကိုင်နေကြပုံတွေကို မြင်တွေ့ရသည်။ အနောက်နိုင်ငံတွေမှာ သေခါနီး ကြုံရသော မချိမဆံ့ ခံရသည့် ဝေဒနာများ သက်သာအောင် ဆေးထိုးပြီး သေခြင်း (ယူသနေးစီးယား) ကိစ္စကို နားလည်ဖို့ ကြိုးစားကြည့်သည်။ အနောက်တိုင်းသား လောကဓာတ်သမားများက အိပ်ဆေး ထိုးပြီး အိပ်ပျော်နေစဉ် နှလုံးရပ်ဆေး သွင်းပြီး မောဟဖြင့် သေခြင်းကို ဂုဏ် ကျက်သရေရှိစွာ သေဆုံးခြင်း (dignified dying) ဟု ခေါ်ကြသည်။ ဗုဒ္ဓဘာသာ ဉာဏ်မျက်လုံးဖြင့် ကြည့်လိုက်လျှင် မောဟ အဝိဇ္ဇာဖြင့် သေခြင်းသည် အပါယ် သို့ ကျသွားခြင်းသာ ဖြစ်သည်။ သူတို့ လုပ်ပုံကို သူတို့ စကားဖြင့် သုံးနှုန်း ဖော်ပြရလျှင် ကျက်သရေ ရှိစွာ တင့်တောင့်တင့်တယ် အပါယ်သို့ ကျသွား ခြင်းပဲဟု ဆိုလျှင် ရနိုင်မည် ထင်ပါသည်။

တကယ့် တကယ် မိမိ၏ ပြဿနာမှာ သေခြင်းကို ဘယ်လို ရင်ဆိုင် မလဲ ဆိုသော ပြဿနာလည်း မဟုတ်တော့ပါ။ မိမိသည် ၁၉၈၉ ခုနှစ်ကတည်း က ဝိပဿနာ အလုပ်ကို လုပ်ခဲ့သည်။ တရားအားထုတ်စဉ်က ခန္ဓာငါးပါး၏ ဖြစ်ပျက် ဒုက္ခသစ္စာကိုလည်း မြင်ခဲ့ပြီးပြီ။ လက်ရှိ ခန္ဓာကိုလည်း ရွံမုန်း စက် ဆုပ်ခဲ့ပြီးပြီ။ နောက် ခန္ဓာကိုလည်း လိုချင် တပ်မက်သောစိတ် မရှိတော့ပြီ။ ထို့ကြောင့်လည်း သံသရာမှာ လျှောက်လည်ရင်း ပါရမီ ဖြည့်ရသော ဆုကြီး

www.burmeseclassic.com



ပန်ခြင်း ကိစ္စကိုပင် စွန့်ခဲ့ပြီးပြီ။ သေခြင်း၏ သဘောကိုလည်း ခန္ဓာ ရထားသူတို့အဖို့ လိုအပ်ချက် တစ်ခုအဖြစ် သိမြင်နိုင်သော ဒဿနဉာဏ်ကိုလည်း ရခဲ့ပြီးပြီပဲ။ ထို ဒဿနဉာဏ်ကို အကျွန်ုပ်အား ပေးခဲ့သည်မှာ ဒဿန ဆရာကြီး ဝီးလ် ဒျူရန့် (Will Durant) ဆိုသူ ဖြစ်၏။ သူက သေခြင်း (death) ကို ဤသို့ ရှုမြင်ထားလေသည်။

'In truth we are not individuals; and it is because we think ourselves such that death seems unforgivable'* ဟု ဆိုသည်။ ထိုစကားကို ကျွန်ုပ် ကောင်းစွာ နားလည်လိုက်သည်။ နားလည်လိုက်သည် ဆိုသည်မှာ ဗုဒ္ဓဘာသာ သုတေသီ တစ်ဦးလို နားလည်လိုက်ခြင်း ဖြစ်သည်။ သူ့စကားအတိုင်း လေ့လာကြည့်ကြပါစို့။ သူက 'အမှန်မှာ ကျွန်ုပ်တို့သည် ပုဂ္ဂိုလ် သတ္တဝါများ မဟုတ်ကြပါ' In truth we are not individuals; ဟု ဆိုသော စကားသည် အတ္တဒိဋ္ဌိ (သက္ကာယဒိဋ္ဌိ) ကင်းသော အမြင် ဖြစ်သည်။ အကျွန်ုပ်တို့သည် သူ ငါ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ မဟုတ်ပါ။ ဗုဒ္ဓမြတ်စွာဘုရားက မိမိ ရထားသော ခန္ဓာငါးပါးသည် ရုပ်နာမ် အစဉ်အဆက် ဖြစ်ပြီးပျက်သော အနိစ္စ ဒုက္ခ အနတ္တ သဘော တစ်ခုမျှသာ ဖြစ်သည်။ ဝီးလ် ဒျူရန့်၏ အမြင်သည် မြတ်ဗုဒ္ဓ၏ အမြင်ကို ခြေရာထပ်လိုက်သော အမြင် ဖြစ်သည်ဟု ဆိုနိုင်မည် ထင်ပါသည်။ ထိုအချက်ကို သူ၏ နောက်ဆက်စကားက ထင်ရှားစေပါသည်။ 'အကျွန်ုပ်တို့သည် အမှန်မှာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ကြပါဘဲလျက် ပုဂ္ဂိုလ် သတ္တဝါဟု ရှုမြင် သုံးသပ် ဆင်ခြင်နေကြသောကြောင့်သာ သေခြင်းတရားကို ခွင့်မလွှတ်နိုင်စရာလို ထင်မှတ်နေကြခြင်း ဖြစ်သည်' ဟု သူက ဆိုလေသည်။ သူ့စကားသည် နှစ်သက်ဖွယ် ကောင်းသည်ဟု အကျွန်ုပ် ဝမ်းမြောက်ဝမ်းသာ လက်ခံနိုင်ပါသည်။ သူ၏ နောက်ဆက် စကားကို အကျွန်ုပ်သည် အပြန်အားဖြင့် နားလည်ကြည့်လိုက်သည်။ အဖြေ တစ်ခု ထွက်လာသည်။ အကျွန်ုပ်အနေနှင့် ကိုယ့် ခန္ဓာကို ငါပဲ၊ ဘယ်သူပဲ၊ ငါ့ဥစ္စာပဲဟု စွဲလမ်းသော အတ္တဒိဋ္ဌိ (သက္ကာယ ဒိဋ္ဌိ) ကင်းလျှင် သေခြင်းတရားကို ခွင့်မလွှတ်နိုင်စရာ အကြောင်း မရှိပါ။ အမှန်မှာ အသိဉာဏ် မျက်စိ (သုတဗုဒ္ဓိ ဉာဏ်မျက်စိ) ရှိသော ပုဂ္ဂိုလ်သည် သေခြင်းတရားကို မုန်းရမည် မဟုတ်ပါ။ သံသရာ တစ်လျှောက်လုံးမှာ ခန္ဓာ ငါးပါး ရနေခြင်းနှင့် ထိုခန္ဓာကို

---

* The Pleasure of Philosophy – Will Durant – p 407



www.burmeseclassic

www.burmeseclassic.com



ငါ့ဟာ ငါ့ဥစ္စာဟု တပ်မက် စွဲလမ်းနေခြင်း သဘောကိုသာ ခါးခါးသီးသီး မုန်းတီးရမည် ဖြစ်ပါသည်။ ဤဉာဏ်အမြင်ကို မြတ်စွာဘုရား ဟောကြားခဲ့ပြီး ဖြစ်ပါသည်။ ဘယ်မှာ ဟောခဲ့သလဲ၊ ဘယ်လို ဟောခဲ့သလဲ ဆိုသည်ကို သုတဝါ အရိယာ သာဝကော ဖြစ်လိုသူတို့ သိအောင် အားထုတ်သင့်သည် ဖြစ်၍ ဤတွင် တင်ပြဦးမှ သင့်မည် ထင်ပါသည်။ တင်ပြရမည် ဆိုလျှင် ဤသို့ ဖြစ်ပါသည်။

၇

## ကိုယ်သာ နာ၍ စိတ်မနာစေနှင့်

အခါ တစ်ပါး မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ အနီး ဘေသကဠ ဘေးမဲ့တော၌ သီတင်းသုံးနေတော်မူသည်။ ထိုအခါ နကုလပိတာ သူကြွယ်သည် မြတ်စွာဘုရားထံ ချဉ်းကပ်လာပြီး ဤသို့ စကားလျှောက်ထားလေသည်။ 'အရှင်ဘုရား၊ အကျွန်ုပ်သည် အိုမင်းပါပြီ၊ အသက်ကြီးပါပြီ၊ အရွယ်သုံးပါးသို့ ရောက်ပါပြီ၊ နောက်ဆုံးအရွယ်သို့ ရောက်နေပါပြီ၊ တပည့်တော်၏ ကိုယ်သည် မပြတ် နာကျင်နေပါပြီ၊ တပည့်တော်သည် မြတ်စွာဘုရားကို လည်းကောင်း၊ စိတ်နှလုံးကို ပွားစေတတ်သော ရဟန်းသံဃာတော်ကို လည်းကောင်း အမြဲ တစေ မဖူးမြင်နိုင်တော့ပါ၊ ထို့ကြောင့် အကျွန်ုပ်အား ဆုံးမတော်မူပါ၊ ကံမြစ်တော်မူပါ၊ ယင်း အဆုံးအမတော်သည် အကျွန်ုပ်အား ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ အလို့ငှာ ဖြစ်ရာပါ၏' *

ထိုသူကြွယ်၏ စကားကို ကြားတော်မူသောအခါ နကုလပိတာ သူကြွယ်အား မြတ်စွာဘုရားက 'သူကြွယ်၊ ဤစကားသည် မှန်၏၊ ဤကိုယ်သည် နာကျင်သည်သာတည်း၊ တစ်စုံတစ်ယောက်သော သူသည် ဤခန္ဓာကိုယ်ကြီးကို ရထားပါလျက် ငါသည် အနာကင်း၏၊ ကျန်းမာ၏ဟု ဆိုသော် ထိုသူကား မိုက်မဲသူသာတည်း၊ ထို့ကြောင့် သူကြွယ် ဤအရာဝယ် ငါသည် နာကျင်သောကိုယ် ရှိသူ ဖြစ်လျက် ငါ၏ စိတ်သည် နာကျင်မှုကင်းသည် ဖြစ်လတ္တံ့ ဟု ကျင့်အပ်၏' ဟု မိန့်တော်မူလေသည်။ ထိုမြတ်စွာဘုရား၏ ဆုံးမစကားကို မိုးကုတ် ဆရာတော်ဘုရားကြီးက ခေတ်စကားနှင့် ပြန်ဟောသော အခါ 'ကိုယ်သာ နာ၍ စိတ်မနာစေနှင့်' ဆိုသော တရားခေါင်းစဉ်ဖြင့် ဟော

---

* ခန္ဓာဝဂ္ဂ သံယုတ် ပါဠိတော်၊ ၁၊ နကုလပိတာသုတ် (မြန်ပြန်)၊ စာ ၁–၅

www.burmeseclassic.com



ကြားတော်မူလေသည်။

နကုလပိတာ သူကြွယ်သည် မြတ်စွာဘုရား ဟောကြားတော်မူသော 'ကိုယ်သာ နာ၍ စိတ်မနာစေနှင့်' ဆိုသော တရားသဘောကို နားမလည် ဖြစ်လေ၏။ ထိုအခါ နကုလပိတာသည် ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး အား ထိုတရားစကား၏ အနက်ကို ရှင်းလင်း ဟောကြားပေးပါရန် တောင်းပန် စကား လျှောက်ထားလေသည်။

ထိုစကားကို ရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးက အနက်ထင်အောင် ရှင်းလင်းပေးတော်မူသည်။ ပထမဦးစွာ မဟာထေရ် အရှင်မြတ်ကြီးက အဘယ် သို့သော ပုဂ္ဂိုလ်သည် 'ကိုယ်သာ နာ၍ စိတ်နာသူ ဖြစ်သနည်း' ဆိုသော အချက်ကို ထင်လင်းစေရန် ဟောကြားလေ၏။ အကြင်သူသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုသော ခန္ဓာငါးပါးကို ငါပဲ ငါ့ဥစ္စာပဲဟု အတ္တဒိဋ္ဌိ (သက္ကာယဒိဋ္ဌိ) ဖြင့် စွဲလမ်းသူ ဖြစ်ပါက ထိုသူသည် ကိုယ်က နာသည်ကို ငါနာသည်ဟု စွဲယူလေသောကြောင့် ကိုယ်နာသောအခါ စိတ်နာသူ ဖြစ်လေ ၏ ဟု ရှင်းပြတော်မူလေသည်။ အပြန်အားဖြင့် 'ကိုယ်သာ နာ၍ စိတ်မနာသူ' သည် ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါ်၌ ငါ၊ ငါ့ဥစ္စာဟု စွဲလမ်းခြင်း အတ္တ ဒိဋ္ဌိ ကင်းသူ ဖြစ်၏။ ထိုသူသည် ကိုယ်နာစေကာမူ စိတ်မနာတတ်သူ ဖြစ် ကြောင်း ရှင်းလင်း ဟောကြားထားလေသည်။ ရှင်သာရိပုတ္တရာ စကားအတိုင်း ဖော်ပြရလျှင်

'ရုပ်ကို အတ္တဟု မရှု၊ ဝေဒနာကို အတ္တဟု မရှု၊ သညာကို အတ္တဟု မရှု၊ သင်္ခါရကို အတ္တဟု မရှု၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည် ငါ ဖြစ်၏ဟု မရှုသော သူအား ထိုရုပ်သည်၊ ထိုဝေဒနာသည်၊ ထိုသညာ၊ ထို သင်္ခါရ၊ ထိုဝိညာဏ် စသော ခန္ဓာတို့သည် ဖောက်ပြန်ခြင်း ပျက်စီးခြင်း တစ်မျိုး တစ်ဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာ ပင်ပန်းမှုတို့သည် မဖြစ်ကုန်၊ ထိုသူသည် ကိုယ်သာ နာ၍ စိတ်မနာ သူ ဖြစ်၏' ဟု မဟာထေရ်မြတ် ရှင်းလင်း ဟောကြားတော်မူလေသည်။

ဤဘုရား ဟောတော်မူသော တရားစကားနှင့် ပါမောက္ခ ဝီးလ် ချူး ရန့် တွေးခေါ်သော 'ပုဂ္ဂိုလ် သတ္တဝါစွဲ ရှိသူတို့မှာသာလျှင် ထိုသက္ကာယဒိဋ္ဌိစွဲ ကြောင့် သေခြင်းတရားကို ခွင့်မလွှတ်နိုင်စရာ ဖြစ်၏' ဆိုသော စကားသည် အဓိပ္ပာယ်ချင်း ထပ်တူထပ်မျှ တူနေသည်ဟု အကျွန်ုပ် သုံးသပ်မိပါသည်။ ပုဂ္ဂိုလ်စွဲ အတ္တစွဲကင်းသော သူသည် သေခြင်း (ဝါ) ရုပ်နာမ်ခန္ဓာတို့ ဖောက်



www.burmeseclassic

www.burmeseclassic.com



ပြန် ပျက်စီးခြင်းကို ခွင့်လွှတ်နိုင်သည်။ ထိုသို့ ဖောက်ပြန် ပျက်စီးခြင်းကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာ ပင်ပန်းမှုတို့သည် မဖြစ်တော့ပေ။ ထို့ကြောင့် ကိုယ်သာ နာ၍ စိတ်မနာသူသည် အတ္တဒိဋ္ဌိစွဲ ကင်းပြီးသော၊ သေခြင်းတရားကို ခွင့်မလွှတ်နိုင်သောစိတ် မရှိသူ ဖြစ်သည်ဟု နားလည်သင့်ပါသည်။

အကျွန်ုပ်သည် 'ကိုယ်နာသော်လည်း စိတ်မနာသူ' ဖြစ်ရခြင်းအား နှစ်သက်သူ ဖြစ်လိုပါသည်။ ထိုနောက် ပါမောက္ခ ဝီးလ် ဒျူရန့်၏ ခန္ဓာ ရရှိထားသူများ အတွက် သေခြင်းတရားသည် သဘာဝအားဖြင့် လိုအပ်ချက် တစ်ခု ဖြစ်ကြောင်း ဖော်ပြထားသော သူ၏ ဒဿနစကားကိုလည်း လွန်စွာ နှစ်သက်မိပါ၏။ သူ့စကားမှာ ဤသို့ ဖြစ်၏။

'If we were to live forever, growth will be stifled and youth will find no room on the earth.' ဟု သူက ဆိုလေသည်။ ထိုစကား၏ အနက်အဓိပ္ပာယ်မှာ 'အကယ်၍ အကျွန်ုပ်တို့သည် ထာဝရ အသက်ရှင်နေကြမည် ဆိုပါလျှင် ဤကမ္ဘာပေါ်၌ ရှင်သန် ကြီးထွားခြင်းသည် မွန်းကျပ်အောင် ပိတ်ဆို့ခြင်း ခံရပြီးလျှင် နုပျို ရှင်သန်ခြင်း အတွက် နေရာ ရှိတော့မည် မဟုတ်တော့ပါ' ဟူ၍ ဖြစ်၏။

ထိုသဘောကို သူက ပိုပြီး ရှင်းအောင် ဤသို့ ဆိုပြန်လေသည်။

'Death, like style, is the removal of rubbish, the excision of the superfluous.' ဟူ၍ ဆိုလေသည်။ အဓိပ္ပာယ်မှာ 'သေခြင်းသည် ခေတ်ကြိုက်ဟန်တစ်ခုနှင့် တူသည်။ ဟောင်းနွမ်းသော အမှိုက်ပုံကို ဖယ်ရှင်းပစ်ခြင်း၊ အသုံးမကျသော အစိတ်အပိုင်း အပိုအလျှံများကို လှီးဖြတ် ထုတ်ပစ်ခြင်းနှင့်လည်း တူသည်' ဟု သုံးသပ်ထားသည်။

ထို့ကြောင့် သေခြင်းတရားသည် ရုပ်နာမ် လောက အတွက် မရှိမဖြစ် လိုအပ်ချက် တစ်ခု ဖြစ်နေသည်မှာ ထင်ရှားလှသည်။ သေခြင်းတရား မရှိလျှင် ဤလောကမှာ လူပြည့်နေသော လူအိုရုံကြီး တစ်ခုလို ဖြစ်လာပြီး နောက်ထပ် မွေးဖွားလာသော လူသစ်များ အတွက် နေစရာ နေရာ ရှိတော့မည် မဟုတ်တော့ပါ။ ထို့ကြောင့် အကျွန်ုပ်သည် သေရခြင်းကို မကြောက်ရုံမျှမက သေရခြင်းကို လိုလားသူ၊ နှစ်ခြိုက်သူပင် ဖြစ်နေပါသည်။ ဤသဘောတရား အယူအဆများကို လက်ခံထားပြီးသော အကျွန်ုပ်သည် အဘယ်ကြောင့် သေရခြင်းကို ကြောက်လန့်ပါမည်နည်း။ အဘယ်ကြောင့် သေရခြင်းကို မုန်းတီးပါမည်နည်း။



www.burmeseclassic

www.burmeseclassic.com



အမှန်မှာ အကျွန်ုပ် မနစ်သက်သည်မှာ သေပြီးနောက် တစ်ဖန် ပြန်မွေးရပြီး နောက်ထပ် ခန္ဓာသစ် တစ်ခုခု ရရှိခြင်းသာ ဖြစ်လေသည်။

ထိုထက် ပိုပြီး မိမိစိတ်ထဲမှာ စိုးရိမ်စိတ်နှင့်အတူ ရွံမုန်းမှု ဖြစ်ပေါ်နေသည်မှာ သေခြင်းမဟုတ်ဘဲ သေပြီးနောက် လွှင့်စဉ်ကျသွားမည့် ဝိနိပါတ အပါယ်ဘေးကြီးသာ ဖြစ်၏။ မိမိသည် အပါယ်ဘေးကို သိမြင်ပြီးကတည်းက ထိုဘေးကြီးမှ လွတ်မြောက်ရေး အတွက် အားထုတ်သင့်သည့်အတိုင်း သုတမယ ဉာဏ်မျက်စိအလင်း ရအောင် အားထုတ်ခဲ့ပြီးပြီ ဖြစ်၏။ ထို့ကြောင့် သေခြင်းကိုမူ အကျွန်ုပ်မှာ ကြောက်ရွံ့စိတ်၊ တုန်လှုပ်စိတ် မရှိပါ။

သို့သော် အကျွန်ုပ်သည် နှလုံးရောဂါ တိုက်ခိုက်ခြင်း ခံရသောအခါ နှလုံးမသာ ဖြစ်ခဲ့ရသည်ကား အမှန် ဖြစ်၏။ ထိုသို့ ဖြစ်ရခြင်း အကြောင်းမှာ သေခြင်းကို ကြောက်သောကြောင့် မဟုတ်ဘဲ မသေခင် လုပ်စရာ ရှိသည်များကို မလုပ်ခဲ့ရဘဲ သေဆုံးသွားမည်ကို မဖြစ်ချင်သောကြောင့် ဖြစ်လေသည်။ ယခု ထိုအကြောင်းများကို ဆိုသင့်သော အခြေအနေသို့ ရောက်ပါပြီ။

၈

**ကလျာဏ ပုထုဇဉ် (စူဠသောတာပန် ထွန်းကားရေး)**

သေခြင်းတရားကို သုံးသပ် ဖော်ပြထားသော ပါမောက္ခ ဝီးလ် ဒျူရန့်၏ သုံးသပ်ချက်ထဲတွင် အောက်ပါအတိုင်း သုံးသပ်ထားသော အချက် တစ်ချက်သည် အကျွန်ုပ်၏ စိတ်နှလုံးကို ဆွဲဆောင်အား ရှိသည်ကို တွေ့ရပါသည်။ သူ့စကားမှာ ဤသို့ ဖြစ်၏။

'So wisdom may come as the gift of age, and seeing things in place, and every parts in its relation to the whole, may reach the perspective in which understanding pardons all.'

ဤစကားသည် အသက်အရွယ်က ပေးသော သုတမယ ဉာဏ်မျက်စိ ဖြစ်ပေါ်ခြင်းကို ရည်ညွှန်းသော စကားနှင့် တူသည်ဟု အကျွန်ုပ် စိတ်ထဲက ခံယူခဲ့လေသည်။

သူ့စကား၏ အဓိပ္ပာယ်မှာ 'ထို့ကြောင့် အသက်အရွယ်က အသိ အလိမ္မာ ဉာဏ်ပညာ (wisdom) ကို လက်ဆောင်အဖြစ် ပေးပါသည်။ ထိုအခါ အရာရာကို တစ်ခုလုံးထဲမှာ သူ့နေရာနှင့်သူ နေသားတကျ ဖြစ်အောင် ရှုမြင်တတ်လာပြီ ဆိုလျှင် အားလုံးအပေါ်မှာ နားလည်ခြင်းဖြင့် အပြစ်မယူဘဲ ခွင့်လွှတ်

www.burmeseclassic.com



တတ်လာသည်’ ဟု သူက ဆိုခြင်းဖြစ်၏။

ထိုစကားကို မိမိ နှစ်သက်ပုံက တစ်မျိုး ဖြစ်သည်။ အသိအလိမ္မာ ဉာဏ်ပညာ ဆိုရာ၌ လောကီ အသိက တစ်မျိုး၊ လောကုတ္တရာ အသိက တစ်မျိုး ဖြစ်သည်ဟု အကျွန်ုပ် ယူဆသည်။ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားအားလုံးသည် ဖြစ်ပြီး ပျက်ကြရသည်သာ ဖြစ်၏။ မမြဲကြကုန်၊ ဆင်းရဲကြကုန်၏။ အစိုးမရကြ ဟူ၍ သိပြီး ခွင့်လွှတ်ခြင်းမျိုးကား သစ္စာဉာဏ်ဖြင့် ခွင့်လွှတ်ခြင်း၊ အပြစ် မယူလိုခြင်း ဖြစ်၏။ အမှန်မှာ အသိအလိမ္မာ ဉာဏ်ပညာသည် လောကကို ခွင့်လွှတ်တတ်ကာမျှဖြင့် မပြည့်စုံသေးဟု အကျွန်ုပ် ခံယူထားပါသည်။ လူသားသည် လောကကို ခွင့်လွှတ်တတ်သော မေတ္တာတရားဖြင့် ကြည့်သောအခါ လောက၏ အကျိုးကို ဆောင်ရွက်လိုသော ကရုဏာစိတ်နှင့်အတူ ပညာဖြင့် ကြည့်သင့်သည်ဟု အကျွန်ုပ် ဗုဒ္ဓဘာသာဝင် ဖြစ်လာသည့် အချိန်က စပြီး ယုံကြည် စွဲလမ်းထားပါသည်။

ထို့ကြောင့် သေခြင်း (သေမင်း) သည် မိမိ ခန္ဓာအိမ်၏ တံခါးဝမှာ ရပ်လျက် တံခါးခေါက်နေပြီ။ အကျွန်ုပ်သည် သူ့ကို ပထမအကြိမ်မှာ အထဲသို့ ဝင်ခွင့်မပြုဘဲ တံခါးပိတ်ထားနိုင်ခဲ့သဖြင့် မသေဘဲ ကျန်ရစ်ခဲ့သည်။ စိတ်မချရ၊ မလုံခြုံသေးသော်လည်း ခေတ္တ ခဏမျှ သက်သောင့်သက်သာ နေခွင့်တော့ ရနေဆဲပဲကို။

ခေတ္တ ရှင်နေခွင့်ရခြင်း အတွက် သေမင်းကိုလည်း ကျေးဇူးတင်ပါ၏။ အရေးကြီးသည်မှာ နောက်တစ်ခေါက် သေမင်းမလာမီ မိမိအနေနှင့် လောက အကျိုးအတွက် အပြေးအလွှား ဘာလုပ်ခဲ့မလဲဟု မြန်မြန်ဆန်ဆန် စဉ်းစားရလေသည်။

## ၉

‘ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း’ စာအုပ် လေးတွဲ ထွက်ပေါ်လာပြီးနောက် မြန်မာ ဗုဒ္ဓဘာသာ သာသနာ့ ဒါယကာ လူကြီးများ အကျွန်ုပ်ထံသို့ ရောက်လာကြသည်။ သူတို့အထဲတွင် ဓမ္မဃောသက ဦးမောင်မောင်နှင့် မြင်းခြံသူဌေးတို့သည် အကျွန်ုပ် အပေါ် ထူးထူးခြားခြား စေတနာထားပြီး မြေတောင်မြှောက်လိုသူများ ဖြစ်ကြလေသည်။

တစ်နေ့သ၌ မြင်းခြံသူဌေးသည် အကျွန်ုပ်ထံသို့ ရောက်လာပြီး သူ့

www.burmeseclassic.com


အိမ်မှာ မြင်းခြံက လူကြီးများ၊ ရန်ကုန်က သာသနာ့ အကျိုးဆောင် လူကြီးများနှင့် တွေ့ဆုံပွဲ လုပ်ချင်ကြောင်း ပြောလေသည်။ အကျွန်ုပ်က စိတ်ဝင်စားပါကြောင်း ပြန်ပြောလိုက်သည်။ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ၄၉ လမ်းထဲရှိ ၎င်း၏ အိမ်ဂေဟာတွင် သာသနာ့ အကျိုးဆောင် လူကြီးများ တွေ့ဆုံပွဲကို ကျင်းပလေသည်။ ၎င်းတို့ မိသားစုက ဧည့်သည်များ အားလုံးကို နေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံပါသည်။ ထိုပွဲတွင် မြင်းခြံသူဌေးက အကျွန်ုပ်ကို မေးသည်။

'ဦးဆန်းလွင် ခုလို ဗုဒ္ဓဘာသာမှာ ယုံကြည် ကိုးကွယ်သူ ဥပါသကာ ဖြစ်လာတာ ကျွန်တော်တို့မှာ အလွန် အားတက်နေရပါတယ်၊ ဒီတော့ ဦးဆန်းလွင်အနေနှင့် ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီးတဲ့နောက် သာသနာတော် အကျိုး၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေ အကျိုးပေါ့ဗျာ၊ နောက်ထပ် ဘာများ လုပ်ချင်တာ ရှိပါသလဲ၊ ကျွန်တော်တို့ ဘာ အကူအညီပေးရမလဲ' ဟု မေးသည်။ သူ့အမေးကို ဖြေရန်အတွက် အကျွန်ုပ်သည် ကြိုတင်၍ စီစဉ်ထားပြီး ဖြစ်ပါသည်။ ဤတွေ့ဆုံပွဲတွင် ဤမေးခွန်း မေးလာလိမ့်မည်ဟု ကြိုတင် မှန်းဆမိခဲ့သည်။ သူတို့ မေးလာကြလျှင် ငါ ဘာဖြေမလဲဟု စဉ်းစားထားပြီး ဖြစ်လေသည်။ ထို့ကြောင့် မိမိ စိတ်ထဲမှာ ရှိသော အစီအစဉ်ကို သူတို့ နားလည်အောင် ပြောပြလိုက်သည်။

**စူဠသောတာပန် ထွန်းကားရေး**

'ကျွန်တော် ဘာလုပ်ချင်သလဲ ဆိုတာကို ပြောနိုင်ဖို့အတွက် ကျွန်တော် စဉ်းစားထားတာတွေ ရှိပါတယ်၊ သာသနာ့ အကျိုးတော်ဆောင် လူကြီးများနှင့် တွေ့ဆုံတဲ့အခါ ကျွန်တော့်ကို ဒီမေးခွန်း မေးလာရင် ဘယ်လို ဖြေမလဲလို့ ကျွန်တော် ကြိုပြီး တွေးထားခဲ့မိပါတယ်။

'ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီးတဲ့နောက် သေမင်း မရောက်လာခင် ကျွန်တော် အလျင်အမြန် လုပ်သင့်တဲ့ အလုပ် တစ်ခုကို စဉ်းစားခဲ့ပါတယ်၊ အဲဒီအလုပ်ကတော့ မြန်မာ ဗုဒ္ဓဘာသာဝင်တွေကို အနုပုထုဇဉ် အဖြစ် သစ္စာဉာဏ်မရဘဲနှင့် အပါယ်ကို လွှင့်စဉ်ကျရတဲ့ သေခြင်းမျိုးနှင့် မသေရအောင်၊ ဒီဘဝက စုတိမနေ သေလွန်တဲ့အခါ တစ်ဘဝ အနည်းဆုံး အပါယ်တံခါး ပိတ်ပြီး နောက်ဘဝမှာ သုဂတိဘုံမှာ မဟာသောတာပန် ဖြစ်ရေးကို ရည်ရွယ်တဲ့ စူဠသောတာပန် – သုတဝါ အရိယာသာဝက ထွန်းကားရေးကို ကျွန်တော် ဦးစား

www.burmeseclassic.com



ပေးပြီး လုပ်ချင်တဲ့ ဆန္ဒ ကျွန်တော့်မှာ လောလောဆယ် ဖြစ်ပေါ်နေပါတယ်’

ဤစကား၏ အဆုံးတွင် အဘ ဓမ္မဃောသက ဦးမောင်မောင်က ကြား ဖြတ် သတိပေးစကား ဆိုသည်။

‘ကျွန်တော် ကြားဖြတ် ပြောပါရစေ၊ မြန်မာနိုင်ငံမှာ သောတာပန် ဆိုတဲ့ စကားကို မသုံးတာ အကောင်းဆုံးပဲ၊ မြန်မာ ဗုဒ္ဓဘာသာဝင်တွေ၊ ရဟန်းရှင်လူ အားလုံးရဲ့ နားထဲမှာ သောတာပန်လို့ ပြောရင် သိပ် လက်မခံ ချင်ဘူး၊ ဟိုခေတ်တုန်းကလည်း တစ်ကြိမ် သောတာပန် ဆိုတဲ့ စကားကို သုံးနှုန်း ပြောဆိုခဲ့တဲ့ ပုဂ္ဂိုလ်တွေကို အကြီးအကျယ် ကဲ့ရဲ့ ပြစ်တင်ခဲ့ကြဖူး တယ်၊ ဘာကြောင့်လဲ မသိဘူးဗျာ၊ ကျုပ်တို့ဆီမှာ သောတာပန် ဆိုတဲ့ စကား သံ ကြားရင် မကြိုက်ကြဘူးလို့ ကျုပ် ထင်တယ်၊ ဘာဖြစ်တာလဲ မသိဘူး၊ သောတာပန်နှင့် မတန်ဘူးများ ထင်နေကြသလား မသိဘူး၊ မင်္ဂကိစ္စ ဖိုလ်ကိစ္စ ဆိုတာ လူသာမန်တွေရဲ့ ကိစ္စ မဟုတ်ဘူးလို့များ အယူအစွဲ သန်နေသလား မပြောတတ်ပါဘူး၊ ထားပါ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့က မွန်မြတ်တဲ့ ကိစ္စ၊ အရေးကြီးတဲ့ ကိစ္စတစ်ရပ်ကို ဆောင်ရွက်ကြတဲ့အခါ စကားလုံး အသုံးအနှုန်း ကြောင့် အတိုက်အခိုက်တွေ၊ အငြင်းပွားမှုတွေ ပေါ်ပေါက်လာရင်တော့ မကောင်း ဘူးလို့ ကျွန်တော် ထင်တယ်၊ ဒါကြောင့် စူဠသောတာပန် ဆိုတဲ့ စကားကို တောင် မသုံးစေချင်ဘူး၊ ဖြစ်နိုင်ရင် တခြား စကားလုံးကို ရှာသုံးသင့်တယ်လို့ ကျွန်တော် ထင်တယ်’

အဘ ဓမ္မဃောသက ဦးမောင်မောင်ကား မြန်မာပညာရှိ တစ်ပါး ဖြစ်၏။ မြန်မာ ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းထဲမှာ အလွန် ဝင်ဆံ့သူ၊ ရဟန်းရှင် လူ အများ၏ လေးစားခြင်းကို ခံရသူ ဖြစ်၏။ သူ့မှာ သာသနာတော်ကြီး ရှင်သန် ကြီးပွား သန့်ရှင်း စင်ကြယ်ရေး အတွက် ဆောင်ရွက်ခဲ့သော ရှည်လျား သော အတွေ့အကြုံ ရှိ၏။ အဘ၏ စကားသည် မြန်မာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အများစု၏ ပကတိ သဘောထားကို သိနားလည်မှုက ဖြစ်ပေါ် လာသော စကား ဖြစ်ကြောင်း အကျွန်ုပ် ကောင်းစွာ ရိပ်မိ၏။ အဘစကားကို အကျွန်ုပ်သည် ချက်ချင်း လက်ခံရန် ဝန်လေးခြင်း မရှိသည်ကို နားလည် လိုက်၏။

‘အဘရဲ့ စကားကို ကျွန်တော် နှစ်သက်ပါတယ်၊ ကျွန်တော်တို့ရဲ့ စိတ်စေတနာကောင်းနှင့် ဆောင်ရွက်တဲ့ ကိစ္စမှာ ခေါ်ဝေါ်သမုတ်အပ်တဲ့ ပညတ် စကားလုံးကြောင့် အနှောင့်အယှက် စိတ်အရှုပ်အထွေး မဖြစ်သင့်ပါဘူး၊ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် သတိရှိရှိနှင့် ဆောင်ရွက်တာက ပိုပြီး အကျိုးများပါလိမ့်မယ်၊ ဒါဆို ရင် စူဠသောတာပန် အစား ကလျာဏပုထုဇဉ် ဆိုတဲ့ စကားကို သုံးလို့ လည်း ရပါတယ်၊ ပါဠိလိုတော့ သုတဝါအရိယာသာဝကောရဲ့ သဘောချည်း ပါပဲ ခင်ဗျား'

'ဒါဆိုရင် ကလျာဏပုထုဇဉ် ထွန်းကားရေး ဆိုတဲ့ စကားလုံးကို သုံး ရင် ကောင်းသားပဲ'

မြင်းခြံသူဌေးက အဆိုတင်သွင်းသလို အကြံပြုလိုက်သည်။ ဆွေးနွေး ပွဲသို့ တက်လာကြသော ဦးထိန်ဝင်း၊ မင်္ဂလာဗျူဟာအသင်း ဥက္ကဋ္ဌ ဦးအောင် သိန်း စသော လူကြီးလူကောင်းများကလည်း ဓမ္မဃောသက ဦးမောင်မောင် နှင့် မြင်းခြံသူဌေးတို့၏ အကြံပြုချက်ကို သဘောတူကြသည်။ အကျွန်ုပ်က လည်း နှစ်သက်သဖြင့် လက်ခံလိုက်ပါသည်။ ဤလုပ်ငန်းကြီးကို 'ကလျာဏ ပုထုဇဉ် ထွန်းကားရေး' ဟု ကင်ပွန်းတပ်လိုက်ကြလေသည်။ ထို့နောက် အင် ဂျင်နီယာကြီး ဦးကျော်သောင်းက ဤသို့ ဆိုသည်။

'မူလ သပိတ်အိုင်တောရ ဆရာတော်ကြီး ဦးကိတ္တိ ရေးသားတော်မူခဲ့တဲ့ *စူဠသောတာပန် ဖြစ်ခန်း ဓာတ် ကမ္မဋ္ဌာန်းကျမ်း* ဆိုတဲ့ ကျမ်းစာအုပ်ကလေး တစ်အုပ် ကျွန်တော့်ဆီမှာ ရှိပါတယ်၊ အဲဒီစာအုပ်ကိုလည်း ဦးဆန်းလွင် ကြည့် သင့်ပါတယ်၊ ဒီစာအုပ်ထဲမှာတော့ ကျွန်တော် နားလည်သလောက်ဆိုရင် စူဠ သောတာပန် ဖြစ်ရေး၊ ထွန်းကားရေး ကိစ္စဟာ ဝိပဿနာ ကျင့်ကြံပွားများ အားထုတ်မှုနှင့်လည်း ဆက်စပ်နေတယ်လို့ ထင်ပါတယ်၊ ဒီလုပ်ငန်းကို ဦးဆန်း လွင်က ဘယ်လို ဆောင်ရွက်ဖို့ အစီအစဉ် ရှိပါသလဲ၊ ရှိရင် ကျွန်တော်တို့လည်း သိပါရစေ၊ ဒါမှ မြင်းခြံသူဌေး အမိန့်ရှိသလို ခုကြွရောက်လာကြတဲ့ လူကြီး တွေကလည်း ဝိုင်းပြီး ထောက်ပံ့ ကူညီနိုင်မှာ ဖြစ်ပါတယ်' ဟု ဆိုလေသည်။ ထိုအခါ အကျွန်ုပ် ရင်ထဲမှာ ဖြစ်ပေါ်နေသော ကလျာဏ ပုထုဇဉ် ထွန်းကား ရေး ကိစ္စအတွက် ရည်မှန်းထားသော အစီအစဉ်တွေကို ပြောပြလိုက်ပါသည်။

'အမှန်တော့ ဒီကိစ္စကို ကျွန်တော်က စာတမ်း တစ်စောင် ရေးဖွဲ့ တင်ပြဖို့ စိတ်ကူးထားပါတယ်၊ လုပ်ငန်း စီမံချက် သဘောမျိုးပေါ့ ခင်ဗျာ၊ ဒီစာတမ်းကို မတင်ပြနိုင်သေးခင်မှာ ပထမ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကို ပြောသင့်တယ် ထင်ပါတယ်'

'ဟုတ်တယ် ဟုတ်တယ်၊ ဒါကောင်းတာပေါ့'

ဦးထိန်ဝင်းက ထောက်ခံချက်ပေးသည်။ မြင်းခြံမြို့က မြို့မျက်နှာဖုံး

www.burmeseclassic.com



သာသနာ့ဒါယကာ လူကြီးများ ဖြစ်ကြသော သုခိတာ ဆေးလိပ်ခုံ ပိုင်ရှင် ဦးရှိန်နှင့် စက်ပိုင်ရှင် ဦးရီတို့ကလည်း သဘောတူကြလေသည်။ ထိုအခါ အကျွန်ုပ်၏ ရည်ရွယ်ချက်ကို ပြောပြလိုက်သည်။

'ဒီလုပ်ငန်း အတွက် ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကို ပြောရရင် ကျွန်တော်တို့ မြန်မာ ဗုဒ္ဓဘာသာဝင်တွေဟာ ကံအားလျော်စွာ ယခုအခါမှာ လူလည်း ဖြစ်နေကြပါတယ်၊ ပိုပြီး ကံကောင်းတာက သံသရာ ဘဝ အဆက်ဆက် လွဲချော်ခဲ့ရတဲ့ သဒ္ဓမ္မ သာသနာကြီးနှင့်လည်း ကြုံနေကြရပါတယ်၊ ခေတ်ကလည်း သာသနာ ၂၅၀၀ ဒီဘက်မှာ ဝိမုတ္တိယုဂခေတ် ဖြစ်နေပါတယ်၊ ဝိမုတ္တိယုဂ ဆိုတာက ကျွတ်နိုင် လွတ်နိုင်တဲ့ ခေတ်ကာလကို ဆိုတာပါ၊ ဒီအချိန်မှာ ဘုရားဟောတော်မူခဲ့တဲ့ ခန္ဓာဉာဏ်ရောက် ဝိပဿနာ တရားများကို ဟောနိုင် ပြောနိုင်တဲ့ ရဟန်းဆရာ လူဆရာတွေလည်း မရှားပါဘူး၊ ထူးခြားတာက ကျွန်တော် ဗုဒ္ဓဘာသာဝင် ဖြစ်မလာခင်က ကမ္ဘာပေါ်မှာ ပေါ်ထွန်းနေတဲ့ လူတို့ ကိုးကွယ်ရာ ဘာသာကြီး ဆယ့်တစ်ခုကို လေ့လာကြည့်ခဲ့တယ်၊ ဗုဒ္ဓဘာသာက လွဲရင် သံသရာ ဝဋ်ဆင်းရဲအပေါင်းက လွတ်မြောက်အောင်၊ သံသရာဝဋ္ဋ ကျွတ်အောင် ကိုယ့်ဘာသာကိုယ် ကယ်တင်နိုင်တဲ့ ထွက်ရပ်ပေါက် နည်းလမ်း (မဂ္ဂင်ရှစ်ပါး တရား) မျိုးဟာ ဘယ်ဘာသာမှ မရှိပါဘူး၊ ဒီလောက် ထူးခြားလှတဲ့ အလွန် မွန်မြတ်တဲ့ သာသနာကြီးနှင့်လည်း ကြုံ၊ လူလည်း ဖြစ်၊ ဗုဒ္ဓဘာသာ အယူကိုလည်း ယုံကြည် ကိုးကွယ်သူတွေ ဖြစ်ခဲ့ကြပါလျက်နှင့် သေရင် အပါယ်လေးပါးကို ဗုဒ္ဓဘာသာဝင်တွေ ကျသွားကြရတယ် ဆိုတာဖြင့် ကျွန်တော့်အထင် ဝမ်းနည်း ကြေကွဲစရာ ကောင်းရုံသာမက ရှက်စရာလည်း ကောင်းတယ်လို့ နားလည်လာပါတယ်၊ ဗုဒ္ဓဘာသာဝင် ဆိုရင် အပါယ်ကို လုံးဝ မကျရဘူး၊ မကျစေချင်ဘူး ဆိုတဲ့ စိတ်ဓာတ် ကျွန်တော့်မှာ ဖြစ်ပေါ်လာပါတယ်၊ ဒီအခါ ကျွန်တော် စဉ်းစားတယ်၊ ဗုဒ္ဓဘာသာဝင်တွေ ဘာကြောင့် အပါယ်လေးပါးကို လွင့်စဉ်ကျနေရသလဲ၊ ဒီမေးခွန်းကို အဖြေ ရှာကြည့်တော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာ လူမျိုးများရဲ့ ရိုးရာ မိရိုးဖလာကြောင့်လို့ ပြောရင် ရမယ် ထင်ပါတယ် ခင်ဗျား၊ ဘာဖြစ်လို့လဲ ဆိုတော့ မြန်မာ ဗုဒ္ဓဘာသာဝင်တွေ စိတ်ထဲမှာ ငါလှူရင် ငါရမှာပဲ ဆိုတဲ့ သဿတဒိဋ္ဌိစွဲက ကြီးနေတယ်၊ ဘုရားတည်၊ ကျောင်းဆောက်၊ ရေတွင်းတူး၊ ဇရပ်လှူ၊ ရေအိုးစင် တည်ရင် နတ်ပြည်ရောက်တယ်၊ သုဂတိ ဘဝကို ရတယ်လို့ ယုံကြည် ယူဆနေကြတယ်၊ လှူဖို့ တန်းဖို့ ပုတီးစိပ်ဖို့လောက် ဆိုရင် ပြီးပြီ ဆိုတဲ့ ရိုးရာ အစွဲအလမ်းတွေ ရှိ

www.burmeseclassic.com



နေတယ်၊ မဟုတ်ဘူး၊ လူ့တာ တန်းတာ ပုတီးစိပ်တာဟာ သေပေါက် သေ၀မှာ ပေါ်လာတတ်တဲ့ ကုက္ကုစ္စနီ၀ရဏကို မတားနိုင်ဘူး၊ ကျေးဇူးရှင် မန်လည် ဆရာတော်ကြီး ရေးတဲ့ မဃဒေ၀ လင်္ကာသစ်မှာ ဆိုထားသလိုပဲ သစ္စာမသိ *ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင် မနွှာတ်၊ နတ်မှာ သိကြား၊ မိုးဖြားဖြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခနွာပြိုကွဲ၊ ကုသိုလ်စဲက၊ ဖောက်လွဲပါယ်ရှာ၊ ရောက်မြဲသာ တည့်* ဆိုတာလိုပဲ သစ္စာမသိ ဒိဋ္ဌိမကွာရင် အပါယ်ကို ကံက ဆွဲချသွားတတ် တယ် ဆိုတာကို မသိကြတဲ့ လူတွေက အတော် များနေတာ တွေ့ရပါတယ်၊ သူတို့ကို ကယ်တင်ရမယ်၊ ဒီတာ၀န်ဟာ သုတဗုဒ္ဓိ ဉာဏ်မျက်စိ ရှိသူတွေရဲ့ ခေါင်းပေါ်မှာ ရှိတယ်လို့ ကျွန်တော် နားလည်ပြီး ခံယူထားပါတယ်'

'ဒါဆိုရင် ရှင်းပါတယ်၊ လူတိုင်း ကလျာဏပုထုဇဉ် ဖြစ်အောင်ကော လုပ်ဖို့ လွယ်ကူမလား၊ အဲဒီ စိတ်ကူး ရည်ရွယ်ချက်ကတော့ အလွန်ပဲ တန်ဖိုး ရှိပါတယ်၊ ဒါပေမဲ့ ဒါကို ဦးဆန်းလွင်က ဘယ်လိုများ အကောင်အထည် ဖော်ဖို့ ရည်ရွယ်ထားပါသလဲ၊ လုပ်ငန်း စီမံချက် ရှိရင်တော့ ကျွန်တော်တို့က ၀ိုင်း၀န်းပြီး အကောင်အထည် ဖော်ပေးနိုင်တာပေါ့' ဟု ဓမ္မဃောသက ဦး မောင်မောင်က အကျွန်ုပ်အား အားပေး ထောက်ခံချက်နှင့်အတူ အကျွန်ုပ်၏ လက်တွေ့ လုပ်ငန်း ဘယ်လို ဆောင်ရွက်ဖို့ စီစဉ်ထားသလဲ ဆိုသည်ကို ထုတ်ဖော် တင်ပြရန် တောင်းဆိုလိုက်လေသည်။ အကျွန်ုပ်က မိမိ၏ လုပ်ငန်း စီမံလျာထားချက်ကို အကြမ်းသဘော တင်ပြလိုက်ပါသည်။

'ဟုတ်ကဲ့၊ ဒီ ကလျာဏ ပုထုဇဉ် ထွန်းကားရေး ဆိုတဲ့ အလွန် ကျယ်ပြန့်တဲ့ ကိစ္စကြီးကို ဘယ်လို အကောင်အထည် ဖော်မလဲ ဆိုတာနှင့် ပတ်သက်ပြီး ကျွန်တော် စဉ်းစားထားတာတွေ ရှိပါတယ်၊ ဒါကတော့ အပိုင်း နှစ်ပိုင်း အဆင့် နှစ်ဆင့် ထားပြီး ဆောင်ရွက်သင့်တယ်လို့ ကျွန်တော် ထင်မြင် ယူဆပါတယ်၊ ပထမပိုင်းကတော့ ကလျာဏ ပုထုဇဉ် ထွန်းကားရေး အတွက် လိုအပ်တဲ့ အသိပညာ ပြန့်ပွားရေးကိစ္စ ဖြစ်ပါတယ်၊ ဒါကတော့ ဉာတပရိညာ ပိုင်းပါ၊ ဒါကိုတော့ ကျွန်တော် အနယ်နယ်အရပ်ရပ်ကို သွားပြီးတော့ သင် တန်းတွေ ပို့ချပေးဖို့ပဲ၊ သံသရာက လွတ်ကျွတ်ရေးမှာ ပထမဦးစွာ နားက တရားနာရင်း သစ္စာဉာဏ်ရအောင်၊ ဒိဋ္ဌိကို အကြမ်းစား ကွာအောင် သင်ကြား ပြသဖို့ပဲ ဖြစ်ပါတယ်'

'ဟုတ်ပြီ၊ ဒါ ဖြစ်နိုင်တယ်၊ သို့သော် မဖြစ်နိုင်တာက ဦးဆန်းလွင် ဒီအလုပ်ကို လုပ်ရင် မိမိရဲ့ မိသားစုကိစ္စ၊ စီးပွားရေးကိစ္စတွေကို စွန့်လွှတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်မှ ရမယ်၊ အဲဒါ စွန့်လွှတ်နိုင်ပါ့မလား၊ မြန်မာလူမျိုးရဲ့ စိတ်ဓာတ်ကလည်း လူပြောတာထက် ရဟန်းသံဃာ ဟောတာကိုမှ ပိုပြီး တရိုတသေ နားထောင်တတ်ကြတယ်'

ဓမ္မဃောသက ဦးမောင်မောင်က မှတ်ချက်ချသည်။ ထိုစကားကို မြင်းခြံ သူဌေးက ပြင်ဆင်ချက် တင်သွင်းလေသည်။

'မဟုတ်သေးပါဘူး၊ ဘုန်းကြီးဝတ်စရာ မလိုပါဘူး၊ ဒေါက်တာ မင်းတင်မွန်တို့၊ ဆရာ ဦးဌေးအောင်တို့လည်း လူပုဂ္ဂိုလ် အဖြစ်နှင့် သာသနာပြုနေကြတာပဲ၊ လူတွေကလည်း လူတန်းနေကြတာပဲ'

'ဟုတ်ပါတယ်၊ အဲဒီမှာ ပြဿနာ ရှိတယ်၊ လူအနေနှင့် သာသနာပြုတာ ဦးလှသိန်းတို့လို အိမ်ထောင် မရှိရင် တစ်မျိုးဗျ၊ အိမ်ထောင်ရှိတော့ လူတွေ လှူတန်းတဲ့ ဝတ္ထုကြေးငွေတွေနှင့် မိသားစုကို လုပ်ကျွေးနေတယ် ဆိုပြန်တော့ နေရာမကျပြန်ဘူးဗျ၊ ကျုပ်ကို လူတွေ ပြောကြတာ ဒီအသံတွေကို ကြားနေရတယ်၊ ခင်ဗျားတို့က မသိဘူးနော်'

ဓမ္မဃောသက ဦးမောင်မောင်၏ ဤသုံးသပ်ချက် စကားသည် အကျွန်ုပ်အား ထိတ်လန့်စေပါသည်။ ကလျာဏ ပုထုဇ္ဇဉ် ထွန်းကားရေး လုပ်ငန်းကြီးသည် မသေခင် ကျန်ရှိသော အချိန်ကာလ အားလုံးကို အသုံးချပြီး ကိုယ်ကျိုးမပါဘဲ လုပ်မှ ရမည့် ကိစ္စ ဖြစ်သည်လည်း မှန်ပါ၏။ လူဝတ်ကြောင်နှင့် ဆိုလျှင် ဒွိဟ သံသယ ဖြစ်စရာတွေ၊ မကြည်ဖြူစရာတွေ၊ မသဒ္ဒါစရာတွေ ဖြစ်လာနိုင်သည်လည်း မှန်၏။

'ဟုတ်ကဲ့၊ အဘ ဦးမောင်မောင် ပြောတာ တော်တော် အရေးကြီးတယ်လို့ ကျွန်တော် ထင်ပါတယ်၊ လူဝတ်ကြောင်နှင့်ဆိုရင် အများအတွက် သာသနာအတွက် မိသားစုကို ပစ်ထားပြီး လုပ်ကိုင်ရင် မိသားစုက မကျေမနပ် ဖြစ်လာနိုင်ပါတယ်၊ လူတွေက ဓမ္မပူဇာ လှူတန်းကြတဲ့ ငွေတွေနှင့် မိသားစုကို လုပ်ကျွေးပြန်ရင်လည်း လူတွေ အကြည်အညို ပျက်စရာ ဖြစ်နိုင်ပါတယ်'

ထိုအခါ အဘ ဓမ္မဃောသက ဦးမောင်မောင်က အားတက်သရော ပြောလေသည်။

'အဲဒါကြောင့် ကျွန်တော် ပြောတာ၊ ခု ကျွန်တော် ပြတ်ပြတ်ပဲ မေးမယ်၊ ဒီကိစ္စဟာ ရဟန်းအဖြစ်နှင့် ဆောင်ရွက်မှသာ အလွန် တင့်တယ်မယ့် ကိစ္စ ဖြစ်နေပါတယ်၊ လူဝတ်ကြောင်နှင့်တော့ သိပ်မကိုက်ဘူး၊ မြန်မာ ပရိသတ်ဟာ ရဟန်းနှင့် လူကို တန်ဖိုးထားပုံချင်းကျတော့ လုံးဝ မတူဘူး၊ သိပ်ကွာတယ်၊

www.burmeseclassic.com



ဒါကြောင့် ကျုပ် မေးချင်တာက ဒီကလျာဏ ပုထုဇဉ် ကိစ္စကို လွတ်လွတ် လပ်လပ် နောက်ဆံ မတင်းဘဲ ဆောင်ရွက်နိုင်ဖို့ ဆိုရင် ရဟန်းက ဆောင် ရွက်မှပဲ အလွန် အဖိုးတန်မှပဲ၊ အဲဒီတော့ ကျုပ် မေးမယ်ဗျာ၊ ဦးဆန်းလွင် ရဟန်းဝတ်နိုင်မလား၊ ဒါ လက်တွေ့ကျကျပဲ' ဟု ဆိုလေသည်။ အကျွန်ုပ် လည်း အဘနည်းတူ စိတ်ထက်သန်လျက် ရှိ၏။ အကျွန်ုပ်၏ အဖြေမှာ ဤ သို့ ဖြစ်၏။

'ကျွန်တော်လည်း စဉ်းစားထားပါတယ်၊ ဒီလုပ်ငန်းကြီး အကောင် အထည် ပေါ်လာလို့ လိုအပ်ပြီ ဆိုရင် ကျွန်တော် ဝတ်ကြောင်ကို စွန့်ပြီး ရဟန်းဘဝနှင့် သာသနာပြုဖို့ လုံးဝ ဝန်မလေးဘူးလို့ ပြောချင်ပါတယ်'

'အင်း ပြောတော့ လွယ်တယ်နော်'

'ဟုတ်ကဲ့၊ ဆန်းလွင်ဟာ စွန့်လွှတ်ခြင်းနှင့်အတူ ကြီးပြင်းလာသူ ဖြစ် ပါတယ် အဘ၊ အဘ မသေသေးရင် မြင်ရပါလိမ့်မယ်၊ စောင့်ကြည့်ပါလို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်'

'ရတနာသုံးပါး စာအုပ်ကြီးကို ဖတ်ပြီးကတည်းက ကျွန်တော်တို့က ဦးဆန်းလွင်ရဲ့ စိတ်ဓာတ်နှင့် ဉာဏ်အမြော်အမြင်ကိုတော့ အထင်လည်း ကြီးပါ တယ်၊ အားလည်းကျပါတယ်၊ ဒါနှင့် ဒါက ပထမပိုင်း ဆိုတော့ ဒုတိယပိုင်းက ဘာလုပ်ဖို့ ရည်ရွယ်ပါသလဲ'

'ဟုတ်ကဲ့၊ ပထမပိုင်း အနေနှင့် ကျွန်တော်က ကျေးလက် တောရွာ တွေမှာ ရှိကြတဲ့ မြန်မာ ဗုဒ္ဓဘာသာ ပရိသတ်တွေထဲ အထိ ရောက်အောင်သွား ပြီး အလွတ်သင် အခြေပြု ဝိပဿနာ သင်တန်း တရားပွဲတွေကို ကျင်းပဖို့ ရည်ရွယ်ပါတယ်'

'အဲဒီ စကားကို နည်းနည်း ရှင်းပြပါဦး'

အင်ဂျင်နီယာ ဦးကြည်တွဲက တောင်းဆိုလိုက်သည်။

'ဟုတ်ကဲ့၊ အလွတ်သင် ဆိုတာက ဒီ သင်တန်း တက်တဲ့ လူဟာ ရိပ်သာ ဝင်စရာ မလိုဘူး၊ မိမိရဲ့ အသက်မွေးမှု အလုပ်အကိုင် မပျက်စေရဘူး၊ ဥပုသ် စောင့်စရာလည်း မလိုဘူး၊ အာဇီဝဋ္ဌမကသီလနှင့်ပဲ နာလို့ရတယ်၊ ကိုယ့် အိမ်က စားသောက်ပြီးမှ တရား လာနာပြီးရင် ကိုယ့်အိမ် ကိုယ်ပြန်၊ အချိန်ကလည်း ည ခုနစ်နာရီက ကိုးနာရီ အထိပဲ၊ ရှေ့ပိုင်း တစ်နာရီမှာ ဝိ ပဿနာရဲ့ အခြေခံတရားတွေကို သင်ကြား ပို့ချပေးမယ်၊ နောက်ပိုင်း တစ်နာရီ မှာတော့ တရားရှုမှတ်ပုံကို နမူနာပြ အနေနှင့် သင်ပေးဖို့ ရည်ရွယ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟ ဒါဆိုရင် လူတိုင်းအတွက် အခက်အခဲ မရှိဘဲနှင့် သစ္စာလည်းသိ ဒိဋ္ဌိကိုလည်း ခွာပေးနိုင်တာပဲ၊ ဘာမှ ကြီးကြီးကျယ်ကျယ် လုပ်စရာမလိုဘဲနှင့် တစ်ဘဝ အပါယ်တံခါး ပိတ်နိုင်တာပဲဟာ၊ သိပ်ကောင်းတာပဲ၊ သိပ်ကောင်းတယ်၊ လုပ် လုပ် အားပေးရမယ်' ဟု ဓမ္မဃောသကကြီးက မှတ်ချက်ချ၍ ထောက်ခံလိုက်သည်။

'ဒီမှာ ကျွန်တော် ဒုတိယ ကဏ္ဍ အဖြစ် တတ်နိုင်ရင် လုပ်ကိုင်ဆောင်ရွက်ပေးချင်တာက မြေနေရာ ရှိရင် သစ်ပင် တောတောင် ရှိတဲ့ နေရာတစ်ခုခုမှာ ဝိပဿနာ ကမ္မဋ္ဌာန်း ရိပ်သာကလေး တစ်ခု ထူထောင်ချင်တယ်၊ ဒါကတော့ တစ်မင်္ဂ တစ်ဖိုလ် အထိ ရည်ရွယ်ပြီး အားထုတ်ချင်တဲ့ တိဟိတ်ပုဂ္ဂိုလ်များ အတွက် intensive course အလုပ်ပေး စခန်းမျိုးပေါ့ ခင်ဗျ၊ ဒါဟာ ဘယ်အချိန် ဘယ်နေရာမှာ ပေါ်ပေါက်လာမလဲ ဆိုတာကိုတော့ ကျွန်တော်မပြောတတ်သေးဘူး၊ ဖြစ်တော့ ဖြစ်လာလိမ့်မယ်လို့ ထင်တာပဲ၊ တရားက စောင့်ရှောက်ရင်ပေါ့လေ၊ ရှေးဘုန်း ရှေးကံကလည်း ပါတော့ ပါတာပေါ့'

'ဟာ ဖြစ်မှာ ဖြစ်မှာ၊ မိစ္ဆာဒိဋ္ဌိ အယူကနေတောင် သမ္မာဒိဋ္ဌိ အယူကိုရောက်အောင် ကြိုးပမ်း စွန့်စားပြီး လုပ်နိုင်ခဲ့သေးတာပဲဟာ၊ ဦးဆန်းလွင်ရဲ့ ရည်ရွယ်ချက်တွေ ဒီလောက် ကောင်းတာပဲဗျာ၊ ဘယ်ကလာ မဖြစ် ရှိပါ့မလဲ၊ ဖြစ်ကို ဖြစ်ရမယ်၊ ဖြစ်မှာ ဖြစ်မှာ၊ စိတ်ချ' ဟု ဓမ္မဃောသက ဆရာကြီး ဦးမောင်မောင်က ယတိပြတ် မှတ်ချက်ချလိုက်လေသည်။

## ၁၀

၁၉၉၄ ခုနှစ်ကုန်လောက်တွင် စင်ကာပူမှ စာတစ်စောင် မိမိထံသို့ ရောက်လာလေသည်။ စာရေးသူမှာ ယခင် ဆင်မလိုက် သင်္ဘောကျောင်းက အင်္ဂျင်နီယာချုပ်၊ ယခု စင်ကာပူမှာ အထက်တန်း အင်ဂျင်နီယာ ကြီးကြပ်ရေးမှူးချုပ် လုပ်နေသူ ဦးကိုကိုကြီး ဖြစ်သည်။ သူသည် 'ရတနာ သုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' စာအုပ်ကို ဖတ်ပြီးနောက် မိတ်ဆက်စာရေးခြင်း ဖြစ်သည်။ သူ့စာထဲတွင် သူ၏ ဇနီးမှာ ဘာသာခြားကို ကိုးကွယ်သူ ဖြစ်ကြောင်း၊ သူ့ကို အကျွန်ုပ်ကဲ့သို့ ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်သူ တစ်ယောက် ဖြစ်လာစေလိုကြောင်း၊ ထိုသို့ဖြစ်အောင် အကူအညီ ပေးစေလိုကြောင်း ရေးသားခြင်း ဖြစ်၏။ မကြာမီ သူ ရန်ကုန်ကို လာပါက အကျွန်ုပ်ကို လာရောက် တွေ့ဆုံလိုကြောင်းလည်း ခွင့်



www.burmeseclassic

www.burmeseclassic.com



တောင်းထားလေသည်။ အကျွန်ုပ်က သူ့စာကို ပြန်ရာတွင် အချက် နှစ်ချက်ကို အဓိက ထားပြီး ပြန်ကြားလိုက်သည်။

(၁) သံသရာခရီးမှာ ဓနီးမယား၊ သားသမီး ဆိုတာက ရထား အတူစီးပြီး ခရီးသွားနေကြသူများသာ ဖြစ်ကြောင်း၊ ဘူတာကို ရောက်လျှင် လမ်းခွဲသွားကြရမည့်သူများသာ ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ ဓနီး ဗုဒ္ဓဘာသာ ဖြစ်ဖို့ မဟုတ်ကြောင်း၊ မိမိအနေနှင့် ရိုးရာ ဗုဒ္ဓဘာသာ အဖြစ်မှ ဗုဒ္ဓဘာသာ အစစ် **(genuine buddhist)** ဖြစ်ဖို့သာ ဖြစ်ကြောင်း၊ ကိုယ့်ကိုယ်ကိုယ် အကျွတ်တရား ရအောင်သာ ဦးစားပေး လုပ်သင့်ကြောင်း။

(၂) ဒုတိယ အချက်မှာ ဦးကိုကိုကြီး ရန်ကုန်ကို လာသောအခါ မိမိ ရန်ကုန်မှာ ရှိမည် မထင်ကြောင်း၊ ရဟန်းဝတ်ပြီး တောရဆောက်တည်ကာ တရား အားထုတ်ဖို့ ရည်ရွယ်ထားကြောင်း စာပြန်လိုက်ပါသည်။

ထိုစာကို ရသောအခါ ဦးကိုကိုကြီးသည် သူ၏ အမြွှာညီ ဦးကိုကိုလေးကို မိမိထံသို့ စေလွှတ်လိုက်ပြီး အောက်ပါ စကားများကို ပြောခိုင်းပါသည်။

ဦးဆန်းလွင်၏ ပြန်ကြားစာကို ရ၍ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရကြောင်း အစချီပြီး ဦးကိုကိုလေးက ပြောပြသည်။

ကျွန်တော့် အစ်ကိုကြီးက စင်ကာပူကနေ ဖုန်းဆက်ပြီး ဦးဆန်းလွင်ကို သွားပြောပါ။

(၁) ဦးဆန်းလွင် ရဟန်းခံရင် သူ ပစ္စည်းလေးပါး ဒါယကာ လုပ်လိုကြောင်း၊ လိုအပ်ရင် ကျောင်းလိုပါက ကျောင်းဆောက်ပေးပါလို့ ကျွန်တော့်ကို ပြောပါတယ်။

(၂) အချက်ကတော့ ဦးဆန်းလွင် ရဟန်းဝတ်သွားရင် ကျန်ရစ်သူ မိသားစု အဆင်ပြေအောင် ထောက်ပံ့ဖို့ လိုသလား ကြည့်ပါ၊ လိုအပ်ရင် သူ လစဉ် ထောက်ပံ့ပါရစေလို့လည်း ခွင့်တောင်းထားကြောင်း ပြောသည်။

ထိုနှစ် ကဆုန်လပြည့်ကျော် တစ်ရက်နေ့တွင် အကျွန်ုပ်သည် ဦးကိုကိုကြီး၊ ဦးကိုကိုလေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ၊ တိပိဋကဓရ (ယော) ဆရာတော် သီတင်းသုံးသော ကျောင်းမှာ မြင့်မြတ်သော ရဟန်းဘဝကို ခံယူလိုက်ပါသည်။ ရဟန်းခံပွဲတွင် နိုင်ငံတော် သံဃာ့မဟာနာယက အဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အရှင် ကောဏ္ဍညက ဥပဇ္ဈာယ်ပြုလျက်၊ တိပိဋက ဆရာတော်က အနုသာသန ဆရာပြုလျက်၊ အရှင် အာဒိစ္စ (ဆားလင်းကြီး ဒွေးလွင်) အပါအဝင် သံဃနာယက ဆရာ

www.burmeseclassic.com



တော်ကြီးများက ကရကသံဃာများ အဖြစ် ပါဝင်ခဲ့လေသည်။

ရဟန်းခံပြီးနောက် မိမိသည် ထိုနေ့မှာပင် ရန်ကုန်မြို့ပေါ်မှာ မနေဘဲ ပဲခူး ဆယ်မိုင်ကုန်းရှိ မုံလယ်တောရ စခန်းသို့ သွားရောက် သီတင်းသုံးခဲ့လေသည်။ ထိုမှ တစ်ဖန် ဝါဆိုသောအခါ ပဲခူးမြို့အနီး နရဏီသိမ် ကျောင်းတိုက်တွင် ဝါဆိုခဲ့လေသည်။ ဝါတွင်းကာလ၌ အကျွန်ုပ်သည် ဆိတ်ငြိမ်သော ထို ကျောင်းတိုက်၌ ဝိပဿနာ တရားများကို ခန္ဓာဉာဏ်ရောက်အောင် ပြင်းပြင်းထန်ထန် အားထုတ်ခဲ့လေသည်။

**၁၁**

ဤစာအုပ်သည် အသက် ငါးဆယ် ရောက်ပြီးနောက် ဆယ်နှစ်အတွင်း မိမိဘဝ၌ ဖြစ်ပေါ်လာသော ဘဝ အပြောင်းအလဲများ၊ အတွေးအခေါ် အပြောင်းအလဲများကို သုံးသပ် ဆင်ခြင်၍ တင်ပြထားသော 'ရတနာ သုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' ၏ နောက်ဆက်တွဲ အဆက် ဖြစ်ပါသည်။ မူလက 'ရတနာ သုံးပါး' ပဋ္ဌမတွဲ အဖြစ် ဆက်၍ ထိုအမည်ဖြင့်ပင် ရေးသားဖို့ ရည်ရွယ်ခဲ့လေသည်။ သို့သော် တကယ်တမ်း ရေးကြည့်သောအခါ ဤစာအုပ်မှာ 'ရတနာ သုံးပါး' ရေးတုန်းကနှင့် မတူသော ဉာဏ်အဆင့်များ ပါဝင်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဤစာအုပ်ကို 'ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် အကြောင်း' ဟု ကင်ပွန်းသစ် တပ်၍ သမုတ်အပ်ပါကြောင်း။

## ကျေးဇူးတင်ခြင်း

အမည်နာမအားဖြင့် တစ်ဦးချင်း ဖော်ပြရန် အခက်အခဲ ရှိပါသောကြောင့် အကျွန်ုပ်အနေနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို ဤစာအုပ်ဖြင့် ကျေးဇူးဆပ်ပါသည်။ ကျေးနပ်တော်မူကြလိမ့်မည်ဟု ထင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၂။ ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်ခြင်း၏ တန်ဖိုး

ယခု ပြန်ပြောလျှင် မိမိ၏ အဖြစ်က ဒဏ္ဍာရီ တစ်ပုဒ်နှင့်တော့ တူနေသည်။ အကျွန်ုပ် သုံးတန်း လေးတန်းနှစ်က ဖြစ်လိမ့်မည် ထင်ပါသည်။ တစ်နေ့သ၌ ဆရာမကြီး ဒေါ်သိန်းမေသည် ကျွန်ုပ်တို့ အတန်းကို လာပြီး တောင်ငူ ရာဇဝင်ကို သင်ပြပေးသည်။ ဆရာမကြီးသည် ရာဇဝင် ဆရာမ မဟုတ်ပါ။ ရာဇဝင် ဆရာမ ခွင့်ယူထားသဖြင့် လူစားဝင်ပြီး ပြခြင်း ဖြစ်သည်။ ဆရာမကြီး ဒေါ်သိန်းမေသည် ပုံပြောကောင်းသော ဆရာမ ဖြစ်သည်။ သူ့ကို အကျွန်ုပ် အလွန် ချစ်ခင် လေးစားသည်။ ဆရာမကြီး စာသင်ကြားတိုင်းမှာ အကျွန်ုပ် စိတ်လှုပ်ရှားရသည်။ အကျွန်ုပ်ကို စာရေးချင်သော စိတ်သန္တေတည်စေသူသည် ဆရာမကြီး ဒေါ်သိန်းမေ ဖြစ်သည်ဟု ဆိုလျှင်လည်း ရသည်။ ဆရာမကြီး ပြောပြသော နယ်ချဲ့တော်လှန်ရေး ဝတ္ထု 'ကြယ်နီခင်ဖြူ' ကို ယခုတိုင် အကျွန်ုပ် ရင်ထဲမှာ စွဲနေဆဲပါပဲ။ ဆရာမကြီးသည် ထိုနေ့က ရွှေနန်းကြော့ရှင် လက်ထက်မှာလား မသိ၊ တောင်ငူကို အင်းဝက တိုက်ခိုက် သိမ်းယူသော ရာဇဝင် ဇာတ်လမ်းကို ပြောပြသည်။ ဆရာမ ပြောပြသော ရာဇဝင် ဝတ္ထုထဲတွင် ဗားမဲ့ ဆရာတော် အကြောင်းလည်း ပါသည်။ ဗားမဲ့ ဆရာတော် အကြောင်းကို ဆရာမ ပြောပြတာ ကြားရသောအခါ အကျွန်ုပ် ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဖြစ်လာပြီး ဘာဖြစ်မှန်း မသိ ငိုချင်လာသည်။ ဆရာမ၏ ရာဇဝင် ဝတ္ထု အဆုံးမှာ အကျွန်ုပ် ထိန်းထား၍ မရသဖြင့် ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။ အတန်းသားများ အားလုံး အံ့အားသင့်နေကြသည်။ ဆရာမကတော့ ကြင်ကြင်နာနာ မေးသည်။

'ငါ့တပည့် ဘာဖြစ်လို့ ငိုတာလဲကွယ်'



www.burmeseclassic

www.burmeseclassic.com



ဆရာမ မေးလိုက်တော့ အကျွန်ုပ် ပါးစပ်က ဖျတ်ခနဲ အဖြေပေးလိုက် ပုံကို အကျွန်ုပ် မှတ်မိပါသည်။

'ကျွန်တော် ကျွန်တော်လေ၊ အရင်ဘဝ တစ်ဘဝတုန်းက ဗုဒ္ဓဘာသာ ဖြစ်ခဲ့တယ် ဆရာမ၊ ခု ဒီဘဝမှာသာ ကျွန်တော် ဘာသာခြားထဲ ရောက်နေရတာ' ဟု လွှမ်းလွှမ်းဆွတ်ဆွတ် ရေရွတ်သလို ပြောလိုက်မိပါသည်။ ထိုနေ့က အိမ်ပြန်ရောက်တော့ ကျောင်းမှာ ဖြစ်ခဲ့ရသော သည်အကြောင်းတွေကို အကျွန်ုပ်သည် မေမေ့ကို ပြန်ပြောချင်စိတ် ဖြစ်နေလေသည်။ ထိုကြောင့် မေမေ့ အနားကို ကပ်သွားပြီး တိုးတိုး ပြောလိုက်မိသည်။

'သား ဒီနေ့ ကျောင်းမှာ ငိုလိုက်ရတာ မေမေရယ်၊ သား ရှက်တောင် ရှက်ပါတယ်'

'အင် မေ့သားက ဘာကိစ္စ ငိုရတာလဲ၊ ဆရာမ ရိုက်လို့လား'

'မဟုတ်ဘူး မေမေ၊ ဆရာမက ရာဇဝင် သင်တာ၊ သားက အဲဒီ ရာဇဝင်ထဲမှာ ကိုယ်ပါနေရသလိုပဲ ခံစားရပြီး ရင်ထဲမှာ တလိပ်လိပ် တက်ပြီး ငိုချင်လာတယ် အမေရယ်'

'ဘာဖြစ်လို့ ငိုချင်တာလဲ သားရဲ့'

'မသိဘူး မေမေရယ်၊ သားရင်ထဲမှာ သိလာတာ တစ်ခုက သား ဒီဘဝမှာသာ ဘာသာခြား ဖြစ်နေရတာ၊ အရင်ဘဝတွေတုန်းက သားက ဗုဒ္ဓဘာသာဝင် ရှင်ဘုရင် တစ်ပါး ဖြစ်ခဲ့တာ ခု ဆရာမ ပြောတော့ သား မှတ်မိလာတယ်'

'ဟဲ့ ဟဲ့ ငါ့သား အပြစ်ကြီးနေပါဦးမယ်၊ နင့်အဖေရှေ့ သွားမပြောနှင့်နော်၊ အရိုက်ခံနေရဦးမယ်' ဟု မေမေက ကရုဏာဖြင့် ဆိုလေသည်။

'ဟင့်အင်း၊ သား ဖေဖေ့ရှေ့မှာ မပြောဘူး၊ မေမေ့ကိုသာ သိစေချင်လို့ ပြောတာ၊ ခု ဒီအကြောင်းတွေကို ကျွန်တော် ပြန်အောက်မေ့တတ်ပြီး ပြန်သတိရပြီ မေမေရဲ့၊ မေမေ နားထောင်ရင် သား ပြောပြမယ်၊ သိပ်စိတ်ဝင်စားဖို့ ကောင်းတာပဲ၊ နားထောင်မလား မေမေ'

'အင်း၊ ဟုတ်ပါတယ် သားရယ်၊ ငါ့သား မွေးကတည်းက ခေါင်းမှာ အနာရွတ်လို အမှတ်ကြီး ပါတယ်၊ ခုထိ အဲဒီနေရာမှာ ဆံပင် မပေါက်ဘူး၊ အဲဒီကတည်းက အမေ့သားဟာ လူဟောင်း ဆိုတာ အမေ သိတယ်၊ အေး မေ့သား ဘာတွေ မှတ်မိသလဲ၊ အမေ့ကို ပြောပြစမ်း၊ အမေ နားထောင်မယ်၊ မင်းအဖေကိုသာ မပြောနှင့်၊ သူ ကြိုက်မှာ မဟုတ်ဘူး'



www.burmeseclassic

www.burmeseclassic.com



'ဖေဖေ့ကိုတော့ ဘယ်တော့မှ ကျွန်တော် မပြောဘူး၊ ဖေဖေက သားကို ဘယ်တော့မှ အကောင်းထင်တာ မဟုတ်ဘူး၊ သား သိတယ်'

'အေး၊ ကိုယ့်အဖေကို ဒီလို မပြောရဘူး သားရဲ့၊ ကဲ သား ဖြစ်ခဲ့ တာကိုပဲ အမေ့ကို ပြောပါဦး'

မေမေသည်သာ အစဉ်သဖြင့် အကျွန်ုပ်ကို စိတ်ဝင်စားသည်ဟု အကျွန်ုပ် နားလည်နေပါသည်။

'အဲဒီ အရင်ဘဝတုန်းက သားက ရှင်ဘုရင်၊ ဗုဒ္ဓဘာသာကို ကိုးကွယ် ခဲ့တယ်၊ သားရဲ့ ဆရာတော်က ဝိဇ္ဇာမိုရ် ပုဂ္ဂိုလ် မေမေရဲ့၊ သိပ်စွမ်းတာပဲ၊ ဆရာတော်ရဲ့ ဘွဲ့က ဗားမဲ့ ဆရာတော်လို့ ခေါ်တယ်၊ အလွန် ထင်ရှားတဲ့ လောကီ ဝိဇ္ဇာ ဘုန်းကြီး တစ်ပါးပေါ့၊ အဲဒီတုန်းက ကျွန်တော် အင်းဝကနေ တပ်ချီပြီး တောင်ငူကို တိုက်ခိုက် သိမ်းယူဖို့အတွက် ဝိုင်းထားတယ်၊ ဒါပေ မဲ့ တောင်ငူကို တိုက်လို့ မရဘူး၊ တောင်ငူမှာ လောကီ အစီအမံတွေ လုပ် ထားတယ်၊ ဒီအကြောင်းကို တမန်လွှတ်ပြီး ဗားမဲ့ ဆရာတော်ကို လျှောက် ထားတော့ ဆရာတော်က ခံတက်ပင် ရှိရာ အရပ်မှာ တပ်ချပြီး တိုက်မှ ရမယ်လို့ အမိန့် ရှိတော်မူပါတယ်၊ ဒါနှင့် ခံတက်ပင် ရှိရာ အရပ်ကို လိုက်ရှာ တာ ဘယ်မှာမှ ရှာလို့ မရဘူး၊ တောင်ငူကို လောကီ အစီအမံ လုပ်ပေးတဲ့ ဝိဇ္ဇာ ဘုန်းကြီးကလည်း စွမ်းတယ်၊ သူက တောင်ငူ ပတ်ဝန်းကျင်မှာ ခံတက် ပင် ရှိသမျှ အကုန်လုံး ခုတ်ထွင် ရှင်းလင်းထားတယ်၊ တောင်ငူ ဆိုတာက ကိုး ဂဏန်း ရတယ်၊ ခံတက်နှင့် တပ်ချ ဆိုတဲ့ ပညတ်တွေကလည်း ကိုး ဂဏန်း ရတယ်၊ နဝင်းခွာတ် ဆင်ထားတာ မေမေရဲ့'

'ဟဲ့၊ ဘာလဲ နဝင်းခွာတ် ဆိုတာက'

'သားလည်း ကောင်းကောင်း မသိဘူး၊ နဝင်းတို့ ကက္ကင်းတို့ ဆိုတာ ခွာတ်စကားတွေ၊ ကြားဖူးတာပဲ ရှိတယ်၊ သိပ် မသိပါဘူး'

'ဟင် သားက ဒါတွေ ဘယ်က ကြားတာလဲ ဟင်'

'ခု ကြားတာ မဟုတ်ဘူး၊ အရင်ဘဝတုန်းက ကြားဖူးတာတွေကို မှတ်မိတာပါ မေမေ'

'အင်း၊ မေ့သားကတော့ ဖြစ်လိုက်ရင် အထူးအဆန်းတွေချည်းပဲ၊ ကဲ ဆက်ပြောပါဦး၊ နောက် ဘယ်လို လုပ်သလဲ'

မေမေသည် အကျွန်ုပ် ပြောပြသော ဒဏ္ဍာရီကို နားထောင်ချင်နေလေ ပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလို မေမေရဲ့၊ ခံတက်ပင်က ဘယ်မှာမှ ရှာမတွေ့ဘူး၊ နောက်ဆုံး သစ်လုံးတွေ ပုံထားတဲ့ သစ်ကွင်း တစ်ခုမှာ သစ်ပုံတွေကြားထဲ ပေါက်နေတဲ့ ခံတက်ပင်ကို တွေ့ရတယ်၊ ကံကောင်းလို့ပေါ့၊ မဟုတ်ရင် သားတို့ ပြေးရမှာ'

'အင်း၊ ခံတက်ပင် တွေ့တော့ အဲဒီနေရာမှာ တပ်ချရောလား'

'ဟုတ်တယ် မေမေ၊ အဲဒီနေရာမှာ တပ်ချမှ ညည လာတိုက်နေတဲ့ ဘီလူး သရဲ နာနာဘာဝတွေရဲ့ ရန်က ငြိမ်းအေးသွားတယ်၊ ဒါတောင် တောင်ငူကို တိုက်လို့ မရဘူး၊ ဒီအကြောင်းကို တမန်လွှတ်ပြီး ဆရာတော်ကြီးကို လျှောက်တော့ ဆရာတော်ကြီးက အဖြေ မပေးဘူး၊ ဝိနည်း သိက္ခာတွေ ကျိုးမှာ စိုးလို့ပေါ့'

'ဟဲ့၊ နင်က ဗုဒ္ဓဘာသာစကားတွေ တော်တော် တတ်နေပါကလား'

'တတ်တာပေါ့ မေမေရဲ့၊ သားက အရင်ဘဝကတုန်းက ဗုဒ္ဓဘာသာ၊ သာသနာ့ ဒါယကာ ရှင်ဘုရင် ဖြစ်ခဲ့တာပဲဟာ'

'အင်း မေ့သား အဖြစ်က မယုံရခက် ယုံရခက်ကြီးပါလား သားရယ်'

'မေမေ ယုံအောင် သားပြောနေတာ မဟုတ်ပါဘူး မေမေရဲ့၊ မေမေ သိရုံလောက် သားက ပြောတာပါ'

'အေး အေး ဒီတော့ ဗားမဲ့ ဆရာတော်က ဘယ်လို လုပ်ပေးသလဲ'

'မေမေ သားပြောတာ မယုံဘူးသာ ဆိုတယ်၊ စိတ်ဝင်စားနေတယ် မဟုတ်လား'

'အေး ဟုတ်တယ်၊ ဟုတ်တယ်၊ နေဦး ကွမ်းတစ်ယာ စားလိုက်ဦး မယ်၊ ဆက်ပြောပါဦး'

မေမေသည် ကွမ်းတစ်ယာ ဝါးပြီး အကျွန်ုပ်၏ စကားကို နားထောင်သည်။

'ဆရာတော်ကြီးက မင်းချင်းတို့ ရှေ့ကို ခေါင်းပေါ်မှာ ဒေါက်ချာကြီး ဆောင်းပြီး ထွက်လာတယ်'

'ဟဲ့ ဒေါက်ချာ ဆိုတာ ဘုန်းကြီး ဆောင်းရလို့လား၊ ရသေ့ ဆောင်းတာ မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါက ဆရာတော်က ဓာတ်ရိုက် ဓာတ်ဆင် အနေနှင့် ဆောင်းတာ၊ တကယ် ဆောင်းတာ မဟုတ်ဘူး မေမေရဲ့၊ ပြီးတော့ တမန် မင်းချင်းတွေ ရှေ့ရောက်တော့ ဆရာတော်က သူ့ခေါင်းက ဆောင်းထားတဲ့ ဒေါက်ချာကြီးကို ကြမ်းပေါ်ကို ပစ်ချလိုက်သတဲ့၊ ဒါကို မင်းချင်းတို့က ပြန်ပြီး



www.burmeseclassic

www.burmeseclassic.com



သံတော်ဦးတင်တဲ့အခါ ပညာရှိ မှူးမတ်များ၊ ပရောဟိတ် ဆရာများက အတိတ်ကောက်တော့ ထီးချရမယ်လို့ ပြောတာ ဖြစ်ကြောင်း အဓိပ္ပာယ်ကို သိရတယ်၊ ကဲ ဘယ်ဘုရားက ထီးကို ချရမလဲ မေးတော့ တောင်ငူနှင့် နေ့နံကိုက်တဲ့ ဘုရား၊ တန်ခိုးကြီးဘုရား မြတ်စောညီနောင် စေတီရဲ့ ထီးကို ချရမယ်လို့ ပညာရှိများက သံတော်ဦးတင်ကြတယ်'

'တောင်ငူနှင့် မြတ်စောညီနောင်က ဘယ်လိုများ နေ့နံကိုက်တာလဲ သားရဲ့'

'မေမေကလည်း တောင်ငူက နံသင့်ဂဏန်း (ကိုး)၊ မြတ်စောညီနောင်ကလည်း နံသင့်ဂဏန်း (ကိုး) ပဲ ရတယ်၊ ခံတက်လည်း (ကိုး) ပဲ၊ ဒေါက်ချာလည်း (ကိုး) ပဲ၊ ထီးချ ဆိုတာကလည်း (ကိုး) ပဲလေ၊ မေမေကလည်း ဗေဒင် ကိန်းဂဏန်းလိုပေါ့'

'အေး၊ ဟုတ်ပြီ ဟုတ်ပြီ၊ မေမေ သဘောပေါက်ပြီ၊ ဒါနှင့် သားက မြတ်စောညီနောင် စေတီရဲ့ ထီးကို ချရောလား'

'ရှင်ဘုရင် ဆိုတော့ ဘုရင့်အမိန့်နှင့် မြတ်စောညီနောင် စေတီတော်ကြီးရဲ့ ထီးကို ခေတ္တချပြီး တိုက်တာပေါ့၊ ဒီတော့မှ တောင်ငူကို အလွယ်တကူ ရတယ်'

'အေး၊ ဒါကြောင့် မေမေက သားကို လူဟောင်းလို့ ထင်ခဲ့တာပေါ့၊ ဒီအကြောင်းတွေကို သား ဘယ်သူ့ကိုမှ မပြောနှင့်နော်၊ အထူးသဖြင့် ဖေဖေ မသိစေနှင့် ကြားလား'

မေမေက အကျွန်ုပ်ကို နှုတ်ပိတ်ခဲ့ပါသည်။

ဤအချိန်ကတည်းက စပြီး အကျွန်ုပ် ရင်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ဘာသာခြား တစ်ယောက်ဟု ခံယူချင်သောစိတ် လုံးဝ မရှိ ဖြစ်ခဲ့ရလေသည်။ သို့သော် အကျွန်ုပ် စဉ်းစား၍ မရသော ပြဿနာ တစ်ရပ်လည်း ရှိခဲ့လေသည်။ ယခင်ဘဝက ဗုဒ္ဓဘာသာဝင် သာသနာပြု ပုဂ္ဂိုလ် တစ်ဦး ဖြစ်ခဲ့ပါလျက် ဘာအကြောင်းကြောင့် ယခုဘဝတွင် ဗုဒ္ဓဘာသာဝင် မဟုတ်သော မိဘများဝမ်းမှာ ပဋိသန္ဓေ ယူပါသနည်း။ ဤမေးခွန်း၏ အဖြေကို ငယ်စဉ် ကတည်းက အကျွန်ုပ် သိချင်ခဲ့သည်ဟု ထင်ပါသည်။

**မေမေ့ဇာတိ ရွာကလေး၏ တိမ်မြုပ်သွားသော သမိုင်းကလေး**

အကျွန်ုပ် ငယ်စဉ်ကတည်းက သိနားလည်ချင်ခဲ့သော နောက်သမိုင်း ဖြစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေး တစ်ခု ရှိပါသေးသည်။ မေမေ၏ ဇာတိချက်မြှုပ် ရွာကလေး၏ အမည်မှာ ဇာဒီပြင် ဖြစ်သည်။ (စေတီပြင်၏ ပေါရာဏ အခေါ် ဖြစ်သည်။) တောင်ကုန်းကလေးပေါ်မှာ ထုံးဖြူဖွေးဖွေး စေတီကလေးကား ယခုတိုင် (အကျွန်ုပ် ငယ်စဉ်ကာလတိုင်) ထီးထီးမားမား ရှိလေသည်။

အကျွန်ုပ် ငယ်စဉ်က အဘိုးအဘွားများ နေထိုင်ရာ ထိုရွာကလေးသို့ ရောက်တိုင်း ရွာဦးထိပ်က စေတီကလေး၏ အကြောင်းကို သိချင်နေခဲ့သည်။ ဤစေတီကလေးကို ဘယ်သူတွေ တည်ထားခဲ့သလဲ။ ရှေးအခါက ဤရွာသား ဘိုးဘွား ဘီဘင်များ တည်ထားခဲ့ခြင်း ဖြစ်နိုင်သည်။ ဘိုးဘွား အမွေအဖြစ် ဆက်လက် ထိန်းသိမ်းထားခြင်းကြောင့် ဖြစ်ပေလိမ့်မည်။ စေတီပြင် (ဇာဒီပြင်) ရွာ၏ အရှေ့ဘက်မှာ ကပ်လျက် ရွာတစ်ရွာ ရှိသည်။ ထိုရွာ၏ အမည်မှာ ကျောင်းတိုက်ရွာဟု ဖွင်သည်။ စေတီပြင်ရွာ၏ အနောက်ဘက်မှာ ချောင်း ခြားသော ရွာတစ်ရွာ ရှိသည်။ နတ်ပြင်ရွာ တွင်သည်။ အဘွားသည် အမှတ် အသား ကောင်းသော အဆင်ခြင်ဉာဏ် ရှိသော အမျိုးသမီးကြီး ဖြစ်သည်။ ပွဲကြည့်သော အခါမှာပင် အကျွန်ုပ်တို့အား 'ဟဲ့၊ ပွဲကြည့်တယ် ဆိုတာ ဘာဝနာ ဖြစ်အောင် ကြည့်၊ ကြည့်တတ်ရင် ဘာဝနာ၊ မကြည့်တတ်ရင် တဏှာ ဖြစ် တယ်' ဟု ဆုံးမတတ်သည်။

'အဘွား ဇာဒီပြင် ကျောင်းတိုက်နှင့် နတ်ပြင်ရွာက လူတွေဟာ အရင် တုန်းက ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြသလား မသိဘူးနော်' အကျွန်ုပ်က စူး စမ်းကြည့်မိသည်။

'ဟုတ်တယ် ငါ့မြေးရဲ့၊ ဟိုတုန်းကတော့ ဒီနေရာတွေဟာ ဗုဒ္ဓဘာသာ ဝင်တွေ နေခဲ့တဲ့ ရွာတွေ ဖြစ်လိမ့်မယ်၊ ရွာထိပ်မှာလည်း ဘုရားစေတီကလေး ခုထိ ရှိသေးတာ ကြည့်ပါလား'

ကျေးဇူးရှင် လယ်တီ မဟာထေရ်မြတ်က 'မိဘရိုးရာ ဗုဒ္ဓဘာသာဝင် အငယ်စားတို့သည် တစ်နေ့ တစ်ရက်မျှပင် စိတ်မချရ၊ ယနေ့ ဗုဒ္ဓဘာသာ နက်ဖြန် အခြား ဘာသာဝင် ဖြစ်သွားနိုင်သည်' ဆိုသော စကားသည် အကျွန်ုပ် ၏ ဘိုးဘေးများ ကိစ္စ၌ အလွန်အမင်း မှန်ကန်ကြောင်း သာဓက ထင်ရှား လှလေပြီ။

အကျွန်ုပ် ဗုဒ္ဓဘာသာ၌ သက်ဝင် ယုံကြည်သူ ဥပသကာ ဖြစ်လာ သော အခါဝယ် လယ်တီဆရာတော် ဘုရားကြီး၏ အဆုံးအမကို ရင်ထဲ အသည်းထဲ စွဲအောင် အထပ်ထပ် လေ့လာပြီး မှတ်သားလေသည်။ ဤသို့



www.burmeseclassic

www.burmeseclassic.com


လေ့လာ မှတ်သားခြင်းမှာ အကျွန်ုပ်၏ ရင်ထဲက ပြဿနာကို ဖြေရှင်းနိုင်ရန် အတွက် ဖြစ်၏။ ထိုပြဿနာကား ဤသို့ ဖြစ်၏။

'မိစ္ဆာ ဒိဋ္ဌိ အယူရှိသော တစ်ယောက်သော သူသည် မိမိ၏ မိစ္ဆာ အယူကို စွန့်၍ အဘယ်သို့သော ဗုဒ္ဓ ဘာသာတရားအတိုင်း လိုက်နာ ကျင့်ကြံ နိုင်မှသာ ဗုဒ္ဓဘာသာဝင်ဟု ခေါ်ထိုက်သနည်း'

ဤမေးခွန်းသည် မိဘရိုးရာ ယုံကြည် ကိုးကွယ်မှု၊ ချစ်သူ၏ ယုံကြည် ကိုးကွယ်မှုများကို စွန့်၍ ဗုဒ္ဓဘာသာ တရားများကို ခံယူ ကျင့်သုံးလာသူ အကျွန်ုပ်အား တစ်စုံတစ်ယောက်သော သူက မေးမြန်းသော နှလုံးစမ်း မေးခွန်း နှင့် တူနေပါသည်။ စင်စစ်မူ ထိုမေးခွန်းကို မန္တလေးမြို့ ပညာရုံးစာရေးကြီး ဦးသော်သည် လယ်တီ ဆရာတော်ဘုရားကြီးအား မေးမြန်းခဲ့သော မေးခွန်း ဖြစ်လေသည်။* စာရေးကြီး ထိုမေးခွန်းကို မေးစဉ်က မည်သူ တစ်စုံ တစ် ယောက်ကို အကြောင်းပြု ရည်ညွှန်း၍ မေးခဲ့လေသနည်း ဆိုသည်ကိုမူ အကျွန်ုပ် မသိပါ။ သို့သော် ယခုမူ ထိုမေးခွန်းသည် အကျွန်ုပ်အား တိုက်ရိုက် ရည်ညွှန်း နေဟန် တူပါ၏။

ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အဖြစ်သို့ ရောက်ခြင်းသည် သာသနာတွင်းသား ဗုဒ္ဓဘာသာဝင် အစစ်ဖြစ်ခြင်း နှင့် တူသည်ဟု ဆိုနိုင်ပြီလား။ ဤမေးခွန်းသည် မိမိ၏ ရင်တွင်းသို့ ရောက် လာလေပြီ။

လယ်တီ ဆရာတော်မြတ်သည် ဦးသော် မေးသော ထိုမေးခွန်းကို အဖြေ ပေးတော်မူခဲ့လေသည်။ ထိုအဖြေသည် အကျွန်ုပ် အတွက်လည်း အင် အား ရှိသော ယုံကြည် လက်ခံဖွယ် ကောင်းသော အဖြေစကား ဖြစ်လာခဲ့ လေသည်။ ဆရာတော်ကြီး ဖြေပုံမှာ ဤသို့ ဖြစ်၏။

(၁) ဒသဝတ္ထုက ကမ္မသကတဉာဏ် အမြင် စင်ကြယ်၍ ပဋိစ္စသမုပ္ပာဒ် တရားတို့ကို လိုက်နာနိုင်မှ 'ဗုဒ္ဓဘာသာဝင်' ဟူ၍ ခေါ်ထိုက်သည်။

ဤအဖြေစကားအရ ဆိုလျှင် ဒသဝတ္ထုက ကမ္မသကတဉာဏ်လည်း စင်စင်ကြယ်ကြယ် ရှိရမည်။ ပဋိစ္စသမုပ္ပာဒ် တရားကိုလည်း သိမြင် နားလည် သော ဉာဏ်အမြင် ရှိရမည်။ သို့မှသာ 'ဗုဒ္ဓဘာသာဝင်' ဟု ခေါ်ထိုက်ရုံ ရှိ သေးသည်။ ဤတွင် လယ်တီ ဆရာတော်ကြီးက မိစ္ဆာဒိဋ္ဌိ အယူကို စွန့်ပယ်၍

---

* ဥတ္တမ ပုရိသ ဒီပနီ (ဟံသာဝတီ)၊ လယ်တီ ဆရာတော်၊ စာ ၁၅၈ – ၁၆၀



www.burmeseclassic

www.burmeseclassic.com


သမ္မာဒိဋ္ဌိ ဉာဏ်အမြင် ပေါ်ပေါက်ရေးတွင် ပဋိစ္စသမုပ္ပာဒ်ကို ဓာတ်ကွဲအောင် ဓာတ်ပေါက်အောင် မြင်နိုင်သော ပညာရှိဖို့ အရေးကြီးပုံကို ဟောတော်မူသည်။ ဆရာတော်ကြီး ဆိုပုံမှာ –

(၂) လောက၌ မိစ္ဆာဒိဋ္ဌိ ဟူသမျှကို ပဋိစ္စသမုပ္ပာဒ် ပညာသည် ပယ်ပျောက်စေနိုင်၏။ မိစ္ဆာဒိဋ္ဌိ ဟူသမျှသည် ပဋိပစ္စသမုပ္ပာဒ် ပညာ မရှိသူတို့၌သာ ဖြစ်နိုင်၏။ ယခုအခါ ပဋိစ္စသမုပ္ပာဒ်ကို ဓာတ်ကွဲအောင် ဓာတ်ပေါက်အောင် မြင်နိုင်သော ပညာသည် အလွန် လိုအပ်၏။ (ထိုသူသည် ဗုဒ္ဓဘာသာဝင် အလတ်စား ဖြစ်၏။)

(၃) ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် (သစ္စာဉာဏ်) ကို ရသော ပုဂ္ဂိုလ် ဖြစ်မှသာ ထိုပုဂ္ဂိုလ်သည် ဗုဒ္ဓဘာသာဝင် အကြီးစား ဖြစ်၏။

(၄) ပရမတ္ထ 'ဗုဒ္ဓဘာသာဝင် အစစ်' သည်ကား သစ္စာလေးပါးကို ပေါက်ရောက်ပြီးသော 'သောတာပန် ပုဂ္ဂိုလ်' ဖြစ်မှသာ ပရမတ္ထ ဗုဒ္ဓဘာသာဝင် အစစ်ပေတည်း။ အဘယ်ကြောင့်ဆိုသော် ထိုသူသည် နောက် နောက်ဘဝတို့၌လည်း သဗ္ဗညုတ ဗုဒ္ဓသရဏဂုံ အပြီး မြဲပေသောကြောင့်တည်းဟု ဟောတော်မူခဲ့လေသည်။

ဤတွင် ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်လိုသူသည် ဒသဝတ္ထုက သမ္မာဒိဋ္ဌိကို သိအပ်၏။ ဒသဝတ္ထုက သမ္မာဒိဋ္ဌိကား ကမ္မသက သမ္မာဒိဋ္ဌိ ဖြစ်၏။ ကံ – ကံ၏ အကျိုးကို ယုံကြည်မှု ဖြစ်၏။ ၁။ ပေးကမ်း လှူဒါန်းခြင်းသည် အကျိုး ရှိ၏။ ၂။ လက်ဦးလက်ဖျား လှူဒါန်းခြင်းသည် အကျိုးရှိ၏။ ၃။ ကြီးကြီးကျယ်ကျယ် ပေးလှူ ပူဇော်ခြင်းလည်း အကျိုးကြီး၏။ ၄။ သုစရိုက် ဆယ်ပါး၌ ကောင်းကျိုး ရှိ၍ ဒုစရိုက် ဆယ်ပါး၌ မကောင်းကျိုး ရှိ၏။ ၅။ ဤ လူ့ဘုံလောကသည် ရှိ၏။ ၆။ ဤ လူ့ဘုံလောကမှအပ နတ်ဘုံ၊ ငရဲဘုံများလည်း ရှိ၏။ ၇။ အမိကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် ကောင်းကျိုးပေး၏။ အမိကို ပြစ်မှား လွန်ကျူးခြင်းသည် ဆိုးကျိုးပေး၏။ ၈။ အဖ၌ လုပ်ကျွေး မွေးမြူခြင်းသည် ကောင်းကျိုး ရှိ၏။ အဖ၌ ပြစ်မှား ကျူးလွန်ခြင်းသည် ဆိုးကျိုး ရှိ၏။ ၉။ လောက တစ်ပါးမှ အခြား လောက တစ်ပါးသို့ ပြောင်းရွှေ့၍ ပဋိသန္ဓေ စွဲနေကုန်သော သတ္တဝါတို့သည် ရှိ၏။ ၁၀။ ဤ လောက၌ သူတော်ကောင်း တရားကို ကျင့်ကြံ ပွားများ အားထုတ်ကြကုန်သော၊ ဤလောကကို လည်းကောင်း၊ တမလွန် လောကကို လည်းကောင်း (ထူးသော ဉာဏ်ဖြင့်) ကိုယ်တိုင် မျက်မှောက်ပြု၍ ဟောကြားကြကုန်သော



www.burmeseclassic

www.burmeseclassic.com



ရဟန်း၊ ပုဏ္ဏား၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ အရိယာ သူတော်ကောင်းများလည်း ရှိ၏။* ဤ ဆယ်ပါးသော တရားတို့ကို ယုံကြည်ခြင်းသည် ဒသဝတ္ထုက သမ္မာဒိဋ္ဌိ ဖြစ်၏။ လယ်တီ ဆရာတော်က –

'ဤဒသဝတ္ထုက သမ္မာဒိဋ္ဌိကား လောကီ ပညာရှိ သူတော်ကောင်းတို့ သိကြ မြင်ကြ ပညတ် ပြောဟောကြသော ကမ္ဘာ့ အရိုးအစဉ်ကြီးပေတည်း၊ ဤ သမ္မာဒိဋ္ဌိ တည်လျှင်ပင် ဗုဒ္ဓဘာသာဝင် ဆိုရပြီ' ဆို၏။

ဤလောက၌ မိစ္ဆာဒိဋ္ဌိ ဟူသမျှတို့ကို ပဋိစ္စသမုပ္ပာဒ် ပညာသည် ပယ်ဖျောက်နိုင်၏။ မိစ္ဆာဒိဋ္ဌိ အယူ ဟူသမျှသည် ပဋိစ္စသမုပ္ပာဒ် ပညာ မရှိသော သူတို့၌သာ ဖြစ်နိုင်၏။ ယခုအခါ ပဋိစ္စသမုပ္ပာဒ်ကို ဓာတ်ကွဲအောင်၊ ဓာတ်ပေါက်အောင် မြင်နိုင်သော ပညာသည် အလွန် လိုလှ၏။ ထို ပညာရှိသော သူကား 'ဗုဒ္ဓဘာသာဝင် အလတ်စား' ဖြစ်ကြောင်း ပြဆိုထားလေသည်။ ပုဂ္ဂိုလ်ခွဲခန်းတွင် ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်ကို ရမှသာ 'ဗုဒ္ဓဘာသာဝင် အကြီးစား' ဖြစ်ကြောင်း ပြတော်မူသည်။

ဤတွင် ဆရာတော်ကြီး၏ အောက်ပါ မှတ်ချက် စကားသည် မှတ်သားထိုက်လှပေ၏။

'ဗုဒ္ဓဘာသာဝင် အလတ် အကြီးတို့သည်ပင်လျှင် ယခု ဘဝမှာသာ စိတ်ချရသည်၊ ဗုဒ္ဓဘာသာဝင် အငယ် (ကမ္မဿကတဉာဏ်လောက်သာ ရှိသောသူ) သည်ကား တစ်နေ့ တစ်ရက်မျှပင် စိတ်မချရ' ဟု မိန့်တော်မူလေသည်။

ဆရာတော်ကြီး၏ ပြတ်သား ထင်ရှားသော ဤမှတ်ချက် စကားတို့သည် အကျွန်ုပ်အား ဘာဖြစ်သင့်သည်၊ ဘာလုပ်သင့်သည်ကို လမ်းညွှန်ပြနေသည်နှင့် တူပါ၏။ ဆရာတော်ကြီးက ပရမတ္ထ ဗုဒ္ဓဘာသာဝင်ကိုမှ ချီးမွမ်းတော်မူသည်။ 'ထိုသူသည် သေလွန်၍ ဗုဒ္ဓဘာသာ မရှိရာ မိစ္ဆာဒိဋ္ဌိ အမျိုးမှာ ဖြစ်သည့်တိုင် ဆယ်လ အရွယ် တစ်နှစ် အရွယ် စကား ပြောတတ်သည့်အခါ ဗုဒ္ဓသရဏဂုံကို သင် စွန့်ရမည်၊ ငါတို့ ကိုးကွယ်ရာ ဆရာကို သင် ကိုးကွယ်ရမည်၊ မကိုးကွယ်လျှင် သင်၏ ဦးခေါင်းကို ဖြတ်မည်၊ ကြီးစွာသော မီးပုံကြီးထဲကို သင့်အား ထည့်မည် ဆိုလျှင်ပင် မီးပုံထဲသို့ အထည့်ခံလတ္တံ့၊ နိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် ဘာသာတရား ပြောင်းခြင်း မရှိပြီ' ဟု ဆရာတော် မိန့်တော်မူပါသည်။ ပရမတ် ဗုဒ္ဓဘာသာဝင် အစစ်သည် ဗုဒ္ဓသရဏဂုံ မြဲပြီးသူ

* ဥတ္တမ ပုရိသ ဒီပနီ (ဟံသာဝတီ)၊ လယ်တီဆရာတော်၊ စာ ၁၅၉



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်းကို ဝိနည်းမှာ ဟောတော်မူသည် ဆို၏။*

ထိုနောက် လယ်တီ ဆရာတော် ဘုရားကြီးက တစ်ပါးသော ဘာသာမှ ဗုဒ္ဓဘာသာသို့ ဝင်ပါပြီ ဆိုသူ၏ သဘောကိုလည်း အောက်ပါအတိုင်း ဟောတော်မူထားပါသည်။

ဆရာတော်ကြီး၏ ဤဟောကြားချက်သည် အလွန် မှန်၏။ ကိုယ်တွေ့ ဖြစ်၏။ အကျွန်ုပ်ကို တစ်စုံတစ်ယောက်သော သူက အကျွန်ုပ်၏ ရုပ်အဆင်း အင်္ဂါကို ကြည့်ပြီး 'ခင်ဗျား ဘာသာခြားလား' ဟု အမေးခံရလျှင် အကျွန်ုပ် သည် အလွန် နှလုံးနာမိတတ်ပါ၏။ 'ခင်ဗျား ဗုဒ္ဓဘာသာပဲလား' ဟု မေးလျှင် မူကား အလွန်အမင်း နှလုံးရွှင်လန်းခြင်း ဖြစ်သည်လည်း အမှန်ပင် ဖြစ်ပါ၏။

**ဗုဒ္ဓဘာသာဝင်တို့ သိသင့် သိထိုက်သော တရား**

ဗုဒ္ဓဘာသာဝင် အဖြစ်ကို ခံယူပြီးနောက် မိမိသည် ရိုးရာ ဗုဒ္ဓဘာသာဝင်များ လို ကမ္မသကတဉာဏ်လောက်ဖြင့် ဗုဒ္ဓဘာသာဝင် အငယ်စား၊ အညံ့စား ဖြစ် ရမည်ကို လုံးဝ မလိုလားသော စိတ်သည် ဖြစ်၏။ ထိုကြောင့် ပရမတ် ဗုဒ္ဓ ဘာသာ အစစ်ဖြစ်အောင် လုပ်ရမည်။ အသေမဦးမီ ဉာဏ်ဦးအောင် လုပ်ရ မည်ဟု သန္နိဋ္ဌာန်ကို ခိုင်ခိုင်မာမာ ချခဲ့လေသည်။ ကောင်းပြီ၊ ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်အောင် ဘာ ဆက်လုပ်ရမလဲဟု သိချင်လာပြန်သည်။

ထိုအခါ လယ်တီ ဆရာတော်ကြီးကပင် အကျွန်ုပ်အား လမ်းညွှန်ချက် ပေးပြန်လေသည်။

သိသင့်သိထိုက်သော တရားမှာ 'အန္ဓပုထုဇဉ် အဖြစ်မှ လွတ်၍ ကလျာ ဏ ပုထုဇဉ် အဖြစ်သို့ ရောက်ရန်' တစ်ဆင့်တက်၍ အားထုတ်ရဦးမည် ဖြစ် ကြောင်းကို ဆရာတော် ဆိုထားပါသည်။

ဆရာတော်က ဗုဒ္ဓဘာသာဝင် အစစ်ဖြစ်ရေးတွင် သိသင့်သိထိုက်သော တရားများကို အောက်ပါအတိုင်း ညွှန်ပြတော်မူထားလေသည်။

'ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပာဒ်၊ သစ္စာ၊ သတိပဋ္ဌာန် စသော တရားစုသည် ဗုဒ္ဓဘာသာမှာမှ ရှိသော တရားစု ဖြစ်၍ ဗုဒ္ဓဘာသာဝင် ဆို လျှင် ထိုတရားတို့ကို သိကျွမ်းလိမ္မာမှ ဗုဒ္ဓဘာသာဝင်ဟု ဆိုစလောက်သည်။ ဒါနမှုမျိုး၊ သီလမှုမျိုး၊ ကသိဏ်းဘာဝနာ၊ ဗြဟ္မာ့ ဝိဟာရ ဘာဝနာ ကသိဏ်း

* ဥတ္တမ ပုရိသ ဒီပနီ (ဟံသာဝတီ)၊ လယ်တီ ဆရာတော်၊ စာ ၁၆၀



www.burmeseclassic

www.burmeseclassic.com



ရှာန် ဟူသော ဘာဝနာမှုမျိုး စသည်တို့ကား ကမ္ဘာစဉ်ဆက် လာခဲ့သော ကမ္ဘာ့ တန်ဆာ တရားစု ဖြစ်သည်။

- မြတ်စွာဘုရား ပွင့်မှ ရရှိသော တရားကား ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပာဒ် တရားစုပေတည်း။
- ဗုဒ္ဓဘာသာဝင် ဆိုလျှင် မြတ်စွာဘုရား ပွင့်မှ ရှိသော တရားစုကို အထူး သိကျွမ်း လိမ္မာအောင် အားထုတ်ရာသတည်း။
- ယခု ဘဝ၌ ဘာသာတစ်ပါးတို့ မလှုပ် ချောက်ချားနိုင်စေခြင်းငှာ သိအပ် နှလုံးသွင်းအပ်သော တရားကား 'ပဋိစ္စသမုပ္ပာဒ်တရား' ပေတည်း။
- နိဗ္ဗာန် ရသည့်တိုင်အောင် ဖြစ်လေရာ ဘဝ အဆက်ဆက်တို့၌ ဘာသာတစ်ပါးတို့ မလှုပ် ချောက်ချားနိုင်စေခြင်းငှာ ထိုးထွင်း၍ သိအပ်သော တရားကား 'သစ္စာလေးပါးတရား' ပေတည်း။

ဤကား ရှေ့ဆက်ရမည့် ခရီးတွင် အကျွန်ုပ် လျှောက်လှမ်းသွားအပ်သော ဉာဏ်လမ်းကို ပြည့်ွန်တော်မူသော လမ်းညွှန်တရားနှင့် တူပေသည်။

အကျွန်ုပ် လျှောက်လှမ်း၍ သွားရမည့် ဉာဏ်လမ်းကား ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပာဒ် တရားတို့၌ ကျွမ်းကျင်အောင် အားထုတ်ပြီး မိမိကိုယ်ကို အန္ဓ ပုထုဇဉ်မှ ကလျာဏ ပုထုဇဉ်၊ ကလျာဏ ပုထုဇဉ် (စူဠသောတာပန်) မှ မဟာသောတာပန် ဘုံစဉ်စံ အဆင့်အထိ ရောက်အောင် လူပုဂ္ဂိုလ် အဖြစ်ဖြင့် အားထုတ်ရမည် ဖြစ်၏။ ရဟန်းဘဝသို့ ရောက်မှုကား ဤဘဝမှာပင် အကျွန်ုပ်သည် ဒုလ္လဘတရား ငါးပါးနှင့် ပြည့်စုံနိုင်သူ ဖြစ်အောင် အားထုတ် လုပ်ဆောင်နိုင်သူ ဖြစ်ရပေတော့မည်။ ယခုအခါ အကျွန်ုပ်သည် မနုဿတ္တ ဒုလ္လဘနှင့်လည်း ပြည့်စုံနေပြီ။ သာသနာတော်ကြီးနှင့် ကြုံကြိုက်ရသော ဗုဒ္ဓုပ္ပါဒ ဒုလ္လဘနှင့်လည်း ပြည့်စုံနေပြီ။ ၅၈ နှစ်က စ၍ ရဟန်း အဖြစ်သို့ ရောက်ရှိပြီး ဖြစ်၍ ပဗ္ဗဇိတ ဒုလ္လဘကိုလည်း ရပြီးပြီ။ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘနှင့် သဒ္ဓမ္မသဝနအတိ ဒုလ္လဘနှင့် ပြည့်စုံအောင် အားထုတ်ဖို့ အလုပ်သည်သာ အကျွန်ုပ်အဖို့ ရှေ့မှာ လုပ်ဖွယ် ကိစ္စအဖြစ် ကျန်ရှိနေပေတော့သည်။

အကျွန်ုပ်သည် ယခုအခါ ရှေ့ဆက်ရမည့် ခရီးကို ရှေ့မှာ လှမ်းမျှော်ကြည့်တတ်နေပြီပဲ။ ထိုလမ်းကိုလည်း ခပ်လှမ်းလှမ်း လက်တစ်ကမ်းလောက်မှာ မြင်ရနေပြီပဲ။ ထိုလမ်းပေါ်မှာ တည်ကြည် နိုင်ခဲ့သော သမာဓိ စိတ်ထားဖြင့် သုတဗုဒ္ဓိ ဉာဏ်မျက်စိကို အသုံးပြုကာ မသေမီစပ်ကြား ရထားသော အချိန်

www.burmeseclassic.com



ကလေးတွင် အစွမ်းကုန် ကြိုးပမ်း၍ လျှောက်လှမ်းသွားရပေတော့မည်။ ခရီး ဘယ်မျှ ရောက်ခဲ့သည်ကိုမူ နောက်လူတို့ကသာ ဆုံးဖြတ်တော်မူကြရန် အတွက် သမိုင်းကွက်လပ် တစ်ခု အဖြစ် ထားခဲ့ပေတော့အံ့။

ပထမဦးစွာ ဗုဒ္ဓဘာသာဝင် အစစ် (genuine buddhist) သို့မဟုတ် ပရမတ် ဗုဒ္ဓဘာသာ အရိယာ နွယ်ဝင် သူတော်စင် ဖြစ်ဖို့က အရေးကြီးသည်။ ရခဲလှစွာ လူ့ဘဝကိုလည်း ရခဲ့ပြီးမှ ကြုံခဲလှစွာ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘနှင့်လည်း ကြုံခဲ့ပြီးမှ အပါယ်ကျသွားရသည် ဆိုလျှင် ဉာဏ်နည်းရာ ကျလွန်းသည်။ လူဖြစ်ရှုံးခြင်း ဖြစ်၍ ရှက်ဖို့လည်း ကောင်းသည်။ ထို့ကြောင့် သံသရာ ခရီး သွား အချင်းချင်း ရိုင်းပင်းနိုင်ရန် ရှေ့ဆက်ရမည့် ခရီးတွင် အကျွန်ုပ်သည် အကြားအမြင် များသော၊ သစ္စာဉာဏ် ပွင့်သော၊ အပါယ်တံခါး တစ်ဘဝ ပိတ်သော ကလျာဏ ပုထုဇဉ် ထွန်းကားရေးကို ဆောင်ရွက်တော့မည်ဟု ဆုံးဖြတ်ချက်ချပြီး ဖြစ်လေသည်။ မိမိကိုယ်တိုင်ကမူ ပရမတ္ထ ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်ပြီး ဤဘဝကိုပင် သံသရာ၏ နောက်ဆုံးဘဝ ဖြစ်ပြီဟု ကြွေးကြော် နိုင်အောင် အားထုတ်တော့မည်ဟုလည်း ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီး ဖြစ်၍ စည်းစိမ်ဥစ္စာတို့ဖြင့် ပျော်ရာ ကိလေသာ နှောင်အိမ်ထဲက ရုန်းထွက်ခဲ့ပြီးပြီ။ ပဗ္ဗဇိတ ဒုလ္လဘကိုလည်း ရခဲ့ပြီးပြီ။ ထို့ကြောင့် မသေသေးမီ နောက်ကာလဝယ် ဆန်းလွင်ခေါ်ဆို ထိုရုပ်နာမ်အစုသည် ကံလမ်းကို စွန့်ခွာလျက် ဉာဏ်လမ်း ပေါ်လျှောက် လူတစ်ယောက် ဖြစ်အောင် ပြောင်းလဲနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဆန်းလွင်သည် ယခုအခါ မြတ်ဗုဒ္ဓ၏ သားတော် ရှင်အာဒိစ္စရံသီ (နေမင်း၏ အလင်းရောင်) ဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## ၃။ ဆုကြီးပန်၏ အကြောင်းအင်္ဂါ စေတနာကို သုံးသပ်ခြင်း

ဆရာမကြီး ဒေါ်ခင်မျိုးချစ် မကွယ်လွန်မီက မကျန်းမမာ ဖြစ်လျက်ကပင် အကျွန်ုပ်အပေါ် ကြီးမားသော စေတနာ ခင်မင်မှုဖြင့် ရေးပေးသွားသော 'ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' အပေါ် သုံးသပ်ချက် (သူ၏ ထင်မြင်ချက်) ကို အကျွန်ုပ် ရင်ထဲမှာ အစဉ် သတိရ အောက်မေ့နေရလေသည်။ ထိုစာကြောင်းကို သတိရတိုင်း အကျွန်ုပ် ၏ နှုတ်ဝယ်ထား၍ ရေရွတ်နေမိ၏။

Sun Lwin ends his autobiography with his final confirmation in Buddhist faith. But it is not yet the end. He said he still has much more to say. His intellect has now found a wide range of study and contemplation, and his dissertation in Buddhism the reader is left with hopeful expectation of what he is to come.

ဆရာမကြီး၏ မှတ်ချက်သည် လိမ္မာပါးနပ်သော စကားလုံးများဖြင့် နှစ်သက်စဖွယ် စီခြယ်ထားလေသည်။ အင်္ဂလိပ်စာ မကျွမ်းသူတို့ ခံစားရအောင် ဘာသာပြန်ပြပါမည်။ ဘာသာပြန်လျှင် –

'ဆန်းလွင်ကတော့ သူ့ရဲ့ အတ္ထုပ္ပတ္တိ စာတမ်းကို နောက်ဆုံး၌ ဗုဒ္ဓ ဘာသာကို အခိုင်အမာ သက်ဝင် ယုံကြည်သူ ဖြစ်ကြောင်း အတည်ပြု ပြောဆို ပြီးနောက် အဆုံးသတ်ထားတယ်၊ ဒါပေမဲ့ ဒါက အပြီးသတ် အဆုံးတော့ မဟုတ်သေးပါဘူး၊ သူက သူ့မှာ ပြောစရာတွေ အများကြီး ကျန်သေးတယ် လို့လည်း ဆိုထားတယ်၊ ခုဆို သူ့ဉာဏ်ဟာ ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး အကျယ်တဝင့် ဆည်းပူး လေ့လာထားတာတွေ၊ တွေးတော ဆင်ခြင်ထား

www.burmeseclassic.com



တာတွေ၊ ပြောစရာတွေနှင့် ကျယ်ပြန့်နေလောက်ပြီ၊ ဒီတော့ စာဖတ်သူကို သူ့စာဟာ သူ ဘာတွေများ ဆက်ပြီး ပြောဦးမလဲ ဆိုတဲ့ မျှော်လင့်ချက်နှင့် စောင့်စားပြီး ကျန်ရစ်စေပါတော့တယ်'

ဒါက ဆရာမကြီး ရေးသွားသည့် စာ၏ လုံးကောက် အဓိပ္ပာယ်ပါ။ အမှန်မှာ ဆရာမကြီးက စကားတတ်လို့ ပါးနပ်လို့ သွယ်သွယ်ဝိုက်ဝိုက် ဖုံးဖုံးဖိဖိနှင့် သူ့ရင်ထဲက ပြောချင်တာတွေကို သိသာသိစေ မနာစေနှင့် ဟူသော စေတနာ အရင်းခံဖြင့် ပြောဆိုထားသည်။ ဆရာမကြီး ပြောသွားသော စကားလုံးတွေ နောက်မှာ အကျွန်ုပ် သိစေလိုသော ဂမ္ဘီရ အနက်အဓိပ္ပာယ်တွေ ပါနေသည်ဟု အကျွန်ုပ်၏ ဒဿနဉာဏ် ဦးနှောက်က ထိုးထွင်း၍ သိနေသည်ဟု ထင်ပါသည်။ အကျွန်ုပ်အား ဆရာမကြီးက သိစေလိုသော စေတနာ အနက်ကို အကျွန်ုပ်သည် အကျွန်ုပ်၏ ပင်ကို သဘာဝအတိုင်း အဖြောင့် နားလည်အောင် ကြိုးစားကြည့်သည်။ အဖြောင့် ဆန့်ပြီး တွေးလိုက်သော အခါဝယ် ဆရာမကြီး ရင်ထဲမှာ ပြောချင်သော၊ အကျွန်ုပ်ကို သိစေချင်သော စကားများကို အကျွန်ုပ်၏ ဉာဏ်နားထဲမှ ဆတ်ဆတ် ကြားလာရလေသည်။ ကြားရပုံကို ပြောပြချင်ပါသည်။

'ဆန်းလွင်၊ မင်းကတော့ ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် ဖြစ်ပြီလို့ မင်းကိုယ်ကို မင်းက အခိုင်အမာ ယုံနေပေမဲ့ မင်းဟာ ဗုဒ္ဓဘာသာဝင် အစစ် ပရမတ် ဗုဒ္ဓဘာသာဝင်တော့ မဖြစ်သေးပါဘူး၊ ဖြစ်ဖို့တော့ လိုပါသေးတယ်ကွာ၊ ဒါပေမဲ့ ငါ ယုံကြည်ထားတယ်၊ မင်းဟာ ဗုဒ္ဓဘာသာဝင် စစ်စစ် (ပရမတ် ဗုဒ္ဓဘာသာဝင်) မဖြစ် ဖြစ်အောင် အားမထုတ်ဘဲနှင့်-ဘယ်နည်းနှင့်မှ နေမှာ မဟုတ်ဘူး၊ ဒီတစ်ခါဆိုရင် မင်းဟာ အရင်တုန်းကလို ကံလမ်းပေါ်လျှောက် လူတစ်ယောက် ဆိုတဲ့ အညံ့စား ဗုဒ္ဓဘာသာဝင် တစ်ယောက် ဘဝကနေ ဝိပဿနာ ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် အဖြစ်နှင့် အဆင့်မြင့် အထက်တန်းစား ဗုဒ္ဓဘာသာဝင် စစ်စစ် တစ်ယောက် ဖြစ်အောင် လျှောက်လှမ်းဦးမှာပါ၊ အဲဒီလို ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် ဖြစ်သွားတဲ့ အခါကျရင် မင်း လေ့လာ သိရှိခဲ့တာတွေ၊ တွေးခေါ် မြော်မြင်ခဲ့တာတွေ၊ ဆင်ခြင် သုံးသပ်ခဲ့တာတွေ၊ အကျယ်တဝင့် ပြောဆိုချင်တာတွေကို ပြောပြနိုင်တဲ့ မင်းရဲ့ ဉာဏ်အမြင်ကလည်း ကျယ်ပြန့်လာတော့မှာမို့ မင်း နောက်ထပ် ဘာတွေ ပြောဦးမလဲ ဆိုတာကို တို့များ မင်း ပရိသတ်တွေက မျှော်လင့်ချက်များနှင့် စောင့်စားလျက်ပါပဲကွယ်'



www.burmeseclassic

www.burmeseclassic.com



အကျွန်ုပ် ရင်ထဲမှာ ဆရာမကြီး ရင်ထဲက လမ်းညွှန်ချက်များနှင့် အားပေးထားသော စေတနာ စကားများကို ကောင်းစွာ ခံစားပြီး ကောင်းကောင်း နားလည်လိုက်သည်ဟု ဆိုချင်ပါသည်။ ဆရာမကြီး၏ စာထဲမှာ 'သူ့စကားတွေ မဆုံးသေးပါဘူး၊ သူ နောက်ထပ် ဆက်ပြီး အများကြီး ပြောစရာ ကျန်နေသေးတယ်' ဟု ဆိုထားသည်။

**But it is not yet the end. He still has much more to say.**

ဆရာမကြီး အကျွန်ုပ်ကို ပြောသွားသော နိမိတ်ပြ စကားကလည်း အကျွန်ုပ်၏ ရင်ထဲ အသည်းထဲမှာ နှလုံးခိုက် ကျန်ရစ်စေပါသည်။ အကျွန်ုပ်၏ ရင်ထဲ အသည်းထဲမှာ ညင်သာ တီးတိုး တိုက်တွန်း အားပေးနေသော ဆရာမကြီး၏ အသံကို အကျွန်ုပ် နားက ပဲ့တင်သံနှင့်အတူ ကြားနေပါသည်။

'ပြောဦး ဆန်းလွင်၊ ပြောပါဦး၊ တို့များ မင်းပြောမယ့် စကားတွေကို ကြားချင်လို့ နားထောင်နေကြပါသေးတယ်'

ဤအသံသည် အကျွန်ုပ် ဆရာမကြီး အနားသို့ ရောက်စဉ်က မသေခင် ကိုယ်တိုင်ကိုယ်ကျ ပြောနေသလို အကျွန်ုပ်နားထဲမှာ ကြားယောင်နေလေသည်။

'ခုဆို သူ့ဉာဏ်ဟာ ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး အကျယ်တဝင့် လေ့လာထားတာတွေ၊ တွေးတော ဆင်ခြင်ထားတာတွေ၊ ပြောစရာတွေနှင့် ကျယ်ပြန့်နေလောက်ပြီ' ဟုလည်း ရှေ့ကို ကြိုမြင် သုံးသပ်ထားသည်။

**His intellect has now found a wide range of study and contemplation and his dissertation in Buddhism** ဆိုသော ဆရာမကြီး၏ စကားကလည်း အကျွန်ုပ်၏ ဉာဏ်ဦးနှောက်ကို မြင့်မြောက်သွားအောင် ထိုးဆွ မြှင့်တင်ပေးလိုက်သလို ခံစားရသည်။

ထိုစကားသည် အကျွန်ုပ်အား များစွာ နှလုံးပွားစေခဲ့လေသည်။ ယခုအခါ အကျွန်ုပ်သည် ယခင်ကလို မိစ္ဆာဒိဋ္ဌိ တံတိုင်းများကို ကျော်ဖြတ်ဖို့ ကြိုးစားနေရသူ မဟုတ်တော့ပါ။ သဒ္ဓမ္မသဝန အတိ ဒုလ္လဘ သာသနာထဲကို ရောက်နေပြီ ဖြစ်၏။ ဤသာသနာကား ပရိယတ္တိ သာသနာလည်း ဖြစ်၏။ ပဋိပတ္တိ သာသနာလည်း ဖြစ်၏။ ပဋိဝေဓ သာသနာလည်း ဖြစ်၏။ ဘဝ အဆက်ဆက်ကမူ အကျွန်ုပ်၏ နားထဲမှာ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ မာနမီး၊ ဒိဋ္ဌိ ကိလေသာမီး ပွားစည်းစေသော အသံတို့ကိုသာ ဆူညံစွာ ကြားနေခဲ့ရလေသည်။ ထိုမီးအစု လွတ်ငြိမ်းမှုကို ပြုသော အသံမျိုးကား အကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



၏ နားမှာ သီလာဖူးသည်ပင် မရှိခဲ့။ ယခုဘဝကျမှပင် အကျွန်ုပ်၏ နားထဲမှာ သံသရာ မီးငြိမ်းရန် အသံများကို စတင်၍ ကြားရလေပြီ။ ထို ရခဲလှသော ဘဝ၌ အကဲစမ်းမှု အသစ်များ၊ စိန်ခေါ်မှုများ ရှိနေလင့်ကစား အကျွန်ုပ်သည် ယခုဘဝကို သတိရှိရှိ ဉာဏ်အသိဖြင့် တန်ဖိုးရှိအောင် အသုံးချရတော့မည်ဟု ဆုံးဖြတ်ပြီး ဖြစ်လေသည်။

ဤတွင် 'ရတနာသုံးပါး' စာအုပ် နိဂုံးပိုင်းမှာ ဓမ္မမိတ်ဆွေများ၊ ငယ်စဉ်ကျောင်းနေဖက် သူငယ်ချင်းများ မေးသော အောက်ပါ မေးခွန်းများကိုလည်း အဖြေပေးရန် ကြွေးကျန်နေပါသေးသည်။

မေးခွန်းများ –

(၁) ဗုဒ္ဓဘာသာကို ဘယ်လို သဘောထားနှင့် ကိုးကွယ်သလဲ၊ religion တစ်ခုလို သဘောဖြင့် ကိုးကွယ်သလား၊ teaching တစ်ခုလို သဘောထားပြီး ကိုးကွယ်သလား ဆိုသော အမေး၊

(၂) 'ရတနာသုံးပါး' စာအုပ် အစမှာ ဘုရားဆုပန်ထားသူ ဖြစ်ကြောင်း ဝန်ခံထားတာ တွေ့ရသည်။ ဘုရားဆုပန်ခြင်းကို မဟာယာနကသာ ပိုပြီး တန်ဖိုးထားသည်။ ဒါဆို ဘာဖြစ်လို့ မဟာယာနကို မကိုးကွယ်ဘဲ ထေရဝါဒကို ကိုးကွယ်ရသလဲ။ (ထေရဝါဒ ကိုးကွယ်တဲ့ နိုင်ငံမှာမို့ ထေရဝါဒကို လက်ခံ လိုက်ရတာလား၊ မဟာယာန ဗုဒ္ဓဘာသာကို လက်မခံဘဲ ထေရဝါဒ ဗုဒ္ဓဘာသာကို လက်ခံရတဲ့ အခြား အကြောင်းတွေ ရှိသေးသလား။)

(၃) နောက်ပြီး ထေရဝါဒ ဗုဒ္ဓဘာသာက ဝိပဿနာ ပညာအားဖြင့် ကမ္ဘာမှာ ထင်ရှားနေသည်။ ဝိပဿနာ ပညာ အပေါ်မှာ ဆန်းလွင် ဘယ်လို ရှုမြင်ပြီး ဘယ်လို ခံယူသလဲ။

ယခု ဤစာကို ရေးသောအခါ 'ရတနာသုံးပါး' စာအုပ်ထဲမှာ အဖြေမပေးဘဲ ထားခဲ့ရသော ဤမေးခွန်းများ အတွက် အဖြေပေးရန် ကိစ္စသည် အကျွန်ုပ်၏ ခေါင်းပေါ်သို့ ရောက်လာပါပြီ။ မေးထားသော သူငယ်ချင်း ရင်းနှီးသူများ၏ အမေးများတွင် ဤမေးခွန်း သုံးခုသည် တန်ဖိုးကြီးသည်ဟု ရှုမြင်ပါသည်။ မေးခွန်း သုံးခုတွင်လည်း အမှတ် (၂) မေးခွန်းနှင့် အမှတ် (၃) မေးခွန်းများက ပိုပြီး အရေးကြီးပါသည်။ ထိုမေးခွန်းများကို ပထမ ဦးစားပေး၍ ဖြေသင့်သည်ဟု ထင်ပါသည်။

မဖြေမီ ၁၉၉၀ ခုနှစ် နှောင်းပိုင်း၌ ကြုံခဲ့ရသော အဖြစ်သနစ်ကလေး တစ်ခုကို ပြန်ပြောချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ အကျွန်ုပ်သည် ညနေခင်း၌ မိုလ်ချုပ်အောင်ဆန်းလမ်း ပလက်ဖောင်းပေါ်မှာ တည်ခင်း ရောင်းချတတ်သော စာအုပ်အဟောင်း ဈေးတန်းကို လျှောက်သွားလေသည်။ ထိုစဉ် မမျှော်လင့်ဘဲ မဟာဝိဇ္ဇာတန်းမှာ စာသင်ဖက် ဖြစ်ခဲ့သော (ထိုအချိန်က) မော်လမြိုင် တက္ကသိုလ် ဒဿနိကဗေဒဌာနတွဲဖက် ပါမောက္ခ ဒေါ်တင်လှ (မိနီ) နှင့် ဆုံကြရလေသည်။

သူသည် အကျွန်ုပ်ကို တွေ့ရသောအခါ ငယ်မူငယ်စိတ် ပြန်ဝင်သွားသလားမသိ၊ ဆတ်ခနဲ သူ ပြောချင်တာကို ဒိုးဒိုးဒေါက်ဒေါက် ထိပ်ကို ခေါက်လိုက်သလို ပြောလေသည်။

'ကိုဆန်းလွင်ရဲ့ *ရတနာသုံးပါး* စာအုပ်ကို မိနီ ဖတ်ရတယ်၊ စာအုပ်လေးတွဲသာ ဆုံးသွားတယ်၊ ဝိပဿနာ အကြောင်းလည်း တစ်လုံးတလေတောင် မပါဘူး၊ အပွါး... ဘိုးတော်တွေ၊ သိုက်တွေ၊ ဝိဇ္ဇာတွေ၊ ဥစ္စာစောင့်တွေ အကြောင်းကတော့ ဘာတွေမှန်းလည်း မသိဘူး၊ စုံနေတာပဲ၊ ဝိပဿနာကို ဘာလို့ မထည့်တာလဲ'

မော်လမြိုင်သူ၏ မှတ်ချက်က ငယ်ထိပ်ကို ခေါက်လိုက်သလား မှတ်ရသည်။ ဒဏ်ချက် ပြင်းပြင်း ခံလိုက်ရလေသည်။ မိနီ အကြောင်းကို အကျွန်ုပ် သိပြီး ဖြစ်သည်။ သူသည် ဒဿန ဆရာမ မဟုတ်လား။ ဒီတော့ အကျွန်ုပ်က အလိုက်သင့် ဖြေလိုက်ရသည်။

'မိနီရယ်၊ အဲဒီ စာအုပ်တွေ ရေးတုန်းက တို့ ဝိပဿနာ အလုပ်ကို လက်တွေ့ မလုပ်ရသေးဘူး၊ ဝိပဿနာ အားမထုတ်ရသေးလို့ မပါတာပါ'

အကျွန်ုပ်၏ အဖြေကို သူ မကျေနပ်သေး။ ထပ်မေးသည်။

'ဒါဆို ခုကော အားထုတ်ပြီးပြီလား'

'အားထုတ်ဆဲပါပဲ သူငယ်ချင်း'

'ဒါဆို *ရတနာသုံးပါး* ရဲ့အဆက် ရှိဦးမှာပေါ့၊ ဒီလေးတွဲက မဆုံးသေးဘူးပေါ့ ဟုတ်လား'

ဒီတစ်ခါ သူ ကျေနပ်အောင် ဖြေဖို့ ကြိုးစားရသည်။

'တို့ မသေသေးရင်ပေါ့ကွာ၊ *ရတနာသုံးပါး* ရဲ့ အဆက်ကို ရေးဖြစ်လိမ့်မယ် ထင်ပါတယ်၊ ရေးစရာတွေက အများကြီး ရှိပါတယ်၊ ရေးဖြစ်မှာပါ'

'ရေးဖြစ်အောင်ကို ရေးပါဦး၊ ဝိပဿနာနှင့် ပတ်သက်တဲ့ ကိုဆန်းလွင်ရဲ့ အတွေ့အကြုံတွေကိုရော၊ ထင်မြင် ယူဆချက်တွေကိုရော ဖတ်ချင်ပါသေးတယ်၊ ရေးမယ် မဟုတ်လား'



www.burmeseclassic

www.burmeseclassic.com


သည်တစ်ခါ မိနီ၏ စကားထဲမှာ ဆွဲဆောင်မှုရောတိုက်တွန်းမှုရော ပါသည်။ ဆရာမကြီး ဒေါ်ခင်မျိုးချစ် ပြောသလို စာဖတ်ချင်သူ၏ မျှော်လင့်ချက်ကိုလည်း ထည့်ပြောထားသည်။

'တို့ဘဝကတော့ အတည်မရှိဘူး၊ ခုတစ်မျိုး ခုတစ်မျိုး ပြောင်းလဲနေတယ်၊ ဒါပေမဲ့ စာရေးခြင်း အလုပ်ကိုတော့ စွဲစွဲမြဲမြဲ လုပ်နေမိတယ်၊ ဒါတော့ ထူးခြားတယ် မိနီ'

'ဟုတ်တယ်၊ မိနီလည်း အဝေးကနေ အကဲခတ်နေမိတယ်၊ မိနီ ရင်ထဲမှာတော့ ကိုဆန်းလွင် ဝိပဿနာ အကြောင်းကို ရေးစေချင်တာ အမှန်ပါ၊ ရေးကော ရေးမှာလား'

'အင်း၊ မသေသေးရင်ပေါ့လေ၊ ဟုတ်တယ်၊ တို့ ရင်ထဲမှာလည်း ခု ဝိပဿနာပဲ ရှိတယ်၊ ရေးဖြစ်မယ်လို့တော့ ထင်ပါတယ်၊ သူငယ်ချင်းလည်း စောင့်ကြည့်နေဦးပေါ့'

'တကယ်နော်'

သူ့စကားသံထဲမှာ အတည်ပြုချက် တောင်းခံသော အသံ ရောပါနေသည်။ ထိုအခါ အကျွန်ုပ်၏ နှုတ်က လွတ်ခနဲ ပြောမိသော စကားမှာ 'တို့ဟာ အပြောသမား မဟုတ်ပါဘူး မိနီရဲ့၊ သိတယ် မဟုတ်လား၊ အလုပ်သမားလည်း မဟုတ်ဘူး၊ ဒါပေမဲ့ ပြောပြီးရင်တော့ လုပ်ဖြစ်အောင် လုပ်တတ်တဲ့ လူပါ'

'ယုံတယ်၊ အဲဒီစကား ရချင်လို့ မေးနေတာ၊ ဒီစကား ကြားရရင် မိနီ ကျေနပ်တယ်၊ သွားတော့မယ်'

မိနီနှင့် တဒင်္ဂ တွေ့လိုက်ရပြီးနောက် နှစ်ပေါင်းများစွာ ကွဲကွာသွားကြပြန်လေသည်။ သို့သော် ကတိစကားကတော့ ရင်ထဲမှာ ကျောက်ထက် အက္ခရာ ကမ္ပည်းတင်ထားသလိုပါပဲ။

ယခု ဤစာကို ရေးသောအခါ ကျောင်းနေဖက် သူငယ်ချင်းများ၏ အမေးပုစ္ဆာများကိုလည်း ပြေစေတော့၊ အကျွန်ုပ်အား ဘုရားဆုပန်သူ အဖြစ် သိထားကြသော အကျွန်ုပ်၏ စာဖတ် ပရိသတ် အများ၏ ရင်ထဲက သံသယကိုလည်း ပြေစေတော့ ဆိုသော သဘောဖြင့် ရေးသင့်သည်ဟု ဆင်ခြင်မိခဲ့လေသည်။

ဆုကြီးပန်၏ အကြောင်းအင်္ဂါ စေတနာကို ဘာကြောင့် ပြန်ပြင်သလဲ ဆိုသော အမေးကို မဖြေမီ ဗုဒ္ဓဘာသာကို နားလည်အောင် အကျွန်ုပ် ဘယ်လို လေ့လာခဲ့သလဲ ဆိုသော မေးခွန်းကို ဦးစွာ အလျင် ဖြေသင့်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



သစ္စာရှာပုံတော်သမားသည် အမှန်တရား သစ္စာကို တွေ့သောအခါ ဒါ သစ္စာမှန်ပဲဟု သိအောင် ဆုံးဖြတ်ရန် အတွက် စံနှုန်း စံညွှန်းများ ရှိရပေဦး မည်။ မိုးကုတ် ဆရာတော်ဘုရားကြီး ဟောသလို သူများပါးစပ်ဖျားမှာ လမ်း ဆုံးသူ မဖြစ်သင့်ဟု နားလည်ထားပါသည်။ ပြီးတော့ ဆရာမကြီး ဒေါ်ခင်မျိုး ချစ် ပြောသွားသလို အကျွန်ုပ်၏ ဉာဏ်သည် ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ အကျယ်တဝင့် လေ့လာ ဆည်းပူးမှု၊ တွေးတော ဆင်ခြင်မှုတွေ၊ ပြောစရာ စကားတွေ အများကြီးနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေဖို့လည်း လိုသည်။ ထို့ ပြင် ဘာသာရေးကို သိပ္ပံနည်းကျ လေ့လာတတ်ဖို့လည်း လိုသည်ဟု ထင်ပါ သည်။

**ခေတ်သစ် ဘာသာ အယူဝါဒ လေ့လာနည်း**

ဗုဒ္ဓဘာသာကို နားလည်အောင် လေ့လာသောအခါ အကျွန်ုပ်သည် သိပ္ပံနည်း ကျ ဘာသာ အယူဝါဒ လေ့လာနည်းဖြင့် လေ့လာတတ်အောင် ကြိုးစားခဲ့ လေသည်။ ထိုနည်းကို ခေတ်သစ် ဘာသာ အယူဝါဒ လေ့လာနည်းဟု ပညာ ရှင်များ ဆိုကြသည်။ ထိုသို့ လေ့လာရကောင်းမှန်း သိအောင် အကြံဉာဏ် ဖော်ပေးခဲ့သူများမှာ ပါမောက္ခ အိပ်ချ်၊ ဒီ၊ လွစ္စ (H. D. Lwis) နှင့် အိပ်ချ်၊ အယ်လ်၊ စလိတ် (H. L. Slate) တို့ ဖြစ်ကြလေသည်။ သူတို့၏ လမ်းညွှန် သဘောထားမှာ ဤသို့ ဖြစ်သည်။

'It is the age of science, with new methods of inquiry, religion should be studied according by a factual objective and orderly approach similar to that pursued by. other sciences held rich promise of similar reward.' *

ပါမောက္ခ လွစ္စနှင့် ပါမောက္ခ စလိတ်တို့၏ သဘောထားသည် ယခု လို သိပ္ပံပညာ ထြဓာညောင်းသော ခေတ်အခါသမယတွင် လက်ခံ၍ လိုက် နာသင့်သော သဘောထား ဖြစ်သည်ဟု အကျွန်ုပ် ယူဆသည်။ 'ဤခေတ် သည် သိပ္ပံပညာခေတ် ဖြစ်သည်' ဆိုခြင်းမှာ မငြင်းနိုင်သော အချက် ဖြစ်သည်။ သူတို့က 'သိပ္ပံပညာမှာ လေ့လာ ဆည်းပူးပုံ နည်းသစ်တွေ ရှိသည်။ ထိုနည်း သစ်များနှင့်အညီ ဘာသာ ယုံကြည် ကိုးကွယ်မှု (religion) ကိုလည်း လေ့လာ

* The Study of Religions – H. D. Lwis & H. L. Slate – p 11



www.burmeseclassic

www.burmeseclassic.com



သင့်သည်။ အခြားသော သိပ္ပံပညာများ နည်းတူ (ဘာသာ အယူဝါဒကို လေ့လာသော အခါမှာလည်း) အချက်အလက် ခိုင်ခံ့မှု၊ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် အစီအစဉ် နေထားတကျ ရှိမှုမျိုးဖြင့် ချဉ်းကပ်ကာ အာမခံချက် စုံစုံလင်လင်နှင့် အကျိုး ရလဒ်လည်း ထင်ရှားအောင် ပြုသင့်သည်' ဟု သူတို့က ဆိုထားခြင်းသည် နည်းယူစရာ ကောင်းပါသည်။ အကျွန်ုပ်၏ အမြင်တွင် ပါမောက္ခ စလိတ်၏ အယူအဆသည် ယောနိသောမနသိကာရနှင့် အခြေခံ၍ ရိုးဖြောင့်သော သဘော ရှိသည်ဟု သုံးသပ်ပါသည်။ ဤလေ့လာပုံ နည်းလမ်းကို 'အရှေ့တိုင်း ၏ ဓမ္မကျမ်းစာများ' Sacred Books of the East ကျမ်းတွဲပေါင်း ၅၀ ကို ရေးသားပြုစုသူ ပါမောက္ခ မက်စ် မူလာ (Max Muller) က စတင် အသုံးပြုခဲ့သည်ဟု ဖော်ပြထားသည်။ မက်စ် မူလာသည် အရှေ့တိုင်း ဘာသာ အယူဝါဒ များရှိ ကျမ်းစာများကို လေ့လာသော အခါ သိပ္ပံပညာရှင်များ ကျင့်သုံးသော နည်းကို လိုက်နာ ကျင့်သုံးခဲ့လေသည်။ သိပ္ပံနည်းကျ လေ့လာပုံ၏ သဘောမှာ ဤသို့ ဖြစ်ပါသည်။

'သူသည် သိပ္ပံပညာရှင်များလိုပင် စူးစမ်းလေ့လာမှုကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သည်။ ဖြစ်နိုင်သမျှ အချက်အလက်များကိုလည်း ဖြစ်နိုင်သမျှ နှိုင်းချိန် စဉ်းစားပြီး ထိုအချက်အလက်များကို မျိုးတူရာ ဂုဏ်တူစုများ ခွဲခြား လေ့လာသည်။'

ပါမောက္ခ မက်စ် မူလာ၏ ချဉ်းကပ်ပုံ အသစ်တွင် သူသည် လေ့လာပုံကို တိတိကျကျ နှစ်မျိုး နှစ်စား ခွဲခြားပြခဲ့လေသည်။ တစ်မျိုးမှာ အချက်အလက်များကို သိပ္ပံနည်းကျ လေ့လာခြင်း ဖြစ်သည်။ နောက်တစ်မျိုးမှာ ထိုဘာသာ ယုံကြည် ကိုးကွယ်မှုများသည် ဘယ်တုန်းက စတင် ပေါ်ပေါက်ခဲ့သလဲ၊ ဘယ်နေရာက စခဲ့တာလဲ ဆိုသည်ကို သိအောင် အားထုတ်ခြင်း ဖြစ်သည်။ ထိုအပိုင်းတွင် သူသည် ထိုဘာသာ အယူဝါဒများကို ဘာသာရေး အမြင်ဖြင့် လည်းကောင်း၊ အတွေးအခေါ် ဒဿနပညာ အမြင်ဖြင့် လည်းကောင်း လေ့လာသည်ဟု ဆိုသည်။ ထိုနည်းဖြင့် ထိုဘာသာရေး ယုံကြည်ကိုးကွယ်မှု၏ ယုံကြည်စိတ်ချထိုက်မှုနှင့် အကျိုးသက်ရောက်မှုများကိုပါ ထည့်သွင်း စဉ်းစားခဲ့လေသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းကို 'ခေတ်သစ် ဘာသာ အယူဝါဒ လေ့လာနည်း' (Modern Study of Religion) ဟု ပညာရှင်များက ခေါ်ကြလေသည်။ ခေတ်သစ် ဘာသာ အယူဝါဒ လေ့လာနည်း၏ အနှစ်သာရမှာ 'ဓမ္မဓိဋ္ဌာန်ကျမှု' (objectivity) ဖြစ်၏။ ထိုကဲ့သို့ ဘာသာရေး အယူအဆများ၊ အတွေးအခေါ်များ၊

www.burmeseclassic.com


ခံယူချက်များကို ဓမ္မမိဋ္ဌာန်ကျအောင် လေ့လာမည်ဆိုလျှင် လေ့လာသူမှာ အယူဝါဒ ယုံကြည် ကိုးကွယ်မှု တစ်ခုကို ချဉ်းကပ်ရာတွင် ဖွင့်ထားသော စိတ်နှလုံး (open mind) ရှိဖို့ လိုသည်ဟု သင်ကြားထားသည်။ ဤအရာ၌ ဖွင့်ထားသော စိတ်နှလုံး open mind ၏ သဘောကို အောက်ပါအတိုင်း အဓိပ္ပာယ် သတ်မှတ်ပေးထားသည်။

**Open mind means an entirely empty mind.** ဟူ၏။ အဓိပ္ပာယ်မှာ ဘာမှ ကြိုတင်၍ လက်ခံ သိမ်းပိုက်ထားခြင်း ကင်းသော၊ ဟင်းလင်းဖွင့်ထားသော စိတ်နှလုံးကို ခေါ်သည်။ စကား အလျဉ်းသင့်သဖြင့် ဤနေရာတွင် ဖွင့်ထားသော စိတ်နှလုံး သဘောကို အနည်းငယ် ဆိုသင့်ပါသည်။ ဘာသာ အယူဝါဒများကို လေ့လာသူသည် မလေ့လာမီကတည်းက သူ၏ စိတ်ထဲမှာ ဤအယူသာ မှန်သည်၊ တခြား အယူသည် မမှန် ဆိုသော ကြိုတင် လက်ခံ သိမ်းပိုက်ထားသော အယူစွဲ ရှိပါက အစကနဦးကပင် သူ့မှာ ဆန္ဒာဂတိသို့ ငဲ့သော **bias** (စိတ်ငဲ့ကွက်မှု) ရှိနေသည်ဟု ဆိုသင့်သည်။ ဆိုလည်း ဆိုနိုင်သည်။ ဘာသာ အယူစွဲသန်သူများမှာ ထိုဆန္ဒာဂတိသို့ လိုက်မှု (စိတ်စွေလွဲမှု) ရှိတတ်ကြသည်။

ခေတ်သစ် ဘာသာအယူဝါဒ လေ့လာနည်းတွင် လေ့လာသူ၌ ဘာသာရေး ဘက်လိုက်မှု ကင်းရှင်းရမည်ဟု ဆိုသည်။

အထက်ပါ စည်းကမ်းဘောင်များသည် အကျွန်ုပ်လို ဘာသာရေး သုတေသီ တစ်ဦး အတွက် အဂတိ ကင်းအောင် လမ်းညွှန်နိုင်သော သင်ကြားချက်များ ဖြစ်သည်ဟု အကျွန်ုပ် ခံယူပါသည်။

ဤသည်မှာ 'သစ္စာရှာပုံတော်သမား' တစ်ဦး၏ ကိုယ်ကျင့်သီလလည်း ဖြစ်သည်ဟု ယူချင်ပါသည်။

သိပ္ပံပညာ သုတေသီတွေလို အချက်အလက်များကို ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် ရှာဖွေခြင်းကိုလည်း အကျွန်ုပ် ဦးစားပေးရမည်ဟု မိမိကိုယ်ကို သွန်သင် ဆုံးမထားပါသည်။

အင်္ဂလန် နိုင်ငံက ဘာသာရေး သုတေသီ ပညာရှင် ပါဆန် သွာကွန် **(Parson Thwackums)** ဆိုသူက 'ဒီ နိုင်ငံမှာ ဘာသာရေးလို့ ပြောလိုက်ရင် ခရစ်ယာန် ဘာသာကို ပြောတာ၊ ခရစ်ယာန် ဘာသာ ဆိုရာမှာလည်း သူတို့ ဆိုလိုတာက ပရိုတက်စတင့်ကိုသာ ဆိုလိုတာ ဖြစ်တယ်၊ တစ်ခါ ပရိုတက် စတင့် ဆိုပြန်ရင်လည်း အင်္ဂလန် အသင်းတော် **(Church of England)** ကို



www.burmeseclassic

www.burmeseclassic.com



ပြောတာလို့ပဲ ယူဆကြတယ်' ဟု ဝေဖန် သုံးသပ်ပြပါသည်။

ထိုသဘောထားမျိုးသည် မြန်မာနိုင်ငံမှာလည်း ရှိသည် ထင်ပါသည်။ ဘာသာရေး ဆိုရင် ဗုဒ္ဓဘာသာပဲလို့ နားလည်ကြသည်။ ဗုဒ္ဓဘာသာ ဆိုရင်လည်း ထေရဝါဒကိုပဲ ဗုဒ္ဓဘာသာ အဖြစ် နားလည်တတ်ကြသည်။ ထေရဝါဒ ဆိုရင်လည်း မြန်မာ ထေရဝါဒကိုပဲ ဆိုလိုသည်ဟု ထင်လျက် ရှိကြလေသည်။ ဤကဲ့သို့ ဘာသာရေး၏ နယ်ကို ကျဉ်းချုံး၍ ယူခြင်းမျိုးသည် ဘက်လိုက်သည့် သဘော မကင်းနိုင်ဟု ယူဆချင်ပါသည်။ ထိုသို့ ဆိုသဖြင့် ကိုယ့် ဘာသာမှ ဘာသာဟု စွဲမှတ်သူတို့ကမူ အကြိုက်တွေ့မည် မထင်ပါ။ ကဲ့ရဲ့ ပြစ်တင်ချင်သော သဘောမျိုး ပေါ်ပေါက်ကောင်း ပေါ်ပေါက်နိုင်ပါသည်။

ဤတွင် ပန်ကြားလိုသည်မှာ ဗုဒ္ဓဘာသာဟု ဆိုလျှင် ထေရဝါဒလည်း ဗုဒ္ဓဘာသာပဲ၊ မဟာယာနလည်း ဗုဒ္ဓဘာသာပဲ၊ မြန်မာ့ ထေရဝါဒလည်း ဗုဒ္ဓဘာသာပဲ၊ သီရိလင်္ကာ ထေရဝါဒများလည်း ဗုဒ္ဓဘာသာတွေပဲဟု စိတ်ထားကျယ်ကျယ် သဘောထားကြီးကြီး ရှုမြင်သင့်ကြောင်း ဦးစွာ ပန်ကြားထားလိုပါသည်။

အကျွန်ုပ်အနေနှင့် ပြောခဲ့ပြီးသော မေးခွန်းပုစ္ဆာများကို ဖြေသင့်သော အခါသို့ ရောက်ပြီ ထင်ပါသည်။

ပထမဦးစွာ မေးခွန်း အမှတ် (၂) ကို အဖြေပေးရန် ကြိုးစားချင်ပါသည်။ ထိုမေးခွန်းသည် 'ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' ရေးတုန်းက ပလ္လင်ဖွင့်စကားတွင် ဖော်ပြထားသော 'ဆုတောင်း' ကိစ္စ ဖြစ်ပါသည်။ ထိုဆုတောင်းစကားထဲတွင် အကျွန်ုပ်၏ ဘုရားဆုပန်ခြင်း ကိစ္စကို ဝန်ခံထားခဲ့လေသည်။ ယခုမူ ထိုဆုတောင်း (ဆုကြီးပန်) အဖြစ်ကို မိမိ စွန့်လွှတ်လိုက်ပြီ ဖြစ်ပါသည်။ ဘာကြောင့် စွန့်လွှတ်ရသလဲ ဆိုပြီး စာဖတ်သူ ရင်ထဲမှာ မေးချင်သော မေးခွန်း တစ်ခု ပေါ်လာလိမ့်မည်ကို အကျွန်ုပ် ကိုယ်ချင်းစာ ခံစားပြီး သိနားလည်မိသည်။

ဤနေရာတွင် ဤအမေးအတွက် အဖြေကို ရတ်တရက် ချက်ချင်း ဖြေပါ ဆိုလျှင် ဖြေနိုင်ပါသည်။ ဖြေရမည် ဆိုလျှင် ဝိပဿနာကို ကျန်ရှိသော ဘဝ၏ သက်တမ်း ကာလ အတွင်းမှာ ဇောက်ချပြီး လုပ်တော့မည်ဟု ယတိပြတ် ဆုံးဖြတ်ခဲ့သောကြောင့် ဖြစ်သည်ဟု တိုရှင်း လိုရှင်းကို ဖြေလိုက်ပါသည်။ ဤတွင် စာဖတ်သူ၏ စိတ်ထဲမှာ ဘုရားဆုပန်ထားလျက်နှင့် ဘာကြောင့်များ ဝိပဿနာဘက်ကို စိတ်ပြောင်းသွားပြန်တာလဲဟု ထပ်ဆင့် မေးချင်စိတ် ဖြစ်ပေါ်ကောင်း ပေါ်နိုင်ပါသေးသည်။

www.burmeseclassic.com



ထိုအချက်ကို ဖြေသောအခါ မေးခွန်း (၃) ၏ အဖြေကိုလည်း စာဖတ်သူ အလွယ်တကူ ရပြီး ဖြစ်ပါလိမ့်မည်။

**ဘဝ လွတ်မြောက်ရေး (သို့မဟုတ်) ဒုက္ခကင်းဝေး ချမ်းသာရေး**

ဤအတွေးအခေါ် ပြောင်းလဲမှုတွင် အကျုံးဝင်သည့် အောက်ပါ အယူအဆများကို အခြေခံ၍ လက်တွေ့ကျကျ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

(၁) ဘာသာ ယုံကြည် ကိုးကွယ် ဆည်းကပ်တဲ့ ရည်ရွယ်ချက်ဟာ တခြား မဟုတ်ပါဘူး။ ဆင်းရဲ ကင်းဝေးချင်တဲ့ ချမ်းသာချင်တဲ့ ရည်ရွယ်ချက်ပါပဲ။ အဲဒီ ဆင်းရဲငြိမ်းအေး ချမ်းသာရေးကို မိမိတို့ ကိုးကွယ်တဲ့ ဘာသာတရားက ညွှန်ကြားတဲ့ နည်းလမ်းများနှင့် ရအောင် ကြိုးပမ်းနေကြရတယ်၊ လိုက်နာနေကြရတယ်၊ ကျင့်ကြံနေကြရတယ်၊ အားထုတ်နေကြရတယ်၊ မဟုတ်သေးဘူးလား။ *

ဤကား ချမ်းမြေ့ဆရာတော်၏ ဟောကြားချက် ဖြစ်၏။ ကလေးမြို့ရှိ ပရိသတ်များကို ဟောကြားတော်မူစဉ်က ထည့်သွင်း ဟောကြားခဲ့သော တရား ဖြစ်သည်။ လူတို့ ဘာသာတရား ကိုးကွယ်ခြင်း၏ ပဓာန အကြောင်း (ဝါ) ရည်ရွယ်ချက်ကို ဖော်ပြခြင်း ဖြစ်၏။ ချမ်းမြေ့ဆရာတော်၏ ထင်မြင်ယူဆချက်ကို ကျေးဇူးတော်ရှင် ကမ္ဘာ့ ဗုဒ္ဓသာသနာပြု၊ အဘိဓဇ မဟာရဋ္ဌဂုရု သက်တော်ရှည် ဆရာတော်ကြီး အရှင် သေဋ္ဌိလကလည်း ဤသို့ ထောက်ခံချက် ပေးထားလေသည်။ ပေးထားပုံကို ဖော်ပြပါမည်။

The technique of salvation which is characteristic of Buddhism is very different from that of all other religions (including Mahãyāna)... The Buddha taught man to rely upon themselves in order to achieve their own salvation and not to look any external saviour. **

ဤကား ဆရာတော်ကြီး ဦးသေဋ္ဌိလ၏ သုံးသပ် တင်ပြချက် ဖြစ်၏။ မြန်မာ အဓိပ္ပာယ်မှာ 'ဗုဒ္ဓဘာသာရဲ့ ထူးခြားတဲ့ လက္ခဏာ ဖြစ်တဲ့၊ ဘဝ လွတ်မြောက်ရေး (ဒုက္ခ ကင်းဝေး ချမ်းသာရေး) သဘောဟာ တခြား ဘာသာ

* ဆင်းရဲငြိမ်းအေး ချမ်းသာရေး၊ ချမ်းမြေ့ဆရာတော်၊ စာ ၆၉ – ၇၀

** Essential Themes of Buddhist Lectures – Asin Thittila – p 13, 14

www.burmeseclassic.com



အယူဝါဒများ (မဟာယာန အပါအဝင်) အားလုံးနှင့် လွန်စွာ ခြားနားတယ်။ မြတ်ဗုဒ္ဓက လူတွေကို ကိုယ့်ဘဝ ဝဋ်ဆင်းရဲက လွတ်မြောက်အောင် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘာသာကိုယ်ပဲ လုပ်ရမယ်၊ ပြင်ပက ကယ်တင်ရှင်ကို ဘယ်မှ ရှာမနေနှင့်' ဟု ဆုံးမထားခြင်း ဖြစ်ပါသည်။ ပြီးနောက် ဆရာတော်ကြီးက 'He taught us only that which is necessary for our emancipation' ဆိုပြီးလည်း ဟောကြားတော်မူထားတယ်။ 'ဗုဒ္ဓမြတ်စွာ ဘုရားဟာ ကျုပ်တို့ အတွက် ဘဝ လွတ်မြောက်ဖို့ လိုအပ်တဲ့ တရားတွေကိုပဲ ဟောကြားထားတော်မူခဲ့တယ်' ဟု ဆိုခြင်း ဖြစ်လေသည်။

ဆရာတော်ကြီး နှစ်ပါး၏ ဆုံးမထားချက်များကို အကျွန်ုပ် ကောင်းစွာ နှလုံးသွင်းပြီး စဉ်းစား သုံးသပ်ပါသည်။ ဗုဒ္ဓဘာသာ (ထေရဝါဒ) ၏ ရည်ရွယ်ချက်သည် သံသရာ ဝဋ်ဆင်းရဲ အပေါင်းက လွတ်မြောက်ပြီး ဒုက္ခအားလုံး ချုပ်ဆုံးသွားသော ချမ်းသာစစ် နိဗ္ဗာန်ကို ရရှိရေးပဲ ဖြစ်သည်။ ဤကား လိုရင်း (ပထမ) အချက် ဖြစ်သည်။ ဒုတိယ အချက်မှာ ထိုကဲ့သို့ ဒုက္ခကင်းဝေး ချမ်းသာရေး တရားကို အလိုရှိလျှင် မိမိကိုယ်၏ အပြင်ပမှာ ဘယ် ကယ်တင်ရှင်ကိုမှ မရှာနှင့်။ ကယ်တင်ရှင်သည် တခြားသူ မဟုတ်၊ မိမိသာလျှင် ဖြစ်၏။ လူသားများ၏ ဘဝမှာ အမှန်တကယ် လိုအပ်ချက်သည် သံသရာ ဝဋ်ဘဝများမှ ဝဋ်ကျွတ်ရေး၊ လွတ်မြောက်ရေးပင် ဖြစ်၏။ မြတ်စွာဘုရားသည် လူသားအားလုံးအတွက် လိုအပ်သော လိုအပ်ချက်များကို ရှာဖွေ ဖော်ထုတ်ပေးသည်။ မြတ်စွာဘုရားက ထိုလူတိုင်းနှင့် ဆိုင်သော ဘဝ လွတ်မြောက်ရေး နည်းလမ်းကိုလည်း ဟောကြား ပေးသနားတော်မူခဲ့လေသည်။

ဤနေရာတွင် မြတ်စွာဘုရားသည် ဘုရားဖြစ်ခွင့်ကိုလည်း မိမိနှင့်သာ ဆိုင်သည်၊ တခြားလူများနှင့် မဆိုင်၊ မအပ်စပ်ဟု သဘောမထားဘဲ ဘုရားဆုကို ပန်လိုသူ ဥတ္တမပုရိသများ ရှိပါလျှင်လည်း ထိုသူတို့မှာပါ ထိုဆုကြီးပန်ခွင့် ရှိကြောင်း ရိုးသားစွာ ဖော်ပြ ဟောကြားထားခဲ့ပါသည်။ ရည်ရွယ်ချက်မှာ လူတိုင်း ဘုရားလောင်း ဖြစ်အောင် လုပ်ဖို့ မဟုတ်ဘဲ လူတိုင်း သံသရာ ဝဋ်ဆင်းရဲမှ ကျွတ်အောင် လွတ်အောင် လုပ်ဖို့သာ ပဓာန ဖြစ်သည်။ ထိုအချက်ကိုသာ မြတ်စွာဘုရား ပဓာနထားတော်မူကြောင်း ဗုဒ္ဓစာပေ ကျမ်းဂန်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသောအခါ အကျွန်ုပ် ကောင်းကောင်း နားလည်လာသည်။ ရှင်းရှင်း သိမြင်လာသည်။

ရှေးအခါက ပထမ သင်္ဂါယနာတင် မဟာထေရ်ကြီးများသည်လည်း

www.burmeseclassic.com



ဤ ဘုရား၏ ပဓာန ရည်ရွယ်ချက်ကို အလွန် အဓိပ္ပာယ် ကျယ်ဝန်း နက်ရှိုင်းစွာ နားလည် သဘောပေါက်တော်မူခဲ့ကြောင်း ထင်ရှားပါသည်။ ဘဝ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းစေနိုင်သော နည်းလမ်းကို ဘုရားမပွင့်မီက မသိသေး။ ယခု ဘုရား ဖြစ်သောအခါဝယ် ထိုဘဝ လွတ်မြောက်ရေး နည်းလမ်း (မဂ္ဂင် ရှစ်ပါး မြတ်တရား) ကို သိခဲ့ရပြီးပြီ။ ထို့ကြောင့် နောက်ထပ် ဘုရားဖြစ်အောင် လုပ်နေစရာ မလိုတော့။ ဘုရားဖြစ်မှ သိမည့် တရားများကို ဗုဒ္ဓဘုရား ပွင့်စဉ်အခါကပင် သဗ္ဗညုတ ဉာဏ်တော်ဖြင့် အလုံးစုံ (မကြွင်းမကျန် အားလုံး) ကို သိခဲ့ပြီးပြီ။ အကျွန်ုပ်သည် သိပ္ပံပညာရှင်ကြီးများ၏ လုပ်ထုံးလုပ်နည်းကို ဆင်ခြင် ကြည့်မိသည်။ ရောဂါ တစ်ခုကို ကုသရန် အတွက် ဆေးစွမ်းကောင်းကို ပထမ ပုဂ္ဂိုလ်က ရှာဖွေ တွေ့ရှိခဲ့ပြီးပြီ။ နောက်တစ်ခါ ထိုနည်းလမ်းကို အချိန်ကြာမြင့်စွာ ရှာနေရန် လိုသေးသလား။

ထိုဆင်ခြင်သည် အကျွန်ုပ်၏ ဉာဏ်ဦးနောက်ထဲသို့ ရောက်လာခဲ့လေသည်။ လေယာဉ်ပျံ မပေါ်ခင်က လေယာဉ်ပျံကို တီထွင်ရန် ကြိုးပမ်းခဲ့သူများ ရှိသည်။ သူတို့ ကျေးဇူးကြောင့် လေယာဉ် အင်ဂျင်နီယာ အတတ်ကို တွေ့ရှိခဲ့ပြီးပြီ။ ထိုအတတ်ပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပြီး လေယာဉ်ပျံ အမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်လိုက ထုတ်လုပ်နိုင်ပြီပဲ။ ထိုအခါကျမှ နောက်လူက လေယာဉ် အင်ဂျင်နီယာ အတတ်၊ လေကြောင်း ပျံသန်းရေး အတတ်ပညာတွေကို အစက စပြီး ရှာဖွေနေလို့ လိုသေးသလား။

ဤနေရာမှာ အတွေးခေါင်လျှင် အတွေးချော်နေတတ်သည်။ ဤတွင် မိမိလည်း ဘုရားဆုပန်ခဲ့ခြင်း၏ အတွေးချော်နေမှုကို ပြန်လည် သုံးသပ်ဖို့ လိုလာသည်ဟု ခံစားလာရသည်။ ယခင်အခါမှ အကျွန်ုပ်သည် တခြားသော ဘာသာ အယူဝါဒများ၊ တခြားသော ဒဿန အယူအဆများကို လေ့လာခြင်း၌သာ အချိန်များစွာ ပေးလျက် နေခဲ့ရလေသည်။ ထိုအခါကမူ ငယ်မူငယ်သွေးများ အားကောင်းမောင်းသန်ချိန် ဖြစ်၏။ ခါချဉ်ကောင် မာန်ကြီးပြီး တောင်ကြီးကို ဖြိုလိုဟန်ဖြင့် မိမိ၏ ပမာဏကို အမှန်အကန် ချင့်တွက်ခြင်း မပြုနိုင်သေးမီကာလ ဖြစ်ပါသည်။ ထိုစဉ်က မိမိ စဉ်းစားခဲ့ပုံမှာ ဤသို့ ဖြစ်၏။

## ဗုဒ္ဓဘာသာ၏ ဘုရားဆုပန်ခွင့်

အကျွန်ုပ်သည် ဗုဒ္ဓဘာသာဝင် ဖြစ်မလာခင်က 'လူတို့ ကိုးကွယ်ရာ ဘာသာကြီးဆယ့်တစ်ခု' ကို အသေးစိတ် လေ့လာခဲ့ဖူးသည်။ (ထိုအကြောင်းကို စာအုပ်



www.burmeseclassic

www.burmeseclassic.com



ရေးခဲ့ပြီးပြီ။) လေ့လာခဲ့သမျှ ဘာသာ အယူဝါဒများထဲမှ ဗုဒ္ဓဘာသာနှင့် ဂျိမ်းဘာသာက လွဲလျှင် လူသား၌ ဘုရားဆုပန်ခွင့်၊ ဘုရားဖြစ်နိုင်ခွင့် ရှိသော ဘာသာ အယူဝါဒ တစ်ခုမျှပင် မရှိကြောင်း သိခဲ့ရသည်။

ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်ကို ယုံကြည် ကိုးကွယ် ဆည်းကပ်သူများသည် ဘုရား၏ ကျေးကျွန်များ အဆင့်မှာသာ ရှိသည်။ သူတို့မှာ ဘုရားကို ခဝပ် ကိုးကွယ် ပူဇော်နေခြင်းမှ အပ အခြား ဘဝ ရည်မှန်းချက် အမြင့်ဆုံး အမြတ်ဆုံး ဘာမျှ မရှိချေ။ လူသည် ဘုရားကို ပူဇော်ပသဖို့ အရိအသေ အလေးအမြတ်ပြုရင်း မိမိ ကိုယ်ကို စင်ကြယ်အောင် လုပ်ဖို့အတွက် လူဖြစ်ရသလို ခံယူ ကျင့်သုံးကြသည်။ ထိုဘာသာ အယူဝါဒများ၌ ဘုရားနှင့် လူကြားထဲမှာ ဆက်သွယ်ပုံက တစ်လမ်းသွား ဆက်သွယ်မှုသာ ရှိသည်။ တချို့ဘာသာများ၌ လူ့ပြည်ကို ဘုရားက ဖန်ဆင်းပြီး လိုအပ်သောအခါ ဘုရားသည် လူ့ပြည်ကို လူသား အသွင်ဖြင့် လာသည်။ လူသားကား ဘုရား တည်ရှိသည် ဆိုသော ကောင်းကင် နိုင်ငံတော်သို့ သွားခွင့် မရှိ၊ လူသား စင်စစ်က ဘုရားဖြစ်အောင် အားထုတ်၍ မရ၊ ဘုရားက လူ့ပြည်ကို လူသား အသွင်ဖြင့် ဆင်းလာလျှင်ကား ရသည်။

ဗုဒ္ဓဘာသာတွင်မူကား လူသားကသာ ဘုရား ဖြစ်နိုင်သည်။ နတ်က ဘုရား မဖြစ်နိုင်။ ဘုရား ဆိုသည်မှာ ဖန်ဆင်းရှင် မဟုတ်၊ ထာဝရ တည်နေသူ မဟုတ်။ လူသားအားလုံးကို ဉာဏ်ပညာဖြင့် ဒုက္ခခပ်သိမ်း ကင်းငြိမ်းအောင် နည်းပေးလမ်းပြပြီး ငြိမ်းအေးရာအမှန် မြတ်နိဗ္ဗာန်သို့ ခေါ်ဆောင်သူ၊ လူသားများအား အပါယ်ဒုဂ္ဂတိသို့ လွင့်စဉ်ကျမသွားအောင် အပါယ်ဘေးမှ ကာကွယ်တားဆီးပေးသူသာ ဖြစ်သည်။

ဗုဒ္ဓဘာသာမှာ လမ်းနှစ်သွယ် ရှိသည်။ ဘုရား ဖြစ်အောင် ကျင့်နိုင်သော လမ်း၊ ပါရမီဝိမုတ္တိ လမ်းလည်း ရှိသည်။ ဘုရား မဖြစ်ဘဲ ပကတိ သာဝက အဖြစ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော လမ်း၊ ပညာဝိမုတ္တိ လမ်းလည်း ရှိသည်။ လူသားမှာ ကြိုက်ရာလမ်းကို စိတ်ကြိုက် ရွေးချယ်နိုင်သော လွတ်လပ်ခွင့်သည် အပြည့်အဝ ရှိလေသည်။ ဘုရားဆုပန်ရာမှာလည်း ရှင်ဘုရင် ဖြစ်မှ ဘုရားလောင်း ဖြစ်နိုင်သည် ဆိုသော ကန့်သတ် တားဆီးမှုလည်း မရှိပါ။ ဆိုက်ကားဆရာ ဖြစ်ဖြစ်၊ လယ်သမား ယာသမား ဖြစ်ဖြစ် ဘုရားဆုပန်လိုက ပန်ခွင့် ရှိသည်။ 'ဗောဓိဆုပန်ခြင်း' ကား ဗုဒ္ဓဘာသာ တစ်ခုတည်းမှာသာ ရှိသော မဟာ အစဉ်အလာကြီး (great tradition) လည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာမှာ သိအပ်သော ကိစ္စမှာ ဤဆုကြီးပန် အခွင့်အရေးသည် ဗုဒ္ဓဘာသာမှာသာ ရှိသည် ဆိုသော အချက် ဖြစ်၏။ မဟာယာန ဗုဒ္ဓဘာသာသည် ဆုကြီးပန်ဝါဒ၊ ဘုရားလောင်း ဝါဒ ဖြစ်သည်။ သူတို့သည် ဘုရားလောင်း ဖြစ်ရေးကိုသာ ပဓာန ဖြစ်သည်။ နိဗ္ဗာန် ရောက်အောင် သွားနိုင်သော တိုက်ရိုက် နည်းလမ်း ရှိသော်လည်း သူတို့က ဘုရားဖြစ်ပြီးမှ နိဗ္ဗာန် သွားရေးကို လိုလားကြသည်။ ထေရဝါဒသည် ထိုသို့ အယူအစွဲသန်ခြင်း မရှိ။ ရှဉ့်လည်း လျှောက်သာ၊ ပျားလည်း စွဲသာ၊ ဆုတ်သာ တက်သာ အယူအဆ ရှိသည်။ အကြင်သူသည် ယခုဘဝ၌ နိဗ္ဗာန်ကို မလိုချင်သေး၊ ဘုရားဖြစ်ပြီးမှ (သုမေဓာရှင်ရသေ့လို) နိဗ္ဗာန် စံလိုသည် ဆိုလျှင်လည်း ထိုဆုကြီးပန်ရန် အခွင့်အလမ်းကို ယူနိုင်သည်။ သို့မဟုတ်ဘဲ ခန္ဓာဉာဏ်ရောက် ဝိပဿနာ အမြင်ပေါက်၍ ခန္ဓာ ဒုက္ခသစ္စာကို သိမြင်ပြီးသောအခါ လက်ရှိ ခန္ဓာကိုလည်း မတွယ်တာတော့၊ နောင် ခန္ဓာကိုလည်း မတောင့်တပြီ ဆိုပါက ပကတိ သာဝက အဖြစ်ဖြင့် ယခုဘဝမှာပင် မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင့်ဆင့်ရအောင် အားထုတ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက ပြုနိုင်သည်။ ကြိုက်ရာလမ်းကို နှစ်သက်သလို ရွေးချယ်နိုင်ခွင့် (Freedom of choice) သည် မိမိ အပေါ်မှာ တည်ပါသည်။ ဘယ်သူ့ကိုမျှ အားကိုးအားထား ပြုစရာ မလိုဘဲ ကြိုက်သလို ဆုံးဖြတ်နိုင်သည်။ ငယ်စဉ်ကမူ အကျွန်ုပ်သည် ထိုအခွင့်အရေးကို ရယူလိုခဲ့သည်။ ရှေးဘဝများကလည်း ထိုခေတ်က လူများ၏ အကြိုက်နှင့် လျော်စွာ မိမိသည် ဘုရားဆုပန်သူ ငါးဘဝ ဖြစ်ခဲ့ပြီးကြောင်း နောင်အခါမှာ သိခဲ့ရသည်။ ('ရတနာသုံးပါး' ထဲတွင် ထိုအကြောင်းအရာများကို ဝန်ခံ ရေးသားခဲ့ပြီးပြီ။)

ဤနေရာတွင် မဟာယာနသည် ဆုကြီးပန်ပြီးမှ နိဗ္ဗာန် ကူးသော အစဉ်အလာကို လက်ခံသည်။ မဟာယာနနှင့် ထေရဝါဒ နှစ်ခုစလုံးမှာ ဆုကြီးပန်နည်းများ ရှိသည်။ သို့သော် တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း အမြင်ချင်းကား မတူ၊ ကွဲပြားလေသည်။ စတင် ကွဲပြားသော အချက်မှာ ထေရဝါဒက ဤလူ့ဘဝတွင် မြတ်စွာဘုရား ပွင့်တော်မူပြီးနောက်တွင် အရဟတ္တ မဂ်ဖိုလ် (ရဟန္တာ ဖြစ်ခြင်း) ကို အထွတ်အထိပ် ထားသည်။ လူအများ နှစ်ခြိုက်လက်ခံထားသော စံတန်ဖိုး ဖြစ်သည်။ မဟာယာနက ရဟန္တာ ဖြစ်ရေးထက် ဘုရားလောင်း ဗောဓိသတ္တ ဖြစ်ရေး (အဝလောကိတေသွာရ) ကို ပိုပြီး လိုလားနှစ်ခြိုက်သည်။ ဤနေရာမှာ မဟာယာနနှင့် ထေရဝါဒ တူသော အချက်များလည်း ရှိသည်။ ဘုရားလောင်း ဖြစ်ရေး အတွက်မှာပဲ ဖြစ်ဖြစ်၊ ရဟန္တာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရေးမှာပဲ ဖြစ်ဖြစ် သစ္စာလေးပါး တရားအမြင်နှင့် မဂ္ဂင် ရှစ်ပါး တရားအမြင်ကို အခြေခံ ထားကြရာ၌မူ သဘောမကွဲပါ။ သဘောထားချင်း တူညီကြပါသည်။*

မဟာယာနက ဗောဓိဆုပန်ရာတွင် (၁) သာဝက ဗောဓိဆု (၂) ပစ္စေက ဗောဓိဆုနှင့် (၃) ဗောဓိသတ္တဆု ဟူ၍ သုံးမျိုးထားသည်။ ထေရဝါဒကမူ (၁) ပကတိ သာဝကဆု (၂) မဟာ သာဝကဆု (၃) အဂ္ဂ သာဝကဆု (၄) မဟာ ဗောဓိဆု (၅) ပစ္စေက ဗောဓိဆု ဟူ၍ ပါရမီဖြည့်ကျင့်ရာ ကာလ အပိုင်းအခြားကို လိုက်၍ ကွဲပြားသည်။ ထို့ပြင် ဘုရားဆုပန်ရာမှာလည်း (၁) သဒ္ဓါဓိက ဗောဓိဆု (၂) ဝီရိယာဓိက ဗောဓိဆုနှင့် (၃) ပညာဓိက ဗောဓိဆု ဆိုပြီး ကွဲပြားကြောင်း ပြထားသည်။ ဤသို့ ပါရမီအရ ကွဲပြားပုံ၊ ဆုတောင်းအရ ကွဲပြားပုံမျိုးကို ထေရဝါဒမှာသာ အကျယ်ပြသည်။ မဟာယာန မှာမူ ခွဲခြား ပြထားသည်ကို မတွေ့မိပါ။

ဤတွင် ဗောဓိဆုပန်ခြင်းနှင့် ပတ်သက်၍ မဟာယာနနှင့် ထေရဝါဒ အမြင် ကွဲပြားပုံ အကျဉ်းမျှကိုလည်း တင်ပြသင့်သည် ထင်ပါသည်။

မဟာယာန၏ ဗောဓိလမ်းစဉ်ကို အကျယ်တဝင့် တင်ပြထားသော ကျမ်းမှာ ဝဇိရစ္ဆေဒိကကျမ်း ဖြစ်သည်။ ထိုကျမ်းသည် မဟာပညာ ပါရမိတ ကျမ်းများတွင် အပါအဝင် ကျမ်းတစ်ဆူ ဖြစ်၏။ ထိုကျမ်းထဲတွင် (great vow) ခေါ် ဆုကြီးပန်ခြင်း အကြောင်း၊ ဗောဓိသတ္တ ဘုရားလောင်း၏ စိတ်နေ စိတ်ထား အကြောင်းများကို အကျယ် ဖော်ပြထားသည်။ ဘုရားလောင်း ဗောဓိ သတ္တမှာ လူသာမန်တို့ထက် ထူးကဲသော စိတ်ဓာတ် နှစ်မျိုး ရှိရသည်။

(၁) ပထမ အမျိုးမှာ 'ဗောဓိ ပနိဓိ စိတ္တ' ဖြစ်သည်။ သဗ္ဗညုတဉာဏ် တော်ကို မရ အရ ယူမည် ဆိုသော ကြီးမားသော စိတ်အဓိဋ္ဌာန် ပြုခြင်း ဖြစ် သည်။

(၂) ဒုတိယ အမျိုးမှာ 'ဗောဓိ ပဓာန စိတ္တ' ပါရမီ ဖြည့်ကျင့်လိုခြင်း ကို ဆောင်သော စိတ်ဓာတ် ဖြစ်သည်။ မဟာယာနတို့သည် လူတိုင်း (လူတိုင်း မက သတ္တဝါတိုင်းမှာ) ဘုရားဖြစ်နိုင်သော ကိုယ်ရည်ကိုယ်သွေး ပါကြသည်ဟု ယုံကြည်သည်။ ဘုရားလောင်း (ဗောဓိသတ္တ) ၏ တစ်ခုတည်းသော ရည်မှန်း ချက်မှာ သတ္တဝါ အားလုံးကို သဗ္ဗညုတဉာဏ်ကို ရအောင် ကူညီပေးရေးပင်

---

* **The Bodhisattva Ideal in Buddhism – Ms Ang Hong Eng – Young Buddhist 1981 – p 93**

www.burmeseclassic.com



ဖြစ်သည်။ သူတို့က ဘုရားလောင်း ဗောဓိသတ္တကသာလျှင် လောကကို အကျိုးပြုနိုင်သည်။ လောက အပေါ် မဟာကရုဏာတရား ထား ရှိသူသည် ဗောဓိသတ္တသာလျှင် ဖြစ်သည်။ ဘုရားလောင်း ဖြစ်သောအခါမှသာ လောကီအာရုံ ကာမဂုဏ် ချမ်းသာ (တဏှာ) အားလုံးကို စွန့်ခြင်းကြီးဖြင့် စွန့်နိုင်သည်။ လောကကြီးတစ်ခုလုံးမှာ ဖြစ်ပျက်နေသမျှ သင်္ခါရ တရားအားလုံးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဟု မမြင်ဘဲ နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟု ဝိပလ္လာသဖြင့် မြင်နေခြင်းကို ဘုရားလောင်းဖြစ်မှ ပယ်နိုင်သည်။ ဗောဓိသတ္တ ဘုရားလောင်းသည် နိဗ္ဗာန်မရမီ ခမ္မ၌ မွေ့လျော်နေခြင်းကို အလို မရှိ။ ခမ္မသည် ကိလေသာ ရေလျဉ်ကြောကို ဖြတ်ကူးရာ၌ အသုံးပြုသော ဖောင်သာ ဖြစ်သည်။ သံသရာ တစ်ဖက်ကမ်းသို့ ရောက်လျှင် ထိုဖောင်ကို စွန့်ပစ်ရမည် ဟူ၍ ရှုမြင်သည်။

ဘုရားလောင်းတို့ လိုက်နာအပ်သော ဝိနည်းသိက္ခာပုဒ်လည်း သုံးခု ရှိသည်။

၁။ ဘုရားလောင်းသည် သံသရာမှ တစ်ဖက်ကမ်း နိဗ္ဗာန်သို့ သွားသူဆိုသော အမြင် အယူအဆ မရှိရခြင်းလည်း တစ်ရပ်၊

၂။ ဘုရားလောင်းသည် တခြားသော သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်ပေးသူ ဖြစ်သည် ဆိုသော အမြင် အယူအဆ မရှိရခြင်းလည်း တစ်ရပ်၊

၃။ ဗောဓိသတ္တ ဘုရားလောင်းမှာ ငါစွဲ၊ အတ္တစွဲ (ဒိဋ္ဌိ) မရှိရခြင်းလည်း တစ်ရပ် ဖြစ်၏။

မဟာယာနက ဘုရားလောင်းတို့ ကျင့်ကြံ ဖြည့်ဆည်းအပ်သော ပါရမီသည် ခြောက်ခုသာ ရှိသည်။

(၁) ဒါန ပါရမီ၊ (၂) သီလ ပါရမီ၊ (၃) ဝီရိယ ပါရမီ၊ (၄) ခန္တီ ပါရမီ၊ (၅) ဈာန ပါရမီ၊ (၆) ပညာ ပါရမီတို့ ဖြစ်လေသည်။ ဘုရားလောင်း ဗောဓိသတ္တ သဘောကို ဗုဒ္ဓဘာသာ ကမ္ဘာ့သုတေသန ပညာရှင် ဒေါက်တာ အက်ဒွပ် ကွန်ဇေး (Dr. Edward Conze) ၏ ဖွင့်ဆိုချက်သည် မှတ်သားဖွယ်ကောင်း၍ ဤတွင် တင်ပြချင်ပါသည်။ သူ တင်ပြပုံမှာ ဤသို့ ဖြစ်၏။

**The two key words which occur on almost each page of the Mahayana writings are the words Bodhisattva and Emptiness. What than is first of all a Bodhisattva? A Buddha is one who is Enlightened. A Bodhisattva is literally an Enlightenment being. He is a Buddha to be, one who wishes to become a Buddha, that**



www.burmeseclassic.com

www.burmeseclassic.com


is to say an Enlightened one. So far for the literal meaning.

It would be a mistake to assume that the conception of a Bodhisattva was a creation of Mahayana. For all Buddhists each Buddha had been, for a long period, before his enlightenment, a Bodhisattva.

ဗောဓိသတ္တ ဟူသည် ဗောဓိဉာဏ် (သဗ္ဗညုတဉာဏ်) ကို ရမည့် ပုဂ္ဂိုလ်၊ ဘုရားလောင်းဟု ဆိုလိုကြောင်း၊ မဟာယာနတို့၏ အရေးအသားများတွင် ဗောဓိသတ္တ ဆိုသော စကားလုံးနှင့် သုညတ ဆိုသော စကားလုံး နှစ်လုံးကို တွင်တွင် တွေ့ရကြောင်း၊ ဤစကားလုံး ဤအယူအဆသည် မဟာယာနတို့ တီထွင်သော စကားလုံး ဖြစ်သည်ဟု ယူဆလျှင် မှားမည် ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်တိုင်းက ဗုဒ္ဓသည် ဘုရားမဖြစ်မီ သဗ္ဗညုတဉာဏ်တော်ကို မရမီက ကြာမြင့်စွာ ဘုရားလောင်း ဖြစ်ခဲ့ကြကြောင်း လက်ခံ အတည်ပြုကြရသည်။ အထက်ပါ အင်္ဂလိပ်စကား၏ အဓိပ္ပာယ်ကို ဖော်ပြခြင်း ဖြစ်၏။

သဗ္ဗတ္ထိ ဂိုဏ်းသား (မဟာယာန) များသည် အထူးသဖြင့် ဗောဓိသတ္တ ဘုရားလောင်း၏ ဘ၀ဖြစ်စဉ်ကို အရေးထား၍ စဉ်းစားတတ်ကြသည်။ ဝသုဗန္ဓု၏ အဘိဓမ္မာကောသကျမ်း၌ ဘုရားလောင်း၏ စိတ်သဘာ၀ကို အကျယ် ဖော်ပြထားသည်။ မဟာယာန ဂိုဏ်းသားများသည် ဘုရားလောင်း အဖြစ်ကိုသာ နှစ်သက်၍ တန်ဖိုးလည်း အလွန်ထားသည်။ ထေရဝါဒက တန်ဖိုးထားသော ရဟန္တာကိုမူ သူတို့က အထင်သေးသည်။ မဟာယာနတို့၏ အမြင်တွင် ရဟန္တာမှာ အတ္တစွဲ ရှိသည်၊ ဒိဋ္ဌိစွဲ ရှိသည်၊ ရဟန္တာသည် ဒိဋ္ဌိကို အပြီး မပယ်နိုင်သေးဟု ဆိုကြသည်။ ထို့ကြောင့် ရဟန္တာသည် သူ့အတွက် သူ ရအောင် နိဗ္ဗာန်ကို အရယူဖို့ ကြိုးစားသည်။ တခြားသော သတ္တဝါများကိုကား ရဟန္တာသည် သံသရာမှာ ချန်ထားခဲ့ဖို့ ဝန်လေးခြင်း မရှိဟု ရှုမြင်ကြသည်။ ထို့ပြင် ရဟန္တာသည် မိမိနှင့် သူတစ်ပါးကို တစ်သားတည်းထားပြီး မစဉ်းစားဘဲ ခွဲခြားရှုမြင်သည်။ ထို့ကြောင့် ရဟန္တာသည် အနတ္တသဘောကိုပင် မမြင်နိုင်သေးဟုလည်း စွပ်စွဲထားသည်။

ထို့နောက် ပညာပါရမိတာကျမ်း၌ ဘုရားလောင်း၏ စိတ်ဓာတ်ကို ဖော်ပြရာတွင် ဘုရားလောင်းသည် မဟာကရုဏာကြောင့် ရဲစွမ်းသတ္တိ ရှိပုံ၊ စွန့်လွှတ်နိုင်ပုံများကို ပြထားသည်။ ဝဇိရစ္ဆေဒက သုတ္တန်တွင်လည်း ထိုအချက်ကို ပုံဝတ္ထုများဖြင့် တန်ဆာဆင်ပြီး ပြထားလေသည်။



www.burmeseclassic

www.burmeseclassic.com



ပါမောက္ခ ကွန်ဇေးက မဟာယာနတို့၏ ရှေ့စကား နောက်စကား မညီ ယုတ္တိမတန်ပုံကို ဖော်ထုတ်ပြီး ဝေဖန်ပြထားသည်။*

'မဟာယာနတို့၏ ပညာခန်း၌ ငါ သူတစ်ပါး၊ ယောကျာ်း မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ဓမ္မသာ ရှိသည် ဆိုပြီး မဟာကရုဏာခန်း၌ တခြား သတ္တဝါများ အတွက် စွန့်လွှတ် အနစ်နာခံသည်ဟု ဆိုထားခြင်းမှာ ရှေ့စကား နှင့် နောက်စကား မညီ၊ ယုတ္တိစဉ် လွဲချော်နေသည်' ဟု သူက ဝေဖန်သည်။

အမှန်မှာ ဒေါက်တာ ကွန်ဇေးသည် ဗုဒ္ဓဘာသာကို ယုတ္တိနည်းကျ နားမလည်ခြင်း ဖြစ်နိုင်သည်။ သူ့ခေါင်းထဲမှာ သိက္ခာ သုံးရပ်၏ ဉာဏ်အဆင့် မတူပုံကို လည်းကောင်း၊ ပညတ်နှင့် ပရမတ်၏ ဉာဏ်အဆင့် မတူပုံကို လည်းကောင်း သဲသဲကွဲကွဲ နားမလည်ခြင်းကြောင့် ထိုသို့ ဝေဖန်ခြင်း ဖြစ်နိုင် သည်။

မဟာယာန ဗုဒ္ဓဘာသာဝင်များ တန်ဖိုးထားသော ဗောဓိသတ္တ ဘုရား လောင်း ဖြစ်ခြင်း၊ ဗောဓိဆုပန်ခြင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သိအောင် အကျွန်ုပ် လေ့လာကြည့်သည်။ မိမိ၏ စိတ်သည် လွတ်လပ်စွာ စူးစမ်း လေ့လာ လိုသော နှလုံးဖွင့်ထားသူ၏ စိတ်မျိုး ဖြစ်သည်။ ပါမောက္ခ မက်စ် မူလာ လေ့လာသလို သိသင့်သည်ထင်သော အချက်အလက် အများအပြားကို သိ အောင် အားထုတ်နေခြင်း ဖြစ်လေသည်။

ဗောဓိသတ္တ ဘုရားလောင်းသည် ဆုကြီးပန်ပြီးနောက် ကာလကြာမြင့်စွာ သဗ္ဗညုတ ဉာဏ်ရအောင် ပါရမီ စခန်း ကံလမ်းရှည်ကြီးကို လျှောက်ရ သည်။ ထိုကာလ၌ ငါသည် ဗောဓိဆုပန်ပြီး ဖြစ်၍ အပါယ်လေးပါးသို့ ကျ ရောက်တတ်သော ကံမရှိတော့ပြီဟု မဆိုနိုင်သေး။ မဟာယာန ဂိုဏ်းသား များကတော့ သောတာပန် ဖြစ်လို့ ဒိဋ္ဌိမပြုတ်၊ ရဟန္တာ ဖြစ်လို့လည်း ဒိဋ္ဌိမပြုတ်၊ ဘုရားလောင်း ဖြစ်မှသာ ဒိဋ္ဌိပြုတ်သည်ဟု ဆိုကြသည်။ မဟာယာန ဘုရား လောင်းများသည် သုံးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ရသည်ဟု ဆို သည်။

**One needs a vast accumulation of knowledge and merit, innumerable heroic deeds in the course of three innumerable kalpas.** ဟု ဒေါက်တာ ကွန်ဇေးက ဖော်ပြထားသည်။ ဤဘုရားလောင်းများ

---

* **Buddhism – Its essence and development – Dr. E. Conze – p 129**



www.burmeseclassic.com

www.burmeseclassic.com



သည် ဤမျှ ခက်ခဲ၍ ကာလ ကြာမြင့်စွာ ရဲရင့်သော စွန့်ခြင်းကြီးများကို ပြု လုပ်ရသော ဤပါရမီဖြည့်ခြင်း အလုပ်ကို ဘာကြောင့် လုပ်ကြရသလဲ ဆိုသော အမေးပုစ္ဆာကို ဖြေကြားရာတွင် သတ္တဝါ အပေါင်းကို သံသရာ ဝဋ်ဒုက္ခကြီး ထဲက ဆွဲထုတ် ကယ်တင်ချင်သော မဟာကရုဏာတော်ကြောင့် ဖြစ်သည် ဆို၏။ သည်လို လုပ်တာ သူတို့မှာ ကိုယ်ကျိုး ဘာရှိသလဲဟု အနောက် တိုင်းသားများက မေးကြသည်။ သတ္တဝါတို့၏ အကျိုးသည်ပင် သူတို့ ကိုယ် ကျိုးလည်း ဖြစ်သည် ဆို၏။ ထိုအကျိုးမျိုးကို ဘုရားလောင်းတို့ အလိုရှိကြ သောကြောင့် ဖြစ်သည်ဟု အဖြေ ပေးကြလေသည်။ ဘုရားလောင်းများ၏ ကိုယ်ကျိုးစွန့်၍ ရဲစွမ်းသတ္တိရှိစွာ သတ္တဝါတို့အား ကယ်တင်လိုသော ဆန္ဒ ကြီးမားမှုကို ကရုဏာ နှလုံးသား မရှိကြကုန်သော၊ ကိုယ်ကျိုးကိုသာ ပဓာန ထားသော ပုထုဇဉ်များကမူ ယုံကြည်ရန် ခက်ခဲကြောင်းလည်း ဖော်ပြထား သည်။ သို့သော် ဘုရားအလောင်းတော်တို့မှာမူကား သတ္တဝါများ ချမ်းသာရ ရေး အတွက် မိမိ အနစ်နာခံ၍ ကြိုးပမ်းရသော အလုပ်သည် မဟာကရုဏာ စိတ်ထားကြောင့် ပျော်ရွှင်မှုကို ဖြစ်စေသော အလုပ် ဖြစ်သည် ဆို၏။ ဤ သဘောထားကို မဟာယာနတို့သည် အတ္တဒိဋ္ဌိ ပြုတ်သော အယူဟု ယူဆ ကြသည်။ ဝိပဿနာ ဉာဏ်ပေါ်မှာ ဒိဋ္ဌိပြုတ်ခြင်း မဟုတ်ဘဲ ပုဂ္ဂိုလ် သတ္တဝါ (ငါ သူတစ်ပါး မခွဲခြားမှု သဘောထား) ပေါ်မှာ တည်ပြီး ကရုဏာ တရားဖြင့် ဒိဋ္ဌိပြုတ်ခြင်း ဖြစ်လေသည်။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ မမြဲ ခဏမစဲ ဖောက်လွဲ ပျက်စီးနေခြင်း၊ နှိပ်စက်နေခြင်း သဘောကို မသိမြင်ဘဲ ဒိဋ္ဌိ ပြုတ်ခြင်းမှာ သစ္စာဉာဏ် မပါဟု အကျွန်ုပ် နားလည်လိုက်သည်။ ဇာတက ဝတ္ထုများကို လေ့လာကြည့်သော အခါမှာလည်း အလောင်းတော်သည် ဒိဋ္ဌိမပြုတ် သေးသောကြောင့် ဘဝများစွာတို့၌ အပါယ်ခန္ဓာများကို ရရှိခဲ့ကြောင်း ကျမ်း ဂန် အထောက်အထား တွေ့ရသည်။ ထိုအခါ အကျွန်ုပ် ရင်ထဲမှာ မဟာယာန တို့၏ ကရုဏာပေါ်မှာသာ အခြေခံသော (သစ္စာဉာဏ်ကို အခြေမခံသော) ဘုရားလောင်း အယူဝါဒကို များစွာ သံသယ ရှိလာလေတော့သည်။

ထိုအခါ အကျွန်ုပ်သည် ထေရဝါဒက လက်ခံထားသော မဟာဗောဓိ ဆုပန်ခြင်း သဘောတရားကို ကျယ်ကျယ်ပြန့်ပြန့် နားလည်အောင် ကြိုးစားရ ပြန်သည်။

လယ်တီ ဆရာတော် ဘုရားကြီးသည် သူ၏ ဥတ္တမပုရိသဒီပနီကျမ်း တွင် သဗ္ဗညုတ ဆုပန်သူ၏ ရည်ရွယ်ချက်၊ ကိုယ်ရည်ကိုယ်သွေးနှင့် သဘော



www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာများ၊ လုပ်ထုံးလုပ်နည်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး တင်ပြထားသည်ကို တွေ့ရ၍ ဝမ်းသာကြည်နူးမိပါသည်။ 'ယခုအခါ သဗ္ဗညုတဆုကို အထူး သိလိုပါသည်' ဟု လျှောက်ထားသော မန္တလေးမြို့ ပညာရုံး စာရေးကြီး ဦးသော်၏ အမေးစကားကို ဆရာတော်ကြီးက ဖြေကြားထားခြင်း ဖြစ်၏။ ဆရာတော်ကြီး ဖြေကြားပုံမှာ ဤသို့ ဖြစ်လေသည်။

'သဗ္ဗညုဗောဓိသမ္ဘာရ အစီအရင်သည် ကျမ်းဂန်တွင် ပုစ္ဆာ တစ်ဆယ့်ငါးချက်နှင့် အလွန် ကျယ်ဝန်းစွာ လာသည်။ အကျဉ်းမျှကိုသာ ပြဆိုအံ့။ အကျယ်ကိုမူ စရိယ ပိဋက အဋ္ဌကထာ သီလက္ခန် ဋီကာများမှာ လာသည်။ ထေရဝါဒ ကျမ်းဂန်များ၌ မဟာဗောဓိဆုပန်သူတို့ ဖြည့်ဆည်းအပ်သော ပါရမီ ဆယ်ပါး အပြား သုံးဆယ်ကို ပြဋ္ဌာန်းထား၏။ ပါရမီ ဆယ်ပါးတို့တွင် ပရမတ္ထပါရမီသည် 'အတ္တနောဇီဝံ ပရိစ္စာဂေါ' ဟူသည်နှင့်အညီ အသက်ခန္ဓာကို စွန့်၍ ဖြည့်ရသော ပါရမီမျိုး ဖြစ်၏။ ပါရမီ ဆယ်ပါး၊ ဥပပါရမီ ဆယ်ပါး၊ ပရမတ္ထပါရမီ ဆယ်ပါး အပြားအားဖြင့် သုံးဆယ် (အားလုံး) ကို ဖြည့်ကျင့်နိုင်မှသာ သဗ္ဗညု ဗောဓိသို့ ရောက်နိုင်ကြောင်းလည်း ပြထားသည်။ တော်၏ လျော်၏လောက်ဖြင့် ရကောင်းသော အရာ မဟုတ်ကြောင်း နားလည်ရ၏။

ပါရမီ ဖြည့်ကျင့်ရာ၌ မိမိ ပန်ဆင်ထားသော ဗောဓိဆုကို လိုက်၍ ပါရမီ ဖြည့်ရသော နှစ်ပရိစ္ဆေဒ ကာလ အပိုင်းအခြားလည်း ကွာခြားသေး၏။ ဗျာဒိတ်ခံပြီးနောက် ဖြည့်ကျင့်ရသော ကာလ အပိုင်းအခြားကိုသာ ကျမ်းဂန်များ၌ ဖော်ပြထား၏။ ဗျာဒိတ် မခံမီက ကျင့်ခဲ့ရသော ကာလ အပိုင်းအခြားကိုကား ကျမ်းဂန်မှာ ပြထားသည် မရှိပါ။

တစ်ဖန် မဟာဗောဓိမှာပင် သုံးမျိုး ကွဲသေး၏။ သဒ္ဓါဓိက၊ ဝီရိယာဓိက၊ ပညာဓိကအားဖြင့် သုံးပါးပြား၏။ (ဥဃ္ဃဋိတညူဗောဓိ၊ ဝိပဉ္စိတညူဗောဓိ၊ နေယျဗောဓိ ဟူ၍လည်း ဆို၏။)

သက်ရှိထင်ရှား ဘုရား တစ်ဆူဆူနှင့် ကိုယ်တိုင် တွေ့ပြီး ထိုဘုရားက ပေးသော နိယတ ဗျာဒိတ် ရပြီးနောက်မှာ ပါရမီ ဖြည့်ကျင့်ရသော ကာလသည် (က) ပညာဓိက ဖြစ်လျှင် ပါရမီ ဆယ်ပါး အပြား သုံးဆယ်စလုံးကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ရ၏။ (ခ) ဝီရိယာဓိက ဖြစ်လျှင် ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ရ၏။ (ဂ) သဒ္ဓါဓိက ဖြစ်လျှင် ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်မှသာ ဘုရားပွင့်နိုင်ကြောင်း ပြ၏။

ထိုနောက် မဟာဗောဓိကြီး၌ သိသင့်သိထိုက်သော အကြောင်းအရာ



www.burmeseclassic

www.burmeseclassic.com



များကို ကျမ်းဂန်မှ ထုတ်၍ လယ်တီ ဆရာတော် ပြထား၏။

(၁) မဟာဘိနီဟာရ ဆုကြီး ပန်ဆင်ခြင်း သဘောကို သိအပ်၏။ ၎င်းကို မဟာယာနဌ (great vow) စိတ် အဓိဋ္ဌာန် ပြုမှုကြီးဟု ဖော်ပြထား၏။

(၂) မဟာဘိနီဟာရ၏ အခြေမူလ၊ ပစ္စယ၊ ဟေတု တရားစုကို သိအပ်၏။

(၃) မဟာဗောဓိ (ဗုဒ္ဓဘူမိ) ကို သိအပ်၏။

(၄) မဟာဗောဓိ၏ အခြေ မူလ တရားစုကို သိအပ်၏။*

မဟာဘိနီဟာရ ဆိုသည်ကား ငါသည် ကိုယ်စွမ်းကိုယ်ရည်ကို မြင်သောယောကျ်ားကောင်း ဖြစ်လျက် တစ်ကိုယ်တည်း နိဗ္ဗာန်ကို ကူးသဖြင့် အဘယ် အကျိုး ရှိမည်နည်း။ သဗ္ဗညုတဉာဏ်တည်း ဟူသော မဟာဗောဓိသို့ ရောက်ပြီးမှ နတ်ဗြဟ္မာနှင့်တကွ လူအပေါင်းကို နိဗ္ဗာန်ကူးတို့ ပို့ဆောင် ကယ်တင်အံ့ဟု စကြဝဠာ တစ်သောင်းကို ရိုက်ခြောင်းဆူဝေ တုန်လှုပ်စေနိုင်သော ပဋိညာဉ်ကြီးတည်း။ မဟာဗောဓိ ပတ္ထနာဟုလည်း ဆိုရ၏။ ဤကား လယ်တီ ဆရာတော် ဘုရားကြီး ရေးသား ဖော်ပြထားချက် ဖြစ်၏။

သာမဏေရဇီဝက ခေါ်သော မဟာယာန ဘုန်းကြီး တစ်ပါးက သူ၏ The Bodhisattva Vow ဗောဓိသတ္တ ပတ္ထနာ ဆောင်းပါးတွင် ဤသို့ ဗောဓိသတ္တ ဘုရားလောင်းတို့ ပြုအပ်သော မဟာဗောဓိပတ္ထနာ (အဘိနီဟာရ) အခမ်းအနား အကြောင်းကို ထေရဝါဒ (သူတို့အခေါ် ဟီနယာန) ၌ နားလည်ခြင်း မရှိဟု ရေးသားခဲ့လေသည်။**

သာမဏေရဇီဝက၏ ထင်မြင်ချက်သည် မှားလေ၏။

ဆုကြီးပန်ရာတွင် အင်္ဂါလေးပါး ရှိကြောင်းလည်း သူက ဖော်ပြထားသည်။

(၁) သတ္တဝါ အားလုံး (လူ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ နတ်ဗြဟ္မာ အားလုံး) အား သူတို့ လိုအပ်သမျှကို ပြည့်စုံစေမှု အတွက် ကူညီ ပံ့ပိုးရေး ဆိုသော အင်္ဂါလည်း တစ်ရပ်၊

(၂) အကုသိုလ် ဒုစရိုက် ရာဂ တဏှာ မှန်သမျှကို ပယ်သတ်ရေး ဆိုသော အင်္ဂါလည်း တစ်ရပ်၊

---

* ဥတ္တမ ပုရိသ ဒီပနီ (ဟံသာဝတီ)၊ လယ်တီ ဆရာတော်၊ က ၂၉

** The Young Buddhist 1986 – p 59



www.burmeseclassic

www.burmeseclassic.com



(၃) သစ္စာဉာဏ် ရအောင် လေ့လာ အားထုတ်ပြီး အခြားသော သတ္တဝါ များအား သင်ကြားပြသရေး အင်္ဂါလည်း တစ်ရပ်၊

(၄) သတ္တဝါ မှန်သမျှကို ဘုရားအဖြစ်သို့ ရောက်အောင် ဦးဆောင် လမ်းပြရေး အင်္ဂါလည်း တစ်ရပ် ဖြစ်သည် ဆို၏။

သတ္တဝါ အားလုံး၏ အကျိုးအတွက် သဗ္ဗညုတဉာဏ်ကို ရအောင် အားထုတ်ပြီးလျှင် ထိုတရားတို့ကို သတ္တဝါအများအား ပြသခြင်းဖြင့် ဗောဓိသတ္တ ဘုရားလောင်းသည် လောက၏ ဆရာတစ်ဆူ ဖြစ်စေရမည် ဟူ၏။ မဟာယာန မှာလည်း ဘုရားလောင်း၏ ဉာဏ်အဆင့်ဆင့်ကို ဖော်ပြသော 'ဗုဒ္ဓဘူမိ' သဘော လည်း ပါရှိသည်။ ပါရမီခန်းတွင် ပါရမီ ခြောက်ပါးကိုသာ ပြသည်။ အပြား အားဖြင့် ဖော်ပြနိုင်စွမ်း မရှိပေ။

ပါရမီခန်းနှင့် ပတ်သက်၍ နည်းပေါင်းစုံဖြင့် ပါရမီ ဖြည့်ပုံကို ရေး သားထားသော ကျမ်းများစွာ ရှိ၏။ ၎င်းကျမ်းများအနက် တိဗက်ပြုပြင်ရေး ဆရာကြီး စုန်ကပ (Tsong Kapah) ၏ ကျမ်းသည် အထိရောက်ဆုံးကျမ်း ဖြစ်သည်ဟု သာမဏေရဓိဝက ဖော်ပြထား၏။ ထိုကျမ်းထဲတွင် သမထ (သမာ ဓိ) အားဖြင့်သာ သဗ္ဗညုတဉာဏ်ကို ရရှိနိုင်ကြောင်း ဖော်ပြထားလေသည်။

ဤအချက်တွင် မဟာယာနနှင့် ထေရဝါဒသည် ဖြောင့်ဖြောင့် ဆန့် ကျင်သွား၏။ မဟာယာနမှာ ဝိပဿနာ အကြောင်းကို ဖော်ပြရာတွင် မရှိမ ပဋိပဒါ သဘောကို ဉာဏ်ကစား၍ ဖော်ပြထားသော်လည်း သတိပဋ္ဌာန်တရား များ၊ လက်တွေ့ကျင့်စဉ်များကား မပါဝင်ချေ။

**မဟာဗောဓိပဋ္ဌနာ (မဟာဘိနီဟာရ) ၏ အင်္ဂါ**

ဘုရားဆုပန်သောသူ၊ ဘုရားလောင်း၏ အင်္ဂါ ရှစ်ပါးကို ထေရဝါဒ ကျမ်းဂန် များ၌ ဖော်ပြထား၏။

(၁) မနုဿတ္တံ - လူဖြစ်ရမည်။

(၂) လိင်္ဂသမ္ပတ္တိ - ယောကျ်ားဖြစ်ရမည်။

(၃) ဟေတု - ဖြစ်လိုလျှင် ရလိုလျှင် ယခုဘဝမှာပင် ရဟန္တာ ဖြစ် နိုင်လောက်သော ရင့်ပြီးသော အကြောင်း ပါရမီ ရှိရမည်။

(၄) သတ္ထာရဒဿနံ - သက်ရှိထင်ရှား သဗ္ဗညုဘုရားကို ကိုယ်တိုင် တွေ့ဖူးခြင်း ရှိရမည်။

(၅) ပဗ္ဗဇ္ဇာ - ရသေ့ ရဟန်း ဖြစ်ရမည်။



www.burmeseclassic

www.burmeseclassic.com


(၆) ဂုဏာသမ္ပတ္တိ – အဘိညာဉ် သမာပတ်နှင့် ပြည့်စုံရမည်။

(၇) အဓိကာရော – ပါရမီ ကုသိုလ်များကို အလွန်အကဲ ပြုလုပ်အားထုတ်ခြင်း ရှိရမည်။

(၈) ဆန္ဒတာ – ဘုရားဖြစ်ရန် အလွန် ထက်သန်လှသော ဆန္ဒပတ္ထနာ ရှိရမည်။

ဤအင်္ဂါ ရှစ်ပါးသည် ပထမဦးဆုံး ဆုပန်စဉ်အခါမှာပင် ရှိရမည့် အင်္ဂါများ ဖြစ်သည်ဟုလည်း ဆိုထားသည်။

ဤတွင် 'အဓိကာရ' ဆိုသည်မှာ အသက်ခန္ဓာကို စွန့်၍ ပြုအပ်သော ပူဇော်သက္ကာယမှုကို ဆိုခြင်း ဖြစ်၏။

ဤတွင် 'ဆန္ဒတာ' ဆိုသည် အလွန်အမင်း ထက်သန်လှစွာသော အလိုဆန္ဒမျိုးကို ဆိုသည်။ အချင်း ယူဇနာ တစ်သန်း နှစ်သိန်း သုံးထောင်လေးရာ ငါးဆယ် ကျယ်သော စကြဝဠာ တံတိုင်း အတွင်းမှာ လှံများ အပြည့်စိုက်ထူ ထားပါစေ၊ ထိုလှံများပေါ်မှာ နင်းပြီး စကြဝဠာ တံတိုင်း တစ်ဖက်မှတစ်ဖက်သို့ ရောက်အောင် လာနိုင်လျှင် မဟာဗောဓိဆုကို ဟိုမှာဘက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရနိုင်သည် အမှန်ဖြစ်မူ ထွေလာ စိတ်ဖန် ကြံစည် တွန့်ရွံ့ခြင်း မရှိ ခဏချင်း နင်း၍ သွားနိုင်လောက်အောင် ထက်သန်သော စိတ်ဆန္ဒမျိုး၊ စကြဝဠာ တစ်ပြင်လုံး ရှားမီးကျီးခဲဖြင့် ဖုံးလွှမ်းထားသည်ကို နင်းကျော်၍ သွားမှသာ မဟာဗောဓိဆုကို ရမည်ဆိုလျှင်လည်း ခဏချက်ချင်း မတွန့်မဆုတ်သော စိတ်ဖြင့် ကျော်နင်းသွားမည် ဆိုသော စိတ်ဆန္ဒမျိုးကို ဆိုခြင်း ဖြစ်၏။

ထို့ပြင် ထေရဝါဒက ဗောဓိဆုပန်သူသည် အောက်ပါ အကြောင်းတရား နှစ်ပါးနှင့် ပြည့်စုံရဦးမည်။ သို့မှသာ သဗ္ဗညု ဘုရားကို ကိုယ်တိုင် ဖူးရပြီး သဗ္ဗညု ဗျာဒိတ်ကို ခံရသော ဘုရားလောင်း အဖြစ် ဘွဲ့တံဆိပ်ကို ရနိုင်ကြောင်း ဆိုထားသည်။ မဟာယာနကမူ သက်ရှိထင်ရှား ဘုရားနှင့် တွေ့ဆုံခြင်း၊ နိယတဗျာဒိတ်ရခြင်း မပါဘဲနှင့်လည်း မိမိဘာသာ ဘုရားဆုကို ပန်နိုင်သည်ဟု ယူဆထားလေသည်။ ပစ္စယ (အကြောင်း) နှစ်ပါးမှာ–

၁။ ကရုဏာ သမ္ပတ္တိနှင့်

၂။ ဥပါယ ကောသလ္လ သမ္ပတ္တိတို့ ဖြစ်သည်။

မိမိ အသက်ထက်ပင် သတ္တဝါတို့ အပေါ် ချစ်ခင်သော အကြင်နာ ကရုဏာတရား အားကြီးခြင်းလည်း တစ်ကြောင်း၊ ဥပါယ ကောသလ္လ ဆို


www.burmeseclassic.com

www.burmeseclassic.com



သော ဒုက္ခကင်းငြိမ်းရာသို့ ရောက်စေသော အကြောင်းကို သိနိုင်သော ထက်မြက်သော ဉာဏ်နှင့် ပြည့်စုံခြင်းလည်း တစ်ကြောင်း ဖြစ်၏။

ထေရဝါဒတွင် ဗုဒ္ဓဘူမိကိုလည်း လေးပါး ပြထားသည်။

(၁) ဥဿာဟ – သူများထက် လွန်ကဲသော လုံ့လဝီရိယ ရှိခြင်း၊

(၂) ဥမ္မင်္ဂ – အလွန် ထက်မြက်သော ဉာဏ်ပညာ ရှိခြင်း၊

(၃) အဝဋ္ဌာန – အလွန်အမင်း စိတ်ဓာတ် ခိုင်မာခြင်း၊

(၄) ဟိတစရိယာ – မိမိအကျိုးထက် သူတစ်ပါး အကျိုး၌ လွန်ကဲသော မေတ္တာစိတ် ရှိခြင်း၊

ဘုရားလောင်း၏ မဟာ ကရုဏာ ကြီးမားပုံကို မဟာယာနတို့၏ Diamond Sutra ခေါ် ဝဇိရစ္ဆေဒက ကျမ်းတွင် မိမိကိုယ်ကို သားမွေးပြီး မမာမကျန်း ဖြစ်နေသော ကျားမကြီးထံမှာ အစားခံကာ အစာကျွေးသွားသော ဘုရားလောင်း မင်းသားကလေး မဟာသတ္တ အကြောင်းကို ဆွတ်ပျံ့ဖွယ် ဖော်ပြထားလေသည်။ *

ဥတ္တမပုရိသ ဒီပနီကျမ်းတွင် ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးသည် ဗောဓိသတ္တ ဘုရားလောင်း၏ အစ္စျာသယဓာတ် ခြောက်မျိုးကိုလည်း ဖော်ပြထား၏။ မိမိကိုယ်ကို ပြန်လည် သုံးသပ်နိုင်ရန် အလို့ငှာ မိမိ လေ့လာခဲ့မိသော ထိုအကြောင်းအရာကိုလည်း ဤတွင် ဖော်ပြသင့်သည် ထင်၏။

**ဗောဓိဆုပန်သူ၏ အစ္စျာသယဓာတ် ခြောက်မျိုး**

(၁) ဗောဓိသတ္တ ဘုရားလောင်းသည် အလောဘ အစ္စျာသယာစ (လောဘ၌ အပြစ်ဟု ရှုမြင်သော) စိတ်ဓာတ်နှင့် ပြည့်စုံရခြင်း၊

(၂) ဘုရားလောင်းသည် အဒေါသ အစ္စျာသယာစ (ဒေါသကို အပြစ်ဟု ရှုမြင်သော) မေတ္တာစိတ်နှင့် ပြည့်စုံခြင်း၊

(၃) ဘုရားလောင်းသည် အမောဟ အစ္စျာသယာစ (မောဟ၌ အပြစ်ကို ရှုမြင်သော) ပညာဉာဏ်နှင့် ပြည့်စုံခြင်း၊

(၄) ဘုရားလောင်းသည် နေက္ခမ္မစ္စျာသယာစ (ကာမ၌ အပြစ်ဟု ရှုမြင်သော) ကာမဂုဏ်ကို စွန့်လိုခြင်းစိတ်နှင့် ပြည့်စုံခြင်း၊

(၅) ဘုရားလောင်းသည် ပဝိဝေတစ္စျာသယာစ – ဆိတ်ငြိမ်ခြင်းကို

---

* Buddhist Scripture – Edward Conze – p 24



www.burmeseclassic.com

www.burmeseclassic.com



အလိုရှိသော (အပေါင်းအဖော်၌ အပြစ်ကို ရှုမြင်သော) စိတ်ဓာတ်နှင့် ပြည့်စုံခြင်း၊

(၆) ဘုရားလောင်းသည် နိဿရဏဇ္ဈာသယာစ – ဘဝမှ ကျွတ်ချင် လွတ်ချင်သော (အလုံးစုံသော ဘဝဂတိတို့၌ အပြစ်ကို ရှုမြင်သော) နိဿရဏ ဓာတ်နှင့် ပြည့်စုံခြင်း။

ဤမျှလောက် ပြလိုက်လျှင် ဆုကြီးပန်နှင့် ပတ်သက်၍ ထေရဝါဒ ကျမ်းဂန်များ၌ အကျယ်တဝင့် ဟောကြားထားပုံကို သိသာလောက်ပြီ။

**ကိုယ့်ကိုယ်ကိုယ် ထေဖန်ခြင်း**

'ရတနာသုံးပါး' စာအုပ်ထဲတွင် အကျွန်ုပ်သည် မိမိကိုယ်ကို ဆုကြီးပန်ဟု ကြေညာခဲ့လေသည်။ ကိုယ်သွေး ကိုယ်ရည်ကို မစီစစ်ဘဲ သူများ ပါးစပ်ဖျားမှာ လမ်းဆုံး၍ သူများပြော ယုံနေခဲ့ခြင်း ဖြစ်၏။ စင်စစ် ကိုယ့်အကြောင်းကို ကိုယ် သေသေချာချာ သိမြင်ခဲ့သည်တော့ မဟုတ်ချေ။ ဤအကြောင်းများကို 'ရတနာသုံးပါး' စာအုပ်ထဲတွင် ဖော်ပြခဲ့ပါသည်။ ဗုဒ္ဓဘာသာကို စိတ်ဝင်စားပြီး လေ့လာစ အချိန်က ဖြစ်သည်။ မျက်စိလည်နေကြသော ဗုဒ္ဓဘာသာ အမည်ခံ ပုတီးကိုဏ်းက လူတွေလို သက်သတ်လွတ် စားလိုက်၊ အဓိဋ္ဌာန်ပြုလိုက်၊ ပုတီးစိပ်လိုက် လုပ်နေခဲ့သော အချိန်တွင် ရွှေတိဂုံဘုရားပေါ်သို့ စနေနေ့ တစ်ညလုံး သွားပြီး ပုတီးစိပ်ခဲ့လေသည်။ ထိုအချိန်တွင် ဘိုးတော်ဆိုသူ ဝိဇ္ဇာယောင် ပုဂ္ဂိုလ်များစွာ အကျွန်ုပ်ထံသို့ ရောက်လာကြပြီး ပါရမီရှင်ကြီး တစ်ယောက် ဖြစ်၍ သူတို့က ပါရမီ လာဖြည့်ကြရသည်၊ သူတို့ကို အထက် ပုဂ္ဂိုလ်များက စေလွှတ်လိုက်ကြောင်း ပြောကြသည်။ အပြောကောင်းသူများ ဖြစ်ကြသည်။ သူတို့ကို အထက် ပုဂ္ဂိုလ်များက တာဝန်ပေး၍ အကျွန်ုပ်ထံသို့ လာခဲ့ရကြောင်း၊ အကျွန်ုပ်ကို ကူညီမစရန် လာရကြောင်း ပြောလေသည်။ သူတို့ပြောသော စကားတွေထဲတွင် အကျွန်ုပ်သည် အလွန် အရေးကြီးသော ပုဂ္ဂိုလ် (V. I. P) အခန်းက ပါဝင်နေလေသည်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခြင်း မာနသည် ရင်ထဲမှာ အဆောက်အအုံ အဖြစ် တည်ရှိလာပြီ။ ထိုအချိန်တွင် ဘိုးဘိုးအောင် ဓာတ်စီးသည် ဆိုသော ဘိုးတော် စိုးလှိုင် ဆိုသူ ရောက်လာသည်။ သူ့ကို ဓာတ်စီးပြီး အကျွန်ုပ်ကို ပြည် ရွှေဆံတော်သို့ လာရန် ဘိုးဘိုးအောင် (ဓာတ်စီး) က ဖိတ်ခေါ်သည်။ ထိုအခါ အကျွန်ုပ် စိတ်ထဲတွင် ငါသည် သာမန်လူ မဟုတ်၊ ပါရမီရှင် ဖြစ်၍သာ ဝိဇ္ဇာမိုရ် ပုဂ္ဂိုလ်တွေက လာပြီး စောင့်ရှောက်ခြင်း ဖြစ်နိုင်

www.burmeseclassic.com



သည်ဟု ကိုယ့်ကိုယ်ကိုယ် အဆင့်မြှင့်၍ စဉ်းစား သုံးသပ်သည်။ ဆန်းတော့ ဆန်းသည်၊ သူတို့ လောကက မျက်စိလည်ဖို့တော့ တော်တော် ကောင်းသည်။ ထိုအသက်အရွယ် အထိ အကျွန်ုပ်သည် မြန်မာပြည် မြောက်ပိုင်း တိဗက် နယ်စပ် အထိ ရောက်ဖူးသော်လည်း ပြည်မြို့ကိုမူကား မရောက်ဖူးသေးပါ။ ညကိုးနာရီလောက် ရွှေဆံတော် တနင်္ဂနွေထောင့်ရှိ ကျောက်ဖျာပေါ်မှာ ထိုင်၍ အာနာပါန ကာယဂတာ သတိပဋ္ဌာန်ကို ပွားများနေစဉ် ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး အကျွန်ုပ်၏ နှုတ်ဖျားက 'ငါသည် သမ္မာ သမ္ဗောဓိ အမှန် သဗ္ဗညုတ ဉာဏ်ကို ရသော ဘုရား ဧကန် စင်စစ် ဖြစ်ရပါလို၏' ဟု နှုတ်မှာ ဖွဖွ ရွတ်ဆိုနေသံကို ပြန်၍ ကြားရလေသည်။ ကြိုတင် စိတ်ကူးထားခြင်း ဘာဆို ဘာမျှ မရှိ။ သိတတ်သော အရွယ်က စပြီး မိမိရင်ထဲမှာ စာရေးဆရာ ဖြစ်ချင်သော ဆန္ဒကသာ အစဉ် လွှန်လွှန်ကဲကဲ ဖြစ်လျက် ရှိခဲ့လေသည်။ ဘုရား ဖြစ်ချင်သော စိတ်မျိုးလည်း မပေါ်ပေါက်စဖူး၊ ဘုရား ဖြစ်ရန်လည်း မရည်ရွယ်ဘဲ ယခုမှသာ အလိုအလျောက် နှုတ်က ရေရွတ် ဆုတောင်းနေမိလေသည်။ ထိုအချိန်တွင် တိတ်ဆိတ်သော ပတ်ဝန်းကျင်၌ အိမ်မြှောင်များ ရာနှင့်ချီပြီး ကျယ်လောင်စွာ စုတ်ထိုးသံကို ကြားရသည်။ တစ်ကိုယ်လုံးမှာလည်း ကြက်သီးမွေးညင်းများ ထောင်ထလျက် ရှိသည်။ ရွှေဆံတော်ဘုရားပေါ်မှာ လူသူကင်းမဲ့နေပြီ။ အကျွန်ုပ် တစ်ဦးတည်းသာ တနင်္ဂနွေထောင့်က ကျောက်ဖျာပေါ်မှာ ခြေစုံရပ်လျက် ဘုရားကြီးဘက်သို့ လှည့်ကာ လက်အုပ်ချီလျက် ကျောက်ရုပ်လို ငြိမ်သက်လျက် ရှိသည်။ အိမ်မြှောင် စုတ်ထိုးသံများ၏ အဆုံးတွင် အသံချဲ့စက် အော်လံထဲက ထွက်လာသော အသံလို အလွန် ကျယ်လောင်သော အသံကြီး တစ်သံကို ကြားရသည်။ အနီးကပ် ကြားရခြင်း ဖြစ်သည်။

'သင်သည် ဘုရား ဆုပန်ခဲ့သည်မှာ ယခုဘဝနှင့်ပါဆိုလျှင် ငါးဘဝ ရှိပြီ'

ထိုအသံသည် ရင်တွင်းက ကလီဇာများကိုပါ တုန်လှုပ်သွားအောင် ပဲ့တင်ထပ်သွားသည်။ နောက်ဘက်ကို လှည့်ကြည့်မိသည်။ လူလည်း မရှိ၊ အသံချဲ့စက် အော်လံလည်း မရှိ။ ပကတိ တိတ်ဆိတ်နေလေသည်။ ပထမတော့ တစ္ဆေ ခြောက်တာလားဟုလည်း စဉ်းစားမိသည်။ ခဏကြာတော့ ထိုအတွေးများ အားလုံး လွင့်စဉ်သွားပြီး 'ငါ့ကို ဝိဇ္ဇာတွေက စောင့်ရှောက်နေတာ ဘုရား ဆုပန်မို့ စောင့်ရှောက်နေတာ ဖြစ်လိမ့်မယ်၊ ဒါဟာ ဝိဇ္ဇာတွေက အသိပေးတာပဲ

www.burmeseclassic.com



ဖြစ်လိမ့်မယ်' ဟု စိတ်ကြီးဝင် အတွေးများ အလျှင်အမြန် ရောက်ရှိလာလေတော့သည်။ ထိုအချိန်က စပြီး အကျွန်ုပ် ရင်ထဲမှာ မိမိကိုယ်ကို 'ဆုကြီးပန်' ဖြစ်သည် ဟူသော အစွဲအလမ်းသည် ခိုင်မာစွာ ဖြစ်ပေါ်လာလေတော့သည်။

ကာလကြာမြင့်စွာ မိမိကိုယ်ကို ဆုကြီးပန်ဟု စွဲလမ်းနေခဲ့လေသည်။ ထို အစွဲအလမ်းကြောင့် ဆုံးရှုံး နစ်နာမှုသာ အများအပြား ရှိခဲ့သည်။ လာသမျှ လူ (တပည့်) တွေကို နှစ်နှင့်ချီပြီး အိမ်ပေါ်မှာ တင်၍ ကျွေးမွေးပြုစုခဲ့သည်။ တစ်ခါတစ်ရံ ကျွေးစရာ အသပြာ ပြတ်လပ်သွားသည်။ ထိုအခါ မိသက်လည်တိုင်မှာ ဆွဲထားသော ရွှေဆွဲကြိုးကိုပင် ဖြုတ်ရောင်းစေပြီး မိမိအား မှီခိုလာသူတွေကို ချက်ကျွေးစေခဲ့သည်။ 'အလောင်းတော်တွေဟာ ဒီထက် အဆများစွာ အနစ်နာခံ စွန့်လွှတ်ခဲ့ကြရသေးတာပဲ' ဟုလည်း မိမိစိတ်ကို ဖြေသိမ့်၍ နေခဲ့လေသည်။ ခဏကြာတော့ ဘယ်ဝိဇ္ဇာက ခုနစ်ရက် သားသမီး ဘယ်နှယောက် ခေါ်ပြီး ဘယ်ကို သွားပါဟု အမိန့်ချပြန်သည်။ မိမိလည်း ကိုယ့်ကိုယ်ကိုယ် ဆုကြီးပန်မို့သာ ဒီဝိဇ္ဇာတွေက လာခိုင်းတာပဲ ဖြစ်လိမ့်မည်ဟု ယူဆပြီး လျှင် ငွေကုန် လူပန်း အလုပ်ပျက်ခံကာ ဂန္ဓာရီ ခရီး ဆိုတာတွေကို ဘုမသိ ဘမသိ သွားဆိုတိုင်း မဆိုင်းမတွ သွားခဲ့လေသည်။ ထေရဝါဒ ဗုဒ္ဓဘာသာ အကြောင်းကို သေသေချာချာ နားလည်အောင် အားထုတ်ခြင်း မပြုမီကမူ ဤလုပ်ငန်းများကိုပင် ပါရမီစခန်းက အလုပ်တွေပဲဟု ထင်မြင် ယူဆ၍ နေခဲ့လေသည်။

'ရတနာသုံးပါး' ကို ရေးသားပြီးနောက်မှ မိမိသည် ဤမျှလောက်ဖြင့် ဗုဒ္ဓဘာသာဝင် အစစ်ဖြစ်ပြီဟု မဆိုနိုင်သေးကြောင်း သိနားလည်လာသည်။ ဝိပဿနာ အလုပ်ကို လုပ်ရကောင်းမှန်း မသိသေးသော အကျွန်ုပ်ကို ခမ္မမိတ်ဆွေ၊ ကလျာဏမိတ္တများက ဝိပဿနာ အလုပ်ကို လုပ်ဖို့ အားပေး တိုက်တွန်းကြသည်။ သူတို့၏ အားပေးသံများထဲမှာ အကျွန်ုပ်အပေါ် ကရုဏာသံများလည်း ပါသည်၊ ကဲ့ရဲ့သံများလည်း ပါသည်ဟု အကျွန်ုပ် ရင်ထဲက ခံစားလာရသည်။

ထိုအခါ 'ဆုကြီးပန်' ဆိုသော အစွဲသည် ဝိပဿနာ အလုပ်လုပ်ရန်ကို လက်မခံဘဲ ငြင်းဆန်နေပြန်သည်။ ထိုအခါ မရေမရာ အတွေးတွေလည်း ခေါင်းထဲကို ဝင်လာကြသည်။

'ငါ ဝိပဿနာ လုပ်လို့ ဘယ်ဖြစ်မလဲ၊ ငါက ဘုရားဆုပန်ပဲ'

'ဝိပဿနာ အလုပ် လုပ်လို့ မဂ်ရသွားရင် ဘုရား ဖြစ်ပါ့မလား၊

www.burmeseclassic.com



နိဗ္ဗာန် ရောက်သွားမှာပေါ့၊ ငါက ခရီးရှည် သွားရမည့်လူ၊ ဝိပဿနာက ခရီးတို သွားချင်တဲ့ လူတွေ လုပ်တဲ့ အလုပ်ပဲ' ဟု ဝိပဿနာကို အပြစ်ရှာသော အတွေးတွေကို အများကြီး တွေးသည်။

ထိုအတွေးများ အားလုံးသည် ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး၏ ဥတ္တမပုရိသဒီပနီကို ကျေကျေညက်ညက် နားလည်အောင် လေ့လာမိသော အခါကျမှ နေ့ရက် ရောက်လာ၍ နှင်းမြူများ ပပျောက်သွားသလို ပျောက်လွင့်ကုန်ကြသည်။

ပထမဦးစွာ တွေးမိသော အတွေးမှာ လက်ရှိဘဝ၏ ပန်းတိုင် မပျောက်ရေးပင် ဖြစ်သည်။ ထိုအခါ ဘုရားဖြစ်တာက နောက်၊ မသေချာဘူး၊ လောလောဆယ် ဒီဘဝက စုတိမနေ သေလွန်လျှင် သာသနာတွင်းသား မဖြစ်သေးသူ၊ သစ္စာနုလောမိကဉာဏ် မရသေးသူ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အသိနှင့်ပင် မပယ်နိုင်သေးသူ၊ အပါယ်လေးပါးသို့ ထန်းသီး အုန်းသီးများ ကြွေလွင့်သလို ပရမ်းပတာ လွင့်စဉ်ကျသွားမည့် အရေးက လက်ငင်း ဖြစ်နေသည်ကို နားလည်လိုက်သည်။ ထိုအခါ အောက်ပါ ပုစ္ဆာများကို စဉ်းစားသည်။

(၁) ငါ့မှာ ရှေးက အလောင်းတော်များလို စကြဝဠာတိုက် တစ်ခုလုံး အပြည့် စိုက်ထူထားသော လှံဖျားများကို နင်း၍ သွားရ သွားရ၊ စကြဝဠာတိုက် တစ်ခုလုံး အပြည့်ချထားသော ရှားမီးခဲများကို နင်းပြီးပဲ သွားရ သွားရ ဘုရားဖြစ်မည်၊ သဗ္ဗညုတဉာဏ်ကိုသာ ရမည်ဆိုလျှင် မတွန့်မဆုတ်သော စိတ်ဆန္ဒဖြင့် သွားရဲသော သတ္တိမျိုး ငါ့မှာ ရှိသလား။

သေလျှင် အပါယ်လေးပါးသို့ ကျမည်ကိုပင် ထိတ်လန့်သော စိတ်ရှိသော ငါသည် ထိုမျှလောက်အထိ ရဲစွမ်းသတ္တိ ရှိသူ မဟုတ်ကြောင်း ထင်ရှားသည်။

(၂) မဟာယာနတို့၏ Diamond Sutra ထဲမှာ ပါသော မိမိကိုယ်ကို ငတ်မွတ်နေသော သားမွေးမိခင် ကျားမကြီးရှေ့တွင် အသက်ကို စွန့်၍ ကျားစာကျွေးရဲသော မင်းသားကလေး၏ အဓိကာရမျိုးကော ငါ့မှာ ရှိရဲ့လား။

ထိုကဲ့သို့ အသက်ကို စွန့်ရဲဖို့ကို မဆိုထားနှင့်၊ အိမ်က ပစ္စည်းတွေကို ခိုးပြီး အိမ်က ထွက်သွားသော သားအရင်းကိုပင် ရဲဌာနမှာ အမှုဖွင့်ပြီး ထောင်ချချင်သော စိတ်မျိုးရှိသူ အကျွန်ုပ် ရင်ထဲမှာ ကရုဏာ ခေါင်းပါးနေသည်ကို အကျွန်ုပ် အသိဆုံး ဖြစ်သည်။ အမှန်ပြောရလျှင် ချောက်ထဲကို ကျနေသော ပုဏ္ဏားကို ကယ်တင်ခဲ့သော ဘုရားလောင်း မျောက်မင်းသည် ထိုပုဏ္ဏားက



www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်ပျော်နေစဉ် ခေါင်းကို ခဲနှင့်ထု၍ သတ်သည်ကို ခွင့်လွှတ်ပြီး ပုဏ္ဏားအား တောထဲက ထွက်နိုင်အောင် လမ်းပြခဲ့သော မျောက်မင်း၏ ကရုဏာလောက်ပင် အကျွန်ုပ်မှာ ကရုဏာ ကြီးကြီးမားမား မရှိ ဆိုသည်ကို အကျွန်ုပ် အသိဆုံး ဖြစ်၏။ မိမိနှင့် သူတစ်ပါး ခွဲခြားခြင်း အလျှင်းမရှိသော ဘုရားလောင်းတို့၌ ရှိအပ်သော မဟာကရုဏာမျိုး ဖြစ်ပေါ်လာအောင် တမင် လုပ်ယူ၍ကော ရ ပါမည်လား။ ဤသည်မှာ အလောင်းတော်တို့မှာ ရှိအပ်သော ပင်ကို သဘော ဖြစ်သည်။ တမင်တကာ လုပ်ယူ၍ ရကောင်းသော ကိုယ်ရည်ကိုယ်သွေးမျိုး မဟုတ်ချေ။

(၃) ပို၍ အရေးပါသော အချက်မှာ 'မဟာဗောဓိ ပတ္တနာ' great vow ဖြစ်သည်။ ငါ့မှာ သက်ရှိထင်ရှား မြတ်စွာဘုရားနှင့် တွေ့ဆုံခဲ့ရပြီး ဘုရား ရှေ့နှုတ်တော်က ထုတ်ဖော် မြွက်ဟ၍ ရသော ဗျာဒိတ် ရခဲ့ပြီးပြီလား။

ထိုအချက်ကိုမူ မိမိ မသိသေးပါ။ ကိုယ့်ကိုယ်ကိုယ် သုံးသပ်ကြည့်သော အခါ ရင်ထဲမှာ ပြင်းထန်သော ဆန္ဒ၊ အသက်ကို စွန့်ရဲသော အဓိကာရပင် မရှိသေးရကား နိယတဗျာဒိတ် ရဖို့ပင် အဝေးကြီး လိုသေးသည်ဟု မိမိကိုယ် ကို အမှန်တကယ် နားလည်အောင် သုံးသပ်ကြည့်ပါသည်။

(၄) ထို့ထက် ပို၍ ထင်ရှားသည်မှာ မိမိ၌ ဆုကြီးပန်၏ အင်္ဂါ ရှစ် ပါး ပြည့်စုံရဲ့လား ဆိုသော မေးခွန်းကို အဖြေပေးရန် ဖြစ်၏။

မိမိသည် လူသား ဖြစ်သည်။ ယောကျ်ားစင်စစ် ဖြစ်သည်။ သို့သော် ဤဘဝမှာပင် ရဟန္တာ ဖြစ်လိုလျှင် ဖြစ်နိုင်လောက်သော ကိုယ်ရည်ကိုယ်သွေး ရအောင် ကျင့်ကြံ အားထုတ်ပြီးသူ မဟုတ်သေး။ သဗ္ဗညု ဘုရားရှင်နှင့် ကိုယ် တွေ့ မကြုံတွေ့ရသေး။ ယခုဘဝ အသက်ကြီးမှ ရဟန်းဘဝသို့ကား ရောက် နေပြီ ဖြစ်ပါသည်။ သို့သော် လူသားများ အတွက် ဖြစ်စေ၊ တိရစ္ဆာန်များ အတွက် ဖြစ်စေ မိမိ၏ အသက်ခန္ဓာကို စွန့်၍ ပူဇော်သက္ကာယကို ပြုနိုင်သူ မဟုတ်သေး။ အဘိညာသမာပတ်လည်း မရသေး။ ကြီးမားလှစွာ ဆန္ဒပတ္တနာ ရှိသူ၏ ဓာတ်မျိုးလည်း မိမိမှာ မရှိသေး။ ဤအင်္ဂါ ရှစ်ရပ်ဖြင့် ဆန်းစစ်ကြည့် လျှင် မိမိမှာ ဆုကြီးပန်တို့ ရှိအပ်သော အင်္ဂါများ အနက် အရေးကြီးသော အင်္ဂါများ မရှိသည်က များနေကြောင်း တွေ့ရသည်။

(၅) သို့ဆိုလျှင် ဆုကြီးပန်၏ အဇ္ဈာသယ ခြောက်ပါး၊ ဟေတု လေးပါး၊ ပစ္စယ လေးပါး (ဗုဒ္ဓဘူမိ) များနှင့်ကော ပြည့်စုံသူ ဖြစ်ပြီလား။

ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်သည်။ မှန်မှန်ကန်ကန် မြင်အောင်

www.burmeseclassic.com


ဝေဖန် သုံးသပ်ကြည့်သည်။ ကျမ်းဂန်ထွက် စကားများ၊ ထေရဝါဒက လက်ခံထားသော ဘုရားလောင်း (ဆုကြီးပန်) စံများနှင့် တိုင်းတာကြည့်သည်။ လက်တွေ့မှာ ဘယ်စံနှင့်မျှ မကိုက်သေးကြောင်း တွေ့ရသည်။

အကျွန်ုပ်သည် ကာလ ကြာမြင့်စွာကပင် ဘယ် အယူဝါဒကိုပဲ ဖြစ်ဖြစ်၊ ဘယ် ခံယူချက်ကိုပဲ ဖြစ်ဖြစ် မဟုတ်မမှန်ကြောင်း ကိုယ်တိုင် မသိမီက လက်ခံထားသော်လည်း အထင်မှား အမြင်မှား အယူမှား ဖြစ်ကြောင်း သိသော အခါဝယ် ချက်ချင်း ထိုအယူဝါဒ၊ ထို လက်ခံထားချက်ကို ထွေးပစ်သော တံတွေးကို နှစ်သက်ခြင်း မရှိဘဲ၊ တွယ်တာခြင်း မရှိဘဲ စွန့်လွှတ် ပစ်ပယ်ရန် ဝန်လေးခြင်း အလျှင်းမရှိသူ ဖြစ်ကြောင်း စာဖတ်သူ ရိပ်စားမိတန်လောက် ပေပြီ။



www.burmeseclassic

www.burmeseclassic.com

www.burmeseclassic

www.burmeseclassic.com

## ၄။ ဘဝ ကောင်းစားရေးနှင့် ဘဝ ချုပ်ငြိမ်းရေး လမ်းနှစ်သွယ်

### ဆင်းရဲခြင်း၏ အဓိပ္ပာယ်ကို နားလည်ခြင်း

အကျွန်ုပ်၏ ဘဝဝယ် ပုထုဇဉ်၏ အယူသီးမှု အစွဲသန်မှုများ ရှိနေခဲ့လေသည်။ ရန်ကုန်မြို့ တရုတ်တန်း ၂၃ လမ်း၊ အိမ်အမှတ် ၇၁ မှာ နေခဲ့စဉ်က အလုပ်မျိုးစုံ လုပ်ခဲ့သည်။ ၁၉၇၂ ခုနှစ်မှာ သမီးငယ် ယာယာ (စောမြတ်ကလျာဆန်း) ကို ဇူလိုင်လ ၄ ရက်နေ့ မွေးသည်။ သူ မမွေးခင် သိုက်နန်းရှင် ဘဝတုန်းက ဦးဘိုနီ ဆိုသူမှာ ပူးကပ်ပြီး ဟောသည်။ သူ လူ့ပြည်ကို ရောက်သော အခါ တက္ကသိုလ် ကျောင်းဆရာ အလုပ်က အကျွန်ုပ် နုတ်ထွက်ရမည်ဟု ဆိုသည်။ ထိုစဉ်ကမူ ထိုစကား၏ အဓိပ္ပာယ်ကို နားမလည်ခဲ့။ တက္ကသိုလ် ကျောင်းဆရာ၏ လစာသည် မများသော်လည်း စားဖို့တော့ လုံလောက်သည်။ ဆန်တစ်ပြည် တစ်ကျပ် ပြားခြောက်ဆယ်၊ ဆီ တစ်ပိဿာကို ရှစ်ကျပ်၊ တစ်ဆယ်ပဲ ရှိသေးသည်။ ကြက်သား တစ်ပိဿာ ဆယ့်ငါးကျပ်၊ အမဲသား တစ်ပိဿာ ခြောက်ကျပ်လောက်ပဲ ရှိသေးသည်။ ထို့ကြောင့် ထိုအခါက တက္ကသိုလ် ကျောင်းဆရာ ဘဝက ထွက်ပစ်လိုက်ရသည်ကို စိတ်ထဲမှာ နမြောတသခြင်း အနည်းငယ် ရှိခဲ့သည်။ ဒေါက်တာဘွဲ့ ရနိုင်ပါလျက် နိုင်ငံခြား ပညာတော်သင် နှစ်ကြိမ် ရွေးချယ်ခံရပြီးမှ ထိုအခွင့်အရေးကို ဆုံးရှုံးခဲ့ရသဖြင့် နှစ်နာသည်ဟု ထင်ခဲ့သည်။

လူ့ဘဝမှာ ဘဝ သမ္ပတ္တိကို လိုချင်လျှင် ဘောဂသမ္ပတ္တိကို ဆုံးရှုံးခံရသည် ဆိုသော ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး ဟောကြားချက်၏ မှန်ကန်မှုကို ပို၍ သိနားလည်လာသည်။ လူ့ဘဝ တစ်လျှောက်လုံး ပရိယေသနဟု ဆိုအပ်သော စားဝတ်နေရေး အတွက် ပစ္စည်း ရှာဖွေခြင်းဖြင့်သာ

www.burmeseclassic.com



(စီးပွားရှာ အလုပ်ဖြင့်သာ) အချိန်ကာလ အားလုံးကို ကုန်ဆုံးခံလိုက်ရမည် ဆိုလျှင် သေသောအခါ ငရစ်နှင့် ငရဲပဲ ကျန်မည်။ ယခုဘဝ ဘောဂသမ္ပတ္တိ (ပစ္စည်းဥစ္စာ ပြည့်စုံမှု) အတွက် အသက်ရှင်သမျှ အချိန်ကာလ အားလုံးကို အသုံးချပစ်လိုက်လျှင် နောက်ဘဝမှာ ဘဝ ဆုံးရှုံးမှုနှင့် ကြုံရပြီး ဒုဂ္ဂတိ ဘဝ အပါယ်လေးပါးသို့သာ လွင့်စဉ် ကျသွားရပေမည်။ ထိုသို့ မဖြစ်အောင် ဆိုပြီး ပုထုဇဉ် အမြင်သာ ရှိသော မြန်မာ ဗုဒ္ဓဘာသာဝင် အများသည် ယခုဘဝ ရှာမှီး စုဆောင်းထားသမျှ ဘောဂသမ္ပတ္တိကို စွန့်ကြဲပေးကမ်းခြင်းဖြင့် နောက်ဘဝ ဘဝသမ္ပတ္တိကို ရအောင် အားထုတ်တတ်ကြသည်။ ပေးကမ်း စွန့်ကြဲရခြင်းသည် ဘောဂသမ္ပတ္တိကို ဘဝသမ္ပတ္တိနှင့် လဲလှယ်ခြင်းမျိုး ဖြစ်သည်။ သို့သော် ထိုဒါနသည် နောက်ဘဝမှာ ယခုဘဝ စွန့်ကြဲ ပေးကမ်းခြင်း အတွက် ဘဏ္ဍာစား (လျော်ကြေး) ပြန်ရဖို့ သေချာရဲ့လားဟု မေးဖို့ လိုလာသည်။

မြတ်စွာဘုရား သက်တော် ထင်ရှားစဉ် အခါက သာဝတ္ထိ ပြည့်ရှင်ဘုရင် ပသေနဒီကောသလ မင်းကြီး၏ မိဖုရားခေါင်ကြီး မလ္လိကာသည် အသဒိသ အလှူဟု ခေါ်သော အတုမရှိ အလှူကို လှူတန်းခဲ့လေသည်။ မလ္လိကာ မိဖုရား သေခါနီးမှာ တစ်ချိန်က သူသည် ကောသလမင်းကြီး အပေါ် မဟုတ်မမှန် လုပ်ကြံ စွပ်စွဲခဲ့ဖူးသော အကုသိုလ်ကံက ကုက္ကုစ္စ အဖြစ် သေပေါက် သေဝမှာ မရဏာသန္နဇောတွင် ပေါ်လာသည်။ မရဏာသန္နဇော ငါးကြိမ် စောပြီး မလ္လိကာ မိဖုရား စုတိစိတ်ကျသည်။ သူ ပြုခဲ့သော ဒါနကံက မကယ်နိုင်ဘဲ ငရဲမှာ ခုနစ်ရက် ခံစားခဲ့ရကြောင်း ကျမ်းဂန်မှာ လာသည်။ မိုးကုတ် ဆရာတော် ဘုရားကြီး အလုပ်စဉ် တရား စာအုပ်များမှာလည်း ဟောသည်။*

အကျွန်ုပ်သည် ဗုဒ္ဓဘာသာဝင် အဖြစ် ခံယူပြီးနောက် မိမိ၏ ဘဝ အလားကိုလည်း သတိကပ်ပြီး ရှုမှတ် ဆင်ခြင်သည်။ မြန်မာ ဗုဒ္ဓဘာသာဝင် (မိရိုးဖလာ ယုံကြည် ကိုးကွယ်သူများ၏) ကိုးကွယ်နေကြပုံကိုလည်း သုံးသပ်ဆင်ခြင်ခဲ့လေသည်။ ပထမဦးစွာ မိမိသည်လည်း မြန်မာ့ လူ့ဘောင် အဖွဲ့အစည်း ထဲမှာ မွေးဖွား ကြီးပြင်းလာသူ ဖြစ်သောကြောင့် ရိုးရာ အစွဲအလမ်းများ ရှိကြောင်း တွေ့ရသည်။

၁၉၈၈ ခုနှစ်သည် ၈ ဂဏန်း ရသော နှစ်ဖြစ်သည်။ အမှတ် ၇၁၊ ၂၃

---

* မိုးကုတ် ဝိပဿနာ အလုပ်စဉ် တရားစာအုပ် အမှတ် (၁၆)၊ စာ ၂၀၆



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ နေစဉ်ကလည်း ၈ ဂဏန်း ရသော အိမ်ဖြစ်၍ မိမိ အလုပ် မျိုးစုံ လုပ်ခဲ့ပါလျက် ကြီးပွား တိုးတက်ခြင်း မရှိကြောင်း တွေ့ကြုံရလေသည်။ တက္ကသိုလ် ကျောင်းဆရာ ဘဝက နုတ်ထွက်ခဲ့ပြီးနောက် ရုပ်ရှင်လောကထဲကို ဝင်ခဲ့သည်။ အဆင်မပြေခဲ့။ နောက်တော့ တိုင်းရင်း ဆေးပညာကို လေ့လာပြီး တိုင်းရင်းဆေးများကို ဖော်စပ် ရောင်းချခဲ့သည်။ စားဝတ်နေရေး မပူရသော်လည်း ကြီးပွား ချမ်းသာခြင်းကား မရှိခဲ့။

ထိုနောက် ထိုအိမ်ပေါ်က တရားရုံး၍ ဆွဲချ ဖယ်ရှားခြင်းကို ခံရသည်။ ဘဝမှာ အိုးမဲ့ အိမ်မဲ့ (အိုးပိုင် အိမ်ပိုင် မရှိ) ဆောက်တည်ရာမဲ့ ဆင်းရဲနှင့် ကြုံရသည်။

၁၉၈၆ ခုနှစ်မှာ သမီးကြီး စောစော (စောပြည့်ချမ်းသာ) ဆယ်တန်း အောင်သည်။ သရက်မြို့က သူ့အဒေါ်ထံမှာ ဆံပင်အလှပြင် လုပ်ငန်း လုပ်ကိုင် နေစဉ် အောင်ခြင်း ဖြစ်သည်။ ထိုကာလ၌ မိမိဘဝမှာ ပုံမှန်ဝင်ငွေ မရှိပါ။ စာရေးဆရာ အဖြစ်နှင့် စာပေလောကထဲကို ပြန်ပြီး တိုးဝင်နေရဆဲ ဖြစ်သည်။ အိုးပိုင် အိမ်ပိုင် မရှိသဖြင့် မိသက်၏ ညီမပိုင် ဆရာစံ ရပ်ကွက် ဦးချစ်မောင် လမ်းက အိမ်ခန်း ကျဉ်းကျဉ်းကလေးထဲမှာ ခိုကပ်နေရသည်။ ထိုအိမ်တွင် အကျွန်ုပ်တို့ကို မိသက်၏ ညီမက နေခွင့်ပြုခြင်းမှာ သမီးကြီး စောစောက သူ၏ စီးပွားရေးမှာ အခရာကျသော အခန်းက ပါဝင် လုပ်ဆောင်ပေးနေသောကြောင့် ဖြစ်သည်။ မိသက်က ဆံပင် ညှပ် ကောက် ထုံး လုပ်ငန်းကို ကျွမ်းကျင်သည်။ ဆယ်တန်း အောင်တော့ စောစောက စိတ်ပြောင်းသွားသည်။ ဆံပင် အလှပြုပြင်သော အလုပ်ကို သူ မလုပ်ချင်ပါ၊ တက္ကသိုလ် ပညာကိုသာ ဆက်သင်ချင်ပါသည်ဟု ဆိုလာသည်။ အကျွန်ုပ်သည် သမီးကြီး၏ ပညာ သင်လိုသော ဆန္ဒကို မဖြည့်နိုင်ဘဲ သူ့အဆိုကို ပယ်ချပြီး သူ့အဒေါ်ထံမှာ ပင် အလုပ်လုပ်ခိုင်းလျှင် ထိုသမီးသည် ဖခင်အပေါ် စိတ်ကွက်သွားမည်။ မိမိ အပေါ် သမီး မကျေနပ်ခြင်းကို မိမိ ခံနိုင်သေးသည်။ သို့သော် သမီး စိတ်အားငယ်ပြီး စိတ်ရောဂါ ဖြစ်သွားနိုင်သည်ကို မိမိအနေနှင့် ထည့်တွက် စဉ်းစားရသည်။ ငယ်ငယ်တုန်းက ဤသမီးကြီးသည် စာမသင်ချင်။ စာမေးပွဲလည်း ခဏ ခဏ ကျသည်။ မိဘများ၏ ဘဝ မငြိမ်သက်မှုကလည်း သူ့အပေါ် အကျိုးသက်ရောက်မှု ရှိသည်။ ထိုကြောင့် သူက စာမသင်ချင်တော့၊ အသက် မွေးဝမ်းကျောင်း ပညာပဲ သင်မည်၊ ဆံပင် အလှပြင်သော ပညာ သင်ချင်သည် ဟု ဆိုသည်။ သူများ ခြောက်လ သင်သော ပညာကို စောစောက သုံးနှစ်

www.burmeseclassic.com



ကျော် သင်သည်။ တတ်လာတော့ သူ့လက်ရာက သူ့ဆရာမပင် အထင်ကြီး ရလောက်အောင် ပြောင်မြောက်လာသည်။ ဆရာမက သူ့ကို သူ့ဆိုင်မှာ လက်ထောက် အဖြစ် လခပေးပြီး ခန့်ထားရသည်။ ဤသတင်းကို ကြားရသောအခါ သူ့အဒေါ် (မိသက်ညီမ) က စောစောကို မက်လုံး အမျိုးမျိုး ပေးပြီး သရက်မြို့ကို ခေါ်သွားသည်။ သရက်မြို့မှာ အလုပ် လုပ်နေစဉ် စောစောက စိတ်ပြောင်းလာသည်။ အလုပ်တစ်ဖက် လုပ်ပြီး ကျူရှင်တက်သည်။ မိဘအိမ်မှာ နေစဉ်က စောစော အစားအသောက် ကြေးများသည်။ ဆန်ဆိုလျှင် ပေါ်ဆန်းမွှေးမှ သူ စားနိုင်သည်။ သူ့ထမင်းဘူးထဲမှာ ကြက်သားဟင်း ပါမှ ပေါ်ဆန်းမွှေးဆန် ဖြစ်မှ သူ ယူသည်။ အဒေါ်အိမ်မှာ သူ့ကို သူ့အဒေါ်က တူမလို သဘောမထားဘဲ အလုပ်သမားလို ဆက်ဆံခြင်းကို ခံရသည်။ ဟင်းမရှိလျှင် ပုန်းရည်ကြီးနှင့် ထမင်းစားရသည်။ ဘဝ၏ အဆင်း အတက် သဘောကို သူ သိလာသည်။ ထိုအခါ သူ ဆယ်တန်း အောင်ချင်လာသည်။ အလုပ်တစ်ဖက် လုပ်ပြီး ဆယ်တန်း ဖြေသော အခါမှ စောစော ဆယ်တန်း အောင်သည်။ ဤသမီးသည် အထိန်းရခက်သည်။ သူ လုပ်ချင်ရာကို ဇွတ်လုပ်သည်။ ငယ်စဉ် လေးတန်းလောက်တုန်းက ကျောင်း အားကစား တစ်ခုမှာ ပါဝင်မည်ဆိုပြီး နံနက် နှစ်နာရီထိုးလောက် အိပ်ရာက ထပြီး မိဘ မသိအောင် တံခါးအထပ်ထပ်ကို ဖွင့်ပြီး သူ့သူငယ်ချင်း အိမ်ကို ထသွားဖူးသည်။

ယခု အရွယ် ရောက်လာပြီ ဖြစ်၍ သူ့ အသိဉာဏ်ကလည်း တိုးတက်လာ၍လား မသိ၊ သူ ဆယ်တန်း အောင်သောအခါ အလုပ် မလုပ်ချင်တော့ပါ။ တက္ကသိုလ် ကျောင်းသူ ဖြစ်ချင်နေလေပြီ။ ဤသမီး၏ စိတ်ပြောင်းလာမှုကို အကျွန်ုပ် အနေနှင့် ဖခင်၏ အသိအမှတ်ပြုခြင်းဖြင့် လက်ကမ်း ကြိုဆိုနိုင်မှ ဖြစ်ပေမည်။

'သမီးကြီးက တက္ကသိုလ် ပညာကို သင်ချင်တယ် ဆိုတော့ ဖေဖေတို့က ဖြစ်အောင် လုပ်ပေးရမှာပေါ့'

'သမီးက မကွေးကောလိပ်ကို သွားရမှာ ဖေဖေ၊ ဘော်ဒါဆောင်မှာ နေရမှာ၊ ဖေဖေ တတ်နိုင်ပါ့မလား'

ဤစကားသည် သူ့ရင်ထဲမှာ မိဘများအပေါ် ငဲ့ညှာခြင်း ရှိပုံကို ဖော်ပြသည်ဟု အကျွန်ုပ် ထင်ပါသည်။

'မပူပါနှင့် သမီးရဲ့၊ ဖေဖေက လိုတရပဲဟာ၊ သမီး သိတယ် မဟုတ်လား၊ မလိုသေးလို့ မရတာ၊ လိုလာရင် ရမှာပဲ၊ ရုပ်ရှင် ရိုက်ချင်တယ် ဆိုတုန်း



www.burmeseclassi

www.burmeseclassic.com



ကလည်း ငွေလိုတုန်း ငွေပေးတဲ့ လူတွေ ပေါ်လာတာပဲ၊ ကားရှိမှ ဖြစ်မယ် ဆိုတော့လည်း ကားဝယ်ပေးမယ့် လူတွေ သူ့ဘာသာ ပေါ်လာတာပဲ၊ ဖြစ်တယ် သမီး၊ ဘာမှ မပူနှင့်၊ ခေါင်းထဲ မထည့်နှင့်၊ ပညာကိုသာ တတ်အောင် သင်'

သမီးကြီးကို မကျွေး တက္ကသိုလ်သို့ ပို့ဖြစ်အောင် ပို့ပေးလိုက်သည်။ ပထမနှစ်ကို အောင်မြင်သည်။ ထိုအချိန်တွင် စောစောကို စာပေးစာယူနှင့် တက္ကသိုလ်ပညာ သင်စေပြီး သူ့ထံမှာ ဆံပင်အလှပြင် အလုပ်ကို လုပ်ကိုင်စေဖို့ စီစဉ်ထားသော သူ့အဒေါ် ရန်ကုန်ကို လိုက်လာပြီး သူ့စကားကို စောစောနားမထောင်ရကောင်းလား ဆိုပြီး အကျွန်ုပ် ရှေ့မှာ သူ့အဒေါ်က စောစောပါးကို ရိုက်သည်။ ထိုနောက် စောစောကို ပြောမရသောအခါ သမီး အလိုကို လိုက်သော အကျွန်ုပ်တို့ကို နေခွင့်ပြုထားသော သူ့အိမ်ခန်းက အမြန် ဆင်းပေးပါဟု တောင်းဆိုလာသည်။ စီးပွားရေး အဆင်မပြေ ဖြစ်နေချိန်မှာ တစ်ပူပေါ် တစ်ပူ ဆင့်လာသည်။ မိသက်က မျက်ရည်ကျသည်။ မျက်ရည်ကျခြင်းသည် မိန်းမတို့၏ အခက်ကြုံသောအခါ စိတ်ကိုဖြေရန် သောက်သုံးရိုး ဆေးတစ်မျိုး ဖြစ်သည်ဟု အကျွန်ုပ် ထင်ပါသည်။

'မျက်ရည်မကျပါနှင့်ကွာ၊ ဘဝ ဆိုတာ အခက်အခဲ ရှိမှ ရုန်းကန် လှုပ်ရှားရတာ၊ ရုန်းကန် လှုပ်ရှားရင်းက တိုးတက်ရတာမျိုးပဲ'

'ခု ဒါဆို ခု ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ'

'မခက်ပါဘူးကွာ၊ သူ့အိမ်မှာ မနေစေချင်ရင် တခြားအိမ် ငှားပြီး ပြောင်းရွှေ့ပေးလိုက်ရုံပေါ့'

'အိမ်စပေါ်က သောင်းနှင့်ချီ ပေးမှ ရမှာ၊ အစ်ကို့မှာ ပိုက်ဆံ ရှိလို့လား'

'ဟဲ့ ပိုက်ဆံ ဆိုတာ လူ့စွမ်းအား အတွက် ရတဲ့ ပစ္စည်းပဲ၊ ဒီမှာ တို့အတွက် ပိုက်ဆံရစရာ စာမူ ရေးပြီးသား ရှိတယ်၊ လေးအုပ်တောင် ရှိနေပြီ၊ *ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း* ဆိုပြီး ရေးထားပြီးပြီ၊ ဒီစာမူကို ပေးပြီး ကိုနေဝင်းဆီမှာ အကျိုးအကြောင်း ပြောမယ်၊ သူက မနေပါဘူး၊ လိုတဲ့ အိမ်စပေါ် နှစ်သောင်း သုံးသောင်းလောက်တော့ သူ ပေးမှာပါ'

ထိုအခါကျမှ မိသက်သည် စိတ်သက်သာရာ ရသွားလေသည်။ ဘဝ တက္ကသိုလ် စာပေတိုက် ပိုင်ရှင် ကိုနေဝင်းသည် အကျွန်ုပ်အပေါ် အစဉ် သနားကြင်နာ၍ လေးစားသူ ဖြစ်သည်။ အကျွန်ုပ်၏ အခက်အခဲ အားလုံးကို သူသည် ဝိုင်းဝန်း၍ အခါခပ်သိမ်း ဖြေရှင်းပေးခဲ့သူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနေဝင်းက မိမိတို့ လိုသော အိမ်စပေါ်ငွေကို ပေးမည်ဟု ဝန်ခံလိုက်ကြောင်း မိသက်ကို ပြောလိုက်သောအခါ သူသည် ဆရာစံ ရပ်ကွက်ထဲရှိ သူ့ဆွေမျိုးများ နေထိုင်ရာ သီရိဂုဏ်ရည်ခြံထဲက အိမ်ကို သွားငှားသည်။ ထို အိမ်နံပါတ်မှာလည်း ၁၇ ဖြစ်သဖြင့် ၈ ဂဏန်း ဖြစ်နေပြန်သည်။

'အိမ်နံပါတ် ၁၇ ဆိုတော့ သိပ်တော့ မကြိုက်ဘူး၊ ဒါပေမဲ့ အောက်ထပ် တစ်ထပ်လုံး ကျယ်လည်း ကျယ်တယ်၊ အိပ်ခန်းလည်း နှစ်ခန်း ပါတယ် ဆိုတော့ မဆိုးဘူး၊ မီးဖိုချောင် စားသောက်ခန်းလည်း ကျယ်တယ်၊ အိမ်သာလည်း သန့်တယ် ဆိုရင် မဆိုးပါဘူး၊ နှစ်နှစ်ထက်တော့ ပိုပြီး မနေဘူး' ဟု အကျွန်ုပ်က ဆုံးဖြတ်ပေးလိုက်သည်။

နှစ်နှစ်ထက် ပိုပြီး မနေဘူး ဆိုခြင်းမှာ ၈ ဂဏန်းက ဒုက္ခပေးလိမ့်မည်ဟု ထင်သောကြောင့် ဖြစ်သည်။ ထိုအိမ်သို့ ၁၉၈၇ ခု ဧပြီလ သင်္ကြန်အပြီးမှာ ပြောင်းရွှေ့လိုက်ကြသည်။ မိမိ ထင်ထားသည့်အတိုင်း ထိုအိမ်မှာ နေစဉ်အခါလည်း ၈ ဂဏန်း ထိခိုက်မှုကို သိသိသာသာ ခံခဲ့ရသည်။

ထိုအိမ်မှာ နေစဉ် အလုပ်အကိုင် အဆင်မပြေ။ 'ရတနာသုံးပါး' စာအုပ်ကိုလည်း မထုတ်ရသေး။ 'ရွှေတောင်တက် ဒဿန' လည်း ခွင့်ပြုမိန့် ရထားသော စာမူ အဖြစ်ပင် ရှိသေးသည်။ ၈၇ ခုနှစ်က နိုင်ငံခြား အသံလွှင့်ဌာနများမှာ အမှုထမ်းဖို့ စာမေးပွဲ ဝင်ဖြေထားသဖြင့် မျှော်လင့်ထားချက်များသည် အားလုံး ပျက်စီးသွားသည်။ အလုပ်များ အားလုံး ရပ်နားထားစဉ် အကျွန်ုပ်မှာ အမြတ်ရခဲ့သော အလုပ် တစ်ခုတော့ ရှိသည်။ ထိုအလုပ်မှာ အင်္ဂလိပ်စာကို ကျွမ်းကျင်အောင် လေ့လာချင်သော စိတ်ဆန္ဒ ဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။

၁၉၈၈ ဇူလိုင်လ ၁၅ ရက်နေ့က ဒိုင်ယာရီထဲမှာ ရေးသားခဲ့မိသော အောက်ပါ မှတ်တမ်းကလေးကို ပြန်ဖတ်ကြည့်တော့ စိတ်ဝင်စားဖို့ ကောင်းနေလေသည်။ ထို မှတ်တမ်းကလေးကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့လေသည်။

**1988. JULY 15 FRIDAY.**

As I start studying English, I'm happy to find myself that I'm really interested in this particular subject as I had absorbed philosophy in my school days. Soon I come to have a strong confidence, believing that I would, probably, be able to get proficiency in this subject too. But when I carefully study it



www.burmeseclassic.com

www.burmeseclassic.com



what I think facile becomes laborious, all my hopes are no longer bright and shining and getting faint. Yet it does not bother my mind to make me frustrated. I do not know why. I find still there is a hope that makes me active and brisk and a fascinating idea comes in my mind soon. Hope brings soul to make me vigorous teaching how to live a life of ordeal. Then, I think, I've found a new meaning of life. Having a steadfast mind can produce a kind of will power that can solve any problem ahead. Life becomes worth living to live confronting a critical situation surrounding many a problem and to find a solution for it. Living a timid life, I think, is a kind of deadlock. If there is a problem, then there is an expectation. I want to spend the rest of my days seeking new meaning, i. e the truth and essence of life and new hope, looking for means to achieve an end, finding solution for the problems around and expecting new resultant benefits.

အကျွန်ုပ်သည် ရင်ထဲမှာ ပေါ်လာသမျှကို စာလုံးများ အဖြစ် ဖန်တီးပစ်လိုက်သည်။ ထိုစာ၏ သဘောမှာ ဤသို့ ဖြစ်၏။

အင်္ဂလိပ်စာကို စိတ်ရော ကိုယ်ပါ စတင် လေ့လာသောအခါ အကျွန်ုပ်သည် ကျောင်းနေစဉ် အခါက ဒဿနိကဗေဒ ဘာသာရပ်ကို စိတ်ဝင်စားသလို ဤ ဘာသာရပ်ကိုလည်း အမှန်တကယ် စိတ်ဝင်စားကြောင်း တွေ့ရသည်။ မကြာမီ အကျွန်ုပ်မှာ ဤ ဘာသာရပ်တွင်လည်း ကျွမ်းကျင် တတ်မြောက်လာမည့်သူ ဖြစ်နိုင်ကောင်း၏ဟု ယုံကြည်လာမိပါသည်။ သို့သော် တကယ် ဂရုတစိုက် လေ့လာကြည့်တော့ လွယ်ကူမည် ထင်ခဲ့သည်များမှာ အပန်းကြီးလာကြောင်း တွေ့ရလေသည်။ တောက်ပ လင်းလက်နေသော မျှော်လင့်ချက်များမှာလည်း မှေးမှိန်ကုန်ကြလေသည်။ သို့သော် ဤ ဖြစ်ရပ်ကြောင့် အကျွန်ုပ်မှာ ပင်ပန်း စိတ်ပျက်ခြင်း မဖြစ်ပါ။ ဘာကြောင့်မှန်းတော့ မသိပါ၊ အကျွန်ုပ်မှာ မျှော်လင့်ချက် တစ်ခု ရှိနေသေးကြောင်း တွေ့ရသည်။ ထို မျှော်လင့်ချက်က အကျွန်ုပ်ကို စိတ်တက်ကြွစေလျက်ပင် ရှိ၏။ မျှော်လင့်ချက်က အကျွန်ုပ်အား ရှင်သန် တက်ကြွ လှုပ်ရှားသူ ဖြစ်အောင် စိတ်ဝိညာဉ်ကို ပေးပြီး အစမ်းခံ ဘဝမှာ ဘယ်လို နေသင့်ကြောင်း သွန်သင်ပေးပါသည်။ ထို့နောက်

www.burmeseclassic.com



အကျွန်ုပ်သည် ဘဝ၏ အဓိပ္ပာယ်သစ် တစ်ခုကို ရလိုက်သည်ဟု ထင်ပါသည်။ ခိုင်ခန့်သော စိတ်ရှိခြင်းသည် ရှေ့မှာ ကြုံရမည့် မည်သည့် ပြဿနာကိုမဆို ဖြေရှင်းပေးနိုင်သော စိတ်တန်ခိုး တစ်ခုကို ဖြစ်ပေါ်စေပါသည်။ ခက်ခဲသော အခြေအနေ၌ ဝိုင်းရံနေသော ပြဿနာများ အတွက် တစ်ခု တစ်ခု ဖြေရှင်းနေခြင်းသည်ပင် ဘဝသည် ထိုက်တန်သော နေခြင်း ဖြစ်လာပါသည်။ တွန့်ဆုတ်ရွံ့ကြောက်သော နေနည်းကား ဘဝ၏ ရှေ့မတိုး နောက်မဆုတ်သာ ဖြစ်ခြင်းမျိုး ဖြစ်၏။ ပြဿနာ ရှိလျှင် မျှော်လင့်ချက်လည်း ရှိ၏။ ကျန်ရှိနေသော ဘဝ၏ နေ့ရက်များကို အကျွန်ုပ်သည် ဘဝ အဓိပ္ပာယ်သစ် (ဘဝ သစ္စာနှင့် ဘဝ၏ အနှစ်သာရ) ကို ရှာဖွေရင်း၊ မျှော်လင့်ချက် အသစ်ကို ရှာရင်း၊ ပန်းတိုင်ကို ရောက်စေသော နည်းလမ်းကို ရှာဖွေရင်း၊ ဝန်းရံနေသော ပြဿနာများကို ဖြေရှင်းရင်း၊ အကျိုးရလဒ်သစ်များကို မျှော်လင့်ရင်းသာ အချိန် ကုန်လိုပါသည်။

ဤစာသည် ၈၈ ခုနှစ်က ရေးခဲ့သော စာဖြစ်သည်။ လောကီဘဝဆင်းရဲများ ကြုံနေရစဉ်အခါ အကျွန်ုပ် ရင်ထဲမှာ ဖြစ်ပေါ်လာတတ်သော အတွေးအမြင် သဘော ဖြစ်ပါသည်။ ငါးဖယ်၏ အသားလို အကျွန်ုပ် အသားများကလည်း ထုလေ မာလေ ဖြစ်နေသည်ဟု ထင်ပါသည်။

ဤတွင် အကျွန်ုပ်၏ ရင်ထဲတွင် ဘဝသစ္စာနှင့် ဘဝ၏ အဓိပ္ပာယ်သစ်၊ ဘဝ၏ ပန်းတိုင်သစ်ကို ရော်ရမ်း မှန်းဆနေမိလေပြီ။

၂၃ လမ်း တိုက်ခန်းမှ ဆွဲချခံရသောအခါ အကျွန်ုပ် ရင်ထဲမှာ ကံ၏ အလှည့်အပြောင်းကို ရုတ်တရက် နားလည်လိုက်သည်။ ဘဝ တစ်ဘဝမှာ ငါ သူ့ကို ဒီလို လုပ်ခဲ့လို့ သူ ငါ့ကို ဒီလို ပြန်လုပ်တာပဲ ဖြစ်လိမ့်မယ်ဟု စဉ်းစားလိုက်မိသည်။ ရင်ထဲမှာ ကြွေးဟောင်း တစ်ခုကို ကျေအောင် ပေးဆပ်လိုက်ရပြီဟု နှလုံးထားလိုက်သောအခါ ရင်ထဲမှာ ရန်ငြိုး ပငိုးလည်း မကျန်တော့ပါ။ အိုးမဲ့ အိမ်မဲ့ ဘဝကို ရောက်သွားသော်လည်း ဝမ်းမနည်းပါ။ ရင်ထဲမှာ ဒေါသလည်း မရှိပါ။ နှလုံး ပူလောင်ခြင်း မရှိဘဲ စိတ်ကူးသစ် ပေါ်လာသည်။ ပြည်သူ့ပိုင် သိမ်းထားသော တိုက်ခန်းမှာ ၁၈ နှစ်လောက် အလကား နေခဲ့ရခြင်း အတွက် ရှက်စိတ်ပင် ပေါ်ပေါက်ခဲ့သည်။ သူများ မသဒ္ဓါစာကို စားရခြင်းသည် ထမင်း မဖြစ်ဘဲ အပင်း ဖြစ်သည်ဟု ထင်ပါသည်။ သူ၏ စိတ်ဆင်းရဲမှု အပေါ်မှာ မိမိက အခွင့်ထူး ခံစား၍ နေခဲ့ခြင်းသည် ရှက်ဖို့လည်း ကောင်းသည်။ ကိုယ်ကျင့်သီလ သဘောဖြစ်၍ ပြောလျှင်လည်း တရား

www.burmeseclassic.com


မျှတပါမည်လား။ ဒီ့ထက် ပို၍ ဆိုးခြင်းမှာ အချောင်သမားစိတ် ဝင်မိခြင်း ဖြစ်သည်။ ကိုယ့်ခွန် ကိုယ့်အားဖြင့် အိမ်တစ်ဆောင် မီးတစ်ပြောင်ပင် ဖြစ်အောင် မလုပ်နိုင်ဘဲ သူများပစ္စည်းကို အလကား လိုချင်သော စိတ်ဓာတ်သည် သူတော်ကောင်းစိတ် မဟုတ်ပါ။ ထိုအခါ သူတစ်ပါး အိမ်ပေါ်မှာ နေခဲ့ရခြင်းကို စိတ်ဆင်းရဲဖြစ်မိလေသည်။ မချစ် မနှစ်သက်သော အရာတို့နှင့်အတူ ပေါင်းသင်း၍ နေရခြင်း ဆင်းရဲနှင့် တူပါသည်။ သို့သော် လခစား ဘဝမှာ မိမိအနေနှင့် မိခင်ကိုလည်း လုပ်ကျွေးနေရသည်။ ယခင် အိမ်ထောင်ဖြင့် ရရှိထားသော သားသမီးများကိုလည်း စိတ်ကျရောဂါ depression မဖြစ်ရအောင်၊ မိမိကြောင့် ကလေးတွေ၏ ပညာရေး ထိခိုက်ခြင်း မရှိရအောင် ထောက်ပံ့နေရသည်။ သည်ကြားထဲ တပည့်တပန်းများကလည်း မိမိအိမ်ပေါ်မှာ နေကြသည်။ မိမိအိမ်က ထမင်းအိုးထဲမှာပင် နှိုက်စားနေကြသည်။ ထိုအခြေအနေတွင် ဤတိုက်ခန်းမှာ မနေချင်သော်လည်း ပေးစရာ ငွေလည်း မရှိ၊ ပြေးစရာ မြေလည်း မရှိ အဖြစ်ကို ကြုံနေရလေသည်။

ယခုလည်း တစ်ခါ ခယ်မလုပ်သူတို့က သူတို့ အခန်းပေါ်က အမြန်ဆင်းခိုင်းနေပြန်သည်။ ယခင်ကလည်း အိမ်ပေါ်က ဆင်းပေးခဲ့ရဖူးပြီပဲ။ အကျွန်ုပ်အတွက် ဤ အတွေ့အကြုံသည် အသစ်အဆန်း မဟုတ်တော့၍ ခံနိုင်ပါသည်။ မိသက်ကတော့ သူ ဆင်းရဲ ကျပ်တည်းစဉ် အခါ မညှာမတာ ပြုရက်သော သူ့ညီမကိုရော၊ သူ့ညီအစ်ကို မောင်နှမများကိုပါ စိတ်နာသွားလေသည်။

အိုးပိုင် အိမ်ပိုင် မရှိဘဲ သူများအိမ်မှာ ငှားနေရသော အိမ်ငှားဘဝ ဆင်းရဲသည် ကိုယ်ဆင်းရဲ မဟုတ်သော်လည်း အလွန် ကျပ်တည်းသော စိတ်ဆင်းရဲ ဖြစ်ပါသည်။ အိမ်ရှင်သည် အိမ်ငှားအပေါ် အမြဲတစေ ချုပ်ချယ်လိုပြီး သူ့အိမ်ပေါ်က မဆင်းပေးဘဲ နေမည်ကို အမြဲ စိုးရိမ်နေတတ်သည်။ သူ့မှာလည်း စိတ်မချသော ဆင်းရဲ ရှိသည်ကို အကျွန်ုပ် နားလည်ပါသည်။ အကျွန်ုပ် စိတ်ထဲတွင် အတွေ့အကြုံအရ ဘယ်အိမ်မှာမှ ကြာရှည် မနေသင့်ဟု ထင်သည်။ အချိန် ကြာလာသည်နှင့်အမျှ အိမ်ငှားကို အိမ်ရှင်က ရန်သူလို ဆက်ဆံလာတတ်ကြသည်။

၈ ဂဏန်းသည် အကျွန်ုပ်အတွက် ထိခိုက်သော ဂဏန်း ဖြစ်သည်ဟု အကျွန်ုပ် ရင်ထဲမှာ စွဲလမ်းမှု ရှိသည်။

မကွေးကောလိပ် (ယခု တက္ကသိုလ်) မှာ ကျောင်းထားသော သမီးကြီးသည် အိမ်ကို ပြန်မလာဘဲ သူ့သဘောနှင့်သူ ယောကျ်ားနောက်ကို လိုက်


www.burmeseclassic

www.burmeseclassic.com



သွားသည်။ အကျွန်ုပ်နှင့် မိသက်တို့မှာ သားသမီးများ၏ ကိုယ်ရေး ကိုယ်တာ၊ အထူးသဖြင့် အချစ်ရေး အိမ်ထောင်ရေး ကိစ္စတွင် မိဘအနေနှင့် ဝင်ရောက် စွက်ဖက်ချင်စိတ် မထားပါ။ သူတို့ဘာသာ စိတ်ကြိုက် ရွေးချယ်ခွင့် ပြုထားသည်။ သူတို့ စိတ်လွတ်လပ်ခွင့် ရှိမှသာ မိဘနှင့် ပွင့်ပွင့်လင်းလင်း တိုင်ပင်မည်။ အမှောက်အမှား မဖြစ်အောင် အကြံဉာဏ် ပေးခြင်းမျှသာ မိမိတို့က ပြောဆို ဆုံးမနိုင်ဖို့ ဖြစ်သည်။ ဤသမီးကြီးကား မိုက်တွင်းနက်လှသည်။ တက္ကသိုလ် ပညာကို မသင်ကြားခင်ကတည်းက ပညာ ဆုံးခန်းတိုင်အောင် ဘွဲ့ရအောင် လုပ်ပြီးမှ အိမ်ထောင်ရေးကို စဉ်းစားဖို့ ပြောထားသည်။ မိမိတို့မှာ မရှိ ဆင်းရဲခြင်းနှင့် ဘဝ ခက်ခဲခြင်း အမျိုးမျိုးကို ကြုံတွေ့နေခိုက်မှာ သူ့ကို တက္ကသိုလ်ပညာ သင်ခွင့် ရအောင် မိဘများဘက်က ကြိုးပမ်း စွန့်စားနေရသည်ကို သူသည် ထောက်ထားရကောင်းမှန်း မသိခဲ့။ သူ့သဘောနှင့် သူ ယောကျာ်းနောက်သို့ ပါပြီး အိမ်ထောင်ပြုသွားသည်။ မိသက် ကျိတ်ပြီး ငိုသည်။

'ဘယ်လို လုပ်ကြမလဲ အစ်ကို' ဟု မေးသည်။

'ဘာလုပ်ရမှာလဲ၊ သူ့ထိုက်နှင့် သူ့ကံပေါ့၊ ပစ်ထားလိုက်ရုံပဲပေါ့၊ သူ့မှာ မိဘထက် ပိုပြီး အားကိုးလောက်တဲ့လူ ရသွားပြီပဲ၊ သူ့အတွက် တာဝန်တစ်ခု လျော့သွားပြီလို့ပဲ ငါ သဘောထားလိုက်ပြီ၊ သူ့အကြောင်းကို ငါ ခေါင်းထဲကို မထည့်တော့ဘူး' ဟု ယတိပြတ် ပြောလိုက်သည်။ ထိုအခါ မိသက်က မကျေနပ်သော စကားကို ဆိုသည်။

'ရှင်တို့ကတော့ နေနိုင်တာပေါ့၊ ကျွန်မကတော့ မနေနိုင်ဘူး၊ ဗိုက်နှင့် လွယ်ပြီး မွေးခဲ့ရတာ ဆိုတော့၊ ဒီအတိုင်း လက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး၊ ရှင်က သိပ်ပြီး နေစိမ့်တာပဲ' ဟု အပြစ်တင်လာသည်။

အကျွန်ုပ်သည် သူ့ရင်ထဲက အစွဲအလမ်းကို နားလည်လိုက်သည်။

'ဒီမှာ မိသက်၊ သံယောဇဉ် ဆိုတာ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်တတ်တဲ့ ကိလေသာမီးပဲကွ၊ မရှိဆင်းရဲတာထက် မသိလို့ ဆင်းရဲတာက ပိုပြီး ကြီးကျယ်တယ် သိရဲ့လား၊ မင်း သမီးက ဆယ်တန်း အောင်ပြီးပြီ၊ တက္ကသိုလ် ဒုတိယနှစ် ရောက်ပြီ၊ သူ့ဘဝကို သူ စဉ်းစားတတ်နေပြီ၊ မိဘ ဆင်းရဲတာကို သူ သိတယ်၊ မင်း သူ့အကြောင်းကို သိတယ် မဟုတ်လား၊ သူဟာ မိဘဆင်းရဲတဲ့ အချိန်မှာ သူ ချမ်းသာမယ် ထင်တဲ့ နေရာမှာ သွားနေတတ်တယ်၊ ငယ်ငယ်တုန်းက တို့မှာ ရေခဲသေတ္တာတွေ ဘာတွေ မရှိကတည်းက အိမ်ရှေ့က

www.burmeseclassic.com



ဘုတ်ဘုတ်တို့ အိမ်မှာ စားအိမ်သောက်အိမ် လုပ်ပြီး သွားနေတာ မှဝ်မိလား၊ နောက် တို့ ၂၃ လမ်း အိမ်ပေါ်က ဆင်းခဲ့ရတုန်းကလည်း မိဘနှင့် အတူ သူ ဆင်းရဲမခံဘူး၊ သူ့အတွက် အနေအစား ချောင်မယ် ထင်တဲ့ သူ့အဒေါ်ငယ် အိမ်မှာ သွားနေတယ်၊ ခုလည်း မိဘက ဆင်းရဲတော့ သူ လင်ယူလိုက်ရင် ချမ်းသာမယ် ထင်လို့ ယူသွားတာ ဖြစ်မှာပေါ့၊ သူ့ကို ငါ အကဲခတ်ကြည့်ခဲ့တယ်၊ သူ့ခေါင်းထဲမှာ သူ့ဘဝ ကောင်းစားချင်တယ်၊ မိဘကို ငဲ့ညှာတာတို့ မိဘနှင့် အတူ ကောင်းအတူ ဆိုးအတူ နေမယ် ဆိုတဲ့ သဘောထားမျိုးလည်း မရှိဘူး၊ အငယ်မ ယာယာနှင့် သူနှင့်က ဆိနှင့် ရေလောက် ကွာတယ်၊ သူ့မှာ တစ်ကိုယ် ကောင်းစိတ် ရှိတယ်၊ သူ့အဒေါ်ဆီက ရတဲ့ စိတ်ဓာတ်လေ၊ မိသားစု ညီအစ်ကို မောင်နှမတွေထဲမှာ သူပဲ ချမ်းသာဆုံး ဖြစ်ရမယ်၊ ကျန်တဲ့လူတွေက သူ့ဆီမှာ လာပြီး လက်ဝါးဖြန့်စေချင်တယ်၊ ခုလည်း ပညာသင်တာကို စွန့်ပြီး လင်နောက် လိုက်သွားတယ် ဆိုတာ ကြည့်ပါလား၊ မိဘအိမ်မှာ နေတာထက် လင်ယူတာ ပိုပြီး သူ့ဘဝ ကောင်းစားမယ် ထင်လို့ ဖြစ်မှာပေါ့၊ ငါကတော့ လူတစ်ယောက် သူ့သဘောနှင့် သူ စိတ်ကြိုက် ရွေးချယ်တာကို မကန့်ကွက်ဘူး၊ သူ့မှာ လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ပေးမှ သူ လုပ်တဲ့ အလုပ်ကို သူ တာဝန်ယူလိမ့်မယ်'

ထိုနောက် အကျွန်ုပ်သည် ထိုသမီးကို လုံးဝ အဆက်အသွယ် ဖြတ်ထားလိုက်သည်။

၈၈ ခုနှစ် အတွင်းမှာ (နှစ်ကုန်ခါနီး) တွင် အိမ်ရှင်နှင့် မိမိတို့ အိမ်သားများ အကျွန်ုပ် အိမ်မှာ မရှိစဉ် ရန်ဖြစ်ကြသည်။ အသက်ကြီးပြီ ဖြစ်သော အိမ်ရှင် အဘိုးကြီးသည် ဘာအကြောင်းကြောင့်မှန်း မသိ၊ သမီးငယ် ယာယာကို ဖမ်းချုပ်ထားသည် ဆို၏။ ထိုအချိန်တွင် မိခင်၏ အတွင်းပစ္စည်းများကို ခိုးယူပြီး နယ်စပ်သို့ ထွက်သွားသော သားသည် ပစ္စည်းများ ကုန်သောအခါ အိမ်ကို ပြန်ရောက်လာသည်။ သူ့ညီမကို အိမ်ရှင် အဘိုးကြီးက ဖမ်းချုပ်ထားသောကြောင့် ဂွတ်တလစ် လူမိုက်ဟု နာမည်ကြီးနေသော ထိုသားက အိမ်ရှင်၏ ဦးခေါင်းကို အုတ်ခဲဖြင့် ထုသတ်လေသည်။ ထိုအိမ်ရှင် အဘိုးကြီးမှာ သေကံ မရောက်၍သာ သက်မပျောက်ခဲ့ခြင်း ဖြစ်သည်။ အုတ်ခဲသည် အဘိုးကြီး၏ ဦးခေါင်းကို မထိမိဘဲ ပခုံးကိုသာ ထိသည် ဆို၏။ ထိုလူကြီးသည် အသက် ၇၀ ကျော်နေပြီ။ ဉာဏ်ပညာ မရှိ။ သူ့ကိုယ်သူ လူမိုက်ဟန်ဖြင့် သားကို မနိုင်သောအခါ သူ့သား အလုပ်လုပ်သော ရန်ကုန် ဆေးရုံကြီးဝင်းထဲ

www.burmeseclassic.com



ရှိ အလုပ်သမား တန်းလျားမှာ နေသော ရင်ခွဲရုံ အလုပ်သမား လူမိုက်များကို သွားခေါ်လာသည်။ အိမ်က သားသည် မိုက်မဲရာ၌ အဖော်မပါ၊ တစ်ကိုယ်တော် စွန့်စားရဲသူ ဖြစ်သည်။ သူသည် သူ့လက်သုံးတော် ကင်ဒိုဓားကို ဆွဲပြီး ထွက်သည်။ ဆေးရုံကြီးက လူမိုက် ဆိုသူများ မကပ်ရဲတော့။

အကျွန်ုပ် ရန်ကုန်မြို့ထဲက ပြန်လာသောအခါ ရန်ပွဲ စဲပြီ ဖြစ်သည်။ ဤအိမ်မှာလည်း ဆက်နေ၍ မဖြစ်တော့ပြီ။

၁၉၈၉ ခုနှစ် ဧပြီလကုန်တွင် အိမ်ငှား စာချုပ်သက်တမ်း ကုန်သည်။ ထိုအချိန်တွင် အိမ်ပြောင်းရပြန်သည်။ မျက်စောင်းထိုးက ခြံထဲတွင် လုံးချင်း အိမ်က အိမ်ငှားများ ပြောင်းပေးမည် ဆို၍ ထိုအိမ်ကို ငှားလိုက်သည်။ သို့သော် ထိုလုံးချင်းအိမ်ပေါ်က အိမ်ငှားများသည် မေလကုန်မှ ပြောင်းပေးနိုင်မည်ဟု ဆိုသည်။ အကျွန်ုပ်တို့မှာ လက်ရှိ အိမ်ပေါ်က ဧပြီလကုန်တွင် ဆင်းပေးရသဖြင့် နောက်အိမ်မရမီ အိမ်ရှေ့မှာ နေသော ဆရာကြီး ဦးအောင်ကိုးတို့ လင်မယား က အကျွန်ုပ်တို့ မိသားစုကို သူတို့ အိမ်ပေါ်မှာ လာနေဖို့ ဖိတ်ခေါ်ကြလေ သည်။ ဆရာကြီး ဦးအောင်ကိုးတို့ အိမ်ပေါ်မှာ တစ်လလောက် သောင်တင်နေ ပြီးမှ လုံးချင်းအိမ်ကလေးသို့ ပြောင်းရွှေ့ခွင့် ရလေသည်။

တစ်နှစ် အကြာမှာတော့ မိမိသည် Everyday English စာစောင် အယ်ဒီတာချုပ် အလုပ် ရှိနေပြီ ဖြစ်သဖြင့် ပုံမှန်ဝင်ငွေလည်း ရှိနေပြီ။ ထို အချိန်တွင် စာအုပ် ဈေးကွက် ပြန်ကောင်းလာသည်။ အကျွန်ုပ် ရေးပြီး မထုတ် ရသေးသော 'ရွှေတောင်တက် ဒဿန' စာအုပ် ထွက်လာသည်။ ဆက်တိုက် ဆိုသလို 'တရားတွေ့ဖို့ ချမ်းမြေ့ဖို့' နှင့် 'သစ္စာဉာဏ်ပွင့် ဒဿန' စာအုပ် များလည်း ရှေ့ဆင့် နောက်ဆင့် ထွက်လာကြသည်။ တက္ကသိုလ် အောင်မှူး ကလောင်အမည်ဖြင့် ရေးသော 'စိတ်ညှို့ အိပ်မွေ့ချနည်း' စာအုပ်လည်း ထွက် လာသည်။ ဘဝသည် ချောင်လည်စ ပြုလာသည်။

## သားဆိုး သားမိုက်ကို တရားစွဲသော ဖခင်

ဝင်ငွေ ကောင်းလာသောအခါ ဘဝက ချောင်လည်လာသည်ဟု ထင်ရသည်။ ထိုအချိန်တွင် သားလူမိုက်သည် ဇွေဖောက်လာပြန်သည်။ အိမ်နောက်ဖေးရှိ သူ အိပ်သည့် ခုတင်ပေါ်မှာ တစ်နေကုန် ကျောစန့် အိပ်ပြီး စားချိန်ကျလျှင် ထစားသည်။ ညကျလျှင် သူ့အပေါင်းအသင်း လူဆိုး လူမိုက်များထံသို့ သွား သည်။ တစ်နေ့ညနေတွင် မိသက် အစ်မကြီး၏ သား မောင်ဉာဏ်ဝင်း မော်



www.burmeseclassic

www.burmeseclassic.com



တော်ဆိုင်ကယ်နှင့် အိမ်ကို ရောက်လာသည်။ သားလူမိုက်၏ သတင်းဆိုးကို လာပို့ခြင်း ဖြစ်သည်။ သူသည် နေ့လယ်က သမ္မတ ရုပ်ရှင်ရုံတွင် ရုပ်ရှင်ကြည့်စဉ် အပေါ်ထပ်မှ စီးကရက်တိုကို မီးရဲရဲဖြင့် အောက်သို့ ပစ်ချလိုက်ရာ ရုပ်ရှင် အလုပ်သမားများက သူ့ကို ဖမ်းပြီး ရဲဌာနကို ပို့လိုက်သည်။ မောင်ဉာဏ်ဝင်း (အစ်ကို ဝမ်းကွဲတော်သူ) က အာမခံဖြင့် ထုတ်ပေးခဲ့ရသည် ဆို၏။ မိသက်သည် ဤတစ်ကြိမ်တွင် စိတ်ပြောင်းလျက် ရှိသည်။ အကျွန်ုပ်ထံသို့ လာပြီး 'ဘယ့်နှယ် လုပ်မလဲ' ဆိုသော အမေးဖြင့် ဦးနှောက် မစားတော့ပါ။

'ဟဲ့ မောင်ဉာဏ်ဝင်း နင် ပြောလိုက်၊ ငါတို့ကတော့ ဒီလောက် အောက်တန်းကျတဲ့ အလုပ်ကြောင့် သူ အချုပ်ပဲ ခံရ ခံရ၊ ထောင်ပဲကျကျ မလိုက်ဘူး၊ သူ့ထိုက်နှင့် သူ့ကံပဲ' ဟု သူ့ဘာသာ ဆုံးဖြတ်ချက် ချလိုက်သည်။ သူ မိုက်ရိုင်းသမျှအတွက် မိဘက ခေါင်းခံနေလျှင် သူ့မှာ သံဝေဂစိတ် ပေါ်မည် မဟုတ်၍ မိသက် လျစ်လျူရှုဖို့ ဆုံးဖြတ်လိုက်ဟန် တူပါသည်။ အကျွန်ုပ်ကမူ ဘာတစ်ခွန်းမျှပင် ဝင်မပြောဘဲ နှုတ်ပိတ်ရေငုံ နေလိုက်ပါသည်။ ညပိုင်းကျတော့ ဒီအကောင် သူ ဘာမှ မဖြစ်သလို မသိကျိုးကျွန်ပြုပြီး အိမ်ကို ပြန်ရောက်လာသည်။ မိသက်လည်း သူ့သားလိမ္မာကို စကားမပြောဘဲ ဂရုမစိုက် ထားလိုက်သည်။ ဒီကောင်ကတော့ ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုသကဲ့သို့ လက်ကြောတင်းအောင် အလုပ် လုပ်မစားဘဲ နေ့မှာ အိပ်သည်။ ညမှာ အပေါင်းအသင်းများထံ သွားသည်။ စားသောက်ချိန်မှာ ထမင်းစားပွဲပေါ် ထိုင်ပြီး ဘယ်သူ့ကိုမှ မငဲ့၊ သူ စားချင်တာကို ဘယ်သူ့အတွက်မှ မခြွင်းမချန်ဘဲ အားလုံး စားပစ်တတ်သည်။

သူ ဆိုးပုံမှာ လူမသိ ရှင်မကြား ဆိုးပုံဆိုးနည်း ဖြစ်သည်။ မိဘက ပြောလျှင်လည်း သူ ဘာမှ ပြန်မပြောဘဲ ဟုတ်ကဲ့ပါ တစ်လုံးကိုသာ တွင်တွင် သူ့နှုတ်က သုံးသည်။ ပြီးတော့ ဘယ်သူ့စကားကိုမှ နားမထောင်ဘဲ သူ လုပ်ချင်ရာ လုပ်သည်။ ဆုံးမ မလွယ်သော သားသည်လည်း သားနှင့် မတူ၊ ရန်သူနှင့် တူလာသည်။ ခြေ မကောင်း ခြေ၊ လက် မကောင်း လက် ဖြတ်ပစ်၍ ရသည်။ မကောင်းဆိုးဝါးသားကိုမူ စွန့်ပစ်ရန် ခက်လှသည်။

သူသည် အိမ်ပေါ်မှာ နေပြီး ဆင်ကြံ ကြံနေဟန် တူသည်။ အကျွန်ုပ်တို့ကမူ သူ ဘာလုပ်မလဲဟု သူ့အကဲကို စောင့်ကြည့်နေရသည်။ တစ်နေ့သ၌ အကျွန်ုပ်သည် ရန်ကုန်မြို့ထဲက ဘဝတက္ကသိုလ် စာအုပ်တိုက်သို့ အင်္ဂလိပ်စာစောင် ထုတ်ဝေရေး ကိစ္စအတွက် ပြင်ဆင်ရန် သွားသည်။ သူ့မိခင်က သမ

www.burmeseclassic.com



ဝါယမ အရောင်းဆိုင်မှာ ဆန်ထုတ်ရန် သွားသည်။

သမီးငယ် ယာယာသည် ဆယ်တန်း အောင်ပြီးနောက် ကျောင်းမတက်ရသေးသဖြင့် အိမ်မှာ နေရသည်။ သူသည် သူ့အစ်မ သားငယ်ကို ယူထားပြီး ထိုကလေးကို ထိန်းကျောင်းနေလေသည်။ ထိုအချိန်တွင် ထိုသားလူမိုက်သည် မိခင်၏ အတွင်းပစ္စည်း အားလုံးကို သူ့အား ပေးရမည် ဆိုပြီး ညီမငယ်ကို ဓားဖြင့် ထောက်ပြီး တောင်းသည်။ ယာယာလည်း သူ့မိခင် အတွင်းပစ္စည်း လက်ကျန်ကလေးများကို ထုတ်ပေးလိုက်ရသည်။ ထို ယုတ်မာသော သားသည် နားနာ၍ ခေတ္တ ချွတ်ထားသော မိခင်၏ နားကပ် တစ်ဖက်ကိုပါ မချန်၊ အားလုံးကို ယူသည့်ပြင် အိမ်ရှိ ကာစီယို လျှပ်စစ် အော်ဂင်ကလေးကိုပါ ရောင်းစားရန် အတွက် လုယူပြီး အိမ်က ထွက်သွားလေသည်။

ယာယာသည် ငိုကြီးချက်မနှင့် ဘဝတက္ကသိုလ် စာပေတိုက်ရှိ အကျွန်ုပ်ရှိရာသို့ လိုက်လာသည်။

'ဟဲ့ သမီး၊ ဘာဖြစ်လာတာလဲ'

'အစ်ကိုကြီး အစ်ကိုကြီးလေ၊ မေမေ လမ်းထိပ်က သမဝါယမဆိုင်မှာ ဆန်ထုတ်ဖို့ သွားနေတုန်း သမီးကို ဓားနှင့် ထောက်ပြီး အမေ့ အတွင်းပစ္စည်းတွေကို အကုန်လုံး ယူသွားတယ်၊ အိမ်ပေါ်မှာ ရှိတဲ့ သူ ရောင်းစားလို့ရမယ်ထင်တဲ့ ပစ္စည်းတွေလည်း အားလုံး ယူပြီး အိမ်က ထွက်သွားပြီ ဖေဖေ'

မိုက်မဲလှချည်လား။ ရင်ထဲမှာ သားအတွက် အမုန်းလား၊ ယူကျုံးမရတာလား မသိပါ၊ ခံစားမှု တစ်ခုသည် ပြင်းပြင်းထန်ထန် ပေါ်ပေါက်နေလေသည်။

တိုက်ဆိုင်ပြန်ပြီ။ ထိုနေ့သည် ၈၊ ၈၊ ၈၉ နေ့ ဖြစ်သည်။ ၈ ဂဏန်း၏ ထိခိုက်မှုကို အကျွန်ုပ် ခံလိုက်ရပြန်ပြီဟု တွေးမိပြန်သည်။ ကိန်းဂဏန်းနှင့် မိမိ၏ ကံကြမ္မာ destiny သည် ဘယ်လို ဆက်စပ်နေသလဲ မသိပါ။ အင်းပညာ၊ စမပညာ၊ ပုဂ္ဂလ ပညတ် ဓာတ်ကျမ်းတွေထဲမှာတော့ ဂဏန်းတွေ၊ စမတွေမှာ လူတွေအပေါ် အကျိုးသက်ရောက်မှု ရှိသည်ဟု ယုံကြည် လက်ခံထားကြသည်။ ဝေဒကျမ်းတွေထဲက အယူအဆလားတော့ မသိပါ။ အကျွန်ုပ်ကမူ ဂဏန်း၏ သက်ရောက်မှုကို ယုံ၍ မဟုတ်၊ ၈ ဂဏန်းကျသော နေ့မှာ ထိခိုက်မှု တစ်ခုခု ကြုံရတတ်၍ သတိချပ်မိခြင်းသာ ဖြစ်၏။

နားကပ်ပင် ဝတ်စရာ မကျန်သော သူ့အဖြစ်ကို သူက မသနားဘဲ သူ့သား ဘယ်ကိုများ ထွက်သွားပြန်တာလဲ မသိဟု ဆိုကာ မိသက်သည်



www.burmeseclassic.com

www.burmeseclassic.com



မိခင်၏ စိုးရိမ်ခြင်းဖြင့် စိုးရိမ်နေပြန်သည်။ အကျွန်ုပ်သည် သူ့ကိုပင် ဒေါသဖြစ်ချင်လာသည်။

'သူ့ဟာသူ ဘယ်ကိုပဲ သွားသွား၊ ဘယ်မှာပဲ နေနေ၊ ဘယ်မှာပဲ သေသေ၊ ဒီလို အကောင်မျိုးအတွက်များ မင်းက ထည့်စဉ်းစားနေသေးလား၊ မင်း ဒီလို ကြပ်ကြပ်လုပ်၊ ဒီကောင် မင်းကိုပါ သတ်သွားလိမ့်မယ်၊ ဒီကောင်ဟာ အဓာတသတ်ထက် ဆိုးမယ်၊ မင်းမှတ်ထား၊ ခု တို့က ဆင်းရဲနေသေးလို့၊ ချမ်းသာရင် မိဘကို သတ်ပြီး ရတတ်သမျှ အကုန်ယူမယ့် အကောင်၊ မှတ်ထား'

ဤသို့ ပြောလိုက်မှပင် မိသက် လေသံ ပြောင်းသွားသည်။

'ဒါဆိုရင် ခု ဘယ့်နှယ် လုပ်ကြမလဲ'

'ငါပြောမယ်၊ မင်း စဉ်းစား၊ မင်း သား လိမ္မာချင်ရင် ငါတို့ ဆုံးမလို့တော့ ရမှာ မဟုတ်ဘူး၊ ဥပဒေက ဆုံးမမှ ရမယ်ကွ၊ ဒါ့ကြောင့် ငါကတော့ ရဲကို တိုင်ချင်တယ်၊ အမှုဖွင့်ပြီး ဒီကောင့်ကို ထောင်ချပစ်ချင်တယ်'

'ဩ ဒါပဲလား၊ ထောင်က ထွက်လာမှ ထောင်ထဲမှာ လူဆိုး သူခိုးတွေနှင့် ပေါင်းပြီး လူဆိုး သူခိုး ဖြစ်သွားရင်ကော' မိသက်သည် သားဘက်က ရပ်နေပြန်သည်။

'ငါ ပြောတာက မင်း စဉ်းစားဖို့ပဲ၊ ဘယ်ကိစ္စမှာမဆို အကောင်းနှင့် အဆိုးကတော့ ဒွန်တွဲနေတယ်၊ ဓာတိကို ပဝတ္တိ လုပ်လို့ မရဘူး ဆိုတဲ့ စကားလည်း ရှိတယ်၊ သူ လိမ္မာမလား မိုက်မလား ဆိုတာတော့ သူ့ထိုက်နှင့် သူ့ကံပဲပေါ့၊ ခု ငါက သူ့ကို ထောင်ချချင်တာက မိုက်စေချင်လို့ မဟုတ်ဘူး၊ လိမ္မာစေချင်လို့ ဆိုတာ မင်း နားလည်ရင် ပြီးတာပဲ'

'ဒါဆိုရင် သားကိုတောင် ထောင်ချတဲ့ မိဘ ဆိုပြီး ရာဇဝင် ရိုင်းမသွားနိုင်ဘူးလား'

'ဟုတ်တယ်၊ မင်း ပြောတာကို ငါ လက်ခံတယ်၊ ဒါပေမဲ့ မိဘကို သတ်တဲ့သား အဓာတသတ်လို ဒီဘဝမှာလည်း သူ ဆင်းရဲ၊ နောင်ဘဝမှာလည်း သူ အဝီစိငရဲမှာ ခံစားရမယ့် ဆင်းရဲကိုကျတော့ မင်း မြင်ရက်သလား၊ ဆုံးမတယ် ဆိုတာ အချိန်မီ လုပ်ရတယ်၊ ပြုပြင်လို့ မရတဲ့ အချိန်ကျမှ လုပ်လို့ မရဘူး၊ ဒီအချိန်မှာ ဆုံးမမှသာ သူ့အပြစ်ကို သူ မြင်မှာပေါ့'

မိသက် စဉ်းစားပြီးနောက် ဆိုသည်။ 'ဟုတ်တယ်၊ အပြစ်ရှိတုန်းမှာ ဆုံးမမှ ရမယ်၊ ဒါဆို သူ့ကို တရားစွဲမလား'

www.burmeseclassic.com



'အေး ဟုတ်တယ်၊ စွဲမယ်'

'သူ ထောင်ကျသွားရင်ကော'

'ထောင်ကျသွားမှ ထောင်ဝင်စာခံပြီး ထောင်ထဲမှာ သွားတွေ့မှာ၊ ထောင်ထဲမှာ သက်သက်သာသာ နေရအောင် လုပ်မယ်၊ ဒီအခါကျမှ မိဘရဲ့ မေတ္တာ စေတနာကို သူ သိမြင်လာလိမ့်မယ်'

'ကောင်းပြီ၊ ဒါဆိုရင် ကျွန်မလည်း လိုက်မယ်' ဟု မိသက် သဘောတူသည်။

ဗဟန်းရဲဌာနမှာ သူ့ကို တိုင်ချက်ဖွင့်ပြီး အကျွန်ုပ် တရားစွဲပါသည်။ ထိုအချိန်တွင် အကျွန်ုပ်ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။ မိမိမှာ ဘုရားအလောင်းတော်တို့ ထားအပ်သော မဟာကရုဏာ စိတ်ဓာတ်မျိုး ရှိရဲ့လား။ မိသက်ကို ဖွင့်ဟမပြောသော်လည်း ကိုယ့်ကိုယ်ကိုယ်တော့ သံသယ ဖြစ်မိခဲ့ပါသည်။

**အနုပုထုဇ္ဇဉ်မှ ကလျာဏ ပုထုဇ္ဇဉ်သို့**

အကျွန်ုပ်သည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ များစွာ ကြုံရသောအခါတိုင်း မြတ်ဗုဒ္ဓ၏ အဆုံးအမများကို ပို၍ အားကိုး အားထားပြုကာ လေ့လာပါသည်။ 'ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' စာအုပ်များ စတင် ထုတ်ဝေလိုက်သောအခါ ထိုစာအုပ်သည် ရောင်းစွံသော စာအုပ် ဖြစ်သွားသည်။ စာအုပ်ထဲမှာ မပြီးဆုံးသေးသော မိမိ ဘဝ၏ အတွေ့အကြုံများနှင့် အတွေးအခေါ်များကို နောက်ဆက်တွဲ ရေးသားနိုင်ရန် မိမိ၏ ဘဝကို ဂရုတစိုက် လေ့လာနေမိပြန်သည်။

အကျွန်ုပ်သည် 'ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' စာအုပ်များ ထွက်ပေါ်လာပြီးမှ မိမိဘဝမှာ ဝိပဿနာ မလုပ်ရသေးသည့် အတွက် မပြည့်စုံသေးသော ကွက်လပ်ကြီး တစ်ခုလို ဟာကွက်ကြီး တစ်ခု ဖြစ်နေသည်ကို သတိပြုမိလေသည်။ ထိုအခါမှ ငါ ဗုဒ္ဓဘာသာဝင် ဖြစ်ပြီလားဟု ပြန်မေးရသည်။

ထိုမေးခွန်း၏ အဖြေကို ပေးနိုင်ရန်မှာ အကျွန်ုပ် အတွက် အခက်အခဲ ရှိနေသေးသည်။ စင်စစ်တော့ ဗုဒ္ဓဘာသာဝင် အစစ် မဖြစ်သေးဟု ဆိုသင့်သည်။ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး၏ 'ဥတ္တမ ပုရိသ ဒီပနီ' မှာ ထို အဖြေ အတွက် အထောက်အပံ့ ဖြစ်သည်။



www.burmeseclassic

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင် အစစ်တို့မှာ ရှိအပ်သော ကိုယ်ရည်ကိုယ်သွေးမျိုး အကျွန်ုပ်မှာ ရှိဖို့ လိုသေးသည်။ လယ်တီမြတ်ဆရာ၏ အဆုံးအမ စကားသည် လွန်စွာ တန်ဖိုးရှိ၏။ အထူး အလေးဂရုပြုရန် သင့်သည်ဟု ထင်၏။ လယ်တီ ဆရာတော်က 'ယခုအခါ ပဋိစ္စသမုပ္ပာဒ်ကို ဓာတ်ကွဲအောင် ဓာတ်ပေါက်အောင် မြင်နိုင်သော ပညာသည် အလွန် လိုလှ၏။ ဤကား ဗုဒ္ဓဘာသာဝင် အလတ်တည်း' ဟု မိန့်တော်မူသည်။

အကျွန်ုပ်သည် မိမိကိုယ်ကို စိစစ်ကြည့်၏။ ပဋိစ္စသမုပ္ပာဒ်ကို ဓာတ်ပေါက်အောင်၊ ဓာတ်ကွဲအောင် သိမြင်ပြီးပြီလားဟု မေးမိ၏။ ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်လာပြီး ကတည်းက သံသရာနှင့် ပတ်သက်သော ဝိစိကိစ္ဆာများ (စုတိပဋိသန္ဓေ ကြောင်းကျိုးဆက် တရားအပေါ် အမြင်ရှင်းအောင် အားထုတ်စဉ်ကပင်) သံသယများကို ချေဖျက်ရန် ပဋိစ္စသမုပ္ပာဒ် ပညာကို ဓာတ်ပေါက်အောင် လေ့လာခဲ့လေသည်။ ဆရာတော်ကြီး၏ စာအများကို ဖတ်ရှုစဉ် 'ပရမတ္ထ သံခိပ်ကျမ်း' တွင် ဖော်ပြထားသော အောက်ပါ လင်္ကာကလေးကို လည်း အရအမိ ကျက်ထားဖူးလေသည်။

၆၅၀။ နာမရူပ သင်္ခါရ၏
ပဋိစ္စဓာတ် သမုပ္ပာဒ်ကို
အတတ်ထင်ထင် ပိုင်ပိုင်မြင်က
ကင်္ခါယုံမှား ဆယ့်ခြောက်ပါးနှင့်
ရှစ်ပါးဝိစိ၊ ဒိဋ္ဌိဖြာဖြာ
ကင်းစင်ကွာကွာ ကင်္ခါဝိတရဏာဝိသုဒ္ဓိ။*

ဤတရားစကားများကို အကျွန်ုပ် ခေါင်းထဲမှာ ကာလ ကြာမြင့်စွာ ကျက်မှတ်ထားခဲ့လေသည်။ နှုတ်ဝယ်လည်း အာဂုံဆောင်ထား၏။ အသိရှင်း နေသည်မှာ ဗုဒ္ဓဘာသာ အစစ် ဖြစ်လိုလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ၊ (ငါစွဲ အတ္တစွဲ နှင့် ဒွိဟ သံသယ) များကို ပယ်ဖျောက်ရမည်။ ပထမဦးစွာ အသိ (ဒဿနေန မဟာတဇ္ဇ) ဖြင့် ပယ်ရမည်။ ဉာဏပရိညာဖြင့် ပယ်ခြင်းဖြစ်သည်။ အကျင့်ဖြင့် မပယ်နိုင်မီ အသိဖြင့် ပယ်သတ်ခြင်း ဖြစ်သည်။ ထိုသို့ ပယ်သတ်ပြီးပြီဆိုမှ ထိုသူ၏ အသိဉာဏ်ထဲတွင် သစ္စာဉာဏ် ဖြစ်ပေါ်လာပြီး ယုံမှားသံသယများ ကင်းရှင်းသွားနိုင်သည်။ ကင်္ခါဝိတရဏာ ဝိသုဒ္ဓိ အဆင့်သို့ ရောက်ပြီ ဆို၏။

---

* ပရမတ္ထသံခိပ် လက်စွဲ၊ စာ ၆၄

www.burmeseclassic.com



ဝိသုဒ္ဓိ အဆင့်အားဖြင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်ပြီး ဒိဋ္ဌိစွဲများ (သက္ကာယ ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိ) ကို အသိအမြင်ဖြင့် ပယ်ပြီးသူသည် ယခုဘဝ တွင် သုတမယဉာဏ် မျက်ပေါက်သူ ဖြစ်ပြီ။ 'သုတဝါ အရိယာ သာဝကော' ဖြစ်ပြီ။ အရိယာတို့၏ သားတပည့် ဖြစ်ပြီ။ သေက္ခပုဂ္ဂိုလ် (ကျင့်ဆဲပုဂ္ဂိုလ်) များတွင် အပါအဝင် ဖြစ်ပြီ။ ထိုသူသည် အန္ဓ ပုထုဇဉ် အဖြစ်မှ လွတ်၍ ကလျာဏ ပုထုဇဉ် ဖြစ်ပြီ။ ယခုဘဝမှ စုတိမနေ သေလွန်သောအခါ ဒုတိယ ဘဝ၌ အပါယ်တံခါး ပိတ်ပြီ။

လယ်တီ ဆရာတော်ကြီးက 'သိသင့် သိထိုက်သော တရားမှာ အန္ဓ ပုထုဇဉ် အဖြစ်မှ လွတ်၍ ခန္ဓာ အာယတနဓာတ်၊ ပဋိစ္စသမုပ္ပာဒ် သတိပဋ္ဌာန် စသော ဤတရားစုသည် ဗုဒ္ဓဘာသာမှာမှ ရှိသော တရားစု ဖြစ်၍ ဗုဒ္ဓဘာ သာဝင် ဆိုလျှင် ထိုတရားတို့ကို သိကျွမ်း လိမ္မာမှ ဗုဒ္ဓဘာသာဝင် ဆိုစလောက် သည်' ဟု ဆုံးဖြတ်ထားလေသည်။*

ဤစကားသည် အလွန် နှစ်သက်ဖွယ်ကောင်းသော စကား ဖြစ်၏။ အဘယ်ကြောင့် နှစ်သက်ဖွယ် ကောင်းသနည်း။ နှစ်သက်အပ်သော အကြောင်း လေးခု ရှိသည်ဟု အကျွန်ုပ် နားလည်လိုက်၏။

(၁) လူတစ်ဦးသည် သူ့ကိုယ်သူ ရိုးရာ အမည်ခံ ဗုဒ္ဓဘာသာ အဖြစ် ဖြင့် တင်းတိမ်နေရုံဖြင့် မပြီးသေး၊ သိသင့်သိထိုက်သော တရားများကို သိဖို့ လိုသေးသည်။ မသိသိအောင် လုပ်သင့်သည်။ သိမှသာ မိမိသည် သာသနာ တွင်းသား၊ ကလျာဏ ပုထုဇဉ်၊ အပါယ်တံခါး တစ်ဘဝ ပိတ်သူ၊ အသေ စိတ်ချရသူ ဖြစ်နိုင်သည် ဆိုသော အချက်ကို ဉာဏ်ထဲမှာ ရှင်းရှင်းလင်းလင်း သိစေသည် ဖြစ်၍ တစ်ကြောင်း။

(၂) အကြင်သူသည် အန္ဓပုထုဇဉ် အကန်း အဖြစ်မှ ကလျာဏ ပုထုဇဉ် (စူဠသောတာပန်) ဉာဏ်အမြင်ပေါက်သူ ဖြစ်အောင် အားထုတ်ရာတွင် မိမိ 'သုတဝါ အရိယာ သာဝကော' ဖြစ် မဖြစ်ကို တိုင်းတာရန် စံချိန်ပြ စံနှုန်း (Standard Criterion) ကို တိတိကျကျ ပေးထားသောကြောင့် တစ်ကြောင်း။

(၃) ဤကဲ့သို့ သံသရာ အဆင်းလမ်းမှ သံသရာ အတက်လမ်း၊ ဘုံစဉ်စံဖြစ်အောင် မိမိဘာသာ တက်လှမ်းနိုင်သော တရားမျိုး ဗုဒ္ဓဘာသာက လွဲလျှင် တခြား ဘယ်ဘာသာမှ မရှိ ဆိုသော အချက်သည် လုံးဝ မှန်ကန်

---

* ဥတ္တမ ပုရိသ ဒီပနီ (ဟံသာဝတီ၊ ၁၉၅၂)၊ လယ်တီဆရာတော်၊ စာ ၁၆၁–၂



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ထောက်ခံလိုသည် တစ်ကြောင်း။*

(၄) အန္တပုထုဇဉ်သည် ခန္ဓာကို မသိ၊ အာယတနကို မသိ၊ ဓာတ်ကို မသိ၊ သစ္စာကို မသိ၊ ပဋိစ္စသမုပ္ပာဒ်ကို မသိ၊ သတိပဋ္ဌာန် တရားကို မသိလျှင် သေသောအခါ အပါယ်တစ်လမ်းသွားသာ ဖြစ်နိုင်သည်။ အပါယ်တံခါး ပိတ်ရန် အတွက် သစ္စာဉာဏ် ရဖို့ လိုသည်။ သစ္စာဉာဏ် ရမှသာ အပါယ်မျိုးစေ ဖြစ်သော ဒိဋ္ဌိကို ပယ်သတ်နိုင်သည်။ ဒိဋ္ဌိ ပယ်ရန် အတွက် ခန္ဓာ၏ ဖြစ်စဉ်ကို သိဖို့ လိုသည်။ ခန္ဓာ ဖြစ်စဉ်ကို သိသော ယထာဘူတဉာဏ် ရရန်မှာ ပဋိစ္စသမုပ္ပာဒ် တရားကို ဓာတ်ကွဲအောင် သိရမည် ဆိုသော အဆုံးအမသည် ကံလမ်းက လာပြီး ကံလမ်းကို ဆက်လျှောက်နေသူ ပုထုဇဉ်ကို ကံလမ်းက လာပြီး ဉာဏ်လမ်းသို့ တက်လျှောက်နိုင်အောင် ဤတရားက လမ်းပြနိုင်သည် တစ်ကြောင်း စသော အကြောင်းများကြောင့် နှစ်သက်ဖွယ် ကောင်းသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

**ပဋိစ္စဓာတ် သမုပ္ပာဒ်ကို အတတ်ထင်ထင် ပိုင်ပိုင်မြင်မှ**

ပဋိစ္စသမုပ္ပာဒ် တရားစုကို ဓာတ်ကွဲအောင် သိဖို့ လိုသည် ဆိုသော အချက်ကို အကျွန်ုပ် ရင်ထဲမှာ စွဲစွဲမြဲမြဲ မှတ်သားထားသည်။

တရားကို သိမှသာ လူသည် လူ့ဘဝကို ဘယ်ပုံဘယ်နည်းဖြင့် ရောက်လာသနည်း၊ ဘာကိစ္စအတွက် လူဖြစ်လာရသနည်း၊ ဘယ်ကနေပြီး ဤ လူ့ဘဝကို ရောက်လာရသနည်း စသော ဘဝပြဿနာ မေးခွန်းလွှာများကို ဖြေကြားနိုင်မည် ဖြစ်သည်။ ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇ မဟာ ရဋ္ဌဂုရု သက်တော်ရှည် ကမ္ဘာ့သာသနာပြု ဆရာတော်ကြီး အရှင်သေဋ္ဌိလသည် ပဋိစ္စသမုပ္ပာဒ် တရားတော်ကြီး၏ အရေးပါပုံကို လန်ဒန်မြို့ ဗုဒ္ဓဘာသာ ဝိဟာရတွင် ၁၉၈၃ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့က ဟောကြားတော်မူခဲ့လေသည်။ ဆရာတော်ကြီး ဟောကြားခဲ့ပုံကို မူရင်းအတိုင်း ကောက်နုတ် ဖော်ပြချင်ပါသည်။

**Paticcasamuppada is one of the very well known and very**

---

* အကျွန်ုပ်သည် ကမ္ဘာပေါ်မှာ လူတို့ ကိုးကွယ်သော ဘာသာ အယူဝါဒ များစွာကို လေ့လာကြည့်ခဲ့သည်။ ဘယ် ဘာသာမှာမှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် မရှိ၊ ရဟန္တာ မရှိ၊ သစ္စာဉာဏ် မရှိ၊ ထွက်ရပ်လမ်း မရှိပါ။



www.burmeseclassic

www.burmeseclassic.com



important discourses, because without this aspect of the Teaching, it is rather difficult to understand why and how one becomes a being, a humanbeing. The law of Dependent Origination (Paticcasamuppada) [mainly answers three great questions... of] three great questions the first is where did we come from? 'Where did we come from into this world, into this existence?' is the question being asked. *

ဆရာတော်ကြီးက အနောက်တိုင်းသားများ သိချင်သော ဘဝ ပြဿနာအတွက် အဖြေရှာပေးရန် ပဋိစ္စသမုပ္ပာဒ် တရားကို ဟောကြားဟန် တူပါသည်။ အဓိပ္ပာယ်မှာ ဤသို့ ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပာဒ် တရားဟာ မြတ်ဗုဒ္ဓရဲ့ ဒေသနာတွေထဲမှာ အလွန်ထင်ရှား လူသိများပြီး အလွန် အရေးကြီးတဲ့ တရားစု ဖြစ်တယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီတရားကို မသိရင် သတ္တဝါ တစ်ဦး၊ လူသတ္တဝါ တစ်ဦးဟာ ဘာကြောင့် ဒီလူ့ဘဝထဲကို ရောက်လာတာလဲ၊ ဘယ်လို ရောက်လာတာလဲ ဆိုတာကို နားလည်ဖို့ ခက်ခဲလို့ပဲ ဖြစ်တယ်။ ပဋိစ္စသမုပ္ပာဒ် တရားက အဓိက မေးခွန်းကြီး သုံးခုကို အဖြေပေးထားတယ်။ ပထမ မေးခွန်းကြီးကတော့ 'ကျွန်ုပ်တို့ ဘယ်က လာကြတာလဲ၊ ဘယ်ဘဝကနေ ဒီမျက်မှောက် လူ့ဘဝကို ရောက်လာကြတာလဲ' ဆိုတဲ့ မေးခွန်းပဲ ဖြစ်တယ်။

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များ၊ ကမ္ဘာ့ အတွေးအခေါ် ပညာ၊ အရှေ့တိုင်း အနောက်တိုင်း ဒဿန ပညာတွေကို မနှံ့စပ်သူတွေ အဖို့ ဤမေးခွန်းကို အရေးကြီးသော မေးခွန်း တစ်ခုဟု နားလည်ချင်မှ နားလည်နိုင်ကြပေမည်။ အကျွန်ုပ်ကဲ့သို့ ကမ္ဘာမှာ ပေါ်ထွန်းပြီးသော ဘာသာ အယူဝါဒ ပေါင်းစုံနှင့် ဒဿန ပေါင်းစုံကို လေ့လာ သိကျွမ်းထားသူအဖို့မှ ဤပုစ္ဆာ၏ အရေးပါမှုကို ကောင်းကောင်း နားလည်သည်။

လူ့ယဉ်ကျေးမှု စတင် ထွန်းကားလာကတည်းက လူတွေ၏ ထူးခြားချက်မှာ (တိရစ္ဆာန်နှင့် ကွာခြားချက်မှာ) ကိုယ့်အကြောင်းကို ကိုယ် သိနားလည်လိုခြင်း ဖြစ်သည်။ ကမ္ဘာပေါ်မှာ ဘာသာ အယူဝါဒတွေ အမျိုးမျိုး ပေါ်ပေါက်ခဲ့ခြင်းမှာလည်း လူ ဘယ်က စဖြစ်လာသလဲ၊ ကမ္ဘာ ဘယ်က စတင် ဖြစ်ပေါ်

---

* Essential Themes of Buddhist Lectures given by Ashin Thittila – p 151



www.burmeseclassic.com

www.burmeseclassic.com



လာတာလဲ၊ ငါ ဘယ်ပုံဘယ်နည်း လူ့ဘဝ လူ့လောကထဲ ရောက်လာတာလဲ ဆိုသော ပျောက်ဆုံးနေသော ဘဝ အစိတ်အပိုင်း တစ်ခု (သံသရာ၏ ရှေး အစွန်း) ကို ရှာဖွေခဲ့ကြခြင်း ဖြစ်လေသည်။ အိန္ဒိယပြည်မှာ ဘီစီ ခြောက်ရာစု အတွင်း ဗုဒ္ဓဘုရား ပွင့်သောအခါ တိတ္ထိ ဆရာကြီးများသည် အထက်ပါ မေး ခွန်းကို ဖြေကြားခဲ့ကြသည်မှာ အဖြေက ၆၂ မျိုးခန့် ရှိလေသည်။ ထိုအယူ အဆများကို မြတ်စွာဘုရားက ဒိဋ္ဌိ ၆၂ မျိုး (အမြင်မှား ၆၂ မျိုး) ဟု ခေါ် လေသည်။ ဤတွင် ဆရာတော်ကြီးက ထို ဒိဋ္ဌိ ၆၂ မျိုးကို ဤဝိဟာရတွင် ဟောကြားပါက တရားနာသူ ပရိသတ်သည် တစ်ညဉ့်လုံး ထိုင်၍ နာကြားရ လိမ့်မည်။ ထို့ကြောင့် အရေးကြီးသော ဒိဋ္ဌိအမြင် သုံးမျိုးကိုသာ အဓိကထား၍ ဟောကြားမည် ဆိုကာ ပထမ အမြင်မှာ ဘဝ၏ အစသည် မိမိပြုခဲ့သော အတိတ်ကံ ဖြစ်သည်၊ ကံကို ယုံကြည်ရမည်၊ အတိတ်ကံကသာ အရာရာကို ပြုပြင်စီမံသည် ဆိုသော ပုဗ္ဗေကတ ဟေတုကဝါဒကို ဟောသည်။ သဟေတုက ဝါဒဟုလည်း ခေါ်သည်။ ထိုအမြင်သည် ဘဝမှာ သင် ဘာကိုမှ ကိုယ့် သဘောဆန္ဒဖြင့် လုပ်၍ မရကြောင်း၊ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းအောင် သင် ဘာမှ ပြုလုပ်၍ မရ ဆိုသော အမြင်ကို ဟောခြင်း ဖြစ်သည်။

ဒုတိယ အမြင်မှာ ဘဝ စတင် ဖြစ်လာတာ ဘာအကြောင်းကြောင့်မှ မဟုတ်ဘူး၊ ဘာအကြောင်းမှ မရှိဘူး၊ သူ့ဘာသာ ကြုံကြိုက်သလို ဖြစ်လာရတာ ဆိုသော အမြင်ကို ဟောခြင်းလည်း တစ်ရပ်။

တတိယ အမြင်မှာ ဘဝ စတင် ဖြစ်ပေါ်လာခြင်းသည် ကြမ္မာ ပြဋ္ဌာန်း သောကြောင့်လည်း မဟုတ်၊ အကြောင်းမဲ့ ဖြစ်လာသည်လည်း မဟုတ်၊ ဖန် ဆင်းရှင် ထာဝရ နတ်ဘုရားသခင် (creator) က ဖန်တီးလို့ ဘဝ ဖြစ်ပေါ်လာရ တာ ဆိုသော အမြင်လည်း တစ်ရပ် ဖြစ်သည်။

ဗုဒ္ဓ လက်ထက်ကျသောအခါ ကြမ္မာ ပြဋ္ဌာန်း၍လည်း မဟုတ်၊ အကြောင်းမဲ့ ဖြစ်လာသည်လည်း မဟုတ်၊ ထာဝရ ဘုရားသခင် ဖန်ဆင်း၍ ဖြစ်လာသည် ဆိုပါလျှင် ထိုဘုရားသခင်မှာ ဘယ်ပုံ ဘယ်နည်း ဖြစ်တည်လာ သလဲ ဆိုသော အမေးပုစ္ဆာ ပေါ်ပေါက်လာလေသည်။ အို ဒါကတော့ ဘုရားပဲ၊ သူ့ဘာသာ သဘာဝအတိုင်း အလိုလို ဖြစ်နေတာပေါ့ဟု ဆိုနိုင်လျှင် လူသား များ အနေနှင့်လည်း ဒါဆိုရင် ငါလည်း ဒီလောကထဲကို သဘာဝအတိုင်း ရောက်လာတာ ဖြစ်မှာပေါ့ဟု တွေးလာပြန်သည်။ သို့သော် ထိုအတွေးမှာလည်း ဘာကြောင့် ဤလောကထဲ ရောက်လာရတာလဲ ဆိုသော မူလ ပုစ္ဆာကို ယုတ္တိ



www.burmeseclassic.com

www.burmeseclassic.com



တန်သော အဖြေကို မပေးနိုင်သေးကြောင်း။

**ဘာကိစ္စ ဒီလောကထဲမှာ လူလာဖြစ်ရတာလဲ။**

ဤမေးခွန်း၏ အဖြေကို ရသင့်ပါသည်။

နောက် မေးခွန်းကြီး တစ်ခု ရှိသေးသည်။ လူသည် ဤဘဝက စုတိ မနေ သေလွန်သောအခါ ဘယ်ကို သွားကြရဦးမလဲ ဆိုသော ဘဝ ပြဿနာကြီး ကျန်နေသေးသည်။ ထိုမေးခွန်း အတွက်လည်း ကျေနပ်ဖွယ် အဖြေကို ရှာပေးရပေဦးမည်။

အကျွန်ုပ်သည် ပဋိစ္စသမုပ္ပာဒ် တရားတော်ကို စာတ်ပေါက်အောင် လေ့လာကြည့်သော အခါ ပဋိစ္စသမုပ္ပာဒ် တရားက အထက်ဖော်ပြပါ ဘဝ ပြဿနာ မေးခွန်းကြီး သုံးခုစလုံး၏ အဖြေကို ပေးနိုင်ကြောင်း တွေ့ရသည်။ အရှင် သေဋ္ဌိလ ဆရာတော်ကြီးက အဖြေကို တိုရှင်းလိုရင်းအားဖြင့် အောက်ပါ အတိုင်း ပေးထားပါသည်။

Now the answer very briefly to the first question, 'Where did we come from?' We come from out of the past. This life is the result of the past life, before this life. We come out of the things we have done before, out of the past labours unfinished. ဟု အနောက်တိုင်း ပညာရှင်များ ပြန်မတုံ့ပြန်နိုင်အောင်၊ မလှုပ်ချောက်ချားနိုင်အောင် ဟောတော်မူခဲ့လေသည်။

'ဘယ်က ကျုပ်တို့ လာခဲ့ကြတာလဲ ဆိုတဲ့ ပထမ မေးခွန်းကို အတိုဆုံး အကျဉ်းဆုံး ဖြေရရင် ယခုဘဝ မတိုင်မီ အတိတ်ဘဝက လာခဲ့ကြခြင်း ဖြစ်သည်။ အတိတ်ဘဝ၌ မိမိတို့ ပြုခဲ့သော ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် အဖြစ် ဤဘဝကို ရလာကြခြင်း ဖြစ်သည်။ မကျေသေးသော ဝဋ်ကြွေး ကံကြွေးများ ကြောင့် ဖြစ်လာခဲ့ရခြင်း ဖြစ်သည်' ဟု အဖြေပေးလိုက်ပါသည်။

**ဘာလုပ်ကြမလဲ၊ ဘယ်ကို သွားကြမလဲ**

ပဋိစ္စသမုပ္ပာဒ်ထဲမှာ ကိလေသာဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်ပုံ၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဆက်နွှယ် ဖြစ်ပေါ်ပုံ သဘောကို သိရသည်။ ရှေးဘဝ၏ အဆုံး စုတိစိတ်မှ ယခု မျက်မှောက် ပစ္စုပ္ပန်ဘဝမှာ ပဋိသန္ဓေစိတ် ဆက်စပ် ဖြစ်ပေါ်လာပုံကိုလည်း နားလည်အောင် အကျွန်ုပ် ကြိုးပမ်းခဲ့ဖူးလေသည်။ (ထို



www.burmeseclassic

www.burmeseclassic.com



အကြောင်းကို 'ရတနာသုံးပါး' စာအုပ်ထဲမှာ အကျွန်ုပ် ရေးပြခဲ့ဖူးပြီ။) ဘဝ တစ်ခုမှ တစ်ခုသို့ ဆက်စပ်၍ ဇာတိ ပဋိသန္ဓေ တည်နေခြင်း သဘောကို မိမိ သည် သိပ္ပံနည်းကျ နားလည်ခဲ့သည်။

ယင်းကိစ္စကို မိမိ နားလည်ခဲ့ပုံကို ဤတွင် အကျယ် ပြောပြနေလျှင် ဤကျမ်းသည် အလွန် ကျယ်ဝန်းသွားပေဦးမည်။ နောင်အခါ ထိုအကြောင်း (စုတိပဋိသန္ဓေ အကြောင်း) ကို သီးခြား ရေးခွင့် ကြုံကောင်း ကြုံဦးမည် ထင်ပါသည်။ ဤတွင် ချန်လှပ်ထားခဲ့ပါတော့မည်။ ဒီဘဝကို ဘယ်က ရောက် လာတာလဲ၊ အတိတ်ဘဝက ရောက်လာတာဟု ဖြေလိုက်ရုံပဲ လိုသည်။ ဤတွင် အတိတ်ဘဝတုန်းက ဘယ်ဘုံမှာ ရောက်နေခဲ့သလဲဟု မေးလိုက မေးနိုင်သေး သည်။ အဖြေလည်း လွယ်လွယ် ပေးနိုင်သည်။ ရှင်းပါသည်။ ဂေါ်ဝါဠီသဲစု မက ပွင့်ခဲ့သော ဘုရားအဆူဆူနှင့် လွဲခဲ့၍သာ ယခုတိုင် သံသရာထဲက မကျွတ် မလွတ်သေးဘူး ဆိုတာ ထင်ရှားလျှင်၊ အတိတ်ကာလက ဖြစ်ရာ ဘဝများမှာ ဘုရားကို မတွေ့နိုင်သော အပါယ်ဘဝများမှာ ရောက်နေ၍ ဖြစ်ကြောင်း ပိုပြီး ထင်ရှားပါသည်။ ဘုရားကလည်း 'စတ္တာရော အပါယာ သက ဂေဟာသဒိသာ' ဟု ဓမ္မပဒ အဋ္ဌကထာမှာ ဟောထားကြောင်း မိုးကုတ် ဆရာတော်ဘုရား ဟောကြားတော်မူသည်။ အပါယ်လေးပါးသည်သာ အမြဲနေရာ မိမိတို့၏ အိမ် ဂေဟာကြီးနှင့် တူသည်ဟု ဘုရားဟော ရှိထားပါသည်။ * ဘယ်က လာသလဲ၊ အတိတ်ဘဝက လာသည်၊ အတိတ်ဘဝ ဘယ်မှာ ရောက်နေခဲ့သလဲ၊ အပါယ် လေးပါး တစ်ပါးပါးမှာ ရောက်နေခဲ့ရသည်။ ထိုအသိ ဝင်လာသောအခါ မိမိ ယခု လူဖြစ်ရသော ဘဝ၏ အဓိပ္ပာယ်က ပိုပြီး လေးနက်လာသည်။ သည် တစ်ကြိမ် အပါယ်ဘဝက ကျွတ်လွတ်ပြီး သုဂတိဘုံမှာ လူလာဖြစ်ရခြင်းမှာ အကုသိုလ်ကံကြွေး ဝဋ်ကြွေးတွေကို ခန္ဓာနှင့် ပေးဆပ်ခဲ့ပြီး၍ အတော်အတန် ကြွေးကျေခဲ့ပြီး၍ ဖြစ်သည်။ ကျန်ရှိသော ကံကြွေး ဝဋ်ကြွေးတွေကို ယခုဘဝမှာ ပေးဆပ်ကြရပေဦးမည်။

ပဋိစ္စသမုပ္ပာဒ်ကို နားလည်တော့မှ ကြွေးဟောင်း ကျေအောင် ပေးဆပ် ရုံဖြင့်လည်း မပြီးသေး၊ ကြွေးသစ် မတင်အောင် လုပ်တတ်ဖို့လည်း လိုသေးသည်။ ကြွေးသစ် မတင်အောင် လုပ်တတ်ဖို့မှာ ယခုဘဝ၌ ဖြစ်သော၊ နေ့စဉ် မရေ မတွက်နိုင်အောင် ဖြစ်သော ဒွါရခြောက်ပေါက်က ဖဿမှ ဝေဒနာကို တဏှာ၊

---

* မိုးကုတ် ဝိပဿနာ အလုပ်စဉ် တရားစာအုပ် အမှတ် (၁၆)၊ စာ ၂၀၃

www.burmeseclassic.com



ဥပါဒါန်၊ ကံ ဖြစ်မသွားရအောင် ဖဿ နောက်က မဂ်၊ ဝေဒနာ နောက်က မဂ်ဖြင့် ဖြတ်တတ်ဖို့ လိုသည်။ သို့ မဖြတ်တတ်လျှင် ဝေဒနာသည် ပစ္စုပ္ပန်မှာ ပင် တဏှာ၊ ဥပါဒါန်၊ ကံဖြစ်ပြီး သံသရာလည်သွားမည်။ ကိလေသဝဋ်တွေ ကမ္မဝဋ်တွေ ဖြစ်သွားမည်။ ကိလေသဝဋ် ကမ္မဝဋ် ဖြစ်သွားလျှင် အနာဂတ် ဘဝ၌ ဝိပါကဝဋ် အဖြစ် နောက် ခန္ဓာ ရပေတော့မည်။ ထိုသို့ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက် တရား ဖြစ်သွားခြင်းသည် သံသရာစက် လည်ခြင်း ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် ခန္ဓာစက် လည်ပုံကို နားလည်မှသာ အပြန်အားဖြင့် သံသရာ စက် ဖြတ်ပုံကို နားလည်နိုင်သည်။ အကျွန်ုပ်သည် ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်၏ အနုလုံ (ဆက်ခြင်း) သဘောနှင့် ပဋိလုံ (ဖြတ်ခြင်း) သဘောကို ခေါင်းထဲမှာ ရှင်းရှင်း သိအောင် လေ့လာသည်။ ထိုအခါ ဖြစ်ပျက် (အနိစ္စ) ကို မြင်သော ဝိပဿနာဉာဏ် (ယထာဘူတဉာဏ်) ရမှသာ ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်နိုင်ကြောင်း၊ ဝိဿပနာဉာဏ်သည်သာလျှင် ပဋိစ္စသမုပ္ပါဒ်၊ သံသရာကို ခုတ်ဖြတ်နိုင်သော အစွမ်းထက်သည့် ဓားသန်လျက် ဖြစ်ကြောင်းကိုလည်း ကောင်းစွာ သဘော ပေါက်လေတော့သည်။

ထိုအခါ ဤဘဝမှာ လူလာဖြစ်ရခြင်း၏ အဓိပ္ပာယ် အနှစ်သာရကို သဘောပေါက်လာသည်။ အတိတ်ဘဝက အပါယ်မှာ ကြာမြင့်စွာ မြုပ်ပြီး မျောခဲ့ခြင်းသည် အဝိဇ္ဇာကြောင့်၊ တဏှာကြောင့်၊ ဒိဋ္ဌိကြောင့်ဟု နားလည်လာ သည်။ တစ်စုံတစ်ခုသော ဘဝဝယ် တစ်စုံတစ်ခုသော ဘုရား သာသနာနှင့် ကြုံကောင်းလည်း ကြုံခဲ့သည်။ ထိုသာသနာ ထွန်းပစဉ် ကာလဝယ် မိမိသည် လူ့ဘဝ လူ့ခန္ဓာကို ရချင်လည်း ရခဲ့နိုင်ပါသည်။ သို့သော် မိမိမှာ ဘုရား သာသနာတွင်းမှာ လူဖြစ်ပါလျက် သစ္စာနုလောမိကဉာဏ် မရှိ၍ သာသနာတွင်း သား မဖြစ်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

အကျွန်ုပ်သည် မိမိ၏ ဘဝ သံသရာ ဖြစ်စဉ်ကို မှန်မှန်ကန်ကန် မြင်တတ်လာပြီ ဖြစ်၏။ သံသရာ ဝဋ်က ကျွတ်အောင် လွတ်အောင် ရုန်းထွက် နိုင်သော အခွင့်အလမ်းသည် လူဖြစ်မှ ရသော အခွင့်အရေး ဖြစ်သည်။ ထိုအခွင့် အရေးကို မယူတတ်လျှင် မိမိလည်း အန္ဓ ပုထုဇဉ် ငမိုက်သား အဖြစ်ဖြင့် သေရပေဦးမည်။ ဤ အသေကား သေခြင်းဆိုး ဖြစ်သည်။ သေခြင်းဆိုးဟု ဆိုရခြင်းမှာ သေလျှင် အပါယ်လေးပါးသို့ လွင့်စဉ်ကျသွားနိုင်သော အသေ ဖြစ်သောကြောင့် ဖြစ်၏။ ထိုအခါ စလေ ဆရာကြီး ဦးပုည၏ ယုန်မင်း ဝတ္ထုထဲက သတိပေးတားသော စာလင်္ကာကလေးကို အမှတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ယခုအခါ၊ လူလည်း ဖြစ်လာ၊ သာသနာလည်း ထွန်းခိုက်၊
အမြိုက်တရား၊ ဟောကြားမည့်သူ၊ လူလည်းမရှား
ရှိပါလျက်သားနှင့်၊ တရားမကြိုက်၊ အမှားလိုက်ကြလျှင်
အမိုက်တကာ့ ဗိုလ်မင်း၊ အဖျင်းတကာ့ ဗိုလ်ချုပ်
အပါယ်လေးလီ မြစ်နဒီမှာ ပလုံစီ မြုပ်ကြမည့်သူတွေ'
ဆိုသော စာဖြစ်သည်။

ထိုအခါ လူဖြစ်လာတာ ဘာလုပ်ဖို့ ဖြစ်လာတာလဲ ဆိုသော မေးခွန်း အတွက် အဖြေပေါ်လာသည်။ ဘဝ တစ်လျှောက်လုံး ကုသိုလ်ကံတွေ အကုသိုလ် ကံတွေကို ထပ်တလဲလဲ လုပ်ပြီး စီးပွားဥစ္စာ ရှာဖို့ လူဖြစ်လာတာလား။ မိမိ ရှာခဲ့သော ပစ္စည်းဥစ္စာ ရတနာ ရွှေငွေ စည်းစိမ်ချမ်းသာတို့သည် သေနေ့အဆုံး ရှိသော ဘဝဝယ် မသေခင် ခဏသာ ခံစားရသော အိပ်မက်ထဲက စည်းစိမ် တွေနှင့် မတူဘူးလား။ ဘဝ ချမ်းသာကို အလိုရှိသူ၊ ဘဝ ကောင်းစားရေးကို အလိုရှိသူသည် ထိုချမ်းသာ အတွက် ဘဝမှာပင် ရှာမှီးခြင်း သုံးပါးကို ရှာမှီး ရသည်။ ကာမကို ရှာမှီးရသည်၊ ဘဝကို ရှာမှီးရသည်၊ အကျင့်မြတ်ကိုလည်း ရှာမှီးရသည်။ ထိုသို့ ရှာမှီးရခြင်းကား ရာဂဖြင့် ရှာမှီးသူအား များစွာသော ပင်ပန်းခြင်း ဆင်းရဲကို ဖြစ်စေ၏။ ဤဘဝမှ စုတိမနေ သေလွန်သော အခါ ဝယ် ထိုသို့ ဘဝ ကောင်းစားရေး အတွက် ရှာမှီးခဲ့ခြင်းသည် အားလုံး အချည်း နှီး ဖြစ်ရ၏။ တန်ဖိုးအားလုံး ဆုံးရှုံးရ၏။ ဝဋ်ဆင်းရဲမှ တစ်ပါး မိမိ အတွက် အသုံးချ၍ ရသော အရာကား ဘာမျှ မကျန်တော့ပါ။ ထို့ကြောင့် မြတ်စွာ ဘုရားသည် မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ၇ – သေနာဝဂ်။ ၁ – သေနာသုတ်တွင် ရှာမှီးခြင်း သုံးပါးကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှာ အားထုတ် သင့်ပုံ၊ ထူး သော ဉာဏ်ကို ရအောင် အင်္ဂါရှစ်ပါး ရှိသော အရိယာမဂ်ကို ပွားများအပ် ကြောင်းကို ဟောထားလေသည်။*

ထိုအခါ အကျွန်ုပ်၏ နှလုံးသည်းပွတ် အတွင်း၌ ကံလမ်းပေါ်မှာ အကန်း အနု အဖြစ်ဖြင့် စမ်းတဝါးဝါး လျှောက်သွားနေခြင်း၏ အပြစ် အာဒီနဝ များစွာကို မြင်လာရသည်။ ဗုဒ္ဓ မြတ်စွာ သာသနာဟု ဆိုအပ်သော **The Teachings of the Buddha** ၏ အနှစ်သာရမှာ ဖြစ်ပြီးသော အကုသိုလ်များ ကို ပပျောက်အောင် လုပ်ဖို့၊ အကုသိုလ် အသစ်များကိုလည်း နောက်ထပ်

---

* သံယုတ် မြန်မာပြန် (တတိယတွဲ) [ဒုတိယအကြိမ်၊ ၁၉၉၂]၊ စာ ၅၃



www.burmeseclassic.com

www.burmeseclassic.com



အသစ်ဖြစ်အောင် မလုပ်ဖို့ (သဗ္ဗပါပဿအကရဏံ)၊ မဖြစ်သေးသော ကုသိုလ်တရားများကို ဖြစ်အောင် လုပ်ဖို့ (ကုသလဿ ဥပသမ္ပဒါ)၊ ပြီးတော့ စိတ်ကို စင်ကြယ်အောင် လုပ်ဖို့ (သစိတ္တ ပရိယောဒပနံ) သဘောပင် ဖြစ်၏။ ထိုသဘောကို ဆင်ခြင်သော အခါမှာလည်း အတိတ်က တင်ခဲ့ပြီး မကျေသေးသော ဝဋ်ကြွေး ကံကြွေးများကို ဤဘဝမှာ ကျေအောင် ဆပ်မည်။ နောက်ထပ် ကြွေးသစ် မတင်အောင်လည်း လုပ်ရမည်။ ထိုသို့ ပြုလုပ်နိုင်ရန် ဤဘဝမှာ ရှာမှီးခြင်း သုံးမျိုးဖြင့် ရှာမှီးစဉ်၊ ထူးသောဉာဏ်ကို ရအောင် လုပ်ပြီးမှသာ မိမိ၏ အလိုဆန္ဒများ ပြည့်နိုင်ကြောင်းကို သိနားလည်လာသည်။ မိမိသည် ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် ဖြစ်အောင် သုတမုဒ္ဒိ ဉာဏ်မျက်စိ ရဖို့ အရေးကြီးကြောင်း သိနားလည်လာရသည်။

ပဋိစ္စသမုပ္ပါဒ် တရားကို လေ့လာစဉ်က မိမိ သိနားလည်လာသော အချက်မှာ ဤသို့ ဖြစ်ပါသည်။ ဆရာတော်ကြီး အရှင် သေဋ္ဌိလ၏ ဉာဏ်အမြင် စင်ကြယ်သော ဘဝ လမ်းညွှန်ချက် ဖြစ်သည်ဟု ဆိုချင်ပါသည်။

'To the wise man the life he lives here is an opportunity to rid himself of the burden which he has accumulated in the past; to rid himself of his own wrong doing, his wrong view points, to rid himself of his wrong concepts of life and death, and leaving them all behind, to place his feet upon the middle way.'

ကျေးဇူးတော်ရှင် သက်တော်ရှည် ကမ္ဘာ့ သာသနာပြု မဟာထေရ်မြတ် အရှင် သေဋ္ဌိလ၏ တန်ဖိုး ကြီးမားလှသော အဆုံးအမ ဖြစ်သည်။ အင်္ဂလိပ်စာ မကျွမ်းသော မြန်မာ စာဖတ်သူများ အတွက် အဓိပ္ပာယ် ရှင်းလင်းချက်ကို ဖော်ပြပါဦးမည်။

'အသိ အလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသောသူအား ဤဘဝ၌ သူ အသက်ရှင်နေခြင်းသည် အတိတ်က သူ ရှာမှီး စုဆောင်းခဲ့သော ကံဟောင်း ဝန်ထုပ်ကို စွန့်ပစ်ဖို့လည်း ဖြစ်၍၊ သူ ပြုမှားခဲ့သမျှ အပြုမှား အမြင်မှားများကို ပယ်ဖျက်ဖို့လည်း ဖြစ်၍၊ အသက်ရှင်ခြင်း သေခြင်းနှင့် ပတ်သက်သော သူ၏ အယူအဆမှားများကို သုတ်သင် ဖယ်ရှားထားခဲ့ပြီးလျှင် သူ၏ ခြေအစုံကို မဇ္ဈိမပဋိပဒါ ဆိုသော အလယ်လမ်းပေါ်မှာ ချမိအောင် ပြုလုပ်ဖို့ပင် ဖြစ်သည်' ဟု ဆိုခြင်း ဖြစ်၏။



www.burmeseclassic

www.burmeseclassic.com



မဇ္ဈိမပဋိပဒါလမ်း Middle Way ဆိုသည်မှာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်လမ်း ဖြစ်သည်။ ထိုလမ်းသည် လူသားအား ထူးသော ဉာဏ်ကို ရစေ ရောက်စေနိုင်သော လမ်းကောင်း လမ်းမြတ် ဖြစ်၏။ အကျွန်ုပ် ခေါင်းထဲမှာ အမြင် ရှင်းသွားပြီ။ ထိုအခါ ထိုးထွင်း၍ သိသော သစ္စာဉာဏ်သည်လည်း ထိုးထွက် လင်းလက်လာသည်ဟု ခံစားရသည်။

ပဋိစ္စသမုပ္ပါဒ်ကို သိနားလည်ခြင်းဖြင့် အောက်ပါ မေးခွန်းကိုလည်း လွယ်ကူစွာ အဖြေပေးနိုင်သည်။

**Where are we going?**

ယခုဘဝမှ သေလွန်လျှင် ဘယ်ကို သွားကြမလဲ။

ဤမေးခွန်းကို လူသားသည် အဖြေ နှစ်မျိုး ပေးနိုင်သည်။ ကံအမြင် အဖြေနှင့် ဉာဏ်အမြင် အဖြေ ဟူ၍ ဆိုသင့်သည်။

(၁) ကံအမြင်ဖြင့် ဖြေလျှင် ထို ပုထုဇဉ်သည် တဏှာ၊ ဉပါဒါန်၊ ကံ လမ်းအတိုင်း သွားပေတော့မည်။ ပဋိစ္စသမုပ္ပါဒ်လည်လမ်း ဖြစ်၏။ အဝိဇ္ဇာ သင်္ခါရလမ်း ဖြစ်သည်။ သင်္ခါရ ပစ္စယာ ဇာတိ ဆိုသောကြောင့် နောက်ဘဝမှာ ဒိဋ္ဌိတဏှာ ဦးစီးသော ကံကြောင့် အပါယ်ဇာတိ ရမည်။ ချောက်ကျသော သံသရာလမ်း ဖြစ်သည်။

(၂) ဒုတိယလမ်းကား ဉာဏ်လမ်း ဖြစ်သည်။ တဏှာဖြတ်၊ ကံဖြတ်၊ ဉပါဒါန် ဖြတ်ပြီး သံသရာက ရုန်းထွက်သော ပဋိစ္စသမုပ္ပါဒ် ဝိပဿနာ မဂ်ဉာဏ် လောကုတ္တရာ မဂ်ဉာဏ်တို့ဖြင့် ဖြတ်သော အရိယာ သာဝက၏ ဉာဏ်လမ်း ဖြစ်သည်။

အကျွန်ုပ်သည် ဘယ်လမ်းကို လိုက်မလဲဟု အထွေအထူး စဉ်းစားမနေတော့ပါ။ လူ့ဘဝ၏ တန်ဖိုးကို နားလည်၍ အခွင့်ထူး ရရှိနေခြင်းကို အသုံးချလိုသော အသိအလိမ္မာနှင့် ပြည့်စုံသူသည် မဂ္ဂင်လမ်း၊ ဉာဏ်လမ်းမှ တစ်ပါး အခြား ရွေးချယ်စရာ လမ်း မရှိဟု ထင်ပါသည်။

သို့ရာတွင် အကျွန်ုပ် ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီးနောက် မြန်မာ ဗုဒ္ဓဘာသာ (မိရိုးဖလာ) ဘာသာဝင်များကို လေ့လာကြည့်သောအခါ အကျွန်ုပ် တွေ့ရသည်မှာ ထိတ်လန့် တုန်လှုပ်ဖွယ် ကောင်းလောက်အောင်ပင် မိမိ အထင်နှင့် အမြင်သည် အကြီးအကျယ် လွဲနေလေတော့သည်။

ဉာဏ်လမ်းကား မြတ်ဗုဒ္ဓ ပြညွှန်ပေးသွားသော လမ်းဖြစ်၏။ တဏှာ ဖြတ်၊ ဉပါဒါန်ဖြတ်၊ ကံဖြတ်ပြီး ဘဝချုပ်၊ ခန္ဓာချုပ်သော နိဗ္ဗာန်လမ်း ဖြစ်၏။

www.burmeseclassic.com



သို့ပါလျက် ဗုဒ္ဓဘာသာဝင် အမည်ခံ မြန်မာ ဗုဒ္ဓဘာသာ လူများစုကမူ ဘဝ ကောင်းစားရေး အတွက်သာ ရည်မှန်းသော တဏှာဆက်၊ ကံဆက်၊ ခန္ဓာဆက်၊ ဘဝဆက်သော ကံလမ်းကိုသာ ပိုမို နှစ်ခြိုက်စွာ သဘောကျ ရွေးချယ်ထားကြသည်ကို တွေ့မြင်ရသဖြင့် မြန်မာတွေ ထေရဝါဒ ဗုဒ္ဓဘာသာကို ဘယ်လိုများ ကိုယ့်အလိုကျ ပြောင်းလဲပြီး ကိုးကွယ်နေကြပါလိမ့်ဟု သိချင်သော စိတ် အပြင်းအထန် ဖြစ်ပေါ်လာရပြန်လေသည်။

ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်လိုသူသည် ဘဝ ချုပ်ငြိမ်းရေးကို ပန်းတိုင်ထားသော ဉာဏ်လမ်းကို ရွေးချယ်ရမလား။

ဘဝ ကောင်းစားရေးကို ပန်းတိုင်ထားသော ကံလမ်းကို ရွေးချယ်ရမလား။ လမ်းနှစ်သွယ်ကို အမည်သစ်ဖြင့် ခေါ်ကြည့်ချင်ပါသည်။ ခေါ်ကြည့်ရမည်ဆိုလျှင် ပုထုဇဉ်လမ်းနှင့် အရိယာလမ်းဟု ဆိုသင့်မည် ထင်ပါသည်။

အကျွန်ုပ်အဖို့မူ လမ်းရွေးမှားရန် အကြောင်း မရှိတော့ပါ။ သို့သော် သံသရာ ခရီးဖော် အချင်းချင်းအတွက်မူ ဘာကြောင့် ရွေးလမ်း ပြောင်းရွေ့သွားသလဲဟု သိချင်စိတ် ဖြစ်ပေါ်လာခဲ့မိလေသည်။



www.burmeseclassi

www.burmeseclassic.com

## ၅။ ဉာဏ်လမ်းမှ ကံလမ်းသို့ ရွေ့သွားသော မြန်မာဗုဒ္ဓဘာသာဝင်များ

၁၉၉၀ ခု နှစ်ဆန်းပိုင်းလောက်က စ၍ အကျွန်ုပ်၏ မိသားစု ဘဝ အခြေအနေ ပြောင်းလဲနေပါသည်။ 'ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း' စာအုပ်သည် အကျွန်ုပ်အား ကျေးဇူးပြုပါသည်။ ခြုံ၍ ပြောရလျှင် မိသားစု စားဝတ်နေရေး ချောင်လည်လာအောင်လည်း ထိုစာအုပ်သည် အကျွန်ုပ်အား ဝင်ငွေများစွာ ရစေပါသည်။ အသက် ငါးဆယ် လောက် အထိ အကျွန်ုပ်၏ ဘဝ တစ်လျှောက်လုံးမှာ ငွေကို သိန်းဂဏန်း နှင့် အဆုပ်အခဲလိုက် မကိုင်စဖူးပါ။ ဤစာအုပ် ထွက်ပြီးနောက်မှာ အကျွန်ုပ် သည် ငွေကို သိန်းဂဏန်းဖြင့် ကိုင်ဖူးရုံမျှမက သိန်းပေါင်း ဆယ်ဂဏန်းဖြင့် ကိုင်နိုင်သူ ဖြစ်လာသည်။

တစ်ဖက်က ငွေရေးကြေးရေးအရ အကျိုးပေးသလို တခြား တစ်ဖက် ကမူ အခြေအရံများလည်း တိုးပွားလာပါသည်။ မြင်းခြံသူဌေးကြီးနှင့် ဓမ္မ ယောသက ဦးမောင်မောင်တို့သည် အကျွန်ုပ်အပေါ်၌ စိတ်ဝင်စားစွာ မေတ္တာ ထားလာကြသူများ ဖြစ်ကြလေသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ဘာသာ ရေး လူမှုရေး နယ်ပယ်တွင် အကျွန်ုပ်အား ဝင်ဆံ့သူ တစ်ဦး ဖြစ်စေလို၍ အားပေး ကူညီလိုသူများ ဖြစ်ကြသည်။ အထူးသဖြင့် ဓမ္မယောသက ဦးမောင် မောင်သည် အကျွန်ုပ်နှင့် ပတ်သက်၍ မျှော်လင့်ချက် ထားသော ပုဂ္ဂိုလ်ကြီး ဖြစ်၏။ သူသည် အကျွန်ုပ်အား တစ်နေ့သောအခါ မြန်မာ ဗုဒ္ဓဘာသာဝင် များ အတွက် တစ်စုံတစ်ရာ ထူးခြားစွာ ကျေးဇူးပြုနိုင်မည့်သူ၊ သာသနာ တော် အတွက် အားထားစရာ ဖြစ်မည့်သူဟု ယုံကြည်ချက်ဖြင့် မျှော်လင့်ထား သူ ဖြစ်ဟန် တူပါသည်။ ဆရာကြီး ဓမ္မယောသက ဦးမောင်မောင်သည်



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ် ကြီးရင့်ပြီ ဖြစ်ပါသည်။ သို့ပါလျက် အကျွန်ုပ် ရေးသားသော 'ရတနာသုံးပါး' စာအုပ် လေးတွဲစလုံးကို ဖတ်ပြီး သုံးသပ်ချက် စာတမ်း တစ်စောင်ကိုလည်း ရေးပေးသည်။ ထိုစာထဲတွင် အကျွန်ုပ်ကို သတိပေး ဆုံးမ ထားသော စကားမှာ ဤသို့ ဖြစ်၏။

'ဗုဒ္ဓဘာသာဝင် တစ်ဦး အဖြစ်သို့ ရောက်ရှိလာသော်လည်း ဆည်းကပ် ကိုးကွယ်မှုတွင် မြတ်စွာဘုရား၏ ထေရဝါဒ သာသနာတော်အတိုင်း အံဝင်ခွင် ကျ ဖြစ် မဖြစ်ကို ဆန်းစစ်ဖို့ လိုပါသည်' ဟူ၍ ဖြစ်၏။ ထိုစကားသည် အကျွန်ုပ်အပေါ် အဘ ဦးမောင်မောင် ဘယ်လောက် စေတနာ အမွန်အမြတ် ထားခဲ့သည်ကို အကျွန်ုပ် ကောင်းကောင်း နားလည်၍ အပြည့်အဝ ခံစားနိုင် ပါသည်။ သူ့ကို အကြောင်းပြု၍ အကျွန်ုပ်သည် ဗုဒ္ဓဘာသာ မြန်မာလူကြီး၊ သာသနာပြု ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ ရင်းနှီးခွင့် ရခဲ့လေသည်။

အကျွန်ုပ်အပေါ်တွင် ယုံကြည်အားထားမှုဖြင့် ချီးမြှင့်လိုသူ ရဟန်းရှင် လူများထဲတွင် ချမ်းမြေ့ ဆရာတော်ဘုရားလည်း တစ်ပါး အပါအဝင် ဖြစ်ပါ သည်။ အကျွန်ုပ် ဓမ္မရုပ်စုံ မဂ္ဂဇင်း ထုတ်ဝေသောအခါ ဆရာတော်သည် သူ နိုင်ငံခြားမှာ ဟောကြားသော တရားများနှင့် နိုင်ငံခြားသား ယောဂီများ မေး သော မေးခွန်းများကို ဆရာတော် ဖြေကြားတော်မူသော တရားတိပ်ခွေများ အား အကျွန်ုပ်ကို ချီးမြှင့်၍လည်း မဂ္ဂဇင်းထဲမှာ ဖော်ပြခွင့်ပြုခဲ့လေသည်။ ထို့ နောက် ဆရာတော်ကြီးက ကမ္ဘာ့ ကုလသမဂ္ဂ UNDP မှ ဌာနေ ကိုယ်စားလှယ် တော်ကြီး မစ္စတာ ကေ၊ ကီတာတာနီ (ဂျပန် အမျိုးသားကြီး) ချမ်းမြေ့ရိပ်သာ မှာ ရဟန်းခံသောအခါ ဆရာတော်က အကျွန်ုပ်ကို ဖိတ်ကြားလေသည်။ မစ္စတာ ကေ၊ ကီတာတာနီသည် ရဟန်းဝတ်ပြီး ဝိပဿနာ တရားများကို ချမ်းမြေ့ ရိပ်သာမှာ ရက်ရှည် အားထုတ်ခဲ့လေသည်။ တရားပတ် ကုန်ဆုံးသောအခါ ဆရာတော်က အကျွန်ုပ်အား ထို ပုဂ္ဂိုလ်ကြီးနှင့် တွေ့ဆုံပြီး အင်တာဗျူး လုပ်ခွင့် ပြုခဲ့လေသည်။ ထိုအကြောင်းကို အကျွန်ုပ်သည် စာအုပ် တစ်အုပ် ရေးဖြစ်ခဲ့သည်။ 'တရားတွေ့ဖို့ ချမ်းမြေ့ဖို့' ဆိုသော စာအုပ် ဖြစ်သည်။

တစ်နေ့သ၌ ချမ်းမြေ့ရိပ်သာ ဆရာတော်ထံမှ ဦးပဥ္ဇင်း နှစ်ပါး အကျွန်ုပ် ရှိနေသော ၃၇ လမ်း ဘဝတက္ကသိုလ် စာပေတိုက်သို့ ကြွလာကြသည်။ ဦးပဥ္ဇင်း ဦးရေဝတနှင့် ဘွဲ့အမည် မသိ တစ်ပါး ဖြစ်သည်။ အကျွန်ုပ်အထင်မှာ နယ်က ဦးပဥ္ဇင်း နှစ်ပါး စာအုပ်ဝယ်ဖို့ လာကြသည်ဟု ထင်သည်။ စာအုပ်တိုက်ထဲ ရောက်မှ ဦးပဥ္ဇင်း ဦးရေဝတကို အကျွန်ုပ် မှတ်မိသည်။ မစ္စတာ ကေ၊ ကီတာတာ

www.burmeseclassic.com



နီနှင့် အင်တာဗျူး လုပ်စဉ်အခါက ကူညီ ဆောင်ရွက်ပေးခဲ့သော ဦးပဍင်း ဖြစ်သည်။ အကျွန်ုပ်ကမူ ဦးပဍင်းများ စာအုပ်ဝယ်ဖို့ လာသည် အောက်မေ့ပြီး

'ဘာစာအုပ် အလိုရှိလို့လဲ ဘုရား' ဟု ခရီးဦးကြိုပြုရင်း မေးမိသည်။

'မဟုတ်ဘူး ဒကာကြီး၊ ချမ်းမြေ့ ဆရာတော်ကြီးက ဒကာကြီးကို အခေါ်လွှတ်လိုက်တာ'

'ဪ ဟုတ်လား ဘုရား၊ တပည့်တော်က မသိလို့ စာအုပ်ဝယ်ဖို့ လာတယ် အောက်မေ့တာ၊ ဆရာတော်ကြီးက ခေါ်တယ် ဆိုတော့ ဘာကိစ္စများ ပါလိမ့်'

'ဟိုရောက်ရင် ဆရာတော်ကြီး အမိန့်ရှိပါလိမ့်မယ်'

'ဘယ်တော့ လာရမှာလဲ ဘုရား'

'ဖြစ်နိုင်ရင် ဒီညနေ လာခဲ့ပေါ့ ဒကာကြီးရဲ့'

'တင်ပါ့၊ တပည့်တော် ဒီမှာ အလုပ်ကိစ္စပြီးရင် လာခဲ့ပါ့မယ်၊ ညနေ ငါးနာရီလောက် ကျောင်းကို ရောက်အောင်ပေါ့ ဘုရား'

'အဲဒါ ကောင်းတယ် ဒကာကြီး၊ ဒီအချိန် ဆရာတော်လည်း အား တယ်၊ ဒါဆို ဒီအတိုင်း ဆရာတော်ကို လျှောက်လိုက်မယ်'

'တင်ပါဘုရား၊ တပည့်တော် ဆက်ဆက် လာခဲ့ပါ့မယ်'

ဦးပဍင်း နှုတ်ပါး ပြန်ကြွသွားလေပြီ။ အကျွန်ုပ်မှာမူ ဘာကိစ္စ ဆရာ တော် ဘုရားကြီး ခေါ်ခိုင်းလိုက်တာပါလိမ့်ဟု တွေးတောရင်း ငေးမောရင်း ကျန်ရစ်ခဲ့ရလေသည်။

ညနေပိုင်းတွင် မိုးသည်းသည်း ရွာနေသည့်ကြားက သမီးငယ် ယာယာ နှင့်အတူ အကျွန်ုပ်သည် ချမ်းမြေ့ရိပ်သာ ဆရာတော်ထံသို့ ငါးနာရီ အရောက် သွားခဲ့လေသည်။ ဆရာတော်သည် အကျွန်ုပ်တို့ ရောက်သောအခါ စံကျောင်း ဧည့်ခန်းတွင်းသို့ ကြွလာတော်မူသည်။ နီရဲနေသော ဆိုဖာကြီးပေါ်မှာ ထိုင်ပြီး နောက် အမိန့်ရှိသည်။

'ဒကာကြီး ဦးဆန်းလွင်ကို ခေါ်ရတာက ဂျပန် ဦးပဍင်းကလေး အတွက် အကူအညီ တောင်းချင်လို့၊ သူက ခု မြန်မာစကားလည်း တတ်နေပြီ၊ ပါဠိ လည်း အတော်အတန် တတ်နေပြီ၊ သူက ဘုန်းကြီးကို လျှောက်တယ်၊ သူ အင်္ဂလိပ် စာအုပ် တစ်အုပ်ကို မြန်မာလို ဘာသာပြန်ချင်တယ်တဲ့၊ အဲဒါ သူ့ကို မြန်မာစာ ပြေပြစ်အောင် ဘာသာပြန်ရာမှာ အကူအညီ ပေးနိုင်မယ့်သူ တစ် ယောက် ရှာပေးပါလို့ လျှောက်တယ်၊ သူက တော်တော် ပစိပစပ်နိုင်တဲ့



www.burmeseclassic

www.burmeseclassic.com



ဂျပန်ဘုန်းကြီး ဒကာကြီးရဲ့၊ ဒါနှင့် ဘုန်းကြီးက ဘယ်သူနှင့် သင့်တော်မလဲလို့ စဉ်းစားလိုက်တော့ သူ့လို အမေးအဖြေ ထူပုံနှင့်ဆို ဒကာကြီး ဦးဆန်းလွင် နှင့်မှ ကိုက်မှာပဲ ဆိုပြီး ခေါ်ခိုင်းလိုက်ရတာ၊ အဲဒါ ဒကာကြီး အချိန်ပေးနိုင် ပါ့မလား' ဟု ဆရာတော်က မေးပါသည်။

'တပည့်တော် အချိန်ပေးနိုင်အောင် ကြိုးစားပါ့မယ် ဘုရား၊ တစ်ပတ် မှာ နှစ်ရက်လောက် ညနေပိုင်းဆိုရင် ရနိုင်မယ် ထင်ပါတယ် ဘုရား'

ဂျပန် ဦးပဉ္ဇင်းလေး ရောက်လာပြီး ဆရာတော်ကို ဦးချကန်တော့ လေသည်။

'ကဲ ဦးပဉ္ဇင်း၊ အရှင်ဘုရား အလိုရှိတာကို ဒီ ဒကာကြီး ဦးဆန်းလွင် ကို ပြောပေါ့၊ သူက အရှင်ဘုရားကို ကူညီပေးပါလိမ့်မယ်'

ထိုအခါ ဂျပန် ဦးပဉ္ဇင်းကလေးက ဆိုသည်။

'တပည့်တော် တောင်းဆိုချင်တာက တစ်ခု ရှိပါတယ် ဘုရား၊ ဒကာ ကြီး ဦးဆန်းလွင်ဟာ စာရေးဆရာ ဖြစ်ပါတယ်၊ ခု ဒီကိစ္စမှာ သူ တပည့်တော် မြန်မာနိုင်ငံမှာ ရှိနေစဉ် ကာလအတွင်း တပည့်တော် အကြောင်းကို စာ မရေးဘူးလို့ ကတိကဝတ် ပြုမှ ဖြစ်ပါလိမ့်မယ် ဘုရား'

စစချင်း ဆောက်နှင့်ထွင်း ဆိုသကဲ့သို့ ဂျပန် ဦးပဉ္ဇင်းက သူ့ဇာတိကို ပြလိုက်သည်။ အကျွန်ုပ်စိတ်ထဲက 'အင်း တော်တော် ပေါင်းရ သင်းရ ခက် မယ့် ဘုန်းကြီးပဲ၊ ထူးခြားမှုတော့ ရှိတယ်' ဟု မှတ်ချက်ချလိုက်သည်။

'တပည့်တော်ကလည်း အရှင်ဘုရားဟာ စာရေးရလောက်အောင် ထူး ခြားမှုလည်း ရေးမှာပါ၊ ခု အရှင်ဘုရား အမိန့်ရှိသလို ရေးချင်ရင်တောင် အရှင်ဘုရား ခွင့်ပြုတဲ့ အချိန်ကျမှ ရေးမှာပါ၊ ဒီအတွက်တော့ စိတ်မပူပါနှင့် ဘုရား၊ အရှင်ဘုရား ဘာလုပ်ချင်တယ်၊ တပည့်တော် ဘာကူညီရမလဲ ဆို တာသာ အမိန့်ရှိပါ' ဟု ပြတ်ပြတ်ပင် ပြောလိုက်ပါသည်။ ဂျပန် ဦးပဉ္ဇင်း ကလေးသည် ယူဆောင်လာသော မိတ္တူ ကူးထားသော အင်္ဂလိပ် စာမူထဲက အခန်း တစ်ခန်းကို ခွဲထုတ်ပြီး အကျွန်ုပ်ကို ပေးသည်။

'ဒီစာအုပ်ကို ဦးပဉ္ဇင်း မြန်မာဘာသာ ပြန်မယ်၊ ဒါ အမေရိကန် မနုဿဗေဒ ပါမောက္ခ တစ်ယောက် ရေးတဲ့ မြန်မာ ဗုဒ္ဓဘာသာ အကြောင်း စာအုပ်ထဲက အခန်း တစ်ခန်းပဲ၊ ဒီအခန်းကို ဘာသာပြန်ချင်တယ်၊ ဒကာကြီး က ဦးပဉ္ဇင်းရဲ့ မြန်မာစာကို အဆင်ပြေအောင် ချောပေးဖို့ လုပ်ပေးပါ'

'ဒီကိစ္စက အရှင်ဘုရား ပြောသလောက် မလွယ်ပါဘူး၊ ဒီစာအုပ်က

www.burmeseclassic.com


ဘာကို ဦးတည်ပြီး ရေးထားတာလဲ ဆိုတာ စာအုပ် အစကနေ တပည့်တော် ဖတ်ရမှာဘာ တချို့ သူ သုံးထားတဲ့ ဝေါဟာရတွေဟာ ဘာအဓိပ္ပာယ်နှင့် ပြောထားသလဲ ဆိုတာ သိမှာပေါ့၊ သူ လေ့လာ တင်ပြထားတဲ့ အကြောင်း အရာကို ပထမ သိထားမှ ကြားဖောက် ဘာသာပြန်တာကို လုပ်လို့ ရမှာပေါ့၊ အရှင်ဘုရား ပြောသလို စာရေးသူဟာ မနုဿဗေဒ ပညာရှင် ဆိုတော့ ဘာသာရပ်ဆိုင်ရာ ဝေါဟာရတွေနှင့် ရင်းနှီးဖို့လည်း လိုသေးတယ်၊ ဒါ့ထက် ပိုပြီး သိစရာ ကောင်းတာက အရှင်ဘုရားရဲ့ မြန်မာစာ နားလည်မှု ကျွမ်းကျင်မှု အဆင့်အတန်းကိုလည်း တပည့်တော် အကဲခတ်ရဦးမယ်၊ ဒီတော့ ဘာသာပြန် လုပ်ငန်းကို တိုက်ရိုက် မလုပ်သေးဘဲနှင့် မြန်မာစာ ကျွမ်းကျင်မှု စိစစ်တဲ့ အလုပ်ကိုပါ တွဲဖက်ပြီး လုပ်မှသာ အဆင်ပြေမယ်လို့ တပည့်တော် အောက်မေ့ ပါတယ်'

'ဟုတ်တယ်၊ ဒကာကြီး ပြောတာ မှန်ပါတယ်၊ ဒီတော့ မြန်မာစာ ကျွမ်းကျင်မှုကိုလည်း လုပ်ရင် ပိုကောင်းပါတယ်၊ ဘာသာပြန်မယ့် စာအုပ် အမည်က Buddhism and Society (The great tradition and its Burmese Vicissitudes) ဖြစ်ပါတယ်' ဆိုပြီး သူ့လက်ထဲက စာမူ မိတ္တူ အစပိုင်းကို အကျွန်ုပ်အား ပေးပါသည်။

**ပါမောက္ခ စပီရို၏ တွေ့ရှိချက်များ**

ထိုအခါမှစ၍ ပါမောက္ခ မဲလ်ဖုဒ်၊ အီး၊ စပီရို (Melford E. Spiro) ၏ ထို စာအုပ်ကို အကျွန်ုပ် ဖတ်ရလေသည်။ ထိုစာအုပ်သည် မြန်မာ ဗုဒ္ဓဘာသာ ဝင်များ ခံယူ ကျင့်သုံးနေကြသော မြန်မာ ထေရဝါဒ၏ တစ်မူထူးခြားပုံများ ကို မနုဿဗေဒ ပညာရှင် ရှုထောင့်က ရေးသားထားသော စာအုပ် ဖြစ် သည်။ နောင်အခါ ထိုစာအုပ် မူရင်းကို ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ ဇနီး မောင်နှံက အကျွန်ုပ်အား လက်ဆောင်ပေးခဲ့လေသည်။

၁၉၆၀ ခုနှစ်များ၏ ကနဦး ကာလက စပီရိုသည် မြန်မာနိုင်ငံမှာ ကာလ အတန်ကြာ နေပြီး မန္တလေး အနီးတစ်ဝိုက်က ကျေးလက်တောရွာ များမှ လူများ ဗုဒ္ဓဘာသာ ထေရဝါဒကို ဘယ်လို လက်ခံ ကျင့်သုံးနေကြသလဲ ဟု သိအောင် သုတေသန ပြုခဲ့လေသည်။ သူ၏ လေ့လာ တွေ့ရှိချက်ကို ခြုံ၍ သုံးသပ်လိုက်သောအခါ ကျမ်းဂန်ထဲမှာ လာသော ထေရဝါဒ အစစ်အမှန် ကို မြန်မာလူမျိုးတို့ လက်ခံ ကျင့်သုံးကြသောအခါ ကျမ်းဂန်မှာ ပါသော

www.burmeseclassic.com



အတိုင်း တိတိကျကျ ဘုရား အလိုတော်ကျ လက်ခံ ကျင့်သုံးကြခြင်း မဟုတ်ဘဲ မိမိတို့ လောကီ အကြိုက်နှင့် ကိုက်ညီအောင် အပြောင်းအလဲ လုပ်ပြီး လက်ခံ ကျင့်သုံးကြပုံကို ဖော်ပြထားသည်။

မူလ ကျမ်းဂန်မှာ လာသော ထေရဝါဒ မူရင်းသဘောကို သူက လောကုတ္တရာရေး သက်သက်ဖြစ်သော သံသရာ ဝဋ်ကျွတ်ရေး၊ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရာ အမှန် နိဗ္ဗာန်ကိုသာ ရည်မှန်းချက်ထားသော ဘာသာ အယူဝါဒ A religion of radical salvation: Nibbanic Buddhism နိဗ္ဗာန် ဗုဒ္ဓဘာသာ ဟု သူက သမုတ်သည်။

ထိုမူရင်း ထေရဝါဒကို မြန်မာ ဗုဒ္ဓဘာသာဝင်များက အောက်ပါအတိုင်း ပြောင်းလဲမှုများပြု၍ ကိုးကွယ်ကြပုံ ငါးမျိုး ကွဲပြားနေကြောင်း သူက လေ့လာ တင်ပြထားသည်။

(၁) သံသရာ လွတ်မြောက်ကြောင်း တိုက်ရိုက် အကျင့်မဟုတ်ဘဲ သံသရာ လွတ်မြောက်ကြောင်းနှင့် နီးသော အထောက်အပံ့ ကံကိုသာ အခြေခံ ထားသော ကမ္မဗုဒ္ဓဘာသာ (၁) လည်း တစ်ရပ်၊ ၎င်းကို သူက A religion of proximate salvation: Kammatic Buddhism I ဟု သူက ခေါ်သည်။

(၂) ကံကို အခြေခံရာမှာပင် ကောင်းမှု ကုသိုလ်ကံကိုသာ အခြေခံ ဗဟိုထားသော ကမ္မဗုဒ္ဓဘာသာ (၂) လည်း တစ်ရပ်၊ ၎င်းကို သူက The central concept of merit: Kammatic Buddhism II ဟု သူက ခေါ်သည်။ နောက်တစ်မျိုးမှာ–

(၃) ကံသာ အမိ၊ ကံသာ အဖ၊ ကံသာလျှင် အားကိုးရာ၊ ကံသာလျှင် မှီခိုရာ ဖြစ်သည်ဟု ကံကို သော့ချက်ထားသော ကမ္မဗုဒ္ဓဘာသာလည်း တစ်ရပ်။ ၎င်းကို သူက The key doctrine of Kamma: Kammatic Buddhism III ဟု သူက ခေါ်သည်။

ကံယုံ ဗုဒ္ဓဘာသာကိုပင် သုံးမျိုးသုံးစား သူက ခွဲခြားပြထားသည်။

(၄) အန္တရာယ်ကင်း ဘေးရှင်းအောင် ဂန္ဓာရီ ဝိဇ္ဇာ၊ ပရိတ်မန္တန်များ၊ အဆောင်လက်ဖွဲ့၊ ဓာတ်လုံးများကိုသာ အားကိုးပြုသော ဗုဒ္ဓဘာသာ ယုံကြည် ကိုးကွယ်မှု တစ်မျိုးကိုလည်း မြန်မာပြည်မှာ မြန်မာလူမျိုးများ လက်ခံ ကိုးကွယ်နေကြသည်။

ထို ကိုးကွယ်မှုကို သူက A religion of magical protection: Apotropaic Buddhism ဟု ခေါ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



(၅) ကယ်တင်ရှင် ဝိဇ္ဇာဓိုရ်နတ်၊ ဘိုးတော် မယ်တော်တို့ကို မျှော်ကိုးသော ဘာသာ ယုံကြည် ကိုးကွယ်မှု၊ ၎င်းကို သူက ကယ်တင်ရှင်မျှော်၊ ဂိုဏ်းစွဲ တိတ်တခိုး ဗုဒ္ဓဘာသာ A religion of chiliastic expectation: Esotenic Buddhism ဟု သူက ခေါ်သည်။

**ရိုးရာ မြန်မာ ဗုဒ္ဓဘာသာဝင်များ၏ ကံလမ်းပေါ်သို့ ရွေ့လျားသွားပုံ**

ပါမောက္ခ စပီရို၏ တင်ပြချက်များကို မိမိသည် ဖွင့်ထားသော နှလုံးသားဖြင့် ပုဂ္ဂိုလ်စွဲ ဝါဒစွဲကင်းစွာ နားလည်အောင် လေ့လာပါသည်။ မြန်မာ ဗုဒ္ဓဘာသာဝင်များသည် ထေရဝါဒ ဘုရား သာသနာ အစစ်အမှန်ကို ကျမ်းဂန်ပါ စံထားမှုများအတိုင်း လိုက်နာ ကျင့်သုံးခြင်း ရှိ မရှိကို သိလိုလှ၍ ဖြစ်ပါသည်။ ဤအချက်ကို အကျွန်ုပ် ရင်ထဲ ခေါင်းထဲမှာ ဉာဏ်အမြင် ရှင်းသွားအောင် ပါမောက္ခ စပီရို၏ တင်ပြထားချက်များက ကူညီနိုင်သည်ဟု ထင်ပါသည်။ ပထမ အချက်မှာ စပီရိုသည် ပညာရှင် တစ်ဦးပီပီ လူသားတို့၏ ဘာသာ အယူဝါဒ ကိုးကွယ်မှု ဆိုင်ရာ အချက်အလက်များကို စေ့စေ့စုံစုံ လေ့လာသည်။ ကျယ်ကျယ်ပြန့်ပြန့် သိအောင် အချက်အလက်များ စုဆောင်းသည်။ ပြီးမှ ထိုအချက်အလက်များပေါ်တွင် သူ၏ သုံးသပ်ချက်များ၊ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ပြုလုပ်ဖို့ ကြိုးစားထားကြောင်း တွေ့ရသည်။ တချို့ နေရာများ၌ သူ၏ ကောက်ချက်ချမှုများကို အကျွန်ုပ် သဘောမတူပါ။ လက်မခံနိုင်ပါ။ လက်မခံနိုင်ခြင်းမှာ သူ့မှတ်ချက်များသည် ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒစွဲများ ဖြစ်နေသောကြောင့် မဟုတ်ပါ။ သူသည် ထေရဝါဒ ဗုဒ္ဓဘာသာကို နားလည်အောင် ကြိုးစားရာမှာ ပဋိစ္စသမုပ္ပာဒ် တရားအမြင် မရှင်းသဖြင့် ဒိဋ္ဌိစွဲ ပုဂ္ဂိုလ် သတ္တဝါစွဲကို ဖြုတ်နိုင်သော (အနတ္တအမြင်) ကင်းသောကြောင့် ဖြစ်ပါသည်။ ထိုအချက်မှာ ပရိယတ္တိ ဉာဏ်မျှဖြင့် ရနိုင်သည် မဟုတ်ပါ။ အနုဗောဓဉာဏ် ပဋိဝေဓဉာဏ် ရမှသာ ဖြစ်ပေါ်လာနိုင်သော အမြင် ဖြစ်ပါသည်။ သူသည် ဗုဒ္ဓဘာသာကို ဝိပဿနာဉာဏ် အမြင်ရအောင် မလေ့လာဘဲ ပညတ်အပေါ်မှာသာ ဉာဏ်ကစားထားသောကြောင့် အမှားအယွင်း ဖြစ်နေခြင်း ဖြစ်ကြောင်း လေ့လာ တွေ့ရှိရသည်။ သို့သော် သူ ကြိုးပမ်း ရှာဖွေ တင်ပြထားသော အချက်အလက်များမှာ များစွာ စိတ်ဝင်စားဖို့ ကောင်းပါသည်။

စပီရိုသည် ကျမ်းဂန် စာပေမှာ လာသော ထေရဝါဒ အစစ်အမှန် သဘောကို ပထမ ဖော်ပြသည်။ အကျဉ်းအားဖြင့် ဖော်ပြပုံမှာ ဤသို့ ဖြစ်သည်။

www.burmeseclassic.com



ဤတရားကို-

(၁) မြတ်ဗုဒ္ဓက ရှာဖွေ တွေ့ရှိခဲ့လေသည်။

(၂) ဆင်းရဲခပ်သိမ်း ကင်းငြိမ်း ချမ်းသာရေးကို ဝန်ခံချက် ပေးထားသည်။

(၃) အင်္ဂါ ရှစ်ပါး ရှိသော အရိယာ မဂ္ဂင် ကျင့်စဉ်ကို ပေးထားသည်။

(၄) နိဗ္ဗာန် မင်္ဂဖိုလ်ကို ဘဝပန်းတိုင် ထားသည်။

(၅) ပုဂ္ဂိုလ်ရေး ရည်မှန်းချက် အမြင့်ဆုံးမှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့ ရောက်ရှိရေး ဖြစ်သည်။

(၆) လူ့မှုဘဝ စံထားချက်မှာ လောကီ အာရုံ ကာမဂုဏ် တရားများကို စွန့်ပယ်ခြင်း ဖြစ်သည်။

ဒေါက်တာ စပီရိုက ကျမ်းဂန်လာ စံထား ဗုဒ္ဓဘာသာ (ထေရဝါဒ) သည် အလွန် ထူထပ်သော တောကြီးဂနိုင်နှင့် တူသည်။ ထိုတောတန်းကြီးကို ဖြတ်သန်း လျှော်လွှားသွားနိုင်သော အဓိက လမ်းမကြီး တစ်ခုကို ရွေးချယ်ရလည်း ခက်သည်။ ဂိုဏ်းဂဏ အမျိုးမျိုးက လမ်းအမျိုးမျိုးကို ထွင်ထားသောကြောင့် ဖြစ်သည်။ ထိုမျှလောက် ကျယ်ဝန်း နက်ရှိုင်းသော ဘာသာ အယူဝါဒ တစ်ရပ်ကို တစ်ခန်း တစ်ကဏ္ဍလောက်နှင့် စာဖွဲ့ပြဖို့ရာလည်း ဝန်လေးဖွယ်ကောင်းလှကြောင်း ဆိုထားသည်။ သူက ဤတွင် ထေရဝါဒ ဗုဒ္ဓဘာသာကိုသာ အခြေစိုက်၍ ဖော်ပြမည် ဖြစ်ကြောင်း ဝန်ခံ၍ ပထမဦးစွာ မြတ်ဗုဒ္ဓ အကြောင်းကို ဖော်ပြသည်။ မြတ်ဗုဒ္ဓသည် ဤ သဒ္ဓမ္မ သာသနာတော်ကို ပထမဦးစွာ ရှာဖွေ ဖော်ထုတ်ပေးသော ပုဂ္ဂိုလ်မြတ် (သဗ္ဗညုတ ဉာဏ်ရှင်) ဖြစ်ကြောင်း ဖော်ပြသည်။

ဗုဒ္ဓဘာသာသည် ဘဝ လွတ်မြောက်ရေး၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရေး၊ ခန္ဓာ ဒုက္ခသစ္စာ ချုပ်ငြိမ်းရေးကို ရည်ရွယ်သော အယူဝါဒ ဖြစ်ကြောင်း၊ ထိုသံသရာ လွတ်မြောက်ကြောင်း တရားကို သဗ္ဗညုတဉာဏ် ရမှသာ ထိုးထွင်း၍ သိကြောင်း၊ ထိုဉာဏ်ကို ရအောင် မြတ်ဗုဒ္ဓသည် ကာလကြာမြင့်စွာ ပါရမီဖြည့်ကျင့်တော်မူခဲ့ရကြောင်း၊ ၄၅ ဝါပတ်လုံး ဒေသနာတော်များကို ဟောကြားဆုံးမတော်မူပြီး သက်တော် ရှစ်ဆယ်တွင် ပရိနိဗ္ဗာန်ပြုသွားကြောင်း၊ ဗုဒ္ဓသည် နတ်ဘုရားလည်း မဟုတ်၊ ကယ်တင်ရှင် ဘုရားလည်း မဟုတ်ကြောင်း၊ သို့ပါသော်လည်း မြတ်ဗုဒ္ဓသည် လူတွင် အမြတ်ဆုံး အမြင့်ဆုံးသော ပုဂ္ဂိုလ် ဖြစ်ကြောင်း တိုရှင်း လိုရှင်းဖြင့် ဖော်ပြသည်။ အနောက်နိုင်ငံသားများက ဗုဒ္ဓဝါဒ

www.burmeseclassic.com



**Buddhism** ဟု ခေါ်သော တရားများကို မြန်မာလူမျိုးများက ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာဟု ခေါ်ကြကြောင်း စပီရိုက မြန်မာ အခေါ်အဝေါ်များကိုပါ ထည့်သွင်း ပြထားသည်။

ထေရဝါဒတွင် မြတ်ဗုဒ္ဓကို အမြတ်ဆုံး လူသားစင်စစ် အဖြစ်သာ ရှုမြင် ကိုးကွယ်ကြသည်။ မဟာယာန ဗုဒ္ဓဘာသာမှာမူ (ဟိန္ဒူမှာကဲ့သို့) မြတ်ဗုဒ္ဓ ကို တြိမုတိ – တြိကာယ (ခန္ဓာ သုံးမျိုး) ဖြင့် ဖော်ပြထားကြောင်း စပီရိုက ရေးသားထားသည်။ မဟာယာန ဂိုဏ်းသားများသည် ဗုဒ္ဓကို ဓမ္မကာယ ရှိသည်။ ထာဝရဘုရား ဖြစ်သည်ဟု ယုံကြည်ကြသည်။ သို့သော် ဤအယူအဆသည် ထေရဝါဒတွင် ဘယ်နေရာမှာမှ မရှိပါ။ ထေရဝါဒတွင် ဗုဒ္ဓကို နတ်ဘုရား အဖြစ် မရှုမြင်သော်လည်း နတ်တကာတို့ထက် မြတ်သော လူသားဘုရား အသွင်ဖြင့်သာ လက်ခံသည်။ ထို့အတူ မြတ်ဗုဒ္ဓသည် ကယ်တင်ရှင် ဘုရား လည်း မဟုတ်ပါ။ မြတ်ဗုဒ္ဓလည်း ဇာတိ ပဋိသန္ဓေ နေသော သက်ရှိ သတ္တဝါ များအတိုင်း သေခြင်းတရား အဆုံးဖြင့် ပရိနိဗ္ဗာန် ပြုသွားသောအခါ သေရာက ရှင်ပြန် ထမြောက်ခြင်း အလျှင်းမရှိတော့ဘဲ နိဗ္ဗာန်သို့သာ ကူးမြောက်သွား ကြောင်း သဲသဲကွဲကွဲ ဖော်ပြထားသည်။ မြတ်ဗုဒ္ဓသည် လူဆိုသော်လည်း သာမန် လူသား မဟုတ်။ ရှင်စဉ်က သဗ္ဗညုတဉာဏ်ကို ရရှိသော၊ အရဟံဂုဏ်ကို ရရှိသော ဗောဓိ ဖြစ်ပြီး ကွယ်လွန်သောအခါ နိဗ္ဗာန်သို့ သက်ဝင်သွားသော ပုဂ္ဂိုလ် ဖြစ်သည်။ သံသရာမှာ နောက်ထပ်တစ်ဖန် ပြန်၍ ဇာတိ ပဋိသန္ဓေ နေခြင်း ကင်းသွားသော ပုဂ္ဂိုလ်သာ ဖြစ်သည်။ ဗုဒ္ဓ အဖြစ်သို့ ရောက်ရှိရန် အတွက် မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာအောင် ပါရမီ ဆယ်ပါး အပြား သုံးဆယ်ကို ဖြည့်ကျင့်တော်မူခဲ့ရပြီးမှသာ ဗုဒ္ဓ အဖြစ် သို့ ရောက်ရှိရပုံကိုလည်း စပီရိုက ဖော်ပြသည်။ ထိုနောက် ဖြည့်ကျင့်ရသော ပါရမီ ဆယ်ပါးကို စပီရိုက ဖော်ပြသည်။ ထိုနောက် ဘုရားဂုဏ်တော်များကို ဖော်ပြသည် (ဤတွင် သူက ဂုဏ်တော် ၁၀ ပါးဟု ပြထားသည်မှာ လွဲမှား နေသည်)။ ဓမ္မပဒထဲတွင် ဗုဒ္ဓသည် ဘဝ လွတ်မြောက်ရေးကို လမ်းပြ ဆိုင်း ဘုတ်နှင့် တူကြောင်း ဖော်ပြသည်။ ဤတွင် စပီရိုက မြတ်ဗုဒ္ဓသည် လူသား တို့အား မိမိကိုယ်ကိုသာ အားကိုးရာ ထား၍၊ ဓမ္မကိုသာ အားကိုးရာ ထား၍ မိမိကိုယ်ကိုလည်း ကောင်းအောင် ပြုဖို့၊ မိမိဘဝ လွတ်မြောက်ရေးကိုလည်း ကြိုးပမ်းဖို့ ရှင်အာနန္ဒာကို ဟောကြားတော်မူခဲ့ပုံကိုလည်း မဟာပရိနိဗ္ဗာနသုတ် ကို ကိုးကား၍ ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော ဤတရားများ၊ ဤ သဘောထားများကို ယေဘုယျအားဖြင့် မြန်မာ ဗုဒ္ဓဘာသာဝင်များ လက်ခံထားကြကြောင်း၊ ကျေးလက်က မြန်မာ ဗုဒ္ဓဘာသာဝင်များကို စုံစမ်းကြည့်သော အခါမှာလည်း ကျေးလက်နေ ရွာသားများက 'ကိုယ် ကောင်းဖို့ပဲ အရေးကြီးတယ်၊ ကောင်းတာ လုပ်ရင် ကောင်းကျိုးပေးမှာပဲ၊ မြတ်စွာဘုရားက လာပြီး ကယ်တင်မှာ မဟုတ်ဘူး၊ ဘုရားကလည်း နိဗ္ဗာန်ကို မပို့နိုင်ဘူး၊ စိတ်ပဲ အရေးကြီးတယ်၊ စိတ်ကို အကြောင်းပြုပြီး ကာယကံ ဝစီကံတွေ ဖြစ်ရတာပဲ၊ ကိုယ့်ကိုယ်ကိုယ်သာ အားထားရာ ဖြစ်တယ်၊ ကုသိုလ်ဖြစ်လည်း ကိုယ်ပဲ၊ အကုသိုလ် ဖြစ်လည်း ကိုယ်ပဲ၊ ဘယ်သူမှ မကူနိုင် မကယ်နိုင်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ်ပဲ ကယ်ရမယ်' ဟု ပြောကြောင်းလည်း ဖော်ပြထားသည်။ မြတ်စွာဘုရားသည် ကယ်တင်ရှင် မဟုတ်၊ ထွက်ရပ်လမ်းကို ပြသူသာ ဖြစ်သည် ဆိုသော အမြင်မှာ မြန်မာ လူမျိုးတိုင်းမှာ ယုံကြည် လက်ခံထားသော အမြင် ဖြစ်သည်။ ဗုဒ္ဓဘာသာသည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း၍ ဝဋ်ဒုက္ခ အပေါင်းမှ လွတ်မြောက်ရေး အမြင် ဖြစ်စေကာမူ ထို လွတ်မြောက်ခြင်းသည် ဗုဒ္ဓ၏ နည်းလမ်းဖြင့်သာ လုပ်ဆောင်ရသော လွတ်မြောက်ရေး ဖြစ်၍ ဗုဒ္ဓကိုယ်တိုင် ကယ်တင်သော လွတ်မြောက်မှု မဟုတ် ဆိုသည်ကိုလည်း မြန်မာ ဗုဒ္ဓဘာသာဝင် အားလုံး လက်ခံထားကြပါသည်။

မြတ်ဗုဒ္ဓ၏ သစ္စာတရား အမြင်မှာ—

ရုပ်နာမ်ခန္ဓာ အားလုံး (ဘဝ) သည် ဒုက္ခသစ္စာ ဖြစ်သည်။ ဗုဒ္ဓဘာသာက ဒုက္ခခပ်သိမ်းမှ လွတ်မြောက်ရေးကို ဟောကြားသည်။ သတ္တဝါတိုင်း၏ ဘဝတွင် အနိစ္စ သဘော၊ ဒုက္ခ သဘော၊ အနတ္တ သဘော ဆိုသော လက္ခဏာ သုံးပါး ပါဝင်နေသည်။ စကြဝဠာ တစ်ခုလုံးသည် ဖြစ်ပြီး ပျက်ခြင်း တရားသာ ရှိသည်။ ဟိန္ဒူ ဗြဟ္မဏဝါဒနှင့် ဗုဒ္ဓဘာသာ၏ ခြားနားပုံကိုလည်း စပီရိုက ဖော်ပြသည်။ ဟိန္ဒူ အယူဝါဒမှာ သင်္ခါရ လောက တစ်ခုလုံး ဖြစ်ပျက်မဆုံး ဖြစ်နေသော်လည်း မဖြစ်မပျက်ဘဲ ထာဝရ တည်နေသော ဗြဟ္မာလောက ရှိသည်ဟု ယူထားသည်။ လူပုဂ္ဂိုလ် အဆင့်မှာလည်း ရုပ်ခန္ဓာကသာ မရှိသော်လည်း နာမ်ခန္ဓာ အတ္တမ် (atman) က မြဲသည် နိုင်သည်ဟု ယူထားသည်။ ထို အတ္တမ်သည် မပြောင်းလဲ မဖောက်ပြန်ရုံမျှမက ဗြဟ္မာကြီး၏ သဘောနှင့်လည်း ထပ်တူထပ်မျှ ဖြစ်သည်ဟု ယူဆကြသည်။ ဗုဒ္ဓကမူ အတ္တဝါဒကို ပယ်သည်။ အနတ္တဝါဒကိုသာ သင်ကြားတော်မူခဲ့လေသည်။ ဟိန္ဒူက လူသေ



www.burmeseclassic

www.burmeseclassic.com



သော်လည်း ဝိညာဉ် အတ္တက မသေဘဲ ရုပ်ခန္ဓာ အဟောင်းကို စွန့်၍ ရုပ်ခန္ဓာ သစ်မှာ ကိန်းအောင်းသည်ဟု ယူသည်။ ဗုဒ္ဓကမူ ရုပ်ခန္ဓာ ပျက်လျှင် နာမ်ခန္ဓာ လည်း ပျက်စီးသည်။ ရုပ်ခန္ဓာ သေသောအခါ မသေဘဲ မပျက်စီးဘဲ ကျန်နေ သော ဝိညာဉ်လည်း မရှိ၊ အတ္တလည်း မရှိ၊ ငါ ကိုယ်လည်း မရှိဟု ဆိုသည်။ လူပုဂ္ဂိုလ် တစ်ဦး ဆိုသည်မှာ ရုပ်နာမ် နှစ်ပါးသာ ဖြစ်သည်။ ထိုရုပ်နာမ်နှစ်ပါး ကို ခန္ဓာ (အစုအဝေး) ဖွဲ့သော် ခန္ဓာငါးပါးပဲ ရသည်။ (ရူပက္ခန္ဓာ၊ ဝေဒနာ က္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိဉာဏက္ခန္ဓာ) တို့ ဖြစ်ကြသည်။ ထိုခန္ဓာ ငါးပါးမှအပ မပျက်စီးသော ခိုင်မြဲသော ဝိညာဉ်၊ အတ္တ ရှိသည်ဟု ယူဆခြင်း မှာ အသိမှား၊ အမှတ်မှား၊ အယူမှား (ဝိပလ္လာသ) တို့သာ ဖြစ်ကြောင်း ဗုဒ္ဓ ဟောကြားတော်မူပုံကို စပီရိက ထေရဝါဒ၏ အနှစ်သာရ သဘောပါအောင် အကျဉ်းရုံးပြီး ပြသည်။

ဗုဒ္ဓက ထို အသိမှား၊ အမှတ်မှား၊ အယူမှား (ဝိပလ္လာသ) များကို ပယ်ဖျက်နိုင်မှသာ ဘဝ လွတ်မြောက်မှု ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းမှုကို ရနိုင် ကြောင်းကိုလည်း ဟောကြားထားသည်ဟု သူက ဆိုသည်။ မြတ်ဗုဒ္ဓက အနတ္တ သဘောတရားတွင် သူ ငါ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ မရှိ၊ အတ္တ မရှိဟု ဟောကြားတော်မူခဲ့သည်။ သို့သော် ထို 'ပုဂ္ဂိုလ် မရ အတ္တ မရှိ' ဆို သော သဘောတရားကို သာမန် ရိုးရာ ပုထုဇဉ် ဗုဒ္ဓဘာသာဝင်များကမူ နား လည်နိုင်စွမ်း မရှိကြောင်းကို စပီရိက ထောက်ပြထားသည်။ သာမန် ဗုဒ္ဓဘာသာ ဝင်များ၏ စိတ်ကူးဉာဏ်ထဲတွင် အနိစ္စနှင့် အနတ္တကို ရောထွေးနေသည်ဟု လည်း သူက ဆိုထားသည်။ (စပီရိက ဤအမြင် မရှင်းမှုကြောင့် ရိုးရာ မြန် မာ ဗုဒ္ဓဘာသာဝင်များသည် မြတ်ဗုဒ္ဓ၏ နက်နဲသော သဘောတရားများကို ဉာဏ်မမီဘဲ ကံသဘောတရားလောက်ကိုသာ နားလည်နိုင်ကြသည်။ ဤအချက် သည် မြန်မာ ဗုဒ္ဓဘာသာဝင်များကို ဉာဏ်လမ်းမှ ကံလမ်းသို့ ရွေ့လျော သွားစေသော အချက် ဖြစ်သည်ဟု သူ ယူဆထားကြောင်း အမြွက်မျှ ဖော်ပြ ထားပါသည်။) အကျွန်ုပ်သည် စပီရို၏ တွေ့ရှိချက်ကို မိမိအတွက် အရေး တကြီး စဉ်းစားရမည့် အချက် ဖြစ်သည်ဟု ခံယူပြီး မှတ်သားထားလိုက်ပါ သည်။

ထို့နောက် စပီရိက ထေရဝါဒ ဗုဒ္ဓဘာသာတွင် အရိယာ သစ္စာ လေး ပါး တရားတော်၌ ဒုက္ခကို ပထမ သစ္စာ အဖြစ် ဖော်ပြထားပုံ၊ အနိစ္စကြောင့် ဒုက္ခ ရောက်ရပုံကို နားလည်အောင် သူ ကြိုးစားထားသည်။ လူသားသည်



www.burmeseclassic

www.burmeseclassic.com



မိမိ အလိုရှိအပ် တောင့်တအပ်သော အရာကို လိုချင်၍ စွဲလမ်းပုံ၊ စွဲလမ်း၍ မရမနေ လုပ်ရပုံမှာ ပင်ကိုအားဖြင့်လည်း ဆင်းရဲသည်၊ ပင်ပန်းသည်၊ စိတ်မသက်မသာ ဖြစ်ရသည်။ မရမီ စိတ်သောကရောက်ရသည်။ ရပဲ ရပါ့မလားဟု ပူပန်ရသည်။ ရသောအခါ၌လည်း ထိုအရာသည် မိမိနှင့် မကွဲမကွာ အမြဲနေရအောင် စိုးရိမ်စိတ်ဖြင့် စောင့်ရှောက်ရသည်မှာလည်း ပင်ပန်းသည်၊ ဆင်းရဲသည်။ သို့သော် မမြဲသော ထိုအရာသည် မိမိနှင့် ကွေကွင်းသွားသော အခါ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဉပါယာသများဖြင့် ပူဆွေး၊ ငိုကြွေးခြင်း ဆင်းရဲကို ရပြန်ကြောင်း ဖော်ပြသည်။ ထိုကြောင့် သင်္ခါရာ အနိစ္စ ဖြစ်ခြင်းကြောင့် ဒုက္ခ ဆင်းရဲခြင်းမှာ မလွဲသာ မရှောင်သာ ကြုံရမည့် အတွေ့အကြုံ ဖြစ်သည်ဟု သူက ဆိုသည်။

တစ်ဖန် မိမိအတ္တ ငါကိုယ်လည်း မမြဲဘဲ အမြဲ ပြောင်းလဲနေရကား သူသည် ဘာကိုပဲ ရရ ဘယ်တော့မှ တင်းတိမ် ရောင့်ရဲခြင်း မရှိ ဖြစ်ရပုံကို ဖော်ပြသည်။ သူ့ ဖော်ပြထားချက်မှာ မှတ်သားဖွယ်ကောင်း၍ ဤတွင် တိုက်ရိုက် ဖော်ပြချင်ပါသည်။

**Moreover, if the self, too, is no more permanent than anything else – if it, too, is in a constant flux – one is never content with one has.***

စပိုရိုသည် ထေရဝါဒ ဗုဒ္ဓဘာသာ၏ မူရင်း အခြေခံ စံထားချက်များကို နားလည်နိုင်စွမ်း ရှိအောင် အားထုတ်ထားကြောင်း ပေါ်ပါသည်။ ဓမ္မစက္က ပဝတ္တနသုတ်မှာ လာသော နန္ဒီရာဂ သဘောကို သူ နားလည်အောင် အားထုတ်ထားပါသည်။ တစ်စုံတစ်ယောက်သော သူသည် တစ်စုံတစ်ခုသော အလိုရှိအပ် တောင့်တအပ်သော အရာကို ရရှိပြီ ဆိုပါက သူသည် ချက်ချင်း နောက်ထပ် အလိုဆန္ဒ တစ်ခုကို ပြည့်ချင်ပြန်သည်။ ထိုသို့ ဘယ်အခါမှ အလိုဆန္ဒ မပြည့်ခြင်းသည်ပင် ဒုက္ခ ဖြစ်ရခြင်း အကြောင်း ဖြစ်ကြောင်းကို သူ ဖော်ပြထားပါသည်။

အကျွန်ုပ်သည် ဤအချက်ကို များစွာ နှစ်သက်မိသည်။ အလိုဆန္ဒ ရှိနေသူသည် အမြဲ ဆင်းရဲနေသူ ဖြစ်သည်။ ဘာကိုပဲရရ သူသည် နောက်ထပ် ရချင် လိုချင်နေသူ ဖြစ်၍ ထိုသူသည် ဘယ်တော့မှ မချမ်းသာနိုင်တော့။

---

* **Buddhism and Society – Melford E. Spiro – p 37**



www.burmeseclassic

www.burmeseclassic.com



ငတ်နေသူ၊ အမြဲ လိုနေသူ ဖြစ်ခြင်းကြောင့် သူသည် ဆင်းရဲနေသူ ဖြစ်၏။ ရတတ်သမျှဖြင့် တင်းတိမ် ရောင့်ရဲသော အခါဝယ် ရလာသမျှမှာ မလိုချင်သောကြောင့် အပိုတွေ ဖြစ်နေသည်။ ပိုလျှံနေသော ထိုအရာများကို ထိန်းသိမ်းနေရခြင်းလည်း ဆင်းရဲဖြစ်သည်။ ချမ်းသာလိုလျှင် ပိုနေသော အရာများ အားလုံးကို စွန့်ပစ်ခြင်းပင် ဖြစ်၏။ ထိုသဘော အမှန်ကို အကျွန်ုပ်သည် ရဟန်းဘဝသို့ ရောက်သောအခါမှ ကောင်းစွာ သိနားလည်လာရတော့သည်။

**ထေရဝါဒ (နိဗ္ဗာန် ဗုဒ္ဓဘာသာ) ၏ ရည်မှန်းချက် (The Aim)**

ထိုအချက်ကို စပိရိက ဓာတိပဋိသန္ဓေ နေရခြင်းမှ လွတ်မြောက်ခြင်းဟု တိုရှင်းလိုရင်းဖြင့် ဖော်ပြထားသည်။ ဤတွင် စပိရိက ထေရဝါဒ ဗုဒ္ဓဘာသာ၏ အခြေခံ အယူအဆများမှာ ဒုက္ခသစ္စာ သဘောတရားချည်း မဟုတ်ကြောင်း၊ ဤဘာသာ အယူဝါဒသည် ကယ်တင်ခြင်း အယူဝါဒ မဟုတ်ကြောင်း၊ ခရစ်ယာန်က sin အပြစ်ကို မူလ အခြေခံထားကြောင်း၊ ဗုဒ္ဓဘာသာမှာ အပြစ်ဒုစရိုက်ကို အရင်းခံ အချက်အချာ အဖြစ် သဘောမထားကြောင်း၊ ဒုက္ခသစ္စာကိုသာ ပဓာန အရင်းမူလ အဖြစ် သဘောထားကြောင်း ပြသည်။ (ဤတွင် စကားစပ်၍ စပိရိက တချို့ ဗုဒ္ဓဘာသာဝင်များ စိတ်ထဲမှာ အပြစ် ဒုစရိုက် sin ဆိုသော သဘောမျိုး မရှိဟု ယူဆနေကြကြောင်း၊ မုသား ဆိုခြင်း၊ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်းများသည် ဗုဒ္ဓဘာသာမှာလည်း ဒုစရိုက် sin သဘောများပင် ဖြစ်ကြောင်း ဝေဖန်ပြသည်။) သို့သော် ဗုဒ္ဓဘာသာက ထို ဒုစရိုက်များ အပြစ်များမှာ မလွဲမရှောင်သာသော (inevitable) တရားများ မဟုတ်ဟု ယူဆထားကြောင်း၊ ထိုအချက်သည် ခရစ်ယာန်နှင့် ကွာခြားကြောင်း ဖော်ပြထားသည်။ ဗုဒ္ဓဘာသာမှာ မရှောင်လွဲသာသော အရာသည် ဒုစရိုက် sin မဟုတ်၊ ဒုက္ခသစ္စာသာ ဖြစ်သည်။ ဗုဒ္ဓဘာသာ အမြင်မှာ လူနတ်ဗြဟ္မာ ဘယ်သတ္တဝါမှ ဒုက္ခနှင့် မကင်းဟု ယူဆကြောင်း ပြထားသည်။ သို့သော် ဗုဒ္ဓဘာသာက ဒုက္ခသစ္စာကို ရှုမြင်ရာမှာ အခြားသော ကယ်တင်ရှင် ဘာသာလို မဟုတ်ဘဲ ခန္ဓာငါးပါး (ရထားသော ဘဝ) ကိုပင် ဒုက္ခသစ္စာဟု ရှုမြင်သည်။ ဟိန္ဒူဘာသာနှင့်လည်း မတူဘဲ ဒုက္ခ ဖြစ်ရခြင်းသည် ဘယ်တန်ခိုးရှင် ဖန်ဆင်းရှင်ကြောင့် ဖြစ်သည်ဟုလည်း ဗုဒ္ဓဘာသာက မယူဆပေ။ ဗုဒ္ဓဘာသာက ဆင်းရဲခြင်းသည် မလိုလားအပ်သော တရား ဖြစ်သည်။ ယုတ်ညံ့သော တရား ဖြစ်သည်။ ထို ဆင်းရဲခြင်း ဒုက္ခကို ပယ်ဖျက် သုတ်သင်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ရမည်။ ဒုက္ခကို လက်ခံထားခြင်း မပြုရ။ ဒုက္ခသည် ရလာသော ဘဝ၏ ရှောင်ရှား၍ မရသော အစိတ်အပိုင်း တစ်ခု အဖြစ် ပါလာသည်။ ဘဝသည်ပင် ဒုက္ခသစ္စာ ဖြစ်နေသည်။ ဒုက္ခသစ္စာကို သိခြင်းနှင့် ထို ဒုက္ခသစ္စာကို ပယ်ခြင်း၊ ဒုက္ခသစ္စာမှ လွတ်မြောက်ခြင်း (နိရောဓသစ္စာ) ကို မျက်မှောက်ပြုရေးသည် ဗုဒ္ဓဘာသာ၏ လိုရင်းအချက် ဖြစ်သည်။

သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်မှုသည် ဒုက္ခသစ္စာကို ပယ်ခြင်း ဖြစ်ပါမူကား ထိုသို့ ပယ်နိုင်မည့် နည်းလမ်းသည်လည်း ထင်ရှား ရှိရပေမည်။ အကယ်၍ ဒုက္ခ ဖြစ်ရခြင်းသည် သမုဒယ တဏှာကြောင့်ဟု ဆိုလျှင် သံသရာမှ လွတ်မြောက်လိုပါက ထိုတဏှာကို ပယ်သတ်ရမည် ဖြစ်သည်။

တဏှာကို ပယ်သတ်ခြင်းဖြင့် ဒုက္ခကို ပယ်ခြင်း ကိစ္စသည် စင်စစ် တတိယ အရိယာသစ္စာ ဖြစ်သည်။ တဏှာ ချုပ်ဆုံးမှ ဒုက္ခ ချုပ်ဆုံးခြင်း၊ သမုဒယ တဏှာ ကုန်ခန်းမှ (ချုပ်ငြိမ်းမှ) ဒုက္ခ ချုပ်ငြိမ်းသော နိရောဓသစ္စာ ဖြစ်ပါသည်။ တဏှာနိရောဓာ ဒုက္ခနိရောဓော သဘော ဖြစ်ပါသည်။ ဤ အယူအဆသည် ကျမ်းဂန်ထွက် ဗုဒ္ဓဘာသာ၏ လိုရင်းအချက် တရားသဘော (message) ဖြစ်ပါသည်။ ရဟန်းသံဃာ ကျမ်းတတ်ပေတတ် ပုဂ္ဂိုလ်များ လက်ခံထားချက်လည်း ဖြစ်သည်။ လောင်စာသိမ်း၍ မီးငြိမ်းသည် ဆိုရာ၌ ဗုဒ္ဓဘာသာ၏ ကျင့်စဉ်မှာ ကိလေသာမီးကို ငြိမ်းသတ်ရန်ပင် ဖြစ်သည်။ လူသားများ (ပုထုဇဉ်များသည်) တဏှာ၏ ကျေးကျွန်များ ဖြစ်ကြသည်။ ထို့ကြောင့် သူတို့မှာ ငြိမ်းအေးမှု မရှိပါ။ ဒုက္ခပြီး ဒုက္ခကိုသာ ခံစားနေကြရသည်။ လိုချင် တပ်မက်မှုနှင့် ရှောင့်ရဲလွယ်မှုသည် အစဉ်သဖြင့် ဝိရောဓိ အသွင်ကို ဆောင်လျက် တစ်ခုကို တစ်ခု ဆန့်ကျင်ဘက် ဖြစ်နေကြသည်။ ပြဿနာ ကံ တို့သည် တဏှာ၊ ဥပါဒါန်ကြောင့်ချည်း ဖြစ်ရ၏။ သို့ဖြစ်သောကြောင့် စိတ်၏ ငြိမ်းချမ်းမှုကို ရလိုလျှင် တပ်မက်မှု ရာဂ တဏှာမီးကို ငြိမ်းသတ်နိုင်မှသာ ရနိုင်သည်။ စပီရိက ရဟန်း တစ်ပါးကို သူ စုံစမ်းကြည့်ရာ ထိုရဟန်းက သူသည် သူ၏ မိသားစုကို ဆယ့်ငါးနှစ် အတွင်းမှာ သုံးကြိမ်ပဲ တွေ့ဖူးကြောင်း၊ သူတို့နှင့် ပတ်သက်သော သံယောဇဉ် ငြိတွယ်မှုကို ဖြတ်ထားကြောင်း၊ အကယ်၍ ထိုမိသားစုကို ချမ်းသာနေတာ တွေ့ရလျှင် သူတို့လို စည်းစိမ် ချမ်းသာကို ခံစားချင်စိတ် မိမိမှာ ဖြစ်ပေါ်လာနိုင်ကြောင်း၊ သူတို့ ဆင်းရဲနေတာကို မြင် လျှင်လည်း မိမိမှာ ဝမ်းနည်းပက်လက် ဖြစ်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် သူတို့ အပေါ် သံယောဇဉ် ဖြတ်ထားခြင်းသည် မိမိအတွက် အကောင်းဆုံး

www.burmeseclassic.com


နေနည်း ဖြစ်ကြောင်း မိန့်ကြားသည် ဆို၏။

စပီရိုက သံယောဇဉ် ကင်းပြတ်ခြင်း အစစ်သည် သစ္စာဉာဏ်ကို ရမှသာ ရရှိနိုင်ပုံ၊ အနတ္တ သဘောကို ဉာဏ်အမြင်ပေါက်မှသာ အမှန်တကယ် ဖြစ်နိုင်ပုံကို ဖော်ပြထားသည်။

မြတ်စွာဘုရား လက်ထက်က ရဟန်း တစ်ပါးသည် သစ်ပင် တစ်ပင် အောက်တွင် ကမ္မဋ္ဌာန်းတရား အားထုတ်နေစဉ် မယားဟောင်းသည် သားငယ် ကို ချီလာပြီး ရဟန်းအား 'ရဟန်း ဤကား သင်၏ သားငယ်တည်း၊ ငါ့ကို လည်း လုပ်ကျွေးပါလော့၊ ဤ သားငယ်ကိုလည်း လုပ်ကျွေးပါလော့' ဟု ဆို လေသည်။ ထိုအခါ ရဟန်းသည် ထိုမယားဟောင်း၏ စကားကို အမှုတ်မထား ဘဲ ထွက်ခွာသွားရန် ဖယ်ရှားလိုက်လေသည်။ ဤအကြောင်းကို မြတ်စွာဘုရား ကြားသောအခါ 'ဤရဟန်းသည် ထိုမယားဟောင်း လာသောကြောင့်လည်း ဝမ်းမသာ၊ သူမ ပြန်သွားသောကြောင့်လည်း ဝမ်းမနည်း၊ ထိုသူအား ငါ ဘုရားသည် ရာဂကင်းပြီးသူ ဗြာဟ္မဏဟု ခေါ်၏' ဟု မိန့်တော်မူကြောင်း ဖော်ပြထားလေသည်။ *

ဒေါက်တာ စပီရိုသည် ထေရဝါဒ ဗုဒ္ဓဘာသာ၏ မူရင်းကျသော အယူ အဆများကို နားလည်အောင် ကြိုးစားပမ်းစား လေ့လာထားကြောင်း သိသာ သည်။ လူမှာ အတ္တစွဲ ဒိဋ္ဌိစွဲကြောင့် ဒုက္ခဖြစ်ရပုံကို ပေါ်အောင် ဖော်ပြထား သည်။ အိုခြင်းသည် ဆင်းရဲ၏။ နာခြင်းသည် ဆင်းရဲ၏။ သေခြင်းသည် ဆင်းရဲ၏။ အဘယ်အကြောင်းကြောင့် ဆင်းရဲသနည်း ဆိုသော် ငါအိုသည်၊ ငါနာသည်၊ ငါသေသည်ဟု မှားယွင်းစွာ ရှုမြင်သောကြောင့် ဖြစ်ရကြောင်းကို ဖော်ပြထားသည်။ (မြတ်စွာဘုရား နကုလပိတာ သူကြွယ်ကို ဟောစဉ် ကိုယ်သာ နာ၍ စိတ်မနာစေနှင့်ဟု ဟောပြောတော်မူရာ၌ ခန္ဓာက အိုနေသည်၊ နာနေ သည်၊ သေနေသည်၊ ထိုသို့ နာခြင်း၊ အိုခြင်း၊ သေခြင်းကို ငါနာသည်၊ ငါ အိုသည်၊ ငါသေသည်ဟု ငါစွဲ ဒိဋ္ဌိမကပ်လျှင် ကိုယ်နာသော်လည်း စိတ်မနာ နိုင်ကြောင်း၊ ဤကိုယ်ကို ငါ ငါ့ဥစ္စာဟု စွဲယူသောကြောင့်သာ ကိုယ်နာလျှင် စိတ်နာခြင်း ဆင်းရဲကြုံရကြောင်းကို ဟောတော်မူခဲ့လေသည်။) ဒုက္ခ ဖြစ်ရ ခြင်းသည် ရုပ် နာမ် နှစ်ပါး၊ ခန္ဓာ ငါးပါးကို ငါ ငါ့ဥစ္စာဟု မှားယွင်းစွာ စွဲ မှတ်နေမှုကြောင့် ဖြစ်ကြောင်း၊ ထိုဝိပလ္လာသ (အမှတ်မှား၊ အသိမှား၊ အယူမှား)

* Buddhism and Society – E. Spiro – p 40

www.burmeseclassic.com


များကို လွန်မြောက်နိုင်မှသာလျှင် (အရာခပ်သိမ်းသည် သုညတ ဖြစ်ကြောင်း ဉာဏ်မှာ ပေါ်မှသာလျှင်) ငါလည်း မရှိ၊ ငါ့ဥစ္စာလည်း မရှိကြောင်း ထိုသူ နားလည်နိုင်ပုံ၊ ထိုအခါ ထိုသူသည် တဏှာစွဲ ဒိဋ္ဌိစွဲ အားလုံးကို ပယ်သတ်နိုင် ပြီး ဒုက္ခကိုလည်း ဉာဏ်ဖြင့် ပယ်သတ်နိုင်ပုံကို စပီရို နားလည်အောင် ကြိုးပမ်း ထားကြောင်း တွေ့ရသည်။

ဤကဲ့သို့ နားလည်မှသာ တတိယ အရိယာသစ္စာ ဖြစ်သော နိရောဓ သစ္စာ သဘောကို နားလည်နိုင်သည်။ ထိုသဘောကို စပီရိုက သဘာဝကျသော စိတ္တဗေဒသဘော naturalistic psychology ဟု ခေါ်သည်။ (၎င်းမှာ လောဘ တဏှာကြောင့် ဒုက္ခ ဖြစ်ရသည် ဆိုရကား တဏှာကို ပယ်သတ်ခြင်းဖြင့်သာ ဒုက္ခကို ပယ်နိုင်သည် ဆိုသော သဘာဝ ယုတ္တိသဘော ဖြစ်သည်။)

ထို့နောက် စပီရိုသည် ဗုဒ္ဓဘာသာဝင်များ နားလည် လက်ခံထားသော စုတိနှင့် ပဋိသန္ဓေ – ဘဝပြီး နောက်ဘဝ ဆက်နွယ် ဖြစ်ပေါ်သော သံသရာ အကြောင်းကို ဖော်ပြထားသည်။ သုံးဆယ့်တစ်ဘုံမှာ သတ္တဝါတွေ သေလိုက် မွေးလိုက်နှင့် ကျင်လည်ကြရပုံကို ဖော်ပြသည်။ ကမ္မဘဝကြောင့် ဇာတိ ဖြစ်ရပုံ ပဋိစ္စသမုပ္ပာဒ်ကိုလည်း စပီရို ဖော်ပြထားသည်။ သတ္တဝါ တစ်ဦးသည် အနမတဂ္ဂ သံသရာမှာ တစ်ဘဝပြီး တစ်ဘဝ သေလိုက် မွေးလိုက်ဖြင့် ကျင်လည်နေကြရ ပုံကို ဖော်ပြသည်။ ဇာတိတစ်ဖန် ပြန်၍ ဖြစ်ခြင်း rebirth သည် သဘာဝအား ဖြင့် မငြင်းသာအောင် ထင်ရှားသော အချက် ဖြစ်သည်။ ယုံကြည် စွဲလမ်းမှု သဘော သက်သက် မဟုတ်ကြောင်း၊ ဤဇာတိ ထပ်ပြန် အဖန်ဖန် ပဋိသန္ဓေ နေ၍ ကျင်လည်နေရမှု သဘောကြောင့် အရိယာ သစ္စာလေးပါး မြတ်တရား တွင် သံသရာ လွတ်မြောက်ရေး၊ နောက်ထပ် တစ်ဖန် ပြန်၍ ပဋိသန္ဓေ နေ ရခြင်း ဆင်းရဲကို ပယ်ဖျက်ခြင်း၊ နိရောဓသစ္စာကို ရှုမြင်ခြင်း ဖြစ်ကြောင်း စပီရိုက သုံးသပ်ထားသည်။ သုံးဆယ့်တစ်ဘုံမှာ ဘယ်မျှပင် စည်းစိမ်ချမ်းသာ အပေါင်းနှင့် ပြည့်စုံသော နတ်ဘဝ ဖြစ်စေကာမူ ဒုက္ခနှင့် မကင်းကြောင်း၊ သံသရာမှာ ဇာတိဆင်းရဲနှင့် စုတိမရဏ ဆင်းရဲကား ရှိမြဲသာ ဖြစ်ကြောင်း သူ နားလည်စွာ ဖော်ပြထားလေသည်။ သုံးဆယ့်တစ်ဘုံ၊ ဘယ်ဘုံ ဘယ်ဘဝမှာမှ ဒုက္ခနှင့် မကင်းကြောင်း၊ သံသရာက ကျွတ်လွတ်မှသာ ဒုက္ခခပ်သိမ်း ကင်း ငြိမ်းနိုင်ကြောင်းလည်း သူက ထေရဝါဒ ဗုဒ္ဓဘာသာ အမြင်ကို အကျယ် ဖော်ပြရန် ကြိုးပမ်းထားသည်။ လောဘတဏှာသည် ဆင်းရဲဒုက္ခ အပေါင်း၏ အကြောင်း ဖြစ်သည် ဆိုသော စကားကို အနောက်တိုင်း ပညာရှင်များက



www.burmeseclassic

www.burmeseclassic.com



စိတ်ပညာနှင့် ဆိုင်သော တရားစကားဟု ယူဆထားကြသည်။ ထိုအမြင်ကို စပိရိုက မငြင်းသော်လည်း တဏှာကြောင့် ဒုက္ခ ဖြစ်ရသည် ဆိုသော စကားသည် ဘဝ၏ အဆုံးကိစ္စနှင့် ဆိုင်သော တရား Eschatological message လည်း ဖြစ်သည်ဟု သူက ဆိုသည်။ တဏှာသည် ဒုက္ခ ဖြစ်ရခြင်း အကြောင်း ဖြစ်သည် ဆိုခြင်းမှာ တဏှာသည် နောက် ပဋိသန္ဓေ နေခြင်း၏ အကြောင်းလည်း ဖြစ်သောကြောင့်ဟု သူက ထောက်ပြသည်။ ထို့ကြောင့် တဏှာ ချုပ်ဆုံးခြင်းသည် ဒုက္ခ ချုပ်ဆုံးခြင်းသို့ ရှေးရှုသည် ဆိုခြင်းမှာလည်း နောက်ထပ် ပဋိသန္ဓေ နေရခြင်း သံသရာ စက်ဝိုင်းမှ လွတ်မြောက်သွားခြင်းကြောင့် ဖြစ်ကြောင်းကိုလည်း သူက သုံးသပ်ပြထားသည်။ ဤတွင် ယုတ္တိ ဆင်ခြေ တစ်ခုကိုလည်း စပိရိုက ပြထားသည်။ အကယ်၍ တဏှာကြောင့် နောက် ပဋိသန္ဓေ ဇာတိ ဖြစ်ရသည် ဆိုလျှင်၊ ထို့ပြင် နောက် ပဋိသန္ဓေ နေရသောကြောင့် ဒုက္ခ ဖြစ်ရတာ ဆိုလျှင် တဏှာကို ပယ်သတ်ခြင်းဖြင့် ဇာတိကို ပယ်သတ်နိုင်သည်။ ဇာတိ ချုပ်ငြိမ်းလျှင် ဒုက္ခ ချုပ်ငြိမ်းတော့သည် ဆိုသော အချက်မှာ ခြွင်းချက်မရှိ မှန်ကန်ကြောင်း သူ ဝန်ခံထားလေသည်။ ပြီးမှ သူက တဏှာက ဘယ်ပုံ ဘယ်နည်းဖြင့် ဇာတိ ပဋိသန္ဓေကို ဖြစ်စေသနည်း ဆိုသော ပြဿနာကို ဆက်လက် စဉ်းစားလေသည်။ ဤမေးခွန်းကို ဖြေမည်ဆိုလျှင် ဗုဒ္ဓဘာသာ၏ အချက်အချာ အယူအဆ တစ်ခုကို သိရပေဦးမည်။ ၎င်းမှာ ကမ္မနိယာမ သဘောတရား ဖြစ်လေသည်။

**တဏှာချုပ်၊ ဥပါဒါန်ချုပ်၊ ကံချုပ်**

လောကကို ကမ္မနိယာမက အုပ်စိုးသည်။ လောက ဆိုရာ၌ ရုပ်လောကရော၊ နာမ်လောကရော ပါဝင်သည်။ ကမ္မနိယာမ ဆိုသည်မှာ ကံနှင့် ကံ၏ အကျိုးပေးခြင်း သဘောကို ဆိုလိုသည်။ စေတနာဖြင့် ပြုသော အမှုကို ကံဟု ခေါ်ရသည်။ ကံ (သို့မဟုတ်) ကမ္မဘဝသည် တဏှာ၏ ဆော်ဖန်မှုကြောင့် ဖြစ်ရသည်။ ထိုသို့ တဏှာ ဦးစီး စေ့ဆော်၍ ဖြစ်သော ကံသည် အကျိုး နှစ်မျိုးကို ပေးသည်။ လိုလားအပ်သော (ကုသိုလ် အကျိုး) နှင့် မလိုလားအပ်သော (အကုသိုလ် အကျိုး) တို့ကို ဖြစ်စေသည်။ တဏှာ ဦးစီးသော ကံကို ပြုရာမှာလည်း ကိုယ်ကျင့်သိက္ခာ သဘောအရ ကောင်းသော အကျိုးရလဒ်ကို ဖြစ်စေလျှင် ၎င်းကို ပုညာဘိသင်္ခါရဟု ခေါ်ရသည်။ အကျင့်သိက္ခာ သဘောအရ မကောင်းသော အကျိုးကို ဖြစ်စေလျှင် အပုညာဘိသင်္ခါရ ခေါ်ရသည်။ ပုည၊

www.burmeseclassic.com



အပုည အလျှောက် ကံသည် ဝိပါက အကျိုးများကို ဖြစ်ပေါ်စေသည်။ ကောင်းသော ကုသိုလ်ကံသည် ကောင်းကျိုး ချမ်းသာကို ပေးသည်။ မကောင်းသော အကုသိုလ်ကံသည် မကောင်းကျိုးကို ပေးသည်။ မည်သို့ပင် ဖြစ်စေ ကမ္မဖလ (ကံ၏ အသီးအပွင့်) ကို ဖြစ်စေရာ၌ တဏှာ အကြောင်းရင်းခံ ပါနေသည် ဖြစ်သောကြောင့် ထိုကံသည် ဇာတိပဋိသန္ဓေ အကျိုးကို ပေးပြန်လေသည်။ ထိုကြောင့် ကောင်းသော ကံ ဖြစ်စေ၊ မကောင်းသော ကံ ဖြစ်စေ တဏှာ ဦးစီးသော ကံ ဖြစ်မှုကား နောက်ဘဝ ဇာတိပဋိသန္ဓေ အကျိုးကို ပေးမည်ကား မုချဖြစ်တော့သည်။

သို့ဖြစ်ရကား ကမ္မနိယာမ၏ လုပ်ဆောင်ချက် ရှိနေသရွေ့ ကာလ ပတ်လုံး ထိုကံ၏ အနာဂတ် အကျိုးရလဒ်ကား ရှိမည် ဖြစ်၏။ ကံ ဆိုရာ၌ ဗုဒ္ဓဘာသာတွင် စေတနာကိုသာ ကံ ဆိုရပုံကိုလည်း စပီရိက သူ၏ နားလည်မှုကို ဖော်ပြထားသည်။ သို့ဖြစ်ရာ လိုအင်ဆန္ဒ တဏှာ၏ အလိုကို ဖြည့်ဆည်းလိုသော စေတနာ မပါဘဲ ကံကို ပြုလုပ်ပါလျှင် ထိုကံသည် ကံ၏ အကျိုးကို ဖြစ်ပေါ်စေနိုင်ခြင်း မရှိတော့ပါ။ ထို့ကြောင့် ကံ၏ အကျိုးဆက်ကို မဖြစ်စေဘဲ နောက်ဘဝ ဇာတိ ဖြစ်ခြင်းကို တားမြစ်လိုပါက ကျွန်ုပ်တို့သည် တဏှာကို ငြိမ်းသတ်လိုက်ရန်သာ လိုတော့သည်ဟု သူက လိုရင်းကို တိုရှင်းဖြင့် ဖော်ပြထားသည်။ ကုသိုလ်ကိုလည်း မဖြစ်၊ အကုသိုလ်ကိုလည်း မဖြစ်စေသော တဏှာ၏ စေ့ဆော် ဖန်တီးမှု အုပ်စိုးမှု မပါသော ကံသည် မျက်မှောက်ဘဝ၊ တမလွန်ဘဝ နှစ်ခုစလုံးတွင် အကျိုးမပေးနိုင်တော့ပေ။ ထိုနည်းအားဖြင့် တဏှာ ဥပါဒါန်ကြောင့် ဖြစ်သော ကံ၏ ဇာတိတစ်ဖန် ပြန်၍ အကျိုးပေးခြင်း ဆိုသော ကြောင်းကျိုးဆက် တရားသည် ဤ၌တွင် ပြတ်စဲလေတော့သည်။

ဤ၌တွင် ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးဆက်ကို ဖော်ပြရာ၌ စပီရိက တဏှာ ချုပ်ရုံဖြင့် ဇာတိကို တိုက်ရိုက် ချုပ်ငြိမ်းစေနိုင်သည်ကား မဟုတ်၊ တဏှာ ချုပ်လျှင် ဥပါဒါန် ချုပ်၍ ဥပါဒါန် ချုပ်မှ ကံ ချုပ်ကြောင်း၊ ထို ကံ ချုပ်မှသာ ကံ၏ အကျိုးဆက် နောက်ဇာတိ ပြတ်စဲကြောင်းကို ရှင်းလင်း တင်ပြထားလေသည်။

**ဗုဒ္ဓဘာသာ၏ မဂ္ဂသစ္စာ (သို့မဟုတ်) တဏှာ ဥပါဒါန် ကံချုပ်အောင် လုပ်နည်း**

သံသရာ၌ ဇာတိ ထပ်ပြန် အဖန်တလဲလဲ ကျင်လည်ရခြင်းကို ပယ်ဖျက်ရန်မှာ သမုဒယ တဏှာကို ပယ်သတ်ရမည် ဆိုလျှင် ထိုသို့ ပယ်သတ်နိုင်ရန်



www.burmeseclassic

www.burmeseclassic.com



ဘယ်နည်း ဘယ်ပုံ လုပ်ဆောင်ရမည်နည်း။ ထိုမေးခွန်းသည် တဏှာချုပ်၊ ဥပါဒါန်ချုပ်၊ ကံချုပ်ပြီး ဇာတိ ချုပ်ငြိမ်းအောင် လုပ်နည်း (အင်္ဂါ ရှစ်ပါး ရှိသော မဂ္ဂင်) နည်းကို ဖော်ထုတ်ရန် စပီရို ကြိုးစားခြင်း ဖြစ်သည်။ အရိယာသစ္စာ လေးပါးတွင် စတုတ္ထ သစ္စာသည် မဂ္ဂသစ္စာ ဖြစ်သည်။ သံသရာပြတ်စဲအောင်၊ သံသရာမှ လွတ်မြောက်အောင် ဘယ်လို လုပ်ရမလဲ ဆိုသော မေးခွန်း၏ အဖြေကို ဗုဒ္ဓဘာသာက ပေးရာ၌ အဝိဇ္ဇာကို အောင်နိုင်ရေးပင် ဖြစ်ကြောင်း ဖော်ပြသည်။

ပုထုဇဉ်တို့ သံသရာထဲက မထွက်နိုင်ဘဲ တဝဲလည်လည် ဖြစ်နေခြင်းမှာ အဝိဇ္ဇာကြောင့် ဖြစ်သည်။ အဝိဇ္ဇာကြောင့် ပုထုဇဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုသော လက္ခဏာရေး သုံးပါးကို မသိ၊ ဒုက္ခ သစ္စာကို မသိ၊ ခန္ဓာကို မသိ၊ အာယတနကို မသိ၊ ပဋိစ္စသမုပ္ပါဒ်ကို မသိ။ ထိုသို့ မသိသောကြောင့် သူသည် ခန္ဓာကို ငါ၊ ငါ့ဥစ္စာဟု လွဲမှားစွာ မှတ်ယူနေတတ်သည်။ သူသည် အနတ္တသဘော (အတ္တ မရှိခြင်း သဘော) ကို နားမလည်နိုင်ပေ။ ခန္ဓာ ငါးပါး၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို သိရန်မှာ မဂ္ဂင် ရှစ်ပါး မြတ်တရားကို လိုက်နာကျင့်ကြံကြရသည်။ စပီရိုသည် သီလ သိက္ခာ၊ သမာဓိ သိက္ခာ၊ ပညာ သိက္ခာ သုံးပါး ပါဝင်သော အရိယာ မဂ္ဂင် ရှစ်ပါး မြတ်တရားကို ခွဲခြမ်းစိတ်ဖြာ တင်ပြထားသည်။ သီလ၏ အရေးပါမှုကို မြန်မာ ဗုဒ္ဓဘာသာဝင်များ လက်ခံကျင့်သုံးကြပုံကို ဖော်ပြထားသည်။

ထို့နောက် သမာဓိအပိုင်း (စိတ္တဝိသုဒ္ဓိအခန်း) ကိုလည်း ဖော်ပြသည်။ ဘာဝနာခန်းဟု သူက ခေါ်သည်။ ဤတွင် သမထနှင့် ဝိပဿနာ နှစ်ပိုင်း ခြားထားပုံကို ဖော်ပြသည်။ သမထပိုင်းတွင် ဇောက္ကတာ အဆင့်သို့ ရောက်အောင် ထူထောင်ပြီး နောက် ဝိပဿနာသို့ ကူးရကြောင်း ဖော်ပြသည်။ သမထကိုရော၊ ဝိပဿနာကိုပါ မြန်မာနိုင်ငံမှာ ကမ္မဋ္ဌာန်းဟု ခေါ်ကြောင်းကိုလည်း သူက ဖော်ပြသည်။ သူသည် သမထပိုင်းတွင် ကသိဏ်း အမျိုးမျိုး အကြောင်းကိုလည်း ဖော်ပြထားသည်။ ပြီးမှ ဝိပဿနာပိုင်းကို ဖော်ပြသည်။ သမထသည် နိဗ္ဗာန်သို့ ရောက်စေနိုင်သော နည်းလမ်း မဟုတ်၊ ဝိပဿနာကသာ နိဗ္ဗာန်ကို ပို့ဆောင်နိုင်ကြောင်းကိုလည်း သူက ဆိုသည်။ ဝိပဿနာ ရှုခြင်း အားဖြင့်သာ ငါ မရှိ အတ္တ မရှိ ဆိုသော (အနတ္တသဘော) ကို ထင်မြင်လာနိုင်ပုံကို သူ ဆွေးနွေး တင်ပြသည်။ ဝိပဿနာ တရား အားထုတ်သောအခါ ယောဂီသည် ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ မရပ်မနား ဖောက်ပြန် ပြောင်းလဲ

www.burmeseclassic.com



ပျက်စီးနေသည်ကို ရှုမြင်ရသည်။ ထိုအခါ ငါဟု ခေါ်စရာ ဤခန္ဓာမှာ ဘာမျှ မရှိ ဆိုသည်ကို သိနားလည်ရပုံ၊ ဝိပဿနာ အတွေ့အကြုံထဲမှာ ခန္ဓာငါးပါး၊ ဒုက္ခသစ္စာနှင့် ဒုက္ခ၏ ပိဋ္ဌနဓ္ဓော၊ နှိပ်စက်ခြင်း သဘောသာ အမှန်ရှိကြောင်း သိမြင် နားလည်လာသည်။ ဤသို့ ဒုက္ခသစ္စာကို သိမှုသည် ဗုဒ္ဓဘာသာဝင်များ လိုလားအပ်သော သစ္စာနှင့် လျော်သော (သစ္စာနုလောမိကဉာဏ်) ဖြစ်တော့သည်။ ဗုဒ္ဓဘာသာက နားလည်ထားသော ပညာ (wisdom) ၏ သဘောမှာ သံသရာ ဝဋ်ဆင်းရဲ အပေါင်းမှ လွတ်မြောက်ကြောင်းနှင့် ထို လွတ်မြောက်ကြောင်း နည်းလမ်းကို သိသော ဉာဏ်ကိုသာ ဆိုလိုကြောင်း၊ အသိပညာသည် ဘဝ လွတ်မြောက်ရေးကို မပေးနိုင်၊ ဝိပဿနာ ဉာဏ်ပညာကသာ ဘဝ လွတ်မြောက်ရေးကို ပေးနိုင်ကြောင်းလည်း သူ တင်ပြထားသည်။

ထိုနောက် စပီရိုသည် မြန်မာနိုင်ငံမှ ဝိပဿနာ ကမ္မဋ္ဌာန်း လုပ်ငန်း အကြောင်းကို မှတ်စု ရေးထားသည်။ ထိုနောက် ဗုဒ္ဓဘာသာဝင်များ၏ ဘဝပန်းတိုင်သည် နိဗ္ဗာန် ဖြစ်ကြောင်း စပီရိုက ကြိုးစား ဖော်ပြထားလေသည်။ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းခြင်း၊ သံသရာဝဋ်မှ ကျွတ်လွတ်ခြင်းကို ဗုဒ္ဓဘာသာဝင်များက နိဗ္ဗာန်ဟု သိနားလည်ကြသည်။ နိဗ္ဗာန်၏ သဘောကို အဖြစ်သဘော (positive) ဖြင့် ဖော်ပြခြင်းထက် မဖြစ်သဘော (negative) ဖြင့် ဖော်ပြမှသာ နားလည်လွယ်ပုံ၊ နိဗ္ဗာန်ကို ဥပမာဖြင့် ဖော်ပြသောအခါ လောင်စာသိမ်း၍ မီးငြိမ်းခြင်း ဥပမာဖြင့် အင်္ဂုဝဏ္ဏ ပုဏ္ဏားကို မြတ်စွာဘုရား ပြပုံများကို သူ ရှာဖွေ တင်ပြထားသည်။ ထိုနောက် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင် ရှင်လူများ၏ နိဗ္ဗာန်ကို သူတို့ ထင်မြင်ကြပုံ အမျိုးမျိုးကို ဖော်ပြသည်။ မြန်မာ ဗုဒ္ဓဘာသာ ထဲမှာ နိဗ္ဗာန်မှာ ဘာမှ မရှိဘူး ဆိုသူတွေက များပုံ၊ သူတို့မှာ နိဗ္ဗာန်နှင့် ပတ်သက်သော အမြင်မရှင်းကြပုံများကို သူ လေ့လာ တင်ပြထားသည်။* မြန်မာ ဗုဒ္ဓဘာသာဝင် အများစုသည် နိဗ္ဗာန်၏ သဘောကို နားမလည်နိုင်ကြကြောင်း၊ တချို့က နိဗ္ဗာန် ဆိုတာ ရုပ်လည်း မရှိ၊ နာမ်လည်း မရှိ၊ ခန္ဓာလည်း မရှိ၊ ဘာဆို ဘာမှ မရှိဟု ဆိုကြပုံ၊ တချို့က နိဗ္ဗာန် ဆိုတာ ဘာမှန်း မသိဘူးဟု ဆိုကြပုံ၊ ထို မြန်မာ ဗုဒ္ဓဘာသာဝင် နှစ်မျိုးစလုံးမှာ နိဗ္ဗာန်ကို အဝိဇ္ဇာ ဖုံးနေပုံ၊ ဒိဋ္ဌိ ဖုံးနေပုံကို မိုးကုတ် ဆရာတော်ကြီး ဟောကြားထားသည်။ နိဗ္ဗာန် ဆိုတာ ဘာမှန်း မသိဘူး ဆိုသည်မှာ နိဗ္ဗာန် အဝိဇ္ဇာ ဖုံးပုံ၊ နိဗ္ဗာန် ဆိုတာ ဘာမှ မရှိ

---

* **Buddhism and Society – Melford E. Spiro – p 59**



www.burmeseclassic.com

www.burmeseclassic.com



ဘူး ဆိုသူမှာ ဥစ္ဆေဒ ဒိဋ္ဌိ ဖုံးနေပုံကို ဟောသည်။*

မြန်မာ ဗုဒ္ဓဘာသာဝင်များ စိတ်ထဲမှာ ဒိဋ္ဌိချုပ်၊ တဏှာချုပ်၊ ခန္ဓာချုပ်၊ ဒုက္ခချုပ်ဆုံးတာ နိဗ္ဗာန် ဆိုသော စကားကို နားလည်ပုံမှာ နိဗ္ဗာန် ဆိုတာ ရုပ် မရှိဘူး၊ နာမ် မရှိဘူး၊ ခန္ဓာ မရှိဘူး၊ ဝေဒနာ မရှိဘူး၊ သညာ၊ သင်္ခါရ ဘာဆို ဘာမျှ မရှိဘူးဟု နားလည်ကြသဖြင့် နိဗ္ဗာန်ကို ပါးစပ်ကသာ ရိုးရာ ထုံးစံအရ နိဗ္ဗာန် မဂ်ဖိုလ်ကို ရပါလို၏ဟု ဆုတောင်းသော်လည်း နိဗ္ဗာန်ကို တကယ်တမ်း လိုချင်သူ ရှားသည်။ ထို့ကြောင့် မြန်မာ ဗုဒ္ဓဘာသာဝင် အများစု သည် နိဗ္ဗာန် ရအောင် ဝိပဿနာ အလုပ်ကို မလုပ်ကြဘဲ အနည်းစုကသာ အားထုတ် လုပ်ကိုင်ကြလေသည်။

စပီရို၏ ဤ သုံးသပ်ချက်ကိုလည်း အကျွန်ုပ် စိတ်ထဲက တန်ဖိုး ရှိ သည်ဟု ယူဆလိုက်သည်။ မြန်မာ ဗုဒ္ဓဘာသာဝင် အများစုသည် ဘဝ ချုပ်ငြိမ်း ခြင်း ဆိုသော နိဗ္ဗာန်ကို ရဖို့ထက် နောင်ဘဝ၌ ဘဝ ကောင်းစားရေးကိုသာ ပို၍ လိုလားနေကြခြင်းမှာ နိဗ္ဗာန်ကို နားမလည်သောကြောင့်လားဟု စူးစမ်း ချင်စိတ် ဖြစ်ပေါ်လာပါသည်။ ရှေးမဟာထေရ်မြတ်များက ထေရဝါဒ ဗုဒ္ဓ ဘာသာကို လက်ခံ ကျင့်သုံးလာကြရာ၌ ဘုရားဟော တရား အတိုင်း တစ်သဝေ မတိမ်း လိုက်နာကြပြီးလျှင် ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းသော၊ ဘဝ ချုပ်ငြိမ်းသော နိဗ္ဗာန်ကိုသာ ဘဝပန်းတိုင် ထား၍ ယုံကြည် ကိုးကွယ် ဆည်းကပ်ကြသော် လည်း မြန်မာ ဗုဒ္ဓဘာသာဝင် ပုထုဇဉ်များကမူ ထိုဉာဏ်လမ်းမှ ရွေ့လျောပြီး ဘဝ ကောင်းစားရေး ဆိုသော ကံလမ်းသို့ ဦးတည် ရောက်ရှိသွားသည်မှာ ထေရဝါဒက ရည်မှန်းသော ဘဝပန်းတိုင် ပျောက်ဆုံးသွားမှုကြောင့်လည်း ဖြစ် နိုင်ဖွယ် အကြောင်းရှိသည်ဟု ထင်ပါသည်။ ဘဝ ပန်းတိုင် ပျောက်ဆုံးသွား ခြင်းသည် ဉာဏ်လမ်း ဖုန်သွားခြင်းဟု ထင်ပါသည်။ ထိုအခါ အတွေး တစ်ခု ဝင်လာသည်။ ထေရဝါဒ ဗုဒ္ဓဘာသာသည် မြန်မာ ဗုဒ္ဓဘာသာဝင်များ အတွက် နားမလည်နိုင်လောက်အောင်ပင် ဉာဏ် အဆင့်အတန်း မြင့်နေလေသလား။ သို့တည်းမဟုတ် ထေရဝါဒ ဗုဒ္ဓဘာသာ အစစ်အမှန်ကို သယ်ဆောင်လာခဲ့ ကြသော ရှေးက ရဟန်းရှင်လူများသည် မြန်မာ ဗုဒ္ဓဘာသာဝင် အများစုကို ခက်ခဲသော ဉာဏ်လမ်းပေါ်သို့ တင်ပေးရမည့် တာဝန် ပျက်ကွက်ခဲ့လေသလား။ မြန်မာ ဗုဒ္ဓဘာသာဝင် အများစုသည် ဉာဏ်လမ်းကိုထက် ကံလမ်းကိုသာ

---

* မိုးကုတ် ဝိပဿနာ အလုပ်စဉ် တရား အမှတ် (၂)

www.burmeseclassic.com



ပိုပြီး နှစ်သက်စွာ ရွေးချယ်ပြီး ဉာဏ်အလုပ်ကိုထက် ကံအလုပ်ကိုသာ ပို၍ အလေ့အကျင့် များနေကြသည်မှာ စပီရို ပြောမှ သိနိုင်သည် မဟုတ်ပါ။ ဉာဏ်ရှိသော လူတိုင်း သိနိုင်သော အချက် ဖြစ်သည်ဟု ထင်ပါသည်။

သို့ဖြစ်လျှင် မြန်မာ ဗုဒ္ဓဘာသာဝင်များသည် ဉာဏ်ကိုထက် ကံကို ဘာကြောင့် အားကိုးခဲ့ကြသလဲ။ ကံနှင့် ပတ်သက်သော အမြင်များ ဘယ်လောက် များသလဲ။ စပီရို ခေါ်သလို ကမ္မဗုဒ္ဓဘာသာ၏ အမြင်များ ဘယ်ပုံ ဘယ်နည်း ဖြစ်တည်နေကြသလဲ။ သိချင်သော စိတ်သည် အကျွန်ုပ်၏ ရင်ထဲမှာ သံမှိုစွဲသလို ခိုင်ခိုင်မြဲမြဲ စွဲလာပါသည်။ ကံအမြင် ဗုဒ္ဓဘာသာဝင်များ အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာကြည့်ချင်ပါသည်။ လေ့လာကြည့်မည် ဆိုလျှင် ဤသို့ တွေ့ရမည် ဖြစ်ပါသည်။ (စပီရို၏ တွေ့ရှိချက်များ ကိုပင် အခြေခံ၍ ဖော်ပြပါသည်။)

**ပုဂ္ဂိုလ်ရေးအရ အမြတ်ဆုံးဘဝ – ရဟန္တာ**

မြန်မာ ဗုဒ္ဓဘာသာဝင်တွေထဲမှာ နိဗ္ဗာန် အဓိပ္ပာယ်နှင့် စပ်သော အမြင် ရှုပ်ထွေးမှု ရှိစေကာမူ နိဗ္ဗာန်သို့ ရောက်နိုင်သော မဂ်ဉာဏ် အဆင့်ဆင့်ကို သတ်မှတ်ထားခြင်း သဘောကိုမူ နားလည်ကြသည်။

ပထမ မဂ်ဉာဏ် အဆင့်ကို သောတာပတ္တိမဂ်ဉာဏ် ခေါ်ရသည်။ ထိုဉာဏ်ကို ရသော ပုဂ္ဂိုလ်သည် သံယောဇဉ် ဆယ်ပါးအနက် သုံးပါးကို လွန်မြောက်ပြီးသူ ဖြစ်သည်။ သံယောဇဉ် ဆယ်ပါးသည် သံသရာတွင် သတ္တဝါတစ်ဦးကို ကပ်ငြိနေအောင် နှောင်ဖွဲ့သော တရား ဖြစ်သည်။ သောတာပန် ဖြစ်သောအခါ သူသည် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှင့် သီလဗ္ဗတပရာမာသ ခေါ်သော (ငါစွဲ ငါ့ဥစ္စာစွဲ များသော အမြင်၊ ဒွိဟ သံသယနှင့် ဘုရား တရား သံဃာမှ အပ တစ်ပါးသော အရာများကို ဆည်းကပ် ကိုးကွယ် ပူဇော် ပသမှုများ) သံယောဇဉ် သုံးပါးကို ပယ်ဖျက်ပြီး ဖြစ်သည်။ သောတာပတ္တိမဂ်ဉာဏ်ကို ရသော ပုဂ္ဂိုလ်သည် အပါယ်လေးပါး တံခါးပိတ်ပြီး ဖြစ်သည်။ ဒုဂ္ဂတိဘုံ၌ နောက်တစ်ဖန် ပဋိသန္ဓေ တည်နေခြင်း ကင်းပြီ။ နိဗ္ဗာန်မရမီ စပ်ကြား ထိုသောတာပန် (အနိမ့်ဆုံး သောတာပန်) သည်ပင်လျှင် ကာမသုဂတိဘုံမှာ ခုနစ်ကြိမ်သာ ပဋိသန္ဓေ နေပြီး ခုနစ်ဘဝကို လွန်သောအခါ နိဗ္ဗာန်ကို မျက်မှောက် ပြုရသည်။

ဒုတိယ မဂ်ဉာဏ်သည် သကဒါဂါမိမဂ်ဉာဏ် ဖြစ်သည်။ တစ်ကြိမ်

www.burmeseclassic.com



တည်းသာ ကာမသုဂတိဘုံမှာ နောက်တစ်ဖန် ပြန်ပြီး ပဋိသန္ဓေ နေရတော့မည့် ပုဂ္ဂိုလ် ဖြစ်သည်။ ထို ပုဂ္ဂိုလ်သည် သံယောဇဉ် ငါးပါးကို အကြွင်းအားဖြင့် ပယ်ဖျက်ပြီးသူ ဖြစ်သည်။ သကဒါဂါမ် ပုဂ္ဂိုလ်သည် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသအပြင် ရာဂနှင့် ဒေါသကိုလည်း အကြွင်းအားဖြင့် ပယ်ဖျက်နိုင်ပြီးသူ ဖြစ်၏။

တတိယ မဂ်ဉာဏ်သည် အနာဂါမိမဂ်ဉာဏ် ဖြစ်သည်။ အနာဂါမ် ပုဂ္ဂိုလ်မှာ သံယောဇဉ် ငါးပါးစလုံးကို အနုသယကိလေသာနှင့်တကွ အမြစ်ပါ မကျန် ပယ်သတ်ပြီးသူ ဖြစ်သည်။ အနာဂါမ်မှာ ကာမ ရာဂနှင့် ဒေါသ အားလုံး ချုပ်ဆုံးသွားပြီ။ ထိုပုဂ္ဂိုလ်သည် သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံမှ ပရိနိဗ္ဗာန် စံရသူ ဖြစ်သည်။

ရဟန္တာ (အရဟတ္တမဂ်ဉာဏ်) သည် နောက်ဆုံး အမြင့်ဆုံး စတုတ္ထ မဂ် ဖြစ်သည်။ ရဟန္တာသည် သံယောဇဉ် ဆယ်ပါးစလုံးကို ပယ်သတ်ပြီးသူ ဖြစ်၏။ ရဟန္တာသည် ချက်ချင်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီ ဖြစ်၏။ နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာဝင်များ အတွက် ပုဂ္ဂိုလ်ရေးအရ ရဟန္တာ ဖြစ်ခြင်းသည် အမြင့်ဆုံးသော စံဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင် မှန်က ရဟန္တာ အဖြစ်သို့ ရောက်အောင် ဘဝ ရည်မှန်းချက်ကို အမြင့်ဆုံး ထားကြသည်။

စပီရိုသည် နိဗ္ဗာန်ကို မျက်မှောက်ပြုကြရာ၌ ရဟန္တာနှင့် ဗုဒ္ဓမြတ်စွာ သည် အတူတူပင် ဖြစ်စေကာမူ ရဟန္တာနှင့် ဗုဒ္ဓမြတ်စွာဘုရားတို့၏ ကွဲပြား ခြားနားပုံကိုလည်း ဖော်ပြသည်။

မြတ်စွာဘုရားသည် သံသရာမှ ထွက်မြောက်ကြောင်း တရားကို ကိုယ်တော်တိုင် ရှာဖွေ ဖော်ထုတ်ပေးနိုင်သူ ဖြစ်သည်။ ရဟန္တာမူကား မြတ်ဗုဒ္ဓ သင်ကြား ပြသသော အရိယာ မဂ္ဂင်လမ်းအတိုင်း လိုက်နာ ကျင့်ကြံ အားထုတ်သဖြင့် သံသရာဘဝ လွတ်မြောက်ခြင်းသို့ ရောက်ပြီးသူ ဖြစ်သည်။ မြတ်ဗုဒ္ဓမူကား ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းသော၊ နောက်ပဋိသန္ဓေ နေခြင်း ကင်းသော လွတ်မြောက်မှုကို ရရုံမျှမက သဗ္ဗညုတ ဉာဏ်တော်ကိုလည်း ရတော်မူသည်။ အနန္တော အနန္တ ကျေးဇူးတော် အစုံ၊ ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသည်။ ရဟန္တာမှာ အရဟတ္တမဂ်ဉာဏ်ကိုသာ ရသော်လည်း သဗ္ဗညုတဉာဏ်ကို မရပေ။ ရဟန္တာသည် မိမိ တစ်ဦးတည်း အတွက်သာ သံသရာမှ ထွက်မြောက်သော အရဟတ္တမဂ်ဉာဏ်ကို ရသည်။ ရဟန္တာမှာ တခြားသော သတ္တဝါ အပေါင်းကို ကယ်တင်ပြီးမှ နိဗ္ဗာန်ကို သွားမည် ဆိုသော သတ္တဝါ အနန္တ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ကြောင့်ကြထားအပ်သော မဟာကရုဏာတော်ကား မရှိပေ။ ရဟန္တာသည် သတ္တဝါ အားလုံး သံသရာ ဝဋ်ဆင်းရဲမှ ကျွတ်လွတ်ရေး အတွက် ကြောင့်ကြစိုက်ခြင်း မရှိချေ။ ဤကိစ္စ၌ ရဟန္တာသည် ပစ္စေကဗုဒ္ဓါနှင့် တူသည်ဟု ဆိုရသော်လည်း ပစ္စေကဗုဒ္ဓါသည် ဘဝ လွတ်မြောက်ကြောင်း တရားကို ကိုယ်တိုင် ထူးသော ဉာဏ် (သဗ္ဗညုတဉာဏ်) ကိုပါ ရရှိသော ပုဂ္ဂိုလ် (ဘုရားငယ်) ဖြစ်သည်။

ရဟန္တာ အဖြစ်သို့ ရောက်ရှိခြင်းမှာ နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာဝင်များ အတွက် အမြင့်ဆုံး ရည်မှန်း၍ ကျင့်အပ်သော ဘဝစံ ဘဝတန်ဖိုး ဖြစ်သည်။ မဟာယာန ဗုဒ္ဓဘာသာဝင်များကမူ ရဟန္တာ ဖြစ်ခြင်းကို မလိုလားကြ၊ တန်ဖိုးထားအပ်သည်လည်း မထင်တတ်ကြ။ သူတို့ အမြင်တွင် ရဟန္တာ ဖြစ်ခြင်းကို တစ်ကိုယ်ကောင်း ဆန်သည်ဟု ရှုမြင်ကြလေသည်။ မဟာယာန ဗုဒ္ဓဘာသာက ဗောဓိသတ္တ ခေါ် ဘုရားလောင်း ဖြစ်ခြင်းကိုသာ လူ့ဘဝ၏ ပုဂ္ဂိုလ်ရေး ရည်မှန်းချက်တွင် အမြင့်ဆုံး စံအဖြစ် သတ်မှတ် လက်ခံထားကြလေသည်။

**လောကီ အာရုံ ကာမဂုဏ်များကို စွန့်ပယ်ခြင်း**

လူမှုရေးအရ ထေရဝါဒ ဗုဒ္ဓဘာသာမှာ သံသရာမှ ထွက်မြောက်ကြောင်း တရားကို ကျင့်ကြံပွားများ အားထုတ်သောအခါ လူ့ဘောင်နှင့် အိမ်ထောင်မှုပြုခြင်းကို စွန့်ပယ်သော သံဃာ အဖွဲ့အစည်းသို့ ဝင်ရောက်ခြင်းမှာလည်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အတွက် လောကီ အခက်အခဲများကို ကျော်လွှန်ရန် ဖြစ်၏။ အိမ်ရာ တည်ထောင်သော လူ့ဘောင်ထဲတွင် အရိယာမဂ်ကို ကျင့်ကြံ အားထုတ်ရန် ခက်ခဲ၏။ အနှောင်အဖွဲ့ များ၏။ ကျဉ်းမြောင်း၏။ ထို့ကြောင့် ဘဝ ထွက်မြောက်ရေးကို ကျင့်ကြံပွားများ အားထုတ်လိုသူသည် အိမ်ရာ တည်ထောင်သော၊ သံယောဇဉ် အနှောင်အဖွဲ့ တင်းကျပ်သော လောကီ ကာမဂုဏ် လောကကို စွန့်ပယ်ခြင်း နည်းကို မြတ်ဗုဒ္ဓ သင်ကြားပေးခဲ့ခြင်း ဖြစ်၏။

လောကကို စွန့်ပယ်ခြင်း ဆိုရာ၌ ဗုဒ္ဓဘာသာက စွန့်ပယ်ခြင်းမှာ ကိုယ်ခန္ဓာကို ညှဉ်းဆဲခြင်းမျိုး မဟုတ် (တခြားဘာသာ အယူများ၌ ထိုသို့ ပြုလုပ်သည်)၊ အိမ်ထောင်မှု ဘဝ၊ ရွာသူတို့ ဓလေ့ကို စွန့်ပယ်ခြင်းသာ ဖြစ်သည်။ ဓမ္မစကြာ သုတ္တန်တွင် 'ယုတ်ညံ့၍ ရွာသူတို့၏ အကျင့်ဖြစ်သော၊ ပုထုဇဉ်တို့၏ အလေ့အကျင့်သာ ဖြစ်၍ အရိယာတို့၏ အလေ့အကျင့် မဟုတ်



www.burmeseclassic

www.burmeseclassic.com



သော၊ အကျိုးစီးပွားနှင့် မစပ်ယှဉ်သော ကာမဂုဏ်တို့၌ ကာမဂုဏ် ချမ်းသာကို ကပ်ငြိသော အဖန်တလဲလဲ လိုက်စား အားထုတ်ခြင်း'* ကိုသာ ပယ်ခြင်း ဖြစ်သည်။ မိမိ၏ ကိုယ်စိတ် ဆင်းရဲခြင်းကို ဖြစ်စေသော ပင်ပန်းအောင် ညှဉ်းဆဲသော အကျင့်ကိုလည်း အရိယာတို့ ကျင့်အပ်သော အကျင့်မဟုတ်ဟု မြတ်စွာဘုရား ပယ်မြစ်တော်မူပါသည်။ အင်္ဂါ ရှစ်ပါး ရှိသော အရိယာ မဂ္ဂင် အကျင့်သည် အိမ်ရာ တည်ထောင်ခြင်း မရှိသော ရဟန်းတို့ ကျင့်အပ်သော အစွန်းတရား နှစ်ပါးကို ပယ်သော မဇ္ဈိမပဋိပဒါ အကျင့် ဖြစ်ကြောင်းကိုလည်း စပီရိုသည် နားလည်အောင် ကြိုးစားပြီး ဖော်ပြထားသည်။

နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာတွင် ဗုဒ္ဓဘာသာဝင် အစစ်သည် လောကီ လူ့ဘောင် အိမ်ထောင်သားမွေး ဘဝကို စွန့်ပယ်သော ရဟန်းဘဝသာ ဖြစ်သည်ဟု စပီရိုက ကောက်ချက် ချထားခြင်းမှာ အလုံးစုံ မှန်ကန်သည်ဟု မဆိုသာပါ။ ကျေးရွာရှင် လယ်တီဆရာတော် ဘုရားကြီးက သောတာပတ္တိမဂ်ဉာဏ်ကို ရပြီးသော ပုဂ္ဂိုလ်သည်သာ ပရမတ္ထ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်သည်ဟု ဆုံးဖြတ်ထားချက် ရှိပါသည်။**

သောတာပတ္တိမဂ်ဉာဏ်ကိုမူ အိမ်ရာ တည်ထောင်သော လူဝတ်ကြောင်များစွာတို့ မြတ်စွာဘုရား လက်ထက်တော် အခါက ရရှိခဲ့ကြပါသည်။ သောတာပန်သည် လောကီအာရုံ ကာမဂုဏ်နယ်ထဲမှာ အိမ်ရာ တည်ထောင်သူ လောကီ လူ့ဘောင်သား အဖြစ် နေနိုင်ကြလေသည်။ အနာထပိဏ် သူဌေး၊ ဝိသာခါ ကျောင်းအမ၊ ဗိမ္ဗိသာရမင်းတို့သည် လောကီနယ်သားများ ဖြစ်ကြပါသည်။ ထို သောတာပန် ပုဂ္ဂိုလ်များ ရဟန်းမခံဘဲနှင့်လည်း နေနိုင်ကြပါသည်။

---

* သံယုတ် မြန်မာပြန် (တတိယတွဲ) ဓမ္မစက္ကပဝတ္တနသုတ်၊ စာ ၃၇၅

** ဥတ္တမ ပုရိသ ဒီပနီ၊ လယ်တီ ဆရာတော်၊ စာ ၁၆၀

www.burmeseclassic.com

www.burmeseclassic

www.burmeseclassic.com

## ၆။ ကံမြင် မြန်မာ ဗုဒ္ဓဘာသာဝင်များကို နားလည်ခြင်း

ပြီးခဲ့သော အခန်းတွင် ထေရဝါဒ၏ နိဗ္ဗာန်ကို ပဓာနထားသော နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာ၏ အခြင်းအရာများကို ဖော်ပြခဲ့သည်။ ထို ထေရဝါဒ ဗုဒ္ဓဘာသာသည် ဘဝ လွတ်မြောက်ရေး၊ ဘဝ ချုပ်ငြိမ်းရေး သက်သက်ကိုသာ ပဓာနထားသည်။ ထိုအမြင်တွင် ရုပ်နာမ် လောက အတွင်းရှိ သင်္ခါရတရား အားလုံးကို ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကို ပေါက်မြောက်ရေး အတွက် ငြင်းပယ်ထားသည်။ သံသရာ၌ ဘဝတစ်ဖန် ပြန်၍ ပဋိသန္ဓေ နေရခြင်းကို အလိုမရှိ၊ ငြင်းပယ်သည်။ လောကီနယ် အိမ်ရာ တည်ထောင် လူ့ဘောင် လောကကို စွန့်ခွာသော ပဗ္ဗဇိတ ရဟန်းသည် သံသရာကို လွန်မြောက်ရေး အတွက် အားထုတ်နိုင်ရန် ဖြစ်သည်။ ထိုသို့ လောကီအာရုံ ကာမဂုဏ်နယ် အိမ်ရာ တည်ထောင် လူ့ဘောင်ကို စွန့်ခွာပြီး အိမ်ရာ တည်ထောင်ခြင်း မရှိသော ရဟန်း အဖြစ်ဖြင့် ဘဝ လွတ်မြောက်ရေး အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းရေး ဆိုသော အမြင်သည် မြန်မာ ဗုဒ္ဓဘာသာဝင် အားလုံး အတွက် လိုက်နာ ကျင့်ကြံရန်မှာ လက်တွေ့အားဖြင့် မဖြစ်နိုင်သော သဘောတရားလို ဖြစ်နေသည်။

ကမ္ဘာပေါ်ရှိ ဘာသာ အယူဝါဒကြီးများမှာလည်း ဘာသာရေးကို တစ်ဖက်ကမ်းခပ် တတ်ကျွမ်းသူ ကျမ်းတတ် ပုဂ္ဂိုလ်ကြီးများ တီထွင်သော စံထားရသော အယူအဆများကို ဘာသာရေး၌ အထုံဝါသနာ မရှိသေးသော သာမန်ပုထုဇဉ်များ အတွင်း ကျင့်သုံးသောအခါ ထိုလူအများစုသည် ထိုဘာသာရေး အခြေခံ စံတရားများကို သူတို့ လက်ခံ ကျင့်သုံးနိုင်သလို အရေးပါသော ပြုပြင် ပြောင်းလဲမှုများကို ပြုလုပ်တတ်ကြသည်မှာ ဓမ္မတာ ဖြစ်ကြောင်း ပါမောက္ခ



www.burmeseclassi

www.burmeseclassic.com


စပီရိက ဖော်ပြထားသည်။ ထို့အတူ ကျပ်တည်းသော နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာ ကဲ့သို့သော ဘာသာ အယူဝါဒမျိုးမှာလည်း ဆိုခဲ့ပြီးသော ဘုရားဟော ကျမ်းဂန်လာ သဘောတရားနှင့် ကွဲလွဲသော လူတို့ လက်ခံ ကျင့်သုံးပုံများ ဖြစ်ပေါ်လာမည် ဆိုသည်မှာ မျှော်လင့်၍ ရသော ကိစ္စ ဖြစ်ကြောင်း မနုဿဗေဒ ပညာ ရှုထောင့်ကနေ၍ စပီရို ဖော်ပြထားလေသည်။ ဤကား ဗုဒ္ဓဘာသာမှာသာ ဖြစ်ပေါ်တတ်သော သဘောတရား မဟုတ်ဘဲ ဘယ်ဘာသာမှာ မဆို ဖြစ်ပေါ်တတ်သော သဘောတရား ဖြစ်ပါသည်။

ဤတွင် ပါမောက္ခ စပီရိုက ကနဦး ဗုဒ္ဓဘာသာ ပေါ်ထွန်းစ အခါက ဗုဒ္ဓဘာသာဝင် ဖြစ်လာကြသူများမှာ အထက်တန်းစား မင်းညီမင်းသားများ ဖြစ်ကြပြီး သာသနာ့ဘောင်ထဲသို့ ခြေစုံပစ် ဝင်လာသူက များခဲ့ပုံ၊ ယခု မျက်မှောက်ကာလ အထိ နောက်ပိုင်း ဗုဒ္ဓဘာသာကို လက်ခံ ကျင့်သုံးသူများမှာ ဆင်းရဲသားများ၊ တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများ၊ အိန္ဒိယ ပြည်တွင် ဇာတ်နိမ့်များ ဖြစ်ကြရာ ရှေးက ဘဝ အဆင့်မြင့်သူများ၊ ဉာဏ်ပညာ အဆင့်မြင့်သူများ ဗုဒ္ဓဘာသာကို လက်ခံ ကျင့်သုံးပုံနှင့် နောက်လူများ ဗုဒ္ဓဘာသာကို လက်ခံ ကျင့်သုံးပုံမှာ အပုံကြီး ကွာခြားသွားနိုင်ပုံကို သူ သုံးသပ် ပြထားသည်။

ရှေးကနဦး ဗုဒ္ဓဘာသာကို လက်ခံ ကျင့်သုံးသူများက သာသနာ့ဘောင် ထဲသို့ ပစ်ဝင်ပြီး ဘုရား ချမှတ်သော လမ်းအတိုင်း နိဗ္ဗာန်ကို စေလွှတ်သော စိတ်တစ်ခုတည်းဖြင့် လက်ခံ ကျင့်သုံးခဲ့ကြလေသည်။ နောင်အခါ (မြန်မာ နိုင်ငံတွင် ထေရဝါဒကို လက်ခံခါစ ပုဂံခေတ်က စ၍) ဗုဒ္ဓဘာသာကို သာမန် တိုင်းသူပြည်သားများ လောကီနယ်သားများက လက်ခံ ကျင့်သုံးကြသောအခါ သူတို့ ကျင့်သုံးလိုသော အတိုင်း ကျင့်သုံးနိုင်သလို အပြောင်းအလဲများ ပြုလုပ် လာကြောင်း လေ့လာ တွေ့ရှိရသည်။ အများ ပြည်သူ လူတကာတို့၏ ဘဝ လွတ်မြောက်ရေးကို ရှေးရှုသော ဘာသာ အယူဝါဒ ဖြစ်လာသောအခါ မူလက နိဗ္ဗာန် မဂ်ဖိုလ်ကိုသာ ရည်မှန်းချက်ထားခဲ့သော နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာ၌ အရေး ပါသော အပြောင်းအလဲများ ပေါ်ပေါက်လာရလေသည်။ အပြောင်းအလဲများ ပေါ်ပေါက်လာသည် ဆိုရာတွင် ရည်မှန်းချက် ပန်းတိုင် သဘောမှာရော ထို ပန်းတိုင်သို့ ရောက်ကြောင်း နည်းလမ်းမှာပါ အပြောင်းအလဲများ ဖြစ်ပေါ် လာသည်ကို အကျယ် လေ့လာ တင်ပြဖို့ ရည်ရွယ်ပါသည်။

အကြမ်းအားဖြင့် ခြုံ၍ ဆိုရလျှင် သိသာ ထင်ရှားသော အချက်မှာ


www.burmeseclassic

www.burmeseclassic.com



ဘုရားဟော ကျမ်းထွက် ဒေသနာ၌ လောဘတဏှာကို ပယ်သတ်ရမည် ဖြစ်သော်လည်း မြန်မာ ဗုဒ္ဓဘာသာများက မိမိတို့၏ အလိုဆန္ဒ လောဘတဏှာကို အလိုရှိတိုင်း ပြည့်စုံစွာ ခံစားရအောင် ချမ်းသာ စီးပွား များစွာကို အပြည့်အဝ ခံစားရမည့် နောင်ဘဝကို မျှော်မှန်း တမ်းတကြသည်။ သံသရာမှာ ဖြစ်ရာ ဘဝတိုင်းမှာ အလိုဆန္ဒ လောဘတဏှာ ရှိနေသရွေ့ အလိုမပြည့်မှု ဆင်းရဲကို မလွဲမသွေ ကြုံတွေ့ရမည်ဟု နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာက သင်ကြားထားသော်လည်း ထိုအမြင်နှင့် ဆန့်ကျင်စွာ မြန်မာ ဗုဒ္ဓဘာသာဝင်များ၏ စိတ်တွင် ယခုဘဝ ခံစားနေကြရသော ဆင်းရဲဒုက္ခများသည် ယာယီ ကြုံတွေ့ရသော ဒုက္ခများသာ ဖြစ်သည်ဟု ထင်ကြသည်။ ထို့ကြောင့် မြန်မာ ဗုဒ္ဓဘာသာဝင်များသည် နောင် ဘဝ အနာဂတ်၌ ပိုမို ချမ်းသာသော ဘဝ ကောင်းစားရေးကို မျှော်မှန်း တတ်ကြသည်။ သူတို့ မျှော်လင့် တောင့်တကြသော ဘဝ ကောင်းစားရေး၊ ဘဝ ချမ်းသာမှာ လူဖြစ်သော် လူချမ်းသာ၊ နတ်ဖြစ်သော် နတ်ချမ်းသာ အထိ (လူ့ပြည် လူ့ဘဝ သာမကဘဲ နတ်ပြည် နတ်ဘဝ အထိ) အဝှမ်း ကျယ်ကြသည်။ မြန်မာ ဗုဒ္ဓဘာသာဝင်များ စိတ်တွင် ယခုဘဝမှာ ဆင်းရဲ ဒုက္ခ ကြုံရသော်လည်း နောင်ဘဝကျလျှင် သုခချမ်းသာကို ရရှိနိုင်သည်ဟု မျှော်လင့်ချက် များစွာ ထားတတ်ကြသည်။ သူတို့၏ ရည်မှန်းချက်မှာ သံသရာက ထွက်မြောက်ရေး မဟုတ်တော့ဘဲ သံသရာထဲမှာ နေရင်း သူတို့၏ ကံကြမ္မာကို အဆိုးမှ အကောင်း ဖြစ်အောင် ပြောင်းလဲရေး ဖြစ်သွားကြလေသည်။

နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာ (ထေရဝါဒ အစစ်) မှာ တဏှာကို ပယ်သတ်၍ ဘဝ ချုပ်ငြိမ်းအောင် ခန္ဓာ ဇာတ်သိမ်းအောင် အားထုတ်ရေး ဖြစ်သည်။ မြန်မာ ဗုဒ္ဓဘာသာဝင်များကမူ ထိုအမြင်နှင့် ဆန့်ကျင်သော အယူကို ယူကြသည်။ သူတို့က လောဘတဏှာကို ပယ်သတ်ခြင်းထက် လောဘတဏှာကို အလိုပြည့်အောင် ဖြည့်ဆည်းခြင်းကို ပိုပြီး နှစ်သက်ကြသည်။ ထေရဝါဒ ဘုရားဟော တရားက ဘဝ ချုပ်ငြိမ်းရေး၊ ခန္ဓာ ဇာတ်သိမ်းရေး ဖြစ်သော်လည်း မြန်မာ ဗုဒ္ဓဘာသာဝင်များ၏ စိတ်ထဲတွင် ဘဝ ကောင်းစားရေးကို ပို၍ လိုလားကြသည်။ ဘုရားဟော ဒေသနာ၌ အတ္တ ခိုင်မြဲသည် ဆိုသော သဿတဒိဋ္ဌိကို ပယ်သတ်ရန် သင်ကြားသော်လည်း မြန်မာ ဗုဒ္ဓဘာသာဝင် များကမူ ငါ လူလျှင် ငါရမှာပဲ၊ ယခုဘဝ ငါသည် နောင်ဘဝ အထိ ခိုင်မြဲစွာ ပါလာမည်ဟု ယူဆတတ်ကြသည်။ စပီရိုက ကံမြင် ဗုဒ္ဓဘာသာသည် သံသရာ ဒုက္ခကို ပယ်ဖျက်လိုသော်လည်း သံသရာ သုခကိုမူ ခံစားလိုသည်



www.burmeseclassic

www.burmeseclassic.com



ဟု ဆိုသည်။ သူ့စကား အတိုင်း ဖော်ပြချင်ပါသည်။

**What is desired in Kammatic Buddhism is the extinction of samsaric suffering, but not samsaric pleasure.** *

ခြုံ၍ ဆိုရလျှင် မြန်မာ ဗုဒ္ဓဘာသာဝင် အများစုသည် လောကုတ္တရာ ချမ်းသာကိုထက် လောကီချမ်းသာကို ပို၍ လိုလား နှစ်သက်ကြသည်။ ဘုရားက လောကုတ္တရာ ချမ်းသာကိုသာ ချမ်းသာစစ်ဟု ဟောသော်လည်း မြန်မာ ဗုဒ္ဓဘာသာဝင် ပုထုဇဉ် အများစုကမူ လောကီချမ်းသာကိုသာ ပို၍ အရေးတကြီး ကိစ္စအဖြစ် သဘောထားကြသည်။

ဤအချက်သည် လက်တွေ့အားဖြင့် မှန်ကန်ပါသည်။ အညာဒေသ တစ်ခုမှာ အကျွန်ုပ်က ဝိပဿနာ အလုပ်ပေး တရားစခန်း တစ်ခု ဖွင့်ပေးခဲ့ဖူးသည်။ ထိုအလုပ်ပေး တရားစခန်းသို့ တက်ရောက်ရန် စာရင်းပေးသွင်းထားကြသော တောင်သူများသည် တရားစခန်း ဖွင့်ခါနီး၌ ၎င်းတို့ ဒေသတွင် မိုးရွာလာသောကြောင့် ယာထွန်ရေး ကိစ္စသည် အရေးကြီးလာသည်။ ထိုအခါ ထိုလယ်သမားသည် လောကုတ္တရာ ချမ်းသာကို လောကီ ချမ်းသာဖြင့် ချက်ချင်း လဲပစ်ရန် ဝန်မလေးတော့ပေ။ တရားစခန်းဝင်နေသူ ဒကာ တစ်ဦးသည် သူ၏ စီးပွားရေး လုပ်ငန်းမှ အုတ်များကို ရန်ကုန်သို့ သယ်ရန် ရထားတွဲ ရသည် ဆိုသောအခါ တရားအားထုတ်မှု အလုပ်ကို ပစ်ချခဲ့ပြီးနောက် ရထားတွဲပေါ် ကုန်တင်ရေး ကိစ္စကို ဦးစားပေး စဉ်းစားလေတော့သည်။ အကျွန်ုပ် တွေ့ဖူးသမျှ မြန်မာ ဗုဒ္ဓဘာသာ အများစုသည် လောကီချမ်းသာ ရမည်ဆိုလျှင် လောကုတ္တရာ ချမ်းသာကို မျက်ကွယ်ပြုရန် လုံးဝ ဝန်မလေးတတ်ကြပါ။ လောကီချမ်းသာ လောက် လောကုတ္တရာ ချမ်းသာက အရေးမကြီးဟု သဘောထားခြင်း ဖြစ်ပါ လိမ့်မည်။ ဤကဲ့သို့ ဗုဒ္ဓဘာသာကို ဒေါက်တာ စပီရိုက သံသရာ လွတ်မြောက် ကြောင်း နီးသော အထောက်အပံ့ ကံကိုသာလျှင် အားကိုးသော ကမ္မ ဗုဒ္ဓဘာသာ ဟု သမုတ်ထားသည်။ (Kammatic Buddhism – A religion of Proximate Salvation)

ဤ ကမ္မဗုဒ္ဓဘာသာတွင် နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာက လက်ခံထားသော နိဗ္ဗာန် မဂ်ဖိုလ်ကိုမူ ပါးစပ်များက လိုလားသကဲ့သို့ နိဗ္ဗာန် မဂ်ဖိုလ်ကို ရက်တို တိုနှင့် ရပါလို၏ဟု ဆုတောင်းကြသော်လည်း ရင်ထဲကမူ သူ၏ ရည်မှန်းချက်

---

* **Buddhism and Society – E. Spiro – p 67**



www.burmeseclassic.com

www.burmeseclassic.com



မှာ ပြောင်းလဲထားပြီး ဖြစ်သည်။ ဤတွင် ကံနှင့် ပတ်သက်သော အမြင် ပြောင်းလဲသွားကြောင်းကို ဒေါက်တာ စပီရိုက ရှင်းပြသည်။ နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာသည် ဇာတိဒုက္ခကို ပယ်သတ်ရန် အတွက် ကံကို ဖြတ်ရသည်။ မျက်မှောက် ဘဝ၌ ဇာတိ ပဋိသန္ဓေ ရခြင်းသည် အတိတ်က ပြုခဲ့သော ကံ သတ္တိကြောင့် ဖြစ်ရသည်။ နောက်ဘဝ၌ ဇာတိ ပဋိသန္ဓေ နေရခြင်းမှာလည်း ယခု ဘဝ၌ ပြုသော (ကုသိုလ်၊ အကုသိုလ်) ကံကြောင့်ပင် ဖြစ်ရသည်။ ကမ္မဗုဒ္ဓဘာသာဝင်များက ကံကောင်းခြင်းကို လိုလားသည်။ နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာကမူ ကံပြတ်ခြင်းကို လိုလားသည်။ တစ်ခုနှင့် တစ်ခု မျဉ်းပြိုင်လို ဖြစ်နေသည်။ ကံမြင် ဗုဒ္ဓဘာသာက လောကီ ချမ်းသာကို အလိုရှိသည်။ နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာက တဏှာ၊ ဥပါဒါန်၊ ကံချုပ်သော လောကုတ္တရာ ချမ်းသာကိုသာ အလိုရှိသည်။

သံသရာ ဒုက္ခဆင်းရဲကို ဖော်ပြရာ၌ ဗုဒ္ဓဘာသာ၌ ကျရာဘုံတိုင်း၌ ခံစားရသော ဒုက္ခဆင်းရဲသည် အညီအမျှ မဟုတ်ပါ။ ငရဲ အထပ်ထပ်မှာ ခံစားရသော ဒုက္ခဆင်းရဲချင်းလည်း မတူ၊ ပြိတ္တာ ဆင်းရဲ၊ အသူရကာယ် ဆင်းရဲ၊ တိရစ္ဆာန် ဆင်းရဲ၊ လူဆင်းရဲ နတ်ဆင်းရဲချင်းလည်း မတူ၊ ကွဲပြားယောင် ရှိသည်။ ဘယ်ဘုံ ဘယ်ဘဝပဲ ဖြစ်ဖြစ် သတ္တဝါ မှန်က ဆင်းရဲဒုက္ခ မကင်းကြသည်ချည်း ဖြစ်သည်။ သို့သော် ကုသိုလ်ကံ၊ အကုသိုလ်ကံကို မူတည်၍ ဆင်းရဲခြင်းသည် အတိုင်းအတာအားဖြင့် ကွာခြားကြပြန်သည်။ ငရဲဒုက္ခနှင့် စာလျှင် တိရစ္ဆာန် ဒုက္ခက သက်သာသယောင်၊ တိရစ္ဆာန် ဒုက္ခနှင့် စာလျှင် လူ့ဒုက္ခက သက်သာသယောင်၊ လူ့ဒုက္ခနှင့် စာလျှင် နတ်ဒုက္ခက သက်သာသယောင် ရှိသည်။ ဒုက္ခခံရခြင်း၊ ဒုက္ခမကင်းခြင်း မှန်သော်လည်း ဒုက္ခခံရခြင်းမှာ ညီတူညီမျှ မဟုတ်သော သဘောကို ဆောင်သည်။ ကမ္မနိယာမအရ ကောင်းသော ကံသည် ကောင်းကျိုး ပေးသည်။ မကောင်းသော ကံသည် မကောင်းကျိုး ပေးသည်။ ပုညာဘိသင်္ခါရကြောင့် ဇာတိပဋိသန္ဓေ နေရသော်လည်း ထို ပဋိသန္ဓေက ဆင်းရဲ သက်သာသည်။ သုဂတိဘုံ သုဂတိဘဝကို ရသည်။ အပုညာဘိသင်္ခါရကမူ အပါယ်ဘဝ ဒုဂ္ဂတိ ဘဝမှာသာ ပဋိသန္ဓေ အကျိုးကို ပေးသည်။ ဘဝအလား ကောင်းမှု မကောင်းမှုသည် ကံပေါ်မှာသာ မူတည်နေသလို ဖြစ်နေသည်။ နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာ ရှုထောင့်က ကြည့်လျှင် ထို ချမ်းသာကား လောကီချမ်းသာ ဖြစ်သည်။ ချမ်းသာစစ် မဟုတ်ပေ။ လူဖြစ်ခြင်း နတ်ဖြစ်ခြင်းကို ချမ်းသာစစ်ဟု မှတ်ယူခြင်းသည် အမှတ်မှား၊ အသိမှား၊



www.burmeseclassic

www.burmeseclassic.com



အယူများ ဖြစ်သည်။ နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာ၏ ယုံကြည်ချက်မှာ သုံးဆယ့်တစ်ဘုံမှာ ဘယ်ဘုံမျှ မကောင်းပါ။ သံသရာထဲမှာ ချမ်းသာ ရှိနေသော နေရာ ဘယ်နေရာမှ မရှိဟု ရှုမြင်သည်။

သို့သော် ထေရဝါဒ ဗုဒ္ဓဘာသာဝင် အများစု (မြန်မာ ဗုဒ္ဓဘာသာဝင်များရော အခြား ဗုဒ္ဓဘာသာဝင်များကပါ) နိဗ္ဗာန်အမြင်နှင့် ကံအမြင် ကွဲပြားဆန့်ကျင်မှုကို ဖြေရှင်းဖို့ ကြိုးပမ်းရာ၌ နိဗ္ဗာန်အမြင်ကို ကံအမြင်သို့ ပြောင်းလဲဖို့ကိုသာ ဆောင်ရွက်ခဲ့ကြသည်ဟု စပီရိုက သုံးသပ်ထားသည်။ ထိုသို့ ဉာဏ်အမြင်ကို ကံအမြင်သို့ ပြောင်းလဲ ဖော်ဆောင်ကြရာ၌ နည်းဗျူဟာ နှစ်ခုကို အသုံးပြုခဲ့ကြသည်ဟု ဆိုသည်။

ဗျူဟာ တစ်ခုကို ကျင့်သုံးသူများက သံသရာထဲမှာပင် ဆက်နေပြီး လူချမ်းသာ နတ်ချမ်းသာ အဖြစ်သို့ ရောက်အောင် အားထုတ်လိုကြသည်။ ဘဝ ကောင်းစားရေး လူချမ်းသာ နတ်ချမ်းသာ ဖြစ်ရေးသည် (နိဗ္ဗာန် မရမီစပ်ကြား) ပထမ ဦးစားပေးရမည့် အလုပ် ဖြစ်သည်ဟု သူတို့ နားလည်ခံယူထားကြသည်။ လူ့စည်းစိမ် နတ်စည်းစိမ်ကို အကြိမ်ကြိမ် ခံစားပြီးမှ နောက်ဆုံး နိဗ္ဗာန်ကို ရချင်ကြသည်။ သူတို့သည် နိဗ္ဗာန်ကို ဆိုင်းထားလိုကြသည်။ ခု နိဗ္ဗာန် ရလျှင် ခု ယူမလား ဆိုပါက သူတို့သည် နိဗ္ဗာန်ကို ယူရန်အဆင်သင့် မရှိကြသူများ ဖြစ်သည်။

ဒုတိယ ဗျူဟာကို ကျင့်သုံးသော အုပ်စုသည် ပထမ အုပ်စုနှင့် ကွဲပြားခြားနားသည်။ ထိုသူများသည် နိဗ္ဗာန် ဆိုသော တရား၏ အဓိပ္ပာယ်ကို ဒုက္ခခပ်သိမ်း ကင်းငြိမ်းခြင်း သဘော မဟုတ်ဘဲ လိုအင်ဆန္ဒ အဝဝ ပြည့်စုံခြင်း၊ စည်းစိမ်ချမ်းသာ အမျိုးမျိုးကို ခံစားရခြင်း သဘော အဖြစ် နားလည်လိုကြသည်။ တခြား ဘာသာဝင်များ လက်ခံထားသော အမတ သုခ ကောင်းကင်ဘုံ (heaven) လိုမျိုး ဖြစ်သည်ဟု ယူဆသူများ ဖြစ်သည်။ လိုလေသေးမရှိ စည်းစိမ်ချမ်းသာ အပေါင်းနှင့် ခညောင်းပြည့်စုံသော အဖြစ်ကို သူတို့က နိဗ္ဗာန်၏ သဘော ဖြစ်သည်ဟု ယူဆကြသည်။ ထိုသူများ၏ အမြင်တွင် ထိုကဲ့သို့ စည်းစိမ်ချမ်းသာ ပြည့်ဝသော ဘဝ (ဘဝ ကောင်းစားရေး) ကို အလိုရှိလျှင် ကောင်းသော ကံကို ပြုရမည်။ ကုသိုလ်ကောင်းမှု အစုစုသည် ထိုကဲ့သို့ ချမ်းသာ သုခနှင့် ပြည့်စုံသော ဘဝကို ရအောင် အကျိုးပေးနိုင်သည်ဟု ယူဆကြဟန် တူသည်။



www.burmeseclassic

www.burmeseclassic.com



**ကံမြင် ဗုဒ္ဓဘာသာ ဖြစ်လာစေသော စိတ္တဗေဒ အခြေခံ**

ပါမောက္ခ စပီရိုသည် ထင်ရှားသော အမေရိကန် မနုဿဗေဒ ပညာရှင် တစ်ဦး ဖြစ်သည်။ သူက ဘာသာ အယူဝါဒ တစ်ခုကို ယုံကြည် ကိုးကွယ် ဆည်းကပ်သူများ ဘယ်ပုံဘယ်နည်း စိတ်သဘောထားဖြင့် လက်ခံ ကျင့်သုံး တတ်ကြသလဲ ဆိုသော အချက်ကို စိတ်ပညာ ရှုထောင့်က လေ့လာသည်။ ဘာသာ အယူဝါဒ တစ်ခုကို ခံယူ ကျင့်သုံးသော ဘာသာရေး ဇာတ်ကောင် တစ်ဦးသည် သူ ပါဝင် ကပြရမည့် ဇာတ်ဝင်ခန်းပါ စံထားချက်များကို ပြုပြင် ၍သော် လည်းကောင်း၊ သူ့အတွက် ပို၍ အဆင်ပြေသည် ထင်ရသော အခြား သော အယူအဆများကို လက်ခံ၍သော် လည်းကောင်း၊ အခြား အချက်အလက် များကို လက်မခံဘဲ ငြင်းပယ်၍သော် လည်းကောင်း ကိုးကွယ် ဆည်းကပ်တတ် ကြသည်ဟု လူတို့၏ ဘာသာ အယူဝါဒ တစ်ခုကို ခံယူ ကျင့်သုံးပုံ သဘော အမြင်ကို တင်ပြသည်။ ဤသို့ ပြုခြင်းကို ယုံကြည် ကိုးကွယ်သူ၏ စိတ္တဗေဒ အဆောက်အအုံက အဆုံးအဖြတ် ပေးသည်။ လောကကို ရှုမြင်သော ဘာသာ ရေး ဇာတ်ကောင်၏ အရှုအမြင်နှင့် ကိုက်ညီလျှင် ထိုဘာသာရေး အယူကို ထိုပုဂ္ဂိုလ် လက်ခံတတ်ပါသည်။ ဘာသာ တစ်ခု၏ မှန်ကန်မှုကို လက်ခံရာ၌ ဘာသာရေး ခံယူသူ၏ နောက်ကြောင်း အတွေ့အကြုံပေါ်မှာလည်း တည်သည်။ ဤအချက်သည် မြန်မာ ဗုဒ္ဓဘာသာဝင်များ ကမ္မ ဗုဒ္ဓဘာသာနှင့် အနိစ္စ သဘော ကို လက်ခံလာကြပုံ၌ ထင်ရှားပါသည်။ အကယ်၍ ဘာသာ အယူဝါဒ တစ်ခု သည် ဘာသာ ယုံကြည်ကိုးကွယ်သူ၏ အတွေ့အကြုံ၊ အတွေးအမြင်နှင့် အံဝင် ခွင်ကျ မရှိပါမူကား ထိုအယူအဆကို ငြင်းပယ်မည်သာ ဖြစ်သည်။ ဤတွင် အမျိုးမျိုးသော ပတ်ဝန်းကျင် ဖိအားပေးမှုကြောင့် ပါးစပ်ကသာ နိဗ္ဗာန် မဂ်ဖိုလ် ကို ရလိုပါ၏ဟု ဆိုစေကာမူ စိတ်ထဲက မပါဟု စပီရိုက ဆိုသည်။ ဤ သဘောသည် မြန်မာ ဗုဒ္ဓဘာသာဝင်များ ဒုက္ခသစ္စာနှင့် ပတ်သက်၍ အပြည့် အဝ လက်မခံခြင်း၌ ပေါ်လွင် ထင်ရှားပါသည်။ (လူ့ဘဝ လူ့ခန္ဓာ ရနေခြင်း သည် ဒုက္ခသစ္စာကို ရနေခြင်း ဖြစ်သည်ဟု ဘုရားက ဟော ဟော၊ ဆရာ တော်ကြီးများက ပြ ပြ မြန်မာ ဗုဒ္ဓဘာသာဝင် အများစု၏ စိတ်ထဲတွင် သူတို့ ရထားသော ဘဝ (ခန္ဓာ) သည် ဒုက္ခသစ္စာ ဖြစ်သည်ဟု မြင်လည်း မမြင်တတ်၊ ထင်လည်း မထင်တတ်ပါ။)

ဘာသာ အယူဝါဒ တစ်ခုကို လူအမျိုးမျိုးကို လိုက်၍ လက်ခံ ယုံ



www.burmeseclassic

www.burmeseclassic.com



ကြည်ပုံ ကွဲပြား ခြားနားရခြင်းမှာ လက်ခံ ယုံကြည်သူ ကိုးကွယ်သူ ဘာသာရေး ဇာတ်ကောင် (religious actor) ၏ စိတ်ပိုင်းဆိုင်ရာ စိတ်ထားသဘောထားပုံ စနစ်က ဆုံးဖြတ်သည်လည်း ရှိသည်။ ယုံကြည် ကိုးကွယ်ဆည်းကပ်သူ၏ စိတ်ကျေနပ်မှု အလိုဆန္ဒ ပြည့်ဝမှုနှင့်လည်း ဆိုင်သည်။ ယုံကြည် ကိုးကွယ်သူ၏ စိတ်အကြိုက်နှင့် ကိုက်ညီလျှင် ထိုယုံကြည် ကိုးကွယ်မှုကို ထိုသူ လက်ခံသည်။ သူ့စိတ် သဘောထားနှင့် မကိုက်ညီလျှင် ထိုအယူဝါဒကို သူ ငြင်းပယ်မည်သာ ဖြစ်၏။ ဤအချက်ကို မြန်မာ ဗုဒ္ဓဘာသာများ ကမ္မဗုဒ္ဓဘာသာဘက်သို့ ရွေ့လျောသွားမှုတွင်လည်း တွေ့ရသည်။ သူ၏ အတွေ့အကြုံ အတွေးအမြင်ထဲတွင် နိဗ္ဗာန်၏ သဘောကို သူ မမြင်တတ်။ ထို့ကြောင့် နိဗ္ဗာန် ရဖို့ထက် ကံကောင်း ထောက်မမှုကိုသာ သူ ပိုပြီး ကြိုက်နှစ်သက်သည်။ သာမန် ပုထုဇဉ် မြန်မာ ဗုဒ္ဓဘာသာဝင် အများစု၏ စိတ်သဘောထားကို ဆိုလိုသည်။

မြန်မာ ဗုဒ္ဓဘာသာဝင် အများစုကို မေးကြည့်ပါ။ နိဗ္ဗာန်ကို ကြိုက်သလား၊ ကံကောင်းခြင်းကို ကြိုက်သလားဟု မေးပါက အရပ်က ကဲ့ရဲ့မည်၊ သံဃာတော်များက အပြစ်တင်မည်ကို စိုး၍သာ နိဗ္ဗာန်ကို ကြိုက်ပါသည်ဟု ဆိုချင် ဆိုမည်၊ သူ့စိတ်ထဲကမူ ကံကောင်းခြင်းကိုသာ မျှော်လင့်နေပေမည်။ ဘယ်အချိန် နိဗ္ဗာန်ရမလဲဟု သူ့စိတ်မှာ ကြောင့်ကြမထားပါ။ ဘယ်အချိန်ကျမှ ကံကောင်းမလဲဟုသာ ကံကို အမျှော်ကြီး မျှော်နေမည် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ ပေါ်ဦးစက ဗုဒ္ဓဘာသာကို ဖော်ထုတ်သူ မြတ်ဗုဒ္ဓရော၊ ရှေးဦးမဟာထေရ် သံဃာတော်များပါ အထက်တန်းစား မင်းညီမင်းသားများ ဖြစ်ကြသောကြောင့် သူတို့သည် ဗုဒ္ဓဘာသာ၏ နိဗ္ဗာန် စံထားမှုကို အပြည့်အဝ လက်ခံ၍ လိုက်နာ ကျင့်သုံးခဲ့ကြသည်မှာ ထင်ရှားသည်။ သူတို့သည် ဘဝကောင်းစားခြင်းကို စွန့်ပယ်ခဲ့ပြီးကြရကား ဘဝကောင်းခြင်းကို လုံးဝ စိတ်ကူးထဲ ထည့်မည် မဟုတ်ပါ။ သံသရာ ဝဋ်ကျွတ်ဖို့ ဘဝ ခန္ဓာ ပြတ်စဲဖို့ အရေးကိုသာ ထို ရှေးကနဦး ဗုဒ္ဓဘာသာဝင်များ အရေးထားခဲ့ကြကြောင်း ထင်ရှားပါသည်။ ကနဦး ဗုဒ္ဓဘာသာသည် အခွင့်ထူးခံ လူ့အထက်တန်းစား ဘဝ အခြေမြင့်သူများ ကြားထဲက ပေါ်ထွန်းလာသော ဘာသာ အယူဝါဒ ဖြစ်သည်။ ထို့ကြောင့် ကနဦး ဗုဒ္ဓဘာသာဝင်များသည် ဘဝ ပြတ်စဲရေးကိုသာ အရေးထားသော ဉာဏ်လမ်းပေါ်မှာ တည့်တည့် လျှောက်ခဲ့ကြသည်။ လူ့ဘဝ၏ အမြင့်ဆုံး ပုဂ္ဂိုလ်ရေး စံတန်ဖိုးမှာ ရဟန္တာ ဖြစ်ရေး ဖြစ်သည်။ နိဗ္ဗာန်



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂိုလ် ရရှိရေး ဖြစ်သည်။

နောင်အခါ၌မူ ဗုဒ္ဓဘာသာသည် လူထု လူတန်းစားများ ကိုးကွယ်သော ဘာသာ ဖြစ်လာသည်။ ထိုအခါ သပိတ်ကို လွယ်ပြီး သလုံးမြင်းခေါင်းကို မှီ၍ လှည့်လည် ဆွမ်းခံစားရသော ရဟန်း အဖြစ်သည် ဆင်းရဲသား အနိမ့်ခံ လူတန်းစားများ အားကျစရာ ပြယုဂ် မဟုတ်တော့ပါ။ ထိုဆင်းရဲနွမ်းပြား လူတန်းစားကမူ ယခုဘဝ မချမ်းသာလည်း နောက်ဘဝမှာ စည်းစိမ် ချမ်းသာရဖို့ကိုသာ မျှော်လင့်ချက် ထား၍ တောင်းဆိုကြမည် ဖြစ်ပါသည်။

မြန်မာ ဗုဒ္ဓဘာသာဝင် အများစုသည် ယခုဘဝတွင် ဆင်းရဲဒုက္ခ ရောက်ရခြင်းမှာ လောဘ တဏှာကြောင့် ဖြစ်သည်ဟု မယူဆဘဲ လိုချင်တိုင်း မရ၍ အလိုမပြည့်ဝ၍သာ ဆင်းရဲရခြင်း ဖြစ်သည်ဟု ယူဆကြသည်။ အလိုရှိတိုင်း ဆန္ဒ ပြည့်ဝနေလျှင် ဘာ ဆင်းရဲစရာ လိုမလဲဟု ထင်တတ်ကြသည်။ ဤအချက်က ဆင်းရဲငြိမ်းခြင်း ဖြစ်ရန်မှာ လောဘတဏှာကို ပယ်သတ်ရန် မလို၊ လောဘတဏှာကို အလိုဆန္ဒ ပြည့်အောင် လုပ်နိုင်ဖို့သာ လိုသည် ဆိုသောကံ အမြင်ဘက်သို့ ပြောင်းရွေ့သွားတော့သည်။ အငတ်အားနှင့် ကြုံတွေ့ရပြီး အားကိုးရာမဲ့ ဘဝ အခြေအနေ၌ မနေရသေးသမျှ ကာလပတ်လုံး ထို ပုထုဇဉ်၏ စိတ်ထဲတွင် ဝတ္ထုအာရုံ ကာမဂုဏ် လောက (လောကီရေး) ကို စွန့်ပယ်ခြင်းကို အဓိပ္ပာယ် မရှိဟု ယူဆမည်သာ ဖြစ်သည်။ ထိုကဲ့သို့ သစ္စာဉာဏ်မရှိဘဲ ကံကိုသာ အားကိုးရာ အဖြစ် ရှုမြင်သူ ပုထုဇဉ်၏ အမြင်တွင် တစ်ဘဝပြီး တစ်ဘဝ ပဋိသန္ဓေ တည်နေ မွေးဖွားရသည် ဆိုသော အမြင်ကို လက်ခံသော်လည်း ဘဝ ပြတ်စဲခြင်းကိုမူ သူ မနှစ်သက်ပေ။ ယခုဘဝမှာ ဆင်းရဲသော်လည်း နောင်ဘဝမှာ သူ ချမ်းသာနိုင်သည်ဟု သူ ယုံကြည် မျှော်လင့်ထားဆဲ ဖြစ်၏။ အဘယ်ကြောင့် သူ မနှစ်သက်သနည်း ဆိုလျှင် နောင်ဘဝမှာ ချမ်းသာနိုင်သည် ဆိုသော သူ၏ မျှော်လင့်ထားသော အခွင့်အရေး ဆုံးရှုံးသွားမည်ဟု ယူဆသောကြောင့် ဖြစ်၏။ ပုထုဇဉ်သည် ဘဝ လွတ်မြောက်မှု သံသရာ ဝဋ်ကျွတ်ခြင်း သဘောကို ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခြင်း သဘောဟု နားမလည်နိုင်ဘဲ ချမ်းသာသုခ အပေါင်း ခညောင်း ပြည့်စုံခြင်း သဘော အဖြစ် ရှုမြင်လေ့ ရှိသည်။

နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာက သဗ္ဗေသင်္ခါရာ အနိစ္စာဟု ရှုမြင်သည်ကို ပုထုဇဉ်က တခြား အရာများသာ မမြဲဟု ယူဆပြီး အတ္တ ငါကိုယ်ကား ခိုင်သည် မြဲသည် ဟူသော သဿတဒိဋ္ဌိစွဲ သန်ကြကြောင်းကိုလည်း စပီရိက



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပြသည်။ မြန်မာ အများစု၏ စိတ်ထဲတွင် နောင်ဘဝ၌ ချမ်းသာသုခ များစွာကို (ယခုဘဝမှာ မိမိ ကုသိုလ်ကောင်းမှု ပြုလျှင်) မိမိပင် ခံစားရမည်ဟု မျှော်လင့်ထားကြသည်။ လူအများ၏ စိတ်သဘောထားနှင့် ဘုရားဟောမှာ တခြားစီ ဖြစ်၏။ နိဗ္ဗာန်မြင် ထေရဝါဒ ဗုဒ္ဓဘာသာက သမုဒယ တဏှာကြောင့် ဒုက္ခ ဖြစ်ရသည်။ ဒုက္ခ ချုပ်ငြိမ်းအောင် တဏှာလောဘကို ပယ်သတ်ရမည်ဟု ဟောသော်လည်း မြန်မာ ဗုဒ္ဓဘာသာဝင်များ၏ စိတ်ထဲတွင်မူ လောဘတဏှာ ကြောင့် ဒုက္ခဆင်းရဲ ရောက်ရတာ မဟုတ်ဘဲ လိုချင်ဆန္ဒ မပြည့်ဝ၍သာ ဒုက္ခ ဆင်းရဲ ရောက်ရသည်ဟု ထင်မြင် ယူဆထားကြကြောင်း သူက ဖော်ပြသည်။ ထေရဝါဒ ဗုဒ္ဓဘာသာကမူ နိဗ္ဗာန်မဂ်ဖိုလ်ကိုသာ အမြတ်ဆုံး တန်ဖိုးထား သော်လည်း မြန်မာ ဗုဒ္ဓဘာသာ အများ၏ စိတ်ထဲတွင် ဘဝ ကောင်းစားမည် ဆိုလျှင် သံသရာထဲမှာပင် ကျင်လည်ချင်သေးသော သဘောထားကို စွန့်လွှတ် လိုစိတ် မရှိပါ။

ဤသည်မှာ မြန်မာ ဗုဒ္ဓဘာသာဝင်တို့၏ စိတ်ထဲတွင် ဘဝ ပန်းတိုင်နှင့် ပတ်သက်သော အမြင် အယူအဆ ရွေ့ပြောင်းလာခြင်း သဘောကို ဖော်ပြခြင်း ဖြစ်ပါသည်။ နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာမှ မြန်မာ ဗုဒ္ဓဘာသာဝင်များသည် ကံမြင် ဗုဒ္ဓဘာသာသို့ ရွေ့လျောလာပုံကို ဖော်ပြခြင်း ဖြစ်ပါသည်။ မြန်မာ ဗုဒ္ဓဘာသာဝင်များ စိတ်ထဲတွင် လောကုတ္တရာ ချမ်းသာထက် လောကီချမ်းသာကို ပို၍ နှစ်သက်လာခြင်း အပြောင်းအလဲကို မြင်သာအောင် ပြခြင်း ဖြစ်၏။

## ဒုက္ခနှင့် စပ်သော အမြင် ပြောင်းလဲလာခြင်း

နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာသည် ပဌမ အရိယာ သစ္စာဉာဏ် (ဒုက္ခသစ္စာ) ပေါ်မှာ အခြေခံထားသည်။ သုံးဆယ့်တစ်ဘုံမှာ ဖြစ်ဖြစ်သမျှ သတ္တဝါ အနန္တတို့၏ ဖြစ်ရာ ဘဝဝယ် ဒုက္ခသစ္စာသာလျှင် အမှန်ရှိသည်။ ထို့ကြောင့် နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာ၏ တစ်စိတ်တည်း ထားအပ်သော ဘဝပန်းတိုင်သည် သံသရာ ဘဝ အားလုံး ချုပ်ဆုံးရေးပင် ဖြစ်သည်။ လောကီအာရုံ ကာမဂုဏ် ချမ်းသာ အားလုံး ဒုက္ခသစ္စာမှာသာ အဆုံးသတ်ရသည်။ ကာမဂုဏ် ချမ်းသာ အတွက် ဒုက္ခဖြင့်သာ ပေးဆပ်ကြရသည်။ ထို့ကြောင့် ဉာဏ် ရှိသော သတိသမ္ပဇဉ် ရှိသော သူတို့ကမူ လောကီအာရုံ ကာမဂုဏ်တို့၌ မကပ်ငြိလိုသော သဘောထား ရှိကြသည်။ ထိုသို့ ကိလေသာတို့၌ မကပ်ငြိခြင်းသည် ဒုက္ခကို ရှောင်ရှားရန်

www.burmeseclassic.com


အတွက် ဖြစ်၏။ သို့ရာတွင် ဤ သဘောထားမျိုးသည် ပရိယတ္တိ ပဋိပတ္တိ လုပ်ငန်း၌ ကျွမ်းကျင် လိမ္မာသူ ပညာရှိများ ဉာဏ်ရှိသူများမှာသာ ရှိကြခြင်း ဖြစ်၏။ သာမန် အရပ်သား မြန်မာ ဗုဒ္ဓဘာသာများမှာမူကား လောကီလူ့ဘောင် ထဲက ကိလေသာအာရုံ ကာမဂုဏ်များကို ခံစား စံစားလိုကြသည်သာ များပါ သည်။

ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အမျှ တိုးတက်လာသော ခေတ်၊ ဝတ္ထုအာရုံ ကာမဂုဏ် များပြားသော ခေတ်တွင် မြန်မာ ဗုဒ္ဓဘာသာဝင်များ မှာလည်း တိုက်ကြီးကြီးနှင့် နေချင်သူ၊ အဖိုးတန် ကားကောင်းကောင်း စီးချင် သူ၊ တီဗီ ရေခဲသေတ္တာ စသည် စည်းစိမ်ခံစရာ အမျိုးမျိုးကို အပြည့်အဝ ခံစား စံစားချင်ကြသည်။ အစားကောင်း စားချင်သည်။ အဖိုးတန် ဝတ်ကောင်း စားလှကို ဝတ်ချင်သည်။ မြန်မာ ဗုဒ္ဓဘာသာဝင်များကို ကိလေသာ အာရုံ ကာမဂုဏ် တရားများကို ဘုရားက ဟောသလို စွန့်မှသာ သံသရာက ထွက် မြောက်နိုင်မှာပေါ့ဟု ဆိုလျှင် ကျုပ်တို့က အဲသလောက် ပါရမီက မရင့်သေး ပါဘူးဟု ဖြေတတ်ကြပုံကိုလည်း ပါမောက္ခ စပီရိုက လေ့လာ တင်ပြသည်။ ပုထုဇဉ်ပီပီ သူတို့သည် မယားကိုလည်း ခင်သည်။ သားသမီးကိုလည်း ခင်သည်။ ပစ္စည်းဥစ္စာကိုလည်း ခင်တာပဲဟု ဆိုသည်။ ဤအရာများသည် ဒုက္ခဖြစ်ကြောင်း တရားများ ဖြစ်သည် ဆိုသည်ကိုလည်း မြန်မာ ဗုဒ္ဓဘာသာဝင်များ မသိကြ သည် မဟုတ်၊ သိပြီး ဖြစ်ကြပါသည်။ သို့သော် ထိုအရာများက ပေးသော စည်းစိမ်းချမ်းသာကိုမူ မခံစားဘဲ သူတို့ မနေနိုင်ကြသည်ကို တွေ့ရသည်။

ကျေးလက်ဒေသများရှိ အဘိဓမ္မာ ဆရာကြီးများ၊ လူပြန်တော် ပညာရှိ ဆိုသူများမှာပင် ထိုသဘောထားမျိုး ရှိကြပေရာ သာမန် အရပ်သား ပုထုဇဉ် များ အဖို့မူ ဆိုဖွယ်ရာပင် မရှိတော့ပါ။

မြန်မာ ဗုဒ္ဓဘာသာဝင် မှန်သမျှသည် ဒုက္ခ ဆိုသော စကား၏ အနက် အဓိပ္ပာယ်ကို သိနားလည်ပြီး ဖြစ်ကြပါသည်။ ဒုက္ခ ဆိုသော စကားသည် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တိုင်း၏ နှုတ်ဖျားမှာ ရေပန်းစားသော စကားလုံး တစ်ခု ဖြစ်ပါသည်။ တစ်နေ့ တစ်နေ့မှာ ဒုက္ခ ဆိုသော စကားကို နေရာတိုင်းမှာ အကြိမ်များစွာ ကြားကြရပါသည်။ သို့ရာတွင် ဘဝထဲမှာ ဒုက္ခ ရှိသည် ဆို သော သဘောကို နားလည်ခြင်းက တခြား၊ ဘဝ (ဘယ်ဘဝဖြစ်ဖြစ်) ဆိုတာ ကိုယ်နှိုက် ဒုက္ခပဲ ဆိုသည်ကို သဘောတူပုံက တခြား ဖြစ်နေလေသည်။ ဘဝသည် ဒုက္ခ ဖြစ်သည်၊ ခန္ဓာ ရတာ ဒုက္ခပဲ ဆိုသည်ကို မြန်မာ လူမျိုး

www.burmeseclassic.com


တစ်ဦး ယုံရန် ခက်သည်။ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာလျှင်၊ အစားကောင်း စားပြီး အဝတ်ကောင်း ဝတ်ပြီး ပွဲလမ်းသဘင်မှာ ဝင်ဆံ့သူ ဖြစ်လျှင် သုခပဲဟု ယုံကြည်သူက များသည်။ ထိုသို့နေရလျှင် ဘာဒုက္ခ ရှိသလဲဟု ယူဆသူက များသည်။ မြန်မာ ဗုဒ္ဓဘာသာဝင်များ၏ အမြင်တွင် ဒုက္ခသည် အဆင့်ဆင့် ရှိနေသည်။ ပစ္စည်းဥစ္စာ မရှိသော သူဆင်းရဲထက် ကြွယ်ဝ ချမ်းသာသူမှာ ဒုက္ခ နည်းသည်။ သူကြွယ်ထက် နတ်သား နတ်သမီးက ဒုက္ခ နည်းသည်ဟု နားလည်ကြသည်။ ဘယ်ဘဝပဲ ဖြစ်ဖြစ် ဒုက္ခ မကင်းဘူး ဆိုသည်ကို မငြင်း သော်လည်း စည်းစိမ် ဥစ္စာ များသော သူ၏ ဘဝ ဆင်းရဲက စည်းစိမ်ဥစ္စာ မဲ့သူ၏ ဘဝ ဆင်းရဲထက် အပုံကြီး သက်သာသည်ဟု ရှုမြင်ကြသည်။ မြန်မာ ဗုဒ္ဓဘာသာဝင် အတော်များများကို ဒေါက်တာ စပီရိုက နမူနာစာရင်း ကောက် ယူပြီး သုတေသန လုပ်ကြည့်သောအခါ လူတိုင်းလိုလိုပင် နောက်ဘဝမှာ လူ ချမ်းသာ အဖြစ် မွေးဖွားရမည် ဆိုပါက ထို လူချမ်းသာ အဖြစ်ဖြင့် လူပြန် ဖြစ်ချင်သူတွေကသာ များပြားနေကြောင်း တွေ့ရသည်။ ဖြစ်နိုင်မည်ဆိုလျှင် ရူပဘုံတွင် နတ်ဖြစ်ချင်သူလည်း များပါသည်။ ဗုဒ္ဓဘာသာ အယူဝါဒမှာ ဘယ် ဘုံဌာန ဘယ်ဘဝမှ ခိုင်မြဲခြင်း မရှိ၊ အားလုံး အနိစ္စချည်းသာ ဖြစ်သည် ဆို စေကာမူ မမြဲခြင်း အတူတူ လူဖြစ်ခြင်းထက် နတ်ဖြစ်ရတာ သာသည်။ နတ် ဖြစ်ချင်သော ဆန္ဒက များကြသည်။ နတ်ဘဝက ပိုပြီး စည်းစိမ်ချမ်းသာ များသည်ဟု ယူဆကြသောကြောင့် ဖြစ်သည်။ ရဟန်း တစ်ပါးက သူ့ကို 'အမေရိကန် ရပ်ရှင်ထဲက ကာမဂုဏ် ချမ်းသာ ဆိုတာ နတ်ပြည်က ချမ်းသာနှင့် နှိုင်းစာရင် မပြောပလောက်ဘူး' ဟု ပြောဖူးသည် ဆို၏။ အများအားဖြင့် မြန်မာ လူမျိုးများသည် ဘဝတိုင်း ဒုက္ခ ရောက်နေရတာဟု ဆိုခြင်းကို မယုံကြည် လိုကြပေ။ လိုတာ မရမှသာ ဆန္ဒ မပြည့်ဝလို့ ဆင်းရဲရတာ၊ လိုအင်ဆန္ဒ ရှိ သမျှ ပြည့်စုံစွာ ခံစားနေရသောသူမှာ ဘာဒုက္ခမှ မရှိဘူးဟု လူပြိန်းသိ သိနေ ကြလေသည်။ သူတို့မှာ ထိုအမြင်မျိုး ရှိနေသည်ကို ဖိနှိပ် ပြောဆိုပါက သူတို့ သည် ပုထုဇဉ်သာ ဖြစ်ကြောင်း ပြောတတ်ကြသည်။ ပုထုဇဉ်မှာ ပုထုဇဉ် အမြင်ပဲ ရှိမှာပေါ့ဟု ဆိုတတ်ကြလေသည်။ ထိုသူတို့အား ဉာဏ်ပညာ ရှိသူ ရဟန်းရှင်လူတို့က ဗုဒ္ဓဘာသာ၏ သစ္စာဉာဏ် အမြင်ကို ရအောင် ပြောဆို သဖြင့် နားလည် သဘောပေါက်ကြလျှင် ထိုသူတို့သည် ဒုက္ခသစ္စာ သဘောကို အသိအမှတ်ပြုရန် ဝန်မလေးကြပေ။ မြန်မာ ဗုဒ္ဓဘာသာဝင်တွေထဲမှာ စည်းစိမ် ဥစ္စာ ပေါများလျှင် ဒုက္ခ ဆင်းရဲခြင်းမှ လွတ်ကင်းနိုင်သည် ဆိုသော အမြင်ကို

www.burmeseclassic.com



လက်ခံထားကြရုံမျှမက မော်ဝိဇ္ဇာ ဂန္ဓာရီ အတတ်ပညာဖြင့် တန်ခိုး သိဒ္ဓိ ရှိလျှင်လည်း ဆင်းရဲခြင်း လွတ်ကင်းအောင် ပြုလုပ်နိုင်သည် ဟူသော အစွဲအလမ်းမျိုး လူတွေမှာရော ရဟန်းသံဃာများထဲမှာပါ ရှိကြကြောင်းကိုလည်း စပီရို လေ့လာ တင်ပြထားသည်။ ဝိဇ္ဇာမိုရ် အတတ်ဖြင့် အသက်ကို ကြာရှည်ရှင်သန်နေနိုင်အောင် လုပ်ရန် ကြိုးပမ်းမှုများလည်း ရှိသည်။ ထို ဝိဇ္ဇာမိုရ် အတတ်ဖြင့် အသက်ရှည်အောင် အားထုတ်နေကြသူများသည် သာသနာတော် အနှစ် ငါးထောင်မှာ ကျရောက်မည့် မြတ်ဗုဒ္ဓ၏ ရောင်တော်ပြန်ပွဲကို ဆင်နွှဲနိုင်ရန် ဖြစ်သည် ဆိုသော မြန်မာ ဗုဒ္ဓဘာသာ ဝိဇ္ဇာဂိုဏ်းသားများ၏ ယုံကြည်ချက်ကိုလည်း စပီရိုက ဖော်ပြထားလေသည်။

ကံမြင် ဗုဒ္ဓဘာသာမှာ သံသရာကို ဒုက္ခသစ္စာချည်း သက်သက်သာ ဖြစ်သည်ဟု မယူဘဲ သံသရာထဲမှာပင် ဒုက္ခခံ ဘဝ ရှိသလို သုခ ခံစားရသော ဘဝလည်း ရှိသည်ဟု ယုံကြည်နေကြသည်။ ထိုသူများ၏ စိတ်ထဲတွင် တဏှာလောဘကြောင့် ဒုက္ခ ဖြစ်ရတာ မဟုတ်၊ လိုအင်ဆန္ဒ မပြည့်ဝလို့ ဒုက္ခ ဖြစ်ရတာဟု နားလည်ထားကြသည်။ ထို့ကြောင့် ထိုကံမြင် မြန်မာ ဗုဒ္ဓဘာသာဝင်များ စိတ်ထဲတွင် ဒုက္ခဆင်းရဲ (သံသရာ ဆင်းရဲ) မှ လွတ်မြောက်မှုသည် လောဘတဏှာ (လိုအင်ဆန္ဒ) များကို ပယ်သတ်ခြင်း မဟုတ်ဘဲ လိုအင်ဆန္ဒ အဝဝ ပြည့်စုံသော နောင်ဘဝ၌ သုဂတိ ခန္ဓာကို ရရှိရေးပင် ဖြစ်သည်ဟု ထင်မြင်ယူဆထားကြဟန် တူသည်။ လိုအင်ဆန္ဒ အဝဝ ပြည့်စုံနိုင်သော ဘဝ ကောင်းစားခြင်းကို ရရှိနိုင်ရန်မှာ ကံကို ပယ်သတ်ရန် မဟုတ်ဘဲ ကုသိုလ်ကံကို တိုးပွားအောင် ပြုလုပ်ခြင်းပင် ဖြစ်နေလေသည်။

သာမန် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများကို စပီရိုက သူတို့ ဆင်းရဲဒုက္ခ ရောက်ရခြင်း အကြောင်းဟာ ဘာဖြစ်မယ် ထင်သလဲဟု လိုက်လံ မေးမြန်းသောအခါ လောဘ တဏှာကြောင့် သူတို့ ဒုက္ခ ရောက်ကြရတာပါဟု ဘယ်သူမှ မဖြေဘဲ နတ်မိစ္ဆာတွေကြောင့် ဒုက္ခရောက်တာ၊ ကံမကောင်းလို့ ဒုက္ခရောက်တာ၊ ကောက်ပဲသီးနှံ ပျက်စီးလို့ ဒုက္ခရောက်တာ စသည်အားဖြင့် ဗဟိဒ္ဓ ကိစ္စများကိုသာ ယိုးမယ်ဖွဲ့တတ်ကြသည်။ ထိုအကြောင်းများ အားလုံးကို 'ကံဆိုးခြင်း' ဟု သတ်မှတ်ကြပြီး ကံမကောင်းဘူး ဆင်းရဲတယ်ဟု ကံကိုသာ ယိုးမယ်ဖွဲ့ကြသည်။ သို့ဆိုလျှင် ဒုက္ခက လွတ်မြောက်အောင် ဘယ်လိုလုပ်သင့်သလဲဟု မေးသောအခါ မြန်မာ ဗုဒ္ဓဘာသာဝင်များ အားလုံးက တညီတညွတ်တည်း အဖြေပေးတတ်ကြသည်မှာ ကံကောင်းအောင် လုပ်ရမှာပေါ့ဟု

www.burmeseclassic.com



ဆိုကြသည်။ ကံကောင်းအောင် ပုတီးစိပ်ရမည်၊ အဓိဋ္ဌာန် သက်သတ်လွတ် စားရမည်၊ ဒါနကောင်းမှု ကုသိုလ်ပြုရမည်၊ ဘုရား ရှိခိုးရမည်ဟု နားလည် နေကြသည်။

ထေရဝါဒ စစ်စစ် နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာက သံသရာထဲမှာ ဇာတိ ထပ်ပြန် ဖြစ်နေရခြင်းသည် ဆင်းရဲခြင်း အမှန် ဖြစ်သည်။ သံသရာထဲက ထွက်မြောက်နိုင်မှသာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းသော နိဗ္ဗာန်ရမှ လွတ်မြောက်နိုင် သည်ဟု ဟောကြားထားသော်လည်း ကံမြင် ဗုဒ္ဓဘာသာဝင် အများစုကမူ သံသရာတွင်းမှာပင် သုခ ပြည့်စုံသော သုဂတိ ဘဝကို ရအောင် လုပ်ခြင်းဖြင့် ဆင်းရဲခြင်း ဒုက္ခမှ လွတ်မြောက်နိုင်သည်ဟု ထင်မြင် ယူဆသည်။ သူတို့သည် ဉာဏ်ကိုထက် ကံကို ပိုပြီး အားထားကြသည်။ ကံကောင်း ထောက်မ၍ နောက်ဘဝ၌ သုဂတိခန္ဓာ၊ လူချမ်းသာ နတ်ချမ်းသာ ဖြစ်လျှင် (ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ ပြည့်စုံလျှင်) လည်း ဘဝချမ်းသာကို ရနိုင်သည်ဟု သဘော ထားတတ်ကြသည်။

**နိဗ္ဗာန်အမြင် ပြောင်းရွှေ့သွားခြင်း**

နိဗ္ဗာန် ဆိုသော စကားသည် မြန်မာ ဗုဒ္ဓဘာသာတို့၏ အမြင်တွင် နားလည်ရ ခက်သော အယူအဆ တစ်ခု ဖြစ်နေသည်။ သံသရာ ဘဝ အားလုံး ပြတ်စဲ သွားမှသာ နိဗ္ဗာန်ကို ရရှိနိုင်သည် ဆိုသော အချက်ကို အနတ္တ သဘောတရား ကို နားမလည်သူ၊ ပဋိစ္စသမုပ္ပာဒ် တရား၌ မလိမ္မာသူတို့သည် နားလည်ရ ခက်လှသည်။ ငါမရှိလျှင် နိဗ္ဗာန်ကို ဘယ်သူ ခံစားမလဲ၊ ဖြစ်တည်ခြင်း မရှိ ဘဲနှင့် နိဗ္ဗာန်ကို ဘယ်လို သိနိုင်မလဲဟု မျက်စိလည်နေတတ်ကြသည်။ နိဗ္ဗာန် မြင် ဗုဒ္ဓဘာသာမှာ သံသရာ ဘဝ အားလုံး ချုပ်ဆုံးသွားခြင်းကို လိုလားသည်။ သံသရာ ဘဝထဲမှာ ဇာတိ ဇရာ မရဏ ရှိနေသမျှ ဒုက္ခနှင့် ခွဲခွာ၍ မရပေ။ ခန္ဓာဆုံးမှ (ဘဝ ဆိတ်သုဉ်းမှ) သာ ဒုက္ခ ချုပ်ငြိမ်းမည် ဖြစ်၍ ဘဝ ဆိတ်သုဉ်း ခြင်းကို လိုလားခြင်း ဖြစ်သည်။ ဤကား ဉာဏ်အမြင်ရှိမှ နားလည်နိုင်သော သဘောဖြစ်၏။ အကယ်၍ သံသရာအတွင်း ဘဝအိုးအိမ် အကြိမ်ကြိမ် ဆောက် တည် ကျင်လည်နေဆဲမှာပင် သုခချမ်းသာ ဝန်းရံသော ဘဝ တစ်စုံတစ်ရာ ရှိခဲ့ပါလျှင် ဘာမှ ခံစားရခြင်း မရှိသော နိဗ္ဗာန်ကိုထက် မြန်မာ ဗုဒ္ဓဘာသာဝင် များ စိတ်ထဲတွင် သံသရာထဲမှာ ချမ်းသာသုခ ခံစားရခြင်းကို ပိုပြီး လိုလား ကြသည်။ ဤတွင် မြန်မာ ဗုဒ္ဓဘာသာဝင်များ လက်ခံထားသော နိဗ္ဗာန်



www.burmeseclassic

www.burmeseclassic.com



အမြင်သည် နှစ်မျိုး ဖြစ်နေသည်ဟု စပီရိက ရှင်းပြထားသည်။

တစ်မျိုးမှာ နိဗ္ဗာန်မှာ ဘာဆို ဘာမှ မရှိ အလုံးစုံ ဆိတ်သုဉ်းခြင်း သဘော ဖြစ်သည်ဟု ရှုမြင်သူများ (ဉာဏ်အမြင် မရှိသူများ) သည် အလုံးစုံ ဆိတ်သုဉ်းခြင်း သဘော၊ နိဗ္ဗာန်ကို လိုလားအပ်သော ဘဝ ပန်းတိုင် အဖြစ် လက်မခံလိုကြပေ။

နောက်တစ်မျိုးက နိဗ္ဗာန်ကိုကား လိုချင်ကြသည်။ သို့သော် နိဗ္ဗာန်၏ သဘောကို သူတို့က ချမ်းသာသုခ မျိုးစုံ ခံစားရသော ဘုံဌာနဟု ထင်ပြီး လိုချင်ကြခြင်း ဖြစ်သည်။ နိဗ္ဗာန်သည် အိုခြင်း နာခြင်း သေခြင်း ကင်းသော အဖြစ်ဟု ဆိုသော စကားကို ပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းသော အနတ္တသဘော ဖြင့် မြန်မာ ဗုဒ္ဓဘာသာဝင် အများစု၏ စိတ်ထဲတွင် နားလည် သဘောပေါက် နိုင်ခြင်း မရှိချေ။ အိုခြင်း နာခြင်း သေခြင်း ကင်းသော အမတ နိဗ္ဗာန်သည် ရောက်သွားသူတို့အဖို့ သေခြင်းကင်းပြီး ထာဝရ အသက်ရှင် နေထိုင်ပြီး ချမ်းသာ သုခ များစွာကို ခံစား စံစားနေရသော ဘုံဌာန (Superheaven) နတ်ဘုံနတ်နန်း တို့ထက် လွန်ကဲသော ဘုံနန်းကြီး တစ်ခု အဖြစ်ဖြင့်သာ ရှုမြင်ကြခြင်း ဖြစ် သည်။ အထူးသဖြင့် ဤအမြင်ကို မဟာယာန ဗုဒ္ဓဘာသာဝင်များ နားလည် လက်ခံကြသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များထဲမှာလည်း ဘဝ ဆိတ်သုဉ်း ခြင်းကို နိဗ္ဗာန်ဟု ဆိုလျှင် ထို နိဗ္ဗာန်ကို လိုချင်သူ ရှားပါသည်။ (ဉာဏ်အဆင့် မြင့် လူပုဂ္ဂိုလ်များနှင့် ပရိယတ်၊ ပဋိပတ် ကျွမ်းကျင်သော သံဃာတော်များ လောက်သာ ခန္ဓာ ဆိတ်သုဉ်းခြင်း၏ တန်ဖိုးကို ဉာဏ်ဝင်စားတတ်ကြသည်။) သာမန် လူများကမူ ဘာမှ မရှိသော အားလုံး ဆိတ်သုဉ်းနေသော သုညတ နိဗ္ဗာန်ကိုထက် သံသရာထဲမှာ ဘဝပြီး ဘဝ ဖြစ်နေရစေကာမူ တစ်ဘဝထက် တစ်ဘဝ ပိုမို ကောင်းစားအောင် ပြုလုပ်၍ နေရခြင်းကို ပိုပြီး နှစ်သက်ကြသည်။ ထေရဝါဒကို လက်ခံ ယုံကြည်သည် ဆိုသော မြန်မာ ဗုဒ္ဓဘာသာဝင်တွေထဲ မှာလည်း သုညတ နိဗ္ဗာန်ကိုထက် သံသရာထဲက စည်းစိမ်ချမ်းသာ ပြည့်ဝစွာ ခံစားရသော လူ့ဘဝ နတ်ဘဝကို ပိုပြီး လိုလားကြသူ များပါသည်။

ဤသဘောထား အမြင်သည် ခုခေတ်ကျမှ ပေါ်ပေါက်လာသော အမြင် မဟုတ်ပါ။ ရှေးပုဂံခေတ် ကောင်းစားစဉ် ကတည်းက ဤအမြင် ရှင်သန်နေခဲ့ ကြောင်း လေ့လာ တွေ့ရှိနိုင်သည်။ ပုဂံခေတ် ကျောက်စာ အရေးအသား တစ်ခုတွင် အောက်ပါအတိုင်း ရေးသားထားကြောင်း စပီရိက လေ့လာ တင်ပြ ထားပါသည်။

www.burmeseclassic.com



'ဤကောင်းမှု ကုသိုလ်ကြောင့် နိဗ္ဗာန် မရမီ စပ်ကြား သံသရာများ၌ ကျင်လည်ရစဉ် ငါသည် ဤပြုရသော ကောင်းမှု အားလျော်စွာ လူဖြစ်သော် လူချမ်းသာ ဖြစ်ရပါလို၏။ မင်းထက်လွန်သော မင်း၏ စည်းစိမ်ချမ်းသာကို ခံစားရပါလို၏။ လူတကာတို့ထက် သာလွန်သော ချမ်းသာသုခကို ခံစားရပါလို၏။ နတ်ဖြစ်သော်ကား နတ်တို့၏ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်း တောက်ပသော အလွန် အဆင်း တင့်တယ်သော နတ်တကာတို့ထက် သာလွန် ချမ်းသာသော နတ် ဖြစ်ရပါလို၏။ ငါသည် အထူးသဖြင့် အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ အဆင်းရူပကာ တင့်တယ် လှပ ချောပြေခြင်း၊ အသံ ကောင်းခြင်း၊ ရှုမောဖွယ် ကိုယ်အင်္ဂါ တင့်တယ်ခြင်းနှင့် ပြည့်စုံပါစေသတည်း။ ငါသည် လူအပေါင်း နတ်အပေါင်း၏ ချစ်ခင် လေးစား ကြည်ညိုသဒ္ဓါ ပွားခြင်းကို ခံရသော သူ ဖြစ်ပါစေတည်း။ ရတနာ ရွှေ ငွေ၊ ပတ္တမြား သန္တာ ပုလဲ၊ သက်မဲ့များနှင့် ရတနာ ဆင် မြင်း ကျွဲ နွား စသည် သက်ရှိ ဥစ္စာ ရတနာများလည်း အမြောက်အမြား ရရှိ ပိုင်ဆိုင်သူ ဖြစ်ရပါလို၏။ ငါ၏ တန်ခိုး ရှိန်စော် အာနုဘော်ကြောင့် အောင်မြင်ခြင်း၊ အခြံအရံ များခြင်း၊ ကျော်စော ထင်ရှားခြင်း မင်္ဂလာ အပေါင်းနှင့်လည်း ပြည့်စုံသည် ဖြစ်ပါစေသောဝ်။ ပြန်လည် မွေးဖွားရာ ဘဝတိုင်း၌ ငါသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့နှင့် ပြည့်စုံရသည် ဖြစ်ပါစေသတည်း။ မရှိ ဆင်းရဲခြင်း သဘောကို မြူဆံဝက်မျှပင် မသိရပါစေသတည်း။ လူချမ်းသာ နတ်ချမ်းသာတို့၏ စိတ်ရှိသမျှ အပြည့်အဝ ခံစား စံစားပြီးသော အခါဝယ် ငါသည် အဆုံးစွန်သော သံသရာဝဋ်မှ ကျွတ်လွတ်ရာ အမှန် မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် နိဗ္ဗာန်ချမ်းသာတို့ကို မျက်မှောက် ပြုရပါစေသောဝ်'

ဤတွင် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များ၏ ရင်တွင်း ခံစားချက်၌ ထူးခြားမှု တစ်ခု ရှိပုံကိုလည်း ပါမောက္ခ စပီရိုက နားလည်အောင် ကြိုးစား ထားကြောင်း တွေ့ရသည်။ မြန်မာ ဗုဒ္ဓဘာသာဝင်များ၏ ရင်တွင်း နှလုံးသား ထဲမှာ နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာ၏ စံနှုန်းများကို လည်းကောင်း၊ သံသရာ ဝဋ် ကျွတ်ခြင်း နိဗ္ဗာန်ကို လည်းကောင်း ခံယူ သိမ်းဆည်းထားသောကြောင့် နိဗ္ဗာန် နှင့် မစပ်သော စိတ်သဘောထားများ ဖြစ်ပေါ်လာလျှင် သူတို့ ရင်ထဲတွင် အပြစ် မကင်းဘူးဟု ခံစားရတတ်သည်။ ရိုးရာ အစဉ်အလာအရ နိဗ္ဗာန် မဂ် ဖိုလ် ဆိုသော စကားကို နှစ်သက် လိုလားသည် မှန်၏။ သို့သော် သူတို့၏ ပုဂ္ဂိုလ်ရေး အလိုဆန္ဒ၌မူ နိဗ္ဗာန် ဆိုသော ဘဝ ချုပ်ငြိမ်းရေးကိုထက် သုဂတိ



www.burmeseclassic.com

www.burmeseclassic.com



ဘဝ ချမ်းသာ ဆိုသော ဘဝ ကောင်းစားရေးကို ပိုပြီး လိုလားတတ်ကြလေသည်။ မြန်မာ ဗုဒ္ဓဘာသာဝင်များကို ရဟန်း သံဃာတော်များက နိဗ္ဗာန်ကို လိုချင်လာအောင် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို ဟောကြလျှင် မြန်မာ ပရိသတ်က ကောင်းစွာ နာကြားတတ်ကြပါသည်။ သို့သော် သူတို့ မျှော်လင့်ကြသည်မှာ နိဗ္ဗာန် မဟုတ်ဘဲ ကောင်းမှု ကုသိုလ်၏ အကျိုးရလဒ် ဖြစ်သော ဘဝ ကောင်းစားရေးသာ ဖြစ်နေလေသည်။ (ဤတွင် မြန်မာ ဗုဒ္ဓဘာသာဝင် အားလုံး ဘဝ ကောင်းစားရေးကို မျှော်လင့်ကြတာ မဟုတ်ဘဲ ဉာဏ်ပညာ အမြော်အမြင် ရှိသော ရဟန်းရှင်လူများကမူ ဘဝချုပ်ငြိမ်း ဒုက္ခသိမ်း နိဗ္ဗာန်ကို လိုလားသူများ၊ တောင့်တသူများ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို ကျင့်ကြံပွားများ အားထုတ်သူများလည်း ရှိကြောင်း စပ်ရိုက ထောင့်စုံအောင် တင်ပြထားပါသည်။)

**အနတ္တသဘော အမြင် ရွေ့ပြောင်းခြင်း**

ထေရဝါဒ ဗုဒ္ဓဘာသာ (နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာ) တွင် 'အနတ္တ' သဘော တရားသည် အလွန် အရေးပါသော တရား ဖြစ်သည်။ အနတ္တ သဘောကို မှန်ကန်စွာ သိမြင်ခြင်း အခြေခံပေါ်မှာ ထေရဝါဒ ဗုဒ္ဓဘာသာကို တည်ထောင်ထားသည်။ အနတ္တ အမြင် ကြည်လင်မှုသည် နိဗ္ဗာန်ကို ဉာဏ်သက်ဝင်ရေးကိစ္စမှာလည်း ကြိုတင် လိုအပ်ချက်ကြီး တစ်ခု ဖြစ်သည်။ 'ပုဂ္ဂိုလ် မရ အတ္တမရှိ' ဆိုသော အမြင်သည် နိဗ္ဗာန်ကို ခန္ဓာအားလုံး ဆိတ်သုဉ်းခြင်း အဖြစ်မြင်သော ပုဂ္ဂိုလ်များ အလွန် နှစ်ခြိုက်သော အမြင် ဖြစ်သည်။ သို့ဆိုစေကာမူ ပုဂ္ဂိုလ် မရ၊ အတ္တ မရှိ၊ သူ ငါ သတ္တဝါ မရှိ၊ ယောကျ်ား မိန်းမ မရှိ ဆိုသော အနတ္တ အမြင်ကို မြန်မာ ဗုဒ္ဓဘာသာဝင် လူမျိုးများ နားမလည်ကြပါ။ ထို့ကြောင့် သူတို့ လက်ခံဖို့ ခက်ပါသည်။ မြန်မာ ဗုဒ္ဓဘာသာဝင် သာမန်ပရိသတ်များ စိတ်ထဲမှာ အနိစ္စနှင့် အနတ္တ သဘော မကွဲပြားဘဲ ရှုပ်ထွေးနေကြပါသည်။ လူတိုင်း ပြောဆိုလေ့ ရှိသော စကားမှာ 'ဒီလောကမှာ မြဲတဲ့အရာ ဆိုလို့ ဘာတစ်ခုမှ မရှိဘူး၊ အားလုံး အနိစ္စပဲ၊ ပြောင်းလဲနေကြတာပဲ၊ လူတွေဟာ ဘယ်သူမှ မအိုချင် မနာချင် မသေချင်ဘူး၊ မကာန်းချင်ဘူး၊ ဒါပေမဲ့ မအိုဘဲ မနေ၊ မနာဘဲ မနေ၊ မသေဘဲ မနေရဘူး၊ အဲဒီ အစိုးမရခြင်း သဘောဟာ အနတ္တပဲ' ဟု ဉာဏ်အမြော်အမြင် ရှိသူ တချို့က ပြောကြလေသည်။ မြန်မာစာ အနေနှင့် ပါဠိပုဒ် 'အနတ္တ' ကို အတိအကျ အဓိပ္ပာယ် သတ်မှတ်

www.burmeseclassic.com



နိုင်ခြင်း မရှိသော်လည်း သူတို့စိတ်ထဲ၌မူ အတ္တကောင် ရှိသည် ဝိညာဉ်ကောင် ရှိသည် ဆိုသည်ကိုလည်း လက်မခံတတ်ကြပါ။ ထာဝရ တည်မြဲသော အသက် ဝိညာဉ် မရှိ ဆိုသော အချက်ကို မြန်မာ ဗုဒ္ဓဘာသာဝင်များ ယေဘုယျအား ဖြင့် လက်ခံထားကြလေသည်။ သို့ လက်ခံထားကြစေကာမူ အများစု လူပြိန်း နားလည်မှုမှာ အသက် လိပ်ပြာကောင် ရှိသည်ဟု ယူဆကြသည်။ ရှေးလူကြီး များ ယူဆသည်ကို နောက်လူများ ဆက်ခံသော အယူဆ ဖြစ်ဟန်တူသည်။ သေလျှင် ရုပ်ခန္ဓာထဲမှ ထို အသက်ဝိညာဉ် လိပ်ပြာက ထွက်ပြီး နောက် ခန္ဓာ တစ်ခုထဲကို ဝင်ပြီး ပဋိသန္ဓေ ယူသည်ဟု ဆိုရိုး ရှိသည်။ လောက်လန်း သဖွယ် ဝိညာဉ်တွယ် ဆိုသော စကား အသုံးအနှုန်းလည်း ရှိသည်။ မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင်များ အသုဘ ချသောအခါ သစ်ခက်ကို ချိုးပြီး လိပ်ပြာ ခေါ်သော အလေ့အထ ရှိပုံများကိုလည်း ဖော်ပြထားသည်။ သေသူ၏ လိပ်ပြာ သည် အိမ်ပတ်ဝန်းကျင်တွင် ခုနစ်ရက် လာနားပြီး နေသည်။ ခုနစ်ရက် မြောက်သောအခါ သံဃာတော်များကို အိမ်မှာ ပင့်ပြီး ဆွမ်းကျွေးကြသည်။ သံဃာတော်များက ထိုဝိညာဉ် လိပ်ပြာကို အဝေးသို့ လွှင့်သွားပြီး ပြန်မလာ အောင် ပရိတ် တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ်ကြသည်ကို သူက ဖော်ပြ ထားသည်။ ထိုလိပ်ပြာသည် ကုသိုလ်ကံ ရှိလျှင် ကောင်းသော သုဂတိဘုံမှာ ပဋိသန္ဓေ တည်သည်။ အကုသိုလ်ကံ များလျှင် အပါယ်ဘုံသို့ ရောက်သွားသည် ဟု ယူဆကြသည်။ ဤအယူသည် ထေရဝါဒ၏ အယူအဆနှင့် လုံးဝ ကွဲပြား ခြားနားသည်။ သို့သော် မြန်မာ လူမျိုးများက လက်ခံ ကျင့်သုံးဆဲပင်။

ဤတွင် အနတ္တသဘောကို အမှန်အကန် နားလည်နိုင်စွမ်း မရှိသူတို့ သည် တစ်ဘဝမှ တစ်ဘဝသို့ ဘဝပြောင်း၍ ပဋိသန္ဓေ တည်နေ မွေးဖွားကြ ရာ၌ ယခုဘဝ ငါသည် နောက်ဘဝသို့ ပါမသွားဘူး၊ ဒီဘဝမှာ သေတာက တစ်ယောက်၊ နောက်ဘဝမှာ ပဋိသန္ဓေ တည်နေ မွေးဖွားသူက အခြား တစ် ယောက် ဖြစ်သည်ဆိုလျှင် ယခုဘဝ၌ ငါပြုသော ကုသိုလ်ကောင်းမှု အကျိုးကို နောက်ဘဝမှာ ငါ မခံစားရဘဲ နောက် တခြား တစ်ယောက်က ခံစားရသလို ဖြစ်နေသည် ဆိုပြီး မျက်စိ လည်တတ်ကြသည်။ ထိုသို့ လည်နေကြပုံကိုလည်း မိလိန္ဒ ပဉ္ဟာကျမ်းကို ကိုးကားပြီး ပါမောက္ခ စပီရိုက ဖော်ပြထားသည်။ မိလိန္ဒ ပဉ္ဟာတွင်

**မင်းကြီး (မေး)** အရှင်ဘုရား၊ အဘယ်တရားသည် ပဋိသန္ဓေ နေသနည်း။
**ရှင်နာဂသိန် (ဖြေ)** မင်းကြီး၊ နာမ်ရုပ်တရားသည် ပဋိသန္ဓေ နေ၏။

www.burmeseclassic.com



**မင်းကြီး (မေး)** အရှင်ဘုရား၊ ပစ္စုပ္ပန် နာမ်ရုပ်တရားသည်ပင် ပဋိသန္ဓေ နေသလား။

**ရှင်နာဂသိန် (ဖြေ)** မင်းကြီး၊ ပစ္စုပ္ပန် နာမ်ရုပ်ဖြင့်ပင် ပဋိသန္ဓေ မနေ၊ ပစ္စုပ္ပန် နာမ်ရုပ်ဖြင့်ကား ကောင်းသော ကုသိုလ်ကံ၊ မကောင်းသော အကုသိုလ်ကံကို ပြု၍ ထို ပစ္စုပ္ပန်၌ ပြုသော ကုသိုလ်ကံ၊ အကုသိုလ်ကံဖြင့် တစ်ပါးသော နာမ်ရုပ်သည် ပဋိသန္ဓေ နေရ၏။

**မင်းကြီး (မေး)** အရှင်ဘုရား၊ ပစ္စုပ္ပန် နာမ်ရုပ်သည် အကယ်၍ ပဋိသန္ဓေ မဖြစ်အံ့၊ ထို ပုဂ္ဂိုလ်သည် မကောင်းမှုတို့မှ လွတ်သည် ဖြစ်လတ္တံ့လော။

**ရှင်နာဂသိန် (ဖြေ)** မင်းကြီး၊ ပစ္စုပ္ပန် နာမ်ရုပ်သည် အကယ်၍ ပဋိသန္ဓေ မနေ စင်စစ် ဖြစ်အံ့၊ မကောင်းမှုတို့မှ လွတ်ရာ၏။ မင်းကြီး အကြင် ပစ္စုပ္ပန် တရား ခံသောကြောင့် တစ်ပါးသော ရုပ် နာမ်တရားသည် ပဋိသန္ဓေ ဖြစ်၏။ ပစ္စုပ္ပန် အကြောင်း တရား ခံသောကြောင့် မကောင်းမှုတို့မှ မလွတ်ဟု ဖြေလေ သည်။

အနတ္တ သဘောကို မြင်သော ပုဂ္ဂိုလ်သည် တစ်ဘဝနှင့် တစ်ဘဝ ရုပ်နာမ်တို့ ဆက်စပ်ပုံကို အကြောင်းအကျိုး မကင်းခြင်းဖြင့် နားလည်တတ်ကြ ၏။ ထို့ကြောင့် ဤဘဝက လူပုဂ္ဂိုလ် ဟိုဘဝသို့ ပုဂ္ဂိုလ်အဖြစ် ရောက်မသွား သော်လည်း သူပြုသော ကံကြောင့် နောက်ဘဝ ခန္ဓာ ဖြစ်ပေါ်ရသည် ဆိုသော ကံသတ္တိ အကြောင်းကြောင့် နောက်ဘဝ၌ ဖြစ်သော ရုပ်နာမ်သည် ရှေးဘဝ နှင့် အကြောင်းအကျိုး မကင်းကြောင်းကို ရှင်နာဂသိန် ဖြေကြားထားလေသည်။ ဤ အနတ္တ အမြင်မှာ ဉာဏ်အမြင်နှင့် ဆိုင်ကြောင်း စပိရိကလည်း နားလည် စွာ ဖော်ပြထားသည်။ ကြောင်းကျိုးဆက်အားဖြင့် ဖြစ်သော ပဋိစ္စသမုပ္ပါဒ် တရား ဉာဏ်အမြင် မရှိကြသူများကမူ တစ်မျိုး မြင်ကြသည်။

သူတို့ အထင်တွင် ရုပ်ခန္ဓာကြီးက သေလျှင် ပျက်စီးသွားသော်လည်း သူတို့အခေါ် နာမ်တရားက မပျက်စီး မပျောက်ကွယ်ဘဲ ဘဝ တစ်ခုမှ တစ်ခု သို့ ကူးသွားသည်ဟု ထင်မြင် ယူဆကြသည်။ ဒါကြောင့် ငါ၏ ခန္ဓာကိုယ်က ဘဝ တစ်ခုမှ တစ်ခုသို့ ပါမသွားသော်လည်း ငါ၏ ဝိညာဉ် နာမ်တရားက ယခုဘဝမှ နောင်ဘဝသို့ ကူးသွားသည်ဟု ယူဆကြသည်။ ထို့ကြောင့် ယခု



www.burmeseclassic.com

www.burmeseclassic.com



ဘဝ ပြုခဲ့သော ကံ၏ အကျိုးဆက်ကို နောက်ဘဝ နောက်လူက ခံရ စံရသည်ဟု ရှုမြင်ကြပုံကို သူက ပြသည်။ ထိုလူပြိန်းများ၏ အမြင်တွင် မခိုင်မြဲတာက ရုပ်၊ နာမ်က ခိုင်မြဲသည်ဟု သူတို့ ယူဆကြောင်းကိုလည်း မြန်မာများ ပြောဆိုကြပုံကို စပီရို ဖော်ပြထားပါသည်။

ဤအမြင်သည် ကျမ်းဂန်မှာ လာရှိသော ထေရဝါဒ အမြင် အယူအဆနှင့် လုံးဝ ဆန့်ကျင်နေသည်ဟု စပီရိုက အသိအမှတ်ပြုပြီး သုံးသပ်ပြထားသည်။ ဒီဘဝက ငါသည် နောက်ဘဝ၌ သူ ဖြစ်သွားရာတွင် ပုဂ္ဂိုလ် သတ္တဝါ ပါမသွားသော်လည်း တစ်ဘဝနှင့် တစ်ဘဝကြားမှာ အကြောင်းအကျိုး ဆက်စပ်၍ စဉ်ဆက် ဖြစ်ပေါ်မှု (continuity) ရှိကြောင်းကိုမူ သူက နားလည် သဘောပေါက်ပါသည်။

စပီရိုသည် ဤ အနတ္တ အမြင်နှင့် ပတ်သက်သော မန္တလေး သံဃာများ၏ အမြင်များကို မေးမြန်း စုံစမ်းပြီး တင်ပြထားသော အချက်များမှာလည်း စိတ်ဝင်စားစဖွယ် ကောင်း၏။ သို့သော် ကျမ်းလေးလွန်းမည်စိုး၍ ချန်ထားခဲ့ပေတော့မည်။ စပီရိုက သူ၏ လေ့လာ တွေ့ရှိချက်များကို အခြေခံပြီး ကောက်ချက် ချရာ၌ အနတ္တ အမြင်သည် မြန်မာလူမျိုး အများစု၏ စိတ်ထဲမှာ အမြင်မရှင်း ဖြစ်နေသည်။ အနတ္တ၏ အနက်အဓိပ္ပာယ်ကို မြန်မာလူမျိုး အများသည် နားမလည်ကြကြောင်း၊ ထို့ကြောင့် သူတို့စိတ်ထဲတွင် လောကကို စွန့်ပယ်ရေး၊ လောကီအာရုံ ကာမဂုဏ်များကို ငြင်းပယ်ရေးသည် အဓိပ္ပာယ် မရှိဟု ထင်မြင် ယူဆကြသည်။ ထို့ကြောင့် သူတို့သည် ကြာရှည် တည်နေနိုင်သော အသက်ဝိညာဉ် ရရှိရေးကို လိုလားကြသည်။ ဒီဘဝမှာ ငါ လုပ်ခဲ့သော ကံကံ၏ အကျိုးကို နောက်ဘဝ၌လည်း မိမိပင် ကိုယ်တိုင် ခံစားရမည်ဟု စွဲလမ်း ယုံကြည်နေကြသည်။ ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ်၏ အမြင်နှင့်မှု ထိုအမြင်သည် ကွဲပြား ခြားနားစေကာမူ မြန်မာ ဗုဒ္ဓဘာသာဝင် အများကမူ သဿတဒိဋ္ဌိအမြင်ကို ပိုပြီး နှစ်သက်စွာ လက်ခံထားကြကြောင်း တွေ့ရသည်။ ဤသည်မှာ ကျမ်းဂန်မှာ လာသော ထေရဝါဒ (နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာ) နှင့် မြန်မာ လူမျိုးများ လက်ခံ ကျင့်သုံးသော ကံမြင် ဗုဒ္ဓဘာသာတို့၏ ကွဲလွဲလာပုံ ဖြစ်၏။ ထို့ကြောင့် စပီရိုက

**Whereas in Nibbanic Buddhism, salvation must be attained by knowledge, in Kammatic Buddhism it is attained by meritorious action.** ဟု ဖော်ပြသည်။

www.burmeseclassic.com

*ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် အကြောင်း*

နိဗ္ဗာန်မြင် ဗုဒ္ဓဘာသာမှာ ဘဝ လွတ်မြောက်ရေး သွားရာလမ်းသည် ဉာဏ်လမ်း ဖြစ်သည်။ ကံမြင် ဗုဒ္ဓဘာသာမှာမူ ဘဝ လွတ်မြောက်ရေးကို ကောင်းမှု ကုသိုလ်ကံများ ပြုလုပ်ခြင်းဖြင့် ရောက်သည်ဟု ယူဆကြောင်း ဖော်ပြပါသည်။

စပိရိုသည် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များ လက်ခံ ကျင့်သုံးနေကြသော နောက်ထပ် ကံမြင် ဗုဒ္ဓဘာသာ နှစ်မျိုး နှစ်စားကိုရော၊ ပရိတ် မန္တန်အားကိုးသော အန္တရာယ်ကင်း ဘေးရှင်း ဗုဒ္ဓဘာသာ အမြင်များကိုရော၊ ကယ်တင်ရှင် အားကိုး ဘိုးတော် မယ်တော်၊ နတ်ဝိဇ္ဇာ ဂိုဏ်းသား အယူအဆများကိုရော ဉာဏ်လမ်းပေါ်က သွေဖည်ပြီး လမ်းချော်သွားသော ဗုဒ္ဓဘာသာ ယုံကြည် ကိုးကွယ်မှုများ အဖြစ် ဖော်ပြထားလေသည်။ ကျမ်းလေးလွန်းသွားမည်စိုးသဖြင့် အသေးစိတ် မဖော်ပြတော့ပါ။ လိုအပ်သော နေရာကျမှ သူ၏ တွေ့ရှိချက်များကို ရွေးချယ် တင်ပြပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic

www.burmeseclassic.com

## ၇။ သမ္မာဒိဋ္ဌိ ဉာဏ်ရောင်ရှိမှ အတ္တဒိဋ္ဌိ ကင်းစင်မည်

ဒိဋ္ဌိမကွာ ပုဂ္ဂိုလ်မှာလျှင်
လူတွင် မနွတ်၊ နတ်မှာ သိကြား
မိုးဖြားပြဟ္မာ၊ ဖြစ်တုံပါလည်း
ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက
ဖောက်လွဲပါယ်ရွာ ရောက်မြဲသာတည်း။

(မဃဒေဝ လင်္ကာသစ်)

ပါမောက္ခ မဲလ်ဖုဒ်၊ အီး၊ စပီရို၏ လေ့လာ တွေ့ရှိချက်များကို ဖတ်ပြီးသောအခါမှ စ၍ အကျွန်ုပ် ရင်ထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားသော အသိဉာဏ် တစ်ခု ပေါ်လာသည်။

မြန်မာ ဗုဒ္ဓဘာသာဝင် အများစုသည် ကံလမ်းပေါ်သို့ ပြောင်းရွှေ့သွားကြခြင်းမှာ သမ္မာဒိဋ္ဌိ ဉာဏ်အလင်းရောင် မရှိ၍ ဖြစ်ရသည်ဟု တထစ်ချ ယုံကြည်လိုက်ပါသည်။

ထို့နောက် မိုးကုတ် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ အလုပ်စဉ် တရားစာအုပ်များကို လေ့လာမိသော အခါမှာလည်း ဆရာတော်ကြီးက ဝိပဿနာ အလုပ်ကို လုပ်ရာမှာပင် ဒိဋ္ဌိကို အရင်ဖြုတ်ရမည်။ ဒိဋ္ဌိ မဖြုတ်ဘဲ တရားအား ထုတ်လျှင် ကုသိုလ်ပဲ ရသည်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မရနိုင်ဟု ယတိပြတ် မိန့်မှာတော်မူချက်ကိုလည်း သာမန် အရေးကြီးသော အဆုံးအမ ဖြစ်သည်ဟု မယူပါ။ အလွန့် အလွန် အရေးကြီးသော၊ အလွန်အမင်း ထိုးထွင်း သိမြင်ပြီးမှ ဟောသော တရားဟု လုံးဝ လက်ခံလိုက်ပါသည်။

အသိဉာဏ်ထဲမှာ ရှင်းရှင်း နားလည်လိုက်ပြီ။



www.burmeseclassi

www.burmeseclassic.com



အတ္တဒိဋ္ဌိကို မပယ်ဘဲနှင့် ဉာဏ်လမ်းကို လျှောက်လှမ်းလျှင် မိမိသည်လည်း ဉာဏ်လမ်းပေါ်မှ ကံလမ်းပေါ်သို့ ရွေ့လျား ကျသွားနိုင်သည် ဆိုသော ဘဝ ချောက်ကျသည့် အရေးကိုလည်း သိမြင်လိုက်သည်။

ကျေးဇူးရှင် မန်လည် ဆရာတော်ဘုရားကြီးကလည်း ဒိဋ္ဌိ မကွာသော ပုဂ္ဂိုလ်သည် လူမှာ စကြဝတေး မန္ဓာတ်မင်း ဖြစ်ပါစေ၊ နတ်ပြည်မှာ သိကြားမင်း ဖြစ်ပါစေ၊ ဗြဟ္မာပြည်မှာ ဗြဟ္မာမင်း ဖြစ်ပါစေ၊ ကုသိုလ်ကံ အရှိန်အဟုန် (ကံ အကျိုးပေး သတ္တိ) ကုန်သွားသောအခါ သံသရာမှာ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်က သုဂတိဘုံသားသည် အပါယ်လေးပါးသို့ လွင့်စဉ်ကျပြီး အပါယ်ဘုံသား ဖြစ်သွားနိုင်ကြောင်းကို သတိပေးထားပါသည်။

ထိုအခါ အမြင် ပို၍ ရှင်းလာသည်။

မြန်မာ ဗုဒ္ဓဘာသာဝင် အများစုသည် ဘာကြောင့် ကံလမ်းသွား လောကီဘုံသား ဆုံလည်နွား ဖြစ်သွားကြရသလဲ။ အဖြေက ရှင်းရှင်း ပေါ်လာပါပြီ။ အတ္တ ဒိဋ္ဌိကို မပယ်နိုင်၊ မပယ်တတ်သောကြောင့် ဖြစ်ကြောင်း ထင်ရှားပြီး အတ္တဒိဋ္ဌိ တန်းလန်းဖြင့် လူ့ဘဝလမ်းကို စမ်းတဝါးဝါး လျှောက်နေသူသည် အနတ္တ သဘောကို ဘယ်မှာ နားလည်နိုင်ပါ့မလဲ။

**သဘောချင်း မတူသော မွေးမိတ်ဆွေများ**

၁၉၉၀ ခုနှစ်က စပြီး အကျွန်ုပ်၏ ဘဝ အခြေအနေ သိသိသာသာ တိုးတက် ပြောင်းလဲလာသည်။ ၁၉၇၄ ခုနှစ်လောက်က စပြီး မန္တလေးမှ ရုပ်ရှင် ဖြန့်ချိရေး လုပ်ငန်းရှင် မစ္စတာ ရဟင်း ခေါ် ဦးခင်ဝင်းက အကျွန်ုပ်ကို 'မျက်နှာငယ်ရမှာက မောင့်ချစ်ဦး' ရုပ်ရှင်ကားနှင့် ပတ်သက်ပြီး တိုင်းရုံးမှာ တရားစွဲထားသည်။ တရားမမှု ဖြစ်သဖြင့် အချိန်အားဖြင့် ဆယ့်လေးနှစ် ကြာပြီ။ သည်ကြားထဲမှာ မြန်မာနိုင်ငံ တရားရေးစနစ်ကလည်း အမျိုးမျိုး ပြောင်းလဲသွားပြီ။ တရားရုံးတွေကလည်း ဟိုရောက်လိုက် ဒီရောက်လိုက် ဖြစ်နေသည်။ ယခင် ဥပဒေပညာရှင် တရားသူကြီးတွေ၏ နေရာ၌ ရွေးချယ်ခံ ပြည်သူ့ကိုယ်စားလှယ်တွေက တရားသူကြီးတွေ ဖြစ်လာကြသည်။ ထိုတရားသူကြီးများမှာ ဥပဒေ တတ်ကျွမ်းသူများ မဟုတ်ကြဘဲ ဥပဒေ အကြံပေးအရာရှိများ ခန့်ထားပြီး တရားစီရင်သည်။ ထိုအချိန်က စပြီး တရားစီရင်ရေးသည် အဂတိဘက်သို့ ယိမ်းယိုင်လာခဲ့သည်။ ၁၉၉၀ ခုနှစ်ကို ရောက်မှ တရားရုံးများပေါ်သို့ ဥပဒေပညာရှင် တရားသူကြီးများ ပြန်ရောက်လာကြသည်။ ထိုအခါ ဆယ့်



www.burmeseclassic

www.burmeseclassic.com



လေးငါးနှစ်ကြာ စီရင်ချက် မချနိုင်ဘဲ မျှောနေခဲ့သော အမှုကို တိုင်းရုံးအမှတ် ၂၃ ဟု ထင်သည်၊ ထိုရုံးက သက်သေ အထောက်အထား ခိုင်လုံအောင် တရားလိုဘက်က တင်ပြနိုင်ခြင်း မရှိသဖြင့် စရိတ်နှင့်တကွ ထိုအမှုကို ပလပ် လိုက်လေသည်။ အကျွန်ုပ်လည်း ရုံးမသွားချင်ဘဲ သွားနေရသော စိတ်ဆင်းရဲ မှုမှ လွတ်မြောက်သွားသည်။

စိတ်၏ အနှောင်အဖွဲ့ တစ်ခုက လွတ်မြောက်သွားသလို ဝင်ငွေ ကောင်း နေပြီ ဖြစ်သောကြောင့် ဝမ်းရေး အနှောင်အဖွဲ့ကလည်း သက်သာ ချောင်ချိနေပြီ ဖြစ်၏။ ယခင် သီရိဂုဏ်ရည်ခြံထဲက အိမ်ကလေးတွင် နေခဲ့ရသော အကျွန်ုပ် တို့ မိသားစုသည် မရမ်းကုန်း၊ ရှစ်မိုင်၊ ပြည်လမ်းပေါ်ရှိ ခြံကျယ်ကြီး တစ်ခြံ အတွင်းရှိ တိုက်ကြီးပေါ်သို့ ရောက်သွားပြီ ဖြစ်၏။ အိမ်ပေါ်မှာ ၂၄ လက်မ တီဗီကြီးလည်း ရှိပြီ။ အောက်စက်လည်း ရှိပြီ။ ရေခဲသေတ္တာလည်း ရောက်ရှိ နေပြီ။ သားသမီးများ အားလုံး သမက်ပါမကျန် အားလုံးကိုလည်း စင်ကာပူ နိုင်ငံသို့ ပို့ပြီး သူတို့ အလုပ် လုပ်နေကြပြီ။ ငွေသည် ခက်ခက်ခဲခဲ ရှာရတုန်း က လိုက်၍ မမီဘဲ သူက အပြေးသန်နေသည်။ ခုကျတော့ ငွေတွေက အိမ် ပေါ်ကို အလိုလို ရောက်လာသည်။ လူနေမှု အဆင့်အတန်းလည်း သိသိသာသာ ပြောင်းသွားသည်။ ဤသို့ ဘဝ အလှည့်အပြောင်း ကြုံခြင်းကို ကံကောင်းလာ သည်ဟု ဆိုကြမည် ထင်ပါသည်။ စီးပွားဥစ္စာတွေ ပေါများလာခြင်း၊ ရွှေငွေ ရတနာတွေ ဝင်လာခြင်းကို မြန်မာတို့၏ အမြင်တွင် ကံကောင်း ထောက်မ လာခြင်းဟု သိနားလည်ပုံ ရသည်။ အများ၏ အမြင်တွင် ဘဝ ကောင်းစားရေး နှင့် ကံ အကျိုးပေး သဘောကို ဆက်စပ်၍ နားလည်ကြသည်ဟု အကျွန်ုပ် ထင်ပါသည်။

ထိုအချိန်တွင် လောကဓံ အလှည့်အပြောင်းကလည်း မြန်သည်။ နှစ် ပေါင်းများစွာ အငတ်ခံ၍ နေခဲ့ရသော မိမိတို့ ဇနီးမောင်နှံထံသို့ စင်ကာပူ ရောက်သော သားသမီးများထံက ချောကလက် မျိုးစုံ၊ စပျစ်သီးခြောက်၊ သီဟိုဠ် စေ့လှော်၊ ဒိန်ခဲ မျိုးစုံ၊ စားစရာတွေ ရောက်လာသည်။ မိမိလည်း နှစ်ပေါင်း များစွာ မခံစားခဲ့ရသော ဇိမ်ခံ အစားအစာတွေကို အားရပါးရ စားလေသည်။ ထိုအခါ မိမိခန္ဓာက ဤသို့ ကျွေးမွေး ပြုစုသောကြောင့် ကျေးဇူးတင်မလား အောက်မေ့သည်။ ခန္ဓာသည် အစားကောင်း ကျွေးသမျှကို စားရစဉ်က တပြုံးပြုံး စားသော်လည်း စားပြီးသောအခါ နှိပ်စက်လာတော့သည်။ အိမ်မှာ သမီးသား များ ပို့သော ချောကလက် ကုန်သွားလျှင် အသစ် ဖွင့်လှစ်သော စုပါဝမ်းလို

www.burmeseclassic.com



ကုန်တိုက်မျိုးမှာ ချောကလက် ဝယ်ပြီး ကျွေးခိုင်းသည်။ မိမိကလည်း ခန္ဓာ တောင်းသမျှကို အခွန် ဆက်နိုင်သည်။ ဝင်ငွေကောင်း၍ အခွန်များများ ပေး ဆောင်ရခြင်းကို မတွန့်တိုသကဲ့သို့ ခန္ဓာ တောင်းဆိုသမျှကို ဝယ်ကျွေးသည်။ နံပြားနှင့် မလိုင် စားချင်သည်။ မစ်ကရင် ခေါ် နို့မလိုင် စားချင်သည်။ ထို အခါ ရှစ်မိုင်မှ လဟာပြင်ဈေး၊ ၃၈ လမ်းထိပ် အထိ အရောက်သွားပြီး သည် ခန္ဓာကို ကျွေးသည်။ အစကတော့ ဤ အဆီအဆိမ့်များကို စားရမှ ဒီခန္ဓာ အားရှိသည်ဟု ထင်သည်။ လက်စသတ်တော့ သူက ကုသ၍ မပျောက်တော့ သော ရောဂါတွေကို လက်ခံ သိမ်းဆည်းပြီး နှိပ်စက်လေတော့သည်။ သွေးထဲ မှာ ဆီးထဲမှာ အချိုဓာတ်တွေ များပြီး ဆီးချိုရောဂါ ဖြစ်လာသည်။ သွေးတွင်း အဆီကြောင့် နှလုံးသွေးကြော ကျဉ်းပြီး heart infarction ခေါ် နှလုံးရောဂါ ဖြစ်လာသည်။ ကျေးဇူး ကန်းလိုက်သည့် သည်ခန္ဓာ။

ထိုအချိန်တွင် အခြေအရံတွေလည်း များလာသည်။ ‘ရတနာသုံးပါး’ စာအုပ်ကို ဖတ်ပြီး အကျွန်ုပ်ကို သိကျွမ်းအောင် မိတ်ဆက်ပြီး ခင်မင် ရင်းနှီးလာ သူတွေလည်း များလာသည်။ သူတို့အထဲတွင် သာသနာရေး အတွက် ကြွေးကြော် သူဟု အမည်ခံထားသော အဘ ဓမ္မဃောသက ဦးမောင်မောင်သည် မြန်မာ ဗုဒ္ဓဘာသာ ရဟန်းရှင်လူတွေကြားမှာ ထင်ရှား လူသိများသော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ သူက အကျွန်ုပ်ကို သာသနာပြု လုပ်ငန်းများကို ပြုလုပ်နေသော သူတို့ သာသနာပြု ပုဂ္ဂိုလ်များ၏ အသိုင်းအဝိုင်းထဲမှာ ဝင်ဆံ့သူ ဖြစ်လာ အောင် လက်တွဲ ခေါ်ဆောင်သွားသည်။ သူ့အိမ်ကို တစ်ပတ်မှာ နှစ်ရက်လောက် အကျွန်ုပ်တို့ သမီးနှင့် အဖ သွားကြရသည်။ တစ်ပတ်လောက် သူ့အိမ်ကို အကျွန်ုပ်တို့ မရောက်လျှင် သူသည် လူလွှတ်၍ ဖြစ်စေ၊ လူကိုယ်တိုင် ဖြစ်စေ (စာရေး၍၊ ကိုယ်တိုင်) ဘဝတက္ကသိုလ် စာအုပ်တိုက်ကို လိုက်လာသည်။ အကျွန်ုပ်၏ ဘဝ အခြေအနေကို သိအောင် ဆိုပြီးလည်း အိမ်ကို ကိုယ်တိုင် လာကြည့်သည်။ သူ့ကို အကြောင်းပြုပြီး အကျွန်ုပ်သည် မြင်းခြံသူဌေး ဓမ္မ မိတ်ဆွေကြီးကိုလည်း သိကျွမ်းရသည်။ မင်္ဂလာဗျူဟာ အသင်း ဥက္ကဋ္ဌ ဦး အောင်သိန်း (ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ် ချစ်လှိုင် အစ်ကို) ကို လည်း သိရသည်။ သူတို့ကို ဆေးကုသပေးနေသော ဩဇာရိက သုခမ တိုင်း ရင်းဆေးဆရာကြီး ဦးရန်အောင်ကိုလည်း သိရသည်။

အကျွန်ုပ်သည် ယခင်အပတ်က ဓမ္မဃောသက အဘ ဦးမောင်မောင် အိမ်သို့ မသွားဖြစ်ခဲ့ပါ။ မနေ့က ဓမ္မဃောသက ဦးမောင်မောင် ၃၇ လမ်းရှိ



www.burmeseclassic

www.burmeseclassic.com



ဘဝတက္ကသိုလ် စာပေသို့ ကိုယ်တိုင် လိုက်လာပြီး သူ့အိမ်သို့ လာရန် စာရေးသွားလေသည်။ ထို့ကြောင့် ယနေ့ညနေ ဘဝတက္ကသိုလ် စာပေတိုက်မှာ ပြုဖွယ် ရှိသော မဂ္ဂဇင်းကိစ္စများ ဆောင်ရွက်ပြီးနောက် သမီးငယ် ယာယာနှင့်အတူ အကျွန်ုပ်သည် ရေကျော် အရပ်ရှိ ဓမ္မဃောသက ဦးမောင်မောင် အိမ်သို့ သွားကြလေသည်။ ထိုအချိန်တွင် အဘ ဦးမောင်မောင်၏ ကျန်းမာရေး အခြေအနေ ယိုယွင်းနေပြီ။ ဘယ်ဘက် တစ်ခြမ်း လေဖြန်းထားသဖြင့် ခြေထောက်ကို ပုံမှန်အတိုင်း လှမ်းပြီး လမ်းလျှောက်၍ မရတော့ပါ။ ခြေကို ဆွဲသွားနေရသည်။ ဇနီးဖြစ်သူ ဒေါ်ဒေါ်သန်းမှာ ကျန်းမာပါသည်။ သို့သော် သူ့မှာလည်း နှလုံးရောဂါ ရှိသည် ဆို၏။ ဇရာသို့ ရောက်နေပြီ ဖြစ်သော ဦးမောင်မောင်တို့ ဇနီး မောင်နှံမှာ သားသမီး မထွန်းကားပါ။ မပြတ် ရောက်လာကြသော ရဟန်းဧည့်သည်၊ လူဧည့်သည်တွေ အတွက် ကိုယ်တိုင် ပြုစုကြရသည်။ ဦးမောင်မောင်သည် သူ့အိမ်သို့ ဧည့်သည်လာနေလျှင် စိတ်ချမ်းသာသူ ဖြစ်သည်။ ဧည့်သည် မလာသော အချိန်၌ သူ စာတွေကို ဖတ်သည်။ စာရေးချင်လျှင်လည်း ရေးသည်။ ဦးမောင်မောင်သည် ဘာသာရေးကိစ္စ မှန်လျှင် စိတ်ဝင်စားသည်။ အလှူပွဲ၊ တရားပွဲ၊ ကထိန်ပွဲ၊ ကျောင်းရေစက်ချပွဲ၊ ပူဇော်ပွဲ အားလုံးကို သူ တက်သည်။ ဦးမောင်မောင်ထံသို့ ဘာသာရေး၊ သာသနာရေး ကိစ္စများအတွက်သာ မကဘဲ လူမှုရေးကိစ္စ အကူအညီ တောင်းရန် လာသူတွေလည်း များသည်။ ယနေ့ အကျွန်ုပ်တို့ သမီးနှင့် အဖ သူ့အိမ်သို့ ရောက်သွားသောအခါ အမေရိကန် ဗီဇာ ကံစမ်းမဲပေါက်သူ ဆေးကျောင်းသား လူငယ် တစ်ဦး ရောက်နေလေသည်။ လူငယ်သည် ကံစမ်းမဲ ပေါက်သောကြောင့် အမေရိကန် နိုင်ငံမှာ နေထိုင်ခွင့် အစိမ်းကတ် (green card) ရသော်လည်း အမေရိကန် နိုင်ငံသို့ ရောက်အောင် ကိုယ့်စရိတ်ဖြင့် သွားဖို့၊ ဟိုရောက်လျှင် လက်ခံပြီး တာဝန်ယူ စောင့်ရှောက်မည့်သူ လိုနေသည်။ ထိုသူငယ်သည် ရေကျော်ရပ်ထဲက အိမ်နီးနားချင်း ဖြစ်သည်။ သူ့ကိစ္စအတွက် အကူအညီကို အဘ ဦးမောင်မောင်ထံမှ တောင်းခံရန် လာခြင်း ဖြစ်သည်။ အဘ ဦးမောင်မောင်က ထိုသူငယ် အတွက် လိုအပ်သော ငွေကြေးကိုလည်း ရှာဖွေပေးသည်။ အမေရိကန် နိုင်ငံမှာ ရှိသော သူ၏ အသိ မိတ်ဆွေများထံသို့လည်း စာရေး ဆက်သွယ်ပေးလေသည်။ လူငယ်ကိစ္စကို ဆောင်ရွက်ပေးပြီးနောက် ရန်ကုန်မြို့ ရှစ်မိုင်၊ မရမ်းကုန်း၊ ကျိုက်ဝိုင်းဘုရား အနီးရှိ သမိဒ္ဓေါဒယ သီလရှင် စာသင်တိုက်၏ နာယက သီလရှင် ဆရာကြီး ရောက်လာသည်။

www.burmeseclassic.com



ဦးမောင်မောင်တို့ ဇနီးမောင်နှံက သူတို့ မကွယ်လွန်မီ သမိဒ္ဓေါဒယ သီလရှင် စာသင်တိုက်တွင် စာကြည့်တိုက် အဆောက်အုံ တစ်ခု ဆောက်လုပ် လှူဒါန်းရန် တိုင်ပင်ကြသည်။ ထိုစာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ပြီးပါက ဦးမောင်မောင် တစ်သက် စုဆောင်းထားသော စာအုပ်များကို ထိုစာကြည့်တိုက်မှာ လှူဒါန်းရန် ဖြစ်သည် ဆို၏။ မရှေးမနှောင်းပင် နယ်မှ သံဃာတော် လေးပါး ကြွလာသည်။ ဒေါ်ဒေါ်သန်းက စတုမဓုနှင့် သံပုရာရည်ကို ကပ်သည်။ သံဃာကိစ္စများကို ပြောကြသည်။ သံဃာကိစ္စများတွင်လည်း ဓမ္မယောသက ဦးမောင်မောင် ပါဝင် ဆောင်ရွက်ပေးသည်။

သံဃာတော်များရော၊ သမိဒ္ဓေါဒယ သီလရှင်ဆရာကြီးရော၊ ဧည့်သည်များ ပြန်သွားကြသောအခါ ညနေ လေးနာရီ ကျော်နေလေပြီ။ မရှေးမနှောင်းမှာပင် အိမ်ရှေ့မှာ ကားတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်က ဆင်းလာသူမှာ မြင်းခြံသူဌေး ဖြစ်သည်။ မြင်းခြံသူဌေးသည် နေ့ပိုင်းမှာ သူ၏ စီးပွားရေးကိစ္စများကို ဆောင်ရွက်ပြီးလျှင် ညနေပိုင်းမှာ သာသနာရေး ကိစ္စများကို တိုင်ပင်ရန် ဦးမောင်မောင်အိမ်ကို ရောက်လာတတ်သည်။ သူ ရောက်လာသောအခါ အဘ ဦးမောင်မောင်က မဟာစည်ရိပ်သာမှ ပဲခူး ကျောက်တန်းရွာသို့ သွားရောက် သီတင်းသုံးနေသော ဆရာတော် ဦးပဏ္ဍိတ မကြာမီ ရောက်လာမည့် အကြောင်းကို ပြောသည်။

'ဆရာတော် ဦးပဏ္ဍိတ ကြွလာမယ်လို့ ကြားတယ်၊ ဒီတစ်ခေါက် ဆရာတော် ကြွလာရင် ဆရာတော်နှင့် ဦးဆန်းလွင်ကို မိတ်ဆက်ပေးရင် ကောင်းမယ်လို့ ကျုပ် စိတ်ကူးရတယ်၊ မကောင်းဘူးလား'

သူကလည်း ဦးမောင်မောင်၏ အကြံအစည်ကို လက်ခံသည်။

'အဲဒီ အစီအစဉ် ကောင်းသားပဲ၊ ဦးမောင်မောင်ပဲ စီစဉ်လိုက်ပေါ့၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ'

'ဆရာတော်က ရန်ကုန်ကို ကြွလာရင် ပုဇွန်တောင် ရွှေကျင်တိုက်က သပြေကန် ဆရာတော်ကြီးဆီကို ကြွလာမှာပဲ၊ ကျုပ်က ဆရာတော် ဦးပဏ္ဍိတကို ရွှေကျင်တိုက်မှာပဲ သွားဖူးပြီး အိမ်ကို ပင့်ခဲ့မယ်၊ ဦးဆန်းလွင်နှင့် ကျုပ်တို့ ဒီအိမ်မှာပဲ ဆရာတော်ကို ဖူးကြတာပေါ့'

'ကျွန်တော် ကားလွှတ်ပေးရမလား'

'မလွှတ်နှင့်၊ ရွှေကျင်တိုက်က ဒီအနားတင် ကပ်လျက်ပဲဟာ၊ ဆိုက်ကားနှင့်ပဲ ကျွန်တော် သွားလိုက်ပါ့မယ်၊ ခင်ဗျားတို့က ညနေကျတော့ လာဖူး



www.burmeseclassic

www.burmeseclassic.com



ကြပေါ့၊ ဆရာတော်က နိုင်ငံခြား ဓမ္မဒူတ ခရီး ကြွဖို့ လာမှာ ဆိုတော့ ဒီ တစ်ခေါက် ရန်ကုန်မှာ ကြာကြာ သီတင်းသုံးမှာ မဟုတ်ဘူး'

မြင်းခြံသူဌေးက စကားပြန်မပြောဘဲ ဦးမောင်မောင်၏ အစီအစဉ်ကို လက်ခံသည်။ ထို့နောက် ကုလားထိုင်ပေါ်မှာ ထိုင်လျက် ငိုက်နေလေသည်။ စီးပွားရေး ကိစ္စများဖြင့် တစ်နေကုန် ပင်ပန်းလာသောအခါ လူတွေနှင့် စကား ပြောရင်းလည်း အိပ်တတ်သည်။ အိပ်ငိုက်ရင်းကလည်း သူ့မှာ ပြောစရာ စကား ရှိလျှင် ချက်ချင်း ခေါင်းထောင်ပြီး ဝင်ပြောတတ်သည်။ ဤကား သူ ၏ အနားယူ အပန်းဖြေပုံ ဖြစ်သည်ဟု ဆိုနိုင်မည် ထင်ပါ၏။ အကြောင်း မသိသူများကမူ တစ်စုံတစ်ယောက် စကားပြောနေစဉ် မြင်းခြံသူဌေးက အိပ် ငိုက်နေသည်ကို သူ့စကားကို စိတ်မဝင်စားသောကြောင့် အိပ်သည်ဟု ထင်နိုင် သည်။ အမှန်မှာ သူသည် ထိုသူ၏ စကားကိုလည်း နားထောင်ရင်း အပန်း ဖြေခြင်း ဖြစ်သည်။

စကားပြောနေစဉ် သြဇာရိက သုခမ တိုင်းရင်းဆေးဆရာ ဦးရန်အောင် ဆိုက်ရောက်လာပြန်သည်။ သူသည် ဤလူကြီးများ၏ မိသားစု သမားတော် ဖြစ်သည်။ ဆရာ ဦးရန်အောင်သည် ကျောင်းဆရာ ဘဝမှာ တိုင်းရင်းဆေး ဆရာ ဘဝသို့ ကူးပြောင်း ရောက်ရှိလာသူ ဖြစ်၏။ တရုတ်ပြည်က မြေလျှောက် ဆရာဝန်များလို ဆရာ ဦးရန်အောင်မှာလည်း လူနာ ရှိရာသို့ လှည့်လည်သွား ပြီး ကုသပေးနေကြောင်း သိရ၏။

ဦးရန်အောင်နှင့် မရှေးမနှောင်းမှာပင် နောက်ထပ် ဧည့်သည်များ ရောက်လာကြသည်။ မင်္ဂလာဗျူဟာ အသင်း ဥက္ကဋ္ဌ ဦးအောင်သိန်းနှင့် အတူ ပါလာသူမှာ သခင် ထိန်ဝင်း ဖြစ်သည်။ သူသည် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇလ ၏ အစ်ကိုကြီး ဖြစ်၏။ ဤ ဦးထိန်ဝင်းသည် မှော်ဘီတွင် စာသင်တိုက်သစ် တစ်ခုကို ထူထောင်နေ၏။ ထို့နောက် သူတို့သည် မင်္ဂလာဗျူဟာ အသင်းနှင့် ပူးပေါင်းပြီး သာမဏေ စာပြန်ပွဲ ကျင်းပရေး ကိစ္စကို တိုင်ပင်ကြသည်။ ဦး မောင်မောင်သည် သာမဏေ စာပြန်ပွဲ ကျင်းပရေးကို အားပေးအားမြှောက် ပြုနေပြန်သည်။ မန္တလေးမြို့တွင် နှစ်စဉ် သာသနာ့ဗိမာန်တော်၌ ပြုလုပ် ကျင်းပ သော သာမဏေ စာမေးပွဲကို သွားရောက် လေ့လာဖို့ကိုလည်း ဦးမောင်မောင် က တိုက်တွန်းသည်။ ထို့နောက် ဆောက်လုပ်ရေးရုံးက အင်ဂျင်နီယာ ဦး ကြည်တွဲကို သာမဏေ စာပြန်ပွဲကိစ္စ အထက် မြန်မာပြည် မုံရွာ၊ မန္တလေးမြို့ များသို့ သွားရောက် လေ့လာရန် ဆုံးဖြတ်ကြလေသည်။ ဤ လူကြီးများသည်



www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်ကြီးကို စည်ပင် ထွန်းပအောင် ကြံဆောင် ကြိုးပမ်းနေကြသည့် အတွက် အကျွန်ုပ် ဝမ်းသာအားရ ဖြစ်မိပါသည်။ သို့သော် ထိုပုဂ္ဂိုလ်ကြီးများ မှာ သူတို့ကိုယ်တိုင် ဒိဋ္ဌိပြုတ်အောင် ဝိပဿနာ အားထုတ်ရေး ကိစ္စကိုမူ စိတ်ဝင်စားခြင်း မရှိကြောင်း တွေ့ရသဖြင့် အားမလို အားမရ ဖြစ်ရကြောင်းကိုမူ ဝန်ခံရပေမည်။

ညနေခင်း မိုးချုပ်ခါနီးကျမှ အကျွန်ုပ်တို့ သမီးနှင့်အဖသည် ဦးမောင် မောင်အိမ်က ပြန်ကြရသည်။ မြင်းခြံသူဌေးက သူ၏ ကားဖြင့် အကျွန်ုပ်တို့ကို အိမ်အထိ ပြန်လိုက်ပို့ပေးလေသည်။ ပြန်ကာနီးတွင် အဘ ဦးမောင်မောင်က

'ဦးဆန်းလွင်တို့ သားအဖ၊ နက်ဖြန် ညနေကျရင် လာကြဦး၊ ဆရာ တော် ဦးပဏ္ဍိတကို တွေ့ဆုံပြီး ဖူးရအောင် ဘဘ စီစဉ်ထားမယ်' ဟု ဆိုသည်။ အကျွန်ုပ်တို့ကလည်း လာခဲ့ပါမည် ဝန်ခံ၍ ပြန်ကြလေသည်။

ထိုနေ့သည် ကြာသပတေးနေ့ ဖြစ်၏။ အကျွန်ုပ် ရင်ထဲတွင်လည်း ဆရာတော် ဦးပဏ္ဍိတ အကြောင်းကို ကြားသာ ကြားဖူးသည်၊ မတွေ့ဆုံဖူး သဖြင့် တွေ့ချင်စိတ် စောနေပါသည်။ ဆရာတော် ဦးပဏ္ဍိတသည် မဟာစည် ဆရာတော် ဘုရားကြီး၏ ထင်ရှားသော လက်ရင်း အန္တေဝါသိက တပည့် ဖြစ်သည်ဟု သိထားရသည်။ ချမ်းမြေ့ ဆရာတော်ကဲ့သို့ ဦးပဏ္ဍိတကလည်း ကမ္ဘာမှာ သာသနာ ပြုနေကြောင်း ကြားသိရ၍ စိတ်ဝင်စားမိပါသည်။ ထိုနေ့က အကျွန်ုပ်နှင့် သမီးငယ်တို့သည် ဦးမောင်မောင်အိမ်သို့ စောစောကြို၍ ရောက် သွားကြပါ၏။ ဆရာတော် ဦးပဏ္ဍိတ ကြွလာမည် ဆို၍ မိုးချုပ်ခါနီး အထိ စောင့်ခဲ့ကြ၏။ သို့သော် အချိန်ကုန်သွားသည် အထိ ဆရာတော် ဦးပဏ္ဍိတလည်း ကြွမလာ၊ မြင်းခြံသူဌေးလည်း ပေါ်မလာသဖြင့် ရန်ကုန်မြို့၏ ညနေခင်း ကြိတ်ကြိတ်တိုး၍ စီးရသော ဘတ်စ်ကားကို တိုးဝှေ့စီးပြီး ပြန်ခဲ့ကြရသည်။

ဓမ္မယောသက ဦးမောင်မောင်နှင့် သူ၏ အသိုင်းအဝိုင်းများ၊ မြင်းခြံ သူဌေး၊ ဦးထိန်ဝင်း၊ ဦးအောင်သိန်း စသူတို့၏ သာသနာပြုလုပ်ငန်း ဆောင် ရွက်ပုံသည် မိမိရင်ထဲမှာ ဖြစ်ချင်နေသော ပုံစံနှင့် မတူဘဲ ကွဲပြားနေကြောင်း အကျွန်ုပ် ရိပ်စားမိပါသည်။ အကျွန်ုပ်က ဝိပဿနာကို ဧောင်းပေးပြီး လုပ် ချင်သည်။ သူတို့က ဗာဟိရ အလုပ်များကို ပိုပြီး လုပ်ချင်သည်။ သူတို့က ကုသိုလ် ရရေးကို အဓိကထားသည်။ မိမိက အပါယ်တံခါး ပိတ်ဖို့ကို အဓိက ထားသည်။ ရည်ရွယ်ချက်ချင်းက တခြားစီ ဖြစ်နေပြီကို အကျွန်ုပ် နားလည် လာသည်။ အကျွန်ုပ်သည် မိမိ ပြုလုပ်ချင်သော ကလျာဏ ပုထုဇဉ် ထွန်းကား



www.burmeseclassic

www.burmeseclassic.com


ရေး လုပ်ငန်းကို လုပ်ငန်း စီမံချက် စာတမ်း ရေးပြီး ဦးမောင်မောင်နှင့် မြင်းခြံသူဌေးတို့ လက်ထဲ ထည့်လိုက်ပါသည်။ အစက သူတို့သည် အကျွန်ုပ်၏ ပဓာနလုပ်ငန်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင် ကူညီကြမည့် လူကြီးများ ဖြစ်သည်ဟု အကျွန်ုပ် ထင်ခဲ့သည်။ သို့သော် လက်တွေ့တွင် သူတို့ ဖြစ်စေချင်တာက တခြား၊ ကျွန်ုပ် လုပ်ချင်တာက တခြား အံမဝင် ခွင်မကျ ဖြစ်နေပြီကို အကျွန်ုပ် နားလည်လိုက်ပါသည်။

**လူငယ်များက နားလည်ကြစေချင်သည်**

ကုသိုလ်ရေး ဆိုသော ကံအလုပ်များကိုသာ စိတ်ဝင်စားသော လူကြီးများသည် မိမိလုပ်ငန်း၏ တန်ဖိုးနှင့် ထိရောက်မှုကို နားလည်ရန် ခက်ခဲလိမ့်မည် ဆိုသော အတွေးသည် အကျွန်ုပ်၏ ဦးခေါင်းထဲသို့ ဝင်လာပါသည်။ မိမိအနေနှင့် လူငယ်များ အားကိုးဖြင့် မိမိ၏ ကလျာဏ ပုထုဇဉ် ထွန်းကားရေး လုပ်ငန်းကို အကောင်အထည် ဖော်ရန် အခွင့်အရေးကို စောင့်ဆိုင်းနေလေသည်။

တစ်နေ့သ၌ အကျွန်ုပ် ဘဝတက္ကသိုလ် စာအုပ်တိုက်မှာ ပြုဖွယ်ကိစ္စများကို ဆောင်ရွက်နေစဉ် အကျွန်ုပ်၏ စာပေ ရောင်းရင်းကြီး ဖြစ်သူ သုတေသီ မြင့်ထွန်းသည် လူငယ် တစ်ယောက်ကို ခေါ်ပြီး အကျွန်ုပ်ထံသို့ ဆိုက်ရောက်လာလေသည်။ ထိုလူငယ်၏ ပုံပန်းသဏ္ဌာန်မှာ မြန်မာနှင့် မတူဘဲ ဂျပန် ဘုရင်ကြီး ဟီရိုဟီတိုနှင့် တူသည်ဟု ထင်ရသည်။ သုတေသီမြင့်ထွန်းက မိတ်ဆက်ပေးသည်။

'သူက ဒီဇိုင်းစတား ကိုစန္ဒာသူရတဲ့၊ သူက ဆရာနှင့် တွေ့ချင်တယ် ဆိုလို့ ကျွန်တော် ခေါ်လာတာ' ဟု ဆိုသည်။

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်က ခု ပဲခူးမြို့အနားက ဒေးစွန်ပါက ဗားသိဒ္ဒိရှင်စခန်းမှာ ဂေါပက လုပ်နေပါတယ်၊ အဲဒီနေရာက ထူးတယ် ဆရာ၊ တရား အားထုတ်ဖို့လည်း ကောင်းတယ်၊ ဆရာ လိုက်ကြည့်ရင် လိုက်ကြည့်ပါ၊ လာမယ့် တနင်္ဂနွေနေ့မှာ ကျွန်တော်တို့အဖွဲ့ သွားကြမယ်'

ကိုစန္ဒာသူရက တွေ့တွေ့ချင်း ရင်းရင်းနှီးနှီး ဖိတ်မန္တက ပြုလေသည်။ အကျွန်ုပ်သည် ဒေးစွန်ပါကို ကြားဖူးသည်မှာ ကြာပြီ ဖြစ်၏။ တစ်ခါ တစ်ခေါက်မျှ မရောက်ဖူးပါ။ ရှေးက သိုက်သမိုင်း ဒဏ္ဍာရီတွေထဲမှာ ဒေးစွန်ပါ အကြောင်းက စိတ်ဝင်စားစရာ ကောင်းသည်။ ဤနေရာသည် သိုက်နန်းရှင်များ ကျက်စားရာ နေရာ ဖြစ်သည်ဟု လူသိများသည်။ ငယ်စဉ်ကမူ ဒေးစွန်ပါ အကြောင်းကို



www.burmeseclassic

www.burmeseclassic.com



ကြားရလျှင် တစ္ဆေ သရဲ ပုံပြင်ကို နားထောင်ရသလို ကျောချမ်းပြီး ကြောက်စိတ်ဖြင့် နားထောင်ခဲ့ရသည်ကို သတိတရ ရှိပါသည်။

ကိုစန္ဒာသူရသည် ဒီနိုင်းဆရာ ဖြစ်သည်။ ကုန်ပစ္စည်း ဒီနိုင်းများကို ရေးဆွဲခြင်းဖြင့် ဝင်ငွေကောင်းသူ ဖြစ်သည်။ ကုန်ပစ္စည်း အမှတ်တံဆိပ်များ၊ မင်္ဂလာဆောင် ဖိတ်စာ အဆန်းများကို တီထွင် ရေးဆွဲပေးခြင်းဖြင့် နာမည်ကြီးသည်။ မိတ်ဆွေကြီး သုတေသီမြင့်ထွန်းကလည်း ဝိဇ္ဇာယောင်ယောင်၊ ဘိုးတော်ယောင်ယောင်၊ မှော်ဆရာယောင်ယောင်၊ အထူးအဆန်း ဆိုလျှင် ဝါသနာပါသည်။ သူက စန္ဒာသူရ အကြောင်းကို ပြောပြသည်။

'ကိုစန္ဒာသူရက လောကီပညာတွေကို စိတ်ဝင်စားတယ်၊ သူက ဆရာရဲ့ အိပ်မွေ့ချပညာကိုလည်း သိချင်တယ်၊ သူ့ဆီမှာ ဗေဒင်ဆရာတွေ၊ ဓာတ်ဆရာတွေလည်း ရှိတယ်၊ ဗားမဲ့ဆရာတော်ကြီး စီရင်ခဲ့တဲ့ ပစ္စည်းတွေလည်း ရှိတယ် ဆရာရဲ့၊ သူကလည်း စုံတော့ စုံတယ်'

'ဟုတ်ပါတယ်၊ ကျွန်တော်က ဂန္ဓာရီ အတတ်ပညာတွေကို ဝါသနာပါတယ်၊ သိဒ္ဓိ မဟိဒ္ဓိ ပညာရှင် ဖြစ်ချင်တယ်၊ သာသနာလည်း ပြုချင်တယ်၊ ဘုရားတည်တာ၊ ဓာတ်ရိုက် ဓာတ်ဆင်တွေကိုလည်း ကျွန်တော် သိပ်ဝါသနာပါတယ်' ဟု သူက ဆိုသည်။

အကျွန်ုပ်သည် ဗားမဲ့ဆရာတော် စီရင်သော ပစ္စည်းများ ရှိသည် ဆိုသောကြောင့် သူ့ကို စိတ်ဝင်စားမိသည်။ ဗားမဲ့ဆရာတော်သည် အကျွန်ုပ်၏ အတိတ် ဘဝက ဆရာ ဖြစ်ခဲ့ဖူးသည်ဟု ငယ်စဉ်ကတည်းကပင် အစွဲအလမ်း ဖြစ်နေခဲ့လေသည်။

အကျွန်ုပ်သည် ကိုစန္ဒာသူရကို အကြောင်းပြု၍ ဘာသာရေးကို စိတ်ဝင်စားသော ပုတီးသမား လူငယ်များကို သိကျွမ်း ခင်မင်ရသည်။ သူတို့ ဘာလုပ်နေကြသလဲဟု လေ့လာ ကြည့်သောအခါ တန်ခိုးကြီးသည် ဆိုသော ဗုဒ္ဓဆင်းတုတော်တွေကို မိမိတို့ အိမ်တိုက်ခန်းကို ပင့်ပြီး ပူဇော်ပွဲ လုပ်နေကြသည်။ ဘာပဲဖြစ်ဖြစ် ဤ လူငယ်တွေကို ဝိပဿနာဘက်သို့ မျက်နှာမူမိလာအောင် မိမိက ဆွဲဆောင် စည်းရုံးနိုင်လျှင် မိမိ ဆောင်ရွက်ချင်သော ကလျာဏ ပုထုဇဉ် ထွန်းကားရေး ကိစ္စတွင် တစ်တပ်တစ်အား ဖြစ်လာနိုင်သည်ဟု မျှော်လင့်မိခဲ့လေသည်။

ကိုစန္ဒာသူရတို့က ပုတီးလိုင်း ဝိဇ္ဇာဂိုဏ်းသမားများ ဖြစ်သည်။ သူတို့ လိုချင်တာက သိဒ္ဓိ မဟိဒ္ဓိ ဖြစ်နေသဖြင့် မိမိနှင့်မူ ခံယူချက်ချင်း အတော်



www.burmeseclassic

www.burmeseclassic.com



အလုပ်း ကွာဝေးနေသည်။ သို့သော် အကျွန်ုပ်ကို သူတို့ကလည်း လိုချင်သည်။ သူတို့ လူငယ်တွေကို ဦးဆောင်စေချင်သည်။ ဒေးစွန်ပါရှိ သိဒ္ဓိရှင် စခန်းကို မိမိအား အပ်နှံသည်။ ထို့နောက် ဒေးစွန်ပါ တောင်ခြေရင်းက ရသေ့ တစ်ပါး ကလည်း သူ့ ခုတ်ထွင် ရှင်းလင်းပြီး ယူထားသော မြေ ခြောက်ဧကကို အကျွန်ုပ်က အလှူခံမည် ဆိုပါက လှူမည်ဟု လာပြောသည်။ မိမိအနေနှင့် တရားစခန်း တစ်ခု တည်ထောင်ရန် အလိုရှိသော မြေနေရာကိုမူ လက်ခံမည် ဆိုလျှင် အလွယ်တကူပင် ရနိုင်သည်။

သွေးတိုးစမ်းသည့် အနေဖြင့် အကျွန်ုပ်က ကိုစန္ဒာသူရတို့ လူငယ်တစ်စု နှင့် အတူ ကလျာဏ ပုထုဇဉ် ထွန်းကားရေး အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ ထို့နောက် ဂန့်ဂေါမှ မုံလယ် ဆရာတော်ကြီး ရန်ကုန်သို့ ပင့်ဆောင်ပြီးနောက် ရန်ကုန်မှာ ဝိပဿနာ တရားစခန်း တစ်ခု ဖွင့်လှစ်လိုက်သည်။ ထိုလူငယ် အဖွဲ့သားများ တက်ညီလက်ညီ ဆောင်ရွက်ကြသဖြင့် ဝိပဿနာ တရားစခန်း သည် အောင်အောင်မြင်မြင်နှင့် ပြီးသွားသည်။ သို့သော် သူတို့၏ စိတ်သဘော ထားကို ဝိပဿနာ တရားစခန်း အပြီးမှာ မေးစမ်းကြည့်တော့ သူတို့သည် ဝိပဿနာကို စိတ်မပါ၊ သမထ ဂန္ဓာရီ ဝိဇ္ဇာလမ်းကိုသာ စိတ်ပါကြောင်း ဝန်ခံကြသဖြင့် အကျွန်ုပ်လည်း သူတို့နှင့် လမ်းခွဲလိုက်ရပြန်သည်။

**မှတ်သားဖွယ်ကောင်းသော တပည့် တစ်ဦး**

အမြင်ချင်း မတူသူများနှင့် လမ်းခွဲပြီးနောက် အကျွန်ုပ်ထံသို့ ဝိပဿနာကို တန်ဖိုးထားသော လူငယ် စာဖတ်ပရိသတ် တစ်ဦး ရောက်လာသည်။ သူ့ အမည်မှာ ကိုစိုး ဖြစ်သည်။ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော် လမ်း ထောင့် ကွေ့အနီး လမ်းလေးဆယ် ထိပ်နားက မြအေးကြည် လက်ဖက်ရည်ဆိုင် ပိုင်ရှင် လူငယ် ဖြစ်သည်။ 'ရတနာသုံးပါး' စာအုပ်များကို ဖတ်ပြီးနောက် ကိုစိုးသည် သူ သိချင်သော ဘာသာရေး မေးခွန်းများကို နေ့စဉ် အကျွန်ုပ်ရှိရာ ဘဝတက္ကသိုလ် စာပေသို့ လာပြီး မေးသည်။ နေ့လယ် နှစ်နာရီထိုးလျှင် ကိုစိုး အိမ်ပြန်ပြီး ထမင်းစားသည်။ သူ့အိမ်မှာ ၃၇ လမ်း အောက်ဘက်၊ စာပေဗိမာန် အနီးမှာ ဖြစ်သည်။ ထမင်းစားပြီးလျှင် သူ့ဆိုင်ကို ညီမဖြစ်သူ နှင့် လွှဲထားပြီး အကျွန်ုပ်ထံသို့ လာသည်။ ၃၇ လမ်းထဲက လက်ဖက်ရည် ဆိုင်မှာ အကျွန်ုပ်ကို လက်ဖက်ရည်နှင့် ဧည့်ခံသည်။ ပြီးမှ သူ သိချင်သော မေးခွန်းများကို တစ်ခုပြီး တစ်ခု မေးလေသည်။



www.burmeseclassic

www.burmeseclassic.com



ပထမဦးစွာ သူကလည်း အကျွန်ုပ်ကို ဝိပဿနာ အလုပ်ကို ဘာကြောင့် မလုပ်သေးသလဲ ဆိုသော မေးခွန်းကို မေးသည်။ သူ့စကားက ယဉ်ကျေးသည်။

'ကျွန်တော်က ဆရာ့ စာအုပ်တွေကို ဖတ်ပြီးတော့ ဝိပဿနာနှင့် ပတ်သက်တဲ့ ဆရာ့အမြင် အယူအဆတွေကို သိချင်လို့ လိုက်ရှာကြည့်တာ မတွေ့ဘူး၊ ကျွန်တော်က ဆရာ့လို ပုဂ္ဂိုလ်အနေနှင့် ဝိပဿနာ ဉာဏ်အမြင်တွေကို ရေးစေချင်တာ၊ ခုအချိန်အထိ ဆရာ ဝိပဿနာ လုပ်ဖို့ စိတ်မကူးသေးဘူးလား' ဟု မေးလေသည်။ ထိုလူငယ်ကား ပို၍ စိတ်ဝင်စားဖို့ကောင်းသော လူငယ်ဟု အကျွန်ုပ် ထင်ပါသည်။ သူ့လို အရွယ်တုန်းက အကျွန်ုပ်မှာ ဘုရားမရှိ၊ တရား မသိ မိုက်မိမိုက်ရာ မိုက်ဆဲအခါ ဖြစ်၏။ သူသည် စီးပွားရေး သမား လူငယ် တစ်ယောက် ဖြစ်ပါလျက် မိဘကို လုပ်ကျွေးရင်း ဘာသာရေး ကိစ္စများကိုပါ လေ့လာ ဆည်းပူးနေလေသည်။ သူ့အမေးကို အကျွန်ုပ်က အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး ဖြေပါသည်။

'လူ့ဘဝရဲ့ ပန်းတိုင်ဟာ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ရမယ်၊ လူသားဟာ အနည်းဆုံး ဒီဘဝမှာ သောတာပန် ဖြစ်အောင် လုပ်ဖို့ သင့်တယ်၊ သောတာပန် မဖြစ်ရင်တောင် စူဠသောတာပန် ဖြစ်အောင်တော့ လုပ်ရမယ် ဆိုတာ ကျွန်တော့် ရင်ထဲမှာ ခံယူထားပါတယ် ကိုစိုး၊ ဝိပဿနာကို ဉာဏ်ရှိတဲ့ လူတိုင်း မဖြစ်မနေ လုပ်ရမယ် ဆိုတာကိုလည်း ကျွန်တော် နားလည်သလို စိတ်လည်း ပိုင်းဖြတ်ထားပါတယ်၊ ဒါပေမဲ့ ဝိပဿနာ အလုပ်ကို ဘုမသိ ဘမသိဘဲနှင့် သွားလုပ်ရင် ခရီး မရောက်နိုင်ဘူးလို့ ကျွန်တော် ထင်တယ်'

**ဝိပဿနာ မလုပ်ခင် ကြိုတင် သိစရာများ**

ကိုစိုးသည် အကျွန်ုပ်၏ စကားကို စိတ်ဝင်စားစွာ မေးသည်။

'ဒါဆိုရင် ဝိပဿနာ အလုပ်ကို မလုပ်ခင် အရင်ကြိုတင်ပြီး သိရမယ့်ဟာတွေ ရှိသေးလို့လား ဆရာ'

'ကိုစိုးက မေးခွန်း မေးတာ ချက်ကျတယ်၊ ဟုတ်တယ် ကိုစိုး၊ ဝိပဿနာ မလုပ်ခင်မှာ အရင် ကြိုတင်ပြီး သိစရာတွေ အတော်များတယ်၊ အဲဒါတွေကို ကျွန်တော် လေ့လာနေတယ်၊ နောက်တစ်ချက်က ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဝိပဿနာ ရိပ်သာတွေ၊ ဝိပဿနာ နည်းလမ်းတွေက အတော်များတယ်၊ အားလုံး သူ့နည်းနှင့်သူ ကောင်းကြတာချည်းပဲ၊ ဒါပေမဲ့ ကျွန်တော်နှင့် ဘယ်နည်းနှင့် သင့်တော်မလဲ ဆိုတာက ပြဿနာ ဖြစ်နေတယ်၊ ဒါကြောင့်



www.burmeseclassic

www.burmeseclassic.com



ဝိပဿနာ ရှုနည်းပေါင်းစုံကိုလည်း သိအောင် ပထမ လေ့လာပြီးမှ ဘယ်နည်းဟာ မိမိနှင့် သင့်တော်မလဲ ဆိုတာကို ရွေးချယ်ရဦးမယ်၊ ဒီနေရာမှာ တစ်နည်းတည်းကို ရွေးချယ်ရမလား၊ ဒီနည်းထဲက ကြိုက်နှစ်သက်တဲ့ အပိုင်းနှင့် ဟိုနည်းထဲက ကြိုက်နှစ်သက်တဲ့ အပိုင်းကို ပေါင်းစပ်ပြီး ကိုယ်နည်းနှင့်ကိုယ် လုပ်ယူရမလား ဆိုတာတွေကိုလည်း ကြိုတင် ပြင်ဆင်ဖို့ လိုဦးမယ် ထင်တယ်၊ တစ်ခု ရှိတာက ဝိပဿနာ အားထုတ်တာလည်း ကျောင်းမှာ ပညာ သင်တာနှင့် တူတယ်လို့ ကျွန်တော် နားလည်နေတယ်'

'အဲဒါက ဘာကို ဆိုလိုတာလဲ ဆရာ'

'ဒီလို ကိုစိုးရဲ့၊ ကျောင်းပညာ သင်ကြားတဲ့အခါ အခြေခံ မူလတန်းက စပြီးမှ တစ်ဆင့်ပြီး တစ်ဆင့် အမြင့်တန်းတွေကို တက်ရသလိုပဲပေါ့၊ အန္ဓပုထုဇဉ် အကန်းဟာ ပထမ ကလျာဏပုထုဇဉ် သုတဗုဒ္ဓိဉာဏ်မျက်စိ အလင်း ရသူ ဖြစ်အောင် လုပ်ရဦးမယ်၊ ပါဠိလို ပြောရင်တော့ အသုတဝါ အကြားအမြင် မရှိတဲ့ အကန်းဘဝက သုတဝါ အရိယာ သာဝကော ဆိုတဲ့ အကြားအမြင် ရှိတဲ့ ပုထုဇဉ် (ကလျာဏပုထုဇဉ်) ဖြစ်အောင် ပထမ လုပ်ပြီးမှ သူဟာ အရိယာ၏ သားတပည့် စူဠသောတာပန် ဆိုတဲ့ သောတာပန် အငယ်စား ဖြစ်မယ်၊ စူဠသောတာပန် ဆိုတဲ့ အလယ်တန်း အောင်ပြီ ဆိုမှ အထက်တန်း တက္ကသိုလ်ဝင်တန်း အောင်အောင် ဆက်ပြီး အားထုတ်ရမယ်၊ ဆယ်တန်း အောင်တဲ့ လူဟာ တက္ကသိုလ်က အဆင့်မြင့် ပညာတွေကို ဘွဲ့ရသည် အထိ ဆက်ပြီး သင်ခွင့်ရတယ် မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'ဒီလိုပဲ ဒီမှာလည်း မဟာသောတာပန် ဖြစ်မှ အထက် မဂ်အဆင့်ဆင့်ကို တက်နိုင်မယ်၊ ဒါကြောင့် ဝိပဿနာ အလုပ်ကို အန္ဓပုထုဇဉ် အနေနှင့် အားထုတ်တာဟာ မှားတယ်လို့ ကျွန်တော် ယုံကြည်တယ်၊ မူလတန်း မအောင်ဘဲနှင့် အထက်တန်း စာမေးပွဲ ဖြေသူလို ဖြစ်နေမှာပေါ့၊ မဟုတ်ဘူးလား'

'အင်း စဉ်းစားစရာ ကောင်းတဲ့ အချက်ပဲ ဆရာ၊ ဝိပဿနာ အလုပ် လုပ်တာမှာလည်း မဖြစ်နိုင်တာနှင့် ဖြစ်နိုင်တာကို ခွဲခြားသိဖို့တော့ လိုတာ အမှန်ပါပဲ၊ ဆရာ စဉ်းစားပုံကို ကျွန်တော်လည်း နှစ်သက်ပါတယ်၊ ဒီလိုပဲ ဖြစ်သင့်ပါတယ်' ကိုစိုးက အကျွန်ုပ်၏ အယူအဆကို စဉ်းစဉ်းစားစားနှင့် လက်ခံကြောင်း ပြောလေသည်။

'ဒီနေရာမှာ ဝိပဿနာ အလုပ်ကို လုပ်မယ့် ယောဂီဟာ ကြိုတင် သိ



www.burmeseclassic.com

www.burmeseclassic.com



သင့်တဲ့ ပရိညာ သုံးပါး ရှိတယ်'

'ပရိညာ ဆိုတာ ဘာလဲ ဆရာ'

'ပရိညာ ဆိုတာ ပိုင်းခြား၍ သိခြင်းလို့ အနက်ရတယ်၊ အင်္ဂလိပ် ပါဠိ အဘိဓာန်မှာတော့ Parinna ကို exact knowledge ascertainment = တိတိကျကျ သိနားလည်မှုလို့ အနက်ပေးထားတယ်။* ကျေးဇူးရှင် လယ်တီ ဆရာတော်ကြီးရဲ့ ဝိပဿနာ ဒီပနီမှာ ဖော်ပြတာက ပရိညာ ဆိုသည်ကား ဉာဏ်၏ ပိုင်နိုင်ခြင်းတည်း** လို့ ဆိုထားတယ်၊ အင်္ဂလိပ် အဘိဓာန် စကား နှင့် နီးစပ်တယ်၊ ပရိညာ သုံးပါး ရှိတယ်၊ (၁) က ဉာတပရိညာ၊ (၂) တီရဏပရိညာ၊ (၃) ပဟာနပရိညာလို့ ခေါ်တယ်၊ ဒါဟာ ပိုင်းခြားသိတဲ့ ဉာဏ်အဆင့် သုံးဆင့်ပဲ ကိုစိုးရဲ့၊ ပထမဦးစွာ ပုထုဇဉ် အကန်းဟာ အဝိဇ္ဇာ ကို ပယ်ပြီး ဝိဇ္ဇာဉာဏ် အလင်းကို ရအောင် ရုပ်တရား နာမ်တရားတွေရဲ့ ပရမတ္ထ သစ္စာအမြင်ကို အစင်အကြယ် မြင်အောင် လေ့လာရမယ်၊ တရား နာရင်းလည်း ဒီ ဉာတပရိညာ ကိစ္စ ပြီးနိုင်တယ်၊ ရုပ်နာမ်နှစ်ပါးဟာ ခန္ဓာ ဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဆိုပြီး ခန္ဓာငါးပါးပဲ ရတယ်၊ ရုပ်ထဲမှာ ငါမပါဘူး၊ ဝေဒနာထဲမှာ ငါမပါဘူး၊ သညာထဲမှာ ငါမပါဘူး၊ သင်္ခါရထဲမှာ ငါမပါဘူး၊ ဝိညာဏ်ထဲမှာ ငါမပါဘူး၊ ရုပ်ဟာ ငါမဟုတ်ဘူး၊ ဝေဒနာဟာ ငါမဟုတ်ဘူး၊ သညာဟာ ငါမဟုတ်ဘူး၊ သင်္ခါရဟာ ငါမဟုတ်ဘူး၊ ဝိညာဏ်ဟာ ငါမဟုတ်ဘူး၊ ခန္ဓာငါးပါးထဲမှာ ယောကျ်ား မပါဘူး၊ မိန်းမ မပါဘူး၊ ဒီတရားတွေဟာ ဓမ္မသက်သက်ပဲ၊ ဖြစ် ပြီး ပျက်သွားတဲ့ တရားတွေပဲ၊ ခိုင်တယ် မြဲတယ် ဆိုတာ ဘာဆို ဘာမှ မရှိဘူး၊ မိမိ ခန္ဓာထဲမှာပင် ငါ့ဟာ ငါ့ဥစ္စာလို့ ပြစရာ ဘာဆို ဘာမှ မရှိဘူး၊ ဒီလို သိလိုက်ရင် ဒီအမြင်ကလေး ပေါက်သွားရင် ဒါဟာ ဉာတပရိညာ အဆင့်ကို ရောက်ပြီ၊ ဒါက နားနှင့် တရားနာပြီး ဉာဏ်နှင့် သိလိုက်တဲ့ သဘောပဲ၊ အဲဒီ အဆင့်ကို ရောက်ရင် ပုထုဇဉ်ဟာ သစ္စာနုလောမိကဉာဏ် (သစ္စာဉာဏ်) ရတဲ့ အဆင့်ကို ရောက်ပြီ၊ ဒါဆိုရင် သူ့မှာ အန္ဓပုထုဇဉ် ဘဝ က အကန်း ပျောက်ပြီး ဉာဏ်မျက်စိ ပေါက်ပြီ၊ တီရဏပရိညာ အဆင့်က ခန္ဓာကို ရှုမှတ် ပွားများလိုက်တဲ့အခါ ရုပ်လည်း ဖြစ်ပြီးပျက်တယ်၊ နာမ်တရား

---

* Dictionary of the Pali Language – B. C. Childers – p 345

** ဝိပဿနာဒီပနီ၊ လယ်တီ ဒီပနီ ပေါင်းချုပ် (ပတွဲ)၊ စာ ၃၈



www.burmeseclassic

www.burmeseclassic.com



တွေလည်း ဖြစ်ပြီးပျက်တယ်၊ အဲဒီလို ခဏ ခဏ ဖြစ်ပြီးပျက်တဲ့ ဖြစ်ပျက် အနိစ္စကို မြင်ရင် ဖြစ်ပျက်တဲ့ တရားတွေကို မိမိက မဖြစ်ပါနှင့် ဆိုလို့လည်း မရ၊ မပျက်ပါနှင့် ဆိုလို့လည်း မရ၊ ဘာတစ်ခုမှ အစိုးမရတဲ့ အနတ္တ ဖြစ်နေတာကို မြင်ပြီး ဒီတရားတွေဟာ နှိပ်စက်ခြင်း ပိဠနဋ္ဌေ ဒုက္ခပဲ ရှိတယ် ဆိုတာကို မြင်ရင် တီရဏပရိညာ အဆင့်ကို ရောက်ပြီ၊ ဉာဏ်နှင့် ပြောရင် ဒုက္ခဉာဏ် အဆင့်ကို ရောက်ပြီ'

'ဒုက္ခဉာဏ် ဆိုတာ ခန္ဓာငါးပါးရဲ့ ဒုက္ခဟာ ဖြစ်ပြီးပျက်တဲ့ ဒုက္ခပဲ ရှိတယ်၊ နှိပ်စက်တဲ့ ဒုက္ခပဲ ရှိတယ်လို့ သိလိုက်တာပေါ့နော် ဆရာ'

'မှန်တာပေါ့ ကိုစိုးရဲ့၊ ကိုစိုးက အာရုံ စူးစိုက်ပြီး နားထောင်တာ ဆို တော့ သဘောပေါက်လွယ်တယ်၊ အကျယ်ကို သိချင်ရင် လယ်တီဆရာတော် ဘုရားရဲ့ ဝိပဿနာဒီပနီမှာ လေ့လာပေါ့ဗျာ၊ ပဟာနပရိညာ ဆိုတာက တိုတို ပြောရရင် တရား အားထုတ်တဲ့ အခါ ခန္ဓာငါးပါးရဲ့ ဖြစ်ပျက်ကို မြင်နေတာ၊ ဒုက္ခသစ္စာကို မြင်နေတာ၊ ရှုရင်း ရှုရင်းနှင့် ဖြစ်ပျက်တွေကို မြင်ဖန်များတော့ ယောဂီက မုန်းတီး ငြီးငွေ့တဲ့စိတ် ဖြစ်လာတယ်၊ ပြီးမှ ဖြုန်းဆို ဖြစ်ပျက် အားလုံး ချုပ်ဆုံးသွားတဲ့ ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကို သက်ဝင်သွားတဲ့ လောကုတ္တရာ မဂ်ဉာဏ် ပေါ်လာတယ်၊ အဲဒါ ကတဉာဏ်၊ ပဟာနပရိညာရဲ့ သဘောပဲ ကိုစိုးရဲ့၊ အကျယ်ကို သိချင်ရင်တော့ မိုးကုတ် ဆရာတော်ဘုရား ကြီးရဲ့ ဟောတရားခွေတွေမှာလည်း နာနိုင်တယ်၊ စာအုပ်တွေလည်း ရှိတယ်၊ ဝိပဿနာ အလုပ်စဉ် တရားစာအုပ် အမှတ် ၁၂ ကို ကိုစိုး ဖတ်ကြည့်ပါလား၊ အကျယ်ကို သိရတာပေါ့'

'ဟုတ်ကဲ့၊ ဒီလို သိရတော့ ကျွန်တော် ရှာဖတ်ဖို့ လွယ်ပါတယ် ဆရာ၊ ပြီးတော့ စကားမဆုံးခင် ဝိပဿနာ အားမထုတ်ခင် ကြိုတင် သိအပ်တဲ့ တရား တွေကို ပြောပြပါဦး ဆရာ'

'ခုပြောမယ့် အကြောင်းအရာက သိပ်ပြီး လေးနက်တယ် ကိုစိုးရဲ့၊ မိုးကုတ် ဆရာတော် ဘုရားကြီး အမိန့်ရှိတာက ဝိပဿနာ အလုပ်ကို မလုပ်ခင် ဉာတပရိညာနှင့် ဒိဋ္ဌိဖြုတ်ရမယ်တဲ့၊ ဒိဋ္ဌိဖြုတ် ဆိုတာ ပြောတော့ လွယ်တယ်၊ ဒါပေမဲ့ သိနားလည်ဖို့ကျတော့ အတော် ခက်တယ်၊ အတ္တစွဲ၊ ငါစွဲ၊ ငါ့ဟာစွဲ ကို ပယ်ဖျက်ရမယ်လို့ ဆိုလိုတယ်၊ အတ္တစွဲ ပြုတ်ဖို့ ဆိုတာကလည်း အနတ္တ ဉာဏ် အမြင် ထင်ရှား ဖြစ်ပေါ်လာမှ အတ္တစွဲပြုတ်မှာ ဖြစ်တယ်၊ မြန်မာ ဗုဒ္ဓ ဘာသာဝင်တွေ မျက်စိလည်ပြီး ဉာဏ်လမ်းကနေ ကံလမ်းကို ရွေ့လျောသွား

www.burmeseclassic.com



ကြတာ၊ ဘုရားဟော တရားက ခန္ဓာ ဇာတ်သိမ်းဖို့၊ ဘဝ ချုပ်ငြိမ်းဖို့ကို အထွဋ်အမြတ် ထားပြီး ဟောတယ်၊ မြန်မာ ဗုဒ္ဓဘာသာဝင် အများစုကကျ တော့ ခန္ဓာ ကြီးပွားဖို့၊ ဘဝ ကောင်းစားဖို့ကို အဓိက အထွတ်အထိပ် ထားပြီး လုပ်နေကြတယ်၊ ဒီလို ဖြစ်ရခြင်း အကြောင်းကို ဆရာ လေ့လာကြည့်တော့ ဒါ ဘာကြောင့် ဖြစ်သလဲ ဆိုတော့ သာမန် မြန်မာ ဗုဒ္ဓဘာသာဝင် ဆိုသူတွေမှာ အနတ္တဉာဏ်အမြင် မရှိလို့ အနတ္တသဘောကို ဉာဏ်မမီလို့ ဖြစ်ရတာပဲ ဆိုတာ တွေ့ရတယ်၊ ဒီအချက်ကို နားမလည်ဘဲနှင့် တရားအားထုတ်ရင် ဖြစ်ပျက်ကို မြင်တာတောင် ဒိဋ္ဌိမပြုတ်လို့ ဖြစ် ပျက် မုန်း ဆိုတာကို ရောက်ဖို့ ခက်တယ်၊ ဖြစ် ပျက် ဆုံးဖို့ကျတော့ ဝေးရောပေါ့၊ ဒါကြောင့် မိုးကုတ် ဆရာတော်ကြီး ဟောတဲ့ တရားဟာ ဆရာ့ စိတ်ထဲမှာတော့ အလွန် ယုတ္တိရှိတယ်၊ လက်တွေ့ ကျတယ်လို့ ထင်တယ်ဗျာ'

'ဆရာ ပြောမှ ကျွန်တော်လည်း ဇဝေဇဝါ ဖြစ်သွားတယ်၊ ကျွန်တော့် ခေါင်းထဲမှာလည်း အနတ္တ သဘောကို နားမလည်ပါဘူး ဆရာ၊ ဆရာ ပြော လို့သာ ငါ ငါ့ဥစ္စာ မရှိဘူး ဆိုတာကို ကြားရတယ်၊ ခေါင်းထဲမှာတော့ ငါ ငါ့ဉစ္စာ မရှိဘူး ဆိုတာကို နားကို မလည်ဘူး'

'နေဦး၊ နားမလည်ရုံ မကဘူး၊ ငါ မရှိရင် နိဗ္ဗာန်ကို ဘယ်သူ ရောက် မလဲလို့ကော မတွေးမိဘူးလား၊ ငါမရှိဘူး ဆိုရင် ဒီဘဝက ငါပြုခဲ့တဲ့ ကုသိုလ် ကောင်းမှုတွေကို နောက်ဘဝကျရင် ဘယ်သူ ခံစားမှာလဲ၊ တခြား တစ်ယောက် ခံစားမယ် ဆိုရင် သူများ ခံစားဖို့ အတွက် ငါက ဘာဖြစ်လို့ ကောင်းမှုတွေ လုပ်ခဲ့ရမှာလဲ ဆိုတဲ့ အတွေးတွေကော မတွေးမိဘူးလား'

'အင်း ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီလို အတွေးမျိုး ခပ်ဆင်ဆင် ကျွန်တော့် ခေါင်းထဲမှာ ပေါ်တယ်၊ ငါမရှိရင် လူတစ်ယောက်ကို လူတစ်ယောက် က သတ်ပြီး ငါမရှိဘူး၊ ငါသတ်တာ မဟုတ်ဘူး၊ ရုပ်နာမ် နှစ်ပါး၊ ခန္ဓာ ငါးပါးက သတ်တာလို့ ပြောရင် ဘယ့်နှယ် လုပ်မလဲ'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကိုစိုး ခေါင်းထဲ ဒီအတွေးမျိုး ပေါ်မှာပဲ ဆိုတာ ကျွန်တော် နားလည်နိုင်ပါတယ်'

'အဲဒါ ဘာဖြစ်လို့ မျက်စိလည်တာလဲ ဆရာ'

'ဟာ ကိုစိုး ခင်ဗျားက မေးခွန်း မေးတာ ပိုင်လှချည့်လား'

'ကျွန်တော်လည်း ဆရာ့ စာတွေ ဖတ်ပြီး ဒဿနပါး ဝနေတယ် ထင်ပါရဲ့'

www.burmeseclassic.com



'အေး ထားတော့၊ မေးတာကတော့ သိပ်ပိုင်တယ်၊ မျက်စိလည်ရတဲ့ အကြောင်းကတော့ ပညတ်နှင့် ပရမတ်ကို မကွဲလို့၊ ကျွန်တော်တို့မှာ မွေးကတည်းက မိဘများ၊ ဆရာသမားများက ပညတ်တွေကို မှတ်တတ်တဲ့ သညာအားကောင်းအောင်ပဲ သင်ပေးခဲ့တယ်၊ ဘာသာစကားရဲ့ ဘောင်ကလည်း ရှိသေးတယ်၊ ဘာသာစကားက ပညတ်တွေကို ခေါ်တတ်အောင်၊ ပညတ်တွေရဲ့ ဆက်နွယ်နေပုံတွေကို နားလည်အောင်ပဲ သင်ပေးတယ်၊ ပိုင်းခြားပြီး သိတဲ့ ဉာဏ်၊ ဉာတပရိညာကို မရခဲ့ဘူး၊ အမှန်က ခန္ဓာငါးပါးရဲ့ သဘော အမှန်ကို ကျွန်တော်တို့ မသိခဲ့ကြဘူး၊ ရုပ်လို့ ပြောရင် ကျွန်တော်တို့က မှန်ထဲမှာ မြင်ရတာကို ရုပ်၊ ဓာတ်ပုံကို ရိုက်လို့ အရုပ်ထင်တာကို ရုပ်၊ ချိန်ကြည့်ရင် ပိဿာ လေး ငါး ခြောက်ဆယ် ရှိတာကို ရုပ်၊ သေရင် ခေါင်းထဲ ထည့်ပြီး မီးရှို့ရတာ မြေမြှုပ်ရတာကို ရုပ်၊ လမ်းသွားရင် ခွေးဟောင်တာကို ရုပ်လို့ မှတ်နေကြတာကိုး၊ ဘုရားဟောက ပူတာ အေးတာ တေဇောရုပ်၊ မာတာ ပျော့တာ ပထဝီရုပ်၊ လှုပ်ရှားတာ ထောက်ကန်တာ ဝါယောရုပ်၊ ယိုစီးတာ ဖွဲ့စည်းတာ အာပေါရုပ်၊ ဒီရုပ်တွေက တစ်စက္ကန့်တောင် မမြဲဘူး၊ ခုဖြစ် ခု ပျက်ပဲ၊ ဒါကြောင့် ခင်ဗျား ဆိုင်က လာတုန်းက ပါတဲ့ ရုပ်ဟာ ခု ကျွန်တော့်ဆီကို ရောက်တော့ မရှိတော့ဘူး၊ လမ်းမှာတင် ပျက်ခဲ့ပြီးပြီ၊ ဆိုင်က လာတုန်းက ရှိခဲ့တဲ့ စိတ်တွေ၊ ခံစားမှုတွေ၊ မှတ်သားခဲ့တာတွေ၊ လုပ်ချင် ကိုင်ချင်ခဲ့တာတွေကော ခု ရှိသေးလို့လား'

'မရှိတော့ပါဘူး၊ ဟုတ်ပါတယ်၊ မရှိတော့ပါဘူး'

ကိုစိုး အသံထဲမှာ ချင့်ချင့်ချိန်ချိန် ပြောသော အသံ ပါသည်။

'မိနစ်တိုင်း စက္ကန့်တိုင်း ဒီရုပ် ဒီနာမ်တွေ ပျက်စီး ချုပ်ပျောက်နေတယ်၊ ရုပ်သစ် နာမ်သစ်တွေကလည်း အစားထိုးနေကြတယ်၊ ဒါဆိုရင် ခင်ဗျား ထင်သလို ဒီခန္ဓာငါးပါးထဲမှာ မြဲနေတာ ခိုင်နေတာ ဘာရှိသလဲ'

'ဘာမှ မရှိဘူးလို့ ဆိုရမှာပေါ့'

'ဆိုရမှာပေါ့ ဆိုတာက မဆိုချင်လည်း ရတယ် ဆိုတဲ့ အနက် ထွက်နိုင်သေးတယ်၊ ဒီကိစ္စမှာ ဒီလို ခြွင်းချက် မရှိဘူးနော်၊ မရှိဘူးလို့ပဲ ယတိပြတ်ဆိုရမယ်၊ ဟုတ်ပြီလား'

'ဟုတ်ပါပြီ ဆရာ'

'အဲဒါ ဉာဏ်အမြင်ပဲ ကိုစိုး၊ အနိစ္စကို မြင်တာ၊ ခဏကို မြင်လိုက်တာလေ၊ ဖြစ်ပျက်ကို မြင်လိုက်တာ၊ ဒီလိုမြင်မှ သက္ကာယဒိဋ္ဌိ ဆိုတဲ့ အပါယ်



www.burmeseclassic

www.burmeseclassic.com



မျိုးစေ့ ပြုတ်ထွက်သွားတယ်'

**သက္ကာယဒိဋ္ဌိ ဆိုတာ ဘာလဲ**

ကိုစိုးက ဉာဏ်ထက်သည်။ စာဖတ်များသည်။ သူ သိချင်သော အချက်ကို ဒက်ခနဲ မိအောင် ဖမ်းပြီး မေးတတ်သည်။ သူ့ခေါင်းထဲမှာ အတွေး ရှင်းမှ ကြိုက်သည်။

'သက္ကာယဒိဋ္ဌိ ဆိုတာ ဘာလဲ ဆရာ၊ ဒီစကားလုံးကို ကျွန်တော် ခဏ ခဏ ကြားဖူးပါတယ်၊ ကြားသာ ကြားဖူးတယ်၊ ဘာမှန်းမသိဘူး၊ ငါစွဲ ငါစွဲလို့တော့ ပြောတာပဲ၊ ဘာလဲ ငါစွဲ ဆိုတာ၊ အဲဒါ မရှင်းဘူး' ဟု သူက အတည့်ဆိုသည်။ ဤလူငယ်သည် ဉာဏ်ရှင်းခြင်းကို အလိုရှိသည်။ ဤအချက်သည် အကျွန်ုပ် သူ့ကို သဘောကျသော အချက် ဖြစ်သည်။ အကျွန်ုပ် တွေ့ဖူးသော လူငယ်များသည် ဘာသာရေးကို စိတ်ဝင်စားသည် ဆိုရာ၌ ဘာသာရေးကို ဗန်းပြပြီး ဘာမှန်းမသိသော သိဒ္ဓိရှင် မဟိဒ္ဓိရှင်တို့၏ အမအစကို ရမ်းမှန်းပြီး ရှာနေကြသည်။ သက်သတ်လွတ် အဓိဋ္ဌာန်နှင့် စားပြီး ဂုဏ်တော် ပုတီး အပတ် တစ်သိန်း စိပ်လိုက်လျှင် ခချက်ချင်းပဲ သူတို့ထံသို့ မဟိဒ္ဓိ ဘိုးတော် ဝိဇ္ဇာဓိုရ်က ရောက်လာပြီး သူတို့ကို ချက်ချင်း မတော့မလို စိတ်ကူး ယဉ်နေကြသည်။ ဓာတ်စီး၊ နတ်စီးတွေ လုပ်ပြီး မစားရ ဝခမန်း အငမ်းမရ လောဘ နောက်သို့ လိုက်နေကြသည်။ ဤလက္ခဏာမျိုး ကိုစိုးမှာ လုံးဝ မရှိပါ။ သူသည် ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး ကိုယ်လုပ်မှ ကိုယ်ရသည်ဟု ယုံကြည်သူ ဖြစ်သည်။ လောကမှာ ကံ အလုပ်တွေချည်း လုပ်နေခြင်းမှာလည်း ပြီးပြည့်စုံသည်ဟု သူ မယုံ။ ဝိပဿနာ ခြံရံသော အလုပ်ကို လုပ်ရကောင်းမှန်း သူ့ရင်ထဲမှာ သိနေသည်။

'သက္ကယဒိဋ္ဌိ အကြောင်းကို ခင်ဗျား နားလည်အောင် ရှင်းတော့မယ် ဆိုတော့ မဟာစည် ဆရာတော် ဘုရားကြီး အမိန့်ရှိခဲ့ဖူးတာ သွားသတိရ တယ်'

'ဘာအမိန့်ရှိခဲ့သလဲ ဆရာ'

'မဟာစည် ဆရာတော် ဘုရားကြီးက သက္ကာယဒိဋ္ဌိ မေးခွန်းဟာ ဖြေရန် ခက်ခဲ နက်နဲတယ်တဲ့၊ ဗုဒ္ဓ စာပေကိုလည်း သေသေချာချာ မလေ့လာဘူး၊ ပဋိသမ္ဘိဒါဉာဏ်နှင့်လည်း မပြည့်စုံရင် တော်တော် ဖြေဖို့ ခက်တယ်တဲ့၊ စာ တတ်တာတောင် တရားသဘောကို လက်တွေ့ လေ့လာမထားရင် ဖြေဖို့ရာ

www.burmeseclassic.com



ခက်ခဲပါတယ်* လို့ ဟောတော်မူခဲ့တယ်'

'ခက်ခဲနက်နဲတယ် ဆိုတော့ ကျွန်တော် နားလည်ပါ့မလား ဆရာ'

'ခင်ဗျားက စူးစူးစိုက်စိုက် နာတတ်တာပဲ၊ နားမလည်ရင်လည်း နားလည်အောင် မေးတတ်တယ်၊ မေးတဲ့ အခါလည်း လိုရင်းကို ရောက်အောင် မေးတတ်တာပဲ၊ အရေးကြီးတာက နားလည်ချင်တဲ့ စိတ်ထက်သန်မှု ရှိဖို့ပဲ'

'ကျွန်တော်က နားလည်ချင်ပါတယ်၊ ကျွန်တော် နားလည်အောင်တော့ ပြောပါ ဆရာရယ်၊ ကျွန်တော့်စိတ်ထဲ ဒီတရားဟာ အရေးကြီးတယ်လို့ ထင်ပါတယ်'

'အား ဒီတရား သိပ်အရေးကြီးတာပေါ့ဗျာ၊ ဒိဋ္ဌိပြုတ်ဖို့ ဆိုတာ လွယ်တာ မှတ်လို့၊ ဒါပေမဲ့ ခင်ဗျားက တက္ကသိုလ်က ဘွဲ့ရထားပြီးသား ဖြစ်တော့ တက္ကသိုလ်ပညာ အခြေခံကလည်း ရှိ၊ စာဖတ်ကလည်း များတော့ နားလည်မှာပါ၊ ကျွန်တော်ကလည်း တက္ကသိုလ်မှာ ဆယ်နှစ်လောက် ဆရာ လုပ်လာတာ ဆိုတော့ တပည့် နားလည်အောင် ပြောတတ်မယ် ထင်ပါတယ်'

'ဟုတ်ကဲ့ ပြောပါ ဆရာ၊ ကျွန်တော် နားလည်အောင် ကြိုးစားပြီး နာပါ့မယ်'

'ကောင်းပြီ၊ ဒါဆိုရင် စပြောမယ်၊ စပြောရင် သက္ကာယဒိဋ္ဌိကို မပြောသေးဘဲ အရေးကြီးတဲ့ စကား နှစ်လုံးကို အရင် သိထားသင့်တယ်'

'ဘာတွေလဲ ဆရာ'

'အတ္တ နှင့် အနတ္တ ဆိုတဲ့ စကား နှစ်လုံးကို ပထမ သဘောပေါက်ထားရင် သက္ကာယဒိဋ္ဌိ အကြောင်းကို နားလည်ရတာ ပိုလွယ်မယ်၊ ခု ဆရာ တင်ပြပုံက ရှေးရိုး တင်ပြပုံမျိုး မဟုတ်ဘူး၊ ဒါက **Modern Approach** လို့ ခေါ်တဲ့ ခေတ်သစ် ချဉ်းကပ်နည်းဗျ၊ ရိုးရာ တင်ပြပုံ တင်ပြနည်းနှင့် တင်ပြထားတဲ့ မြန်မာ ကျမ်းစာအုပ်တွေကတော့ အများကြီး ရှိပါတယ်၊ မဟာစည်ဆရာတော်ကြီးရဲ့ စူဠဝေဒလ္လသုတ် တရားစာအုပ်ကလည်း အတော် စုံပါတယ်၊ ပိဋကမြန်မာပြန် ကျမ်းတွေထဲမှာလည်း နေရာ အနှံ့ လေ့လာနိုင်တယ်၊ ခု ခင်ဗျားကို ပြောပြချင်တာကတော့ သီရိလင်္ကာက ပညာရှင်ကြီး အာရ်၊ အမ်၊ ဝီရသင်္ဂဟေ (**R. M. Weerasinghe**) ရေးတဲ့ အတ္တဝိဉာဏ်နှင့် ပတ်သက်သော

* စူဠဝေဒလ္လသုတ်၊ မဟာစည် ဆရာတော်၊ စာ ၂၈



www.burmeseclassic.com

www.burmeseclassic.com



ထင်ယောင်မှားမှု (The Hallucination of a Soul) ဆိုတဲ့* ဆောင်းပါးပါ အချက်အလက်တွေကို ပြောပြချင်တယ်'

'ဒီပုဂ္ဂိုလ်က သီရိလင်္ကာသား ဆိုတော့ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဖြစ်မှာပေါ့နော်'

'ဟုတ်ပါတယ်၊ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဖြစ်ဖို့ များပါတယ်၊ သူ့ နာမည်နောက်မှာ ကွင်းစပိတ်နှင့် (U. S. A) လို့ ဖော်ပြထားလို့ သူဟာ အမေရိကန် ပြည်ထောင်စုမှာ နေတဲ့ သီရိလင်္ကာသားလို့ မှတ်ယူရတယ်'

'သူက ဘာကို ဦးစားပေးပြီး ရေးထားတာလဲ ဆရာ'

'ဒီလိုဗျ၊ ခုလူတွေကြားထဲမှာက လူ့ခန္ဓာကိုယ်ထဲမှာ သိတဲ့၊ ခံစားတဲ့၊ မှတ်သားတဲ့၊ စေ့ဆော်တဲ့ အတ္တကောင် တစ်ကောင် ရှိနေတယ်၊ အဲဒီ အတ္တ ဝိညာဉ်ကောင်ဟာ လူသေပေမဲ့ သူက မသေဘူး၊ ခန္ဓာဟောင်းကို စွန့်ပြီး ခန္ဓာသစ်ထဲမှာ ပဋိသန္ဓေ သွားယူတယ် ဆိုတဲ့ အယူအဆဟာ ကမ္ဘာပေါ်မှာ ဘယ်လောက် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေတယ်၊ ဒီအယူအဆ ပေါ်ပေါက်လာတာ ဘယ်လောက် ကြာပြီလဲ ဆိုတာကို သူက သမိုင်း အထောက်အထားတွေနှင့် တင်ပြထားတယ် ကိုစိုးရဲ့'

'အဲဒါ ဗုဒ္ဓဘာသာ အယူဝါဒ ဟုတ်ရဲ့လား၊ ကျွန်တော် ဖတ်ဖူး သလောက်ဖြင့် အဲဒါ ဟိန္ဒူ အယူဝါဒနှင့် တူနေသလိုပဲ ဆရာရယ်'

'ဟုတ်တာပေါ့ဗျာ၊ အမှန်ကတော့ ဟိန္ဒူဘာသာဝင်တွေသာမက ဗုဒ္ဓ ဘာသာဝင် လူပြိန်းတွေ စိတ်ထဲမှာလည်း ဒီအယူအဆ ရှိတယ်၊ လူသေရင် အသက် ထွက်သွားတယ်၊ လိပ်ပြာ လွင့်သွားတယ်၊ လိပ်ပြာ ခေါ်တယ်လို့ ပြောနေကြတာ ကြားဖူးမှာပေါ့၊ ဒါကြောင့် မစ္စတာ ဝီရသင်္ဂဟေက ဒီအယူမှား ကို ချေဖျက်ဖို့ ဒီဆောင်းပါးကို ရေးခဲ့တာဗျ'

'ဟုတ်ကဲ့၊ ပြောပါဦး ဆရာ'

'ခင်ဗျား အီဗော်လူးရှင်း သီဝရီ ဆိုတာကို ကြားဖူးမှာပေါ့'

'ဟုတ်ကဲ့ ကြားဖူးပါတယ်၊ ဒါဝင်ရဲ့ သီဝရီ မဟုတ်လား၊ လူဟာ မျောက်ဝံ တစ်မျိုးက သဘာဝအရ ဆင့်ကဲ ပြောင်းလဲပြီး ဖြစ်ပေါ်လာတယ် ဆိုတဲ့ အယူအဆ မဟုတ်လား'

'ဟုတ်တာပေါ့၊ အဲဒီ သီပွဲ အယူအဆမှာ အရေးကြီးတဲ့ အချက်

---

* The Young Buddhist 1985 – p 131

www.burmeseclassic.com



နှစ်ချက် ပါတယ်၊ (၁) က သတ္တဝါတွေကို ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်က ဖန်ဆင်းတယ် ဆိုတဲ့ အယူဝါဒကို ပယ်တယ်၊ (၂) ဘုရားသခင် ဖန်ဆင်းရှင်က လူကို ဖန်ဆင်းတဲ့ အချိန်မှာ လူ့ခန္ဓာထဲကို ထာဝရ ဘုရားသခင်ရဲ့ ဝိညာဉ်တော်ကို ထည့်ပေးလိုက်တယ်၊ ဒါကြောင့် လူဟာ သတ္တဝါတွေထဲမှာ အမြတ်ဆုံးပဲ၊ တခြား သတ္တဝါတွေက လူသားအတွက် အသုံးချဖို့ ဘုရားက ဖန်ဆင်းပေးလိုက်တာ ဆိုတဲ့ အယူအဆကိုလည်း ပယ်တယ်၊ ဒါပေမဲ့ ကမ္ဘာပေါ်မှာ ဒီနေ့အထိ အဲဒီ အီဗော်လူးရှင်း သီဝရီ (evolution theory) ကို လက်မခံဘဲနှင့် လူကို ထာဝရ ဘုရားသခင်က ဖန်ဆင်းတယ်၊ လူ့ကိုယ်ထဲမှာ ဘုရားရဲ့ ဝိညာဉ်ကို ထည့်ပေးထားတယ် ဆိုတဲ့ အယူဝါဒကို လက်ခံနေကြတဲ့ လူတွေ ရှိသေးတယ်၊ ဒီ အယူအဆထဲမှာ သတ္တဝါ အားလုံး အနက် လူဟာ အမြတ်ဆုံး ဆိုတဲ့ သဘောထား ပါနေတယ်၊ ဒါကို မစ္စတာ ဝီရသင်္ဂဟေက အင်္ဂလိပ်လို ရေးသားထားတာ ရှိတယ်၊ ကိုစိုး နားထောင်ချင်ရင် ပြောပြမယ်၊ ဗုဒ္ဓဘာသာနှင့် ပတ်သက်တဲ့ အင်္ဂလိပ်စာ ဗဟုသုတလည်း တိုးတာပေါ့'

'ကောင်းလိုက်တာ ဆရာရယ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ ဘုရားလည်း ဖူး လိပ်ဥလည်း တူး ဆိုသလို ဖြစ်မယ် ထင်ပါရဲ့'

'ဝီရသင်္ဂဟေက To many, there was no evolution, but a magical creation – a genesis in which man stood paramount, over the rest of the living creatures, in fact, with a soul infused. တဲ့၊ ကဲ ဒီအထဲမှာ ခင်ဗျား နားမလည်တာ ဘာပါသလဲ'

'ဘာဆိုလိုတယ် ဆိုတာကိုတော့ သဘောပေါက်ပါတယ်၊ genesis ဆိုတဲ့ စကားလုံးက ဘာကို ဆိုလိုတာလဲ ဆရာ'

'genesis ဆိုတာ ကမ္ဘာဦး အစ သတ္တဝါတွေ စတင် ဖြစ်ပေါ်ခြင်း သဘောကို ပြောတာ၊ အင်္ဂလိပ်လိုတော့ a beginning or origin anything လို့ အဘိဓာန်မှာ ပြတယ်၊ ဒီအကြောင်းကို တင်ပြရာမှာ အရေးပါတဲ့ အချက်က အနောက်တိုင်းသား ဒဿနဆရာတွေရော၊ သိပ္ပံဆရာတွေကပါ လူသားရဲ့ အစ ဘဝရဲ့ အစ (the origin of life) ကို စဉ်းစားရာမှာ ထောင်လိုက် စဉ်းစားတယ်၊ ဗုဒ္ဓဘာသာ အယူအဆမှာက သံသရာ ဆိုတာ အဝိုင်းလိုက် ပြေးသွားတာ၊ အဲဒါကို ပထမ ခွဲခြားပြီး နားလည်ရမယ်နော် ကိုစိုး၊ ထောင်လိုက် စဉ်းစားတာ မှားတယ်၊ မိစ္ဆာဒိဋ္ဌိ အမြင် ဖြစ်တယ်လို့ ဗုဒ္ဓဘာသာဝင်တွေက မြင်တယ်'



www.burmeseclassic

www.burmeseclassic.com



'နေပါဦး ဆရာရဲ့၊ ဘာကြောင့် ဒီလို ထောင်လိုက် အလျားလိုက် စဉ်းစားတာကို မှားတယ်လို့ ဆိုနိုင်သလဲ'

ကိုစိုး၏ မေးခွန်းက အရေးပါသည်။ ဤမေးခွန်း အတွက် အကျွန်ုပ်၏ ခေါင်းထဲမှာ အဖြေတွေ အများကြီး ပေါ်လာသည်။

'ကိုစိုးက ဒီမေးခွန်းကို မေးတော့ ဆက်စပ်ပြီး ဖြေစရာတွေ အများကြီး ပေါ်လာတယ်၊ ကျွန်တော်တို့ မူလက စဉ်းစားတဲ့ အကြောင်းအရာ ပျောက်သွားမှာလည်း စိုးတယ်၊ သတိတော့ထားပေါ့၊ အကြောင်းအရာက ဘေးကို အတော်ကြီး ရောက်သွားလိမ့်မယ်၊ ကဲ ခု ခေါင်းထဲမှာ ပေါ်လာတဲ့ အဖြေကို စပြောမယ်၊ မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန်ရဲ့ အမေးအဖြေထဲမှာ ဒီအချက် ပါတယ်ဗျ'

'ဘယ်လို ပါတာလဲ ပြောပါဦး ဆရာရဲ့၊ အကြောင်းအရာက လေးနက်သလောက် ကျယ်လည်း ကျယ်ပြန့်လှပါကလား'

'ဟုတ်တယ်၊ ဒါကြောင့် လွယ်လွယ်နှင့် နားလည်ဖို့ မဖြစ်နိုင်ဘူးလို့ မဟာစည် ဆရာတော်ကြီး အမိန့်ရှိခဲ့ဟန် တူတယ်၊ ဒီမှာ မိလိန္ဒမင်း အကြောင်းကို ခင်ဗျား သိထားသင့်တယ်၊ သူက ဂရိလူမျိုး ပညာရှိ မင်းတစ်ပါးပဲဗျ၊ ဗုဒ္ဓဘာသာကိုလည်း အင်မတန် ကျွမ်းကျင် နှံ့စပ်တယ်၊ သူ့မှာ ဂရိလူမျိုး ဆိုတော့ ဟိုခေတ်က ဂရိ ဒဿန ဆရာကြီးတွေရဲ့ အတွေးအခေါ် လွှမ်းမိုးမှုလည်း ရှိတာပေါ့၊ သူက ကမ္ဘာဦး အစ သတ္တဝါ အစ genesis နှင့် ပတ်သက်တဲ့ မေးခွန်းတွေ အများကြီး မေးခဲ့တယ်၊ သတ္တဝါ အစကို သူကလည်း သိချင်တာပေါ့၊ ဒီမှာ အဓ္ဓန့်ကာလ ဆိုတဲ့ စကားလုံးကို နားလည်ရမယ်၊ အဓ္ဓန့်ကာလ ဆိုတာ ရှည်လျားလှတဲ့ အချိန်ကာလကို ဆိုလိုတာ ဖြစ်တယ်၊ ဒီမှာ အချိန်ကို အလျားလိုက် ထောင်လိုက် ဖြစ်စဉ် အရှည်ကြီး ဖြစ်တဲ့ ဖြစ်စဉ်လို့ ယူဆတဲ့ အမြင်လည်း ဖြစ်ပေါ်လာတယ်၊ ဗုဒ္ဓဘာသာမှာက အချို့ ရုပ်နာမ်ခန္ဓာတွေဟာ တစ်ဘဝပြီး တစ်ဘဝ ဆက်ဆက်ပြီး ဖြစ်နေလို့ ရှည်ကြာတဲ့ ကာလ ရှိတယ်လို့ ရှုမြင်တယ်၊ ဒါပေမဲ့ တချို့ ရုပ်နာမ်ခန္ဓာတွေကျတော့ ခန္ဓာချုပ်ငြိမ်း ဓာတ်သိမ်းသွားကြတယ်၊ သူတို့မှာတော့ ရှည်လျားတဲ့ ကာလအစဉ် ပြတ်ပြန်တယ်၊ ဟုတ်ရဲ့လား ကိုစိုး'

'ဟုတ်ပါတယ် ဆရာ'

'ဗုဒ္ဓဘာသာမှာကျတော့ သုံးဆယ့်တစ်ဘုံမှာ ဝဲလည်ပြီး စုန်ဆန်သွားနေတဲ့ ခန္ဓာဖြစ်စဉ်ရဲ့ အဓ္ဓန့်ကာလကို အလျားလိုက် သွားတယ်လို့ မမြင်ဘူး၊



www.burmeseclassic

www.burmeseclassic.com



အဝိုင်းလိုက် (စက်ဝိုင်းပြေး) အဖြစ် မြင်တယ်၊ အဲဒါ သံသရာပဲ ကိုစိုးရဲ့'

ထိုစကားကို ကိုစိုးက အတန်ကြာ စဉ်းစားပြီးမှ မေးသည်။

'ဒါဆိုရင် သံသရာဟာ စက်ဝိုင်း ဖြစ်နေတဲ့ အတွက် အစ မရှိဘူးလို့ ဆိုလိုသလား ဆရာ'

'အဲ ဟုတ်ပြီ၊ ခင်ဗျား အခုမေးတဲ့ မေးခွန်းရဲ့ နောက်ဆုံးမှာ ပုဂ္ဂိုလ် သတ္တဝါစွဲ ပါနေတယ်၊ ဒီနေရာမှာ သံသရာ ဆိုတာကို ပုဂ္ဂိုလ် သတ္တဝါရဲ့ ဖြစ်စဉ်လို့ မြင်နေရင် ခင်ဗျား စိတ်ထဲမှာ ပုဂ္ဂိုလ် သတ္တဝါ ဘယ်က စတင်သလဲ လို့ ရှုမြင်ချင်မှာပဲ၊ ဒါပေမဲ့ မြတ်ဗုဒ္ဓက သံသရာ ဆိုတာ ရုပ်နာမ်ခန္ဓာများရဲ့ အစဉ် ဖြစ်တယ်၊ သံသရာရဲ့ အစဟာ အဝိဇ္ဇာနှင့် တဏှာပဲလို့ ဓမ္မသဘော နှင့် ဟောတယ်၊ ဒါကြောင့် ဒီတရား လေးနက်တယ် ပြောတာပေါ့၊ ဒီမှာ သက္ကာယဒိဋ္ဌိ ရှိနေရင် ခန္ဓာရဲ့ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို ခင်ဗျား ဝေခွဲပြီး သိနိုင်မှာ မဟုတ်ဘူးဗျ'

'ဟုတ်တယ် ဆရာ၊ ကျွန်တော် မျက်စိလည်သလို ဖြစ်သွားပြီ'

'ဖြစ်တာ မဆန်းပါဘူး၊ ခင်ဗျား ခေါင်းထဲမှာ အတ္တစွဲ ငါစွဲ ပုဂ္ဂိုလ် သတ္တဝါစွဲ သက္ကာယဒိဋ္ဌိကြီး ခုခံနေတာကိုး၊ မျက်စိလည်တာပေါ့၊ ဒါကြောင့် သံသရာ ဖြစ်စဉ်ကို နားလည်ဖို့ သံသရာ ဝဋ်ဆင်းရဲက ကျွတ်လွတ်ဖို့ ဆိုရင် သက္ကာယဒိဋ္ဌိကို ပယ်ရမယ် ဆိုတဲ့ အဖြေ ထွက်လာတယ်'

'အမယ်လေး၊ သက္ကာယဒိဋ္ဌိကို ရောက်ဖို့ တစ်ကွေ့တစ်ပတ်ကြီး စဉ်းစားရပါကလား ဆရာရယ်'

'ဟုတ်တယ် ကိုစိုး၊ နေဦး၊ ရှေ့ဆက်ပြီး မပြောခင် စောစောက ဝီရသင်္ဂဟောရဲ့ စကားထဲမှာ ပါတဲ့ အချက် နှစ်ချက်ကို ထုတ်ပြဦးမယ်၊ မိစ္ဆာဒိဋ္ဌိ အယူရဲ့ အခြေခံ တရား နှစ်ခုပဲဗျာ'

'ဟုတ်ကဲ့ ပြောပါဦး ဆရာ'

'သူ့စာထဲမှာ Man stood paramount over the rest of the living creatures ဆိုတာ တစ်ချက်၊ နောက်တစ်ချက်က with a soul infused ဆိုတာ တစ်ချက်ဗျ'

'paramount ဆိုတာ ဘာလဲ ဆရာ'

'သြော် အကြီးဆုံး၊ အမြင့်ဆုံး၊ အမြတ်ဆုံး ဆိုတဲ့ သဘောကို ပြောတာ၊ လူဟာ သက်ရှိ သတ္တဝါတွေ အားလုံးရဲ့ အပေါ်မှာ အမြင့်ဆုံး၊ အမြတ်ဆုံး အဖြစ်နှင့် ထာဝရဘုရားက ဖန်ဆင်းထားတယ်၊ with a soul infused



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက သူ့ရဲ့ ဝိညာဉ် တစ်ခုကိုလည်း လူ့ကိုယ်ထဲမှာ ထည့်သွင်းပေးထား တယ်လို့ ပြောတာ၊ ဒါကြောင့် ဒီအယူကို ယူတဲ့ လူတွေဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းခန်း ဓမ္မတေးတွေ သီဆိုနေကြတာပေါ့'

'အင်း ခုမှ ကျွန်တော် သဘောပေါက်တယ်၊ ဒါကြောင့် အဲဒီ ဘာသာ တွေမှာ လူက တခြား သတ္တဝါတွေကို သတ်ဖြတ် စားသောက်ရင်လည်း အပြစ် မရှိဘူးလို့ ယူဆနေကြတာ ဖြစ်မှာပေါ့၊ ဘုရားက တခြား သတ္တဝါတွေ ကို လူတွေအတွက် ဖန်ဆင်းပေးထားတယ် ဆိုတာကိုး၊ လူ့ကိုယ်ထဲမှာ အတ္တ ဝိညာဉ်ကောင်ကိုလည်း ဘုရားက ထည့်သွင်းပေးထားတယ် ဆိုတော့ အတ္တ ဝါဒရဲ့ ပဓာန အချက်လည်း ပေါ်လာပြီ ထင်ပါရဲ့ ဆရာ'

'ကျွန်တော်က ကိုစိုးကို အဲဒီလို ထိုးထွင်းပြီး နားလည် သဘောပေါက် လွယ်လို့ သဘောကျတာဗျ၊ ဒီအတ္တဝါဒ၊ အတ္တကောင်၊ ဝိညာဉ်ကောင် လူ့ကိုယ် ထဲမှာ ရှိတယ်လို့ ယုံကြည်တဲ့ အတ္တဝါဒဟာ နတ်ဘုရားနှင့် ပတ်သက်ပြီး လူ တွေ စတင် မစဉ်းစားကြစဉ်ကတည်းက လူတွေရဲ့ အတွေးထဲမှာ ပေါ်နေပြီ လို့ ဝီရသင်္ဂဟေက ထောက်ပြထားတာပဲ ကိုစိုးရဲ့'

'အင်္ဂလိပ်လို ပြောပါဦး ဆရာ'

'ဘာလဲ၊ ခင်ဗျားက အင်္ဂလိပ်လို ပြောတာကို ပိုကြိုက်နေပြီလား'

'ဟုတ်တယ် ဆရာ၊ အင်္ဂလိပ်လို ပြောတာ ပိုပြီး ရင်ထဲမှာ စွဲတယ်၊ ထိထိမိမိ ရှိတယ်'

'ကဲ ဒါဆိုလည်း ပြောရတာပေါ့ဗျာ၊ သူက Indeed, even prior to an idea concerning god or gods having crystallized, the soul had taken root in man's imagination to lull his fear and insecurity in the world given to dynamic change, with its related birth, decay and death. လို့ ရေးသားထားတယ် ကိုစိုး၊ သူ့ဆိုလိုချက်ကို ကိုစိုး သဘော ပေါက်တယ် မဟုတ်လား'

'လူ့စိတ်ထဲမှာ နတ်တို့ နတ်ဘုရားတို့ ဆိုတာတွေ ပေါ်မလာခင်က တည်းက သူ အသက်ရှင်နေတဲ့ လောကကြီးထဲမှာ မွေးလိုက် အိုလိုက် သေ လိုက် ဆိုတဲ့ မမြဲတဲ့ အနိစ္စတရားတွေက အရှိန်အဟုန်နှင့် ဖြစ်ပျက်နေတာတွေ ကို သူ မြင်တွေ့နေရတော့ လူဟာ စိုးရိမ် ထိတ်လန့်တဲ့စိတ်၊ ဘဝ မလုံခြုံတဲ့ စိတ်တွေ ဖြစ်လာတယ်၊ အဲဒီ စိတ်တွေကို ချော့သိပ်ဖို့ အတွက် ဝိညာဉ်ကောင် အတ္တကောင် ရှိတယ် ဆိုတဲ့ အယူအဆဟာ ကနဦး အမြစ်တွယ်လာတာလို့

www.burmeseclassic.com



ပြောတာ မဟုတ်လား ဆရာ'

'ဟုတ်တာပေါ့၊ ခင်ဗျား အင်္ဂလိပ်စာ နားလည်မှု တော်တော် ကောင်းတယ်'

'ဒါလည်း ဆရာ့ ကျေးဇူးပါပဲ ဆရာရဲ့၊ ကျွန်တော့်ကို ဗုဒ္ဓဘာသာကို မှန်မှန်ကန်ကန် နားလည်ရုံတင်မကဘဲနှင့် အင်္ဂလိပ်စာ နားလည်မှုပါ တိုးတက်အောင် ဆရာက နည်းပေးလမ်းပြ လုပ်လို့ ကျွန်တော် ဉာဏ်ကျယ်လာတာပါ၊ အဲဒီလိုပဲ အင်္ဂလိပ်လို ညှပ်ညှပ်ပြီး ပြောပြပါ ဆရာ'

'အင်း နေဦး၊ ဒီအယူအဆနှင့် ပတ်သက်ပြီး မစ္စတာ ဝီရသင်္ဂဟေ ပြောထားတွေကို ဆက်ပြီး လေ့လာကြဦးစို့၊ သူက ဒီ ဝိညာဉ်ကောင် အတ္တကောင်ဆိုတာကို အရိပ်၊ တစ္ဆေသရဲ စသည်အားဖြင့် လူမျိုးတိုင်းမှာ အခေါ် အမျိုးမျိုးရှိကြောင်း၊ အဘိဓာန်မှာ soul ဝိညာဉ် ဆိုတဲ့ စကားရဲ့ အနက် အဓိပ္ပာယ်ကို ပေးကြတာလည်း မတူကြောင်း၊ လူမျိုး အသီးသီးမှာ ရှိကြတဲ့ ဝိညာဉ် အယူအဆတွေကို သူ ရှာဖွေပြီး တင်ပြထားတယ်'

'အဲဒီ ပုဂ္ဂိုလ်က ဘာအကျိုး အတွက် ဒီလောက်တောင် အကျယ်ကြီး ရှာဖွေ တင်ပြရတာလဲ မသိဘူး'

'အင်း ကိုစိုး ခေါင်းထဲမှာ စူးစမ်းပြန်ပြီ၊ ဟုတ်တယ်၊ သူ ဒါတွေကို ရှာဖွေ တင်ပြတာက အကြောင်း ရှိတယ်၊ ဘာဖြစ်လို့ ဒီအယူအဆတွေကို လူတွေ လက်ခံလာကြသလဲ ဆိုတာ သိချင်လို့ သူက စူးစမ်းခဲ့တာပါတဲ့ ကိုစိုးရဲ့'

'အဲဒါ ဘာဖြစ်လို့ အတ္တကောင် ဝိညာဉ်ကောင် ရှိတယ်လို့ လူတွေ ယုံကြည်ခဲ့ကြသလဲတဲ့ ဆရာ'

'အေးဗျာ၊ သူက စကား တစ်လုံးတည်းနှင့် ပြောရင်တော့တဲ့၊ အတ္တကောင် ဝိညာဉ်ကောင် ဆိုတဲ့ အထည်ဒြပ် မရှိတဲ့ စိတ္တဇသဘောကို လူ့စိတ်ထဲမှာ ဖန်တီးလာကြတာဟာ သူတို့ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ ကြောက်စိတ်နှင့် မလုံခြုံတဲ့ စိတ်ကို သက်သာရာရဖို့ စိတ်ဖြေစရာ ရှာခဲ့ကြတာလို့ ဆိုတယ်'

'သူ အင်္ဂလိပ်လို ရေးခဲ့တာကို ပြောပါဦး ဆရာ'

'What is in a word? One is bound to ask indeed, what is that caused almost all culture dabble with such an elusive abstraction? Fear and insecurity are the main ingredients that compel man to given expression to such an abstraction. လို့ ဖော်ပြထားတယ် ကိုစိုး၊ အတ္တကောင် ဝိညာဉ်ကောင် ရှိတယ် ဆိုတဲ့ အယူအဆ



www.burmeseclassic

www.burmeseclassic.com



မျိုးဟာ လူမျိုးတိုင်းလိုလိုမှာ ရှိနေကြတယ်တဲ့၊ တစ်ဆက်တည်း သူက ဒီလို အထည်ဒြပ် မရှိဘဲ စိတ္တဇ သဘောမျိုး ထင်ယောင်ထင်မှား ကိုးကွယ်မှုကနေ နတ်ကိုးကွယ်မှု ပေါ်လာပုံ၊ နတ်ကိုးကွယ်မှု ပေါ်လာတော့ ယဇ်နတ် ပူဇော်မှု ပေါ်လာပုံ၊ တခြား သက်ရှိ သတ္တဝါတွေကို သတ်ဖြတ်ပြီး ပူဇော်တဲ့ မိစ္ဆာဝါဒ ဖြစ်ပေါ်လာပုံတွေကိုလည်း သူက တင်ပြထားတယ်၊ ဘီစီ ခုနစ်ရာလောက် ရောက်တော့ လူကိုပါ သတ်ဖြတ်ပြီး ယဇ်နတ် ပူဇော်တဲ့ မိစ္ဆာဝါဒတွေ ထွန်းကား လာတယ်လို့ ဝီရသင်္ဂဟေက ဖော်ပြထားတယ်၊ ခရစ်ယာန် အတ္တဝါဒ အကြောင်း၊ ဟိန္ဒူ အတ္တဝါဒ အကြောင်း၊ ဂျိမ်း အတ္တဝါဒ အကြောင်းတွေကို သူက အများကြီး လေ့လာ တင်ပြထားတယ်၊ ပြီးမှ ဗုဒ္ဓဘာသာရဲ့ ထူးခြားချက်ကို ပေါ်လွင် ထင်ရှားအောင် ဖော်ပြထားတယ်'

'ဘယ်လို ပြောတာလဲ ဆရာ'

'သူက ဗုဒ္ဓဘာသာရဲ့ တခြား သတ္တဝါ အပေါ်မှာ ထားတဲ့ သဘောထား မွန်မြတ်ပုံ၊ သားကောင်တွေကို သတ်ပြီး ယဇ်ပူဇော်တာဟာ မှားယွင်း ဖောက်ပြန်တဲ့ အယူဖြစ်ကြောင်း သုတ္တနိပါတ ဇာတကများမှာ ဘုရား ဟောတော်မူပုံတွေကို အကိုးအကားနှင့် ဖော်ပြထားတယ်၊ သူက အကျယ်ကြီး ကျမ်းဂန် အထောက်အထားတွေနှင့် ဖော်ပြထားတယ်၊ အားလုံးကို ပြောနေရင် မူလ ပြောဖို့ အစချီထားတဲ့ သက္ကာယဒိဋ္ဌိကို မရောက်ဘဲ နေဦးမယ်'

'ဟုတ်ကဲ့၊ အတ္တဝိညာဉ်ကောင် ရှိတယ် ဆိုတဲ့ အယူဝါဒ အကြောင်းနှင့် ဒီဝါဒကို အခြေခံပြီး ဖြစ်ပေါ်လာတဲ့ မိစ္ဆာဒိဋ္ဌိ အယူတွေ အပြစ်တွေကို ကြားရတာ ထိတ်လန့် ရွံရှာစိတ်တောင် ဖြစ်မိပါတယ် ဆရာ၊ ဒီတော့ အနတ္တ အကြောင်းကို ရှင်းပြပါဦး'

'ကောင်းပြီ ကိုစိုး၊ ဒါဆိုရင် အနတ္တဝါဒရဲ့ သဘောကို ပြောကြဦးစို့၊ ဒါမှသာ သက္ကာယဒိဋ္ဌိကို နားလည်နိုင်ဖို့ အခြေခံ သဘောတွေကို ကိုစိုး ရ သွားလိမ့်မယ်'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ ဆရာ'

'အတ္တဝါဒမှာ ဝိညာဉ်ကောင် ဆိုတာ တကယ် အထည်ဒြပ်နှင့် ရှိတာ မဟုတ်ဘူး၊ ဒါဟာ လူ့စိတ်က ဖန်တီးတဲ့ ထင်ယောင်ထင်မှားမှု (ဝိပလ္လာသ) အင်္ဂလိပ်လို ဆိုတော့ hallucination ပေါ့၊ ဒါ ကိုစိုး သဘောပေါက်ခဲ့ပြီနော်'

'ဟုတ်ကဲ့၊ ကျွန်တော် သဘောကျပါတယ်'

'ခု ပြောမယ့် အနတ္တဝါဒက ပိုပြီး နက်ရှိုင်းတယ်၊ နားလည်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာသာတိုင်းလိုလိုမှာ ပါတယ်'

'ဟိန္ဒူမှာလည်း ပါတာပဲ မဟုတ်လား'

'ပါတော့ ပါတယ်၊ ဂျူး၊ ခရစ်ယာန်၊ မွတ်စလင် ဘာသာဝင်တွေနှင့် ဟိန္ဒူနှင့်ကျတော့ နည်းနည်း ကွဲသွားတယ်၊ ဟိုဘာသာတွေမှာက အဲဒီ အတ္တ ဝိညာဉ် နာမ်တရားကလေးဟာ နောက်တစ်ခါ ပြန်ပြီး ခန္ဓာအိမ်သစ်မှာ ပဋိသန္ဓေ မနေတော့ဘဲ လူသေဆုံးတဲ့အခါ ဒီဝိညာဉ်ဟာ မရဏာဘုံမှာ နေရတယ်၊ ကမ္ဘာ ဖျက်လို့ တရားစီရင်တဲ့နေ့ကျမှ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း အပြစ်ရှိသူ ငရဲမှာ ထာဝရ ကျခံရတယ်၊ ကုသိုလ် ရှိသူတွေ၊ ဘုရားသခင်ကို မပြတ် ခဝပ် ကိုးကွယ်ခဲ့ကြသူတွေ၊ ဘုရားအမိန့်ကို နာခံသူတွေက အမတသုခဘုံ ဆိုတဲ့ ကောင်းကင်ဘုံ (ဂျန္နတ်) ကို ပို့ပြီး သုခချမ်းသာတွေကို ထာဝရ ခံစား ကြရတယ်လို့ ယူဆထားကြတယ်၊ ဟိန္ဒူကကျတော့ ဒီအတ္တဝိညာဉ်ကောင်ဟာ တစ်ဘဝပြီး တစ်ဘဝ ခန္ဓာအိမ်သစ်တွေမှာ ပဋိသန္ဓေ ယူပြီး ဘဝတိုင်းမှာ မိမိကိုယ်မှာ စွဲကပ်နေတဲ့ ကိလေသာတွေကို စင်ကြယ်အောင် ပြုလုပ်ရတယ်၊ ဒီလို ပြုလုပ်တဲ့ အတွက် စင်ကြယ်ခြင်း ဝိသုဒ္ဓိ ဖြစ်သွားတဲ့ အတ္တဝိညာဉ်ကောင် ဟာ နောက်ဆုံး ဘဝမှာ ဗြဟ္မ ဆိုတဲ့ ဘုရားဝိညာဉ်တော်ကြီးနှင့် ပြန်ပြီး ပေါင်းစည်းသွားတယ်၊ အဲဒီလို ဗြဟ္မ ပြန်ဖြစ်ပြီး ပေါင်းစည်းသွားတာကို ဟိန္ဒူဘာသာမှာ ဘဝ လွတ်မြောက်ခြင်း၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းခြင်း (နိဗ္ဗာန် ရောက်ခြင်း) ပဲလို့ ဆိုတယ်'

'ဟိန္ဒူကလည်း နိဗ္ဗာန် ဆိုတဲ့ စကားကို သုံးသလား ဆရာ'

'ဟ ကိုစိုး၊ ဗုဒ္ဓဘာသာထဲက ကံတို့၊ နိဗ္ဗာန်တို့၊ သံသရာတို့ ဆိုတဲ့ စကားတွေဟာ မြတ်ဗုဒ္ဓ မပွင့်ခင်ကတည်းက အိန္ဒိယပြည်မှာ ဗြဟ္မဏဘာသာဝင် ဟိန္ဒူတွေက သုံးနှုန်းနေခဲ့ကြတာ'

'ဟုတ် မထင်ပါဘူး ဆရာရယ်'

'မဟုတ်ဘူးလို့လည်း မထင်နှင့် ကိုစိုး၊ ဒါတွေက သမိုင်းကြောင်းကို ပြန်လှန်ကြည့်မှ ပိုပြီး ထင်ရှားလာမှာ၊ ဒီကိစ္စကို ဒီမှာ ဆွေးနွေးဖို့ မဟုတ်သေး ဘူး၊ ဒီမှာ အရေးကြီးတာက ဒီအတ္တကောင် ဝိညာဉ်ကောင် ရှိတယ်၊ လူရဲ့ မှတ်သားတာ ခံစားတာ စေ့ဆော်တာ သိတာတွေဟာ ဒီဝိညာဉ်ကောင်ကလေး က လုပ်နေတာလို့ သူတို့က ယုံကြည်တယ်၊ ဒီသဘောကို ကိုစိုး ရှင်းရှင်း နားလည်နိုင်မှာပါ'

'နားလည်နိုင်ပါတယ် ဆရာ၊ နားမလည်တာက အဲဒီ ဟိန္ဒူ အယူအဆ



www.burmeseclassic.com

www.burmeseclassic.com


နှင့် ဗုဒ္ဓဘာသာ အယူအဆ ဘယ်လိုလာပြီး ဆက်စပ်တာလဲ ဆိုတာတော့ နားဝေးနေတယ်'

'ကဲ ခု နားလည်လာလိမ့်မယ်၊ အတ္တကောင်ဝါဒကို ဟိန္ဒူက လက်ခံထားတယ်၊ အဲဒီ အယူဝါဒကို ဗုဒ္ဓလက်ထက်ကျတော့ လက်မခံဘဲ ငြင်းပယ်လိုက်တယ်၊ လူ့ခန္ဓာထဲမှာ ထာဝရ တည်မြဲတဲ့ ဘာအကောင်မှ မရှိဘူး၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ အနတ္တပဲလို့ ဗုဒ္ဓက ရှုမြင်တော်မူတယ်'

'စောစောက ဝီရသင်္ဂဟော ပြောတဲ့ အတ္တကောင် ရှိတယ် ဆိုတာဟာ စိတ်ရဲ့ ထင်ယောင်ထင်မှား ဖြစ်မှုသာ ဖြစ်တယ် ဆိုတာကိုကော မြတ်စွာဘုရားက ဘယ်လို မြင်ခဲ့ပါသလဲ ဆရာ'

'ဝီရသင်္ဂဟော ပြောတာဟာ မြတ်ဗုဒ္ဓရဲ့ အမြင်ပဲ ကိုစိုးရဲ့၊ အတ္တဝါဒဆိုတာ အမှတ်မှား အသိမှား အယူမှားတာသာ ဖြစ်တယ်၊ တကယ် အရှိတရားမဟုတ်ဘူး၊ အမြင်မှန် မဟုတ်ဘူး၊ အဲဒီ အတ္တကောင် ရှိတယ် ထင်လို့ ငါငါ့ဟာ ဆိုတဲ့ အတ္တစွဲ ဒိဋ္ဌိစွဲတွေ ပေါ်လာရတာ ဖြစ်တယ်၊ ငါစွဲ ငါ့ဟာစွဲတွေဖြစ်လာတော့ ငါ့ဖို့ ဆိုတဲ့ တစ်ကိုယ်ကောင်းစိတ် ဖြစ်ပေါ်လာတယ်၊ လောဘဆိုတဲ့ မက်မောမှု တဏှာ ပေါ်လာတယ်၊ ရန်လို မုန်းတီးမှု ဒေါသတွေ၊ အာဃာတတွေ ဖြစ်ပေါ်လာရတယ်၊ ထောင်လွှားမှု မာနတွေ ဖြစ်ပေါ်လာရတယ်၊ ဒီတော့ ဝီရသင်္ဂဟော ပြောသလို ကိုယ့်မှာ ဘေးရန်မကြုံရအောင် ကိုယ့်လောဘအတွက် သူများ အသက်ကို သတ်ရ သတ်ရ သတ်ဖြတ်ပြီး ပူဇော်ပသတာတွေကို လုပ်လာကြရတယ်လေ၊ ဒေါက်တာ ဝါလ်ပိုလာကတော့ ဒီအတ္တဝါဒဟာ လူအချင်းချင်း ခိုက်ရန်ဖြစ်ပွားအောင်၊ တိုင်းပြည် အချင်းချင်း စစ်မက် ဖြစ်ပွားသည် အထိ ကမ္ဘာပေါ်မှာ ဒုက္ခမျိုးစုံ ပြဿနာမျိုးစုံကို ဖန်တီးခြင်းရဲ့ မူလအကြောင်းရင်းပဲတဲ့၊ ဒီအတ္တဝါဒကြောင့် ကမ္ဘာပေါ်မှာ ဘာသာရေး စစ်သွေးကြွတွေ ဖုံးခဲ့ပြီး တစ်ဦးကို တစ်ဦး သတ်ဖြတ်နေကြတာ ကိုစိုး ကြားမှာပေါ့'

'ဟုတ်ပါတယ် ဆရာ၊ ဒီဝါဒကြောင့်ပဲ ကြောက်စိတ်နှင့် မလုံခြုံစိတ်လည်း ဖြစ်ပေါ်လာနိုင်တာပဲနော်'

'ဟုတ်တယ် ကိုစိုး၊ အတ္တကို စွဲလမ်းမှုကြောင့် လူဟာ သူ့ဘဝအပေါ်သူ သိပ်တွယ်တာလာတယ်၊ အတ္တကို အထိခိုက် မခံနိုင်ဘူး၊ အတ္တ ပျောက်ပျက်သွားမှာကို စိုးရိမ်တယ်၊ အတ္တကို ထာဝရ တည်မြဲနေစေချင်တယ်၊ အတ္တကြောင့် လူဟာ မြင်မြင်သမျှ တစ်လောကလုံးကို ငါ့ဟာ ငါ့ဥစ္စာ လုပ်ချင်လာတယ်၊ အတ္တကြောင့် လောဘ ဒေါသ မောဟတွေ အများကြီး ဖြစ်လာရတယ်'



www.burmeseclassic

www.burmeseclassic.com



ဘာသာတိုင်းလိုလိုမှာ ပါတယ်'

'ဟိန္ဒူမှာလည်း ပါတာပဲ မဟုတ်လား'

'ပါတော့ ပါတယ်၊ ဂျူး၊ ခရစ်ယာန်၊ မွတ်စလင် ဘာသာဝင်တွေနှင့် ဟိန္ဒူနှင့်ကျတော့ နည်းနည်း ကွဲသွားတယ်၊ ဟိုဘာသာတွေမှာက အဲဒီ အတ္တ ဝိညာဉ် နာမ်တရားကလေးဟာ နောက်တစ်ခါ ပြန်ပြီး ခန္ဓာအိမ်သစ်မှာ ပဋိသန္ဓေ မနေတော့ဘဲ လူသေဆုံးတဲ့အခါ ဒီဝိညာဉ်ဟာ မရဏာဘုံမှာ နေရတယ်၊ ကမ္ဘာ ဖျက်လို့ တရားစီရင်တဲ့နေ့ကျမှ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း အပြစ်ရှိသူ ငရဲမှာ ထာဝရ ကျခံရတယ်၊ ကုသိုလ် ရှိသူတွေ၊ ဘုရားသခင်ကို မပြတ် ခဝပ် ကိုးကွယ်ခဲ့ကြသူတွေ၊ ဘုရားအမိန့်ကို နာခံသူတွေက အမတသုခဘုံ ဆိုတဲ့ ကောင်းကင်ဘုံ (ဂျန္နတ်) ကို ပို့ပြီး သုခချမ်းသာတွေကို ထာဝရ ခံစား ကြရတယ်လို့ ယူဆထားကြတယ်၊ ဟိန္ဒူကကျတော့ ဒီအတ္တဝိညာဉ်ကောင်ဟာ တစ်ဘဝပြီး တစ်ဘဝ ခန္ဓာအိမ်သစ်တွေမှာ ပဋိသန္ဓေ ယူပြီး ဘဝတိုင်းမှာ မိမိကိုယ်မှာ စွဲကပ်နေတဲ့ ကိလေသာတွေကို စင်ကြယ်အောင် ပြုလုပ်ရတယ်၊ ဒီလို ပြုလုပ်တဲ့ အတွက် စင်ကြယ်ခြင်း ဝိသုဒ္ဓိ ဖြစ်သွားတဲ့ အတ္တဝိညာဉ်ကောင် ဟာ နောက်ဆုံး ဘဝမှာ ဗြဟ္မ ဆိုတဲ့ ဘုရားဝိညာဉ်တော်ကြီးနှင့် ပြန်ပြီး ပေါင်းစည်းသွားတယ်၊ အဲဒီလို ဗြဟ္မ ပြန်ဖြစ်ပြီး ပေါင်းစည်းသွားတာကို ဟိန္ဒူဘာသာမှာ ဘဝ လွတ်မြောက်ခြင်း၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းခြင်း (နိဗ္ဗာန် ရောက်ခြင်း) ပဲလို့ ဆိုတယ်'

'ဟိန္ဒူကလည်း နိဗ္ဗာန် ဆိုတဲ့ စကားကို သုံးသလား ဆရာ'

'ဟ ကိုစိုး၊ ဗုဒ္ဓဘာသာထဲက ကံတို့၊ နိဗ္ဗာန်တို့၊ သံသရာတို့ ဆိုတဲ့ စကားတွေဟာ မြတ်ဗုဒ္ဓ မပွင့်ခင်ကတည်းက အိန္ဒိယပြည်မှာ ဗြဟ္မဏဘာသာဝင် ဟိန္ဒူတွေက သုံးနှုန်းနေခဲ့ကြတာ'

'ဟုတ် မထင်ပါဘူး ဆရာရယ်'

'မဟုတ်ဘူးလို့လည်း မထင်နှင့် ကိုစိုး၊ ဒါတွေက သမိုင်းကြောင်းကို ပြန်လှန်ကြည့်မှ ပိုပြီး ထင်ရှားလာမှာ၊ ဒီကိစ္စကို ဒီမှာ ဆွေးနွေးဖို့ မဟုတ်သေး ဘူး၊ ဒီမှာ အရေးကြီးတာက ဒီအတ္တကောင် ဝိညာဉ်ကောင် ရှိတယ်၊ လူ့ရဲ့ မှတ်သားတာ ခံစားတာ စေ့ဆော်တာ သိတာတွေဟာ ဒီဝိညာဉ်ကောင်ကလေး က လုပ်နေတာလို့ သူတို့က ယုံကြည်တယ်၊ ဒီသဘောကို ကိုစိုး ရှင်းရှင်း နားလည်နိုင်မှာပါ'

'နားလည်နိုင်ပါတယ် ဆရာ၊ နားမလည်တာက အဲဒီ ဟိန္ဒူ အယူအဆ



www.burmeseclassic.com

www.burmeseclassic.com


နှင့် ဗုဒ္ဓဘာသာ အယူအဆ ဘယ်လိုလာပြီး ဆက်စပ်တာလဲ ဆိုတာတော့ နားဝေးနေတယ်'

'ကဲ ခု နားလည်လာလိမ့်မယ်၊ အတ္တကောင်ဝါဒကို ဟိန္ဒူက လက်ခံထားတယ်၊ အဲဒီ အယူဝါဒကို ဗုဒ္ဓလက်ထက်ကျတော့ လက်မခံဘဲ ငြင်းပယ်လိုက်တယ်၊ လူ့ခန္ဓာထဲမှာ ထာဝရ တည်မြဲတဲ့ ဘာအကောင်မှ မရှိဘူး၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ အနတ္တပဲလို့ ဗုဒ္ဓက ရှုမြင်တော်မူတယ်'

'စောစောက ဝိရသင်္ဂဟော ပြောတဲ့ အတ္တကောင် ရှိတယ် ဆိုတာဟာ စိတ်ရဲ့ ထင်ယောင်ထင်မှား ဖြစ်မှုသာ ဖြစ်တယ် ဆိုတာကိုကော မြတ်စွာဘုရားက ဘယ်လို မြင်ခဲ့ပါသလဲ ဆရာ'

'ဝိရသင်္ဂဟော ပြောတာဟာ မြတ်ဗုဒ္ဓရဲ့ အမြင်ပဲ ကိုစိုးရဲ့၊ အတ္တဝါဒဆိုတာ အမှတ်မှား အသိမှား အယူမှားတာသာ ဖြစ်တယ်၊ တကယ် အရှိတရားမဟုတ်ဘူး၊ အမြင်မှန် မဟုတ်ဘူး၊ အဲဒီ အတ္တကောင် ရှိတယ် ထင်လို့ ငါ ငါ့ဟာ ဆိုတဲ့ အတ္တစွဲ ဒိဋ္ဌိစွဲတွေ ပေါ်လာရတာ ဖြစ်တယ်၊ ငါစွဲ ငါ့ဟာစွဲတွေ ဖြစ်လာတော့ ငါ့ဖို့ ဆိုတဲ့ တစ်ကိုယ်ကောင်းစိတ် ဖြစ်ပေါ်လာတယ်၊ လောဘဆိုတဲ့ မက်မောမှု တဏှာ ပေါ်လာတယ်၊ ရန်လို မုန်းတီးမှု ဒေါသတွေ၊ အာဃာတတွေ ဖြစ်ပေါ်လာရတယ်၊ ထောင်လွှားမှု မာနတွေ ဖြစ်ပေါ်လာရတယ်၊ ဒီတော့ ဝိရသင်္ဂဟော ပြောသလို ကိုယ့်မှာ ဘေးရန်မကြုံရအောင် ကိုယ့်လောဘအတွက် သူများ အသက်ကို သတ်ရ သတ်ရ သတ်ဖြတ်ပြီး ပူဇော်ပသတာတွေကို လုပ်လာကြရတယ်လေ၊ ဒေါက်တာ ဝါလ်ပိုလာကတော့ ဒီအတ္တဝါဒဟာ လူအချင်းချင်း ခိုက်ရန်ဖြစ်ပွားအောင်၊ တိုင်းပြည် အချင်းချင်း စစ်မက် ဖြစ်ပွားသည် အထိ ကမ္ဘာပေါ်မှာ ဒုက္ခမျိုးစုံ ပြဿနာမျိုးစုံကို ဖန်တီးခြင်းရဲ့ မူလအကြောင်းရင်းပဲတဲ့၊ ဒီအတ္တဝါဒကြောင့် ကမ္ဘာပေါ်မှာ ဘာသာရေး စစ်သွေးကြွတွေ ဖုံးခွဲပြီး တစ်ဦးကို တစ်ဦး သတ်ဖြတ်နေကြတာ ကိုစိုး ကြားမှာပေါ့'

'ဟုတ်ပါတယ် ဆရာ၊ ဒီဝါဒကြောင့်ပဲ ကြောက်စိတ်နှင့် မလုံခြုံစိတ်လည်း ဖြစ်ပေါ်လာနိုင်တာပဲနော်'

'ဟုတ်တယ် ကိုစိုး၊ အတ္တကို စွဲလမ်းမှုကြောင့် လူဟာ သူ့ဘဝအပေါ်သူ သိပ်တွယ်တာလာတယ်၊ အတ္တကို အထိခိုက် မခံနိုင်ဘူး၊ အတ္တ ပျောက်ပျက်သွားမှာကို စိုးရိမ်တယ်၊ အတ္တကို ထာဝရ တည်မြဲနေစေချင်တယ်၊ အတ္တကြောင့် လူဟာ မြင်မြင်သမျှ တစ်လောကလုံးကို ငါ့ဟာ ငါ့ဉစ္စာ လုပ်ချင်လာတယ်၊ အတ္တကြောင့် လောဘ ဒေါသ မောဟတွေ အများကြီး ဖြစ်လာရတယ်'


www.burmeseclassic

www.burmeseclassic.com



'ဗုဒ္ဓအမြင်ကကော'

'ဗုဒ္ဓမှာ လောဘ မရှိဘူး၊ ဒေါသ မရှိဘူး၊ ဒါကြောင့် ကြောက်စိတ်လည်း မရှိဘူး၊ ဒါကြောင့် ဗုဒ္ဓက လောဘ ဖုံးလွှမ်းလို့ ဖြစ်တဲ့ ကြောက်စိတ်၊ ထိတ်လန့် စိုးရိမ်စိတ်နှင့် ခိုကိုးရာမဲ့ ဖြစ်ခြင်း၊ မသိနားမလည်ခြင်း ဆိုတဲ့ ကိလေသာ တရားတွေကို လက်မခံဘူး၊ ပယ်တယ်၊ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဆိုတဲ့ တရားတွေဟာ တစ်ခုနှင့် တစ်ခု ကြောင်းကျိုးဆက် ဖြစ်နေကြတာ၊ ဘုရားက ဒီတရားတွေကို အားမပေးဘူး၊ ဖြစ်ခွင့်မပြုဘူး၊ ဒါတွေကို အခြေ အမြစ်က တွန်းလှန် ပယ်ဖျက်နိုင်အောင် ဘုရားက လူတွေကို သစ္စာဉာဏ်ရ အောင် သင်ပေးတယ် ကိုစိုးရဲ့၊ ဒါက ဉာဏ်နှင့်မှ ပယ်နိုင်တာကိုး၊ ထာဝရ ဘုရားသခင် ဖန်ဆင်းရှင် ဆိုတာ အယူမှား အမြင်မှား အသိမှား အမှတ်မှား ဖြစ်တယ်၊ မိစ္ဆာဒိဋ္ဌိ အယူ ဖြစ်တယ်၊ အနှစ်သာရ ကင်းမဲ့တဲ့ အယူ ဖြစ်တယ်၊ ရှေးတုန်းက စိတ်ကူးကောင်းတဲ့ လူတွေရဲ့ ဉာဏ်ကစားထားတဲ့ ဒဏ္ဍာရီဆန် ဆန် အယူအဆသာ ဖြစ်တယ်၊ စိတ်ရှုပ်ထွေးအောင် တွေးခေါ် မြော်မြင် ကြံ စည်ထားတာတွေ ဖြစ်တယ်၊ လူပြိန်း ကြိုက်တဲ့ မိစ္ဆာဒိဋ္ဌိ အမြင် ဖြစ်တယ်၊ ဉာဏ် မပါဘူး၊ ဒီအယူဝါဒကို လက်ခံတဲ့ လူတွေကလည်း အန္ဓတွေ အကန်း တွေလိုပဲဗျာ၊ သူတို့ကို သွားမပြောနှင့်၊ သူတို့ ယုံနေတာပဲ အမှန်၊ ကျန်တာ တွေကို သူတို့ နားတောင် မထောင်ချင်ဘူးလို့ ဒေါက်တာ ဝါလ်ပိုလာက စိစစ်ပြီး တင်ပြထားတယ်' *

'ဒီ အတ္တဝါဒကို လူပြိန်းကြိုက်တယ်၊ ဉာဏ်မရှိတဲ့ လူတွေ ကြိုက်တယ် ဆိုတာကကော ဟုတ်ရဲ့လား ဆရာရဲ့'

'ဒီလိုဗျ၊ အတ္တဝါဒက တစ်ကိုယ်ကောင်း ဝါဒလေ၊ သူ ကောင်းဖို့ သူ ရဖို့ သူ နိုင်ဖို့ ဒါပဲ စဉ်းစားတယ်၊ အတ္တ ခိုင်မြဲဖို့ အတ္တ ကောင်းစားဖို့ဆို ဘာမဆို လုပ်ရဲတယ်၊ ကိုယ့်အကျိုးချည်းပဲ ဆိုတော့ အန္ဓပုထုဇဉ် အကြိုက်ပဲ ပေါ့ဗျာ'

**ရေဆန်သွားရသော တရား**

ကိုစိုးသည် အကျွန်ုပ်၏ ရှင်းပြချက်ကို လက်ခံသော်လည်း သူ့ခေါင်းထဲမှာ မရှင်းမလင်း ဖြစ်နေပုံ ပေါ်သည်။

---

* မြတ်ဗုဒ္ဓ ဒေသနာ၊ ဦးကိုလေး (ဓမ္မာစရိယ)၊ စာ ၉၀



www.burmeseclassic

www.burmeseclassic.com



'ဒါဆိုရင် ဗုဒ္ဓရဲ့ အနတ္တဝါဒဟာ ကိုယ်ကျိုးစွန့်တဲ့ တရားလား'

အကျွန်ုပ်သည် ကိုစိုး၏ မေးခွန်းအတွက် သင့်တော်သော အဖြေပေးရန် စကားလုံးကို ရွေးချယ်ရသည်။

'ကိုစိုး သိချင်တာက မြတ်ဗုဒ္ဓရဲ့ အတ္တဝါဒနှင့် ပတ်သက်တဲ့ အမြင်ကို သိချင်တာ မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဆိုရင် ဒီလိုမှတ်ပါ၊ ဗုဒ္ဓရဲ့ အယူဝါဒက တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တဝါဒ ဆန့်ကျင်ရေးပဲဗျ၊ မြတ်စွာဘုရားဟာ သူ့အယူဝါဒကို ပါဠိလို ပတိသောတဂါမိလို့ ခေါ်ထားတယ်၊ မြန်မာလို ပြန်ရင်တော့ ရေဆန်သွားရတဲ့ တရားလို့ ဆိုတယ်ဗျ'

'ကျွန်တော် ဒီစကားလုံးကို မကြားဖူးဘူး၊ ရေဆန်သွားရတဲ့ တရားဆိုတဲ့ အဓိပ္ပာယ်ကို ဘယ်လို နားလည်ရမလဲ မသိဘူး ဆရာ'

'ဆရာတို့ ရှေ့ဆက်ပြီး ဆွေးနွေးတဲ့အခါ ကိုစိုး နားလည်သွားမယ်၊ ရေဆန်သွားရတဲ့ တရား ဆိုတာ အနတ္တ သဘောတရားကို ပြောတာပဲ ကိုစိုးရဲ့၊ ရေဆန် သွားရတာဟာ ရေစုန် မျှောရတာလောက် လွယ်ကူမှု သက်သာမှု မရှိဘူးလေ၊ ဒါကြောင့် မြတ်စွာဘုရား သတ္တသတ္တာဟ စံတော်မူစဉ် စတုတ္ထ သတ္တာဟကို ရောက်တော့ ဗောဓိပင်ရင်းမှာ စဉ်းစားတော်မူသတဲ့၊ ပညာရှိများသာ သဘော သက်ဝင်နိုင်သော၊ နားလည်ရန် ခက်ခဲသော၊ သိမြင်နိုင်ရန် မလွယ်ကူသော၊ အလွန် နက်နဲသော ဤ သစ္စာတရားများကို ငါကိုယ်တော်မြတ် မျက်မှောက်ပြုရပြီးပြီ၊ ကိလေသာ လွှမ်းခြုံပြီး အမှောင်ထု ဖုံးအုပ်နေသော လူတို့သည် ဤ သိမ်မွေ့သော၊ နက်နဲသော၊ မြင့်မားသော၊ နားလည်ရ ခက်ခဲသော၊ ၎င်းတို့၏ အလိုဆန္ဒနှင့် ဆန့်ကျင်သော၊ ရေဆန်သွားရသော ဤသစ္စာတရားထူးများကို နားလည်နိုင်ကြပါ့မလား ဆိုပြီး တွေးတော်မူခဲ့တယ်တဲ့၊ ဆိုလိုတာကတော့ အနတ္တဝါဒက သိဖို့ခက် နားလည်ဖို့ ခက်တဲ့ အပြင် လူပြိန်းကြိုက် အတ္တဝါဒနှင့် ဗီလာဆန့်ကျင် ဖြစ်နေတယ်၊ အတ္တဝါဒက ရေစုန်မျှောဝါဒမျိုး ဖြစ်နေတော့ အနတ္တဝါဒဟာ ရေဆန်သွားတရား ဖြစ်ရတာပေါ့နော်'

'ဟုတ်ကဲ့ ကျွန်တော် ခုသဘောပေါက်ပါပြီ'

**အနတ္တဝါဒ အမြင်**

'ဒါဆို ဒေါက်တာ ဝါလ်ပိုလာရဲ့ စာအုပ်ထဲမှာ အနတ္တဝါဒ အကြောင်း ဆွေးနွေး



www.burmeseclassic

www.burmeseclassic.com



ထားပုံကို ဆက်ပြီး လေ့လာကြဦးစို့'

'ဟုတ်ပါတယ် ဆရာ၊ မဟုတ်ရင် လိုရင်းကို မရောက်ဘဲ နေဦးမယ်၊ ပြောပါ ဆရာ၊ အာခြောက်ရင် ဆရာ လက်ဖက်ရည် ထပ်သောက်ဦးနော်'

'တော်ပြီ ကိုစိုး၊ ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာက အနတ္တတရားသည် ဓမ္မာငါးပါးနှင့် ပဋိစ္စသမုပ္ပာဒ် တရားကို ခွဲခြမ်း စိတ်ဖြာ၊ ဝေဖန်သုံးသပ်ရာမှ အလိုအလျောက် ဆက်သွယ် ပေါက်ဖွားလာသော တရား ဖြစ်သည်* လို့ ထင်ထင်ရှားရှား ဆိုထားတယ်၊ ဒီဖော်ပြချက်ဟာ အလွန် အရေးပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ခန္ဓာငါးပါးရဲ့ ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ် မပါဘဲ (နားမလည်ဘဲ) အနတ္တ သဘောကို နားမလည်နိုင်ဘူး ဆိုတဲ့ ထူးခြားတဲ့ သဘောတရားကို အခြေခံထားလို့ပဲ'

'ဘာဖြစ်လို့ ထူးခြားတယ်လို့ ဆိုရတာလဲ ဆရာ'

'ပဋိစ္စသမုပ္ပာဒ် တရားကို အခြေခံထားလို့လို့ ဆိုရမှာပေါ့၊ ဒီအမြင်ဟာ ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးနှင့် မိုးကုတ် ဆရာတော် ဘုရားကြီးတို့ရဲ့ အမြင်နှင့်လည်း ထပ်တူထပ်မျှ ဖြစ်တယ်၊ ခန္ဓာရဲ့ ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ်ကို ကိုစိုး နားလည်မှသာလျှင် မိမိတို့ ရရှိထားတဲ့ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ ဖြစ်တယ် ဆိုတာကို သဘောပေါက်နိုင်မယ်၊ ဒီမှာ သိသင့်တဲ့ ဒုက္ခသဘော သုံးမျိုးကို ပြောပြမှ ဖြစ်မယ်'

'ပြောပြပါဦး ဆရာ'

'ပထမ ဒုက္ခကို ဒုက္ခ ဒုက္ခ လို့ ခေါ်တယ်၊ ဒါက ခန္ဓာကိုယ်ထဲက ဖောက်ပြန်ပြီး နှိပ်စက်လာတဲ့ သဘောပဲ၊ နားလည်ရ မခက်ဘူး၊ တစ်နေရာမှာ တင်ပျဉ်ခွေပြီး ကြာကြာထိုင်နေရင် ဒီဒုက္ခတွေ ပေါ်လာတယ်၊ တင်ပါးက ပူ၊ ခြေထောက်က ထုံကျဉ်၊ ခါးက တောင့်၊ ရင်က အောင့်၊ ညောင်းညာ ကိုက်ခဲလာတာတွေဟာ ဒုက္ခ ဒုက္ခတွေပဲ၊ တော်တော်ကြာ မိုက်ဆာ၊ ရေငတ်၊ ကိုယ်ရော စိတ်ပါ ပင်ပန်း နွမ်းနယ်လာတာတွေဟာ ဒုက္ခ ဒုက္ခတွေချည်းပဲပေါ့၊ တော်တော်ကြာ ခန္ဓာမှာ တီဘီရောဂါ၊ အသည်းရောဂါ၊ ငှက်ဖျားရောဂါ၊ အရိုးရောဂါ၊ အစာအိမ်ရောဂါ၊ ကင်ဆာရောဂါ၊ အနာမျိုး ကိုးဆယ့်ခြောက်ပါးမကရတာ ဘယ်သူ လုပ်တာမှ မဟုတ်ဘူး၊ သူ့ဘာသာ ခန္ဓာထဲက ဖြစ်လာတဲ့ ရောဂါတွေ၊ ဒါတွေ အားလုံး ဒုက္ခ ဒုက္ခချည်းပဲ'

---

* မြတ်ဗုဒ္ဓ ဒေသနာ၊ ဦးကိုလေး (ဗေယျာမောင်)၊ စာ ၉၂



www.burmeseclassic

www.burmeseclassic.com



'ဟုတ်ကဲ့၊ ကျွန်တော် နားလည်နိုင်ပါပြီ ဆရာ၊ သင်္ခါရ ဒုက္ခကို ပြော ပြပါဦး'

'အင်း ဒါတွေက ကာယိက ဒုက္ခတွေပဲ ရှိသေးတယ်၊ စေတသိက ဒုက္ခကလည်း မရေတွက်နိုင်ဘူး၊ စိတ်ဒုက္ခတွေ အကြောင်းကို နယ်က လူတွေ ခံစားနေရတာ မပြောတော့ဘူး၊ ရန်ကုန်က ဒုက္ခလောက်ကိုပဲ ပြောမယ်၊ ညနေ ရုံးဆင်းချိန် အိမ်ပြန်ရင် ဘတ်စ်ကား တိုးစီးရတဲ့ ဒုက္ခကို ကြည့်စမ်း၊ ကာယိက ဒုက္ခရော စေတသိက ဒုက္ခပါ ခံစားရတယ်၊ လျှပ်စစ်မီးပျက်တယ်၊ မီးပျက် တော့ ရေမရဘူး၊ တိုက်အပေါ်ထပ်ကို ရေတစ်စည် ငွေ တစ်ရာလောက်ပေးပြီး တင်ရတယ်၊ ခင်ဗျား စိတ်ချမ်းသာရဲ့လား'

'မချမ်းသာပါဘူး၊ ကျွန်တော်တို့က လက်ဖက်ရည်ဆိုင် ဆိုတော့ ပိုပြီး စိတ်ညစ်ရတယ်၊ မီးမလာတော့ မီးစက် ဝယ်ထွန်းရတယ်၊ ဓာတ်ဆီ တစ်ဂါလန် သုံးရာကျော် ဆိုတော့ ကုန်ကျစရိတ်က များလာတယ်၊ အစကတည်းက လက်ဖက်ရည် တစ်ခွက်ကို ဆယ့်ငါးကျပ်လောက် ဖြစ်နေတာ၊ ကုန်ကျစရိတ် များလို့ လက်ဖက်ရည်တန်ဖိုး တင်ရပြန်ရော၊ စားသုံးသူတွေ အပေါ် နှိပ်စက် ပြီး စားရတာ ဒီ ထမင်းလုတ် မျိုမကျချင်ဘူး၊ စိတ်ဆင်းရဲတာ စုံနေတာပဲ၊ ဒီအထဲ ဂျုံဈေး၊ ဆီဈေးက တက်လာပြန်တော့ အီကြာကွေး တစ်ချောင်းကို တစ်ဆယ်လောက် ရောင်းမှ ဖြစ်တော့တယ်'

'ထားပါတော့၊ ပြောလို့ကုန်မှာ မဟုတ်ပါဘူး၊ အဲဒါတွေဟာ ဒုက္ခ ဒုက္ခတွေချည်းပဲ၊ ခု သင်္ခါရ ဒုက္ခတွေကို ပြောဦးမယ်၊ သင်္ခါရ ဆိုတာ ကံပဲ၊ ပြုလုပ်တာ၊ ပြုပြင် စီမံရတာ မှန်သမျှ သင်္ခါရချည်းပဲ မှတ်ပါ'

'ဟုတ်ကဲ့၊ သဘောရှင်းအောင် ပြောပါဦး ဆရာ'

'ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာရဲ့ စာအုပ်ထဲမှာ သင်္ခါရဒုက္ခကို တတိယ နေရာမှာ ထားပြီး ရှင်းထားတယ်၊ သူ ရှင်းပုံက ဗုဒ္ဓ အဘိဓမ္မာ အရ သတ္တဝါ၊ ပုဂ္ဂိုလ်၊ ငါ၊ သူတစ်ပါးလို့ ခေါ်နေကြတာဟာ အစဉ်အမြဲ မပြတ် ပြောင်းလဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် အစုအဝေးတွေပဲ ဖြစ်တယ်၊ အဲဒီ ရုပ်နာမ် အစုအဝေးတွေကို ခန္ဓာငါးပါးလို့ ခွဲခြားနိုင်တယ်၊ ဒီ ခန္ဓာငါးပါးဟာ အကျဉ်းအားဖြင့် (သံခိတ္တေန) အစွဲအလမ်းကို ဖြစ်စေတဲ့ ခန္ဓာငါးပါး (ပဥ္စုပါ ဒါနက္ခန္ဓာ) ဖြစ်တယ်၊ အားလုံး ဒုက္ခချည်းပဲ၊ ဒါကြောင့် မြတ်ဗုဒ္ဓ သံခိတ္တေန၊ ပဥ္စုပါဒါနက္ခန္ဓာဘိဒုက္ခာလို့ ဟောတော်မူတယ်၊ ဒီနေရာမှာ ပဥ္စုပါဒါနက္ခန္ဓာဘိ ဒုက္ခာ ဆိုတာ ခန္ဓာက တခြား၊ ဒုက္ခက တခြား မဟုတ်ဘူး၊ ခန္ဓာသည်ပင်

www.burmeseclassic.com



ဒုက္ခပဲ၊ တစ်ခုတည်းပဲ အတူတူပဲလို့ နားလည်ရတယ်၊ ခန္ဓာ ငါးပါး ဆိုတာ ရုပ်ရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ သင်္ခါရယ်၊ ဝိညာဏ်ရယ်၊ ဒါ ခင်ဗျား သိပါတယ်'

'သိပါတယ် ဆရာ'

'ဒါဆို ခန္ဓာ အကြောင်းကို အကျယ် မပြောတော့ဘူး၊ သင်္ခါရ ဒုက္ခ အကြောင်းကို ပြောဦးမယ်'

'ဟုတ်ကဲ့၊ အဲဒါကို ပြောပါဦး ဆရာရဲ့၊ တခြား အကြောင်းအရာတွေကို ရောက်သွားပါဦးမယ်'

'ဒါက နေ့စဉ် အတွေ့အကြုံတွေကို လေ့လာကြည့်ပါ၊ အိပ်ရာက ထကတည်းက ဒီခန္ဓာကို ပြုစု စောင့်ရှောက်ရတဲ့ အလုပ်တွေ၊ အိပ်ရာထ၊ အိမ်သာတက်၊ မတက်ဘဲ နေနိုင်သလား၊ မနေနိုင်ဘူး၊ အိမ်သာက ထွက်တော့ မျက်နှာသစ်၊ ရေချိုး၊ အဝတ်လဲ၊ ဖြီးလိမ်း၊ ပြင်ဆင်၊ နံနက်စာစား၊ ဈေးသွား၊ ချက်ပြုတ်၊ ကျွေးမွေး၊ အလုပ်သွား၊ လယ်ထဲ ဆင်း၊ နွားနှင့် ထွန်ယက် စိုက်ပျိုး၊ မပြီးဘူး၊ ပေါင်းသင်၊ ရေသွင်း၊ ပိုးသတ်၊ ရိတ်သိမ်း၊ သိုလှောင်၊ ရောင်းချဗျာ၊ လုပ်လိုက်ရတာတွေ မောနေတာပဲ၊ ပရိယေသန ကိစ္စ တစ်ခုတည်းပဲ ကြည့်ပါဦး၊ ဒီအလုပ်တွေကို ခင်ဗျား ဘယ်တော့များ လုပ်လို့ပြီးမလဲ'

'မပြီးပါဘူး၊ ဘယ်တော့မှ အဆုံးသတ်မှာ မဟုတ်ဘူး'

'အဲဒါ လုပ်နေကြရတဲ့ သင်္ခါရ ဒုက္ခတွေချည်းပဲ၊ တော်တော်ကြာ နာမကျန်း ဖြစ်လာလို့ ဆေးရုံ ဆေးခန်း သွားရပြန်ပြီ၊ အလှူ မင်္ဂလာဆောင်၊ အသုဘ ရှိလို့ မသွားမဖြစ်လို့ သွားရပြန်ပြီ၊ စီးပွားရေး ကိစ္စ၊ လူမှုရေး ကိစ္စ၊ တိုင်းရေးပြည်ရေး ကိစ္စတွေမှာ ပါနေရတာ အားလုံးဟာ သင်္ခါရ ဒုက္ခတွေချည်းပဲပေါ့ဗျာ'

'ဟုတ်ကဲ့ ရှင်းပါပြီ ဆရာ၊ ဝိပရိဏာမ ဒုက္ခကို ပြောပါဦး'

'အဲဒါက အိုမင်း ရင့်ရော် သေဆုံးခြင်း၊ ဖရိုဖရဲ ပြိုကွဲ ပျက်စီးခြင်း သဘောတွေဟာ ဒီခန္ဓာမှာ ရှိတယ်၊ ဘာတွေပဲ ကျွေးကျွေး ဘယ်လိုပဲ ဆင်ဆင် ဘာဆေးပဲ သောက်သောက် ကျိမ့်ရင် ကြွက်ဖောက်မှာပဲ၊ ထိန်းသိမ်းနေတဲ့ ကြားက ယောင်းနွမ်းပြိုကွဲပြီး ပျက်စီးလာတာ မမြွတာပဲ၊ ဘယ်ပစ္စည်းပဲ ဖြစ်ဖြစ် အသစ်ဝယ်၊ ကိုယ့်အိမ်ပေါ် ရောက်တော့ ဟောင်းနွမ်း ပျက်စီးလာတာ မမြွတာပဲ၊ အဲဒါက ဝိပရိဏာမ ဒုက္ခပဲပေါ့၊ ဝိပရိဏာမ ဆိုတာ ဖောက်ပြန် ပျက်စီးတတ်တဲ့ သဘောပဲဗျ၊ ဒီတရား အားလုံးဟာ ခန္ဓာထဲမှာ ရှိနေတယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာငါးပါး ရုပ်နာမ်တရား ဆိုတာဟာ ပင်ကို သဘောအားဖြင့် ဒုက္ခပဲလို့ နားလည်ရမယ်၊ သင်္ခါရ ဒုက္ခကတော့ ခန္ဓာငါးပါးမှာ အကြောင်းကို စွဲ၍ အကျိုးဖြစ်တတ်တဲ့ ပဋိစ္စသမုပ္ပာဒ် တရား အကျဉ်းကို သိရင် ပိုရှင်းတယ်၊ ဒီမှာ မျက်စိနှင့် အဆင်း တိုက်လို့ မြင်စိတ် ဖြစ်ပေါ်လာရာမှာ မျက်စိရယ်၊ အဆင်းရယ်၊ အလင်းရောင်ရယ်၊ ရှေးရှုအာရုံစုစည်းမှု၊ (မနသိကာရ) နှလုံး သွင်းမှု စတဲ့ အကြောင်းတွေ ပေါင်းဆုံမှ မြင်စိတ် ဖြစ်တယ်၊ မြင်စိတ်၊ ကြား စိတ်၊ ဘယ်စိတ်ပဲဖြစ်ဖြစ် အကြောင်း တိုက်ဆိုင်မှ ဖြစ်တယ်၊ ဖြစ်ပြီးရင်လည်း ချက်ချင်း ပျက်တာပဲ၊ မမြဲဘူး၊ အဲဒါ အနိစ္စသဘောပဲ ကိုစိုးရဲ့၊ ခင်ဗျား ဉာဏ်နှင့် မြင်ရဲ့လား'

'မြင်ပါတယ် ဆရာ'

'ကဲ တိုတို ပြောမယ်၊ ခင်ဗျား ခန္ဓာမှာ ရှာကြည့်စမ်း၊ မြဲတာ ဘာတစ်ခု ရှိသလဲ'

'မရှိပါဘူး ဆရာ'

'မနေ့က ရှိခဲ့တဲ့ ခင်ဗျား ရုပ်တွေ နာမ်တွေ ဒီကနေ့ ရှိသေးရဲ့လား'

'မရှိတော့ပါဘူး'

'ဒီတော့ ခန္ဓာငါးပါးဟာ ဒီအတိုင်းပဲ ဖြစ်ပြီး ပျက်သွားတယ်၊ အနိစ္စ တရားက အချိန်တိုင်းမှာ ရှိနေတယ်၊ ဒါကို မြတ်ဗုဒ္ဓဒေသနာမှာ ဖော်ပြထားပုံ က အို ဗြဟ္မဏ၊ တောင်မှ စီးဆင်းသော မြစ်ရေသည် အဟုန်ပြင်းစွာ လျှင်မြန် စွာဖြင့် ခရီးဝေးသို့ တွေ့သမျှကို သယ်ယူသွား၏၊ တစ်မှဟုတ်မျှ၊ တစ်ခဏမျှ၊ တစ်စက္ကန့်မျှ ရပ်တည်နေသည် မရှိ၊ အစဉ်မပြတ် ဆက်လက် စီးဆင်းလျက် ရှိ၏၊ လူ့ဘဝ ခရီးသည်လည်း တောင်ကျ မြစ်ရေနှင့် တူလှစွာ၏' လို့ ရဋ္ဌပါလ ကို မြတ်ဗုဒ္ဓ ဟောတော်မူခဲ့တယ် (စာ ၄၇)၊ ဒီအတိုင်းပဲ တစ်လောကလုံး ဟာလည်း ဖောက်ပြန် ပြောင်းလဲနေတယ်၊ မတည်မြဲဘူး၊ ဒါကို ခင်ဗျား မြင် တယ် မဟုတ်လား'

'မြင်သာပါတယ် ဆရာ'

'ဒီတော့ ဒီလောက် အပြောင်းအလဲ မြန်နေတဲ့ ဘဝမှာ အသက်ရှင် ရပ်တည်နေနိုင်အောင် ကိုယ့်ကိုယ်ကိုယ် ပြုပြင် ထိန်းသိမ်း စောင့်ရှောက်နေ ရတဲ့ အလုပ်ဟာ ချမ်းသာဖြစ်မလား၊ ဆင်းရဲဖြစ်မလား'

'ဆင်းရဲပဲ ဖြစ်ပါတယ် ဆရာ'

'ဒါတွေက သင်္ခါရ ဒုက္ခတွေ၊ ဝိပရိဏာမ ဒုက္ခတွေကလည်း ပန်းကန်

www.burmeseclassic.com



လုံး ကျကွဲသလို အကြောင်းတိုက်ဆိုင်ရင် ဖျတ်ခနဲ ပြိုကွဲ ပျက်စီးသွားနိုင်တဲ့ အခွင့်အလမ်းတွေပဲ ကိုစိုးရဲ့၊ ဒါကို ခင်ဗျား ဆင်ခြင်ကြည့်စမ်း၊ ရထားတဲ့ ခန္ဓာဟာ ခိုင်မြဲသလား၊ အကြောင်း တိုက်ဆိုင်တာနှင့် ပျက်စီးလွယ်သလား'

'ပျက်စီးလွယ်ပါတယ်၊ မမြဲပါဘူး ဆရာ'

'ဒါကြောင့် ခန္ဓာငါးပါး ဆိုတာ လူတွေ ထင်မြင်နေကြသလို အရှိတရား မဟုတ်ဘူး၊ အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်လာပြီး ချက်ချင်း ပျက်စီးသွားတဲ့ အဖြစ်တရားကြီးပဲ၊ ဟုတ်ကဲ့လား'

'ဟုတ်ပါတယ် ဆရာ'

'ဟုတ်တာပေါ့ဗျာ၊ ဖြစ်ပြီးရင် ပျက်သွားတာချည်းပဲကိုး၊ ဒါက အနိစ္စလက္ခဏာ၊ သစ္စာဖွဲ့လိုက်တော့ ဒုက္ခသစ္စာ ဖြစ်သွားတယ်၊ ကိုစိုး နားလည်ပြီနော်၊ ကဲ အနတ္တကို ပြောတော့မယ်၊ အဲဒီလို အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်လာပြီး ချက်ချင်းပဲ ပျက်သွား ပျောက်သွားတဲ့ တရားကို ခိုင်မြဲတယ်လို့ ပြောလို့ ဖြစ်ကဲ့လား'

'ဘယ်ဖြစ်ပါ့မလဲ'

'မဖြစ်ဘူး၊ ဒါဆိုရင် အဲဒီ ဖြစ်ပြီး ပျက်တဲ့ မမြဲတဲ့ တရားကို ငါပဲ၊ ငါ့ဥစ္စာပဲလို့ ပြောရင်ကော မှန်ပါ့မလား'

'မရပါဘူး ဆရာ'

'မရပါဘူး ဆိုတာ ဘာကို ဆိုလိုချင်တာလဲ'

ကိုစိုး စဉ်းစားနေသည်။ ပြီးမှ ဆိုသည်။

'အစိုးမရပါဘူး၊ ခိုင်မြဲတဲ့ အတ္တမှ မရှိဘဲဟာ၊ ဘယ်လို ဆုပ်ကိုင်လို့ ရပါ့မလဲ၊ ခန္ဓာငါးပါးကို ငါလို့ ပြောလို့လည်း ဘယ်ရမလဲ၊ ငါ့ဟာလို့ ပြောရင် အရူးပြောသလို ဖြစ်နေမှာပေါ့'

'ဒါကြောင့် မြတ်ဗုဒ္ဓက ပုထုဇ္ဇနော ဥမ္မတ္တကောလို့ ဟောတော်မူတာပေါ့၊ ခန္ဓာငါးပါးက အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်လာတယ်၊ ပေါ်ပြီးလည်း ပျက်သွားတယ်၊ ဒီဖြစ်ပြီး ပျက်တဲ့ တရား နောက်ကွယ်မှာ ခိုင်မြဲတဲ့ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တဇီဝ၊ ငါ ရှိနေတယ်လို့ ယူဆရင် ဒါကို ဘုရားက အမြင်မှား အသိမှား အယူမှား၊ ခေတ်စကားနှင့် ပြောရင် **hallucination** ပေါ့ဗျာ၊ ဘုရားက ဟောတော်မူတယ်၊ ဖြစ်ပျက်နောက်မှာ ထာဝရ အတ္တကောင်လည်း မရှိဘူး၊ မြဲတာ ခိုင်တာ ဘာဆို ဘာမှလည်း မရှိဘူးလို့ ရှုမြင်တာဟာ လက်တွေ့မကျဘူးလား'

www.burmeseclassic.com



'အလွန် လက်တွေ့ကျပါတယ်၊ မရှိတာကို အရှိလုပ်ရင် အဲဒါ မှန်းဆပြီး ပြောတာပဲ ဖြစ်မှာပေါ့၊ မြတ်ဗုဒ္ဓ အမြင်က ယထာဘူတ အကျဆုံးပဲလို့ ကျွန်တော် ထင်ပါတယ်'

'ဟုတ်တယ် ကိုစိုး၊ ခင်ဗျားက ရူပဗေဒ သိပ္ပံပညာနှင့် ဘွဲ့ရခဲ့တာဆိုတော့ သိပ္ပံနည်းကျ နားလည်နိုင်တာပေါ့၊ သဘောကတော့ အတ္တဆိုတာ ရုပ်နာမ် လောကမှာ ဘာမှ မရှိဘူး ဆိုတဲ့ သဘောပဲ၊ အဲဒါကို ပါဠိ ပညာရှင်တစ်ဦး ဖြစ်တဲ့ H. C. Warren က မိလိန္ဒပဥှာကို ဘာသာပြန်တော့ There is No Ego ဆိုတဲ့ ခေါင်းစဉ်နှင့် ဘာသာပြန်ပြထားတာ၊ သူ့ ဘာသာပြန်ပုံ သိပ်ကောင်းတာပဲ၊ ကိုစိုး နာချင်ရင် ကျွန်တော် ပြောပြမယ်'

'ဟာ ဆရာရယ်၊ သိပ်နာချင်တာပေါ့၊ ဗုဒ္ဓဘာသာကို အင်္ဂလိပ်လို ရေးသားတဲ့ အရေးအသားတွေကို ကျွန်တော် သိပ်ကြားချင်ပါတယ်'

'ဗဟုသုတပေါ့နော်၊ အင်္ဂလိပ်စာလည်း တိုးပွားတာပေါ့'

'ဟုတ်ပါတယ်၊ အလွန် ကောင်းပါတယ် ဆရာ'

'အေးဗျ၊ ငါ၊ အတ္တ၊ ကိုယ် ဆိုတဲ့ အသုံးအနှုန်းတွေကို အင်္ဂလိပ်စာမှာ Ego ဆိုတဲ့ စကား တစ်လုံးတည်းနှင့် ပြီးတယ်၊ Self ဆိုပြီး ရေးတာတွေလည်း ရှိတော့ ရှိတယ်၊ ကဲ မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကို မေးတာက စပြောကြစို့။

'And Milinda the King spoke to the Ven-Nãgasena as follows:

'How is your venerable called? Bhante What is your name?

'ရှင်းတယ်နော် ကိုစိုး'

'ရှင်းပါတယ်၊ အရှင်ဘုရား နာမည် ဘယ်လို ခေါ်ပါသလဲလို့ မေးတာ မဟုတ်လား'

'ဟုတ်တယ်၊ ဒီတော့ ရှင်နာဂသိန်က ဖြေတယ်၊ Your majesty. I am called Nãgasena; my fellow preists, your majesty, address me as Nãgasena: but whether parents gave me the name Nãgasena or Surasena or Virasena or Sihasena, it is nevertheless, your majesty, but a way of counting, a term, an appellation, a convenient designation, a mere name, this Nãgasena: for there is no Ego



www.burmeseclassic

www.burmeseclassic.com



here to be found.'

'ဒါက ရှင်နာဂသေနရဲ့ အဖြေပဲဗျ၊ မြန်မာလိုတော့ မင်းကြီး၊ ငါ့ကို နာဂသေနလို့ သိ၏၊ သီတင်းသုံးဖော် အရှင်မြတ်တို့သည် နာဂသေနဟု ခေါ်ကြကုန်၏၊ စင်စစ်သော်ကား မိဘတို့သည် နာဂသေန ဟူ၍ ဖြစ်စေ၊ သူရသေန ဟူ၍ ဖြစ်စေ၊ ဝီရသေန ဟူ၍ ဖြစ်စေ၊ သီဟသေန ဟူ၍ ဖြစ်စေ အမည်နာမ ပညတ်ကို မှည့်ကြကုန်၏၊ မင်းကြီး နာဂသေန ဟူသော အမည်သည် စင်စစ်သော်ကား ဝေါဟာရ ပညတ်မျှသာတည်း၊ ဤနာဂသေန ဟူသော အမည်၌ ပရမတ်အားဖြင့် ထင်ရှားရှိသော ပုဂ္ဂိုလ် ငါ ဟူ၍ မရအပ်၊ ဒါက မြန်မာ အဓိပ္ပာယ်ပဲ၊ ဒီတော့ မိလိန္ဒ မင်းကြီးက–

'Then said Milinda the King: -

'Listen to me my Lords, ye five hundred yonakas, and ye eighty thousand priest! Nãgasena here says thus: There is no Ego here to be found. Is it possible, pray, for me to assent to what he says?'

'ဒါက မိလိန္ဒမင်းကြီး သူ့လူတွေကို တိုင်တည်ပြီး ပြောတာလား'

'ဟုတ်တယ်၊ ယောနက တိုင်းသား မှူးမတ် ငါးရာနှင့် ရဟန်းသံဃာ ရှစ်သောင်းကို ပြောတာ၊ ရှင်နာဂသေနက ပရမတ်အားဖြင့် ပုဂ္ဂိုလ်ဟူ၍ မရအပ် ဆိုသော စကားကို သင်တို့ နားထောင်ကြစမ်း၊ ဒီစကားကို လက်ခံသင့်သလား၊ နှစ်သက်သင့်သလား လို့ ပြန်မေးတာဗျ၊ ပြီးမှ သူက ရှင်နာဂသိန်ကို လှည့်ပြောတယ်။

'Bhante Nãgasena, if there is no Ego to be found, who is it then furnishes your priest with the priestly requisites—robes, food, bedding and medicine, reliance of the sick? Who is it make use of the same? Who is it keeps the precepts? Who is it applies himself to meditation? Who is it realizes the paths, the fruit and nibbana? Who is it destroys life? Who is it takes what is not given? Who is it commits immorality? Who is it tells lies? Who is it drinks intoxicating liquor? Who is it commits the five crimes that constitutes 'proximate kamma'? In that case, there is no merit, there is no demerit, there is no one who does or causes



www.burmeseclassic.com

www.burmeseclassic.com



to be done meritorious or demeritorious deeds; neither good nor evil deeds can have any fruit or result.

'Bhante Nāgasena, neither is he a murderer who kills a priest, nor can you priests, Bhante Nāgasena, have any teacher, preceptor, or ordination. When you say my fellow priest, your majesty, adress me as Nāgasena, who then is Nāgasena? Pray, Bhante, is the hair of the head Nāgasena?'

'နေပါဦး ဆရာရဲ့၊ ဒီလောက် အရှည်ကြီး ပြောတော့ ဘာမှတ်ရမှန်း မသိတော့ဘူး၊ ရှုပ်ကုန်ပြီ၊ ပြောတုန်းတော့ နားလည်သလိုပါပဲ၊ ကျွန်တော့် ခေါင်းထဲမှာ ရှင်းအောင် တစ်ပုဒ်ချင်း ပြန်ပြောပါဦး'

'ကဲ ပြောမယ်၊ Bhante Nāgasena, if there is no Ego ဆိုတဲ့ အပိုဒ်ကနေ Who is it commits the five crimes that constitutes 'proximate kamma'? ဆိုတဲ့ အထိ တစ်ပုဒ်နော်'

'ဟုတ်ပါတယ်၊ ရှင်းပြပါဦး ဆရာ'

'အရှင်ဘုရား (ဘန္တေ) နာဂသေန၊ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ် အတ္တ ငါ (Ego) အကယ်၍ မရငြားအံ့၊ အဘယ်သူသည် အရှင်ဘုရားတို့အား ဆွမ်း သင်္ကန်း ကျောင်း ဆေး စသော ရဟန်း အသုံးအဆောင် ပရိက္ခရာကို လှူလေ သနည်း၊ အဘယ်သူသည် ထိုလှူအပ်သော ပစ္စည်းကို သုံးဆောင် စားသောက် လေသနည်း၊ အဘယ်သူသည် သီလ ဆောက်တည်လေသနည်း၊ အဘယ်သူ သည် ကမ္မဋ္ဌာန်း ဘာဝနာ တရားကို အားထုတ်သနည်း၊ အဘယ်သူသည် မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုသနည်း၊ အဘယ်သူသည် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယ မကောင်းမှုတို့ကို ပြုလေသနည်း၊ အဘယ်သူသည် အနန္တရိယ ကံကြီးငါးပါးကို ပြုလေသနည်း တဲ့ဗျ'

'အင်း သူ့မေးခွန်းက တော်တော် လေးနက်တာပဲ၊ ပညာသားပါပါ ချည်ပြီး တုပ်ပြီး မေးတာပဲနော်'

'ဟုတ်တယ် ကိုစိုး၊ သူက ဂရိလူမျိုး ဆိုတော့ သူ့ခေါင်းထဲမှာ ဂရိ ဒဿနဆရာကြီးတွေရဲ့ အတွေးအခေါ်တွေလည်း ရှိတယ်၊ သူက ပလေးတိုးရဲ့ ပဋ္ဌာကျမ်းကိုလည်း ဖတ်ထားမှာပေါ့၊ ဗုဒ္ဓဘာသာကိုလည်း နှံ့စပ်အောင် လေ့ လာ ထားတဲ့ ပုဂ္ဂိုလ်ပဲဗျာ၊ မေးတတ်မှာပေါ့'



www.burmeseclassic

www.burmeseclassic.com



'နောက်ပိုင်း သူ့အမေးကိုလည်း ဆက်ပြီး ရှင်းပြပါဦး ဆရာ'

'**In that case there is no merit, there is no demerit.** ဒီစကားက ဒီကိစ္စမှာ ကုသိုလ်လည်း မရှိဘူး၊ အကုသိုလ်လည်း မရှိတော့ဘူးပေါ့တဲ့'

'**merit, demerit** ဆိုတာ ကုသိုလ်၊ အကုသိုလ်ကို ပြောတာလား ဆရာ'

'ဟုတ်ပါတယ် ကိုစိုး'

'ဒါဆို ကျွန်တော် နားလည်ပါပြီ၊ နောက်စာပိုဒ် အဓိပ္ပာယ်က ဒါဆိုရင် ကုသိုလ်ကံ ပြုသူ၊ အကုသိုလ်ကံ ပြုသူလည်း မရှိတော့ဘူး၊ ကောင်းမှုကံ၊ မကောင်းမှုကံလည်း မရှိတော့ဘူး၊ အရှင်ဘုရား နာဂသေန၊ အရှင်ဘုရားတို့ကို သေအောင် သတ်တဲ့ ပါဏာတိပါတကံလည်း မရှိတော့ဘူးပေါ့၊ အရှင်ဘုရားတို့လည်း မရှိတော့ဘူးပေါ့၊ အရှင်ဘုရားတို့မှာ ဆရာ ဥပဇ္ဈာယ် ဆိုတာ၊ ပဥ္စင်း ဆိုတာလည်း မရှိတော့ဘူးပေါ့လို့ ပြောတာ မဟုတ်လား'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုစိုး နားလည်သားပဲ၊ ဒီတရားမှာ မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသေနတို့ဟာ အနတ္တ သဘောကို ပေါ်အောင် အမေးအဖြေ လုပ်နေကြတာဗျ၊ နောက်အပိုဒ်ကိုကော ကိုစိုး နားလည်သလား'

'အဲဒါ သိပ်မရှင်းဘူး'

'မင်းကြီးက အရှင်ဘုရား နာဂသေနကို တပည့်တော်က နာမည်ကို မေးတာ၊ အရှင်ဘုရားက မင်းကြီး ငါ့နာမည်ကို သီတင်းသုံးဖော်တို့က နာဂသေနလို့ ခေါ်ကြတယ်လို့ ပြောခဲ့ပါတယ်၊ ဒါဆိုရင် အဲဒီစကားမှာ နာဂသေန ဆိုတာ ဘယ်ဟာကို ဆိုလိုတာလဲ၊ အရှင်ဘုရားရဲ့ ဦးခေါင်းက ဆံပင်ကို ခေါ်တာလား ဆိုပြီး ပြန်ချည်တယ်၊ ရှင်နာဂသေနကလည်း **Nay, verily, your majesty** မဟုတ်ဘူး၊ မင်းကြီး၊ ဆံပင်သည် နာဂသေန မဟုတ်ပါ။

'ဒါဆိုရင် အမွေးကို နာဂသေန ခေါ်သလား၊ ခြေသည်း လက်သည်းဟာ နာဂသေနလား၊ သွားဟာ နာဂသေနလား ဆိုပြီး သုံးဆယ့်နှစ် ကောဋ္ဌာသဟာ နာဂသေနလားလို့ မေးတယ်၊ ရှင်နာဂသေနကလည်း မဟုတ်ဘူးချည်း ဖြေတယ်'

'သုံးဆယ့်နှစ် ကောဋ္ဌာသ အင်္ဂလိပ်လို အခေါ်အဝေါ်တွေကို ပြောပါဦး ဆရာရဲ့'

'ဟုတ်ပြီ၊ ခင်ဗျားက အင်္ဂလိပ် အခေါ်အဝေါ်တွေလည်း သိချင်သေးတာကိုး၊ ဆရာက အကြောင်းအရာ သိပ်ရှုပ်သွားမှာစိုးလို့ ချုံ့နေတာ'



www.burmeseclassic.com

www.burmeseclassic.com



'မချူ့ပါနှင့် ဆရာရဲ့၊ ကျွဲကူးရေပါလိုပေါ့၊ တရားကို ဆွေးနွေးရင်း အင်္ဂလိပ်စာ ဗဟုသုတလည်း ရအောင်လို့ပါ'

'ကောင်းပြီဗျာ၊ nail လက်သည်း ခြေသည်း၊ teeth သွား၊ skin အရေပြား၊ flesh အသား၊ sinews အကြောမ၊ liver အသည်း၊ pleura နံရိုးနံဘေး၊ spleen သရက်ရွက်၊ lung အဆုတ်၊ intestines အူသိမ်အူမ၊ mesentery အမြှေး၊ stomach အစာသစ်အိမ်၊ faeces အစာဟောင်းအိမ်၊ bile သည်းခြေ၊ phlegm သလိပ်၊ pus ပြည်၊ blood သွေး၊ sweat ချွေး၊ sliva က တံတွေး၊ snot နှပ်၊ syrovial fluid အဆီကြည်၊ urine ကျင်ငယ်ရည်၊ brain ဦးနှောက်၊ ဒါတွေဟာ နာဂသေနလားလို့ မေးပြန်တယ်'

'Nay, verily, your majesty လို့ ရှင်နာဂသေနက ဖြေတော့ မင်းကြီးက ခန္ဓာငါးပါးကို နာဂသေနလားလို့ မေးပြန်တယ်'

'ဘယ်လို မေးသလဲ၊ ပြောပါဦး ဆရာ'

'Is, now, Bhante, form Nāgasena?

'အဆင်း ရူပက္ခန္ဓာဟာ နာဂသေနလားတဲ့'

'အဆင်း ရူပက္ခန္ဓာ ဆိုတာ ဘယ်စကားလုံးကို ပြောတာလဲ'

ကိုစိုးက ကြားဖြတ်မေးလေသည်။

'form ဆိုတဲ့ စကားလုံးပဲ ကိုစိုးရဲ့'

'သြော် ဒီနေရာကျတော့ form ကို အဆင်း ရူပက္ခန္ဓာလို့ ဘာသာပြန်တာကိုး'

'ဟုတ်တယ်၊ ဒီအမေးကိုလည်း ရှင်နာဂသေနက မဟုတ်ဘူး မင်းကြီးပဲ ဖြေတယ်၊ ဒီတော့ မင်းကြီးက ဒါဆိုရင် ဝေဒနာဟာ နာဂသေနလားတဲ့ မေးပြန်တယ်။

'Is sensation Nāgasena?

'Nay ပဲ ဖြေတယ်။

'Is perception Nāgasena?

'သညာဟာ နာဂသေနလားတဲ့။

'Nay ပဲပေါ့။

'Are the predispositions Nāgasena?

'သင်္ခါရက္ခန္ဓာတွေဟာ နာဂသေနလားတဲ့။

'Nay ပဲ ဖြေတယ်။



www.burmeseclassic

www.burmeseclassic.com



'Is consciousness Nāgasena?

'ဝိညာဏ်ဟာ နဂသေနလားတဲ့။

'ဒါလည်း မဟုတ်ဘူးပဲ ဖြေတာပေါ့၊ ဒီအခါ မင်းကြီးက အဲဒီ ခန္ဓာငါးပါး အပေါင်းကို နာဂသေန ခေါ်တာလားတဲ့။

'Are then Bhante, form, sensation, perception, the predispositions and consciousness unitedly Nāgasena? မေးပြန်တယ်'

'ဒါလည်း မဟုတ်ဘူးပဲ ဖြေရမှာပေါ့'

'ကိုစိုး ပြောတာ မှန်ပါတယ်၊ ဒီတွင် မင်းကြီး မေးပုံက ဒါဆိုရင် ခန္ဓာငါးပါးမှ တစ်ပါးသော အရာဟာ နာဂသေနလားတဲ့ မေးပြန်ရော၊ အင်္ဂလိပ်လို ရေးထားတာက–

'Is it, then, Bhante, something besides form, sensation perception, predisposition and consciousness, which is Nāgasena?'

'ဒါလည်း ဘယ်ဟုတ်မလဲနော်'

'ခု ကိုစိုး သဘောပေါက်ပြီလား'

'ပေါက်လာပါတယ် ဆရာ၊ မင်းကြီး မေးနေတာက ခန္ဓာငါးပါး ပရမတ်တွေထဲမှာ နာမည် ပညတ်ကို ရှာနေသလိုပဲ၊ ဘယ်ရမလဲနော်'

'ဟ ဟုတ်ပြီ၊ ကိုစိုး ဉာဏ်ရင့်လာပြီ'

'မင်းကြီးက ထပ်မေးသေးလား'

'မေးတာပေါ့၊ ဘယ်နေမလဲ၊ မိလိန္ဒ မင်းကြီးက ဉာဏ်ထက်တယ်၊ သူက တုပ်ပြီး ချည်ပြီးမှ အပိုင်ထုတယ်၊ အရှင်ဘုရား၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်မှ တစ်ပါး အခြားသော အရာဟာ နာဂသေန ခေါ်တာလားလို့ မေးတော့လည်း မဟုတ်ဘူးတဲ့၊ အရှင်ဘုရားကို တပည့်တော် မေးတိုင်းမှာ ဘယ်ဟာကိုမျှ နာဂသေနလို့ မသိမမြင်ရပါ၊ ဒါဆိုရင် နာဂသေန ဆိုတာဟာ ဝစီဘေဒ အထည်မရှိတဲ့ အသံ (သဒ္ဒါ) သက်သက်မျှသာ ဖြစ်ပါသလားတဲ့'

'အင်္ဂလိပ်လို ပြောပါဦး ဆရာ'

'Bhante, although I question you very closely, I fail to discover any Nāgasena. Verily, now, Bhante, Nāgasena is a mere empty sound. What Nāgasena is there here? Bhante, you speak a falsehood, a lie, there is no Nāgasena.

'စောစောက မိလိန္ဒ မင်းကြီး မေးပုံကို အင်္ဂလိပ်လို ရေးထားတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးရဲ့'

'အင်း ဒီဘုရင်ရဲ့ မေးကွက်က စေ့တယ်နော်၊ ဒီအမေးကို ရှင်နာဂသေန ဖြေဖို့ လွယ်ပါ့မလား'

'ရှင်နာဂသေနကလည်း ရဟန္တာ အရှင်သူမြတ်ပဲ၊ ကျားနှင့် ဆင် လယ်ပြင်မှာ တွေ့တယ် ဆိုသလိုပေါ့၊ ဘယ်ရမလဲ ကိုစိုးရဲ့၊ ရှင်နာဂသေနရဲ့ ဉာဏ်ကလည်း ဘယ်သေးမလဲ၊ ရှင်ဘုရင်ကို အရှင်မြတ်က ပြန်ပြီး မေးခွန်းထုတ်ရင်း ဖြေတယ်လေ၊ စိတ်ဝင်စားစရာ ကောင်းတယ်၊ ဒီအကြောင်းအရာဟာ သမိုင်းတွင်ရစ်တယ်၊ ကမ္ဘာ့ ပညာရှင်များကပါ ချီးကျူးရတယ်'

'ပြောပါဦး ဆရာရဲ့'

'ကိုစိုး ကြားချင်လို့လား'

'ကြားချင်တာပေါ့ ဆရာရယ်၊ ဗဟုသုတတွေ တပုံတပင်ကြီး ရတာပဲဟာ၊ ပညာရှိတွေရဲ့ စကားတွေက မှတ်သားစရာချည်းပါပဲ'

'ကိုစိုး ပြောတာ ဟုတ်တယ်၊ ကဲ ရှင်နာဂသေနက မိလိန္ဒမင်းကို ပြန်ပြောပုံကို ပြောမယ်၊ နားထောင်၊ မင်းကြီး၊ မင်းကြီးဟာ မင်းတစ်ပါး ဆိုတော့ ခု ဒီကိုလာတာ အပေါ်ပူ အောက်ပူ ဆိုတော့ လမ်းလျှောက်လာမှာတော့ မဟုတ်ပါဘူးနော် လို့ ပြောလိုက်တယ်၊ ဒီတင် မင်းကြီးက တပည့်တော် လမ်းလျှောက် မလာပါဘူး၊ ရထားနှင့် လာတာပါ လို့ ဖြေတယ်၊ Bhante, I do not go afoot: I came in a chariot. တဲ့'

'ဒီမှာ on foot လို့ မသုံးဘဲ afoot လို့ သုံးတယ်နော်' ကိုစိုးက အင်္ဂလိပ်စကား အသုံးအနှုန်းကို စိတ်ဝင်စားပြန်သည်။

'ဟုတ်တယ် ကိုစိုး၊ on foot ဆိုတာရယ်၊ afoot ဆိုတာရယ်၊ walking ဆိုတာရယ်ဟာ ခြေကျင် လမ်းလျှောက်လာတဲ့ အနက်ချည်း ရတယ်'

'Your majesty, if you came in a chariot, declare to me the chariot. Pray, your majesty, is the pole the chariot? ဒါ ရှင်နဂသိန် မေးတာ၊ အဓိပ္ပာယ်က မင်းကြီး၊ ရထားနှင့် လာသည်ဟု သင် ဆိုဘိ၏၊ အဘယ် အရာသည် သင် မင်းကြီး ဆိုသော ရထား ဖြစ်လေသနည်း၊ ရထား ဆိုသည် တိုင်ကို ခေါ်တာလား၊ ဒီတင် မိလိန္ဒက Nay, verily, Bhante. စင်စစ် မဟုတ်ပါ ဘုရားပဲ ဖြေရတာပေါ့'

'ဒီမှာ verily ဆိုတာ ဘာသဘော ထည့်ထားတာလဲ ဆရာ'

'အမှန်စင်စစ် ဆိုတဲ့ သဘော၊ မှန်ကန်ကြောင်း ထောက်ခံတဲ့ သဘော၊



www.burmeseclassic

www.burmeseclassic.com



အနိုင်အမာ ဆိုလိုတဲ့ သဘောကို ပြောတာ၊ ခရစ်ယာန် သမ္မာကျမ်းစာမှာလည်း ခရစ်တော် ပြောတဲ့ စကားများမှာ အမှန်စင်စစ် ဆိုတဲ့ ဒီစကားလုံးကို အမြဲ ထည့်သုံးထားတာ တွေ့ရတယ်'

'လက်ဖက်ရည် တစ်ခွက် ထပ်သောက်ပါဦး ဆရာ'

'ဘာဖြစ်လို့ လက်ဖက်ရည် တိုက်ချင်ရပြန်တာလဲ ကိုစိုး'

'ကျေးဇူးများလွန်းလို့ပါ ဆရာရယ်၊ တရားကိုလည်း သိ၊ အင်္ဂလိပ်စာ ဗဟုသုတလည်း ရ ဆိုတော့ ကျွန်တော့်မှာ ဘုရားလည်း ဖူးရင်း လိပ်ဥလည်း တူးရသလို ဖြစ်နေတယ်၊ ဆရာလည်း ပြောရလွန်းလို့ အာခြောက်ရော ပေါ့'

'ရပါတယ် ကိုစိုးရဲ့၊ စကားပြောရတာ များလာတော့ မိုက်ထဲက ဆာ လောင်လာတာနှင့် အတော်ပဲ၊ ကဲ လက်ဖက်ရည် လာတော့ သောက်တာ ပေါ့၊ ခု ဆက်ပြောဦးမယ်၊ ရှင်နာဂသိန်က အကွက်ဆိုက်သွားပြီး ဒီတင် ထပ် မေးတယ်။

'ဝင်ရိုးဟာ ရထားလား တဲ့။ Is the axle the chariot?

'လှည်းဘီးတွေဟာ ရထားလား။ Are the wheels the chariot?

'ရထားအိမ်ကို ရထား ခေါ်သလား။ Is the chariot-body called the chariot?

'တံခွန်တိုင်ကို ရထား ခေါ်သလား။ Is the banner-staff called the chariot?

'ဇက်ကြိုးတွေဟာ ရထားလား။ Are the reins the chariot?

'နှင်တံဟာ ရထားလား။ Is the goading-stick called the chariot?

'မိလိန္ဒလည်း Nay, verily, Bhante. ဒါပဲ ဖြေရတာပေါ့၊ ရှင်နာဂသေနက ပြန်ချည်ပြီ၊ ဒါ မင်းကြီးရဲ့ စကားနှင့် မင်းကြီးကို ပြန်ချည်တာ၊ Your majesty, are pole, axle, wheels, chariot-body, banner-staff, reins, and goading-stick unitedly called the chariot?

'တိုင်၊ ဝင်ရိုး၊ လှည်းဘီး၊ လှည်းအိမ်၊ တံခွန်တိုင်၊ ဇက်ကြိုး၊ နှင်တံ အပေါင်းကို ရထား ခေါ်သလား တဲ့'

'ဟုတ်တာပေါ့၊ မေးသင့်တာပေါ့'

ကိုစိုးက သူ့ သဘောပေါက်ကြောင်း ပြသည်။

'မင်းကြီးလည်း ထုံးစံအတိုင်း မဟုတ်ပါအရှင် ဘုရား၊ ဒါပဲ ဖြေရ

www.burmeseclassic.com



တာပေါ့ ကိုစိုးရဲ့'

'သဘောပေါက်ပါပြီ ဆရာ'

'ဒီတင် ရှင်နာဂသေနက မင်းကြီး စကားနှင့် မင်းကြီးကို ပြန်ချည်တယ်၊ ဒါဆိုရင် မင်းကြီး၊ ငါသည် မင်းကြီးကို မေးသော် ဘယ်အရာကိုမှ ရထားဟု မသိမြင်ရပါတကား၊ မင်းကြီး ရထား ဆိုတာ အသံ (သဒ္ဒါ) သက်သက်ပဲလား၊ ဤအရာ၌ ရထား ဘယ်မှာ ရှိသလဲ၊ မင်းကြီးသည် မဟုတ်မမှန်သော မုသား စကားကို ဆိုလေပြီတကား လို့ ပြန်ပြောလိုက်တာပေါ့၊ ရှင်နာဂသိန်က မင်းကြီးရဲ့ ပျော့ကွက်ကို အမိဖမ်းပြီး မင်းပရိသတ်ကိုပါ တိုင်တည်ပြီး ပြောလိုက်တာ မိလိန္ဒမင်းလည်း ဝန်မခံဘဲ ပြေးမလွတ်တော့ဘူးပေါ့၊ ဒီအခါကျမှ ရထား ဆိုတာ နာမပညတ်၊ ခေါ်ရလွယ်အောင် ပြောရလွယ်အောင် သုံးနှုန်းတဲ့ အမည် ဖြစ်ကြောင်း ရှင်းပြတယ်၊ ပြီးမှ နာဂသေန ဆိုတာလည်း ခေါ်ရလွယ်အောင် ပညတ်ထားတဲ့ နာမပညတ် ဖြစ်ကြောင်း၊ ဒီနာမပညတ် နောက်မှာ အတ္တကိုယ် ဘာဆို ဘာမှ မရှိကြောင်း အဖြေပေးလိုက်တယ်။

'But in absolute sense there is no Ego here to be found. ဒီမှာလည်း အကြွင်းမဲ့ ပရမတ္ထ သဘောအားဖြင့် ငါ၊ ပုဂ္ဂိုလ်၊ ဝိညာဉ်ကောင်၊ အတ္တကောင် ဘာမှ မရှိဘူး ဆိုတာ ပြလိုက်တယ်'

'ဒါ အနတ္တ သဘောပဲပေါ့နော် ဆရာ'

'ဟုတ်တာပေါ့ဗျာ၊ ကိုစိုး သဘောပေါက်သွားပြီ'

**ပဋိစ္စသမုပ္ပာဒ်ကို အတတ်ထင်ထင် ပိုင်ပိုင်မြင်မှ**

ကိုစိုးက ဆိုသည်။ 'မြင်တော့ ရေးရေးမြင်ပါပြီ၊ စောစောက စကားတွေထဲမှာ အနတ္တသဘောကို သိဖို့ ပဋိစ္စသမုပ္ပာဒ်ကို ပိုင်ပိုင်နိုင်နိုင် သိရမယ် ဆိုသလားလို့'

'အား ဟုတ်တာပေါ့ ကိုစိုးရဲ့၊ What the Buddha Taught ကျမ်းထဲမှာလည်း အနတ္တသဘောကို မပြခင် ပဋိစ္စသမုပ္ပာဒ်ရဲ့ အင်္ဂါ လေးခုကို အရင် ပြထားတယ်၊ အဲဒီ လေးချက်က

(၁) အကြောင်း ရှိရင် အကျိုး ရှိတယ်၊

(၂) အကြောင်း ဖြစ်ပေါ်လို့ အကျိုး ဖြစ်ပေါ်ရတာ ဖြစ်တယ်၊

(၃) အကြောင်း မရှိရင် အကျိုး မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



(၄) အကြောင်းချုပ်ခြင်းကြောင့် အကျိုး ချုပ်ရတယ်'*

'ပဋိစ္စသမုပ္ပါဒ် တရား ဆိုတာက ဘဝဖြစ်စဉ်ကို ပြတာပဲ မဟုတ်လား ဆရာ'

'ဟုတ်ပါတယ်၊ ဘဝ တစ်ခုလုံးရဲ့ ဖြစ်ပေါ်ခြင်း၊ တည်နေခြင်း၊ ချုပ်ငြိမ်းခြင်းတို့ဟာ ဒီလို အကြောင်း အကျိုး ဆက်စပ်မှု၊ အညမည အပြန်အလှန် အကျိုးပြုမှု၊ တစ်ခုအပေါ် တစ်ခု မှီခိုမှု စတဲ့ သဘောတရားများမှာ အခြေခံတယ်၊ အဝိဇ္ဇာ (မသိမှု) ကြောင့် ပြုပြင်စီရင်မှု (သင်္ခါရ) ဖြစ်ရသည်၊ သင်္ခါရကြောင့် ပဋိသန္ဓေ ဝိညာဏ် ဖြစ်ရသည်၊ ဝိညာဏ်ကြောင့် နာမ်ရုပ် (ခန္ဓာငါးပါး) ဖြစ်ရသည်၊ နာမ်ရုပ်ကြောင့် သဠာယတန (အာရုံဒွါရ ခြောက်ခု) ဖြစ်ရသည်၊ သဠာယတနကြောင့် ဖဿ ဖြစ်ရသည်၊ ဖဿကြောင့် ဝေဒနာ ဖြစ်ရသည်၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် စွဲလမ်း ဥပါဒါန်၊ စွဲလမ်း ဥပါဒါန်ကြောင့် ကမ္မဘဝ၊ ကမ္မဘဝကြောင့် ဇာတိ ပဋိသန္ဓေ ဖြစ်ရသည်၊ ဇာတိကြောင့် ဇရာ မရဏ ဖြစ်ရသည်၊ ဇရာ မရဏကြောင့် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ ဖြစ်ရသည်၊ ဒါ သံသရာ လည်သွားတဲ့ သဘောပဲ၊ ဒီမှာ လောကရဲ့ ပထမ အကြောင်းတရား first cause ဆိုတဲ့ အကြောင်းမဲ့ ဖြစ်လာတဲ့ အကြောင်း (uncasued cause) ရှိတဲ့ အယူအဆကို လက်မခံဘူး၊ ဘယ်သူမှ မဖန်ဆင်းဘဲ သူ့အလိုလို ဖြစ်လာတဲ့ ထာဝရ ဖန်ဆင်းရှင် ဘုရား ဆိုတာ မရှိဘူး၊ အားလုံး ဖြစ်တည်နေသမျှ အရာခပ်သိမ်းဟာ အကြောင်းကြောင့် ဖြစ်တာချည်း ဖြစ်ကြောင်း ဒီတရားက ရှင်းပြတယ်၊ တစ်ဘဝနှင့် တစ်ဘဝ ကံသတ္တိဖြင့် စုတိ ပဋိသန္ဓေ ဆက်၍ ဖြစ်ပုံကို ရှင်းပြတယ်၊ အလွန် သိပ္ပံနည်းကျတယ်၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဒီတရားကို သိပ္ပံထွန်းကားလာလေ မှန်ကန်ကြောင်း ပိုမို ထင်ရှားသော သက်သေခံ အထောက်အထားများ ပေါ်လာလေပဲ၊ ဒီတရားကို သိရင် ခန္ဓာငါးပါးထဲမှာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ပဲ ရှိတယ်၊ ဆန်းလွင်၊ မောင်စိုး ရှိပါ့မလား'

'မရှိပါဘူး ဆရာ'

'ပရမတ်အားဖြင့် မရှိဘူး၊ ခေါ်ရလွယ် ပြောရလွယ်အောင် သတ်မှတ်ထားချက် (နာမပညတ်) တော့ ရှိတာပေါ့၊ မရောရဘူး၊ ဒါဆိုရင် ခန္ဓာထဲမှာ

---

* မြတ်ဗုဒ္ဓ ဒေသနာ၊ ဦးကိုလေး (ဓေယျာမောင်)၊ စာ ၉၃-၉၄၊ မဇ္ဈိမနိကာယ် (မြန်မာပြန်)၊ စာ ၆၁။



www.burmeseclassic

www.burmeseclassic.com



အထည်ဒြပ်အားဖြင့် ထင်ရှားရှိတဲ့ သူတို့အဆို ထာဝရ ဖြစ်တဲ့ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်၊ အတ္တကောင်၊ ငါကောင် ဆိုတာ လုံးဝ မရှိဘူး၊ တစ်ခါ ခန္ဓာအပြင်ပမှာလည်း သူ့ဘာသူ ဖြစ်နေတယ် ဆိုတဲ့ ထာဝရဘုရား ဖန်ဆင်းရှင်တို့ နတ်ဘုရားတို့ ဆိုတာလည်း မရှိဘူး၊ အကြောင်းမဲ့ ဖြစ်တာ ဆိုလို့ ဘာမှမှ မရှိတာ၊ မိစ္ဆာဒိဋ္ဌိ ခေါ်တဲ့ အမြင်မှားကြောင့် ဖြစ်ပေါ်လာတဲ့ **hallucination** တွေ ဖြစ်တယ်လို့ ကျွန်တော်တို့ အစပိုင်းမှာ ပြောခဲ့ပြီးပြီနော်'

'ပြောခဲ့ပြီးပါပြီ ဆရာ'

'မြတ်ဗုဒ္ဓ ပွင့်တော်မူစဉ် အခါက အိန္ဒိယပြည်မှာ ဒီလို မိစ္ဆာဒိဋ္ဌိ အယူက ၆၂ မျိုးတောင် ရှိတယ်လို့ ဘုရားက ဒီဃနိကာယ် သီလက္ခန်မှာ ပါတဲ့ ဗြဟ္မဇာလသုတ်မှာ ဟောတော်မူတယ်၊ ဒီ ဒိဋ္ဌိ ၆၂ မျိုးကို ချုပ်လိုက်ရင် ဒိဋ္ဌိ သုံးမျိုးပဲ ရတယ်၊ သက္ကာယ ဒိဋ္ဌိ၊ ဉစ္ဆေဒ ဒိဋ္ဌိနှင့် သဿတ ဒိဋ္ဌိလို့ ခေါ်တယ်'

**သက္ကာယဒိဋ္ဌိကို နားလည်ခြင်း**

'ခုမှ သက္ကာယဒိဋ္ဌိကို ရောက်လာတယ်၊ အဲဒါကို ရှင်းပြပါဦး ဆရာ' ကိုစိုးက စကားစ ပျောက်မသွားခင် အမိအရ ဆုပ်ကိုင်လိုက်သည်။

'စတုန်းကတော့ သမ္မာဒိဋ္ဌိ အကြောင်းကို ပြောဖို့အတွက် မိစ္ဆာဒိဋ္ဌိ အကြောင်းကို စခဲ့တာပဲ၊ ဒါပေမဲ့ ဆက်နွယ်ပြီး သိအပ်တဲ့ တရားတွေကို အရင် ပြောနေရတာနှင့် လိုရင်းကို မရောက်ခဲ့ဘူး၊ ခုမှပဲ ဒီသက္ကာယဒိဋ္ဌိကို ပြန်ရောက်တယ်'

ပြောနေစဉ် မှာထားသော လက်ဖက်ရည်နှင့် ဆနွင်းမကင်းမုန့်များ ရောက်လာသည်။ အာခြောက်စ ပြုနေသည်။ လက်ဖက်ရည်ကြမ်းနှင့် ဆနွင်းမကင်း တစ်ဖွန်းကို အရင် စားလိုက်သည်။

'သက္ကာယဒိဋ္ဌိ အကြောင်းကလည်း အကျယ်ကြီး ပြောရမယ့်ဗျ၊ တစ်နေ့တည်း ပြီးအောင် ပြောဖို့ မလွယ်ပါဘူး'

'မပြီးရင်လည်း နေ့ဆက်ပြီး ပြောပေါ့ ဆရာရယ်၊ တရုတ် မျောက်ကား ဇာတ်လမ်းကိုတောင် ကျွန်တော်တို့ ဆက်ပြီး ကြည့်သေးတာပဲ'

ကိုစိုး၏ စိတ်အားထက်သန်မှုက အကျွန်ုပ်ကိုပါ ထင်ဟပ်မှု ရှိသည်။ အကျွန်ုပ်ကို ပို၍ စိတ်ထက်သန်စေပါသည်။

'ကိုစိုး ခင်ဗျား မှတ်မိသလား၊ ကျွန်တော်တို့ စကားအစမှာ မူလပဏ္ဏာသထဲက စူဠဝေဒလ္လသုတ် အကြောင်း ပြောခဲ့တာလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ မှတ်မိပါတယ် ဆရာ၊ မဟာစည် ဆရာတော်ကြီး ဟောထားတဲ့ စူဠဝေဒလ္လသုတ် တရားတော် ဆိုတဲ့ ကျမ်းရှိကြောင်း ဆရာ ပြောခဲ့တာ ကျွန်တော် မှတ်ထားတယ်'

'အေး၊ အဲဒီကျမ်းမှာ သက္ကာယဒိဋ္ဌိ အကြောင်း အကျယ် လေ့လာနိုင်တယ်၊ နောက်ပြီး သဠာယတန သံယုတ်မှာ လာတဲ့ နန္ဒိက္ခယဝဂ်က အရှင်ကောဋ္ဌိကကို အကြောင်းပြုဟောတဲ့ ကောဋ္ဌိက အနိစ္စသုတ်၊ ကောဋ္ဌိက ဒုက္ခသုတ်၊ ကောဋ္ဌိက အနတ္တသုတ် ဆိုပြီး သုံးသုတ် ရှိတယ်၊ ပြီးရင် မိစ္ဆာဒိဋ္ဌိကို ပယ်ရန် မိစ္ဆာဒိဋ္ဌိ ပဟာနသုတ်၊ သက္ကာယဒိဋ္ဌိ ပဟာနသုတ်၊ အတ္တာနုဒိဋ္ဌိ ပဟာနသုတ် ဆိုပြီး မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို ပေါ်လွင်အောင် ခွဲခြမ်း ဟောထားတာတွေ ရှိတယ်၊* ဒါတွေကို ပထမ ပြောရင် နားလည်ရတာက ပိုပြီး လွယ်တယ် ကိုစိုးရဲ့'

## ရှင်ကောဋ္ဌိကကို ဟောသော တရား

ကိုစိုးသည် စိတ်ဝင်စားစွာ နာသည်။ 'ကျွန်တော် နားလည်သင့်တာ ဆိုရင် ပြောသာ ပြောပါ ဆရာ' ဟု သူက ဆိုသည်။ သူသည် နာယူလွယ်သူ ဖြစ်သည်။

'ဒီလိုဗျာ၊ အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည်က သမားတော် ဇီဝကရဲ့ သရက်တော ကျောင်းတိုက်မှာ သီတင်းသုံးနေစဉ် အရှင်ကောဋ္ဌိကဟာ မြတ်စွာဘုရားထံကို ချဉ်းကပ်ပြီး တောင်းပန်တယ်၊ အရှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါ၊ တပည့်တော်သည် မြတ်စွာဘုရား ဟောတော်မူသော ယင်းတရားတော်ကို နာကြားပြီးသော် တစ်ပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ လုံ့လ ရှိသည်ဖြစ်၍၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည် ဖြစ်၍ နေလိုပါ၏လို့ လျှောက်ထားတယ်၊ ဒီအခါ မြတ်စွာဘုရားက ကောဋ္ဌိက၊ အကြင်တရားသည် မမြဲ၊ ထိုတရား၌ သင်သည် လိုချင်သော ဆန္ဒကို ပယ်ရမည်၊ ကောဋ္ဌိက၊ မမြဲသော တရား ဆိုသည် အဘယ်နည်း၊ ကောဋ္ဌိက၊ မျက်စိသည် မမြဲ၊ ထိုမမြဲသော မျက်စိ၌ သင်သည် လိုချင်မှု ဆန္ဒကို ပယ်ရမည်၊ အဆင်းသည်လည်း မမြဲ၊ ထိုမမြဲသော အဆင်း၌ သင်သည် လိုချင်မှု

---

* သဠာယတနသံယုတ် (မြန်မာပြန်)၊ စာ ၃၅၁-၃၅၄။



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒကို ပယ်ရမည်၊ စက္ခုဝိညာဏ် (မြင်စိတ်) သည်လည်း မမြဲ၊ ထိုမမြဲသော စက္ခုဝိညာဏ် (မြင်စိတ်) ၌ သင်သည် လိုချင်မှု ဆန္ဒကို ပယ်ရမည်၊ စက္ခုသမ္ဖဿသည် မမြဲ၊ ထိုမမြဲသော စက္ခုသမ္ဖဿ၌ သင်သည် လိုချင်မှု ဆန္ဒကို ပယ်သတ်ရမည်၊ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ခံစားမှု၊ သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာသည်လည်း မမြဲ၊ ထိုမမြဲသော ဝေဒနာ၌ သင်သည် လိုချင်မှု ဆန္ဒကို ပယ်သတ်ရမည်၊ လျှာသည် မမြဲ၊ ထိုမမြဲသော လျှာ၌ သင်သည် လိုချင်မှု ဆန္ဒကို ပယ်သတ်ရမည်၊ အရသာသည် မမြဲ၊ ထိုမမြဲသော အရသာတို့၌ သင်သည် လိုချင်မှု ဆန္ဒကို ပယ်သတ်ရမည်၊ ဇိဝှါဝိဉာဏ် (ရသာသိစိတ်) သည် မမြဲ၊ ထိုမမြဲသော ဇိဝှါဝိဉာဏ်၌ သင်သည် လိုချင်သော ဆန္ဒကို ပယ်သတ်ရမည်၊ ဇိဝှါသမ္ဖဿသည် မမြဲ၊ ထိုမမြဲသော ဇိဝှါသမ္ဖဿ၌ သင်သည် လိုချင်သော ဆန္ဒကို ပယ်သတ်ရမည်၊ ဇိဝှါသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ခံစားမှု၊ သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာသည်လည်း မမြဲ၊ ထိုမမြဲသော ဝေဒနာ၌ သင်သည် လိုချင်သော ဆန္ဒကို ပယ်သတ်ရမည်၊ ပ။ စိတ်သည် မမြဲ၊ ထိုမမြဲသော စိတ်၌ သင်သည် လိုချင်သော ဆန္ဒကို ပယ်သတ်ရမည်၊ သဘောတရားတို့သည် မမြဲ၊ ထိုမမြဲသော သဘောတရားတို့၌ သင်သည် လိုချင်မှု ဆန္ဒကို ပယ်သတ်ရမည်၊ မနောဝိညာဏ်သည် မမြဲ၊ ထိုမမြဲသော မနောဝိညာဏ်၌ သင်သည် လိုချင်သော ဆန္ဒကို ပယ်သတ်ရမည်၊ မနောသမ္ဖဿသည် မမြဲ၊ ထိုမမြဲသော မနောသမ္ဖဿ၌ သင်သည် လိုချင်သော ဆန္ဒကို ပယ်သတ်ရမည်၊ မနောသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု၊ သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာသည် မမြဲ၊ ထိုမမြဲသော ဝေဒနာ၌ သင်သည် လိုချင်သော ဆန္ဒကို ပယ်သတ်ရမည်၊ ကောဋ္ဌိက၊ အကြင် တရားသည် မမြဲ၊ ထိုမမြဲသော တရား၌ သင်သည် လိုချင်မှု ဆန္ဒကို ပယ်သတ်ရမည်တဲ့ ကိုစိုးရဲ့၊ ဒါ ရှင်မဟာ ကောဋ္ဌိကကို မြတ်စွာဘုရားက ရုပ်နာမ် နှစ်ပါး ခန္ဓာ ငါးပါးတို့ရဲ့ ဖြစ်ပုံ၊ ဖြစ်ပြီး မမြဲ၍ ပျက်ပုံ၊ အနိစ္စ သဘောကို ပြပြီး အဲဒီ အနိစ္စ သဘောကို လိုချင်မှု တဏှာကို ပယ်ခိုင်းတာ။

'ကဲ ခု ကိုစိုးကို မေးမယ်၊ မမြဲတဲ့ တရား၊ အနိစ္စ တရားကို လိုချင်တပ်မက်မှု တဏှာ ဖြစ်ပေါ်ရင် နောက်ဆက်တွဲ ဘာဖြစ်မယ် ထင်သလဲ'

ကိုစိုးက စဉ်းစားမနေဘဲ ချက်ချင်း ဖြေသည်။

'ဒုက္ခ ရောက်မှာပေါ့ ဆရာရဲ့'

www.burmeseclassic.com


'သိပ်မှန်တယ်၊ မမြဲတဲ့ တရားတွေကိုမှ လိုချင် တပ်မက်မှု တဏှာနှင့် တွယ်ပြီး ဒီလိုချင်မှု ဆန္ဒကို ဉာဏ်နှင့် မပယ်နိုင်ဘူး ဆိုရင်တော့ ဒီလူ ဆင်းရဲ ဒုက္ခ ရောက်တာက လွဲလို့ ဘာမှ ဖြစ်စရာ မရှိဘူး၊ ဒါဟာ သဘာဝ တရားပဲ၊ ဒါကြောင့် ရှင်မဟာကောဋ္ဌိကကို ဘုရားက မမြဲခြင်း အနိစ္စတရားကို ပထမ ဟောတယ်၊ ပြီးမှ ဒုတိယအားဖြင့် ကောဋ္ဌိက ဒုက္ခသုတ်ကို ဟောပြန်တယ်ဗျ၊ စောစောက အတိုင်းပဲ မျက်စိ မမြဲတာက အစပြုပြီး စိတ် အဆုံး မမြဲတာကို လိုချင်ရင် ဒုက္ခရောက်ပုံကို ဟောတော်မူတယ်၊ ပြီးမှ ဘုရားက ကောဋ္ဌိက၊ အကြင်တရားသည် ဆင်းရဲ၏၊ ဆင်းရဲသော တရား၌ သင်သည် လိုချင်မှု ဆန္ဒကို ပယ်ရမည်လို့ မိန့်တော်မူတယ်၊ ကဲ ကိုစိုးကို မေးမယ်၊ လူတွေ ဘာကြောင့် ဒုက္ခ ရောက်နေရတယ် ထင်သလဲ၊ ဖြေပါဦး'

အကျွန်ုပ်က ကိုစိုးကို မနှောစမ်း မေးလိုက်သည်။ ကိုစိုးက သူ့ဉာဏ်ထဲ ပေါ်သလို ဖြေသည်။

'မမြဲတဲ့ တရားတွေကို လိုချင်မှု ဆန္ဒ ရှိနေလို့၊ အဲဒီ ဆန္ဒ တဏှာကို မပယ်နိုင်လို့ မဟုတ်လား ဆရာ'

'ဟုတ်တော့ ဟုတ်တယ်၊ ကိုစိုး ဖြေတာ အားလုံးတော့ မမှန်ဘူး၊ ဗုဒ္ဓနည်းကျ အမြင် မဖြစ်သေးဘူးဗျ'

'ဒါဆို ဘယ်လို နားလည်ရမလဲ ဆရာ'

'သဘာဝကျကျ စဉ်းစားကြည့်စမ်း ကိုစိုးရဲ့၊ လူတွေဟာ မမြဲတဲ့ တရားတွေကို မမြဲမှန်း အမှန်အကန် သိရင် မမြဲတာကြီးကို ဘယ်သူမှ လိုချင်မှာ မဟုတ်ဘူး၊ ခု လိုချင်နေတာဟာ အမှန်စင်စစ်တော့ မမြဲတာကို မြဲတယ်လို့ ထင်မြင် ယူဆနေကြလို့ မဟုတ်လား'

'ဟုတ်တယ်နော် ဆရာ'

'အဲဒါ အဝိဇ္ဇာ ခေါ်တယ်၊ အမှန်ကို မသိတာ၊ သစ္စာကို မသိတာ၊ အဝိဇ္ဇာ ခေါ်တယ် ကိုစိုးရဲ့၊ ဒီတော့ ဘာကြောင့် လိုချင်သလဲ၊ အမှန်ကို မသိလို့၊ မမြဲတဲ့ တရားကြီးကို မမြဲတာကြီးပါကလားလို့ ဉာဏ်မှာ မထင်ဘူး၊ မြဲတဲ့ တရားလို့ မှားယွင်းစွာ ထင်မြင်ယူဆတယ်၊ အမှန်ကို မသိဘူး၊ မသိတော့ လိုချင်တယ်၊ လိုချင်တာက တဏှာပဲလေ၊ မသိဘဲ လိုချင်တော့ စွဲလမ်းရောပေါ့၊ စွဲလမ်းပြီ ဆိုရင် မရရအောင် လုပ်တာပဲ၊ အဲဒါက ကမ္မဘဝ ဖြစ်သွားပြီ၊ ဒါ ပဋိစ္စသမုပ္ပါဒ် လည်တာပဲဗျ၊ လည်တော့ နောက်ဘဝမှာ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်ပြီး ဇာတိ ဖြစ်ပြန်ရော၊ ဇာတိ ဖြစ်ပြီ ဆိုရင်တော့ ဇရာ၊ မရဏက

www.burmeseclassic.com



ပြေးမလွတ်တော့ဘူး၊ ဒါ သဘာဝ နိယာမပဲ မဟုတ်လား'

'ဟုတ်တာပေါ့ ဆရာရဲ့'

'အင်း ဟုတ်တယ်၊ ဇာတိ လာရင် ဇရာ လာမယ်၊ မရဏ လာမယ်၊ အိုရ နာရ သေရတော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ လည်း လာတော့တာပေါ့၊ အားလုံး ဒီတရားတွေဟာ ကြောင်းကျိုးဆက်နေကြ တယ်၊ ဒါကို ပဋိစ္စသမုပ္ပာဒ် စက်ရဟတ် လည်တယ်လို့ ဆိုတာပဲဗျ၊ ကဲ ကိုစိုး ပဋိစ္စသမုပ္ပာဒ် လည်ပုံကို သဘောကျပြီလား'

'ဉာဏ်ထဲမှာ ရှင်းသွားတာပဲ ဆရာရယ်'

'အေးဗျ၊ ဘုရားက ဒီတင် ရှင်မဟာကောဋ္ဌိကကို အနတ္တလက္ခဏာကို ဆက်ပြီး ဟောတော်မူတယ်၊ ရှေ့မှာ ပြခဲ့တဲ့အတိုင်း ဟောတယ်၊ နောက်ဆုံး ကျမှ ကောဋ္ဌိက၊ အကြင်တရားသည်ကား အတ္တ မဟုတ်၊ ထို အတ္တ မဟုတ် သော တရား၌ သင်သည် လိုချင်မှု ဆန္ဒကို ပယ်ရမည်လို့ မိန့်တော်မူတယ်'

'ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပြီ၊ ဒီနေရာမှာ အတ္တ မဟုတ်ဘူး၊ အနတ္တလို့ ဉာဏ်မှာ သဘောပေါက်မှ လိုချင်တဲ့ ဆန္ဒတဏှာကို ပယ်နိုင်မှာ ပေါ့နော် ဆရာ'

'ဟုတ်တယ် ကိုစိုး၊ အနတ္တကို မြင်ဖို့ ဆိုတာကလည်း စောစောက ပြခဲ့တဲ့ ခန္ဓာငါးပါးရဲ့ ပဋိစ္စသမုပ္ပာဒ်ကို ကြည်ကြည်လင်လင် မြင်မှ အတ္တလို့ ယူမိတဲ့ အမြင်များကို မိစ္ဆာဒိဋ္ဌိကို ပယ်နိုင်တယ်၊ မိစ္ဆာဒိဋ္ဌိကို ပယ်နိုင်မှ အမြင် မှန် သမ္မာဒိဋ္ဌိကို ရနိုင်တယ်'

'တရားက တစ်ခုနှင့် တစ်ခု ကြောင်းကျိုးဆက်နေတာ၊ ယုတ္တိ ရှိလိုက် တာနော်'

'ဗုဒ္ဓဘာသာ တရားမှာ ယုတ္တိ မရှိတာ ဘာမှ မပါဘူး၊ အားလုံးကို ဆင်ခြင်တုံတရားနှင့်အညီ အမြင်မှန် သမ္မာဒိဋ္ဌိ အပေါ်မှာ တည်ထားတယ်၊ သမ္မာဒိဋ္ဌိ အမြင်မှန် ရရင် ရင်ထဲမှာ ဓမ္မပီတိတွေ ဖြစ်ပေါ်လာပြီး သိပ်ပြီး ဝမ်းသာ ကြည်နူးရတာပဲဗျာ၊ အဲဒီ ဓမ္မရသမျိုးကို ဘယ်ဘာသာမှာမှ မခံစား ကြရဘူး၊ အဲဒါ အလွန် ထူးခြားတယ်၊ ကဲ ဒီတရားက မဆုံးသေးဘူးဗျ၊ ဒီလို ဟောပြီးမှ မြတ်စွာဘုရားက မိစ္ဆာဒိဋ္ဌိပဟာနသုတ် (မိစ္ဆာဒိဋ္ဌိ အမြင်များ ကို ပယ်တဲ့ သုတ္တန်ဒေသနာ) ကို ဟောတော်မူတယ်'

'ဒီတရားကလည်း ရှင်မဟာကောဋ္ဌိကကိုပဲ ဟောတာလား ဆရာ'

'မဟုတ်ဘူး ကိုစိုးရဲ့၊ တခြား ရဟန်း တစ်ပါးက မြတ်စွာဘုရားကို



www.burmeseclassic

www.burmeseclassic.com



အရှင်ဘုရား၊ မိစ္ဆာဒိဋ္ဌိမှန်း ဘယ်လို သိပြီး ဘယ်လို မြင်မှ မိစ္ဆာဒိဋ္ဌိ ပျောက်ကင်းမလဲလို့ မေးလို့ဗျ'

'ဘုရားက ဘယ်လို ဖြေတော်မူသလဲ ဆရာ'

'ဘုရားက တိုရှင်းလိုရှင်းပဲ ဖြေတော်မူတယ်ဗျ၊ ရဟန်း၊ မျက်စိကို မမြဲဘူးလို့ သိသူ မြင်သူမှာ မှားတဲ့ မိစ္ဆာဒိဋ္ဌိ ပျောက်ပါသတဲ့၊ အဆင်းကို မမြဲဘူးလို့ သိသူ မြင်သူမှာ မှားတဲ့ အယူ မိစ္ဆာဒိဋ္ဌိ ပျောက်သတဲ့၊ စက္ခုဝိညာဏ် လည်း မမြဲဘူးလို့ သိသူ မြင်သူမှာ မှားတဲ့အယူ မိစ္ဆာဒိဋ္ဌိ ပျောက်သတဲ့၊ နောက်ဆုံး ခံစားမှု ဝေဒနာတွေဟာလည်း မမြဲဘူးလို့ သိသူ မြင်သူဟာ မှားတဲ့ အယူ မိစ္ဆာဒိဋ္ဌိ ပျောက်သတဲ့'

'ဟ ရှင်းပြီ ဆရာ၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျွန်တော် ဉာဏ်ရှင်းသွားပြီ၊ အမှန်ကို အမှန်အတိုင်း အရှိကို အရှိအတိုင်း မမြဲတဲ့ တရားကို မမြဲဘူးလို့ သိတဲ့ အမြင်မှန် သမ္မာဒိဋ္ဌိ ရမှသာလျှင် လိုချင်မှု ဆန္ဒတဏှာကို ပယ်နိုင်မှာပဲ၊ ရှင်းပြီ၊ ရှင်းပြီ ဆရာ၊ ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျွန်တော့် ရင်ထဲမှာ ထိပေါက်ပြီ၊ သစ္စာဉာဏ်ပေါက်ပြီ ဆရာ' ကိုစိုး ဝမ်းသာအားရ ဆိုလေသည်။

'နေဦး ကိုစိုးရဲ့၊ တရားက မဆုံးသေးဘူး၊ သိဖို့ အရေးကြီးတဲ့ အချက် တစ်ချက် ကျန်နေသေးတယ်'

'ပြောပါဦး ဆရာ၊ ကျွန်တော့် ရင်ထဲမှာတော့ ဓမ္မကြောင့် ဖြစ်တဲ့ ပီတိလှိုင်းတွေ ထပြီး ငိုတောင် ငိုချင်တယ်'

'ဖြစ်တတ်ပါတယ် ကိုစိုး၊ ပီတိကြောင့် ကျတဲ့ မျက်ရည်ပေါ့'

**သက္ကာယဒိဋ္ဌိကို ပယ်ခြင်း**

'ဒီလိုဗျ၊ လူက မျက်လုံးကို မမြဲဘူးလို့ မထင်ဘူး၊ မြဲတယ်လို့ ထင်တယ်၊ ဒါက အမြင်မှားတာ၊ ဒါ့ထက် ဆိုးတာ ရှိသေးတယ်'

'ဘယ်လို ဆိုးတာလဲ ဆရာ'

'အဲဒီ မျက်လုံးကို သူက ငါ့မျက်လုံးလို့ စွဲလမ်းနေတယ်၊ မစွဲဘူးလား'

'စွဲပါတယ်'

'စွဲတယ်နော်၊ သိပ်စွဲတယ်၊ မျက်လုံးကို စွဲရုံတင် မကဘူး၊ မြင်တာကိုလည်း ငါ မြင်တယ်လို့ စွဲတယ်၊ ခံစားတာကိုလည်း ငါ ခံစားတယ်လို့ စွဲပြန်တယ်၊ ဒီအစွဲအလမ်းတွေ လွယ်လွယ်နှင့် ပျောက်နိုင်ပါ့မလား'

'ဘယ်လွယ်မလဲ ဆရာ၊ အရိုးစွဲနေမှပဲဟာ'



www.burmeseclassic

www.burmeseclassic.com



'ဟုတ်တယ် ကိုစိုး၊ ဒါတွေက အရိုးထဲ စွဲနေသလိုပဲ၊ ဒီပြဿနာကို လည်း ဘုရားက ဖြေရှင်းတော်မူတယ်'

'ဘယ်လို ဖြေရှင်းသလဲ ဆရာ'

'ဘုရားက တစ်ဆက်တည်းပဲ၊ သက္ကာယဒိဋ္ဌိ ပဟာနသုတ်ကို ဟော တော်မူတယ် ကိုစိုးရဲ့၊ တရားကလည်း အစီအစဉ် ကျလိုက်တာ'

'အသိဉာဏ် တံခါးကို တစ်ချပ်ပြီး တစ်ချပ် ဖွင့်လိုက်သလိုပဲနော်'

'အင်း ကိုစိုးက ခံစားတတ်တယ်၊ တရား ဆိုတာကို ဦးနှောက်နှင့် ချည်း သိတာထက် နှလုံးသားနှင့်ပါ ခံစားပြီး သိတာက ပိုပြီး မိတယ်'

'ဒီတရားကို အရှင်မဟာကောဋ္ဌိကကိုပဲ ဟောတာလား ဆရာ'

'မဟုတ်ဘူး ကိုစိုးရဲ့၊ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် သရက်တော ဥယျာဉ်ကျောင်းမှာ သီတင်းသုံးနေစဉ် ရဟန်း တစ်ပါးက မေးလို့ ဘုရားက ဖြေတာ၊ ဒီမှာ ရဟန်း မေးပုံကလည်း ပိုင်တယ်'

'ဆိုပါဦး ဆရာ'

'အရှင်ဘုရား၊ ဘယ်လိုသိ ဘယ်လိုမြင်တဲ့ လူဟာ ခန္ဓာကိုယ်၌ အယူ မှားသော (ခန္ဓာငါးပါးကို ငါ ငါ့ဥစ္စာဟု ယူသော) သက္ကာယဒိဋ္ဌိကို ပျောက် ကင်းစေနိုင်ပါသလဲတဲ့ မေးတယ်၊ ဒီအခါ မြတ်စွာဘုရားက ရဟန်း၊ မျက်စိ ကို ဆင်းရဲလို့ သိတဲ့ သူဟာ ခန္ဓာကိုယ်ကို ငါပဲ သူပဲလို့ သိတဲ့ အယူမှား သက္ကာယဒိဋ္ဌိကို ပျောက်ကင်းစေတယ်တဲ့၊ အဆင်းကို ဆင်းရဲလို့ သိတတ်သူ မြင်တတ်သူဟာ ခန္ဓာကိုယ်မှာ သူပဲ ငါပဲလို့ အယူမှားတဲ့ သက္ကာယဒိဋ္ဌိကို ပျောက်ကင်းစေနိုင်သတဲ့၊ စက္ခုဝိဉာဏ်ကို ဆင်းရဲလို့ သိတတ်သူ မြင်တတ်သူ ဟာ ခန္ဓာကိုယ်ကို ငါပဲ သူပဲလို့ အယူမှားတဲ့ သက္ကာယဒိဋ္ဌိ ပျောက်ကင်းစေ နိုင်သတဲ့၊ ကဲ ဖဿ၊ ဝေဒနာတွေမှာလည်း ဆင်းရဲပဲလို့ သိတတ် မြင်တတ်သူ ဟာ ခန္ဓာကိုယ်ကို ငါပဲ သူပဲလို့ အယူမှားတဲ့ သက္ကာယဒိဋ္ဌိကို ပျောက်ကင်း စေနိုင်တယ်တဲ့'

'အင်း ကျွန်တော် စဉ်းစားကြည့်တယ်၊ မလွယ်ပါလား၊ သိပ်တော့ မလွယ်ဘူးနော်'

'ဘာ မလွယ်တာလဲဗျ'

'သက္ကာယဒိဋ္ဌိ ပြုတ်ဖို့ မလွယ်ဘူး ပြောတာပါ ဆရာ'

'ဒါကြောင့် ဝိပဿနာ မလုပ်ခင် ဒိဋ္ဌိကို အရင်ဖြုတ်ပါလို့ မိုးကုတ် ဆရာတော် ဘုရားကြီး ဆုံးမတော်မူတယ်၊ ခု ပဋိစ္စသမုပ္ပာဒ်နှင့် ရှင်းပြခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



အမြင်မှန်ရအောင် နယ ဝိပဿနာအရ သဘောတရားတွေကို သိတဲ့ ဉာတပရိညာပေါ့၊ ဒါကို အရင်သိအောင် လုပ်ရမယ်၊ ဒါမှသာ ခန္ဓာကိုယ်ကို စောင့်ရှု၊ စိုက်ရှုတဲ့ ဝိပဿနာ အားထုတ်မှု အလုပ်ကို လုပ်ကြည့်သင့်တယ်၊ ကျမ်းဂန်အရတော့ သက္ကာယဒိဋ္ဌိကို အနုသယနှင့် တကွ ပယ်ဖို့ဆိုတာ ပထမ မဂ်ရမှ ဖြစ်တယ်လို့ ဟောထားတယ်၊ ကျမ်းဂန်မှာတော့ သက္ကာယဒိဋ္ဌိကို ပယ်နိုင်ဖို့ ဆိုတာ ဘုရားဟော တရားဟောတွေကို နာဖူး ကြားဖူးတဲ့ အကြားအမြင် (အာဂမသုတ) လည်း ရှိမှ၊ တရား အားထုတ်ဖူးတဲ့ ဝိပဿနာဉာဏ် (အဓိဂမသုတ) လည်း ရှိမှ၊ နှလုံးသွင်းလည်း မှန်မှ ပယ်နိုင်တယ်တဲ့၊ သင့်သောအားဖြင့် နှလုံးသွင်းတတ်ဖို့လည်း အရေးကြီးသေးတယ်၊ နှလုံးသွင်း မှန်ဖို့၊ သင့်သောအားဖြင့် နှလုံးသွင်းတတ်ဖို့ ဆိုတာကလည်း လွယ်ပါ့မလား၊ သက္ကာယဒိဋ္ဌိကို ပယ်နိုင်မှလည်း နှလုံးသွင်း မှန်နိုင်တယ် ကိုစိုးရဲ့'

'ဟုတ်ကဲ့၊ ယောနိသောမနသီကာရ ဆိုတာ ကျွန်တော် ကြားဖူးတာတော့ ကြာပါပြီ ဆရာ၊ အဲဒါ ဘယ်လို သဘောလဲ ဆိုတာ ခေါင်းထဲ မရှင်းဘူး၊ ယောနိသောမနသီကာရလည်း အရေးကြီးတာပဲနော်'

'သိပ်အရေးကြီးတာပေါ့ဗျာ၊ ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက်ဖြစ်ဖို့ ဆိုတာ ယောနိသောမနသီကာရလည်း ရှိမှ ဖြစ်တာဗျ'

'အဲဒီ အကြောင်းကို ပြောပြပါဦး ဆရာရယ်'

'ကဲ ဒီနေ့တော့ ဒီတွင် ရပ်ထားကြဦးစို့၊ နောက်တစ်နေ့ ကြုံမှ ဆက်ပြီး ဆွေးနွေးကြမယ်၊ ခင်ဗျားနှင့် တရားစကားတွေ ပြောရတာ ကျွန်တော့်မှာလည်း ဉာဏ်အမြင်တွေ ပိုပြီး ကြည်လင်လာတယ်'

'ဒီအကြောင်းတွေကို စာအုပ် ရေးထားခဲ့ရင်လည်း သိပ်ကောင်းမှာပဲလို့ ထင်ပါတယ် ဆရာ'

'အင်း ဆန်းလွင် မသေသေးရင်ပေါ့ဗျာ၊ အကြောင်းသင့်ရင်တော့ ဒီ တရားအမြင်တွေဟာ စာတင်စရာတွေ ဖြစ်လာနိုင်ကောင်းပါရဲ့'

ဤတွင် ဆွေးနွေးပွဲကို ရပ်နားပြီး ညနေပိုင်းမှာ တာဝန်ယူထားသော ဂျပန် ဦးပဉ္ဇင်းကလေးကို စာပြဖို့ ကိစ္စရှိသဖြင့် ချမ်းမြေ့ရိပ်သာကျောင်းသို့ သွားခဲ့ပါသည်။



www.burmeseclassic

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ၈။ ယောနိသောမနသိကာရကို နားလည်ခြင်း

### ထူးခြားသော ဂျပန် ဦးပဥ္စင်းကလေးနှင့် အသင့်အားဖြင့် နှလုံးသွင်းခြင်း

ချမ်းမြေ့ရိပ်သာ ဆရာတော် ဘုန်းကြီးအား ကတိပြုထားသော အတိုင်း ထိုနေ့က ဂျပန် ဦးပဥ္စင်းကလေး ဦးဝိမလအား စာပြရန် သမီးငယ်နှင့်အတူ ကမ္ဘာအေး ပါရမီရိပ်သာရှိ ချမ်းမြေ့ရိပ်သာကျောင်းသို့ သွားခဲ့လေသည်။ ပထမဦးစွာ သူ ဘာသာပြန်ချင်သော စာအုပ်ကို ဘာသာပြန် လုပ်ငန်း မစသေးဘဲ သူ၏ မြန်မာစာ ကျွမ်းကျင်မှုကို အကဲဖြတ်ရန် အားထုတ်ပါသည်။ ဂျပန် ဦးပဥ္စင်း ကလေးကို လွန်ခဲ့သော နှစ်နှစ်ကျော်လောက်တုန်းက ချမ်းမြေ့ရိပ်သာတွင် ပထမ စတင် တွေ့ဖူးလေသည်။ ထိုစဉ်က သူသည် ကိုရင် အဖြစ်ဖြင့် မြန်မာနိုင်ငံ မှာ လာပြီး ဝိပဿနာတရားကို အားထုတ်နေခြင်း ဖြစ်သည်။ သူနှင့် စကား ပြောကြည့်တော့ 'ကိုရင်က ဝိပဿနာ တရားကို အားထုတ်ကြည့်မယ်၊ ဒီ တရားဟာ အကျိုးရှိတယ် ဆိုတာ ကိုယ်တိုင်သိရင် ရဟန်းခံပြီး မြန်မာစာ ရော၊ ပါဠိစာကိုပါ သင်မယ်' ဟု သူ ပြောဖူးသည်။ ထိုစဉ်ကမူ သူသည် မြန်မာစကား မတတ်သေး။ အင်္ဂလိပ်လို ပြောသည်။ အင်္ဂလိပ် စကားကိုတော့ အတော်အတန် ပြောနိုင်သည်။ ယခု သူ့ကို ပြန်တွေ့တော့ သူသည် မြန်မာ စကားကို သွက်သွက် ပြောနိုင်နေပြီ။ မြန်မာစာကိုရော ပါဠိစာပေကိုပါ တော် တော် တတ်မြောက်နေပြီ။ သူ့ကို အပေါ်ယံက ကြည့်လျှင် ပျော့ပျောင်းသည်ဟု ထင်ရသည်။ သို့သော် သူ့စိတ်ဓာတ်က သံချောင်းလို မာသည်။ ဂျပန် ပီသသည်။ သူ လုပ်ချင်သော ကိစ္စကို မဖြစ်မနေ လုပ်သည်။ ကျန်းမာရေးတော့ မကောင်း။ သို့သော် လုံ့လ ဝီရိယက အလွန် ကောင်းသည်။ ဉာဏ်ထက်သည်။ စည်းကမ်း ရှိသည်။ အချိန်ကို လေးစားသည်။ အလုပ်လုပ်ရာတွင် စိတ်ထက်သန်မှု ပြင်းပြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အကျွန်ုပ်လည်း သူ့ကို မပြတ် အကဲခတ်နေရသည်။ သူ့မှာ နက်နဲသော သဘော အမြင်တွေ ရှိနေ၍ ဖြစ်သည်။ မြန်မာစာ သူ ဘယ်လောက် ကျွမ်းကျင်နေပြီလဲ သိရအောင် တက္ကသိုလ်တွင် ပြဋ္ဌာန်းထားသော မြန်မာ စကားပြေ လက်ရွေးစင် စာအုပ်ကို ပေးဖတ်ခိုင်းသည်။ ရာဇကုမာ ကျောက်စာကို သူ ဖတ်တတ်မလားဟု စမ်းကြည့်သည်။ အံ့သြစရာ ကောင်းလောက်အောင်ပင် သူ အထစ်အငေါ့ မရှိ ဒိုးဒိုးဒေါက်ဒေါက် ဖတ်နိုင်သည်။ ဖတ်ပြပြီးနောက် သူက မေးသည်။

'ဒီစာကို ဦးပဉ္ဉင်း ဝေဖန်ချက်ကော ပေးရမလား'

'နားလည်မှုကို ပိုပြီး ထင်ရှားအောင် ဝေဖန် သုံးသပ်တာ ကောင်းပါ တယ် ဘုရား'

'ဒါဆိုရင် ဦးပဉ္ဉင်း ဝေဖန်ချင်တယ်၊ ဦးပဉ္ဉင်းက တက္ကသိုလ်မှာ မနုဿဗေဒ (**anthropology**) ဘာသာရပ်ကို ယူခဲ့တယ်၊ ဒီတော့ မနုဿဗေဒ ရှုထောင့်က ဝေဖန်ချင်တယ်'

'ဝေဖန်ပါ ဘုရား၊ အလွန် ကောင်းပါတယ် ဘုရား'

'ဝေဖန်ပါ ဆိုရင် ဦးပဉ္ဉင်း မေးချင်တယ်၊ ဒီရာဇကုမာ ဆိုတဲ့ မင်းသား က မဟာသွေး မင်းသွေးစစ်စစ် ဖြစ်ရဲ့လား'

ရုတ်တရက် သူ့အမေးကြောင့် အကျွန်ုပ် အံ့အားသင့်မိသည်။ သူ ဘာကို မြင်၍ ဤမေးခွန်းကို မေးတာလဲဟု ဖြန့်ခန့် စဉ်းစား၍ မရပါ။ 'ရာဇကုမာရဲ့ မိခင်က ကျေးလက်သူ ဖြစ်ပါတယ်၊ သူ့မှာ မင်းသွေး တစ်ဝက်ပဲ ပါပါတယ်၊ မဟာသွေး စစ်စစ်တော့ မဟုတ်ပါဘူး ဘုရား'

'ဟုတ်ပြီ၊ ဒါကြောင့် သူဟာ ဘုရင့်သား ဖြစ်ပေမဲ့ မင်းသွေး မစစ် လို့ မင်း မဖြစ်တာ'

ဤကား သူ၏ မှတ်ချက် ဖြစ်သည်။ ပြီးမှ ဂျပန် ဦးပဉ္ဉင်းကလေးက ဆက်၍ ဆိုသည်။

'ဒီစာထဲမှာ ဒီမင်းသားက ဖခင်ရဲ့ ကျေးဇူးကို ဆပ်ဖို့ သူ ရထားတဲ့ ရွာ သုံးရွာကို စွန့်လှူတယ်လို့ ရေးထားတယ်၊ ဒါ လုံးဝ မဟုတ်ဘူး၊ နန်းတွင်း နိုင်ငံရေး အခြေအနေအရ မလှူမဖြစ်လို့ လှူတာ၊ ဖခင်ကျေးဇူးကို အောက်မေ့ ပြီး လှူတယ် ဆိုတာ စကားလှအောင် ကြားကောင်းအောင် ပြောတာ၊ အမှန် ကတော့ ကြောက်လို့ လှူတာ ဒကာကြီးရဲ့'

အကျွန်ုပ်သည် ဤသုံးသပ်ချက်ကို ကြားရသောအခါ ရင်ထဲမှာ ခြောင့်

www.burmeseclassic.com



စူးခြင်း ခံလိုက်ရသလို နာကျင်ပြီး ဝမ်းနည်းခြင်းကို ခံစားရသည်။ သို့သော် သူ၏ အကြောင်းပြချက်ကို သိချင်၍သာ သည်းခံပြီး ဆက်လက် နားထောင်နေမိလေသည်။

'အရှင်ဘုရားက ဘာအကြောင်းကြောင့် ဒီလို ဝေဖန်တာလဲ'

'ဒကာကြီး စဉ်းစားကြည့်၊ သူ့မှာ ရွာ သုံးရွာ ရှိတယ်၊ ဒီရွာက လူတွေကို စုစည်းပြီး သူ ရသင့်ရထိုက်တဲ့ ထီးနန်းကို ရအောင် တိုက်ခိုက်ချင်ရင် တိုက်ခိုက်နိုင်တဲ့ အခွင့်အရေး ရှိနေတယ်၊ ဒီကိစ္စဟာ ကျန်စစ်သား မင်းကြီး နတ်ရွာစံပြီးရင် ပေါ်ပေါက်လာမယ့် ပြဿနာ ဖြစ်တယ်၊ ဒီတော့ ဒီရွာ သုံးရွာဟာ သူ့အတွက် အင်အားဖြစ်ဖို့ထက် ရန်ပွားဖို့က ပိုပြီး အလားအလာ များတယ်၊ ဒါကြောင့် သူ့အသက် အတွက် အန္တရာယ် ရှိတယ်၊ ခု မင်းကြီး ရှိစဉ်အခါ နန်းတွင်းမှာ မင်းသား အဆောင်အယောင်နှင့် နေရတာတောင်မှ မင်းကြီးရဲ့ မျက်နှာ၊ မင်းကြီးရဲ့ အစောင့်အရှောက်နှင့်မို့သာ နေရတာကို သူ သိတာပေါ့၊ ဒါကြောင့် ဒီအရှုပ်ကို မင်းကြီး မသေခင် ရှင်းထားမှ သူ့အတွက် အန္တရာယ် ကင်းမယ်၊ မင်းသားကလည်း စိတ်နှလုံး နူးညံ့ပုံ ရပါတယ်၊ ဒါကြောင့် သူဟာ သူ့အတွက် ရန်များစေမယ့် ရွာသုံးရွာကို ဖခင်အတွက် လှူဒါန်းကြောင်းကို ကြေညာလိုက်တာပဲ၊ ဒီ နောက်ကြောင်း အခြေအနေတွေ ရှိနေတာဟာ မြန်မာနိုင်ငံလို ပဒေသရာဇ် အသိုင်းအဝိုင်းမှာ မကင်းနိုင်ဘူး၊ ရာဇကုမာဟာ ဘုရားဆုပန်ထားတဲ့ အလောင်းတော်လည်း မဟုတ်ဘူး၊ ပုထုဇဉ်ပဲ ဒကာကြီးရဲ့၊ ဒါကြောင့် ဦးပဉ္ဇင်းက သူ့ ဒီအလှူဟာ လှူချင်လို့ လှူတာ မဟုတ်ဘူး၊ နောင်အခါ ရောက်လာမယ့် ဘေးအန္တရာယ်ကို ကြောက်လို့ လှူတာလို့ ဦးပဉ္ဇင်း သုံးသပ်တယ်၊ ဒကာကြီး အမြင် ဘယ်လို ရှိသလဲ'

တော်ပါသေး၏။ ဤဦးပဉ္ဇင်းကား လစ်ဘရယ်ဝါဒ သဘောထား ရှိသေး၍ တော်သေး၏။ သူ့အထင် သူ့အတွေးကို ထုတ်ဖော် ပြောဆိုသလို မိမိ၏ ထင်မြင်ချက်ကိုလည်း တောင်းသည်။ လွတ်လပ်သော လူ့အဖွဲ့အစည်းထဲမှာ ကြီးပြင်းလာသူ တစ်ဦး၏ လွတ်လပ်စွာ တွေးခေါ်တတ်ပုံကို သတိပြုမိရပါသည်။ အကျွန်ုပ်သည် သူ၏ အယူအဆကို မြန်မာလူမျိုး တစ်ယောက် အနေနှင့် ပယ်ချလိုက်ပါသည်။

'ဦးပဉ္ဇင်းက မနုဿဗေဒ ပညာရှင် တစ်ဦးရဲ့ အမြင်ကို တင်ပြတာကိုတော့ တပည့်တော်က မပိတ်ပင်လိုပါဘူး၊ ဒါပေမဲ့ ဦးပဉ္ဇင်းကို တပည့်တော် ပြောချင်တဲ့ စကားကတော့ မြန်မာလူမျိုးများ ထားတဲ့ စံတန်ဖိုးတွေကို

www.burmeseclassic.com



တော့ ဂျပန် ပေတံနှင့် တိုင်းလို့ မဖြစ်ဘူး၊ ဂျပန် စိတ်ဓာတ်နှင့် မြန်မာ စိတ်ဓာတ် မတူဘူး၊ ဂျပန် တန်ဖိုးထားပုံနှင့် မြန်မာ တန်ဖိုးထားပုံ မတူဘူး၊ ဒီနေရာမှာ အရှင်ဘုရား ပြောသလို နန်းတွင်း အခြေအနေတွေ ရှိချင် ရှိမယ်၊ မရှိနိုင်ဘူးလို့ တပည့်တော် မငြင်းပါဘူး၊ ရှိချင် ရှိမယ်၊ ရှိသော်ငြားလည်း အဲဒီ အခြေအနေ တင်းမာမှုတွေကို လျော့ပြေသွားအောင် သင့်သောအားဖြင့် နှလုံးသွင်းခြင်း ဆိုတဲ့ မြန်မာလူမျိုးတို့ရဲ့ ဗုဒ္ဓနည်းကျ ငြိမ်းချမ်းအောင် နှလုံးသွင်းခြင်းကို အရှင်ဘုရား အနေနှင့် တန်ဖိုးထားတတ်ရမယ်။

'နန်းတွင်း အခြေအနေဟာ အရှင်ဘုရား ပြောသလို အမုန်းတွေ ရန်ငြိုးတွေ ရှိကောင်း ရှိနိုင်ပါတယ်၊ ဒါပေမဲ့ မင်းသားရဲ့ စိတ်ထဲမှာ ကြောက်လို့ ဆိုတာထက် ရန်ပြေငြိမ်းစေဖို့၊ ငြိမ်းအေးခြင်းကို ရဖို့၊ မြန်မာလူမျိုးတို့ အလွန် တန်ဖိုးထားတဲ့ မိဘကျေးဇူးကို အထူးသိမှု သဘောတွေဟာ နောင်လာ နောက်သားတို့ ရင်ထဲမှာ ရာဇဝင် တွင်ရစ်စေဖို့ အတွက် သူ ရည်ရွယ်ပြီး ဒီရွာတွေကို လှူဒါန်းခဲ့တာကော မဖြစ်နိုင်ဘူးလား၊ ခုလို သူ့ဖခင်ရဲ့ ကျေးဇူးကို ဦးထိပ်မှာထားပြီး ကောင်းမြတ်တဲ့ မနသိကာရနှင့် ဒီရွာတွေကို သာသနာ အတွက် လှူဒါန်းခဲ့တာဟာ မြန်မာ လူမျိုးများ အတွက်တော့ နမူနာကောင်း တစ်ခုကို ပြခဲ့တာပဲလို့ ယူဆရခြင်းကို မြန်မာ လူမျိုးများက ပိုပြီး တန်ဖိုးထားကြပါတယ် ဘုရား၊ ဒီနေရာမှာ မြန်မာတွေနှင့် ဂျပန်တွေ မတူနိုင်ဘူး ဆိုတဲ့ အချက်ကို အရှင်ဘုရား ထည့်တွက်ဖို့ လစ်ဟာသွားတယ်၊ မေ့သွားတယ်လို့ တပည့်တော် ထင်ပါတယ်' ဟု အကျွန်ုပ်ကလည်း အမျိုးသားရေးကိစ္စ ဖြစ်၍ အားကျမခံ ပြန်လည် ချေပပစ်လိုက်ပါသည်။ အကျွန်ုပ်ကို ချမ်းမြေ့ဆရာတော် ဘုရားကြီးက ဤ ဦးပဥ္ဇင်းကလေးအား အကူအညီ ပေးရန် ရွေးချယ်တော်မူခဲ့ခြင်းမှာ ဤကဲ့သို့ ပြဿနာ ပေါ်လာနိုင်ခြင်းကို ကြိုတင် သိမြင်ထား၍ ဖြစ်ပါလိမ့်မည်။

ထိုနောက် ဂျပန် ဦးပဥ္ဇင်းကလေးက သူ ဘာသာပြန်ချင်သည် ဆိုသော အင်္ဂလိပ် စာအုပ်ပါ အချက်အလက် မိတ္တူများကို ပြသည်။

'ဒါ ထင်ရှားတဲ့ အမေရိကန် မနုဿဗေဒ ပညာရှင် မဲလ်ဖုဒ်၊ အီး၊ စပီရိုရဲ့ စာအုပ်ထဲက မိတ္တူကူးထားတာ' အခန်းနံပါတ် (၁၈) **Buddhism and the world: A critique** ဆိုသော အခန်း ဖြစ်သည်။ ပြီးနောက် သူက 'ဒကာကြီးက ဒီစာအုပ်မှာ ပါတဲ့ အင်္ဂလိပ် ဝေါဟာရတွေ၊ ပညာရပ်ဆိုင်ရာ ဝေါဟာရတွေ၊ ဗုဒ္ဓဘာသာဆိုင်ရာ သင့်တော်တဲ့ ဝေါဟာရတွေ ရှာပေးပါ၊



www.burmeseclassic

www.burmeseclassic.com



အဲဒီ ဝေါဟာရတွေကို ရရင် ဦးပဍင်း ကိုယ်တိုင် မြန်မာဘာသာ ပြန်ချင်တယ်၊ ဦးပဍင်း ဘာသာပြန်ထားတဲ့ မြန်မာစာကို ဒကာကြီးက ဖတ်ကောင်းအောင် ချောအောင် ပြင်ပေးပါ'

'လုပ်ငန်းသဘောကိုတော့ အကြမ်းဖျင်းအားဖြင့် တပည့်တော် ရိပ်မိပါပြီ ဘုရား၊ လုပ်ငန်း အတိုင်းအတာ ဘယ်လောက် ကျယ်ပြန့်မယ် ဆိုတာတော့ တပည့်တော် မသိသေးပါဘူး၊ အရေးကြီးတာက တပည့်တော် အနေနှင့် စာရေးသူ ဒေါက်တာ စပီရိုရဲ့ ရည်ရွယ်ချက်က ဘာလဲ၊ သူ ဘယ်လို ချဉ်းကပ် လေ့လာပြီး ရေးထားတာလဲ၊ သူ့ရဲ့ အဓိကထားတဲ့ အကြောင်းအရာက ဘာလဲ ဆိုတာကို သိဖို့ လိုသေးတယ်လို့ ထင်ပါတယ် ဘုရား၊ ဒါတွေကို မသိဘဲနှင့် တပည့်တော်က ကူညီဖို့ ဆိုတာတော့ ဖြစ်မယ် မထင်ဘူး ဘုရား၊ ပြီးတော့ အရှင်ဘုရားက အစက စပြီး ဘာသာပြန်တာလည်း မဟုတ်ဘူး၊ နောက်ဆုံးက စပြီး ဘာသာပြန်သလို ဖြစ်နေတယ်၊ အခန်း (၁၈) က စတယ် ဆိုတော့'

'ဟုတ်တော့ ဟုတ်ပါတယ် ဒကာကြီး၊ ဦးပဍင်းဆီမှာလည်း ဒီစာအုပ်က အပြည့်အစုံ မရှိဘူး၊ ဦးပဍင်း ရချင်တဲ့ အပိုင်းကိုပဲ မိတ္တူ ကူးယူထားလိုက်တာ ဆိုတော့... ဘာပဲဖြစ်ဖြစ် အစပိုင်းတော့ ရှိတယ်၊ ဒကာကြီး ဖတ်ကြည့်ဖို့ ဦးပဍင်း ပေးလိုက်မယ်' ဆိုပြီး ထိုစာအုပ် အစပိုင်း အခန်း (၁) မိတ္တူကို ပေးပါသည်။ သူ ပေးသော အပိုင်းပါ အချက်အလက်များ၊ ခေါင်းစဉ် အချို့ကို လေ့လာကြည့်လိုက်သည်။

'အရှင်ဘုရား၊ ဒီစာအုပ်က ဗုဒ္ဓဘာသာနှင့် လူ့အဖွဲ့အစည်းလို့ ခေါင်းစဉ် တပ်ထားပေမဲ့ ဘာသာရေး ကျမ်းစာအုပ် မဟုတ်ဘူး၊ မနုဿဗေဒ ကျမ်းတစ်စောင် ဖြစ်နေတယ်၊ ဗုဒ္ဓဘာသာကို မြန်မာလူမျိုးတွေ ဘယ်ပုံ ဘယ်နည်း လက်ခံ ကျင့်သုံးသလဲ ဆိုတာကို လေ့လာထားတာနှင့် တူတယ်'

'ဟုတ်တယ် ဒကာကြီး'

'ဒါဆိုရင် တပည့်တော်တို့ သတိရှိရှိ လေ့လာသင့်တဲ့ အချက် လေးချက်လောက် ရှိတယ်လို့ တပည့်တော် စဉ်းစားမိပါတယ် ဘုရား'

'ဘာတွေလဲ ပြောပြပါဦး'

'တစ်၊ ဘာသာရပ် ကျွမ်းကျင်မှု ရှိဖို့ ပထမ အားထုတ်ရမယ်။

'နှစ်၊ သင့်တော်တဲ့ မြန်မာစကား ဝေါဟာရတွေကို ရှာဖွေရာမှာလည်း မြန်မာ အများစု နားလည်နိုင်တဲ့ စကားလုံးတွေကို ရှာရမယ်။

'သုံး၊ အရှေ့တိုင်းသားတွေရဲ့ စံတန်ဖိုးတွေကို အနောက်တိုင်းသားတွေက



www.burmeseclassic

www.burmeseclassic.com



တန်ဖိုးဖြတ်တဲ့အခါ အရှေ့တိုင်းသားတွေရဲ့ ခံစားချက် တန်ဖိုးဖြတ်မှု သဘောကို ထည့်မစဉ်းစားဘဲ အနောက်တိုင်းသားတွေရဲ့ ခံစားမှု၊ တန်ဖိုးထားမှုနှင့် အကဲဖြတ်ခြင်းရဲ့ အမှားတွေကိုလည်း သတိကြီးကြီးနှင့် လေ့လာရဦးမယ်။

'လေး၊ တပည့်တော် လေ့လာမိသလောက် အနောက်တိုင်းသား ပညာရှင်တွေရဲ့ သဘောမှာ မိမိအနေနှင့် ရှေးက လူတွေနှင့် မတူ၊ တစ်မူကွဲပြား ခြားနားတဲ့ အမြင်သဘောထားကို တင်ပြရရင် ပြီးရော ဆိုတဲ့ ထူးခြားချင်တဲ့စိတ် လွှမ်းကဲနေတာကိုလည်း မျက်ခြည်မပြတ် လေ့လာပြီး စောင့်ကြည့်ရမယ်၊ မဟုတ်လို့ရှိရင် သူတို့ ဆွဲယူသွားတဲ့ အဖြေစကားတွေ နိဂုံးချုပ်သဘောထဲ ကိုယ်ပါ ရောပါသွားနိုင်တယ်'

'သူတို့က အမှန်ကို ပြောရင် ဒကာကြီးက လက်မခံနိုင်ဘူးလား'

'လူမှုကိစ္စတွေရဲ့ အမှန်သဘောမှာ ဘုရားဟောသလို ပရမတ္ထ အမှန်ဆိုရင်တော့ လက်ခံရမှာပေါ့ ဘုရား၊ ဒါပေမဲ့ လူ့ဘောင်ထဲမှာ လူတွေ ပြောနေကြတဲ့ အမှန် ဆိုတာက သမုတိ အမှန်ပဲ ရှိတယ်၊ relative truth ပဲ ရှိတယ်၊ တပည့်တော် အနောက်တိုင်းသား ပညာရှင်တွေ ရေးတဲ့ ဗုဒ္ဓဘာသာ အကြောင်း စာအုပ် အများကြီး ဖတ်ဖူးတယ်၊ သဘောရိုးနှင့် ရေးသူ၊ သဒ္ဓါတရားနှင့် ရေးသူက ရှားတယ်၊ သူတို့ လိုရာကို ဆွဲပြီး ပြောတာက များတယ်၊ ထေရဝါဒ ဗုဒ္ဓဘာသာကို သူတို့ နားလည်အောင် မကြိုးစားဘူး'

'သူတို့လည်း ပါဠိပညာရှင်တွေပဲ၊ ဒကာကြီးက သူတို့ နားမလည်ဘူး ဆိုတာ ဘာကို ဆိုလိုတာလဲ'

'အနုဗောဓဉာဏ် အရကတော့ သူတို့ နားလည်ကြပါတယ်၊ ဒါပေမဲ့ သူတို့မှာ ပဋိဝေဓဉာဏ်က မပါဘူး၊ စာထဲက သိတာနှင့် ခန္ဓာက သိတာ မတူဘူး၊ ဒါကို အရှင်ဘုရား သဘောပေါက်ပြီးရောပေါ့'

'ထားပါတော့၊ မြန်မာတွေမှာက အစဉ်အလာ လက်ခံထားကြတဲ့ အမှန်သဘောတွေကို ရှေး အယူမှန် အစွဲအလမ်း orthodoxy က ရှိနေတယ်၊ ဒီတော့ တို့ပြောတာပဲ မှန်တယ်၊ တခြားသူ ပြောတာ မမှန်ဘူး ဆိုတဲ့ အမြင်လည်း ရှိနေတယ်၊ ဒီတော့ မဆန်းပါဘူး၊ ဒီပြဿနာက ရှိနေမှာပဲ'

'တပည့်တော်က မြန်မာ တစ်ယောက် ဆိုတော့ မြန်မာ မျက်လုံး၊ မြန်မာ နှလုံး၊ မြန်မာ ဦးနှောက်နှင့် အကဲဖြတ်မှု ရှိနေမှာ မလွဲဘူး၊ အရှင်ဘုရားက ဂျပန် ဘာသာပြန်ရင်လည်း ဂျပန်တွေ လက်ခံနိုင်တဲ့ စကားနှင့် ပြောရမှာပဲ၊ မြန်မာပြန်ရင်လည်း ဒီသဘောဟာ မလွဲသာမရှောင်သာ ရှိနေမှာပါပဲ ဘုရား'

www.burmeseclassic.com



အကျွန်ုပ်လည်း သူ့ကို ယုံကြည် စိတ်ချခြင်း မရှိသဖြင့် ကိုယ့်ဘက်က လုံခြုံမှု ရှိအောင် ကြိုတင် ကာကွယ်ထားလိုပါသည်။

အထူးသဖြင့် သူ့ရင်ထဲက ဂျပန်စိတ်ဓာတ်သည် အကျွန်ုပ်တို့ အမြင်တွင် ကြောက်စရာ ကောင်းသည်။ ကြောက်စရာ ကောင်းသည်ဟု ဆိုခြင်းမှာ သူ့တွင် ဂျပန် အထင်ကြီး၊ မြန်မာ အထင်သေး အမြင် ရှိနေသည်ဟု ခံစားရသောကြောင့် ဖြစ်၏။

တစ်ပတ်မှာ နှစ်ရက် သူ့ထံသို့ ရောက်ပါသည်။ နောက်တစ်နေ့ ရောက်သွားသောအခါမှာလည်း သူက ဘီလပ်ပြန် မောင်သောင်းဖေ ဝတ္ထုထဲက 'သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနား' ဆိုသော အယူအဆကို ဝေဖန်ပြန်သည်။

'ဒကာကြီးတို့ မြန်မာပြည်မှာ လူတစ်ယောက် ကြီးပွား ချမ်းသာရင် ကျန်တဲ့လူတွေက ဒီလူကို မှီခို ကပ်စားကြရတယ်လို့ ယူဆသလား၊ သူ့လို လက်ကြောတင်းအောင် မလုပ်ဘဲ ကြီးပွား ချမ်းသာသူကို မှီခို ကပ်စားပြီး ဘာမှ မလုပ်ဘဲ ကိုယ့်ကိုယ်ကိုယ် သက်သာအောင် နေတာကို ချမ်းသာတယ်လို့ ထင်နေကြတာလား' ဟု မေးသည်။

ရောက်ရောက်ချင်း ဆောက်နှင့် ထွင်းသလို ခံလိုက်ရသည်။ အကျွန်ုပ်လည်း မခံချင်စိတ် ဝင်လာသည်။

'သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း ချမ်းသာ ဆိုတာ အရှင်ဘုရား နားလည်တဲ့ သဘော မဟုတ်ဘူး' ဟု ယတိပြတ် ငြင်းပစ်လိုက်ရသည်။

'ဒါဆို ဘာအဓိပ္ပာယ် ရသလဲ'

'ဗုဒ္ဓဘာသာက မိမိကိုယ်ကိုသာ အားကိုးရမယ်လို့ ဟောထားတာကို မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များက ယုံကြည်ကြပါတယ်၊ ဒီစကားပုံက အရှင်ဘုရား သတိပြုမိမှာပါ'

'ဘုန်းကြီး ဖတ်ရပါတယ်'

'အဲဒါ တိုင်းပြည် တစ်ပြည်မှာ ခေါင်းဆောင်ကောင်း တစ်ယောက် ပေါ်ထွန်းလာရင် တစ်တိုင်းပြည်လုံး ချမ်းသာနိုင်တဲ့ သဘောကို ပြောတာပါ ဘုရား၊ ဘုရားတစ်ဆူ ပွင့်တော်မူလာရင် ဝေနေယျ သတ္တဝါတွေ မရေမတွက်နိုင်အောင် ကျွတ်တန်းဝင်ကြရတာကို ပြောတာပါ' ဟု အကျွန်ုပ်က သူ့အမြင်နှင့် ကွဲလွဲသော အမြင်ကို တင်ပြလိုက်ပါသည်။ သည်တော့လည်း ဤဦးပဉ္ဇင်းက ကျေကျေနပ်နပ် လက်ခံပါသည်။ သူ့ကို ထူးခြားသော ဦးပဉ္ဇင်းဟု ဆိုရ



www.burmeseclassic

www.burmeseclassic.com



ခြင်းမှာ ထိုအကြောင်းကြောင့် ဖြစ်ပါသည်။

**သားလူမိုက်နှင့် ယောနိသောမနသိကာရ**

စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့များ၌ အကျွန်ုပ်သည် အိမ်မှာ နေပြီး စာဖတ်ခြင်း၊ စာရေးခြင်းကို ပြုပါသည်။ တစ်ည ညဉ့်ဦးပိုင်းမှာ အကျွန်ုပ် စာရေးနေစဉ် 'အမေ၊ အမေ' ဟု ခေါ်သံနှင့်အတူ တံခါးခေါက်သံ ကြားရသည်။ လက်စသတ်တော့ အိမ်က ပစ္စည်းတွေကို ခိုးယူ ထွက်ပြေးသွားသော သားမိုက် ပြန်ရောက်လာခြင်း ဖြစ်သည်။ အကျွန်ုပ် စာဖတ်စားပွဲက ထပြီး တံခါးဖွင့် မပေးဘဲ အခန်းထဲမှာ အိပ်နေသော မိသက်ကို အော်ခေါ်ပြီး နှိုးလိုက်သည်။

'ဟဲ့ ဒီမှာ ဒီမှာ' ဟု အကျွန်ုပ် ပါးစပ်က ဆိုနေလေသည်။ မိသက် ချက်ချင်း ထလာသည်။ သူလည်း အိပ်မပျော်သေး၍ ဖြစ်ပေလိမ့်မည်။

'ဟင်' ဟု သူက ဆိုပြီး ကြောင်ကြည့်နေသည်။ 'ဟိုမှာ တံခါးခေါက်နေတယ်' ဟု အကျွန်ုပ်က မိသက်ကို တံခါးဘက်သို့ မေးထိုးပြီး ပြောလိုက်သည်။ ဟိုကောင့်အသံက ပေါ်လာသည်။

'အမေ၊ ကျွန်တော်...' ဟု သူက ဆိုသည်။ သူ့သားအသံကို မိသက် ကောင်းကောင်း မှတ်မိသည်။ ထိုအခါ ပျာယီးပျာယာ တံခါးကို သွားဖွင့်ပေးလိုက်သည်။

'ဟင် နင် ဘယ်လို ဖြစ်လာပြန်တာလဲ၊ စိုင်းအင်ပေါင်းဆီက စာရလို့၊ အဆင်ပြေနေတယ် ဆိုလို့ စိတ်အေးရပြီ ထင်တာ၊ ခု ဘာဖြစ်လာပြန်တာလဲ'

'ကိုအင်ပေါင်း လုပ်ငန်းကလည်း လောလောဆယ် အဆင်မပြေသေးလို့ ကျွန်တော် ပြန်လာတာ၊ နောက်လလောက်ဆိုရင် ကျွန်တော် ပြန်သွားရမယ်' သူ့သား ပြောသမျှကို မိခင်ဖြစ်သူက ယုံကြည်နေလေသည်။ သားကို မြင်လိုက်ရသောအခါ မိခင်ဖြစ်သူ၏ စိတ်သည် ချက်ချင်း ပြောင်းသွားသည်။ သူ့ပစ္စည်းတွေကို ခိုးယူသွားပြီး သုံးဖြုန်းပြီး ကုန်မှ ပြန်လာသော သား၌ အပြစ်ကို မမြင်တော့သည်မှာ အဒေါသ စေတနာ မေတ္တာ၏ သဘော ပေါ်လွင်လှပါသည်။ ထိုအခါ မိသက်၏ စိတ်သဘောထားမျိုး အကျွန်ုပ်မှာ မဖြစ်ပေါ်ကြောင်းလည်း သတိထားမိသည်။ ထိုနောက် မိသက်သည် သူ့သားဘက်သို့ ပါသွားလေသည်။ ဤ အပြောင်းအလဲသည် အကျွန်ုပ်အား နလုံးထား ပြောင်းလဲစေသည်ဟု ဆိုသင့်ပါသည်။

မိသက်သည် သူ့သားကို ခွင့်လွှတ်ပစ်လိုက်ပြီ ဆိုသည်ကို အကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



နားလည်လိုက်သည်။ အကျွန်ုပ် အနေနှင့် ဤသားမျိုးကို ခွင့်လွှတ်သင့်သလား ဟု စဉ်းစားသည်။ သူ့ကို အကျွန်ုပ်သည် ရဲဌာနမှာ အမှုဖွင့်ထားဆဲ ရှိသေးသည်။ စိတ်ထဲမှာ ဒွိဟ ရှိသည်။ သူ့ကို ရဲလက်သို့ အပ်ပြီး ထောင်ချပစ်သင့်သလား။ ခေါင်းထဲမှာ အဖြေက တစ်မျိုး ဖြစ်ပေါ်လာသည်။ သူသည် အိမ်က ထွက်သွားပြီးနောက် သူ ပေါင်းသင်းနေကျ ဆိုးသွမ်းသူများနှင့် ပေါင်းသင်းပြီး မဖွယ်မရာ မလုပ်ဘဲ မိုးကုတ်မြို့မှာ နေသော အကျွန်ုပ်၏ တပည့် စိုင်းအင်ပေါင်းထံသို့ သွားသည်။ ဟိုရောက်တော့ သူ အိမ်က ပစ္စည်းတွေ ယူပြီး ထွက်လာကြောင်းကို ဝန်ခံသည်။ ပြီးတော့ စိုင်းအင်ပေါင်း လုပ်ကိုင်နေသော ကျောက်တွင်း အလုပ်ထဲမှာ ဝင်ပြီး တွင်းတူး အလုပ်သမား ဝင်လုပ်သည်။ သူ့ရင်ထဲမှာ မိုးကုတ်လို နေရာကို သွားပြီး အလုပ်လုပ်မှ မြန်မြန်ချမ်းသာနိုင်သည်ဟု ယုံကြည်ထားဟန် တူသည်။ အကြံတော့ ကြီးဟန်တူသည်။ သေသေချာချာ စဉ်းစားကြည့်တော့ သူသည် သူ့ကိုယ်သူ ဖျက်ဆီးသော အလုပ်ကိုတော့ မလုပ်။ အရက်သမား ဘိန်းစား အလုပ်မျိုးကို သူ လုပ်လည်း မလုပ်၊ စမ်းလည်း စမ်းကြည့်ခြင်း မရှိ။ သူ့ကိုယ်သူ ဆည်နိုင်သော သတိတော့ ရှိသည်။ ယခု တခြား အရပ်မှာ နေ၍ မဖြစ်သောအခါ မိဘအိမ်ကိုပင် သူ ပြန်လာသည်။ တခြား အပေါင်းအသင်းများထံသို့လည်း မသွား၊ တစ်နယ်တစ်ကျေးကိုလည်း ထွက်မသွားဘဲ မိဘထံသို့ ပြန်လာခြင်းမှာ သူ့စိတ်ထဲမှာ မိဘ ရှိသေးသည် ဆိုသော အသိကြောင့်လား၊ တခြားတစ်ပါးမှာ အားကိုးစရာ မရှိသောကြောင့်လား မသိပါ။ ဘာပဲဖြစ်ဖြစ် တစ်ခုတော့ သေချာသည်။ သူ့စိတ်ကို သူ မထိန်းနိုင်၍ စွန့်စား လုပ်ကိုင်ချင်၍ လုပ်မိလုပ်ရာ လုပ်ခဲ့စေကာမူ မိဘကို မလိုမုန်းထားစိတ်ဖြင့် လုပ်ခြင်းတော့ မဟုတ်သည်မှာ ထင်ရှားသည်။ ထိုအခါ မိသက်က အကျွန်ုပ်၏ သဘောထားကို မေးသည်။

'ဘယ်လို လုပ်မလဲ အဖေကြီး'

ဤမေးခွန်း အတွက် ချက်ချင်း ဖြေရန် အဖြေ မရှိပါ။ စိတ်ထဲမှာ ဒီသားကို လိမ္မာအောင် ဘယ်လို ဆုံးမသင့်သလဲ ဆိုသော အမေးပုစ္ဆာ ရှိသော်လည်း အဖြေ မရှိပါ။

'ဘယ်လို လုပ်သင့်သလဲ၊ တို့ သူ့ကို အမှုဖွင့်ထားဆဲပဲ၊ ရဲကို အကြောင်းကြားပြီး အချုပ်ထဲ ထည့်လိုက်ရင် ကောင်းမလား ငါ စဉ်းစားနေတယ်'

'အချုပ်ထဲ ထည့်ပြီးရင် ကျွန်မက နောက်က ထမင်း လိုက်ပို့ပေးနေရဦးမယ်၊ အဖေကြီးက သူ့ကို ထောင်ချချင်သလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ ငါက ဒီလိုအကောင်ကို လိမ္မာအောင် ဆုံးမချင်တယ်၊ ဘယ် အဖေမှ သားကို ထောင်မချချင်ဘူး၊ ဒီကောင်မှာ နောင်တ မရှိဘူး၊ အရှက် မရှိဘူး၊ ခွေးမြီးကောက် ကျည်တောက်စွပ်သလိုပဲ၊ အရင် တစ်ကြိမ်ကလည်း ပစ္စည်းကုန်တော့ အိမ်ကို ပြန်လာတယ်၊ ငတ်တော်ပြတ်ပြတ် ကိုယ်ထူး ကိုယ်ချွန် မယ် ဆိုတဲ့ သတ္တိလည်း မရှိဘူး၊ သူ ဒီလိုလုပ်တိုင်း ငါတို့က အရေးမယူဘဲ ခွင့်လွှတ် သည်းခံနေရင် ငါတို့ဟာ အင်မတန် အသိဉာဏ် မရှိတဲ့ မိဘလို့ သူ့စိတ်မှာ ထင်သွားမှာပေါ့၊ မင်းက သားမျက်နှာ မြင်တာနှင့် ဘာ မျှော်လင့် ချက်တွေ ရှိလာပြန်သလဲ မသိဘူး'

အကျွန်ုပ်၏ လေသံ မာမာကျောကျော ဖြစ်နေသည်ကို မိသက် ရိပ် စားမိဟန် တူသည်။ သူ့လေသံ ပျော့သွားသည်။

'သူ ထောင်ကျသွားလို့လည်း ကျွန်မ ဝမ်းမနည်းပါဘူး၊ ဒါပေမဲ့ ထောင် ထဲမှာ သူ တစ်သက်လုံး မနေရဘူး၊ ပြန်ထွက်လာတော့ ထောင်ထဲက သူခိုး ဓားပြတွေနှင့် ပေါင်းမိပြီး လူဆိုး သူခိုး ဖြစ်သွားမှ ကျွန်မတို့ မိဘတွေ အနေ နှင့် ဘယ်လို ခံစားရမလဲ၊ ခု သူက ရာဇဝင် လူဆိုး မဟုတ်သေးဘူး၊ နောက် ရာဇဝင် လူဆိုး ဖြစ်သွားမှ ကျွန်မက ရာဇဝင် လူဆိုးရဲ့ မွေးသမိခင် အဖြစ်နှင့် လူပုံအလယ်မှာ ဘယ်လို မျက်နှာပြရမလဲ၊ ခု သူက ရာဇဝင် လူဆိုး စာရင်း ဝင် မဟုတ်သေးဘူး၊ သူ ဆိုးတာ ဘယ်သူမှ မသိသေးဘူး၊ မိဘ အပေါ်မှာ ဆိုးတာပဲ ရှိသေးတယ်၊ ကျွန်မတို့က သူ့ကို မေတ္တာနှင့် မဆက်ဆံဘဲနှင့် အမုန်းနှင့် အငြိုးနှင့် ဆက်ဆံလိုက်တယ် ဆိုပြီး သူ့ရင်ထဲမှာ နာကြည်း မုန်းတီး ပြီး မိုက်တာပဲ ကောင်းတယ်လို့ ဆုံးဖြတ်သွားရင် ပြုပြင်လို့ ရနိုင်ပါ့တော့ မလား'

ဤတစ်ကြိမ်တွင် မိသက်၏ အသင့်အားဖြင့် နှလုံးသွင်းပုံကို အကျွန်ုပ် နှစ်သက်မိသည်။ မေတ္တာနှင့် သည်းခံ ခွင့်လွှတ်ခြင်းဖြင့်သာ သူ့အပေါ် အချစ် ကို ပေးခြင်းသည် အရေးယူခြင်း၊ အပြစ်ဒဏ် ခတ်ခြင်းဖြင့် အမုန်းကို ပေးခြင်း ထက် ပို၍ အကျိုးရှိနိုင်သည်ဟု နှလုံးသားထဲမှာ အလင်းရောင် တစ်ခု ပေါ်လာ သည်။ ထိုအခါ ဤသားမိုက်သည် ဝမ်းနည်း ကြေကွဲစွာ ငိုလေသည်။

'အဖေတို့ ပေးသမျှ အပြစ်ကို ကျွန်တော် ခံပါ့မယ်၊ အဖေတို့ ကျေနပ် သလို လုပ်ပါ' ဟု သူက ဆိုသည်။ ထိုအခါ မိသက်လည်း ရှိုက်ပွဲချ၍ ငိုလေ သည်။ အကျွန်ုပ်မှာ မျက်ရည်ကျချင်သော်လည်း မကျအောင် ထိန်းထားနိုင် လေသည်။

www.burmeseclassic.com



မိသက်က သူ့သားကို မီးဖိုချောင်ထဲ ခေါ်သွားပြီး ညနေက ကျန်သော ထမင်းကျန် ဟင်းကျန်များကို ချူးခပ်ပြီး ကျွေးသည်။ မိဘများ အတွက် သားသမီးသည် ကိလေသာမီးနှင့် တူသည်။ မီးကို ကိုင်တွယ်ရာ၌ အကိုင်မတတ်လျှင် ကိုယ့်လက်ကိုသာမက ကိုယ့်အိမ်ကိုပါ လောင်နိုင်သည်။ ဤနေရာတွင် နှလုံးသွင်း တစ်ချက် မှားသွားလျှင် မိမိကိုယ်ကို တစ်သက်လုံး ရင်ကွဲနာကျအောင် လုပ်လိုက်သလို ဖြစ်သွားနိုင်သည်။ ထိုနောက် အကျွန်ုပ် စဉ်းစားကြည့်သည်။ ငယ်စဉ်က လိမ္မာသော လူတွေ ကြီးလာသောအခါ မိုက်မဲတတ်ကြသည်။ ငယ်စဉ်က ဆိုးသော ကလေး၊ မိုက်သော ကလေးသည် ကြီးသောအခါ မိုက်မဲခြင်းကို မနှစ်သက်တော့ဘဲ လိမ္မာပြီး ကြီးပွား တိုးတက်သွားတတ်ကြသည်။ ငယ်စဉ်က အရက် မသောက်ဖူးသူသည် ကြီးသောအခါ အရက်ကြိုက်သူ ဖြစ်သွားတာ များသည်။ မကောင်းသော အတွေ့အကြုံတွေကို ဉာဏ်မရှိသေးသော ငယ်စဉ်အခါက တွေ့ကြုံ ခံစားရဖူးခြင်းသည် ကြီးသောအခါ ကောင်းဖို့ ဖြစ်တတ်သည်။ လောက၏ ပြောင်းလဲတတ်သော သဘောကို လွန်ဆန်၍ မရပါ။ ဤသားသည် ဘယ်နေ့ လူကောင်း သူကောင်း ဖြစ်လာမလဲ၊ သူ့ဘဝကို သူ ထူထောင်နိုင်သူ ဖြစ်လာမလဲ ဆိုသည်ကို အကျွန်ုပ် မသိပါ။ သို့သော် သူ့အပေါ်မှာ မျှော်လင့်ချက် လုံးဝ မထားခြင်းထက် မျှော်လင့်ချက် ထားခြင်းက ပိုပြီး အကျိုး ရှိနိုင်သည် ဆိုသော အမြင်ကို အကျွန်ုပ် လက်ခံလိုက်ပါသည်။

အင်္ဂါနေ့တွင် အကျွန်ုပ်သည် မြို့ထဲသို့ သွားသည်။ နံနက်ပိုင်းတွင် မိမိ တာဝန်ယူထားသော Everyday English စာစောင် ကိစ္စ၊ ဓမ္မရုပ်စုံ မဂ္ဂဇင်း ကိစ္စများကို ဆောင်ရွက်ပြီးသောအခါ နာရီပြန် နှစ်ချက် ထိုးလုပြီ။ အကျွန်ုပ်တို့ စာပေသမားများ လက်ဖက်ရည်ဆိုင် ထိုင်တတ်သော အချိန် ဖြစ်သည်။ ထိုအချိန်တွင် ယခင် ရုပ်ရှင် အလုပ်လုပ်စဉ်က အတူလုပ်ခဲ့သော တပည့်ဖြစ်သူ စိုင်းချန်ပေါင်း ရောက်လာသည်။ သူသည် အကျွန်ုပ်နှင့် ကွဲကွာသွားသည်မှာ ဆယ်နှစ် ကျော်ပြီ။ ဒေါက်တာ နန်းလှမြိုင်နှင့် သူ အိမ်ထောင်ကျစဉ် သူတို့ မင်္ဂလာပွဲကို အင်းလျားကန် ဟိုတယ်မှာ ကျင်းပသည်။ အကျွန်ုပ်က သူတို့၏ ဖခင်နေရာက ပါဝင်ခဲ့ရသည်။ ယခု သူတို့ ချမ်းသာ ကြွယ်ဝနေပြီ။ ရန်ကုန်သို့ ပြောင်းလာပြီး ကုမ္ပဏီ တည်ထောင်ထားသည်။ သူသည် အကျွန်ုပ်ကို အဖေလို ဆရာလို ချစ်ခင် လေးစားသည်။ အရေးရှိလျှင် အကျွန်ုပ်ထံသို့ ပြေးလာပြီး အကြံဉာဏ် တောင်းတတ်သည်။

ယခုလည်း သူသည် မိတ်ဆွေ ရှမ်းအမျိုးသားများနှင့် အတူ ကုမ္ပဏီ



www.burmeseclassic

www.burmeseclassic.com



တစ်ခု တည်ထောင်ထားသည်။ နိုင်ငံခြားသို့ သစ်များ တင်ပို့နေသည် ဆိုသည်။ သူ့မှာ ကုမ္ပဏီ တည်ထောင်ပြီး တယ်လီဖုန်း မရှိသဖြင့် လုပ်ငန်း ခက်ခဲနေကြောင်း၊ အကျွန်ုပ်၏ မိတ်ဆွေ အပေါင်းအသင်း အသိတွေထဲမှာ တယ်လီဖုန်း ရောင်းဖို့ ရှိလျှင် ဝယ်လိုကြောင်း လာပြောသည်။

'မင်းက ဒီအချိန်မှာ ကံအကျိုးပေးနေတာပဲကွ၊ မင်း လိုချင်ရင် သိပ်မခက်ပါဘူး၊ ငါ ရအောင် လုပ်ပေးမယ်' ဟု ကတိပေးလိုက်သည်။ ချန်ပေါင်း အားတက်ပြီး မေးသည်။

'ဘယ်က ရမလဲ ဆရာ၊ ဈေးက ဘယ်လောက် ပေးရမလဲ'

'မဟုတ်ဘူး၊ ၂၃ လမ်းမှာ ငါ့တယ်လီဖုန်း ရှိတယ်၊ အဲဒီ တယ်လီဖုန်းကို ပေးမှာ၊ ဒီ တယ်လီဖုန်းကို ၃၅ လမ်းကို ဘယ်နည်းနှင့် ပြောင်းရွှေ့လို့ ရမလဲ၊ အဲဒါကိုပဲ မင်း စုံစမ်းပြီး ငါ့ကို လာပြော'

'ကောင်းပါပြီ ဆရာ၊ ဒါဆို ကျွန်တော် ပြန်ဦးမယ်၊ ဒီလက်ဖက်ရည်ဖိုးတွေကို ကျွန်တော် ရှင်းပေးခဲ့မယ်'

ချန်ပေါင်း ဝမ်းသာပြီး ပြန်သွားသည်။ ယခုအခါ အကျွန်ုပ်၏ စိတ်ထဲတွင် အကျွန်ုပ်ထံသို့ ရောက်လာသူတိုင်းကို စိတ်ရွှင်လန်းမှု တစ်ခု ပေးလိုက်ချင်သည်။ သူတို့ ဝမ်းသာပြီး ပြန်သွားတာကို မြင်ရလျှင် အကျွန်ုပ် ရင်ထဲမှာလည်း ပျော်ပြီး ရစ်ခဲ့လေသည်။

ချန်ပေါင်း ပြန်သွားပြီးနောက် မရှေးမနှောင်းမှာ စက်ဘီး တစ်စီးနှင့် ကိုစိုး ရောက်လာလေသည်။ စက်ဘီးပေါ်တွင် ရေခဲမုန့်ဘူးကြီးလည်း နောက်က တင်လာသည်။

'ဒါက ဘာသေတ္တာကြီးလဲ ကိုစိုး'

'ပုစွန်တောင်က ရေခဲချောင်း ယူပြီး အိမ်ကို ပို့ပေးခဲ့တာပါ ဆရာ၊ အိမ်က ညီမတွေက အိမ်ရှေ့မှာ အအေးခံ ဖရီးဇာကြီး ချပြီး ရေခဲမုန့်တို့ ရေခဲချောင်းတို့ ရောင်းတယ်၊ ရေခဲလည်း ရောင်းတယ်၊ ဈေးဖိုး ဝင်ငွေ တစ်ဖက် တစ်လမ်း ရအောင်လို့ပါ ဆရာ'

စောစောက စာရေးဆရာ အယ်ဒီတာ တစ်စု လမ်းဘေးမှာ လွတ်လွတ်လပ်လပ် ထိုင်ပြီး လက်ဖက်ရည်သောက်နေကြရာက ကိုစိုး ရောက်လာတော့ အကျွန်ုပ်နှင့် ကိုစိုးသည် စကားပြောရအောင် ဆိုင်ထဲသို့ ဝင်သွားကြသည်။ ညနေခင်း ဖြစ်သဖြင့် ဆိုင်ထဲမှာလည်း လူရှင်းစ ပြုနေပြီ။

'လောလောဆယ်တော့ လက်ဖက်ရည် မသောက်နိုင်သေးဘူး၊ စောစော

www.burmeseclassic.com



ကပဲ ကိုချန်ပေါင်း လာပြီး လက်ဖက်ရည် တိုက်သွားတယ်၊ ရေနွေးကြမ်းပဲ သောက်မယ်၊ ကိုစိုး လက်ဖက်ရည် သောက်ပေါ့၊ မုန့်တစ်ခု ချထားရင်း မုန့် စားပြီး စကားပြောကြတာပေါ့'

အကျွန်ုပ်၏ အစီအစဉ်အတိုင်း ကိုစိုးက ဆောင်ရွက်သည်။

ယနေ့ ဆွေးနွေးမည့် အကြောင်းအရာ ကိုစိုးခေါင်းထဲမှာ ပါလာသည်။

'မနေ့က ပြောတဲ့အထဲမှာ ယောနိသောမနသိကာရ ဆိုတာ ပါတယ် မဟုတ်လား ဆရာ၊ ကျွန်တော် ကြားတော့ ကြားဖူးတယ်၊ ယောနိသောမနသိကာရရဲ့ သဘောကို နားမလည်ဘူး၊ ဘယ်လို နှလုံးသွင်းတာကို မှန်တယ်လို့ ဆိုသလဲ၊ နှလုံးသွင်း မှားပုံက ဘယ်လို ဆိုတာကို ပြောပါဦး ဆရာ'

**အသင့်အားဖြင့် နှလုံးသွင်းခြင်း ဆိုတာ**

အကြောင်းအရာက ဓမ္မဘက်ကို ပြောင်းသွားပြီ ဖြစ်၏။

'ယောနိသောမနသိကာရ ဆိုတဲ့ ပါဠိပုဒ်ကို မြန်မာလို အဖြောင့်အားဖြင့် ဘာသာပြန်ရင် အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ တစ်နည်းဆိုတော့ မှန်မှန်ကန်ကန် နှလုံးသွင်းခြင်းလို့ အနက်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စမှာ ဝိပဿနာ အားထုတ်သူ ယောဂီရဲ့ အလုပ်ခွင် အတွေ့အကြုံနှင့် ဆက်စပ်ပြီး ပြောရင် ပိုပြီး ရှင်းမယ် ထင်တယ်၊ ဝိပဿနာ အားထုတ်တဲ့ ယောဂါဝစရ ပုဂ္ဂိုလ်ဟာ သဘာဝကို ဟုတ်တိုင်း မှန်စွာ သိဖို့ အရေးကြီးတယ်၊ သဘာဝကို ဟုတ်တိုင်း မှန်စွာ သိခြင်း ဆိုတာက သဘာဝရဲ့ ရှိအတိုင်းတိုင်း သဘောကို သိခြင်း၊ လွဲမှားစွာ မသိခြင်းကို ပြောတာပဲ၊ အဲဒီလို အမှန်အတိုင်း သိဖို့ အရေးမှာ ခု ပြောမယ့် ယောနိသောမနသိကာရဟာ သိပ်ပြီး အဓိကကျတဲ့ အခန်းက ပါလာတယ်'

'ကျွန်တော် နားလည်အောင် ပြောပြပါ ဆရာရယ်'

ကိုစိုးသည် အကျွန်ုပ် တွေ့ဖူးသော လူငယ်များထဲတွင် ထူးခြားမှု ရှိသော လူငယ် တစ်ဦး ဖြစ်သည်ဟု ဆိုနိုင်သည်။ ဘွဲ့ရပြီး စီးပွားရေး လုပ်တော့ လည်း စီးပွားရေး တစ်ဖက်၊ ဓမ္မရေး တစ်ဖက် ထားပြီး လုပ်သည်။ သူ့စိတ် ထဲမှာ အမြင်လည်း ကျယ်ချင်သည်။ အမှန်ကိုလည်း သိချင်သည့် သဘော ကဲနေသည်။ အထူးသဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာ၌ ပညာသိက္ခာပိုင်းကို ပိုပြီး စိတ်ဝင်စားသည်။ အကျွန်ုပ်သည် သူ့ကို ဘယ်က စပြီး ပြောသင့်သည်ကို စဉ်းစားနေသည်။



www.burmeseclassic

www.burmeseclassic.com


'ဆရာ ဘာတွေ စဉ်းစားနေတာလဲ' ဟု သူက မေးသည်။

'နေဦးဗျ၊ ပြောစရာ စကားတွေက များလွန်းလို့ ဘယ်က စပြီး ပြောရင် ကောင်းမလဲလို့ စဉ်းစားနေတာ၊ မြတ်စွာဘုရားက ယောနိသောမနသိကာရ အကြောင်းကို တော်တော်များများ ဟောကြားထားတာ ဆိုတော့ သိစရာတွေကလည်း များတယ်၊ မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်မှာလည်း ဒီအကြောင်းကို ဟောတယ်၊ သံယုတ္တ နိကာယ်၊ မဟာဝဂ္ဂပိုင်းမှာလည်း သုတ်ပေါင်း ရှစ်ခုလောက် ဟောထားတယ်၊ မြတ်စွာဘုရားက ယောနိသောမနသိကာရဟာ အင်္ဂါ ရှစ်ပါး ရှိတဲ့ အရိယာ မဂ် ဖြစ်ပေါ်ဖို့ အတွက် ရှေ့ပြေး ပုဗ္ဗနိမိတ်ပဲ တဲ့ ကိုစိုးရဲ့၊ အရှာဏ် မတက်ဘဲနှင့် နေထွက်ပါ့မလား'

'မထွက်ပါဘူး ဆရာ'

'အေး ဒီအတိုင်းပဲ၊ ယောနိသောမနသိကာရ မပါဘဲနှင့် မဂ်စိတ် မဖြစ်ပေါ်နိုင်ဘူး၊ ဘုရားက ယောနိသောမနသိကာရ မပါဘဲနှင့် မဂ်စိတ် မဖြစ်ပေါ်နိုင်ကြောင်းကို ပြပြီး ယောနိသောမနသိကာရ ဆိုတဲ့ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း ရှိတဲ့ ရဟန်းရဲ့ သဘောကို ဟောတော်မူတယ်'

'ဘယ်လို ဟောတာလဲ ဆရာ'

'တိုရှင်း လိုရင်းကိုပဲ ပြောမယ်၊ ယောနိသောမနသိကာရ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းဖြင့် သမ္မာဒိဋ္ဌိ (အမြင်မှန်) နှင့် သမ္မာသမာဓိ မှန်သော စိတ်တည်ငြိမ်မှုကို ရအောင် အားထုတ်ခြင်းကို ပြောတာ ဖြစ်တယ်၊ ဒီနေရာမှာ အင်္ဂါ ရှစ်ပါး ရှိတဲ့ အဋ္ဌင်္ဂိက မဂ်ကို ဖြစ်စေခြင်းငှာ ကျေးဇူးပြုတဲ့ တစ်ခုသော တရားဟာ ဘာလဲ ဆိုတော့ ဘုရားက သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု၊ ယောနိသောမနသိကာရနှင့် ပြည့်စုံခြင်းပဲတဲ့ဗျ၊ နောက်ပြီး အရိယာ မဂ်ကို ဖြစ်ပေါ်စေမှု၌ ယောနိသောမနသိကာရ မှတစ်ပါး ကျေးဇူးများသော တခြားသော ဘယ်တရားကိုမှ ငါမမြင်ဘူးလို့လည်း ဟောတော်မူထားတယ်'*

'ဒါဆိုရင် ဒီ သာသနာမှာ သင့်သောအားဖြင့် နှလုံးသွင်းခြင်း ဆိုတဲ့ ယောနိသောမနသိကာရ ရှိဖို့ အရေးဟာ အင်မတန် အရေးကြီးတယ်လို့ ယူဆရမှာပေါ့နော် ဆရာ'

'ဟုတ်တယ် ကိုစိုးရဲ့၊ အာသဝေါ တရားတို့ ကုန်ဆုံးခြင်းကို ဟောတော်မူရာမှာလည်း မြတ်စွာဘုရားက သင့်သော အကြောင်းအားဖြင့် နှလုံး

---

* သံယုတ္တ နိကာယ် (မြန်မာပြန်၊ တတိယတွဲ)၊ စာ ၃၂



www.burmeseclassic.com

www.burmeseclassic.com



သွင်းခြင်းကို လည်းကောင်း၊ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကို လည်းကောင်း သိသူ မြင်သူကိုသာ အာသဝေါတရားတို့ရဲ့ ကုန်ဆုံးခြင်း တရားကို ဘုရားက ဟောတော်မူတယ် လို့ ဆိုထားတယ်'

'ကျွန်တော် မေးစမ်းပါရစေဦး ဆရာ'

'မေးဗျာ'

'ဒီနေရာမှာ နှလုံးသွင်းခြင်း သင့်တယ် မသင့်ဘူး၊ မှန်တယ် မမှန်ဘူး ဆိုတာကို ဘယ်အချက်တွေနှင့် တိုင်းတာ ဆုံးဖြတ်ရမလဲ ဆရာ'

'မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတွေဟာ အစ အလယ် အဆုံး အားလုံး ပြည့်စုံတယ်၊ ခင်ဗျား ဒီမေးခွန်းမျိုး မေးမှာပဲ ဆိုတာကို ဘုရားက သိတော်မူခဲ့သလား မပြောတတ်ဘူး၊ နှလုံးသွင်းမှန်မှု၊ နှလုံးသွင်း မှားမှုကို တိုင်းတာမယ့် တရားပေတံကိုလည်း ဟောတော်မူခဲ့ပါတယ် ကိုစိုးရဲ့'

'အမိန့်ရှိပါဦး ဆရာရဲ့၊ ဘုရားက ဘယ်လိုများ ဟောခဲ့လို့လဲ'

'ဘုရားက ဘယ်လို ဟောခဲ့သလဲ ဆိုတော့ ရဟန်းတို့၊ မသင့်သော အားဖြင့် နှလုံးသွင်းသော သူအား မဖြစ်သေးတဲ့ အာသဝေါတရားတို့သည် ဖြစ်တယ်၊ ဖြစ်ပြီးသား အာသဝေါတရားတွေက တိုးပွားတယ်၊ အဲဒီလို မဖြစ်သေးတဲ့ အကုသိုလ်တွေ၊ အာသဝေါတရားတွေ၊ ကိလေသာတွေ ဖြစ်လာပြီး ဖြစ်နေတဲ့ အကုသိုလ်တွေ၊ အာသဝေါတရားတွေ၊ ကိလေသာတွေ တိုးပွားလာရင် အဲဒါ နှလုံးသွင်း မှားပြီ၊ နှလုံးသွင်း မှားလို့ပဲလို့ ဆုံးဖြတ်ရမယ်တဲ့'

'ဒါဆိုရင် မဖြစ်သေးတဲ့ အာသဝေါတရားတွေလည်း မဖြစ်၊ ဖြစ်ပြီးသား အာသဝေါတရားတွေလည်း ပပျောက်သွားရင် အဲဒါကို နှလုံးသွင်း မှန်တယ်လို့ ယူဆရမှာပေါ့နော်'

'ဟုတ်တယ်၊ ကိုစိုး စဉ်းစားတာက ဘုရား ဟောတော်မူတဲ့ အတိုင်းပါပဲဗျာ၊ ဒီလို ဘုရားဟောနှင့် အံကိုက်ဖြစ်အောင် ခင်ဗျား ဘယ်လို စဉ်းစားလိုက်တာလဲ ကိုစိုး'

'သဘာဝ ယုတ္တိရှိတဲ့အတိုင်း စဉ်းစားတာပါ ဆရာ'

'ဟုတ်တာပေါ့ဗျာ၊ ဘုရားဟော တရားတွေက သဘာဝယုတ္တိ ပြည့်စုံပြီးသား ဆိုတာ ခု ခင်ဗျား လက်တွေ့ နားလည်ပြီ မဟုတ်လား၊ ခင်ဗျားပဲ စဉ်းစား စဉ်းစား၊ ဘုရားပဲ စဉ်းစား စဉ်းစား၊ သဘာဝယုတ္တိ ရှိတဲ့ အတိုင်း စဉ်းစားရင် အဖြေက တစ်မျိုးတည်းပဲ ထွက်တယ်၊ ခု နှလုံးသွင်း မှားတာ မှန်တာရဲ့ သဘောကို ရှင်းရှင်း နားလည်ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'စာကိုတော့ နားလည်သလိုပဲ၊ ဒါပေမဲ့ လက်တွေ့ဘဝထဲမှာ နှလုံး သွင်း မှန်အောင် ဘယ်လို ကျင့်သုံးရမလဲ၊ ဘယ်လို ကျင့်သုံးသင့်သလဲ ဆိုတာ ကိုတော့ ကျွန်တော် စဉ်းစားလို့ မရသေးဘူး၊ အဲဒီကိစ္စ ကျွန်တော့် ခေါင်းထဲမှာ ရှင်းအောင် နမူနာ သာဓကနှင့် ရှင်းပြပါဦး ဆရာ'

'ဟုတ်တယ် ကိုစိုး၊ ခင်ဗျားပြောတာ အရေးကြီးတယ်၊ ဒီတရားက ကျင့်အပ်တဲ့ တရား ဖြစ်တော့ သဘောကို သိရုံနှင့် မပြီးသေးဘူး၊ ဘယ်နေရာမှာ ဘယ်လို ကျင့်ရမယ် ဆိုတာ သိသင့်သေးတယ်'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော့်ကို ရှင်းအောင် နမူနာနှင့် ပြပါဦး'

'ကောင်းပြီ၊ ခင်ဗျား အမြင် ရှင်းအောင် နားရှင်းအောင် ကျွန်တော် တစ်ဆင့်စီ ရှင်းပြမယ်၊ ခင်ဗျားမှာ နားရှိတယ် ဆိုတော့ ဒီနားက ဘာလုပ်သလဲ'

'ကြားတာပေါ့ ဆရာရဲ့'

'ဘာကို ကြားသလဲ'

'အသံကို ကြားပါတယ်'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ နားအကြည်နှင့် အသံနှင့် တိုက်ဆိုင်တော့ ကြား သိစိတ် ဖြစ်ပေါ်တယ်၊ သောတဝိညာဏ်ပေါ့ဗျာ၊ ဟုတ်ကဲ့လား'

'ဟုတ်ပါတယ် ဆရာ'

'ကောင်းပြီဗျာ၊ အဲဒီ ကြားစိတ်ကလေးဟာ ကြားပြီးရင် ဘယ်လောက် ကြာကြာ တည်နေသလဲ'

'ကြားပြီး ပျောက်သွားပါတယ် ဆရာ'

'ဟုတ်တာပေါ့၊ ဒါဆို အသံကကော ဘယ်လောက်ကြာကြာ ခံသလဲ'

'အသံလည်း နားထဲ ပေါ်ပြီး ပျောက်တာပါပဲ'

'ဟုတ်ပြီ၊ ဒါဆိုရင် အသံကြားတယ် ဆိုတာ ကြားပြီးရင် အသံရော ကြားစိတ်ပါ ပျောက်ပျက်သွားတဲ့ သဘောပဲ ရှိတယ်၊ နောက် ဘာကျန်သေး လဲ'

'ဘာကို မေးတာလဲ ဆရာ'

'ခင်ဗျား ကြားတဲ့ အသံထဲမှာ ခင်ဗျား ဆက်ပြီး နှလုံးသွင်းစရာ ဘာ တွေ ကျန်ခဲ့သေးသလဲ'

'ကြားပြီး ပျက်သွားတာ ဆိုတော့ ကြားတာပဲပေါ့၊ ဘာမှ မကျန်တော့ ပါဘူး'

'ဒါဆိုရင် အသံ ဆိုတာ ကြားပြီး ပျောက်သွားတတ်တဲ့ သဘောပဲ၊

www.burmeseclassic.com


အသံထဲမှာ ကြားစေတတ်တဲ့ သဘောက လွဲပြီး ဘာမှ မပါဘူးလို့ နှလုံးသွင်းရင် မှန်သလား မှားသလား'

'မှန်ပါတယ် ဆရာ'

'အဲဒီလို အသံ ဆိုတာ ကြားပြီး ပျောက်သွားတဲ့ တရားပဲလို့ နှလုံးသွင်းနေရင် ဘာ အာသဝေါတရား ဖြစ်စရာ ကျန်သေးလဲ၊ မဖြစ်သေးတဲ့ အာသဝေါတရားတွေ ဖြစ်လာပါ့မလား'

'အဲဒီလို နှလုံးသွင်းရင် ဘာအာသဝေါတရားမှ ဖြစ်မလာတော့ပါဘူး ဆရာ'

'ဒါဆိုရင် နှလုံးသွင်း တည့်အောင် နားထောင်ပုံ ရှုပုံကို ခင်ဗျား မြင်ပြီလား'

'မြင်ပါပြီ ဆရာ'

'ရှုကော ရှုတတ်ပြီလား'

'ရှုတတ်ပြီလို့ ထင်ပါတယ် ဆရာ'

'နှလုံးသွင်းတည့်အောင် ရှုဖို့ ပြောတာ'

'ဟုတ်ပါတယ် ဆရာ'

'ကဲ ဥပမာ တစ်ခုပြမယ်၊ လူတစ်ယောက် (တရုတ်) က ခင်ဗျားကို မြင်တော့ အော်ဟစ်ပြီး တရုတ်လို ပြောတယ်၊ သူ့အသံကို ကြားတဲ့ အတွက် ခင်ဗျား စိတ်ထဲမှာ ဘာ အာသဝေါတရား (လောဘ၊ ဒေါသ၊ မောဟ) ဘာ ဖြစ်သလဲ'

'ကြားတာပဲ ရှိပါတယ်၊ ဘာမှ မခံစားရပါဘူး ဆရာ'

'ကဲဗျာ၊ ခင်ဗျားက တရုတ်စကား နားလည်တယ် ဆိုပါတော့၊ ဟိုလူက ခင်ဗျားကို တရုတ်လို ဆဲဆိုနေတယ် ဆိုတာ ခင်ဗျားက ဒီလူ ငါ့ကို ဆဲနေတာပဲလို့ သဘောထားလိုက်ရင် အဲဒီအသံဟာ ကြားပြီး ပျောက်သွားပေမဲ့ ခင်ဗျား ရင်ထဲမှာတော့ ဒေါသဖြစ်ပြီး မကျန်ရစ်ခဲ့ဘူးလား'

'ကျန်ရစ်နေမှာပါ ဆရာ'

'အသံကတော့ ကြားပြီးတာနှင့် တစ်ပြိုင်နက် ပျောက်တယ်၊ ဒါပေမဲ့ ခင်ဗျား ရင်ထဲမှာတော့ မဖြစ်သေးတဲ့ အကုသိုလ်တွေ အာသဝေါတရားတွေ ဖြစ်ပြီး ကျန်ရစ်တယ် ဆိုရင် အဲဒါ ဘာဖြစ်လို့ ဖြစ်ရတာလဲ၊ ခင်ဗျား ဘယ်လို ထင်သလဲ'

'သူ ဆဲနေတာကို နားလည်လို့ ဖြစ်ရတာ မဟုတ်လား ဆရာ'

www.burmeseclassic.com



'ဒါဆိုရင် အဲဒီလူက ခင်ဗျားကို ဆဲတာ မဟုတ်ဘူး၊ သူ မကျေနပ်တဲ့ တခြား တစ်ယောက်ကို ဆဲတာလို့ ခင်ဗျား နှလုံးသွင်းရင် ခင်ဗျားမှာ ဒေါသ ဖြစ်ပါ့မလား'

'မဖြစ်ပါဘူး ဆရာ'

'မဖြစ်ဘူးနော်၊ ဒီအသံဟာ ဆဲသံလို့တော့ ခင်ဗျား မသိဘူးလား'

'သိပါတယ်'

'ဆဲတယ်လို့ သိလျက်နှင့် ဘာကြောင့် ခင်ဗျား ဒေါသ မဖြစ်သလဲ'

'ငါ့ကို ဆဲတာ မဟုတ်ဘူး၊ သူများကို ဆဲတာ၊ ငါနှင့် မဆိုင်ဘူးလို့ ပိုင်းခြားနိုင်လို့ပဲ ထင်ပါတယ်'

'ခင်ဗျား ပြောတာ တစ်ဝက်တစ်ပျက်တော့ မှန်တယ်၊ အကုန် မမှန်ဘူး၊ တကယ်ကတော့ အသံကြားတာ၊ ဆဲမှန်း သိတာ၊ ဒေါသဖြစ်တာ တခြားစီ၊ ခု ဒေါသ ဖြစ်တာက ခင်ဗျားစိတ်ထဲက ငါ့ကို ဒီလူ ဆဲနေတာလို့ နှလုံးသွင်းလို့ နာတာ မဟုတ်လား'

'ဟုတ်... ဟုတ်ပါတယ် ဆရာ'

'အဲဒီလို မဖြစ်သေးတဲ့ အာသဝေါတရားတွေ ဖြစ်ပေါ်လာအောင် နှလုံးသွင်းခြင်းကို အယောနိသောမနသိကာရ လို့ ခေါ်ရတယ် ကိုစိုးရဲ့'

'အင်း ရင်ထဲမှာ ရှင်းသွားပါတယ် ဆရာ'

'ဒီမှာ ငါဆိုတဲ့ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ ပါလာလို့ အာသဝေါတရား ဖြစ်ပေါ်လာရတာနော်၊ ဒါကြောင့် မဖြစ်သေးတဲ့ အာသဝေါတရားတွေ ဖြစ်မလာအောင် နှလုံးသွင်းဖို့ အရေးမှာ ငါစွဲကိုလည်း ဖြုတ်ရမယ်ဗျ၊ သဘာဝကိုလည်း သဘာဝ အတိုင်းတိုင်း မြင်ရမယ်၊ အသံ ဆိုတာ ကြားပြီး ပျက်တတ်တဲ့ တရားပဲလို့ သဘာဝရဲ့ အနိစ္စ လက္ခဏာကို မြင်နေရင်၊ ငါ့ကို ဆဲတာပဲလို့ သဘောမထားရင် အာသဝေါတရားတွေ ဖြစ်ပေါ်လာပါ့မလား'

'မလာနိုင်တော့ပါဘူး ဆရာ'

'နောက် ဥပမာ တစ်ခုကို စဉ်းစားကြည့်စမ်း၊ ညက ခင်ဗျား အိပ်ပျော်နေတုန်းမှာ အိမ်ရှေ့ခန်းက တိုင်ကပ်နာရီကြီးကို သူခိုး ခိုးခံရတယ်၊ မနက် အိပ်ရာက နိုးတော့ ခင်ဗျား သိလိုက်တယ်၊ သိတာနှင့် ခင်ဗျားမှာ ယောနိသောမနသိကာရ မဖြစ်ရင် ဒေါသ ထွက်မလား မထွက်ဘူးလား၊ ရဲကို တိုင်ပြီး အမှု ဖွင့်ချင်တဲ့ စိတ် မဖြစ်ဘူးလား၊ တခြား ဘာတွေများ ပါသွားသေးလဲ ဆိုပြီး စိုးရိမ်သောက မရောက်ဘူးလား'



www.burmeseclassi

www.burmeseclassic.com



'ရောက်ပါတယ် ဆရာ'

'အဲဒါ နှလုံးသွင်းမှားလို့ အာသဝေါတရားတွေ ဖြစ်လာတာ၊ ဒီ သူနိုးကို တွေ့ရင်တော့ ရိုက်သတ်ချင်မယ်၊ ရဲက ဖမ်းမိရင်လည်း ထောင်ချပစ်မယ် ဆိုတဲ့ အကုသိုလ်စိတ်တွေ ဖြစ်မလာဘူးလား'

'ဖြစ်မှာ သေချာပါတယ်'

'ကဲ ကောင်းပြီ၊ ခင်ဗျားဟာ ဗုဒ္ဓဘာသာရဲ့ အခြေခံဖြစ်တဲ့ ကမ္မဿကတ သမ္မာဒိဋ္ဌိလည်း ရှိမယ်၊ လောကရဲ့ သဘောမှန်ကိုလည်း သိမယ် ဆိုရင် ဘာမှ ဒေါသ ဖြစ်စရာ မရှိဘူး၊ နှလုံးသွင်း မှားစရာ မရှိတော့ဘူး၊ ဖြစ်ပြီးသား အာသဝေါ တရားတွေ ပပျောက်သွားအောင် ခင်ဗျား နှလုံးသွင်းတတ်သွားမယ်'

'ဘယ်လို နှလုံးသွင်းရမလဲ၊ ပြောပြပါ ဆရာ'

'ကဲ ကံ၏ အကျိုး ဝိပါက ဆိုတာ ရှိတယ်၊ ခု ကိုယ့်ပစ္စည်း အခိုးခံရတယ် ဆိုတာ ကြွေးဆပ်ရတာ၊ ဟိုဘဝက သူများပစ္စည်းကို ကိုယ်က ခိုးခဲ့လို့၊ ခုခိုးမှု ပေါ်တာ၊ ဒါကို ငါ့ဟာ ငါ့ဥစ္စာကို သူက ခိုးယူသွားတယ်လို့ ခင်ဗျား နှလုံးသွင်းတာကိုး၊ ရင်ထဲမှာ အာသဝေါတရားတွေ ကိလေသာမီးတွေ လောင်လာလို့ ပူလောင်ခြင်း ဝေဒနာကို ခံစားရမှာပဲ၊ ဉာဏ်ရှိတဲ့ အရိယာသာဝက ဆိုရင် အင်း ဘဝက ဝဋ်ကြွေး တစ်ခု ဒီကနေ့ ငါ့မှာ ကျေသွားပြီ၊ သာဓု သာဓုလို့တောင် သာဓုခေါ်မိမှာပဲ၊ ပြီးတော့ ပစ္စည်း ဆိုတာ ဘာတစ်ခုမှ ကိုယ်ပိုင် မရှိဘူး၊ အားလုံး ဘုံဆိုင်ချည်းပဲ၊ ကိုယ့်လက်ထဲ ရှိနေတဲ့ ပိုက်ဆံဟာ ကိုယ့်ဟာလို့ ဆိုပြီး သိမ်းဆည်းထားလို့ ရသလား'

'မရပါဘူး ဆရာ'

'ဒီငွေ တော်တော်ကြာ သူများလက်ထဲ ရောက်သွားတာပဲ၊ ပစ္စည်းလည်း ဒီအတိုင်းပဲ၊ ဒီနေ့ ကိုယ့်ဟာ ကိုယ့်ဥစ္စာ၊ နက်ဖြန်ကျတော့ သူများပစ္စည်း သူများဟာ ဖြစ်သွားတာပဲ၊ မမြဲဘူး၊ ဒီတော့ ခင်ဗျားက အင်း၊ ငါ့မှာ ခိုးမှု ပေါ်တာပဲ၊ ဒီဘဝ ဒီမျှနှင့် ဒီကံကြွေးဆပ်လိုက်ရတာ တော်သေးရဲ့၊ ခိုးတဲ့ လူမှာလည်း မရှိလို့ ခိုးရှာတာ ဖြစ်မှာပဲ၊ ငါ့မှာက ရှိလို့သာ အခိုးခံရတာ၊ မဟုတ်ရင်လည်း မရှိရင် ငါလှူသေးတာပဲ၊ ခုဟာလည်း ခိုးတယ်လို့ ငါ မမှတ်တော့ဘူး၊ မနက် စောစောစီးစီး ငါ အလှူ တစ်ခု လုပ်လိုက်ပြီ၊ ဒီပစ္စည်း ရသွားတဲ့ လူခမျာ သူ့ဘဝမှာ အဆင်ပြေမှု ဖြစ်တယ် ဆိုရင်လည်း ငါကျေနပ်ရမှာပဲလို့ သဘာဝရဲ့ သဘောအမှန်ကို ဆင်ခြင်ပြီး နှလုံးသွင်းလိုက်ရင် မဖြစ်သေးတဲ့ အာသဝေါတရားတွေလည်း မဖြစ်တော့ဘူး၊ ဖြစ်ပြီးသား အာသဝေါ



www.burmeseclassic

www.burmeseclassic.com


တရားတွေလည်း ပပျောက်သွားတာပေါ့ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ဆရာ၊ ကောင်းလိုက်တာ၊ နှလုံးအေးစရာ သဘောထား အမြင်ပါတယ်'

'ဒီနေရာမှာ မနိုင်လို့ သည်းခံရတဲ့ သဘော မဟုတ်ဘူး၊ ဉာဏ်နှင့် ခွင့်လွှတ်ခြင်း ဖြစ်သွားလို့ နှလုံးအေးချမ်းမှုကို ခံစားရတာနော်၊ ဒါကို ခွဲခြား သိရလိမ့်မယ်'

'ကျွန်တော် သဘောကျသွားပြီ ဆရာ၊ ဒီအတိုင်းဆိုရင် ယောနိသော မနသိကာရထဲမှာ ပညာသဘော ပါတယ်လို့ ဆိုရမှာပေါ့နော်'

'ပါတာပေါ့ဗျာ၊ အဲဒီအကြောင်းကို မိလိန္ဒ ပဉ္ဟမှာလည်း အမေး အဖြေ လုပ်ထားတာ ရှိတယ်၊ ပညာရကြောင်း တရား ရှစ်ပါးထဲမှာလည်း ယောနိသော မနသိကာရ ပါတယ်'

'မိလိန္ဒမင်းနှင့် ရှင်နာဂသိန် အမေး အဖြေကို ပြောပါဦး ဆရာ'

'အင်း ပြောပြမယ်၊ မိလိန္ဒ မင်းကြီးက ရှင်နာဂသိန်ကို မေးတယ်၊ အရှင်ဘုရား၊ အကြင်သူသည် ပဋိသန္ဓေ နေ၏၊ ထိုသို့ ပဋိသန္ဓေ နေသော သူသည် ယောနိသောမနသိကာရဖြင့် ပဋိသန္ဓေ နေသလား တဲ့'

'သူ (မင်းကြီး) က ဘာကို မေးတာလဲ ဆရာ'

'ယောနိသောမနသိကာရ ဆိုတာ ပဋိသန္ဓေ နေစဉ် အခါကတည်းက ပါလာတဲ့ တရားလားလို့ မေးဟန်တူပါတယ်'

'ဒီတော့ ရှင်နာဂသိန်က ဘယ်သို့ ဖြေတော်မူသလဲ ဆရာ'

'မင်းကြီး၊ ယောနိသောမနသိကာရဖြင့်လည်း ပဋိသန္ဓေ နေတယ်၊ ပညာဖြင့်လည်း ပဋိသန္ဓေ နေတယ်၊ ပညာကင်းသော တစ်ပါးသော ကုသိုလ် ဖြင့်လည်း ပဋိသန္ဓေ နေတယ် လို့ ဖြေတယ်'

'နေပါဦး ဆရာရယ်၊ ယောနိသောမနသိကာရနှင့် ပညာနှင့် ဘယ်လို ကွာခြားလို့ ရှင်နာဂသိန်က ခွဲပြီး ဟောတာလဲ မသိဘူး'

ကိုစိုးက နားထောင်ရင်း တရားကို စူးစမ်းနေလေသည်။

'အင်း ကိုစိုးက မဆိုးဘူး၊ မိလိန္ဒ မင်းကြီးလိုပဲ ဉာဏ်ထက်တယ်၊ မင်းကြီးကလည်း ဒီစကားကို ကြားတော့ ချက်ချင်း ပြန်ပြီး မေးတယ်၊ အရှင် ဘုရား ယောနိသောမနသိကာရဟာ ပညာပဲ မဟုတ်လားတဲ့'

'ဒီတော့ ရှင်နာဂသိန်က ဘယ်လို ဖြေသလဲ ဆရာ'

'မင်းကြီး ယောနိသောမနသိကာရက တခြား၊ ပညာက တခြားပဲတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အင်း စိတ်ဝင်စားစရာ ကောင်းတယ်နော်၊ ကျွန်တော့် ခေါင်းထဲမှာ ဗဟုသုတတွေ အများကြီး တိုးလာပါတယ်၊ ဒါဆို မင်းကြီးက နောက်ထပ် မေးခွန်းတွေ မမေးဘူးလား ဆရာ'

'မေးတာပေါ့ဗျ၊ မမေးဘဲ ဘယ်နေမလဲ'

'မင်းကြီးက ဘာမေးသလဲ ဆရာ'

'အရှင်ဘုရား၊ ဥပမာပြပြီး ဖြေပေးပါ ဆိုတာပေါ့၊ ဒီတင် ရှင်နာဂသိန် ကလည်း ဖြေတော်မူတယ်'

'မင်းကြီး၊ ဆိတ် ကျွဲ နွား ကုလားအုတ် မြည်း စတဲ့ တိရစ္ဆာန်တွေ မှာလည်း မနသိကာရ ရှိတယ်၊ ဒါပေမဲ့ ပညာတော့ မရှိဘူးလို့ ဖြေလိုက် တယ်၊ ဒီလို ဖြေလိုက်တော့ မင်းကြီး ခေါင်းထဲမှာ သဘောပေါက်ချင်သလိုတော့ ဖြစ်သွားတယ်၊ သိပ်တော့ ဘဝင်မကျသေးဘူး၊ ဒါနဲ့ သူက ဆက်မေးတယ်။

'အရှင်ဘုရား၊ ယောနိသောမနသိကာရ ဆိုတာ ဘယ်လို လက္ခဏာ ရှိပါသလဲ၊ ပညာ ဆိုတာ ဘယ်သဘော လက္ခဏာ ရှိပါသလဲတဲ့၊ ဒီလို မေး လိုက်တော့ ရှင်နာဂသိန်က ဖြေတော်မူတယ်။

'မင်းကြီး (ယောနိသော) မနသိကာရ ဆိုတာ စုရုံးခြင်း လက္ခဏာ ရှိတယ်၊ ပညာ ဆိုတာက ပိုင်းခြားခြင်း လက္ခဏာ ရှိတယ်လို့ ဖြေတယ်'

'အဲဒါ ဘာကို ဆိုလိုတာလဲ ဆရာ'

'စိတ်မစောနဲ့ ကိုစိုး၊ သူ့ဆရာနဲ့ သူ့ဒကာ အမေးအဖြေ ရှိပါတယ်၊ မင်းကြီးက ထပ်မေးတယ်၊ မနသိကာရက ဘယ်လို စုရုံးတာလဲ၊ ပညာက ဘယ်လို ပိုင်းခြားတာလဲ ဘုရားတဲ့'

'ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒါ သိချင်တာ'

'ခင်ဗျား သိချင်တာတွေကို မိလိန္ဒ မင်းကြီးက မေးပေးပါလိမ့်မယ်'

'ကျွန်တော်က စိတ်ဝင်စားလို့ မေးတာပါ ဆရာ'

'သိတယ်၊ ခင်ဗျားဟာ အမြင် ကျယ်ချင်တယ်၊ အမှန် သိချင်တယ်၊ ဒီလို လူငယ်မျိုးတွေကို အားပေးရမယ်၊ ကဲ ရှင်နာဂသိန် ဖြေပုံကို ပြောမယ်'

'ဟုတ်ကဲ့၊ ပြောပါ ဆရာ'

'ရှင်နာဂသိန်က မင်းကြီး၊ မုယောစပါးကို ရိတ်သိမ်းတဲ့အခါ ဘယ်လို ရိတ်သိမ်းသလဲလို့ ပြန်ပြီး မေးတယ်'

'ပဋိပုစ္ဆာလို့ ခေါ်မှာပေါ့နော်'

'ဟုတ်တယ် ကိုစိုး၊ မေးခွန်းကို မေးခွန်းနဲ့ ပြန်ဖြေနည်းလေ၊ ဒီလို



www.burmeseclassic

www.burmeseclassic.com



မေးတော့ မင်းကြီးက ဖြေတယ်၊ အရှင်ဘုရား လက်ဝဲလက်ဖြင့် မုယောစပါးကို စုစည်းကိုင်၍ လက်ယာလက်ဖြင့် တံစဉ်ကို ကိုင်ပြီး ရိတ်ပါသည်လို့ ဖြေတာပေါ့၊ ဒီအခါကျမှ ရှင်နာဂသိန်က ပြောတယ်၊ မင်းကြီး၊ မုယောစပါးကို ရိတ်သိမ်းတတ်တဲ့ လူဟာ မုယောစပါးကို လက်ဝဲလက်ဖြင့် စုစည်းကိုင်၍ လက်ယာလက်ဖြင့် တံစဉ်နှင့် ပိုင်းဖြတ်သကဲ့သို့ ကမ္မဋ္ဌာန်း ဘာဝနာ တရားကို အားထုတ်တဲ့အခါ ယောဂါဝစရ ပုဂ္ဂိုလ်ဟာ မနသိကာရဖြင့် မိမိစိတ်ကို စုစည်းပြီး ပညာဖြင့် ကိလေသာကို ပိုင်းဖြတ်ရတယ်လို့ ဖြေလိုက်တယ်'*

'သဘော ရှင်းလိုက်တာ ဆရာရယ်၊ ရှင်နာဂသိန်က ဥပမာပေးတာ သိပ်တော်တာပဲနော်၊ စိတ်ထဲမှာ ဘဝင်ကျသွားတာပဲ၊ ဒါဆို ဝိပဿနာ အားထုတ်တဲ့ ယောဂီဟာ မိမိစိတ်ကို မနသိကာရနှင့် စုစည်းပြီး ကိလေသာကို ပညာနှင့် ပိုင်းဖြတ် ပယ်ဖျက်ရမယ်လို့ ဆိုရမှာပေါ့နော်'

'အဲဒါ လိုရင်း အချက်ပဲ၊ အမှန်ကတော့ ဘဝကိစ္စမှာ ဖြစ်ဖြစ် မဂ္ဂကိစ္စမှာ ဖြစ်ဖြစ် ယောနိသောမနသိကာရ ဖြစ်အောင်၊ အကုသိုလ် ဖြစ်မယ့် ကိစ္စမှာ နှလုံးသွင်း တည့်သွားတဲ့အခါ ကုသိုလ် ဖြစ်သွားအောင် လုပ်ပေးတာက ယောနိသောမနသိကာရပဲ ကိုစိုးရဲ့၊ အမှန်ကတော့ မြင်စိတ် တစ်ခု ဖြစ်ပေါ်ဖို့ ကိစ္စမှာတောင် မျက်စိနှင့် အဆင်းနှင့် တိုက်ရုံနှင့် မြင်စိတ် မဖြစ်ဘူး၊ မျက်စိနှင့် အဆင်းကို တိုက်မိအောင် စိတ်ကို စုစည်းပေးတဲ့ မနသိကာရ ပါမှ ဖြစ်တယ်၊ ငါမြင်တာ ဘာလဲ ဆိုပြီး နှလုံးသွင်းရသေးတယ်၊ ဒါက အဘိဓမ္မာ သဘောဗျ၊ ဒါက နှလုံးသွင်းခြင်း သဘောကို ပြောတာပဲ ရှိသေးတယ်၊ နှလုံးသွင်း မှန်တာ နှလုံးသွင်း မှားတာကိုတော့ စောစောက သဗ္ဗာသဝသုတ်မှာ ဘုရားဟောပုံကို ပြောခဲ့ပြီးပြီ၊ မှတ်မိတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ မှတ်မိပါတယ်၊ မဖြစ်သေးတဲ့ အာသဝေါတရားတွေ မဖြစ်အောင်၊ ဖြစ်ပြီးသား အာသဝေါတရားတွေ ပျက်ပြယ်အောင် စိတ်ကို စုစည်းတဲ့ သဘောကို အသင့်အားဖြင့် နှလုံးသွင်းခြင်းလို့ ဟောတာ မဟုတ်လား'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုစိုးက မှတ်ဉာဏ်လည်း ကောင်းတယ်'

'စိတ်ဝင်စားလို့ပါ ဆရာ'

'ဟုတ်တာပေါ့၊ လူဟာ စိတ်ဝင်စားမှ မှတ်ထားတတ်တယ်၊ ကဲ ထားပါတော့၊ ဒီ သုတ္တန် ဒေသနာမှာ မြတ်စွာဘုရားက ယောနိသောမနသိကာရ

* မိလိန္ဒပဉှာ ဝတ္ထု၊ ဒန့်တိုင် ဆရာတော် (လက်ရွေးစင်)၊ စာ ၅၃-၅၄



www.burmeseclassic

www.burmeseclassic.com



ရှိသူ (သင့်လျော်သောအားဖြင့် နှလုံးသွင်းသူ) ကို သိသူ မြင်သူလို့ ခေါ်ထားတယ်ဗျ၊ မသင့်သောအားဖြင့် နှလုံးသွင်းသူ (အယောနိသောမနသိကာရ ရှိသူ) ကိုတော့ မသိသူ မမြင်သူလို့ သမုတ်တော် မူတယ်'

'နှလုံးသွင်း မှန်တာနှင့် သိသူ မြင်သူ ဆိုတဲ့ စကားနှင့် ဘယ်လို ဆက်စပ်သလဲ ဆရာ'

'ဟုတ်ပြီ၊ ကိုစိုး မေးလိုက်တာ နေရာကျတယ်၊ နှလုံးသွင်း မှန်ဖို့ ကိစ္စမှာ သိသူ မြင်သူ ဖြစ်ရမယ်လို့ နားလည်သင့်တယ်'

'ဘာကို သိသူ မြင်သူ ဖြစ်ရမှာလဲ ဆရာ'

'အေး မေးသင့်တာပေါ့၊ အဖြေကတော့ နှလုံးသွင်း မှန်ရေးမှာ ခန္ဓာငါးပါးရဲ့ ဖြစ်မှု ပျက်မှုကို သိသူ မြင်သူ ဖြစ်ရမယ်လို့ ဆိုလိုတယ်၊ ဒီအကြောင်းကို ဓမ္မပဒမှာ ဟောထားပုံက ပါဠိလို–

'ယောစဝဿ သတံ ဇီဝေ၊ အပဿံ ဥဒဗ္ဗယံ။

ကောဟံ ဇီဝိတံ၊ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

[ဓမ္မပဒ ဂါထာ ၁၁၃]။

'အဓိပ္ပာယ်က ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက် ရှင်ရခြင်းထက် ခန္ဓာငါးပါးတို့ရဲ့ အဖြစ်အပျက်ကို မပြတ် ရှုမြင်သော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှင်ရခြင်းသည် မြတ်၏လို့ ဆိုလိုတယ်၊ ဒါကို အင်္ဂလိပ်လို ဘာသာပြန်ထားတာကလေးကလည်း နစ်သက်စရာ ကောင်းတယ်၊ ကိုစိုး နားထောင်ချင်သေးလား'

'ဟာ ဆရာရယ်၊ နားထောင်ချင်တာပေါ့၊ အင်္ဂလိပ်စာ ဗဟုသုတလည်း ရတယ်၊ ဗုဒ္ဓ ဓမ္မတွေကို အင်္ဂလိပ်လို ခေါ်ဝေါ် သုံးစွဲပုံတွေကိုလည်း မှတ်သားရတာပေါ့၊ ကျွန်တော်တို့က ဘွဲ့သာ ရလာတာ၊ အင်္ဂလိပ်စာ မကျွမ်းဘူး'

'ဟုတ်ပါတယ် ကိုစိုး၊ ကျွန်တော်ကလည်း ကမ္ဘာက ဒီအချိန်မှာ ဗုဒ္ဓဘာသာ အကြောင်းကို သိပ်ပြီး သိချင်နေကြတယ်၊ ဒီတော့ ခေတ်ပညာတတ်လူငယ်တွေက ဗုဒ္ဓဘာသာကို အင်္ဂလိပ်လို ပြောဆိုပုံတွေ သိထားမှ နိုင်ငံခြားသားတွေကို ရင်ဆိုင်ရတဲ့အခါ ပြောပြနိုင်မှာပေါ့၊ ဆရာကတော့ ကျက်သင့်တဲ့ စာဆိုရင် အာဂုံဆောင်နိုင်အောင် ကျက်ထားလိုက်တယ်'

'ဓမ္မပဒ အင်္ဂလိပ် ဘာသာပြန်တွေကို ပိုပြီး ကျက်ထားသင့်တာပေါ့ ဆရာရယ်'

'ဟုတ်တယ် ကိုစိုး၊ ကဲ စောစောက တရားကလေးကို အင်္ဂလိပ်လို

www.burmeseclassic.com



ပြောရင် ဒီလို ပြောနိုင်တယ်။

'It is better to live a day in the life of a person who can perceive the arising and passing away of the five aggregates than a person who lives a hundred years in the life of one who does not perceive the arising and desolving of the five aggregates. ဒီလို ဆိုသင့်ပါတယ် ကိုစိုး'

'ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါဆိုရင် ခန္ဓာငါးပါးရဲ့ ဖြစ်မှုပျက်မှုကို သိမှသာလျှင် ယောနိသောမနသိကာရ ဖြစ်နိုင်တယ်၊ သိသူ မြင်သူ ဖြစ်မယ်လို့ ကောက်ချက်ချလို့ ရပါသလား ဆရာ'

'လိုရင်း အချက်ကတော့ ဒါပဲ ကိုစိုးရဲ့၊ သို့သော်လည်း ခန္ဓာငါးပါးရဲ့ ဖြစ်ပျက်ကို မြင်ဖို့ ဆိုတာက ဝိပဿနာ အလုပ်ကို လုပ်ရမယ်၊ မလုပ်လို့ မဖြစ်ဘူး၊ လုပ်ကို လုပ်ရမယ့် ကိစ္စပဲလို့ သဘောထားသင့်တယ်၊ ဒါဟာလည်း သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း သဘော တစ်ခုပဲဗျ၊ သံယုတ္တနိကာယ် (မြန်မာပြန်၊ တတိယတွဲ) မဟာဝဂ္ဂပိုင်းမှာ ယောနိသောမနသိကာရနှင့် ပြည့်စုံခြင်း သဘောကို ဘုရားက အကြိမ်ကြိမ် ဟောထားတယ်၊ အရုဏ်တက်ခြင်းသည် နေထွက်ခြင်းရဲ့ ရှေ့ပြေးနိမိတ် ဖြစ်သကဲ့သို့ အသင့်အားဖြင့် နှလုံးသွင်းခြင်းသည်လည်း အင်္ဂါ ရှစ်ပါး ရှိသော အရိယာ မဂ်၏ ရှေ့ပြေး ဖြစ်တယ်တဲ့'

'ဒါဆိုရင် ဝိပဿနာ မလုပ်ခင် ယောနိသောမနသိကာရ ဖြစ်အောင် လုပ်ရမယ်လို့ ဆိုလိုတာပေါ့နော်'

'ဒီနေရာမှာ ဝိပဿနာ မလုပ်ခင် ဒိဋ္ဌိကို အရင်ဖြုတ်ပါလို့ မိုးကုတ် ဆရာတော်ဘုရားကြီး မိန့်မှာတော် မူထားတာလည်း ရှိတယ်၊ အမှန်ကတော့ ငါစွဲ ဒိဋ္ဌိပြုတ် (ဉာတပရိညာဖြင့်) မှ နှလုံးသွင်း မှန်တယ်၊ ဒီလို ဒိဋ္ဌိပြုတ်ဖို့၊ အသင့်အားဖြင့် ရုပ်နာမ် ဖြစ်ပျက် အပေါ်မှာ မှန်မှန်ကန်ကန် နှလုံးသွင်း တတ်ဖို့ ဆိုတာကလည်း ဝိပဿနာရှုမှ ဖြစ်တယ်'

'ဒါဆို တစ်ခုနှင့် တစ်ခု ဆက်စပ်နေတာပေါ့နော်'

'ဟုတ်ပါတယ် ကိုစိုး၊ မဟာဝဂ္ဂ သံယုတ်၊ ယောနိသောမနသိကာရ သမ္ပဒါသုတ်မှာ ဘုရား ဟောထားပုံကိုလည်း မှတ်ထားသင့်တယ်၊ ခင်ဗျား လိုချင်တဲ့ အဖြေကိုလည်း ရလိမ့်မယ်'

'ဟုတ်ကဲ့၊ ပြောပါဦး ဆရာ'



www.burmeseclassic

www.burmeseclassic.com



'ဘုရားက ရဟန်းတို့၊ တစ်ခုသော တရားသည် အင်္ဂါ ရှစ်ပါး ရှိသော အရိယာမဂ်ကို ဖြစ်စေခြင်းငှာ ကျေးဇူးများ၏၊ တစ်ခုသော တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့၊ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု ယောနိသော မနသိကာရနှင့် ပြည့်စုံခြင်းတည်း တဲ့၊ ဒီလို ဟောတော်မူပြီးမှ အင်္ဂါ ရှစ်ပါး ရှိသော အရိယာမဂ်ကို ပွားများပုံကို ဆက်ဟောတယ်'

'ဘယ်လို ဟောပါသလဲ ဆရာ၊ ပြောပြပါဦး'

'ရဟန်းတို့၊ အင်္ဂါ ရှစ်ပါး ရှိသော အရိယာမဂ်ကို ပွားများလတ္တံ့ဟု မျှော်လင့်အပ်၏၊ အင်္ဂါ ရှစ်ပါး ရှိသော အရိယာမဂ်ကို ဘယ်သို့လျှင် ပွားများအပ်သနည်း၊ ဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပွားများအပ်သနည်း၊ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု ရာဂကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော၊ အမျက်ဒေါသ ထွက်ခြင်း ဒေါသကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော၊ တွေဝေမှု မောဟကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သော အမြင် သမ္မာဒိဋ္ဌိကို ပွားများ၏၊ မှန်ကန်သော တည်ကြည်မှု သမ္မာသမာဓိကို ပွားများ၏၊ ရဟန်းတို့၊ ဤသို့လျှင် သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု ယောနိသော မနသိကာရနှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါ ရှစ်ပါး ရှိသော အရိယာမဂ်ကို ပွားများ၏၊ အင်္ဂါ ရှစ်ပါး ရှိသော အရိယာမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု မိန့်တော်မူ၏'*

'ဒါဆို ရာဂ ဒေါသ မောဟတွေကို ပယ်ဖျောက်ဖို့ အတွက် သမ္မာဒိဋ္ဌိ အမြင်မှန်ရဖို့၊ မှန်ကန်သော တည်ကြည်မှု သမ္မာသမာဓိ ရဖို့ ဝိပဿနာ အလုပ်တရားကို အားထုတ်ခြင်းသည် သင့်သောအားဖြင့် နှလုံးသွင်းခြင်း ဖြစ်တယ်လို့ ဆိုရမှာပေါ့နော် ဆရာ'

'ဒီနေရာမှာ ယောနိသောမနသိကာရဲ့ ကျေးဇူးပြုပုံတွေကိုလည်း သိသင့်တယ်'

'ဟုတ်ကဲ့၊ ပြောပါဦး ဆရာ'

'သင့်သောအားဖြင့် နှလုံးသွင်းသူမှာ စိတ်တည်ကြည်မှု၊ သမာဓိနှင့် ပညာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကာဆီးတတ်တဲ့ တရားတွေ ရှိတယ်၊ နီဝရဏ တရားတွေလို့ ခေါ်တယ်၊ နီဝရဏကို ခင်ဗျား ကြားဖူးမှာပေါ့'

'ကြားဖူးပါတယ်၊ ကာမစ္ဆန္ဒ နီဝရဏ၊ ဗျာပါဒ နီဝရဏ၊ ထိနမိဒ္ဓ

---

* သံယုတ္တ နိကာယ် (မြန်မာပြန်၊ တတိယတွဲ)၊ စာ ၃၀-၃၁



www.burmeseclassic.com

www.burmeseclassic.com



နိဝရဏ၊ ဥဒ္ဒစ္စ ကုက္ကုစ္စ နိဝရဏ၊ ဝိစိကိစ္ဆာ နိဝရဏ ဆိုတာတွေ မဟုတ်လား ဆရာ'

'ဟုတ်တယ်၊ ဒါဆိုရင် အဲဒီ တရားတွေ အကြောင်းကို အကျယ် မပြောတော့ဘူး၊ ဒီတရားနှင့် ယောနိသောမနသိကာရ ဆက်စပ်ပုံကိုပဲ ပြောမယ်'

'ဟုတ်ကဲ့၊ သိစရာတွေက များသားနော်'

'တရားက ဆက်စပ်နေတာကိုးဗျာ၊ ဘုရားက သင့်သောအားဖြင့် နှလုံးသွင်း မှန်သူမှာ နိဝရဏ တရားတွေ ကင်းပျောက်တယ်၊ မသင့်သောအားဖြင့် နှလုံးသွင်းသူမှာ နိဝရဏ တရားတွေ တိုးပွားတယ်၊ မဟာဝဂ္ဂသံယုတ်၊ နိဝရဏ ဝဂ်မှာလည်း ဘုရားက ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းသူအား မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်လည်း ဖြစ်၏၊ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင် လည်း ပွားများ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ဆိုလိုတာက ယောနိသောမနသိ ကာရ ရှိသော သူမှာ သတိ အစ၊ ဥပေက္ခာ အဆုံး ရှိတဲ့ သမ္ဗောဇ္ဈင်တရား ခုနစ်ပါး တိုးပွားနေတယ်လို့ ဆိုလိုတယ်'

'ကျွန်တော့် စိတ်ထဲမှာ နိဝရဏ တရားနှင့် သမ္ဗောဇ္ဈင် တရားတွေက ဆန့်ကျင်နေကြသလိုပဲ ဆရာ'

'ဟုတ်တာပေါ့ဗျာ၊ ဒီနှစ်ခုက ဖီလာ ဆန့်ကျင်တာပေါ့၊ နိဝရဏက မသင့်သောအားဖြင့် နှလုံးသွင်းခြင်း (အယောနိသောမနသိကာရ) နှင့် ဆိုင် တယ်၊ သမ္ဗောဇ္ဈင်တရား ခုနစ်ပါးက ယောနိသောမနသိကာရနှင့် ဆိုင်တယ်၊ ဒီ သဘော နှစ်ခု ခြားနားပုံကိုလည်း ဘုရားက အာဝရဏနိဝရဏသုတ်မှာ ဟောတော်မူထားသေးတယ် ကိုစိုးရဲ့'

'ဒီနေ့တော့ ဒီမှာပဲ ခေတ္တ ရပ်ထားပါဦး ဆရာ၊ ကျွန်တော်က ဆိုင် ကို ပြန်ပြီး ညပိုင်းမှာ ဗီဒီယိုပြဖို့ အခွေ ငှားရဦးမယ်၊ ကြော်ငြာ ရေးစရာတွေ လည်း ရှိသေးတယ်'

'ဟုတ်တယ်၊ ကျွန်တော်က အရေးမကြီးဘူး၊ အချိန် ပေးနိုင်တယ်၊ ခင်ဗျားက လုပ်စရာ အလုပ်က ခပ်များများရယ်၊ ကဲ ပြန် ပြန်'

ထိုလူငယ်သည် မပြန်ချင်ဘဲ ပြန်သွားလေသည်။ သူသည် လူ့ဘဝတွင် အဓိပ္ပာယ် ရှိရှိ နေလိုသူ ဖြစ်သည်။ မိဘကိုလည်း ကောင်းစွာ လုပ်ကျွေးသည်။ စီးပွားရေးကိုလည်း ဘက်စုံ လုပ်ကိုင်ချင်သည်။ ဘဝကို ကြီးပွားချင်သလို၊ ဓမ္မကိုလည်း သိချင် မြင်ချင်သူ ဖြစ်သည်။ ကလျာဏ မိတ္တကိုလည်း ရှာလိုသော ဆန္ဒ သူ့မှာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ်သည် နောက်နေ့တွင် မြို့ထဲသို့ မသွားဘဲ အိမ်မှာပင် နေသည်။ မဂ္ဂဇင်း ဆောင်းပါးများကို ရေးနေသည်။ စာရေးနေစဉ် အိမ်ရှေ့ ခြံဝမှာ မော်တော်ဆိုင်ကယ် တစ်စီး စက်ရပ်သံကို ကြားလိုက်ရသည်။ စာရေးစားပွဲ ရှေ့က ပြတင်းပေါက်ကို ကျော်ပြီး လှမ်းကြည့်လိုက်တော့ ခြံထဲကို ဝင်လာ သူမှာ ကိုစိုး ဖြစ်လေသည်။ သူသည် လက်ထဲမှာ ပလတ်စတစ် အိတ်တစ်အိတ် ကို ဆွဲပြီး အိမ်ပေါ်သို့ တက်လာသည်။

'ဟ ကိုစိုး၊ ဘယ်ကနေ ဒီကို ရောက်လာတာလဲ'

'ဟာမစ်တစ်က ရပ်ရှင် မြင့်တင်ရေးရုံးကို လာတာပါ ဆရာ၊ ကုက္ကိုင်း ရေကူးကန်လမ်းနှင့် နီးလို့ ဆရာ့အိမ်ကို ဝင်လာခဲ့တာ' ဟု ပြန်ဖြေရင်း ကိုစိုး က သူ့လက်ထဲမှ အထုပ်ကို လှမ်းပေးသည်။

'ဘာတွေလဲ ကိုစိုး'

သူ ကမ်းပေးသော လက်ဆောင် ပစ္စည်းများကို လှမ်းကိုင်ရင်း မေးမိ သည်။

'စားစရာ မုန့်တွေနှင့် နိုင်ငံခြားက သူငယ်ချင်း ပို့လိုက်တဲ့ ရုပ်အင်္ကျီ ပါ ဆရာ၊ ဆရာနှင့် အတော်ပဲ နေမယ် ထင်လို့ ဆရာ့အတွက် လက်ဆောင် ပေးဖို့ ယူလာတာပါ'

ကိုစိုး၏ ကိုယ်ရည်ကိုယ်သွေးကို ပိုပြီး နားလည်လာရသည်။ သူသည် သူများအိမ်ကို သွားသောအခါ လက်ဆောင်ပါ၍ သွားတတ်သူ ဖြစ်သည်။ အိမ်ကို ရောက်လာပြီး လက်ဆောင်ပစ္စည်း လာပေးသော်လည်း မိသက် ဧည့်ခံ သော ကော်ဖီကိုပင် မသောက်တော့ဘဲ ချက်ချင်း ပြန်သွားလေသည်။

**ရတနာသုံးပါး လက်ဆောင်**

တနင်္ဂနွေနေ့သို့ ရောက်လာသည်။ မြင်းခြံသူဌေး ရောက်လာသည်။ တနင်္ဂနွေ နေ့ နံနက် ခုနစ်နာရီတွင် ပြုလုပ်မြဲ စပေါင်း တရားထိုင်ပွဲသို့ သွားရန် လာ ခေါ်ခြင်း ဖြစ်သည်။ သူနှင့်အတူ အကျွန်ုပ်သည် အင်းလျားမြိုင်လမ်းရှိ အပြည် ပြည် ဆိုင်ရာ ပဋိပတ္တိ လုပ်ငန်းဌာန IMC သို့ လိုက်သွားခြင်း ဖြစ်၏။ IMC ကို ငွေစာရင်းမင်းကြီး ဦးဘခင် ထူထောင်ခဲ့လေသည်။ တနင်္ဂနွေနေ့တိုင်း မနက်ခင်း စုပေါင်း တရားထိုင်ပွဲ ရှိသည်။ ထိုနံနက်ခင်း တရားရှုမှတ်ပွဲသို့ အကျွန်ုပ်ကို မြင်းခြံသူဌေး ခေါ်၍ လိုက်သွားသောအခါ သမီးငယ် ယာယာ လည်း ပါသည်။ ထိုရိပ်သာသို့ ယခင်အခါက အကျွန်ုပ် မရောက်ဖူးပါ။ ဦး

www.burmeseclassic.com



ဘခင် ရိပ်သာဟု လူသိများသော အင်းလျားမြိုင်ရှိ IMC ရိပ်သာသည် မြို့လယ်ကောင်က တောရ တစ်ခုနှင့် တူပါသည်။ ခြံဝင်းက တစ်ဧကလောက် ကျယ်မည် ထင်သည်။ ကုန်းမြင့်ပေါ်တွင် စေတီ တစ်ဆူနှင့် စေတီ၏ မြောက်ဘက်တွင် ဓမ္မာရုံ ရှိသည်။ ထိုဓမ္မာရုံထဲတွင် ယောဂီများ စုပေါင်း တရားထိုင်ကြသည်။ အကျွန်ုပ်မှာ ယခင်က IMC ယောဂီဟောင်း မဟုတ်သော်လည်း မြင်းခြံသူဌေး၏ မျက်နှာဖြင့် ဝင်၍ တရားရှုမှတ်ခွင့် ရပါသည်။ လယ်တီနည်းဟု ဆိုသောကြောင့် အကျွန်ုပ်၏ စိတ်ထဲတွင် ကြိုတင်၍ အလွယ်တကူ လက်ခံထားနိုင်သည့် သဘော ရှိပါသည်။ ပထမဦးစွာ ဝိပဿနာကို တိုက်ရိုက်မသွားဘဲ သမထက စသည်။ သမာဓိ ထူထောင်မှုကို အာနာပါန (ဝင်လေသိ၊ ထွက်လေသိ) ဖြင့် စတင် အားထုတ်ရသည်။ အာနာပါနကို အကျွန်ုပ် လုပ်ဖူးပါသည်။ ပုတီးစိပ်စဉ် အခါကတည်းက အာနာပါနကို တွဲလုပ်ဖူးသည်။ ယခု IMC မှာ အာနာပါနကို အားထုတ်သောအခါ သမာဓိ ရလွယ်သည်ကို သတိပြုမိသည်။ တစ်နာရီ ထိုင်ရှုရသည်။ ခါတိုင်းဆိုလျှင် အကျွန်ုပ် ကိုယ်ပေါ်မှာ ပြင်းထန်သော ဒုက္ခ ဝေဒနာများ နာရီဝက်လောက် ဆိုလျှင် ပေါ်လာသည်။ သည်တစ်ကြိမ်တွင်မူ မိမိသည် ပြင်းထန်သော ဒုက္ခ ဝေဒနာကို မခံစားရ။ စိတ်က တည်ငြိမ်နေသောကြောင့်လား မသိ။ မျက်စိထဲမှာလည်း အရောင်တွေ အလင်းတွေကို မြင်နေရသည်။ ထိုအချိန်တွင် ခန္ဓာကိုယ်မှာလည်း ပေါ့ပါးနေသည်။ တစ်ချက် တစ်ချက် ဝေဒနာ တက်လာလျှင်လည်း ဝေဒနာကို မရှုဘဲ စိတ်ကို နှာသီးဖျားမှာ စုစည်းပြီး ထွက်လေ ဝင်လေကို မိအောင် သတိကပ်ပြီး ထိသိ သတိဖြင့် လိုက်နိုင်သည်။ ထိုအခါ ကိုယ်ပေါ်က ဝေဒနာတွေ ရုတ်တရက် ပျောက်ကွယ်သွားကြသည်။ မကြုံဖူးသေးသော တရားသဘော တစ်ခုကို ခံစားနေရသည်။ စိတ်ကလည်း တည်ငြိမ်နေသောကြောင့်လား မသိ၊ ကြည်လင်ပြီး အေးချမ်းမှုကို ခံစားရသည်။ ပတ်ဝန်းကျင် ကောင်းမွန်မှုကြောင့်ပဲလား မသိ ဆိုသော အတွေးတစ်ခု ဝင်လာသည်။ ထိုအခါ မိမိစိတ်ထဲတွင် ဤနေရာကား မိမိနှင့် သပ္ပါယ ဖြစ်သော နေရာ ဖြစ်လိမ့်မည်။ ဤနေရာ၌ ဝိပဿနာ တရား အားထုတ်ဖို့ လာမည်ဟု ဆုံးဖြတ်ချက် ချခဲ့လေသည်။

ထိုနေ့က IMC မှ ပြန်ခါနီးတွင် မြင်းခြံသူဌေးက အကျွန်ုပ်ကို ခေါ်သွားပြီး မန္တလေး တက္ကသိုလ် ဒုတိယ အဓိပတိဟောင်း ဆရာ ဦးကိုလေး (ဓေယျာမောင်) နှင့် မိတ်ဆက်ပေးသည်။ ပါဠိ ပါမောက္ခ ဆရာ ဦးတင့်လွင်ကိုလည်း ဆရာ ဦးကိုလေး အခန်းထဲမှာ တွေ့ရသည်။ ဆရာ ဦးတင့်လွင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ်တို့မှာ ရန်ကုန် တက္ကသိုလ်မှာ မိမိ ဆရာလုပ်စဉ် အခါကတည်းက သိပြီးသူများ ဖြစ်ပါသည်။ ယခုအခါ ဆရာ ဦးကိုလေးနှင့် ဆရာ ဦးတင့်လွင်တို့ နှစ်ဦး ပေါင်းပြီး တိပိဋက မင်းကွန်း ဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်ကို အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုနေကြကြောင်း သိရသည်။ ဆရာ ဦးကိုလေးက အကျွန်ုပ်ကို တွေ့သောအခါ ဝမ်းသာသော စကားကို ဆိုပါသည်။

'ဦးဆန်းလွင် ဆိုတာ ကြားဖူးနေတာတော့ ကြာပြီ၊ ကျုပ်ကလည်း တွေ့ချင်နေတာဗျ၊ ခုလို တွေ့ရတာ ဝမ်းသာတယ်' ဟု ဆိုသည်။ အကျွန်ုပ်က အသင့် ယူလာသော 'ရတနာသုံးပါး' စာအုပ် လေးတွဲကို ဆရာ ဦးကိုလေးအား လက်ဆောင်ပေးရင်း ပြောသည်။

'ဒါ ကျွန်တော် ရေးတဲ့ စာအုပ်တွေပါ ဆရာ၊ ဆရာ ဖတ်ကြည့်ပြီး အားမယ်ဆိုရင် သုံးသပ်ချက် မှတ်ချက်ကလေးလည်း ပေးဖို့ လက်ဆောင်ပေး တာပါ ဆရာ'

'ခင်ဗျားက လက်ဆောင်နှင့်အတူ အလုပ်ပါ ပေးတာကိုးဗျ၊ ကျုပ်က ကိစ္စများတယ်၊ မှတ်ချက်တွေ သုံးသပ်ချက်တွေတော့ ရေးပေးနိုင်မယ် မထင်ဘူး၊ ခင်ဗျား စာအုပ်တွေကို ကျုပ် အမျိုးသမီးက ဖတ်ချင်နေတာ၊ သူ့ကို အရင် ပေးပြီး ဖတ်ခိုင်းရမှာဗျ' ဟု ဆိုသည်။

ထိုအခါ ပါမောက္ခ ဆရာ ဦးတင့်လွင်က 'ကိုဆန်းလွင် တရားအား ထုတ်ဖို့ကော စိတ်မကူးသေးဘူးလား' ဟု မေးသည်။

'ကျွန်တော် ရိပ်သာဝင်ပြီး အားထုတ်နိုင်အောင် ကြိုးစားနေပါတယ် ဆရာ' ဟု ဆရာ့ကို ပြန်ပြောပြီး IMC က အပြန်မှာ မြင်းခြံသူဌေးနှင့်အတူ ကမာရွတ် လှည်းတန်း အနီးရှိ ဆရာကြီး မင်းသုဝဏ်၏ သပြေညိုခြံသို့ ရောက်သွားပြီး ဆရာကြီးအား 'ရတနာသုံးပါး' စာအုပ်ကို လက်ဆောင်ပေး ပါသည်။ ဆရာကြီးမှာ အသက် ရှစ်ဆယ်ခန့် ရှိပြီ ဖြစ်သည်။ သို့သော် ကျန်းမာရေး အခြေအနေ ကောင်းမွန်နေသည်ကို တွေ့ရသဖြင့် ဝမ်းသာအားရ ဖြစ်မိသည်။ ဆရာကြီးက 'အေးဗျ၊ တစ်နေ့ကပဲ မခင်မြ (ဒေါ်ခင်မျိုးချစ်) နှင့် တွေ့လို့ သူက ကိုဆန်းလွင်ရဲ့ ဒီစာအုပ် နာမည်ကြီးနေတယ် ဆိုပြီး ပြောတယ်ဗျ၊ သူလည်း ဖတ်ချင်နေတယ်လို့ ပြောသေးတယ်၊ သူ့ကိုကော ပေးဖြစ်ရဲ့လား' ဟု မေးသည်။

'ခုဒီက အပြန်မှာ ဆရာမကြီး နေတဲ့ ပြည်ရိပ်သာကို ဝင်ပြီး ပေးမလို့ ပါ ဆရာ'



www.burmeseclassic

www.burmeseclassic.com



'အေး ကောင်းတယ်၊ နေဦးဗျ၊ ကျုပ်လည်း ခင်ဗျားကို စာအုပ်ကလေး တစ်အုပ် လက်ဆောင် ပေးလိုက်ဦးမယ်' ဆိုပြီး ဆရာကြီး မင်းသုဝဏ်က အင်္ဂလိပ်လို ဘာသာပြန်ပါ ပူးတွဲ ရိုက်နှိပ်ထားသော စာအုပ်ငယ် တစ်အုပ်ကို လက်ဆောင် ပေးပါသည်။

ဆရာမကြီး ဒေါ်ခင်မျိုးချစ် အိမ်သို့ ရောက်သောအခါ လူမမာ ဖြစ်နေသော ဆရာမကြီးက အိပ်ရာမှ ထလာပြီး စာအုပ် လက်ဆောင် ပေး၍ အထူး ဝမ်းသာကြောင်း ပြောလေသည်။

'ကိုဆန်းလွင်ရဲ့ ဒီစာအုပ်ကို သိပ်ဖတ်ချင်နေတာ၊ လူတွေ ပြောသံ ကြားလို့ ပီတိ ဖြစ်နေရတယ်' ဟု ဝမ်းမြောက်ကြောင်းကို ဖော်ပြသည်။ နောက်နေ့တွင် ချမ်းမြေ့ရိပ်သာ ကျောင်းသို့ ရောက်ပါသည်။ ဆရာတော်ကြီးနှင့် ထိုကျောင်းမှာ ဝေယျာဝစ္စ လုပ်ကိုင်နေသော ဆရာမကြီး ဒေါ်ခင်နှင်းယု (မမစု) တို့ကို 'ရတနာသုံးပါး' စာအုပ် လက်ဆောင်ပေးခဲ့လေသည်။

**နှလုံးသွင်းမှန်ခြင်း အကျိုးနှင့် နှလုံးသွင်းမှားခြင်း အပြစ်**

ထုံးစံအတိုင်း အင်္ဂါနေ့တွင် အကျွန်ုပ်သည် မြို့ထဲက ဘဝတက္ကသိုလ် စာအုပ် တိုက်သို့ Everyday English စာစောင်ကိစ္စ သွားသည်။ နေ့လယ် နှစ်နာရီ လောက်မှာ စက်ဘီး တစ်စီးနှင့် ကိုစိုး အကျွန်ုပ်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။

'လက်ဖက်ရည်ဆိုင်ထဲ သွားပြီး တရား ဆွေးနွေးရအောင် ဆရာ' ဟု ကိုစိုးက ဆိုသည်။ ဆိုင်ထဲ ရောက်တော့ ဆိုင်အလုပ်သမားကလေးက အကျွန်ုပ် တို့ အကြိုက် လက်ဖက်ရည် ပေါ့ဆိမ့် နှစ်ခွက်ဟု အော်ပြီး မကြာမီ ပေါ့ ဆိမ့် လက်ဖက်ရည် နှစ်ခွက်ကို လာချပေးသည်။ ထိုနောက် ကိုစိုးက တရား စကားကို အစဖော်ပေးလိုက်သည်။

'ယောနိသောမနသိကာရ တရားက အခြား တရားတွေနှင့်လည်း ဆက်စပ်နေတယ်နော် ဆရာ၊ အိမ်ကျမှ ညပိုင်း ကျွန်တော် အနားယူရင်း တွေးနေမိတယ်၊ နှလုံးသွင်း မှန်ရင် ဗောဇ္ဈင် တရား ခုနစ်ပါး ဖြစ်သွားတယ်၊ နှလုံးသွင်း မှားရင် နီဝရဏ တရား ငါးပါး ဖြစ်သွားတယ် ဆိုတဲ့ အချက်ဟာ တော်တော် မှတ်သားဖို့ ကောင်းတာပဲ'

'ဟုတ်တယ် ကိုစိုး'

'နေပါဦး ဆရာရဲ့၊ တစ်နေ့က ကျွန်တော်တို့ ပြန်ခါနီးမှာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တာ အာဝရဏ နီဝရဏ သုတ္တန် ဆိုလားပဲ၊ အဲဒါ ပြောပြပါဦး'

'အင်း ဟုတ်သားပဲ၊ အာဝရဏ နီဝရဏ သုတ္တန် မလာခင် ဗုဒ္ဓ သုတ်ကို မြတ်စွာဘုရား ဟောတော်မူသေးတယ်'

'ဘာ အကျိုးအတွက် ဟောတာလဲ ဆရာ'

'ခင်ဗျား မေးခွန်း မေးတာ ပိုင်တယ်ဗျာ၊ ဒါလည်း ခင်ဗျား နှလုံးသွင်းမှန်လို့ မေးပုံက တည့်တယ်၊ လိုရင်းကို ဒက်ခနဲ ပေါ်အောင် မေးတတ်တယ်၊ ယောနိသောမနသိကာရ၊ အယောနိသောမနသိကာရ၊ နှလုံးသွင်း မှန်ခြင်းရဲ့ အကျိုးနှင့် နှလုံးသွင်း မှားခြင်းရဲ့ အပြစ်တွေကို ပြတာဗျ'

'ဗုဒ္ဓိသုတ်မှာ ဘာကို အဓိကထားပြီး ဟောတာလဲ ဆရာ'

'ဗုဒ္ဓိသုတ် ဒေသနာဟာလည်း နှလုံးသွင်း မှန်ခြင်းရဲ့ အကျိုးကို ဖော်ပြဖို့ အတွက် ဟောတာဗျ၊ ဆိုလိုတာက နှလုံးသွင်း မှန်လို့ ဗောဇ္ဈင် ခုနစ်ပါး တရား ကိုယ်မှာ ထင်ရှား ဖြစ်ပေါ်လာရင်၊ အဲဒီ ဗောဇ္ဈင် ခုနစ်ပါး တရားကို ကြိမ်ဖန်များစွာ အားထုတ်လို့ရှိရင် တိုးတက်မှု ဖွံ့ဖြိုးမှုတွေ ဖြစ်ပေါ်လာနိုင်တယ်တဲ့၊ ဘယ်တော့မှ မဆုတ်ယုတ်တော့ဘူးတဲ့ဗျ'

'ဟာ ဒီတရားက တစ်ယောက်တည်း အတွက် မကဘဲ တစ်မျိုးသားလုံး၊ တစ်တိုင်းပြည်လုံး အတွက် တိုးတက် ဖွံ့ဖြိုးရေးကို စဉ်းစားတဲ့အခါ အခြေခံပြီး စဉ်းစားရမယ့် တရားပါလား ဆရာရယ်'

'ကိုစိုးက ဉာဏ်ကို ချဲ့ပြီး စဉ်းစားလိုက်တာကိုး၊ အမှန်တော့ ဗုဒ္ဓ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတွေဟာ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူးကို ရွက်ဆောင်နိုင်တာချည်းပါပဲဗျ၊ ဗုဒ္ဓဘာသာ မြန်မာ လူမျိုးတွေက ဗုဒ္ဓဘာသာကို ခံယူ ကျင့်သုံးတဲ့ အခါ တလွဲ ကျင့်သုံးနေကြတယ်'

'ဘာကို ဆိုလိုတာလဲ ဆရာ'

'နံပါတ်တစ်က ဘုရားဟော တရားတွေကို ထေရဝါဒ နည်းကျ ဗုဒ္ဓ နည်းကျ မှန်မှန်ကန်ကန် မသိဘူး၊ သိအောင်လည်း မကြိုးစားကြဘူး၊ ဘုရား ဟော တရားရဲ့ အနှစ်သာရတွေကို မသိတော့ နှလုံးသွင်း မှားတာပေါ့ဗျ၊ နှလုံးသွင်း မှားတော့ ဗောဇ္ဈင်တရား ခုနစ်ပါးလည်း ကိုယ်မှာ ဖြစ်မလာနိုင် တော့ဘူး၊ ဗောဇ္ဈင်တရား ခုနစ်ပါးကို ကြိမ်ဖန်များစွာ ပွါးလုပ် အားထုတ်ခြင်း မပြုတော့တဲ့ အတွက် တိုးတက် ဖွံ့ဖြိုးမှုတွေလည်း ဖြစ်မလာနိုင်ကြတာပေါ့'

'ဟုတ်ပြီ ဆရာ၊ ကျွန်တော့် ခေါင်းထဲမှာ တော်တော် သဘောပေါက်



www.burmeseclassic

www.burmeseclassic.com



လာပြီ၊ ဗောဇ္ဈင်တရား ခုနစ်ပါးဟာ တိုးတက် ဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေတယ်လို့ သဘောကျပါတယ်၊ အဲဒီ ဗောဇ္ဈင် ခုနစ်ပါးကို ပြောပြပါဦး ဆရာ'

'ဘဝ တိုးတက်မှု အတွက်ရော၊ ဓမ္မ တိုးတက်မှု အတွက်ရော အကျိုးကျေးဇူး များစွာကို ဖြစ်ထွန်းစေတဲ့ ဗောဇ္ဈင် ခုနစ်ပါး တရား ဆိုတာက (၁) သတိ သမ္ဗောဇ္ဈင်၊ (၂) ဓမ္မ ဝိစယ သမ္ဗောဇ္ဈင် (ပညာ သမ္ဗောဇ္ဈင်)၊ (၃) ဝီရိယ သမ္ဗောဇ္ဈင်၊ (၄) ပီတိ သမ္ဗောဇ္ဈင်၊ (၅) ပဿဒ္ဓိ သမ္ဗောဇ္ဈင်၊ (၆) သမာဓိ သမ္ဗောဇ္ဈင်၊ (၇) ဥပေက္ခာ သမ္ဗောဇ္ဈင်တို့ပဲ ကိုစိုးရဲ့'

'ဟုတ်ကဲ့၊ ကျွန်တော် ပိုပြီး နားလည်လာပါပြီ ဆရာ၊ အာဝရဏ နီဝရဏသုတ်ကို ပြောဦးမယ်ဆို၊ ခု အဲဒါကို ရောက်သင့်ပြီလား ဆရာ'

'ဟုတ်တယ်၊ ပြောသင့်တဲ့ အချိန်ကို ရောက်ပြီ ကိုစိုးရဲ့၊ အာဝရဏ နီဝရဏသုတ်မှာ ဟောတာက နှလုံးသွင်းမှားကြလို့ နီဝရဏ တရားတွေ ဖြစ်ပေါ် တိုးပွားလာရင် ဖြစ်တတ်တဲ့ တရားတွေက ကုသိုလ်တရားတွေကို ပိတ်ပင် တားဆီးတတ်တယ်၊ ကုသိုလ်နှင့် မယှဉ်တဲ့ စိတ်ဟာ ညစ်ညူးလာတာပေါ့၊ ဒီလို စိတ်ညစ်ညူးလို့ ရှိရင် ပညာလည်း အားနည်း ဆုတ်ယုတ်သွားတယ်၊ နှလုံးသွင်းမှန်လို့ ဗောဇ္ဈင်တရားတွေ ဖြစ်ပေါ် တိုးတက်လာလို့ ဒီတရားတွေကို အကြိမ်ကြိမ် ပွားများလို့ ရှိရင် အရဟတ္တဖိုလ် ထိအောင် ဝိဇ္ဇာဉာဏ်တွေ ဖြစ်ပေါ်လာတယ်၊ ကိလေသာတွေက လွတ်မြောက်မှု ဆိုတဲ့ ဝိမုတ္တိ အကျိုးကို ခံစားရတယ်၊ ကုသိုလ်တရားတွေလည်း ဖြစ်တယ်၊ စိတ်လည်း ကြည်လင်ရှင်လန်းတာပေါ့'

'သဘောကျပါတယ် ဆရာ၊ နှလုံးသွင်း မှန်ရင်က အကျိုး၊ နှလုံးသွင်းမှားရင်က အပြစ် ဖြစ်တယ် ဆိုတာတော့ အကြမ်းအားဖြင့် သဘောပေါက်တယ်လို့ ဆိုနိုင်ပြီ ထင်ပါတယ်၊ ဒီနေရာမှာ ကျွန်တော့် စိတ်ထဲမယ် အရေးကြီးတယ်လို့ ထင်လာတာ တစ်ခု ရှိပါတယ်'

'ဆိုစမ်းပါဦးဗျ'

'အရေးကြီးတယ်လို့ ကျွန်တော် ထင်တာက နှလုံးသွင်း မမှားအောင် ဘယ်လို လုပ်သင့်သလဲ၊ လုပ်ရမလဲ ဆိုတာပါပဲ ဆရာ'

'အဲဒီ မေးခွန်းကို သဗ္ဗာသဝသုတ်မှာ ဘုရားက အဖြေပေးထားတာ ရှိပါတယ် ကိုစိုး၊ အဲဒီ သုတ်ကို ရှာဖတ်ကြည့်ပါ'

'ရှာဖတ်နေရဦးမှာက ကြာပါတယ် ဆရာရယ်၊ ခုတစ်ထိုင်တည်းနှင့် သိရအောင် ဆရာကပဲ အကျဉ်းချုပ်ပြီး ပြောပြပါလား'



www.burmeseclassic

www.burmeseclassic.com



'ကဲ ခင်ဗျားက နေ့စဉ် လက်ဖက်ရည်တိုက်ပြီး ကျေးဇူးပြုထားတာ ဆိုတော့ ကျွန်တော်ကပဲ ပြန်ပြီး ကျေးဇူးပြုပါ့မယ်၊ နှလုံးသွင်းမှန်ဖို့ တည့်ဖို့ ကိစ္စမှာ ယောဂီဟာ မိမိကိုယ်ကို သုတဝါ အရိယာ သာဝက ဖြစ်အောင် အရင် လုပ်ရမယ်၊ အဲဒါက အကြားအမြင် များတဲ့ သုတဗုဒ္ဓိ ဉာဏ်မျက်စိ ရှိတဲ့ ကလျာဏ ပုထုဇဉ် ဖြစ်ရမယ်၊ အန္ဓ ပုထုဇဉ် အကန်း မဖြစ်ရဘူး၊ ဒါကို သဘောပေါက်ရဲ့လား'

'ပေါက်ပါပြီ ဆရာ'

'နှလုံးသွင်းမှန်ဖို့ ဆိုတာ အကြားအမြင်လည်း ရှိမှ၊ သူတော်ကောင်း နှင့်လည်း ပေါင်းဖော်မှ၊ သူတော်ကောင်းကိုလည်း ဆည်းကပ်မှ၊ မှန်ကန် မွန်မြတ်သော တရားကိုလည်း နာကြားမှ ဖြစ်တယ်၊ ဒီလို သူတော်ကောင်းကို လည်း ဆည်းကပ်၊ မြတ်သော တရားကိုလည်း နာကြားရလို့ နှလုံးသွင်းမှန်တဲ့ လူဟာ ဒုက္ခကိုလည်း သိတယ်၊ ဒုက္ခဖြစ်ကြောင်းကိုလည်း သိတယ်၊ ဒုက္ခချုပ် ကြောင်းကိုလည်း သိတယ်၊ ဒုက္ခချုပ်ကြောင်း အကျင့်ကိုလည်း သိတယ်၊ ဒီ လို သိပြီး နှလုံးသွင်း မှန်သွားသူဟာ ခန္ဓာငါးပါးကို ငါပဲ ငါ့ဥစ္စာပဲလို့ မစွဲ လမ်းတော့ဘူး၊ သက္ကာယ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ဖျောက်နိုင်တယ်၊ ဒီလို အာသဝေါတရားတွေကို ပယ်ဖျောက်နိုင်ခြင်းကို မြင်ခြင်းဖြင့် ပယ်ခြင်း (ဒဿ နေန ပဟာန) လို့ ခေါ်တယ် ကိုစိုးရဲ့'

'နေပါဦး ဆရာရဲ့၊ ကျွန်တော့် ခေါင်းထဲကို မေးခွန်း တစ်ခု ရောက် လာတယ်'

'ဘာမေးခွန်းလဲ၊ မေးစမ်းဗျာ'

'ခု ကျွန်တော်တို့ ဆွေးနွေးခဲ့ကြတာတွေဟာ ဝိပဿနာ ဖြစ်ပြီလား ဆရာ'

'အင်း၊ ဒီမေးခွန်း သိပ်ကောင်းတယ်၊ လူတွေက ထိုင်ပြီး အားထုတ်မှ ဝိပဿနာ ထင်နေကြတယ်၊ မဟုတ်ဘူး ကိုစိုးရဲ့၊ ပထမ ဝိပဿနာ အလုပ်က ခန္ဓာမှာ ဉာဏ်စိုက်ရတဲ့၊ မဟာဝိပဿနာပိုင်းကို မလုပ်ခင် ဉာတပရိညာလို့ ခေါ်တဲ့ နယဝိပဿနာ အလုပ်ကို ကျေညက်အောင်၊ သိသင့် သိထိုက်တာတွေ ကို သိပြီး နှလုံးသွင်း မှန်အောင် လုပ်ဖို့လည်း အရေးကြီးတယ် ဆိုတာ သိ သင့်တယ်၊ ဒါကြောင့် ဘုရားက မဟာဝဂ္ဂသံယုတ်၊ အာဝရဏ နီဝရဏသုတ်မှာ ဘယ်လို ဟောသလဲ ဆိုတော့ ရဟန်းတို့၊ အရိယာ တပည့်တို့သည် အရိအသေ ပြုကာ နှလုံးသွင်းလျက်၊ အလုံးစုံကို စိတ်၌ ကောင်းစွာ ထားပြီး စူးစိုက်စွာ

www.burmeseclassic.com



နားထောင်သည် ဖြစ်၍ တရားတော်ကို နာကြားသောအခါ ဤအရိယာ တပည့်အား နိဗ္ဗာန် ငါးပါးသည် မဖြစ်ကုန်၊ ဗောဇ္ဈင် ခုနစ်ပါး တရားတို့သည် ပွားများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏* လို့ ဟောထားတယ်'

'ဟုတ်ပါပြီ ဆရာ၊ သိသင့် သိထိုက်တာတွေကို သိမှသာ နှလုံးသွင်း မှန်တယ်၊ နှလုံးသွင်း မှန်မှသာ နီဝရဏကို ပယ်ပြီး ဗောဇ္ဈင်တရားတွေ တိုးပွားပြီး အကျိုးများတယ်၊ ဒီလို လုပ်နေတာသည်ပင် နယဝိပဿနာကို အားထုတ်နေတာပဲလို့ ကျွန်တော် ယူဆပါတယ် ဆရာ'

'ကိုစိုးလည်း လိုရင်းအချက် တစ်ခုကို သိသွားပြီပဲ၊ ခု ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ကြားသိနေကြရတာတွေက ဘုမသိ ဘမသိ ရိပ်သာ တစ်ခုခုကို သူများ သွားတော့ အဖော်ကောင်းလို့ ဆိုပြီး လိုက်သွားတယ်၊ ဟိုရောက်တော့လည်း ဘယ်လို လုပ်ရမယ်၊ ဘယ်လို နှလုံးသွင်းရမယ်၊ ဘယ်လို အသိနှင့် ဒိဋ္ဌိ ဖြုတ်ရမှန်းလည်း နားမလည်ဘဲနှင့် ထိုင်ဆို ထိုင်ကြတာပဲ၊ ဆယ်ရက် တစ်ပတ် အားထုတ်တယ် ဆိုပြီး ပြန်လာကြတာ၊ ဘယ်လို အားထုတ်တာလဲ မေးကြည့်တော့ သွားပြီး ထိုင်နေတာပဲ၊ ခဏကြာတော့ ဝေဒနာတွေ ပေါ်လာတယ်၊ အဲဒီ ဝေဒနာတွေနှင့် နပန်းသတ်နေကြတာပဲ၊ ဝေဒနာကို မကျော်နိုင်ဘူး စသည်ဖြင့် ပြောကြတာ ကြားဖူးမှာပေါ့'

'ကြားဖူးပါတယ်၊ အိမ်က အမေတို့ အဒေါ်တို့လည်း ဒီလိုပဲ လုပ်နေကြတာပဲ ဆရာရဲ့၊ ဒါကတော့ သုတဗုဒ္ဓိဉာဏ်မျက်စိ မရှိလို့ ဖြစ်တာ ထင်ပါရဲ့၊ အမှန်ကတော့ အန္ဓပုထုဇဉ်က ဝိပဿနာကို တိုက်ရိုက် အားထုတ်တော့ အဆင့်ကျော်နေသလားလို့၊ တကယ်ဆိုရင် သူဟာ အကြားအမြင် ရှိသူ ကလျာဏပုထုဇဉ် ဖြစ်အောင် နာသင့်တဲ့ တရားတွေ နာပြီး ဒိဋ္ဌိကို အသိနှင့် ဖြုတ်ပြီး နှလုံးသွင်း တည့်အောင် ပြင်ဆင်ပြီးမှ လက်တွေ့ အားထုတ်ရင် ပိုကောင်းတယ်လို့ ကျွန်တော် ထင်ပါတယ်'

'ကိုစိုး ပြောတာ ဖြစ်သင့်တဲ့ တရားသဘောပဲဗျာ'

'ကျွန်တော် ဒီအထိ နားလည် သဘောပေါက်ပါပြီ ဆရာ၊ ခုနောက်ဆုံး မေးချင်တာက ခု မြန်မာပြည်မှာ မဟာဝိပဿနာကလည်း (၁) သမထယာနိကနှင့် (၂) သုက္ခ ဝိပဿနာ နှစ်မျိုးမှာ ဆရာ့အနေနှင့် ဘယ်အမျိုးကို ပိုကြိုက်သလဲ ဆရာ'

---

* သံယုတ္တ နိကာယ် (မြန်မာပြန်၊ တတိယတွဲ)၊ စာ ၈၉



www.burmeseclassic.com

www.burmeseclassic.com


'ကျွန်တော်ကတော့ လယ်တီ ဆရာတော်ကြီးရဲ့ အဆုံးအမတွေကို ဦးထိပ်ထားပြီး ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်ချင်လို့ ကြိုးစားလာသူ ဆိုတော့ ဆရာတော်ကြီး ချသွားတဲ့ မူကိုပဲ ကြိုက်တယ်၊ ဆရာတော်ကြီးက သုက္ခ ဝိပဿနာဟာ ကောင်းတော့ ကောင်းတယ်၊ ဝီရိယစွမ်း ဉာဏ်စွမ်းထက်သူ တို့ အဖို့ပဲ ကောင်းတယ်လို့လည်း မိန့်တော်မူတယ်၊ ပြီးတော့ တရား (ဝိပဿနာ) အလုပ်ကို လုပ်တဲ့အခါ ခေတ်ကာလကိုလည်း ထည့်တွက် စဉ်းစားရမယ်လို့ ဗောဓိပက္ခိယ ဒီပနီမှာ လမ်းညွှန်ထားတာကို တွေ့ရတယ်၊ ဒါကြောင့် ဒီလို နေယျခေတ်မှာ ဝီရိယစွမ်း ဉာဏ်စွမ်းထက်သူက ရှိတော့ ရှိမယ်၊ ရှားတယ်၊ သာမန်လူတွေကတော့ နေယျတွေချည်းပဲဗျ၊ ဒါကြောင့် သမထယာနိက ကသာ ဒီခေတ်က လူတွေ အတွက် ပိုပြီး အံဝင်ခွင်ကျ ရှိနိုင်တယ်လို့ ကျွန်တော် ရှုမြင်မိပါတယ်၊ ဒီနည်းကို ကျွန်တော်က အသင့် ယုတ္တိ ရှိတယ်လို့ ပိုပြီး ထင်တယ်'

'အသင့် ယုတ္တိ ဆိုတာ ဘာကို ဆိုလိုတာလဲ ဆရာ'

'လောက သဘာဝ၊ လူ့သဘာဝကို ပြောတာဗျ၊ လောကမှာ လူဟာ ဆင်းရဲသား ဘဝကနေ ရဟန်းပြုတယ် ဆိုပါစို့၊ အဲဒီ ရဟန်းဟာ လာဘ်လာဘ လိုချင်မှာပဲ၊ စည်းစိမ်ချမ်းသာကို ခံစားချင်မှာပဲ၊ စည်းစိမ်ချမ်းသာကို မစွန့်နိုင်ဘူး၊ လူတစ်ယောက် စည်းစိမ်ချမ်းသာတွေကို လူ့ဘဝမှာ အပြည့်အဝ ခံစား ခဲ့ပြီးမှ စွန့်ပြီး ရဟန်းပြုသွားတယ် ဆိုပါတော့၊ သူဟာ ရဟန်းဘဝမှာလည်း စည်းစိမ်ချမ်းသာကို မလိုချင်ဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကိုပဲ လိုချင်မယ်၊ ကျုပ်တို့ ဂေါတမ ဗုဒ္ဓလိုပေါ့၊ မင်းစည်းစိမ်ကို စွန့်ပယ်ပြီး ရဟန်း ပြုသွားတာ ဆိုတော့ သူ့ကို မင်းစည်းစိမ်နှင့် ဖြားယောင်း သွေးဆောင်လို့ ရပါတော့မလား'

'မရတော့ပါဘူး၊ ဒါနှင့် ဆရာ သမထယာနိကနည်းကို ကြိုက်တာနှင့် ဆက်စပ်သလား ဆရာ'

'ဟ ဆက်စပ်တာပေါ့ ကိုစိုးရဲ့၊ ခင်ဗျား ကြည့်နေ၊ တစ်နေ့ကျရင် ကျွန်တော် ရဟန်းပြုမှာပဲ၊ ဘယ်အခါလဲ၊ စည်းစိမ်ချမ်းသာတွေ ပြည့်စုံတဲ့အခါ၊ အဲဒီအခါကျမှ ဒါတွေကို စွန့်ထွက်သွားမယ်၊ ဒီလိုပဲ သမထ မပါဘဲနှင့် ဝိပဿနာ လုပ်တာကိုလည်း စည်းစိမ်ချမ်းသာ မခံစားဖူးဘဲနှင့် စည်းစိမ်ချမ်းသာ မရှိ ဘဲနှင့် လူ့ဘောင်ကို စွန့်ပြီး ရဟန်းပြုသလို မလုပ်ချင်ဘူး၊ သမထနှင့် ရသင့် တဲ့ တရားရှာန် အဘိညာဉ်တွေကိုလည်း ရအောင် လုပ်ချင်တယ်၊ ရဖူးပြီ၊ ခံ

www.burmeseclassic.com



စားဖူးပြီ ဆိုမှ ဒါတွေကို စွန့်ပယ်ပြီး ကိလေသာ အားလုံး ချုပ်ဆုံးရာ အမှန် မြတ်နိဗ္ဗာန်ကို တက်လှမ်းတဲ့ ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရ အောင် အားထုတ်ချင်တယ်'

'အင်း၊ ဒါလည်း သင့်တော်သော အားလျော်စွာ နှလုံးသွင်းခြင်း တစ်မျိုးပဲလို့ ထင်ပါတယ် ဆရာ'

'နေရာတိုင်းမှာ နှလုံးသွင်း တည့်ရမယ်၊ မဇ္ဈိမပဋိပဒါလည်း ကျရမယ်၊ ဒါမှသာ သစ္စာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရနိုင်တယ်၊ သမ္မာဒိဋ္ဌိကို အခြေခံရမှာပေါ့၊ အမြင်မှန် ရောက်ဖို့ ဆိုတာက အစွန်းလွတ်မှ ဖြစ်တာဗျ၊ ဒါကြောင့် ဗုဒ္ဓဘာသာ (ထေရဝါဒ) အစစ်အမှန်ကို နားလည်ချင်ရင် ကိုစိုး ခင်ဗျား မဇ္ဈိမပဋိပဒါ သဘောကိုလည်း သိနားလည်အောင် လုပ်သင့်တယ်'

'အင်း၊ မဇ္ဈိမပဋိပဒါ ဆိုတာလည်း နားထဲတော့ ကြားဖူးတာ အသံ ခြေရာချင်းတော့ ထပ်နေပါပြီ၊ ဉာဏ်ဗွက်ပေါက်တာပဲ ရှိပါတယ်၊ ဉာဏ်လမ်း မပေါက်ခဲ့ပါဘူး ဆရာ၊ ခု ယောနိသောမနသိကာရလို ကျွန်တော့် ဉာဏ်ထဲ ရှင်းအောင် တရားသဘောတွေကို သွင်းပေးဦး ဆရာ'

'ကောင်းပြီဗျာ၊ ခင်ဗျားနှင့် တရား ဆွေးနွေးရတာ စိတ်ရွှင်လန်းမှု ရှိပါတယ်၊ ကျွန်တော်တို့ နောက်ရက်တွေ ရှိပါသေးတယ်၊ ထပ်ပြီး ဆွေးနွေး ကြသေးတာပေါ့'

ထိုနေ့က ကိုစိုး စိတ်ကျေနပ်မှုရပြီး ပြန်သွားသည်ဟု ထင်ပါသည်။ သူ့ခြေလှမ်းများ သွက်ပြီး စက်ဘီးကိုလည်း ခပ်မြန်မြန် တွန်းပြီး ပေါ့ပေါ့ပါး ပါး ခုန်တက်ကာ သွက်သွက်စီးနင်း ထွက်ခွာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၉။ မင်္ဂလာမပင်ပြင်ပြင်။ သစ္စာရှာပုံတော်သမား သွားရာလမ်း

### ဂျပန် ဦးပဥ္စင်းကလေး၏ အစွန်းရောက်သော အမြင် တစ်ခု

အကျွန်ုပ်၏ ဘဝတွင် ဂျပန် ဦးပဥ္စင်းကလေး ဦးဝိမလနှင့် ဆုံတွေ့ခဲ့ရသော ကာလသည် ထူးခြားသော ကာလ တစ်ခု ဖြစ်သည်ဟု ဆိုနိုင်မည် ထင်ပါသည်။ ထိုသို့ ဆိုရန် အကြောင်းမှာ သူ၏ ဉာဏ်အမြင် ထက်မြက်မှုက အကျွန်ုပ်၏ စိတ်ကို ဆွဲဆောင် ခေါ်ငင်သွားနိုင်သောကြောင့် ဖြစ်ပါသည်။ ဒုတိယ အကြောင်းမှာ သူနှင့် အကျွန်ုပ်သည် အခြေခံ စိတ်သဘောထားချင်း တူညီမှု ရှိသည်ဟု ဆိုနိုင်၍ ဖြစ်ပါသည်။ စိတ်ချင်းတူပုံမှာ သူ့မှာလည်း အကျွန်ုပ်မှာကဲ့သို့ပင် (၁) လောကကို ရှုမြင်ရာ၌ ဖြစ်စေ၊ ဘာသာ အယူဝါဒကို စူးစမ်း လေ့လာရာ၌ ဖြစ်စေ ဖွင့်ထားသော စိတ်နှလုံး (open mind) ရှိခြင်း၌ တူပုံလည်း တစ်ရပ်၊ (၂) ဘယ်ကိစ္စ ဘယ်အမြင် ဘယ်အယူအဆကို မဆို အလွယ်တကူ လက်မခံဘဲ ခွဲခြမ်း စိတ်ဖြာ လေ့လာပြီး ဝေဖန် သုံးသပ်ကြည့်ချင်သော စိတ်ဓာတ် ရှိခြင်း၌ တူပုံလည်း တစ်ရပ်၊ (၃) ဗုဒ္ဓဘာသာကို ခံယူ ကျင့်သုံးရာ၌ ကျဉ်းမြောင်းသော အမျိုးသားရေး အမြင်နှင့် မချဉ်းကပ်လိုဘဲ ကျယ်ပြန့်သော နိုင်ငံတကာ အမြင်၊ ခေတ်အမြင်ဖြင့် ချဉ်းကပ်၍ ကျင့်သုံးလိုသော ဆန္ဒ ရှိခြင်း၌ တူခြင်းလည်း တစ်ရပ် စသည်တို့ ဖြစ်ပါသည်။ သူ့ကို အကျွန်ုပ် နှစ်ခြိုက်သည်မှာ သူသည် ဝိဘဇ္ဇဝါဒီ၊ ထေရဝါဒ ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်လိုပြီး လူတွေက အကောင်းဟု ထင်မြင် ယူဆထားသော၊ အများ လက်ခံထားသော အယူအဆကို မမှန်သေးဘူး ရွဲ့စောင်းနေကြောင်းကို မီးမောင်း ထိုးပြချင်သော စိတ်ဆန္ဒမျိုး သူ့မှာ ရှိသောကြောင့် ဖြစ်သည်။ သူနှင့် တွေ့ဆုံသောအခါ အမြင်သစ် အယူအဆသစ်များကို ကြားသိရသည်မှာ အကျွန်ုပ် သူ့ကို စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားရခြင်း အကြောင်း ဖြစ်လေသည်။

ယနေ့ ညနေပိုင်းမှာ သွားနေကျအတိုင်း သူနှင့် တွေ့ဆုံရန် အတွက် အကျွန်ုပ်သည် သမီးငယ်နှင့်အတူ ချမ်းမြေ့ ရိပ်သာသို့ သွားပါသည်။ သူ့ကို ရုံးခန်း အပေါ်ထပ်က သူ သီတင်းသုံးသော ကျောင်းခန်းမှာ ဖူးရပါသည်။ ယခင်က အကျွန်ုပ်တို့ တရားဆွေးနွေးသော စံကျောင်းဟောင်း အပေါ်ထပ်တွင် နိုင်ငံခြားသား တရားဝင် ရဟန်း ယောဂီများ တရား အားထုတ်ရာ၊ သီတင်း သုံးရာ အခန်းနှင့် နီးစပ်နေသဖြင့် ထိုယောဂီများကို အနှောင့်အယှက် ဖြစ် နေလေသည်။ ထို့ကြောင့် အကျွန်ုပ်တို့ စာသင်ရာ နေရာ၊ ဆွေးနွေးရာ နေရာကို ရုံးခန်း အပေါ်ထပ်သို့ ပြောင်းရွှေ့လိုက်ခြင်း ဖြစ်လေသည်။

ယနေ့ သူ့ထံသို့ ရောက်လျှင် ရောက်ချင်း ဂျပန် ဦးပဋ္ဌင်းကလေးထံ မှ မြန်မာစာပေနှင့် ပတ်သက်သော ဝေဖန် သုံးသပ်ချက် မှတ်ချက်စကားကို ကြားရလေသည်။

'မြန်မာ စာပေဟာ ဗုဒ္ဓစာပေကို အခြေခံထားလို့လား မသိဘူး၊ ကုသိုလ် ရကြောင်း ကောင်းမြတ်တဲ့ သဘောတွေကိုပဲ စံထားပြီး ရေးချင်ကြတာ ဦးပဋ္ဌင်း အကဲခတ်မိတယ်၊ လူ့ဘဝ ဆိုတာက အကောင်းချည်းမှ မဟုတ်တာ၊ စာပေ ဆိုတာ လူ့ဘဝရဲ့ စရိုက်ဆိုး အကျင့်ဆိုးတွေကိုရော၊ မတရားတဲ့ သဘော အစမ္မ သဘောတွေကိုရော၊ လောကရဲ့ အနိဋ္ဌာရုံတွေကိုရော စုံစေအောင် ဖော်ပြသင့်တာပေါ့၊ မဟုတ်ဘူးလား၊ ခု မြန်မာစာပေထဲမှာက ဘုရားလောင်း ဇာတ်နိပါတ်တော်တွေထဲမှာလို မွန်မြတ်တာတွေ၊ ကောင်းတာတွေ၊ အတုယူ စရာတွေကိုပဲ ချီးမွမ်းခန်း ထုတ်ချင်တဲ့ သဘောက ကဲနေတယ်လို့ ထင်တယ် လေ၊ ဒီတော့ ဖတ်ရတာ ပျင်းစရာကြီး၊ ဒကာကြီး ပေးသွားတဲ့ လက်ရွေးစင် စကားပြေတွေကို ဖတ်ကြည့်ပါတယ်၊ ထူးထူးခြားခြား စိတ်ဝင်စားစရာ ဘာမှ မတွေ့ရဘူး၊ ကောင်းမွန် မြင့်မြတ်တဲ့ လူ့စရိုက်တွေကိုချည်း အသားပေး ရေး သားထားတာပဲ တွေ့ရတယ်၊ ဒီစာအုပ်ကို ဦးပဋ္ဌင်း သေသေချာချာ ဖတ် ကြည့်ပါတယ်၊ ဦးဖိုးကျား ရေးတဲ့ မင်းကတော် ဝတ္ထု တစ်ပုဒ်ပဲ နည်းနည်း စိတ်ဝင်စားဖို့ ကောင်းတယ်၊ အဲဒီ ဝတ္ထုကိုပဲ ဖတ်ပြီး ဦးပဋ္ဌင်း ရှုမြင် သုံးသပ်ပုံ ဝေဖန်ချက် ရေးလာတယ်၊ ပြီးတော့ ဖတ်ပြမယ်'

သူ့စကား အဆုံးမှာ သူ ဘာကြောင့် မင်းကတော် ဝတ္ထုကို ထူးခြား တယ်ဟု ပြောသလဲ သိချင်၍ အကျွန်ုပ်က မေးကြည့်လိုက်သည်။ အကျွန်ုပ် စိတ်ထဲတွင် ထိုဝတ္ထုကို သူ နှစ်ခြိုက်၍ ထူးခြားသည်ဟု ဆိုခြင်းလားဟု သိ



www.burmeseclassic.com

www.burmeseclassic.com



ချင်၍ မေးခြင်း ဖြစ်သည်။ သို့သော် သူ့အဖြေမှာ အကျွန်ုပ် အထင်နှင့်မူ တက်တက်စင် လွဲနေလေတော့သည်။ အမှန်မှာ သူက ထူးခြားသည်၊ စိတ်ဝင်စားဖို့ ကောင်းသည် ဆိုခြင်းမှာ ထိုဝတ္ထု၏ ချွတ်ယွင်းချက်၊ သူ မနှစ်သက်သည့် အချက်များကို တွေ့ရသောကြောင့် ဖြစ်လေသည်။ မြန်မာက နှစ်သက်မှ စိတ်ဝင်စားသော်လည်း ဂျပန်ကမူ မနှစ်သက်စရာ တွေ့မှ စိတ်ဝင်စားပုံ ထူးခြားချက်ကို အကျွန်ုပ် အကဲခတ်မိတော့သည်။

'ဦးပဥ္ဇင်းက မင်းကတော် ဝတ္ထုကို စိတ်ဝင်စားတယ်၊ ထူးခြားတယ် ဆိုတာ ဘာကို ဆိုချင်တာလဲ ဘုရား'

'ဒီဝတ္ထုက ကိုယ်တွေ့ ဝတ္ထု ဆိုလားပဲ၊ ဒါကို ဦးပဥ္ဇင်း စိတ်မဝင်စားပါဘူး၊ ကိုယ်တွေ့ ဖြစ်ဖြစ် စိတ်ကူးယဉ် ဖြစ်ဖြစ် ဘာမှ မထူးပါဘူး၊ ဝတ္ထုဟာ ဝတ္ထုပဲပေါ့၊ ဦးပဥ္ဇင်း စိတ်ဝင်စားတာက တခြားကိစ္စကို စိတ်ဝင်စားတာ၊ ဦးပဥ္ဇင်း ဘာတွေ့သလဲ ဆိုတော့ မြန်မာ ဝတ္ထုစာတ်လမ်း ရေးဖွဲ့ရာမှာ ရည်ရွယ်ချက် တလွဲတချော် ဖြစ်နေတာ၊ အဲဒါကို စိတ်ဝင်စားတာ ဒကာကြီးရဲ့'

'ဘယ်လိုများ ရည်ရွယ်ချက် လွဲချော်နေတာလဲ၊ အရှင်ဘုရားရဲ့ သုံးသပ်ချက်ကို အမိန့်ရှိပါဦး'

'ကောင်းပြီ၊ ဦးပဥ္ဇင်း သုံးသပ်ထားတာ ဖတ်ပြမယ်၊ ဒကာကြီး နားထောင်ပါ၊ မင်းကတော် ဝတ္ထုမှာ မိခင်ဖြစ်သူ အကြော်သည်ကြီးက သမီးဖြစ်သူကို ခေတ်ပညာ တတ်စေချင်သည်၊ အရာရှိကတော် မင်းကတော် ဖြစ်စေချင်သည်၊ ဒါကြောင့် မဖြစ်ဖြစ်အောင် သူ အပင်ပန်းခံကာ ကြိုးစားလေသည်၊ ဒီ သုံးသပ်ချက်ဟာ မှန်သလား ဒကာကြီး'

'မှန်ပါတယ် ဘုရား'

'ဒါဆို ဒီဝတ္ထုမှာ အကြော်သည် မိခင်ကြီး၏ ရည်ရွယ်ချက်ဟာ သမီး မင်းကတော် ဖြစ်ဖို့ပဲ မဟုတ်လား'

'မှန်ပါတယ်'

'မှန်တယ် ဆိုရင် အကြော်သည် မိခင်ကြီးက သမီးအတွက် အပင်ပန်းခံသည်၊ အဆင်းရဲခံသည်၊ အနစ်နာခံသည် ဆိုခြင်းမှာ သမီး မင်းကတော် ဖြစ်ဖို့ပင် ဖြစ်သည်၊ သမီးကလည်း လိမ္မာစွာ မိခင်ကြီး ဖြစ်စေချင်သလို ခေတ်ပညာ တတ်အောင် မင်းကတော် ဖြစ်အောင် ကြိုးစားခဲ့သည်၊ မိခင်ကြီး မျှော်လင့်သည့်အတိုင်း လုပ်ခဲ့၍သာ သမီး မင်းကတော် ဖြစ်သွားသည်၊ မိခင် အကြော်သည်ကြီး မျှော်မှန်းထားသည့်အတိုင်း သမီးကလည်း မိခင် အလိုကျ



www.burmeseclassic

www.burmeseclassic.com



ဖြစ်အောင် လိုက်နာ ဆောင်ရွက်ခဲ့၍သာ မင်းကတော် ဖြစ်သွားသည်၊ မင်းကတော် ဖြစ်လျှင် မိခင်ကြီး၏ ရည်ရွယ်ချက် အောင်မြင်ပြီဟု ဆိုရမည်၊ အကယ်၍ မိခင်ကြီးက အဆင်းရဲခံ၊ အပင်ပန်းခံ၊ အနစ်နာခံပြီး သမီး ကောင်းစားရေးကို ကြိုးပမ်းနေစဉ် သမီးက မိခင်ကြီး၏ စေတနာကို လျစ်လျူရှုပြီး ဖောက်ပြန် ပျက်စီးသွားလျှင်သာ သမီးသည် မိခင်ကြီး၏ စေတနာ မေတ္တာကို မသိ၊ တန်ဖိုးမထား၊ မိုက်မှားသူ ဖြစ်သည်ဟု ဆိုဖွယ်ရာ ရှိသည်၊ ယခုမူ သမီးသည် မိခင် လိုချင် မျှော်မှန်းသော အတိုင်း ဖြစ်အောင် လုပ်ခဲ့သည်၊ ဝတ္ထု၏ ရည်ရွယ်ချက် ပြီးပြည့်စုံသွားပြီ ဖြစ်သည်၊ ယခုမူ ဝတ္ထုက ဤနေရာမှာ ပြီးသင့် ပါလျက် မပြီးဘဲ ဝတ္ထု၏ ရည်ရွယ်ချက်က ပြောင်းသွားပြန်သည်၊ သမီး မင်းကတော် ဖြစ်ရုံနှင့် မပြီးသေးပါ၊ မင်းကတော် ဖြစ်လျှင် ဆင်းရဲ ပင်ပန်း ခံခဲ့သော မိခင်အို အကြော်သည်ကြီး၏ ကျေးဇူးကို ဆပ်ရဦးမည် ဆိုသော ဘက်သို့ ဝတ္ထု ရည်ရွယ်ချက်က ပြောင်းသွားပြန်သည်၊ မူလ ရည်ရွယ်ချက်က တစ်မျိုး၊ နောက် ရည်ရွယ်ချက်က တစ်ဖုံ၊ တလွဲတချော် ဖြစ်ကုန်သည်၊ စာရေးဆရာသည် အနစ်နာခံသော မိခင်ကြီး၏ စေတနာနှင့် ပြုခဲ့သော ကျေးဇူး ကို မသိတတ်သူ၊ မင်းကတော် စိတ်ဝင်ပြီး စိတ်ဓာတ် ဖောက်ပြန်သွားသူ အဖြစ် အပြစ်တင်လိုသော သဘောဖြင့် သမီး၏ အပြစ်များကို ရေးဖွဲ့ပြန်သည်၊ ဤအချက်တွင် တကယ် အပြစ်တင်ထိုက်သူသည် ဘယ်သူလဲ စာရေးဆရာ စိစစ်ဖို့ ကောင်းသည်၊ မင်းကတော် ဖြစ်၍ စိတ်ပြောင်းသွားသော သမီး၏ အပြစ်လား၊ မင်းကတော် ဖြစ်အောင် ဖန်တီးသူ မိခင် အကြော်သည်၏ အပြစ်လား၊ ထိုခေတ်က မင်းကတော်သည် အထက်တန်းလွှာ ဖြစ်သည်၊ လူတန်းစား စိတ်ဓာတ် ရှိသည်၊ အဆင့်အတန်း ခွဲသူ ဖြစ်သည်၊ မိခင်ကြီးသည် သမီး မင်းကတော် မဖြစ်ခင်ကပင် မင်းကတော်တို့၏ စရိုက်လက္ခဏာတွေကို မြင်နိုင် ကြားနိုင်သည်၊ သူ့သမီး မင်းကတော် ဖြစ်လျှင် ဤကဲ့သို့ မင်းကတော် စိတ်၊ လူကုံထံစိတ် ဝင်သွားမည်ကို ကြိုပြီး သိနိုင်သည်၊ မင်းကတော်တိုင်းမှာ ထိုခေတ်က ထိုစိတ်မျိုး ရှိနေသောကြောင့် ဖြစ်၏၊ ကမ္မနိယာမ အရမှာ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ ဆိုသောကြောင့် အပြစ်သည် ပြုသူမှာ ထိုက်သလား၊ အပြုခံရသူ (ဖြစ်သူ) မှာ ထိုက်သလား၊ ထေရဂါထ ပဋိစ္စသမုပ္ပာဒ် ရှုထောင့်က သုံးသပ်၍ နားလည်သင့်သည်၊ အမှန်မှာ လုပ်ကြံ ရာ၌ ကြံစည်သူ အကြောင်းမှာသာ အပြစ်ရထိုက်သည်၊ လုပ်ကြံခံရသူ အကျိုး ကိုမူ အပြစ်ဒဏ် ဘာကြောင့် ခံထိုက်ပါသလဲ၊ ဒါကြောင့် ဒီဝတ္ထုသည် ခုတ်ရာ



www.burmeseclassic

www.burmeseclassic.com



တခြား ရှုရာ တခြား ဖြစ်နေသည်ဟု မြင်သည်'

ဤကား ဂျပန် ဦးပဥ္စင်းကလေး၏ မြန်မာစာပေ သုံးသပ်ချက် ဖြစ်သည်။ သူ၏ သုံးသပ်ချက်ကို အကျွန်ုပ် အနေနှင့် လက်ခံနိုင် လက်မခံနိုင် ဘာမျှ မပြောလိုသေးပါ။ သို့သော် ဂျပန်ပြည် ပညာရေး စနစ်ကိုမူ အကဲခတ်လိုက်မိသည်။ ဆရာ သင်တာ ပြန်ပြောတတ်တာ၊ စာကျက်ပြီး စာအံနိုင်တာ လောက်ကို ပညာသင်ကြားပုံ စနစ်ပြုထားသော မြန်မာ့ပညာရေးမှာ ကျောင်းသူ ကျောင်းသားများ၏ ထိုးထွင်းဉာဏ် ဖွံ့ဖြိုးရေး အပိုင်း အားနည်းနေခြင်းကိုမူ အကျွန်ုပ် ချက်ချင်း နားလည်လိုက်မိပါသည်။

'ဒီ သုံးသပ်ချက်ကို ဒကာကြီး ဘယ်လို ဝေဖန်ချင်သလဲ' ဟု ဂျပန် ဦးပဥ္စင်းကလေးက အကျွန်ုပ်ကို ပြန်မေးလေသည်။

'တပည့်တော် မဝေဖန်လိုသေးပါဘူး ဘုရား၊ ပထမ အရှင်ဘုရားရဲ့ အာဘော်ကို သိချင်ပါသေးတယ်' ဟု ပြန်ဖြေလိုက်ပါသည်။ ထိုအခါ သူက ထပ်မေးသည်။

'ဒါဆို ဦးပဥ္စင်း မေးမယ်'

'မေးပါ ဘုရား'

'နေဦး၊ ဒီအကြော်သည် အဒေါ်ကြီးဟာ သူ့သမီးကို ခေတ်ပညာတတ် အောင် အင်္ဂလိပ်ကျောင်းမှာ ထားပြီး စာသင်ပေးတာဟာ သူ့အတွက် သင်တာ လား၊ သူ့သမီး အကျိုး အတွက်လား'

'စာရေးဆရာက မိခင်ရဲ့ မေတ္တာ စေတနာကို ရေးဖွဲ့ရာမှာ ကိုယ်ကျိုး ပါမယ် မထင်ပါ ဘုရား'

'ဟုတ်ပြီ ဒကာကြီး၊ ဦးပဥ္စင်းလည်း ဒီလိုပဲ သဘောကျတယ်၊ ဒီတော့ သူ့စိတ်ထဲမှာ သမီး မင်းကတော် ဖြစ်ရင် တော်ပြီ၊ ကျေနပ်ပြီလို့ မဆိုနိုင်ဘူး လား'

'ဒါက မိခင်ရဲ့ လိုချင်ဆန္ဒပါပဲ ဘုရား'

'ဒီနေရာမှာ သမီးက မိခင် ဖြစ်စေချင်သလို မိခင် အပင်ပန်းခံနေတာ အဆင်းရဲ ခံနေတာကို ဂရုမစိုက်ခဲ့ဘူး၊ မင်းကတော် ဖြစ်အောင်လည်း မလုပ်ဘဲ နှင့် ဆိုက်ကားသမား ဆင်းရဲသား တစ်ယောက် နောက်ကို လိုက်သွားတယ် ဆိုရင်တော့ ဘယ်သူ့ကို အပြစ်တင်ထိုက်သလဲ'

'ဒါတော့ သမီးကို အပြစ်တင်ထိုက်တာပေါ့'

'ဒါဆိုရင် သမီး မင်းကတော် ဖြစ်စေချင်တဲ့ မိခင်ရဲ့ ဆန္ဒအတိုင်း



www.burmeseclassic

www.burmeseclassic.com


သမီးက မင်းကတော် ဖြစ်သွားတယ် ဆိုရင် သမီးမှာ ဘာအပြစ် ရှိသလဲ'

'စာရေးသူကလည်း မင်းကတော် ဖြစ်သွားတာကို အပြစ်မထင်ပါဘူး ဘုရား၊ မင်းကတော် ဖြစ်သွားတဲ့အခါ ဘယ်ဘဝပဲ ရောက်ရောက်ပေါ့၊ မိခင် ကျေးဇူးကြောင့် ဒီဘဝကို ရောက်သွားတာကို မထောက်ထားဘဲ မိခင်ကို မိခင် လို့ ခေါ်ရမှာ တော်ရမှာ ရှက်တဲ့ စိတ်ဓာတ် ပျက်ပြားသွားတာကို စာရေး ဆရာက စက်ဆုပ်တာပါ ဘုရား'

'ကဲ ကောင်းပြီ၊ အဲဒီလို မင်းကတော်မို့ မင်းကတော်စိတ် ဝင်သွား တာ ပကာသနစိတ် ဖြစ်သွားတာကကော ဘယ်သူ လုပ်လိုက်တာလဲ'

'အရှင်ဘုရားက ဘယ်သူ လုပ်တာလို့ ထင်သလဲ'

'မင်းကတော် ဖြစ်အောင် လုပ်ပေးခဲ့တဲ့ မိခင် အကြော်သည်ကြီးပဲ မဟုတ်လား ဒကာကြီး'

'ဒီမှာ မြန်မာနှင့် ဂျပန် အမြင်တွေ ကွာသွားပြီ ဘုရား'

'ဘယ်လို အမြင် ကွာခြားသွားသလဲ ဒကာကြီး'

'တပည့်တော် မြင်တာက မိခင်ကြီးက သမီးကို မင်းကတော် ဖြစ်မှ ကောင်းစားမယ် ထင်လို့ မင်းကတော် ဖြစ်အောင် လုပ်ခဲ့တာ မှန်ပါတယ်၊ သမီး ကောင်းစားမှ သူ ကောင်းစားမယ် ဆိုတဲ့ မျှော်လင့်ချက် မထားတာ လည်း အမှန်ပဲ၊ သို့သော် မင်းကတော် ဖြစ်သွားတာနှင့် မင်းကတော်ရဲ့ မိခင် ဟာ မိခင် မဖြစ်ရတော့ဘူးလား၊ ဘယ်ဘဝပဲ ရောက်ရောက် မိခင်ဟာ မိခင် ပဲပေါ့ ဘုရား၊ မင်းကတော် ဖြစ်သွားလို့ မိခင်ကို မိခင်လို့တောင် အသိ အမှတ် မပြုနိုင်တာ၊ မိခင် တော်ရမှာ ရှက်တာဟာ စက်ဆုပ်စရာ ကောင်း တဲ့ အကျင့်ပျက်ခြင်း သဘောလို့ မြန်မာ လူမျိုးများက ခံစားကြပါတယ် ဘုရား၊ အဲဒီ ခံစားချက်ကို စာရေးသူ ဦးဖိုးကျားက ကိုယ်စားပြုထားတာလို့ တပည့်တော် ထင်ပါတယ်'

'ကံ ကံ၏ အကျိုး ဆိုတဲ့ တရားကို ဒကာကြီး လက်ခံသလား'

'လက်ခံပါတယ်'

'ဒါဆိုရင် မိခင်ဟာ သူပြုလို့ သူ ခံရတာ မဟုတ်လား'

'အဲ... အဲဒီနေရာမှာ တပည့်တော်နှင့် အရှင်ဘုရား အမြင် ကွာခြားသွား ပြီ၊ တစ်နည်းဆိုတော့ ဂျပန် အမြင်နှင့် မြန်မာ အမြင် ကွာခြားသွားပြီ၊ ဒီ ဝတ္ထုဟာ မိခင်ကျေးဇူးကို တန်ဖိုးထားတဲ့ မြန်မာ လူ့အဖွဲ့အစည်းကို ကိုယ်စား ပြုတယ်၊ အနောက်နိုင်ငံနှင့် ဂျပန်လို တိုးတက်တဲ့ နိုင်ငံတွေမှာတော့ မိဘ

www.burmeseclassic.com



ကျေးဇူးကို အမြတ်တနိုးထားတဲ့ စံတန်ဖိုးတွေ မရှိဘူး၊ ဒါဟာ အရှေ့နှင့် အနောက်ရဲ့ ကွာခြားမှုပဲ၊ ဂျပန်က အရှေ့နိုင်ငံ ဆိုပေမဲ့ အမေရိကန်ကို လိုက်တုနေတော့ အနောက်တိုင်း တန်ဖိုးတွေကိုပဲ တန်ဖိုးထားတယ်၊ အနောက်တိုင်းသားများရဲ့ (sentimental value) စံတန်ဖိုးတွေထဲမှာ မိဘကျေးဇူး ဆိုတာကို အသိအမှတ် မပြုဘူး၊ သားသမီးက ၁၈ နှစ် ကျော်ရင် မိဘ အုပ်ထိန်းမှုကို ပယ်ပြီး သူတို့ရဲ့ လွတ်လပ်ခွင့်နှင့် သူတို့ နေကြတယ်၊ သက်ကြီးရွယ်အို မိဘတွေကို လုပ်ကျွေးဖို့ သူတို့မှာ တာဝန် မရှိဘူးလို့ ယူဆတယ်၊ သူတို့ဘဝမှာ တိုးတက် ကြီးပွားတာဟာ မိဘ လုပ်ပေးတာ မဟုတ်ဘူး၊ သူတို့ဘာသာ သူတို့ ကြိုးစားလို့ ဖြစ်တာလို့ပဲ သဘောထားကြတယ်၊ စက်မှု ထွန်းကားတဲ့ လူ့အဖွဲ့အစည်းတိုင်းမှာ မိသားစု ဘဝ ပြိုကွဲသွားတာ အရှင်ဘုရားလည်း အသိပဲ၊ အရှင်ဘုရားလည်း ခု ထေရဝါဒ ဗုဒ္ဓဘာသာကို ခံယူထားသူဖြစ်နေပြီပဲ၊ ဗုဒ္ဓဘာသာမှာက ဒဿဝတ္ထုက သမ္မာဒိဋ္ဌိ ဆိုတာ ရှိတယ်၊ အဲဒီအထဲမှာ အတ္ထိမာတာ၊ အတ္ထိပိတာ ဆိုတာ ပါတယ်၊ အမိကို လုပ်ကျွေးခြင်း၏ အကျိုး၊ အမိကို မလုပ်ကျွေးခြင်းရဲ့ အပြစ် ရှိကြောင်း မြတ်စွာဘုရား ဟောထားတာ ရှိပါတယ်၊ ဒါကို မြန်မာ ပညာရှင် တစ်ပါး ရေးထားတဲ့ အင်္ဂလိပ်စာ တစ်ပုဒ်ကို တပည့်တော် ကျက်မှတ်ထားပါတယ်'

'ပြောပြပါဦး ဒကာကြီးရဲ့'

'Supporting a mother for all her needs and protecting her from all dangers are virtuous deeds productive of good result in the present life as well as in the future.

'ဒီသဘောတရားကို မြန်မာ လူမျိုးများက နှစ်ခြိုက်ကြတယ်၊ လက်လည်း ခံထားကြတယ်၊ ဂျပန်နှင့်တော့ မတူဘူး၊ မြန်မာ ဗုဒ္ဓဘာသာဝင်တွေရဲ့ စိတ်ထဲမှာက မိခင်ကို ပစ်မထားရဘူး၊ မိခင်ရဲ့ ဂုဏ်ကို လေးစားပြီး မိခင်ကို စောင့်ရှောက်ခြင်း၊ လုပ်ကျွေးခြင်းဟာ သားသမီးများရဲ့ တာဝန် ဖြစ်တယ်လို့ ခံယူထားတယ်၊ အရှင်ဘုရား ဒီသဘောကို နားလည်မှသာ ဒီဝတ္ထုရဲ့ တန်ဖိုးကို အကဲဖြတ်တာ မှန်မှာပေါ့၊ မြန်မာတွေရဲ့ စံတန်ဖိုးထားပုံကို မြန်မာ မျက်လုံး၊ မြန်မာ အသည်းနှလုံးနှင့် ခံစားပြီး တိုင်းတာမှ မှန်တယ်၊ ဂျပန် အသည်းနှလုံးနှင့် တိုင်းတာရင် မှားမှာပဲ'

ဤအကြောင်းအရာများကို သူနှင့် ဆွေးနွေးစဉ်က မိမိနှုတ်က ထုတ်ဖော်၍ ပြောခဲ့မိသလား၊ မပြောခဲ့မိသလား မမှတ်မိပါ။ မိမိ၏ နေ့စဉ် မှတ်



www.burmeseclassic.com

www.burmeseclassic.com



တမ်း ဒိုင်ယာရီထဲမှာတော့ ဤ သုံးသပ်ချက်၊ ကောက်ချက်များကို ရေးသား၍ မှတ်တမ်းတင်ထားခဲ့ကြောင်း ယခု ပြန်တွေ့ရလေသည်။

ဂျပန် ဦးပဉ္ဇင်းကလေး၏ မြန်မာစာပေ အပေါ် အမြင်သည် ထူးခြားသည် ဆိုသော်လည်း အစွန်းတစ်ဖက်သို့ ရောက်နေသည်ဟု ခံစားခဲ့ရဖူးလေသည်။

**ဓမ္မဃောသက ဦးမောင်မောင်၏ စေတနာ**

အကျွန်ုပ် ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီးနောက် ဗုဒ္ဓဘာသာဝင် မြန်မာ သာသနာ့ဒါယကာကြီးများ၏ အသိုင်းအဝိုင်းထဲသို့ ပို့ဆောင်ပေးသူမှာ ကွယ်လွန်သူ ဓမ္မဃောသက ဆရာကြီး ဦးမောင်မောင် ဖြစ်လေသည်။ ဤစာ ရှေ့ပိုင်းတွင်လည်း အကျွန်ုပ်အပေါ်မှာ ထားသော ဦးမောင်မောင်၏ စေတနာ ကြီးမားပုံကို အတန်အသင့် ဖော်ပြပြီးလေပြီ။ မြင်းခြံသူဌေးကြီး၏ အိမ်တွင် အကျွန်ုပ်က ယခုဘဝ၌ အသက်မသေခင် ကျန်ရှိသော ဘဝ၏ ကာလများတွင် မိမိ လုပ်ချင်သော ကိစ္စသည် မြန်မာ ဗုဒ္ဓဘာသာဝင်များ အတွင်း အနည်းဆုံး တစ်ဘဝ အပါယ်တံခါး ပိတ်သော ကလျာဏ ပုထုဇဉ် စူဠသောတာပန် ထွန်းကားရေး ဖြစ်ကြောင်း ပြောပြခဲ့ပြီးနောက် မကြာမီ ပုဇွန်တောင် ရေကျော်ရှိ ကျီတော်ရပ် ဓမ္မာရုံတွင် အဘိဓမ္မာ ဆရာကြီး တစ်ဦးအား ရည်စူး၍ တပည့် ဒကာများက ဆွမ်းကျွေး အလှူ တစ်ခု ပြုလုပ်ခဲ့လေသည်။ ဦးမောင်မောင်သည် ထိုဓမ္မာရုံတွင် နာယက လူကြီး တစ်ဦး ဖြစ်လေသည်။ သူ့ကို တစ်ရပ်လုံး တစ်ရွာလုံးက ချစ်ခင် လေးစားကြသည်။ တစ်နေ့သ၌ ညနေခင်းတွင် အကျွန်ုပ် သူ့အိမ်သို့ ရောက်သောအခါ အဘ ဦးမောင်မောင်က

'ဦးဆန်းလွင်ရေ၊ သန်ဘက်ခါကျရင် တနင်္ဂနွေနေ့မှာ ကျီတော်ရပ် ဓမ္မာရုံမှာ အဘိဓမ္မာ ဆရာကြီး ဦးထွန်းတင် ကွယ်လွန်ခြင်း တစ်လမြောက် ဆွမ်းကျွေး အလှူပွဲ ရှိတယ်ဗျ၊ အဲဒီနေ့မှာ ဆရာကြီးရဲ့ တပည့် အဘိဓမ္မာ သင်တန်းသားတွေ စုံစုံလင်လင် လာကြလိမ့်မယ်၊ အဲဒီပွဲကျရင် ခင်ဗျားက ခင်ဗျား လုပ်ချင်တဲ့ ကလျာဏ ပုထုဇဉ် ထွန်းကားရေး ဆိုတဲ့ ကိစ္စကို ဟောပြောပါလား၊ အဲဒီ ဟောပြောပွဲ ဖြစ်အောင် အဘက စီစဉ်လိုက်မယ်' ဟု ပြောလေသည်။

အကျွန်ုပ်ကလည်း အဘ၏ အဆိုပြုချက်ကို ဝန်ခံလိုက်သည်။ တနင်္ဂနွေနေ့တွင် အကျွန်ုပ်တို့ သားအဖသည် နံနက် ရစ်နာရီလောက်တွင် အဘ ဓမ္မ



www.burmeseclassic.com

www.burmeseclassic.com



ယောသက ဦးမောင်မောင် အိမ်သို့ ရောက်သွားကြသည်။ အဘက မွှာရုံကို အလျင်သွားနှင့်သည်။ အကျွန်ုပ်တို့က သူ့အိမ်ကို နောက်ကျပြီးမှ ရောက်သွားကြသည်။ ကျီတော် မွှာရုံကို ရောက်တော့ အလှူပွဲမှာ လူစည်ကားနေပြီ။ အကျွန်ုပ်တို့ကို ညှော်ခံ ကျွေးမွေးကြသည်။ အဘ အနေနှင့် ယောပြောပွဲ လုပ်ဖို့ ဘယ်လို စီစဉ်ထားမှန်းလည်း အကျွန်ုပ် မသိပါ။ အသံချဲ့စက်၊ မိုက်ကရိုဖုန်း ခွက်တွေကိုလည်း မမြင်ပါ။ အကျွေးအမွေးဖြင့် ညှော်ခံပြီးမှ အဘ ဦးမောင်မောင်က အကျွန်ုပ်ကို 'ရတနာသုံးပါး' စာအုပ်ရေးသူ ဦးဆန်းလွင် အဖြစ် မိတ်ဆက်ပေးလေသည်။ ပရိသတ်က အကျွန်ုပ်၏ စာများကို ဖတ်ထားကြသဖြင့် အလွယ်တကူ လက်ခံကြသည်။

ထိုပွဲတွင် အသံချဲ့စက် မပါဘဲ အကျွန်ုပ်က မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ ဗုဒ္ဓဘာသာကို မိရိုးဖလာ ကျင့်သုံးနေပုံ အခြေအနေ၊ အန္ဓ ပုထုဇဉ်၏ သဘောကို ပေါ်လွင်အောင် ဖော်ပြရာ၌ ပဋ္ဌာစာရီ သူဌေးသမီး၏ မိုက်မဲပုံများကို သရုပ်ဖော်ပြီး ဝတ္ထုကြောင်းသဖွယ် ပြောပြလိုက်ရာ ပရိသတ်က ကြိုက်နှစ်သက်ကြသည်။ ယခုခေတ်သည် သာသနာမှာ တရားရနိုင်သော ဝိမုတ္တိယုဂခေတ် ဖြစ်ပုံ၊ ထိုအချိန်တွင် မိမိတို့ လူဖြစ်လာကြရတာ အလွန် အရေးတော်ပုံ၊ အခွင့်ကောင်း ကြုံနေပုံ၊ ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်မှ သာသနာ တွင်းသား ဖြစ်နိုင်ပုံ၊ ဗုဒ္ဓဘာသာဝင် အစစ်သည် ဒါန၊ သီလလောက်နှင့် မပြီးပုံ၊ သစ္စာနုလောမိကဉာဏ် ရမှသာ ဗုဒ္ဓဘာသာ အစစ် (ပရမတ္ထ ဗုဒ္ဓဘာသာဝင်) ဖြစ်ပုံ၊ ယခုဘဝတွင် ဗုဒ္ဓဘာသာဝင် ဖြစ်သူတိုင်း သောတာပန် အောက်ထစ်ဆုံး ဖြစ်အောင် ဝိပဿနာ အလုပ်ကို မလုပ်မဖြစ် လုပ်ဖို့ အရေးကြီးပုံ၊ သို့သော် မိမိတို့သည် စားဝတ်နေရေး ကျပ်တည်းသော ကာလ၌ လူဖြစ်ကြရသဖြင့် မိမိ၏ ဘဝ၌ ရသမျှ အချိန်တွေကို ဝိပဿနာ တရား အားထုတ်ဖို့ အချိန်မပေးနိုင် ဖြစ်နေကြရပုံများကို ရှင်းပြသည်။

သို့သော် မိမိမှာ မသေခင် အပါယ် စိတ်ချရသော တရား ရအောင်၊ သစ္စာဉာဏ် ရအောင် လုပ်မထားမိပါက သေလျှင် အပါယ်လေးပါးသို့ လွင့်စဉ်သွားနိုင်သော ဝိနိပါတ ဘေးကြီး ရှိနေပုံကို ပြောပြသည်။ ဒါကြောင့် အသေမဦးခင် ဉာဏ်ဦးအောင် လုပ်ထားမှသာ လူဖြစ်ပြီးမှ နောက်ဘဝ အပါယ်ကျရမည့် လူဖြစ်ရှုံး ဘဝ ဘေးကို လွန်မြောက်နိုင်ပုံကို ပြောပြသည်။ အကယ်၍ ယခုဘဝမှာ သောတာပန်လောက်ထိ ဖြစ်အောင် မလုပ်နိုင်တော့ဘူး ဆိုသူများမှာ အနည်းဆုံး အန္ဓ ပုထုဇဉ် အဖြစ်ဖြင့် အသေမခံဘဲ ကလျာဏ ပုထု

www.burmeseclassic.com



ဇဉ် (စူဠသောတာပန်) လောက် ဖြစ်အောင်တော့ လုပ်သင့်ပုံကို ဟောပြော ပြသည်။

မဟာသောတာပန် ဖြစ်ဖို့မှာ အားထုတ်မှ ဖြစ်သော်လည်း ကလျာဏ ပုထုဇဉ် ဖြစ်ဖို့မှာ (ဉာတပရိညာ) ဖြင့် တရားနာ၍ ပဋိစ္စသမုပ္ပာဒ်ကို နားလည် ပြီး ခန္ဓာဒုက္ခသစ္စာကို နားလည်ရုံဖြင့် ဖြစ်နိုင်ကြောင်း၊ သုတဝါအရိယာ သာဝက ဆိုသော စကားအရ သုတဗုဒ္ဓိ ဉာဏ်မျက်စိ ပေါက်လျှင်ပင် စူဠ သောတာပန် အဖြစ်သို့ ရောက်ကြောင်း၊ ဝိပဿနာ အားထုတ်၍ ဥဒယဗ္ဗယ ဉာဏ်ရလျှင်ပင် စူဠသောတာပန် ဖြစ်နိုင်ကြောင်းများကို ကျမ်းဂန် အထောက်အထားများဖြင့် ဟောပြောပြရာ ပရိသတ်က အလွန် သဘောကျသွားသည်။ မြိတ်မြို့က ဒကာမ ကြီး တစ်ဦးကလည်း မိမိကို လာပြီး မိတ်ဆက်သည်။

'ကျွန်မတို့ မြိတ်မြို့မှာလည်း ဒီတရားမျိုး လာဟောပေးပါ' ဟု ဖိတ် ကြားလေသည်။

**ဝိုင်အမ်ဘီအေက တရားပွဲ**

ရေကျော် ကျိတော် မမွှာရုံ တရားပွဲ ပြီး၍ တစ်လလောက်ပင် ကြာမည် ထင် သည်။ မြင်းခြံသူဌေးသည် ဆရာ ဦးဌေးအောင်၊ ဒေါက်တာ မင်းတင်မွန်နှင့် အကျွန်ုပ်တို့ကို ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်း ဝိုင်အမ်ဘီအေမှာ တရား ပွဲများ ကျင်းပရန် စီစဉ်လေသည်။ စနေ၊ တနင်္ဂနွေ နေ့များမှာ နေ့လယ် နှစ် နာရီက စ၍ နှစ်ပတ် သုံးပတ် ရက်ရှည် ဟောပြောရန် စီစဉ်ခြင်း ဖြစ်သည်။ ဦးဌေးအောင်က ပထမ၊ ဒေါက်တာ မင်းတင်မွန်က ဒုတိယ၊ အကျွန်ုပ်က တတိယ ဟောပြောဖို့ စီစဉ်ထားလေသည်။ အဘ မမွှဆောသက ဦးမောင် မောင်သည် ကျန်းမာရေး အခြေအနေ ယိုယွင်းလာသည့်ကြားက ဤတရားပွဲများ အတွက် မြင်းခြံသူဌေးနှင့်အတူ စိတ်အားထက်သန် နေလေသည်။ မြင်းခြံ သူဌေးက အကျွန်ုပ် ဟောပြောသည့် အကြောင်းအရာကို လက်ကမ်း ကြော်ငြာ ရိုက်နှိပ်ပြီး ဝေလိုကြောင်း ပြောသည်။ အကျွန်ုပ်က 'ဝိမုတ္တိယုဂခေတ် အတွင်း ကလျာဏ ပုထုဇဉ် (စူဠသောတာပန်) ထွန်းကားရေး' အကြောင်းကိုပင် ဟော ပြောမည် ဖြစ်ကြောင်း ခေါင်းစဉ် ရေးပေးလိုက်သည်။

ဤတရားပွဲအတွက် မြင်းခြံသူဌေးလည်း အကြိတ်အနယ် စီစဉ်နေ လေသည်။ ထိုအချိန်တွင် အဘ မမွှဆောသက ဦးမောင်မောင်မှာ ကျန်းမာရေး ပိုပြီး ချွတ်ယွင်းလာသည်။ ခြေတစ်ဖက် လေဖြတ်သလို ဖြစ်ပြီး တရွတ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲ၍ သွားနေရပြီ ဖြစ်သည်။ မြန်မာ သမားတော် ဩဇာရိုက သုခုမ ဆရာ ဦးရန်အောင်ကလည်း မြန်မာနည်းဖြင့် ကုသပေးနေသည်။ အကျွန်ုပ်ကလည်း သူ့အိမ်သို့ ရောက်လျှင် သူ့ကို အိပ်မွေ့ချပြီး **Somo-Psychic Power** ဖြင့် လေ့ကျင့်ပေးသည်။ အကောင်း ပကတိ ပြန်မဖြစ်သော်လည်း တွဲမည့်သူ မပါဘဲ လမ်းလျှောက်၍ ရလာသည်။ အိမ်သာ အတက်အဆင်းကိုပင် သူ့ဘာသာ လုပ်နိုင်လာသဖြင့် ဝမ်းသာရသည်။

တစ်နေ့ အကျွန်ုပ်နှင့် သမီး ယာယာတို့ အဘအိမ်ကို ရောက်တော့ မနေ့ညက အဘ၏ ဇနီး ဒေါ်ဒေါ်သန်း ကွယ်လွန်သွားကြောင်း ကြားသိရသည်။ ဒေါ်ဒေါ်သန်းသည် ညက ဘုရားဝတ်တက်ပြီးနောက် ညကိုးနာရီလောက်မှာ အိပ်ရာထဲ ဝင်သွားသည်။ အဘက အခန်းပြင်ဘက်မှာ သူ့ခုတင်နှင့် သူ အိပ်သည်။ ခါတိုင်း မနက် လေးနာရီ ဆိုလျှင် ဒေါ်ဒေါ်သန်း အိပ်ရာက ထပြီး အရဏ်ဆွမ်း ချက်သည်။ နံနက်တိုင်း ဘုရားမှာ ဆွမ်းကပ်သည်။ ဆွမ်းခံကြွသော ပုဇွန်တောင် ကျောင်းများမှ စာသင်သား ကိုယ်တော်ကလေးများကိုလည်း နိစ္စဘတ် ဆွမ်းလောင်းသည်။ ယနေ့ ငါးနာရီခွဲပြီး အဘ ဦးမောင်မောင် နိုးပြီး အိပ်ရာက ထသောအခါ ခါတိုင်းလို အိမ်နောက်ဖေးမှာ မီးမလင်းဘဲ မှောင်နေသည်။ အဘက မီးတွေ ဖွင့်ပြီး ဒေါ်ဒေါ်သန်းကို ခေါ်ကြည့်သည်။ ဒေါ်ဒေါ်သန်း၏ အသံကို မကြားရတော့။ ထိုအခါမှ သူ အိပ်သော အခန်းကို သွားကြည့်သည်။ ဒေါ်ဒေါ်သန်း၏ လက်ဆုပ်ထဲတွင် ပရုတ်ဆီ ပုလင်းကလေးကို ဆုပ်ကိုင်ထားလျက် ဒေါ်ဒေါ်သန်း အနိစ္စ ရောက်နေသည်ကို တွေ့ရလေတော့သည်။ ထိုအခါကျမှ အဘ ဦးမောင်မောင်သည် အိမ်နီးနားချင်းများကို လှမ်းခေါ်ပြီး မြင်းခြံသူဌေးထံသို့ ဖုန်းဆက်ခိုင်းရသည်။ မကြာမီ မြင်းခြံသူဌေး ရောက်လာပြီး ဒေါ်ဒေါ်သန်း၏ ဥတုဇရုပ်ကလာပ်ကို ကြံတောသုသာန် ရေခဲတိုက်သို့ ပို့လိုက်ရသည်။

လာမည့် စနေနေ့တွင် ဗိုင်အမ်ဘီအေမှာ တရားပွဲ ကျင်းပရတော့မည်။ အဘ ဦးမောင်မောင်သည် ဇနီးသည် သူ့ထက် ဦးစွာ ဆုံးရှုံးသွားခြင်း အတွက် ယူကျုံးမရ ဖြစ်ကာ သူ့မျက်လုံးမှာ မျက်ရည်စတွေနှင့် ဖြစ်လျက်နေလေသည်။

'ကျုပ်က အရင် သေရမှာဗျာ၊ သူက အရင် သေသွားတယ်' ဟု သူ့မိတ်ဆွေများ ရောက်လာတိုင်း ဦးမောင်မောင်က ဝမ်းနည်းပက်လက် ပြောရှာသည်။ ထိုအခါမှ အဘမှာ ဝိပဿနာဉာဏ် သစ္စာဉာဏ် မရသေး၍သာ ဤမျှလောက် သူ ပူဆွေးနေရခြင်း ဖြစ်ကြောင်းကို အကျွန်ုပ် နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်သန်းနှင့် အကျွန်ုပ်တို့ အဘာ မျက်စိကွယ်ရာမှာ တွေ့တိုင်း ဒေါ်ဒေါ်သန်းက 'ဦးဆန်းလွင်၊ အဘကို ဝိပဿနာ လုပ်ဖို့ ပြောပါဦး၊ သူက ဗုဒ္ဓ ဝေယျာဝစ္စ သံဃာ့ ဝေယျာဝစ္စလောက်နှင့် ကျေနပ်နေတာ၊ သူက တရားကို စာဖတ်ပြီးပဲ သိတာ၊ အားထုတ်ပြီး သိတာ မဟုတ်ဘူး' ဟု ပြောတတ်ပါသည်။ အကျွန်ုပ်လည်း တစ်ခါတလေ အဘာ ဦးမောင်မောင်ကို 'အဘာ ဝိပဿနာ အားထုတ်ဖို့ မစဉ်းစားဘူးလား' ဟု မေးကြည့်သည်။ ထိုအခါ သူက 'ကျုပ်က မထိုင်နိုင်ဘူးဗျ၊ ဆယ့်ငါးမိနစ်လောက် ဆိုရင် ကိုက်တာ ခဲတာ မခံနိုင်ဘူး၊ ရိပ်သာမှာ သူများနည်းတူ မလုပ်နိုင်ရင်လည်း ရှက်စရာကြီး' ဟု သူ့ အကြောင်းပြသည်။ သို့သော် ဉာတပရိညာအားဖြင့် ဒုက္ခသစ္စာကို သိသော သစ္စာနုလောမိကဉာဏ်လောက် တွေ့ရသွားပြီ ဖြစ်လိမ့်မည် ထင်ပါသည်။

ဒေါ်ဒေါ်သန်း အသုဘချပြီး နောက်နေ့မှာပင် ဝိုင်အမ်ဘီအေ တရားပွဲကို ကျင်းပသည်။ အကျွန်ုပ်နှင့် မြင်းခြံသူဌေးတို့က အဘာ စိတ်သက်သာမှုရအောင် အာရုံပြောင်းဖို့ ကြိုးစားသည့် အနေနှင့် ထိုတရားပွဲမှာ သဘာပတိလုပ်ဖို့ တိုက်တွန်းကြရသည်။ အကြိမ်ကြိမ် တိုက်တွန်းရသည်။ နောက်ဆုံးတော့ အဘက သဘောတူပြီး ထိုတရားပွဲမှာ သဘာပတိ အဖြစ် ဆောင်ရွက်ပေးလေသည်။ သဘာပတိ မိန့်ခွန်း ပြောကြားသောအခါ အဘာ ဦးမောင်မောင်သည် သူ့ရင်ထဲက အပူကို မေ့သွားဟန် တူသည်။ ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် ဖြစ်သော အကျွန်ုပ် (ဆန်းလွင်) အကြောင်းကိုသာ တရားနာ ပရိသတ် စိတ်ဝင်စားအောင် ပြောလေသည်။ စကားပြောရင်း သူ့စိတ်တွေ ရွှင်လန်းလာသည်။ ထိုတရားပွဲမှာ ပရိသတ်မများပါ။ တစ်ရာလောက်ပဲ ရှိမည် ထင်သည်။ တရားပွဲ ပြီးတော့ အဖျော်ရည်ဖြင့် ဧည့်ခံသည်။ ထိုအဖျော်ရည်ဖြင့် ဧည့်ခံရန် ကိုစိုးက စီစဉ်ခြင်း ဖြစ်လေသည်။

အကျွန်ုပ်သည် ထိုတရားပွဲတွင် ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ကို အားထုတ်ခြင်းဖြင့် ယထာဘူတဉာဏ် (ဥဒယဗ္ဗယဉာဏ်) ကို ရပုံ၊ ထိုဉာဏ်ကို ရလျှင် ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာကို သိမြင်ပြီး ဒုက္ခသစ္စာကို နားလည်လာပုံ၊ ထိုဉာဏ်သည် သစ္စာနုလောမိကဉာဏ် ဖြစ်၍ ထိုဉာဏ် ရပါက ကလျာဏ ပုထုဇဉ် စစ်စစ်ဖြစ်ဝှေ့သောတာပန် အဖြစ်သို့ ရောက်ကြောင်း၊ ထိုသူကို သုတဝါ အရိယာ သာဝကဟု ခေါ်ကြောင်း၊ သာသနာမှာ ထောက်တည်ရာနှင့် သက်သာရာရသူ ဖြစ်ကြောင်း ဟောပြောလိုက်ရာ တရားပွဲ အပြီးမှာ အကျွန်ုပ်၏

www.burmeseclassic.com


စာဖတ် ပရိသတ် တက္ကသိုလ် ကျောင်းသား လူငယ် တစ်ဦး စင်မြင့်ပေါ်သို့ တက်လာပြီး အကျွန်ုပ်ကို ရှိခိုးဦးချပြီး ကန်တော့လေသည်။ ဤတရားကို နာရသဖြင့် သူ့မှာ လတ်တလော အကျိုးရှိကြောင်းကိုလည်း ဝန်ခံလေသည်။

အကျွန်ုပ်သည် နောက်ရက်များတွင် ဘဝတက္ကသိုလ် စာပေတိုက်သို့ နေ့စဉ် ရက်ဆက် သွားရသည်။ ဓမ္မရုပ်စုံ ဘာသာရေးနှင့် အတွေးအခေါ် မင်္ဂဇင်းကို ထုတ်ဝေရန် စီစဉ်နေရသောကြောင့် ဖြစ်သည်။ ဘာသာရေးနှင့် အတွေးအခေါ် မင်္ဂဇင်း အဖြစ် ဓမ္မရုပ်စုံကို ထုတ်ဝေမည် ဆိုတော့ ရုပ်စုံ ဖြစ်အောင် ပုံသဏ္ဌာန်ကိုလည်း ရွေးချယ်ရသည်။ ပါဝင်မည့် ဆောင်းပါးများကိုလည်း အတွေးအခေါ် သဘောပါအောင် ထေရဝါဒ အမြင်မှ တိမ်းချော်သွားသော အာဂျလောင်း ဆောင်းပါးများ မပါအောင် စိစစ်ရသည်။ မင်္ဂဇင်း ထုတ်ဝေနေစဉ် လပေါင်းများစွာမှာ ပါဝင်ရအောင် မင်္ဂဇင်း ဝတ္ထုရှည်ကြီး 'ပဏ္ဍိတဗောဓိ' ကိုလည်း မွေးထုတ်နေရသည်။

ထိုအချိန်တွင် ဘာသာရေးနှင့် အတွေးအခေါ်များကို စိတ်ဝင်စားနေသူ တပည့် ကိုစိုးနှင့်လည်း တွေ့ဆုံပြီး သူ သိချင်သော တရားသဘောများကို ဆွေးနွေးရသည်။ သူနှင့် ဆွေးနွေးရခြင်းကို အကျွန်ုပ် နှစ်သက်သည်။ အလုပ်ပင်ပန်း၍ စိတ်ပင်ပန်းနေစဉ် တရားသဘော တစ်ခုကို ပိပိပြင်ပြင် ဉာဏ်အမြင်ပေါက်အောင် ဆွေးနွေးလိုက်ရခြင်းမှာ စိတ်ကို အပန်းဖြေ၍ လန်းဆန်းစေပါသည်။

## ဓမ္မစကြာနှင့် မဇ္ဈိမပဋိပဒါကို ခေတ်အမြင်ဖြင့် နားလည်ခြင်း

ကိုစိုးသည် အချိန်မှန် ရထား တစ်စင်းနှင့် တူသည်။ အကျွန်ုပ် မြို့ထဲသို့ လာမည့်နေ့ကို သူ သိသည်။ ထိုနေ့ မွန်းလွဲ နှစ်နာရီ ထိုးလျှင် သူသည် အကျွန်ုပ် ထံသို့ ရောက်လာမည်မှာ သေချာသည်။ သူသည် ဘဝကို ခနှင့် အဆင်တန်ဆာ ပြုခြင်းထက် ဘဝကို ဓမ္မနှင့် အဆင်တန်ဆာ ပြုခြင်းကို ပိုပြီး နှစ်သက်ဟန် တူသည်။ အရွယ်ကို လွန်၍ သူ့အသိဉာဏ်က ပိုမို ရင့်ကျက်နေသူ ဖြစ်သည်။ အကျွန်ုပ်သည် မွန်းလွဲ နှစ်နာရီ မတိုင်မီ ဆောင်ရွက်ဖွယ် ကိစ္စများကို ပြီးပြတ်အောင် ဆောင်ရွက်ထားရသည်။ ကိုစိုး ရောက်လာလျှင် အချိန်ပေးပြီး တရား ဆွေးနွေးလို၍ ဖြစ်သည်။

မင်္ဂဇင်း နှစ်စောင်မှာ အယ်ဒီတာချုပ် တာဝန်ကို ယူထားရသော်လည်း အကျွန်ုပ်၏ အလုပ်တာဝန်မှာ စာမူအသင့် ဖြစ်အောင် ရွေးချယ်ပေးရေးနှင့်


www.burmeseclassic.com

www.burmeseclassic.com


လိုအပ်လျှင် ဖြည့်စွက်ပေးရေး ဖြစ်သည်။ မဂ္ဂဇင်းစာမူ ပြည့်စုံလျှင် အကျွန်ုပ်၏ ကိစ္စပြီးပြီ။ မဂ္ဂဇင်း ဖြစ်အောင် ပြုလုပ်ရာမှာ အကျွန်ုပ် ပါဝင်စရာ မလိုပါ။ ဘဝတက္ကသိုလ် ကိုနေဝင်းက သူ့ဘာသာ အားလုံးကို တာဝန်ယူ လုပ်ကိုင်သွားလေသည်။

ကြိုတင် သိထားသည့်အတိုင်း မွန်းလွဲ နှစ်နာရီ ထိုးသောအခါ ကိုစိုး စက်ဘီး တစ်စီးဖြင့် ရောက်လာသည်။ ထုံးစံအတိုင်း သူနှင့် အကျွန်ုပ်သည် လက်ဖက်ရည်ဆိုင်က စားပွဲကလေးမှာ သွားထိုင်ကြသည်။ ဆိုင် အလုပ်သမားများက ဖောက်သည်၏ အကြိုက်ကို သိပြီး ဖြစ်သည်။ စားပွဲခုံနိမ့်ကလေးအောက ခွေးခြေနိမ့်ကလေးပေါ်မှာ ထိုင်လိုက်ပြီး ရေနွေးကြမ်း တစ်ခွက်ပင် မသောက်သေးမီ လက်ဖက်ရည် ပေါ့စိမ့် နှစ်ခွက်က ရောက်လာသည်။ ကိုစိုးသည် ဤ တစ်ကြိမ်တွင် သူ သိချင်သော တရားဓမ္မနှင့် ဆိုင်သော မေးခွန်းကို မမေးဘဲ အကျွန်ုပ်နှင့် ပတ်သက်သော ကိစ္စကို စတင်ပြောသည်။

'ကျွန်တော် ညက တီဗီလည်း မကြည့်ချင်တာနှင့် ကုလားထိုင်ပေါ် ထိုင်ပြီး တစ်ယောက်တည်း စဉ်းစားနေမိတယ်'

'ဘာတွေများ စဉ်းစားနေတာလဲ'

'ဆရာ့ အကြောင်းကို စဉ်းစားနေတာ'

'ဟုတ်လား၊ ကျွန်တော့် အတွက်နှင့် ကိုစိုးမှာ ဘာတွေများ ဦးနှောက်စားစရာ ပြဿနာတွေ ဖြစ်နေပြီလဲ'

'ဘာ ပြဿနာမှ မဟုတ်ပါဘူး ဆရာရဲ့၊ ကျွန်တော် စဉ်းစားတာက ဆရာလည်း အဘ ဓမ္မယောသက ဦးမောင်မောင်လိုများ ဖြစ်နေပြီလားလို့ပါ'

'အင်း၊ ခင်ဗျား ပြောတာ ကျွန်တော် နားလည်ပြီ၊ ကျွန်တော်ကလည်း တရားကို သိသာ သိတာ၊ တရားရှိအောင်တော့ အားမထုတ်ဘူး၊ ဝိပဿနာ အလုပ် မလုပ်သေးဘူး၊ ဒါကို ခင်ဗျား စိတ်ထဲမှာ အားမလို အားမရ ဖြစ်တာ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ၊ ခု ဆရာ့အသက် ၅၀ ကျော်လာပြီ ဆိုတော့ ဉာတပရိညာ၊ ဆရာ ပြောတဲ့ နယဝိပဿနာ အလုပ်ပဲ လုပ်ပြီး တီရဏပရိညာ၊ မဟာဝိပဿနာ အလုပ် မပါသလို ဖြစ်နေမှာ စိုးလို့ပါ'

'ကျွန်တော် ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်းကို ရေးပြီးကတည်းက ရင်းနှီးတဲ့ လူတိုင်းက ကျွန်တော် ဝိပဿနာ အလုပ်ကို မလုပ်သေးဘဲ အချိန်ကုန် ခံနေတာကို အပြစ်

www.burmeseclassic.com



တင်ချင်ကြတယ်၊ သူတို့ရဲ့ စေတနာကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ဝိပဿနာလမ်း ဆိုတာက ကံလမ်း မဟုတ်ဘူးဗျ၊ ဉာဏ်လမ်း'

'အဲဒီ ဉာဏ်လမ်းကို ဆရာက ဘယ်လို သုံးသပ်လို့လဲ'

'ဒါက ကျွန်တော် ဘာမှ အပို စဉ်းစားစရာ မလိုဘူး၊ ဉာဏ်လမ်းနှင့် ပတ်သက်ပြီး ဘုရားက သေသေချာချာ ဟောထားပြီးသား အများကြီး ရှိတယ်'

'ဉာဏ်လမ်းရဲ့ သဘောကို ဘုရားက ဘယ်လို ဟောထားသလဲ ဆရာ'

'အဲဒီအကြောင်းကို ဒီကနေ့ ခင်ဗျားနှင့် ဆွေးနွေးဖို့ ရည်ရွယ်ထားပါတယ်၊ ဘုရားက ဉာဏ်လမ်း ဆိုတာ အလယ်လမ်း ဖြစ်တယ်လို့ ဟောတယ်၊ ပါဠိလိုတော့ မဇ္ဈိမ ပဋိပဒါပေါ့၊ ခင်ဗျား ပထမ မဇ္ဈိမပဋိပဒါ အလယ်လမ်းကို မြင်ဖို့က အရေးကြီးတယ်၊ မဟုတ်ရင် အကျင့်ကို ကျင့်သော သူဟာ လမ်းချော်ပြီး ဘေးလမ်းတွေပေါ်ကို ရောက်သွားနိုင်တယ်၊ ဒါကြောင့် အလယ်လမ်းရဲ့ ဦးတည်ချက်တွေကို မျက်ခြည်မပြတ်ဖို့ လိုတယ်၊ မျက်ခြည်မပြတ်ဖို့ ဆိုတာကလည်း ဒီလမ်းဟာ ဘယ်ကို သွားတဲ့ လမ်းလဲ၊ ဒါကို သိရမှာပေါ့'

'ဘုရားက အလယ်လမ်းရဲ့ သဘောကို ဘယ်လို ဟောခဲ့လို့လဲ ဆရာ'

'အင်း၊ အဲဒါကို ကျွန်တော် ပြောမယ်၊ ခင်ဗျား ဓမ္မစကြာသုတ်ကို ကြားဖူးတယ် မဟုတ်လား'

'ကျွန်တော် ငယ်ငယ်ကတည်းက အမေက စမ္မစကြာ ဝတ်အသင်းမှာပါလို့ ကျွန်တော် အဲဒီသုတ်ကို နှုတ်တိုက် အာဂုံရပါတယ် ဆရာ'

'ဟုတ်ပြီ၊ ဒါဆိုရင် ဒီအကြောင်းကို ပြောရတာ လွယ်သွားပြီ၊ ဒါနှင့် ခင်ဗျား ဗုဒ္ဓဝင်ကို ဖတ်ဖူးမှာပေါ့၊ ဗုဒ္ဓမြတ်စွာဘုရား ဉရုဝေလ တောထဲမှာ ဒုက္ကရစရိယ အကျင့် ခြောက်နှစ် ကျင့်ခဲ့တာ အကျင့် လွန်သွားလို့ ခန္ဓာကိုယ်မှာ အရိုးပေါ် အရေတင်သွားတယ်၊ တရား မရခဲ့ဘူး ဆိုတဲ့ အကြောင်း ကြားဖူးတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ကြားဖူးပါတယ်၊ ဒီအကြောင်းကို Everyday English မှာ ဆရာ ထည့်သွင်း ဖော်ပြလိုက်တဲ့ အင်္ဂလိပ်စာကလေးကိုတောင် ကျွန်တော် ကြိုက်လို့ ကျက်ထားလိုက်သေးတယ်၊ ကျွန်တော် မှတ်မိတယ်၊ ကျွန်တော် ဆိုပြမယ်။

**'After the Lord had been on His wandering for about six years. He one day came to a certain place in Uruvela. There, in a grove, He met five Brahmin ascetics, who lived lives of**



www.burmeseclassic.com

www.burmeseclassic.com



extreme austerity. He joined them, and they, seeing the greatness of His heart, made Him their master. But His body grew so weak by the privations. He underwent in their practice, that, one day, He fell fainting to the ground. ဒီအကြောင်း မဟုတ်လား ဆရာ'

'ဟုတ်တယ်၊ ကိုစိုးက ဒီစာတောင် အရကျက်ထားတာကိုး၊ ခင်ဗျား လို သိချင် နားလည်ချင်စိတ် ပြင်းပြတဲ့ ခေတ်ပညာတတ် လူငယ်တွေကို ပညာ ပေးရတာ သိပ် တန်ဖိုးရှိတာပဲ၊ အဲဒါ တရား အားထုတ်ရာမှာ အကျင့် လွန်သွားရင် မရဘူး ဆိုတာကို ပြတာပဲဗျ၊ တရား အားထုတ်သူဟာ အကျင့် စရဏကို ပြုတဲ့အခါ အလယ် အလတ် ကျင့်တတ်ဖို့ အရေးကြီးတယ် ဆိုတာ ဒီအရေးအခင်းက ပြတယ်၊ ဒါဖြင့် လူ့လောကထဲမှာ လောကီအာရုံ ကာမဂုဏ် ကိလေသာ အစုံကို ခံစားပြီး တရား ကျင့်ရင်ကော ရပါ့မလား၊ ဒါလည်း တရား မရနိုင်တဲ့ အစွန်း တစ်ဖက် ဖြစ်တယ်၊ ကာမဂုဏ်တွေကို အီဆိမ့်အောင် ခံစားပြီး တရား အားထုတ်ရင် တရား မရသလို ခန္ဓာကိုယ်ကို အစာဖြတ် ရေဖြတ် ညှဉ်းဆဲထားပြီး တရား ကျင့်ရင် ရမလား ဆိုတော့လည်း မရပြန် ဘူး၊ ကိုယ့်ကိုယ်ကိုယ် အလိုလိုက်ခြင်း အစွန်းနှင့် ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲ ခြင်း အစွန်း နှစ်ဖက်ကို ရှောင်ပြီး အလယ် အလတ် ကျင့်မှသာ တရားရတယ်၊ ဒါက မြတ်ဗုဒ္ဓရဲ့ ကိုယ်တွေ့ ဖြစ်ရပ်လေ၊ စိတ်ကူးနှင့် အထင်နှင့် မှန်းဆပြီး ပြောတာ မဟုတ်ဘူး ကိုစိုးရဲ့'

'မဇ္ဈိမပဋိပဒါ ဆိုတာ မလျော့လွန်း မတင်းလွန်းတဲ့ သဘောနှင့် တရား ကျင့်တာကို ဆိုတာလား'

'ဒါက အကျင့်သဘောကို ပြောတာ၊ ဒီနေရာမှာ လူတွေရဲ့ စိတ်နေ သဘောထားတွေကိုလည်း ထည့်စဉ်းစားရမယ်၊ တချို့ တရားကျင့်တယ် ဆိုတာ တရားရချင်လို့ ကျင့်တာ မဟုတ်ဘူးဗျ၊ လူအထင်ကြီးအောင် လာဘ်လာဘ များအောင် ကျင့်တာ ရှိသေးတယ်၊ ဒီမှာလည်း ယောဂီဟာ ဖြောင့်မတ်ဖို့ လို သေးတယ်၊ လူအထင်သေးမှာ ကြောက်လို့၊ လူတွေ အထင်ကြီးအောင်လို့ သက်သတ်လွတ် စားတာတို့၊ မီးလွတ်စားတာတို့၊ တစ်လလောက် ဘာမှ မစားဘဲ ရေသောက်ပြီး ကျင့်တယ် ဆိုတာတွေဟာ မဇ္ဈိမပဋိပဒါနှင့်တော့ တခြားစီပဲဗျ'

'နေပါဦး ဆရာရဲ့၊ မဇ္ဈိမပဋိပဒါကို အကျင့်အနေနှင့် နားလည်ရမှာ လား၊ အသိအနေနှင့် နားလည်ရမှာလား'



www.burmeseclassic

www.burmeseclassic.com



'ကိုစိုး မေးပုံက သိပ်ကောင်းတာပဲ၊ အသိနှင့် အကျင့်ဟာ တစ်ခုနှင့် တစ်ခု ဆက်စပ်နေတယ်၊ ဒါကို သိပ္ပံမှာတော့ သဘောတရား Theory နှင့် လက်တွေ့ Practice လို့ ခေါ်တယ်၊ ဗုဒ္ဓဝါဒမှာကတော့ ဝိဇ္ဇာနှင့် စရဏလို့ ခွဲခြားပြတယ်၊ မဇ္ဈိမပဋိပဒါဟာ ဝိဇ္ဇာခန်းမှာလည်း အရေးပါတယ်ဗျ၊ စရဏခန်း မှာလည်း အရေးပါတာပဲ'

'ကျွန်တော် ကြားဖူးတာ တစ်ခုက မဇ္ဈိမပဋိပဒါဟာ ဒိုင်ယာလက်တစ် (dialectics) နည်းနှင့် တူတယ်တဲ့၊ လက်ဝဲစွန်း လက်ယာစွန်းတွေကို ရှောင်ပြီး အလယ် အလတ် သဘော၊ ရှည်လည်း လျှောက်သာ ပုလည်း စွဲသာ သဘောပဲလို့လည်း ပြောကြတယ်၊ ဟုတ်လား ဆရာ'

'ဒီစကားတွေကို နိုင်ငံရေးသမားတွေ၊ မာ့ခ်စ်ဝါဒီ ဆိုရှယ်လစ် ကွန်မြူ နစ်တွေ အသုံးများတယ်၊ အမှန်ကတော့ သူတို့ပြောတဲ့ ဒိုင်ယာလက်တစ်နှင့် ထေရဝါဒက လက်ခံထားတဲ့ မဇ္ဈိမပဋိပဒါနှင့်တော့ တစ်ဘာသာစီပဲ ကိုစိုးရဲ့၊ ခင်ဗျားက ဒဿနပညာ (ဖီလိုဆိုဖီ) ကျောင်းသား မဟုတ်တော့ နားလည်အောင် ပြောဖို့ လွယ်မလား မသိဘူး၊ ပြောတော့ ပြောကြည့်မယ်၊ သူတို့ မြင်တာက လောကဖြစ်စဉ်မှာ ဓမ္မတိုင်းဟာ ဆန့်ကျင်ဘက် တရားများ ဒွန်တွဲနေတဲ့ နိယာမ ရှိတယ်လို့ မြင်တယ်၊ အဲဒါကို သူတို့က Unity of Opposites လို့ ခေါ်တယ်၊ ဒိုင်ယာလက်တစ် ဆိုတာက မူလသဘော (thesis) တစ်ခုကို လက်ခံရန်၊ သူ့ရဲ့ ဆန့်ကျင်ဘက်သဘော (anti - thesis) ကို ငြင်းပယ်ရမယ်၊ အဲဒီလို ငြင်းပယ်ထားတာကို ထပ်ပြီး ငြင်းပယ်ရင် သမူဟသဘော (synthesis) ကို ရတယ်လို့ ယုတ္တိဗေဒ သဘောနှင့် စဉ်းစားတာကို ခေါ်တာဗျ၊ မဟာယာနတို့ လက်ခံတဲ့ မဇ္ဈိမပဋိပဒါ သဘောနှင့်တော့ ခပ်ဆင်ဆင်ပဲ၊ နောက်ပိုင်းကျရင် ကျွန်တော် ဒီအကြောင်းကို ပြောပြမယ်၊ ခုလောလောဆယ်မှာတော့ ထေရဝါဒ က လက်ခံ ကျင့်သုံးတဲ့ မဇ္ဈိမပဋိပဒါ သဘောကို ပထမ နားလည်အောင် ကြိုးစားကြည့်ကြစို့'

'ဟုတ်ကဲ့၊ ကောင်းပါတယ် ဆရာ'

'ခင်ဗျား ဓမ္မစကြာသုတ္တန်ကို ရတယ် ဆိုတော့ ကဲ ရွတ်ပြစမ်းပါဦး'

'ဧဝံမေသုတံ၊ ဧကံ သမယံ၊ ဘဂဝါ ဗာရာဏသိယံ၊ ဝိဟာရတိ၊ ဣသိပတနေ၊ မိဂဒါယေ၊ တတြ ခေါ ဘဂဝါ၊ ပဉ္စဝဂ္ဂိယေ၊ ဘိက္ခူ အာမန္တေသိ၊ ဒွေမေ ဘိက္ခဝေ၊ အန္တာ ပဗ္ဗဇိတေန၊ နသေဝိတဗ္ဗာ – ကတမေ ဒွေ'

'ကဲ ကဲ တော်ပြီ၊ အဲဒီအပိုဒ် မြန်မာပြန်ကိုရော အင်္ဂလိပ် ဘာသာပြန်

www.burmeseclassic.com


ကိုရော ပြောမယ်၊ ဘာကြောင့် အင်္ဂလိပ် ဘာသာပြန်ကို ထည့်ပြောရသလဲ ဆိုတော့ ပဗ္ဗဇိတေန ဆိုတဲ့ ပုဒ်ကို အင်္ဂလိပ်လို ဘာသာပြန်တာ ပိုပြီး ပေါ်လွင်တယ်၊ ကျွန်တော့် စိတ်ထဲမှာ ပိုပြီး နှစ်သက်တယ်၊ မြန်မာမှာတော့ ပဗ္ဗဇိတေန ကို ရဟန်းဖြစ်သော သူလို့ ပြန်တယ်၊ အင်္ဂလိပ်ကျတော့ one who has gone out from home to the homeless life လို့ တိတိကျကျ ပေါ်အောင် ဖော်ပြထားတယ်'

'အဲဒီလို ပြန်လိုက်တော့ ရဟန်း ပဗ္ဗဇိတရဲ့ သရုပ်ဟာ ပိုပြီး ထင်ရှားသွားတာပေါ့နော်'

'ဟုတ်တယ် ကိုစိုး၊ ကဲ မြန်မာပြန်ကို လေ့လာရအောင်၊ ခင်ဗျား ရွတ်ပြခဲ့တာကို မဟာဝဂ္ဂသံယုတ် မြန်မာပြန်မှာ ပြန်ထားပုံက ၁၀၈၁။ အခါ တစ်ပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီ၊ ဣသိပတန၊ မိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီ ရဟန်းတို့ကို မိန့်တော်မူ၏၊ ရဟန်းတို့ ရဟန်းဖြစ်သော သူသည် အစွန်းနှစ်ပါးကို မမှီဝဲ အပ်ကုန်၊ အဘယ်တို့နည်း၊ ဒါက မြန်မာပြန်၊ ဒါကို သီရိလင်္ကာ သီလရှင် ဆရာလေး ဒေါ်ဝဇီရာက အင်္ဂလိပ်လို ပြန်ဆိုထားတာ တော်တော်ကောင်းတယ် ကိုစိုးရဲ့'

'ပြောပြပါဦး ဆရာ'

'Sister Vajira က 1. Thus I have heard: Once the Blessed One was sojourning near Banares, at Isipatana, in the deer park.

2. Then the Blessed One addresses the company of five bhikkhus: 'Bhikkhus these two extremes should not be followed by one who has gone out from home to the homeless life. What two?

'ဓမ္မစကြာ သုတ္တန်မှာ အိုးအိမ် တည်ထောင်မှုကို စွန့်ခွာပြီး အိုးမဲ့ အိမ်မဲ့ ဘဝဖြင့် နေထိုင်သူ (ပဗ္ဗဇိတ – ရဟန်း) တို့ မလိုက်စားအပ်သော အစွန်းနှစ်ပါးရဲ့ သဘောကို ဒုတိယ အပိုဒ်မှာ ဖော်ပြထားတယ်၊ ကဲ ကိုစိုး ရွတ်ပါဦး၊ ယောစာယံ ဆိုတဲ့ အပိုဒ်ကို'

'ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ၊ ဟီနော ဂမ္မော၊ ပေါထုဇ္ဇနိကော၊ အနရိယော၊ အနတ္ထသံဟိတော၊ ယောစာယံ၊ အတ္တကိလမထာနုယောဂေါ၊ ဒုက္ခော အနရိယော၊ အနတ္ထသံဟိတော'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ၊ အဲဒီအပိုဒ်ရဲ့ မြန်မာပြန်ကို မဟာဝဂ္ဂသံယုတ် မြန်မာပြန်မှာ ဒီလို ဖော်ပြထားတယ်၊ ဘယ်လိုလဲ ဆိုတော့ –

'ယုတ်ညံ့သော၊ ရွာသူတို့၏ အကျင့်ဖြစ်သော၊ ပုထုဇဉ်တို့၏ အလေ့ အကျင့်ဖြစ်သော၊ အရိယာတို့၏ အကျင့်မဟုတ်သော၊ အကျိုးစီးပွားနှင့် မစပ် ယှဉ်သော၊ ကာမဂုဏ်တို့၌ ကာမချမ်းသာကို ကပ်ငြိသောအားဖြင့် အဖန်တလဲလဲ လိုက်စား အားထုတ်ခြင်း လည်းကောင်း၊ ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေ တတ်သော၊ အရိယာတို့၏ အကျင့် မဟုတ်သော၊ အကျိုးစီးပွားနှင့် မစပ်ယှဉ် သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်း လည်းကောင်း၊ ဤနှစ်ပါးတို့တည်း၊ ဒါက မဟာဝဂ္ဂသံယုတ်မှာ မြန်မာပြန်ထားတာ'

'အင်္ဂလိပ် ဘာသာပြန်ကိုလည်း ပြောပြပါဦး ဆရာ၊ ဗဟုသုတ ရတာ ပေါ့'

'အင်း ကိုစိုးကတော့ ရနိုင်သလောက် နှိုက်ယူတတ်တယ်၊ ဒီလို သိ သူ မြင်သူ ဖြစ်အောင် အားထုတ်တာ ကောင်းတယ်၊ အင်္ဂလိပ် ဘာသာပြန်က လည်း နှစ်သက်စရာ ကောင်းတယ် ကိုစိုးရဲ့'

'ဟုတ်ကဲ့၊ ဘယ်သူ ဘာသာပြန်တာလဲ ဆရာ'

'သီရိလင်္ကာ သီလရှင် ဆရာလေး ဒေါ်ဝဇိရာ ဘာသာပြန်တာဗျ၊ သူက 3. The giving up to the pleasures of sense, which is low, vulgar, worldly, unworthy and harmful: and the giving up to self - mortification which is painful, unworthy and harmful. ဒါက ကာမ သုခလ္လိကာနုယောဂနှင့် အတ္တကိလမထာနုယောဂ ဆိုတဲ့ ကိုယ်ကို အလိုလိုက်ပြီး ကာမဂုဏ်ကို အဖန်တလဲလဲ ခံစားခြင်းနှင့် ကိုယ်ကို ညှဉ်းပန်း နှိပ်စက်ခြင်း အစွန်းတရား နှစ်ပါးကို ဖော်ပြထားတာ၊ အဲဒီ အစွန်းတရား နှစ်ပါးကို ပယ်ပြီး အကျင့်စခန်းမှာ အလယ် အလတ် ကျင့်တာကို မဇ္ဈိမပဋိပဒါလို့ ခေါ်ရတယ်'

'ကတမာ စ သာ ဘိက္ခဝေ၊ မဇ္ဈိမပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ၊ ဉာဏကရဏီ၊ ဉပသမာယ အဘိညာယ၊ သမ္ဗောဓာယ၊ နိဗ္ဗာနယ၊ သံဝတ္တတိ – ဆိုတာကတော့ မဇ္ဈိမပဋိပဒါ အလယ်လမ်း၊ ဉာဏ်လမ်းရဲ့ သဘောကို ဖော်ပြထားတာ မဟုတ်လား ဆရာ'

'ဟုတ်တယ်ဗျ၊ ဒါကို မြန်မာပြန်မှာ ရဟန်းတို့၊ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော၊ ပညာမျက်စိကို ပြုအပ်သော၊ ဉာဏ်အမြင် ကို ပြုတတ်သော၊ ကိလေသာ ငြိမ်းခြင်းကို ထူးသော ဉာဏ်ဖြင့် သိခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



သစ္စာလေးပါးကို သိခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟု ဖြစ်သော၊ မြတ်သော အကျင့် ဆိုပြီး ပြန်ထားတယ်'

'ဒါဆို ဒီစာပိုဒ်ထဲမှာ အလယ်လမ်းရဲ့ သဘော လက္ခဏာတွေ၊ ဒီ လမ်းရဲ့ ခရီးပန်းတိုင်တွေကို ရှင်းရှင်း ပြထားတာပေါ့နော်'

'မှန်ပါတယ် ကိုစိုး၊ အလယ်လမ်း ဆိုတာ ပညာမျက်စိကို ပြုတတ်သော လမ်း ဆိုထားတော့ ဒါဟာ အန္ဓပုထုဇဉ် အကန်းတွေ လျှောက်ရမယ့်လမ်း မဟုတ်ဘူး၊ ဒါ ရှင်းတယ်၊ သုတဗုဒ္ဓိ ဉာဏ်မျက်စိ ရှိတဲ့ အရိယာ သာဝကတွေ လျှောက်ထိုက်တဲ့လမ်း၊ လျှောက်ရမယ့် လမ်းပဲပေါ့၊ ဒါ ရှင်းတယ်နော်၊ ဒီလမ်း ကို လျှောက်တတ်ရင် ကိလေသာ အပူတွေ ငြိမ်းအေးခြင်းကို ရမယ်၊ သစ္စာ လေးပါးကို သိတဲ့ ထူးသောဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပြီး သိမယ်၊ ဒီလိုသိရင် နိဗ္ဗာန်ကို မျက်မှောက်ပြုရမယ် ဆိုတော့ သစ္စာ ရှာပုံတော်သမား ဉာဏ်လမ်းသွား ပုဂ္ဂိုလ်တွေ မဖြစ်မနေ လျှောက်အပ်တဲ့ လျှောက်ရမယ့်လမ်းပဲ ဆိုတာ ကောင်းစွာ နှလုံးထားတတ်ရမယ်'

'ဟုတ်ကဲ့၊ မဇ္ဈိမပဋိပဒါက ဒါဆို နိဗ္ဗာန် မဂ်ဖိုလ်ကို အရောက် ပို့ ဆောင်တဲ့ အကျင့်လမ်းပဲ၊ ဒိုင်ယာလက်တစ်နှင့် ဘာမှ မဆိုင်ပါဘူး'

'ဟုတ်တယ် ကိုစိုး၊ သူတို့ပြောတဲ့ ဒိုင်ယာလက်တစ် ဆိုတာက လောကီ ကိစ္စတွေမှာ အသုံးချတဲ့ ကံလမ်းဗျ၊ ဒါ ဉာဏ်လမ်းလို့ မဆိုနိုင်ဘူး'

'ဒိုင်ယာလက်တစ်ကို ဘာကြောင့် ဉာဏ်လမ်းလို့ မခေါ်နိုင်သလဲ ဆရာ'

'ရှင်းပါတယ်ဗျာ၊ သူတို့ လမ်းက ကိလေသာကို မငြိမ်းစေနိုင်ဘူး၊ ကိလေသာကို တိုးပွားစေတယ်၊ သစ္စာလေးပါးကိုလည်း ထူးသော ဉာဏ်နှင့် မသိနိုင်ဘူး၊ လောကီကိစ္စလောက်တင် သောင်တင်နေတယ်၊ နိဗ္ဗာန် ဆိုတာနှင့် ကတော့ ရွှေဘုံကြီးနှင့် အပုံကြီး ကွာပါသေးတယ်'

'ဟုတ်ကဲ့၊ ကျွန်တော် သဘောကျပြီ ဆရာ၊ ဒါနှင့် ကျွန်တော့် စိတ်ထဲ မှာ ဆရာ့ကို အံ့သြနေမိတယ်၊ ကျွန်တော် မေးလိုက်တိုင်းမှာ ဆရာ ဖြေကြားတာ က ကျွန်တော့်ဉာဏ်နှင့် လိုက်လို့တောင် မမီဘူး၊ ဒါလောက် ကျယ်ကျယ်ပြန့် ပြန့် ဆရာ လေ့လာထားတာ အံ့သြပါတယ်'

'သြော် ကိုစိုးရယ်၊ ကျွန်တော်က မိမွေးတိုင်း ဖမွေးတိုင်း မိဘ အမွေခံ ဗုဒ္ဓဘာသာဝင် မဟုတ်ဘူးလေ၊ ဒါကြောင့် ဒီ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူး ကို ကိုယ်တိုင် မသိဘဲနှင့် သူများပါးစပ်ဖျားမှာ လမ်းဆုံးပြီး ပြောသံကြားနှင့် ဗုဒ္ဓဘာသာဝင် ဖြစ်လာတာပါ၊ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရတွေကို သိလို့ မဟုတ်

www.burmeseclassic.com



ပါဘူးလို့ ပညာရှိသောသူတို့ ကဲ့ရဲ့တာကို ကျွန်တော် မခံနိုင်ဘူး၊ ဒါကြောင့် သိသင့်တာတွေကို သိအောင်၊ သိရာမှာလည်း ခေတ်ကာလ အမြင်နှင့်လည်း သိအောင် ကြိုးပမ်းခဲ့တာပါ၊ ကိုစိုးက ဆရာ ဝိပဿနာကို အားထုတ်စေချင် တယ်၊ ဒီ စေတနာကို လေးစားပါတယ်၊ တန်ဖိုးလည်း ထားတယ်၊ ဒါပေမဲ့ ဝိပဿနာ မလုပ်ခင် ဒီလုပ်ငန်းရဲ့ အရေးပါမှုနှင့် တန်ဖိုးကြီးမှု သဘောတွေ ကို နှံ့နှံ့စပ်စပ် လေ့လာ သိရှိချင်တာက ကျွန်တော့်ရဲ့ ဝါသနာပဲ ဆိုပါစို့ဗျာ၊ ဆန်းလွင် ဆိုတဲ့ ရုပ်နာမ် အစု တစ်ခုဟာ လူ့လောကကို ရောက်စဉ် အခါတုန်း က မြတ်ဗုဒ္ဓရဲ့ ခြေရာကို နင်းပြီး သစ္စာကို ရှာပုံဖွင့်ခဲ့တယ်၊ ဉာဏ်လမ်းပေါ်မှာ လျှောက်ပြီး လောကရဲ့အဆုံး နိဗ္ဗာန်ကို ရည်မှန်းပြီး ကြိုးပမ်းခဲ့ဖူးတယ် ဆိုတာ သမိုင်း တွင်ရစ်စေချင်တယ်၊ နီးစပ်သူတို့ နမူနာယူဖို့ပါဗျာ'

'ဆရာရဲ့ စေတနာနှင့် ရည်ရွယ်ချက်ကို ကျွန်တော် ကြည်ညိုပါတယ်၊ ဆရာဟာ ပြောတဲ့အတိုင်း လုပ်မယ့်သူ ဖြစ်တယ် ဆိုတာတော့ ကျွန်တော် ယုံကြည်ပြီးသားပါ၊ မဇ္ဈိမပဋိပဒါနှင့် ပတ်သက်တဲ့ အင်္ဂလိပ် ဘာသာပြန်ကို လည်း ပြောပြပါဦး'

'ဟုတ်ကဲ့၊ သီရိလင်္ကာ ဆရာလေးက O Bhikkus, by avoiding these two extremes the Tathãgata has found out that Middle Path which giveth vision, which giveth knowledge, which tends to peace, higher wisdom, enlightenment and Nibbana. တဲ့ဗျ'

'ရှင်းနေတာပဲနော်၊ ဒီဆရာလေးက တော်တော် တော်တာပဲ'

'ဟုတ်တယ်ဗျ၊ သီရိလင်္ကာက အင်္ဂလိပ်စာတတ် ရဟန်းတွေ သီလရှင် တွေ တော်တော်များများ ပေါ်ထွန်းတယ်၊ ကဲ ဒါဆိုရင် ဒီအထဲ အကျင့်စရဏ နှင့် ပတ်သက်တဲ့ အစွန်းတရား နှစ်ပါးကိုတော့ ကိုစိုး နားလည်လောက်ပြီ'

'ဟုတ်ကဲ့၊ ကိုယ့်ကိုယ်ကိုယ် အလိုလိုက်ပြီး စည်းစိမ်ခံခြင်းနှင့် ကိုယ့် ကိုယ်ကိုယ် ညှဉ်းပန်းခြင်း အကျင့်နှစ်ခုဟာ တရား မရနိုင်တဲ့ အစွန်းတရား နှစ်ပါး ဖြစ်တယ် ဆိုတာကို ကျွန်တော် နားလည်ပါပြီ၊ အသိပိုင်း အယူအဆ ပိုင်းမှာကော အစွန်းတရား နှစ်ပါး ရှိသေးလား ဆရာ'

'အဲဒီ မေးခွန်းကိုတော့ ပထမ ဆရာတော်ကြီး ဦးဗုဓ်ရဲ့ ဓမ္မစကြာပါဠိ နိဿျက ကောက်နုတ်ချက်ကို ဖော်ပြပြီး ဖြေမှ သင့်မယ်'

'ဟုတ်ကဲ့၊ ပြောပြပါဦး ဆရာ'

'ဆရာတော် ဦးဗုဓ်က မဇ္ဈိမာ၊ ကာမသုခလ္လိကနုယောဂ – သဿတ

www.burmeseclassic.com



ဒိဋ္ဌိ ဟူသော တစ်ခုသော အစု၊ အတ္တကိလမထာနုယောဂ – ဥစ္ဆေဒဒိဋ္ဌိ ဟူသော တစ်ခုသော အစု၏ အလယ်၌ ဖြစ်သော ပဋိပဒါ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိသော သူတို့သည် ကျင့်အပ်သော အကျင့်သည် ဥပသမာယ ကိလေသာ ငြိမ်းခြင်းတည်း ဟူသော သဥပါဒိသေသ နိဗ္ဗာန်အကျိုးငှာ၊ အဘိညာယ၊ သစ္စာလေးပါးကို အထူးဉာဏ်ဖြင့် သိခြင်းငှာ၊ နိဗ္ဗာနာယ – သဥပါဒိသေသနိဗ္ဗာန် အကျိုးငှာ၊ သံဝတ္တတိ – ဖြစ်၏ * လို့ ဖွင့်ပြထားတယ်၊ ဒီ ဖွင့်ဆိုချက်ထဲမှာ အရေးကြီးတဲ့ စကား နှစ်ခု ပါတယ်၊ အယူအဆနှင့် ဆိုင်တဲ့ စကားကြီး နှစ်ခု၊ အဲဒါကို ကိုစိုး သတိပြုမိလိုက်ရဲ့လား'

'ပြုမိတာပေါ့ ဆရာရဲ့၊ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ဆိုတာ မဟုတ်လား'

'ဟုတ်တယ်၊ ဟုတ်တယ်၊ သိပ်ဟုတ်တာပေါ့၊ ဆရာတော်က ကာမသုခလ္လိကာနုယောဂနှင့် အတ္တကိလမထာနုယောဂကို သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဆိုတဲ့ ဒိဋ္ဌိ နှစ်မျိုးနှင့် ယှဉ်ပြီး ပြထားတယ်၊ ဒီ ဒိဋ္ဌိ နှစ်ခုဟာလည်း အစွန်းရောက် တရား နှစ်ပါးပဲလေ၊ ဝိပဿနာ မလုပ်ခင် ဒီ ဒိဋ္ဌိ နှစ်ပါးကို ပယ်ရှင်းထားဖို့လည်း အရေးကြီးတယ်လို့ မိုးကုတ် ဆရာတော်ကြီး ရှင်းရှင်းလင်းလင်း ဟောတော်မူခဲ့တယ်ဗျ'

'သက္ကာယဒိဋ္ဌိ အကြောင်းကို ပြောတုန်းက သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ အကြောင်းကို ဆရာ ပြောခဲ့တယ်၊ ကျွန်တော် မှတ်သားထားပါတယ်'

'ဒါဆိုရင် မြတ်ဗုဒ္ဓက မဇ္ဈိမပဋိပဒါကို ဟောတဲ့အခါ သူ့သဘော သူ့ ယုတ္တိအတိုင်း မဟောဘဲနှင့် အစွန်းတရား နှစ်ပါးကို ဖော်ပြပြီး ပယ်ချပြီးမှ ဘာကြောင့် ဖော်ပြသလဲ၊ ဒါကိုကော သိဖို့ မကောင်းဘူးလားဗျာ'

'ဟုတ်ပါတယ်၊ သိသင့်ပါတယ် ဆရာ'

'ဒါကတော့ မြတ်ဗုဒ္ဓ ပွင့်တဲ့ အချိန်တုန်းက အိန္ဒိယပြည်မှာ ရှိတဲ့ အတွေးအခေါ် ပတ်ဝန်းကျင်နှင့် ဆိုင်တယ်ဗျ၊ ဆိုလိုတာက ဗုဒ္ဓနှင့် ခေတ်ပြိုင် အတွေးအခေါ်တွေထဲမှာ ကာမသုခလ္လိက၊ သဿတဒိဋ္ဌိ အမြင် အကျင့်နှင့် အတ္တကိလမထ၊ ဥစ္ဆေဒဒိဋ္ဌိ အမြင် အကျင့်တွေဟာ သက်ရှိထင်ရှား ဖြစ်နေတယ်၊ ဒါကြောင့် ဗုဒ္ဓက ဒီအစွန်းရောက် တရား နှစ်ပါး (အမြင် အကျင့် နှစ်ခု) ကို ပထမ ပယ်ခြင်း ဖြစ်တယ်၊ ဒါဟာလည်း အဲဒီတုန်းက အိန္ဒိယ နိုင်ငံမှာ ထွန်းကားတဲ့ ဒဿန ပညာဂိုဏ်း အသီးသီးရဲ့ လုပ်ထုံးလုပ်နည်း တစ်ခုပဲ

* ဓမ္မစကြာပါဠိနိဿယ (သာသနာရေး၊ ၁၉၈၁)၊ ဆရာတော် ဦးဇဝန၊ စာ ၁၈



www.burmeseclassic

www.burmeseclassic.com



ကိုစိုးရဲ့'

'ဆရာ ဘာကို ဆိုလိုတာလဲ၊ ကျွန်တော် နားမရှင်းလို့ ရှင်းပြပါဦး'

'ဒီလိုဗျ၊ အိန္ဒိယမှာ ပေါ်ပေါက်ခဲ့တဲ့ ဂျိမ်းဂိုဏ်း၊ နျာယဂိုဏ်း၊ သချံာဂိုဏ်း၊ မိမံသဂိုဏ်း၊ ယောဂဂိုဏ်း စတဲ့ အတွေးအခေါ် ဂိုဏ်းတွေဟာ သူတို့ရဲ့ ကိုယ်ပိုင် အယူအဆတွေကို မတင်ပြခင်မှာ သူတို့ရဲ့ ခေတ်ပြိုင် အယူအဆတွေကို ငြင်းပယ်တဲ့ သဘောထားတွေကို ထုတ်ဖော် ဟောကြားတတ်ကြတယ်၊ ဒီ အစဉ်အလာကို ဗုဒ္ဓကလည်း မလွန်ဆန်ဘူး၊ ဒါကြောင့် သူက ဂိုဏ်းနာမည် တပ်ပြီး မပြောပေမဲ့ အစွန်းရောက် အမြင်တွေကိုတော့ ထုတ်ဖော်ပြီး ငြင်းထားခြင်း ဖြစ်တယ်'

'ဒီအကြောင်းကို ဆရာ့ရဲ့ *ရတနာသုံးပါး* မှာလည်း ဖော်ပြဖူးတယ် ထင်ပါတယ်'

'ဟုတ်တယ် ကိုစိုး၊ အဲဒီ သုံးသပ်ချက်နှင့် ပတ်သက်ပြီး တောင်ကြီးကို ရောက်တုန်းက ဓမ္မမိတ်ဆွေ စာဖတ်ပရိသတ် တစ်ဦးက သူ့ထင်မြင်ချက်ကို ပြောတယ်ဗျ၊ သူက ဘာပြောသလဲ ဆိုတော့ ဗုဒ္ဓဟာ သဗ္ဗညုတ ဘုရားပဲတဲ့၊ သူ အကုန် သိတာပဲတဲ့၊ ဒါကြောင့် သူ့ခေတ်တုန်းက အိန္ဒိယပြည်မှာ ဒီအစွန်းရောက် အယူဝါဒတွေ ခေတ်ပြိုင် ရှိရှိ မရှိရှိ ဘုရားက ကြိုတင်သိပြီး ပယ်မှာပဲတဲ့'

'ဒီ အယူအဆတွေ အိန္ဒိယမှာ မရှိဘဲနှင့် ဘုရားက ငြင်းပယ်တယ် ထားပါ၊ ဒီစကားတွေကို သူ့ခေတ်က လူတွေ ဘယ်လိုလုပ်ပြီး ခံစားနိုင်မလဲ၊ နားလည်နိုင်ပါ့မလဲ'

'အေး အဲဒါ ကိုစိုးရဲ့ ဉာဏ်နှင့် ထိုးထွင်းသိတာ သိပ်မှန်တယ်၊ ဘုရားက တစ်နေ့ ယင်းတိုက်တောထဲမှာ သစ်ရွက်ခြောက်တွေကို ဆုပ်ကိုင်ပြီး အမိန့်ရှိတယ်၊ ရဟန်းတို့ ငါ သိပြီး ဟောတဲ့ တရားက ငါ့လက်ဆုပ်ထဲက သစ်ရွက်ခြောက်တွေလောက်ပဲ ရှိတယ်၊ မဟောဘဲ ချန်ထားရတဲ့ တရားတွေကတော့ တောထဲက သစ်ရွက်ခြောက်တွေထက် များတယ်လို့ မိန့်တော်မူတယ်၊ သူ ဟောတော်မူတဲ့ တရားတွေဟာ သူ့ခေတ်က လူတွေ နားလည်နိုင်တဲ့ တရားကိုသာ ဟောတာဗျ၊ အစွန်းတရား နှစ်ပါးကို ဖော်ပြရာမှာ နာမည်တွေနှင့် ဘယ်သူ ဘယ်ဝါရဲ့ အယူဝါဒလို့ လက်ညှိုးထိုးပြတာ မဟုတ်ဘူး၊ သဘောလောက်ကိုသာ ပြတာ၊ လူတွေက နားလည်တယ်၊ ဘယ်သူ့ကို ရည်ညွှန်း ပြောဆိုတယ် ဆိုတာ နားလည်တယ်ဗျ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ခေတ်

www.burmeseclassic.com



မှာ ဒီဝါဒတွေကို လက်ကိုင်ထားနေကြတဲ့ အတွေးအခေါ် ဆရာကြီးတွေ ရှိနေလို့ပေါ့၊ ဘုရားဉာဏ်က အလုံးစုံသော တရားကို သိစပ်မြင်နိုင်တော်မူတယ် ဆိုပေမဲ့ အကြောင်းစပ်ပြီး အာရုံပြုမှ သိတာ၊ သူ့အလိုလို သိတာ မဟုတ်ဘူး'

'ဟုတ်ကဲ့၊ အကြောင်းအရာက ဘေးကို ရောက်သွားပြီ ထင်တယ် ဆရာ'

'ဟုတ်တယ်၊ ကိုစိုး ပြောလည်း ပြောစရာပဲဗျ၊ ကျွန်တော်ကလည်း စကားစပ်လို့ ပြောရတာ၊ မဇ္ဈိမပဋိပဒါဟာ ဗုဒ္ဓခေတ် အိန္ဒိယ ဒဿန နောက်ခံကားချပ်နှင့် ဆက်စပ်နေတယ်၊ ဒိဋ္ဌိအမြင်တွေနှင့် ဆက်စပ်နေတယ်၊ အစွန်းရောက်အကျင့်တွေနှင့် ဆက်စပ်နေတယ်၊ ဒီ မဇ္ဈိမပဋိပဒါကို ခေတ်အမြင်နှင့် နားလည်ဖို့လည်း လိုတယ်၊ ကိုစိုးက ခေတ်ပညာတတ် ဘွဲ့ရ လူငယ် တစ်ယောက်ဖြစ်လို့ ဒီအလယ်လမ်း (ဉာဏ်လမ်း) အကြောင်းကို ခေတ်အမြင်အကြားနှင့် ရေးသားထားတဲ့ မန္တလေးက စက်ရှင်မင်းကြီး ဦးဘသော်ရဲ့ ရေးသားထားပုံတွေကို ကိုစိုးကို ပြောပြမယ်'

'ဟုတ်ကဲ့၊ ပြောပြပါဦး ဆရာ'

'ကဲ အလယ်လမ်း ဉာဏ်လမ်းက အစွန်းလမ်းတွေကို ပယ်တယ်၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိတွေကို ပယ်တယ်၊ ဒါ သိခဲ့ပြီးပြီ၊ ဒါက ပယ်တဲ့အပိုင်း၊ လက်ခံတဲ့ အပိုင်းက ဘာလဲ၊ ဆရာတော် ဦးဖုမ် ပါဠိ နိဿယမှာ-သာ မဇ္ဈိမပဋိပဒါ၊ အလယ်လမ်း ဖြစ်သော အကျင့်သည်၊ ကတမာစ၊ အဘယ်နည်းတဲ့၊ အင်္ဂလိပ်လိုတော့ And what, Bhikkhu, is that Middle Path which giveth vision, which giveth knowledge, which causeth calm, enlightenment and Nibbana?

'Verily it is this Ariyan Eightfold Path. စင်စစ်သော်ကား၊ အရိယော၊ မြတ်သော၊ အဋ္ဌင်္ဂိကော၊ အင်္ဂါ ရှစ်ပါး ရှိသော၊ အယမေဝမဂ္ဂေါ၊ ဤ မဂ်ပင်တည်း လို့ ဖော်ပြထားတယ်'

'ဩ ဟုတ်ပြီ၊ ဒါဆို မဇ္ဈိမပဋိပဒါ ဆိုတာ မဂ္ဂင် ရှစ်ပါးကို ပြောတာပဲပေါ့၊ ရှင်းပြီ ဆရာ၊ ရှင်းသွားပြီ'

'နေဦး၊ သိဖို့ ကျန်သေးတယ်၊ ဒီ အလယ်လမ်း၊ မဂ္ဂင် ရှစ်ပါး (မဇ္ဈိမပဋိပဒါ) တရားဟာ သစ္စာဖွဲ့လိုက်ရင် မဂ္ဂသစ္စာ ဖြစ်တယ်၊ နောက်ဆုံး အရိယသစ္စာပဲပေါ့ဗျ၊ ခု ဒီအမြင်အပေါ်မှာ စက်ရှင်မင်းကြီး ဦးဘသော်ရဲ့ သုံးသပ်ချက်ကို ကျွန်တော် လေ့လာထားတာ ရှိတယ်၊ ခင်ဗျားကို ပြောပြမယ်'



www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ် စကားပြောရလွန်း၍ အာခြောက်လာမှန်း ကိုစိုး နားလည်သည်။ နောက်ထပ် လက်ဖက်ရည် ပေါ့စိမ့် တစ်ခွက် မှာပြီး ငှဲ့ခံပြန်သည်။

**မဂ္ဂင် ရှစ်ပါးမှ အသိပညာကို ဖွင့်ဆိုခြင်း**

**The Exposition of Knowledge in the Eightfold Path.**

သူ့စေတနာကိုရော၊ သူ့စိတ်အားထက်သန်မှုကိုရော အကျွန်ုပ် ကောင်းစွာ သိပါသည်။ ထို့ကြောင့် သူ့ကို ထေရဝါဒကို ကောင်းစွာ နားလည်ပြီးမှ ယုံကြည်သက်ဝင်သူ ဖြစ်စေချင်ပါသည်။

'ခုပြောမယ့် အကြောင်းအရာကတော့ မဇ္ဈိမပဋိပဒါ (မဂ္ဂင် ရှစ်ပါး) တရားနှင့် ပတ်သက်ပြီး တော်တော် စိတ်ဝင်စားဖို့ ကောင်းတဲ့ ဖွင့်ဆိုချက်လို့ ထင်တယ်ဗျာ၊ စက်ရှင်မင်းကြီး ဦးဘသော်ဟာ ဗုဒ္ဓဘာသာမှာ နှံ့စပ်သလို အင်္ဂလိပ်စာကိုလည်း အင်္ဂလိပ် ပညာတတ် တစ်ယောက် ရေးသလို အဆင့်အတန်းမြင့်မြင့် ရေးနိုင်တယ် ကိုစိုးရဲ့၊ ရှေးတုန်းက ဒီလို မြန်မာ ပညာရှိကြီးတွေ ပေါ်ပေါက်ခဲ့ဖူးတယ်၊ ဦးရွှေဇံအောင် ဆိုရင် သူ့ရဲ့ The Compendium of Philosophy ဆိုတဲ့ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းနှင့် ကမ္ဘာကျော်ခဲ့တယ်၊ ကမ္ဘာပေါ်က ပညာရှင် အများရဲ့ နှုတ်ဖျားမှာ ရေပန်းစားခဲ့တယ်၊ ခုထိလည်း ဦးရွှေဇံအောင်ကို ကမ္ဘာက သိတယ်၊ ခု ကျွန်တော့် စိတ်ထဲမှာလည်း ဦးဘသော်ကို ကမ္ဘာက မသိတာတောင် မြန်မာ ဗုဒ္ဓဘာသာဝင်များကတော့ သိသင့်တယ်၊ လေးစားသင့်တယ် ထင်လို့ သူ့ရဲ့ ရေးသားချက်တွေကို ကျွန်တော် ဖော်ထုတ်ချင်တာပဲဗျာ'

'ဆရာ့ ရည်ရွယ်ချက်က ကောင်းပါတယ်'

'ကျွန်တော်က ဦးဘသော်ရဲ့ ဖွင့်ဆိုပုံကို ကြိုက်လို့ မှတ်စု ထုတ်ထားတယ် ကိုစိုးရဲ့၊ ကျွန်တော် ထုတ်ထားတဲ့ မှတ်စုအတိုင်း တစ်ပိုဒ်ချင်း လေ့လာကြည့်ကြရအောင်၊ လိုအပ်တဲ့ နေရာမှာ ကျွန်တော်က ရှင်းပြပါ့မယ်'

'အင်္ဂလိပ်လိုရော မြန်မာပြန်ရော ပြောပါ ဆရာ၊ ဒါမှ ကျွန်တော့်လို လူတွေ နားလည်နိုင်မယ်'

'ဟုတ်ပြီ၊ ခင်ဗျားက ဒီကနေ့ ဉာဏ် အဆင့်မြင့်လာတဲ့ လူငယ်တွေရဲ့ ကိုယ်စား သိချင်တာ ရှိရင် မေးပေါ့၊ မဟုတ်ဘူးလား'

'ဟုတ်ကဲ့၊ မေးစရာ ရှိလို့ကတော့ ကျွန်တော်က မမေးဘဲ မနေပါဘူး'

'ကြိုက်တယ်၊ အဲဒါ အသိပညာ တိုးတက်ချင်သူတွေရဲ့ လုပ်ထုံးပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုး၊ မေးပါ၊ ကဲ ကျွန်တော် စပြီး ပြောမယ် နားထောင်၊ ဆရာကြီး ဦး ဘသော်က စပြောပုံက It may be noted that the Buddha was born during the age of spiritual restlessness during the six century B. C, when India was moving away fast from its old religious moorings. တဲ့၊ ဒါ သူ့ရဲ့ ပထမ မြတ်ဗုဒ္ဓ ဖွားမြင်တော်မူစ ကာလမှာ အိန္ဒိယပြည်မှာ ဘာသာရေး အယူအဆတွေ မငြိမ်မသက် လှုပ်ရှားနေတဲ့ ဘီစီ ခြောက်ရာစု ဖြစ်ကြောင်း၊ အဲဒီအချိန်တုန်းက အိန္ဒိယမှာ ရှေးက လက်ခံထားတဲ့ ဘာသာရေး အတွေးအခေါ်ဟောင်းတွေဟာ လျင်မြန်စွာ ရွေ့လျားနေတဲ့ ကာလလည်း ဖြစ်တယ် ဆိုပြီး မဂ္ဂင် ရှစ်ပါး (မဇ္ဈိမပဋိပဒါ) ဉာဏ်လမ်းစဉ် ပေါ်ပေါက်လာရတဲ့ နောက်ခံ ပတ်ဝန်းကျင်ကို ဖော်ပြလိုက်တာလေ'

'ဦးဘသော်က အတွေးအခေါ် တစ်ခု ဖြစ်ပေါ်လာရတဲ့ ရေခံ မြေခံ အခြေအနေကိုပါ နောက်ခံကားအဖြစ် ပြလိုက်တာကတော့ ခေတ်သစ် ပညာရှင် ပီသပါပေတယ်လို့ ဆိုရမှာပဲ ဆရာ'

'ဒါကြောင့် ကျွန်တော်က ဒီပညာရှင်ကို လေးစားနေမိတာပဲဗျ'

'ဆက်ပြောပါဦး ဆရာ'

'သူက This changed attitude was probably most accentuated particularly in place where the Buddha lived and taught his doctrine. ဆိုပြီး မြတ်ဗုဒ္ဓ ပွင့်ပြီး တရားဓမ္မတွေကို သင်ကြားပြနေတဲ့ အချိန်မှာ ဒီလို အမြင် ပြောင်းလဲနေမှုတွေက အထူးသဖြင့် ဗုဒ္ဓ နေထိုင်ရာ ပတ်ဝန်းကျင်မှာ သိသာ ထင်ရှား နေပါတယ်တဲ့ဗျ၊ ဒီအကြောင်းကြောင့်လည်းပဲ မဂဓ နန်းရင်ပြင်မှာ ဘဝ ပြဿနာတွေကို ဖြေရှင်းတဲ့ နည်းလမ်းတွေကို ရှာဖွေနေကြတဲ့ အမျိုးမျိုးသော ဘာသာရေးနှင့် အတွေးအခေါ် အယူအဆတွေကို ပျူပျူငှာငှာ နှင့် လက်ခံ ကြိုဆိုတဲ့ နေရာကြီး ဖြစ်နေခဲ့တယ်တဲ့၊ ဒါဟာ မတော်တဆဖြစ်တဲ့ တိုက်ဆိုင်မှုလို့ မဆိုနိုင်ပါဘူးတဲ့၊ သူ ရေးသားပုံက For that reason it is not a mere accident that the court of Magada was the hospitable home of various religious and philosophical speculations in their quest for the solution of the riddle of life in different realms of spirituality. ဆိုပြီး ဖော်ပြထားတယ်၊ ပြီးမှ အဲဒီအချိန် (မဇ္ဈိမပဋိပဒါ အလယ် လမ်းကို ဟောကြားတော်မူချိန်) က အိန္ဒိယ နိုင်ငံမှာ ရှိနေခဲ့တဲ့ အတွေးအခေါ် ဂိုဏ်းတွေကို ဖော်ပြထားတယ်'



www.burmeseclassic

www.burmeseclassic.com



**အတွေးအခေါ်ဂိုဏ်း အမျိုးမျိုး**

**Different schools of Thought.**

'အိန္ဒိယပြည် အနှံ့အပြားမှာ အတွေးအခေါ်ဂိုဏ်း ဆရာကြီး အများအပြား ပေါ်ပေါက်နေပြီး ဘဝဆင်းရဲက လွတ်မြောက်ကြောင်း နည်းလမ်းနှင့် ပတ်သက်တဲ့ သတင်းကောင်းတွေကို ထုတ်ဖော် ဟောကြားနေခဲ့ကြတယ်တဲ့၊ ဦးဘသော်က Numerous teachers then rose in different parts of the country announcing the good news of the secret of Deliverance.' *

'ဟုတ်ကဲ့၊ ရှင်းပါတယ် ဆရာ၊ နားလည်ပါပြီ'

'အဲဒီ အချိန်တုန်းက အိန္ဒိယပြည်မှာ ဗုဒ္ဓရဲ့ အမြင်အရ အယူမှား ဒိဋ္ဌိ အယူဝါဒက ၆၂ မျိုး ရှိတယ်တဲ့၊ ၆၂ မျိုး အနက် သေရင်ပြီးပြီ၊ ဘဝပြတ်ပြီလို့ ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိ အယူက ခုနစ်မျိုး၊ ကျန်တဲ့ ၅၅ မျိုးက သဿတဒိဋ္ဌိ ချည်းပဲတဲ့၊ အဲဒါဟာ မဇ္ဈိမပဋိပဒါ ဆိုတဲ့ သမ္မာဒိဋ္ဌိ အစရှိတဲ့ မဂ္ဂင် ရှစ်ပါး တရား ပေါ်ပေါက်လာရတဲ့ အတွေးအခေါ် ပတ်ဝန်းကျင်ပဲလေ၊ အဲဒီ အမြင်မှားတွေကြောင့် လူတွေရဲ့ ရော်ရမ်း မှန်းဆပြီး တွေးခေါ်ကြတဲ့ အတွေးအခေါ် အမျိုးမျိုး ဖြစ်ပေါ်လာပုံ၊ အဲဒီ အတွေးအခေါ်တွေကြောင့် ပေါ်ပေါက်လာတဲ့ ကိုးကွယ် ဆည်းကပ်မှု သဘောတွေကိုလည်း ဆရာကြီး ဦးဘသော်က ဝေဖန်ပြထားတယ်ဗျ'

'ပြောပြပါဦး ဆရာရဲ့'

'ဆရာကြီး ဦးဘသော် ရေးထားပုံက The uncertain nature of philosophical speculation which indulged in all sorts of fancies and the practical conviction which made man throw their burden on gods rather than rely on their own effort, led the Buddha to expound the Law of Kamma which requires us to reject all notions of favouritism, caprice and arbitrariness. တဲ့ဗျ'

'ရှင်းပြပါဦး ဆရာရဲ့၊ ကောင်းကောင်း သဘောမပေါက်ဘူး'

'ကောင်းပြီ၊ ရှင်းပြမယ်၊ သဘောကတော့ တွေးခေါ်မြော်မြင်မှု ဒဿနပညာ ဆိုတာဟာ မသေချာ မရေရာဘူး၊ စိတ်ကူးယဉ် အတွေးတွေက များတယ်၊

* The Light of Buddha. Vol II. No. 2 Feb. 1957. – p 31

www.burmeseclassic.com



လက်တွေ့ ကိုးကွယ်မှုကျတော့ လူတွေရဲ့ အကြိုက်ကို လိုက်ပြီး ပြောတယ်၊ လူတွေကို ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး ဘဝ ဆင်းရဲက လွတ်မြောက်ကြောင်း နည်းလမ်းကို မပြဘူး၊ လူ့ဘဝ ဝန်ထုပ်ကို နတ်ဘုရားတွေပေါ် ပုံချတယ်၊ နတ်တွေရဲ့ မစမှု အရေးပေးမှုကို ရဖို့အတွက် ပူဇော်ပသရတဲ့ စိတ်လှည့်စားတဲ့ နည်းလမ်းတွေ၊ မဖွယ်မရာ အလုပ်တွေကို လုပ်စေတယ်၊ ဒီသဘောတွေကို ငြင်းပယ်ဖို့အတွက် မြတ်ဗုဒ္ဓက ကမ္မနိယာမ တရားကို ဟောတော်မူခဲ့ရတာတဲ့ဗျာ၊ ပြီးတော့ ဆရာကြီးက ဆက်ရှင်းထားတာက ဘာသာ ယုံကြည် ကိုးကွယ်မှု ဆိုတာဟာ လူ့ရင်ထဲက အကြောက်တရားကို အောင်နိုင်ရေးပဲတဲ့၊ ဘာသာ ယုံကြည် ကိုးကွယ်မှုဟာ ဘဝရဲ့ ဆုံးရှုံး ပျက်စီးမှုနှင့် သေခြင်းတရား အတွက် ဖြေဆေး ဖြစ်ရမယ်တဲ့၊ စိတ်ရဲ့ ငြိမ်းအေးမှုကို နတ်တွေကို ပူဇော်ပသတဲ့ နည်းနှင့် ရှာတယ် ထားပါတော့၊ အဲဒါက ခဏပဲ စိတ်ချမ်းသာတယ်၊ ကြာရှည် မခံဘူး၊ အကြောက်တရားက လွတ်မြောက်ခြင်းဖြင့် ရတဲ့ စိတ်ရဲ့ ငြိမ်းအေး ချမ်းသာမှု ဆိုတာကတော့ ပညာနှင့်မှ ရနိုင်တယ်၊ သစ္စာဉာဏ်ကသာ အကြောက် တရား အားလုံးကို ဖယ်ရှားပစ်နိုင်တယ်လို့ ရှင်းပြထားတယ်'

'ဆရာကြီးရဲ့ အင်္ဂလိပ်လို ရေးထားတာလည်း သိပါရစေ ဆရာ'

'ကောင်းပြီ၊ ဦးဘသော် ရေးထားတာက Religion is the conquest of fear, the antidote of failure and death. We can obtain a kind of psychological peace but it will not endure. The true freedom from fear can be reached only by paññа (wisdom) the truth that casteth out fear. တဲ့၊ ရှင်းတယ် မဟုတ်လား'

'ရှင်းပါတယ် ဆရာ၊ ရင်ထဲကို စူးဝင်သွားတာပဲ၊ ပညာနှင့်သာ အကြောက်တရားကို ပြေပြီး စိတ်ရဲ့ ငြိမ်းချမ်းမှုကို ရနိုင်တယ်၊ သစ္စာတရားက သာ အကြောက်တရားကို ဖယ်ရှားနိုင်တယ် ဆိုတာတွေဟာ အသည်းထဲမှာ စွဲသွားတာပဲ ဆရာရယ်၊ ကောင်းလိုက်တာ'

'ဒါကြောင့် လူတွေက ကြောက်စိတ်ကို ဖြေဖို့ နတ်ကို ကိုးကွယ်တာ တို့၊ မမြင်ရတဲ့ တန်ခိုးရှင်တွေ၊ သိဒ္ဓိရှင် မဟိဒ္ဓိရှင်တွေ၊ ဖန်ဆင်းရှင် ဆိုတာ တွေဟာ သစ္စာဉာဏ် မရှိလို့ မဟုတ်မမှန်တဲ့ နည်းနှင့် ကိုးကွယ် ဆည်းကပ် ပူဇော်ခြင်း spurious worship တွေ၊ blind superstitious faith တွေပဲ ကိုစိုးရဲ့၊ ဆရာကြီး ဦးဘသော်က ပြီးမှ မြတ်ဗုဒ္ဓရဲ့ အယူဝါဒ သဘောကို ပြ ထားတယ်၊ ဗုဒ္ဓက သူ ရခဲ့တဲ့ တရားကို သူ ဟောထားတဲ့အတိုင်း အကြင်



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်သည် သူ ဟောညွှန်ပြတဲ့လမ်း (အလယ်လမ်း) အတိုင်း သမ္မပ္ပဓာန် လုံ့လနှင့် လိုက်လျှောက်ရင် လူတိုင်း သူ ရသလို ရနိုင်တယ်တဲ့၊ In short, the pith of the doctrine preached by the Lord Buddha is that, if only a man will think and ponder sufficiently on the Path shown by the founder, he will surely be led to the final cessation of all sufferings.'

'ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို သူ ဟောတဲ့ တရားကို စုံစုံစေ့စေ့ ဆင်ခြင်ပြီး လိုက်နာ ကျင့်ကြံရင် မုချရနိုင်တယ်လို့ အာမခံချက် ပေးထားတာ မဟုတ်လား ဆရာ'

'ဟုတ်တယ် ကိုစိုး၊ ပြီးတော့ ဘုရားက လူတိုင်းမှာ နိဗ္ဗာန် ဘဝပန်းတိုင်ကို ရောက်နိုင်တဲ့ အသိဉာဏ် ပညာ ရှိတယ်တဲ့၊ သူ ပြထားတဲ့ မဇ္ဈိမပဋိပဒါ (မဂ္ဂင်လမ်း) အတိုင်း လျှောက်သွားရင်ပေါ့လေ၊ ဒါကိုလည်း ဆရာကြီးက ရှင်းပြထားတယ်'

'ပြောပါဦး ဆရာ'

'The Buddha clearly saw that every man possesses the knowledge to reach the goal. He attained provided the Noble Eightfold path is being trodden in right earnest according to the instruction given. လို့လည်း ရေးထားတယ်'

'အားတက်စရာတွေ မှတ်သားစရာတွေနှင့် ဉာဏ်ထဲမှာ ရှင်းသွားတာပဲ ဆရာရယ်၊ ဆရာ့ကို သိပ်ကျေးဇူးတင်ပါတယ်'

'ကျွန်တော်လည်း ခင်ဗျားတို့လို ခေတ်ပညာတတ် လူငယ်တွေ ရတနာသုံးပါး အပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် ယုံကြည် သက်ဝင်စေချင်ပါတယ်၊ ဒီလို သက်ဝင် ယုံကြည်ဖို့ ဆိုတာက ဗုဒ္ဓ ဟောကြားတော်မူသလို ပညာနှင့်မှ ဉာဏ်မျက်စိနှင့်မှ ဖြစ်မှာဗျ၊ သမ္မဒိဋ္ဌိ ဦးစီးတဲ့ အလယ်လမ်း ဆိုတာ ဉာဏ်လမ်းပေါ့ဗျာ၊ ဒီလမ်းပေါ်မှာ သစ္စာရှာပုံတော်သမားတိုင်း လျှောက်သင့်တယ်၊ လျှောက်ရမယ်လို့ ကျွန်တော် ခံယူထားပါတယ် ကိုစိုး'

'ဆရာ့ရဲ့ ခံယူချက်ကို ကျွန်တော်ကတော့ လေးစားပြီးသားပါ၊ ဆရာက ပြောတဲ့အတိုင်း လုပ်တတ်ပါတယ်'

www.burmeseclassic.com



**ဒသဝတ္ထုက သမ္မာဒိဋ္ဌိ မစ္ဆိမပဋိပဒါ**

ကိုစိုး၏ မျက်လုံးအစုံထဲမှာ တရားဓမ္မများကို သူ နားလည်အောင် ရှင်းပြခြင်းအတွက် အကျွန်ုပ်ကို ကျေးဇူးတင်နေသော အမူအရာကို တွေ့ရသည်။

'မစ္ဆိမပဋိပဒါရဲ့ သဘောကို နားလည်ဖို့ ကိစ္စမှာ မြတ်ဗုဒ္ဓရဲ့ ကမ္မနိယာမနှင့် ပတ်သက်တဲ့ အမြင်ကိုလည်း သဘောပေါက်ဖို့ လိုသေးတယ် ကိုစိုးရဲ့'

'ဪ ဟုတ်လား ဆရာ၊ ကျွန်တော်က မစ္ဆိမပဋိပဒါ ဆိုတဲ့ မဂ္ဂင်ရှစ်ပါး တရားဟာ အတ္တဒိဋ္ဌိတွေကို ငြင်းပယ်မှုနှင့်ပဲ ဆိုင်တယ် ထင်နေတာ'

'ခင်ဗျား မှတ်မိလား၊ စောစောက ပြောခဲ့ကြတဲ့ အထဲမှာ ဘဝရဲ့ ဆင်းရဲဒုက္ခတွေက လွတ်မြောက်ကြောင်းကို ကြံစည်ခဲ့ကြတဲ့ ရှေးက လူတွေဟာ လူ့ဘဝရဲ့ ဝန်ထုပ်ကို နတ်တွေ အပေါ် ပုံချပြီး စိတ်လှည့်စားတဲ့ နည်းနှင့် နတ်မမှ လူချမ်းသာမယ် ဆိုတဲ့ ယုံကြည်ချက်နှင့် မဟုတ်မမှန် ဆည်းကပ်ကိုးကွယ်မှု spurious worship အကြောင်း ပြောခဲ့သေးတယ်၊ မှတ်မိပြီလား'

'ဟုတ်ကဲ့၊ မှတ်မိပြီ ဆရာ'

'အဲ... အဲဒီလို မမှန်မကန် စိတ်လှည့်စားတဲ့ ကိုးကွယ် ဆည်းကပ်မှုတွေကို ငြင်းပယ်ဖို့ အတွက် မြတ်ဗုဒ္ဓက ကမ္မနိယာမ တရားကို ဟောကြားတော်မူတဲ့ အကြောင်းကိုလည်း ပြောခဲ့သေးတယ်'

'ဟုတ်ကဲ့၊ ပြောခဲ့ပါတယ်၊ ကျွန်တော် အမှတ်ရပြီ'

'ကဲ ကောင်းပြီ၊ တစ်ဆက်တည်းမှာ ကမ္မနိယာမနှင့် ဆက်စပ်ပြီး ဒသဝတ္ထုက သမ္မာဒိဋ္ဌိ သဘောကိုလည်း နားလည်ရမယ်၊ ဒီသဘောကိုလည်း သမ္မာဒိဋ္ဌိ အကြောင်းကို ဆွေးနွေးတုန်းက ပြောခဲ့တယ်'

'ဟုတ်ကဲ့၊ မှတ်မိပါတယ်'

'ဒီအကြောင်းကို ဆရာကြီး ဦးဘသော်က သမိုင်းနောက်ခံနှင့် ရှင်းလင်း ဖော်ပြထားတာ သိပ်ကောင်းတာပဲ'

'ပြောပြပါ ဆရာ'

'ဒီလိုဗျ၊ ဦးဘသော်က ဒီအကြောင်းကို အဓာတသတ် မင်းကြီးနှင့် ဆက်စပ်ပြီး ဖော်ပြထားတယ်၊ သူ ဖော်ပြပုံအတိုင်း ပြောမယ်နော်'

'ဟုတ်ကဲ့၊ ပြောပါ ဆရာ'

'Before we explain this paragraph on ten principles in a



www.burmeseclassic.com

www.burmeseclassic.com



commentary form, it maybe necessary to narrate a short account of the heretical doctrines expounded by Ajita Kesakambala and Sancayabelatthipputta with whom King Ajatasatthu had disscussion as to the worldly visible fruit of the life of a recluse (samañña phala puccha).

'ကိုစိုး ဘယ်လို နားလည်သလဲ၊ ပြောပြပါဦး'

'ဒဿဝတ္ထုက သမ္မာဒိဋ္ဌိ အကြောင်းကို အဋ္ဌကထာ သဘောနှင့် မဖွင့်ဆိုခင် အဇာတသတ် မင်းကြီးနှင့် အဇိတ ကေသကမ္ဗလနှင့် သဥ္စယ ဗေလဋ္ဌိပုတ္တ တိတ္ထိ ဆရာကြီးတွေနှင့် ရဟန်းပြုခြင်းရဲ့ အကျိုးနှင့် စပ်တဲ့ (သာမည ဖလပုစ္ဆာ) ကို သူတို့ ပြောကြားတဲ့ heretical doctrines ဆိုတာက ဘယ်လို ပြန်ရမလဲ မသိဘူး ဆရာ'

'မိစ္ဆာ အယူဝါဒတွေလို့ ပြန်နိုင်ပါတယ်'

'ဟုတ်ကဲ့၊ အဲဒီ အယူဝါဒတွေ အကြောင်းကို ဇာတ်ကြောင်း ပြန်ပြောဦးမယ်လို့ ဆိုတာ မဟုတ်လား ဆရာ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုစိုးရဲ့ အင်္ဂလိပ်စာ နားလည်မှု အဆင့်က သိသိသာသာ တိုးလာတယ်'

'ကျွန်တော်ကတော့ ဘုရားဖူးရင်း လိပ်ဥတူးသလို ဖြစ်နေပြီ ထင်ပါတယ် ဆရာ'

'ဒါလည်း ကောင်းတာပဲ၊ အကျိုးနှစ်ခု ရတာပေါ့ဗျာ'

'ဟုတ်ကဲ့၊ ဆက်ပြီး ပြောပါဦး ဆရာ'

'The followings are their doctrines as reported by the King himself to the Lord Buddha in course of time at an interview. ဒါကော သဘောပေါက်တယ် ဟုတ်လား'

'ဟုတ်ကဲ့ ပေါက်ပါတယ်၊ ဘုရားနှင့် တွေ့ဆုံ ဖူးမြော်ရတဲ့ အချိန်မှာ ဒီ တိတ္ထိဆရာကြီးများရဲ့ မိစ္ဆာ အယူဝါဒတွေကို မင်းကြီးကိုယ်တိုင် မြတ်စွာ ဘုရားကို လျှောက်ထားကြောင်း ပြောတာလို့ ကျွန်တော် နားလည်ပါတယ်'

'မှန်ပါတယ် ကိုစိုး၊ ခင်ဗျားရဲ့ အင်္ဂလိပ်စာ နားလည်မှု သိသိသာသာ တိုးတက်လာတာကတော့ ဝမ်းသာစရာကြီးပဲဗျာ'

'ဒီထက်ပိုပြီး နားလည်နိုင်အောင် ကျွန်တော် ကြိုးစားပါ့မယ် ဆရာ' အကျွန်ုပ် ပိုပြီး အားရှိအောင် ကိုစိုးက အလိုက်သိစွာ ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'Thus being said, Venerable sir, Ajita Kesakambala explain to me - To offer, O King, is fruitless, the great sacrifice is fruitless, the small sacrifice is fruitless, there is neither fruit nor result of the action which is good and bad, the world of man is not concerned with 'the beyond', and the beyond is not concerned with the world of man; there is no fruit by honouring and dishonouring the mother; there is no fruit by honouring and dishonouring the father; there are not the beings who should be reborn after death, in this world there are no recluses or Brahmans of assemblage and right mental disposition who can proclaim after having himself known and seen the world of man and beyond... ကဲ၊ ဒါကိုကော ကိုစိုး နားလည်တယ် မဟုတ်လား'

'သဘောလောက်တော့ နားလည်ပါတယ်၊ စာက ရှည်တော့ လိပ်ပတ်မလည်ဘူး ဆရာ၊ အဇိတကေသကမ္ဗလရဲ့ အယူဝါဒများတွေ အကြောင်း ပြောတာတော့ သိတယ်၊ အသေးစိတ်ကိုတော့ ဆရာပဲ ရှင်းပြပါတော့'

'ကိုစိုး ပြောတာ မှန်တယ်၊ အဇာတသတ် မင်းကြီးက မြတ်စွာဘုရားကို ပြန်လျှောက်ထားတာ၊ အဇိတကေသကမ္ဗလရဲ့ အယူကို ပြန်ပြောတာဗျ၊ အဇိတက မင်းကြီး၊ ပေးလှူခြင်းရဲ့ အကျိုး ဆိုတာလည်း မရှိဘူး၊ အကြီးအကျယ် ပူဇော်ခြင်း၊ အသေးအဖွဲ ပူဇော်ခြင်းရဲ့ အကျိုးလည်း ဘာမှ မရှိဘူး၊ ကောင်းသော ကံပဲ ဖြစ်ဖြစ် မကောင်းသော ကံပဲ ဖြစ်ဖြစ် အဲဒီကံကို ပြုလို့ အကျိုးအပြစ် ဘာမှ မဖြစ်ဘူး၊ လူ့လောကဟာလည်း နောင်တမလွန် ဘဝနှင့် ဘာမှ မဆိုင်ဘူး၊ နောင်တမလွန် ဆိုတာလည်း လူ့လောကနှင့် မသက်ဆိုင်ပါဘူး၊ အမိကို ဂုဏ်ပြုသည် ဖြစ်စေ၊ မပြုသည် ဖြစ်စေ ဘာအကျိုး ဘာအပြစ်မှ မရှိဘူး၊ အဖကိုလည်း ပြုလုပ်ကျွေးသည် ဖြစ်စေ၊ မလုပ်ကျွေးသည် ဖြစ်စေ ဘာမှ အကျိုးလည်း မဖြစ်ဘူး၊ အပြစ်လည်း မဖြစ်ဘူး၊ သေပြီးရင် နောက်ဘဝမှာ ပြန်ပြီး ပဋိသန္ဓေ နေတဲ့ သတ္တဝါလည်း မရှိဘူး၊ ဒီလောကမှာ လူ့ဘဝအကြောင်း၊ တမလွန်ဘဝ အကြောင်းတွေကို တိတိကျကျ သေသေချာချာ သိနိုင်တဲ့ သမဏ ဗြာဟ္မဏ ရသေ့ ရဟန်း ဆိုတာလည်း မရှိပါဘူးတဲ့'

'ကျွန်တော် နားလည်သွားပြီ၊ သဉ္စယဗေလဋ္ဌိပုတ္တ ဆရာကြီးကလည်း မိစ္ဆာ အယူဝါဒတွေကို အဇာတသတ် မင်းကြီးကို ဟောသေးတယ်ဆို၊ အဲဒါ

www.burmeseclassic.com



က ဘယ်လိုလဲ မသိဘူး'

'သူ့အမြင်ကလည်း ပျက်စီးတဲ့ အမြင်ပဲဗျ၊ အဇာတသတ်မင်းက သိဥ္စည်းဆရာကြီး သူ့ကို ဟောတဲ့ တရားကို ဘုရားကို ပြန်ပြီးလျှောက်ထား တယ်၊ သူက – Thus being said, Venerable Sir, Sancaya bhelatthi-putta gave me this – if you ask me 'Is there the world beyond?' I would declare it exist if I should think it exist. I do not admit that is so indeed; I do not admit that is such in deed; I do not admit that is otherwise indeed; I do not admit that is 'no' indeed; I do not admit that is neither indeed. ဒါက သဉ္စယဘေလဋ္ဌိပုတ္တ ဖြေပုံဗျ'

'သူ ဖြေပုံကြီးက ဘယ်လိုပါလိမ့်၊ ဟိုမရောက် ဒီမရောက်၊ ဟိုဟာ လည်း မဟုတ် ဒါလည်း မဟုတ် ဆိုတော့'

'ဟုတ်တယ်၊ အဲဒါ သူတို့ခေတ်က သုံးတဲ့ ယုတ္တိဆင်ခြေ သဘောဗျ၊ မင်းကြီးက ကျွန်ုပ်ကို နောင်တမလွန်ဘဝ ရှိသလားလို့ မေးရင် ကျွန်ုပ် စိတ် ထဲ ရှိတယ် ထင်ရင် ရှိတယ်လို့ ဖြေမယ်တဲ့၊ ဒီလို ဖြေလိုက်လို့ ကျွန်ုပ်က ပရလောက ရှိတယ်လို့ ဝန်ခံတာ မဟုတ်သလို မရှိဘူးလို့လည်း ဝန်မခံဘူး၊ ရှိသည်လည်း မဟုတ်၊ မရှိဘူးလည်း မဟုတ်လို့လည်း ဝန်ခံတာ မဟုတ်ဘူးတဲ့ ဗျ၊ သူတို့က ဒီလို စကားတတ်တာကို တရားဖြစ်တယ် ထင်နေတာ၊ ဒီလို ဟိုဟာလည်း မဟုတ်၊ ဒါလည်း မဟုတ်၊ မဟုတ်ဘူးလို့လည်း မဆိုလိုဘူးလို့ တွေးခေါ်တာမျိုးကို မရှိမပငြိပဒါ (သူတို့အဆို ဒိုင်ယာလက်တစ်) နည်းကျ တယ် ထင်နေကြတာဗျ၊ တခြား မေးခွန်းတွေ ဖြစ်တဲ့ (၁) သေပြီးနောက် ပြန်ပြီး ပဋိသန္ဓေယူတဲ့ ပုဂ္ဂိုလ် သတ္တဝါ ရှိသလား၊ (၂) ကုသိုလ်ကံ၊ အကုသိုလ် ကံရဲ့ ကောင်းကျိုး ဆိုးကျိုး ဆိုတာကော ရှိသလား ဆိုတဲ့ ပုစ္ဆာတွေကိုလည်း ပြောခဲ့သလိုပဲ ဝေ့လည်ကြောင်ပတ် ဖြေတယ်၊ ဒါကို အဇာတသတ် မင်းကြီးက ဒီတိတ္ထိ ဆရာကြီးဟာ ရူးများ ရူးနေသလားလို့ တပည့်တော် စိတ်ထဲ ထင်မိပါ တယ် ဘုရား၊ ဘာဖြစ်လို့များ သူဟာ ဒီလို တပည့်တော်ကို စိတ်ရှုပ်ထွေး အောင် တောင်မရောက် မြောက်မရောက် အဖြေတွေကို ပေးတာပါလိမ့်၊ တပည့် တော် သိချင်တာက ရသေ့ရဟန်း ပြုခြင်းရဲ့ လောကီအကျိုး ဘာရှိသလဲလို့ သိချင်တာကို သူက ဝန်ခံသည်လည်း မဟုတ်၊ ဝန်မခံသည်လည်း မဟုတ် ဆိုတဲ့ နည်းနှင့် ဖြေပါတယ်လို့ လျှောက်ထားတဲ့အခါ ဘုရားက ဒီလောကမှာ

www.burmeseclassic.com



အတွေးအခေါ် မှောက်မှားနေတဲ့ ရသေ့ ရဟန်းများ ရှိနေကြကြောင်း၊ ဒီလို ကောက်ကွေ့ စဉ်းလဲတဲ့ အယူကို အမရာဝိက္ခေပဝါဒလို့ ခေါ်ကြောင်းလည်း ဘုရားက ရှင်းပြတယ်၊ ပြီးမှ သူတို့နှစ်ဦးရဲ့ မှားယွင်းတဲ့ ဒိဋ္ဌိအယူတွေကို ပယ်ဖို့အတွက် ဘုရားက ဒသဝတ္ထုက သမ္မာဒိဋ္ဌိအမြင် (ရှေ့မှာပြပြီး) ကို ဟောတာတဲ့ဗျ'

'ဒီလို နောက်ခံ ကားချပ်နှင့် ဟောလိုက်တော့ ခေါင်းထဲမှာ ရှုပ်ထွေးနေတဲ့ အမြင်တွေ အားလုံး ရှင်းသွားတာပေါ့ ဆရာရယ်'

'ဒသဝတ္ထုက သမ္မာဒိဋ္ဌိမှာ ဘုရားက ဟို တိတ္ထိကြီးတွေ ဟောတာနှင့် ဆန့်ကျင်ပြီး (၁) ပေးကမ်းခြင်း အကျိုးလည်း ရှိတယ်၊ (၂) အကြီးအကျယ် ပူဇော်ခြင်းလည်း အကျိုးရှိတယ်၊ (၃) အနည်းငယ် ပေးကမ်း ပူဇော်ခြင်းလည်း အကျိုးရှိတယ်၊ (၄) ကုသိုလ်ကံ အကုသိုလ်ကံတွေရဲ့ ကောင်းကျိုး ဆိုးကျိုးလည်း ကေန် ရှိတယ်၊ (၅) မိခင်ကို လုပ်ကျွေးပြုစုခြင်း အကျိုး၊ မလုပ်ကျွေးခြင်း အပြစ်လည်း ရှိတယ်၊ (၆) ဖခင်ကို လုပ်ကျွေးပြုစုခြင်း အကျိုး၊ မလုပ်ကျွေးခြင်း အပြစ်လည်း ရှိတယ်၊ (၇) လူ့မျက်စိနှင့် မမြင်နိုင်တဲ့ ဥပပတ္တိ သတ္တဝါတွေလည်း ရှိတယ်၊ (၈) ပရလောကလည်း ရှိတယ်၊ (၉) အပါယ်လေးဘုံ၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံ၊ နတ်ဘုံ ဗြဟ္မာဘုံတွေလည်း ရှိတယ်၊ (၁၀) ဈာန် အဘိညာဉ်တွေကို ရရှိကြတဲ့ သမဏ ဗြာဟ္မဏတွေလည်း ရှိတယ်'

'ဒါဆိုရင် မမြင်ရလို့ မရှိဘူး ထင်နေကြတဲ့ ရုပ်ဝါဒကိုလည်း မစ္ဆိမ ပဋိပဒါက ပယ်တာပေါ့နော် ဆရာ'

'ရုပ်ဝါဒကို ပယ်သလို နာမ်ချည်းသာ ရှိတယ် ဆိုတဲ့ နာမ်ဝါဒကိုလည်း ပယ်ရမယ်၊ ခုပြခဲ့တာက မစ္ဆိမပဋိပဒါ အမြင်က အဇိတရဲ့ အယူဝါဒများကိုရော သိဥ္စည်းရဲ့ အယူဝါဒများကိုရော ပယ်ကြောင်းကို ပြတာဗျ၊ ဦးဘသော် သုံးသပ်ပြထားပုံက – It was with the sole purpose of refuting the heresies of Ajita and Sancaya that the Lord Buddha has expounded these views consisting in the knowledge of Right Understanding. ဒါ ရှင်းတယ် မဟုတ်လား'

'ရှင်းပါတယ် ဆရာ၊ အဇိတနှင့် သိဥ္စည်းတို့ရဲ့ မိစ္ဆာ အယူဝါဒတို့ကို ပယ်ဖျက်ဖို့ အတွက် သမ္မာဒိဋ္ဌိမှာ အကျုံးဝင်တဲ့ ဒီဒသဝတ္ထုက သမ္မာဒိဋ္ဌိကို ဟောခဲ့ခြင်း ဖြစ်တယ်လို့ ပြောတာ မဟုတ်လား'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ခု အိန္ဒိယပြည်မှာ ပေါ်ပေါက်နေတဲ့ မိစ္ဆာ

www.burmeseclassic.com


အယူဝါဒတွေကို ပယ်ဖျက်ဖို့ အတွက် မဇ္ဈိမပဋိပဒါထဲက သမ္မာဒိဋ္ဌိကို ခေါင်းတပ်ပြီး ဘုရားက ဒသသဝတ္ထုက သမ္မာဒိဋ္ဌိကို ဟောရခြင်း ဖြစ်ကြောင်းကို ဆရာကြီး ဦးဘသော် တင်ပြပုံက သိပ်စိတ်ဝင်စားစရာ ကောင်းတယ်၊ သဘာဝ ယုတ္တိ၊ အာဂမယုတ္တိ ပြည့်စုံတယ်'

**သမ္မာဒိဋ္ဌိနှင့် မဇ္ဈိမပဋိပဒါ**

'ဆရာကြီး ဦးဘသော်ဟာ သမ္မာဒိဋ္ဌိနှင့် မဇ္ဈိမပဋိပဒါ ဆက်စပ်နေပုံရဲ့ အရေးပါမှုကိုလည်း ဖော်ထုတ် တင်ပြထားတယ် ကိုစိုးရဲ့၊ မဇ္ဈိမပဋိပဒါ ဆိုတာ သမ္မာဒိဋ္ဌိ ရဖို့ အတွက် သော့ချက် သဘောတရား တစ်ခု ဖြစ်တယ်လို့ နားလည်ရမယ်'

'ဟုတ်ကဲ့၊ ကျွန်တော် ဆက်စပ် စဉ်းစားတတ်လာပါပြီ'

'ကိုစိုးက ဘယ်လို ဆက်စပ် စဉ်းစားတာလဲ'

'သမ္မာဒိဋ္ဌိ ဆိုတာ သစ္စာဉာဏ် အမြင်ပဲ မဟုတ်လား ဆရာ၊ သစ္စာလေးပါးကို သိမှသာ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တဲ့ မဂ္ဂင်လမ်းပေါ်ကို ရောက်မှာပေါ့'

'ဟုတ်ပါတယ်၊ ကိုစိုး နားလည်တာ သဘာဝကျပါတယ်၊ မဇ္ဈိမပဋိပဒါရဲ့ ပဓာန ကိစ္စသည်လည်း အရိယာ သစ္စာလေးပါးကို ကောင်းစွာ မှန်မှန်ကန်ကန် သိမြင်ရေးပါပဲဗျ၊ ဦးဘသော်က အရိယာ သစ္စာလေးပါး မြတ်တရားရဲ့ အရေးပါတဲ့ သဘောကို ပြောလို့ မကုန်နိုင်ပါဘူးတဲ့၊ ဒီ အရိယာ သစ္စာ အမြင်ပေါ်မှာ တည်ပြီး ရုပ်နာမ် ခမ္မ သင်္ခါရ တရား အားလုံးနှင့်တကွ ဘဝရဲ့ ဖြစ်စဉ်ကြီး တစ်ခုလုံးရဲ့ အဓိပ္ပာယ်ကိုပါ ဖွင့်ဆိုနိုင်တယ်တဲ့ဗျ၊ လူ့ဘဝ ပြဿနာ အားလုံးနှင့် အမြင့်ဆုံး အမြတ်ဆုံး စံ (ဉာဏ်) ကို ရအောင်၊ ကြိုးပမ်းမှုကို ဖြေရှင်းပေးနိုင်တဲ့ ဝိဇ္ဇာ ပညာဟာလည်း ဒီ သစ္စာတရား လေးပါး အပေါ်မှာ တည်နေပါတယ်လို့ သုံးသပ်ပြထားတယ် ကိုစိုးရဲ့'

'အင်္ဂလိပ်လို ပြောပြပါဦး ဆရာရဲ့'

'The most significance of these Four Noble Truths can hardly be over-emphasized. On them stands the exposition of entire physical and mental phenomena together with life process the analytical knowledge for the solution of all human problems and the achievement of the highest ideal. လို့ ဖော်ပြထားတယ်'


www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ ကျွန်တော် ရပါပြီ ဆရာ'

'ကိုစိုး မြင်တယ် ဆိုပေမဲ့ တကယ်တော့ မမြင်သေးဘူးဗျ၊ မဇ္ဈိမ ပဋိပဒါ ဆိုတာ နောက်ဆုံးမတော့ အရိယာ သစ္စာ လေးပါးကို ထိုးထွင်း သိမြင်မှု၊ ဒါကို သမ္မာဒိဋ္ဌိ အမြင် ပြည့်စုံစေမှုပဲလို့ ဆိုထားတယ်၊ သူ ဆိုပုံက It is with the full penetration of the knowledge of the Four Noble Truths that Right Understanding becomes complete for there is nothing at all that does not get included in these truths. (စတုသစ္စာ ဝိနိမုတ္တော ဓမ္မောနာမနတ္ထိ) တဲ့ဗျ၊ ကဲ ဒီအထိ ကိုစိုး သဘောကျပြီ ဟုတ်ကဲ့လား'

'ကျပါတယ် ဆရာ၊ နေပါဦး၊ မဟာယာနရဲ့ မဇ္ဈိမပဋိပဒါ အမြင် ဆိုတာလည်း ရှိသေးတယ်၊ ဒိုင်ယာလက်တစ်နှင့် နီးစပ်တယ်လို့ ဆရာ ပြောခဲ့တာ ကျွန်တော် မှတ်ထားတယ်၊ အဲဒါ ပြောပြပါဦး'

'ဒီနေ့တော့ ဒီလောက် သိပြီးရင် တော်လောက်ပြီ ထင်တယ်၊ ကလေးကို ထမင်း ခွံ့ကျွေးသလိုပေါ့၊ တန်ရုံ ခွံ့တာ ကောင်းတယ်၊ ကလေး ပါးစပ်နှင့် ထမင်းလုတ်နှင့် မဆံ့ရင် ကလေး ဒုက္ခရောက်လိမ့်မယ်၊ နောက်နေ့ကျတော့ အချိန် ရပါသေးတယ်၊ ဆက်ပြီး ဆွေးနွေးကြတာပေါ့၊ မဟုတ်ဘူးလား၊ ပြောစရာတွေက အများကြီး ရှိသေးတယ်၊ ရပ်ဦးစို့'

'ကောင်းပါတယ် ဆရာ၊ ပြောသာ ပြောရတယ်၊ ကျွန်တော့် ခေါင်းထဲမှာလည်း မှတ်စရာတွေ များနေပါပြီ၊ ဒါတွေကို စားမြုံ့ပြန်ပြီး အစာခြေလိုက်ဦးမယ်'

ထိုနေ့က စကားမဆက်ဘဲ လူချင်း ခွဲလိုက်ကြသည်။

## မဇ္ဈိမပဋိပဒါ အပေါ် ခေတ်သစ် အမြင် တစ်မျိုး

မြို့ထဲကို သွားသော နေ့များ၌ ညနေခင်းတွင် ချမ်းမြေ့ရိပ်သာ ဂျပန် ဦးပဉ္စင်း ကလေးထံကိုလည်း ရောက်ပါသည်။ ယခုတစ်ကြိမ်တွင် ဂျပန် ဦးပဉ္စင်းကလေးသည် အငြင်းပွားစရာ ပြဿနာကို မပြောတော့ပါ။ ယနေ့ ဘာသာပြန် ကိစ္စကိုသာ အဓိကထားပြီး ပြောဆို ဆွေးနွေးကြသည်။ အလုပ်ကိစ္စ ပြီးသောအခါ ဂျပန် ဦးပဉ္စင်းကလေးက ထူးခြားစွာ စကားဆိုပြီး အကျွန်ုပ်အား အကူအညီ တောင်းခံသည်။

'ဒကာကြီး၊ ဦးပဉ္စင်း ရန်ကုန်က ပညာရှင်တွေနှင့် တွေ့ဆုံပြီး ဆွေး

www.burmeseclassic.com



နွေးချင်တယ်၊ စာပေပညာရှင်၊ ပါဠိပညာရှင်တွေ၊ ဆရာဝန်တွေ၊ သိပ္ပံပညာရှင်တွေ၊ အနုပညာရှင်တွေ၊ စိတ်ပညာရှင်တွေ၊ တက္ကသိုလ်က ဘာသာရပ်ဆိုင်ရာ ပါမောက္ခတွေနှင့် တွေ့ဆုံပြီး ဆွေးနွေးချင်တယ်၊ အဲဒီကိစ္စကို ဒကာကြီး ဆောင်ရွက်ပေးနိုင်မလား' ဟု မေးသည်။

'တပည့်တော်မှာ သာသနာ့ဒါယကာ လူကြီးတွေတော့ ရှိပါတယ်၊ သူတို့ကို အကူအညီ တောင်းရင် ဖြစ်နိုင်ဖွယ် ရှိပါတယ် ဘုရား၊ ဒါနှင့် အရှင်ဘုရားက ဘာတွေ ဆွေးနွေးချင်လို့လဲ ဘုရား'

'အဓိကကတော့ ထေရဝါဒ ဗုဒ္ဓဘာသာထဲက တချို့ အချက်အလက်တွေနှင့် ပတ်သက်ပြီး ဦးပဥ္စင်း ရင်ထဲမှာ မရှင်းလင်းတဲ့ ကိစ္စတွေကို ရှင်းချင်တယ်၊ နောက်ပြီး ယနေ့ ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာ ပြန့်ပွားလာနိုင်တဲ့ အလားအလာတွေကို လေ့လာ သုံးသပ်ချင်တယ်၊ နောက်ပြီး မြန်မာနိုင်ငံဟာ ဒီနေ့ ဂျပန်လို စင်ကာပူလို တိုးတက် ကြီးပွားလာတဲ့ အခါ လူ့ဘောင် အဖွဲ့အစည်းနှင့် ပဋ္ဌိစတရဲ့ အခန်းကဏ္ဍဟာ ဘယ်လို ဖြစ်သွားမလဲ၊ ဘယ်လို ကျေးဇူးပြုနိုင်မလဲ ဆိုတာတွေကို ဆွေးနွေးချင်တယ်'

ဂျပန် ဦးပဥ္စင်းကလေးနှင့် ပညာရှင်များ တွေ့ဆုံ ဆွေးနွေးပွဲ လုပ်လိုခြင်း အစီအစဉ်ကို အကျွန်ုပ်က ဓမ္မဃောသက ဦးမောင်မောင်နှင့် မြင်းခြံသူဌေးတို့အား အသိပေးလိုက်သောအခါ ထိုလူကြီးများက အလွန် စိတ်ပါဝင်စားပြီး လာမည့် တနင်္ဂနွေနေ့တွင် ၄၂ လမ်းရှိ မြင်းခြံသူဌေး၏ နေအိမ်၌ တွေ့ဆုံကြရန် စီစဉ်ကြလေသည်။ လူကြီးများက ဂျပန် ဦးပဥ္စင်းကလေး၏ ရှုမြင် သုံးသပ်ပုံများကို နှစ်သက်ကြသည်။ သူ့မှာ ထေရဝါဒ ဗုဒ္ဓဘာသာဝင် စစ်စစ်၏ စိတ်နှလုံးထား အမှန် ရှိသည်ဟုလည်း လက်ခံကြလေသည်။

နောက်နေ့သည် ကြာသပတေးနေ့ဟု ထင်သည်။ မြို့တွင်းသို့ အကျွန်ုပ် မဂ္ဂဇင်း ကိစ္စအတွက် သွားသည်။ ထုံးစံအတိုင်း နှစ်နာရီ ထိုးသောအခါ တပည့် ဖြစ်သူ ကိုစိုး ရောက်လာသည်။ အကျွန်ုပ်တို့၏ တရား ဆွေးနွေးပွဲကို လက်ဖက်ရည်ဆိုင်ထဲက စားပွဲနိမ့်ကလေး ဘေးတွင် ထိုင်ပြီး ကျင်းပမြဲအတိုင်း ကျင်းပကြသည်။

'ဒီနေ့ မဇ္ဈိမပဋိပဒါနှင့် ပတ်သက်တဲ့ မဟာယာနတို့ရဲ့ အမြင်ကို ပြောမှာလား ဆရာ'

'နေဦးဗျ၊ အဲဒီအမြင်ထက် ပိုပြီး သိသင့်တဲ့ ခေတ်အမြင် တစ်ခု ရှိသေးတယ် ကိုစိုးရဲ့၊ အဲဒါကို အရင် ပြောသင့်တယ်လို့ ထင်တယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဆရာ စိတ်ထဲ ပြောသင့်တယ် ထင်တာကိုသာ ပြောပါ ဆရာ'

စကားစလျှင်ပင် ဆိုင် အလုပ်သမားများက ပေါ့ဆိမ့် လက်ဖက်ရည် နှစ်ခွက် လာချပေးသည်။

'ခု ပြောမှာက သီရိလင်္ကာက အာရ်၊ ပီ၊ ဟေရပ်သ် (R. P. Herath) ဆိုတဲ့ ဗုဒ္ဓဘာသာ ပညာရှင် တစ်ဦး တင်ပြထားတဲ့ အမြင် ကိုစိုးရဲ့'

'ဆရာကတော့ ထောင့်စုံအောင်ကို လေ့လာထားတာပဲနော်'

'မတူဘူးလေ ကိုစိုးရဲ့၊ ကျွန်တော်က အရင်းအနှီး အများကြီး ပေးပြီးမှ ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်လာရတဲ့ သစ္စာရှာပုံတော်သမား၊ ဒေါ်ခင်နှင်းယု ပြောသလို ပြေးနေတဲ့ လူ တစ်ယောက်လေ၊ ဒီတော့ ပြေးရင်းလွှားရင်းနှင့် မြင်ခဲ့ရတဲ့ မြင်ကွင်းတွေက စုံတာပေါ့၊ တစ်နေရာတည်း ထိုင်ကြည့်နေတဲ့ လူနှင့်တော့ ဘယ်တူမလဲ'

'ကျွန်တော် သဘောပေါက်ပါပြီ ဆရာ၊ စောစောက ပုဂ္ဂိုလ် မစ္စတာ ဟေရပ်သ်လား၊ သူ့အမြင်က ဘယ်လိုတဲ့လဲ ဆရာ၊ ပြောပြပါဦး'

'အလယ်လမ်း၊ ဉာဏ်လမ်း၊ မဇ္ဈိမပဋိပဒါ အကြောင်းကို ကိုယ့်အမြင် သူ့အမြင်နှင့် ရေးကြတဲ့ စာတွေကတော့ အမြောက်အမြား ရှိပါတယ်၊ ခု ကျွန်တော် ရွေးပြောနေတာက ထူးခြားတဲ့ အမြင်တွေကို ရွေးပြောတာနော်၊ ခုပြောတဲ့ R. P. Herath ဆိုတဲ့ ပုဂ္ဂိုလ်က ဗုဒ္ဓဘာသာကို ကျွမ်းကျင်သလို ခေတ်သစ် ဒဿနပညာ (ဖီလိုဆိုဖီ) ဘက်ကလည်း နှံ့စပ်တယ်၊ သူ ရေးသားတင်ပြပုံကလည်း တော်တော် စိတ်ဝင်စားဖို့ ကောင်းတယ်'

'ဘယ်လိုကြောင့်လဲ ဆရာ၊ ပြောစမ်းပါဦး'

'ကဲ သူ့ရဲ့ ဓမ္မစကြာသုတ်ကို သုံးသပ်ချက်နှင့်ပဲ စကြစို့၊ သူက It is in this first discourse that the Lord Buddha points out that Middle Path alone can lead to deliverance by avoidance of both extremes. တဲ့ ကိုစိုးရဲ့၊ လိုရင်းအချက်ကို ဒက်ခနဲ သူက ထောက်ပြလိုက်တာ မထိမိဘူးလား'

'ဟုတ်ပါတယ် ဆရာ၊ သူ့အင်္ဂလိပ်စာ အရေးအသားကလည်း လိုရင်း တိုရှင်းနှင့် သိပ် ထိထိမိမိ ရှိတာပဲနော်'

'ဟုတ်တယ်၊ ကိုစိုး နားလည်တယ် မဟုတ်လား'

'နားလည်ပါတယ် ဆရာ၊ ပထမဆုံး ဟောတော်မူတဲ့ ဓမ္မစကြာ တရားတော်ထဲမှာ မြတ်ဗုဒ္ဓက အစွန်းတရား နှစ်ပါးလုံးကို ပယ်ရှားတဲ့ မဇ္ဈိမပဋိပဒါ



www.burmeseclassic.com

www.burmeseclassic.com


(ဥာဏ်လမ်း) သည်သာလျှင် ဘဝ ဒုက္ခ အားလုံး ချုပ်ငြိမ်းခြင်းသို့ ရောက်စေတဲ့ နည်းလမ်း ဖြစ်ကြောင်း ပြညွှန်တော်မူတယ်လို့ ဖော်ပြတာ မဟုတ်လား'

'ဟုတ်တယ်၊ ကိုစိုး နားလည်နိုင်ပြီ'

'နောက်ထပ် ဘာပြောသေးလဲ ဆရာ'

'နောက် သုံးသပ်ချက်ကလည်း ထိထိမိမိ ရှိတယ်ဗျာ၊ သူ့အဆိုက Now after more than 2500 years, that same discourse is still applicable, word for word, because only a few have understood and seen, whose ears and eyes were only slightly covered with the dust of ignorance and lust. တဲ့ဗျ၊ ကိုစိုး နားလည်မှာပါ'

'လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော်က ဟောခဲ့တဲ့ ဒီတရားဟာ ခုထက်တိုင် အောင် အသုံးကျနေသေးတယ်၊ စကားလုံး တစ်လုံးချင်းရဲ့ အဓိပ္ပာယ် အနှစ်သာရကို သူတို့ နား မျက်စိတွေကို အဝိဇ္ဇာနှင့် တဏှာ အနည်းငယ်သာ ဖုံးလွှမ်းတဲ့ လူအနည်းအကျဉ်းပဲ နားလည် သဘောပေါက်ကြသေးတယ်လို့ ဆိုတာ မဟုတ်လား ဆရာ'

'ကိုစိုးက တော်တော် နက်နက်နဲနဲ နားလည်တတ်နေပြီပဲ'

'ကျွန်တော်က သတိကပ်ပြီး နားတတ်လာလို့ ထင်ပါတယ် ဆရာ'

'ဟုတ်တယ်၊ အဲဒီ သတိကပ်ဖို့ဟာ အခက်ဆုံးပဲဗျ'

'ဟုတ်ကဲ့၊ မစ္စတာ ဟောရပ်သ်ရဲ့ တင်ပြချက်တွေထဲက အရေးကြီးတာတွေကို ထုတ်ပြပါဦး ဆရာ'

'အင်း၊ ဟုတ်သားပဲ၊ ကိုစိုး သတိပေးတာ ကောင်းတယ်၊ မဟုတ်ရင် စကားက ဘေးကို ချော်သွားနိုင်တယ်၊ သူက The doors to the deathless are still wide open for every one who cares to see. But also two extremes are there, more attractive ever. One extreme is being intent upon luxurious living in sensuous pleasures, which is despicable, vulgar, ordinary, base, leading to no good.

'It is the extreme of materialism which sees but one origin, matter, and which strives but for one end–material well-being. ကဲ ဒါလည်း ကိုစိုး နားလည်နိုင်ပါတယ်'

'သူ ရေးပုံက တစ်ဘာသာလိုပဲနော်၊ ကာမသုခလ္လိကနုယောဂကို သူက ဟီနော – ယုတ်ညံ့သော၊ ဂါမ္မော – ရွာသူရွာသားတို့၏ အကျင့်ဓလေ့ ဖြစ်သော၊

www.burmeseclassic.com


ပေါထုဇ္ဇနိကော – ပုထုဇဉ်တို့၏ အလေ့ဖြစ်သော၊ နအရိယော – အရိယာတို့၏ ဥစ္စာ မဟုတ်သော၊ အနတ္တ သံဟိတော – စီးပွားချမ်းသာနှင့် မဆက်ဆံသော၊ ဝတ္ထု အာရုံ ကာမဂုဏ် တရားတို့၌ အဖန်တလဲလဲ ခံစားခြင်း ဆိုတဲ့ ကာမ သုခလ္လိက အစွန်းတရားရဲ့ သဘောကို ပြောတာ၊ ဒီအထိကတော့ ဓမ္မစကြာ ထဲမှာ ပါတဲ့အတိုင်း ထားပါတော့၊ နောက်ပိုင်းမှာ သူ ပြောတာက ကာမ သုခလ္လိကနုယောဂ တရား ဆိုတာ လောကီ ရုပ်ဘဝ စည်းစိမ်ဥစ္စာ ရုပ်ချမ်းသာ တစ်ခုတည်းကိုသာ မရ ရအောင် ရှာဖွေ ခံစားတဲ့ ရုပ်ဝါဒ အမြင် ဖြစ်တယ် လို့ ပြောတာကတော့ ထူးခြားပါတယ် ဆရာ'

'ဟုတ်ပြီ၊ ကိုစိုး ကောင်းကောင်း သဘောပေါက်သွားပြီ၊ ဒီကနေ့ ကမ္ဘာမှာ လူတွေ တီထွင် လုပ်ကိုင်နေကြတာ၊ ရုပ်ဝတ္ထုပစ္စည်းတွေကို ပေါပေါ များများ ခံစားပြီး နေနိုင်ဖို့ပဲ အားထုတ်နေကြတာ ဆိုတော့ ရုပ်ဝါဒရဲ့ လွှမ်းမိုး တာကို ခံနေကြရတာပဲ မဟုတ်လား ကိုစိုးရဲ့'

'ဟုတ်ပါတယ် ဆရာ'

'ဒါက ရုပ်ဝါဒ အစွန်းတစ်ဖက်၊ နောက် အတ္တကိလမထာနုယောဂ ကိုတော့ သူက နာမ်ဝါဒ အစွန်းတစ်ဖက် ဖြစ်တယ်လို့ ဖော်ပြထားတယ်ဗျ၊ သူ့အဆိုက It is the extreme of Idealism which sees but one reality that of thought; and strive but for one end–the liveration of thinking 'self'. တဲ့၊ အတ္တဝိညာဉ်ကောင်း လွတ်မြောက်ရေး အတွက် ရုပ်ခန္ဓာကို ညှဉ်းဆဲရတယ် ဆိုတဲ့ နာမ်ဝါဒ အစွန်းတစ်ဖက်ကို ဖော်ပြတာပဲ၊ အိန္ဒိယမှာ ဂိုမ်းဝါဒ ဆိုတာမျိုးပဲလေ'

'ရုပ်ဝါဒနှင့် နာမ်ဝါဒကတော့ ကမ္ဘာ့သမိုင်းမှာ ခေတ်အဆက်ဆက် ဝိရောဓိ ဖြစ်လာခဲ့ကြတာပဲ မဟုတ်လား'

'ဟုတ်တယ်၊ ဗုဒ္ဓ မြတ်စွာဘုရား လက်ထက် မတိုင်ခင်ကတည်းက ဖြစ်လာကြတာလေ၊ ဗုဒ္ဓ မြတ်စွာဘုရား မပွင့်ခင်ကတည်းက အိန္ဒိယပြည်မှာ ရုပ်ဝါဒနှင့် နာမ်ဝါဒဟာ (ရုပ်အတ္တ) နှင့် (နာမ်အတ္တ) သဘောနှင့် ဆန့်ကျင် ဘက် အစွန်းရောက် အတွေးအခေါ်တွေ ဖြစ်ခဲ့ကြတာ၊ ဒီ အတ္တဝါဒ အစွန်း နှစ်ပါးကို မြတ်ဗုဒ္ဓရဲ့ အနတ္တဝါဒက ငြင်းပယ်ပစ်လိုက်တယ်၊ ဒါကို မစ္စတာ ဟေရုပ်သ်က သူ့ဆောင်းပါးထဲမှာ သုံးသပ်ပြထားတယ်၊ ခေတ်ပညာတတ်တွေ ဆင်ခြင်စရာ တော်တော် ကောင်းတယ် ကိုစိုးရဲ့'

'သူက ဘယ်လို ဆိုထားလို့လဲ ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



'It was again at the end of last century that Scientific Materialism and Idealistic Monism confronted one another as two independent modes of thought. Theorectically opposed like two extremes, they practically converge both in their starting point and their goal. 'Self' is their beginning and satisfaction is their end.' *

'ဒီအပိုဒ်ကိုတော့ ဆရာပဲ ရှင်းပြပါ၊ ဒီအထဲ ပါတဲ့ အခေါ်အဝေါ်တွေကို ကျွန်တော် မသိဘူး'

'ကောင်းပြီ၊ Scientific Materialism ဆိုတာက ကွန်မြူနစ်ဝါဒကို ပြောတာဗျ၊ Idealistic Monism ဆိုတာက ကေတ္တနာမ်ဝါဒ လို့ ဘာသာပြန်ရတယ်၊ ထာဝရ ဘုရားသခင်ကို ယုံကြည် အားကိုးတဲ့ နာမ်ဝါဒနှင့် သိပ္ပံပညာကို အားကိုးတဲ့ ရုပ်ဝါဒပေါ့ဗျာ၊ သဘောတရား အရသာ သူတို့နှစ်ခုက သီးခြား သဘောကို ဆောင်တဲ့ အတွေးအခေါ်တွေ အဖြစ်နှင့် ထိပ်တိုက် ရင်ဆိုင်နေကြတာ တဲ့၊ အစွန်း နှစ်ခုလိုပဲတဲ့၊ လက်တွေ့အားဖြင့်တော့ ဒီ အတွေးအခေါ် နှစ်ခုဟာ ငါစွဲ အတ္တနှင့် အစပျိုးကြပြီး ငါစွဲ အတ္တရဲ့ အလိုဆန္ဒ ပြည့်ဝဖို့ ဆိုတဲ့ အဆုံးပန်းတိုင် ရှိကြတာချည်းပဲတဲ့၊ ရှင်းပြီလား'

'၁၉ ရာစု အဆုံးလောက်မှာ ပေါ်လာတဲ့ အတွေးအခေါ်တွေချည်းပဲ နော်'

'ဟုတ်တယ်၊ သူက ဒီအယူအဆကို သမိုင်း အထောက်အထားတွေနှင့် ထုတ်ပြပြီး အခိုင်အမာ ဆိုထားတယ် ကိုစိုးရဲ့၊ ကာမသုခလ္လိကနုယောဂ ခေါ်တဲ့ လောကီ စည်းစိမ် ရုပ်ဝတ္ထု ချမ်းသာကို ခံစားရေး အမြင်ဟာ ခုမှ ပေါ်တာ မဟုတ်ဘူး၊ ဘီစီ ၃၀၀ လောက်ကတည်းက ဂရိနိုင်ငံမှာ အက်ပီကျူးရီးယန်း (epicureans) တွေ လက်ထက်ကတည်းက ပေါ်လာပုံ၊ သူတို့က လောကီ စည်းစိမ်ချမ်းသာကို အပြည့်အဝ ခံစားရတာဟာ အကောင်းဆုံးပဲ၊ pleasure is the highest good လို့ ယူဆခဲ့ကြတဲ့ ဒီအယူအဆဟာ ၁၉ ရာစုမှာ ပြန်ပေါ်လာတယ်၊ ဟော့ဗ် (Hobbes)၊ ကွမ်တေ (Comte)၊ ဂျွန်စတုဝပ် မီးလ် (John Stuart Mill) စတဲ့ အတွေးအခေါ် ပညာရှင်တွေဟာလည်း ကာမသုခလ္လိကနုယောဂ ဝါဒီတွေချည်းပဲတဲ့ဗျ၊ သိပ်ဟုတ်တယ်၊ ပြီးမှ

* The Young Buddhist (1986) – p 115



www.burmeseclassic.com

www.burmeseclassic.com



သူက သိပ္ပံပညာကိုလည်း ထေရဝါဒ ရှုထောင့်က ဝေဖန်ပြထားတယ်'

'ဟုတ်လား ဆရာ၊ ထေရဝါဒ ရှုထောင့်က သိပ္ပံပညာကို ဘယ်လိုများ ဝေဖန်ထားသလဲ၊ လူတွေရဲ့အမြင် (ပုထုဇဉ်ရဲ့ အမြင်ပဲ ဆိုပါတော့) မှာတော့ သိပ္ပံပညာ တိုးတက်လာလို့သာ လူ့လောက တိုးတက်လာတယ်၊ လူ့ဘဝဟာ နေပျော်ဖွယ် ဘဝ ဖြစ်လာတယ်၊ လူနေမှု အဆင့်အတန်း မြင့်မားလာတယ်၊ လူ့ဘဝ စည်ပင် ဝပြောလာတယ်လို့ ယုံကြည်နေကြတယ် မဟုတ်လား ဆရာ'

'ကိုစိုး ပြောတာ မှန်ပါတယ်၊ အဲဒီ အမြင် အယူအဆတွေကို မစ္စတာ ဟောရပ်သ်က ယထာဘူတကျကျ ဝေဖန် သုံးသပ်ပြထားတယ်ဗျ၊ ကျွန်တော် ကတော့ တော်တော် နှစ်သက်မိတယ်'

'ဒါဆို ပြောပြပါဦး ဆရာရယ်၊ အမြင်မှန်ရရင် ကျွန်တော်တို့လည်း ဝမ်းသာရတာပေါ့'

'သူ ရေးထားတာက **As soon as science became applied, human craving monopolized it for the sake of its own satisfaction. Invention has been utilized for the increase of comfort. But the increase of comfort has only led to desire for still more; and the desire for more has led and will always lead to conflict and conquest.** တဲ့ဗျ၊ သူက ပဋိစ္စသမုပ္ပါဒ်လို ကြောင်းကျိုးဆက်ပြီး သုံးသပ်ထားတာ၊ ကိုစိုး ဘယ်လို နားလည် ခံစားရသလဲ'

'အရသာ ရှိလိုက်တာ ဆရာရယ်၊ ဒီတစ်ချက်ကတော့ ကျွန်တော့် ရင်ထဲမှာ အသည်းနှလုံး အစုံကို ဆွဲခါပြီး ယမ်းပစ်လိုက်သလိုပဲ၊ ကျွန်တော်တို့ မြင်ခဲ့တာတွေက တဏှာ မျက်မှန် တပ်ကြည့်ပြီး မြင်ခဲ့တာပဲနော်၊ ထေရဝါဒ ရှုထောင့်က ပညာ မျက်မှန် တပ်ကြည့်လိုက်တော့ သိပ္ပံပညာ ဆိုတာဟာ ဒုက္ခ သစ္စာတွေကို ဖန်တီးနေတဲ့ အတတ် တစ်မျိုးပဲ၊ ဒါ ရှင်းရှင်း ပေါ်လာတယ်၊ သိပ္ပံပညာကို အသုံးချ ခံရကတည်းက လူ့ဘဝမှာ တဏှာက ဒီပညာကို သူတို့ရဲ့ ရာဂ ဆန္ဒတွေ ပြည့်ဝဖို့ အတွက် လက်ဝါးကြီးအုပ် အပိုင်စီးခြင်းကို ခံခဲ့ရတယ်၊ ပထမ အချက်ဟာ ဉာဏ်လမ်းပေါ်က အရိယာ သာဝကတိုင်း သိနိုင် မြင်နိုင်တဲ့ အချက်ပါပဲ၊ သူ ပြထားတဲ့ နောက်တစ်ချက်ကလည်း မှန်တာပဲ၊ သိပ္ပံပညာရဲ့ တီထွင် ဆန်းသစ်မှုတွေကိုလည်း လူတွေက သူတို့ဘဝ သက်သာ လွယ်ကူဖို့ စည်းစိမ်ချမ်းသာ ခံစားရဖို့ အသုံးချလာကြတယ် ဆိုတာ ရယ်၊ တတိယ အချက်က ဒါပေမဲ့ သက်သောင့်သက်သာ ရှိမှု၊ စည်းစိမ်ချမ်း

www.burmeseclassic.com



သာ ဆိုတာဟာ တကယ်တော့ ရလေ ပိုရချင်လေ ဖြစ်ပြီး လောဘတဏှာကိုပဲ ပိုမို တိုးပွားစေတယ် ဆိုတာလည်း သိပ်မှန်တာပဲ၊ နောက်ဆုံး တစ်ချက်က ဒီလို လောဘတဏှာ၊ ရာဂဆန္ဒတွေ တိုးပွား များပြားလာလေ၊ လူတွေ ကြားထဲမှာ ပဋိပက္ခတွေ၊ အနိုင်လိုချင်မှုတွေ ပိုများလာလေပဲ ဆိုတာ ကျွန်တော့် ရင်ထဲတော့ စွဲသွားတာပဲ ဆရာရယ်'

'အင်း ကိုစိုးရေ၊ ဝေဖန် သုံးသပ်ပြီးမှ ခံစား နားလည်တာ ဆိုတော့ ပိုပြီး အရသာရှိတာပေါ့၊ ဒီပညာရှင်ရဲ့ သုံးသပ်ချက်ဟာ ယနေ့လူ့လောကမှာ ဖြစ်နေတာတွေနှင့် ဆိုရင် ဘာမှ အငြင်းပွားစရာ မရှိပါဘူး'

'ဆရာရယ်၊ ဘုရားလက်ထက်က ပုဏ္ဏားတွေ တိတ္ထိတွေ ဘုရားဟောတဲ့ တရားကို နာကြားပြီးတဲ့အခါ ပြောကြတယ် မဟုတ်လား၊ အရှင်ဘုရားရဲ့ တရားကို နာရတာ မှောက်ထားတဲ့ အိုးကို လှန်ပြလိုက်သလိုပဲ၊ မှောင်နေတဲ့ အခန်းထဲမှာ မီးထွန်းပြလိုက်သလိုပဲ ဆိုတဲ့ အတိုင်းပဲ ကျွန်တော့် ခေါင်းထဲမှာ ဉာဏ်ရှင်း ရှင်းသွားတာပဲ၊ သူ့ သုံးသပ်ချက်တွေကို ကျွန်တော်တော့ သိပ်သဘောကျနေမိပြီ ဆရာရယ်၊ နောက်ထပ် သူ ပြောတာတွေကို ကြားပါရစေဦး'

'သိပ္ပံပညာကြောင့် လူ့ဘဝဟာ သဘာဝနှင့် အလှမ်းကွာဝေးသွားပုံကိုလည်း သူက ရှင်းပြထားသေးတယ်ဗျ'

'ဟုတ်ကဲ့၊ ပြောပြပါဦး'

'Life has become unnatural because it has become machanized; man is reduced to the position of a cogwheel in a machine. လို့လည်း သူက ဝေဖန်ပြထားတယ်'

'ဒီအမြင်ကိုလည်း ကျွန်တော် နှစ်သက် လက်ခံနိုင်ပါတယ်၊ ဟုတ်တာပေါ့၊ စက်မှု ထွန်းကားလာတော့ လူသားရဲ့ ဘဝဟာလည်း စက်ယန္တရားကြီး တစ်ခုထဲက ခွေးသွားစိပ်ဘီး တစ်ခုလိုပဲ ဖြစ်ပြီး လူ့ရဲ့ ပင်ကို သဘာဝလည်း မရှိတော့ဘူးတဲ့၊ စက်ယန္တရားကြီးထဲက ခွေးသွားစိပ်ဘီး ဘယ်လို ဖြစ်သွားသလဲ ဆိုတာကော သူက ရှင်းမပြဘူးလား ဆရာ'

'ရှင်းပြထားပါတယ် ကိုစိုး၊ သူ ပြောတာက Like a cogwheel it is moved on and on by other, sometimes merely passes on that movement to the next, – thus man, to find his place in society, must move on with society and in his whirling round get hold also of others, whom he drags along with him in the vortex of

www.burmeseclassic.com


materialism. တဲ့ဗျ၊ ဒါကို ကိုစိုး နားလည်ရဲ့လား'

'သဘောလောက်တော့ နားလည်ပါတယ်၊ တချို့ စကားလုံးတွေကို ဘာသာ မပြန်တတ်ဘူး'

'ဘယ်စကားလုံးတွေလဲ'

'**whirling** ဆိုတာရယ်၊ **vortex** ဆိုတာရယ်ကို အဓိပ္ပာယ် မသိဘူး'

'ဟုတ်တာပေါ့၊ တွေ့နေ မြင်နေကျ စကားလုံးတွေ မဟုတ်ဘဲကိုး၊ **whirling** နောက်က **round** ဆိုတဲ့ စကားလုံးကို သတိထားမိမှာပေါ့'

'ဟုတ်ကဲ့၊ သတိပြုမိပါတယ်'

'ကဲ ဒါဆို ဒီလို ပြန်ကြည့်မယ်၊ စက်ယန္တရားကြီး တစ်ခုလုံး လည်နေတဲ့အခါ သူ့အထဲမှာ ပါတဲ့ ခွေးသွားစိပ် ဘီးတွေလည်း လိုက်ပြီး လည်နေရတယ် ဆိုတာကိုတော့ သိမှာပေါ့'

'ဟုတ်ကဲ့၊ သိပါတယ်'

'သိရင် လူ့အဖွဲ့အစည်းကိုလည်း လည်နေတဲ့ ယန္တရားကြီး တစ်ခုလို သဘောထားကြည့်ပါ၊ လူ့ဘဝမှာ လူဟာ အဲဒီ လူ့အဖွဲ့အစည်းကြီးထဲမှာ ကိုယ့်အတွက် (ပါဝင်ရမယ့်) နေရာကလေး တစ်ခု ရဖို့ ရှာရတာရယ်၊ နေရာ ရပြန်တော့လည်း စက်ကြီး လည်သလို လှုပ်ရှား လည်ပတ်နေတဲ့ လူ့အဖွဲ့အစည်းရဲ့ လှုပ်ရှားမှုနှင့်အတူ ပုဂ္ဂလိက လူသားက လိုက်ပြီး ခွေးသွားစိပ် ဘီးလည်သလို လိုက်လည်ရတယ်၊ အဲဒီလို လည်ပြန်တော့ ဘီးတစ်ဘီး လည်ရင် ကျန်ဘီးတွေပါ လည်ရသလိုပေါ့၊ ကိုယ်လည်း တခြားလူတွေနှင့်ပါ ထိတွေ့သွားရတာပေါ့'

'**vortex** ဆိုတာကတော့'

'**vortex** ဆိုတာက ရေဝဲ၊ လေပွေကို ပြောတာ၊ လူ့အဖွဲ့အစည်းထဲမှာ ကိုယ်ပါ ပါဝင်ပြီး လှုပ်ရှား လည်ပတ်နေရတာဟာ ခွေးသွားစိပ် ဘီးတစ်ခု လည်တော့ တခြား ဘီးတွေကိုပါ ဆွဲလှည့်ပြီး လည်ပတ်စေသလို ဒီဝဲထဲမှာ ပါအောင် တရွတ်တိုက် ဆွဲယူသွားသလို ဖြစ်နေတာကို ပြတာဗျာ'

'ဒါဆိုရင် **vortex of materialsim** ကို ရုပ်ဝါဒရဲ့ ဝဲလို့ပဲ ဘာသာ ပြန်ရမလား ဆရာ'

'ဟုတ်ကဲ့၊ ဒီလို ဖြစ်နေတာကို ဓမ္မစကြာထဲမှာ **surely, that is despicable, vulgar, ordinary, base, leading to no good.** ဆိုပြီး ပြထားတာဟာ အဲဒီ ရုပ်ဝါဒ ဝဲထဲမှာ နေရလို့ လူ့ဘဝဟာ ဟီနော ဂါမ္မော၊


www.burmeseclassic

www.burmeseclassic.com



ပုထုဇ္ဇနိကော၊ အနရိယော၊ အနတ္ထသံဟိတော ဖြစ်ရတယ်လို့ သူက ရှင်းပြထားတယ်'

'ဒါဆိုရင် မစ္စတာ ဟေရပ်သ်ရဲ့ အမြင်မှာ ကာမသုခလ္လိကနုယောဂကို ရုပ်ဝါဒ (Materialsim) လို့ သတ်မှတ်တာပေါ့နော်'

'ဟုတ်တယ်၊ ခေတ်သစ် အမြင်နှင့် ကြည့်ရင် လောကီဘဝ ချမ်းသာဆိုတာ ရုပ်ဝတ္ထု ပစ္စည်းတွေနှင့် ဝန်းရံထားတာကို ဆိုတာပဲ၊ ဒီစည်းစိမ်ချမ်းသာတွေကို ခံစားလို့ ရတဲ့ pleasure ကို သူတို့က သုခလို့ သတ်မှတ်တာကိုး၊ ဒါကြောင့် ဒါဟာ ရုပ်အပေါ်မှာ အခြေခံထားတဲ့ ရုပ်ဝါဒပဲတဲ့၊ ဒီလိုပဲ အတ္တကိလမထာနုယောဂကို သူက နာမ်ဝါဒ (Idealism) လို့ သတ်မှတ်တယ်၊ ဒါက နာမ်သဘောကို အတ္တစွဲတာလေ၊ သူက ဖစ်ချ်တေရဲ့ သဘောအမြင်ကို ထုတ်ပြထားတယ်၊ Fichte in his subjective idealism held that it is the 'I' alone who exist; all the rest is a modification of my mind. လို့ ဆိုထားတယ်၊ နားလည်တယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ဖစ်ချ်တေရဲ့ အမြင်က သဿတဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အမြင်ပဲပေါ့၊ ဒီလောကမှာ ငါ (အတ္တ) ပဲ ရှိတယ်၊ ကျန်တာတွေ အားလုံးဟာလည်း ငါ့စိတ်က လုပ်ထားတာ၊ ပြုပြင်ထားတာချည်းပဲ ဆိုတော့ ဒါကို ပုဂ္ဂလဓိဋ္ဌာန် နာမ်ဝါဒ (Subjective idealism) လို့ ခေါ်ရတာလား၊ ဒီလို နာမ်ဝါဒတွေ ရှိသေးလား ဆရာ'

'ဟာ ကမ္ဘာ့ ဒဿန သမိုင်းမှာ အများကြီးပဲ ရှိတယ်ဗျ၊ သူက ရှိုပင်ဘာကလေ၊ ဟေဂယ် စသူတွေရဲ့ နာမ်ဝါဒ အမျိုးမျိုးကိုလည်း ထုတ်ဖော်တင်ပြထားတယ်၊ ဒါတွေဟာ ဗုဒ္ဓရဲ့ မဇ္ဈိမပဋိပဒါ အရကတော့ အစွန်းတရားတွေချည်းပဲဗျ၊ ဟေရပ်သ်က နာမ်ဝါဒထဲမှာ အတ္တ သဘော ပါနေပုံကို ရှင်းပြထားသေးတယ်'

'ဘယ်လိုလဲ ဆရာ'

'In idealism the 'Self' must be liberated from matter. Soul must be delivered from the bonds of the body. The passions of the body must be subdued even by force; body becomes the eternal enemy of the spirit which can only be overcome by 'prayers and fasting'. နာမ်ဝါဒရဲ့ အမြင်ကို သူက ဒီလို သုံးသပ်ပြထားတယ်၊ ကိုစိုး ဘယ်လို နားလည်သလဲ'

www.burmeseclassic.com



'နားလည်ပါတယ် ဆရာ၊ ဒီအပိုဒ်က သိပ်မခက်ပါဘူး'

'ကဲ ပြောပြစမ်းပါဦး'

'နာမ်ဝါဒမှာ ဆိုတာက အတ္တငါကို ရုပ်ကနေ လွတ်မြောက်အောင် လုပ်ရမယ်၊ ဝိညာဉ်ကောင်ကို ရုပ်ခန္ဓာရဲ့ အနှောင်အဖွဲ့က လွတ်ထွက်သွားအောင် လုပ်ရမယ်၊ ဒီ ရမ္မက်တဏှာတွေကို အင်အားကို သုံးပြီး နှိမ်နင်းသင့်ရင် နှိမ်နင်းရမယ်၊ ရုပ်ခန္ဓာဟာ ဝိညာဉ်ရဲ့ ထာဝရ ရန်သူ ဖြစ်တယ်၊ ဒါကြောင့် ဒီ ရန်သူကို နိုင်အောင် ဝတ်ပြုဆုတောင်းခြင်းနှင့် အစားအစာ မကျွေးဘဲ ဥပုသ်စောင့်ခြင်းဖြင့် နှိမ်နင်းရတယ်လို့ ဆိုတာ မဟုတ်လား'

'ဟုတ်ပါတယ်၊ ကိုစိုးက နားလည်မှု စွမ်းရည် တိုးတက်လာတာ သိပ်သိသာပါတယ်'

'သူ့စကားအရဆိုရင် ဓမ္မစကြာမှာ မြတ်ဗုဒ္ဓ ဟောတော်မူခဲ့တဲ့ ကာမသုခလ္လိကနုယောဂနှင့် အတ္တကိလမထာနုယောဂ ဆိုတာ လက်စသတ်တော့ ခေတ်သစ် အခေါ်အဝေါ် ဆိုရင် ရုပ်ဝါဒနှင့် နာမ်ဝါဒပဲပေါ့နော် ဆရာ'

'ဟုတ်တယ် ကိုစိုးရဲ့၊ ဒါကြောင့် အဋ္ဌကထာတွေမှာရော၊ ဦးဖုမ်ရဲ့ ဓမ္မစကြာ နိဿျမှာပါ ကာမသုခလ္လိကနုယောဂ ဥစ္ဆေဒဒိဋ္ဌိ အစွန်း၊ အတ္တကိလမထာနုယောဂ သဿတဒိဋ္ဌိ အစွန်းလို့ ဖော်ပြထားတာ၊ ခင်ဗျား မှတ်မိသလား'

'မှတ်မိပါတယ်၊ အဲဒီ ဝါဒ နှစ်ခုကို ဗုဒ္ဓက မဇ္ဈိမပဋိပဒါ အလယ်အလတ် အမြင် (ကျင့်စဉ်) နှင့် ပယ်ခဲ့တာပေါ့နော်'

'ဟုတ်တယ် ဟုတ်တယ်၊ အဲဒီ အစွန်းရောက် အယူဝါဒတွေကို မဇ္ဈိမပဋိပဒါနည်းနှင့် ဘုရားက ပယ်တော်မူပုံကိုလည်း သူက သုံးသပ်ပြထားတယ်ဗျ၊ သူ ဆိုတာက **Between the two, not as a meeting place, not as a compromise of the two extremes of materialistic self-indulgence and idealistic self-denial but 'avoiding' both The Blessed One has found the Middle Path, a path not of mediocrity, but of the highest truth and attainment, giving knowledge of wisdom – not in the wavering of speculation, not in the excitement of discussion, but 'in tranquillity of mind and penetrative insight, leading to Enlightenment and Deliverance', enlightenment with regard to the real nature of things and deliverance from all**



www.burmeseclassic.com

www.burmeseclassic.com



suffering and its causes.* လို့ ဖော်ပြထားတယ်၊ စကားကြောတော့ နည်းနည်း ရှည်တယ်၊ ဒါပေမဲ့ ပိုင်းဖြတ်ပြီး ကြည့်ရင် နားလည်ရ မခက်ပါဘူး၊ ကိုစိုး သဘောတော့ ငုံမိမှာပါ'

'သိတော့ သိတယ်၊ ရှင်းတော့ မရှင်းဘူး'

'ဒါဆို ကျွန်တော် ရှင်းပြမယ်၊ သူ ပြောချင်တာကို ပထမ ပြောမယ်၊ မြတ်ဗုဒ္ဓရဲ့ မဇ္ဈိမပဋိပဒါဟာ အနောက်တိုင်းသား ဒဿန ဆရာတွေ နားလည်နေတဲ့ ဒိုင်ယာလက်တစ်တို့ (မဟာယာနက နာဂအဇ္ဇုနရဲ့ ဒိုင်ယာလက်တစ်) တို့နှင့် မတူဘူး ဆိုတာကို ပေါ်လွင်စေချင်လို့ ဒီလို ရေးထားတာ ကိုစိုးရဲ့၊ သူ ပြောတဲ့အတိုင်း ပြောရရင် မဇ္ဈိမပဋိပဒါ ဆိုတာဟာ အစွန်းနှစ်ခုရဲ့ ဆုံစည်းရာ သဘောလည်း မဟုတ်၊ အစွန်းနှစ်ခုကို သဘောတူ ညီညွတ်သွားအောင် စေ့စပ် ဖြေရှင်းခြင်း သဘောလည်း မဟုတ်ဘူးတဲ့၊ (ကိုယ့်အတ္တ အလိုကို လိုက်ဖြည့်နေတဲ့ ရုပ်ဝါဒနှင့် အတ္တကို ငြင်းပယ်တဲ့ နာမ်ဝါဒရဲ့ အစွန်းနှစ်ဖက်ကို ညီညွတ်မှုရအောင် စေ့စပ်ခြင်းလည်း မဟုတ်ဘူးတဲ့)၊ ဒီမှာ မဇ္ဈိမပဋိပဒါက အစွန်း နှစ်ဖက်စလုံးကို ငြင်းပယ်တာသာ ဖြစ်တယ်၊ မဇ္ဈိမပဋိပဒါ အလယ်လမ်းဟာ a path not of mediocrity ဆိုပြီး သူက ဆိုထားတယ်၊ mediocrity ဆိုတာက အကောင်းစားလည်း မဟုတ်၊ အညံ့စားလည်း မဟုတ်တဲ့ အလတ်တန်းစားလို့လည်း မဆိုနိုင်ဘူးလို့ ပြောတာဗျ'

'ဒါဆို အလယ်လမ်း ဆိုတာက ဘာကို ဆိုတာလဲ'

'အင်း၊ အဲဒီနေရာမှာ သဘောအမှန်ကို သိဖို့ အရေးကြီးတယ်၊ အလယ်လမ်း ဆိုလို့ အမြင့်လည်း မဟုတ်၊ အနိမ့်လည်း မဟုတ်၊ အလယ် အလတ် ဆိုပြီး ယူလိုက်ရင် mediocrity ဖြစ်သွားမယ်၊ ဒါမဟုတ်ဘူး၊ သူက ဒါကို ပေါ်လွင်အောင်လို့ မဇ္ဈိမပဋိပဒါ ဆိုတာဟာ but of the highest truth and attainment လို့ တိတိကျကျ ဆိုထားတယ်၊ ဆိုလိုတာက ဒီနည်းဟာ အမြင့်ဆုံး သစ္စာဉာဏ်ကို ပေါက်မြောက်စေတဲ့ နည်းလမ်း၊ giving knowledge and wisdom ဉာဏ်ပညာကို ပေးတဲ့ နည်းလမ်းသာ ဖြစ်တယ်၊ စိတ်တည်ငြိမ်မှု သမာဓိနှင့် ထိုးထွင်းသိမြင်မှု (ဝိပဿနာဉာဏ်) ကို ဖြစ်စေတဲ့ နည်းလမ်း ဖြစ်တယ်၊ ဒီဉာဏ်အမြင်ဟာ leding to Enlightenment and Deliverance မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ဒုက္ခခပ်သိမ်း ငြိမ်းအေးခြင်း အမှန်

* The Young Buddhist (1986) – p 116



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိဗ္ဗာန် ဝိမုတ္တိကို ရရောက်စေတဲ့ နည်းပဲလို့ ဖော်ပြထားခြင်း ဖြစ်တယ်၊ ပြီးမှ သူက ဒီဉာဏ်အမြင်ဟာ သဘာဝတရားကို ပင်ကိုအတိုင်း ရှိရှိတဲ့ အတိုင်း သိစေ မြင်စေတဲ့ ယထာဘူတဉာဏ် ဖြစ်ရုံမျှမက ဒုက္ခဆင်းရဲ အပေါင်းနှင့် ဒုက္ခ ဖြစ်ကြောင်း (သမုဒယ တဏှာ) တွေကပါ လွတ်မြောက်စေတဲ့ နည်းပဲ တဲ့၊ Enlightenment with regard to the real nature of things and deliverance from all suffering and its causes. ဆိုပြီး ပြောထားတာ'

'သူ သုံးသပ်ပြထားတာတွေဟာ တော်တော် ခေတ်အမြင် ခေတ်အကြားနှင့် ဆီလျော်တာပဲနော်'

'ဟုတ်တယ်ဗျ၊ နောက်ဆုံး မဇ္ဈိမပဋိပဒါ အလယ်လမ်းရဲ့ သဘောကို သူ ကောက်ချက်ချထားပုံကလည်း တိုရှင်း လိုရှင်းပဲ၊ အနှစ်သာရ ပါတယ်ဗျ'

'ပြောပြပါဦး ဆရာရဲ့'

'It is the path of actuality that leads to reality. Only having realized this path with knowledge and insight will the deliverance of mind be steadfast, the last life reached and rebirth no more. ဆိုပြီးလည်း ပြထားတယ်'

'အဓိပ္ပာယ်ကို ရှင်းပြပါဦး ဆရာ'

'မဇ္ဈိမပဋိပဒါ ဆိုတဲ့ ဒီလမ်းဟာ ပရမတ္ထ သစ္စာသို့ မုချ ရောက်စေတဲ့နည်း ဖြစ်တယ်၊ ဒီအလယ်လမ်းကို ထိုးထွင်းသိမြင်တဲ့ ဝိပဿနာ ဉာဏ်အမြင်သို့ သိမြင် ပေါက်မြောက်မှသာလျှင် စိတ်ရဲ့ လွတ်မြောက်မှုသည် မြဲမြံ ခိုင်ခံ့လာပြီး နောက်ဆုံး ဘဝကို ရနိုင်တယ်တဲ့၊ နောက်ထပ် ဇာတိ ပဋိသန္ဓေ နေခြင်းလည်း မရှိတော့ဘူးလို့ ဆိုတာပါ ကိုစိုးရဲ့'

'ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ကျွန်တော့် ခေါင်းထဲမှာ ကာလ ကြာမြင့်စွာက မရှင်းမလင်း ဖြစ်နေခဲ့တဲ့ မဇ္ဈိမပဋိပဒါ ဉာဏ်လမ်းရဲ့ သဘောဟာ ခုကျတော့ တော်တော့်ကို အမြင် ရှင်းလာတယ်၊ မဇ္ဈိမပဋိပဒါနှင့် ပတ်သက်ပြီး သိစရာတွေ ကျန်သေးလား ဆရာ'

**ကမ္ဘာ့ သာသနာပြု အရှင်သေဋ္ဌိလ (အဂ္ဂမဟာ ပဏ္ဍိတ၏ မဇ္ဈိမပဋိပဒါ အမြင်)**

ကိုစိုးက အားမရသလို မေးသည်။ သူ့ဦးနှောက် ကွန်ပျူတာထဲသို့ နောက်ထပ် အချက်အလက် (data) တွေ ထပ်ထည့်ချင်သေးကြောင်း ထင်ရှားသည်။

'ကိုစိုးလို သိချင် မြင်ချင်သူတွေ အတွက်ကတော့ သိစရာတွေ အများ



www.burmeseclassic

www.burmeseclassic.com



ကြီး ကျန်သေးတယ်ဗျ၊ ဒီအကြောင်းအရာကို ပြောလာတာ ကျယ်တော့ တော်တော် ကျယ်ဝန်းနေပြီ၊ ဒါပေမဲ့ မစုံသေးဘူး၊ စုံအောင် ပြောဖို့သင့်တယ်'

'ဟုတ်ကဲ့၊ ကျွန်တော် ကြားချင်ပါတယ် ဆရာ'

'ကိုစိုး ကမ္ဘာ့ သာသနာပြု ဆရာတော်ကြီး အရှင် သေဋ္ဌိလကို ကြားဖူးတယ် မဟုတ်လား'

'ကြားဖူးပါတယ်'

'ဆရာတော်ကြီး ၁၉၃၈ ခုနှစ်က ၁၉၈၃ ခုနှစ် အကြားမှာ ကမ္ဘာ အရပ်ရပ်မှာ ဟောတော်မူခဲ့တဲ့ တရားတွေကို စုပေါင်းပြီး စာအုပ် တစ်အုပ် ထုတ်ထားတာ ရှိတယ်၊ အမေရိကန် လူငယ် ဗုဒ္ဓဘာသာဝင် တစ်ယောက်၊ သူ့နာမည်က ဂျိမ်း ရော့စ်လို့ ခေါ်တယ်၊ သူက ဓမ္မဒါနပြုတာ၊ အင်္ဂလန်က ဆရာတော်ကြီးရဲ့ တပည့် ဒါယိကာမကြီး မစ္စက် အီဂယ်လ်ဒန်က တည်းဖြတ်ပြီး ထုတ်ထားတာဗျ၊ စာအုပ်နာမည်က **Essential Themes of Buddhist Lectures Given By Ashin Tihttila (Aggamāhapandita)** တဲ့၊ ဒီစာအုပ် ထဲမှာ ဆရာတော်ကြီးက **The Middle Path** ဆိုပြီး မဇ္ဈိမပဋိပဒါ အကြောင်းကို ရှုထောင့် တစ်မျိုးက ရေးသား တင်ပြတော်မူထားတယ်၊ ကိုစိုးလို သိချင် မြင်ချင်သူ အတွက်တော့ စိတ်ဝင်စားစရာ ကောင်းတယ်လို့ ထင်ပါတယ်'

'ကျွန်တော် သိသင့်တာ ဆိုရင် ပြောပါ ဆရာ'

'ဆရာတော်ကြီး ဦးသေဋ္ဌိလရဲ့ မဇ္ဈိမပဋိပဒါ အမြင်ကလည်း ခေတ်မီတယ်၊ နိုင်ငံခြားသားတွေ နားလည်နိုင်တဲ့ စကားမျိုးတွေနှင့် ဟောထားတာ ဆိုတော့ တစ်မျိုး မှတ်သားစရာ ကောင်းတယ်၊ ဆရာတော်ကြီးရဲ့ တရား အစမှာ ဟောထားတာက **The Eightfold Path which the Buddha preached in his first sermon is known as the Middle Path because it is neither optimistic nor pessimistic.** ဆိုပြီး အနောက်နိုင်ငံသား ဗုဒ္ဓဘာသာကို စိတ်ဝင်စားကြသူတွေရဲ့ နားထဲကို ရိုက်သွင်းထည့်လိုက်တယ်၊ နားလည်လား ကိုစိုး'

'ကျွန်တာတွေကိုတော့ နားလည်တယ်၊ **optimistic** နှင့် **pessimistic** ဆိုတာကို နားမလည်ဘူး'

'**optimistic** ဆိုတာ ဘဝကို အကောင်းမြင်တဲ့ သဘော အယူအဆဗျ၊ **pessimistic** ဆိုတာက ဘဝကို အဆိုးမြင်တဲ့ သဘောပဲ'

'ဒါဆို ကျွန်တော် နားလည်ပြီ၊ မြတ်ဗုဒ္ဓရဲ့ တရားဦး ဓမ္မစကြာထဲမှာ



www.burmeseclassic

www.burmeseclassic.com



ဟောထားတဲ့ မဂ္ဂင်ရှစ်ပါး တရားကို မန္တိမပဋိပဒါ တရားလို့ လူသိများတယ်၊ ဒီတရားဟာ လူ့ဘဝကို အကောင်းမြင် တရားလည်း မဟုတ်ဘူး၊ မကောင်းမြင် တရားလည်း မဟုတ်ဘူးလို့ ဆိုတာ မဟုတ်လား'

'ဟုတ်ပါတယ် ကိုစိုး၊ ဒီလို ဟောပြီးမှ ဆရာတော်က ဘဝ အကောင်းမြင်ဝါဒ သဘောနှင့် ဘဝ အဆိုးမြင်ဝါဒ သဘောကို ရှင်းပြတယ်၊ Optimism tends to over-estimate the conditions of life, whereas pessimism tends to under-estimate them.'

'ဒီကျတော့ အကောင်းမြင် သဘောကို over-estimate၊ အဆိုးမြင် သဘောကို under-estimate လို့ သုံးထားတယ်နော်'

'ဒါကလည်း အင်္ဂလိပ် အသုံးအနှုန်းကို နိုင်နင်း ကျွမ်းကျင်တဲ့ သဘောကို ပြတာပဲ ကိုစိုးရဲ့၊ ဘဝကို တန်ဖိုး ထားလွန်းတာက optimism၊ ဘဝကို တန်ဖိုး မထားလွန်းတာ လျှော့တွက်လွန်းတာက pessimism ပဲပေါ့'

'ဆရာတော်ကြီးက အတ္တကိလမထာနုယောဂနှင့် ကာမသုခလ္လိကနုယောဂကို ဒီရှုထောင့်က တင်ပြတာလည်း စိတ်ဝင်စားစရာပဲနော်'

'အဲဒီအချက်ကိုလည်း ဆရာတော်က ပေါ်လွင်အောင် ဆက်ပြီး ရှင်းပြထားပါတယ်၊ To plunge on the one hand into the sensual excesses and pleasure of the ordinary worldly life is mean, degrading and useless. On the one hand, extravagant asceticism is also evil and useless. ဆိုပြီး ဟောလိုက်တယ်ဗျ'

'ဟုတ်ကဲ့၊ သဘောကတော့ လူသာမန် ပုထုဇဉ်တို့ရဲ့ ကိလေသာ အာရုံ ကာမဂုဏ် စည်းစိမ်တွေကိုချည်း လိုက်စားနေတာဟာလည်း ယုတ်ညံ့တယ်၊ သိမ်ဖျင်းတယ်၊ အသုံးမကျဘူး၊ တန်ဖိုး မရှိဘူးတဲ့၊ နောက်တစ်ဖက်က ကိုယ့်ကိုယ်ကိုယ် အဆမတန် နှိပ်စက် ညှဉ်းဆဲပြီး ကျင့်တာလည်း သူတော်ကောင်းတို့ရဲ့ အကျင့် မဟုတ်ဘူး၊ မမြတ်ဘူး၊ တန်ဖိုး မရှိဘူး၊ အသုံးမကျဘူးလို့ ဆိုတာ မဟုတ်လား ဆရာ'

'ဟုတ်တယ်၊ ကိုစိုးက တော်တော် တိတိကျကျ ဘာသာပြန်နိုင်နေပြီ၊ ဒီမှာ ဆရာတော်ကြီးက ကာမသုခလ္လိကနုယောဂကို self-indulgence လို့ သုံးနှုန်းပြီး အတ္တကိလမထာနုယောဂကိုတော့ self-mortification လို့ သုံးနှုန်း ဖော်ပြထားတယ်၊ ပြီးမှ self-indulgence tends to retard one's spiritual progress and self-mortfication to weaken one's intellect. လို့ ရှင်းပြ



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်၊ ကိလေသာ အာရုံ ကာမဂုဏ်တွေကို လိုက်စားခြင်းဟာ စိတ်ဝိညာဉ် ပိုင်းဆိုင်ရာ တိုးတက်မှုကို နှောင့်နှေးစေတယ်၊ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲခြင်းကလည်း အသိဉာဏ် ပညာကို အားနည်းစေတယ်တဲ့'

'ဒီဟောပြောချက်က ခေတ်သစ် စိတ်ပညာ ရှုထောင့်က ပြောနေသလား မသိဘူး'

'အနောက်နိုင်ငံက လူတွေ နားလည်နိုင်တဲ့ စကားမျိုးနှင့် ပြောရတာပေါ့ဗျာ၊ သူတို့ မကြားဖူးတဲ့ စကားတွေနှင့် ပြောဟောနေရင် ကျွဲပါးစောင်းတီးဖြစ်နေမှာပေါ့၊ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်၊ မြန်မာလို ပြောတော့ မြန်မာတွေ နားယဉ်တဲ့ စကားနှင့် ပြောရမှာပေါ့၊ အင်္ဂလိပ်လို ပြောဟောရင်လည်း အင်္ဂလိပ် နားဝင်လွယ်တဲ့ စကားနှင့် ပြောရမှာပေါ့'

'ကိုစိုး ပြောတာ မှန်တယ်၊ ပြီးမှ ဆရာတော်ကြီးက မဇ္ဈိမပဋိပဒါဟာ အဲဒီ ဆန့်ကျင်ဘက် အမြင်နှစ်ခုကို အညမည သဘောနှင့် ဘယ်လို ရှုဆင်ခြင်တယ် ဆိုတာကို ဟောတော်မူတယ်ဗျ'

'ဘယ်လိုဟောသလဲ ပြောပါဦး ဆရာရဲ့'

'The path is a Middle Way between the pairs of the opposites, and the doctrine of the way may only be grasped by an understanding of the correlation and interdependence of the two. ဆိုပြီး သုံးသပ်ထားတယ်'

'ရှင်းပြပါဦး ဆရာရဲ့'

'ဒီလမ်းက ဆန့်ကျင်ဘက် အစုံတွေကြားက သွားတဲ့ အလယ်လမ်းဖြစ်ပါသတဲ့၊ ဒီအလယ်လမ်းရဲ့ သဘောကို နားလည်ဖို့ ဆိုရင် ဒီဆန့်ကျင်ဘက် တရားတွေရဲ့ အချင်းချင်း အပြန်အလှန် မှီခိုနေတဲ့ အညမည သဘောကို ဉာဏ်နှင့် ဆုပ်ကိုင်မိမှ ရမယ်လို့ ဆိုထားတာပဲဗျ'

'ဆရာတော်ကြီး သုံးသပ်ပြတဲ့ ဒီသဘောက တော်တော် ဉာဏ်ပါတယ်၊ အတွေးအခေါ် နက်ရှိုင်းတယ်၊ ချက်ချင်း နားလည်ဖို့ မလွယ်ဘူး၊ ဒါကို သိလို့ ဆရာတော်ကြီးက ဒီသဘော အမြင်ကို သိုင်းသမား ခြေထားပုံနှင့် နှိုင်းပြီး တင်ပြတယ်၊ ခန္ဓာကိုယ်ရဲ့ အလေးချိန်ကို ခြေနှစ်ဖက်ကြားမှာ ဟန်ချက် ညီအောင် ထားပြီးမှ ဘယ်ခြေ ညာခြေတွေကို အသုံးပြုပုံကို ဥပမာ ပြတယ်၊ ပြီးမှ အစွန်းအားလုံးဟာ သူတို့ရဲ့ ဆန့်ကျင်ဘက် သဘောကို ဖြစ်ပွားစေ

www.burmeseclassic.com



တယ်၊ ပြီးတော့ ဒီ ဆန့်ကျင်ဘက် သဘော နှစ်ခုစလုံးဟာ အကျိုးမဲ့ခြင်းကို ပြတယ် ဆိုပြီး ဟောထားတယ်'

'အင်္ဂလိပ်လို ပြောပြပါဦး'

'All extremes beget their opposites, and both are alike unprofitable. လို့ ဆိုတာပဲဗျ'

'ဒီ အယူအဆက ပိုပြီးတောင် ထူးခြားသလိုပဲ ဆရာရယ်'

'ထူးခြားတာပေါ့ဗျ၊ အစွန်းတရားတွေဟာ ဆန့်ကျင်ဘက် ဝိရောဓိ တရားတွေကို ပေါက်ဖွားစေတယ်၊ ပြီးတော့ ဒီ ဆန့်ကျင်ဘက် သဘောတွေဟာ အကျိုးမဲ့ သဘောချည်း ဖြစ်ကြရမှာလည်း အတူတူပဲလို့ သုံးသပ်ပြထားတာ ဟာ ဆန့်ကျင်ဘက် တရား အားလုံးကို ငြင်းပယ်ပစ်လိုက်တာပဲလေ၊ ပြီးမှ အစွန်းတရား နှစ်ပါး လွတ်တဲ့ အလယ်လမ်းစဉ်နှင့် နေသွားမှသာ လူ့ဘဝဟာ လုံခြုံစိတ်ချရတဲ့ ဘဝ ဖြစ်လို့ ဒါဟာ အကောင်းဆုံး ဘဝနေနည်းပဲလို့လည်း ပြထားတယ်ဗျ'

'အင်္ဂလိပ်လို သိပါရစေဦး ဆရာရဲ့'

'ကိုစိုးက အင်္ဂလိပ်လို ဖော်ပြတာကို ပိုပြီး နားစွဲနေပြီ ထင်တယ်'

'ခံတွင်းလည်း တွေ့လွန်းလို့ပါ ဆရာရယ်'

'ကောင်းပြီဗျာ၊ ဆရာတော်က ဒါကို For all the people, the Middle Way of a good life lived in the world is in every way the best and safest. ဆိုပြီး ထောက်ပြလိုက်တယ်၊ ဒီတရားမှာ ထူးခြားတာ က မဂ္ဂင် ရှစ်ပါးကို ဆရာတော် ခွဲခြမ်း စိတ်ဖြာပြတာပဲ ကိုစိုးရဲ့၊ မဂ္ဂင် ရှစ်ပါးတော့ ကိုစိုး သိပြီးသားပဲ'

'သိပါတယ် ဆရာ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒီ မဂ္ဂင် ရှစ်ပါးကို ဆရာတော်ကြီးက လောကီ လောကုတ္တရာ အကျိုးစီးပွားနှင့် စပ်ပုံကို ကျင့်လမ်း တစ်ခု အဖြစ် ရှင်းလင်း ဖော်ပြထားတာဗျ၊ သိပ်ကောင်းတာပဲ၊ ကမ္ဘာ့ ပညာရှင်တွေ လုံးဝ မလှုပ် ချောက်ချားနိုင်ဘူး ကိုစိုးရဲ့'

'အင်္ဂလိပ်လို ပြောပါဦး ဆရာ'

'Of these the first two forms a starting point for the journey of life. Then follow three having to do with outward

www.burmeseclassic.com



conditions and then three having to do with inward conditions. The immediate goal is to attain control of the mind; with this control all individual desires can be, and will be, rooted out and ended. The ultimate goal is the ending of all dissatisfaction and suffering through the attainment of perfect enlightenment, perfect wisdom.* ဆိုပြီး ရေးသားထားတယ်ဗျ၊ ဆရာတော်ကြီးရဲ့ မဂ္ဂင် ရှစ်ပါးကို ခွဲခြား သုံးသပ် တင်ပြထားတဲ့ ဒီစကားကို ကိုစိုး နားလည်နိုင်ပါတယ်'

'ဟုတ်ကဲ့၊ ကျွန်တော် နားလည်လိုက်တာက မဂ္ဂင် ရှစ်ပါးမှာ ပထမ မဂ္ဂင် နှစ်ပါးက ဘဝခရီး အစကို ဖော်ပြတဲ့ ပညာ မဂ္ဂင် ဖြစ်တယ်၊ နောက် မဂ္ဂင် သုံးပါးက အပြင် ဗဟိဒ္ဓ ကိုယ်နှုတ်နှင့် ဆိုင်တဲ့ သီလ မဂ္ဂင် ဖြစ်တယ်၊ နောက်မဂ္ဂင် သုံးပါးကတော့ အဇ္ဈတ္တ အတွင်း သန္တာန်နှင့် ဆိုင်တဲ့ သမာဓိ မဂ္ဂင်များ ဖြစ်တယ်လို့ ခွဲခြားပြတာ မဟုတ်လား'

'ဟုတ်ပါတယ်၊ ကဲ နောက်အပိုဒ်ရဲ့ သဘောကို ပြောပြပါဦး'

'The immediate goal is to attain control of the mind ဆိုတာက မဂ္ဂင် ရှစ်ပါးရဲ့ လတ်တလော ပန်းတိုင်လို့ ဆိုရမလား၊ ချက်ချင်း ခံစားရတဲ့ အကျိုးလို့ ပြောရမလား မသိဘူး၊ သမာဓိ မဂ္ဂင်ကြောင့် စိတ် တည်ကြည်မှုကို ရစေနိုင်တယ်လို့ ဆိုတယ် ထင်ပါတယ်'

'ကျန်သေးတယ်လေ၊ with this control all the individual desires can be, and will be, rooted out and ended. ဆိုတာနှင့် နောက်အပိုဒ်က ပိုပြီး အရေးကြီးတယ်'

'ဟုတ်ကဲ့၊ ဒီလို စိတ်တည်ငြိမ်မှု ရအောင် စိတ်ကို ထိန်းချုပ်ခြင်း ဖြင့် ပုဂ္ဂလိက ဆန္ဒ ရာဂတွေကို ပယ်နုတ်ပြီး ပြီးဆုံးသွားအောင် လုပ်နိုင် တယ်လို့ ဆိုတယ် ထင်ပါတယ် ဆရာ'

'ကိုစိုး ဘာသာပြန်တာ ကောင်းပါတယ်၊ နောက်ဆုံး အပိုဒ်ကိုကော ဘယ်လို နားလည်သလဲ'

'The ultimate goal is the ending of all dissatisfaction and suffering through the attainment of perfect enlightenment, perfect wisdom. ဆိုတာကတော့ ဘဝရဲ့ နောက်ဆုံး ပန်းတိုင်ကတော့ ဆင်းရဲ ဒုက္ခ

---

* Essential Themes of Buddhist Lectures Given By Ashin Thittila – p 74

www.burmeseclassic.com



ခပ်သိမ်း အားလုံး ငြိမ်းအေး အဆုံးသတ်သွားစေမည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ပညာစခန်းကို ပေါက်မြောက်ဖို့ပဲ ဖြစ်တယ်လို့ ဆိုတယ် ထင်ပါတယ် ဆရာ'

'မှန်ပါတယ် ကိုစိုး၊ ဒီတရားမှာ ဆရာတော်ကြီးက ဓမ္မစကြာထဲ ပါသလို ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ စတဲ့ ဒုက္ခတွေကို ဖော်ပြပြီး လူတွေ ဆင်းရဲဒုက္ခ ရောက်ရတာဟာ ဆင်းရဲကင်းအောင် ဘယ်လို နေရမှန်း မသိလို့ ဖြစ်တာ ဆိုပြီး ဆုံးဖြတ်ချက် ချထားတယ်၊ ဒီအချက်ဟာ ထူးခြားတဲ့ အမြင် တစ်ခုပဲဗျ၊ ဆရာတော်ကြီး ပြောတာက Life is full of sorrow unless man knows how to live it. တဲ့ဗျ၊ ဘဝမှာ မနေတတ်ရင် ဆင်းရဲတွေ ပြည့်နှက်နေမှာပဲတဲ့၊ ဒီနေရာမှာ ကာယိကဒုက္ခတွေ ဖြစ်တဲ့ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခတွေကိုတော့ ရှောင်လွှဲလို့ မရပါဘူးတဲ့၊ ဒါပေမဲ့ တခြားသောက ဒုက္ခရောက်စရာတွေလည်း ဘဝမှာ မကြာခဏ ပေါ်လာတတ်သေးတယ်တဲ့၊ အဲဒီ သောကတွေ ဆင်းရဲတွေကိုတော့ ရှောင်ရှားတတ်ရင် ရှောင်ရှားနိုင်တယ်လို့လည်း ပြညွှန်ထားသေးတယ်၊ ဒီကိစ္စနှင့် စပ်ပြီး လူတွေမှာ မကြာခဏ သောက ကြုံရ၊ ဒုက္ခရောက်ရတာက လိုချင်ဆန္ဒတွေ အမျိုးမျိုး ဖြစ်ပေါ်နေလို့သာ ဖြစ်တယ်၊ လိုချင်ဆန္ဒ အမျိုးမျိုးကို မရသေးတာတွေကို ရအောင် လုပ်ပြီးတဲ့ အခါကျတော့ ဒီပစ္စည်း ဆုံးရှုံးသွားမှာ ပျက်စီးသွားမှာကို စိုးရိမ်သောက ရောက်ရပြန်ရောတဲ့ဗျ၊ ဒီလို ဖြစ်တာဟာ ငွေတစ်ခုတည်း အတွက် မဟုတ်ပါဘူးတဲ့၊ ရာထူး ဌာနန္တရ၊ အာဏာ အခွင့်အရေး၊ လူမှု အဆင့်အတန်းတွေ အတွက်ပါ ဒီလို သောက ရောက်ရကြောင်းကိုလည်း ပြထားသေးတယ်၊ ပြီးတော့ ၁၊ ဒုက္ခ ဒုက္ခရဲ့ သဘော၊ ၂၊ သင်္ခါရ ဒုက္ခရဲ့ သဘော၊ ၃၊ ဝိပရိဏာမဒုက္ခရဲ့ သဘောတွေကို ဖော်ပြထားတယ်၊ ဒီလို ဒုက္ခ အမျိုးမျိုးကို ပြပြီး စတုတ္ထ အရိယသစ္စာ ဖြစ်တဲ့ ဒုက္ခခပ်သိမ်းကို ကင်းငြိမ်းစေတဲ့ လမ်းဟာ ဉာဏ်လမ်း၊ အလယ်လမ်း (မဂ္ဂင်လမ်း) ဖြစ်တယ်လို့ ဖော်ပြထားတယ်။

'The Fourth Noble Truth is the way leading to the end of suffering. It is the Middle Way, the Eightfold Path. So, the best way which leads to the end of all sorrow is the Middle Path. ဒါကို ကိုစိုး နားလည်တယ် မဟုတ်လား'

'နားလည်ပါတယ် ဆရာ'

'ခုထိ ကျွန်တော်တို့ မဇ္ဈိမပဋိပဒါ အကြောင်း ဆွေးနွေးခဲ့ကြတာတွေဟာ ပထမ တရားဦး ဓမ္မစကြာကို မှီငြမ်းပြီး ပြောခဲ့ကြတာ ဖြစ်တယ်။



www.burmeseclassic

www.burmeseclassic.com



**ပဋိစ္စသမုပ္ပာဒ်နှင့် မဇ္ဈိမပဋိပဒါ (ထေရဝါဒ အမြင် တစ်ခု)**

'ပိုပြီး စုံသွားအောင် ထေရဝါဒမှာ လာတဲ့ မဇ္ဈိမပဋိပဒါ သဘော အမြင် တစ်ခုကိုလည်း ပြောပြဦးမယ်ဗျ'

'ဟုတ်ကဲ့၊ ကြားချင်ပါတယ် ဆရာ၊ အမြင်တွေက များလိုက်တာ၊ ဘုရားဟော တရားတွေကော ဟုတ်ရဲ့လား ဆရာရယ်'

'ဟာ ကိုစိုးရယ်၊ ထေရဝါဒက လက်ခံထားတာတွေဟာ ဘုရားဟော တရားချည်းပါပဲ၊ မဟာယာနမှာသာ နောက်လူတွေ တီထွင် ကြံဆပြီး ဟောတာကို လက်ခံကြတယ်၊ ထေရဝါဒက အဲဒီလို တရားတွေကို လက်မခံဘူးဗျ၊ ခုဟာကလည်း နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်မှာ လာတာဗျ'

'ဒါဆိုရင်တော့ နာချင်ပါတယ် ဆရာ'

'ကမ္ဘာပေါ်မှာ အင်မတန် ထေရဝါဒ စာပေ ကျမ်းဂန်တွေကို နှံ့စပ်တဲ့ ခရစ်ယာန် ဘာသာဝင် ပညာရှင် တစ်ဦး ရှိတယ်၊ သူ့နာမည်က **H. C. Warren** (အိချ်၊ စီ၊ ဝါရင်) တဲ့ဗျ၊ သူက စာအုပ် တစ်အုပ် ရေးထားတယ်၊ **Buddhism in Translation** တဲ့ဗျ၊ ဒီစာအုပ်ထဲမှာ သူ့အမြင် အယူအဆ ဘာမှ မထည့်ဘဲ ဘုရားဟော တရားတွေချည်းပဲကို အင်္ဂလိပ်လို ဘာသာပြန်ထားတာဗျ၊ ဒီစာအုပ်ထဲမှာလည်း **The Middle Doctrine** ဆိုပြီး မဇ္ဈိမပဋိပဒါ အယူဝါဒလို့ ခေါင်းစဉ်တပ်ပြီး ဖော်ပြထားတဲ့ အခန်း တစ်ခန်း ပါတယ်၊ ဒီမှာ ထူးခြားတာက သူ ပြထားတဲ့ မဇ္ဈိမပဋိပဒါဟာ ဓမ္မစကြာထဲက မဟုတ်ဘူး၊ နိဒါနဝဂ္ဂသံယုတ် - ၅၊ ကစ္စာနဂေါတသုတ်က ဖြစ်နေတယ် ကိုစိုးရဲ့'

'အဲဒါတော့ ကျွန်တော် ကြားတောင် မကြားဖူးဘူး'

'ခင်ဗျား မကြားဖူးတာ တော်တာပေါ့၊ ခင်ဗျား ဆရာဖြစ်တဲ့ လူတောင်မှ ပဋိစ္စသမုပ္ပာဒ်နှင့် အစွန်းတရား နှစ်ပါးကို ပယ်တော်မူတဲ့ မဇ္ဈိမပဋိပဒါ အမြင်ကို ဘုရားဟောခဲ့တာ အစက မသိဘူးဗျ၊ မစ္စတာ ဝါရင်က တင်ပြထားတာ တွေ့မှ တအံ့တဩ သိရတယ်'

'ပြောပြပါဦး ဆရာရယ်၊ တော်တော် စိတ်ဝင်စားဖို့ ကောင်းနေပြီ'

'နေဦး ကိုစိုး၊ ဒီတရား ဖြစ်ပေါ်လာပုံ ဝတ္ထုကြောင်းကို စပြောမှ ပိုပြီး ရှင်းလိမ့်မယ်'

'ဟုတ်ကဲ့၊ ပြောသင့်တယ် ထင်တာ ပြောပါ ဆရာ'

'မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်



www.burmeseclassic

www.burmeseclassic.com



မှုစဉ်အခါ တစ်နေ့သ၌ ကစ္စာနဂေါတ္တ ဆိုသူဟာ ဘုရားထံကို သွားပြီး အရှင်ဘုရား၊ လူတွေကြားမှာ အမြင်မှန်၊ အမြင်မှန် သမ္မာဒိဋ္ဌိ ဆိုပြီး ပြောပြောနေကြတာ ဘယ်သဘောကို သမ္မာဒိဋ္ဌိလို့ ဆိုတာလဲ ဘုရားလို့ မေးတယ်။ *

'ဘုရားက ကစ္စာနဂေါတ္တ အမေးကို ဖြေရာမှာ ကစ္စာနဂေါတ္တ၊ ဤသတ္တဝါအပေါင်းသည် များသောအားဖြင့် ရှိသည်၏ အဖြစ်ကို လည်းကောင်း၊ မရှိသည်၏ အဖြစ်ကို လည်းကောင်း နှစ်ပါးကို မှီ၏၊ ကစ္စာန၊ သင်္ခါရလောက၏ ဖြစ်ပေါ်ကြောင်းကို ဟုတ်မှန်သော အတိုင်း ကောင်းသော ဉာဏ်ပညာဖြင့် မြင်သော သူအား သင်္ခါရလောက၌ မရှိဟူသော အမြင်သည် မဖြစ်၊ ကစ္စာန၊ သင်္ခါရလောက၏ ချုပ်ငြိမ်းရာကို ဟုတ်မှန်သောအတိုင်း ကောင်းသော ပညာဖြင့် မြင်သော သူအား သင်္ခါရလောက၌ ရှိ၏ ဟူသော အယူသည် မဖြစ်ဘူးတဲ့၊ ဒီအချက်ကို မစ္စတာ ဝါရင်က အင်္ဂလိပ်လို ဘာသာပြန်ထားတာ သိပ်ကောင်းတာပဲဗျာ'

'ပြောပြပါ ဆရာရယ်'

'The world for the most part, O Kiccãna, hold either to a belief in being or to belief in non-being. But for one who in the light of the highest knowledge, O Kiccãna, considers how the world arises, belief in the non-being of the world passes away. And for one who in the light of the highest knowledge, O Kiccãna, considers how the world ceases, belief in the being of the world passes away. **

'ဒီစကားထဲမှာ belief in being of the world ဆိုတာက သင်္ခါရလောက၌ ရှိသည်၏အဖြစ် ဆိုတဲ့ စကားလား ဆရာ'

'ဟုတ်တယ် ကိုစိုး၊ the belief in non-being of the world ဆိုတာက သင်္ခါရလောက၌ မရှိသည်၏အဖြစ် ဆိုတဲ့ စကားကို အင်္ဂလိပ်လို ဘာသာပြန်ထားတာပဲဗျ'

'သူ ဘာသာပြန်ထားတာက ကွက်တိပဲနော်'

'ဟုတ်တယ်၊ သူ့ကို ကမ္ဘာ့ပညာရှင်တွေက လေးစားကြတယ်၊ သူ့မှာ

---

* နိဒါနဝဂ္ဂ သံယုတ်၊ (သံယုတ် ပါဠိတော် မြန်မာပြန်၊ ပ တွဲ)၊ စာ ၂၄၂

** Buddhism in Translation – H. C. Warren – p 165



www.burmeseclassic

www.burmeseclassic.com



အတ္တနော့မတိ ကင်းတယ်၊ သူက ဘုရားဟောကို ဘုရားဟောအတိုင်း ဘာသာပြန်တယ်၊ ဘုရားက ဆက်ပြီး ကစ္စာနဂေါတ္တကို ဟောတော်မူတယ်။

'ကစ္စာန၊ သတ္တဝါ အပေါင်းကို ကပ်ရောက်မှု ဥပယ၊ ပြင်းစွာ စွဲလမ်းမှု ဥပါဒါန်၊ နှစ်မြှုပ်စူးဝင်မှု အဘိနိဝေသတို့သည် သတ္တဝါတို့ကို အများအားဖြင့် နှောင်ဖွဲ့အပ်၏၊ ဤ အရိယာ၏ တပည့်သည်ကား စိတ်၏ တည်ရာ၊ နှစ်မြှုပ်စူးဝင်ရာ၊ ကိန်းအောင်းရာ ဖြစ်သော ထိုကပ်ရောက်မှု ဥပယ၊ ပြင်းစွာ စွဲလမ်းမှု ဥပါဒါန်ကို ငါ၏ အတ္တတည်းဟု မကပ်ရောက်၊ မစွဲလမ်း၊ မဆောက်တည်၊ ဒီလို ကစ္စာနဂေါတ္တကို ဘုရားက ဟောတယ်၊ ဒါကို Warren က ဒီလို ဘာသာပြန်တယ်ဗျ။

'The world, O Kiccāna, is for the most part bound up in a seeking, attachment and proclivity (for the groups), but a priest does not sympathize with this seeking and attachment, nor with the mental affirmation, proclivity, and prejudice which affirms an Ego. လို့ ဖော်ပြထားတယ်'

'နေပါဦး ဆရာရယ်၊ seeking ဆိုတာက ကပ်ရောက်မှု ဥပယကို ပြောတာလား'

'ဟုတ်တယ်ဗျ'

'seeking ဆိုတာ ကျွန်တော် ကြားဖူးတာက ရအောင် ရှာတာ မဟုတ်လား'

'ဟုတ်တယ်လေ၊ ဒီမှာ ကပ်ရောက်မှု (ချဉ်းကပ်မှု) ဆိုတာ တစ်ခုခုကို ရအောင် ရှာတာကို ပြောတာပဲ ကိုစိုးရဲ့'

'ဟုတ်ကဲ့လား၊ attachment ကတော့ စွဲလမ်းမှု သိတယ်၊ proclivity ဆိုတာက ဘာလဲ ဆရာ'

'ဒီမှာ နှစ်မြှုပ်စူးဝင်မှု အဘိနိဝေသကို ပြန်ထားတာ၊ proclivity ကို အင်္ဂလိပ် အဘိဓာန်မှာတော့ tendency or inclination လို့ အဓိပ္ပာယ် ပေးထားတယ်၊ စူးစူးစိုက်စိုက် စိတ်ဝင်စားမှု၊ ဝါသနာ အထုံသဘောကို ပြောတာပဲ'

'ဟုတ်ကဲ့ ဆရာ၊ ဒီမှာ priest ဆိုတဲ့ စကားဟာ အရိယာ သာဝကကို ပြောတာလား'

'ဟုတ်တယ်၊ ဒီမှာ priest ကို နတ်ဆရာ ဓမ္မဆရာလို့ မပြန်ရဘူး'



www.burmeseclassic.com

www.burmeseclassic.com



'Ego ဆိုတာကလည်း ငါ၏ အတ္တကို ပြောတာ မဟုတ်လား'

'ဟုတ်တယ်'

'ဒါဆိုရင် နားလည်ပါပြီ ဆရာ'

'ကစ္စာနဂေါတ္တ အမေးကို ဘုရားက ဖြေထားရာမှာ (ဇာတိ) ဖြစ်ခဲ့သော် ဆင်းရဲသာ ဖြစ်၏၊ (ဇာတိ) ချုပ်ခဲ့သော် ဆင်းရဲချုပ်၏ဟု ယုံမှားမှု မရှိ၊ တွေးတောမှု မရှိ၊ ဤအရာ၌ ထိုပုဂ္ဂိုလ်အား သူတစ်ပါးကို အားထား၍ ယုံကြည်သည် မဟုတ်၊ (ကိုယ်တိုင်) သိခြင်းသာ ဖြစ်၏၊ ကစ္စာန၊ ဤမျှဖြင့် မှန်ကန်သော အမြင် သမ္မာဒိဋ္ဌိ ဖြစ်၏လို့ ဟောတော်မူထားတယ်၊ ဒီစာဟာ မြန်မာလို ရေးထားသော်လည်း ဖြုန်းခနဲဆို ချက်ချင်း အဓိပ္ပာယ် မပေါ်ဘူးဗျ၊ ဒါကို အင်္ဂလိပ် ဘာသာပြန်နှင့် တွဲပြီး ကြည့်လိုက်မှပဲ ရှင်းသွားတယ်'

'ဟုတ်ကဲ့၊ ပြောပြပါဦး ဆရာ'

'He does not doubt or question that it is only evil that springs into existence, and only evil that ceases from existence, and his conviction of this fact is dependent on no one besides himself. This, O Kiccãna, is what constitutes Right Belief. တဲ့ဗျ၊ ရှင်းရဲ့လား'

'ရှင်းတော့ ရှင်းပါတယ် ဆရာ၊ ဒါပေမဲ့ မြန်မာလိုထဲမှာ ဖြစ်သော် ဆင်းရဲ၏၊ ချုပ်သော် ဆင်းရဲချုပ်၏လို့ ဖော်ပြထားတာကို အင်္ဂလိပ်လိုထဲကျတော့ it is only evil that springs into existence, and only evil that ceases from existence. လို့ ရေးထားတော့ ဇာတိ ဖြစ်တာလည်း မကောင်း၊ ဇာတိချုပ်တာလည်း မကောင်းဘူးလို့ အဓိပ္ပာယ် ထွက်နေသလိုပဲ'

'ဟုတ်တယ် ကိုစိုး၊ ဒါကြောင့် အင်္ဂလိပ်လိုက ပိုရှင်းတယ်လို့ ပြောတာ၊ မြန်မာလိုက အစွန်းတရား နှစ်ပါးဟာ မပေါ်သလိုပဲ၊ ဘုရားက ကစ္စာနကို ဆက်ဟောမှ ပေါ်လာတယ်'

'ဆက်ပြောပါဦး ဆရာ'

'ဘုရားက ဆက်ဟောမှ ပေါ်လာတယ် ဆိုတာက ကစ္စာန၊ အလုံးစုံသည် ရှိ၏ ဟူသည် တစ်ခုသော အစွန်းပေတည်း၊ အလုံးစုံသည် မရှိ ဆိုသော ဤအယူသည်လည်း နှစ်ခုမြောက်ဖြစ်သော အစွန်းပေတည်း၊ ကစ္စာန၊ ဤ နှစ်ပါးသော အစွန်းတို့ကို မကပ်ရောက်မူ၍ အလယ်အလတ်အားဖြင့် မြတ်စွာ ဘုရားသည် တရားဟောတော်မူ၏၊ အဝိဇ္ဇာ အကြောင်းကြောင့် ပြုပြင် စီရင်မှု

www.burmeseclassic.com


သင်္ခါရတို့သည် ဖြစ်ကုန်၏၊ သင်္ခါရ အကြောင်းကြောင့် ဝိညာဏ် ဖြစ်၏၊ ပ၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုသည် ဖြစ်၏၊ မသိမှု အဝိဇ္ဇာ၏ သာလျှင် ပရမတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုပြင် စီရင်မှု သင်္ခါရတို့ ချုပ်ကုန်၏၊ ပြုပြင် စီရင်မှု သင်္ခါရ ချုပ်ခြင်းကြောင့် သိမှု ဝိညာဏ်ချုပ်၏၊ ပ၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်ရ၏လို့ ဟောထားတယ်'

'ဒီမှာပြတဲ့ အစွန်းတရား နှစ်ပါးက အလုံးစုံ ရှိ၏ ဆိုတာနှင့် အလုံးစုံသည် မရှိ ဆိုတာနော် ဆရာ'

'ဟုတ်ပါတယ် ကိုစိုး'

'ဒါကို ကျွန်တော့် ခေါင်းထဲမှာ မရှင်းဘူး'

'အင်္ဂလိပ် ဘာသာပြန်ကို နားထောင်ကြည့်ရင် ကိုစိုးခေါင်းထဲ ရှင်းသွားလိမ့်မယ်၊ ဒီမှာ မရှင်းဘူး ဆိုတာ အလုံးစုံ ဆိုတာကို ပုဂ္ဂိုလ် သတ္တဝါလို့ ယူထားလို့ မှားနေတာ၊ ရှိ၏၊ မရှိ၏လို့ ဆိုတာ ပုဂ္ဂိုလ် သတ္တဝါ အနေနှင့် ယူရင် အတ္တစွဲနှင့် ယူရင် ရှုပ်ကုန်မှာပဲဗျ'

'အင်း နည်းနည်းတော့ ဉာဏ်ပွင့်လာပြီ'

'အင်္ဂလိပ် ဘာသာပြန်ကို ကြည့်ဦး'

'ဟုတ်ကဲ့၊ ပြောပါဦး ဆရာ'

'That things have being, O Kiccãna, constitutes one extreme of doctrine; that things have no being is the other extreme. These extremes, O Kiccãna, have been avoided by the Tathãgata and it is a Middle Doctrine he teaches:—

On ignorance depends karma;
On karma depends consciousness;
On consciousnes depends name and form;
On name and form depend the six organs of sense;
On six organs of sense depends contact;
On contact depends sensation;
On sensation depends desire;
On desire depends attachment;
On attachment depends existense;
On existence depends rebirth;



www.burmeseclassic.com

www.burmeseclassic.com



On rebirth depends old age and death, sorrow, lamentation, misery, grief, and despair. Thus does this entire aggregation of misery arise. But on the complete fading out and senastion of ignorance ceases karma. ဆိုပြီး ပဋိစ္စသမုပ္ပာဒ် ဖြတ်ပုံ (ပဋိလုံ) ကို ဖော်ပြထားတယ်၊ အဝိဇ္ဇာ ချုပ်ရင် သင်္ခါရ ချုပ်တယ်၊ သင်္ခါရ ချုပ်ရင် ဝိညာဏ် ချုပ်တယ်၊ ပ၊ နောက်ဆုံး ဇာတိ ချုပ်ရင် ဇရာမရဏ ချုပ်တယ်၊ သောကပရိဒေဝ၊ ဒုက္ခဒေါမနဿ ချုပ်တယ် ဆိုတာကို Thus does this entire aggregation of misery ceases. ဆိုပြီး ပြထားတယ်၊ ဒီတရားကို သိရမှပဲ မဇ္ဈိမပဋိပဒါကို ဘုရားအလိုကျ နားလည်မို့ ကိစ္စမှာ ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးဆက်တရားကို အမြင်ပေါက်ဖို့ အရေးကြီးပါကလား ဆိုတာ ပိုပြီး နားလည်လာရတယ်'

'ဘာကို ဆိုလိုတာလဲ ဆရာ'

'ဒီလို ကိုစိုးရဲ့၊ လောကမှာ ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်လို့ ယူရင်ဖြစ်ဖြစ်၊ လောကမှာ သတ္တဝါ မရှိဘူးလို့ ယူရင်ဖြစ်ဖြစ် ဒီအမြင် နှစ်ခုစလုံးဟာ အစွန်းတရား နှစ်ပါး ဖြစ်တယ်'

'ဪ ဒါကြောင့် ဝါရင်က being and non - being ဆိုတဲ့ စကားနှင့် ပြန်ထားတာကိုး၊ အမှန်ကတော့ ရုပ်နာမ် နှစ်ပါး ခန္ဓာငါးပါးရဲ့ အကြောင်းအကျိုး ဖြစ်စဉ်ကို မမြင်ဘဲ သတ္တဝါ (being) ကို မြင်နေရင် ဒိဋ္ဌိစွဲ ဝင်နေမှာပဲနော်'

'ဒါကြောင့် ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်နှင့် မိုးကုတ် ဆရာတော် ဘုရားကြီးတို့က ထေရဝါဒ ဗုဒ္ဓဘာသာရဲ့ သစ္စာဉာဏ်အမြင်ကို ရဖို့မှာ ပဋိစ္စသမုပ္ပာဒ်ကို အတတ်ထင်ထင် ပိုင်ပိုင်ရမယ်လို့ ဆိုတာပေါ့'

'ဒါဆို ဒီစကား သိပ်မှန်တာပဲနော်'

'မှန်တယ် ကိုစိုး၊ ပဋိစ္စသမုပ္ပာဒ် ပါမှ ပစ္စုပ္ပန် ခန္ဓာကို မြင်တယ်၊ ပစ္စုပ္ပန် ခန္ဓာရဲ့ ဖြစ်ပျက် အနိစ္စကို မြင်မှသာ သတ္တဝါစွဲ၊ ပုဂ္ဂိုလ်စွဲ မပါဘဲ စဉ်းစားတတ်တယ်၊ ကဲ ကျွန်တော်တို့ ပြောခဲ့ကြတာ ထေရဝါဒ အမြင်တွေတော့ တော်တော် စုံသွားပြီ'

'မဟာယာနတို့ လက်ခံထားတဲ့ မဇ္ဈိမပဋိပဒါ အကြောင်းကိုလည်း ပြောပြပါဦး ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



**မဟာယာန မဓျမိပဋိပဒါ**

'မဟာယာနကို မြောက်ပိုင်း ဗုဒ္ဓဘာသာ သာသနာလို့ ခေါ်ကြတယ်၊ ဒီ မြောက်ပိုင်း သာသနာကို ဦးဆောင် တည်ထောင်ခဲ့သူက နာဂအဇ္ဇုန (Nagarjuna) ခေါ်တဲ့ ပုဂ္ဂိုလ်ပဲဗျာ၊ သူက မဓျမိကဂိုဏ်းကို တည်ထောင်ခဲ့တယ်၊ ပညာရှင် တချို့က ဒီပုဂ္ဂိုလ်ကို တော်တော် ချီးမွမ်း ဂုဏ်ပြုကြတယ်၊ တချို့ ပညာရှင်တွေက ဆိုရင် သူ့ရဲ့ မဓျမိကဂိုဏ်း အယူဝါဒကို ဗုဒ္ဓဘာသာရဲ့ အချက်အချာ အတွေးအခေါ် The Central Philosophy of Buddhism လို့တောင် ဆိုတယ်၊ T. R. V. Murti (တီ၊ အာရ်၊ ဗွီ၊ မူရတိ) ဆိုတဲ့ ပညာရှင်ဟာ သူ့ရဲ့ ပါရဂူဘွဲ့ (D. Litt) အတွက် ဒီခေါင်းစဉ်နှင့် ဘွဲ့စာတမ်း ရေးသားထားတာ တွေ့ရတယ်'

'သူတို့ရဲ့ အမြင်က ဘယ်လိုလဲ ပြောပြပါဦး'

'မဓျမိက စနစ် ဗုဒ္ဓဘာသာမှာ ပေါ်လာတာဟာ ဗုဒ္ဓဝါဒမှာ ဝတ်ပြုဆုတောင်း ကိုးကွယ်ခြင်း religion သဘော ပေါ်လာတာ ဖြစ်တယ်လို့ သုံးသပ်ထားတယ်၊ The rise of Mādhyamika system is at once the rise of Buddhism as a religion. ထေရဝါဒက ဆရာတော်ကြီးတွေကတော့ ဗုဒ္ဓ ဘာသာကို religion ဆိုတဲ့ အယူအဆကို လက်မခံကြဘူး'

'နေပါဦး ဆရာရဲ့၊ မဟာယာနနှင့် ထေရဝါဒက ဘယ်နေရာတွေမှာ ကွဲသွားတာလဲ'

'အမြင် အယူအဆ ကွဲတာတွေကတော့ အများအပြားပဲဗျ၊ အဓိက အချက်က ရည်မှန်းချက် ကွဲတာပဲ၊ ထေရဝါဒက တစ်ဦးတစ်ယောက်တည်း နိဗ္ဗာန် မဂ်ဖိုလ်ကို ရအောင် လုပ်ရေးကိစ္စ၊ ရဟန္တာဖြစ်ဖို့ ကိစ္စကို ဘဝရဲ့ အမြင့်ဆုံး အမြတ်ဆုံး ပန်းတိုင်ထားတယ်၊ ဒါကို မဟာယာနက လက်မခံဘူး၊ ထေရဝါဒက လူတွေဟာ တစ်ကိုယ်ကောင်းဆန်တယ်၊ ဗုဒ္ဓမြတ်စွာဘုရားရဲ့ အစဉ်အလာကို မလိုက်ဘူး၊ သူတို့ကတော့ နိဗ္ဗာန်ကို တစ်ဦးတစ်ယောက်တည်း မယူဘူး၊ သတ္တဝါ အားလုံးကို နိဗ္ဗာန်ကို ယာဉ်ကြီးကြီးနှင့် ပို့ဆောင်နိုင်အောင် ဘုရားဆုပန်ရမယ်၊ ရဟန္တာ ဖြစ်ဖို့ထက် ဘုရားလောင်း (ဗောဓိသတ္တ၊ အဝလောကိတေသွာရ) ဖြစ်ဖို့က ပိုအရေးကြီးတယ်လို့ ရှုမြင်တယ်၊ ဒီတင် မကပါဘူး၊ သူတို့က သမိုင်းဝင် မြတ်ဗုဒ္ဓကို နတ်ဘုရားလိုလို ဘာလိုလို လုပ်ပစ်တယ်၊ နတ်ပြည်ကနေ လူ့ပြည်ကို လူဝင်စား ဘုရားအဖြစ်နှင့် ပွင့်လာတာလို့ ယူဆလာ



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ ဟိန္ဒူဆန်လာတယ်၊ ဗုဒ္ဓကာယကိုလည်း သုံးမျိုး ခွဲပြတယ်၊ ဗုဒ္ဓမှာ ဓမ္မကာယ၊ သမ္ဘောဂကာယနှင့် နိမာနကာယ ဆိုပြီး သုံးမျိုးသုံးစား ရှိတယ် ဆိုပဲဗျ'

'ကြံကြံဖန်ဖန် စဉ်းစားတာပဲနော်'

'ဟာ ဒီဂိုဏ်းသားတွေက အတွေးအခေါ် အပျော်ကစားတဲ့ သဘော (Thought game) ကို တော်တော် ဝါသနာပါကြတယ်၊ ဒါတွေကို ပြောနေရင် သိပ်ရှည်ဝေးသွားလိမ့်မယ်၊ ခု မဓျမိကပဋိပဒါနှင့် ဆက်စပ်တာလောက်ကိုပဲ ပြောပြမယ်'

'ဟုတ်ကဲ့၊ ပြောပါဆရာ'

'ခင်ဗျား ဆရာ မောင်အံ့ ရေးတဲ့ ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး ဆိုတဲ့ စာအုပ်ကို ဖတ်ဖူးသလား'

'ကြားတော့ ကြားဖူးတယ်၊ မဖတ်ဖူးဘူး ဆရာ'

'အေးဗျ၊ ဖတ်ထားသင့်တဲ့ စာအုပ်ပဲ၊ ဖတ်ကြည့်ပါ၊ ဗုဒ္ဓဘာသာမှာ ဂိုဏ်းဂဏ ကွဲပြားလာတဲ့ သမိုင်းကြောင်းကို ဖော်ပြထားတယ်၊ စုံလည်း စုံတယ်၊ အဲဒီစာအုပ်မှာ မဓျမိက ဂိုဏ်းကို သုညတဝါဒလို့လည်း ဖော်ပြထားတယ်'

'နည်းနည်းပေါ့ ဆရာရယ်၊ ပြောပြပါဦး'

'ဒီစာအုပ်မှာ ဆရာ မောင်အံ့က မြတ်စွာဘုရား ဟောတော်မူသော မဓျမပဋိပဒါ ကျင့်စဉ်မှာ ခန္ဓာကိုယ်ကို ညှဉ်းပန်းမှု (အတ္တကိလမထာနုယောဂ) အစွန်းတစ်ဖက်နှင့် ကာမဂုဏ် ချမ်းသာကို ခံစားမှု (ကာမသုခလ္လိကာနုယောဂ) အခြား အစွန်းတစ်ဖက်၊ ထိုအစွန်းနှစ်ဖက်၏ အလယ်ဗဟို ကျင့်စဉ်ကို ဆိုလိုသည်လို့ ပြထားတယ်၊* ပြီးတော့ ဆရာ မောင်အံ့က ဆက်ပြီး ဝေဖန်ပြထားတယ်ဗျ'

'ဘယ်လို ဝေဖန်ထားသလဲ'

'မဓျမိကဂိုဏ်းဝါဒမှာ သဿတနှင့် ဥစ္ဆေဒ၊ အတ္ထိနှင့် နတ္ထိ၊ အတ္တနှင့် အနတ္တ အစွန်းနှစ်ပါးကို ငြင်းပယ်၏၊ ဗုဒ္ဓ၏ မဓျပဋိပဒါမှာ အကျင့်လမ်းစဉ်နှင့် ဆိုင်၍ ဤဂိုဏ်း၏ မဓျမပဋိပဒါမှာ အတွေးအခေါ် အယူအဆနှင့် ဆိုင်၏ လို့ ဆိုထားတယ်၊ ဆရာ မောင်အံ့ ဆိုလိုတာက ကျင့်ရမည့် အလုပ်ကို မဓျမိက ဂိုဏ်းသားတွေက ဉာဏ်ကစားတဲ့ အလုပ် (Thought game) လို လုပ်ပစ်

* ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး၊ မောင်အံ့၊ စာ ၁၃၉



www.burmeseclassic

www.burmeseclassic.com



တယ်လို့ ဆိုလိုဟန် တူတယ်ဗျ၊ ဒီလို နာဂအဇ္ဈုနက ဉာဏ်ကစားတတ်တာကိုပဲ ကမ္ဘာ့ပညာရှင် တော်တော်များများက ချီးမွမ်းကြတယ်၊ သူတို့ရဲ့ မဇ္ဈိမပဋိပဒါ နည်းမှာ အလယ်လမ်းစဉ်ကို သိချင်ရင် ပတ်လည် ငြင်းပယ်နည်း (negation of negation) ကို သုံးရမယ်တဲ့၊ ဒါက အနောက်တိုင်းက အတွေးအခေါ်တွေထဲ က ဒိုင်ယာလက်တစ် (dialetic) သဘောမျိုးပဲဗျ'

'ကျွန်တော်တော့ သိပ်နားမလည်ဘူး ဆရာ'

'ခင်ဗျားက ဒဿနိကဗေဒ ပညာကို တက္ကသိုလ်မှာ မသင်ခဲ့ရတော့ ချက်ချင်း နားလည်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ နာဂအဇ္ဈုရဲ့ ပတ်လည် ငြင်းပယ် နည်းကို ခင်ဗျား သဘောပေါက်ရင် သူ့ရဲ့ မဇ္ဈိမပဋိပဒါကို နားလည်နိုင်ပါတယ်၊ သူ့ရဲ့ ပတ်လည် ငြင်းပယ်နည်း ဆိုတာက စိတ်ဝင်စားဖို့တော့ ကောင်းတယ်ဗျ၊ ဟေဂယ်တို့ မာ့ခ်စ်တို့ရဲ့ ဒိုင်ယာလက်တစ်ထက်တောင် ပိုပြီး နက်နဲသေးတယ်'

'ခေတ်သစ် ဒိုင်ယာလက်တစ် နည်းထက် ပိုပြီး နက်နဲတယ် ဆိုတာ ဘာကို ဆိုလိုတာလဲ ဆရာ'

'ဒီလိုဗျ၊ ဟေဂယ်ရဲ့ ဒိုင်ယာလက်တစ်မှာက ဆန့်ကျင်ဘက် ဝိရောဓိ အစွန်းတရားတွေကို ငြင်းပယ်ပြီး သဘောထား ညီညွတ်တဲ့ သမ္မုတ သဘော ကို ရှာတာဗျ၊ နာဂအဇ္ဈုနနည်းက ဒီလို သဘောထား ညီညွတ်မှု သမ္မုတကို ရှာတာ မဟုတ်ဘူး၊ သုညတ သဘောကို မြင်လာအောင် ဆန့်ကျင်ဘက် အားလုံးကို ငြင်းပယ်ပစ်တာ၊ ငြင်းပယ်ခြင်းကိုပဲ ထပ်ပြီး ပတ်လည် ငြင်းပယ် နည်းနှင့် ငြင်းပယ်တာ၊ ရှစ်ဆင့် ငြင်းပယ်ရလို့ သူ့နည်းကို အဋ္ဌမုခ ပဋိကွေပ လို့လည်း ခေါ်တယ်'

'သဘောလောက် နားလည်အောင် ပြောမပြနိုင်ဘူးလား ဆရာ'

'ပြောနိုင်ပါတယ်၊ သူ ပြောတဲ့ အဆင့် ရှစ်ဆင့်ကို ပထမ ပြောမယ်နော်၊

(၁) ဥပါဒေါ – ဖြစ်ပွား ပေါ်ပေါက်လာခြင်း – ဒါကို production လို့ ခေါ်တယ်၊

(၂) အဲဒါရဲ့ ဆန့်ကျင်ဘက်က နိရောဓော – ချုပ်ပျောက်ခြင်း၊ အင်္ဂလိပ် လို extinction လို့ ခေါ်တယ်၊

(၃) ဘုံဘဝသို့ ရောက်ခြင်း – အာဂတိ၊ အင်္ဂလိပ်လို coming.

(၄) လာခြင်းရဲ့ ဆန့်ကျင်ဘက် – ဂတိ – ရှောင်ဖယ် ထွက်ခွာခြင်း၊ ဒါကို departure လို့ ခေါ်တယ်၊

'ပြောခဲ့တာ ဆန့်ကျင်ဘက် နှစ်စုံ ဖြစ်တယ်၊ သဘောပေါက်ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ ပြန်စဉ်းစားဦးမယ်၊ (က) ဖြစ်ပေါ်ခြင်းနှင့် ချုပ်ပျောက်ခြင်း ဝိရောဓိက တစ်စုံ၊ (ခ) ဘုံဘဝသို့ လာခြင်းနှင့် ဘုံဘဝမှ ထွက်ခွာခြင်းက ဝိရောဓိ တစ်စုံ၊ ရပြီ ဆရာ'

'ကဲ ဒါဆိုရင် နောက်ထပ် နှစ်စုံကို ဆက်ပြောမယ်။

(၅) နိစ္စ (သဿတ) မြဲခိုင်ခြင်း – permanence

(၆) အနိစ္စ – မမြဲခြင်း (ပျက်စီးခြင်း) – impermanence

(၇) ဧကတ္တ – တစ်ခုတည်း ဖြစ်ခြင်း – unity

(၈) နာနတ္တ – ကွဲပြား ခြားနားခြင်း – diversity

'ဒါက နောက်ထပ် ဝိရောဓိ (ဆန့်ကျင်ဘက်) နှစ်စုံပေါ့နော်'

'ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်လာပါပြီ'

'အဲဒါ ဆန့်ကျင်ဘက် အတွဲ လေးစုံကို နားလည်ထားမှ သူ့ရဲ့ မဇ္ဈိမ ပဋိပဒါကို သဘောကျမယ်၊ အဲဒီ သဘော ရှစ်ခုစလုံးကို ငြင်းပယ်ပစ်ရမယ်၊ ဒါက သူတို့ရဲ့ မဇ္ဈိမပဋိပဒါ စနစ်ပဲဗျ'

'ဟုတ်ကဲ့၊ ကျွန်တော် နားလည်အောင် ကြိုးစားပါ့မယ်'

'ကောင်းပြီ၊ ဒါဆို သူတို့ စဉ်းစားတတ်ပုံကို ပြောမယ်၊ ဉပမာ ဖြစ်တည်ခြင်း၊ ဖြစ်ပေါ်ခြင်း သဘောကို ခင်ဗျားက ငြင်းရင် ဘယ်လို ငြင်းမလဲ'

'ဖြစ်ခြင်း ဆိုတာ မရှိဘူးလို့ ငြင်းမှာပေါ့'

'ဟုတ်ပြီ၊ ဖြစ်ခြင်း မရှိရင် မဖြစ်ခြင်း၊ ချုပ်ငြိမ်းခြင်း သဘောလို့ ယူဆလိုက်တတ်ကြတယ်၊ မဟုတ်ဘူး၊ ဖြစ်တာမှ မရှိဘဲနှင့် ဘယ်လို ချုပ်ငြိမ်းခြင်း ရှိမလဲ၊ ဒီလို အယူအဆ တစ်ခုကို ငြင်းပြီးရင် နောက် အယူအဆ တစ်ခုကို ဆုပ်ကိုင်လိုက်တာ ဖြစ်မသွားရဘူး၊ ဒီလို မဖြစ်တတ်ဘူးလား'

'ဖြစ်တတ်ပါတယ်'

'ဒါကြောင့် သူတို့ရဲ့ ပတ်လည် ငြင်းပယ်ခြင်းမှာ (၁) ဉပါဒေါကို နဉပါဒေါ (ဖြစ်ခြင်း မရှိ) လို့ ငြင်းရမယ်တဲ့၊ ဒီလို ငြင်းပြီးရင် နနိရောဓော (ချုပ်ခြင်းလည်း မရှိ) လို့ ငြင်းရမယ်၊ ပြီးတော့ နအာဂတိ လာခြင်းလည်း မရှိ၊ လာခြင်း မရှိသလို နဂတိ၊ ထွက်ခွာသွားခြင်းလည်း မရှိဘူးပေါ့ဗျ၊ နနိစ္စ၊ မြဲခြင်းလည်း မရှိ၊ နအနိစ္စ၊ မမြဲခြင်းလည်း မရှိဘူးတဲ့၊ နဧကတ္တ၊ တစ်ခုတည်း သဘောလည်း မဟုတ်၊ နနာနတ္တ၊ တသီးတခြား တကွဲတပြား သဘောလည်း မဟုတ်ဘူးတဲ့၊ ဒီလို ငြင်းမှ အဆင့်ဆင့် ပတ်လည် ငြင်းပစ်မှသာ ဆန့်ကျင်ဘက် အစွန်းအားလုံးကို ငြင်းပယ်ရာ ရောက်တယ်၊ ဒီဘက်အစွန်းကို ငြင်း

www.burmeseclassic.com



လိုက်တဲ့အတွက် ဟိုဘက်အစွန်းကို ရောက်သွားခြင်းမှ လွတ်မြောက်မယ်တဲ့၊ တစ်ဖက်ကို ငြင်းပြီး နောက်တစ်ဖက်ကို လက်ခံလိုက်ခြင်း အမှား ကင်းစင်သွားမှသာ သုညတာ ဖြစ်ခြင်း ပျက်ခြင်း ကင်းတဲ့ နိဗ္ဗာန်သဘောကို မျက်မှောက်ပြုနိုင်တယ်လို့ စဉ်းစား တွေးခေါ်ထားတယ် ကိုစိုးရဲ့'

'သူ့ အယူအဆကလည်း တစ်နည်းအားဖြင့် နက်နဲတာပဲနော်'

'ဟုတ်တယ်ဗျ၊ ဒီ နာဂအဇ္ဈုနက ဒဿန ကဝိတစ်ဆူ ဖြစ်တယ်၊ သူက လောကကို ရှုမြင်ရာမှာ ဆန့်ကျင်ဘက် ဖြစ်နေတဲ့ တရားတွေဟာ တစ်ခုနှင့် တစ်ခု မကင်းတရားတွေ (အဝိနာဘာဝ) တွေ ဖြစ်နေကြတယ်၊ ဒီတရားတွေဟာ ဆန့်ကျင်ဘက်တွေ ဖြစ်နေတယ်၊ ဝိရောဓိတရားတွေ ဖြစ်နေတယ် ဆိုပေမဲ့ မကင်းတရားတွေ ဖြစ်ကြတယ်'

'မကင်းတရား ဆိုတာ ဘာကို ဆိုတာလဲ'

'သြော် ဒီတရားတွေဟာ တစ်ခုနှင့် တစ်ခု မတူဘူး၊ ဆန့်ကျင်ဘက် အသွင်ကို ဆောင်ပေမဲ့ တစ်ခု ရှိမှ တစ်ခု ရှိနိုင်တဲ့ တရားတွေ ဖြစ်နေကြတယ်၊ ဥပမာ ဖြစ်ခြင်း ရှိလို့သာ ချုပ်ခြင်း ရှိရတာလေ၊ ဖြစ်ခြင်း မရှိဘဲနှင့် ချုပ်ခြင်း သဘော မရှိနိုင်ဘူး မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါကြောင့် ဒီတရားတွေဟာ relativistic မကင်းတရားတွေ ဖြစ်ကြတယ်လို့ ပြောတာဗျ'

'ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်လာပါပြီ'

'ပိုပြီး နားလည်အောင် ပြောဦးမယ်၊ မွေးတာနှင့် သေတာ ဆန့်ကျင်ဘက်ပေမဲ့ မကင်းတရား ဖြစ်နေတယ်၊ သေတာ မရှိဘဲနှင့် မွေးတာချည်း ရှိနေရင် သဘာဝတရားမှာ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ဒီတရား နှစ်ပါးဟာ မကင်းတရား ဖြစ်တယ်၊ အတူတကွ တစ်ပြိုင်နက် အတူတွဲ ဖြစ်လို့လည်း မရဘူးလို့ သူက သုံးသပ်ထားတယ်၊ ဒါကြောင့် သူ့ မဇ္ဈိမပဋိပဒါနည်းအရ

(၁) အတ္ထိ – ရှိခြင်း

(၂) နတ္ထိ – မရှိခြင်း

(၃) အတ္ထိစ – နတ္ထိစ – ရှိသည်လည်း ဟုတ်၊ မရှိသည်လည်း ဟုတ်၏၊

(၄) နေဝအတ္ထိ၊ နာနတ္ထိ – ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ် ဆိုသော အစွန်းလေးပါးကို လွတ်အောင် ရှောင်ထွက်တဲ့ နည်းနှင့် ဆင်ခြင်မှသာ ဖြစ်ခြင်း ပျက်ခြင်း ကင်းရာ အမှန် မြတ်နိဗ္ဗာန်ရဲ့ သုညတာ



www.burmeseclassic

www.burmeseclassic.com



သဘောကို နားလည်နိုင်တယ်တဲ့'

'တွေးခေါ်ပုံကတော့ နက်နဲတယ် ဆရာနော်'

'ဟုတ်တယ်၊ အတွေးက နက်နဲတယ်၊ ဒါပေမဲ့ အကျင့်သဘောက မပါဘူးဗျ၊ ဒီအမြင်ဟာ ဒဿနအမြင် တစ်ခုပဲ ဖြစ်တယ်၊ လက်တွေ့ ကျင့်စဉ် မဟုတ်ဘူး၊ ဒါကြောင့် ဒီအမြင်ကို ထေရဝါဒက လက်မခံဘူး၊ ဒီအမြင်ပေါ် မူတည်ပြီး မဟာယာန အတွေးအခေါ်မှာ ထေရဝါဒနှင့် ကွဲပြား ခြားနားတဲ့ အယူဝါဒ အမျိုးမျိုး ပေါ်လာတယ်'

'ထားပါတော့ ဆရာရယ်၊ မဇ္ဈိမပဋိပဒါ ဆိုတာဟာ ဘဝ လွတ် မြောက်ရေး ကျင့်စဉ်သာ ဖြစ်တယ်၊ ဉာဏ်ကစားတဲ့ ဒဿန တစ်ခု မဟုတ်ဘူး၊ မဖြစ်သင့်ဘူး ဆိုတဲ့ ထေရဝါဒ အမြင်ကိုပဲ ကျွန်တော် လက်ခံထားလိုက်ပါတော့ မယ်'

'ဟုတ်တယ် ကိုစိုး၊ ခု ကိုစိုး ပြောတဲ့ သဘောကို အင်္ဂလန်က ထုတ်တဲ့ The Middle Way စာစောင် ၁၉၆၉ ခု နိုဝင်ဘာလထုတ် Vol. XL IV, No. 3 မှာ ဒေါက်တာ အီး၊ ဂရေဟမ် ဟိုး (Dr. E. Graham Howe) ဆို သူရဲ့ ဆောင်းပါးမှာလည်း တင်ပြထားတယ်၊ နောက်ပြီး မလေးရှားက ထုတ် တဲ့ ဘိက္ခုမဟိန္ဒ ရေးတဲ့ The Blue Print of Happiness ဆိုတဲ့ စာစောင်ထဲ မှာလည်း မဇ္ဈိမပဋိပဒါဟာ မှန်ကန်သော ဘဝနေနည်းရဲ့ အခြေခံ အုတ်မြစ် (The foundation of Right Living) လို့ ဖော်ပြထားတယ်ဗျ၊ ပြီးတော့ သီရိလင်္ကာ အရှင်မြတ် နရဒထေရ် ရေးသားတဲ့ ဗုဒ္ဓဝါဒအကျဉ်း Buddhism in a Nutshell မှာလည်း မဇ္ဈိမပဋိပဒါ ဆိုတာ နိဗ္ဗာန်သို့ သွားရာလမ်း ဖြစ်တယ်၊ The Path to Nibbāna လို့ ဖော်ပြထားတယ်၊ ဂျပန် ဘုန်းတော် ကြီး အရှင် ဉာဏတိလောကရဲ့ The World of the Buddha မြတ်ဗုဒ္ဓရဲ့ ဒေသနာကျမ်းမှာလည်း ဒုက္ခကင်းငြိမ်းခြင်းသို့ သွားရာလမ်း အဖြစ် ဖော်ပြ ထားပါတယ်'

'တော်လောက်ပါပြီ ဆရာရယ်၊ ကျွန်တော့် ခေါင်းထဲမှာ ဆံ့တောင် မဆံ့တော့ပါဘူး၊ ခု ကျွန်တော့် ရင်ထဲမှာ ခံစားပြီး သိလာတာကတော့ စာအုပ် ထဲမှာ တရား ရှာမလား၊ ခန္ဓာထဲမှာ တရား ရှာမလား ဆိုတာ ပိုင်းခြား ဆုံး ဖြတ်ဖို့ပဲလို့ ထင်ပါတယ် ဆရာ'

'ဟုတ်တယ်၊ ကျမ်းလျှောက်ရင် မဆုံးနိုင်ဘူး၊ မိုးကုတ် ဆရာတော် ကြီး မိန့်ကြားခဲ့သလို သဘောတရား (ညာတပရိညာ) ရအောင်တော့ နားနှင့်



www.burmeseclassic.com

www.burmeseclassic.com



တရားနာရမယ်၊ ပြီးရင်တော့ ခန္ဓာကို ဉာဏ်လှည့်ကြည့်ရမှာပဲနော်'

'ဒါဆိုရင် ဆရာ့ကိုပဲ မေးပါရစေ၊ ဆရာ့အနေနှင့် ခန္ဓာမှာ တရားရှာတဲ့ အလုပ်ကို မလုပ်သေးဘူးလား'

'နေဦး၊ ခင်ဗျားပြောတာ မလွဲမသွေ လုပ်ရမှာပဲ၊ ဒါကတော့ သေချာတယ်၊ ဒါပေမဲ့ ခု ကျွန်တော်က တောထဲမှာ လမ်းလျှောက်နေတဲ့ လူလို ဖြစ်နေတယ်၊ ဝိပဿနာ အားထုတ်မယ် ဆိုတော့ ဘယ်နည်းနှင့် အားထုတ်မလဲ ဆိုတဲ့ ပြဿနာ ပေါ်လာတယ်၊ နီးစပ်ရာနှင့် ရိပ်သာ တစ်ခုခုကို လိုက်သွားရင်တော့ ဖြစ်တာပေါ့၊ ဒါပေမဲ့ အဲဒီ ရိပ်သာက နည်းနှင့် ကိုယ်နှင့် မကိုက်ရင် ခက်ဦးမယ်၊ ဒါကြောင့် ဒီကနေ့ အရှေ့တောင် အာရှမှာ ထွန်းကားနေတဲ့ ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင်တွေကို သိအောင် ပထမ လုပ်ကြရင် မကောင်းဘူးလား၊ ဒါမှ ဘယ်နည်းကို ကျင့်သုံးသင့်သလဲ ဆိုတာ ရွေးချယ်နိုင်မှာပေါ့၊ မဟုတ်ဘူးလား ကိုစိုး'

'ကျွန်တော်ကတော့ ဆရာ ပြောတာ အားလုံးကို ဟုတ်တယ်လို့ပဲ ထောက်ခံရမှာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဆရာက သစ္စာရှာပုံတော်သမား၊ ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် ဖြစ်နေတယ် ဆိုတာကို ကျွန်တော် ယုံကြည်နေလို့ပဲ ဆရာရယ်၊ ကဲ နောက်မှ ဆက်ဆွေးနွေးကြတာပေါ့၊ ဒီတင် ရပ်ကြပါစို့'

'ဟုတ်တယ်၊ ကဲ ဒီတင် ရပ်ကြဦးစို့'



www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic

www.burmeseclassic.com

## ၁၀။ ဝိပဿနာကျင့်စဉ် ဉာဏ်အမြင်

တနင်္ဂနွေနေ့တွင် ဗုဒ္ဓသာသနာတော် တိုးတက် ထွန်းကားရေးကို လိုလားကြသော သာသနာ့ ဒါယကာ လူကြီးများ၊ ဗုဒ္ဓဝေယျာဝစ္စ အကျိုးတော်ဆောင် လူကြီးများ၊ ပညာရှင်များ၊ မြင်းခြံသူဌေး၏ နေအိမ်တွင် စုဝေး ရောက်ရှိလာကြသည်။ ဤပွဲ ဖြစ်မြောက်အောင် ဓမ္မဃောသက ဦးမောင်မောင်နှင့် မြင်းခြံသူဌေးက စီစဉ်ပေးကြလေသည်။ နေ့မွန်းလွဲ နှစ်နာရီတွင် အကျွန်ုပ်က ဂျပန် ဦးပဥ္စင်းကလေး ဦးဝိမလကို ချမ်းမြေ့ရိပ်သာ၌ သွားပင့်ခဲ့သည်။ ထိုပွဲတွင် လူကြီးများ စုံသည်။ ဆရာကြီး ဦးရွှေအောင်လည်း ပါသည်။ ဒေါက်တာ မင်းတင်မွန်လည်း ပါသည်။ မင်္ဂလာဗျူဟာအသင်း ဥက္ကဋ္ဌကြီး ဦးအောင်သိန်း၊ ဦးထိန်ဝင်း၊ ဓမ္မာစရိယ ဦးဌေးလှိုင်၊ ဦးမောင်မောင်လေး၊ ဆရာ ပါရဂူတို့လည်း ပါသည်။ စိတ်ရောဂါကု ဆရာဝန်ကြီး ဒေါက်တာ အုန်းမောင်ကို အကျွန်ုပ်က သွားပင့်သည်။ မအားလပ်သဖြင့် ဆရာကြီး ဦးအုန်းမောင် မတက်နိုင်ပါ။ စိတ်ရောဂါ ပါမောက္ခ ဒေါက်တာ သိန်းဌေးဖေ တက်ရောက်သည်ဟု ထင်ပါသည်။ တခြား ပင့်ဖိတ်ထားသူများလည်း ပါသည်။ မြင်းခြံသူဌေး၏ ဇနီး ဒေါ်သောင်းသောင်းက ဆွေးနွေးပွဲသို့ တက်ရောက်လာသူများကို နေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံလေသည်။

ပရိသတ် စုံညီစွာ ရှိနေသဖြင့် ဂျပန် ဦးပဥ္စင်းကလေးသည် စိတ်ရွှင်လန်းနေပုံ ပေါ်သည်။ ပြီးမှ သူက ဆိုသည်။

'ဒီကနေ့တော့ ဦးပဥ္စင်းက ပြောဖို့ မဟုတ်ပါဘူး၊ ဒကာကြီးတို့ ပညာရှင်တွေထံက ပြောတာတွေကို ဦးပဥ္စင်းက နားထောင်ဖို့ လာတာပါ၊ တစ်ခုတော့ ရှိပါတယ်၊ ဟောပြောပြီးရင်တော့ ဦးပဥ္စင်း မသိတာတွေကို မေးခွန်း မေးမယ်'

www.burmeseclassic.com



ဟု ကြိုတင် သတိပေး ပြောဆိုထားပါသည်။

အကျွန်ုပ်က ထိုပွဲတွင် အခမ်းအနားမှူး အဖြစ် ဆောင်ရွက်သည်။ ပထမဦးစွာ ဟောပြောဖို့ တာဝန်ကျသူမှာ ဒေါက်တာ မင်းတင်မွန် ဖြစ်သည်။ ဆရာ မင်းတင်မွန်က သူ၏ အဘိဓမ္မာ သင်ကြားပြသမှု အကြောင်းကို နှစ်နာရီခန့် ကြာအောင် ဟောပြောလေသည်။ ဟောပြောပြီးသောအခါ ဂျပန် ဦးပဥ္ဇင်းကလေးက မေးခွန်း မေးသော အစီအစဉ်ကို စတင်လေသည်။ ဂျပန် ဦးပဥ္ဇင်းကလေးသည် မြန်မာ စကားကို မြန်မာ လူမျိုး တစ်ယောက် ပြောသလို ကရားရေလွှတ် ပြောနိုင်သည်။

'ဦးပဥ္ဇင်း တွေ့တာကလေး တစ်ခု မေးပါရစေ၊ မြန်မာကျမ်းဂန်တွေထဲမှာ အနုသယကိလေသာနှင့် ပတ်သက်ပြီး ရေးကြတဲ့အခါ အနုသယကိလေသာဟာ ခန္ဓာမှာ ကိန်းနေတယ်လို့ ရေးကြတာ အများကြီး တွေ့ရတယ်၊ ကိန်းနေတယ် ဆိုတော့ မပျက်မစီးဘဲနှင့် အမြဲ တည်နေတယ် ဆိုတဲ့ သဘောလား၊ အနုသယကိလေသာဟာ အနိစ္စ၊ အနတ္တပဲ မဟုတ်လား၊ ကိန်းနေတယ်ဆိုတာ ဘာသဘောကို ပြောတာလဲ၊ တည်ရှိနေတယ် ဆိုတဲ့ သဘော ဆိုရင်သူဟာ ဖြစ်ပြီး မပျက်တဲ့ သဘောမျိုး ဖြစ်နေတယ်၊ အဲဒါကို ဦးပဥ္ဇင်း နားလည်ချင်တယ်၊ ဘယ်လို နားလည်ရမလဲ' ဟု မေးလေသည်။

ထိုမေးခွန်းကို ပါဠိပညာရှင်များ၊ အဘိဓမ္မာ ပညာရှင်များက ဘယ်လိုဖြေကြမလဲဟု အကျွန်ုပ်လည်း နားစွင့်နေမိပါသည်။ တိကျ ပြတ်သားသောအဖြေ ဘယ်ကမှ ထွက်ပေါ်မလာပါ။ 'အင်း ဒီလိုတော့ ဖြစ်နေတာပဲ' ဆိုသောလေသံတွေသာ ထွက်ပေါ်လာကြလေသည်။ ဆရာ မင်းတင်မွန် ဘယ်လို ဖြေမလဲဟု အကျွန်ုပ်လည်း ဂျပန် ဦးပဥ္ဇင်းနှင့်အတူ စောင့်၍ နားထောင်နေလေသည်။ ဆရာ့ဆီကလည်း အဖြေပေးသံ ထွက်မလာပါ။ ထိုအခါ အကျွန်ုပ်ရင်ထဲမှာ ကလိထိုးသလို ခံရခက်လာသည်။ ပညာရှင်များကို ကျော်ပြီး မိမိကဖြေလိုက်လျှင် လူတွင်ကျယ် လုပ်ရာလည်း ကျမည်။ မိမိမှာ ဤပွဲတွင် အခမ်းအနားမှူး လုပ်နေသောကြောင့်လည်း ဝင်မပြောသာဘဲ နေခဲ့ရလေသည်။ ဦးပဥ္ဇင်းကို ကျောင်းသို့ ညနေခင်း ပြန်ပို့သောအခါကျမှ ကားပေါ်တွင် မိမိရင်ထဲကအဖြေကို ပေးလိုက်မိသလား၊ သို့မဟုတ် မပေးဘဲ ရေငုံ၍သာ နေခဲ့လေသလား မမှတ်မိတော့ပါ။ အကျွန်ုပ် ရင်ထဲ၌မူ 'အရှင်ဘုရား၊ ဒီမေးခွန်းနှင့်ပတ်သက်ပြီး အဖြေရချင်ရင် ပဋိစ္စသမုပ္ပာဒ် တရားကို နားလည်ရင် လွယ်ပါတယ်ဘုရား၊ သဗ္ဗေသင်္ခါရာ အနိစ္စာ ဆိုတဲ့ အတွက် လောကမှာ ဘယ်တရားမှ



www.burmeseclassic

www.burmeseclassic.com



အမြဲ မတည်ပါဘူး၊ ဒီမှာ ကိန်းနေတယ် ဆိုတာ သတ္တိသဘော ရှိနေတယ်၊ အဲဒီ သတ္တိတွေဟာ အကြောင်း တိုက်ဆိုင်လာရင် ဖြစ်ပေါ်လာတယ်၊ အနုသယ ကိလေသာ တည်ရှိနေပုံကို ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး ပြထားတဲ့ ဥပမာကို သိရင် နားလည်ရတာ လွယ်ပါတယ်၊ လယ်တီ ဆရာတော်က မီးခြစ်ဘူးထဲမှာ မီး မရှိဘူး၊ မီးခြစ်ဆံထဲမှာလည်း မီး မရှိဘူး၊ မီးခြစ်ဘူးဘေးက ကော်ပတ်ထဲမှာလည်း မီး မရှိဘူး၊ ဒါပေမဲ့ မီးခြစ်ဆံနှင့် ကော်ပတ်နှင့် ပွတ်တိုက်လိုက်တဲ့ အကြောင်း ရှိလာရင် မီး (ကိလေသာ) ဟာ ဖြစ်ပေါ်လာရတယ်၊ ဒီအတိုင်းပဲ၊ အနုသယ ကိလေသာ ဆိုတာလည်း တည်ကိန်းနေတဲ့ အထည်ဒြပ် မဟုတ်ဘူး၊ အကြောင်းတိုက်ဆိုင်မှ ဖြစ်ခွင့်ရပြီး ဖြစ်ပေါ်လာတဲ့ တရားပဲ'

ထိုအခါမှ စ၍ မြတ်ဗုဒ္ဓ၏ ဒေသနာ ထေရဝါဒ ဗုဒ္ဓဘာသာ အယူအဆများကို ဒိဋ္ဌိမပါဘဲ သမ္မာဒိဋ္ဌိ အမြင်ဖြင့် သိမြင်တတ်ဖို့ အရေးတွင် ပဋိစ္စသမုပ္ပါဒ် တရားကို နားလည်ခြင်းသည် မရှိမဖြစ် လိုအပ်ချက် တစ်ခု ဖြစ်သည်ဟု အကျွန်ုပ် စိတ်မှာ ဆုံးဖြတ်ချက် ချနိုင်ခဲ့လေသည်။ ဤအချက်ကို လယ်တီ ဆရာတော်သည် သူ၏ ပရမတ္ထ သံခိပ်ကျမ်းတွင် အောက်ပါအတိုင်း ရေးသားတော်မူခဲ့လေသည်။

၆၅၄။ နာမရူပ၊ သင်္ခါရ၏၊ ပဋိစ္စဓာတ်၊ သမုပ္ပါဒ်ကို၊
အတတ်ထင်တင်၊ ပိုင်ပိုင်မြင်မှ၊ ကင်္ခါယုံမှား
ဆယ့်ခြောက်ပါးနှင့် ရှစ်ပါးဝိစိ၊ ဒိဋ္ဌိဖြာဖြာ
ကင်းစင်ကွာသည်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ- *

ထို့နောက် လယ်တီဆရာတော်ကြီးက ဗောဓိပက္ခိယ ဒီပနီတွင်လည်း
ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ပြည့်စုံမှ၊ အနိစ္စ ဒုက္ခ အနတ္တ ဘာဝနာ အလုပ်ကို လုပ်ရမည်ဟု ပဋိပတ် ကျင့်စဉ် ထင်ရှားရှိသည်မှာ ယခုဘဝ၌ပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အလျင်အမြန် အားထုတ်လိုသော သူများ၏ အကျင့်ပေတည်း။ **

ထေရဝါဒ ဗုဒ္ဓဘာသာကို သမ္မာဒိဋ္ဌိ အမြင်ပေါက်မှုမှာ ဖြစ်စေ၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရအောင် ကျင့်ကြံပွားများ အားထုတ်ရာ

* ပရမတ္ထ သံခိပ်၊ စာ ၂၃၁
** ဗောဓိပက္ခိယ ဒီပနီ (ဟံသာဝတီ)၊ စာ ၁၄

www.burmeseclassic.com



မှာ ဖြစ်စေ ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် လျှောက်ရမည့် လမ်းကို လယ်တီအရှင်မြတ်က ပြတ်ပြတ်သားသား ညွှန်ပြတော်မူသည်ဟု အကျွန်ုပ် စိတ်မှာ ခိုင်ခိုင်မာမာ ယုံကြည်နေမိလေသည်။ အကျွန်ုပ်သည် လယ်တီဆရာတော် ကြီး၏ ဉာဏ်ပညာကို လွန်စွာ ယုံကြည်အားထားသူ ဖြစ်ကြောင်း ဝန်ခံပါသည်။

## ပဋိစ္စသမုပ္ပါဒ် တရားနှင့် လယ်တီဆရာတော်

အသိအတွက်ရော၊ အကျင့်အတွက်ပါ ပဋိစ္စသမုပ္ပါဒ် တရား၏ အရေးပါ အရာရောက်မှုကို အထွတ်အထိပ်ထား၍ နောင်လာ နောက်သားများ သိသာ ထင်ရှားအောင် ခေတ်သစ်တွင် ပထမဆုံး လမ်းထွင်၍ လမ်းပြခဲ့သော ပုဂ္ဂိုလ် သည် လယ်တီဆရာတော် ဘုရားကြီး ဖြစ်သည်ဟု ထင်ပါသည်။ ဆရာတော် ဘုရားကြီး၏ အောက်ပါ စကားရပ်များက ထင်ရှားစေပါလိမ့်မည်။

'မြတ်စွာဘုရား ပွင့်မှ သိသော တရားကား ခန္ဓာ၊ အာယတနဓာတ်၊ ပဋိစ္စသမုပ္ပါဒ် တရားစုပေတည်း။

...ယခုဘဝ၌ ဘာသာတစ်ပါးတို့ မလှုပ်ချောက်ချားနိုင်စေခြင်းငှာ နှလုံး သွင်းအပ်သော တရားကား ပဋိစ္စသမုပ္ပါဒ် တရားပေတည်း' *

ဤစကား၏ အဓိပ္ပာယ် သက်ရောက်မှု၊ လေးနက်မှု၊ အရေးပါမှုကို ဂျပန် ဦးပဥ္ဇင်းကလေးနှင့် ဆွေးနွေးသော အခါ၌ ပို၍ ထင်ရှား သိသာလာပါ သည်။

## လယ်တီမှ ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင်

နောက်နေ့ မြို့ထဲက ဘဝတက္ကသိုလ် စာပေတိုက်ကို ရောက်တော့ ထုံးစံ အတိုင်း နာရီပြန် နှစ်ချက်ထိုးသည်နှင့် ကိုစိုး ရောက်လာလေတော့သည်။ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ထဲက စားပွဲနိမ့်ကလေး ဘေးမှာ ထိုင်ပြီး တရား ဆွေးနွေးနိုင်ရန် ဖြစ်လေသည်။ ကိုစိုးက စားပွဲဘေးမှာ ထိုင်လိုက်သည် နှင့် ချက်ချင်း ရုတ်တရက် မေးသည်။

'ဆရာ ဝိပဿနာ အလုပ်ကို လုပ်မယ် ဆိုရင် ဘယ်နည်းကို နှစ်သက် သလဲ၊ ဘယ်ရိပ်သာကို သွားမလဲ' ဟု မေးပါသည်။

'အဲဒါက လွယ်လွယ် ဆုံးဖြတ်လို့ မဖြစ်သေးဘူး ကိုစိုးရဲ့'

---

* ဥတ္တမ ပုရိသ ဒီပနီ (ဟံသာဝတီ)၊ စာ ၁၆၂–၁၆၃



www.burmeseclassic.com

www.burmeseclassic.com



'လူတွေ ရိပ်သာ သွားနေကြတာ ဒီလိုပဲ ကိုယ်နှင့် နီးစပ်ရာ သွားကြတာပဲ မဟုတ်လား'

'ကိုစိုး ပြောတာ မှန်တယ်၊ ခက်တာက အဲဒီ လူတွေ ဆိုတဲ့ အများထဲမှာ ကျွန်တော် မပါနိုင်ဘူး'

'ဘာဖြစ်လို့လဲ ဆရာရဲ့'

'ဟာဗျာ ကိုစိုးကလည်း ဒီလောက် ကျွန်တော်တို့ တရားဓမ္မ အမြင်တွေကို ဆွေးနွေးလာခဲ့ကြတာ၊ ကျွန်တော်ဟာ ဘယ်လိုလူလဲ ဆိုတာ အကဲမခတ်မိသေးဘူးလား'

'အကဲခတ်မိပါတယ် ဆရာရဲ့၊ ဆရာဟာ သစ္စာ ရှာပုံတော်ပုံသမား၊ ဉာဏ်လမ်းသွား ပုဂ္ဂိုလ် ဖြစ်ချင်တဲ့ ဆန္ဒ ကဲနေတယ် ဆိုတာ ကျွန်တော် ရိပ်မိပါတယ်၊ ဒါနှင့် ရိပ်သာ တစ်ခုခုကို သွားပြီး တရား အားထုတ်တာနှင့် ဆိုင်လို့လား ဆရာ'

'အင်း၊ အဖြေကတော့ နည်းနည်း ခက်တယ်၊ မြန်မာနိုင်ငံမှာ ပေါ်ပေါက်နေတဲ့ ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင်တွေဟာ အားလုံး ဘုရားဟော တရားတွေ အပေါ်မှာ အခြေခံထားတာချည်းပါပဲဗျ၊ အမေရိကန် ဝိပဿနာ ဆရာကြီး ဂျက် ကွန်းဖီးလ် ဆိုသူ ပြောတာက တရုတ်ပုံပြင်ထဲက စကားလိုပဲတဲ့၊ လမင်းကို လက်ညှိုး ထိုးပြနေသလိုပဲ၊ ဝိပဿနာ ကျင့်စဉ် အားလုံးကတော့ သစ္စာဉာဏ်ကို ညွှန်ပြနေကြတာချည်းပါပဲ၊ အဲဒါ သတိထားရမှာက ညွှန်ပြနေတဲ့ လက်ညှိုးတွေပေါ် သောင်တင်နေပြီး ပြညွှန်ရာ ဖြစ်တဲ့ လမင်းကို မျက်ခြည်ပြတ် မခံသင့်ဘူးတဲ့ဗျ၊ သူ ပြောပုံက **Each teacher is pointing... be careful not to get caught up in the different fingers and loose sight of the moon!***

'သူ့စကားက တော်တော် မှတ်သားစရာ ကောင်းတယ်နော်'

'ဟုတ်တယ် ကိုစိုး၊ ဒီတော့ ဒီနေရာမှာ စဉ်းစားစရာတွေ အများကြီး ပေါ်လာတယ်၊ ဒါကို သုံးသပ်ကြည့်ရင်

'(က) ဝိပဿနာ ရှုနည်း တစ်ခုခုကို ရွေးပြီးမှ အဲဒီနည်းနှင့် ကျင့်ကြံ အားထုတ်ရမယ်။

'(ခ) အဲဒီ နည်းကိုမှ ဘာကြောင့် ရွေးရသလဲ၊ တခြားနည်းတွေကို

---

* **Living Buddhist Master – Jack Kornfield – p 2**

www.burmeseclassic.com



ဘာကြောင့် မရွေးသလဲ၊ ဒီနေရာမှာ နည်းတစ်ခုကို အသားပေးလိုတဲ့ သဘောနှင့် သုံးသပ်ပြန်ရင် တခြားနည်းတွေကို အပြစ်တင် ချိုးနှိမ်တဲ့ သဘောမျိုး သက်ရောက်သွားမှာလည်း စိုးရိမ်ရတယ်၊ ဒီလို မဖြစ်ရအောင် မိမိမှာ သစ္စာရှာရာမှာ ထားအပ်တဲ့မူ ခိုင်ခိုင်မာမာ ရှိဖို့လည်း လိုတယ်။

'(ဂ) ကျွန်တော်ကတော့ သစ္စာရှာပုံတော် ခရီးစကတည်းက မူ လေးချက်ကို ချမှတ်ထားတယ်'

'ဘာ မူတွေလဲ ဆရာ'

'ပြောမယ်၊ (၁) open mind (ဖွင့်ထားသော စိတ်နှလုံး) နှင့် လေ့လာမယ်၊ (၂) wide study အမြင်မကျဉ်းအောင် အချက်အလက် စုံလင်အောင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာမယ်၊ (၃) contemplation တွေ့ရှိချက်တွေ အပေါ်မှာ ယထာဘူတကျအောင် ဆင်ခြင်မယ်၊ (၄) Extensive discrimination ကျယ်ကျယ်ပြန့်ပြန့် စိစစ် ရွေးချယ်မယ် ဆိုတဲ့ မူတွေပဲ ကိုစိုးရဲ့၊ ဒီနေရာမှာ ကျွန်တော့် ခေါင်းထဲမှာ စွဲနေတဲ့ သတိပေးစကား တစ်ခု ရှိနေတယ်ဗျ၊ ပါမောက္ခ ချားလ် အေ မိုး (Charles A. Moore) ဆိုသူက ဘာပြောသလဲ ဆိုတော့ အရှေ့တိုင်းက ကျင့်စဉ် ဆိုင်ရာ အယူအဆ အမျိုးမျိုးထဲက တစ်ခုကို တရား နည်းလမ်းကျအောင် ခွဲခြမ်း စိတ်ဖြာ လေ့လာရင် တခြား ကျင့်စဉ် တစ်ခုကို မတရားသဖြင့် ပြုကျင့်ရာ ရောက်သွားနိုင်တယ်တဲ့ဗျ'

'အင်း စဉ်းစားစရာပဲ'

'နောက်ပြီး သူက နိုင်ငံ တစ်ခုမှာ ရှိတဲ့ ဒဿနအမြင်၊ စနစ်တွေကို ဖော်ပြရာမှာ မဖော်ပြမိဘဲ လျစ်လျူရှုထားခဲ့မိတာမျိုးလည်း ဖြစ်နိုင်တယ်၊ နည်းစနစ်တွေဟာ သူ့နည်းနှင့်သူ အရေးပါကြတာချည်းပဲ၊ အဲဒီ စနစ် အားလုံးထဲမှာ သဘောထား ကွဲပြားပုံကို ထိထိရောက်ရောက် ဖော်ပြတဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို သတိမမူမိဘဲ ထားရစ်ခဲ့မိတာမျိုးလည်း ရှိနိုင်တယ်၊ နည်းစနစ် တစ်ခုနှင့် တစ်ခု ကွဲပြားခြားနားပုံနှင့် ရှုမြင်ပုံ အပြောင်းအလဲကြောင့် ဖြစ်ပေါ်လာတဲ့ သီးခြား အယူအဆများကို အဓိပ္ပာယ် ဖွင့်ဆိုပုံများ ကျင့်ဝတ်ဆိုင်ရာ သဘောတရားနှင့် လက်တွေ့ ကျင့်စဉ်ဆိုင်ရာ အခြေခံ ပြဿနာ တစ်ခုစီ အပေါ်ထားတဲ့ သဘောထား ကွဲလွဲပုံတွေကို အပြည့်အစုံ ဖော်ပြရာမှာလည်း သတိမပြုမိလို့ ချန်ထားခဲ့သလို ဖြစ်သွားနိုင်တာတွေလည်း ရှိတယ် ကိုစိုးရဲ့၊ ဒါတွေဟာ ကျွန်တော်တို့ ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင်တွေကို လေ့လာတဲ့အခါ အထူး သတိပြုသင့်တဲ့ အချက်တွေပဲဗျ'



www.burmeseclassic

www.burmeseclassic.com



'ပါမောက္ခ မိုးရဲ့ သတိပေးချက်တွေဟာ တော်တော် ဉာဏ်အမြင် ကျယ်မှ သဘောပေါက်နိုင်မယ့် အချက်တွေလို့ ထင်ပါတယ် ဆရာ၊ ကျွန်တော် တော့ သိပ်ပြီး သဘောမပေါက်ဘူး'

'ဒီလို ရှိတယ် ကိုစိုးရဲ့၊ ခင်ဗျားက ဒီ field (ဝိပဿနာနယ်) မှာ မနှံ့စပ်သေးဘူးလေ၊ ခု ကျွန်တော်တို့ ဝိပဿနာ အလုပ်ပေး တရားပိုင်းကို ရောက်လာတော့ ကျယ်ကျယ်ပြန့်ပြန့် လေ့လာရမယ့် အကြောင်းအရာတွေက သိပ်များတယ်၊ ပထမ ဘယ်လို သဘောထားနှင့် လေ့လာသင့်သလဲ၊ ဒီမေးခွန်း ကို အဖြေ ပေးနိုင်ရမယ်၊ ဒီနေရာမှာ အမြင်မတူတွေ ရှိတယ်၊ ဒါ လိုရင်းကို မရောက်သေးဘူး'

'ဘယ် သဘောထားကို လက်ခံမလဲလို့ ပြောတာလား ဆရာ'

'ဟုတ်တယ် ကိုစိုး'

'ဒါဆို သဘောထား ကွဲလွဲမှု ရှိနေလို့လား'

'အဲဒါ ခင်ဗျားကို ကျွန်တော် ပြောပြချင်လို့ဗျ၊ ခင်ဗျား ချမ်းမြေ့ဆရာ တော်ရဲ့ ဆင်းရဲငြိမ်းအေး ချမ်းသာရေး ဆိုတဲ့ စာအုပ်ကို ဖတ်ဖူးသလား'

'ဖတ်ဖူးပါတယ်၊ ကလေးမြို့မှာ ခရစ်ယာန်တွေကို ဟောတဲ့ တရား မဟုတ်လား'

'ဟုတ်တယ်၊ အဲဒီစာအုပ်ထဲမှာ ဆရာတော်က သူ့ခံယူချက် သဘော ထား တစ်ခုကို ဖော်ပြထားတယ်၊ ခင်ဗျား နားထောင်ကြည့်စမ်း။

'ဘာကြောင့် ဘုန်းကြီး ဒီလို ဘာသာပေါင်းစုံကို လေ့လာ လိုက်စားရ သလဲ ဆိုတော့ အမြင်ကျဉ်းနေမှာ စိုးလို့ပါ၊ ကိုယ့်ဘာသာ တစ်ခု အကြောင်းကို သာ သိပြီး တခြား ဘာသာတွေရဲ့ အကြောင်းကို မသိရင် ကိုယ့်ဘာသာထဲမှာ ရှိတာကိုပဲ ကောင်းတယ်လို့ ထင်ပြီး အမြင်ကျဉ်းနေမှာ စိုးလို့ လေ့လာ လိုက်စား တာပါ * လို့ ဖော်ပြထားတယ်'

'ဒီအမြင်ဟာ ခေတ်မီတဲ့ အမြင်ပဲ မဟုတ်လား ဆရာ'

'နေဦး ကိုစိုး၊ နောက်အမြင် တစ်ခုကို တင်ပြဦးမယ်၊ ပြီးမှ ခင်ဗျား သဘောထားကို ပြန်ပြီး သုံးသပ်ကြည့်ပါ၊ သဘောထား အမြင်ကို မပြောခင် သမိုင်းနောက်ခံ ဖြစ်စဉ်ကို ပြောပြမယ်၊ ၁၉၈၂ ခုနှစ်ကဗျ၊ အိန္ဒိယနိုင်ငံ သက္ကဋ္ဌ တက္ကသိုလ်က ပါမောက္ခ တစ်ဦး မြန်မာနိုင်ငံကို ရောက်လာတယ်၊ သူ့နာမည်

---

* ဆင်းရဲငြိမ်းအေး ချမ်းသာရေး (စတုတ္ထအကြိမ်)၊ ချမ်းမြေ့ဆရာတော်၊ စာ ၆၂



www.burmeseclassic

www.burmeseclassic.com



က ဂျဂန် နာထဥပစျာယလို့ ခေါ်တယ်၊ ဟဝိုင်ယီ တက္ကသိုလ်မှာ စာတမ်းတင်ပြီး အပြန်မှာ မြန်မာနိုင်ငံကို ဝင်လာတာ၊ ကမ္ဘာအေး ဇမ္ဗူဒီပ ကျောင်းဆောင်မှာ သူနှင့် တိပိဋက ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသနှင့် တွေ့ဆုံ ဖူးမြော်တယ်၊ အစပိုင်းမှာ ပါဠိဘာသာနှင့် ပဋိသန္ထာရ စကား အနည်းအကျဉ်းပြောပြီး ဒီပါမောက္ခက မြန်မာ ဗုဒ္ဓဘာသာ ရဟန်းတော်များ အနေနှင့် သက္ကဋဘာသာနှင့် ရေးထားတဲ့ မဟာယာန ဗုဒ္ဓဘာသာကို လေ့လာသင့်ကြောင်းကို ဟိန္ဒီဘာသာနှင့် ထပ်ကာ ထပ်ကာ ပြောတယ်ဗျ၊ ဆရာပါရဂူက မြန်မာလို ဘာသာပြန်ပေးတယ်၊ ဒီအခါ နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ကြီးများ ကိုယ်စား မင်းကွန်း တိပိဋက ဆရာတော်ကြီး မိန့်ကြားတော်မူတာက–

'ဒကာကြီး၊ သင့်အိမ်မှာ သစ်ပင်မျိုးစုံ ပေါက်နေတာ ရှိပေမဲ့ အနှစ်ရှိတဲ့ သစ်ပင်က ရှားပါလိမ့်မယ်၊ အေး ဒီအတိုင်းပဲ လောကမှာ အယူဝါဒတွေများစွာ ရှိသော်လည်း အနှစ်ရှိတဲ့ အယူဝါဒက ရှားလှတယ်၊ ငါတို့ မြန်မာနိုင်ငံကတော့ အနှစ်ရှိတဲ့ (အပြစ်မရှိတဲ့) ထေရဝါဒကိုပဲ မြတ်နိုးတယ်၊ ရွှေသား အစစ် လက်ကောက်ကို ဝတ်ဆင်ထားသူဟာ ကြေးလက်ကောက်ကို ဝတ်ဆင်ဖို့ မဆိုထားနှင့် ကြည့်ပင် မကြည့်ချင်သလို ရွှေသား လက်ကောက်နှင့် တူတဲ့ ထေရဝါဒကို မြတ်နိုးတဲ့ ငါတို့ မြန်မာနိုင်ငံအဖို့ ကြေးလက်ကောက်နှင့် တူတဲ့ မဟာယာနကို လေ့လာလိုစိတ် မရှိဘူး* လို့ ယတိပြတ် မိန့်တော်မူတယ်ဗျ၊ ဒီအဆိုအမိန့်ကကော အရေးမပါဘူးလား'

'ဟုတ်ပါတယ်၊ မှတ်သားဖို့ ကောင်းပါတယ်'

'ဒီတော့ ဒီနေရာမှာ အမြင်ကျယ်ဖို့၊ အမြင်မကျဉ်းဖို့ အရေးကြီးသလို အတုနှင့် အစစ်၊ ရွှေနှင့် ကြေး ခွဲခြားပြီး အကဲခတ်တတ်ဖို့ လိုပြန်တယ်၊ မဟုတ်ရင် ရွှေတုကို ရွှေစစ်ထင်ပြီး မျက်စိလည်ရင် အလိမ်ခံရတတ်တယ် ကိုစိုးရဲ့'

'ဝိပဿနာရှုနည်းတွေမှာ အတု အစစ် ရှိနိုင်လို့လား ဆရာရဲ့'

'ဒီလို မဟုတ်ပါဘူးဗျာ၊ ဘုရားဟော တရားတွေကို လေ့လာကြည့်တော့ မြတ်စွာဘုရားက ပုဂ္ဂိုလ်ရဲ့ ဣန္ဒြေ အနုအရင့်ကို ကြည့်ပြီး သူတို့နှင့် သင့်တော်တဲ့ ဝိပဿနာ ရှုနည်းတွေကို ဟောတယ်'

'ဘုရားကိုယ်တိုင်က ဝိပဿနာရှုနည်း အမျိုးမျိုးကို ဟောခဲ့လို့လား

---

* တိပိဋကရေး၊ ဟောစဉ် (ဒုတိယတွဲ)၊ စာ ၇–၈



www.burmeseclassic.com

www.burmeseclassic.com



ဆရာ'

'ဟုတ်တယ် ကိုစိုးရဲ့၊ ကုရုတိုင်းသားတွေကို ဟောတုန်းက မဟာသတိပဋ္ဌာန် တရားကို ဟောတော်မူတယ်၊ ဗာဟိယဒါရုစရိယနှင့် မာလုကျပုတ္တတို့ကို ကျတော့ ဒိဋ္ဌေဒိဋ္ဌမတ္တံကို ဟောတော်မူတယ်၊ အနာထပိဏ် သူဌေးကြီး ရောဂါ တိုးနေစဉ်က ရှင်သာရိပုတြာ ဟောတာကျတော့ အဓိပညာ သိက္ခာ ဝိပဿနာ ရှုနည်းကို ဟောတယ်၊ ခင်ဗျား ဒီနည်းအကျယ်ကို သိချင်ရင် တိပိဋကစရေ ဟောစဉ်စာအုပ် ပထမတွဲမှာ လေ့လာကြည့်ပေါ့၊ နောက် ရှင်ရာဟုလာ တရားတောင်းတော့ ဆယ်ကြိမ် တရားတောင်းတာ ဝိပဿနာရှုနည်း ၁၀ မျိုးကို ဟောတော်မူတယ်ဗျ၊ (အကျယ်ကို တိပိဋကစရေ ဟောစဉ် ဒုတိယတွဲ စာ ၁၂၃ မှ ၁၅၀ မှာ ရှု)၊ ဒါကြောင့် ဝိပဿနာ ရှုနည်းတွေကို လေ့လာတဲ့အခါ ငါ့နည်းသာ မှန်တယ်၊ တခြားနည်း မမှန်ဘူးလို့ မယူဆသင့်ဘူး၊ အဲဒီလို ယူဆရင် တစ်ယူသန် (dogmatic) ဖြစ်သွားနိုင်တယ်၊ ဒါက အစွန်း တစ်ဖက်ဗျ၊ နောက်တစ်ခါ ဒါဖြင့်ရင် ဝိပဿနာ ရှုနည်း အားလုံးကို လုပ်ကြည့်ရမလား ဆိုပြန်ရင်လည်း အဲဒါ အစွန်း တစ်ဖက်ကို ရောက်ပြန်ရောဗျ'

'ဒါပေမဲ့ ကျွန်တော် ကြားဖူးတာက မြန်မာနိုင်ငံမှာ ဝိပဿနာ ရိပ်သာတွေက ကိုယ့်နည်းနှင့်ကိုယ် ဆိုတော့ တို့နည်းမှ တို့နည်း၊ တခြားနည်းက အလကား ဆိုတဲ့ တစ်ယူသန် သဘော ရှိကြတယ် ဆိုပဲ ဆရာရဲ့'

'ထားပါတော့ ကိုစိုးရယ်၊ ဂိုဏ်းစွဲ အယူစွဲ ဆိုတာကတော့ နေရာ တကာ ရှိတတ်ကြတာပဲ၊ ဒါကြောင့် ကိုယ် ဘာလုပ်သင့်သလဲ၊ ဘယ်လို လုပ်သင့်သလဲ ဆိုတာကို မစ္ဈိမပဋိပဒါကျအောင် စဉ်းစားရမှာပဲ၊ သမ္မာဒိဋ္ဌိ ဖြစ်ဖို့ကတော့ လိုတယ်'

'ဒီတော့ ဆရာက ဘယ်လို လုပ်မလဲ'

'ကျွန်တော်က မြန်မာနိုင်ငံမှာ ပေါ်ပေါက်ခဲ့တဲ့ ဝိပဿနာ ရှုနည်းတွေကို လေ့လာတယ်၊ လာအို၊ ကမ္ဘောဒီးယားက ဝိပဿနာ ဆရာကြီးတွေရဲ့ နည်းတွေကိုလည်း လေ့လာတယ်၊ ပြီးမှ ဘယ်နည်းဆိုပြီး မယူဘူး၊ ဒါ ဘယ်သူ့နည်း၊ ဘယ်ဝါ့နည်း ဆိုတဲ့ ပညတ်စွဲတွေ ဒိဋ္ဌိစွဲတွေကို ပယ်ပစ်လိုက်တယ်၊ အဲဒီလို ဆိုင်းဘုတ်စွဲ ဂိုဏ်းစွဲတွေကို လက်မခံဘဲ သမိုင်းကြောင်း အခြေခံနှင့် လေ့လာတယ်'

'ဟုတ်ကဲ့၊ ဆရာ့ရဲ့ လေ့လာပုံဟာ ပါမောက္ခ မိုးရဲ့ သဘော အမြင်နှင့်တော့ နီးစပ်တယ် ထင်ပါရဲ့'



www.burmeseclassic

www.burmeseclassic.com



'ပညာရှင်တွေရဲ့ နည်းနိသယကို ခံယူသင့်တာပေါ့၊ ဒါဟာလည်း ယထာဘူတကျမှုကို အခြေခံရတယ်ဗျ၊ ဒါကြောင့် မြန်မာနိုင်ငံမှာ ဝိပဿနာ လုပ်ငန်းကြီး ဖြစ်ပေါ်လာအောင် စတင် ကြိုးပမ်းခဲ့တဲ့ လယ်တီ ဆရာတော်ကြီး ရဲ့ အမြင် သဘောထားတွေကို ကျွန်တော် လေ့လာခဲ့တယ်'

'လယ်တီ ဆရာတော်ကြီးရဲ့ စာတွေက အများကြီးပဲ၊ ဆရာက ဘယ် အချက်တွေကို လက်ခံထားတာလဲ'

'ကိုစိုး ပြောတာ မှန်တယ်၊ ကျွန်တော်က လယ်တီ ဆရာတော် ဘုရား ကြီးကို စာအုပ်ထဲက တရားကိုထက် ခန္ဓာတရားကို သိမြင် ပေါက်မြောက်ပြီး သူ အားကိုးအားထားလောက်တဲ့ ဆရာတစ်ဆူ အဖြစ်နှင့် ဦးထိပ်မှာ တင်ထား ပါတယ်၊ ဆရာတော်က ဝိပဿနာ အလုပ်ပေး တရားကို ဟောတဲ့အခါ လက်တွေ့ သိပ်ကျတယ်ဗျ'

'လက်တွေ့ကျတယ် ဆိုတာ ဆရာက ဘာကို ဆိုလိုတာလဲ'

'ကျွန်တော် ပြောပြမယ်၊ ဥပမာ မြန်မာနိုင်ငံမှာ ထွန်းကားတဲ့ ဝိပဿနာ က အကြမ်းအားဖြင့် (၁) သမထယာနိက ဝိပဿနာနှင့် (၂) သုက္ခဝိပဿနာ ဆိုပြီး နှစ်မျိုးပြားတယ်၊ ဒီတော့ ဘယ် ဝိပဿနာကို ကျင့်ကြံ ပွားများသင့် သလဲ ဆိုတဲ့ ပြဿနာပေါ်တယ်၊ အဲဒီကိစ္စကို ဆရာတော်က ဒီလို လမ်းညွှန် တော် မူထားတယ်ဗျ၊ မဂ္ဂင်ဒီပနီမှာ ဆိုထားတယ်။

**သုက္ခ ဝိပဿကနည်းလမ်း**

သုက္ခဝိပဿက ပုဂ္ဂိုလ်များ၏ နည်းလမ်းအားဖြင့်မူကား အာနာ ပါန အစရှိသော သမထ အလုပ်ကို အသီးအခြား မလုပ်ပြီ။ သီလက္ခန္ဓ မဂ္ဂင် သုံးပါးကို တည်ဆောက်ပြီးလျှင် ပညာမဂ္ဂင် အလုပ်ကို ထူထောင် ၍ အားထုတ်၏။ သမာဓိက္ခန္ဓမဂ္ဂင် သုံးပါးသည် ပညာမဂ္ဂင် နှစ်ပါး နှင့် တွဲဖက်၍ ပါလေ၏။ ပဉ္စင်္ဂိကမဂ် ဟူ၍ ခေါ်လေသည်။ မဂ္ဂင် ငါးပါး တစ်ပေါင်းတည်း ဖြစ်၍ သွား၏။ ရှေး သီလက္ခန္ဓမဂ္ဂင် သုံးပါး နှင့် ပေါင်းသော် မဂ္ဂင် ရှစ်ပါး ဖြစ်၏။ စိတ်ကူး စိတ်နောက် ပျောက် ကင်း၏။ ဉာဏ်စွမ်း ဝီရိယစွမ်း ကောင်းလှမှ တော်သည်။ *

'ဒီလမ်းညွှန်ချက်ဟာ တော်တော် အရေးပါတယ်လို့ ကျွန်တော် ထင်

* လယ်တီ ဒီပနီချုပ် (ပတွဲ)၊ မဂ္ဂင်ဒီပနီ၊ စာ ၂၁၀

www.burmeseclassic.com



တယ် ဆရာ၊ ဒီနေရာမှာ ကိုယ့်ကိုယ်ကိုယ် သုံးသပ်ရမယ်၊ ကျွန်တော် ကြားဖူးတာက ဒီခေတ်ဟာ နေယျခေတ် မဟုတ်လား ဆရာ'

'ဟုတ်တယ် ကိုစိုး၊ နေယျပုဂ္ဂိုလ် ဆိုတာ ဥဃ္ဃဋိတညု၊ ဝိပဉ္စိတညု ပုဂ္ဂိုလ်တွေလို ဝီရိယစွမ်း ဉာဏ်စွမ်း မထက်ဘူး'

'ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာရယ်၊ ကိုယ့်ကိုယ်ကိုယ် လျှော့တွက်တာ ကောင်းပါတယ်'

'အဲဒီ အယူအဆကို ကျွန်တော်လည်း လက်ခံတယ်၊ ဆရာတော်ကြီးက ဗောဓိပက္ခိယဒီပနီမှာ နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ်တို့ ကျင့်အပ်တဲ့ ကျင့်စဉ်ကိုလည်း ဖော်ပြထားတယ်ဗျ'

'ပြောပါဦး ဆရာရဲ့၊ လယ်တီဆရာတော်က သိပ်စနစ်ကျတာပဲနော်'

'ဒါကြောင့် ကျွန်တော်က ခင်ဗျားကို ဆရာတော်ကြီး လက်တွေ့ကျတယ်လို့ ပြောတာ၊ ဆိုလိုတာက ခေတ်ကာလကိုလည်း ထည့်တွက်တယ်၊ ဖြစ်နိုင်တာနှင့် ဖြစ်သင့်တာကိုလည်း ပြောတယ်ဗျ၊ ဆရာတော်က–

'သီလ ဝိသုဒ္ဓိ၊ စိတ္တ ဝိသုဒ္ဓိ အစရှိသော ပဋိပတ် ကျင့်စဉ်များသည်ကား နေယျ ပုဂ္ဂိုလ်၊ ပဒပရမ ပုဂ္ဂိုလ် နှစ်မျိုးတို့၏ အကျိုးငှာ ထားတော်မူအပ်သော ပဋိပတ်ကျင့်စဉ် ဖြစ်သည်ဟူ၍ မှတ်အပ်၏ * လို့ တိတိကျကျ ဆိုတော်မူထားတယ်'

'စိတ္တဝိသုဒ္ဓိ ဆိုတာ သမာဓိ အလုပ်ကို ပြောတာ မဟုတ်လား'

'ဟုတ်တယ်ဗျ၊ ဒီနေရာမှာ လယ်တီဆရာတော်က စိတ္တဝိသုဒ္ဓိ အလို့ငှာ ကာယဂတာ သတိပဋ္ဌာန် (အာနာပါန) နည်းဖြင့် သမာဓိကို တည်ထောင်ရမည်၊ ဥပစာ သမာဓိ ရသည် အထိ၊ ရှုစိတ်သည် တစ်အာရုံတည်းမှာ တည်သော ကေဏ္ဍတာ သမာဓိသို့ ရောက်အောင် ထူထောင်ရမည်၊ ဒီ သမာဓိကို ရောက်အောင် ဦးစွာ ထူထောင်ပြီးပြီ ဆိုလျှင် ဝိပဿနာသို့ ပြောင်း၍ ရှုရမည်၊ ဝိပဿနာကို ပြောင်းသောအခါ ကာယဂတာ သတိပဋ္ဌာန် (ကာယနုပဿနာ) ကို အစထား၍ ရှုရမည်လို့ တိတိကျကျ ဆိုတယ်ဗျ၊ ပြီးတော့ ဤခန္ဓာ ရုပ်သည် နာမ်ထက် ဉာဏ်၌ ထင်မြင်လွယ်သောကြောင့် ရုပ်ကို စ၍ ရှုမှ ပေါက်ရောက်လွယ်သည် ** လို့လည်း *ဗုဒ္ဓဘာသာကောင်း တစ်ယောက်* ဆိုတဲ့ စာအုပ်မှာ

---

* ဗောဓိပက္ခိယ ဒီပနီ၊ စာ ၇

** ဗုဒ္ဓဘာသာကောင်း တစ်ယောက်၊ စာ ၅၅၀



www.burmeseclassic

www.burmeseclassic.com



ဖော်ပြထားတာကိုလည်း သတိပြုသင့်တယ်'

'အဲဒါ လယ်တီ ဆရာတော်ရဲ့ ဝိပဿနာ ရှုနည်းလား'

'ဟုတ်ပါတယ် ကိုစိုး'

'ဒါဆိုရင် စိတ္တဝိသုဒ္ဓိ ပြည့်စုံရင် ဝိပဿနာ အလုပ်ကို စတင် အားထုတ်လို့ ရပြီလို့ ဆိုတာလား ဆရာ'

'မဟုတ်သေးဘူးဗျ၊ ဒီမှာ ဒီထက် အရေးကြီးတဲ့ ကိစ္စတစ်ရပ် ရှိသေးတယ်၊ ဝိပဿနာ အလုပ်က မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ ရောက်မှ စတယ်၊ ဒီအရင် ဒိဋ္ဌိ ဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ နှစ်ဆင့် ကျန်သေးတယ်၊ ဒါက ဒီဘဝမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် အားထုတ်လိုသူများ လိုက်နာရမယ့် ပဋိပတ် ကျင့်စဉ် ဖြစ်ကြောင်းကို လယ်တီ ဆရာတော်က ဗောဓိပက္ခိယ ဒီပနီမှာ အောက်ပါအတိုင်း ညွှန်ပြထားသေးတယ်ဗျ'

'အင်း ခုမှ ဉာဏ်ထဲမှာ နည်းနည်း လင်းလာတယ်၊ ဒါတွေကို မသိဘဲနှင့် ဝိပဿနာ သွားလုပ်တော့ လမ်းချော်ထွက်သွားလို့ ခရီးပန်းတိုင်ကို မရောက်ဘဲ နေနိုင်တာပေါ့နော်'

'ဟုတ်ပါတယ် ကိုစိုး၊ ဒါကြောင့် ကျွန်တော်က ဉာဏ်လမ်းကို ထွင်နေတာ၊ အပင်ပန်းခံပြီး ကြိုးပမ်းနေတာပဲလေ'

'ဆရာ့ရဲ့ ဉာဏ်အမြော်အမြင်ကို ကျွန်တော် ခုကျမှ ပိုပြီး နားလည်သဘောပေါက်လာတယ်၊ ဟုတ်ကဲ့ လယ်တီဆရာတော်ရဲ့ အဆိုအမိန့်ကို ပြောပြပါဦး'

'ဆရာတော်က စိတ္တဝိသုဒ္ဓိ ပြည့်စုံမှ ဒိဋ္ဌိဝိသုဒ္ဓိကို လုပ်ရမည်၊ ဒိဋ္ဌိဝိသုဒ္ဓိ ပြည့်စုံမှ ကင်္ခါဝိတရဏဝိသုဒ္ဓိကို လုပ်ရမည်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြည့်စုံမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဘာဝနာ အလုပ်ကို လုပ်ရမည်ဟု ပဋိပတ် ကျင့်စဉ် ထင်ရှား ရှိနေသည်မှာ ယခုဘဝ၌ပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အလျင်အမြန် ရဖို့ အားထုတ်သူတို့၏ အကျင့်ပေတည်း * လို့ ဆိုထားတယ်ဗျ'

'ဒါဆိုရင် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ဖို့အတွက် ပဋိစ္စသမုပ္ပါဒ်ကို၊ အတတ်ထင်ထင်၊ ပိုင်ပိုင်မြင်မှ၊ ကင်္ခါယုံမှား၊ ဆယ့်ခြောက်ပါးနှင့်၊ ရှစ်ပါးဝိစိ၊ ဒိဋ္ဌိဖြာဖြာ၊ ကင်းစင်ကွာမှ ဖြစ်ကြောင်း ပရမတ္ထ သံခိပ်မှာ ပြထားတယ် မဟုတ်လား ဆရာ'

---

* ဗောဓိပက္ခိယ ဒီပနီ (ဟံသာဝတီ ၁၉၆၀)၊ စာ ၁၄

www.burmeseclassic.com



'ဟုတ်တယ် ကိုစိုး၊ ဒါကြောင့် ဝိပဿနာကို မတက်ခင်မှာ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ဖို့ဆိုတာ ပဋိစ္စသမုပ္ပါဒ်ကို အတတ်ထင်ထင်၊ ပိုင်ပိုင် မြင်ရမယ်၊ ဒါကိုလည်း ဆရာတော်ကြီးက ဝိပဿနာ ဒီပနီမှာ ဝိပဿနာ ဉာဏ်အစီအရင် ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပြထားတာ ရှိတယ်၊ ဖဿချုပ်မှုကြောင့် ဝေဒနာချုပ်ရ၏၊ သင်္ခါရချုပ်မှုကြောင့် ဝိညာဏ်ချုပ်ရ၏၊ ဝိညာဏ် ချုပ်မှုကြောင့် နာမ်ရုပ်ချုပ်ရ၏၊ နာမ်ရုပ်ချုပ်မှုကြောင့် သဠာယတနချုပ်ရ၏၊ သဠာယတနချုပ်မှုကြောင့် ဖဿချုပ်ရ၏၊ ဖဿချုပ်မှုကြောင့် ဝေဒနာချုပ်ရ ၏၊ ဝေဒနာချုပ်မှုကြောင့် တဏှာချုပ်ရ၏၊ တဏှာချုပ်မှုကြောင့် ကမ္မဘဝ ချုပ်ရ၏၊ ဤသို့ စသည်ဖြင့် အကြောင်းတရားတို့ ချုပ်ပျက်တိုင်း အကျိုး တရားတို့ အနိစ္စ ဖြစ်၍ ချုပ်ပျက်ပုံကို သိရလေ၏ *၊ ဒီလို အကြောင်းပျက်ရင် အကျိုးချုပ်တယ်လို့ သိတာကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်တယ်၊ ဒါ ကင်္ခါ ဝိတရဏဝိသုဒ္ဓိ ဖြစ်တယ် ကိုစိုးရဲ့'

'ဒီလိုဆိုရင် ဆရာ ဆိုလိုတာက လယ်တီ ဆရာတော်ကြီးရဲ့ မူအရ ကာယဂတာ သတိနှင့် သမာဓိကို ထူထောင်ပြီး စိတ္တဝိသုဒ္ဓိ ဖြစ်ရင် မပြီးသေး ဘူး၊ ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ အကျိုးငှာ ပဋိစ္စသမုပ္ပါဒ် တရားကို လည်း နားလည်ရဦးမယ်လို့ ဆိုလိုတာပေါ့နော်'

'ကျွန်တော် လယ်တီဆရာတော်ရဲ့ ဒီပနီကျမ်း များစွာကို လေ့လာခဲ့ တယ်၊ ကျမ်းပေါင်းများစွာမှာ ဒီသဘော ပေါ်ပါတယ်၊ နောက်တစ်ချက် ဆရာ တော်ကြီး သတိပေးထားတာက ကာယဂတာ သတိကို မထူထောင်ဘဲ (အထူး အားမထုတ်ဘဲ) အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ကောင်းကောင်း ထင်မြင်သွားလျှင် ပြီးစီးပါ၏၊ ထိုသို့ မထင်နိုင် မမြင်နိုင်သော ပုဂ္ဂိုလ်တို့မှာမူကား ကာယဂတာ သတိကို ဦးစွာ ပွားများ၍ စိတ်တည်ကြည်ခွင့် ကောင်းကောင်းရမှသာ ဝိပဿနာ မှုကို အားထုတ်ရာသတည်း ** လို့လည်း လမ်းညွှန်ပြထားသေးတယ်ဗျ'

'ဟုတ်ပြီ ဆရာ၊ ဒါကြောင့် ဆရာက လယ်တီ ဆရာတော်ကြီးရဲ့ မူ ဝိပဿနာကျင့်စဉ် ဉာဏ်အမြင်ကို လက်တွေ့ကျတယ်၊ ကျင့်ကြံအားထုတ်ဖို့ လွယ်တယ်၊ ရှုဖို့ လွယ်တဲ့ ရုပ် (ကာယနုပဿနာ) ကို အစထားပြီး ရှုတယ်၊ သမာဓိ ထူထောင်ပြီး တည်ကြည်တဲ့ ရှုဉာဏ် စိတ်ကလေးကို ခေါင်းမှာ

---

* လယ်တီ ဒီပနီ ပေါင်းချုပ် (ပတွဲ)၊ စာ ၂၁၀

** အနတ္တ ဒီပနီ (ဖွဲ့စာပေ)၊ စာ ၆



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပြီး ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်တွေရဲ့ ခဏမစဲ ဖောက်ပြန်ပုံကို ရှုတာဟာ သိလွယ် မြင်လွယ်တယ်လို့ နားလည် လက်ခံတာကို ကျွန်တော် သဘောပေါက်သွားပြီ ဆရာ'

'ဒါပေမဲ့ ကျွန်တော်က လယ်တီ ဆရာတော်ကြီးရဲ့ ဝိပဿနာ ရှုနည်း တစ်ခုတည်းကိုလည်း အပြီးသတ် လက်ခံထားတာတော့ မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ ဆရာ'

'ဘာဖြစ်လို့လဲ ဆိုတော့ လယ်တီမှု ဝိပဿနာမှာ ဥဒယဗ္ဗယဉာဏ်ကို ရောက်ပြီး ဖြစ်ပျက် မြင်ပုံကို ပြထားတာကတော့ ရှင်းတယ်၊ ဒါပေမဲ့ ဝိပဿနာ ဉာဏ်ကနေ မဂ်ဉာဏ်ကို ဘယ်လို ကူးပြောင်းအောင် ဆက်ရှုရမလဲ ဆိုတာ ကျွန်တော့်ဉာဏ်ထဲမှာ မရှင်းဘူး၊ အဲဒါကျတော့ မိုးကုတ် ဆရာတော်ကြီးက သိပ်ရှင်းတာပဲဗျ'

'ပြောပါဦး ဆရာရဲ့'

'နေဦးဗျ၊ ကျွန်တော်တို့ မိုးကုတ် ဝိပဿနာ အကြောင်းကို လေ့လာတဲ့အခါ ပြောပြမယ်၊ ခု သမိုင်း အစဉ်အတိုင်း ဆက်ပြီး လေ့လာကြည့်ရအောင်၊ လယ်တီ ဝိပဿနာ နောက်မှာ ထင်ရှားလာတာက မင်းကွန်းမှု ဝိပဿနာဗျ၊ အဲဒါကိုလည်း ခင်ဗျား အခြေခံ သဘောတော့ သိသင့်တယ် ထင်တယ်'

**မင်းကွန်းမှု ဝိပဿနာကျင့်စဉ် ဉာဏ်အမြင်**

'မြန်မာနိုင်ငံမှာ ပေါ်ပေါက်ခဲ့တဲ့ ဝိပဿနာ ရှုနည်းတွေက ဘယ်နှနည်းလောက် ရှိသလဲ ဆရာ'

'ခင်ဗျား ကျော်နန္ဒအောင် စီစဉ်တဲ့ *ဝိပဿနာရှုနည်း ကိုးနည်း* ဆိုတဲ့ စာအုပ်ကို ဖတ်ဖူးသလား'

'ဟုတ်ကဲ့၊ တွေ့ဖူးပါတယ်၊ နည်းနည်း ဖတ်ဖူးတယ်'

'အဲဒီစာအုပ်မှာတော့ သူက ကိုးနည်းပဲ ဖော်ပြထားတယ်၊ ဒါနှင့် မွေ့ယောသက ဦးမောင်မောင်က မင်းဥစ္စာ မစုံသေးဘူး၊ နောက်ထပ် မပါသေးတဲ့ ဆရာတော်တွေရဲ့ ဝိပဿနာ ရှုနည်းတွေကို စုဆောင်းပြီး နောက်ထပ် ထုတ်ပါဦးဆိုလို့ ကျော်နန္ဒအောင် ဝိပဿနာ ရှုနည်း ဒုတိယတွဲ ထုတ်သေးတယ်၊ မကြာခင်က ထုတ်ဝေတဲ့ သာထွန်းပြန့်ရဲ့ *ဗုဒ္ဓဘာသာကောင်း တစ်ယောက်* ဆိုတဲ့ စာအုပ် အခန်း ၁၅ မှာတော့ ယခုခေတ် ကမ္မဋ္ဌာန်း နည်း အမျိုးမျိုး ဆိုပြီး ဖော်ပြထားတာကတော့ ရဟန်းဆရာ၊ လူဆရာ အားလုံးပေါင်း



www.burmeseclassic

www.burmeseclassic.com



၁၄ ဦး ပြထားတယ်၊ ဒီအထဲမှာ ဆရာကြီး ဦးဘခင်ရဲ့ နည်းကို သီးခြား ပြမထားဘူး၊ ဒါပေမဲ့ အမေရိကန် ဝိပဿနာ ဆရာကြီး ဂျက် ကွန်းဖီးလ်ရဲ့ **Living Buddhist Masters** ဆိုတဲ့ စာအုပ်ထဲမှာတော့ ဆရာကြီး ဦးဘခင်ရဲ့ ဝိပဿနာ ရှုနည်းကို သီးခြား ဖော်ပြထားတယ်၊ အမှန်ကတော့ အာစရိယောဝါဒ အရ ဆက်စပ်နေတဲ့ သဘော ရှိတာလည်း တွေ့ရတယ်ဗျ၊ ပြောနေကြတာကတော့ အနာဂါမ် ဆရာသက်ကြီးနည်း ဆိုတာ လယ်တီ ဆရာတော်နည်းပဲလို့လည်း ဆိုကြတယ်၊ ဆရာကြီး ဦးဘခင်နှင့် ဟံသာဝတီ ဆရာတော်တို့က အနာဂါမ် ဆရာသက်ကြီးရဲ့ တပည့်ရင်းတွေ ဖြစ်တယ်တဲ့၊ ဒီတော့ ဒီနည်းတွေဟာ ယေဘုယျအားဖြင့်တော့ သဘောချင်း တူကြတာပဲလို့ ဆိုနိုင်မယ် ထင်ပါတယ်၊ ဒီလိုပဲ မင်းကွန်းဆရာတော်ထံမှာ မဟာစည် ဆရာတော်က ဝိပဿနာ တရား အားထုတ်ခဲ့တယ်တဲ့၊ ဒါကြောင့်လည်း သဘောတူတာတွေ အများကြီး ပါတာ တွေ့ရတယ်'

'ခု ဆရာက လယ်တီ ဝိပဿနာ ရှုနည်းကို သုံးသပ်ပြပြီးနောက် ဘယ်နည်းကို ဆွေးနွေးဖို့ ရည်ရွယ်သလဲ ဆရာ'

'လယ်တီ ဆရာတော်နောက် ထင်ရှားခဲ့တာကတော့ မင်းကွန်း ဇေတဝန် ဆရာတော်ကြီးရဲ့ နည်းပဲ ကိုစိုးရဲ့'

'မင်းကွန်း ဝိပဿနာ ရိပ်သာတော့ တွေ့ဖူးတယ်၊ ဟို ရွှေတောင်ကြား လမ်းထဲမှာ ထင်တယ်'

'ဟုတ်တယ်၊ အဲဒါက မူလ မင်းကွန်း မဟုတ်ဘူး၊ မင်းကွန်း ဇေတဝန် ဆရာတော်ကြီးက သထုံကဗျ'

'မင်းကွန်း ဝိပဿနာ ရှုနည်းကို လိုရင်းတိုရှင်း ပြောလို့ မဖြစ်ဘူးလား ဆရာ'

'ပြောကြည့်မယ်၊ ကိုစိုး နားမလည်ရင်တော့ ဖြတ်ပြီး မေးပေါ့'

'ဟုတ်ကဲ့'

'မင်းကွန်း ဇေတဝန် ဆရာတော်ကြီးက လယ်တီဆရာတော်လို သမထကို အထူး အားမထုတ်ဘူး၊ ဒါပေမဲ့ ကာယနုပဿနာ (ရူပကမ္မဋ္ဌာန်) ကပဲ စရှုတဲ့ နည်း ဖြစ်တယ်၊ ရုပ်အပေါင်း၌ ရုပ်ကို ရှုတယ် ဆိုရာမှာ လယ်တီ ဆရာတော်က ပထဝီ၊ ဝါယော၊ တေဇော၊ အာပေါ ဓာတ်သဘောတွေရဲ့ ဖောက်ပြန်ပုံ အခြင်းအရာ၊ ဖြစ်ပျက် အနိစ္စကို ရှုတယ်၊ မင်းကွန်း ဆရာတော် ကျတော့ ကိုယ်ရဲ့ အမူအရာတွေ၊ ထိုင်တယ်၊ ရပ်တယ်၊ သွားတယ်၊ လျှောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



စားတယ် ဆိုတဲ့ ကိုယ်လှုပ်ရှားမှုတွေကို သတိကပ်ပြီး ရှုမှတ်တယ်၊ ရှုဖန်များတော့ အမှတ် စိပ်လာပြီး စိတ်မပျံ့တော့ဘူး၊ စိတ်တည်ကြည်လာတယ်၊ ဒါကို ဝိပဿနာ သမာဓိလို့ ယူတယ်ဗျ၊ ရှုမှတ်စမှာတော့ စိတ်ပျံ့တာရယ်၊ အာရုံများတာရယ်ကြောင့် ဆယ်ရက်လောက် အထိ ယောဂီဟာ ထင်သလောက် မမှတ်နိုင်ဘူး၊ သမာဓိ ရဖို့လည်း ခက်ခဲနေတတ်တယ်တဲ့။

'ဒီ သမာဓိကို ရလာမှ ဝိပဿနာကို ကူးတဲ့ အခါကျတော့ မြင်မှုကို မှတ်ဖန် များလာတော့ မြင် သိ ပျက်ကို တွေ့လာတယ်၊ အဲဒီအခါ မြင်ရာမှာ မျက်လုံးနှင့် အဆင်းက ရုပ်၊ သိတာက နာမ်လို့ ခွဲခြားတတ်လာတယ်တဲ့၊ ဘာကိုပဲ ရှုရှု ရှုတာကို သိအောင် မိအောင် မှတ်ရမယ်၊ ဖြစ် သိ ပျက်ကို နားလည်အောင် မှတ်ရမယ်၊ မှတ်နိုင်ရင် တိုက်ဆိုင် ထိတွေ့မှု (ဖဿ) ကြောင့် ခံစားမှု (ဝေဒနာ) ဖြစ်ပြီး ခံစားမှု ဝေဒနာကြောင့် နှစ်သက်မှု တဏှာ၊ စွဲလမ်းမှု ဥပါဒါန် စတဲ့ အကုသိုလ်တွေ ဖြစ်လာတတ်တယ်တဲ့'*

'နေပါဦး ဆရာရဲ့၊ ခုပြောနေတာ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါန် ဆိုတဲ့ သမုဒယ သစ္စာ ဖြစ်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ပြောနေတာပဲ မဟုတ်လား'

'ဒါ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ပါပဲဗျ၊ ဒါပေမဲ့ မင်းကွန်း ဝိပဿနာမှာ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကိုတော့ အခြေခံပြီး ပြတယ်၊ ဒါပေမဲ့ ဒါကို ဒေသနာတော် တစ်ခု အနေနှင့်တော့ သီးခြား မဟောဘူး'

'သီးခြား မဟောဘူး ဆိုတာက ဘာကို ပြောတာလဲ'

'လယ်တီ ဆရာတော်တို့ မိုးကုတ် ဆရာတော်တို့လို ပဋိစ္စသမုပ္ပါဒ် တရားဟာ ခန္ဓာ ဖြစ်စဉ်ကို သိဖို့၊ ဝိပဿနာ ဉာဏ်နှင့် ကံကို ဖြတ်တဲ့ နေရာမှာ မပါလျှင် မပြီးတဲ့ တရားကြီး ဖြစ်ကြောင်းကို ထင်ရှားအောင် တံခွန်ထူပြီး မပြတာကို ပြောတာဗျ'

'ဟုတ်ကဲ့၊ ကျွန်တော် သဘောကို နားလည်လာပါပြီ'

'ကိုစိုး၊ ခင်ဗျား မင်းကွန်း ဝိပဿနာကို အကျယ် သိချင်ရင် ဖတ်သင့်တဲ့ စာအုပ်ကို ကျွန်တော် ညွှန်ပြမယ်'

'ဟုတ်ကဲ့၊ ညွှန်ပါဦး ဆရာရယ်'

'မင်းကွန်းတိုက်အုပ် အရှင်ဝါယမ ရေးတဲ့ *ဝိသုဒ္ဓိ ၇ ပါး မင်းကွန်း*

---

* ဗုဒ္ဓဘာသာကောင်း တစ်ယောက်၊ စာ ၅၂



www.burmeseclassic.com

www.burmeseclassic.com



သွား ဆိုတဲ့ ကျမ်းတစ်စောင် ရှိတယ်၊ အဲဒီ စာအုပ်ကို ခင်ဗျား ဖတ်သင့်တယ်ဗျ'

'ဖတ်သင့်ရင်တော့ ကျွန်တော် ရှာဖတ်ပါ့မယ် ဆရာရယ်၊ ဒါပေမဲ့ စာအုပ် မရခင် သိသင့်တာလောက်တော့ ဆရာပဲ ပြောပြပါ ခင်ဗျာ'

'ကောင်းပြီ၊ သူက ဝိပဿနာ ရှုသောအခါ ငြိမ်းမှု၊ အေးမှု၊ ပီတိ ပဿဒ္ဓိ အာရုံနှင့် နီးကပ်သော အားထုတ်မှု၊ ကျင့်ကြံမှုများကို ဝေးစွာ ရှောင်ကြဉ်အပ်၏တဲ့၊ အဘယ်ကြောင့်ဆိုသော် အားထုတ်သော စိတ်အစဉ်သည် ရုပ်နာမ်ကို ထင်မှ ဒုက္ခကို မြင်သည်၊ ဒုက္ခကို မြင်မှ သမုဒယကို ပယ်သည်၊ သမုဒယကို ပယ်ခြင်းသည် နိရောဓ ဖြစ်၏၊ ဒုက္ခကို ထင်သော၊ မြင်သော စိတ်သည်ကား မဂ္ဂ ဖြစ်၏ဟု မသိဘဲလျက် အေးမြနေတာပဲဟု ငြိမ်းချမ်းမှု၊ အေးမြမှုသို့ သက်ဝင်ပြီးလျှင် ရုပ်နာမ်တို့၏ ဖြစ်ပျက် ချုပ်ငြိမ်း ရုပ်သိမ်းမှု ဖြစ်သော နိဗ္ဗာန်ကို မရအောင် ပိတ်ပင် ကာကွယ်ထားသောကြောင့် ဖြစ်၏။

'မင်းကွန်း ဆရာတော် ဘုရားကြီး၏ ဝိပဿနာ ရှုနည်းသည် မဟာသတိပဋ္ဌာနသုတ်၊ မာလုကျပုတ္တသုတ်၊ ဗာဟိယဒါရုစရိယသုတ် ဒေသနာတော်များကို အခြေခံပြီး ထောက်ထား ဟောကြားထားသော နည်းဖြစ်ကြောင်းကို မင်းကွန်းတိုက်အုပ် အရှင်ဝါယမ၏ ကျမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။ ဝိပဿနာ စိတ်အစဉ် – မဟာသတိပဋ္ဌာနသုတ်၌ ဂစ္ဆန္တောဝါ ဂစ္ဆာမိမိ၊ ပဇာနာတိ – စသည်ဖြင့် ဟောတော်မူသည်ကို လည်းကောင်း၊ မာလုကျပုတ္တသုတ်၊ ဗာဟိယဒါရုစရိယ သုတ်တို့၌ လာသော ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုတ မတ္တံ စသည်တို့ကို ထောက်၍ ဝိပဿနာ စိတ်ချက်တို့ မည်သည် အာရုံနှင့် မှတ်စိတ် (အာရမ္မဏိက တရား) နှစ်ပါးတို့၏ ကြောင့်ကြမှု၊ ပြုပြင်မှု၊ ငြိမ်းအေးမှုတို့၏ လမ်းပြတ်တာကို ဝိပဿနာ စိတ်အစဉ်ဟု ခေါ်သည်* လို့ ဖော်ပြထားတယ်ဗျ။

'မင်းကွန်း ဆရာတော် ဘုရားကြီးက မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ၊ သွား၊ ရပ်၊ ထိုင်၊ လျောင်း ၁၀ ပါးသော ကိုယ်အမူအရာ တရားတို့ကိုသာ မြင်ရင် မြင်တယ်၊ ကြားရင် ကြားတယ်၊ နံရင် နံတယ်၊ စားရင် စားတယ်၊ ထိရင် ထိတယ်၊ သိရင် သိတယ်၊ သွားရင် သွားတယ်၊ ရပ်ရင် ရပ်တယ်၊ ထိုင်ရင် ထိုင်တယ်၊ လျောင်းရင် လျောင်းတယ်လို့ မြင်ခိုက်၊ ကြားခိုက်၊

---

* ဝိသုဒ္ဓိ ၇ ပါး မင်းကွန်းသွား (ပြည်သူ့အလင်း)၊ မင်းကွန်း တိုက်အုပ် အရှင်ဝါယမ၊ စာ ၁၀၈ – ၁၀၉



www.burmeseclassic

www.burmeseclassic.com


နံခိုက် (ပစ္စုပ္ပန်မှာ) ရှုမှတ်ခြင်း ဖြစ်တယ်၊ ၁၀ ချက်ပေါ့ဗျာ (စာ ၁၁၃)၊ ဒီကိစ္စမှာ တစ်သဘောက တစ်သဘောကို ပြောင်းလဲပြီး ဖြစ်ပျက်နေပုံ (အနိစ္စ) ကို မြင်လျှင် တဏှာ မဖြစ်၊ တဏှာ မဖြစ်လျှင် နောက်ဘဝတွေ ဆက်ပြီး ဖြစ်ပေါ်ဦးမယ့် ဉပါဒါန် ကံတွေ မဖြစ်တော့ဘူးတဲ့ဗျ၊ ဒီအခါကျတော့ ကောင်းတဲ့ အာရုံတွေကလည်း တဏှာ မဖြစ်တော့ဘူး၊ မကောင်းတဲ့ အာရုံတွေကလည်း ဒေါသ မဖြစ်တော့ဘူး၊ ကောင်း. မကောင်း အာရုံတွေကလည်း မောဟ မဖြစ် တော့ဘူး'

'ဒါဆိုရင် ဖြစ်ပျက် အနိစ္စကို မြင်ရင်၊ ဖြစ်ပျက် နောက်က မင်္လိုက် တဲ့ အတွက် တဏှာ၊ ဉပါဒါန်၊ ကံ ပဋိစ္စသမုပ္ပာဒ် ပြတ်တယ် ဆိုတဲ့ ပဋိစ္စ သမုပ္ပာဒ်နည်းကျ အမြင်နှင့် သဘောချင်း အတူတူပဲပေါ့နော်'

'ဟုတ်ပါတယ် ကိုစိုး၊ ခင်ဗျား ပဋိစ္စသမုပ္ပာဒ်ကိုသာ ဉာဏ်လက်မလွှတ် နှင့်၊ ထေရဝါဒ သဘောတရားတွေကို နားလည်ရတာ မခက်တော့ဘူးဗျ'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် အဲဒီသဘော အမြင်ကို ပိုပြီး ခု နားလည် သဘောပေါက်လာပါတယ်'

## မဂ္ဂင် ရှစ်ပါး ဝင်ပုံ

'ပြီးတော့ မင်းကွန်း ဝိပဿနာ ရှုနည်းမှာ မြင်ရင် မြင်ခိုက် မြင်တယ်၊ ကြား ရင် ကြားခိုက် ကြားတယ်လို့ မှတ်နေစဉ် မဂ္ဂင် ရှစ်ပါး ဝင်ပုံကိုလည်း ပြ ထားတယ်ဗျ၊ အရှင်ဝါယမ ရေးထားတာက မြင်တယ် မြင်တယ် ဟု ရှုမှတ် ရာတွင် တစ်မှတ် တစ်မှတ်၌ မဂ္ဂင် ရှစ်ပါး (နိဗ္ဗာန်ဝင်လမ်း တရား) ဖြစ်နိုင်သည်၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို အမှန် သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိ ဖြစ်၏၊ ဖြစ်ပျက် အပေါ် စိတ်ကို တင်ထားလိုက်ခြင်းသည် သမ္မာသင်္ကပ္ပ ဖြစ်၏၊ ဤနှစ်ပါး ကား ပညာ မဂ္ဂင် နှစ်ပါးတည်း၊ ရှုမှတ်သော အာရုံပေါ်မှာ စိတ်တည်ကြည်သွား ခြင်းသည် သမ္မာသမာဓိ မဂ္ဂင် ဖြစ်သည်၊ အာရုံ တစ်ပါးသို့ စိတ်မသွားအောင် ဆွဲဆောင် ချုပ်တည်းထားခြင်းသည် သမ္မာဝါယမ မဂ္ဂင် ဖြစ်၏၊ ရှုမှတ်၍ သိ နေခြင်းသည် သမ္မာသတိ မဂ္ဂင် ဖြစ်သည်၊ ဤကား သမာဓိ မဂ္ဂင် သုံးပါး ဖြစ်၏၊ ရှုမှတ်နေစဉ် မကောင်းသော ဝစီ ဒုစရိုက်ကို မကျူးလွန်ခြင်းသည် သမ္မာဝါစာ မဂ္ဂင် ဖြစ်သည်၊ မကောင်းသော ဒုစရိုက်ကံကို မကျူးလွန်ခြင်း သည် သမ္မာကမ္မန္တ မဂ္ဂင် ဖြစ်၏၊ တရား ရှုမှတ်နေစဉ် အသက်မွေးမှု ဆိုင်ရာ ကာယကံ ဝစီကံ ဒုစရိုက်များ မကျူးလွန်ခြင်းသည် သမ္မာအာဇီဝ မဂ္ဂင် ဖြစ်



www.burmeseclassic

www.burmeseclassic.com



သည်၊ ဤကား သီလ မဂ္ဂင် သုံးပါးတည်း၊ ဝိပဿနာ ရှုမှတ်မှု စိတ်ချက်တိုင်းမှာ မဂ္ဂင် ရှစ်ပါး ပါဝင်နေပုံ ဖြစ်၏။

**အောက်ဉာဏ်များ ဖြစ်ပုံ**

'ရှုမှတ်စဉ် အဆင်းနှင့် မျက်စိအကြည်က ရုပ်၊ မြင်တယ်ဟု သိခြင်းက နာမ်၊ ဤကဲ့သို့ နာမ်နှင့် ရုပ်ကို ကွဲကွဲပြားပြား သိခြင်းသည် နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်သည်၊ မျက်စိအကြည်ရုပ်၊ အဆင်းရုပ်၊ အလင်းရုပ်၊ နှလုံးသွင်းမှု (မနသိကာရ)၊ နာမ်တို့၏ အကြောင်းကြောင့် မြင်စိတ် (စက္ခုဝိညာဏ) ဖြစ်ပေါ်ရသည်ဟု အကြောင်းအကျိုးကို သိမြင်လျှင် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်သည်၊ မြင်မှု၊ ကြားမှု စသည် သင်္ခါရတရားတို့သည် အကြောင်းတိုက်ဆိုင်မှုလည်း ဖြစ်သည်၊ ဖြစ်ပြီးလည်း ပျက်သွားသည်၊ အနိစ္စ ဖြစ်သည်၊ မပျက်စီးပါစေနှင့်ဟု ထိန်းထား အောင့်ထား၍လည်း မရ၊ ပျက်၍ သွားသည်၊ ဒုက္ခ ဖြစ်၏၊ ထိုသို့ ဖြစ်ပျက်နေခြင်းမှာ ကိုယ့်အလိုသို့ မလိုက်၊ အနတ္တဟု သိမြင်ခြင်းသည် သမ္မာသနဉာဏ် ဖြစ်၏၊ ဤသို့ စသည်ဖြင့် ဉာဏ်စဉ်များ အဆင့်ဆင့် တက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြရမည်လို့ ဆိုထားတယ် ကိုစိုးရဲ့၊ ခင်ဗျား ဒီထက် အကျယ်ကို သိချင်ရင်တော့ အရှင် ဝါယမရဲ့ ဖော်ပြပါ ကျမ်းမှာ စာမျက်နှာ ၁၅၅၊ ပရိညာ သုံးပါး ဉာဏ်ပိုင်းခြား အခန်းက စပြီး မဂ်ဉာဏ်ကို ပြခြင်း အခန်း (စာ ၂၂၇) အထိ လေ့လာကြည့်ပေါ့ဗျာ၊ ဒီမှာ အကျယ်ကြီး မပြောတော့ဘူး၊ သဘောသိရုံမျှပဲနော်'

'အချိန် ရှိပါသေးတယ် ဆရာရဲ့၊ နောက် ဝိပဿနာ ရှုနည်း တစ်ခုကို ပြောပြပါဦး'

**မိုးညှင်းမှု ဝိပဿနာကျင့်စဉ် ဉာဏ်အမြင်**

'ခု ထပ်မံ ပြောဆိုသင့်တဲ့ ရှုနည်းကတော့ မိုးညှင်း ဆရာတော်ရဲ့ ဝိပဿနာ ရှုနည်းပဲဗျ'

'ဟုတ်ကဲ့၊ လိုရင်း အချက်တွေကို ပြောပြပါ ဆရာ'

'တစ်က ကာယဂတာသိ၊ အာနာပါနနှင့်ပဲ စထားတယ်၊ ဒါပေမဲ့ ဝင်လေသိ ထွက်လေသိ သဘော၊ သမထနှင့် ရှုတာ မဟုတ်ဘူး၊ ဝင်သိပျက် ထွက်သိပျက် (အနိစ္စ) ကို ရှုခြင်းနှင့် စထားတာ၊ စကြံ သွားရာမှာလည်း ထိသိပျက် (အနိစ္စ) နှင့် အမူအရာတိုင်းမှာ ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်ကို ရှုရမည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မမြဲခြင်းသဘော (အနိစ္စ) ကို ရှုခြင်းဖြင့် ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒဉာဏ်၊ မုဉ္စိတုကမျာတဉာဏ် အဆင့်ဆင့် တက်လာအောင် ရှုရမည်ဟု ဆိုသည်၊ မိုးညှင်း ဆရာတော်ရဲ့ ရှုနည်းမှာလည်း ပဋိစ္စသမုပ္ပာဒ်ကို အခြေခံပြီး နည်းလေးနည်းကို ပြထားတယ်။

(၁) ဧကတ္တနည်း – သတ္တဝါ တစ်ဦးစီတို့၏ ဆက်စပ် ဖြစ်ပေါ်ပုံကို ပဋိစ္စသမုပ္ပာဒ်ဖြင့် သိခြင်း၊ မြင်ခြင်း။

(၂) နာနတ္တနည်း – အကြောင်းအကျိုးတို့ ဆက်စပ်နေကြသော်လည်း အကြောင်းက တခြား၊ အကျိုးက တခြားဟု သိမြင်ခြင်း။

(၃) အဗျာပါရနည်း – အကြောင်း အဆက်ဆက်ကြောင့် အကျိုး အဆက်ဆက်တို့ ဖြစ်ကြရာတွင် အကြောင်း အဆက်ဆက်က အကျိုး အဆက်ဆက်ကို ဖြစ်စေရဦးမည်ဟု ကြောင့်ကြ ဗျာပါရ မရှိသည်ကို သိမြင်ခြင်း။

(၄) ဧဝံဓမ္မတာနည်း – ကြောင့်ကြ ဗျာပါရ မရှိကြသော်လည်း အကျိုးဖြစ်ပေါ်လာသောအခါ အကြောင်းကြောင့် ဖြစ်လာရတာပဲဟု သိမြင် နားလည်ခြင်း။

'ဒါဟာ ပဋိစ္စသမုပ္ပာဒ် နည်းလေးပါး ထင်လာပုံ ဖြစ်တယ် ကိုစိုးရဲ့'

'ဒါဆို မိုးညှင်း ဆရာတော်လည်း ပဋိစ္စသမုပ္ပာဒ်ကို လက်မလွှတ်တာ ထင်ရှားတာပဲနော် ဆရာ'

'ဟုတ်တယ် ကိုစိုးရဲ့၊ ဒီလို ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးဆက်ပြီး သံသရာ လည်နေပုံကို သိတဲ့အခါ ဒိဋ္ဌိကို ပယ်နိုင်ပုံကိုလည်း မိုးညှင်း ဆရာတော်ကြီးက ဟောထားခဲ့တယ်ဗျ'

'ဘယ်လို ဟောခဲ့သလဲ ဆရာ'

'သဘောသိရုံ အကျဉ်းချုပ် ပြောမယ်ဗျာ'

'ဟုတ်ကဲ့၊ ပြောပါ ဆရာ'

'အစမထင် သံသရာက အဆုံးမရှိ သံသရာကျအောင် ကြောင်းကျိုးတရားတို့ တစ်စပ်တည်း ဆက်လက် ဖြစ်ပျက်နေသည်ကို ဝိပဿနာဉာဏ်မှာ ထင်မြင်လာလျှင် သတ္တဝါများ သေပြီးပြတ်သည်ဟု အထင်မှားသော ဥစ္ဆေဒ ဒိဋ္ဌိကို ကိုယ်တိုင် သိလာရသည်၊ တစ်ဖန် အကြောင်းအကျိုး ဖြစ်ပျက်နေပုံကို ထင်မြင်လျှင် သတ္တဝါတို့ တစ်ဘဝပြီး တစ်ဘဝ ကူးဆက်၍ လိုက်ပါ ဖြစ်ပျက်သည်ဟု အထင်မှားသော သဿတဒိဋ္ဌိကို လည်းကောင်း၊ သတ္တဝါတို့ကို တစ်စုံတစ်ယောက်က ဖန်ဆင်းသည်ဟု အထင်မှားသော ဣဿရနိမ္မာနဒိဋ္ဌိ



www.burmeseclassic

www.burmeseclassic.com



ကို လည်းကောင်း၊ ဖြစ်ဖြစ်သမျှ ချမ်းသာ ဆင်းရဲတို့သည် ရှေးအတိတ်ကံ အကြောင်း တစ်ခုတည်းကြောင့်သာ ဖြစ်လာရသည်ဟု အထင်မှားသော သဗ္ဗပုဗ္ဗေကတ ဟေတုကဒိဋ္ဌိကို လည်းကောင်း၊ အခြား အယူမှားများကို လည်းကောင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်လာနိုင်သည်* တဲ့ဗျ'

'ဒါဆိုရင် ဝိပဿနာ ဉာဏ်ဖြစ်ပေါ်မှုမှာ ဒိဋ္ဌိကို အရင်ဖြုတ်ရမယ်၊ ဒိဋ္ဌိ ဖြုတ်ဖို့အတွက် ပဋိစ္စသမုပ္ပါဒ်ကို သိရမယ် ဆိုတဲ့ အယူအဆဟာ မိုးညှင်း ဆရာတော်ကြီး လက်ထက်မှာကတည်းက သိသိသာသာ ထင်ရှား ရှိနေပြီလို့ ဆိုရမှာပေါ့နော်'

'အာစရိယဝါဒ ဆိုတာ အဲဒါပဲပေါ့ ကိုစိုးရဲ့၊ အသိပညာ တစ်ခုကို လေ့လာတဲ့အခါ ဆရာစဉ်ဆက် လက်ခံထားတဲ့ သဘောကိုလည်း နားလည် အောင် အားထုတ်ရတယ်၊ ဒါမှသာ့ မိမိ သိတဲ့ အသိပညာက ခိုင်မာတယ်လို့ မှတ်ယူနိုင်တာပေါ့။

'မိုးညှင်းဆရာတော်ဘုရားလည်း ရုပ်နာမ် ဖြစ်ပျက်ကို ရှုရာမှာ ပထမ အရွယ်က ရုပ်ဟာ ဒုတိယ အရွယ်ကို မလိုက်၊ ရှေ့အချိန်က ရုပ်နာမ်ဟာ နောက် အချိန်ကို မလိုက်၊ ရှေ့အမူအရာက ရုပ်နာမ်ဟာ နောက် အမူအရာကို မလိုက်ပုံကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်အောင် ရှုရမည်လို့ ညွှန်ပြတော်မူတယ်။

'ရုပ်ကို ရှုတဲ့ ကာယနုပဿနာမှာတော့ အဟာရဇရုပ်၊ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ်တွေ ဖြစ်ပျက်ပုံ၊ အစာ မစားခင်က ရုပ်၊ အစာ စားပြီး ပေါ်လာတဲ့ ရုပ်သစ် ဖြစ်တဲ့ အခါ ပထမရုပ် ပျက်ပုံ၊ အပူကြောင့် ဖြစ်တဲ့ ရုပ် အအေး ရောက်တဲ့အခါ အအေးရုပ်သစ် ပေါ်တော့ ရုပ်ဟောင်း ပျက်ပုံ၊ မျက်စိမှာ ပေါ်တဲ့ရုပ် မျက်စိမှာ ပျက်၊ နားမှာ ပေါ်တဲ့ရုပ် နားမှာ ပျက်ပုံ၊ ဝမ်းသာတဲ့ ရုပ်၊ နှလုံးမသာတဲ့ ရုပ်ပေါ်တဲ့ အထိ မရောက်ဘဲ ပျက်ပုံတွေကို ရှုရတယ်'

'ဒါလည်း ရုပ်ကို အခြေခံထားပြီး ရှုတဲ့ ကာယနုပဿနာ တစ်မျိုးပဲ လို့ ဆိုနိုင်မယ် ထင်ပါတယ်'

'ရုပ်ကို ရှုတာကို ကာယနုပဿနာလို့ မှတ်နိုင်ပါတယ်ဗျ၊ ဒီမှာလည်း ရုပ်နာမ်ဓမ္မများ၊ ခန္ဓာအစဉ်အားဖြင့် ကြောင်းကျိုးဆက်ပြီး ဖဿ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဖြစ်သွားပုံ၊ ရှုမှတ်နေစဉ်မှာပင် ထိုနာမ် ခန္ဓာများ ပျက်သွားပုံကို ရှုနည်း၊ နောက် အစုံလိုက် (ယမက) ရှုနည်းမှာတော့ ရှုမှတ်နေ

---

* ဗုဒ္ဓဘာသာကောင်း တစ်ယောက်၊ စာ ၅၅၄



www.burmeseclassic

www.burmeseclassic.com



စဉ်မှာပင် အရှုခံရော ရှုဉာဏ်ရော တစ်ပြိုင်နက် ချုပ်ပျက်နေပုံ အနိစ္စကို ရှုရမယ်တဲ့၊ နောက် ခဏိကနည်း အရ ရုပ်ကို ရှုမှတ်နေတဲ့ နာမ်အဆင့်ဆင့်ဟာလည်း ရှုမှတ်နေဆဲ ခဏမှာပင် ပျက်ခြင်း အနိစ္စသို့ ရောက်ပုံကိုလည်း ရှုနိုင်တယ်၊ နောက် ပဋိပါဋိနည်း ဆိုတာက ရုပ်ရော နာမ်ရော ဓမ္မ အဆင့်ဆင့်ဟာ ရှုဆဲမှာပင် အစဉ်အတိုင်း ပျက်ပျက် နေကြပုံကို ဖြစ်ပျက် အနိစ္စပါတကားလို့ ရှုရမယ်တဲ့၊ အကျယ်ကို ကိုစိုး သိချင်ရင် *ဗုဒ္ဓဘာသာကောင်း တစ်ယောက်* ဆိုတဲ့ စာအုပ် စာမျက်နှာ ၅၅ မှာ ရှာဖတ်ပေါ့ဗျာ၊ ခု ဒီရှုနည်းတွေကို ခင်ဗျား နားလည်ပြီလား'

'နားမလည်ဘူး ဆရာ၊ နည်းတစ်ခုနှင့် တစ်ခုက ဆင်တူရိုးမှား ဖြစ်နေကြသလိုပဲ၊ ကျွန်တော့် ခေါင်းထဲမှာ ခြုံပြီး သုံးသပ်မိတာကတော့ တစ်ခုတည်းပဲ ပေါ်တယ်၊ အဲဒါကတော့ ရုပ်နာမ် ဓမ္မ သင်္ခါရ အားလုံးဟာ ဝိပဿနာ ရှုဆဲမှာပင် အရှုခံရော ရှုဉာဏ်ရော နှစ်ခုစလုံး ပစ္စုပ္ပန်တည့်တည့်မှာ ပျက်ပျက်ပြီး ပျောက်ကွယ်ခြင်း (အနိစ္စ) သို့ ရောက်နေကြတယ်၊ ဒီလိုပဲ နားလည်ပါတယ်၊ ယမကနည်း၊ ခဏိကနည်း၊ ပဋိပါဋိနည်း ဆိုတာတွေကိုတော့ သဘောကွဲအောင် နားမလည်ပါဘူး'

'ဒါကြောင့် ခင်ဗျားကို ပြောတာ၊ နားလည်ချင်ရင် ပြောခဲ့ပြီးတဲ့ ကျမ်းစာအုပ် စာမျက်နှာ ၅၅ မှာ ရှုပါလို့၊ နည်းနည်းပိုပြီး ခင်ဗျား သဘောကျအောင် ပြောကြည့်မယ်၊ ပိုများ ရှုပ်သွားမလား မသိဘူး၊ (၁) ယမကနည်းမှာ ရှုနေစဉ် အရှုခံရော၊ ရှုဉာဏ်ရော တစ်ပြိုင်နက် ပျက်နေတာကို မြင်အောင် ရှုရတယ်'

'နေပါဦး ဆရာရဲ့၊ အဲဒါကို ကျွန်တော်က နားမလည်တာ၊ ကဲ ဆိုပါတော့၊ အရှုခံက ရုပ်၊ ရှုဉာဏ်က နာမ်၊ အရှုခံရုပ်ဟာ ရှုဆဲမှာပဲ ပျက်ပျက်နေတာကို ရှုဉာဏ်က သိနေနိုင်တယ်၊ ဒါကို ကျွန်တော် သဘောပေါက်တယ်၊ အဲဒီလို ရှုဆဲမှာ ရှုဉာဏ်လည်း ပျက်ပျက်နေတာကို သိတဲ့ နောက်ထပ် ဉာဏ်တစ်ခု ရှိရဦးမယ်၊ အဲဒါ ဘယ်ဉာဏ်က သိတာလဲ'

'ခင်ဗျားက ဒဿနသမား မဟုတ်ပေမဲ့ ဒဿန ပြဿနာနှင့် ဆိုင်တဲ့ မေးခွန်းကို မေးတတ်တယ်၊ ခင်ဗျား မေးခွန်းကို လောလောဆယ် ကျွန်တော်လည်း မဖြေနိုင်သေးဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ အားမထုတ်ဖူးသေးလို့ မဖြေနိုင်တာ၊ ဒါကို ခဏ ထား၊ ခဏိကနည်းမှာတော့ ရုပ်ကို ရှုမှတ်နေဆဲမှာ ရှုမှတ်တဲ့ နာမ်အဆင့်ဆင့်ဟာ ရှုဆဲ ခဏမှာပဲ ပျက်ပျက်နေတာကို ရှုရမှာပဲ'



www.burmeseclassic

www.burmeseclassic.com



'အဲဒါက ပိုပြီးတောင် သိဖို့ ခက်သေးတယ်၊ ရှုဆဲမှာ အရှုခံ တရား ပျက်ပျက်နေတာကို သိနိုင်တယ် ထား၊ ဒါပေမဲ့ ရှုဆဲခဏမှာပဲ ရှုဉာဏ် အဆင့် ဆင့် ပျက်ပုံကို ခဏချင်း ခဏချင်း ခွဲခြားပြီး သိဖို့ဆိုတာတော့ ကျွန်တော့် ဉာဏ်နှင့် လိုက်လို့ မမီဘူး၊ ရှုဉာဏ်ရဲ့ ခဏတိုင်း ခဏတိုင်း အဆင့်ဆင့် ပျက်ပုံကို သိဖို့ဆိုရင် အဲဒီလို သိနိုင်တဲ့ နောက်ထပ် အဆင့်မြင့် ရှုဉာဏ် တစ်ဉာဏ် ရှိရဦးမယ်လို့ ကျွန်တော် နားလည်နေပါတယ်'

'ဒီ အမေးအတွက်လည်း လောလောဆယ်မှာ ကျွန်တော် မဖြေနိုင်သေးဘူးဗျ၊ မဖြေနိုင်သေးဘူး ဆိုတာ ကျွန်တော့်မှာ ဘာဝနာမယဉာဏ် မရှိသေးလို့ပဲ ဆိုပါစို့၊ ထူးခြားတာက အနောက်တိုင်းက ဝိပဿနာ ပညာရှင်တွေ သိပ္ပံပညာရှင်တွေ နားမလည်နိုင်တဲ့ ဉာဏ်အဆင့်ဆင့် ရှိကြောင်းကို ဗုဒ္ဓဘာသာမှာ လက်ခံထားတယ်၊ ခင်ဗျား ပဋိသမ္ဘိဒါမဂ် (မြန်မာပြန်) ကို ဖတ်ကြည့်ရင် သိသွားမယ် ကိုစိုး၊ တစ်ခုပဲ ပြောမယ်၊ ကိုယ် ဉာဏ်မမီတာကို မဖြစ်နိုင်ဘူးလို့ ဆိုတဲ့ အနောက်တိုင်းသားတွေရဲ့ အကျင့်ကိုတော့ အရှေ့တိုင်းက လက်မခံဘူး'

'ဒါဆို ဒီထက်ပိုပြီး ဒီနည်းကို ကျွန်တော် နားလည်အောင် ဆရာ ပြောမပြနိုင်ဘူးလား'

'အင်း၊ ကျွန်တော်လည်း ခင်ဗျားကြုံတဲ့ အခက်အခဲမျိုး ကြုံဖူးတယ်၊ ဒါနှင့် ဒီထက် ရှင်းလင်းတဲ့ Exposition (အဓိပ္ပာယ် ရှင်းလင်း ဖော်ပြချက်) ကို ရှာခဲ့တယ်ဗျ၊ အဲဒီတော့ မိုးညှင်း ဝိပဿနာ ရှုနည်းကို နိုင်ငံခြားသားများ ပါ နားလည်အောင် ရေးထားတဲ့ စာအုပ်ကလေး တစ်အုပ် တွေ့ရတယ်၊ စာအုပ် အမည်က Dhittha Vipassanã Cognitive Insight Exercises တဲ့ဗျ၊ *ဒိဋ္ဌဝိပဿနာ* ဆိုတဲ့ စာအုပ်ကလေးပဲ ဆိုကြပါစို့'

'အဲဒီ စာအုပ်ထဲမှာ ဘာတွေ ပါသလဲ ဆရာ'

**အာနာပါန ရှုစဉ် ရုပ်နာမ် ဓမ္မများ ဖြိုကွဲ ပျက်စီးပုံ**

'ဒီအထဲမှာ ဝင်သက် ထွက်သက်ကို ရှုမှတ်စဉ် ရုပ်နာမ် ဓမ္မတွေ ပျက်စီးပုံ၊ စင်္ကြံလျှောက်စဉ် ရုပ်နာမ် ဓမ္မတွေ ပျက်ပျက်သွားပုံကို အဆင့်ဆင့် ဖော်ပြထားတာ ဖတ်ရတယ်၊ အင်္ဂလိပ် ဘာသာနှင့် ရေးထားတာဗျ၊ ခင်ဗျားကတော့ စိတ်ဝင်စားမှာပဲ'

'ဟုတ်လား ဆရာ၊ ပြောပြစမ်းပါဦး'

www.burmeseclassic.com



'ပြောပြမယ်၊ ပဌမ contemplating the dissolution of phenomena caused by breathing ဆိုတဲ့ အပိုင်းကို ရှင်းပြထားတာကို ပြောမယ်၊ ဘယ်လို ဆိုထားသလဲ ဆိုတော့ –

'By contemplating the dissolutions of physical phenomena caused by breathing, just as in the case of the hand movement, a yogi should reflect on the qualities of the physical phenomena in the middle part of the body. It is not necessary to watch in-and-out breathings at the nasal aparture, as is done in exercise on breathing. Keep your mind on the middle part of your body, you will then perceive the movements of 'rising' and 'falling' of this part of the body – 'rising' while breathing in and 'falling' while breathing out. Contemplate the dissolution of the physical phenomena both in the case of breathing-in and breathing-out you will eventually realize the point of anicea (impermanence). *

'ကဲ၊ ဒီရေးသားချက်ကို ခင်ဗျား နားလည်တယ် မဟုတ်လား'

'ရှင်းပါတယ် ဆရာ၊ ဝိပဿနာ ရှုတဲ့ အခါ ဝင်လေ ထွက်လေကို နှာသီးဖျား အထက် နှုတ်ခမ်းနေရာမှာ စောင့်ပြီး ရှုခြင်း မဟုတ်ဘဲ ခန္ဓာကိုယ် အလယ်ပိုင်း ဝမ်းဗိုက် နေရာမှာထားပြီး ဗိုက်ရဲ့ ပိန် ဖောင်းကို ရှုရမယ်လို့ ပြောတာ မဟုတ်လား၊ ဒီအထဲမှာ ဝင်လေကြောင့် ဗိုက်ဖောင်းလာပြီး ထွက်လေကြောင့် ဗိုက်ပိန်သွားတဲ့အခါ ရုပ်မွေများ ပျက်ပျက်သွားပုံကို မြင်အောင် ရှုရမယ်၊ အဲဒီလို ရှုရင်းက ယောဂီရဲ့ ဉာဏ်ထဲမှာ အနိစ္စ လက္ခဏာကို မြင်လာမယ်လို့ ဆိုတယ်လို့ နားလည်ပါတယ်'

'ဟုတ်တယ် ကိုစိုး၊ ဒါက အာနာပါန (ဝင်သက် ထွက်သက်) နှင့် ပတ်သက်ပြီး မိုးညှင်း ရှုနည်းပဲဗျ'

'သြော်၊ ကျွန်တော် ကြားဖူးနေတာ ပိန် ဖောင်း ဆိုရင် မဟာစည် နည်းပဲ မှတ်တာ ဆရာရဲ့၊ ခုအတိုင်းဆိုရင် မိုးညှင်းဆရာတော် ဘုရားကြီးလည်း အာနာပါနကို ပိန်ဖောင်းနည်းနှင့် မှတ်ခဲ့တာပဲနော်'

'ဟုတ်ပါတယ် ကိုစိုး၊ ဆရာတော်ကြီးရဲ့ စကြံလျှောက်ရင်း ရုပ်မွေ

* DHITTHA VIPASSANĀ – Ven. Mohnyin Sayādaw – p 32



www.burmeseclassic.com

www.burmeseclassic.com



များ ပျက်ပျက်သွားပုံကို ရှုနည်းကလည်း စိတ်ဝင်စားစရာပဲဗျ'

'ပြောပြပါဦး ဆရာရဲ့၊ အင်္ဂလိပ်လို ပြောပါနော်'

'မိုးညှင်း ဆရာတော် ဘုရားကြီး အင်္ဂလိပ်လို ဟောပြော ရေးသားထားတာ တော်တော်များများ တွေ့ရတယ် ကိုစိုးရဲ့၊ အင်္ဂလိပ်စာ အဆင့်အတန်းလည်း ရှိတယ်၊ ရှင်းလည်း ရှင်းတယ်၊ သူက Contemplation of Impermanence with regard to steps. ဒါက ခြေကြိမ်နှင့် ပတ်သက်ပြီး အနိစ္စ မြင်အောင် ရှုမှတ်ပုံဗျ'

'ဒါဆို ဒါဟာ လက်တွေ့ အလုပ်ပေး တရားလို့ ဆိုရမှာပေါ့နော် ဆရာ'

'ဟုတ်တယ် ကိုစိုးရဲ့'

'ဆက်ပြောပါဦး'

[Note - Insight - practisers should contemplate the impermanence of 'Santi paccupanna' (သန္တတိ ပစ္စုပ္ပန်) (continuity of mental and physical phenomena that arises and vanishes at the present moment). Now, I shall explain the impermanence of phenomena during one step.]

If you desire to know the ultimate truth of the phenomena, you will easily grasp them by probing into the conventionally - termed body and contemplating the arising and passing away of the phenomena.

If you contemplate the body in the body, you can easily perceive the arising and passing away of the phenomena and know that by the diffusion of the process of oscillation born of mental activity going and coming take place.

The yogi knows thus: If there arises the thought, 'I shall stand,' that thought process of oscillation produces bodily experssion. The raising upright of the whole body from below, owing to the diffusion of the process of oscillation, is called standing. If there arises the thought, 'I shall march by the right led,' a yogi is able to discern the rising and vanishing of the



www.burmeseclassic.com

www.burmeseclassic.com



physical phenomena during the process of oscillation and also during the advancing stages of 'lifting, pushing, and down.' *

'ကဲ ကိုစိုး၊ ဒီအပိုင်းကိုကော နားလည်သလား'

'ဝေဝေဝါးဝါး နားလည်ပါတယ်၊ မရှင်းဘူး ဆရာ၊ သန္တိပစ္စုပ္ပန် ဆိုတာ ဘာလဲ ဆရာ'

'ရုပ်နာမ် ဓမ္မ သင်္ခါရတို့ရဲ့ စဉ်ဆက်မပြတ် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပျက်ခြင်း သဘောကို ဆိုလိုတယ်ဗျ၊ မိုးညှင်း ဆရာတော်ကြီးက ခြေတစ်လှမ်းမှာ ရုပ်နမ် ဓမ္မများ ဖြစ်ပြီး ပျက်ကြပုံကို စကြံနည်းမှာ ပြထားတာ ဖြစ်ပါတယ်'

'တိတိကျကျ ရှင်းပြပါဦး ဆရာရဲ့'

'ပရမတ္ထ သစ္စာကို ဉာဏ်အမြင် ပေါက်လိုလျှင် ကိုယ်ကာယဟု ပညတ်ထားသော အရာကို ကြည့်ရှု စစ်ဆေးခြင်းဖြင့် ရုပ်နာမ် ဓမ္မများ ဖြစ်လိုက် ပျက်လိုက် ပြောင်းလဲနေပုံကို အလွယ်တကူ ရှုမြင် သိရှိနိုင်သည်၊ ဤတွင် စိတ်ကြောင့် ရုပ်၌ သွားမှု လာမှု ဖြစ်ပေါ်လာမှုများ လှုပ်ရှား ဖြစ်ပေါ်လာသည်ကို သိနိုင်သည်။

'ယောဂီသည် ဤသို့ သိရာသည်၊ ငါရပ်မည် ဟု ဆိုသော စေတနာ စေတသိက် ဖြစ်ပေါ်လာပြီ ဆိုလျှင် ထို စေတနာစေတသိက်ကြောင့် ဖြစ်သော စိတ္တဇရုပ်၏ တုန်ခါ လှုပ်ရှား ပြောင်းလဲမှု ဖြစ်ပေါ်လာအောင် ပြုလုပ်လိုက်ပုံကို တွေ့မြင်ရမည်၊ ရပ်ခြင်း၌လည်း စေ့ဆော်စိတ်နှင့် စိတ္တဇရုပ်တို့၏ လှုံ့ဆော် ပြောင်းလဲမှုကြောင့် ခန္ဓာကိုယ်သည် အနိမ့်မှ အမြင့်သို့ မတ်တတ်ရပ်လိုက်ပုံကို သိနိုင်သည်၊ ငါလျှောက်လှမ်းမည် ဟု စိတ်က ဖြစ်သောအခါမှာလည်း ယောဂီသည် ဖော်ပြပါ စေတနာနှင့် စိတ္တဇရုပ်တို့၏ လှုံ့ဆော်မှုကြောင့် လှုပ်ရှား ပြောင်းလဲမှုများ ဖြစ်ပေါ်လာပြီး ပျောက်ပျက်သွားပုံကို ခြေထောက်၏ ကြွမှု၊ လှမ်းမှု၊ ချမှုများတွင် အလွယ်တကူ တွေ့မြင်နိုင်ကြောင်း ဖော်ပြထားတာပဲ ကိုစိုးရဲ့'

'လှုပ်ရှားမှုတိုင်းမှာ နာမ်နှင့် ရုပ် အလုပ်အတူတူ လုပ်နေကြပုံ သိပ်ပေါ်တာပဲ၊ နောက်ထပ် မှတ်သားစရာတွေကို ပြောပြပါဦး ဆရာ'

'ဆရာတော်ကြီးက ဝိပဿနာ ရှုတဲ့အခါ အမှုအရာ မှန်သမျှရဲ့ ရုပ်နာမ် အားလုံးကို ဖြစ်ပျက် (အနိစ္စ) ဉာဏ် ထင်လာအောင် ရှုရမယ်တဲ့ဗျ၊

* DHITTHA VIPASSANĀ – Ven. Mohnyin Sayādaw – p 32, 33



www.burmeseclassic

www.burmeseclassic.com



အနိစ္စ ရှုပုံကိုလည်း ဒိဋ္ဌ ဝိပဿနာ ကျမ်းမှာ ပြောထားပေးတယ်'

'ပြောပါဦး ဆရာ'

**အနိစ္စကို ရှုမှတ်ခြင်း Contemplation of Anicca.**

Having known thus a yogi should contemplate as follows: 'Even while I am standing, the mental and physical phenomena arise and vanish rapidly at every moment,' thus becoming anicca (impermanent). In all future steps also, the mental and physical phenomena will arise and vanish instantaneously. It will be apparent in the mind of a yogi that the causally-conditioned physical and mental phenomena arise and vanish instantaneously. Contemplate the 'impermanence' according to this method days, months and years. *

'ဒါကိုတော့ နားလည်တယ် မဟုတ်လား'

'ရှင်းပြပါဦး ဆရာ'

'သူ ဆိုလိုတာက ဒီလို၊ ဤသို့ သိပြီးနောက် ယောဂီသည် ဤသို့ ရှုမှတ်သင့်၏၊ ငါသည် ရပ်နေစဉ် အခိုက်အတန့်မှာပင် ရုပ်ဓမ္မ၊ နာမ်ဓမ္မများသည် ပေါ်လာလိုက်၊ ပျောက်သွားလိုက်နှင့် လျှင်မြန်စွာ ခဏတိုင်း ခဏတိုင်းမှာ ဖြစ်ပျက်နေကြတာပါကလား ဆိုပြီး အနိစ္စသဘော ပေါ်လာတယ်တဲ့၊ လာလတ္တံ့သော အနာဂတ် ခြေလှမ်းများမှာလည်း ရုပ်ဓမ္မ နာမ်ဓမ္မများဟာ ဖြစ်ပြီးနောက် ချက်ချင်းပင် ပျက်ကြရပေလိမ့်မယ်၊ ယောဂီရဲ့ စိတ်ထဲမှာ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာကြတဲ့ ရုပ်တရား နာမ်တရားများက အားလုံးပဲ ဖြစ်ပြီးနောက် ချက်ချင်း ပျောက်ပျက်ကြရကုန်မှာပဲလို့ အထင်အရှား ဉာဏ် ဖြစ်ပေါ်လာမှာပဲတဲ့၊ ဒီလို အနိစ္စသဘော ပေါ်အောင် ရှုခြင်းကို နေ့ရက်များစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ အဆက်မပြတ် ကျင့်ကြံပွားများ အားထုတ်နေကြရမယ်တဲ့'

'နားရှင်းသွားပါပြီ ဆရာ'

'မိုးညှင်းဝိပဿနာမှာ ဆရာတော်က ကာယကို ဗဟိဒ္ဓအားဖြင့် ရှုခြင်း

* DHITTHA VIPASSANĀ – Ven. Mohnyin Sayādaw



www.burmeseclassic.com

www.burmeseclassic.com



သဘောကိုလည်း ဒီစာအုပ်မှာ ဖော်ပြထားတာ တွေ့ရတယ်၊ အင်္ဂလိပ်လို ရေးထားတာကို ဗဟုသုတ အနေနှင့်ရော ဉာဏ်ပညာ အတွက်ရော ပြောပြမယ်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာ'

**'Contemplation of the body externally:** A yogi should contemplate the body in the body both internally and externally in the following manner: If there arises the thought, 'I shall walk' a yogi should determine the arising and passing away of the mental phenomena contained in the mental activity connected there with, the arising and passing away of the physical phenomena contained in the great earth on which his slep falls.* တဲ့ဗျ။

'ဒါကိုတော့ ကိုစိုး သဘောပေါက်မှာပါ'

'ပေါက်တော့ ပေါက်တယ်၊ ဒါပေမဲ့ ငါ စင်္ကြံ လျှောက်မယ် ဆိုတဲ့ စိတ်ကူးပေါ်လာရင် ယောဂီရဲ့ စိတ်ထဲမှာ စေ့ဆော်မှုတွေ ဖြစ်ပေါ်လာတယ်၊ ဒီလို့ဆော်မှု ပေါ်လာမှ ကိုယ်ကာယပေါ်မှာလည်း ရုပ်ဓမ္မတွေ ဖြစ်ပေါ်ပြီး ပျောက်သွားတယ်၊ ဒီလို ရုပ်တရားတွေဟာ သူ့ကိုယ်ပေါ်မှာသာမက သူ ခြေချလိုက်တဲ့ ကမ္ဘာမြေကြီးပေါ်မှာလည်း ဖြစ်ပြီး ပျက်သွားတယ်လို့ ဆိုတာ မဟုတ်လား'

'ဒီနေရာမှာ အဇ္ဈတ္တ နာမ်ဓမ္မများ ဖြစ်ပျက်တဲ့အခါ ဗဟိဒ္ဓ ရုပ်တရားများ လိုက်ပါဆက်စပ်ပြီး ဖြစ်ပျက်ကြပုံကို ဖော်ပြထားတာ ဖြစ်တယ် ကိုစိုးရဲ့'

'ဒါဆို စင်္ကြံလျှောက်တဲ့အခါ ယောဂီဟာ စိတ်မှာရော၊ ကိုယ်မှာရော၊ မြေကြီးပေါ်မှာပါ နာမ်တရား ရုပ်တရားများ ဖြစ်ပျက်သွားတာကို မြင်အောင် ရှုရမှာပေါ့နော်'

'ဟုတ်တယ်ဗျ'

'ဟာ ကမ္ဘာမြေပေါ်မှာ ဖြစ်ပျက်သွားတာကို ယောဂီက ဘယ်လိုလုပ်ပြီး သိပါ့မလဲ ဆရာရဲ့'

'ခင်ဗျား ပြဿနာမျိုး ပေါ်ပေါက်နိုင်တယ် ဆိုတာကို မိုးညှင်း ဆရာတော် ဘုရားကြီးက ကြိုပြီး သိတယ်၊ ဒါကြောင့် ဆရာတော်က သဲတောင်းထဲက သဲများ အပေါက် တစ်ပေါက်က ယိုထွက်ပုံ ဥပမာနှင့် ပြထားတယ်'

---

* DHITTHA VIPASSANĀ – Ven. Mohnyin Sayādaw – p 33, 34

www.burmeseclassic.com



'ဘယ်လို ပြသလဲ ဆရာ'

'ဆရာတော်က သဲတောင်းထဲက သဲတွေ အပေါက် တစ်ပေါက်က ယိုထွက်ကျရာမှာ သဲတစ်လုံးချင်း ကျပေမဲ့ သဲစီးကြောင်း တစ်ခုလို တစ်ဆက် တစ်စပ်တည်း ကျတာကို မြင်ရတယ်၊ ဒါကို အောက်မေ့ ဆင်ခြင်ကြည့်ပါတဲ့ဗျ၊ သဲတောင်းထဲက သဲတွေ ယိုစီးကျရာမှာ တောင်းကို တည့်တည့်ထားတာ စောင်းစောင်းထားတာပဲ ကွာမယ်၊ သဲတွေ ယိုကျ ဖြစ်ပျက်ပုံကတော့ မထူးဘူးတဲ့၊ အလားတူစွာ ယောဂီရဲ့ စိတ်မှာ မြေပေါ်က ရုပ်ဓမ္မများ ဖောက်ပြန်ပျက်သွားပုံကို ဆင်ခြင် စဉ်းစားသင့်တယ်၊ ဉာဏ်ဝင်သင့်တယ်တဲ့ဗျ၊ ဒီလို သိမြင်လာနိုင်ပြီ ဆိုရင် ယောဂီရဲ့ ဝိပဿနာဉာဏ်ဟာ သမ္မာသနဉာဏ်ကနေ တစ်ဆင့်တက်ပြီး သင်္ခါရုပက္ခာဉာဏ် တိုင်အောင် ရောက်သွားနိုင်ပါသတဲ့ဗျာ'

'အင်း ထိုင် စဉ်းစားနေလို့တော့ သိပ်နားမလည်ဘူး၊ လုပ်ကြည့်မှပဲ ပိုပြီး သဘောပေါက်လာမယ် ထင်ပါတယ် ဆရာရယ်'

'ဝိပဿနာ ရှုတဲ့အခါ ခု ကိုစိုး ထားတဲ့ သဘောထားကို အမြဲ ထားသင့်တယ်ဗျ'

'ဟုတ်ကဲ့၊ ကျွန်တော် ထားပါ့မယ် ဆရာ၊ ဒါပေမဲ့ ကျွန်တော့်ခေါင်းထဲမှာ ဝေခွဲမရတဲ့ ပုစ္ဆာ နှစ်ခု ဝင်လာပါတယ်'

'ပြောစမ်းပါဦးဗျာ'

'ခု ကျွန်တော် ကြားပြီးခဲ့ရသမျှ ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင်တွေဟာ သဘောချင်းကတော့ အတူတူပဲ၊ စကားလုံးတွေနှင့် အဓိပ္ပာယ် ဖွင့်ဆိုပုံတွေပဲ နည်းနည်း ကွဲနေကြသလိုပဲ၊ အဲဒါ –

(၁) ဘာကြောင့် ဒီလို ကွဲနေကြတာလဲ၊ ဒါက သိချင်တာပါ ဆရာ၊

(၂) ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင်တွေထဲက မိမိအတွက် အသုံးချစရာ ဘာတန်ဖိုးတွေ ရနိုင်မလဲ၊ ဒါက သုံးချင်တာပါ ဆရာ'

'အင်း ခင်ဗျားရဲ့ ထိုးထွင်းဉာဏ်ကိုလည်း ကျွန်တော်တော့ သဘောကျတယ်၊ ခင်ဗျားလိုပဲ ကျွန်တော်လည်း ဘာတွေ ကွဲနေကြသလဲ၊ ဘာကြောင့် ကွဲနေကြသလဲ ဆိုတာတွေကို သိချင်ခဲ့တယ်၊ နောက်တော့ ဂျက် ကွန်းဖီးလ် စာအုပ်ကို ဖတ်ရမှ မိုးပေါ်က လမင်းကြီးကို ညွှန်ပြနေတဲ့ လက်ညှိုးတွေကို လိုက်ကြည့်မနေနှင့်၊ သူတို့အားလုံး ညွှန်ပြနေတာဟာ မိုးပေါ်က လမင်းကြီးပဲ၊ နိဗ္ဗာန် မဂ်ဖိုလ်ချည်းပါပဲ ဆိုတာ သိပြီးကတည်းက သူတို့ ဘာကြောင့်ကွဲကွဲ အဲဒါ ကိုယ့်အလုပ် မဟုတ်ဘူးလို့ သဘောထားလိုက်တယ်၊ ဒါပေမဲ့ သူတို့ရဲ့

www.burmeseclassic.com


ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင်တွေထဲက ကိုယ့်အတွက် ဘာတန်ဖိုးများ ရမလဲ၊ ဘာကျန်နိုင်သလဲ၊ ဒါကိုတော့ ကျွန်တော် စိတ်ဝင်စားတယ်'

'အင်း ဆရာ ပြောမှ ယောနိသောမနသိကာရနှင့် မစ္ဆိမ ပဋိပဒါကို ကျင့်သုံးတတ်ဖို့ လိုကြောင်း သတိရတယ်၊ ကဲ ဒါဆိုရင် နောက်ထပ် ဘယ်နည်းကို လေ့လာထားသေးလဲ ဆရာ'

'စွန်းလွန်းနည်းကို ပြောပြမယ်'

## စွန်းလွန်း ဆရာတော်၏ ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင်

'စွန်းလွန်း ဆရာတော်ရဲ့ ဝိပဿနာ ရှုနည်းမှာ တရား အားမထုတ်ခင် ယောဂီကြိုတင် ပြုအပ်တဲ့ ပရိကံ ကိစ္စကို အလေးပေး ဖော်ပြထားတယ်ဗျ၊ ပရိကံ ပြုနည်းကို ဦးသာသနာ့ဝိသုဒ္ဓိ (ဗိုလ်သိမ်းဆွေ) ရေးတဲ့ *စွန်းလွန်း ဥပနိသျှည်း* ကျမ်းမှာ ဖော်ပြထားတယ်ဗျ၊ ပထမ မိမိရဲ့ ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးကို တရားအားထုတ်နေစဉ် ကာလအတွင်း မြတ်စွာဘုရားကို နိဗ္ဗာန်ကို ရည်မှန်းပြီး လှူဒါန်းရမယ်၊ သုံးဆယ့်တစ်ဘုံသား သတ္တဝါများကို မေတ္တာပို့ရမယ်၊ ဤကောင်းမှုကို အမျှဝေရမယ်၊ သူတော်ကောင်းတို့ ပို့သတဲ့ မေတ္တာအမျှကိုလည်း သာဓုခေါ်ရမယ်၊ ပြီးတော့မှ သံသရာကြွေး ရှင်းရမယ်တဲ့'

'သံသရာကြွေး ရှင်းတယ် ဆိုတာ ဘာလုပ်တာလဲ ဆရာ'

'ဒါကတော့ မိမိက သံသရာ တစ်လျှောက်လုံး ယခုတိုင် ကာယကံ ဝစီကံ မနောကံနှင့် ပြစ်မှားခဲ့သူတွေကို ခွင့်လွှတ်ဖို့ တောင်းပန် ဝန်ချရမယ်၊ မိမိကလည်း မိမိကို ကာယကံ ဝစီကံ မနောကံနှင့် ပြစ်မှားခဲ့သူတွေကို ခွင့်လွှတ်ရမယ်၊ ဒီသဘောကို ပြောတာပဲဗျ'

'ဩော် confession (ဝန်ချ တောင်းပန်) ခြင်း သဘောပဲပေါ့'

'ဟုတ်ပါတယ် ကိုစိုး၊ ဒီလို လုပ်ပြီးမှ ဝိပဿနာကို စတင် အားထုတ်ရမယ်၊ ဒီနည်းအရ –

– အချိန်ကို မပိုင်းခြားရဘူး၊ တစ်နာရီ အနည်းဆုံး နှစ်နာရီ၊ သုံးနာရီ ဆက်တိုက် အားထုတ်ရမယ်၊

– တစ်နေ့ကို နာရီ ၂၀ လောက် အားထုတ်ရတယ်၊ မဟာနိဒ္ဒေသ ပါဠိတော်အရ အရဟတ္တဖိုလ်သို့ ရောက်လိုသော ယောဂီဟာ တစ်နေ့တာ ကာလကို ခြောက်ပုံပုံ တစ်ပုံ (လေးနာရီ) သာ အိပ်စက် အနားယူသင့်ကြောင်း ဖော်ပြထားတယ်၊



www.burmeseclassic

www.burmeseclassic.com



– အားထုတ်တဲ့အခါ ဣရိယာပုတ် တစ်ခုမှာ အကြာကြီး မပြောင်းဘဲ အားထုတ်ရမယ်၊

– တင်ပျဉ်ခွေထိုင်ပြီး မျက်စိပိတ် နားပိတ်ပြီး ထွက်လေ ဝင်လေကို အချက်တိုင်း သိအောင် ရှုရှိုက်ရမယ်၊ မှန်မှန် လည်ပတ်နေအောင် မရပ်မနား ရှုရှိုက်ရမယ်၊

– ပထမ အဆင့် မှန်မှန် ရှည်ရှည် ရှူ၊ ရှည်ရှည် ထုတ်၊ ဒုတိယ အဆင့် အရှိန်ရလာပြီ ဆိုလျှင် မြန်မြန် ရှူသွင်းပြီး မြန်မြန် ရှူထုတ်ရမယ်၊ တတိယ အဆင့်ကျတော့ ဝင်လေကို နှာသီး၀၊ ရင်ချိုင့်၊ ချက်တိုင် ၈ လယ် ဆုံး သိအောင် လိုက်ရမည်၊ ထွက်လေကိုလည်း ချက်တိုင်၊ ရင်ချိုင့်၊ နှာသီး၀ ၈ လယ် ဆုံး သတိနှင့် အသိကပ်ပြီး မှတ်ဆွဲရမယ်တဲ့ဗျ၊ ဒီအချက်ကျရင် ခက်ခဲ ပင်ပန်းလာတယ်၊ ပြင်းထန်လာတယ်၊ စတုတ္ထ အဆင့်ကျတော့ အရှူ အရှိုက် ပြင်းထန်လို့ ကြမ်းတမ်းသွားတဲ့ လေကို သိမ်မွေ့သွားအောင် ဝင်လေ ထွက်လေကို သိနေရမယ်လို့ ပြထားတယ်။

– ပြီးရင် အရှူရပ်၊ ဝေဒနာလိုက်တဲ့ အပိုင်းကို တက်ရတယ်၊ အာနာပါနကို အသိမပျောက်အောင် သတိထားပြီး ပြင်းပြင်း တင်းတင်း ရှူရမယ်၊ မောလည်း မနားရ၊ ညောင်းလည်း မပြင်ရဘူး၊ ယားလည်း မကုတ်ရဘူး၊ အသက်ကို ပြင်းပြင်းရှူမှ စိတ်ငြိမ်တယ်လို့ ယူဆတယ်၊ ပြီးရင်တော့ ခန္ဓာ ကိုယ်ထဲမှာ ပေါ်လာတဲ့ ပူအေး ညောင်းညာ၊ ထုံကျဉ်ကိုက်ခဲ ဝေဒနာ တစ်ခုခု ပေါ်လာတာကို အရှူရပ်ပြီး ဝေဒနာကို ရှုရမယ်တဲ့၊ ပစ္စုပ္ပန် တည့်အောင် ရှုရမယ်တဲ့။

'ဒါကို *ဗုဒ္ဓဘာသာကောင်း တစ်ယောက်* စာအုပ်ထဲမှာ ဖော်ပြထားတာ ဗျ၊ မိုလ်သိမ်းဆွေ (ဦးသာသနာ့ဝိသုဒ္ဓိ) စာအုပ်ထဲမှာတော့ တရားအားထုတ် လေ့ကျင့်ရာ ပြင်းထန်နေပြီး အချိန် တစ်နာရီ ကြာတဲ့အခါ အရှူကို ရပ်၊ ဝေဒနာလိုက် လို့ ကမ္မဋ္ဌာန်း ဆရာက သတိပေးလို့ပဲ ဖြစ်ဖြစ်၊ မိမိဘာသာ ရပ်လို့ပဲ ဖြစ်ဖြစ် အရှူရပ်ပြီး ဝေဒနာလိုက်ရ၏၊ ဤကား ဘုရားဟော စတုတ္ထ အချက်နှင့် ညီတော့၏။ (အမှန်တကယ် စနစ်တကျ အားထုတ်သူသည် ဤ နေရာ၌ အရှူအရှိုက် ချုပ်ငြိမ်း၍ စတုတ္ထဈာန်ကို ရ၏။) * လို့ ဆိုထားတယ် ဗျ'

---

* စွန်းလွန်း ဥပနိသျှည်း၊ ဦးသာသနာ့ဝိသုဒ္ဓိ (မိုလ်သိမ်းဆွေ)၊ စာ ၈၀



www.burmeseclassic

www.burmeseclassic.com



'ဒါဆို စွန်းလွန်း ဝိပဿနာ ရှုနည်းဟာလည်း အာနာပါန သမထကို အခြေခံတာပေါ့နော်၊ စတုတ္ထချာန်ထိအောင် တက်ပြီးမှ ဝေဒနာလိုက် ဆိုတာက ဝိပဿနာကို ပြောင်းလိုက်တာပဲ ထင်ပါရဲ့'

'စွန်းလွန်းဂူကျောင်း ဆရာတော်ကြီးက တင်းတင်းကြပ်ကြပ် သတိပြု လို့ ဆုံးမတယ်ဗျ၊ ဒါကို စွန်းလွန်း ရှင်ဝိနယက Be regorously mindful လို့ သူ ရေးတဲ့ The Yogi And Vipassana ဆိုတဲ့ စာအုပ်ကလေးထဲမှာ ရေးထားတယ်၊ သူ့ အင်္ဂလိပ်စာကိုတော့ ကျွန်တော် သိပ်ခံတွင်း မတွေ့လို့ မပြောတော့ဘူး၊ ဒါပေမဲ့ စွန်းလွန်း ဆရာတော်ရဲ့ ဝိပဿနာ ရှုနည်း အကြောင်း ကို Living Buddhist Masters ဆိုတဲ့ ဂျက် ကွန်းဖီးလ်ရဲ့ စာအုပ်ထဲမှာ ဖော်ပြထားတယ်၊ သမာဓိ ထူထောင်နည်း၊ အာနာပါန ဝင်လေ ထွက်လေကို ရှုနည်း လေးနည်းအနက် စတုတ္ထနည်းဟာ ဝိပဿနာကို တက်တဲ့နည်း ဖြစ် ကြောင်း ဖော်ပြထားတာကို ကိုစိုးကို ပြောပြမယ်'

'နည်း လေးနည်း ဆိုတာ ဘာတွေလဲ ဆရာ'

'စောစောက ကျွန်တော်တို့ ပြောခဲ့တယ်လေ၊ ပထမ အဆင့်မှာ မှန်မှန် ရှူ၊ ရှည်ရှည် ရှူ၊ ရှည်ရှည် ထုတ်၊ ဒုတိယ အဆင့်မှာ မြန်မြန် ရှူ၊ မြန်မြန် ထုတ်၊ တတိယ အဆင့်မှာ နှာသီးဝကနေ ချက်တိုင် အထိ၊ ဝင်လေ စ လယ် ဆုံး၊ ထွက်လေ စ လယ် ဆုံး လိုက်၊ စတုတ္ထ အဆင့် အရှုအရှိုက် ငြိမ်းထန် လို့ ကြမ်းတမ်းသွားတဲ့ လေကို သိမ်မွေ့သွားအောင် လုပ်ပြီး အရှုရပ်၊ ဝေဒနာ လိုက်လို့ ပြောခဲ့တယ်၊ မှတ်မိပြီလား'

'ဟုတ်ကဲ့၊ မှတ်မိပါပြီ၊ အင်္ဂလိပ်ကို ပြောပြပါဦး'

'ဂျက် ကွန်းဖီးလ် ရေးထားတာက This exercise may be practiced in the simple concentration (samatha) way or performed so as to realize insight (vipassanā).

Breath in and out. As the breath goes in and out it will touch the nostril or upper lip or some other places within that region. Fixing the mind on that point of touch, count the in-going and out-going breaths. This is one method. Breath in and out again. Fix the mind on the point of touch of breath. Thus fixing the mind, know a short breath to be short a long breath to be long. This is the second method. Breath in and out again.



www.burmeseclassic.com

www.burmeseclassic.com


Fixing the mind on the point of touch of breath, follow the breath in and out. In doing this, you should not follow the breath into the pit of the stomach or out into the beyond. The breath-body should be experienced going in and out. It is like a saw. The teeth of the saw are always at one point of contact with wood but that point of wood experiences the whole length of the saw because the whole length of the saw passes across that point. This is the third method. Notice that in all three methods the Yogi looks for the in-breaths and out-breaths nowhere else than at that point of touch. This is true for the fouth method. Breath in and out. Fix the mind on the point of touch of breath. Be aware of the touch. Do not count do not know the degree of length, do not follow the breath in and out.

Of these four methods of mindfulness of breathing, the first three are simple concentration - type exercise while the fourth is insight exercise.* လို့ ဆိုပြီး နည်းလေးနည်း အနက် ပထမ သုံးနည်းက သမထ၊ စတုတ္ထနည်းက ဝိပဿနာ ဖြစ်ကြောင်း ခွဲပြထားတယ်၊ ကျန်တာတွေကတော့ အင်္ဂလိပ်စာက ရိုးရိုးရှင်းရှင်းလေးပဲ၊ ခင်ဗျား နားလည် နိုင်ပါတယ်'

'စာအရတော့ အဓိပ္ပာယ် နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်စိတ် ထဲမှာ သမထ သဘောပဲ ပေါ်နေတယ်၊ ဝိပဿနာ ရုပ်နာမ် ဖြစ်ပျက်သဘော မပေါ်ဘူး ဆရာ'

**ဝိပဿနာသို့ တက်ပုံ**

'ဖြစ်နိုင်ပါတယ်၊ ဒီနေရာမှာ စတုတ္ထနည်းရဲ့ သဘော သဘာဝကို ဉာဏ်သက်ဝင် တတ်ဖို့ လိုတယ် ကိုစိုးရဲ့၊ စတုတ္ထနည်းမှာ ထိမှုနှင့် သိမှုကလေးကိုပဲ ယောဂီက ရှုမှတ်နေရတဲ့ အတွက် ပညတ်တွေကို ကျော်ပြီး ပရမတ် ရုပ်နမ်ရဲ့ သဘော ကို ဉာဏ်က ထိုးထွင်း သိမြင်လာနိုင်တယ်၊ ဒါကို ဂျက် ကွန်းဖီးလ်က ထိမှု

---

* Living Buddhist Masters - Jack Kornfield - p 92, 93

www.burmeseclassic.com



နှင့် သိမှုကလေးကိုပဲ အာရုံပြုပြီး သတိနှင့် ကပ်ပြီး မရှုရင် ယောဂီရဲ့ စိတ်ထဲမှာ ပညတ်တွေကို အာရုံပြုပြီး သမထဘက်ကို ရောက်သွားနိုင်ပုံကိုလည်း ဖော်ပြထားတယ်၊ သူ့အဆိုကတော့ If instead of being able to take these processes as they are, it tends to keep slipping into a past where the processes reconstructed by an intervening reasoning mind. To be able to keep up with the natural processes the yogi need only be mindful. လို့ ဖော်ပြထားတယ်၊ ဒီနေရာမှာ ထိမှု သိမှု သဘောက ရုပ်နာမ်တို့ရဲ့ တကယ့် ဖြစ်စဉ်ထက် နှေးနေတဲ့ အတွက် ထိမှုနှင့် သိမှု ရှေ့စိတ်နှင့် နောက်စိတ်ကြားမှာ အတွေးတွေ၊ ကြံစည် စဉ်းစားတာတွေ ဝင်လာတတ်တယ်၊ ဒီအခါကျတော့ ဝိပဿနာ ရုပ်နာမ် ဖြစ်ပျက်ကနေ သမထဘက်ကို လွတ်ထွက်သွားတတ်ကြောင်းကို ခင်ဗျား နားလည်ရမယ်'

'သြော် ဒါကြောင့် ဆရာတော်က ထိမှု သိမှု ထိုနှစ်ခု ကြပ်ကြပ် သတိပြုလို့ ဆုံးမတာ ဖြစ်မှာပဲနော်'

'ခု ခင်ဗျား နားလည်တာ အမှန်ပဲ၊ ဒါကို ဂျက် ကွန်းဖီးလ် ရေးတဲ့ စွန်းလွန်းမှု ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင်ကို ဘာသာပြန်တဲ့ သာသနာရေး လက်ထောက် ညွှန်မှူး (ငြိမ်း) ဦးဟန်ဒွေးက

'အသိ ရှိပါစေ၊ အသိနှင့် နာသီးဝမှာ လေတိုးထိမှုကို သိသိနေပါစေ၊ ဤ သိသိနေမှုကိုပင် တင်းတင်းကြပ်ကြပ် သတိကပ်ပြီး ရှုနေလျှင် စဉ်းစား စိတ်ကူးမှုများ၊ အတိတ် အနာဂတ် အတွေးများကို ပိတ်ပင် ဖယ်ရှားနိုင်သည်၊ ...ရုပ်နာမ် ပရမတ္ထ တရားများကို ပေါ်ဆဲ ခဏမှာပင် သဘာဝ ပေါ်ဆဲအတိုင်း သူ့ဖြစ်စဉ်အတိုင်း သိနိုင်ကြောင်း၊ ဒီအခါမှာ ဝိပဿနာ ရှုကွက်သို့ တိုးတက် ဆိုက်ရောက်သွားကြောင်း * ဖော်ပြထားတာလည်း ရှိတယ်ဗျ၊ ဒါကို ဦးသာသနာ့ ဝိသုဒ္ဓိ (မိုလ်သိမ်းဆွေ) ရေးတဲ့ *စွန်းလွန်း ဥပနိသျှည်း* မှာလည်း ဒီလို ဖော်ပြထားတယ်ဗျ၊ ဖြည်းဖြည်း ရှုရှုက်သည်ဖြစ်စေ၊ ပြင်းပြင်း ရှုရှိုက်သည် ဖြစ်စေ အားထုတ်၍ အရှိန်လာရသောအခါ တုန်လှုပ် ယိမ်းယိုင် ဖြစ်ပေါ်လာသော်လည်း သည်းခံ ကြိုးစား၍ လုံ့လ ဝီရိယ ကောင်းကောင်းနှင့် ကြမ်းတမ်းခြင်း စသည်တို့ကို လွန်မြောက်အောင် အားထုတ်ကာ သိမ်မွေ့ ငြိမ်သက်မှု၊ သမာဓိရျာန် ရပြီး ရုပ်နာမ်ပေါ်၌ ဝိပဿနာ ဉာဏ် ပေါက်ရောက်အောင် ရှုမှတ်ရသည်၊

---

* စွန်းလွန်း ကျင့်စဉ်နှင့် ကိုယ်တွေ့အမြင်၊ ဦးဟန်ဒွေး (သုတေသန)၊ စာ ၂၉-၃၀

www.burmeseclassic.com


ထိမှု၊ သိမှု ထိုနှစ်ခု ကြပ်ကြပ် သတိပြု ဆိုသည့်အတိုင်း ထိမှု၊ သိမှုကို အထူး သတိကပ်ထားရမည်၊ ထိုသို့ သတိထားပြီး မိမိ ခန္ဓာကိုယ်ကို ရှုမှတ်နေခြင်းကို (သမ္မာသနဉာဏ်) ဟု ခေါ်သည်၊ သုံးသပ်ဉာဏ် ဖြစ်၏၊ ဆက်လက်၍ သတိပြုနေလျှင် ဥဒယဗ္ဗယဉာဏ် (ဖြစ်ပျက်သိဉာဏ်) အစ၊ အနုလောမ (မဂ်ရှေ့နားက ဉာဏ်) အဆုံး၊ ဉာဏ်အားလုံးသည် သူ့သဘောနှင့် သူ ဆက်လက်ဖြစ်ပေါ်လာလိမ့်မည်၊ ပေါ်လာတော့ မြင်၊ မြင်တော့ ကိုယ်တိုင် သိလိမ့်မည် * လို့ ဆိုထားတယ်ဗျ'

'ကျွန်တော့် ခေါင်းထဲမှာ နည်းနည်း သဲသဲကွဲကွဲ ဖြစ်လာပါပြီ ဆရာ'

'ဒီ့ထက် ပိုပြီး သဲကွဲချင်ရင် ခင်ဗျား စွန်းလွန်း အရှင်ဝိနယရဲ့ The Yogi and Vipassana ကျမ်း စာမျက်နှာ ၁၃ ကို ဖတ်ကြည့်ဗျ၊ After a period of ardent practice there comes a moment when the true liberating knowledge is offered to the Yogi အပိုဒ်က စဖတ်'

'ဟုတ်ကဲ့၊ ဒီလောက် လမ်းစရရင် ကျွန်တော် ကျေနပ်ပါပြီ၊ ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင် တစ်ခုကို ထုတ်ချင်းခတ် နားလည်ဖို့ အတွက်ကတော့ အချိန် အများကြီး ပေးပြီး စာတွေ့ ကိုယ်တွေ့ လေ့လာမှ ရမယ် ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် ဆရာ၊ ဒီလောက် သိအောင် ပြောပြတဲ့ ဆရာ့ရဲ့ ကျေးဇူးကို ကျွန်တော် အမြဲ သတိရနေမှာပါ ဆရာ'

'ခင်ဗျား ခုပြောတဲ့ စကားဟာ သစ္စာရှာပုံတော်သမား ဉာဏ်လမ်းသွား အရိယာ သာဝကများ ထားအပ်တဲ့ သဘောထားပဲဗျ၊ စောစောက ပြောတဲ့ အရှင်ဝိနယက သတိပဋ္ဌာန် တရားလေးပါးကို ကျင့်သားရပြီးတဲ့ ယောဂီရဲ့ ကိုယ်မှာ ဘ၀ လွတ်မြောက်ခြင်း အသိပညာ မဂ်ဉာဏ် ဖြစ်ပေါ်လာပုံကို ဖော်ပြထားတာဗျ၊ ဝေဒနာနုပဿနာကို အားထုတ်ခြင်းဖြင့် မဂ်ဉာဏ်ကို ရောက်ရှိနိုင်ပုံကို ဖော်ပြထားတယ်၊ လေ့လာသင့်တယ်ဗျ'

'ဟုတ်ကဲ့၊ ကျွန်တော် ဘာကို လေ့လာရမယ် ဆိုတာ သိပါပြီ ဆရာ'

'စွန်းလွန်း ဝိပဿနာ ရှုနည်းကို ခြုံပြီး သုံးသပ်ရင် –

– ထိမှု သိမှု ထိုနှစ်ခု ကြပ်ကြပ် သတိပြု၊

**Be regorously mindful of the awarenes of tough.**

– မောလည်း မနားနှင့်၊ ယားလည်း မကုတ်နှင့်၊ ညောင်းလည်း

---

* စွန်းလွန်း ဥပနိသျှည်း၊ ဦးသာသနာ့ဝိသုဒ္ဓိ (မိုလ်သိမ်းဆွေ)၊ စာ ၁၁၂

www.burmeseclassic.com



မပြောင်းနှင့်၊

Do not rest when tired, not scratch when itches, not shift when cramped.

– သဒ္ဓါ၊ သတိ၊ ဝီရိယနှင့် ပြည့်စုံမှ ဒုက္ခဝေဒနာကို ကျော်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရနိုင်တယ်၊

Have saddhã, sati, viriya to purify ourselves, to overcome pain and grief, to reach the right path, to win nibbãna.

'ဒီနေရာမှာ ထိမှု၊ သိမှု၊ သတိပြုပြီး ပစ္စုပ္ပန် တည့်တည့်ကျအောင် နေနိုင်၊ ရှုနိုင်ရင် (ဝေဒနာနိရောဓာ၊ တဏှာနိရောဓော) ပစ္စုပ္ပန် အစပ်၊ ဝေဒနာနှင့် တဏှာကြားက သံသရာ ပဋိစ္စသမုပ္ပါဒ် ဖြတ်နိုင်ပုံကိုလည်း ပြထားတယ်ဗျ၊ စွန်းလွန်း ဥပနိသျှည်းကျမ်းကို ဖတ်ကြည့်ဗျာ'

'ဒီလောက် သိရရင် လုံလောက်ပါပြီ ဆရာ၊ စွန်းလွန်း ဆရာတော်လည်း ပဋိစ္စသမုပ္ပါဒ် တရားကို ပဓာနထားတာပဲနော်'

'ဟုတ်တယ်ဗျ'

**မဟာစည်မှု ဝိပဿနာကျင့်စဉ် ဉာဏ်အမြင်**

'ခု မဟာစည် ဆရာတော်ကြီး ပြသခဲ့တဲ့ ဝိပဿနာရှုနည်းကို လေ့လာ ကြည့်ကြရအောင်၊ ခင်ဗျား ခပ်ကျဉ်းကျဉ်း သိချင်ရင်တော့ *ဗုဒ္ဓဘာသာကောင်း တစ်ယောက်* မှာ ကြည့်ပေါ့၊ အဲဒီကျမ်းမှာကတော့ ပိန်ဖောင်းက စပြီး ကိုယ်အမှုအရာ စိတ် အမှုအရာတိုင်းကို အနုစိတ် မှတ်ပုံတွေကို ဖော်ပြထားတယ်၊ အဲဒီ စာအုပ်ထဲမှာ ဖော်ပြထားတာက လူတိုင်း နားလည်နိုင်တယ်၊ သို့သော် ခင်ဗျားလို ဆင်ခြင် သုံးသပ်ပြီး မေးမြန်းတတ်တဲ့လူ ခေါင်းထဲမှာတော့ မေးခွန်းတွေ အများကြီး ပေါ်လာနိုင်တယ်'

'ဘာဖြစ်လို့လဲ ဆရာ'

'ဥပမာ အာနာပါန ဝင်လေ ထွက်လေကို ရှုတဲ့အခါ မဟာစည်နည်းမှာ စိတ်ကို နှာသီးဖျား အထက် နှုတ်ခမ်း တစ်နေရာမှာ မထားဘဲ ဝမ်းဗိုက်မှာ ထားတယ်၊ အသက် ရှူလိုက်လို့ ဝမ်းဗိုက် ဖောင်းလာရင် ဖောင်းတယ် လို့ စိတ်နှင့် မှတ်ရတယ်၊ အသက် ရှူထုတ်လိုက်လို့ ဗိုက်ပိန်သွားရင် ပိန်တယ်လို့ မှတ်ရတယ်'

'ဒါဆိုရင် ပညတ်တွေပေါ်မှာ သောင်တင်မနေဘူးလား'



www.burmeseclassic

www.burmeseclassic.com



'အဲ ပြောတယ် မဟုတ်လား၊ ခင်ဗျား ခေါင်းထဲမှာ မေးခွန်းတွေ ပြဿနာတွေ ပေါ်လာမယ်လို့၊ ခင်ဗျား ခေါင်းထဲမှာ မေးခွန်းတွေကို အဖြေပေး နိုင်အောင် မဟာစည် ဆရာတော် အင်္ဂလိပ်လို ဟောထားတဲ့ စာအုပ် ရှိတယ်၊ **Practical Insight Meditaion** တဲ့ဗျ၊ အဲဒီ စာအုပ်ကို ဖတ်လိုက်ရင်တော့ ခင်ဗျား လိုချင်တဲ့ အဖြေတွေကို ရမှာပါပဲ'

'ဒီလိုဆိုရင်လည်း ကျွန်တော် သိသင့်တာလောက် ရွေးပြီး ဆရာပဲ ပြောပြပါဦး၊ စာအုပ် ရှာရမှာနှင့် ဖတ်ဖို့ အချိန်ပေးရဦးမှာ ဆိုတော့ ကျွန်တော် လုပ်ဖြစ်မယ် မထင်ဘူး ဆရာ'

'လက်တွေ့ကျတော့ ပြောတာလောက် မလွယ်ပါဘူး၊ ဟုတ်ပါတယ်၊ ကိုစိုး ပြောတာ၊ ဒါဆိုရင် သိသင့် သိထိုက်တာလောက်ကို ကျွန်တော် ထုတ်ပြမယ်၊ ခင်ဗျားကလည်း အင်္ဂလိပ်လို တရားစကား ပြောတာကို ကြိုက်တာနှင့်တော့ အတော်ပါပဲ၊ ဆရာတော်ကြီး ဟောတဲ့ **Insight Meditation: Basic and Progressive Stages** ဆိုတဲ့ စာအုပ်လည်း ရှိတယ်၊ အခြေခံနှင့် အဆင့်မြင့်ပိုင်း ဆိုပြီး နှစ်ပိုင်း ခွဲပြထားတယ်'

'ဒါဆိုရင်လည်း အဲဒီ စာအုပ်တွေထဲက သဘောတရားတွေကိုပဲ ရှင်းပြပါလား ဆရာရယ်၊ ပိုပြီး အဆင့်မြင့်မြင့် သိရတာပေါ့၊ မဟုတ်ရင် ပညတ်တွေကိုပဲ မှတ်ခိုင်းနေတာပဲလို့ ထင်မိနေပါဦးမယ်'

'ဟုတ်တယ်ဗျ၊ လိုရင်းကို မရောက်ဘဲ နေတတ်တယ်၊ သိသင့် သိထိုက်တာတွေကို ရေရေလည်လည် မသိဘဲနှင့် ဝေဖန် သုံးသပ်မိရင်လည်း အစာမကြေတဲ့ ရောဂါမျိုး ဖြစ်တတ်တယ်၊ ကဲ နာဗျာ၊ ဆရာတော်က ဒီစာအုပ်တွေထဲမှာ ဝိပဿနာ အားမထုတ်ခင် ယောဂီ ကြိုတင် ပြင်ဆင်ရတဲ့ ကိစ္စက စပြီး ဟောတော်မူတယ်ဗျ၊ ဘယ်လို ဟောသလဲ ဆိုတော့–

### ကြိုတင် ပြင်ဆင်ပုံ Prepatory stage

If you sincerely desire to develop contemplation and attain insight in this your present life, you must give up worldly thoughts and actions during training. This course of action is for the purification of conduct, essential preliminary step toward the proper development of contemplation. You must also observe the rules of discipline prescribed for layman (or for monks, as the



www.burmeseclassic

www.burmeseclassic.com



case may be), for they are important in gaining insight. တဲ့ဗျ၊ ဒါက တရား အားမထုတ်ခင် ကိုယ်နှုတ် စင်ကြယ်အောင် သီလ သိက္ခာပုဒ်တွေကို ဆောက်တည်ရမယ် ဆိုတဲ့ အပိုင်းဗျ၊ နားလည်တယ် မဟုတ်လား'

'သိပ် မခက်ပါဘူး၊ ဒီဘဝမှာတွင် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တကယ်တမ်း ရချင်တဲ့ စိတ်နှင့် လုပ်မယ် ဆိုရင် လောကီစိတ်တွေ၊ လောကီ အလုပ်တွေကို တရား အားထုတ်နေစဉ် အတွင်းမှာ စွန့်ပယ်ထားရမယ်၊ အပြုအမူကို စင်ကြယ်အောင် သမာဓိ ဖြစ်ပေါ်လာအောင် လုပ်တဲ့ နေရာမှာ အခြေခံ အကျဆုံးသော သီလကို စောင့်ထိန်းခြင်းက စရမယ်၊ ဒါမှ သမာဓိ ပညာကို ဖြစ်ပေါ်လာစေနိုင်တယ်လို့ ဆိုတာပဲ မဟုတ်လား ဆရာ'

'ဟုတ်တယ် ကိုစိုး၊ ဟုတ်ပါတယ်၊ ခင်ဗျားရဲ့ အင်္ဂလိပ်စာ နားလည်မှု comprehension စွမ်းရည် သိသိသာသာ တိုးတက်လာပြီဗျ'

'ဆက်ပြီး ပြောပါဦး ဆရာရဲ့၊ မြန်မြန်လည်း ပြောပါ'

'ဟ ဘာဖြစ်လို့ လောနေတာလဲ ခင်ဗျားက'

'ကျွန်တော့် စိတ်ထဲမှာ သချိုင်းကုန်းကို သွားရင်း သုသာန်ထဲ မရောက်ခင် လမ်းမှာ ဆရာနှင့် ဒီတရားစကားတွေကို အပြေးအလွှား ပြောနေရသလိုပဲ ခံစားနေရလို့ပါ'

'အင်း၊ ခင်ဗျားရဲ့ ဣန္ဒြေကလည်း ရင့်ကျက်လာပြီ၊ သံဝေဂ ဉာဏ်ကလည်း အားကောင်းလာပြီ၊ ဒါကြောင့်ကိုး၊ ဟုတ်ပြီ၊ ဒါမှ တရားအကြောင်း ဆွေးနွေးရတာ တန်ဖိုး ပိုရှိတယ်၊ ဒီလို သီလ ဆောက်တည်ပြီးရင် မိမိရဲ့ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေကို ဘုရားနှင့် ကမ္မဋ္ဌာနာစရိယကို ပေးလှူထားရမယ်၊ ဒီလို လှူတန်းလိုက်တဲ့ အတွက် လောဘ၊ ဒေါသ၊ မောဟတွေက ကင်းစင်ခြင်း အကျိုးကို ရရှိနိုင်တယ်၊ ဝိပဿနာ အလုပ်ရဲ့ ရည်ရွယ်ချက်ကလည်း လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ ကင်းစင်သွားဖို့ ဖြစ်တယ်၊ ဒီ အားထုတ်မှု အလုပ်ဟာ သတိအပေါ်မှာ အခြေခံတယ်၊ (သတိပဋ္ဌာန) သတိပဋ္ဌာန်အားဖြင့်သာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရောက်နိုင်တယ်၊ မဟာစည် ဆရာတော်ကြီးက ဝိပဿနာ အားထုတ်မှု အစမှာ အနုဂ္ဂဟိတ တရားလေးပါး four protections ကို ပွားများရမယ်တဲ့ဗျ၊ မဟာစည် ဆရာတော် ပြထားတာက –

(၁) ဂုဏ်တော် ကိုးပါးကို ပွားများရမယ်၊

(၂) သတ္တဝါတွေကို မေတ္တာ ပို့ရမယ်၊



www.burmeseclassic

www.burmeseclassic.com



(၃) ခန္ဓာကိုယ်ရဲ့ မသန့်ရှင်းတဲ့ သဘောတွေ၊ အစာဟောင်းအိမ်၊ အူမကြီး၊ သလိပ်၊ ပြည်၊ သွေး စသည်တို့ရဲ့ စက်ဆုပ်ဖွယ် အချင်းအရာကို ဆင်ခြင်ရမယ်၊

(၄) မရဏာနုဿတိ – သေခြင်းတရားကို ဆင်ခြင်ရမယ်လို့ ဟောထားတယ်၊ ဒီမှာ ခင်ဗျား ဗဟုသုတ အလို့ငှာ ပြောရရင် ရွှေတောင်ကုန်း ဆရာတော် ဦးပဏ္ဍိတရဲ့ In This Very Life ဆိုတဲ့ စာအုပ်ထဲမှာ ဝိပဿနာ အားထုတ်တာဟာ ဥယျာဉ်စိုက်တာနှင့် တူတယ်၊ သမာဓိ ထူထောင်ပြီး ရလာတဲ့ သတိနှင့် ဉာဏ်ပညာပင် ပေါက်လာအောင် ပြုစု ပျိုးထောင်ရတာ ဖြစ်လို့ ဒီအပင်ကလေး ရှင်သန် ကြီးထွားလာအောင် ကာကွယ်ပေးရမယ်၊ ဒီမှာ ဆရာတော်က ကာကွယ်ခြင်း ငါးမျိုး five protections (anuggahitas) ကို ပြထားတယ်ဗျ'

'ဘာတွေလဲ ဆရာရဲ့ ပြောပါဦး'

'အင်း၊ ပြောစရာတွေက များများလာတယ်၊ ပြောသင့်တယ် ထင်တာကိုတော့ ပြောမယ်၊

(၁) သီလာ နုဂ္ဂဟိတ – morality's protection

(၂) သုတာ နုဂ္ဂဟိတ – listerning to discourses on the Dhamma.

(၃) သာကစ္ဆာ နုဂ္ဂဟိတ – discussing with the teacher

(၄) သမထာ နုဂ္ဂဟိတ – protection of concentration

(၅) ဝိပဿနာ နုဂ္ဂဟိတ – protection of hinderences of vipassana-insignt. (နိကာယ) *

'ဒီလို တရားအားမထုတ်မီ ကြိုတင် ပြုအပ်တဲ့ ပရိကံ ကိစ္စများကို ပြုလုပ်ပြီးမှ ဝမ်းဗိုက်မှာ စိတ်ကိုထားပြီး ဖောင်းပိန်ကို ရှုမှတ်ရတယ်၊ တင်ပျဉ်ခွေ (ထက်ဝယ်ဖွဲ့ခွေ) သက်သောင့်သက်သာ ထိုင်၊ ကျောကို ဆန့်ထားပြီး ပိန်ဖောင်း ရှုမှတ်မှုကို စတင်တယ်၊ ဒီစာအုပ်ထဲမှာတော့ အခြေခံ လေ့ကျင့်ခန်း (၁) Basic Exercise I - Try to keep your mind (but not your eyes) on the abdomen. မျက်လုံးကို မဟုတ်ဘူး၊ စိတ်ကို ဝမ်းဗိုက်မှာထား ရှု၊ ထိုအခါ ဝမ်းဗိုက်သည် ဝင်လေ ထွက်လေကို လိုက်၍ ဖောင်းလိုက် ပိန်လိုက် ဖြစ်နေတာကို တွေ့ရမယ်၊ ဒီဖောင်းပိန် လှုပ်ရှားမှုဟာ စိတ်ထဲမှာ မထင်ရှားဘူး ဆိုရင် ဗိုက်ကို လက်နှစ်ဖက်နှင့် ဖိထား၊ ထင်ရှားလာလိမ့်မယ်၊ ဒီအခါကျရင်

---

* In This Very Life – U Pandita – p 22, 23



www.burmeseclassic.com

www.burmeseclassic.com


ဖောင်းတယ်၊ ပိန်တယ် ဟု စိတ်က လိုက်မှတ်ရမယ်တဲ့၊ ဒီလို ဖောင်းပိန်ကို မှတ်ရင်းက ဉာဏ်ထဲမှာ ဝမ်းဗိုက်ရဲ့ ပုံပန်းသဏ္ဌာန် (သဏ္ဌာနပညာ) တွေ ပျောက်ပြီး လှုပ်ရှား ထောက်ကန် သဘောတွေကို ထင်မြင်လာလိမ့်မယ်တဲ့ဗျ၊ ဒီနည်းဟာ တရားအားထုတ်စ ယောဂီ အတွက် သမာဓိ ရဖို့၊ သတိမြဲဖို့ အတွက်ရော၊ ဝိပဿနာဉာဏ် ဖြစ်ပေါ်လာဖို့ အတွက်ပါ အများက ကျေးဇူး ပြုတယ်တဲ့၊ ဖောင်းတယ် ပိန်တယ်ကို နှုတ်က လိုက်မဆိုရဘူး၊ စိတ်ထဲကပဲ မှတ်ရမယ်၊ ဒီနေရာမှာ အသက်ကို မှန်မှန်ပဲ ရှူရှိုက်ရမယ်၊ မြန်မြန် မရှူရ မရှိုက်ရဘူးတဲ့၊ ဖောင်းပိန်ကို ရှုမှတ်တာဟာ အခြေခံ လေ့ကျင့်ခန်း တစ်လို့ မှတ်ထားဗျာ'

'ဒါ အခြေခံ အဆင့် တစ် ဆိုတော့ အဆင့် နှစ် ရှိသေးလို့လား ဆရာ'

'ဟုတ်တယ်၊ ရှိသေးတယ်ဗျ'

'ပြောပြပါဦး ဆရာ'

'Basic Exercise II: ဒီအဆင့်မှာ ဝမ်းဗိုက်ရဲ့ ဖောင်း ပိန် ကို မှတ်နေရင်း ဖောင်း ပိန် ကြားထဲမှာ အခြားသော စိတ်ကူး စိတ်သန်းတွေ၊ အလိုဆန္ဒတွေ၊ အကြံအစည်တွေ၊ အတွေးတွေ ဝင်လာတတ်တယ်တဲ့၊ အဲဒီ အတွေးတွေ ဝင်လာရင်လည်း ဒီအတွေးတွေ၊ စိတ်ကူးတွေ၊ အလိုဆန္ဒတွေ၊ အကြံအစည်တွေကို အမှတ်တမဲ့ မထားရ၊ ဂရုမစိုက်ဘဲ မနေရ၊ ဒီအတွေးတွေ၊ အကြံတွေ၊ စိတ်ကူးတွေကိုလည်း မှတ်ရမယ်တဲ့'

'ဘယ်လို မှတ်ရမလဲ ဆရာ'

'သမာဓိ ကောင်းလာတဲ့အခါ ဖောင်းတာနှင့် အသိနှင့်၊ သိတာနှင့် ကပ်နေလိမ့်မယ်၊ သမာဓိ သိပ်မကောင်းခင်မှာတော့ စိတ်က အပြင်ထွက်ပြီး လွင့်ချင် လွင့်မယ်၊ ပြန့်ချင် ပြန့်မယ်၊ လွင့်ရင် လွင့်တယ် လွင့်တယ်၊ ပြန့်ရင် ပြန့်တယ် ပြန့်တယ်၊ တွေးရင် တွေးတယ် တွေးတယ်၊ စိတ်ကူးထဲမှာ လူတစ်ယောက်နှင့် တွေ့ရင် တွေ့တယ် တွေ့တယ်၊ စကားပြောရင် ပြောတယ် ပြောတယ်လို့ မှတ်ရမယ်တဲ့၊ စိတ်ထဲ ဝမ်းသာရင် ဝမ်းသာတယ်၊ ဝမ်းနည်းရင် ဝမ်းနည်းတယ်၊ စိတ်ပျက်ရင် စိတ်ပျက်တယ် စသည်ဖြင့် မှတ်၊ ဒီလို မှတ်လိုက်လို့ သိစရာ မှတ်စရာတွေ မရှိရင် ဖောင်း ပိန်ကို ဖောင်းတယ်၊ ပိန်တယ် ပြန်မှတ်ရမယ်တဲ့' *

---

* ဗုဒ္ဓဘာသာကောင်း တစ်ယောက်၊ စာ ၅၆၂



www.burmeseclassic

www.burmeseclassic.com



'အင်္ဂလိပ်လို ဘယ်လို ပြောထားသလဲ ဆရာ'

'အင်္ဂလိပ်လိုကျတော့ Basic Exercise II: While occupied with the exercise of the abdominal movements, other mental activities may occur between the noting of each rising and falling. Thoughts or other mental functions, such as intentions, ideas, imaginings, ect., are likely to occur between each mental not of rising and falling. They cannot be disregarded. A mental note must be made of each as it occurs. တဲ့ဗျ၊ ကဲ ရှင်းပြီလား'

'ရှင်းပြီ ဆရာ၊ အခြေခံ အဆင့် တစ်က ဝမ်းဗိုက်ရဲ့ ဖောင်း ပိန်ကိုပဲ စိတ်နှင့် ရှုမှတ်ရမယ်၊ အခြေခံ အဆင့် နှစ် ကျတော့ ဖောင်းပိန်ကို မှတ်နေရင်း စိတ်ထဲမှာ ပေါ်လာတဲ့ အတွေးအကြံ စိတ်ကူးတွေ၊ ဆန္ဒတွေကိုလည်း အမှတ်မဲ့ မထားရဘူး၊ သူတို့ကိုလည်း စိတ်နှင့် ရှုမှတ်ရမယ်လို့ ဆိုတာ မဟုတ်လား ဆရာ'

'ဟုတ်ပါတယ် ကိုစိုး၊ ကဲ အခြေခံ လေ့ကျင့်ခန်း သုံးကို တက်ကြဦးစို့၊ ယောဂီဟာ ဣရိယာပုတ် တစ်ခုမှာ ထိုင်ထိုင် လျှောင်းလျှောင်း ကြာကြာနေလာရင် ခန္ဓာကိုယ် တောင့်တင်းလာမယ်၊ ဒုက္ခ ဝေဒနာတွေ ပေါ်လာမယ်၊ ထုံလာရင် ထုံတယ် ထုံတယ်၊ ကျဉ်လာရင် ကျဉ်တယ် ကျဉ်တယ်၊ မောလာရင် မောတယ် မောတယ်၊ ကိုက်လာရင် ကိုက်တယ် ကိုက်တယ်၊ ခဲလာရင် ခဲတယ် ခဲတယ် စသဖြင့် မှတ်ရမယ်တဲ့ဗျ၊ သဘာဝအတိုင်း မှန်မှန် မှတ်ပါတဲ့၊ မြန်လည်း မမြန်ရဘူး၊ နှေးလည်း မနှေးရဘူးတဲ့ဗျ၊ ဝေဒနာ တစ်ခု ပေါ်လာပြီး တဖြည်းဖြည်း ပြင်းထန်လာမယ်၊ ပြီးရင် တဖြည်းဖြည်း ဆုတ်ယုတ် မှေးမှိန်ပြီး ပျောက်သွားမယ်၊ ဒီမှာတော့ ဆရာတော်က ဝေဒနာက အဆမတန် ပြင်းထန်လာလို့ မခံမရပ်နိုင်တော့ဘူး ဆိုရင် ဣရိယာပုတ်ကို ပြောင်းပါတဲ့၊ ဒါပေမဲ့ ပြောင်းတဲ့ အခါမှာလည်း အမှတ်မဲ့ မပြောင်းရဘူးတဲ့၊ ပြောင်းချင်တယ် ပြောင်းချင်တယ်၊ ရွေ့တယ် ရွေ့တယ်၊ ပြင်တယ် ပြင်တယ်၊ ပြောင်းတယ် ပြောင်းတယ်လို့ မှတ်ပြီးပဲ ပြောင်းပါတဲ့ဗျ၊ ဒီလို ပြင်ပြီး ပြောင်းပြီးလို့ ဣရိယာပုတ်သစ်ကို ရောက်ရင်တော့ မူလ ကမ္မဋ္ဌာန်း ဝမ်းဗိုက်ရဲ့ ဖောင်း ပိန်ကို ပြန်မှတ်ပါတဲ့၊ တစ်ခါတလေကျတော့ ဝေဒနာက မခံမရပ်နိုင်အောင် ဖြစ်လာရင် အဲဒီဝေဒနာကို လျစ်လျူရှုပြီး ဖောင်းပိန်ကိုပဲ စိုက်ပြီး မှတ်ပါတဲ့၊ အမှတ် ပျက်သွားရင် ဒီ မခံမရပ်နိုင်တဲ့ ဝေဒနာတွေ ပျောက်ပျက်သွားတာကို တွေ့ရတာတ်

www.burmeseclassic.com



တယ်တဲ့၊ ပြန်ပြီး အမှတ်စိပ်လာပြန်ရင် ဒီဝေဒနာတွေ ပြန်ဖြစ်လာတာ တွေ့ရတတ်တယ်တဲ့၊ ဒီနေရာမှာ အဓိဋ္ဌာန် ခိုင်ခိုင်မာမာနှင့် ရှုမှတ်နိုင်ရင် ဒီဝေဒနာတွေကို အောင်နိုင် ကျော်ဖြတ်နိုင်ကြောင်းလည်း တွေ့ရမယ်တဲ့။

'ရှုမှတ်နေရင်း ရေငတ်တယ် ဆိုရင် ငတ်တယ် ငတ်တယ်လို့ မှတ်၊ ရေသောက်ချင်စိတ် ဖြစ်လာရင် သောက်ချင်တယ် သောက်ချင်တယ်လို့ မှတ်၊ ထိုင်ရာက ထရင် ထတယ် ထတယ် မှတ်၊ အပြင် ထွက်ချင်ရင် ထွက်ချင်တယ် ထွက်ချင်တယ်လို့ မှတ်၊ ရေအိုး ရှိရာကို လှမ်းကြည့်ရင် ကြည့်တယ် ကြည့်တယ်လို့ မှတ်၊ ရေအိုးဆီကို လျှောက်သွားရင် လှမ်းတယ် သွားတယ်လို့ မှတ်ပါ၊ ညာခြေလှမ်းတယ်၊ ဘယ်ခြေလှမ်းတယ်လို့လည်း မှတ်နိုင်တယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့လည်း စင်္ကြံလျှောက်ရင်း မှတ်ရမယ်၊ ရေအိုးနား ရောက်တော့လည်း အမှတ် မလွတ်စေနှင့်၊ ရေအိုးကို မြင်ရင် မြင်တယ် မြင်တယ်၊

'ရပ်ရင် ရပ်တယ် ရပ်တယ် မှတ်၊
လက်ဆန့်ရင် လက်ဆန့်တယ် လက်ဆန့်တယ်လို့ မှတ်၊
ရေခွက်ကို လက်ထိရင် ထိတယ် ထိတယ် မှတ်၊
ရေခွက်ကို ကိုင်ရင် ကိုင်တယ် ကိုင်တယ် မှတ်၊
ရေခွက် ယူရင် ယူတယ် ယူတယ် မှတ်၊
ရေအိုးအဖုံး ဖွင့်ရင် ဖွင့်တယ် ဖွင့်တယ် မှတ်၊
ရေ ခပ်ရင် ခပ်တယ် ခပ်တယ် မှတ်၊
ရေခွက်ကို ပါးစပ်နား ယူရင် ယူတယ် ယူတယ် မှတ်၊
နှုတ်ခမ်းနှင့် ရေခွက် ထိရင် ထိတယ် ထိတယ် မှတ်၊
သောက်ရင် သောက်တယ် သောက်တယ် မှတ်၊
မျိုချရင် မျိုတယ် မျိုတယ် မှတ်၊
ရေခွက် ပြန်ထားရင် ထားတယ် ထားတယ် မှတ်၊

'ဒီလို လှုပ်ရှားမှု ကိုယ်အမူအရာတိုင်း စိတ်အမူအရာတိုင်းကို အဆက်မပြတ် အမှတ်စိပ်စိပ် မှတ်သွားရမယ်၊ ပြီး ပြန်ထိုင်ရင် ဖောင်းတယ်၊ ပိန်တယ်ကို ပြန်မှတ်ရမယ်တဲ့၊ ဒီနည်းနှင့် သမာဓိကို ထူထောင်သွားလို့ သမာဓိရလာပြီ ဆိုရင် တစ်ကိုယ်လုံး ကိုယ်စိတ် နှစ်ပါး လန်းဆန်းနေလိမ့်မယ်တဲ့၊ ဒီလို ရှုမှတ်မှုကို အိပ်ရာက နိုးတဲ့ အချိန်က စပြီး အိပ်ပျော်သွားတဲ့ အချိန်တိုင်းမှာ သတိကပ်ပြီး ရှုမှတ်ကြရမယ်၊ စားသောက်ချိန်မှာလည်း အရှုအမှတ်ဖြင့်သာ စားရမယ်၊ စင်္ကြံ လျှောက်ရင်လည်း အမှတ်နှင့် လျှောက်ရမယ်။



www.burmeseclassic

www.burmeseclassic.com



'ဒီလို မှတ်ရင်း သမာဓိ အားကောင်းလာပြီ ဆိုရင် ဖောင်းတယ် ပိန်တယ်ကို ကြာရှည် မှတ်လာနိုင်တယ်၊ ဖောင်းတယ် ပိန်တယ် ကြားမှာ ထိုင်တယ် လျှောင်းတယ်ကိုပါ ပိုပြီး မှတ်လာနိုင်တယ်၊ ဒီသဘောတွေရဲ့ အသေးစိတ်ကိုတော့ လက်တွေ့ အားထုတ်တဲ့ အခါကျမှ ပိုပြီး နားလည် သဘောပေါက်လာနိုင်တယ်ဗျ၊ ဒါက အခြေခံ အဆင့် သုံးဆင့်လို့ မှတ်ပေါ့'

'အဆင့်မြင့် သဘောလည်း ရှိသေးသလား'

'Progressive Practice ဆိုတဲ့ အပိုင်းလည်း ရှိသေးတယ်ဗျ'

'ပြောပြပါဦး ဆရာရဲ့'

'သတိ အားကောင်းပြီး သမာဓိ (စိတ်တည်ကြည်မှု) ရလာတဲ့အခါကျရင် ယောဂီဟာ ရုပ်နာမ်ဖြစ်ပျက်ကို အစုံလိုက် တွေ့နေရတယ်၊ ဖောင်းတာရယ်၊ သိတာရယ်၊ ပိန်တာရယ် သိတာရယ်၊ ဖောင်းတာ ရုပ်၊ သိတာက နာမ်၊ ပိန်တာက ရုပ်၊ သိတာက နာမ်၊ ဒီလို ရုပ်နာမ်ကို အတွဲလိုက် သိမြင်လာတယ်၊ ဒါကို ဆရာတော်ကြီးက အင်္ဂလိပ်လို ဟောထားပုံကို ပြောပြရင် ခင်ဗျား ပိုပြီး သဘောကျလိမ့်မယ်'

'ဟုတ်ကဲ့၊ ကြားချင်ပါတယ် ဆရာ'

'When, as mentioned above, by dint of diligent practice, mindfulness and concentration have improved, the meditator will notice the pairwise occurance of an object and the knowing of it, such as rising and awareness of it, the falling and awareness of it, sitting and awareness of it, bending and awareness of it, stretching and awareness of it, lifting and awareness of it. သမာဓိ အားကောင်းလာတော့ ယောဂီရဲ့ ဉာဏ်ထဲမှာ ရုပ်ဖြစ်တာက တစ်ခု၊ သိမှုနာမ် ဖြစ်လာတာက တခြား တစ်ခု ဖြစ်နေတာကို မြင်လာတယ်တဲ့၊ ဖောင်းတာက သတ်သတ်၊ သိတာက သတ်သတ်၊ ပိန်တာက သတ်သတ်၊ သိတာက သတ်သတ် ဖြစ်နေတာကို ခွဲခြား နားလည်လာတယ်တဲ့၊ ဖောင်းတာရယ်၊ သိတာရယ်၊ ပိန်တာရယ်၊ သိတာရယ်ပဲ ရှိတယ် ဆိုတာကို ယောဂီရဲ့ ဉာဏ်မှာ ထင်ထင်ရှားရှား သိလာတဲ့အခါ ရှိတဲ့ ရုပ်နှင့် သိတဲ့ နာမ်မှ တစ်ပါး ဘာမှ မရှိဘူး ဆိုတာ နားလည်လာတယ်တဲ့။

'When meditator comes to know the difference between a bodily process and a mental process, he would reflect from



ဉာဏ်လမ်းပေါ်လျှောက် လူတစ်ယောက် အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



direct experience thus: 'There is the rising and knowing it, the falling and knowing it, and so on and so forth. There is nothing else besides them. The word man or woman refer to the same process; there is no person or soul.' ဆိုပြီး ပုဂ္ဂိုလ်သတ္တဝါ၊ ယောကျ်ား မိန်းမ မရှိ၊ နာမ်နှင့် ရုပ်ပဲ ရှိတယ်လို့ ယောဂီ နားလည်လာပုံကို ပြထားတယ် ဗျ'

'ဒါဆိုရင် နာမရူပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဖြုတ်တဲ့ သဘောပဲပေါ့နော် ဆရာ'

'ဟုတ်ပါတယ် ကိုစိုး'

'ဟုတ်ပြီ၊ သမထကနေ ဝိပဿနာကို တက်တဲ့အခါ ရုပ်နာမ် ခွဲပြီး ဒိဋ္ဌိဖြုတ်ကြရတာချည်းပါပဲ၊ ဝိပဿနာ ဆရာတိုင်း ဒီသဘောကို လက်ခံကြတာ ချည်းပဲဟာ၊ လမ်းစဉ်ကတော့ ဘာမှ မကွဲပါဘူး'

'ကိုစိုးကလည်း အဲဒါတွေကို မစဉ်းစားနှင့်၊ အဲဒါ ကိုယ့်အလုပ် မဟုတ် ဘူးလို့ပဲ သဘောထားလိုက်ဗျ၊ အရေးကြီးတာက ဒီဝိပဿနာ ဆရာကြီးတွေ ထံက မှတ်လောက်သားလောက်စရာ ကိုယ့်အတွက် ဘာကျန်မလဲ၊ ဘာရမလဲ ဆိုတာပဲ ဂရုစိုက်ပြီး ကြည့်ပါဗျ'

'ဟုတ်ကဲ့၊ ဆရာ့ သဘောထားကို ကျွန်တော် လေးစားပါတယ်၊ နား လည်း လည်လာပါပြီ ဆရာ'

'ပြဿနာ မဟုတ်တာကို ပြဿနာ မလုပ်စေချင်လို့ သတိပေးတာ ပါဗျာ'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာ'

'ဒီအဆင့်မြင့် ဉာဏ်ပိုင်းမှာ ယောဂီရဲ့ သတိသမ္ပဇဉ် အားကောင်းလာ တာနှင့် အမျှ ရုပ်ရဲ့ လှုပ်ရှားမှုတွေ မဖြစ်ပေါ်ခင်မှာ နာမ်ရဲ့ စေ့ဆော်မှုတွေ အကြောင်းတရား အဖြစ် ရှိနေကြတယ် ဆိုတာကို သိမြင်လာနိုင်တယ်၊ ဥပမာ လက်ကွေးတယ် ဆိုပါစို့၊ ကွေးချင်စိတ် ဖြစ်ပြီးမှ လက်က ကွေးတာကို ခွဲခြား သိလာတယ်၊ လက်မကွေးခင်က လက်ကွေးချင်စိတ် ဖြစ်တယ်၊ ဒီမှာ စိတ်က အကြောင်း၊ ရုပ်က အကျိုး ဖြစ်တယ်၊ လက်ကွေးလိုက်ပြီးတော့ လက်ကွေး သွားပြီလို့ သိလာပြန်ရော၊ အဲဒီနေရာကျတော့ လက်ကွေးခြင်းက အကြောင်း၊ သိခြင်းက အကျိုး ဖြစ်သွားပြန်တယ်၊ နာမ်နှင့် ရုပ်၊ ရုပ်နှင့် နာမ် အပြန်အလှန် အကြောင်းအကျိုး ပြုနေတဲ့ သဘောကို ဒီအဆင့်မြင့်ပိုင်းကျရင် ယောဂီဟာ တိုက်ရိုက် အတွေ့အကြုံနှင့် သိလာရတယ်လို့ ဆရာတော်က ပြထားတယ်'





www.burmeseclassic.com

www.burmeseclassic.com


'ဒါက ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်ပုံ ပြတာပဲ မဟုတ်လား ဆရာ'

'ဒါပါပဲ ကိုစိုးရဲ့၊ ဒါပြီးရင် အပူ အအေးကြောင့် ခန္ဓာကိုယ် ပူလာ အေးလာရပုံ၊ အစားအစာကြောင့် အသက်ရှင်နေကြရပုံ၊ မျက်လုံးနှင့် အဆင်း တိုက်လို့ မြင်စိတ် ဖြစ်ပေါ်လာရပုံ၊ နားနှင့် အသံတိုက်လို့ ကြားစိတ် ဖြစ်ပေါ် လာရပုံ စသည်တို့ကို ပြတယ်၊ ဒီမှာ ဆရာတော်က **feelings (sensations) of all kinds are consequences of previous karma.** ရှေးက ပြုခဲ့တဲ့ ကံအကြောင်းကြောင့် ဝေဒနာ အမျိုးမျိုးဟာ အကျိုးဆက် အဖြစ် ပေါ်လာရ တယ်လို့ ဆိုထားတယ်၊ ဆိုလိုတာကတော့ ဒီဝေဒနာတွေကို ဘယ်သူ ဘယ်ဝါ ဖန်ဆင်းတာ မဟုတ်ဘူး၊ အကြောင်းကြောင့် အကျိုးဖြစ်လာတာလို့ ဆိုလို ခြင်း ဖြစ်တယ်ဗျ'

'ဖဿကြောင့် ဝေဒနာ ဖြစ်ပေါ်တာ မဟုတ်လား ဆရာ'

'ခင်ဗျား ခေါင်းထဲမှာ ပဋိစ္စသမုပ္ပါဒ် သဘော ပေါ်လာလို့ မေးတာ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'ထားတော့၊ ဘယ်လိုပဲပြောပြော အကြောင်းကြောင့် အကျိုး ဖြစ်ပေါ် လာရတယ် ဆိုတာကို ပြောလာတယ် ဆိုကတည်းက ပဋိစ္စသမုပ္ပါဒ် တရားကို အခြေခံပြီး ပြောတာချည်းပါပဲဗျာ၊ ဒါ ဘုရားဟောပဲဟာ၊ လွတ်လို့ ဘယ်ရမလဲ၊ ပြီးတော့ ဒီအဆင့်ကျရင် ယောဂီရဲ့ မျက်စိထဲမှာ နိမိတ် ပုံရိပ်တွေကို အထင် အရှား မြင်လာတတ်ပုံကိုလည်း ဆရာတော်ကြီးက ဟောထားတယ်ဗျ၊ အသုဘ နိမိတ်တွေ၊ အရိုးစုကြီးတွေ၊ အသေကောင် ပုပ်ပွနေတာတွေကိုလည်း မြင်လာ တတ်ပုံကို ဟောထားတယ်၊ ဒီလို မြင်လာရင်လည်း ယောဂီက ဘာမြင်တယ် ညာမြင်တယ်လို့ မမှတ်ဘဲ မြင်တယ် မြင်တယ်လို့ပဲ မှတ်ရမယ်တဲ့၊ ဘာမှ မမြင်လို့ ယောဂီ စိတ်ထဲမှာ ပျင်းလာရင်လည်း ပျင်းတယ် ပျင်းတယ်လို့ပဲ မှတ်ပါတဲ့၊ နောက်တစ်ဆင့် ရောက်တဲ့အခါ ယောဂီရဲ့ ဉာဏ်ထဲမှာ ဖြစ်ပေါ် သမျှ သင်္ခါရတရားတွေဟာ ပျက်ပျက်သွားတာကို မြင်လာတယ်တဲ့'

'ဟုတ်ပြီ၊ ဖြစ်ပျက် မြင်ပြီးရင် ဝိပဿနာကို တက်နိုင်ပြီ၊ ကျွန်တော် သဘောပေါက်သွားပြီ ဆရာ'

'ဒီအဆင့်မှာ ယောဂီဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါး ကို ထင်မြင်လာပုံကို ဟောတော်မူတယ်၊ ဖြစ်ပျက်မြင်တဲ့ ဥဒယဗ္ဗယဉာဏ် ကနေ နောက်ပိုင်းမှာ ဝိပဿနာဉာဏ် အဆင့်ဆင့် တက်သွားပုံကို ပြတယ်၊


www.burmeseclassic

www.burmeseclassic.com



ဝိပဿနာဉာဏ် ရင့်သန်လာတာနှင့်အမျှ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဣန္ဒြေတွေ ရင့်ကျက်လာတယ်၊ ဉာဏ်ကလည်း ထက် သတိကလည်း ကောင်းလာတဲ့အခါ ရုပ်နာမ် ဖြစ်ပျက်ကလည်း ပိုပြီး မြန်လာတယ်၊ ဖောင်း ပိန်ကလည်း ပိုပြီး မြန်လာတယ်တဲ့၊ ဝေဒနာ အမျိုးမျိုးကလည်း အဖြစ်အပျက် မြန်လာတယ်၊ ဒါကို ယောဂီဟာ တစ်ခုချင်း လိုက်ပြီး မမှတ်နိုင်ဘူး၊ ခြုံပြီးပဲ မှတ်ရတော့တယ်တဲ့၊ တစ်ခုချင်း နာမည်တပ်လို့ကို မရတော့ဘူး၊ ရုပ်နာမ် ဖြစ်ပျက်တွေဟာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာ အကြိမ်များစွာ ဖြစ်နေတယ်၊ သိပ် မြန်လွန်းနေတယ်၊ ဒီအခါမှာ ဖြစ်ပျက်က လွဲပြီး ဘာမှ မရှိဘူး ဆိုတာကို ယောဂီရဲ့ ဉာဏ်မှာ သိမြင် နားလည်လာရတယ်တဲ့ဗျ၊ ဒီ အချိန်မှာ ယောဂီရဲ့ မျက်စိထဲမှာ စူးရှတဲ့ အရောင်အလင်းတွေလည်း ပေါ်လာ တတ်တယ်၊ ပီတိ ဖြစ်ပြီး ကြက်သီးမွေးညင်း ထလာတတ်တယ်၊ မျက်ရည်ကျ လာတတ်တယ်၊ ရင်ထဲမှာလည်း သိမ့်သိမ့်ခါပြီး တုန်လာတတ်တယ်၊ ပုခက် စီးသလို ဒန်းလွဲသလိုလည်း ခံစားလာရတတ်တယ်၊ ပီတိပဿဒ္ဓိတွေလည်း ဖြစ်လာတယ်တဲ့'

'ဒါက ဥဒယဗ္ဗယဉာဏ် အစမှာ ဥပက္ကိလေသာတွေ ဖြစ်လာတဲ့ သဘော မဟုတ်လား ဆရာ'

'ဟုတ်ပါတယ် ကိုစိုး'

'ဒါဆိုရင် ကျွန်တော် သဘောပေါက်ပြီ ဆရာ၊ ကျွန်တော့် ခေါင်းထဲမှာ ဖောင်းပိန်ကနေ ဝိပဿနာ နာမ်ရုပ်၊ ကြောင်းကျိုး ဖြစ်ပျက်ကို ဘယ်လို တက်မလဲ ဆိုတဲ့ ပြဿနာ ပြေသွားပါပြီ'

'ဒါက စာသဘောနှင့် နားလည်တာဗျ၊ ခန္ဓာမှာ ဉာဏ်အမြင်ပေါက် ပြီ ထိထိရောက်ရောက် သိဖို့ကတော့ လက်တွေ့ ကျင့်ကြံ အားထုတ်ကြည့်မှပဲ သိလာမှာ'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် သဘော သိပါပြီ'

အချိန် အနည်းငယ် ကျန်သေးသည်။ ထို့ကြောင့် အခြား ဝိပဿနာ ရှုနည်း တစ်ခုကို ဆက်ပြောလျှင် ရသေးသည်။ သို့သော် ကိုစိုးမှာ အချိန်ရ မရ မသိပါ။

'ဒီညနေ ကျွန်တော် အားပါတယ်၊ ဆိုင်မှာ ကျွန်တော့်ညီမ လုလုဝင်း ရှိတယ်၊ ဆရာ ဆက်ပြီး ပြောပါ၊ နောက် ဘယ် ဝိပဿနာရှုနည်းကို ပြောမလဲ' ဟု ကိုစိုးက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ နောက်ထပ် မိုးကုတ် ဆရာတော်ရဲ့ ဝိပဿနာ ရှုနည်းကို လေ့လာ ကြည့်ကြရအောင်'

**မိုးကုတ်မှ ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင်**

'မိုးကုတ် ဆရာတော် ဘုရားကြီးရဲ့ ဝိပဿနာရှုနည်းကို သိပ်ပြီး လူကြိုက်များတာပဲနော်၊ ခုဆို မိုးကုတ် ဝိပဿနာ ရိပ်သာတွေ ပိုပြီး များလာတယ်၊ မြို့တိုင်း နယ်တိုင်းမှာ ရိပ်သာတွေရော ယောဂီတွေပါ တိုးပွားနေတယ်လို့ သိရပါတယ်၊ ဟုတ်ပါသလား ဆရာ'

'မှန်ပါတယ် ကိုစိုး၊ ဆရာတော်ကြီး ခန္ဓာဝန်ချပြီးမှ ဆရာတော်ကြီးရဲ့ နည်းကို လူကြိုက် ပိုများလာတယ်ဗျ၊ အဲဒီ အကြောင်းကို လေ့လာကြည့်တဲ့ အခါ ကျွန်တော် ယူဆတာနှင့် အမေရိကန် ဝိပဿနာ ဆရာကြီး ဂျက် ကွန်းဖီးလ် ယူဆတာ သဘောချင်း တူနေတယ်'

'ဘယ်လို တူနေတာလဲ ဆရာရဲ့၊ ပြောပြပါဦး'

'ဂျက် ကွန်းဖီးလ် သုံးသပ်ထားတာကို ပထမ ပြောပြမယ်၊ သူက Practice consists of three parts which will be explored in more detail in the following section. First, Mogok stresses the importance of intellectual understanding of Dhamma before actual meditation practice. He teaches the distinction between concept and ultimate reality, and how ultimate reality is composed of the elements and aggregates. Then he explains the cycle of dependent origination, showing how through cause and effect, craving and desire keep us trapped in the round of becoming and suffering.

'ဂျက် ကွန်းဖီးလ်ရဲ့ ဖော်ပြချက်ကို ကိုစိုး နားလည်တယ် မဟုတ်လား'

'နားလည်သလိုလိုပဲ ဆရာရဲ့၊ ဝိပဿနာ အားထုတ်ရာမှာ ဆရာတော်ကြီးက သုံးပိုင်း ခွဲခြားထားတယ် ဆိုတာ ဘာကို ပြောတာလဲ'

'ဒီလိုဗျ၊ ဆရာတော်က ဝိပဿနာ အားမထုတ်ခင် အသိနှင့် ဒိဋ္ဌိဖြုတ်ရမယ်၊ ဒိဋ္ဌိဖြုတ်ဖို့အတွက် ပစ္စုပ္ပန် ခန္ဓာကို သိရမယ်၊ ခန္ဓာကို သိဖို့အတွက် ပဋိစ္စသမုပ္ပါဒ် တရားကို လေ့လာရမယ်၊ ဒါ အလုပ် မလုပ်ခင် ဉာတပရိညာနှင့် သိရမယ်တဲ့'



www.burmeseclassic

www.burmeseclassic.com



'ဉာတပရိညာ ဆိုတာက ဘာကို ဆိုလိုတာလဲ'

'ရှေ့မှာ ကျွန်တော်တို့ ပြောခဲ့ကြပြီးပဲ၊ ခင်ဗျား မေ့သွားပြီလား၊ ဉာဏ်နှင့် ပိုင်းခြားပြီး သိတဲ့ အပိုင်းလေ၊ ဉာဏ်နှင့် ပြောရင် သစ္စာဉာဏ် အပိုင်းပဲ တဲ့ဗျ။

'ဒုတိယပိုင်းက တီရဏပရိညာပိုင်း၊ ဒါကို ဉာဏ်နှင့် ပြောရင် ကိစ္စ ဉာဏ်ပိုင်း ဖြစ်တယ်လို့ ဆရာတော်က ဟောထားတာ အများကြီး ရှိတယ်၊ တတိယပိုင်းကတော့ ပဟာနပရိညာပိုင်းဗျ၊ ဉာဏ်နှင့် ပြောရင် ကတဉာဏ်ပိုင်း ဖြစ်တယ်၊ တစ်နည်းဆိုရင် ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး ဆိုပြီး ဆရာတော်က သုံးပိုင်းထားပြီး ဟောတယ်ဗျ'

'ဒါကြောင့် မိုးကုတ် ဝိပဿနာနည်းဟာ ဓမ္မကို ဉာဏ်နှင့် နားလည်မှု intellectual understanding ကို ပဓာနထားတယ်လို့ ဂျက် ကွန်းဖီးလ်က သုံးသပ်ထားတာ ဖြစ်မယ်နော်'

'ဟုတ်ပါတယ် ကိုစိုး၊ ဒီသဘောထားမျိုး ကျွန်တော့် ခေါင်းထဲမှာ လည်း ရှိတယ်၊ ဆရာတော်ကြီးက ဝိပဿနာ အလုပ် မလုပ်ခင် ကြိုပြီး ယောဂီဟာ အသိဉာဏ်ကို ထူထောင်ရမယ့် သဘောကို အလေးထားတယ်၊ ဒီနေရာမှာ ဆရာတော်ကြီးက ပညတ်နှင့် ပရမတ်ကိုလည်း ခွဲခြားပြီး နားလည် အောင် ပြတယ်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေရဲ့ သဘောတွေကိုလည်း မြင်အောင် ပြတယ်၊ အဓိကတော့ cycle of dependent origination ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် တရားကို ယောဂီ ကနဦးကတည်းက နားလည်ဖို့ လိုအပ်တယ် ဆိုတာကို သိပ်ပြီး အရေးထား ဟောကြားတော်မူခဲ့တယ်ဗျ'

'ဒါဆို မိုးကုတ် ဆရာတော်ဟာ လယ်တီ ဆရာတော်နှင့်လည်း သဘော ချင်း တူတာပေါ့နော်'

'ဟုတ်တယ် ကိုစိုး၊ ဒီအချက်ကိုလည်း ဂျက် ကွန်းဖီးလ်က သတိပြုမိခဲ့ တယ်၊ ဒါကြောင့် သူက Ledi Sayadaw had increased understanding of the Law of Dependent Origination among Burmese Buddhists, and Mogok Sayadaw revived and emphasized its importance in his teaching. Mogok Sayadaw follows in the footsteps of Ledi Sayadaw. ဒီလို သုံးသပ်ပြထားတယ်ဗျ၊ လယ်တီ ဆရာတော်က ပဋိစ္စသမုပ္ပါဒ် တရားရဲ့ အရေးပါမှုကို အလွန် သိမြင်တော်မူခဲ့တယ်၊ မိုးကုတ် ဆရာတော် လက်ထက်ကျတော့ ဒီအချက်ကို အလေးအနက် ဖော်ထုတ်ပြီး သင်ကြား



www.burmeseclassic

www.burmeseclassic.com


ပြသတော်မူခဲ့တယ်၊ မိုးကုတ် ဆရာတော် ဘုရားကြီးဟာ လယ်တီ ဆရာတော် ဘုရားကြီးရဲ့ ခြေရာကို ထပ်လိုက်ခဲ့တယ်လို့ သူက ရေးထားတာဗျ'

'အဲဒီ အမြင်ကိုကော ဆရာ သဘောတူမှာပေါ့'

'သိပ်တူတာပေါ့ဗျာ၊ ကျွန်တော့် ခေါင်းထဲမှာ ဝိပဿနာ ရှုနည်း အမျိုးမျိုးကို လေ့လာကြည့်ခဲ့တာ ပဋိစ္စသမုပ္ပာဒ် တရားကို အမည်မတပ်ဘဲနှင့် အဲဒီ သဘောအတိုင်း ရှုမြင်ကြတာရယ်၊ ရိုးရိုးသားသား ဝန်ခံပြီး ပဋိစ္စသမုပ္ပာဒ်ကို ရှေ့တန်း တင်တာရယ်ပဲ ကွာပါတယ်၊ ရုပ်နာမ်ခွဲဖို့၊ ကြောင်းကျိုးဆက်ပြီး သံသရာလည်ပုံကို ပြဖို့၊ ပစ္စုပ္ပန် ခန္ဓာ ဖြစ်ပျက်ကို ပြဖို့၊ ဒိဋ္ဌိခွာဖို့ ကိစ္စမှာ ပဋိစ္စသမုပ္ပာဒ် ပါကို ပါရမယ်၊ ဒါမှ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ သုံးမျိုးကို ပယ်နိုင်တယ်၊ ဝေဒနာနှင့် တဏှာကြားမှာ သံသရာ အဆက်ဖြတ်ဖို့ ဆိုတာလည်း ပဋိစ္စသမုပ္ပာဒ် မပါရင် နားလည်ဖို့ ခက်တယ်၊ ပဋိစ္စသမုပ္ပာဒ် ပါမှ နားလည်ရ လွယ်ကူတယ်၊ ဒါကြောင့် ဆရာတော်က ဉာတပရိညာကို အရေးထားတယ်၊ ခန္ဓာသိပြီး၊ ရုပ်နာမ်ခွဲပြီး၊ ကြောင်းကျိုးဖြစ်စဉ်ကို သဘောကျပြီး၊ ဒိဋ္ဌိကို အသိနှင့် ခွာပြီးမှ ဝိပဿနာ အားထုတ်မှုကို လုပ်ကြရတယ်ဗျ၊ ဒါကြောင့် ဂျက် ကွန်းဖီးလ်က **Meditation is developed based on this prior understanding.** လို့ တိတိကျကျ ရှင်းပြထားတယ်'

'ဒီ ပုဂ္ဂိုလ်က တော်တော် နက်နက်နဲနဲ သိတယ်နော် ဆရာ'

'သိဆိုဗျာ၊ သူက စာအုပ် ဖတ်ပြီး ဒီစာကို ရေးတာ မဟုတ်ဘူး၊ မြန်မာပြည်ကို ကိုယ်တိုင်လာပြီး ရိပ်သာ တစ်ခုစီမှာ တရား အားထုတ်ပြီး နည်းစနစ် တစ်ခုကို သေသေချာချာ နားလည်ပြီးမှ ရေးတာဗျ'

'မိုးကုတ် ဆရာတော်က ဝိပဿနာကို စတဲ့ အခါ သမထကို အခြေ မခံဘူးလား'

'အခြေမခံဘူးလို့လည်း မပြောနိုင်ဘူး၊ စစချင်း သမာဓိရအောင် ဝင်လေ သိ၊ ထွက်လေသိက စတယ်၊ စိတ်ကလေး ငြိမ်လာတော့ ဝင်လေစိတ် ဖြစ်ပျက်၊ ထွက်လေစိတ် ဖြစ်ပျက်က စပြီး စိတ္တာနုပဿနာကို တက်တယ်၊ ဆရာတော်ကြီးက ပထမ မဂ်ဟာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်တာ ဖြစ်တယ်၊ ဒါကြောင့် ဒီမဂ် အတွက် စိတ္တာနုပဿနာဟာ အလွန် သင့်တော်တယ်လို့ ရှုမြင်တော်မူတယ်၊ ဒါပေမဲ့ စိတ်ကို ရှုရင်း ဝေဒနာလည်း ပါလာမှာပဲ၊ ဖဿ ပစ္စယာ ဝေဒနာကိုးဗျ၊ ဖဿထဲမှာ သိစိတ် ဝိဉာဏ် ပါနေတယ်၊ ဖဿ ဖြစ်ရင် ဝေဒနာ ဖြစ်တာပဲ၊ ဒါပေမဲ့ ဝေဒနာနုပဿနာက အထက် မဂ်အတွက်



www.burmeseclassic

www.burmeseclassic.com


ပိုပြီး သင့်တော်တယ်၊ ဝေဒနာကို ကြိုက်ရင် ဝေဒနာ ရှု၊ ရုပ်ကြိုက်ရင် ရုပ်ရှု၊ မိမိ စရိုက်နှင့် ကမ္မဋ္ဌာန်းနှင့် ကိုက်အောင် ရွေးချယ်ဖို့ အရေးကြီးကြောင်းကို လည်း ဟောတော်မူခဲ့တယ်'

'အခိက အချက်ကိုပဲ ပြောပါ ဆရာ၊ ဆရာ ရေးထားတဲ့ မိုးကုတ် *ဝိပဿနာ ရှုနည်း လက်စွဲကျမ်း* ကို ကျွန်တော် ဝယ်ထားတယ်၊ အကျယ်ကို အဲဒီ စာအုပ်ထဲမှာ ဖတ်လိုက်မယ်'

'လိုရင်းကို ပြော ဆိုရင်တော့ ယောဂီဟာ ခန္ဓာ ငါးပါး ရုပ်နာမ် နှစ်ပါးကို သိရမယ်၊ ပဋိစ္စသမုပ္ပာဒ် တရားအရ ပစ္စုပ္ပန်မှာ ခန္ဓာ ငါးပါး (အကြောင်း တိုက်ဆိုင်၍) ပေါ်ပုံကို သိရမယ်၊ ပြီးတော့ ခန္ဓာ ငါးပါးဟာ ဖြစ်ပြီး ပျက်တာ (အနိစ္စ) ကို မြင်အောင် ရှုရမယ်၊ ဒါကို ဉာဏ်စဉ်နှင့် ပြောရင် ဥဒယဗ္ဗယ ဉာဏ်ပေါ့၊ ဝိပဿနာဉာဏ် အစပဲ၊ ဆရာတော်က ဒီဉာဏ်ကို ဖြစ်ပျက်မြင်လို့ ခေါ်တယ်၊ ပြီးတော့ ယောဂီဟာ ကိုယ်မြင်တဲ့ ဖြစ်ပျက်ကို ဆုံးအောင် လိုက်ရ မယ်၊ ရှုရမယ်၊ ရှုရင်း ရှုရင်း ခန္ဓာ ဒုက္ခ သစ္စာကို နားလည် သဘောပေါက်လာ ပြီးတော့ ဒီခန္ဓာ ဖြစ်ပျက် ဒုက္ခသစ္စာကြီးကို မလိုချင်ဘဲ မုန်းလာမယ်၊ ဒါဆို နိဗ္ဗိန္ဒာဉာဏ်ကို ရောက်ပြီဗျ၊ ဖြစ်ပျက်မုန်း ပြီးရင် နောက်တစ်ဆင့်ကျတော့ ဝိပဿနာဉာဏ်ဟာ ဖြစ်ပျက် အဆုံး နိဗ္ဗာန်ကို အာရုံပြုသွားတယ်၊ အဲဒါ ဖြစ်ပျက်ဆုံး၊ လောကုတ္တရာမဂ်ပဲတဲ့၊ ဉာဏ်သုံးဉာဏ်တည်းနှင့် တက်ပုံကို ပြ တာ သိပ်ရှင်းတယ်ဗျ၊ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး၊ သုံးဉာဏ်နှင့် သွားပုံကို အထပ်ထပ် ဟောတော်မူခဲ့တယ်'

'ဒီလောက်ဆိုရင် ကျွန်တော် သဘောပေါက်ပြီ ဆရာ၊ အကျယ်ကို တော့ ဆရာတော် ဟောတော်မူခဲ့တဲ့ မိုးကုတ် ဝိပဿနာ ၃၉ အုပ် အနှစ်ချုပ် ကျမှ ကျွန်တော် အသေးစိတ် လေ့လာမယ်၊ ဆရာ ရေးမယ် ကြားတယ်'

'ရေးဖို့ စိတ်ကူးထားတယ်၊ ဘယ်တော့ ရေးဖြစ်မလဲတော့ မသိသေး ဘူးဗျ'

'ဆရာ အသက်ထင်ရှား ရှိနေသရွေ့တော့ ကျွန်တော်တို့အတွက် မျှော် လင့်လို့ ကောင်းနေဦးမှာပါ ဆရာ'

'ကဲ ဒီနေ့ အဖို့တော့ ဒီတင် ရပ်ကြဦးစို့၊ ကျန်တဲ့ ဝိပဿနာကျင့်စဉ် ဉာဏ်အမြင်တွေကလည်း များသေးတယ်၊ *ဗုဒ္ဓဘာသာကောင်း တစ်ယောက်* စာအုပ်မှာ ခင်ဗျား လေ့လာပါ၊ အဲဒီအထဲ မပါသေးတာတွေလည်း ရှိတယ်'

'မပါတာက ဘာတွေလဲ ဆရာ'



www.burmeseclassic

www.burmeseclassic.com



'ဥပမာ၊ သဲအင်းဂူနည်းတို့၊ တန့်ကြည်တောင်နည်း၊ ဖားအောက်နည်း ဆိုတာတွေလည်း ထင်ရှားတယ်၊ မပါသေးဘူးဗျ၊ ဒီအကြောင်းက အကျယ်ကြီးပဲ၊ ယိုးဒယားက ဆရာတော်ကြီးတွေလည်း ရှိသေးတယ်၊ အကျန်း ချားတို့၊ အကျန်း ဗုဒ္ဓဒါသတို့၊ အကျန်း နာအိတို့၊ အကျန်း မဟာဘူးဝါးတို့၊ အကျန်း ဓမ္မဒါရီးတို့၊ အကျန်း ဂျူနိမ့်တို့ ဆိုတာတွေ အများကြီးပဲ'

'အကျန်း ဆိုတာ ဘာလဲ ဆရာ'

'အကျန်း ဆိုတာ ဆရာတော်၊ ဆရာကြီး ဆိုတဲ့ အဓိပ္ပာယ်ပါပဲ'

'သူတို့ ဝိပဿနာ ရှုနည်းတွေကကော မြန်မာပြည်က နည်းတွေနှင့် ကွဲပြား ခြားနားလို့လား'

'ဘုရားဟော တရားအပေါ်မှာ အခြေခံကြတာချည်းပါပဲဗျာ၊ ဘာထူးမှာလဲ၊ ဒီကိစ္စနှင့် ပတ်သက်လို့ ဂျက် ကွန်းဖီးလ်က ယိုးဒယားကနေ မြန်မာပြည်ကို လာပြီး ဝိပဿနာ နည်းစနစ်တွေကို လာ လေ့လာတယ်၊ သူ ယိုးဒယားကို ပြန်သွားတော့ သူ့ဆရာက မေးတယ်။

'မြန်မာနိုင်ငံမှာ မင်း ဘာတွေ လေ့လာ သိရှိခဲ့ရသလဲ။

'ဘာမှ မသိခဲ့ရပါဘူး။

'ဟ ဘာမှ မသိခဲ့ရဘူးလား။

'တပည့်တော် ဒီမှာ ရှိတုန်းက သိပြီးသားထက် ပိုပြီး ဘာမှ မသိခဲ့ရပါဘူး။

'ဒီအမေး အဖြေကလေးကို ခင်ဗျား ခေါင်းထဲမှာ ထားပေါ့ဗျာ၊ ပြီးတော့ ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင်တွေကို လေ့လာကြည့်ပေါ့။

'ခင်ဗျား သိပြီးသားတွေထက် ပိုထူးပြီး ဘာမှ သိစရာ မရှိပါဘူးဗျာ'

'ဟုတ်မှာပါပဲ၊ ခု ကျွန်တော် နားထောင်ခဲ့ပြီးသမျှကို ပြန်စဉ်းစား ကြည့်တော့ ကြောင်းတူသံကွဲတွေလိုချည်းပဲလို့ မှတ်ပါတယ်၊ ကျန်တာတွေကိုတော့ ကျွန်တော် စာအုပ်တွေ ရှာပြီး ဖတ်ရင်လည်း နားလည်နိုင်မှာပါ'

'ဟုတ်တယ်၊ ဒီအကြောင်းကို ပြောရင် ကျွန်တော် ထင်တယ်၊ တစ်လလောက် ပြောရမယ်ဗျ'

'ဒါဆိုရင်လည်း ဒီလောက် သိရရင် လုံလောက်ပြီ ထင်ပါတယ်'

'ကဲ ဒီတင် နားလိုက်ကြစို့ရဲ့'



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ၁၁။ ရုပ်နာမ် ဓမ္မ သင်္ခါရကို လက်တွေ့ကျကျ နားလည်ခြင်း

အစပြုထားပြီး အဆုံးမသတ်ရသေးသော ကိစ္စကို ဆက်လက် ဆောင်ရွက်ရသည်။ စနေ တနင်္ဂနွေနေ့များတွင် မြန်မာ ပညာရှင်များနှင့် ဂျပန် ဦးပဥ္စင်းကလေးတို့ တွေ့ဆုံ ဆွေးနွေးပွဲ ဖြစ်မြောက်ရေးကို စီစဉ်ပေးရသည်။ ကမ္ဘာအေးဘုရားလမ်းရှိ ရတနာကုန်သည် ကိုကျော်ခင်မြင့် အိမ်သည် ဓမ္မသာကစ္ဆဋ္ဌာနကလေး တစ်ခုနှင့် တူသည်။ သာသနာရေး စိတ်ဓာတ် ထက်သန်သော ကိုကျော်ခင်မြင့်၊ မခင်ခင်စိန်တို့က သူတို့အိမ်မှာ ဤတရားဆွေးနွေးမှု ကိစ္စ ဆောင်ရွက်ရန် သဘောတူသည်။ သူတို့က ဆွေးနွေးပွဲသို့ တက်ရောက်သော ပရိသတ်ကို ဧည့်ခံကျွေးမွေးရေးကို တာဝန်ယူကြသည်။ နေရာကိစ္စကို စီစဉ်ပြီးသောအခါ မြင်းခြံသူဌေးနှင့် အကျွန်ုပ်တို့ နှစ်ဦးသည် ဧည့်ပရိသတ်များကို လိုက်လံ ဖိတ်ကြားရပြန်သည်။ ဤပွဲတွင် ဂျပန် ဦးပဥ္စင်းကလေးက ဆရာကြီး ဦးသုခကို ပါ ဖိတ်ပေးပါ ဆို၍ ကျွန်ုပ်ကိုယ်တိုင် ဆရာကြီး ဦးသုခကို သွား၍ ဖိတ်ကြားရသည်။ ဂျပန် ဦးပဥ္စင်းကလေးက ဆရာကြီးကို သူ၏ ဆွေးနွေးပွဲသို့ လာရောက်ရန် ဖိတ်ကြားကြောင်း ပြောသောအခါ ဆရာကြီးက ဂျပန် ဦးပဥ္စင်းကလေးထံမှ သူ့ထံသို့ မြန်မာဘာသာဖြင့် ရေးသားခဲ့သော စာတစ်စောင်ကို အိမ်ထဲက ထုတ်ယူလာပြီး ဖတ်ပြသည်။ ထိုနောက် ဆရာကြီးက အကျွန်ုပ်ကို 'ဆန်းလွင်' မှန်း သိသွားသောအခါ မမျှော်လင့်ဘဲ ထူးဆန်းသော စကားကို ဆိုလေသည်။

'ကိုဆန်းလွင်ရေ၊ ခင်ဗျားကတော့ ဒီဘဝမှာ တရားထူးရမယ့် လူပဲဗျ၊ ဒေါက်တာ မင်းတင်မွန်နှင့် ကျုပ်နှင့်ကတော့ တရားရမှာ မဟုတ်ဘူး၊ ကျုပ်က အနုပညာ မာန ခံနေတယ်ဗျ၊ မင်းတင်မွန်ကလည်း အဘိဓမ္မာတွေ ခံနေတယ်'

www.burmeseclassic.com



ဟု စကားမစပ်ဘဲ နိမိတ်ဖတ်သလို ဆိုလိုက်လေသည်။ ဆရာကြီး ဦးသုခ၏ ထိုစကားသည် အကျွန်ုပ်ကို များစွာ စိတ်လှုပ်ရှားစေသည့်ပြင် စိတ်တက်ကြွခြင်းကိုလည်း ဖြစ်စေပါသည်။

စနေနေ့တွင် ကိုကျော်ခင်မြင့်၏ အိမ်ဧည့်ခန်းမတွင် တရား ဆွေးနွေးပွဲကို ကျင်းပသည်။ ဆရာကြီး ဦးရွှေအောင်၊ ဓမ္မာစရိယ ဆရာ ဦးဌေးလှိုင်၊ ဓမ္မာစရိယ ဆရာ ဦးမောင်မောင်လေး၊ ဆရာ ပါရဂူ၊ ဓမ္မ ဃောသက ဦးမောင်မောင်၊ သခင် ထိန်ဝင်း၊ မင်္ဂလာဇုဗ္ဗာဟာ ဦးအောင်သိန်းနှင့် စိတ်ပါဝင်စားသူ အမျိုးသား အမျိုးသမီး ပရိသတ် အတော် စုံစုံလင်လင် လာသည်။ ဆရာကြီး ဦးသုခလည်း ကြွလာပါသည်။ အကျွန်ုပ်က ဂျပန် ဦးပဉ္ဇင်းကလေးကို ချမ်းမြေ့ရိပ်သာတွင် ကားဖြင့် သွားပင့်ရသည်။ ထိုနေ့က ဂျပန် ဦးပဉ္ဇင်းကလေး၏ ကျန်းမာရေး အခြေအနေ ချွတ်ယွင်းနေသည်။ သို့သော် သူ့စိတ်ဓာတ်က ပြင်းထန်သည်။ နေထိုင်မကောင်းသော်လည်း ဆွေးနွေးပွဲကို အပျက်မခံဘဲ လိုက်လာခဲ့လေသည်။ ပထမပိုင်းတွင် ဂျပန် ဦးပဉ္ဇင်းကလေးက မြန်မာနိုင်ငံတွင် ပါဠိဘာသာ သင်ကြားပုံစနစ် ခေတ်မမီ ဖြစ်နေပုံကို သုံးသပ်ပြသည်။ ပါဠိဘာသာကို တက္ကသိုလ်မှာ သင်ကြားသလို သင်ကြားလျှင် ပိုပြီး ထိတ်လွယ်မည် ထင်ကြောင်း၊ နှုတ်တိုက် အာဂုံဆောင်ပြီး ပြန်အံရသော စနစ်ဖြင့် သင်ကြားနေခြင်းမှာ နှစ်ကြာမြင့်ပြီး တတ်သင့်သလောက် မတတ်ကြောင်း သုံးသပ်ပြလေသည်။ ပါဠိပညာရှင် လူကြီးများကလည်း သူတို့၏ ထင်မြင်ချက်များကို ဆွေးနွေး တင်ပြကြသည်။ ထိုနောက် ဂျပန် ဦးပဉ္ဇင်းကလေးက သူ အဓိကထား ဆွေးနွေးလိုသော အကြောင်းအရာကို ဆွေးနွေး တင်ပြလေသည်။ သူ တင်ပြသော အကြောင်းအရာ၏ ခေါင်းစဉ်မှာ 'မျက်မှောက်ခေတ် လူ့ဘောင်ထဲတွင် ပဗ္ဗဇိတ၏ အဓိပ္ပာယ်သည် ဘာလဲ' ဖြစ်သည်။ မျက်မှောက်ခေတ် လူ့ဘောင် အဖွဲ့အစည်းများသည် စက်မှု ထွန်းကားသော အဆင့်အတန်းမြင့်သော လူနေမှုဘဝကို ရုပ်ဝတ္ထုများကို ဖန်တီး ထုတ်လုပ်ပြီး ပုံဖော်နေကြသည်။ ထိုကဲ့သို့ ထွန်းကားလာသော လူ့လောက ပတ်ဝန်းကျင်ထဲ ရောက်လျှင် ပဗ္ဗဇိတ ဆိုသော အိမ်ရာ တည်ထောင်ခြင်း မရှိဘဲ လူ့ဘောင်ကို ခပ်ခွာခွာနေသော ရဟန်း (ပဗ္ဗဇိတ) သည် ထိုလူ့ဘောင်ထဲတွင် လိုအပ်သော အစိတ်အပိုင်း တစ်ခု အဖြစ် ဆက်လက် ရပ်တည်နေနိုင်အောင် ဘယ်လို လုပ်သင့်သလဲ ဆိုသော အချက်ကို သူ့ခေါင်းထဲမှာ စဉ်းစားနေခြင်း ဖြစ်ကြောင်း သူနှင့် အနီးကပ် နေလာတာ ကြာသောခါ အကျွန်ုပ် သဘောပေါက်လာပါသည်။

www.burmeseclassic.com



ဂျပန် ဦးပဉ္စင်းကလေးသည် တက္ကသိုလ်မှာ မနုဿဗေဒ ပညာကို စတုတ္ထနှစ် အထိ သင်ကြားခဲ့ဖူးသည်။ ဘွဲ့ရလျှင် အလုပ်အကိုင်နှင့် မိန်းမ ၏ ရစ်ပတ် နှောင်ဖွဲ့မှုကို ခံရမည် စိုးပြီး ဘွဲ့မယူဘဲ သူ တက္ကသိုလ်က ထွက်ကာ ရဟန်းဘဝကို ခံယူခဲ့ပုံကို ကိုယ်ရေး အတ္ထုပ္ပတ္တိ တစ်ခု ရေးပြီး အကျွန်ုပ်ကို ပေးဖတ်ခဲ့လေသည်။

သူ့အမြင်တွင် ကမ္ဘာပေါ်မှာ လူဦးရေ တိုးပွားမှုနှုန်းက အဆမတန် လျင်မြန်နေသည်။ ထိုအခါ လူ့ပတ်ဝန်းကျင်မှာလည်း ထိခိုက် ပျက်စီးမှုများ ဖြစ်ပေါ်လာသည်။ သိပ္ပံပညာ တိုးတက်မှုက လူ့ဘဝကို စည်ကားအောင်၊ သက်သောင့်သက်သာ ဖြစ်အောင် ဖန်တီးပေးခဲ့သလို အဏုမြူ စစ်ပွဲဖြင့်လည်း ခြိမ်းခြောက်နေသည်။ လူသားများ၏ အဆင့်မြင့်ကုန်ပစ္စည်း ထုတ်လုပ်မှု စွမ်း အားကလည်း စားသုံးမှုဟု ဆိုသော စီးပွားရေး လှည့်ပတ်မှုကို ဖြစ်ပေါ်စေသည်။ ထိုစီးပွားရေး လှည့်ပတ်မှုကြောင့် လူ့ဘောင်ထဲမှာ ကိုယ်ကျင့်တရား၊ ဘာသာ ယဉ်ကျေးမှု၊ ကိုးကွယ်မှုများကိုပါ ပျက်စီးစေသည်။ ထို စီးပွားရေး လှည့်ပတ်မှု ကြောင့် လူ့ဘောင်ထဲမှာ အခြေခံ ယူနစ်ဖြစ်သော 'မိသားစုစနစ်' ကိုလည်း အကြီးအကျယ် ထိခိုက်စေပုံကို သူက ဖော်ပြသည်။ စီးပွားရေး လှည့်ပတ်မှု ကြောင့် လူမှုဆက်ဆံရေး ဘဝ၌ ဂါရဝတရား၊ မေတ္တာတရား၊ ကရုဏာတရား၊ ကြီးသူ ငယ်သူ ဆက်ဆံရေး စသော စံတန်ဖိုးများလည်း ပျက်စီး ပျောက်ဆုံး ကုန်ကြရသည်။ ဂါရဝတရား၊ နိဝါတရားများ မရှိတော့ဘဲ အားကစားသမား များလို အားလုံးကို တန်းတူ သတ်မှတ်လာကြသည်။ မိသားစု ဘဝထဲတွင် မိဘ ဘိုးဘွားအပေါ် တန်ဖိုးထားမှု၊ ရိုသေ လေးစားမှု မရှိတော့ဘဲ လွတ်လပ် မှု ညီမျှမှုကို ရှေ့တန်းတင်ပြီး ပုဂ္ဂလိက စရိုက်ကို ဖော်ဆောင်လာကြသည်။ ဥပမာ ယခုအခါ တီဗီ တစ်လုံး ရှိလျှင် မိသားစုအားလုံး ဝိုင်းပြီး ကြည့်ရှု နေခြင်းမှ နောင်အခါတွင် ကိုယ့်အခန်းထဲမှာ ကိုယ့်တီဗီနှင့်ကိုယ် နေလိုသော သဘော ဖြစ်ပေါ်လာလိမ့်မည်။ ထိုအခါ တဏှာ လောဘ၊ အတ္တကို အခြေခံ၍ ပုဂ္ဂလိက ဝယ်ယူမှု ယူနစ် (private purchase unit) ဖြစ်ပေါ်လာပြီး မိသား စု စည်းလုံးမှု ပျက်ပြားကာ တသီးတခြား နေလိုမှုများ ပေါ်ပေါက်လာမည်။ စားသုံးမှု စွမ်းအား တိုးတက်လာလေလေ မိသားစုဘဝထဲမှာ ပုဂ္ဂလိက စရိုက် ဖြစ်ထွန်းလာလေ ဖြစ်မည်။ မိသားစုထဲမှာ ဝါရဝစွ၊ နိဝါတောစ မရှိဘဲ သူ တစ်လူ ငါတစ်မင်း ကိုယ့်လွတ်လပ်ခွင့်နှင့် ကိုယ် နေချင်သလို နေလာကြမည်။ သားသမီးကို မိဘက ဆုံးမပိုင်ခွင့်လည်း မရှိတော့ပေ။ ထိုအခါ လူ့ဘောင်



www.burmeseclassic

www.burmeseclassic.com



ထဲမှာ ရုပ်ဝတ္ထု ပစ္စည်းတွေ များပြီး ချမ်းသာလာလေလေ၊ စိတ်ဆင်းရဲမှု တိုးပွားလာလေလေ ဖြစ်မည်။ ထို စိတ်မချမ်းသာမှု ပြဿနာကို ဘယ်လို ဖြေရှင်းမလဲ ဆိုသော ကိစ္စ ပေါ်ပေါက်လာမည်။ ထို စိတ်မချမ်းသာမှု ပြဿနာကို ဖြေရှင်းသောအခါ စိတ်သန့်စင်ရေး၊ စိတ္တဝိသုဒ္ဓိ ဖြစ်ရေးကို စဉ်းစားလာရမည်။ စိတ်ပင်ပန်းမှု ပြေပျောက်အောင် ဖြေရှင်းရေး နည်းလမ်းများ ရှာကြံရေးနှင့် ဘဝ လွတ်မြောက်ရေး ပြဿနာကို ဖြေရှင်းရန် လိုအပ်လာမည် ဖြစ်ကြောင်း ဂျပန် ဦးပဉ္ဇင်းကလေးက ထောက်ပြထားသည်။

ထိုအခါ လူသားကို စိတ်သက်သာအောင် စိတ်ငြိမ်းချမ်းအောင် စိတ်အင်အား တိုးပွားအောင် ခေတ္တခဏမျှသာ ဖန်တီးပေးနိုင်သော နည်းလမ်းများကိုလည်း တီထွင်လာကြမည် ဖြစ်၏။ သို့သော် ၎င်းတို့မှာ အခိုက်အတန့်မျှသာ ခံပြီး စိတ်ငြိမ်းချမ်းမှုကို အမြဲ ခံစားနိုင်အောင် ပြုလုပ်ပေးနိုင်ခြင်း မရှိပါ။ စားသုံးမှု စွမ်းအား ပိုပြီး တိုးပွားအောင် ဖန်တီးပေးခြင်းမျိုးသာ ဖြစ်ပါသည်။ အမှန်တကယ် လူသား၏ စိတ်သက်သာမှု၊ စိတ်ငြိမ်းအေးမှုနှင့် စိတ်သန့်ရှင်းစင်ကြယ်မှုကိုကား လူ့ဘောင်ကို ထိန်းသိမ်း စောင့်ရှောက်ပေးနေသော ဘာသာရေးကသာ ဖန်တီးပေးနိုင်ကြောင်းကို သူက လေ့လာ တင်ပြထားသည်။

သို့ရာတွင် ကုန်ပစ္စည်းများကို ထုတ်လုပ် ရောင်းချပြီး စီးပွားရေး လည်ပတ်မှုကို ဖန်တီးနေသော ဈေးကွက် စီးပွားရေး စနစ်သည် စိတ်ငြိမ်းအေးမှု၊ စိတ်ချမ်းသာမှု၊ စိတ်စင်ကြယ်မှုကို ဖန်တီးပေးနိုင်သော ဘာသာရေး ဖြစ်စဉ်ကိုပါ အပိုင်စီးပြီး ရောင်းကုန် တစ်ခု ဖြစ်အောင် ပြုပြင် ပြောင်းလဲ၍ ဖန်တီးလာမည် ဖြစ်၏။ ဤဖြစ်စဉ်သည် ထိုလောက၌ မိမိကိုယ်ကို ရောဂါ ကုသပေးသော ဆေးကုသရေး ဖြစ်စဉ် တစ်ခုနှင့် တူလာမည်ဟု သူက ဆိုလေသည်။

ဂျပန် ဦးပဉ္ဇင်းကလေး၏ ထိုးထွင်းသိမြင် ဉာဏ်ဝင်စားပုံသည် ထူးခြားသည်ဟု ဆိုချင်ပါသည်။ ချမ်းသာကြွယ်ဝသော စက်မှုနိုင်ငံကြီးများတွင် စိတ်သောက ဖိစီးမှုများကို ပြေပျောက်စေသော စိတ်ငြိမ်းအေးမှု၊ စိတ်တည်ကြည်မှု၊ စိတ်သန့်ရှင်းမှုကို ဖော်ဆောင်သော ဘာသာရေး ကျင့်စဉ် (ဖြစ်စဉ်) ကို စီးပွားရေးဆန်ဆန် ရောင်းကုန်အဖြစ် ဖန်တီးလာမည့် အန္တရာယ်ကိုလည်း သူ စဉ်းစားလေသည်။ ထို့ပြင် အကယ်၍ ဘာသာရေး ကျင့်စဉ်အရ စိတ်သည် အလုံးစုံ သန့်ရှင်း စင်ကြယ်ပြီး ဘဝ လွတ်မြောက်ရေး လမ်းကြောင်းပေါ်သို့ မှန်မှန်ကန်ကန် ရောက်သွားပါက ထိုသူ၏ စိတ်သည် စိတ်လှုပ်ရှားလွယ်သော ပုဂ္ဂလိက ဝယ်ယူစားသုံးမှု ယူနစ်ဆီသို့ ပြန်သွားတော့မည် မဟုတ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အကန့်အသတ်မဲ့ တဏှာရာဂ အလိုဆန္ဒသို့ လိုက်ပါပြီး ကမ္ဘာ့ဘဝကို ဖန်တီးနေရသော ဘဝကို ထိုသူ စွန့်လွှတ်လိုက်မည် ဖြစ်ပါသည်။ ထိုအခါ စိတ်လှုပ်ရှားလွယ်သော ပုဂ္ဂလိက စားသုံးသူ ယူနစ်သည် ကာမစ္ဆန္ဒ အလိုကို လိုက်၍ ပစ္စည်းဥစ္စာ၊ လာဘ်လာဘ၊ နာမည်ကျော်ကြားခြင်း၊ သြဇာတိက္ကမ ရှိခြင်းတို့ကို တောင့်တခြင်းမှ ကင်းကွာကာ နောက်ထပ် ဘဝသစ်၌ တစ်ဖန် ဖြစ်လိုခြင်း ဆန္ဒများကိုပါ စွန့်ပယ်နိုင်ကြတော့မည် ဖြစ်ပါသည်။

ဤကား ထေရဝါဒ ဗုဒ္ဓဘာသာအရ သမထ ဝိပဿနာ အကျင့်ကြောင့် ဖြစ်ပေါ်လာမည့် ဒုက္ခသစ္စာ သိမှုကြောင့် သမုဒယသစ္စာကို ပယ်နိုင်ခြင်းကို ဖော်ပြခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ သမထ ဝိပဿနာ ကျင့်စဉ်က သမုဒယ တဏှာကို ပယ်သတ်လိုက်ပါက ဈေးကွက် စီးပွားရေးက တုံ့ပြန်လာမည့် ပြဿနာကိုလည်း သူ စဉ်းစား တင်ပြထားလေသည်။ လူတွေမှာ သမထ ဝိပဿနာ ကျင့်စဉ်ကြောင့် သမုဒယ တဏှာ လျော့ပါး ပျောက်ကွယ်သွားလျှင် ကုန်ပစ္စည်း ထုတ်လုပ်မှု လည်ပတ်မှု ရှုထောင့်ဘက်က ကြည့်လျှင် ထိုသမထ ဝိပဿနာ ကျင့်စဉ်သည် ဈေးကွက်ထဲတွင် စားသုံးမှု စွမ်းအင်ကို လျော့ကျသွားအောင် (တစ်နည်း၊ မိမိကိုယ်ကို စိတ်သက်သာမှုရအောင် တဒင်္ဂ ဆေးကုသခြင်း သဘောကို) နှောင့်ယှက် ဖျက်ဆီးပစ်လိုက်သလို ဖြစ်သွားနိုင်သည်။ ထိုသို့ ဖြစ်သွားပါက ခေတ်သစ် လူ့ဘောင်တွင် ဘဝ လွတ်မြောက်ရေး ရည်မှန်းချက်ပါသော ဘာသာ ယုံကြည် ကိုးကွယ်မှုကို ကျွမ်းကျင် လိမ္မာစွာ ရှောင်ရှားခြင်းများ ဖြစ်ပေါ်လာနိုင်သည်။ ဤအချက်ကိုလည်း ဂျပန် ဦးပဉ္ဇင်းလေး၏ ဆွေးနွေးချက်တွင် ပေါ်ပေါ်လွင်လွင် စဉ်းစားထားပါသည်။

ဒဿနပညာကို တရင်းတနှီး ရှိသော အကျွန်ုပ်၏ ဉာဏ်ဦးနှောက်ထဲတွင် အနာဂတ် ကာလ၌ ဖွံ့ဖြိုး တိုးတက်လာမည့် စက်မှု ထွန်းကားသော လူ့ဘောင်ဘဝ ပြောင်းလဲမှုများနှင့် မြန်မာ ဗုဒ္ဓဘာသာ ထေရဝါဒ ကျင့်စဉ်များ အကြား ဖြစ်ပေါ်လာနိုင်သည့် အတွေးအခေါ်ပိုင်းဆိုင်ရာ ဝိရောဓိများကို ချက်ချင်း နားလည် သဘောပေါက်လိုက်ပါသည်။

ဤနေရာတွင် ဂျပန် ဦးပဉ္ဇင်းကလေးက လူ့ဘောင်ထဲတွင် ဖြစ်ပေါ်လာသော စိတ်သောကများ ဖိစီးမှုများကို တဒင်္ဂ ပြေပျောက်အောင် ဆေးကုသခြင်းမျိုး၊ ပြေပျော်ရေး သဘောနှင့် စိတ်ငြိမ်းအေးမှု၊ စိတ်လွတ်မြောက်မှု သဘောများကို ဘာသာတရားများ၌ ဖန်တီးကြပုံများကို ခွဲခြားပြထားသည်။ ဘာသာ

www.burmeseclassic.com



တရားများ၌ စိတ်သက်သာမှု စိတ်လွတ်မြောက်မှုများ အတွက် စိတ်ပြေပျောက်ရေး အမှတ်အသား vanishing point ကို ဖန်တီးကြပုံများကိုလည်း သူက လေ့လာပြသည်။ မိမိ အတ္တနှင့် ထာဝရ ဘုရား ဗြဟ္မာကြီး၏ အတ္တကို ထပ်တူဖြစ်အောင် ပြုခြင်း၊ identification ပြုလုပ်ကြပုံ၊ ထာဝရ ဘုရားသခင်၏ ကယ်တင်ခြင်းကို မျှော်လင့် စောင့်စားကြပုံ၊ Transcendental salvation များကိုလည်း လေ့လာ တင်ပြသည်။ ဤနည်းများသည် မိမိ၏ အတ္တကို ပြန်လည် ဆန်းသစ်စေသော နည်းလမ်းများ ဖြစ်သည်။ ဤနည်းများဖြင့် မိမိ၏ စိတ်သက်သာမှုကို ရှာပြီး လူသားသည် ထုတ်လုပ်မှုနှင့် စားသုံးမှု ဘဝ အလျဉ်ထဲသို့ ပြန်ဝင်တတ်ကြပုံကိုလည်း သူက ပြသည်။

စိတ်၏ ဝိမုတ္တိ ဖြစ်စဉ် (သမထ၊ ဝိပဿနာ ကျင့်စဉ်) မှာကား ထိုသို့ မဟုတ်ဘဲ လျှို့ဝှက် နက်နဲသော အတွေ့အကြုံကို ဖြတ်သန်းပြီး မိမိ၏ ရုပ် နာမ် ဖြစ်ပျက်မှု (သင်္ခါရ ဓမ္မ) ကို ဟုတ်တိုင်း မှန်စွာ စေ့စေ့ရှုမြင်ခြင်း ဖြစ်ပါသည်။ ဤတွင် လျှို့ဝှက်သော ဂမ္ဘီရ အတွေ့အကြုံများ အပေါ်၌ သာယာခြင်း မရှိဘဲ ရုပ်နာမ် ဖြစ်ပျက်သဘောကိုသာ အမှန်အကန် မြင်သိအောင် ဆက်လက် ကြည့်ရှုရသည်။ ထိုစိတ်လွတ်မြောက်မှု ကျင့်စဉ်တွင် ကယ်တင်ရှင် ထာဝရ ဘုရားသခင်ကိုလည်း မလိုအပ်တော့ပါ။ ကိုယ်ရည်ကိုယ်သွေးကို ရှုမြင်ခြင်းဖြင့် မိမိအတ္တကို ပြန်လည် ဆန်းသစ်အောင် လုပ်ခြင်းမျိုးကိုလည်း လုပ်ဖို့ မလိုတော့ပါ။ ကိစ္စရပ်တိုင်းကို ဟုတ်တိုင်းမှန်စွာ ရှုမှတ် ပွားများနေရုံသာ လိုအပ်ပါသည်။

ဤတွင် ဂျပန် ဦးပဉ္ဇင်းကလေးသည် စိတ်သက်သာမှု ရအောင် ပြုလုပ်ပေးသော ဖြစ်စဉ်ကို စီးပွားရေး စနစ်ထဲတွင် ရောင်းကုန် တစ်ခုအဖြစ် ဖန်တီးပြီး အသက်မွေးမှု တစ်ခုအဖြစ် ဖန်တီးနိုင်ပုံ ဥပမာများကိုလည်း ပြသည်။ လူနာသည် ရောဂါ တစ်ခု ဖြစ်လာ၍ စိတ်မချမ်းမသာ ဖြစ်သောအခါ ရောဂါ သက်သာအောင် ဆေးခန်းသို့ သွား၍ ဆေးကုသခံသလို၊ ဗေဒင်ဆရာ နတ်ဆရာထံ သွားပြီး နတ်မေးပြီး ယတြာချေသလို၊ ဂိုဏ်းဆရာများထံ ချဉ်းကပ်ပြီး ဓာတ်လုံး အဆောင် လက်ဖွဲ့များ တောင်းခံသလို ပြုလုပ်ခြင်းများ ဖြစ်လာခဲ့ပုံကို ပြသည်။ ရှေးအခါက စိတ်သက်သာမှုရအောင် ဘုရားသခင် ရှေ့မှောက်မှာ၊ ဘုရားဝတ်ကျောင်းတွင် ခရစ်ယာန် ဘုန်းကြီး ရှေ့မှာ ဒူးထောက်ပြီး မိမိ၏ အပြစ်ကို ဝန်ခံခြင်းမျိုး confession ထုံးစံသည်လည်း ယခုခေတ် စိတ်ရောဂါကုဆရာဝန်ထံ သွားပြီး ဆွေးနွေး တိုင်ပင် ရင်ဖွင့်ခြင်းမျိုးများလို စိတ်သက်သာ



www.burmeseclassic

www.burmeseclassic.com



အောင် ကုသခြင်းများ ဖြစ်ပါသည်။ ရှေးက ထိုအလုပ်များသည် ဘာသာရေး အလုပ် ဖြစ်သော်လည်း ယခုအခါ ထိုအလုပ်များသည် စီးပွားရေး အလုပ် အကိုင် တစ်ခု အဖြစ် ပေါ်ထွန်းလာပုံကို သူက ပုံဖော်၍ တင်ပြထားသည်။

ပြီးမှ ဂျပန် ဦးပဥ္စင်းကလေးက မျက်မှောက်ခေတ် ဈေးကွက် စီးပွား ရေး ထွန်းကားသော လူ့ဘောင်ထဲမှာ ပဗ္ဗဇိတ (ရဟန်း) ၏ အဓိပ္ပာယ် သက်ရောက်နိုင်မှု၊ အကျိုးဖြစ်ထွန်းအောင် ပါဝင်နိုင်မှု သဘောများကို အသေး စိတ် တင်ပြထားလေသည်။

ဂျပန် ဦးပဥ္စင်းကလေးက ဤတွင် လူသား အားလုံးနှင့် ဆိုင်သော စိတ်သက်သာမှု ဖြစ်စဉ်ကို သာမည ဘာသာရေး ပုံစံ ဟု ခေါ်ထားသည်။ စိတ်၏ လွတ်မြောက်မှု (စိတ္တဝိမုတ္တိ) ပုံစံကိုတော့ သူက ပဗ္ဗဇိတဝိမုတ္တိ ပုံစံ ဟု သတ်မှတ် ပြဋ္ဌာန်းထားသည်။

သာမည စိတ်သက်သာမှု ပုံစံတွင် ရှေးက နတ်ကိုးကွယ်မှု၊ နတ် ကတော် လုပ်ငန်းက အစ ကမ္ဘာပေါ်မှာ ပေါ်ပေါက်သော ဘာသာယုံကြည် ကိုးကွယ်မှု စနစ် အားလုံး ပါဝင်သည်ဟု ဆိုသည်။ ယခုခေတ် မူးယစ်ဆေးဝါး မှီဝဲမှု၊ စိတ်ကစဉ့်ကလျား ဖြစ်စေသော ဆေးမှီဝဲမှု၊ ဘုရားဝတ်ပြု ပူဇော်ပသပြီး စိတ်ပြေမှုနှင့် ပုတီးစိပ်၊ သက်သတ်လွတ်စား၊ သမထ ဘာဝနာ လုပ်ငန်းများ အထိ ပါဝင်ကြောင်း ဖော်ပြထားသည်။ ဤသည်မှာ မိမိ၏ ကိုယ်ရည်ကိုယ် သွေးများကို ပြန်လည် ဆန်းသစ် တည်ဆောက်ခြင်း ဖြစ်ပြီး ထုတ်လုပ်မှုနှင့် စားသုံးမှုဖြင့် လှည့်နေသော လောကီ လူ့ဘဝထဲသို့ ပြန်သွားသော ဖြစ်စဉ် ဖြစ်ကြောင်း၊ ပဗ္ဗဇိတဝိမုတ္တိ ပုံစံမှာ စိတ်၏ ဝိမုတ္တိ (လွတ်မြောက်မှု) ကို ရ အောင် မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာနှင့်အညီ ဝိပဿနာ တရား အားထုတ်ခြင်း ဖြစ်ပါသည်။ ဤဖြစ်စဉ်ထဲတွင် အံ့ဖွယ် ဆန်းကြယ် အတွေ့အကြုံများကိုလည်း အနိစ္စ (မမြဲ)၊ ဒုက္ခ (ဆင်းရဲ၏)၊ အနတ္တ (အစိုးမရ) ဟုသာ ရှုမြင်သည်။ စိတ်လွတ်မြောက်မှု (စိတ္တဝိမုတ္တိ) ဖြစ်စဉ်ထဲတွင် ထာဝရ နတ်ဘုရားလည်း မပါ၊ သိကြား ဗြဟ္မာ၊ ဘုရား အလှူလည်း မပါ၊ စကြဝဠာ အသက် ဝိညာဉ်တော်လည်း မပါ၊ ၎င်းတို့ကိုလည်း မလိုတော့ပါ။ ရုပ်နာမ် တရားတို့သည် အဆုံးမရှိ ဇာတိတစ်ဖန် ဖြစ်ပေါ်ခြင်း၊ ပဋိသန္ဓေ တစ်ဖန် နေ ခြင်းကိုလည်း မဖြစ်အောင် မိမိ၏ သမာဓိ ပညာ၊ မဂ်ပညာဖြင့် ပိုင်းဖြတ် နိုင်ပါသည်။ မိမိ၏ ဝိပဿနာ မဂ်ဉာဏ်၊ လောကုတ္တရာ မဂ်ဉာဏ်ဖြင့် ရုပ်နာမ် ဓမ္မ သင်္ခါရ၏ ဖြစ်ပျက်အစဉ်ကို ရှုမှတ် ပွားများနေခြင်းမျှသာ ရှိပါသည်။

www.burmeseclassic.com



ဤတွင် အိုးအိမ်ကို စွန့်ခွာ၍ ဝိမုတ္တိ အလို့ငှာ ကျင့်ကြံ ပွားများ အားထုတ်သော ရဟန်းကို ပဗ္ဗဇိတဟု ခေါ်ခြင်း ဖြစ်ပါသည်။ ထိုရဟန်းတို့မှာ ဝိမုတ္တိ အလို့ငှာ သင့်တော်သော အနေအထိုင် သိက္ခာပုဒ်များကို လိုက်နာရန် လိုအပ်ပါသည်။ ရှေးကမူ ဝိနည်း သိက္ခာပုဒ်များ မလိုအပ်ခဲ့ပါ။ နောင်အခါ မလိမ္မာသော ရဟန်းများ ပေါ်ပေါက်လာသဖြင့် ဝိမုတ္တိ အလို့ငှာ၊ စိတ္တဝိမုတ္တိကို ရည်ရွယ်၍ ဝိနည်း သိက္ခာပုဒ်တော်များကို ဗုဒ္ဓမြတ်စွာ ချမှတ်ပေးခဲ့ရပါသည်။ ထိုအချက်ကို နှလုံးသွင်းမိသော ပဗ္ဗဇိတ ရဟန်းသည် အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွာသူ ဖြစ်သည် မှန်သော်လည်း လူ့ဘောင် လောကကို လုံးလုံးလျားလျား စွန့်ခွာ ရှောင်ကြဉ် သွားရသည် မဟုတ်ပါ။ သင့်လျော်သော အကွာအဝေး၌ သီတင်းသုံးနေတော်မူပြီး မိမိ၏ ဝိမုတ္တိ အလို့ငှာ တရားအားထုတ်ခြင်းမှာ လူများ၏ စိတ်သက်သာမှု၊ စိတ်အေးချမ်းမှု အတွက်လည်း အထောက်အပံ့ ဖြစ်သည်ဟု သူက သုံးသပ် တင်ပြ ထားလေသည်။ ဤသို့ ပဗ္ဗဇိတ ရဟန်းသည် မိမိ၏ လွတ်မြောက်ရေး အတွက် လူ့ဘောင်နှင့် မလှမ်းမကမ်း သင့်တော်သော နေရာမှာ သီတင်းသုံးနေလျက် ကျင့်ကြံ ပွားများ အားထုတ်နေခြင်းသည်ပင် လူအများ၏ စိတ်ချမ်းသာမှု၊ စိတ် ငြိမ်းချမ်းမှုကို ဖြစ်စေနိုင်သည် ဆိုသော အချက်ကို အကျွန်ုပ် စိတ်ထဲမှာ များစွာ နှစ်ထောင်းအားရ ဖြစ်မိပါသည်။

နှစ်ထောင်းအားရ ဖြစ်မိခြင်းမှာ အိမ်ရာ တည်ထောင် လူ့ဘောင်ကို စွန့်ခွာ၍ စိတ်၏ လွတ်မြောက်မှုကို ရှာဖွေသော ပဗ္ဗဇိတသည် ပစ္စည်းလေးပါး အလို့ငှာ ဒကာ ဒကာမများကို မှီခိုအားထားရသေးသည်။ ရဟန်းသည် မိမိ၏ ရဟန်းကိစ္စကို ပြီးမြောက်အောင် အားထုတ်နေခြင်းသည်ပင်လျှင် စိတ်သက်သာမှုကို တောင့်တနေကြသော လောကီလူသား ဒကာ ဒကာမများ အတွက် ကျေးဇူးများစေနိုင်ပုံကို ဂျပန် ဦးပဉ္ဇင်းကလေးသည် မြတ်စွာဘုရား အလိုတော်ကျ တွေးခေါ်တတ်သည်ဟု အကျွန်ုပ် စိတ်တွင် ယုံကြည်မိသောကြောင့် ဖြစ်ပါသည်။

**IMC မှာ ဆက်ရက်တာ**

နောက်အပတ် အင်္ဂါနေ့တွင် အကျွန်ုပ်သည် ရန်ကုန်မြို့ထဲသို့ နေ့လယ်ပိုင်းတွင် သွားသည်။ နေ့လယ်စာ စားပြီးနောက် ကျန်းမာရေး အခြေအနေအရ အိပ်ရာပေါ်မှာ ခေတ္တ လျောင်းပြီးမှ နာရီပြန် တစ်ချက်ထိုးလောက်ကျမှ မြို့



www.burmeseclassic

www.burmeseclassic.com



ထဲသို့ သွားလေသည်။ ထိုအချိန်တွင် ဘတ်စ်ကား စီးရသည်မှာ သက်သောင့် သက်သာ ရှိသောကြောင့်လည်း ဖြစ်၏။

ဘဝတက္ကသိုလ် စာပေတိုက်သို့ ရောက်တော့ ကိုစိုးသည် အကျွန်ုပ်ကို ထိုင်စောင့်နေလေပြီ။ ခါတိုင်းဆိုလျှင် သူသည် နာရီပြန် နှစ်ချက်ထိုး၍ အိမ်ပြန်ပြီး ထမင်းစားပြီးမှသာ အကျွန်ုပ်ထံသို့ လာလေ့ရှိသည်။ ယနေ့ သူသည် ထူးထူးခြားခြား နာရီပြန် တစ်ချက်ထိုးလောက်ကတည်းက စာအုပ်တိုက်ကို ရောက်လာပြီး အကျွန်ုပ် လာချိန်ကို စောင့်နေလေသည်။

'ဟ ကိုစိုး စောစောစီးစီး ရောက်နေပါကလား၊ ထမင်း စားပြီးလို့လား'

'ဆိုင်က လာတာ ဆရာရဲ့၊ အိမ်ကို မရောက်သေးဘူး'

'ဒါဖြင့် ထမင်း မစားရသေးဘူးပေါ့'

'ရပါတယ် ဆရာရဲ့၊ ကျွန်တော်က တစ်ခါတလေ နှစ်နပ်ပေါင်းပြီး တစ်နပ်တည်းပဲ ညနေကျမှ စားတယ်၊ ဒီကနေ့ ကျွန်တော် စောစော လာတာက တရားစခန်း (ရိပ်သာ) ဝင်မည့် ရက်ကို ဆရာ သတ်မှတ်ပြီးပြီလား ဆိုတာ သိချင်လို့ လာတာ'

'ကိုစိုးကော ရိပ်သာကို ကျွန်တော်နှင့်အတူ လိုက်နိုင်မလား'

'ဟုတ်တယ်၊ လိုက်နိုင်အောင်လို့ ပြင်ဆင်စရာတွေ ပြင်ဆင်ရအောင် ဘယ်နေ့ ရိပ်သာ ဝင်ဖြစ်မလဲ လာပြီး မေးတာပါ၊ ကျွန်တော် မြဲအေးကြည် လက်ဖက်ရည်ဆိုင်ကို ဖွင့်ကတည်းက တစ်ရက်မှ ဆိုင်ကို ခွာပြီး ဘယ်ကိုမှ မသွားခဲ့ဖူးဘူး၊ ဒါပေမဲ့ ခု ကျွန်တော့် စိတ်ထဲမှာ သေရေးနှင့် နေရေးကို နည်းနည်း ခွဲခြားတတ်လာပါတယ်၊ နေရေးမှာက တဏှာခိုင်းတာ လိုက်လုပ်နေလို့ကတော့ သေတောင် ပြီးမှာ မဟုတ်ဘူး၊ အမှန်ကတော့ နေရေးဆိုတာ သေချာတာလည်း မဟုတ်ပါဘူး၊ ဘယ်လောက်ကြာကြာ နေရမလဲ ဆိုတာကို လည်း မသိဘဲနှင့် တစ်နေ့ တစ်နေ့ အိပ်ရာက အသက်ရှင်ပြီး နိုးလာမှ အင်္ဂါ အလုပ် လုပ်ရဦးမှာပဲ ဆိုပြီး လိုချင်တာတွေ ရှာနေရတဲ့ တဏှာ ဝဲဩဃ ထဲမှာ ဝဲလှည့်နေရတာပဲ၊ သေခြင်းတရားကတော့ သေချာတယ်၊ ပြေးမလွတ်ဘူး၊ ဒီအတွေး ခေါင်းထဲ ရောက်လာကတည်းက လူဟာ မသေချာတဲ့ နေရေး အတွက်ချည်း ရှိသမျှ (နေခဲ့ရသမျှ) အချိန်တွေကို အားလုံး အသုံးချပစ်လို့ မဖြစ်ဘူး၊ သေရေး အတွက်လည်း ကြိုတင် စဉ်းစားဦးမှ ဖြစ်မယ်လို့ နားလည် လာပါတယ်၊ ဒါကြောင့် ဒီအလုပ်တွေကို ကိုယ့်စိတ်နှင့် ကိုယ် ရပ်ပြီး ခေတ္တ စွန့်မှ ဖြစ်မယ်၊ ကျွန်တော်လည်း ဆရာ့ကိုပါ ကူညီပြီး ဆရာနှင့် အတူ



www.burmeseclassic

www.burmeseclassic.com



တရား အားထုတ်ဖို့ လိုက်မယ်လို့ ဆုံးဖြတ်ပြီးလို့ လာပြောတာ ဆရာရဲ့'

'အင်း ကိုစိုးကတော့င် ဒီလို ခိုင်မာတဲ့ တရားအမြင် ဘဝအမြင်တွေနှင့် ရပ်တည်နေနိုင်သေးတာပဲ၊ ကျွန်တော်က ဟိုအရေး ဒီအရေးတွေကို ဘာ စဉ်းစားစရာ လိုသေးလဲ၊ ကဲ ခင်ဗျား အဆင်ပြေတဲ့ အချိန်မှာ ရိပ်သာ ဝင်ကြတာပေါ့'

'ဘယ်ရိပ်သာကို သွားဖို့ ဆရာ စဉ်းစားထားသလဲ'

'လောလောဆယ် ကျွန်တော် တစ်ကြိမ် နှစ်ကြိမ် ရောက်ဖူးတာကတော့ အင်းလျားမြိုင်က ဆရာကြီး ဦးဘခင်ရဲ့ IMC ရိပ်သာပဲ ကိုစိုးရဲ့၊ အဲဒီ ရိပ်သာရဲ့ ပတ်ဝန်းကျင်ကလေးကိုလည်း ကျွန်တော် သဘောကျတယ်'

'ပတ်ဝန်းကျင်နှင့်ချည်း မပြီးသေးဘူးလေ ဆရာ၊ နည်းစနစ်ကိုကော ဆရာ သဘောကျရဲ့လား'

'အေးဗျ၊ တစ်နံပါတ် သဘောကျတာက ဒီရိပ်သာမှာ စစချင်း ဝိပဿနာကို အားမထုတ်ရဘူး၊ ပထမ သုံးရက်လောက် သမထကို အာနာပါနနှင့် ထူထောင်ရတယ်၊ စကြံနှင့် ရှုနည်းတော့ မရှိဘူး၊ ထိုင်ရှုချည်းပဲ၊ တစ်နာရီ ထိုင်၊ နာရီဝက် နား၊ ပြန်ထိုင် တစ်နာရီ၊ တစ်နေ့ကို ဆယ်နာရီလောက် အလုပ် လုပ်ရတယ်၊ သမာဓိ ရလာပြီ ဆိုမှ ဝိပဿနာကို ပြောင်းပေးတယ်၊ သူတို့ ပြောတာကတော့ ဒါ လယ်တီဆရာတော်ရဲ့ နည်း ဖြစ်တယ်တဲ့၊ ဒါပေမဲ့ ကျွန်တော် သိထားသလောက်ကတော့ ဦးဘခင်က အနာဂါမ် ဆရာသက်ကြီး ရဲ့ တပည့် ဆိုတော့ ဆရာသက်ကြီးနည်းပဲ ဖြစ်လိမ့်မယ် ထင်တယ်'

'ဆရာသက်ကြီးကလည်း လယ်တီဆရာတော်ရဲ့ တပည့် ကပ္ပိယပဲ မဟုတ်လား၊ မြွှာစရိယ ဦးဌေးလှိုင် စာအုပ်ထဲမှာ ကျွန်တော် ဖတ်ဖူးတယ်'

'ဟုတ်တယ်၊ အဲဒီလိုတော့ ဆက်စပ်တယ်ဗျ၊ ဒါပေမဲ့ ကျွန်တော်တို့ တရားစခန်း ဝင်ပြီးမှပဲ ဘယ်လို အားထုတ်သလဲ ဆိုတာ သေသေချာချာ သိရမှာပေါ့၊ အဓိကကတော့ ဘယ်သူ ဘယ်ဝါရဲ့ နည်း ဆိုတာက အရေး မဟုတ်ပါဘူး၊ ကျွန်တော်တို့လည်း နည်းပေါင်းစုံကို လေ့လာဖူးထားပြီးသားပဲ၊ ဟိုကျမှ မုဆိုးစိုင်သင် ဆိုသလိုပေါ့၊ ကိုယ့်ဘာသာ ဘုရားဟော တရားဟော တွေကို လိုအပ်သလို အသုံးချသွားရင် ရတာပဲဗျာ၊ ကျွန်တော့် ခေါင်းထဲမှာ ဆိုင်းဘုတ်တွေ၊ ဆရာတွေ၊ ဂိုဏ်းတွေကို ဘာမှ မစွဲထားချင်ဘူး'

'ဆရာ့သဘောထားကို ကျွန်တော်လည်း နှစ်သက်ပါတယ်၊ တကယ့် တကယ် ဘုရားဟော တရားချည်းပဲဟာ၊ သူ့နည်း မှန်တယ် ငါ့နည်း မှန်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ အစွဲကြီးစရာ မလိုပါဘူး၊ ဝိပဿနာ သဘောကို သိထားပြီးရင် ဘယ်လိုပဲ အားထုတ် အားထုတ် တရားတွေ့ဖို့ပဲ အရေးကြီးပါတယ်'

'ကဲ ဒါဆိုရင် နေရာ (ရိပ်သာ) ရွေးပြီးပြီ၊ ဘယ်တော့ သွားမလဲ'

'ဆရာ အားမယ့် အချိန်ကို သွားပါ၊ ကျွန်တော် လိုက်မယ်'

'ဒါဆိုရင် လာမယ့် ဩဂုတ်လ ပထမပတ် သောကြာနေ့မှာ IMC တရားစခန်းပတ် စလိမ့်မယ်၊ အဲဒီပွဲ အမီ သွားကြမယ်၊ အတိအကျ ဘယ်နေ့စမယ် ဆိုတာကို စုံစမ်းကြည့်တာပေါ့'

'ဒါဆိုရင် နောက်နေ့ ဆရာ့အိမ်ကို ကျွန်တော် လာခဲ့မယ်၊ IMC က ဆရာနှင့် နီးတယ်၊ သွားပြီး စာရင်းပေးကြတာပေါ့'

'ကောင်းပြီဗျာ၊ ခရီး စတင်ထွက်မယ် ဆိုရင် ပထမ ခြေလှမ်း စလှမ်းဖို့ပဲ ခက်တယ်၊ လှမ်းမိပြီ ဆိုရင်တော့ ခရီး ရောက်သွားတတ်ကြတာပါပဲဗျာ၊ ကဲ ဒါဆိုရင် ကိုစိုးလည်း ထမင်းပြန်စားဦး၊ ကျွန်တော် နက်ဖြန်ခါ အိမ်က စောင့်နေမယ်၊ IMC ကို သွားစုံစမ်းရအောင်၊ ကိုစိုး အိမ်ကိုသာ လာခဲ့ပါ'

ထိုနေ့က လက်ဖက်ရည်ဆိုင်ကို မသွားတော့ဘဲ လူချင်း ခွဲလိုက်ကြသည်။ အကျွန်ုပ်လည်း မဂ္ဂဇင်း ကိစ္စများကို ဆောင်ရွက်နိုင်ရန် ဖြစ်၏။

နောက်နေ့ ညနေ သုံးနာရီလောက်တွင် ကိုစိုးသည် အကျွန်ုပ်နေရာ ကုက္ကိုင်း ရေကူးကန် အနီး၊ သီရိဂုဏ်ရည်ခြံသို့ ရောက်လာသည်။ IMC သို့ ခြေကျင် လျှောက်ပြီး သွားကြသည်။ ဝါခေါင်မိုးက သဲသဲမဲမဲ ရွာသည်။ နှစ်ယောက်သား မိုးရေထဲမှာ စိုစိုရွှဲရွှဲ ဖွဲနပဲဖြင့် တရားရိပ်သာ ရှိရာသို့ လျှောက်သွားကြလေသည်။ မိုးနှင့် လေကို ဆန်၍ တရကြမ်း သွားနေရစဉ် မိမိဘေးမှာ SE ကားကလေး တစ်စီးက ထိုးရပ်လာသည်။

'ဘယ်ကို သွားမလဲ ဆရာ' ဆိုသော အသံကို ကြား၍ ထီးကို ပင့်ကြည့်မှ တပည့် အုန်းကိုကို ဖြစ်သည်။ မြစ်ကြီးနား ကောလိပ်တုန်းကတည်းက တပည့် ဖြစ်သည်။ သူတို့ မင်္ဂလာဆောင်တုန်းက မိမိကို ဘိသိက်ဆရာ လုပ်ခိုင်း၍ လုပ်ပေးခဲ့သေးသည်။

'ဒီနားတင်ပဲကွ'

'ကျွန်တော် လိုက်ပို့ပေးရမလား ဆရာ'

မိုးရေ စိုရွှဲနေပြီ ဖြစ်၍ မထူးတော့ဘူးဟု သဘောထားလိုက်သည်။

'ရပါတယ်ကွာ၊ ဒီနားတင်ပဲ၊ မပို့ပါနှင့်တော့' ဟု သူ့ကို ပြန်ပြောလိုက်သည်။ အမှန်မှာ တပည့်က ကားစီးနေနိုင်သော အချိန်၌ ဆရာက ကား

www.burmeseclassic.com



မစီးနိုင်သေးသော မိမိ၏ အဖြစ်ကို စိတ်မပျက်သော်လည်း မနှစ်သက်စွာ ခံစားမိ၍ သူ့ကားကို မစီးဘဲ ခြေကျင် လျှောက်သွားခဲ့ခြင်း ဖြစ်ပါသည်။

IMC မှာလည်း တခြားသော တရားစခန်းများမှာလိုပင် အမျိုးသမီးယောဂီပဲ များသည်။ အမျိုးသား ယောဂီက နည်းသည့်အတွက် အကျွန်ုပ်တို့ ဆရာတပည့် အတွက် နေရာ အခက်အခဲ မရှိပါ။ အမည်စာရင်း ပေးသွင်းပြီး ပြန်ခဲ့ကြသည်။ မဂ္ဂဇင်းတွေ အတွက် လိုအပ်သော စာမူများကို တစ်လအတွက် ကြိုတင်ပြီး ပြင်ဆင် ပေးထားခဲ့ရမည် ဖြစ်၍ နောက်ရက်များတွင် မဂ္ဂဇင်း စာမူ ကိစ္စများနှင့် လုံးပန်းနေရသည်။ မြို့ထဲကို မရောက်တော့ဘဲ အိမ်မှာပင် အလုပ် ဖြစ်အောင် လုပ်နေရလေသည်။ ကြားထဲမှာ ဘဝတက္ကသိုလ်ကို သွားပြီး စာမူတွေကို ချပေးခဲ့သည်။ ကြိုတင် ညှိနှိုင်းထားကြသည့်အတိုင်း သောကြာနေ့ ညနေ လေးနာရီခန့်တွင် ကိုစိုး ရောက်လာသည်။ ယနေ့ သူ့မျက်နှာကို ကြည့်ရသည်မှာ ခါတိုင်းနှင့်မတူ၊ လန်းဆန်း ကြည်လင်နေသည်။ ဆံပင်ရှည်ကြီးကို တိုတို ညှပ်ထားသည်။ နှုတ်ခမ်းမွေးကိုလည်း ပြောင်နေအောင် သုတ်သင်လာသည်။ သူ့အသားက ဆွတ်ဆွတ်ဖြူသည်။ သည်တစ်ခါ ကိုစိုး အဝတ်အစား သစ်သစ်လွင်လွင် ဝတ်သည်ကို ပထမဆုံး တွေ့ဖူးခြင်း ဖြစ်သည်။ ကိုစိုး၏ အသွင်အပြင်ကို မြင်ရသည်ကပင် စိတ်ကို ကြည်လင် လန်းဆန်းစေပါသည်။ အကျွန်ုပ် IMC သို့ စခန်းဝင်ဖို့ သွားရမည် ဖြစ်သဖြင့် ညစာကို စောစော စားပါသည်။ ထိုအချိန်တွင် ကိုစိုး အကျွန်ုပ်အိမ်ကို ရောက်လာပါသည်။ သူနှင့်အတူ ကိုစိုး၏ မိခင်ရော၊ ဇနီးရော လိုက်လာကြသည်။ သူတို့က ရေကျောကန်လမ်းနှင့် သီရိဂုဏ်ရည်ခြံလမ်းထိပ်မှာ ရပ်ထားသော လေးဘီးကားပေါ်တွင် နေရစ်သည်ဟု ဆိုသည်။

'နွယ်နီဦးက ကျွန်တော် တရားစခန်း ဝင်မယ် ဆိုတာကို မယုံလို့ ထင်ပါရဲ့၊ လိုက်လာတာ ဆရာရဲ့' ဟု ကိုစိုးက ပြောသည်။ နွယ်နီဦးသည် ကိုစိုး၏ ဇနီး ဖြစ်သည်။ ထိုအချိန်က နွယ်နီဦးမှာ ဒုတိယ သမီး ကိုယ်ဝန်နှင့် ဖြစ်၏။

'ကောင်းတာပေါ့ ကိုစိုးရဲ့၊ ခင်ဗျား မိခင်လည်း ပါတယ် ဆိုတော့ ခင်ဗျားဇနီးက ပိုပြီး စိတ်ချတာပေါ့'

'သူက ကျွန်တော် တရားစခန်း ဝင်ပြီး အားထုတ်မယ်လို့ မထင်ထားဘူး ဆရာရဲ့'

'ဟုတ်ပါတယ်၊ ခင်ဗျားလို လူငယ် တစ်ယောက်က ဝိပဿနာ အလုပ်



www.burmeseclassic

www.burmeseclassic.com


ကို ခုလို စိတ်ဝင်စားမယ်လို့ မထင်တာ သဘာဝကျပါတယ်၊ ပြီးတော့ ခင်ဗျား က စီးပွားရေးပဲ ဇောက်ချပြီး လုပ်လာတာ၊ ပြီးတော့ ဆိုင်ကို ပစ်ပြီး ဘယ်မှ လည်း မသွားခဲ့ဖူးဘူး ဆိုတော့ ဘယ် ယုံနိုင်ပါ့မလဲ'

အကျွန်ုပ် ညစာ စားပြီးနောက် ကိုစိုး ခေါ်လာသော လေးဘီးကားဖြင့် အင်းလျားမြိုင် IMC သို့ တရားစခန်းဝင်ရန် သွားကြလေသည်။

IMC ကို ရောက်တော့ ညနေ ငါးနာရီခန့် ရှိပြီ။ တရားစခန်းဝင် မည့် ယောဂီ အမျိုးသား အမျိုးသမီးများ ရောက်နှင့်ကြပြီ။ ရိပ်သာဝင်များ ယောဂီများ မှတ်တမ်းလွှာ ပုံစံကို ဖြည့်ကြရသည်။ ယောဂီထိန်းများက ရိပ်သာ စည်းကမ်းများကိုလည်း ပေးသည်။ တရား အားထုတ်ရမည့် အချိန်ဇယားများကို လည်း အသိပေး ကြေညာကြသည်။ ထိုစဉ်က ယောဂီ စားစရိတ်မှာ ကျပ် ၁၅ဝ သာ ဖြစ်သည်။ အကျွန်ုပ်အတွက် စားစရိတ်ကိုလည်း ကိုစိုးကပင် လှူ ဒါန်းလေသည်။ အကျွန်ုပ် တရားစခန်းဝင်စဉ် အစစ အဆင်ပြေအောင် ကိုစိုး သည် ကြိုတင်၍ ဆောင်ရွက်ထားပါသည်။ လက်ဖက်ရည် ကြိုက်တတ်သော အကျွန်ုပ် လက်ဖက်ရည် သောက်နိုင်အောင်လည်း ကိုစိုးသည် လက်ပတန်တီး လက်ဖက်ခြောက်ထုပ်ကလေးများနှင့် နို့ဆီဘူးကို ယူလာသည်။ အသင့် ဖျော် သောက်နိုင်သည်။ ဘိစကွတ် မုန့်ပုံးလည်း အသစ် တစ်ပုံး ယူလာသည်။ အစားအသောက် မပင်ပန်းဘဲ တရား အားထုတ်နိုင်ရန် ရည်ရွယ် လုပ်ဆောင် ပေးခြင်း ဖြစ်ပါသည်။

အကျွန်ုပ် တရားစခန်း ဝင်သော အချိန်၌ ဆရာကြီး ဦးဘခင် မရှိတော့ ပါ။ သူ့တပည့် သာဝကကြီးများ ဖြစ်သော ဦးတင်ဦးနှင့် ဦးဘဖိုးတို့က ကမ္မဋ္ဌာနစရိယများ အဖြစ် ရိပ်သာ တာဝန်ကို ဆက်လက် ယူထားကြလေ သည်။

တရားစခန်းကို မနက်ဖြန် နံနက်မှ စမည် ဖြစ်သော်လည်း ယနေ့ည ခုနစ်နာရီတွင် ယောဂီများကို ဆရာကြီးများက မိတ်ဆက် တွေ့ဆုံပွဲ လုပ်သည်။ ထိုပွဲတွင် ဆရာကြီးများက ရိပ်သာ စည်းကမ်းများကို အသိပေး ကြေညာသည်။ အချိန်ဇယားများကိုလည်း တိတိကျကျ ချပေးသည်။ စားသောက်ချိန်၊ ရေချိုး ချိန်၊ နားချိန်များ၌ အချက်ပေး ခေါင်းလောင်းကို မည်သို့ ထုမည် ဖြစ်ကြောင်းကို လည်း အသိပေးသည်။ ယောဂီများ အနေနှင့် တရား အားထုတ်ခြင်း ကိစ္စမှ အပ ဝေယျာဝစ္စ လုပ်ခြင်း၊ တရား ဆွေးနွေးခြင်း၊ ရေဒီယို နားထောင်ခြင်း၊ ပုတီး စိပ်ခြင်း၊ ပရိတ် ဂါထာ မန္တာန် ရွတ်ခြင်း၊ နာမကျန်းမှု၌ပင် အချင်းချင်း

www.burmeseclassic.com



မပြုစုရကြောင်း၊ ယောဂီထိန်းများကသာ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း အသိပေး ပြောကြားသည်။

ထိုနောက် ဆရာကြီး ဦးဘဖိုးက ရတနာ သုံးပါးနှင့် မိဘ ဆရာသမား များအား ကန်တော့ခြင်း၊ ဥပုသ် သီလ ဆောက်တည်ခြင်း၊ ပရိကံပြုခြင်း ကိစ္စများကို ဆောင်ရွက်ပေးသည်။

ဤရိပ်သာတွင် လယ်တီမူ၊ အနာဂါမ် ဆရာသက်ကြီးတို့၏ မူအတိုင်း ပထမ သုံးရက်ကို သမထ လုပ်ရမည် ဖြစ်ကြောင်း၊ စတုတ္ထနေ့၌ အဓိဋ္ဌာန် တင်ပြီး ဝိပဿနာကို ကူးပြောင်း၍ ရှုမှတ် ပွားများရမည် ဖြစ်ကြောင်း အသိပေး ပြောဆိုသည်။ ထိုနောက် ဤရိပ်သာတွင် ဆရာကြီး ဦးဘခင် ချမှတ် ထားခဲ့သော မူအတိုင်း ဆွမ်းကိစ္စတွင် သားကြီး ငါးကြီး မပါ၊ သက်သတ်လွတ် ဆွမ်းကိုသာ စားကြရမည် ဖြစ်ကြောင်း၊ သို့သော် စားသောက်၍ အဆင်ပြေ အောင် စီမံထားကြောင်း အမိန့်ရှိသည်။

ထိုနောက် ဆရာကြီး ဦးဘဖိုးက သမာဓိကို ထူထောင်ရာတွင် အသုံး ပြုရမည့် ကာယဂတာသတိ (အာနာပါန) ရှုပွားပုံကို ဆက်လက် သင်ကြား ပို့ချသည်။

ပထမဦးစွာ အာနာပါနကို ဘုရား အဆက်ဆက် ကျင့်သုံးခဲ့ပုံ၊ အာနာ ပါန၏ အရေးပါပုံ၊ အားထုတ်ရာတွင် ပလိဗောဓ မရှိ၊ လွယ်ကူစွာ ဆောင် ရွက်နိုင်ပုံနှင့် မည်သို့ ရှုမှတ်ပုံကို ပြသည်။ နှာသီးဖျား အထက် နှုတ်ခမ်း တစ်နေရာ၌ မိမိစိတ်ကို ထားပြီး ဝင်လေကို ရှူသွင်းလျှင် ဝင်လေ ထိသိ သတိဖြင့် မှတ်ရန်၊ ထွက်လေ ထုတ်လျှင် ထွက်လေ ထိသိကို သတိကပ်ပြီး မှတ်ရန် သင်ပေးသည်။

ထိုနောက် သမာဓိ၏ အင်္ဂါငါးပါး (ဈာန်အင်္ဂါ ငါးပါး) ကို ပြောသည်။ ပထမ ဝိတက်၊ ဝိတက် ဆိုတာက application of mind on the object မိမိ၏ စိတ်ကို အာရုံပေါ်ကို ပြန်ပြန်ပြီး တင်နေခြင်း ဖြစ်ကြောင်း၊ စိတ်က မိမိထားသော နေရာမှာ မနေဘဲ တခြားသို့ ထွက်သွားလိုက်၊ ယောဂီက စိတ် ထွက်သွားမှန်း သိသည်နှင့် ထိုစိတ်ကို နှာသီးဖျား နှုတ်ခမ်း အထက် နေရာ၌ ပြန်ထားခြင်း၊ ထွက်သွားလိုက် ပြန်ထားလိုက် လုပ်နေရခြင်းသည် ဝိတက် သဘော ဖြစ်သည်ဟု ရှင်းပြသည်။ ထိုသို့ ထွက်သွားလိုက် ပြန်ထားလိုက် လုပ်ရင်း စိတ်သည် ထားသော အာရုံပေါ်မှာ စက္ကန့် အတန်ကြာအောင် ငြိမ် သက်စွာ တည်လာခြင်းကို ဝိစာရ sustanining of mind on the object

www.burmeseclassic.com



ဟု ခေါ်ကြောင်း ရှင်းပြသည်။ ထိုနောက် ပီတိ၊ သုခ၊ ဧကဂ္ဂတာ အဆင့်ဆင့် ဖြစ်ပုံကို ပြသည်။

ထိုညက ကိုးနာရီခန့်တွင် ဖွင့်ပွဲ ရုပ်သိမ်းသည်။ အကျွန်ုပ်တို့ ယောဂီများ ကိုယ့်အဆောင် ကိုယ်ပြန်ပြီး နားကြသည်။ အကျွန်ုပ်လည်း ရှစ်ပါးသီလ ယူပြီးကတည်းက မည်သူနှင့်မျှ စကား မပြောတော့ဘူးဟု ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချထားလိုက်သည်။ ကိုစိုးကိုလည်း စကား မပြောတော့။ သူ့ဘာသာ သူ နေတတ်သလို နေရန် သဘောထားပြီး ပစ်ချထားလိုက်လေသည်။

နံနက် လေးနာရီတွင် အိပ်ရာက ထရမည် ဖြစ်သည်။ လေးနာရီ အိပ်ရာက ထရခြင်းသည် အကျွန်ုပ်အတွက် အခက်အခဲ များစွာ ရှိမည် ထင်မိသည်။ အိမ်မှာဆိုလျှင် အကျွန်ုပ်သည် နံနက် ခုနစ်နာရီလောက်မှ အိပ်ရာက ထသည်။ ဆောင်းတွင်း နံနက်ခင်း လမ်းလျှောက်သော အခါမှာပင် နံနက် ခြောက်နာရီလောက်ကျမှ အိမ်က ထွက်တတ်ပါသည်။ နံနက် အစောကြီး ထရမည် ဆိုသော အသိကြောင့် စိတ်လှုပ်ရှားနေမိသည်။ စိတ်လှုပ်ရှားနေသောကြောင့် ညဦးပိုင်းမှာ အိပ်မပျော် ဖြစ်နေပြန်သည်။ ကြိုးစားပြီး အိပ်ကြည့်သော်လည်း မရပါ။ ထို့ကြောင့် ၁၁ နာရီခွဲလောက်မှ အိပ်ရာက ထပြီး စတုမဓု တစ်ဖွန်း စားလိုက်ပါသည်။ ၁၂ နာရီလောက်ကျမှ အိပ်ပျော်သွားသည်။ သို့သော် လေးနာရီ ကြေးစည်ထုသံ ကြားသောအခါ မိမိသည် အိပ်ရာက ရုတ်တရက် ဆတ်ခနဲ ကုန်းထလိုက်သည်။ ခေါင်းထဲ မူးပြီး လည်နေသည်။ ဤကြေးစည်သံက ဝီရိယနှင့် သတိကို အချက်ပေးသော နှိုးဆော်သံနှင့် တူသည်ဟု သဘောထားမိသည်။ ထိုအချက်ကို နှလုံးသွင်းမိလိုက်သောအခါ မိမိသည် တရားရတာ မရတာ အပထား၊ သတိနှင့် ဝီရိယ ကောင်းသူ၊ နိုးကြားထကြွ လုံ့လရှိသူ ဖြစ်လာခြင်းသည် လောကီအတွက်မှာလည်း ကျေးဇူးများလှပြီဟု အောက်မေ့လိုက်ပါသည်။

မိမိသည် အလုပ် တစ်ခုကို လုပ်ပြီ ဆိုလျှင် အကျိုးရလဒ် တစ်ခုကို မျှော်ကိုးပြီး လုပ်တတ်သူ ဖြစ်၏။ အလုပ် လုပ်ပြီး အကျိုးရလဒ် မထင်ရှားပါက ထိုအလုပ်ကို အရှုံး အဖြစ် သတ်မှတ်ချင်ပါသည်။ ဘာပဲလုပ်လုပ် အကျိုးရလဒ် သုံးမျိုးမှ တစ်မျိုးမျိုး ရရမည်ဟု သဘောထားသည်။ ပိုက်ဆံ ရလျှင်ရ၊ မရလျှင် ပညာရ၊ ပညာ မရလျှင်လည်း ကုသိုလ်တော့ ရမှ ဖြစ်ပေလိမ့်မည်။ ယခု တရားစခန်းသို့ အချိန်ကုန် လူပန်းခံပြီး လာခြင်း၌ ရလဒ် ထင်ရှား ရှိ



www.burmeseclassic.com

www.burmeseclassic.com



စေချင်ပါသည်။ တရားစခန်း စဝင်ကတည်းက မိမိ၏ စိတ်ထဲတွင် ဆောင်ပုဒ် တစ်ခုကို ချမှတ်ထားပါသည်။ ၎င်းဆောင်ပုဒ်မှာ 'အကျိုးရှိအောင် လုပ်ရမည်' ဟူ၍ ဖြစ်၏။

ထိုရင်ထဲက ဆောင်ပုဒ်သည် မိမိ၏ ထကြွ လုံ့လရှိမှု၊ သဒ္ဓါတရား ထက်သန်မှုကို အစဉ် နှိုးဆော်လျက် ရှိသည်ဟု ခံစားရသည်။ ထိုအခါ နံနက် လေးနာရီ ထိုးသည်နှင့် အိပ်ရာက နိုးပြီး ခုတင်ပေါ်မှာ ဆတ်ခနဲ ထထိုင်လျက် သား ဖြစ်နေလေသည်။ ကိုယ့်ကိုယ်ကိုယ်ပင် မယုံကြည်နိုင်လောက်အောင် အံ့အားသင့်မိသည်။ အမှန်ကတော့ စိတ်ပဲဟု နားလည်လိုက်သည်။ ယောဂီ အနေနှင့် ကိုယ့်စိတ်ကို ကိုယ် ပြောင်းတတ်ဖို့ အရေးကြီးသည်။ ဤအချက်ကို ပထမ နားလည်လိုက်သည်။

ထိုအခါ မြတ်စွာဘုရားက သားတော် ရာဟုလာကို ဆုံးမသော ယောဂီ တို့ ရှိအပ်သော အင်္ဂါရပ်များကို ယခု သတိရသည်။ ယောဂီသည်

(၁) ဧကော = အဖော်မမှီး တစ်ကိုယ်တည်း ဖြစ်ရမည်။

(၂) ဝူပကဋ္ဌော = ဆိတ်ငြိမ်ရာကို ကပ်ရမည်။

(၃) အပမတ္တော = မမေ့မလျော့ ရှိရမည်။

(၄) အာတာပီ = သမ္မပ္ပဓာန် လုံ့လ ဝီရိယ ရှိရမည်။

(၅) ပဟိကတ္တော = ငါသည် ယခု ဓမ္မာနု ဓမ္မ ပဋိပတ်ဖြင့် နိဗ္ဗာန် သို့ အဖြောင့် သွားမည် ဆိုသော နိဗ္ဗာန်သို့ စေလွှတ်သော စိတ် ရှိရမည်။

မြတ်စွာဘုရား၏ ဆုံးမစကား ခေါင်းထဲကို ရောက်လာသည်။ ယောဂီ ၏ စိတ်သည် ပြောင်းထားပြီးသော စိတ် ဖြစ်ရမည်ဟု နားလည်မိသည်။ ထို အခါ အများထဲကို ရောက်နေသော်လည်း မိမိသည် ဆိတ်ငြိမ်ရာမှာ တစ်ယောက် တည်း နေနေသလို နေတတ်လာသည်။ ဘယ်သူ ဘယ်ဝါတွေလဲဟု သိချင် သော စိတ်လည်း မရှိ။ တရား ဝင်နေတာ ဘယ်သူတွေပဲ ဖြစ်ဖြစ် ကိုယ်နှင့် ဘာမျှ မဆိုင်ဟု သဘောထားလိုက်သည်။ ပိုပြီး သတိထားရသည်မှာ မိမိသည် စာရေးဆရာ ဆန်းလွင်မှန်း လူမသိအောင် နေရေး ဖြစ်သည်။ 'ရတနာသုံးပါး' စာအုပ်များ ထွက်ပြီးကတည်းက ဆန်းလွင်ကို လူတွေက စိတ်ဝင်စားနေကြ သည်။ ဤအချိန်တွင် စာရေးဆရာ ဆန်းလွင် တရားစခန်း ဝင်နေသည်ဟု သိသွားကြလျှင် သိကျွမ်းချင်သူတွေ၊ မိတ်ဆက်ချင်သူတွေ၊ အသုံးချချင်သူတွေ ပေါ်ပေါက်လာနိုင်သည်။ မိမိကို ဘယ်သူမှ မသိတာ ကောင်းသည်ဟု သဘော ထားပါသည်။ ထို့ကြောင့် လူတွေ စုဝေးပြီး မျက်နှာချင်းဆိုင်သော နေရာကို

www.burmeseclassic.com



ဝေးဝေးက ရှောင်ပါသည်။ တစ်နာရီ ထိုင်ပြီးလျှင် နာရီဝက် နားသည်။ ဆေးလိပ် သောက်သော ယောဂီတွေ၊ စကားပြောသော ယောဂီတွေ၊ အညောင်းဖြေသော ယောဂီတွေ အပြင်ဘက် ဘုရားရင်ပြင်မှာ ဆုံကြသည်။ မိမိသည် ထိုယောဂီများ မျက်နှာချင်းဆိုင်၍ စကားစပြောသော နေရာကို ရှောင်သည်။ ကိုစိုး ရှိသော နေရာမှာပင် မနေဘဲ မိုးမရွာပါက ဓမ္မာရုံ တောင်ဘက်ရှိ လင်းလွန်းပင်ကြီး အောက်နားမှာ စင်္ကြံ သွားလျှောက်နေလေသည်။ IMC တွင် စင်္ကြံနှင့် ရှုမှတ်ခြင်းကို အလုပ်ပေးတရားမှာ မထည့်ထားသော်လည်း အကျွန်ုပ်ကမူ ပထမ သတိ ထူထောင်စဉ် အစပိုင်း ကာလ၌ ထိ သိ သတိဖြင့် လျှောက်သည်။ ခြေထောက်နှင့် မြေကြီး ထိတိုင်း သိအောင် သတိကပ်ထားသည်။ သတိ စွဲမြဲလာသောအခါ မြေကြီးနှင့် ခြေထောက် ထိလိုက်သော ထိချက်သည် ခေါင်းနောက်ပိုင်းက ဦးနှောက်ထဲထိ တဒိုင်းဒိုင်း ထိနေသည်ဟု ခံစားရသည်။ မြတ်စွာဘုရားသည် စင်္ကမသုတ်၌ စင်္ကြံ၏ အာနိသင်များကို ဟောထားသည်ကို အကျွန်ုပ် ဖတ်ထားဖူးသည်။

ထိုင်ပြီး အာနာပါန ရှုမှတ်တော့လည်း ဆရာများ ပြောသလို နှာသီးဖျားမှာ မှတ်၍ မရပါ။ စိတ်က လွင့်စဉ်နေသည်။ ထိုအခါ လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သော အာနာပါနဒီပနီကို အမှတ်ရသည်။ ဆရာတော်က အာနာပါန ထွက်သက် ဝင်သက်ကို သတိကပ်၍ ရှုမှတ်ရာတွင် အဆင့်လေးဆင့်ထား၍ (ပထမ) ပြသည်။

(၁) ထွက်သက် ဝင်သက်၌ သတိမြဲမှုကို အားထုတ်ခြင်းသည် (ပထမ အဆင့်) ဖြစ်သည်။

(၂) ထွက်သက် ဝင်သက်တို့၌ ရှည်လျှင် ရှည်သည်၊ တိုလျှင် တိုသည်ဟု သိအောင် အားထုတ်ခြင်း ဖြစ်သည်။ ဤကား (ဒုတိယ အဆင့်) ဖြစ်သည်။

(၃) ထွက်သက် ဝင်သက်တို့ကို အစ၊ အလယ်၊ အဆုံး ထင်လင်းအောင် အားထုတ်ခြင်း ဖြစ်သည်။ (တတိယ အဆင့်) ဖြစ်သည်။

(၄) ရုန့်ရင်းသော ထွက်သက် ဝင်သက်ကို အစဉ်အတိုင်း ချုပ်ငြိမ်းစေ၍ သိမ်မွေ့သွားအောင် အားထုတ်ခြင်း ဖြစ်သည်။ (စတုတ္ထ အဆင့်) ဖြစ်၏။

ဤသို့ လေးဆင့် အားထုတ်ခြင်းကို ပထမ စတုက္ကနည်းဟု ဆိုသည်။ ထိုနည်းကို အဋ္ဌကထာများ၌ လာပုံမှာ–

(၁) ဂဏနာနည်း – အနှေးအမြန် အစဉ်မှန်၊ နှစ်တန်ရေတွက်နည်း

www.burmeseclassic.com



(၂) အနုဗန္ဓနာနည်း – အမြဲအမြဲ အတွယ်သန်၊ တစ်ဖန်ဖွဲ့ထားနည်း

(၃) ထပနာနည်း– ငြိမ်ဝပ်ပြန့်ဖြူး၊ စိတ်စိုက်စူး၊ အထူးစိတ်ထားနည်း *

အကျွန်ုပ်သည် ထိုနည်းများနက် ဂဏနာနည်း (ရေတွက်နည်း) ကို သုံးကြည့်ဖို့ ဆုံးဖြတ်လိုက်ပါသည်။ ပထမ ဆရာတော်ကြီး ပြထားသည့် အတိုင်း ဂဏန်း ရေတွက်နည်းကို သုံးကြည့်သည်။ ဆရာတော်ကြီး၏ ရေတွက်နည်းမှာ တစ်က စ၍ ငါး အထိ (၁, ၂, ၃, ၄, ၅) ကို တစ်ဝါရ၊ တစ်မှ ခြောက် အထိကို တစ်ဝါရ၊ တစ်မှ ခုနစ်ထိ တစ်ဝါရ၊ တစ်မှ ရှစ်အထိ တစ်ဝါရ၊ တစ်မှ ကိုးအထိ တစ်ဝါရ၊ တစ်မှ တစ်ဆယ်ထိ တစ်ဝါရ၊ ဤသို့ ခြောက်ဝါရ ဖြင့် ရေတွက်ခြင်း ဖြစ်၏။ ခြောက်ဝါရ ရလျှင် တစ်ဝါရဟု မှတ်ရ၏။ ပြီးလျှင် ပထမ ဝါရက ပြန်စရ၏။ ဤတွင် ဝင်သက် ထွက်သက် တစ်စုံကို တစ်ဟု ရေတွက်ရ၏။ ထွက်သက်ရော၊ ဝင်သက်ပါ ထင်ရှားလျှင်ကား တစ် နှစ် သုံး လေး ရေတွက်နိုင်သည် ဆို၏။ ဤသို့ ဂဏန်း ရေတွက်ရာတွင် နှေးသောနည်း၊ မြန်သောနည်း ရှိ၏။ ပြခဲ့ပြီးသော ဒသဝါရတိုင်အောင် ခြောက် ဝါရထား၍ ရေတွက်နည်းသည် နှေးသော ရေတွက်နည်း ဖြစ်၏။ ရေတွက်ဖန် များသော် ထင်ရှားသော အချက် များလာ၏။ ထိုအခါ တစ် နှစ် သုံး လေး အစဉ်အတိုင်း ရေတွက်နိုင်၏။ ဂဏန်းလည်း စိပ်လာ၏။ မြန်မြန် မှတ်ရ၏။ အချက်တိုင်းကို သတိမလစ်စေဘဲ မှတ်ရ၏။ အကျွန်ုပ်သည် အမြန် ရေတွက် နည်းကို ပို၍ နှစ်သက်၏။ ဂဏန်းအချက် အမှတ် စိပ်နေသောကြောင့် ဂဏန်း တစ်ခုနှင့် တစ်ခုကြားမှာ ကိလေသာ ကြားခိုရန် အခွင့်နည်း၏။ ထို့ ကြောင့် ကြေးစည် ထု၍ စထိုင်သည်မှ ကြေးစည် ထု၍ အမှတ်ဖြုတ်သည် အထိ တစ်နာရီမှာ ဝင်သက် ထွက်သက် အချက် မည်မျှ ရသနည်းဟု ပထမ ဦးစွာ မှတ်သား၏။ ပထမ တစ်နာရီ၌ ရသော ဂဏန်း အရေအတွက်ကို မှတ်သားလိုက်၏။ (ဥပမာ အချက် ၁၅၆၀) ရသည် ဆိုပါစို့။ ဒုတိယ နာရီ တွင်လည်း ထိုအတိုင်း မှတ်သားပါသည်။ ရသော ဂဏန်း အရေအတွက်ချင်း နီးစပ်ပါက မိမိ၏ အမှတ်စိပ်ပြီး သတိကပ်ထားနိုင်ပြီဟု နှလုံးသွင်းလိုက်ပါ သည်။ ထိုသို့ ရှုမှတ်သောအခါ ယခင်က လွင့်စဉ် ပြေးလွှားနေသော စိတ်သည် မပြေးနိုင်ဘဲ ချည်တိုင်မှာ မြဲလာသည်ကို တွေ့ရ၏။ ဂဏန်း ရေတွက်ခြင်း

* အာနာပါန ဒီပနီ (ဟံသာဝတီ၊ ၁၉၆၀)၊ လယ်တီဆရာတော်၊ စာ ၁၃၈–၁၃၉



www.burmeseclassic.com

www.burmeseclassic.com



အပေါ်၌ စိတ်က စူးစိုက်နေလျှင် တစ်နာရီ အချိန်သည် ခဏကလေးဟု ထင်ရ၏။ စိတ်သည် အာရုံ တစ်ခုတည်း အပေါ်မှာ စူးစိုက်သွားသောအခါ ခန္ဓာကိုယ်ပေါ်မှာလည်း ထင်ရှားသော လက္ခဏာများ ဖြစ်ပေါ်လာကြ၏။ နာကျင်ကိုက်ခဲသော ဝေဒနာများ ပျောက်ကွယ်နေပြီး ခန္ဓာကိုယ်သည် ပေါ့ပါး၍ လေထဲမှာ မြောက်ကြွ၍ မျောပါနေသည်ဟု ထင်ရ၏။ စိတ်ငြိမ်သည်နှင့် တစ်ပြိုင်နက် ပီတိသည် ချက်ချင်းဝင်လာ၏။ ကြက်သီးမွေးညင်းနကလေးများ ထလာ၏။ ရင်ထဲမှာ လေးလံခြင်း အလျှင်းမရှိဘဲ ပေါ့ပါး၏။ ရွှင်လန်း၏။ အံ့သြဖို့ကောင်းသည်မှာ ဒုက္ခဝေဒနာများ ကွယ်ပျောက်သွားခြင်း ဖြစ်၏။ ဤအကြောင်းကို ပြောရခြင်းမှာ သိသာ ထင်ရှားသော အတွေ့အကြုံ ရှိခဲ့သောကြောင့် ဖြစ်၏။ ပထမ ရက်နှင့် ဒုတိယ ရက်များတွင် မိမိ၏ ခြေထောက် အောက်ပိုင်း ဒူးဆစ် အောက်ပိုင်းသည် ထုံကျဉ်နေ၏။ တရား ထိုင်နေစဉ်သာ ထုံကျဉ်နေသည် မဟုတ်ဘဲ အိပ်ရာဝင်လျှင်လည်း ထုံကျဉ်နေသည်။ အိပ်ရာ ထလျှင်လည်း ထုံကျဉ်နေသည်။ လမ်းသွားလျှင်လည်း ထုံကျဉ်နေသည်။ ဤဝေဒနာ မပျောက်တော့ဘူးလားဟု သံသယ ဝင်လာသည်။ ငါ လေဖြတ်ချင် နေပြီလားဟုလည်း သောက ရောက်လာသည်။ အံ့သြစရာ ကောင်းသည်မှာ တတိယနေ့ ၁၂ နာရီတွင် ရေချိုးပြီးသောအခါ ထို ထုံကျဉ်နာများ အားလုံး ရေနှင့်ဆေးချလိုက်သလား မှတ်ရသည်။ ရုတ်တရက် ပျောက်ဆုံးသွားပြီး ခြေထောက်သည် ပကတိအတိုင်း ပြန်ဖြစ်သွားသည်။ နေ့လယ် တစ်နာရီမှာ တရားပြန်ထိုင်သောအခါ တစ်နာရီ အတွင်းမှာ ဒုက္ခ ဝေဒနာ ဘာဆိုဘာမျှ မလာတော့ပါ။ ထိုအခါမှ မိမိစိတ်သည် ရွှင်လန်း ချမ်းသာနေသည်ကို တွေ့ရ၏။ အကယ်၍ ခန္ဓာကိုယ်က နာကျင်နေလျှင် သုခရသကို ခံစားနိုင်ပါမည်လား။ ဤသို့ စဉ်းစားမိမှ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ အဆင့်၌ ကာယိက ဒုက္ခ၊ စေတသိက ဒုက္ခများ ကင်းပနေသည့် သဘောရှိကြောင်း နားလည်လိုက်ရပါသည်။

သြဂုတ်လမိုးက သဲသဲမဲမဲ ရွာနေလေသည်။ မိမိမှာရော ကိုစိုးမှာပါ ထီးမပါကြ။ အိပ်ဆောင်နှင့် ဓမ္မာရုံ၊ ဓမ္မာရုံနှင့် ဘောဇနေဆောင်တို့သည် ကိုက်တစ်ရာလောက်စီ ကွာဝေးကြသည်။ ထိုသို့ တစ်ဆောင်က တစ်ဆောင်သို့ ကူးသန်းရသောအခါ မိုးရွာနေလျှင် အခက်အခဲ ကြုံရသည်။ ထိုအခါ အကျွန်ုပ်ခေါင်းထဲသို့ အတွေး တစ်ခု ဝင်လာသည်။ မိမိ အားထုတ်နေသော တရားသည် သမ္မာသမာဓိ အဆင့်သို့ ရောက်လာပြီဆိုလျှင် ထိုစရဏ၏ တန်ဖိုးကြောင့် မိုးစဲရန် သစ္စာ ဆိုချင်သော စိတ် ဖြစ်ပေါ်လာပါသည်။ ထိုအခါ မိမိ



www.burmeseclassic

www.burmeseclassic.com



တို့ နှစ်ဦးစလုံးမှာ ထီးမပါပါ၊ ဤစကားသည် မှန်သော သစ္စာစကား ဖြစ်၏၊ ဤမှန်သော သစ္စာစကားကြောင့် မိုးသည် ခေတ္တ ရပ်စဲပါစေသတည်းဟု ဆိုလိုက်သည်။ ထိုသို့ ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် မိုးသည် ချက်ချင်း စဲသွားလေသည်။ မိမိ အလိုရှိရာ အဆောင်သို့ မိုးစဲနေစဉ် အရောက် ပြေးရသည်။ အဆောင်ပေါ် ရောက်သည်နှင့် တစ်ပြိုင်နက် မိုးသည် သဲသဲမဲမဲ ရွာပြန်လေသည်။ ဤအချင်းအရာကို တွေ့ရသောအခါ မိမိ၏ စရဏသည် အကျိုးသက်ရောက်မှု ရှိနေပြီဟု သိရပြီး စိတ်သည် ပိုမို အားတက် ရွှင်လန်းနေလေတော့သည်။ အစ ပထမပိုင်းတွင် ဤကဲ့သို့ မိုးစဲသွားခြင်းသည် တိုက်ဆိုင်ခြင်းပေလားဟု သို့လော သို့လော ဖြစ်မိသေး၏။ သို့သော် ၁၀ ရက်လုံးလုံး ဤကဲ့သို့ သစ္စာဆိုတိုင်း မိုးစဲခဲ့သဖြင့် မိမိတို့မှာ ထီးမပါဘဲလျက် မိုးသည်းသော နေ့ရက်များကို ကျော်ဖြတ်နိုင်ခဲ့လေတော့သည်။

စတုတ္ထနေ့တွင် ဆရာများက မိမိတို့မှာ ဝိပဿနာကို ပြောင်းရန် အတွက် 'ခဏိက သမာဓိ' ကို ရပြီ ဖြစ်ကြောင်း၊ ယနေ့မှ စပြီး အဓိဋ္ဌာန်တင်၍ တစ်နာရီအတွင်း လုံးဝ မပြောင်းဘဲ ဣရိယာပုတ်ကို ခိုင်အောင် ထား၍ ရှုဉာဏ်ကို ဦးခေါင်းအထက် ငယ်ထိပ် နေရာမှာ စိုက်ပြီး ရှုရမည်ဟု ညွှန်ကြားပေးသည်။

အကျွန်ုပ်သည် ဆရာပြောသော ထို ခဏိက သမာဓိ ဆိုသော စကားကို ဘဝင်မကျ ဖြစ်နေလေသည်။ ခဏိက သမာဓိ ဆိုတာ ဘာလဲ။ ခဏိက သမာဓိသည် သမ္မာသမာဓိ ဖြစ်ပြီလားဟု ရင်ထဲမှာ ပုစ္ဆာထုတ်နေမိသည်။ ခေါင်းထဲသို့ ဖတ်ထားသော စာအုပ်ထဲက စာတွေ ဝင်လာသည်။ ဂျက် ကွန်ဖီးလ်၏ စာအုပ်ထဲက ယိုးဒယား ဝိပဿနာ ဆရာတော်ကြီး အာကျန်း ဗုဒ္ဓဒါသက ခဏိက သမာဓိကို သဘာဝအတိုင်း ဖြစ်သော သမာဓိ natural concentration ဖြစ်ကြောင်း ဖော်ပြထားသည်။ တမင်တကာ အားစိုက်၍ ထူထောင်ရသော သမာဓိမျိုး မဟုတ်ဟု ဆိုသည်။ သချ်ာ တွက်သောအခါ ဖြစ်ပေါ်လာသော သမာဓိသည် ခဏိက သမာဓိ ဖြစ်သည်။ သေနတ် ပစ်သောအခါ ပစ်မှတ်ကို ချိန်ရွယ်၍ ဖြစ်ပေါ်လာသော သမာဓိသည် ခဏိက သမာဓိ ဖြစ်သည်ဟု ဆိုသည်။ naturally occurring concentration သဘာဝအတိုင်း ဖြစ်ပေါ်လာသော စိတ် တည်ငြိမ်မှု သမာဓိသည် လူတိုင်းမှာ ပင်ကိုအားဖြင့် ရှိသည်ဟု ဆိုသည်။ ထိုသမာဓိသည် ဝိပဿနာ အားထုတ်ရာ၌ လုံလောက်သော သမာဓိ ဖြစ်သည်ဟု သူက ဆိုသည်။



www.burmeseclassic

www.burmeseclassic.com



အကျွန်ုပ်ခေါင်းထဲမှာ ဘယ်မျှလောက် စိတ်တည်ငြိမ်မှု ရခြင်းကို ခဏိက သမာဓိ ဖြစ်သည်ဟု ဆိုသလဲ နားမလည်ပါ။ ဤကိစ္စနှင့် ပတ်သက်၍ မိမိ ရင်ထဲမှာ အငြင်းပွားနေလေသည်။ ထိုအချိန်တွင် အလုပ်မဖြစ်သော အတွေး တွေကို ရပ်ပြီး အလုပ်ဖြစ်မည့် အဖြေ တစ်ခုကို ရှာရသည်။ သီရိလင်္ကာ ဆရာတော်ကြီး အရှင်နာရဒက သူ၏ အဘိဓမ္မတ္ထသင်္ဂဟကျမ်းထဲတွင် ဧကဂ္ဂ တာ သမာဓိကိုသာ သမ္မာသမာဓိဟု ဆိုနိုင်ကြောင်း ဖတ်ရှုူးသည်။

**By Sammã Samãdhi – Right concentration, is meant this Ekaggatã found in the Path-consciousness.** *

ဤစကားအရ ဧကဂ္ဂတာ (အာရုံ တစ်ခုတည်း၌ စူးစိုက်နေသော စိတ်တည်ကြည်မှု) ကိုသာ သမ္မာမာဓိဟု ဆိုလျှင် အကျွန်ုပ်အနေနှင့် အခြား အငြင်းပွားဖွယ် ကိစ္စ ဘာကိုမျှ စဉ်းစားနေစရာ မလိုတော့ပါ။ ဧကဂ္ဂတာသို့ ရောက်အောင် အားထုတ်ဖို့သာ လိုသည်ဟု စိတ်ထဲမှာ အဖြေထုတ်လိုက်ပါ သည်။ ထိုအခါ စိတ်ငြိမ်သက်ပြီး ကြည်လင်သွားပါသည်။

ဆရာများက စတုတ္ထနေ့တွင် ခဏိကသမာဓိဖြင့် ဝိပဿနာကို ပြောင်း ရှုခိုင်းသော်လည်း အကျွန်ုပ်သည် ဝိပဿနာသို့ မပြောင်းဘဲ မိမိ၏ စိတ် တည်ကြည်မှု အဆင့်ကို ဧကဂ္ဂတာသို့ မရောက်ရောက်အောင် မြှင့်တင်ဖို့ ဆုံးဖြတ်လိုက်သည်။ သို့သော် အချိန် အကြာကြီး မပေးနိုင်မှန်းလည်း သိသည်။ သမထကိုပင် နောက် တစ်ရက် ဆက်လက် အားထုတ်ဦးမည်ဟု စိတ်ဆုံးဖြတ် လိုက်ပါသည်။

နှလုံးသွင်း မှန်သွား၍ပဲလား၊ သဒ္ဓါနှင့် ဝီရိယ အားကောင်းလာ၍ပဲ လား မသိပါ။ စတုတ္ထနေ့တွင် အကျွန်ုပ်၏ စိတ်သည် ဧကဂ္ဂတာ အဆင့်သို့ ရောက်သွားပါသည်။ ထိုအခါမှ ရှေးက မသိဖူး၊ မကြားဖူးသော အတွေ့အကြုံ များကို ရရှိလာသည်။ ဧကဂ္ဂတာသို့ ရောက်သွားသောအခါ စိတ်သည် နှာသီး ဖျားမှာသာ ကပ်နေသည်။ အာရုံတစ်ပါးသို့ စိတ်လွင့်သွားခြင်း အလျှင်း မရှိ တော့ပါ။ ထိုအခါ ထူးခြားသည်မှာ ဝင်သက် ထွက်သက် အလွန် နူးညံ့ သိမ်မွေ့သွားခြင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ နှာသီးဖျားမှာ ဝင်လေ ထွက်လေ ကိုပင် ရှာမတွေ့သလို ခံစားရသည်။ ခေတ္တ စောင့်ပြီး ရှုနေမှ မျှင်မျှင်ကလေး ရှူရှိုက်နေသည်။ နှေးနှေးကလေး ဖြည်းညင်းစွာ သက်သောင့်သက်သာ ရှူရှိုက်

---

* A Manual of Abhidhamma - Narada Thera - p 32

www.burmeseclassic.com



နေသည်ကို တွေ့ရပါသည်။ ခန္ဓာကိုယ်ကမူ ပေါ့ပါးပြီး တစ်ချက် တစ်ချက် မျက်လုံးတွေထဲမှာ အဖြူရောင် အလင်းက ဖြတ်သန်းသွားသည်။ ထိုအလင်းရောင် ဖျတ်ခနဲ ပေါ်လာလျှင် ခန္ဓာကိုယ်ပေါ်က ဝေဒနာများလည်း ဖျတ်ခနဲ ပျောက်ဆုံးသွားကြသည်။ မတွေ့ကြုံစဖူးသော အတွေ့အကြုံများကို အဆန်းတကြယ် တွေ့ကြုံရသောအခါ များစွာ အံ့အားသင့်မိပါသည်။ ပို၍ နက်နက်နဲနဲ သိလာသည်မှာ ဈာန်အင်္ဂါ တစ်ခု ဖြစ်ပေါ်လာသည်နှင့်၊ သမာဓိနိမိတ် တစ်ခု ပေါ်လာသည်နှင့် ခန္ဓာကိုယ်မှာ ပီတိသုခ သဘောများ ထင်ရှားစွာ ပြောင်းလဲဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

မိမိ၏ စိတ်သည် one pointed concentration ဟု ခေါ်သော ဧကဂ္ဂတာ အဆင့်သို့ ရောက်ပြီဟု ဆုံးဖြတ်နိုင်သောအခါမှ ဝိပဿနာသို့ ပြောင်းရန် ဆုံးဖြတ်ချက်ချပါသည်။ ယနေ့ နံနက်ပိုင်းမှာ သမထကိုပဲ အားထုတ်နေသေးသည်။ နေ့လယ် တစ်နာရီ အချိန်ကျမှ ဝိပဿနာကို ပြောင်းဖို့ စဉ်းစားထားသည်။ နားသည့် နာရီဝက် အချိန်တွင် မနားဘဲ မိုးမရွာသဖြင့် လင်းလွန်းပင်အောက်မှာ စင်္ကြံလျှောက်နေပါသည်။ ထိုအချိန်တွင် မိမိအနားသို့ လူကြီး တစ်ဦး ကပ်လာသည်။ ဘယ်သူပါလိမ့်ဟု သတိထားပြီး ကြည့်လိုက်တော့ ဆရာ ဦးကိုလေး (ဇေယျာမောင်) ဖြစ်သည်။ ဆရာ ဦးကိုလေးက တိုးတိုးပြောသည်။

'ကိုဆန်းလွင်၊ ခင်ဗျားက တရား ရနိုင်တယ်ဗျ၊ တစ်ခုပဲ၊ ဝိပဿနာဆိုတာ စောင့်ကြည့်တာနော်၊ just observe၊ မစဉ်းစားနှင့်၊ လိုက်မရှာနှင့်၊ စောင့်ကြည့်၊ အရေးအကြီးဆုံးက စကား လုံးဝ မပြောနှင့်၊ စကား မပြောရင် ခင်ဗျား တရားရမှာပဲ၊ ဒါ ဆရာကြီး ဦးဘခင်က စမ်းသပ်ထားတာ၊ Experiment လုပ်ထားတာနော်'

ဤသို့ သတိပေး ဆုံးမစကား ဆိုပြီးနောက် ဆရာ ဦးကိုလေးသည် မိမိအနားက ခွာသွားလေသည်။ မိမိသည် ဝစီပိတ် အဓိဋ္ဌာန် ပြုထားသောကြောင့် သူ ပြောသမျှကိုသာ နားထောင်လိုက်သည်။ ဘာမှ ပြန်မပြောဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်ပါသည်။

**မဟာဘုတ်ဓာတ်ရုပ်ကလာပ်ကို ရှုခြင်း**

စတုတ္ထ ည ခုနစ်နာရီတွင် ကမ္မဋ္ဌာန ဆရာကြီးများက IMC ၏ ဝိပဿနာ ရှုနည်းကို သင်ကြားပြသည်။ ပဉ္စမနေ့ နံနက်ပိုင်းက စပြီး မိမိက ဝိပဿနာ



www.burmeseclassic.com

www.burmeseclassic.com



ကို ရှုရန် ဆုံးဖြတ်ထားသည့်အတိုင်း ထိုနေ့ကျမှ ရှုသည်။ ရှုသော အခါ ဆရာများ ပြောသော ဆရာသက်ကြီးမှု ဝိပဿနာ ကျင့်စဉ် ဉာဏ်အမြင် အတိုင်းပင် ရှုသည်။ ဝိပဿနာကို ပြောင်းသောအခါ ဤရိပ်သာတွင် ပဋိစ္စ သမုပ္ပာဒ်ကိုလည်း မပြ၊ အောက်ဉာဏ်များ ဖြစ်သော နာမ်ရုပ်ခွဲခြင်း (နာမရူပ ပရိစ္ဆေဒဉာဏ်) ဖြစ်ပုံကိုလည်း မပြပါ။ ပစ္စယ ပရိဂ္ဂဟဉာဏ် ဖြစ်ပုံကိုလည်း မပြပါ။ ရူပကာယတွင် ရှိသော မဟာဘုတ်ဓာတ်၊ ရုပ်ကလာပ်တို့၏ ဖောက် ပြန် ပျက်စီးနေပုံကို တိုက်ရိုက် အတွေ့အကြုံ (direct experience) ဖြင့် မြင်တွေ့အောင် ကြည့်သောနည်းကို ပြသည်။ ပထမ နာသီးဖျားမှာ စိတ် တည်ကြည်အောင် သမာဓိကို ဦးစွာ တည်ထောင်ပြီးနောက် စိတ်တည်ကြည် လာပြီ ဆိုလျှင် ထိုသမာဓိ စိတ်ကလေးကို ငယ်ထိပ်သို့ တင်ပြီး စိုက်ရှုနိုင်းသည်။ ခေါင်းရေခွံပေါ်မှာ ရုပ်ဓာတ် ရုပ်ကလာပ်ကလေးများ မွှမွှရွရွ၊ ရုတ်ရုတ်သဲသဲ ပြိုကွဲ ပျက်စီးနေပုံကို ကိုယ်တွင် မြင်တွေ့အောင် ရှုရသည်။ ဆရာကြီးများက မြတ်စွာဘုရား မောဃရာဇာ ရဟန်းအား ဆုံးမတော်မူသော ပါဠိတော်ကို ကိုးကားပြသည်။ 'သုညတော လောကံ အဝေက္ခသု မောဃရာဇာ' ဆိုသော ပါဠိနှင့် အညီ ရူပကာယ အစုအဝေးကြီးကို ငါပဲ ငါ့ကိုယ်ပဲ စသည်ဖြင့် စွဲလမ်း မှတ်ထင်နေသော သက္ကာယဒိဋ္ဌိ အယူကို ပယ်ရန် ဤခန္ဓာကိုယ် လောကကြီးသည် ငါပဲ၊ ငါ့ဥစ္စာပဲဟု စွဲလမ်း ထင်မှတ်စရာ 'ဃန' ဟူ၍ မြူမျှ မရှိကြောင်းကို ထင်ရှားအောင် ကိုယ့်ကိုယ်ကိုယ် စူးစိုက်၍ ရှုနိုင်းခြင်း ဖြစ်သည်။

ဆရာကြီးများက 'ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာ ယတော ဗြာဟ္မဏဿ' ဆိုသော ဥဒါန်း ပါဠိတော်နှင့်၊

'စတုန္နံ၊ မဟာ ဘူတာနံ သမုဒယဥ္စ အတ္ထင်္ဂမဥ္စ ယထာဘူတံ ပဇာနာတိ၊ ဧတ္တဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ၊ သုဝိ သုဒ္ဓံ ဟောတိ' ဆို သော ပါဠိတော်များကို ကိုးကား၍ လေးပါးသော မဟာဘုတ် ခေါ် ဘူတရုပ် တို့၏ ဖြစ်ပျက်နေပုံကို ဝိပဿနာ ဉာဏ်ပညာဖြင့် ခြင်း၍ သိသည် ရှိသော် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်နိုင်သည် ဟူသော အချက်ကို လက်ကိုင် ထား၍ ဆွေးနွေး တင်ပြကြလေသည်။ ဤဓာတ်လေးပါး၏ ဖြစ်ပျက်ပုံကို သိရမည်ဟု ဆိုရာမှာလည်း လေးပါးစလုံးကို ခွဲခြမ်းစိတ်ဖြာ၍ သိရမည်ဟု မဆိုလိုကြောင်း၊ ဓာတ်တစ်ပါးပါး၏ ဖြစ်ပျက်ပုံကို သိလျှင် ပြီးကြောင်းကို လည်း ပြသည်။

www.burmeseclassic.com



သာဝကာနံ – သာဝကတို့သည်၊ စတုန္နံ – လေးပါးကုန်သော ဓာတ်တို့၏၊ ဧကဒေသမေဝ – တစ်စိတ်တစ်ဒေသကို၊ သမသိက္ခာ – သုံးသပ်ခြင်းဖြင့်၊ နိဗ္ဗာနံ – နိဗ္ဗာန်သို့၊ ပါပုဏန္တိ – ရောက်နိုင်ကြကုန်၏ ဆိုသော မူလပဏ္ဏာသ အဋ္ဌကထာကိုလည်း ဆွေးနွေး တင်ပြကြလေသည်။

ဓာတ်တို့၏ ဖြစ်ပျက်ပုံကို သိမြင်လျှင် နိဗ္ဗာန်ကို သိမြင်နိုင်သည်ဟု ဆိုရာတွင် သမာဓိ ရှိမှ ယထာဘူတဉာဏ်ကို ရနိုင်ကြောင်း မြတ်စွာဘုရား ဟောတော်မူသော 'သမာဓိ ဘိက္ခဝေ၊ ဘာဝေထ သမာဟိတော ယထာဘူတံ ပဇာနာတိ' ဆိုသော ပါဠိတော်ကိုလည်း ကိုးကား တင်ပြကြလေသည်။ အနက်မှာ 'ရဟန်းတို့၊ သမာဓိ တရားကို ပွားများကြကုန်လော့၊ သမာဓိရှိသော သူသာလျှင် ပရမတ် ရုပ်နာမ်တရားတို့၏ လက္ခဏာကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင် သိမြင်နိုင်သည်' ဟူ၍ ဖြစ်၏။

ပရမတ်ဖြစ်သော ရုပ်နာမ်ခန္ဓ သင်္ခါရ၏ ဖြစ်မှု ပျက်မှုတို့ကို ပစ္စုပ္ပန်ဖြစ်သော ခဏတိုင်း ခဏတိုင်း၌ ဖြစ်တိုင်း ပျက်တိုင်း ဝိပဿနာ ပညာမျက်စိဖြင့် သိခြင်းမျိုးသည်သာ ဟုတ်တိုင်းမှန်စွာ သိသော ယထာဘူတ ဉာဏ်မျိုး ဖြစ်သည်။ ဤအသိမျိုးကို လူသာမန် (ဒွိဟိတ်ပုဂ္ဂိုလ်) တို့ မသိနိုင်၊ ရုပ်နာမ်ခန္ဓ သင်္ခါရ တရားများကို ဟုတ်တိုင်းမှန်စွာ သိရန်မှာ သင်ကြား နာယူခြင်းဖြင့်လည်း မသိနိုင်၊ ပရိယတ်ကို စုံအောင် တတ်မြောက်ရုံဖြင့်လည်း မသိနိုင်၊ ထိုသို့ သိရန်မှာ သမာဓိလည်း ရှိမှ၊ ဝိပဿနာ အာရုံလည်း မှန်မှ၊ မဆုတ်မနစ်သော ဖွဲလုံ့လနှင့်လည်း ရှုမှတ်ပွားများနိုင်မှ ဝိပဿနာဉာဏ်ကို ရနိုင်ကြောင်း ဆရာများက ရှင်းလင်း တင်ပြကြပါသည်။ သမာဓိ ရှိပြီးနောက် ရုပ်နာမ် ခန္ဓများကို ဝိပဿနာဉာဏ်ဖြင့် သိခြင်းသည် အနုဗောဓဉာဏ်သိ ဖြစ်ကြောင်းကိုလည်း ဟောကြသည်။

ထို့နောက် ရူပကာယ၌ မဟာဘုတ်ဓာတ်တွေကို ဘယ်လို ဘယ်ပုံ တွေ့ရကြောင်းကိုလည်း ရှင်းလင်း တင်ပြကြလေသည်။

'မဟာဘုတ်ဓာတ်တွေ ဆိုတာက ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ ဓာတ်ကြီး လေးပါးကို ဆိုတာပဲ၊ ဒီဓာတ်ကြီး လေးပါးဟာ အဝိနိဗ္ဗောဂ ရုပ်ဓာတ်တွေ ဖြစ်လို့ သူတို့ကို တစ်ခုစီ ခွဲခြားထားလို့ မရဘူး၊ ဓာတ်လေးပါးဟာ တစ်လုံးတစ်စည်း ရောယှက်ပြီး ပေါင်းစည်းနေကြတယ်၊ ဒီဓာတ်ကြီး လေးပါးကို ရိုးရိုးမျက်စိနှင့်လည်း မမြင်နိုင်ဘူး၊ ကိုယ်တိုင် ဉာဏ်မျက်စိနှင့်သာ ထိတွေ့ သိမြင်နိုင်ပါတယ်၊ ကာယဝိညာဏ်နှင့်သာ မဟာဘုတ် ဓာတ်တွေကို

www.burmeseclassic.com



ဝိပဿနာ ရှုလို့ ရတယ်၊ ဒါပေမဲ့ အာပေါဓာတ်ကတော့ ဖုသနဓာတ် မထိုက်လို့ ထိခြင်းအားဖြင့် မသိနိုင်ဘူး၊ သိနိုင်ခဲတယ်၊ ပထဝီ၊ တေဇော၊ ဝါယော ဓာတ်သုံးမျိုးကိုတော့ ကာယဝိညာဏ်နှင့် ထိပြီး သိနိုင်တယ်၊ ဒီဓာတ်ကြီး သုံးခုကို မပြိုမကွဲဘဲ အမြဲ ဖွဲ့စည်းနေအောင် ဆေါင်းစည်းပေးထားတာကတော့ အာပေါ ဓာတ် ဖြစ်ပါတယ်၊ ပထဝီဓာတ်ရဲ့ သဘောက ခက်မာတာ၊ နူးညံ့တာ၊ ကြမ်းတာ၊ ချောတာ၊ လေးတာ၊ ပေါ့တာ၊ တင်းတာ၊ နိုင်တာတွေပဲ၊ တေဇောက ပူတာ၊ အိုက်တာ၊ နွေးတာ၊ အေးတာ၊ စိမ့်တာ၊ ချမ်းတာတွေပဲ၊ ဝါယောက တွန်းကန်တာ၊ လှုပ်တာ၊ ရွေ့တာ၊ တုန်တာ၊ တောင့်တာ၊ တင်းတာတွေပဲ ဖြစ်တယ်၊ ဒီ ပထဝီ၊ တေဇော၊ ဝါယော ဓာတ်ကြီး သုံးပါးက ထင်ရှားပါတယ်၊ ထိတွေ့ သိမြင်ရတာ လွယ်ပါတယ်၊ ယောဂီများ အနေနှင့် ဝိပဿနာ ရှုတဲ့ အခါ ဓာတ်လေးပါးကို အမျိုးအမည် ခွဲခြားပြီး ဝေဖန်နေဖို့ မလိုပါဘူး၊ ဓာတ် တစ်မျိုးကို တွေ့ရင်ပဲ ဓာတ်လေးပါးစလုံး ပါဝင်နေပြီ ဆိုတာကို နားလည် သဘောပေါက်သင့်ပါတယ်၊ ဝိပဿနာ ကိစ္စပြီးအောင်ကတော့ ရူပကာယကိုပဲ စိုက်ပြီး ရှုကြရပါမယ်၊ ခန္ဓာကိုယ် ဘယ်နေရာကိုပဲ ဖြစ်ဖြစ် ရှုလို့ရပါတယ်၊ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးကလည်း ရရှိထားပြီး ဖြစ်တဲ့ သမာဓိ အားနှင့် ရူပကာယရဲ့ ဘယ်နေရာကို မဆို ရှုလိုရာ နေရာကို ရှုရင် ဖြစ်နိုင် ကြောင်း ဟောထားပါတယ်'

ဆရာများက သမာဓိစိတ်ကလေးနှင့် ငယ်ထိပ်နေရာကို စိုက်ပြီး ရှုနေစဉ် ဖြစ်ပေါ်လာတတ်သော သဘောများကို ရှင်းပြကြပါသည်။

'သမာဓိအားကို ယူပြီး ငယ်ထိပ်နေရာကို စူးစိုက်၍ ရှုနေပါ၊ ငယ်ထိပ် နေရာက စပြီး မွမွရွရွနှင့် ထိသိမှုကလေးတွေ ပေါ်လာပါလိမ့်မယ်၊ ငယ်ထိပ် ကို စူးစိုက်ထားစဉ်မှာ ပါးပြင်က စပြီး ဖြစ်ဖြစ်၊ နားနောက်ဘက်က စပြီး ဖြစ်ဖြစ် ပိုးကောင်တက်သလို၊ ပိုးကောင် လျှောက်သွားနေသလို ထိသိမှုကလေး လည်း ဖြစ်လာတတ်ပါတယ်၊ တစ်ခါတလေ ငယ်ထိပ်က စပေါ်တဲ့ မွမွရွရွ ဖြိုးဖြိုးဖြောက်ဖြောက် သဘောတွေဟာ နဖူး၊ မျက်နှာ၊ ပခုံး၊ ရင်ဘတ် အထိ ပျံ့နှံ့သွားတာမျိုးလည်း ဖြစ်တတ်ပါတယ်၊ တစ်နေရာတည်းမှာ စုပြီး လှုပ်လှုပ် ရွရွတွေ ပေါ်နေဆဲမှာ ခန္ဓာကိုယ် တစ်နေရာရာမှာ (ကျောပြင်မှာ၊ ရင်ဘတ်မှာ၊ ဝမ်းဗိုက်မှာ၊ ဒူးမှာ၊ ခေါင်မှာ၊ ခြေဖဝါးမှာ) ပူမှု အေးမှုကလေးတွေ လှုပ်လှုပ် ရွရွတွေ ပေါ်တတ်ပါတယ်၊ ကျောပြင်မှာ ပျဉ်ချပ်ကြီး ထိုးထားသလို တောင့် တင်းတာတွေ၊ တင်ပါးအောက်မှာ ကျောက်ခဲကြီး ခုထိုင်နေရသလို မာမာခဲခဲ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖြစ်နေတာတွေ၊ မာတာ ခဲတာ၊ တောင့်တာ တင်းတာတွေ၊ တဖျဉ်းဖျဉ်း တဖြောက်ဖြောက် ဖြစ်တာတွေ၊ ပရွက်ဆိတ်တွေ တက်ပြီး ဝိုင်းကိုက်သလို တွေ၊ အတွေ့အကြုံ မျိုးစုံပဲ၊ ကိုယ်တိုင် တိုက်ရိုက် ခံစားရတတ်ပါတယ်၊ ဒီလို ရုပ်ကာယပေါ်မှာ ပထဝီ၊ ဝါယော၊ တေဇော ဖောက်ပြန်တာတွေကို ယောဂီဟာ ကိုယ်တိုင် အထင်အရှား ကြုံတွေ့ရနိုင်ပါတယ်၊ သမာဓိ ကောင်းမှ ထင်ထင်ရှားရှား တွေ့ရတယ်၊ သမာဓိ ကျဲသွားရင် ရုပကာယမှာ ဖြစ်တဲ့ ဓာတ်အစု ဖောက်ပြန်မှုတွေ မှိန်ပျောက်သွားတတ်တာကိုလည်း ယောဂီ တွေ့ရ ပါလိမ့်မယ်၊ ဒီလို ပျောက်သွားရင် နှာသီးဖျားမှာ သမာဓိကို ပြန်ထူထောင်ပြီး သမာဓိ ရလာတော့ စိတ်ကို ငယ်ထိပ်ပေါ် ပြန်တင်ပါ'

ဆရာများက ရုပ်ကို ရှုပုံ ရှုနည်း (ကာယာနုပဿနာ) ကို တိတိကျကျ သင်ပြပါသည်။ ဤတွင် သမာဓိအင်အား ကျမသွားအောင် ယောဂီသည် ဝါယမ စိုက်၍ ဆက်တိုက် ရှုမှတ်နေဖို့ အထူး လိုအပ်ပါသည်။

**ဖြစ်ပျက် (အနိစ္စ လက္ခဏာ) ကို မြင်ပုံ**

ထိုနောက် ဆရာများက ယောဂီ၏ ရူပက္ခန္ဓာတွင် ဖြစ်ပျက် (အနိစ္စ) ကို မြင်သော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာပုံကို ရှင်းပြသည်။

'ဒီလို ဆက်တိုက် ရှုဖန်များလာတဲ့ အခါ ယောဂီရဲ့ ခန္ဓာကိုယ်ပေါ်မှာ တွေ့ရတဲ့ ဖောဋ္ဌဗ္ဗဓာတ်တွေဟာ တဖြည်းဖြည်းနှင့် တိုးတက် များပြားလာပြီး တစ်ကိုယ်လုံးမှာ အပ်ဖျား တစ်ထောက်စာမျှ မလပ်ရ မကျန်ရအောင် ရေပွက် ဆူသလို၊ တံလျှပ်လို ဆူပွက် လှုပ်ရှားနေတဲ့ တုန်ခါမှု မိုင်ဗရေးရှင်း (Vibration) တွေ ပေါ်လိုက် ပျောက်လိုက် အဆက်မပြတ် တရစပ် ဖြစ်နေတာကို မျက်မှောက်ထင်ရှား ကိုယ်တိုင် မြင်တွေ့ရပါလိမ့်မယ်၊ ဒီလို ထိသိမှုကလေး တွေ တဖွားဖွား တဖြုတ်ဖြုတ်၊ တလှုပ်လှုပ် တရွရွ၊ ဖြိုးဖြိုးဖြောက်ဖြောက် လျှော်အိုးထဲမှာ နှမ်းများ ပေါက်ပေါက်ဖောက်နေသလို ဖြစ်ပျက်နေတာတွေကို သမာဓိ အားကောင်းတာနှင့်အမျှ သိနိုင်တဲ့၊ ဖြစ်ပျက်ကို မြင်တဲ့ ဝိပဿနာ (ဥဒယဗ္ဗယ) ဉာဏ်သိဟာ ဖြစ်ပေါ်လာပါတယ်၊ အဲဒီ ဝိပဿနာဉာဏ်သိဟာ ဘာဝနာမယ ဉာဏ်သိ၊ ပညာသိ၊ ပဇာနနသိ၊ အနုဗောဓသိလို့ ခေါ်တဲ့ အနိစ္စ လက္ခဏာသိ၊ ဖြစ်ပျက်သိ ဖြစ်ပါတယ်၊ ဒီလို တစ်ကိုယ်လုံးမှာ ဓာတ်တွေ ဖြစ်ပျက်နေကြတာကို သဲသဲကွဲကွဲ မြင်လာတဲ့ အခါကျရင် ယောဂီရဲ့ ဉာဏ်ထဲ မှာ၊ ခန္ဓာကိုယ် တစ်ခုလုံးမှာ ခိုင်တာ မြဲတာလို့ ဆိုစရာ ဘာဆို ဘာမှ မရှိပါ



www.burmeseclassic.com

www.burmeseclassic.com



ကလား၊ မျက်စိ တစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာ မရေမတွက်နိုင်လောက်အောင် ဖြစ်တိုင်း တစ်ပျက်တည်း ပျက်စီးနေကြတာပါကလား ဆိုတာ ထင်ထင်ရှားရှား ပေါ်လာပါတော့တယ်၊ ဒါကို လယ်တီဆရာတော်ကြီးက အနိစ္စ ဝိဇ္ဇာဉာဏ် လို့လည်း ခေါ်ပါတယ်'

ကမ္မဋ္ဌာနစရိယ ဆရာကြီး၏ အထက်ပါ စကားကို ကြားရသောအခါ စာသမားဖြစ်သော အကျွန်ုပ်၏ မှတ်ဉာဏ်ထဲတွင် လယ်တီဆရာတော် ဘုရားကြီး၏ ဝိပဿနာ ဒီပနီထဲက စာများကို ချက်ချင်း သတိရမိပါသည်။

**ဝိပဿနာ လုပ်ငန်း**

ဝိပဿနာ အလုပ်ကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့၏ လိုရင်း အချက်ကို ပြပေအံ့။ ဝိပဿနာဉာဏ် သုံးပါးတွင် ရှေးဦးစွာ အနိစ္စ ထင်မြင်မှုသည် အရေးအကြီးဆုံး ဖြစ်၏။ အဘယ်သို့ ထင်မြင်ရမည်နည်းဟူမူ အရိပ်ပွဲ (ရုပ်ရှင်) ပြရာ၌ တစ်ခုသော အရိပ်မှာ တစ်ခဏ အတွင်း၌ လှုပ်ရှားမှုတွေ၊ အဆက်ဆက် အဆင့်ဆင့် ပြောင်းလဲမှုတွေ အဘယ်မျှ လျင်မြန်လေသနည်း ဟု ဓာတ်ရိပ်ကြီးငယ် တစ်ခုကို စေ့စုံစွာ စဉ်းစား၍ ကြည့်ရှုကြပါလျှင် ဓာတ်ရိပ်၌ ဝိပရိဏာမ၊ အညထာ ဘာဝ အချက်တို့သည် တစ်မိနစ် တစ်စက္ကန့် အတွင်းမှာပင် ရာထောင်မက ရှိနေကြသည်ကို တွေ့မြင်ကြကုန်ရာ၏။ တွေ့မြင်သမျှသော ထို ဝိပရိဏာမ၊ အညထာ ဘာဝတို့သည် ထိုဓာတ်ရိပ်မှာ အနိစ္စ ချည်းပေတည်း။ မရဏမှုချည်းပေတည်း။ ဓာတ်၏ သေဆုံးမှုချည်းပေတည်း။

ဤဓာတ်ရိပ် ဥပမာအတိုင်း မိမိတို့၏ ခန္ဓာကိုယ် အတွင်းမှာလည်း ဘယ်အခါမှာမဆို ရုပ်ဓာတ် နာမ်ဓာတ်တို့၏ အနိစ္စမှုတွေ၊ မရဏမှုတွေ၊ ကိုယ်နှင့်အပြည့်၊ ခေါင်းနှင့်အပြည့်၊ ထိုထို အင်္ဂါကြီးငယ်တို့နှင့် အပြည့်ရှိလျက် နေကြကုန်၏။ ထိုသို့ ဘယ်အခါမဆို တစ်ကိုယ်လုံး တစ်ကောင်လုံး ပြည့်လျက် ရှိနေကြကုန်သော အနိစ္စ အချက်၊ မရဏ အချက်တို့ကို ဉာဏ်ဖြင့် ပေါင်းရုံး၍ ကြည့်ရှုတတ်ကြပါကုန်မူကား မိမိ မိမိတို့၏ ကိုယ်ခန္ဓာ ကိုယ်အင်္ဂါတို့သည် တစ်စက္ကန့်၊ တစ်မိနစ် အတွင်းမှာပင် အခါများစွာ ပျက်ဆုံး ပြိုကွဲပြောင်းလဲနေကြသည်ကိုလည်း သိမြင်နိုင်ကြလတ္တံ့။ တစ်စက္ကန့်၊ တစ်မိနစ် အတွင်းမှာပင် ကိုယ်ခန္ဓာကြီး အခါခါ ပြောင်းလဲမှု၊ ဦးခေါင်း အင်္ဂါ အခါခါ ပြောင်းလဲမှု၊ ခြေလက် အင်္ဂါ အခါခါ ပြောင်းလဲမှု၊ ကျော အင်္ဂါ၊ ဝမ်း အင်္ဂါ အခါခါ ပြောင်းလဲမှု၊ အသည်း အင်္ဂါ၊ အဆုတ် အင်္ဂါ အခါခါ ပြောင်းလဲမှုတို့ကိုလည်း



www.burmeseclassic

www.burmeseclassic.com



သိမြင်ကြကုန် လတ္တံ့။ ဤသို့ မြင်ကြ ထင်ကြသည်ရှိသော် အနိစ္စနုပဿနာ အလုပ်တွေ နေရာကျပြီဟု မှတ်။ အနိစ္စနုပဿနာ အလုပ် နေရာကျလျှင် အနတ္တနုပဿနာ အလုပ်လည်း နေရာကျတော့သည်။ *

ဤအချက်ကို အထက်ပါ ဝိပဿနာ ဒီပနီ၊ စာ – ၅၆ တွင်လည်း 'အနိစ္စ ဝိပဿနာဉာဏ် ပိုင်နိုင်လျှင် အနတ္တ ဝိပဿနာဉာဏ် ပိုင်နိုင်ခြင်း ကိစ္စပြီးစီးသည်' ဟူ၍ သာဓက ပါဠိတော်ကို ထုတ်ပြထားလေသည်။

အနိစ္စ သညိနော မေဃိယ၊ အနတ္တသညာ သဏ္ဌာတိ၊
အနတ္တ သညိနော၊ အသ္မိမာနော သမုဂ္ဃါတံ ပါပုဏာတိ
ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။

အနက်ကား။ မေဃိယ – မေဃိယ ရဟန်း၊ အနိစ္စသညိနော – အနိစ္စသညာ ပိုင်နိုင်သော သူအား၊ အနတ္တသညာသည်၊ သဏ္ဌာတိ – အလိုလို တည်လာ၏။ အနတ္တသညိနော – အနတ္တသညာ ပိုင်နိုင်သောသူအား၊ အသ္မိမာနော – ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ငါ ငါဟူ၍ အထင်ကြီးခြင်းသည်၊ သမုဂ္ဃါတံ – ပျက်စီးခြင်းသို့၊ ပါပုဏာတိ – ရောက်၏။ ဒိဋ္ဌေဝဓမ္မေ – ယခု မျက်မှောက်ဘဝ၌ပင်လျှင်၊ နိဗ္ဗာနံ – စိတ်ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းခြင်းသို့၊ ပါပုဏာတိ – ရောက်၏ ဟူ၍ ဖြစ်၏။

**အနိစ္စ (ဖြစ်ပျက်) မြင်လျှင် မဂ်လေးတန်နှင့် လျော်၏**

ကမ္မဋ္ဌာနာ စရိယ ဆရာသည် ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို ကိုးကား၍လည်း အနိစ္စ ဝိပဿနာဉာဏ် ဖြစ်မှု၏ အရေးပါပုံကို ရှင်းပြလေသည်။

ဘိက္ခဝေ – ရဟန်းတို့၊ ဝတ – စင်စစ်သော်ကား၊ သောဘိက္ခု – ထိုရဟန်းသည်၊ သဗ္ဗသင်္ခါရေသု – အလုံးစုံသော သင်္ခါရတရားတို့၌၊ အနိစ္စတော – အနိစ္စအားဖြင့်၊ အနုပဿန္တော– ရှုမြင်နိုင်သည်ရှိသော်၊ အနုလောမိကာယ – မဂ်လေးတန်အားလျော်သော၊ ခန္တိယော – ဝိပဿနာဉာဏ်နှင့်၊ သမ္မန္နာဂတော – ပြည့်စုံသည်၊ ဘဝိဿတိ – ဖြစ်လတ္တံ့။ ဤ ပါဠိတော်ကို ပြပြီး ဆရာက ဆက်ပြောလေသည်။

'ဒါဟာ ခန္ဓာကိုယ်မှာ ပရမတ်ရုပ်ဓာတ်များရဲ့ ဖြစ်ပျက် (အနိစ္စ) ကို မြင်ပုံ ဖြစ်ပါတယ်၊ ယောဂီ အနေနှင့် တစ်ကိုယ်လုံးမှာ တွေ့နေရတဲ့ ဓာတ်တို့

* ဝိပဿနာ ဒီပနီ (လယ်တီပေါင်းချုပ်၊ ပတွဲ)၊ စာ ၆၀ – ၆၁



www.burmeseclassic

www.burmeseclassic.com



ရဲ့ ဖြစ်မှု ပျက်မှုကို တစ်ဆက်တစ်စပ်တည်း မပြတ်ဘဲ အားစိုက်ပြီး ရှုနေရင် ကိုယ်အင်္ဂါ အစိတ်အပိုင်း ဆိုတဲ့ ပညတ် အာရုံနိမိတ်တွေ တဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ်သွားပါလိမ့်မယ်၊ ဒီအခါမှာတော့ မိမိရဲ့ ကိုယ်ကောင် (ကာယ) အတ္တဘောကြီးကို လုံးဝ မတွေ့ရတော့ဘဲ (သတိတောင် မရတော့ဘဲ) ပရမတ် ဖောဋ္ဌဗ္ဗ ဖြစ်မှု ပျက်မှုတွေကိုသာ မြင်လျက်သား ဖြစ်နေပါလိမ့်မယ်၊ ဒီလို ပညတ် ကိုယ်အင်္ဂါ ဟူသမျှကို ဘာမှ မတွေ့ရ မသိရတော့ဘဲ ပရမတ် ဖြစ်ပျက်တွေပေါ်မှာသာ ဝိပဿနာ သမာဓိနှင့် ရှုနေတာကို အနိမိတ္တ ဝိပဿနာ၊ အနိမိတ္တ သမာဓိ၊ အနိမိတ္တ ဝိဟာရလို့ ခေါ်ရပါတယ်၊ ဒီအတိုင်းသာ ဆက်ပြီး ဝိပဿနာ သမာဓိ အရှိန်အဟုန် ကြီးကြီးနှင့် ရှုသွားနိုင်မယ်လို့ ဆိုရင်တော့ ယောဂီရဲ့ စိတ်မှာ တစ်ကိုယ်လုံးဟာ ပရမတ် ဓာတ်တွေရဲ့ ဖြစ်ပျက်ခြင်းမှ တစ်ပါး ဘာမှ မရှိပါကလားလို့ သိတဲ့ အသိဉာဏ်သည် အလိုလို ဖြစ်ပေါ်လာ ပါလိမ့်မယ်၊ ဒီဉာဏ် ပေါ်ပေါက်လာပြီး ရှုနေခြင်းကို အဓိပညာ ဓမ္မဝိပဿနာ ခေါ်ကြပါတယ်။

'ဒီလို အနိမိတ္တ – သုညတ ဆိုက်အောင် ရှုဖွားနိုင်ပြီ ဆိုတဲ့ အခါမှာ တော့ သဗ္ဗေဓမ္မာ အနတ္တာ ဆိုတဲ့ အလုံးစုံသော ရုပ်နာမ် ဓမ္မ သင်္ခါရတို့သည် သာလျှင် ဒီလောကမှာ အစဉ်မပြတ် တရစပ် ဖြစ်ပျက်နေကြတာပါကလား၊ ဘာမှလည်း အစိုးမရပါကလား၊ ဒီတရားတွေဟာ ပိုင်သူ ဆိုင်သူ မရှိ၊ ငါလည်း မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်ပါတကား၊ ငါ သူတစ်ပါး ယောက်ျား မိန်းမ ဆိုတဲ့ ပုဂ္ဂိုလ် သတ္တဝါကောင်တွေလည်း မဟုတ်ကြပါတကား၊ အကောင် အထည် ပုဂ္ဂိုလ် သတ္တဝါ သက်ရှိ သက်မဲ့ ဆိုတာတွေဟာ အပေါ်ယံ အခွံ အကာ သဘောမျှသာပါတကား၊ အမှန်စင်စစ် ဘာဆိုဘာမျှ ဆုပ်ကိုင်စရာ မရှိတဲ့ ဖြစ်ပြီး ပျက်နေတဲ့ ဓမ္မသဘောတွေချည်းပါပဲလား ဆိုတဲ့ အနိစ္စ ဝိဇ္ဇာ ဉာဏ် (ဝိပဿနာဉာဏ်) ဟာ ယောဂီမှာ အလိုလို ဖြစ်ပေါ်လာပါလိမ့်မယ်' ဆိုပြီး မြတ်စွာဘုရားက မေဃိယ ရဟန်းကို ဟောသော တရားကို ဆရာ သည် အကျွန်ုပ်တို့ ယောဂီများ၏ ဉာဏ်ထဲမှာ ရှင်းသွားအောင် တင်ပြပါသည်။

ဆရာများ၏ ဩဝါဒ စကားထဲတွင် ရုပ်ဓာတ်များ၏ ဖြစ်ပျက် အနိစ္စ ကို မြင်ဖို့ပဲ အရေးကြီးသည်။ ဖြစ်ပျက် အနိစ္စကို မြင်သော ဉာဏ် (ဥဒယဗ္ဗယ) ဉာဏ်ကို ရပြီဆိုလျှင် မဂ်လေးတန်နှင့် လျော်ပြီ ဆိုသော စကားကို ပထမ နားလည်အောင် ကြိုးစားပါသည်။ အဓိကကတော့ ဖြစ်ပျက်ကို မြင်ဖို့ပဲ။ ဤ သို့ စိတ်မှာ ခံယူပြီးနောက် အကျွန်ုပ်သည် ပဉ္စမနေ့က စ၍ အဓိဋ္ဌာန် တင်

www.burmeseclassic.com



ပါသည်။ ပထမ အဓိဋ္ဌာန်မှာ တစ်နေကုန် မည်သူနှင့်မျှ မည်သည့် စကား ကိုမျှ မပြောဘူး ဆိုသော အဓိဋ္ဌာန် ဖြစ်သည်။ ထိုနောက် တစ်နာရီ အတွင်း မှာ ဘာပဲဖြစ်ဖြစ် သေချင်လျှင် သေပါစေ၊ ဣရိယာပုတ်ကို လုံးဝ မပြောင်းဘူး ဟု စိတ်ကို အခိုင်အမာ ပြုထားလိုက်ပါသည်။

ပထမဦးစွာ ဥပစာရ သမာဓိသို့ ရောက်အောင် နှာသီးဖျားမှာ စိတ်ကို ထား၍ ထူထောင်သည်။ ၁၅ မိနစ်လောက် ကြာတော့ စိတ်သည် နှာသီးဖျား မှာ ကပ်နေသည်။ အာရုံတစ်ပါးသို့ စိတ်မသွားတော့ပါ။ ထိုအခါ ဝင်သက် ထွက်သက်သည် အလွန် နူးညံ့သွားပါသည်။ တစ်ချက် တစ်ချက် မှိတ်ထား သော မျက်လုံးတွေပင် ကျိန်းစပ်သွားလောက်အောင် အလင်းရောင်များ ပေါ် လာသည်ကို မြင်ရသည်။ စုစည်းထားပြီးသော စိတ်ကို ခေါင်းပေါ် ငယ်ထိပ် နေရာသို့ တင်လိုက်ပြီး မကြာပါ၊ ခေါင်းပေါ်မှာ လှုပ်လှုပ်ရွရွတွေ ဖြစ်ပေါ်လာ သည်ကို ဆရာများ ပြောထားသည့်အတိုင်း ထင်ထင်ရှားရှား တွေ့ပါသည်။ တစ်ချက် တစ်ချက် ခေါင်းရေခွံကို စုပြီး ဆွဲလိုက်သလို၊ တစ်ခါတစ်ရံ ခေါင်း ပေါ်က ဆံပင်တွေကို လေပြင်း တိုက်သွားသလို ဖောဋ္ဌဗ္ဗ အတွေ့မျိုးစုံကို တွေ့ရလေသည်။ ထိုအချိန်တွင် စုစည်းထားသော စိတ်ကို နဖူး၊ မျက်နှာပေါ် သို့ ပြောင်းရွှေ့ပြီး ရှုတော့လည်း ထိုနေရာများတွင် နှမ်းအိုးထဲမှာ နှမ်းများ ပေါက်ပေါက်ဖောက်သလို ဖြုတ်ဖြုတ်ဖျဉ်းဖျဉ်းတွေ ဖြစ်နေသည်။ မွမွရွရွတွေ ဖြစ်နေသည်။ အတန်ကြာ ကြည့်ပြီး ထိုစိတ်ကို ရင်ဘတ်ဘက်သို့ ရွှေ့ပြောင်း ပြီး ကြည့်လိုက်သောအခါ တင်ပျဉ်ခွေထားသော ဒူး နှစ်ဖက်၊ ပခုံး နှစ်ဖက်နှင့် မေးစေ့အောက် ရင်ဘတ်နှင့် ဝမ်းဗိုက်နေရာမှာ နံပြားဖို စဥ့်အိုးပူကြီးကို ဖက် ထားရသလား မှတ်ရသည်။ တဖျော လောင်ကျွမ်းနေသည်ကို တွေ့ရသည်။ ရိုးရိုး အပူမျိုး မဟုတ်ပါ၊ မီးရှို့သလို လောင်နေသည်ဟု ထင်ရသည်။ ထိုအပူ လုံးကြီးသည် စက်ကွင်း တစ်ခုလိုလည်း ချာချာလည်နေလေသည်။ ထူးဆန်း လိုက်တာဟု ပထမ စဉ်းစားမိသည်။ နောက်တော့ ဒါတွေဟာ ဖြစ်ပျက်နေတဲ့ တရားတွေပဲဟု နှလုံးသွင်းပြီး ခန္ဓာ တစ်ခုလုံးမှာ နေရာအနှံ့ ပူလိုက်၊ အေး လိုက်၊ တင်းသွားလိုက်၊ လျော့သွားလိုက်၊ သပ်နှင့် လှီးသလို၊ ဆူးနှင့် ထိုး သလို စူးလိုက် စပ်လိုက်၊ တင်းတင်းမာမာ ဖြစ်လိုက်နှင့် တစ်ကိုယ်လုံး ပွက် လော ရိုက်နေသည်ကို တွေ့ရပေတော့သည်။

ဖြစ်ပျက်တွေကို စုံစုံမြင်ရသောအခါ တစ်ချက် တစ်ချက်မှာ အလင်း တန်းများလည်း ရုတ်တရက် မျက်စိထဲမှာ ပေါ်လာတတ်သည်။ ထိုအခါ ခန္ဓာ



www.burmeseclassic

www.burmeseclassic.com



ပေါ်မှာ ဝေဒနာတွေ ပျောက်ကင်းသွားပြီး အေးစိမ့်လျက် ကြည်နူးစဖွယ် သုခဝေဒနာများကို ခံစားရသည်။ စိတ်ရော ကိုယ်ပါ ပေါ့ပါး ရွှင်လန်းနေလေသည်။ မိမိသည် စာတွေကို စုံအောင် ဖတ်ထားသောကြောင့် ဤ ပီတိ ပဿဒ္ဓိများကိုလည်း ပယ်ပစ်ရမည့် တရားတွေပဲဟု နှလုံးသွင်းပါသည်။

**ဝိသုဒ္ဓိ ခုနစ်ပါးနှင့် ဝိပဿနာ ဉာဏ်များ**

IMC တွင် ယောဂီ တစ်ဦးချင်းကို တရား စစ်မေးခြင်း အစီအစဉ် မရှိပါ။ ည ခုနစ်နာရီတွင် ကမ္မဋ္ဌာန ဆရာကြီး နှစ်ဦး ကြွလာပြီး တရားနှင့် ပတ်သက်သော သိမှတ်ဖွယ်ရာများကို ဟောပါသည်။ တစ်နေ့ တစ်မျိုး ဟောပါသည်။ ပထမဦးစွာ ပညတ်နှင့် ပရမတ် သဘောကို ခွဲခြားပြသည်။ ဝိပဿနာ ရှုသောအခါ ယောဂီသည် ပရမတ် ခန္ဓာငါးပါးကိုသာ ဝိပဿနာ ရှုရမည် ဖြစ်ကြောင်း ရှင်းလင်း တင်ပြပါသည်။

၁။ ဘူတရုပ် ဖြစ်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်တို့၏ အစုအပေါင်းကြီးသည် ရူပက္ခန္ဓာ ဖြစ်၏။

၂။ အာရုံကို ခံစားတတ်သော သဘောသည် ဝေဒနက္ခန္ဓာ ဖြစ်၏။

၃။ အာရုံကို မှတ်သားတတ်သော သဘောသည် သညက္ခန္ဓာ ဖြစ်၏။

၄။ အာရုံပေါ်၌ စိတ်ကို စေ့ဆော် တွန်းတင်ပေးသော သဘောသည် သင်္ခါရက္ခန္ဓာ ဖြစ်၏။

၅။ အာရုံကို သိမှု သဘောသည် ဝိညာဏက္ခန္ဓာ ဖြစ်၏။

ပြီးနောက် ထိုခန္ဓာ ငါးပါးတို့သည် ဖဿ အထိအတွေ့အားဖြင့် ဒွါရခြောက်ပေါက်မှာ ဖြစ်ပေါ်လာကြပုံ၊ ထိုဖဿ ဖြစ်ပေါ်သောအခါ နှစ်သက်မှုဝေဒနာ၊ လိုချင်မှု တဏှာ၊ စွဲလမ်းမှု ဥပါဒါန် စသည်တို့ အဆင့်ဆင့် ဖြစ်ပေါ်စေပုံ၊ ထိုခန္ဓာ ငါးပါးသည်ပင် (က) ကာမုပါဒါန်၊ (ခ) ဒိဋ္ဌုပါဒါန်၊ (ဂ) အတ္တဝါဒုပါဒါန်၊ (ဃ) သီလဗ္ဗတုပါဒါန် ဆိုသော ဥပါဒါန် လေးပါးကို ဖြစ်ပေါ်စေတတ်သောကြောင့် မြတ်စွာဘုရားက ထိုခန္ဓာငါးပါးကို အကျဉ်းအားဖြင့် 'သံခိတ္တေန ပဥ္စ ပါဒါနက္ခန္ဓာ' ဟု ဟောကြောင်း၊ ထိုဥပါဒါန်ကို ဖြစ်စေသော ခန္ဓာငါးပါးကိုပင် 'ဒုက္ခ' ဟု ရှုမြင်ရကြောင်း၊ ဝိပဿနာ ရှုသောအခါ ခန္ဓာများ၏ ဖြစ်ပျက် အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တ သဘောကို သိမြင်လာပြီး ထိုခန္ဓာများအပေါ် စွဲလမ်းခြင်း ဥပါဒါန် ကင်းပြတ် ချုပ်ငြိမ်းသွားအောင် ရှုရကြောင်းကို ရှင်းပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာများက ဤခန္ဓာ ပဋိစ္စသမုပ္ပါဒ် သဘောကို ရှင်းပြသောအခါ အကျွန်ုပ်စိတ်မှာ များစွာ နှစ်ထောင်းအားရ ဖြစ်သွားလေသည်။

ပထမဦးစွာ အာနာပါန ဝင်လေ ထွက်လေကို ရှုကြည့်ရာတွင် နာမ် ရုပ် ဖြစ်ပေါ်ပုံကို ခွဲခြားပြသည်။ ရှူချင်တာ နာမ်တရား၊ ရှူလိုက်တာ ရုပ် တရား၊ ထိတာ ရုပ်၊ သိတာ နာမ်၊ ထိုင်ချင်တာ နာမ်၊ ထိုင်တာ ရုပ်၊ ကိုင် ချင်တာ နာမ်၊ ကိုင်တာ ရုပ်၊ ထချင်တာ နာမ်၊ ထတာ ရုပ်၊ သွားချင်တာ နာမ်၊ သွားတာ ရုပ်၊ ထိတာ ရုပ်၊ သိတာ နာမ်၊ ပြုပြင် ပြောင်းလဲနေသော သင်္ခါရတရား အားလုံးသည် နာမ်နှင့် ရုပ် ဖြစ်စဉ်ပဲ ရှိသည်။ ငါ မဟုတ်၊ သူ မဟုတ်၊ နာမ်နှင့် ရုပ်ပဲ ဖြစ်ပုံကို တိုရှင်း လိုရှင်းကို ပြသည်။ တစ်လောကလုံး ဖြစ်ပျက်နေသမျှ နာမ်နှင့် ရုပ်မျှသာ ဖြစ်ကြောင်း နားလည်လျှင် ငါပဲ သူပဲ ယောက်ျားပဲ မိန်းမပဲ ပုဂ္ဂိုလ်ပဲ သတ္တဝါပဲ ဆိုသော အတ္တစွဲဒိဋ္ဌိ ပြုတ်သည်။ ထိုဉာဏ်သည် နာမ်ရုပ်ကို ခွဲခြားသိသော ဉာဏ် (နာမရူပပရိစ္ဆေဒဉာဏ်) ဖြစ်ကြောင်း ပြသည်။ ထို ဉာဏ်ရလျှင် ယောဂီ၏ ဉာဏ်တွင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ် ပြီဟု ဆိုသည်။

တစ်ဖန် ထိုရုပ်တရား နာမ်တရားတို့မှာလည်း အကြောင်းမဲ့ ဖြစ်နေ ကြသည် မဟုတ်၊ အကြောင်း တိုက်ဆိုင်မှ ဖြစ်ပေါ်ကြသော တရားများ ဖြစ် ပုံကို ရှင်းပြသည်။ ဤတွင် နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှ ကိုးကားပြီး

စက္ခုံ စ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိဉာဏံ၊ တိဏ္ဏံသင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါန်၊ ဥပဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိကို ပြသည်။

မျက်စိနှင့် အဆင်းတိုက်လျှင် မြင်စိတ် ပေါ်သည်။ နားနှင့် အသံတိုက် လျှင် ကြားစိတ် ပေါ်သည်။ အကြောင်း တိုက်ဆိုင်မှ နာမ်ရုပ်များ ဖြစ်ပေါ်ပုံ၊ ဖြစ်ပြီး ပျက်ပုံကို ပြသည်။ ဖဿကြောင့် ဝေဒနာ ဖြစ်သည်။ ဝေဒနာကြောင့် တဏှာ ဖြစ်သည်။ တဏှာကြောင့် ဥပါဒါန် ဖြစ်သည်။ ဥပါဒါန်ကြောင့် ဘဝ ဖြစ်သည်။ ကမ္မဘဝကြောင့် (သင်္ခါရကြောင့်) ဇာတိ (ပဋိသန္ဓေဝိညာဏ်) ဖြစ်ပုံ အကြောင်းကျိုးဆက် တရားကို ပြသည်။ သံသရာမှာ ရုပ်နာမ်တွေ အကြောင်း အကျိုး ဆက်၍ ဖြစ်နေခြင်းပဲ ရှိသည်။ ဖန်ဆင်းသူလည်း မရှိ၊ ဖန်ဆင်းခြင်းလည်း မရှိ၊ ဘဝ ပြတ်ခြင်းလည်း မရှိ၊ ယခုဘဝ ရုပ်နာမ်တွေ နောက်ဘဝသို့ ပါခြင်းလည်း မရှိပုံကို ပြပြီး ဉစ္ဆေဒဒိဋ္ဌိနှင့် သဿတဒိဋ္ဌိကို ပယ်နိုင်ကြောင်း ပြသည်။ ဤသို့ သိနားလည်ခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ



www.burmeseclassic

www.burmeseclassic.com



ဖြစ်သည်။ ဉာဏ်မှာ ပစ္စယ ပရိဂ္ဂဟဉာဏ် ဖြစ်သည်။ အာနာပါန ကာယဂတာ သတိမှာလည်း ပစ္စုပ္ပန် ဖြစ်ဆဲ ပြုပြင်လိုစိတ်၊ အသက်ရှုလိုစိတ်ကြောင့် ဝင်လေ ဖြစ်သည်။ ရှူချင်စိတ်က နာမ်၊ ရှူသော လေက ရုပ်၊ နာမ်ကြောင့် ရုပ် ဖြစ်သည်။ ထွက်လေ ထုတ်ရာမှာလည်း ထုတ်ချင်စိတ်က နာမ်၊ ထွက်လေက ရုပ် ဖြစ်သည်။ အကြောင်းအကျိုး ဖြစ်နေသည်ပင်။

အကျွန်ုပ်သည် ပဋိစ္စသမုပ္ပါဒ် သဘောတရားကို များစွာ လေ့လာခဲ့ဖူးပြီ။ ကိုစိုးနှင့် ဝိပဿနာ အကြောင်း ဆွေးနွေးစဉ် အခါကလည်း ပဋိစ္စသမုပ္ပါဒ် အကြောင်း များစွာ ပြောဖူးပြီ။ ယခုလည်း ဝိပဿနာ အလုပ်စခန်းသို့ ဝင်သော အခါ၌ ဆရာများ ပြောသမျှကို ကောင်းစွာ နားလည်နေလေသည်။

**ပစ္စယ ပရိဂ္ဂဟဉာဏ်**

ဝင်လေသည် ပြုလိုသော စိတ်သဘော သင်္ခါရက္ခန္ဓာကြောင့် ဖြစ်ကြောင်းကိုမူ နားလည်လွယ်ပါ၏။ သို့သော် ထိုသင်္ခါရက္ခန္ဓာ 'ပြုလိုသောစိတ်' ဖြစ်အောင် ဘယ်အကြောင်းက လုပ်ခဲ့လေသနည်း။ ဤမေးခွန်းကိုလည်း ထေရဝါဒ ဗုဒ္ဓဘာသာမှာ အဖြေ ရှိပြီး ဖြစ်၏။ ပြုလိုမှု စိတ်သဘောကို အတိတ်က ဆည်းပူးခဲ့ပြီးဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံတို့က ပြုပြင် ဖန်တီးကြောင်းကို နားလည်နိုင်ပါသည်။

သို့သော် မိမိ ဖြတ်သန်း လာခဲ့ရသော ဘဝ တစ်လျှောက်ဝယ် အနောက်တိုင်း ဒဿန ပညာများကိုသာ လေ့လာ ဆည်းပူးခဲ့ရပေရာ ခေါင်းထဲတွင် အနောက်တိုင်း တွေးပုံ တွေးနည်းက အကျင့်ပါနေလေသည်။ အကြောင်းအကျိုး ဆက်နွယ်မှုတွင် နေရာဒေသနှင့် အချိန်ကာလ ဆက်စပ်မှု (spatio-temporal continuity) ရှိရမည်ဟု နားလည်ထားသည်။ ညောင်ဦး ကမ်းပါး ပြိုခြင်းနှင့် စမ္ပါနဂိုရ်က နွားမ ပေါင်ကျိုးခြင်းသည် နေရာဒေသနှင့် အချိန်ကာလ ဆက်စပ်မှု မရှိခြင်းကြောင့် မဖြစ်နိုင်ဟု ယူရသည်။ ထို့အတူ အတိတ်ဘဝက ဆည်းပူးခဲ့သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံတို့သည် ယခုဘဝ၌ ဖြစ်သော ပြုလိုမှု စိတ်သဘော (သင်္ခါရက္ခန္ဓာ) ကို ဘယ်လို ဖြစ်ပေါ်စေနိုင်သော သတ္တိ ရှိပါသနည်း။ အမှန်မှာ မိမိ၏ အတွေးက နောက်ကျနေသည်။ အကျွန်ုပ် အရင် ရှေးအခါကပင် မိလိန္ဒ မင်းကြီးလည်း ဤ အတွေးမျိုး တွေးခေါ်ခဲ့ဖူးပြီ။ မိလိန္ဒမင်း၏ အမေးကို ရှင်နာဂသိန်က ဖြေကြားရာတွင် ငြိမ်းခါနီး ဖယောင်းတိုင်မှ မီးကူးထားသော ဖယောင်းတိုင်သည် ပထမ ဖယောင်း

www.burmeseclassic.com


တိုင် မီးငြိမ်းသွားပြီးနောက်မှာလည်း အကျိုးတရားအားဖြင့် ဆက်လက်၍ ထင်ရှားစွာ ဖြစ်နေနိုင်သည်ကို ဥပမာအားဖြင့် ပြသထားလေသည်။ ဆရာတော်သည် အတိတ်က ဖြစ်ခဲ့သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံအကြောင်းတရားများကြောင့် ပစ္စုပ္ပန်မှာ ပြုလိုမှုစိတ် (သင်္ခါရက္ခန္ဓာ) ဖြစ်လာရပုံကို ရှင်းပြသည်။

'အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံအကြောင်းတရားတွေဟာ အတိတ်ကာလမှာ ချုပ်ဆုံးခဲ့ပြီး ဖြစ်သော်လည်း ပစ္စုပ္ပန်မှာ ပြုလိုမှုစိတ် ဖြစ်ပေါ်လာခြင်းမှာ ပြောခဲ့ပြီးတဲ့ အကြောင်းတရားများနှင့် မကင်းပါဘူး၊ အတိတ် အကြောင်းတရားတွေဟာ ပစ္စုပ္ပန်ကို ပါလာကြတာတော့ မဟုတ်ပါဘူး၊ ပစ္စုပ္ပန်မှာ ပြုလိုစိတ် ဖြစ်လာတာက အတိတ်က ပြုခဲ့တဲ့ ကံသတ္တိကြောင့် ဖြစ်လာတဲ့ အကျိုးတရားသာ ဖြစ်ပါတယ်'

အကျွန်ုပ် စိတ်ထဲမှာ ဖယောင်းတိုင်မီး ဆက်၍ ဖြစ်နေပုံကို ဉာဏ်ဝင်စား ကြည့်သည်။ ပထမ ဖယောင်းတိုင်မီး မငြိမ်းမီ ဒုတိယ ဖယောင်းတိုင်ကို မီးကူးထားသည်။ ခဏကြာတော့ ပထမ ဖယောင်းတိုင်မီး ငြိမ်းသွားသည်။ သို့သော် ဒုတိယ ဖယောင်းတိုင်မီးမှာ ဆက်လက်၍ လင်းနေသည်။ ဤတွင် ယခု လင်းနေသော ဖယောင်းတိုင်မီးသည် ပထမ ဖယောင်းတိုင်မီးလား ဆိုတော့ မဟုတ်ပါ။ ပထမ ဖယောင်းတိုင်မီး မရှိဘဲ ဒုတိယ ဖယောင်းတိုင်မီး ဖြစ်လာတာလား ဆိုတော့လည်း မဖြစ်ပါ။ ဒုတိယ ဖယောင်းတိုင်မီးနှင့် ပထမ ဖယောင်းတိုင်မီးသည် အကြောင်းတရား မကင်းပါ။ ဤသာဓကကို နားလည်သောအခါ အတိတ်ကံကြောင့် ပစ္စုပ္ပန်ကံသည် အကျိုးဆက် တစ်ခု အဖြစ်ဖြစ်လာနိုင်သည်ကို အကျွန်ုပ် နားလည်ရန် မခက်ပါ။ ဖခင် လက်ထက်က စိုက်ပျိုးခဲ့သော သရက်ပင်သည် သားသမီးများ လက်ထက်မှာ သီးပါသည်။ ထိုသရက်ပင် သီးသောအခါ ဖခင် မရှိတော့ပါ။ သို့သော် ဖခင် ပြုခဲ့သော အကြောင်းကြောင့် သားသမီးများ အကျိုး ခံစားကြရသည်မှာ ရှင်းပါသည်။

ယခု အကျွန်ုပ်သည် အတိတ်ကံကြောင့် ပစ္စုပ္ပန်၌ ပြုလိုမှုစိတ် (သင်္ခါရက္ခန္ဓာ – စေတနာ – ကံ) ဖြစ်ပုံကို ခန္ဓာဉာဏ်ရောက် နားလည်သင့်သောအခါ ဖြစ်နေပြီဟု ထင်ပါသည်။ ပထမဦးစွာ နှာသီးဖျား၌ တိုးဝင် တိုးထွက်နေသော ဝင်သက်လေ၊ ထွက်သက်လေ၏ သဘောကို အချက်တိုင်း သိသိနေအောင်၊ စိတ်ကို အာရုံတစ်ပါးသို့ လွင့်မသွားအောင်လည်း ထိန်းထားပါသည်။ ထိန်းထားရင်းလည်း ဝင်လေ ထွက်လေ ဘယ်လို ဖြစ်နေသလဲဟု သတိနောက်

www.burmeseclassic.com



က သမ္မဒဉ် လိုက်ပြီး ဆင်ခြင်ကြည့်မိသည်။ ဝင်လေသည် သူ့သဘောနှင့်သူ အလိုအလျောက် ဝင်လာသည် မဟုတ်။ ဝင်လေ၏ ရှေ့မှာ ရှူလိုသော စိတ် ရှိသည်။ ရှူချင်စိတ်ကြောင့် ရှူသည်။ လေ အတွင်းကို ရောက်သွားသောအခါ ထုတ်ချင်စိတ် ပေါ်နေသည်ကို တွေ့ရသည်။ ထုတ်ချင်စိတ်ကြောင့် ထွက်လေ ဖြစ်ရသည်ကို တွေ့ရသည်။ ရုပ်နာမ် ခွဲခြားကြည့်တော့လည်း ရှူချင်တာက နာမ်တရား၊ ရှူတာက ရုပ်တရား။ လေရှူပြီးနောက် ထုတ်ချင်စိတ် ပေါ်သည်။ ထုတ်ချင်တာက နာမ်တရား၊ ထုတ်တာက ရုပ်တရား။ နာမ်နှင့် ရုပ် အကြောင်း အကျိုး ပြုနေကြပါကား။ ဤသို့ နားလည်လာသည်။

'ကောင်းပြီ၊ ဒါဆိုရင် အဲဒီ ရှူစိတ်က ဘာကြောင့် ဖြစ်လာရတာလဲ' ဟု မေးကြည့်သည်။ ရှူချင်စိတ် နောက်ထပ် မပေါ်လျှင် မိမိသည် ဆက်၍ အသက်ရှင်နေနိုင်တော့မည် မဟုတ်ပါ။ မိမိ ဆက်၍ အသက်ရှင်နေရအောင် ထို ဝင်သက် ရှူချင်စိတ်ကို ဘာအကြောင်းတရားက ဖြစ်အောင် လုပ်နေတာ လဲ။ ဤမေးခွန်းကို အဖြေ ရှာကြည့်သောအခါ အကြောင်း တစ်ခုတည်းပဲ ရှိ ကြောင်း တွေ့ရသည်။ အတိတ်ကံ သတ္တိက ဖန်တီးပေးနေတာပဲဟု သိလာသည်။ လူတွေ ပြောနေကျ စကား ရှိသည်။ သေခြင်းကို ကံကုန်သည်ဟု ဆိုကြသည် မဟုတ်လား။

ဝင်သက် ထွက်သက်ထဲမှာပင် အကြောင်းအကျိုးတွေ ဆက်နေသည် ကို တွေ့ရသည်။ ပထမ ရှူချင်စိတ် (နာမ်) က အကြောင်းပြုသောအခါ ရှူ သော လေ (ရုပ်) က ဖြစ်ပေါ်လာရသည်။ ထိုရုပ် (လေ) နှင့် နှာခေါင်း (ရုပ်) နှင့် ထိတွေ့မှု (ဖဿ) ဖြစ်သောအခါ ကာယဝိညာဏ် ထိသိစိတ်ကလေး က အကျိုးအားဖြင့် ဖြစ်လာပြန်သည်။

လက်စသတ်တော့ ရုပ်ကလည်း အကြောင်းဖြစ်လိုက်၊ အကျိုးဖြစ်လိုက် ပါပဲ။ နာမ်ကလည်း အကြောင်းဖြစ်လိုက်၊ အကျိုးဖြစ်လိုက်ပါပဲလား။ ဉာဏ် ဝင်စားကြည့်သောအခါ နှာသီးဖျားမှာလည်း အကြောင်း အကျိုး ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ်ကြီး ရှိနေသည်ကို တွေ့ရသည်။ ရုပ်နာမ် ဓမ္မ သင်္ခါရ တရားများသည် အကြောင်း အကျိုး ဆက်စပ်၍သာ ဖြစ်ပေါ်နေခြင်း ဖြစ်၏။ ဘယ်သိကြား ဗြဟ္မာ ထာဝရ ဘုရားကမျှ ဖန်ဆင်းနေသည်လည်း မရှိ။ ထို့အတူ အဟေ တုက ဒိဋ္ဌိအမြင်မှာလို အကြောင်းမဲ့ အကျိုးမဲ့ ဖြစ်နေကြသည်လည်း မဟုတ်ပါ ကလား။ ဉာဏ်ထဲမှာ ခန္ဓာကို စိုက်ကြည့်မှုပင် ရုပ်နာမ်ဖြစ်စဉ်က ရှင်းရှင်းလင်း လင်း ပေါ်လာသည်။ ထိုအခါ အတိတ် ဘဝက ကံသတ္တိကြောင့် ပစ္စုပ္ပန်



www.burmeseclassic

www.burmeseclassic.com



ဘဝမှာ ပဋိသန္ဓေစိတ် ဖြစ်ပြီး ဓာတိဖြစ်ခြင်း၊ ခန္ဓာရခြင်း သဘောကို ရှင်းရှင်း မြင်လာပါသည်။ ဤကဲ့သို့ ခန္ဓာအစဉ်မှာ အကြောင်း အကျိုးတွေချည်း ဖြစ်နေသည်ဟု ဉာဏ်အမြင် ထင်ရှား ဖြစ်ပေါ်လာခြင်းကို 'ပစ္စယပရိဂ္ဂဟဉာဏ်' ဟု ဆိုရမည် ထင်ပါသည်။

**သမ္မာသနဉာဏ်**

ထို 'ပစ္စယ ပရိဂ္ဂဟ' ဟု ခေါ်သော ကြောင်းကျိုးမြင် ဉာဏ်ပေါ်လာသော အခါ ရုပ်နာမ် ခန္ဓ သင်္ခါရကို ငါ၊ ငါ့ဥစ္စာ၊ ငါ့အတ္တဟု စွဲထင်၍ ပေါ်လာ သော၊ အတိတ်က ငါဖြစ်ခဲ့လေသလား၊ ငါ ဘယ်ပုံသဏ္ဌာန် ဘယ်အဆင်းနှင့် ဖြစ်ခဲ့လေသလဲ၊ ငါ ဘယ်အမျိုးအနွယ်မှာ ဖြစ်ခဲ့လေသလဲ၊ ငါဖြစ်ခဲ့တယ် ဆို တာ ဟုတ်ပဲ ဟုတ်ပါ့မလား စသည်အားဖြင့် ဖြစ်တတ်သော ယုံမှားခြင်း (ဒွိဟ သံသယ) များကိုလည်း ပယ်ရှင်းနိုင်ကြောင်း ကိုယ်တွေ့ ထင်ရှား သိ လာရလေသည်။ ထိုအခါ ဘဝ တစ်ခုနှင့် တစ်ခု ဘာအဆက်အစပ်မျှ မရှိဘူး ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိ အမြင်သည်လည်း ကင်းစင်သွားသည်။ အတ္တကောင် မရှိ၊ ဝိညာဉ်ကောင်လည်း မရှိ၊ စုတိနှင့် ပဋိသန္ဓေသည် ကံသတ္တိအားဖြင့် အကြောင်းအကျိုး ဆက်စပ်မှု သဘောသာ ရှိသည်ဟု သိနားလည်လာသော အခါမှာလည်း အတ္တစွဲ ငါစွဲ သဿတဒိဋ္ဌိ ကင်းစင်သွားပြန်သည်။

တစ်ဖန် ကမ္မဋ္ဌာန ဆရာများက ဝိပဿနာ သမ္မာသနဉာဏ် အကြောင်း ကို ရှင်းပြကြပြန်သည်။

'လိုရင်းကို ပြောရရင်တော့ ရုပ်တရား နာမ်တရားတွေဟာ ဖြစ်ဆဲ ခဏမှာသာ (ရှိဆဲ) ဖြစ်နေကြတာ ဖြစ်ပြီး ချက်ချင်းပင် ပျက်ခြင်း ပျောက်ခြင်း သို့ ရောက်ကြရပါတယ်၊ ဒါပေမဲ့ ယောဂီရဲ့ စိတ်ထဲမှာ ရုပ်နာမ် ခန္ဓ သင်္ခါရ တွေဟာ ထင်ရှားရှိနေကြသည်ဟု ထင်မြင် ယူဆရခြင်းမှာ အသစ် အသစ် အစားထိုး၍ ဖြစ်ဖြစ်နေကြသောကြောင့် ဖြစ်တယ်'

ဒါကို နားလည်နိုင်အောင် ဆရာများက လျှပ်စစ်ဓာတ် မီးလင်းနေပုံ ဥပမာကို ပြ၍ ရှင်းပါသည်။

'ပထမ လျှပ်စစ်ဓာတ် အီလက်ထရွန် အဏုမြူကလေး ဖြစ်ပြီး ချက်ချင်း ချုပ်သွားတဲ့ နေရာမှာ နောက် လျှပ်စစ်ဓာတ် အီလက်ထရွန်ကလေးက အစား ထိုးပြီး ဖြစ်ချုပ်ပြန်တာပဲ၊ တစ်ခုနှင့် တစ်ခုကြားမှာ အလစ်အလပ် မရှိဘဲ လျှင်မြန်စွာ ဖြစ်ပျက်နေကြတာ ဖြစ်လို့ မီးလုံး တစ်ဆက်တည်း လင်းနေတယ်



www.burmeseclassic

www.burmeseclassic.com



လို့ ထင်ကြရပါတယ်၊ ဒီလို ရုပ်နာမ် ဓမ္မ သင်္ခါရတို့ရဲ့ ဖြစ်မှု ပျက်မှုကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး၌ အကြိမ်ကြိမ် ဆက်စပ် ဆင်ခြင်၍ သုံးသပ်သော ဉာဏ်သည် သမ္မာသနဉာဏ် ဖြစ်ပါတယ်'

**ယထာဘူတဉာဏ်**

ရုပ်နာမ် ဓမ္မ သင်္ခါရ တရားများကို ဖြစ်လျှင် ဖြစ်သောအတိုင်း၊ ပျက်လျှင် ပျက်သောအတိုင်း၊ ရှိအတိုင်းတိုင်း **dhamma in itself** သိခြင်းကို ယထာဘူတဉာဏ်ဟု ခေါ်ရကြောင်း ဆရာများက ရှင်းပြသည်။ သဘာဝကို သဘာဝအတိုင်း ပင်ကို သဘောအတိုင်း မဖောက်မပြန် အမှန်သိခြင်းသည် ယထာဘူတဉာဏ် ဖြစ်ပါသည်။ ထိုဉာဏ်သည် ဝိသုဒ္ဓိအစဉ်ဖြင့် ပြောရလျှင် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်ကြောင်း ဆရာများက ရှင်းလင်း ဖော်ပြကြလေသည်။

'မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဟာ ရုပ်နာမ်ဓမ္မတို့ရဲ့ ဖြစ်ပျက် (အနိစ္စ) သဘောကို ထင်ထင်ရှားရှား ဉာဏ်အမြင် ရှင်းစွာ သိသော ဝိပဿနာ ဉာဏ် (ဥဒယဗ္ဗယဉာဏ်) လည်း ဖြစ်ပါတယ်' ဆရာက လိုရင်းကို တိုတိုရှင်းရှင်း ပြောပြပါသည်။

ရုပ်နာမ်ဓမ္မများ၏ ဖြစ်အစွန်းကိုရော၊ ပျက်အစွန်းကိုရော ယောဂီ၏ ဉာဏ်မှာ ထင်မြင်လာခြင်းသည် ဖြစ်ပျက် မြင်ခြင်း၊ အနိစ္စကို မြင်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic

www.burmeseclassic.com

## ၁၂။ ဥဒယဗ္ဗယ ဉာဏ်က စ၍...

ဝိပဿနာသို့ ပြောင်းရွှေ့သောအခါ အကျွန်ုပ်၏ စိတ်သည် တစ်ခုတည်းသော အာရုံ နှာသီးဖျား အထက် နှုတ်ခမ်းနေရာ၌ ကပ်၍ တည်နေပြီ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာများက ထိုတည်ကြည်နေသော စိတ် (ရှုဉာဏ်) ကို မျက်စိမှိတ်ပြီး ငယ်ထိပ် နေရာသို့ ပြောင်းကာ ထိုနေရာကို စိုက်ပြီး ရှုဖို့ နည်းပေး လမ်းပြ ပြုကြပါသည်။ လယ်တီဆရာတော် ဘုရားကြီးကလည်း ကာယနုပဿနာကို ရှုပုံရှုနည်း ပြသောအခါ ထိုသို့ ငယ်ထိပ်ကို စိုက်၍ ရှု နိုင်းပါသည်။

ငယ်ထိပ်မှာ ဉာဏ်စိုက်ပြီး ဘာကို ရှုရမလဲ။ ဤမေးခွန်း အတွက် ဆရာများထံက အဖြေကို ရပါသည်။ ကာယဝိဉာဏ်ကို ရှုရမည်။ ထိုကာယ ဝိဉာဏ်သည် မဟာဘူတ ဓာတ်ကြီးများ ဖြစ်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော သဘောများ၏ ဖောက်ပြန် ပြောင်းလဲ ပျက်စီးနေမှုကြောင့် ဖြစ်သော ကာယ ဝိဉာဏ် ဖြစ်ပါသည်။ အမှန်တော့ ယောဂီသည် နေ့စဉ်၊ မိနစ် စက္ကန့် မလပ်ဘဲ အချိန်ကာလတိုင်းမှာ ခန္ဓာကိုယ်ပေါ်က ရုပ်ကလာပ်တွေ အဆက် မပြတ် တရစပ် ဖြစ်ပျက်နေကြသည်။ သို့ဖြစ်ပျက် ဖောက်ပြန် ပြောင်းလဲ နေကြပါသော်လည်း မသိမှု အဝိဇ္ဇာ၏ ဖုံးကွယ်ထားမှုကြောင့် မသိခဲ့ရ။ ယခု သတိမဲ့နေခြင်းမှ ကင်းလွတ်ပြီးနောက် သတိဖြင့် နေခြင်း အဆင့်သို့ ရောက်သော အခါ ရှုဉာဏ်သည် (အဝိဇ္ဇာ) ကို ပယ်ခွာပြီး ဝိဇ္ဇာဉာဏ် အဆင့်သို့ ရောက်နေ ပါပြီ။ မသိလျှင် အဝိဇ္ဇာ၊ ခန္ဓာဖြစ်ပျက် အချက်တိုင်းကို သိသိနေခြင်းသည် ဝိဇ္ဇာ ဖြစ်၏။ ဝိဇ္ဇာဉာဏ် အားသန်သန်ဖြင့် ရှုလိုက်တော့ ငယ်ထိပ်နေရာတွင် နှမ်းအိုးထဲမှာ ထည့်ပြီး မီးပြင်းတိုက်သောအခါ နှမ်းများ ပေါက်ပေါက် ဖောက်

www.burmeseclassic.com



သလို တဖြောက်ဖြောက် တဖြုတ်ဖြုတ် တဖျင်းဖျင်း ဖြစ်နေသည်ကို မိမိ ကိုယ်တိုင် တိုက်ရိုက် အတွေ့အကြုံ (direct experience) ဖြင့် တွေ့ထိ သိမြင်ရသည်။ အမှန်မှာ ဤသို့ ခေါင်းရေပြားပေါ်မှာ ရုပ်ကလာပ်များ ဖြစ်ပျက်နေခြင်းမှာ မိမိ အသက်ရှင် နေထိုင်လာခဲ့သော ကာလ တစ်လျှောက်လုံးမှာ ဖြစ်ပျက်နေမည်သာ ဖြစ်ပါသည်။ ယခုမှာမူ ခေါင်းရေပြားက ခေါင်းတုံးကြီး ဖြစ်ပြီး ထိပ်ပြောင် တောင်ကတုံးကြီး ဖြစ်၍ပင် နေပါပြီ။ သို့သော်လည်း အသက် ၃၅ နှစ်လောက်က စပြီး ဆံပင်တွေ စတင် ကျွတ်ထွက်တုန်းကလည်း ဘာကြောင့် ကျွတ်ကုန်ကြမှန်း မသိခဲ့။ ခု ဝိပဿနာ ရှုလိုက်တော့မှ ခေါင်းရေခွံပေါ်က ဓာတ်ဖောက်ပြန် ပျက်စီးနေမှုတွေကို သိရသည်။ တစ်ချက် တစ်ချက် ဝါယော ဖောက်ပြန်လာပြီ ဆိုလျှင် ခေါင်းပေါ်က ဆံပင်တွေကို လေပြင်းတိုက်၍ အမြစ်က ကျွတ်ထွက်သွားသော သစ်ပင် မြက်ပင်တွေလို ဆံပင်တွေ လွင့်စဉ်ကုန်ကြပြီဟု ကိုယ်တိုင် ခန္ဓာဉာဏ်ရောက် သိမြင်နေရသည်။ တစ်ချက် တစ်ချက် ခေါင်းရေခွံကို စုပြီး ဆုပ်ဆွဲလိုက်သလို တင်းသွားသည်။ ခဏကြာတော့ ခေါင်းရေခွံကွဲပြီး အရေပြားကို ဆုတ်ဖြဲပစ်လိုက်သလား မှတ်ရသည်။ ပူလိုက်တာကလည်း မီးနှင့် ကပ်ထားသလား၊ သံပြား အပူကြီး တင်ထားသလား မှတ်ရသည်။ မကြုံဖူး မတွေ့ဖူးသော အတွေ့အကြုံသစ်လို ဖြစ်နေသဖြင့် အံ့အားသင့်ရသော်လည်း ခန္ဓာ၏ အနိစ္စသဘော၊ မမြဲဘဲ ဖောက်လွဲဖောက်ပြန် ဖြစ်နေသော သဘောကို ကိုယ်တိုင် တွေ့ရသောအခါ ရင်ထဲမှာ ဆုံးရှုံးမှု တစ်ခု ဖြစ်နေသလို ခံစားရသည်။ ငါက ဒီရုပ်ကြီး မြဲနေတယ် ထင်ခဲ့တာ၊ ဘာ တစ်ခုမှ မမြဲပါကလား။ ခဏ ကြာတော့ ခေါင်းပေါ်ကို ပိုးကောင် ရှကောင်တွေ အုပ်လိုက်ကြီး အုံလိုက်ကြီး တက်လာသလား မှတ်ရသည်။ တစ်ခေါင်းလုံး မွမွရွရွ ဖြစ်နေသည်။

အကျွန်ုပ်သည် ဆရာကြီးများ ပြောထားသည့်အတိုင်း စမ်းကြည့်ပြန်သည်။ ငယ်ထိပ်ပေါ် တင်ထားသော ရှုဉာဏ် ရှုစိတ်ကို နဖူး၊ မျက်နှာဘက်သို့ ပြောင်းပြီး စိုက်ရှုလိုက်သည်။ ထိုအခါ ပါးပြင်ပေါ်မှာ ပထမ ပိုးကောင်တွေ၊ ပုရွက်ဆိတ်တွေ တက်သလို ထိတွေ့ခံစားရသည်။ တစ်ချက် တစ်ချက် မီးပန်းဖောက်လိုက်သလို ပါးပြင်ပေါ်မှာ ဖွားခနဲ ဖွားခနဲ ဖျန်းခနဲ ဖျန်းခနဲ မွမွရွရွ ဆက်တိုက် ဖြစ်လာသည်။ အဖြစ် မြန်၍ အပျက်လည်း မြန်သည်။ မီးကျည်ပစ်ဖောက်လိုက်သောအခါ မီးပန်းတွေ ဖွားခနဲ ပေါ်ပြီး ဖွားခနဲ ပျောက်သွားသည်နှင့် တူသည်။ လျှပ်စီး လင်းလက်သလောက်တော့ မမြန်ပါ။ ထိုသို့ မွမွ

www.burmeseclassic.com



ရွရွ ဖြိုးဖြိုးဖျဉ်းဖျဉ်းတွေ ဖြစ်တာ သိပ်မကြာပါ။ စိတ်အထင် စက္ကန့်နှစ်ဆယ်လောက်ပဲ ကြာမည် ထင်သည်။ ခဏကြာတော့ နားသယ်နေရာကို ချွန်ထက်သော ဆူးတစ်ချောင်းနှင့် ဆတ်ခနဲ ထိုးလိုက်သလို အင့်ခနဲ ခံစားလိုက်ရသည်။ အပ် မရှိဘဲ အပ်ဖြင့် ထိုးသလို၊ ဆူး မရှိဘဲ ဆူးဖြင့် ဆတ်ခနဲ ထိုးသလို ခံစားလိုက်ရခြင်းကို မယုံကြည်နိုင်သလို ဖြစ်နေသည်။ သို့သော် မိမိမှာ ကိုယ်တွေ့ ခံစားလိုက်ရပြီး ဖြစ်သည်။ မယုံချင်သော်လည်း ယုံကြည်ရတော့သည်။ လက်စသတ်တော့ ဖောက်ပြန် ပျက်စီးနေတာတွေက ရှိးရှိး မသိမသာ တဖျပ်ဖျပ်၊ တဖြုတ်ဖြုတ် ပျက်စီးနေရုံမျှ မကဘဲ ဆူးနှင့် ထိုးသလိုလည်း ထိုးပါကလား၊ မီးမရှိဘဲနှင့် စီးကရက်မီးနှင့် ထိုးသလိုလည်း ထိုးပါကလား၊ အံ့အားသင့်ရသည်။

ခဏကြာတော့ ခြေထောက် နှစ်ဖက် ခြေသလုံး အပြင်ဘက် ခြေမျက်စိက စပြီး အလွန် မာကျောသော တုတ်ချောင်း ပျဉ်ချပ်ကြီးကို ထိုးထည့်လိုက်သလို ခံရသည်။ ကျောပြင်မှာလည်း သံပြားကို မီးပူပေးပြီး အပြားအချပ်ကြီး ကပ်ထားသလို ခံရသည်။ သည်ခန္ဓာသည် အမြဲ ဖောက်ပြန် ပျက်စီးနေတာပဲ ဆိုသည်ကို ကိုယ်တွေ့ ခံစားပြီး သိရသည်။ သည့်ထက် ဆိုးတာက ရှိးရှိး ပျက်တာ မဟုတ်ဘဲ နှိပ်စက်ပြီးမှ ပျက်သည်။ ဒါကြောင့် ဘုရားက ပီဠနဋ္ဌော ဟု ဟောတာပဲ ဆိုသော အသိ ဝင်လာသည်။ အနိစ္စသဘော ဖြစ်ပျက်သဘောကို မြင်သောအခါ တစ်ဆက်တစ်စပ်တည်း ဒုက္ခသဘော နှိပ်စက်ခြင်း ခံနေရသည့် သဘောကိုပါ ကိုယ်တိုင် မြင်လာရသည်။ သည်လို မြင်လာသောအခါ သတိ ကပ်မထားလျှင် ဒီခန္ဓာက နှိပ်စက်နေတာပဲ၊ တစ်စုံတစ်ယောက်က လာပြီး နှိပ်စက်နေတာ မဟုတ်ဘူး၊ ခန္ဓာကိုယ်ထဲမှာပင်လျှင် နှိပ်စက်တတ်သည့် သဘောက ပါနေတာပဲဟု ဉာဏ်က ထိုးထွင်းပြီး မသိသေးစဉ် ငါ ခံနေရတာပဲ၊ ငါ နာတယ်၊ ငါ ပူတယ်၊ ငါ လောင်တယ်၊ ငါ့ကို စူးတယ်၊ ငါ တောင့်တယ်၊ ငါ တင်းတယ်ဟု ခန္ဓာကိုပင် ငါထင်ကာ ခန္ဓာ၏ သက်သာမှု၊ နေသာထိုင်သာ ရှိမှုကို ရချင်သော တဏှာက ဝင်ပူးလာသည်။ ဤသို့ နာကျင်ခြင်း ဒုက္ခတွေကို ခံနေရခြင်းမှ သက်သောင့်သက်သာ ရှိစေချင်သည်။ ထိုအခါ ဣရိယာပုတ်ကို ပြုပြင်ပေးလိုက်ချင်သော စိတ်က တစ်ဖက်၊ ဝိပဿနာရှုနေသော ဉာဏ်က တစ်ဖက် လွန်ဆွဲနေသည်။ ထို ဉာဏ်ကဲ မပြောင်းရဘူးဟု အမိန့်ပေးနေသည်။ စိတ် နှစ်စိတ် တိုက်နေကြသည်ကိုလည်း သတိ ကပ်ထားတတ်လာသောအခါ အကျွန်ုပ် ဉာဏ်ထဲမှာ သိလာသည်။ ဖြစ်ပျက်တွေကို

www.burmeseclassic.com



တစ်ကိုယ်လုံးအနှံ့ မြင်နေရသည်။ ကိုယ်တိုင် ကာယ သမ္ဗသ သဘောဖြင့် ထိတွေ့ ခံစား၍ သိမြင်နေရသည်။ သို့သော် ဒုက္ခကို ခံစားနေရစေကာမူလည်း ခန္ဓာကို ငါနှင့် မခွဲခြားနိုင်သော အချိန်၌ ခန္ဓာ၏ အပြစ်ကို မမြင်တတ်သေး။ မမြင်တတ်သော်လည်း ထိုဖြစ်ပျက်တွေ အပေါ်မှာ ဒီလို မဖြစ်ပါစေနှင့်၊ ဒီလို ဖြစ်ပါစေဟု ချုပ်ကိုင် ခြယ်လှယ်၍ မရသော အစိုးမရခြင်း သဘောလောက် ကိုတော့ တဖြည်းဖြည်း သိလာပါသည်။ ဩော် အနတ္တ ဆိုတာ ဒါပါပဲလားဟု ဉာဏ်မှာ တစ်ချက် သိလိုက်သည်။

တင်ပါးအောက်မှာ အလွန် မာကျောသော ကျောက်ခဲကြီးကို ဖိထိုင်ထားရသလို ခံစားနေရမှုကို မချိမဆံ့ကြီး ရှုနေရပြန်သည်။ ထိုအခါကျမှ ခံနေရတာ ငါမဟုတ်ဘူး၊ ဝေဒနက္ခန္ဓာ ဖြစ်သည်။ ဝေဒနက္ခန္ဓာ၏ သဘောကို မြင်လာသည်။ သူ ဘယ်လို ဖြစ်ပြီး ဘယ်လို ပျက်မလဲဟု ကြိတ်ခဲပြီး ခံရင်း ရှုနေသည်။ ဖျပ်ဆို ထိုကျောက်ခဲကြီး ဘယ်ရောက်သွားမှန်း မသိ၊ ရုတ်တရက် ပျောက်ကွယ်သွားသည်။ ထို့နောက် တင်ပျဉ် ထက်ဝယ်ဖွဲ့ခွေ ထိုင်ထားသော ခြေထောက်၏ ခြေသလုံး နှစ်ဖက်တွင် ခြေမျက်စိက စပြီး အပူချောင်း (သံချောင်း မီးဖုတ်) ကြီးကို ထိုးသွင်းလိုက်သလို မချိမဆံ့ ခံရသည်။ ထိုအခါမှ ဩော် တေဇောဘက်ကို ပြောင်းသွားပြန်ပြီပဲ။ ထိုအပူသည် ပေါင်ရင်း အထိ တက်လာပြီး ပေါင်ခွင်တွင် စုခဲပြီး ပူလောင်နေသည်။ ထိုနေရာကို မိမိသည် အလွန် သတိမြဲမြဲစွာဖြင့် စိုက်ရှုနေမိသည်။ ခဏကြာတော့ ဒူးနှစ်ဖက် ပေါင်နှင့် မေးစေ့အကြား ရင်ခွင်ထဲမှာ အပူငွေ့ အလုံးကြီး တစ်လုံး၊ စက်လှည့်သလား မှတ်ရသည်၊ တဝီဝီမြည်လျက် ချာချာလည်နေသည်။ လျှပ်စစ်သံလိုက် စက်ကွင်းကြီး တစ်ခုလား မှတ်ရသည်။ ဆန်းကြယ်လိုက်တာဟု ပထမ စဉ်းစားသည်။ ပြီးမှ ဒါတွေဟာ အရင်ကလည်း အချိန်တိုင်း ဖြစ်နေမှာပဲ၊ ငါ မသိလို့သာပေါ့၊ ဒီလိုသာ သိခဲ့လျှင် ဘာမှ ဆန်းမှာ မဟုတ်ပါဘူးဟု နားလည်လိုက်ပါသည်။

ဒုတိယနေ့မှာလည်း ရှုဉာဏ်အားကောင်းကောင်းကို ခေါင်းပေါ်မှာ တင်ပြီး စိုက်ထားလိုက်တာနှင့် တစ်ပြိုင်နက် ခန္ဓာကိုယ် တစ်ခွင် တစ်ပြင်လုံးမှာ ဖြစ်ပျက်တွေ သဲသဲလှုပ်ပြီး တဖြုတ်ဖြုတ်၊ တဖြန်းဖြန်း၊ ရုန်းရင်းဆန်ခတ် ဖြစ်နေကြသည်ကို မြန်မြန်ဆန်ဆန် တွေ့ရသည်။ မချိမဆံ့ ခံရသောအခါ ခံရသည်။ ဆရာများက အဓိဋ္ဌာန် တင်ပြီး တစ်နာရီ အတွင်းမှာ ဣရိယာပုတ် မပြုမပြင်ဘဲ ရှုဖို့ မှာကြားထားသည့်အတိုင်း ရှုသောအခါ ဖြစ်ပျက်တွေမှာ ပိုပြီး ပြည့်စုံအောင် ပေါ်ပေါက်သည်။ တစ်ခါ တစ်ခါ ခန္ဓာ ဖြစ်ပျက်နေတာ၊



www.burmeseclassic

www.burmeseclassic.com



ငါမဟုတ်ဘူး၊ ငါလုပ်တာ မဟုတ်ဘူး၊ သူ့ဘာသာသူ ပင်ကို သဘောအတိုင်း ဖြစ်နေတာပဲ၊ သေချင်လည်း သေပါစေတော့ဟု ဒိဋ္ဌိကို ခွာပြီး ရှုပါသည်။ ထို အခါ အဆမတန် အသားကုန် နှိပ်စက်ခြင်းကိုလည်း ခံရသည်။ ဇောချွေး ပြန်ပြီး မျက်ရည်များပင် စီးကျလာသည်။ ဖြစ်ချင်ရာ ဖြစ်စမ်း၊ ကိုယ်က ဝင် မပါဘဲ လွှတ်ချထားလိုက်ပါသည်။ ထိုအခါ မျက်စိထဲမှာ အလင်းတန်းကြီး တစ်ခု လင်းလက်သွားသည်။ ထူးခြားသည်မှာ ထိုအလင်းကြီး ပေါ်လိုက်သည် နှင့် တစ်ပြိုင်နက် ခန္ဓာပေါ်က နှိပ်စက်နေသော ဝေဒနာတွေ၊ ဖြစ်ပျက်တွေ ချက်ချင်း လျှော့ကျသွားပြီး ခန္ဓာကိုယ် တစ်ခုလုံး လေထဲမှာ လွင့်နေသလား မှတ်ရသည်။ ပေါ့ပါးပြီး စိတ်ကလည်း အလွန် ရွှင်လန်းနေလေသည်။ သုခ ဝေဒနာ တစ်ခုကို ထူးထူးခြားခြား ခံစားလိုက်ရသည်။

တစ်ချက်တည်း မထင်မှတ်ဘဲ ပေါ်လာသော ထိုတရားကိုပင် ဒါဟာ လည်း မဂ်သဘောလားဟု ဗိုးတဝါး စဉ်းစားလိုက်မိသည်။ ထိုအခါကျမှ မဟုတ် ဘူး၊ မဟုတ်ဘူး၊ ဒါ ဥပက္ကိလေသာတွေ၊ မဂ်တုတွေပဲ ဖြစ်ရမယ်ဟု လေ့လာ ဖတ်ထားဖူးသော စာအသိတွေ ခေါင်းထဲသို့ ဝင်လာပါသည်။

စာထဲမှာတော့ ဥဒယဗ္ဗယဉာဏ် အစမှာ ဒီလို မဂ်တု ဆယ်မျိုး ပေါ် လာနိုင်ကြောင်းကို မိမိ ဖတ်ရှုထားဖူးသောကြောင့်သာ တော်ပေသေးသည်။ မဟုတ်လျှင် ဤနေရာ၌ ဖြစ်တတ်သော ဓမ္မပီတိကို၊ ငြိမ်းအေးမှုကို မဂ်တရား ပဲ၊ ဖိုလ်တရားပဲဟု ထင်သွားနိုင်ပါသည်။

ထိုအခါ ဗားကရာ ဆရာတော်ဘုရားကြီး ရေးသားသော သင်္ဂြိုဟ် နိဿယထဲမှာ ပါသော မဂ်တု ဆယ်ပါး အကြောင်းကို သတိရသည်။

(၁) အရောင် အလင်းများ ဖြစ်ပေါ်လာသည် (ဩဘာသ)

(၂) ဉာဏ်က အထူး ထက်မြက်လာသည် (ဉာဏ)

(၃) နှစ်သိမ့်ခြင်း၊ ကြည်နူးခြင်း ဖြစ်တတ်သည် (ပီတိ)

(၄) ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးနေသည် (ပဿဒ္ဓိ)

(၅) ဝိပဿနာနှင့် ယှဉ်သော စိတ်ချမ်းသာခြင်းကို ခံစားရသည် (သုခ)

(၆) အလွန် ကြည်လင်သော သဒ္ဓါတရား၊ ယုံကြည် အားတက်မှု (အဓိမောက္ခ) ဖြစ်လာသည်။

(၇) သဒ္ဓါကြောင့် ဝီရိယအားလည်း ကောင်းလာသည် (ပဂ္ဂဟ)

(၈) ထိုအခါ သတိကလည်း အလွန် ကောင်းလာသည် (ဥပဋ္ဌာန)

(၉) သေချင် သေပါစေဟု သင်္ခါရတရားတွေ အပေါ် ဥပေက္ခာ ရှုသော



www.burmeseclassic

www.burmeseclassic.com



စိတ်လည်း ကြီးကြီးမားမား ဖြစ်လာသည် (ဥပေက္ခာ)

(၁၀) ထိုသို့ ဖြစ်ပေါ်လာသော နှစ်သက်ဖွယ် အာရုံကို ထပ်မံ၍ ခံစားလိုသော တပ်မက်မှု တဏှာ ဖြစ်လာသည် (နိကန္တိ)

ဪ ဘုရားဟော တရားသည် အလွန် ထင်ရှားပါကလား။ ဓမ္မ မှန်သမျှကို စိတ်ကူး ထင်မြင်ချက်ဖြင့် မဟောဘဲ ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ သိမြင်ပြီးမှ သက်သေထင်ရှား ပြနိုင်မှ ဟောတတ်သော ဆရာမြတ်ဗုဒ္ဓ ရှင်တော်ဘုရား၏ ဂုဏ်ကျေးဇူးသည် ကြီးမားလှပါတကားဟု အောက်မေ့မိခဲ့လေသည်။

အကျွန်ုပ်သည် ထိုအခါမှ တရား အားမထုတ်ခင် ဝိပဿနာနှင့် ပတ်သက်၍ သိသင့်သိထိုက်သမျှကို ဉာဏပရိညာဖြင့် သိအောင် ဦးစွာ အားထုတ်ထားခဲ့မိခြင်း၏ အကျိုးကျေးဇူးကို ပိုပြီး နားလည် သဘောပေါက်လာသည်။ မဟုတ်လျှင် ရှေးက မခံစားဖူး၊ မတွေ့ကြုံဖူးသော ထူးခြားသော ဤတရားများကို နဖူးတွေ့ ဒူးတွေ့ တွေ့ကြုံခံစားရသောအခါ တဏှာ၊ မာနဒိဋ္ဌိ ဝင်ပူးပြီး အရူးအမူး စွဲလမ်းကာ ငါ တရားရပြီ၊ ငါ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီဟု အောက်မေ့မိနိုင်ပါသည်။ ဤတွင် နိကန္တိ တဏှာ၏ ပူးသတ်ခြင်း သဘောကို မိမိအနေနှင့် ရှေးကပင် စာသဘောဖြင့် နားလည်အောင် ကြိုးစားထားခဲ့မိ၍သာ ယခု ကိုယ်တွေ့မျက်မြင် ကြုံရသောအခါ အရူးအမူး စွဲလမ်း နှစ်သက်ခြင်း မဖြစ်ဘဲ မဟုတ်ဘူး၊ မဟုတ်သေးဘူး၊ ဒါတွေဟာ တရားထူး တရားမြတ် မဟုတ်သေးဘူး ဆိုပြီး ပယ်နိုင်ခြင်း ဖြစ်ပါသည်။

ညပိုင်းရောက်တော့ ဆရာများကလည်း ဟောကြသည်။

'ယခုလို ယောဂီ သူတော်စင်များ ဖြစ်ပျက် မြင်စ ခဏမှာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ကို တားဆီး ပိတ်ပင်နိုင်တဲ့ ညစ်ညူးကြောင်း တရား ဆယ်မျိုး ဖြစ်လာနိုင်ပါတယ်၊ ဒါတွေဟာ နှစ်သက်စရာ ကောင်းတဲ့အတွက် နှစ်သက်ပြီး စွဲလမ်းတတ်ပါတယ်၊ အမှန်တော့ ဒီ သြဘာသ၊ ဉာဏ အစ ဥပေက္ခာ အဆုံး တရားဆယ်မျိုးဟာ ဝိပဿနာရဲ့ အန္တရာယ်များသာ ဖြစ်ကြပါတယ်၊ ဒါကို ယောဂီရဲ့ဉာဏ်မှာ ပြတ်ပြတ်သားသား နားလည်ထားသင့်ပါတယ်၊ ဒါတွေ ပေါ်လာရင် ဒီတရားတွေ အပေါ်မှာ အထင်မကြီးပါနှင့်၊ မာန မဝင်ရဘူး၊ မစွဲလမ်းပါနှင့်၊ တဏှာ မဝင်ရဘူး၊ ငါ တရားရပြီလို့လည်း ဒိဋ္ဌိနှင့် မယူဆပါနှင့်၊ ဒါတွေဟာ ပယ်ရမည့် တရားများသာ ဖြစ်တယ်လို့ တိတိကျကျ သိနားလည်ထားသင့်ပါတယ်၊ ဒီတရားတွေကို ပယ်ပြီး ငါ ဖြစ်ပျက်တွေကို ဆက်ရှုနေရဦးမှာပဲ၊ ဝိပဿနာဉာဏ်ကသာ လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို

www.burmeseclassic.com


ရစေနိုင်တဲ့ တစ်ခုတည်းသော လမ်းကြောင်း ဖြစ်တယ်လို့ ဆုံးဖြတ်ချက်ချပြီး မဂ် ဟုတ်သည်၊ မဂ် မဟုတ်သည်ကို ခွဲခြားပြီး နားလည်တာကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ လို့ ခေါ်ပါတယ်'

ဆရာများ၏ ဆုံးမစကားသည် မိမိနားထဲမှ အသည်းနှလုံးထဲသို့ ထိုးစိုက် စူးဝင်သွားပါသည်။ အကျွန်ုပ်သည် မိမိကိုယ်ကို ကျမ်းဂန်မှာ လာသော စကားနှင့်အညီ ပြန်ပြီး သုံးသပ်ကြည့်မိသည်။

ဖြစ်ပျက်ကို မြင်ပြီပဲ၊ မီး မရှိဘဲ မီးလောင်သလို ပူသည်၊ ရေခဲတုံး မရှိဘဲ ရေခဲတုံးပေါ် ထိုင်နေရသလို အေးသည်၊ ဆူး မရှိဘဲ ဆူးနှင့် အပ်နှင့် ထိုးသလို စူးသည်၊ သပ် မရှိဘဲ သပ်လျှိုသလို ထိတွေ့ ခံစားရသည်။ ဒါတွေက ရုပ်ခန္ဓာရဲ့ ဖြစ်ပျက်တွေပဲဟု သိပြီ ဆိုတော့ မိမိသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပြီဟု ခန့်မှန်းလိုက်ပါသည်။ ဆရာများကလည်း 'ဥဒယဗ္ဗယဉာဏ်ဟာ နှစ်ဆင့် ရှိတယ်၊ အနုပိုင်း အရင့်ပိုင်း နှစ်မျိုးပါ၊ ဥဒယဗ္ဗယဉာဏ်က နေပြီး မဂ်ဉာဏ်နားကို ကပ်နေတဲ့ အနုလောမဉာဏ် အထိကို ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ လို့ ခေါ်ရပါတယ်' ဟု ရှင်းပြပါသည်။ ဆရာကြီးများက ဥဒယဗ္ဗယဉာဏ် နောက်က ဖြစ်သော ဝိပဿနာဉာဏ်များ၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ် စသည် အကြောင်းကိုလည်း ရှင်းပြသည်။

'ဘင်္ဂဉာဏ် ဖြစ်ပေါ်တဲ့အခါ ဥဒယဗ္ဗယဉာဏ်မှာ ရုပ်နာမ် ဓမ္မ သင်္ခါရတရားများရဲ့ ဖြစ်ပျက်ကို ရှုနေရာက ဉာဏ်ထဲမှာ အဖြစ်စွန်းကို လွှတ်ပြီး အပျက်စွန်း သက်သက်ကိုသာ ဉာဏ်မှာ မြင်လာတာ သိလာတာကို ဘင်္ဂဉာဏ် လို့ ခေါ်ရပါတယ်၊ ဘင်္ဂဉာဏ်မှာ ပေါ်တဲ့ အပျက်သဘောတွေဟာ တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံချင်းတော့ တူချင်မှ တူမယ်၊ ဥပမာ ပထဝီ ဓာတ်ဆောင်တဲ့ ပုဂ္ဂိုလ်များမှာ ခန္ဓာကိုယ် တစ်ခုလုံးက အသားတွေဟာ အမှုန်တွေ အမွှားတွေလို ဖြစ်သွားပြီး ချောင်းကမ်းပါးဆောက သဲပုံကြီး ပြိုကျသွားသလို တွေ့ရတယ်၊ တချို့ကျတော့လည်း ကိုယ်ပေါ်က အသားတွေဟာ မွမွကျဲကျဲ အမှုန်အမွှားတွေ ဖြစ်ပြီး လွင့်စဉ်သွားတယ်၊ ကိုယ် တစ်ခုလုံးဟာ အရိုးစုကြီးလို ဖြစ်သွားတာကို မြင်ရပါတယ်' စသည်ဖြင့် ရှင်းပြကြလေသည်။

အကျွန်ုပ်သည် မိမိကိုယ်မှာ ဘာဉာဏ်တွေ ဖြစ်ပေါ်လာသလဲ ဆိုတာကို သိရအောင် ဉာဏ်၏ ဖြစ်ကြောင်း လက္ခဏာ (symptons) များကို မှတ်သားပါသည်။ နောက်နေ့ မနက် ကိုးနာရီ တရားထိုင်၍ ရှုမှတ်စဉ်မှာ ထူးခြားသော ခန္ဓာကိုယ် ဖြစ်ပျက် တစ်ခုကို ထင်ထင်ရှားရှား မြင်လိုက်ရသည်။


www.burmeseclassic

www.burmeseclassic.com



တရားထိုင် နေစဉ် ဖြစ်ရိုးဖြစ်စဉ် ထုံကျဉ် ကိုက်ခဲ ဝေဒနာများကိုမူ အထူး ဂရုပြုပြီး ရှုမှတ်နေစရာ မလိုတော့ပါ။ မလိုခြင်းမှာ သိသာ ထင်ရှားခြင်း မရှိတော့ဘဲ မှေးမှေးမှိန်မှိန် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ထိုအချိန်တွင် သက်သောင့်သက်သာ မပင်မပန်း ရှုနေရပါသည်။ ထိုသို့ ရှုနေစဉ် ခြေမနှင့် ခြေညှိုးကြား ခွဆုံနေရာ (ဖိနပ်သည်းကြိုး သွင်းသော နေရာ) ၌ သံချွန် ဆူး တစ်ချောင်းကို ရဲရဲနီအောင် မီးဖုတ်ပြီး ထိုမီးသံချောင်းဖြင့် ထိုးလိုက်သလို ပူခနဲ စူးခနဲ ခံစားလိုက်ရသည်။ ထိုသို့ ပူပြီး စူးဝင်သွားသည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ် တစ်ကိုယ်လုံးကို ဂွမ်းစိုင်ကြီး မီးရှို့လိုက်သလို ဟုန်းခနဲ လောင်ကျွမ်းသွားသည်ဟု ခံစားရသည်။ တစ်ကိုယ်လုံး မချိမဆံ့ တွန့်လိမ်သွားသလား မှတ်ရသည်။ ဘယ်လို ဖြစ်တာပါလိမ့်ဟု စဉ်းစားလိုက်တော့ မော်တော်ကား စက်အုံထဲမှာ ရှိသော ဓာတ်ဆီငွေ့ကို ပလတ်က ထွက်သော မီးလောင်၍ ဟုန်းခနဲ (internal combustion) ထတောက်သလို ဖြစ်သည်ဟု နားလည် လိုက်ပါသည်။ ပထမ တစ်ကြိမ် ပူခနဲ ဆူးခနဲ ဖြစ်ပြီး ငါးစက္ကန့်လောက် သက်သောင့်သက်သာ ဖြစ်သွားသည်။ ပြီးနောက် နောက်ထပ် တစ်ကြိမ် ထို မီးပူ သံချောင်းဆူးဖြင့် ထိုနေရာကိုပင် ဆတ်ခနဲ ထိုးလိုက်ပြန်သည်။ တစ်ကြိမ် အထိုးခံလိုက်ရလျှင် တစ်ကိုယ်လုံး ဟုန်းခနဲ မီးလောင်သွားသလိုလည်း မသက် မသာ ခံစားရသည်။ ထိုဖြစ်ပျက်သည် ဘယ်နှကြိမ် ဖြစ်သလဲ မရေတွက်နိုင်ပါ။ ခံစားရသော ဝေဒနာက ပြင်းထန်လှပါ၏။ တစ်နာရီ ထိုင်နေစဉ်အတွင်း တစ်ချိန်လုံး မီးလောင်ပြီး ပျက်စီးနေသည်ဟု ထင်ရသည်။ ထိုသို့ အဆက် မပြတ် ညှဉ်းဆဲ နှိပ်စက်ခြင်းကို ခံစားနေရသော အခါမှ မိမိခန္ဓာသည် သဲလုံး ပြိုကျသလို မပျက်ဘဲ ဂွမ်းစ မီးလောင်သလို လောင်ကျွမ်း ပျက်စီးနေတာကို တွေ့ရသည်။ မနေ့ကလည်း ပေါင်ခွင်နှင့် မေးစေ့အကြား ရင်ဘတ်ပိုင်းတွင် မီးစက်ကွင်းကြီး လည်နေသလို ခံစားခဲ့ရဖူးပြီ။

နောက်နေ့ စောစော ဆရာများ နားနေချိန်တွင် မိမိခန္ဓာက သဲလုံး ကြွေသလို မပျက်စီးဘဲ မီးလောင်သလို ပျက်စီးနေပုံကို သွားပြောပြပါသည်။ ဆရာများက 'ဖြစ်နိုင်ပါတယ်၊ ဦးဆန်းလွင်က တေဇောရုပ် ဖြစ်နေလို့ ဖြစ်မှာပေါ့' ဟု အမိန့်ရှိပါသည်။

တစ်ခုတော့ ရှိသည်။ ခါတိုင်းဆိုလျှင် တရားထိုင်နေစဉ် နာရီအတွင်းမှာ နာကျင် ကိုက်ခဲခြင်း ဝေဒနာကို ခံနေရသော်လည်း တရားဖြုတ်ပြီး သက်သောင့်သက်သာ ရှိသောအခါတွင် မိမိခန္ဓာကို ခင်မင် တွယ်တာသော စိတ်

www.burmeseclassic.com



မပျောက်ပါ။ ကိုယ့်ကိုယ်ကိုယ် ချစ်နေမှန်း သိသာသည်။ သို့သော် ယခုအကြိမ် မီးလောင် ပျက်စီးနေပုံကိုချည်း ထပ်တလဲလဲ ဖြစ်ရတော့ မိမိစိတ် သိသိသာသာ ပြောင်းလဲလာသည်ကို သတိပြုမိသည်။ ဒီလောက် ပျက်စီးနေတဲ့ ခန္ဓာကြီး၊ မီးလောင်နေတဲ့ အိမ်ကြီးကို ကြည့်ပြီး တပ်မက်နေရင် နောက်ထပ် ကြေကွဲရမည့် ဒုက္ခတွေကိုပါ မြင်လာသည်။ ရထားတဲ့ ခန္ဓာကြီးက မီးလောင်ပြီး ပျက်စီးနေတာကြီးကို မြင်နေရပါလျက် အကောင်းထင်ပြီး တွယ်တာနေလျှင် ခံစားရမည့် မိုက်ပြစ် များပြစ်ကိုပါ မြင်လာသည်။ ငါသည် မတွယ်တာအပ်၊ မခင်မင်အပ်သော အရာကြီးကို ခင်မင် တပ်မက်နေမိပါကလားဟု နားလည်လိုက်သည်နှင့် တစ်ပြိုင်နက် ဤခန္ဓာ၏ အပြစ်ကို စတင်၍ ရေးရေး မြင်တတ်လာသည်။ ဤခန္ဓာသည် မလိုလားအပ်၊ မတပ်မက်ကောင်းသော အရာ ဖြစ်သည်ကို သိလာသည်။ ထိုအခါ ဂင်္ဂါမြစ်မှာ မျောလာသော ဆင်သေကောင်ကို ခင်မင် တွယ်တာသော တဏှာဖြင့် အားကိုး၍ လိုက်မိမှားသဖြင့် အဏ္ဏဝါ သမုဒ္ဒရာထဲ ရောက်မှ ဆင်သေကောင် မြုပ်သွားသဖြင့် ဒုက္ခဆင်းရဲ ကြုံတွေ့ရသော ကျီးမိုက် ဒဏ္ဍာရီကိုပါ သတိရမိပါသည်။

ဝိပဿနာကို ပြောင်းပြီး ရှု၍ ဖြစ်ပျက်တွေကို မြင်ပြီးနောက်မှာ ဆဋ္ဌမနေ့ကို ရောက်တော့ နံနက် ကိုးနာရီမှ ဆယ်နာရီ ထိုင်ရှုစဉ် မိမိ တစ်ကိုယ်လုံးမှာ အဆိပ်ပြင်းသော မြွေကိုးကောင်လောက် အကိုက်ခံထားရသလို ခြေဖျားမှ ငယ်ထိပ် အထိ ပြင်းပြင်းထန်ထန် အဆိပ်မွှန်နေသည်ဟု ခံစားရလေသည်။ အသက်ကိုပင် ရှု၍ မရလောက်အောင် ပြင်းထန်ပါသည်။ ရိုးရိုးဖြစ်ဖူး ခံစားဖူးသော ဝေဒနာတွေနှင့် လုံးလုံး မတူပါ။ အလွန် ကွဲပြား ခြားနားပါသည်။ စိတ်ထဲမှာ ဒီတစ်ကြိမ်တော့ ငါတော့ သေလိမ့်မည်ဟု တထစ်ချ ထင်လိုက်မိသည်။ ခန္ဓာသည် ဘေးအန္တရာယ်ကြီးပဲ၊ တကယ့် အပြစ်ဒေါသ အာဒီနဝကြီးပါပဲဟု ခါးခါးသီးသီး မြင်သွားသည်။ ဒီခန္ဓာကို ချစ်ချင်သေးရဲ့လားဟု ကိုယ့်စိတ်ကို ပြန်မေးကြည့်သည်။ နှစ်သက်ခြင်း တဏှာသည် ဒီတစ်ခါမှာ သိသိသာသာ လျော့ကျသွားပါသည်။ လုံးဝ မနှစ်သက်သလို ဖြစ်သွားသည်။ မနှစ်သက်သည်မှာ သာမန် မဟုတ်ဟု ထင်ပါသည်။ ကြောက်ပြီး မုန်းသွားခြင်း ဖြစ်၍လား မသိ၊ တွယ်တာသော စိတ်ပါ ကုန်ခန်းသွားသည်။ မိမိကွယ်ရာမှာ တစ်ပါးသူနှင့် ဖောက်ပြန်နေသော မယားကို တွေ့မြင်လိုက်ရသောအခါ တုန်လှုပ် ချောက်ချားပြီး မုန်းသွားသော လင်သည် ထိုမယား၌ ပြတ်စဲသော စိတ် ဖြစ်သွားသည်နှင့် တူစွာ မိမိသည် ခန္ဓာပေါ် တွယ်တာနေသော စိတ်များ



www.burmeseclassic

www.burmeseclassic.com



အကြီးအကျယ် ကုန်ခန်းသွားသည်။ စိတ်ပျက်ခြင်းထက် ပိုသည်ကို သိပါသည်။ ဤဖြစ်ရပ်သည် မိမိခန္ဓာ အပေါ် စိတ်ကုန်သွားခြင်း ဖြစ်သည်ဟု ဆိုသင့်ပါသည်။

ဘာဆို ဘာမှ မလုပ်ချင်တော့ပါ။ ဘာဆို ဘာမှ မရချင်တော့ပါ။ ဘာဆို ဘာမှ မဖြစ်ချင်တော့ပါ။ ချင်ခြင်း အားလုံး ဆုံးရှုံးသွားသလို ခံစားရသည်။ ထိုအခါ အသိဉာဏ် တစ်ခု ဝင်လာသည်။ ထမင်းစားမှ အသက်ရှင်၍ နေရသော ဘဝကို အဓိပ္ပာယ် မရှိမှန်း သိသွားသည်။ ကိုယ့်ကိုယ်ကိုယ် မေးကြည့်သည်။ ဆင်ခြင်ကြည့်ခြင်းကို ဆိုလိုသည်။ ဘာအတွက် ထမင်းစားနေရသလဲ။

အသက်ရှင်ဖို့ (မသေအောင်လို့) စားနေရခြင်း ဖြစ်သည်။ ဒါဆို ထမင်းစားတော့ မသေဘူးလား။

စားလည်း သေတာပဲ၊ စားလည်း နာတာပဲ၊ စားလည်း အိုတာပဲ။

ဒါဖြင့် ထမင်းစားတာ ဘာအကျိုးကျေးဇူး ရသလဲ။ အိုနာသေ အကျိုးပဲ ရသည်။

သို့ဆိုပါလျှင် ထမင်းစားနေခြင်းသည် ကျင်ကြီး ကျင်ငယ် စွန့်ရသော အလုပ်ပို လုပ်ရတာက လွဲ၍ ဘာအဓိပ္ပာယ်မှ မရှိ။ ဘာချမ်းသာမှ မရှိ။ ဒုက္ခဆင်းရဲခြင်းသာ ပိုလာသည်။ ထမင်း ဆိုတာ လွယ်လွယ်ကူကူ မပူမပင်ရဘဲ အလိုရှိသလောက် အရလွယ်သော အရာ မဟုတ်ပါ။ ထမင်းတစ်လုတ် စားရဖို့ တစ်နေကုန် အလုပ်လုပ်ကြရသည်။ ရှာရသည်၊ ဖွေရသည်၊ စုရသည်၊ ဆောင်းရသည်။ လူသားသည် အိပ်ရာမှ နိုးသည်နှင့် တစ်ပြိုင်နက် ဘာစားရမလဲ ဆိုသော ကိစ္စအတွက် သောကရောက်ရသည်။ ပူရသည်။ စားဖို့အတွက် ရှာကြဖွေကြရာ၌ လိမ်ကြ ကောက်ကြ မသမာ လုပ်ကြရသည်။ လက်စသတ်တော့ ဒီထမင်းက အကုသိုလ်နှင့် ရင်းမှ ရသော အရာပါတကားဟု ဉာဏ်က သိလာသည်။

ဒါဆိုရင် မစားဘဲ နေပါလား။ အဖြေတစ်ခု ထုတ်ကြည့်သည်။ မရပါဘူး။ ခန္ဓာက သူ့ကို မကျွေးလျှင် နှိပ်စက် ညှဉ်းဆဲသည်။ လုံးဝ သက်ညှာခြင်း မရှိ။ ကျောက်မီးသွေးတွင်း ပြို၍ အထဲမှာ ပိတ်မိနေသော အလုပ်သမားသည် ဘယ်ကမှ အစားအစာကို မရနိုင်သော်လည်း ဒုက္ခရောက်နေစဉ်မှာပင် ဗိုက်က ဆာလောင်လာသည်။ သူ့ကို အချိန်တန်လျှင် ရှိရှိ မရှိရှိ နားမလည်ဘူး၊ ကျွေးရမည်ဟု တောင်းဆိုသည်။ ကျောက်မီးသွေးတွင်း အလုပ်သမားသည် ခါးမှာ ပတ်ထားသော သားရေခါးပတ်ကို ရေဆွတ်ပြီး ဝါးစားရသည်။ ဝမ်း

www.burmeseclassic.com



ခေါင်းသည် ပါစကာ ဆောဖော မီး တောက်လောင်နေသော မီးဖိုကြီးနှင့် တူသည်။ ဤမီးဖြင့် လူသား အသက်ရှင်နေရသည်။ ဤမီးကြောင့် လူသား၏ ခန္ဓာကိုယ်သည် ရင့်မှည့် အိုမင်းနေရသည်။ ဤ အပူမီး ရပ်သွားလျှင် ခန္ဓာကိုယ် တောင့်တင်းပြီး သေဖို့သာ ရှိသည်။ ရထားသော ဘဝသည် သဘာဝအားဖြင့် လုံးဝ လွတ်လပ်ခြင်း မရှိသော ဘဝ ဖြစ်ကြောင်း ဉာဏ်မှာ သိလာသည်။ ထိုအခါ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော ဒုက္ခသစ္စာ ဆိုသော စကားထက် ပို၍ မှန်သော စကား မရှိတော့ကြောင်း ကောင်းကောင်း နားလည်နိုင်ပါတော့သည်။

အကျွန်ုပ်သည် ဒုက္ခသစ္စာကို မြင်လိုက်သောအခါ ထိုဒုက္ခကို ဒုက္ခမှန်း မသိ၍ လိုချင် တပ်မက်နေခဲ့သော သမုဒယ၏ အဖြစ်ကို ခါးခါးသီးသီး သိမြင်လိုက်ပါသည်။ ခန္ဓာကို မလိုချင်တော့သော စိတ်၊ ခန္ဓာကို မတွယ်တာလိုတော့သော စိတ်သည် ပြင်းပြင်းထန်ထန် ဖြစ်လာပါသည်။ ထိုအခါ လက်ရှိခန္ဓာကို မလိုချင်သော် နောက်ခန္ဓာကို လိုချင်သေးသလား၊ နတ်ခန္ဓာကိုကော လိုချင်သေးသလားဟု မေးကြည့်သည်။ တော်ပြီ တော်ပြီ၊ လက်ရှိ ခန္ဓာကို မလိုချင်သလို နောက်ခန္ဓာကိုလည်း မတောင့်တလိုတော့ပါ။ ခန္ဓာရခြင်းသည် ဒုက္ခရခြင်းမှ တစ်ပါး ဘာမှ အပိုမရှိမှန်း ကောင်းကောင်း သိသွားပါပြီ။ ထိုအခါ ပြန်ပြီး မိမိကိုယ်ကို စစ်ကြည့်မိသည်။ အခု ဘုရားကော ဖြစ်ချင်သေးသလား။ တော်ပြီ တန်ပြီ ဆလံပေးပါသည်။ ဘုရားလည်း မဖြစ်ချင်၊ နတ်လည်း မဖြစ်ချင်၊ သိကြားလည်း မဖြစ်ချင်၊ ဗြဟ္မာလည်း မဖြစ်ချင်၊ ခန္ဓာ ဆိုလျှင်တော့ နလုံးနာပါပြီ။ ခန္ဓာရမည့် အလုပ်ဆိုလျှင် ဘာဆို ဘာမှ မလုပ်ချင်တော့ပါ။

ခန္ဓာကို ငြီးငွေ့သော စိတ်သည် အသက်ရှင်နေရသော ဘဝကိုပါ လုံးဝ ငြီးငွေ့ရုံမျှမက စက်ဆုပ် ရွံရှာသွားပါသည်။ ကိုယ့်ကိုယ်ကိုယ်ပင် ခင်မင်သောစိတ် ကုန်ခန်းသွားသောအခါမှသာ မယားကိုလည်း မခင်ချင်၊ သားကိုလည်း မခင်ချင်၊ သမီးကိုလည်း မခင်ချင်တော့ပါ။ လောက၌ မိမိမှာ ခင်စရာ မင်စရာ၊ တွယ်စရာ တာစရာ ဘာမှ မရှိပါကလား ဆိုတာကို ဉာဏ်ထဲမှာ ရှင်းရှင်း သိသွားသည်။ သမုဒယကို ပယ်လိုက်သည်နှင့် တစ်ပြိုင်နက် ဘဝ ကောင်းစားချင်ခဲ့သော စိတ်သည် ဘဝ်ဘဝက လွတ်မြောက်ချင်သော စိတ်အဖြစ်သို့ ပြောင်းသွားသည်ကို ကောင်းကောင်း သိနားလည်လိုက်ပါသည်။

ထိုနေ့တွင် မိမိသည် ငြီးငွေ့သော စိတ်ကြောင့်လား မသိ တရားကိုပင် ဆက်၍ အားမထုတ်နိုင်လောက်အောင် ခြေကုန်လက်ပန်း ကျသွားပါသည်။

www.burmeseclassic.com



တမင် မလုပ်ချင်ဘဲ တွန်းလုပ်နေလျှင် လိုချင် တပ်မက်သော လောဘဘက်သို့ ရောက်သွားနိုင်သည်။ အို တွန်းမလုပ်ဘူး၊ တမင်တကာ ကိုယ့်ကိုယ်ကိုယ် မတိုက်တွန်းဘူး၊ အလိုက်သင့် နေလိုက်မည်။ အဆောင်ကို ပြန်ပြီး နားပစ်လိုက်မည်။ ပြန်ပြီး အားထုတ်ချင်စိတ် ပေါ်လာမှ၊ သဒ္ဓါပြန်၍ ထက်သန်လာမှသာ အားထုတ်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ထိုနေ့ ဆွမ်းစားပြီးသောအခါ အဆောင်သို့ ပြန်၍ နားလိုက်သည်။ ထိုအခါ ပင်ပန်းထားသော အရှိန်ကြောင့်လား မသိ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

အမှန်တော့ ဝိပဿနာဉာဏ် ဆိုသည်မှာ အမြင် ပြောင်းသွားခြင်း စိတ် ပြောင်းသွားခြင်း ဖြစ်ပါသည်။ အိပ်ရာပေါ်မှာ စဉ်းစားကြည့်တော့ မိမိသည် နိဗ္ဗိန္ဒာဉာဏ် အဆင့်သို့ ရောက်လာပြီဟု သိမြင် နားလည်လိုက်ပါသည်။ ဉာဏ်စဉ် ဆိုသည်မှာ ယောဂီ၏ စိတ်အထင်နှင့် ခန္ဓာနှင့် ပတ်သက်သော အမြင် ပြောင်းသွားခြင်းပါပဲ။ တဖြည်းဖြည်းနှင့် သစ္စာဉာဏ် ဆိုသော ဘဝ၏ အမှန်တရားကို ပို၍ ပို၍ သိနားလည်လာခြင်းပါပဲ။

ထိုနေ့ တစ်နေ့ကုန် တရား အားမထုတ်ဘဲ နားနေလိုက်ပါသည်။ နောက်နေ့ နံနက်သို့ ရောက်သောအခါ အကျွန်ုပ်၏ စိတ်သည် ကိုယ်နာသော်လည်း စိတ်မနာသလို ခံစားရသည်။ စိတ်ရော ကိုယ်ပါ လန်းလန်းဆန်းဆန်း ဖြစ်နေပြန်သည်။

စိတ်လန်းဆန်းသွားသောအခါ ဒီဘဝက လွတ်မြောက်အောင် လုပ်မှ ဖြစ်မည် ဆိုသော ဉာဏ်အမြင် ဝင်လာပြန်သည်။ မလုပ်ဘဲနှင့်တော့ အလကားမရဘူး။ ယုံကြည် ကျန်းမာ ဖြောင့်စင်းစွာဖြင့် လွန်စွာ အားထုတ်မှသာ သည်ဘဝမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် သဉပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည် ဖြစ်သည် ဆိုသော အချက်ကို ခိုင်ခိုင်မြဲမြဲ ယုံကြည်နေပါသည်။ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး သုံးသပ်သောအခါ မိမိ ရင်ထဲမှာ ပိုပြီး ပြင်းပြင်းထန်ထန် အားထုတ်ချင်သော စိတ်သစ် တစ်ခု ထပ်လောင်း ဖြစ်ပေါ်နေသည်ကို သိသာထင်ရှားစွာ သိမြင်လိုက်ရပါသည်။

မိမိသည် စာတွေကို များစွာ ဖတ်ထားသူ ဖြစ်သည်။ ထို့ကြောင့် မိမိ ဘာဖြစ်သောအခါ ဘယ်ဉာဏ် အဆင့်သို့ ရောက်ပြီဟု ခန့်မှန်းနိုင်စွမ်း ရှိကြောင်း တွေ့သည်။ နိဗ္ဗိန္ဒာဉာဏ်၏ နောက်တွင် မုဉ္စိတုကမျတာဉာဏ်နှင့် ပဋိသင်္ခါဉာဏ်သည် တစ်ခုပြီးမှ တစ်ခု ပေါ်သည် မဟုတ်ဘဲ သူတစ်ပြန် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြန် ဖြစ်နေကြောင်း တွေ့ရသည်။

သတ္တမနေ့သည် ပို၍ ထူးခြားသည်ဟု ထင်ပါသည်။ ထိုနေ့ တစ်နေ့လုံး မိုးသည်းထန်သည်။ မိမိသည် ထီးမယူဘဲ ရိပ်သာ ဝင်မိခဲ့ကြောင်း ပြောခဲ့ပြီးပြီ။ ထီးမပါမှ မိုးက သည်းနေလေသည်။ ထိုအခါ မိမိကိုယ်မှာ ဖြစ်ပေါ်နေသော တရားသည် အစစ်အမှန် ဖြစ်သလားဟု စမ်းသပ်ကြည့်ချင်လာသည်။ ထို့ကြောင့် ဆွမ်းစားဆောင်ကို သွားသောအခါ၊ အိမ်သာကို သွားသောအခါ 'ငါသည် ယခု ဤတရားကို တွေ့၏၊ ဤစကားသည် မှန်သော သစ္စာစကားဖြစ်၏၊ ဤမှန်သော သစ္စာစကားကြောင့် ဤမိုးသည် ချက်ချင်း ရပ်စဲသွားစေသတည်း' ဟု သစ္စာဆိုလိုက်ပါသည်။ မယုံကြည်နိုင်လောက်အောင်ပင် မိုးသည် ချက်ချင်း ရပ်စဲသွားသည်ကို အံ့သြဖွယ် တွေ့ရှိရပါသည်။ ဤသို့ တွေ့လိုက်ရသောအခါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ ဘုရား တရား သံဃာ အပေါ်မှာ ယုံကြည်မှုသည် အထွတ်အထိပ်သို့ ရောက်သွားပါတော့သည်။

**မငဲ့နှင့်၊ ငဲ့လျှင် စောင်းမည်၊ စောင်းလျှင် မှောက်သွားမည်**
**Truth must be evident (သစ္စာတရား ထင်ရှားရမည်)**

နောက်တစ်နေ့မှာ မိုးသာသည်။ တချို့ ယောဂီများ၏ နေရာများ၌ ယောဂီများ လစ်လပ်နေသည်ကို တွေ့ရသည်။ ထိုနေရာသည် ငွေစာရင်းမင်းကြီးရုံးက လူငယ် ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ တရားကို လိုလား၍ တရားအားထုတ်ပုံ မရပါ။ တခြား အကြောင်း တစ်ခုခုကြောင့် တရားစခန်းသို့ လာပြီးလစ်လျှင် ထွက်ပြေးခြင်း ဖြစ်မည် ထင်ပါသည်။ မနေ့က ခြေကုန်လက်ပန်းကျပြီး အနားယူခဲ့သောကြောင့်လား မသိပါ။ အကျွန်ုပ်၏ စိတ်သည် သိသိသာသာ လန်းဆန်းနေသည်။ နံနက် အရုဏ်ဆွမ်း မစားမီက စိတ်တက်ကြွမှုမှာ မသိသာသေးသော်လည်း အရုဏ်ဆွမ်းစားပြီးနောက် ခုနစ်နာရီမှ ရှစ်နာရီအထိ ပြန်ထိုင်သောအခါ မိမိ၏ စိတ်သည် အလွန် တည်ကြည်ပြီး ငြိမ်းအေး၍ လန်းဆန်းနေလေသည်။ သတိကလည်း သိသိသာသာ ကောင်းနေသည်ဟု ထင်ရသည်။ တရားထိုင်မည်ပြုတော့ မိမိ၏ မျက်လုံးသည် ပလ္လင်ပေါ်က ဘုရားဆင်းတုတော်နှင့် ပလ္လင်ဘေးက စားပွဲပေါ်မှာ တင်ထားသော ဆရာကြီး ဦးဘခင်၏ ဓာတ်ပုံကြီးဆီသို့ ရောက်သွားသည်။ ဘုရားကို ကြည်ညိုသော စိတ်ဖြင့် ဖူးလိုက်ပြီးနောက် မျက်လုံးအစုံသည် မျက်နှာကြက်နားမှာ ကပ်လျက် ချိတ်ဆွဲထားသော စာတန်း သုံးခုကို မြင်မိလျက်သား ဖြစ်နေလေသည်။ ခါတိုင်း

www.burmeseclassic.com



နေ့များကမူ ထိုစာတန်းများကို သတိလည်း မပြုခဲ့မိ၊ မြင်လည်း မမြင်ခဲ့မိပါ။ စာတန်း တစ်ခုမှာ ဤသို့ ဆိုထားသည်။

မငဲ့နှင့်၊

ငဲ့လျှင် စောင်းမည်၊

စောင်းလျှင် မှောက်လိမ့်မည် – ဖြစ်၏။ နောက်စာတန်း တစ်ခုကမူ 'အမှန်တရား ထင်ရှားရမည်' Truth must be evident. ဟူ၍ ဖြစ်ပါသည်။ ပထမ စာတန်းကို ဖတ်ပြီးနောက် အဓိပ္ပာယ် ဘာကို ဆိုလိုမှန်း မသိပါ။ အဖြေ ရှာကြည့်သော်လည်း သဘောမပေါက် ဖြစ်နေလေသည်။

နောက်ဆုံး စာတန်းမှာ 'ယောနိသော မနသိကာရ ရှိပါစေ' ဖြစ်၏။ ထိုစာတန်းကိုမူ မိမိအနေနှင့် နားလည်သည်ဟု ထင်မိသည်။ ကိုစိုးနှင့် ဆွေးနွေးစဉ်က အကျွန်ုပ်သည် ယောနိသောမနသိကာရ၏ သဘောကို တော်တော်ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ဖူးလေသည်။ ရေးထားသော စာတန်း အားလုံးကို အဓိပ္ပာယ် သဘာဝအားဖြင့် နားမလည်သော်လည်း ထိုအချိန်တွင် မိမိရင်ထဲမှာ ခါတိုင်းလို ထိုစာတန်းများ၏ အနက်အဓိပ္ပာယ်ကို သိချင်စိတ် ပြင်းပြင်းထန်ထန် မရှိပါ။ ရင်ထဲမှာ ပြင်းပြင်းပြပြ ခံစားပြီး ဉာဏ်ထဲမှာ ပေါ်နေသည်ကား ဤဘဝ ဤခန္ဓာ အစဉ် (ဒုက္ခအမျှင်) ကြီးမှ လွတ်ချင် ကျွတ်ချင်သော စိတ်သာ ဖြစ်ပါသည်။ ထိုစိတ်သည် ဤခန္ဓာကို ငါ့ဟာ ငါ့ဥစ္စာဟု ထင်မြင်ယူဆမှု လျော့နည်းလာသည်နှင့် အမျှ ခန္ဓာကို ခင်တွယ်မှု ကင်းမဲ့လာခြင်း ဖြစ်ဟန် တူပါသည်။ ထိုအခါ ခန္ဓာ၏ ဒုက္ခသစ္စာကို သိလျှင် သမုဒယကို ပယ်နိုင်သည် ဆိုသော တရားတော်၏ အဆုံးအမသည် မိမိကိုယ်တွင် အထင်အရှား ဖြစ်နေပြီ ဆိုသည်ကို တိုက်ရိုက် အတွေ့အကြုံဖြင့် သိမြင်လိုက်ရခြင်း ဖြစ်၏။

ပထမဦးစွာ တရားထိုင်ခါစမှာ သမာဓိကို ထူထောင်ပြီးနောက် ရှုဉာဏ်ကို ခေါင်းထက် ငယ်ထိပ်နေရာမှာ စိုက်ထားလိုက်သည်။ မကြာပါ၊ တစ်ကိုယ်လုံးမှာ ပူလောင်လာပြီး ရေနွေးအိုး ဆူသလို ဆူပွက်လာသည်။ ထိုပွက်ပွက်ဆူမှုသည် ခါးအောက်ပိုင်း ပေါင်ခွင် တင်ပါးအောက်က စပြီး အပေါ်သို့ ပျံ့နှံ့ပြီး တက်လာသည်။ ထိုအခါ ခေါင်းပေါ်မှာ စိုက်ထားသော စိတ်သည် ဝေဒနာ ပြင်းထန်သော နေရာသို့ ပြေးပြီး ထိုပူလောင် နာကျင်သည့် နေရာကို မစွန့်လိုဘဲ ထိုဝေဒနာကိုသာ အာရုံပြုနေပါသည်။ ထိုအချိန်တွင် ဆင်ခြင်ဉာဏ် တစ်ခု ပေါ်လာသည်ကို တွေ့ရသည်။ ဝေဒနာကို မချိမဆံ့ ခံရသောအခါ ထို



www.burmeseclassic

www.burmeseclassic.com



ဝေဒနာကို စိတ်က မနှစ်သက်ပါလျက် ဘာကြောင့် ထိုနေရာကို မလွှတ်ဘဲ တွယ်နေသနည်း။ ထိုအခါမှပင် မိမိသည် ကိုယ့်ကိုယ်ကိုယ် ငဲ့သောစိတ် ရှိနေသေးသည်ကို နားလည်လိုက်သည်။ ဆရာကြီးက မငဲ့နှင့် ဆိုသော ဩဝါဒ၏ အရေးပါမှုကို ချက်ချင်း နားလည်လိုက်တော့သည်။ 'မငဲ့နှင့်၊ မငဲ့နှင့်၊ ဒီဝေဒနာတွေဟာ ငါ မဟုတ်၊ ငါ့ဉစ္စာ မဟုတ်၊ ရုပ်နာမ်တွေ ဖောက်ပြန်နေတာဖြစ်သည်၊ ဘာမှ တွယ်တာနေစရာ မလိုဘူး၊ ငဲ့နေစရာ မလိုဘူး၊ ကိုယ်လုပ်တာဘာမှ မပါဘူး၊ သူ့ဘာသာ ဖြစ်နေတာတွေချည်းပဲ၊ သည်ဒုက္ခ ဆင်းရဲတွေက လွှတ်ချင်ရင် ဖြစ်ချင်ရာဖြစ်၊ လွှတ်ချလိုက်ပေါ့' ဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီးနေလိုက်သည်။

မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဖြစ်ပျက် မြင်ရင် ဖြစ်ပျက်ကို မုန်းအောင်လိုက်၊ မုန်းပြီ ဆိုရင် ဆုံးအောင်လိုက် ဆိုသော အဆုံးအမက မိမိ၏ အသိဉာဏ်ကို စိုးမိုးထားလေသည်။ ထိုသို့ မချိမဆံ့ ခံနေရစဉ် အကျွန်ုပ်သည် သက်သောင့်သက်သာ ဖြစ်ချင်သော စိတ် ပေါ်လာသည်ကိုလည်း ချက်ချင်း သိသည်။ သိသိချင်း ဉာဏ်နှင့် စိုက်ပြီး ရှုပစ်လိုက်သည်။ ထိုစိတ် ချက်ချင်း ပျောက်သွားသည်။ ရုပ်ဖောက်ပြန်နေသည့် ကြားမှ စိတ်အပြောင်းအလဲတွေ ဖြစ်နေသည်။ ဝေဒနာတွေ သက်သာချင်သော စိတ်၊ ဣရိယာပုတ်ကို ပြောင်းပေးလိုက်ချင်သော စိတ်၊ မပြောင်းရဘူး၊ ဖြစ်ပျက်တွေကို စိုက်ရှုပြီး ဆုံးအောင်လိုက် ဆိုသော စိတ်၊ ဆုံးစေချင်လည်း မဆုံးနိုင်ဘဲ နှိပ်စက်ခြင်းကို ခံနေရသဖြင့် ဒေါသဖြစ်သော စိတ် မသိမသာ ဖြစ်ပေါ်လာသည်ကိုလည်း သတိပြုမိသည်။ ယောနိသောမနသိကာရ ရှိပါစေ ဆိုသော ဆရာကြီး၏ ဩဝါဒ စကားကို ထိုအခါ နှလုံးသွင်းတတ်လာသည်။ ထိုအချိန် ကာယကို ရှုနေသော်လည်း စိတ်အစွန်း နှစ်စွန်းကိုပါ သိမြင်နေရသည်။ လောဘစွန်း၊ တဏှာစွန်းနှင့် ဒေါသစွန်းတို့ဖြင့် ကိုယ့်ကိုယ်ကိုယ် သက်သာစေချင်သော လောဘစိတ်၊ တဏှာကိုလည်း မိအောင် ဖမ်းပြီး ရှုပစ်လိုက်သည်။ သက်သာအောင် မလုပ်ရဘူး၊ ဒီခန္ဓာ ဒုက္ခ သစ္စာပဲ၊ ဒုက္ခက ဒုက္ခရဲ့ သဘောကို ပြနေတာပဲ၊ သက်သာအောင် မလုပ်နှင့်၊ သိအောင်ပဲ လုပ်၊ အနိစ္စကို မြင်အောင်ပဲ လုပ်၊ ဒုက္ခကို မြင်အောင်ပဲ လုပ်၊ အနတ္တကို မြင်အောင်ပဲ လုပ်ဟု ကိုယ့်ကိုယ်ကိုယ် နှလုံးသွင်းတည့်အောင် ဆုံးမရသည်။ ဒုက္ခဝေဒနာကို ပျောက်ကင်းစေချင်သော စိတ်ကို ဝိပဿနာ၏ အရှုခံ တရားအဖြစ် ရှုပစ်လိုက်တော့ ဝေဒနာက နည်းနည်း သက်သာသွားသလို ခံစားရသည်။ ဝေဒနာဟာ ငါ မဟုတ်ဘူး၊ ငါနှင့် ဝေဒနာဟာ တခြားစီ



www.burmeseclassic

www.burmeseclassic.com



ပဲ၊ မဆိုင်ဘူး၊ မဆိုင်ဘူး၊ သဘော သဘောအတိုင်း သူဖြစ်နေတာ၊ ငါက ရှုရုံပဲ ရှုနေပေါ့၊ ဘာမှ ဝင်မလုပ်နှင့် ဝင်မရှုပ်နှင့်ဟု ကိုယ့်ဘာသာ ပြောရသည်။ ထိုစဉ် ဝေဒနာက တစ်ချက် တစ်ချက် ပို၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်၍ နှိပ်စက်လာပြန်သည်။ တစ်ကိုယ်လုံး မီးနှင့် ရှို့မြှိုက်သလား မှတ်ရသည်။ ရိုးရိုး အပူနှင့် မတူ၊ အပူသက်သက် မဟုတ်၊ အသားတွေ အရိုးတွေကို တေဇောက လောင်ကျွမ်းနေလေသည်။ တစ်ဖန် မီးလောင်နေသော ခန္ဓာကိုယ်ကို မျက်နှာမှာရော၊ လည်ပင်းမှာရော၊ ရင်ဘတ် ဗိုက်တွေမှာရော၊ ခါးနောက် ပိုင်းမှာပါ ချွန်ထက်သော အပ်တွေ ဆူးတွေနှင့် ဝိုင်းထိုးနေသလို ခံစားရပြန် သည်။ ဒီ ဖြစ်ပျက်တွေ ဝေဒနာတွေ ဘယ်လို ဆုံးမလဲဟု ဆက်ကြည့်နေ သည်။ အံ့ဩဖို့ ကောင်းသည်မှာ ရှုဉာဏ်အား (သမာဓိ) ကောင်းနေလို့လား မသိပါ၊ ဒီလောက် နှိပ်စက်နေသော ဒုက္ခ ခန္ဓာကို မတုန်မလှုပ် ကြံ့ကြံ့ခံပြီး ရှုနေနိုင်ပါသည်။ တစ်နာရီ ပြည့်သော ကြေးစည်သံ ပေါ်လာသည်။ ဖြစ်ပျက် တွေက ဖြိုင်ဖြိုင် ပေါ်နေသည်။ ထိုအခါ ဒီ ဖြစ်ပျက်တွေ ဝေဒနာတွေကို ဆုံး အောင် လိုက်မည်၊ မဖြုတ်ဘူးဟု စိတ်ကို ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချလိုက် သည်။ နှလုံးသွင်း တည့်သွားသောကြောင့်လား မပြောတတ်၊ မဆုံးသော်လည်း မဆုံးရကောင်းလားဟု ခါတိုင်းဖြစ်သော ဒေါသလည်း မရှိတော့ပါ။ သင်္ခါရ တရားတွေကို ငါ မဟုတ်၊ ငါ့ဟာ မဟုတ်၊ သူ့သဘောသူ ဆောင်ပြီး ဖြစ်ပျက် နေသော ရုပ်နာမ်တွေ၊ သင်္ခါရတွေပဲဟု လုံးလုံးလျားလျား ဥပေက္ခာပြု၍ လျစ်လျူ ရှုထားနိုင်သည်။ ဖြစ်ပျက်နေသော တရားများ၊ နှိပ်စက်နေသော တရားများ အပေါ်မှာ အသင့်အားဖြင့် နှလုံးသွင်းပြီး ကြံ့ကြံ့ခံကာ စေ့စေ့ ရှုနိုင်နေသည်ကို တွေ့ရသည်။ ထူးခြားသည်မှာ ဖြစ်ချင်ရာ ဖြစ်၊ သေချင်လည်း သေ၊ တရားအား ထုတ်ရင်း သေသွားတာက ကိလေသာ ရေလျှဉ်ကြောမှာ မျောပြီး နစ်ပြီး သေရတာထက်တော့ မြတ်တာပဲ၊ သေသေဟု ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချနိုင်ခြင်း ဖြစ်သည်။ မိမိကိုယ်ကို ငဲ့ချင်သော စိတ် လုံးဝ မရှိတော့ကြောင်း သိသာသည်။ ထိုအခါကျမှ ဆရာကြီး ဦးဘခင် ရေးထားသော ဩဝါဒကို ကောင်းကောင်း သဘောပေါက်သွားသည်။ ထိုအချိန်တွင် နကုလပိတာကို မြတ်စွာဘုရား ဟောကြားတော်မူသော 'ကိုယ်သာ နာ၍ စိတ်မနာစေနှင့်' ဆို သော မွေစကားသည် မိမိကိုယ်မှာ ထင်ရှား ဖြစ်နေသည်ကို တွေ့ရသည်။ အမှန် တရား ထင်ရှားရမည် ဆိုသော ဆရာကြီး ဦးဘခင်၏ စာတန်းသည် ချက်ချင်း အဓိပ္ပာယ် ပေါ်လွင်လာသည်။ မိမိမှာ ကိုယ်က အသက် ထွက်



www.burmeseclassic

www.burmeseclassic.com



မတတ် မချိမဆံ့ ခံစားနေရသော်လည်း ငါစွဲ ဒိဋ္ဌိကို အသိနှင့် ပယ်ထားနိုင်လျှင် ပယ်ထားနိုင်သလောက် စိတ်က မနာဘဲ စိတ်မှာ လန်းဆန်းနေသည်ကို တွေ့ရသည်။

မိမိသည် စာပေကျမ်းဂန် အဖတ်များသူ ဖြစ်သည်။ ထို့ကြောင့် ခေါင်းထဲမှာ မှတ်သားထားသော စာပေကျမ်းဂန် အမှတ်အသားများကို ပြန်လည် အောက်မေ့မိလေသည်။

'ဝေမေဝါယံ၊ သင်္ခါရေတိ၊ မုဋ္ဌတုကမောဟုတွာ၊ ပဋိသင်္ခါ န ပဿနာ ယ၊ သင်္ခါရေ ပရိဂ္ဂဏှာန္တော – 'အပ်ံမမာတိ' တိဂဟေတဗ္ဗံ အဒ္ဒိသွာ ဘ ယဥ္စ နန္ဒိဥ္စ ဝိပ္ပဟာ ယ ပဋိကူလျတာဝါ သဏ္ဌာတိ ဣစ္စဿ သင်္ခါရုပေက္ခာ ဉာဏံ နာမဥပ္ပန္နံ ဟောတိ။ *

**အနက်အဓိပ္ပာယ်** – ချစ်ခင် ကြင်နာခဲ့သော မယားကို မုန်းတာ၊ ပြစ်မြင် မချစ်ခင်ဘဲ ကွာရှင်းပြီးနောက်၊ နောက်ယောက်ျားနှင့် စကား မြီရှင် နေချင်တိုင်း နေသော်လည်း မမုန်းမချစ် လျစ်လျူသာ ဖြစ်သကဲ့သို့ ယောဂီ ပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရ တရားတို့မှ လွတ်မြောက်လိုသည် ဖြစ်၍ ပဋိသင်္ခါ ဉာဏ်ဖြင့် သင်္ခါရ တရားတို့ကို သိမ်းဆည်းလျက် ငါ ဟူ၍ လည်းကောင်း၊ ငါ့ဥစ္စာ ဟူ၍ လည်းကောင်း မှတ်ယူဖွယ်ကို မမြင်သောကြောင့် ကြောက်ခြင်းကို လည်းကောင်း၊ နှစ်သက်ခြင်းကို လည်းကောင်း ပယ်စွန့်၍ အလုံးစုံသော သင်္ခါရ တရားတို့၌ လျစ်လျူရှုလျက် အလယ်အလတ် သဘော ရှိသည်သာလျှင် ဖြစ်လေတော့၏... လျစ်လျူရှုခြင်းသော် လည်းကောင်း၊ စက်ဆုပ်သည်၏ အဖြစ်သော် လည်းကောင်း ကောင်းစွာမည်၏၊ ဤသို့ဖြစ်လျှင် ထိုယောဂီအား သင်္ခါရတရားတို့၌ လျစ်လျူရှုသောကြောင့် သင်္ခါရုပေက္ခာ မည်သောဉာဏ်သည် ဖြစ်လေတော့၏။ **

ထိုအခါ မိမိကိုယ်မှာ ဖြစ်ပေါ်လာသော စိတ်ပြောင်းမှုသည် သင်္ခါရုပေက္ခာဉာဏ် ဖြစ်လေမည်လားဟု စဉ်းစား ဆင်ခြင်မိလေသည်။ မိုးကုတ်ဆရာတော်က ဖြစ်ပျက်ကို မုန်းပြီးလျှင် ဖြစ်ပျက် ဆုံးအောင် လိုက်ရမည်ဟု ရိုးရိုးရှင်းရှင်း ဟောတော်မူသည်။

---

* ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ၊ ဒုတိယတွဲ၊ စာ ၂၉၄

** သမထ ဝိပဿနာ ပွားများနည်း၊ ဦးအုန်းလွင် B.A., B.L., D.M.A (ပထမကြီး)၊ စာ ၁၅၈

www.burmeseclassic.com



အကျွန်ုပ်သည် မိမိကိုယ်ကို ပြန်ပြီး သုံးသပ် ဆင်ခြင်ကြည့်မိသည်။ သဒ္ဓါရော ဝီရိယရော ကောင်းနေသည်။ သမာဓိအားကလည်း သိသိသာသာ ကောင်းနေသည်။ ခန္ဓာမှာ ဖြစ်ပျက်နေသမျှကို ဉာဏ်ကလည်း အမိလိုက်၍ ရှုနိုင်နေသည်။ ထိုအချိန်တွင် သိသာ ထင်ရှားစွာ ရုပ်နာမ် ဖြစ်ပျက် သင်္ခါရ တရားတွေကို ကပ်၍•ရှုနေသော ရှုဉာဏ်သည် ထို သင်္ခါရ တရားများကို ငါ မဟုတ်၊ ငါ့ဥစ္စာ မဟုတ်၊ ဖြစ်ချင်သလို ဖြစ်တော့၊ သေချင်လည်း သေစေတော့ဟု လျစ်လျူပြု၍ ရှုနေစဉ် သင်္ခါရ အစဉ်ကိုပါ စွန့်လွှတ်ချင်သော၊ ဆက်ပြီး မရှုချင်တော့သော သဘော တစ်ခု ဖြစ်လာသည်ကို ပေါ်ပေါ်လွင်လွင် ထင်ထင် ရှားရှား သိမြင်ရသည်။ ထိုစိတ်သည် သင်္ခါရတရားများကို မရှုချင်၊ မကြည့်ချင် ဖြစ်လျက်ကပင် သင်္ခါရ တရားများ ကင်းသော မဖြစ်မပျက်သော သဘောသာ ရှုရပါမူကား ကောင်းလေစွဟု တမ်းတစိတ်ဘက်သို့ ပြောင်းလာသည်ဟု ထင် ပါသည်။ ရှုဉာဏ်ထဲမှာ ငါ ဆိုသော အတ္တကို စွန့်လွှတ်ခြင်း သဘောလည်း ဖြစ်ပေါ်နေပါသည်။ ယခု ဖြစ်ပြီး ပျက်နေတာတွေသည် ငါ ဖြစ်နေတာ မဟုတ်ဘူး၊ ရုပ်နာမ်တွေ သူ့သဘော၊ သူ့သဘာဝအတိုင်း ဖြစ်နေတာတွေပဲ ဟုလည်း သိသည်။ ခံစားခြင်းလည်း ဖြစ်သည်။ ခုဖြစ်နေတာတွေဟာ ငါ မဟုတ်ဘူး၊ ငါလည်း မရှိဘူး၊ ငါနှင့်လည်း ဘာမှ မဆိုင်ဘူးဟု ရှုဉာဏ်ထဲမှာ ရုပ်နာမ်နှင့် ငါကို ခွဲခြားပစ်လိုက်သောအခါ ရှုဉာဏ်သည် ငါ ဆိုသော သက္ကာယ ဒိဋ္ဌိ စွဲကိုင်စရာ ဘာမှ မရှိဘဲ မျောက်သစ်ကိုင်းလွှတ် ဖြစ်သွားသလား မှတ် လိုက်ရသည် ဆိုလျှင် ဖြစ်နေ ပျက်နေတာတွေ၊ ကာယ ဖောက်ပြန်နေတာတွေ၊ ဝေဒနာ ပြောင်းဆန်နေတာတွေ အားလုံး ရုတ်တရက် ဖျတ်ခနဲ ပြတ်ပြီး ပျောက်သွားသည်။ ဟာ ဖြစ်နေ ပျက်နေတာတွေ ဘယ်ရောက်သွားသလဲဟု ချက်ချင်း ပြန်ပြီး သုံးသပ် ဆင်ခြင်လိုက်မိသည်။ စိတ်ထဲမှာ အနှောင်အဖွဲ့ တစ်ခုက ရုတ်တရက် လွတ်မြောက်သွားသလို ခံစားလိုက်ရသည်။ ကိုယ့် အတွေ့အကြုံမှာ ဖျတ်ခနဲ တစ်ချက်တည်း ချုပ်ငြိမ်းသွားခြင်း သဘော၊ ဘာမှ မရှိတော့ပါကလားဟု•သိလိုက်ခြင်းကို မှတ်မိသည်။ ဒါဘာဖြစ်တာလဲ မသိပါ။ ထူးခြားသော အတွေ့အကြုံ တစ်ခုမှန်းတော့ မှတ်သားထားလိုက်မိသည်။ ထို သို့ ဖြစ်ပြီးနောက် စိတ်အထင် ငါးစက္ကန့်လောက်ပဲ ကြာမည် ထင်ပါသည်။ မိမိ၏ ကျောရိုး နှစ်ဖက်ရှိ အင်္ဂလိပ်လို ဆင်ပက်သတစ် နှင့် ပါရာဆင်ပက် သတစ် ဟု ခေါ်သော အာရုံကြောကြီး နှစ်ချောင်းထဲသို့ အလွန် အေးသော ဆူပါ ကွန်ဒတ္တာ ခေါ် အအေးဓာတ်ချောင်းကြီး နှစ်ချောင်းကို ထိုးထည့်လိုက်



www.burmeseclassic

www.burmeseclassic.com



သလို ခံစားရသည်။ အေးစိမ့်မှုသည် ခါးမှ ပခုံးအထိ တက်လာသည်။ ထိုအချိန်တွင် နှာသီးဖျားမှာ ရှုနေသော ဝင်သက် ထွက်သက်သည် နှာသီးဖျားမှာ မတည်တော့ဘဲ လည်ချောင်း နှစ်ဖက်တွင် ပြွန်နှစ်ချောင်း အဖြစ် တကျိုကျို မြည်ပြီး လေးငါးချက် ရှူသံကို ကြားရသည်။ အတွေ့အကြုံက မြန်လည်း မြန်သည်။ ဆန်းလည်း ဆန်းသည်။ တစ်သက် တစ်ခါ မကြုံဖူးသော အတွေ့အကြုံပါပဲ။ ထိုသို့ ဖြစ်ပြီး သုံးလေးစက္ကန့် ကြာတော့ ဖျတ်ခနဲ ပျောက်သွားသည်။ ဘာဖြစ်တာပါလိမ့်ဟု စဉ်းစား၍ပင် မဆုံးမီ စောစောက ခံစားမှု အထူးအဆန်းသည် ထိုပုံစံအတိုင်း နောက်တစ်ကြိမ် ဖြစ်ပေါ်ပြီး စက္ကန့်ပိုင်း အတွင်းမှာပင် ပျောက်သွားပြန်သည်။ ထိုခံစားချက် ဖျတ်ခနဲ ပျောက်သွားလျှင် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားသည်။

ထိုနောက်တွင် ခန္ဓာပေါ်မှာ ဘာဝေဒနာမှ မခံစားရဘဲ အေးငြိမ်းလျက် ပေါ့ပါး ရှင်လန်းနေပါသည်။ ထိုနေ့က ကြုံတွေ့ရသော ထိုအတွေ့အကြုံကို ဒီတစ်သက်မှာ မေ့၍ မရနိုင်ပါ။ ဘာဖြစ်မှန်း မသိသော်လည်း အလွန် ထူးဆန်းမှန်း သိပါသည်။ သို့သော် ဒါဟာ တရားထူးလား၊ ဘာလား ချက်ချင်း ဝေခွဲ၍ မရကြောင်း ဝန်ခံပါသည်။

**တရားထူးရလျှင် ဘယ်လို စစ်ဆေးမလဲ**

တရား အားထုတ်စဉ် ကြုံတွေ့ ခံစားခဲ့ရသော ထူးခြားသော အတွေ့အကြုံကို ဘာခေါ်ရမှန်း မသိခဲ့ပါ။ အိမ်ရောက်မှသာ ကျမ်းဂန်စာတွေကို ပြန်ဖတ်ပြီး မိမိ အတွေ့အကြုံဖြင့် သိခဲ့ရသမျှကို ပထမအဆင့် ပြန်လည် စိစစ်ချင်စိတ် ဖြစ်ပေါ်လာပါသည်။ ထိုအခါ အောက်ပါ စာကို တွေ့ရသည်။

'သင်္ခါရုပေက္ခာဉာဏ် အထူး ထက်မြက်ရန်၊ သန့်ရှင်းရန်၊ ရဲရင့်စွာ ဖြစ်ရန်၊ ယင်းသင်္ခါရုပေက္ခာဉာဏ်ကို အကြိမ်များစွာ သုံးသပ် ပွားများရမည်။ ထိုသို့ ကြိမ်ဖန်များစွာ ပွားများ အခေါင်အထွတ်သို့ ရောက်လျှင် အနုလောမ ဉာဏ်ကို ဖြစ်ပေါ်စေလေသည်။ ယင်း အနုလောမဉာဏ်၏ အဟုန်ကြောင့် ဂေါတြဘူဉာဏ် ဖြစ်ပေါ်လျက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လေသည်။' *

ဤစာကို ဖတ်ရသောအခါ၌ မိမိ ကြုံတွေ့ခဲ့ရသော အတွေ့အကြုံတွေကို ပြန်စဉ်းစားပြီး သုံးသပ်ကြည့်မိသည်။ မိမိသည် နှလုံးသွင်း မှန်အောင်၊

---

* သမထ ဝိပဿနာ ဘာဝနာ ပွားနည်း၊ ဦးအုန်းလွင်၊ စာ ၁၅၈

www.burmeseclassic.com



သက္ကာယဒိဋ္ဌိ ကွာအောင်၊ သင်္ခါရုပေက္ခာ ဉာဏ်ကို အကြိမ်ကြိမ် ပွားများခဲ့မိသည်ကား ထင်ရှားသည်ဟု သိလိုက်ပါသည်။ သို့သော် သင်္ခါရုပေက္ခာဉာဏ်မှ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်တွေ ဘယ်ပုံဘယ်နည်း ဖြစ်ပေါ်ခဲ့သလဲ ဆိုသည်ကိုမူ သဲသဲကွဲကွဲ အမည်တပ်ပြနိုင်လောက်အောင် မသိခဲ့ကြောင်း ဝန်ခံပါသည်။ ထိုအခါ မိမိ ရသော တရားသည် ဟုတ်ပဲ ဟုတ်ပါလေစဟု သို့လော သို့လော ဖြစ်ပြန်သည်။ သို့သော် အောက်ပါစာကို တွေ့လိုက်ရမှ စိတ်သက်သာရာ ရသွားသည်။

'ဤနေရာ၌ သင်္ခါရုပေက္ခာဉာဏ်ကို အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ် တို့နှင့်တကွ တစ်ဉာဏ်တည်း အဖြစ်သို့ ဆောင်၍ ကေတွနည်း အလိုအားဖြင့် ဆိုအပ်သည်' ဤစာကိုလည်း တွေ့ရသည်။ မိုးကုတ် ဆရာတော်ကြီးကလည်း 'သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ် ဆိုတာ တစ်ဝီထိ တည်းပဲ' ဟု ဟောထားသည်ကို တွေ့ရမှ မိမိ၏ အတွေ့အကြုံသည် ကျမ်းဂန်နှင့် ကိုက်သားပဲဟု သိပြီး စိတ်သက်သာသွားပါသည်။

တစ်ဖန် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဝိပဿနာ ရှုနည်းကျမ်းကိုလည်း လေ့လာကြည့်မိသည်။ ထိုကျမ်း ဒုတိယတွဲတွင် ဆရာတော်ကြီးက ယောဂီ၏ ဝိပဿနာဉာဏ်သည် အဆင့်ဆင့် ပြောင်းပြီး မဂ်ဉာဏ်သို့ ကူးပုံကို အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

'တစ်နေရာ၌ အပြစ်ကို မြင်၍ မမွေ့မလျော်၊ မပျော်မမွေ့၊ ငြီးငွေ့ပျင်းရိသောသူအား ထိုနေရာမှ ထွက်ခွာသွားလိုခြင်း၊ ထိုနေရာကို စွန့်လွှတ်လိုခြင်းသည် ဖြစ်မြဲ ဓမ္မတာပေတည်း။ ထို့ကြောင့် မှတ်ရတဲ့ အာရုံသင်္ခါရနှင့် မှတ်မှု ဝိပဿနာ သင်္ခါရတို့၌ ကြောက်ဖွယ် (ဘေး) ဟု ထင်လျက် အပြစ်မြင်ပြီး၍ ငြီးငွေ့မှု၊ နိဗ္ဗိန္ဒာဉာဏ် ထက်သန်စွာ ဖြစ်လျက်ရှိသော ယောဂီအား မှတ်ရတဲ့ အာရုံ သင်္ခါရ၊ မှတ်မှု ဝိပဿနာ သင်္ခါရတို့မှ လည်းကောင်း၊ ဆင်ခြင်မိသော ဘဝ (ယောနိ)၊ ဂတိ စသော သင်္ခါရတို့မှ လည်းကောင်း လွတ်မြောက်လိုခြင်း၊ ထိုသင်္ခါရတို့ကို စွန့်လွှတ်လိုသော သဘောသည် မုဉ္စိတုကမျတာဉာဏ်ပေတည်း။ ထိုအခါ၌ ယောဂီသည် သွားမှု၊ ထိုင်မှု၊ အိပ်မှု၊ ကွေးမှု၊ ဆန့်မှု စသော ကိုယ်အမူအရာ ဟူသမျှကို လည်းကောင်း၊ မြင်မှု၊ ကြားမှု၊ ထိမှု၊ ကြံစည်မှု၊ ရှုမှတ်မှု စသော စိတ်အမူအရာ ဟူသမျှကို လည်းကောင်း၊ လူ အဖြစ်၊ နတ်အဖြစ်၊ ယောကျ်ား အဖြစ်၊ မိန်းမ အဖြစ်၊ ဗြဟ္မာ အဖြစ် စသည့် ဘဝ ဟူသမျှကို လည်းကောင်း လွတ်ရာ တခြားသို့ စွန့်သာ စွန့်ပစ်လိုတော့၏။ ၎င်း

www.burmeseclassic.com



တို့နှင့် လွတ်ကင်းရာသာ ရောက်လိုတော့၏။ ထို့ကြောင့် တချို့ ပုဂ္ဂိုလ်သည် နှလုံးမသွင်းဘဲ မမှတ်ဘဲ (မရှုဘဲ) နေရတာက ကောင်းမှာလေလားဟု ဆင်ခြင်မိတတ်လေသည်။' *

ဤစာကို ဖတ်မိသောအခါ မိမိသည် ဤ ဉာဏ်လမ်းခရီးကို လျှောက်ခဲ့ဖူးပြီ၊ ရောက်ခဲ့ဖူးပြီဟု ရိုးရိုးသားသား နားလည်လိုက်ပါသည်။ ထို့နောက် မဟာစည် ဆရာတော်ဘုရားကြီးက သူ၏ 'ဝိပဿနာ ရှုနည်းကျမ်း၊ ဒုတိယတွဲ' တွင် ဉာဏ်လမ်း ဉာဏ်စခန်း အဆင့်ဆင့် တက်ပုံကို အောက်ပါအတိုင်း ရေးသားခဲ့ကြောင်း တွေ့ရပါသည်။

'မုဉ္စိတုကမျတာဉာဏ်၏ အစွမ်းကြောင့် သင်္ခါရတို့မှ လွတ်လိုသောယောဂီသည် ဖြစ်ပျက်တိုင်းသော သင်္ခါရတို့ကိုပင် တစ်ဖန် ဆက်၍ ရှုမှတ်မြဲရှုမှတ်ရမည်။ ထိုသို့ တစ်ဖန်ဆက်၍ မှတ်သော အခါ၌ အနိစ္စ အခြင်းအရာ ၁၀ ပါး၊ ဒုက္ခ အခြင်းအရာ ၂၅ ပါး၊ အနတ္တ အခြင်းအရာ ၅ ပါး၊ ဤ အခြင်းအရာ ၄၀ တို့တွင် တစ်ပါးပါးကို ရှုမှတ်တိုင်း၌ ထိုက်သင့်အားလျော်စွာ ထင်ရှားသိလျက် ရှိ၏။ အကျဉ်းအားဖြင့်ကား အနိစ္စ လက္ခဏာ၊ ဒုက္ခ လက္ခဏာ၊ အနတ္တ လက္ခဏာ တစ်ပါးပါးကို ရှုမှတ်ချက်တိုင်း၌ သိလျက်ရှိ၏။ ဤ အသိအမြင်သည် တစ်ဖန် ရှုမှု၊ တစ်ဖန် သိမြင်မှု ဖြစ်သောကြောင့် ပဋိသင်္ခါဉာဏ် မည်သည်။'

ဤကား မဟာစည် ဆရာတော်ကြီး၏ အဆိုအမိန့် ဖြစ်၏။ ဤစကား၌ ခန္ဓာသိ သဘောနှင့် စာသိ သဘော မတူကြောင်း တွေ့ရသည်။ အကျွန်ုပ် အတွေ့အကြုံကို ပြန်ပြီး သုံးသပ်ကြည့်သောအခါ နိဗ္ဗိန္ဒာဉာဏ် (ဖြစ် ပျက် မုန်း ငြီးငွေ့ဉာဏ်) ဖြစ်ပြီးသောအခါ ကိုယ်ရော စိတ်ပါ ခြေကုန်လက်ပန်း ကျသွားသည်။ တရားကိုပင် ဆက်၍ အားမထုတ်ချင်သလို ဖြစ်သွားသည်။ ဤသဘော ဖြစ်ခဲ့ကြောင်း ကောင်းကောင်း မှတ်မိသည်။ ခဏ နားလိုက်တော့ ကိုယ်ပေါ်မှာ ဖြစ်ပေါ်နေခဲ့သော တင်းမာမှု (tension) များ ပြေပျောက်သွားသည်။ ထိုအခါ ဤ ဒုက္ခ ခန္ဓာကြီးမှ လွတ်မြောက်ချင်သော စိတ်သည် တားမနိုင် ဆီးမရ ပေါ်လာသည်။ ဤသို့ ဖြစ်ခဲ့ခြင်းကိုလည်း ကောင်းကောင်း မှတ်မိသည်။ လွတ်မြောက်လိုလျှင်ကား အားမထုတ်ဘဲ နေ၍ မရပါ။ ပြန်၍ တစ်ဖန် အားထုတ်ဦးမည်ဟု စိတ်သစ် လောင်းလာသည်ကိုလည်း ကောင်း

* မဟာစည် ဆရာတော် ဝိပဿနာ ရှုနည်းကျမ်း၊ ဒုတိယတွဲ၊ စာ ၂၁၂

www.burmeseclassic.com



ကောင်း သတိပြုမိခဲ့လေသည်။ ထိုသို့ တစ်ဖန် ပြန်၍ အားထုတ်ချင်စိတ် ဖြစ်ပေါ်ပြီး အားထုတ်ခြင်း၊ ရှုမှတ်ခြင်းကိုပင် ဆရာတော်က ပဋိသင်္ခါဉာဏ်ဟု ခေါ်ခြင်း ဖြစ်သည်ဟု ထင်ပါသည်။

အမှန်အားဖြင့် ယောဂီသည် တရား အားထုတ်နေစဉ် ရှုမှတ် ပွားများနေ ရာ၌ အနိစ္စ အခြင်းအရာ ၁၀ ပါး၊ ဒုက္ခ အခြင်းအရာ ၂၅ ပါး၊ အနတ္တ အခြင်းအရာ ၅ ပါးကို ကိန်းဂဏန်းချ၍ အချက်တိုင်း အချက်တိုင်းကို ဘုရား ဉာဏ်ဖြင့် သိသလိုတော့ သိသည် မဟုတ်ပါ။ အကျွန်ုပ် မသိခဲ့ခြင်းကို ဆိုလို ပါသည်။ ထိုသို့ သိနိုင်သူ ရှိလျှင်လည်း ရှိနိုင်ကောင်းပါလိမ့်မည်။ အကျွန်ုပ် အနေနှင့် အနိစ္စသဘော၊ ဒုက္ခသဘော၊ အစိုးမရ အနတ္တ သဘောလောက်ကို တော့ ယေဘုယျအားဖြင့် သိပါသည်။ တရား အားထုတ်နေစဉ် မိမိ၏ စိတ် သဘောထား အပြောင်းအလဲ ဖြစ်နေပုံကိုတော့ မိမိရရ သိရအောင် ရှုမှတ် ပါသည်။ သို့သော် ထိုစဉ်က မိမိ ဘယ်ဉာဏ်ကို ရောက်ပြီဟု တိတိကျကျ မသိပါ။ ယခု စာနှင့် ပြန်ပြီး ကိုက်ကြည့်မှ ခွဲခွဲခြားခြား သိခြင်း ဖြစ်ကြောင်း ဝန်ခံရပေမည်။

ထိုနောက် မိမိစိတ် အပြောင်းအလဲ ဖြစ်ပုံမှာ ခန္ဓာမှာ ဖြစ်ပျက်နေတာ တွေဟာ ငါမဟုတ်ဘူး၊ ငါ့ဥစ္စာတွေလည်း မဟုတ်ဘူး၊ သူ့သဘော သူ ဆောင် ပြီး ဖောက်ပြန် ပျက်စီးနေတဲ့ သင်္ခါရတရားတွေပဲ၊ ဘာတွေပဲဖြစ်ဖြစ် ဘာတွေပဲ ပျက်ပျက် သေချင်သေဟု သဘောထားနိုင်လာသည်။ ရုပ်နာမ် ခန္ဓ သင်္ခါရ တရားများ အပေါ်၌ ဘာဖြစ်ဖြစ် မစိုးရိမ်တော့ပါ။ ဘာသောက ဘာကြောင့်ကြမှု မရှိတော့ပါ။ ခန္ဓာကို စွန့်ပစ်၍ လျစ်လျူရှုနိုင်သော သဘော၊ အညီအမျှ နှလုံးထားတတ်သော သဘော မိမိကိုယ်မှာ ထင်ရှား ဖြစ်ပွားနေသည်ကို သုံး သပ်မိပါသည်။ ထိုသို့ စိတ်၏ စွန့်ပစ်ခြင်းဖြင့် ညီညီမျှမျှ ပြေပြေပြစ်ပြစ် ငြိမ်ငြိမ်သက်သက် ဖြစ်နေသော သဘောကို ဘာဉာဏ် ခေါ်သလဲဟု ကျမ်းဂန်မှာ ရှာကြည့်မိသည်။

'ဖဝံ မေဝိယံ သဗ္ဗသင်္ခါရေဟိ' အစရှိသော ဂါထာကို ဝိသုဒ္ဓိ မဂ် အဋ္ဌကထာ (၂-၂၉၄) မှာ တွေ့ရ၏။ ထိုသဘောကို ပထမကြီး ဆရာ ဦးအုန်း လွင်က 'ကြီးမားသော အပြစ်ကို တွေ့မြင်ခြင်းကြောင့်၊ အလွန် ချစ်ခင် မြတ် နိုးအပ်သော မယားကို အာလာယ ပြတ်စဲပြီးသည်မှ နောက်၌ တစ်စုံတစ်ယောက် သော ယောကျ်ားနှင့် တစ်စုံတစ်ရာ ပြုလုပ်နေသည်ကို တွေ့မြင်ရသော်လည်း စိတ်ဆိုးခြင်း၊ မခံနိုင်ခြင်း၊ နှလုံးမသာခြင်း မရှိမူ၍ အမှတ်မပြု၊ လျစ်လျူရှု



www.burmeseclassic.com

www.burmeseclassic.com



သော ယောက်ျား၏ ဖြစ်ပုံနှင့် တူသည်ပင်' ဟု ဆိုထားပါသည်။ ထိုသဘောကို အကျွန်ုပ် ရင်ထဲမှာ ခံစား၍ နားလည်တတ်ပါသည်။

ထို့နောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက 'အနုလောမ ဉာဏ်၏ အခြားမဲ့၌ မှတ်သိအပ်ဆဲ သင်္ခါရ အာရုံကို စွန့်လွှတ်၍ သင်္ခါရ ချုပ်ငြိမ်းသော နိဗ္ဗာန်ကို အာရုံပြုလျက်၊ ဂေါတြဘုဇောစိတ် ဖြစ်ပေါ်၏။ ဤဇောစိတ်နှင့် ယှဉ်သော သိမှုသည် ဂေါတြဘုဉာဏ် မည်၏။

'ဤအရာ၌ အာရုံပြုသည်ဟု ဆိုရသော်လည်း ရှေးအဖို့က စိတ်များလို အာရုံ၏ အပြင်အပမှ နေ၍ သိခြင်းမျိုး မဟုတ်ပေ။ သင်္ခါရ အာရုံမှ လွတ်ကျ၍ သင်္ခါရ ကင်းဆိတ်ငြိမ်းသော သဘောထဲသို့ ပြေးဝင်သွားသလို သိလိုက်ခြင်းပေတည်း' * ဟု မဟာစည် ဆရာတော်ကြီး ရေးသား ဖော်ပြထားသည်ကို ဖတ်ပြီးမှ မိမိ၏ ရှုဉာဏ် ဖြစ်ခဲ့ပုံများကို စာနှင့် ကိုက် မကိုက် ပြန်၍ တိုက်ကြည့်ရလေသည်။ ထို့နောက် မဟာစည် ဆရာတော် ဘုရားကြီးက ထပ်မံ၍ ဤသို့ ဆိုပြန်၏။

'ဂေါတြဘုစိတ်၏ အခြားမဲ့၌ နိဗ္ဗာန်ကိုပင် မျက်မှောက် သိမြင် (အာရုံပြု) လျက် မဂ်ဇောစိတ် တစ်ကြိမ် ဖြစ်ပေါ်၏။ ဤ မဂ်ဇောစိတ်နှင့် ယှဉ်သိမှုသည် မဂ်ဉာဏ်ပေတည်း။ ဉာဏဒဿနဝိသုဒ္ဓိလည်း မည်၏။ မဂ်၏ အခြားမဲ့၌လည်း နိဗ္ဗာန်ကိုပင် အာရုံပြုလျက် ဖိုလ်စိတ် နှစ်ကြိမ် ဖြစ်ပေါ်၏။ တိက္ခပညာ ပုဂ္ဂိုလ် ဖြစ်ခဲ့လျှင် ရှေးအဖို့က အနုလုံဇော နှစ်ကြိမ်သာ ဖြစ်ခဲ့ပြီး မဂ်၏ အခြားမဲ့၌ ဖိုလ်ဇောသည် သုံးကြိမ် ဖြစ်ပေါ်၏။ ဖလသမာပတ် ဝင်စားသော အခါ၌ကား ဤဖိုလ်ဇောသည် အပိုင်းအခြား မရှိ အကြိမ်များစွာ ဖြစ်နိုင်၏။ ဤ ဖိုလ်စိတ်များနှင့် ယှဉ်သော သိမှုသည် ဖိုလ်ဉာဏ်မည်၏။' **

အကျွန်ုပ်သည် သင်္ခါရတရား အားလုံးကို လျစ်လျူရှုလျက်၊ အညီအမျှ ထားလျက်၊ စွန့်ပျက်လျက် ရှုနေစဉ် ရုတ်တရက် ဖျတ်ခနဲ **black out** ဖြစ်သွားသလို၊ ရုတ်ခြည်း ချုပ်ပျောက်သွားသလို ခံစားလိုက်ရသည်ကို မှတ်မိပါ၏။ ထို့နောက် ကျောရိုး နှစ်ဖက်မှ ချမ်းစိမ့် တက်လာပြီး အသက်ရှူခြင်းပါ ရပ်သလိုဖြစ်ပြီး စက္ကန့်ပိုင်းမျှ မြောသလို နှစ်ကြိမ် ခံစားလိုက်ရကာ ဆတ်ဆတ်တုန်ခြင်း နှစ်ကြိမ် ဖြစ်သွားသည်ကိုတော့ ခံစားလိုက်ရဖူးပါသည်။ သို့သော်

---

* ဝိပဿနာရှုနည်းကျမ်း၊ ဒုတိယတွဲ၊ စာ ၂၅၀

** ဝိပဿနာရှုနည်းကျမ်း၊ ဒုတိယတွဲ၊ စာ ၂၅၁-၂၅၂



www.burmeseclassic.com

www.burmeseclassic.com



ထို အတွေ့အကြုံသည် ဘာမှန်း မသိခဲ့ပါ။ မင်္ဂလာ ဖိုလ်လား မခွဲခြားတတ်ခဲ့ပါ။ ယခု စာတွေနှင့် တိုက်ကြည့်သောအခါမှ ဆရာတော်ကြီး ညွှန်ပြထားသော ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ သဘောနှင့် ဆင်ဆင် တူနေသည်ဟု ခံစားနားလည်နိုင်ပါသည်။

သို့သော် အကျွန်ုပ်သည် ဒဿနသမား သံသယဝါဒီ ဖြစ်သည်။ တစ်စုံ တစ်ခုကို သက်သေ ထင်ရှား မပြနိုင်ဘဲနှင့် လက်တွေ့ ယုံကြည်ရန် ခဲယဉ်းသည်။ ထို့ကြောင့် ကိုယ် တရားရခြင်း ဟုတ် မဟုတ် မှန် မမှန်ကို ဘာနှင့် တိုင်းမလဲ၊ ဘာနှင့် သက်သေပြမလဲဟု စဉ်းစားလျက် အခက်ကြုံနေပြန်သည်။

ထိုအခါ တစ်ချိန်က ဆရာ ဓမ္မာစရိယ ဦးဌေးလှိုင် မိန့်သွားဖူးသော စကား တစ်ခုကို သတိရလာသည်။

'မဂ်ကို သိလို ဖိုလ်နှင့်တိုင်း' ဆိုသော စကား ဖြစ်ပါသည်။ ထိုအခါ မိမိသည် ဆိတ်ငြိမ်ရာ အရပ် တစ်ခုသို့ သွားပြီး ဖိုလ်ဝင်စားနိုင်ခြင်း ရှိ မရှိ စမ်းသပ်မည်ဟု ဆုံးဖြတ်ချက် ချလိုက်ပါသည်။

ဤတွင် ဤစာပြီး၏။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ ဘဝ တစ်စိတ်တစ်ဒေသ
သို့မဟုတ်
စာရေးသူ၏ ဒဿန ဘဝ

ရတနာ သုံးပါးကို
ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ
တစ်ယောက် အကြောင်း

ဆန်းလွင်

ယခင်က ထုတ်ဝေခဲ့ဖူးသော

- ပထမတွဲ – ဘာသာကြီး သုံးရပ်နှင့် ဆန်းလွင်
- ဒုတိယတွဲ – ကမ္ဘာ့ ဒဿနပေါင်းစုံနှင့် ဆန်းလွင်
- တတိယတွဲ – ဗုဒ္ဓ ကျမ်းဂန်များနှင့် ဆန်းလွင်
- စတုတ္ထတွဲ – ပါရမီလမ်း အကျင့်စခန်းမှ ဆန်းလွင်

လေးတွဲကို တစ်အုပ်တည်း ပေါင်းချုပ်အဖြစ် ထုတ်ဝေသည်။

[စာမူခွင့်ပြုချက်အမှတ် ၂၄/၉၅ (၇)]

ဘဝတက္ကသိုလ် စာပေ
၁၄၉၊ ၃၇ လမ်း၊ ရန်ကုန်။
ဖုန်း ၂၄၉၇၄၁

www.burmeseclassic.com

www.burmeseclassic.com

အကြင် ခရီးသည် မရောက်ဖူးသော ခရီး ဖြစ်သည် ဖြစ်အံ့။
ထိုခရီးသို့ သွားမည့်သူ အဖို့ ခရီး လမ်းညွှန် ရှိအပ်၏။
လမ်းသိသော ပုဂ္ဂိုလ်ကို လမ်းပြ အဖြစ် ထားသင့်၏။
လမ်းသွားရာ၌ လမ်းမှားခြင်း အဖြစ်သည် ဆိုး၏။
အချိန်ကုန်ပြီး ခရီးမရောက် ဖြစ်ရ၏။
မတော်လျှင် ခြေချော်၍ ချောက်တွင်းသို့ပင် ကျတတ်၏။
လမ်းပြ ပုဂ္ဂိုလ် ပါသော်ကား လမ်းမှားသို့ မရောက်နိုင်သဖြင့် အကျိုးရှိ၏။
သို့ရာတွင် တောင်သို့ တက်ရာ၌ တစ်လမ်းတည်း ရှိသည် မဟုတ်။
လမ်းကား များစွာပင် ရှိနိုင်၏။
တောင်တက်သမားသည် အလွယ်ဆုံးလမ်း၊ အနီးဆုံးလမ်း၊
အန္တရာယ် နည်းသောလမ်း၊ သက်သာသောလမ်း၊
အချိန်အခါ အလျောက် ခရီးရောက်မည့် လမ်းကောင်းလမ်းမှန်ကို
ရွေးချယ်အပ်သည်သာလျှင်တည်း။
'ရွှေတောင်တက် ဒသန' ကား လမ်းများနှင့် လမ်းမှန် ရှိရာတွင်
တောင်တက်သမား ဥတ္တမ ပုရိသ ယောက်ျားတို့ နှလုံးထားအပ်သော
လမ်းမှန်ကို ရွေးချယ်ပုံ ရွေးချယ်နည်းများကို တင်ပြသော
'လမ်းမှန် ရွေးနည်း လက်စွဲကျမ်း' ဖြစ်သည်ဟု ဆိုသော်ကား ရ၏။

[စာရေးသူ၏ အမှာစာမှ။]

BURMESE CLASSIC

# ရွှေတောင်တက် ဒသန

[ဘဝ တိုးတက်ရေး အတွက် အတွေးအမြင်]

## ဆန်းလွင်

[စာမူခွင့်ပြုချက်အမှတ် ၃၆၃/၂၀၀၀ (၅)]

ဘဝတက္ကသိုလ် စာပေ
၁၄၉၊ ၃၇ လမ်း။ ရန်ကုန်။
ဖုန်း ၂၄၉၇၄၁

www.burmeseclassic.com